www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



# နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်











## ၃၁–ဘုံ မေတ္တာပို့ ဂါထာတော်

ဒုက္ခပ္ပတ္တာစ နိဒ္ဒုက္ခာ၊
ဘယပ္ပတ္တာစ နိဗ္ဘယာ။
သောကပ္ပတ္တာစ နိသ္သောကာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော။

**အနက်**

**ဒုက္ခပ္ပတ္တာ** – ကိုယ်ရောစိတ်ပါ ဆင်းရဲခြင်းသို့ ရောက်ရှာကြကုန်သော၊ **သဗ္ဗေ**–အားလုံးလည်း ဖြစ်ကုန်သော၊ **ပါဏိနော**–ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ သတ္တဝါအနန္တတို့သည်၊ **နိဒ္ဒုက္ခာ**–ဆင်းရဲကင်းဝေး ချမ်းသာ အေးမြကြကုန်သည်လည်း။ **ဟောန္တု**–ဖြစ်ကြပါစေကုန်သတည်း။။

**ဘယပ္ပတ္တာ**– ကြောက်စရာ၊ လန့်စရာ ဘေးရောက်ရှာကြကုန်သော၊ **သဗ္ဗေပိ**– အားလုံးလည်း ဖြစ်ကုန်သော၊ **ပါဏိနော**– ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ သတ္တဝါအနန္တတို့သည်၊ **နိဗ္ဘယာစ**–ဘေးကင်းရန်ကွာချမ်းသာကြကုန်သည်၊ **ဟောန္တု**–ဖြစ်ကြပါစေကုန်သတည်း။

**သောကပ္ပတ္တာ**–ပူပန်လွန်ပြင်းစိုးရိမ်ခြင်းသို့ ရောက်ရှာကြကုန်သော၊ **သဗ္ဗေပိ**– အားလုံးလည်း ဖြစ်ကုန်သော၊ **ပါဏိနော**– ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ သတ္တဝါအနန္တတို့သည်၊ **နိသောကာစ**–စိုးရိမ်ခြင်း ကင်းဝေးချမ်းသာ အေးမြကြကုန်သည်လည်း၊ **ဟောန္တု** –ဖြစ်ကြပါစေကုန်သတည်း။

ခက်ခဲသော ပါဠိအသံထွက်

| | | | |
|---|---|---|---|
| **ဒုက္ခပ္ပတ္တာစ** | =ဒုတ်ခတ်ပတ်တာစ | **သောကပ္ပတ္တာစ** | =သောကပ်ပတ်တာစ |
| **နိဒ္ဒုက္ခာ** | =နိတ်ဒုတ်ခါ | **နိသောကာ** | =နိတ်သောကာ |
| **ဘယပ္ပတ္တာစ** | =ဘယပ်ပတ်တာစ | **ဟောန္တု** | = ဟွန်တု |
| **နိဗ္ဘယာ** | = နိဗ်ဘယာ | **သဗ္ဗေပိ** | = သဗ်ဗေပိ |

လောကီ ပညာ ရသ စုံ မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်

လောကီပညာရသစုံမဂ္ဂဇင်း




နာယကကြီး

ဒေါက်တာ အောင်နိုင်
M.B.B.S (Ygn)
ဒ-ဘ-စ(တိုင်းရင်းဆေး)
M.Med.Sc (Pharmacology)
Advanced Pharmacokinetics
Training (London)
M.C.P.A, A.T.C.M
(Wuhan), D.M.A
Senior Fellowship of Aryuvedic
Medicine(India)

သာသနာ့အကျိုးဆောင်
ကောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ
အကြံပေး
ဒေါ်ဝတ်ရည်ဆွေ
B.Sc(Bot),Dip.T.Med.
ဦးဝင်းထိန်ကျော်
B.A(Philos),Dip.T.Med.,
T.L.R.M (INDIA)

စာတည်းချုပ်
ဦးကျော်မိုးသိန်း

တာဝန်ခံစာတည်း
ဓမ္မဒေဝ

နယ်လှည့်အယ်ဒီတာ
အောင်ဇ(LL.B)၊ကိုစိုးဆန်း၊
သန်းထွန်း(ဘားအံ)

ပါဠိ အယ်ဒီတာ
* ဦးစံတင်
(စတုနိကာယကောဝိဒ၊ဝိနယရေ၊ဓမ္မာစရိယ)
* ဦးသန်းအောင်ဆွေ
[ဓမ္မာစရိယ (မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)
ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ
(နိကာယဝိပုလ)]

ဥပဒေအကြံပေး
ဦးထွန်းစိန်
B.A(Myanmar),H.G.P.R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်
ကိုတင်ဦး၊
တင်တင်နွယ်

ဖျက်နှာဖုံးပန်းချီ
မြတ်မင်းဟန်

ဖြန့်ချိရေးမှူး
ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ
ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း


ယနေ့တိုင်အောင်
ရွှေကိုးဆူ နဝင်းကျင့်စဉ်ဖြင့်
အဓိဋ္ဌာန်ဝင်ရသော စေတီတစ်ဆူဖြစ်၍...
☛ ၈၁-၈၄


ထုတ်ဝေသူ
ဦးခင်မောင်ဝင်း(ခ)ဦးကျော်မိုးသိန်း(၀၀၇၃၃)
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်၊
၂၀၉၊ ၂၉ လမ်း ရန်ကုန်မြို့၊
အတွင်းနှင့် မျက်နှာဖုံးရိုက်
ဦးကျော်မင်းစိုး(၀၀၄၅၉) စိုးမေတ္တာပုံနှိပ်တိုက်၊
အမှတ် ၁၇/က၊ ၅၆-ထဲမီ ၂ ရပ်ကွက်
ဝွေနီကောင်မြို့နယ်၊ ရန်ကုန်မြို့၊
မန္တလေးဖြန့်ချိရေး
နဂါးစာပေ
ရှမ်းတောင်ကာယားဖြန့်ချိရေး
မိထွန်းစာပေ (တောင်ကြီး)
ဝင်္ကနဒီစာပေဖြန့်ချိရေး(တောင်ကြီး)
မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး
ကျော်ကျော်စာပေ(မော်လမြိုင်)
ဖြန့်ချိရေး
ကျော်မိုးသိန်းစာပေ၊ ၂၀၉၊ ၂၉ လမ်း ရန်ကုန်မြို့၊
☎-၀၁ ၂၄၂၂၈၄၊ ၀၉ ၇၇၆ ၃၄၉ ၇၈၅၊ ၀၉ ၆၇၂ ၀၃၅ ၃၄

ကြော်ငြာတာဝန်ခံ
ယဉ်ကျေးဝေ

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ
အမှတ် ၃၆၃
တန်ဖိုး - ၂၂၀၀ ကျပ် (ဖြန့်ချိဈေး)
[နှစ်ထောင့်နှစ်ရာကျပ်]
အုပ်ရေ
၁၀၀၀
☎-၀၁ ၂၄၂၂၈၄
၀၉ ၇၇၆ ၃၄၉ ၇၈၅၊ ၀၉ ၆၇၂ ၀၃၅ ၃၄

F.1R. October, 2016.




www.burmeseclassic.com

www.burmeseclassic.com



သင်ဝံ့မြင်းရဲ့ဘုရားဖြစ်၍
ရုပ်ပွားတော်၏ဘယ်ဘက်လက်ဝါးပေါ်မှာ
အမြဲကျက်သီးလို့ခေါ်တဲ့ သိဒ္ဓိဝင်အိုးကို… စာ-၂၉၇

တချို့က ညောင်ကျွင်းဟု ခေါ်ပြီး
တချို့က ညောင်တံခါးလို့ ခေါ်ကြတယ်
တံခါးဆိုတဲ့ အဓိပ္ပါယ်က… စာ-၁၃၇



## ကျန်းမာခြင်းရောင်ခြည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်
နန်းစန္ဒာတိုင်းရင်းဆေးတုခန်း ဆရာမဒေါ်မြင့်စန်း
(တဆ-၀၁၁၅၇)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော
လေဖြတ်ရောဂါ တကွယ်စောင့်ရှောက်နည်းများ
[မြောင်းမြ မောင်ယဉ်တင့်] ၂၀၉

## ပညာပေးရောင်ခြည်

နာမည်ကောက်တင်းနှင့် စပ်လျဉ်း၍
[မောင်ပဟိန်း-အင်းတော်] ၂၁၄

## ဆောင်းပါးရောင်ခြည်

အမေးရှိ၍ အဖြေရှိခဲ့ရပါသည်
[ဆရာဦးခင်မောင်လင်း- B.Sc၊ ရွှေဘို] ၂၃
သူ ဘယ်လိုလူစားလဲ [သန်းပညာ] ၃၉
ဘာသာရေးနှင့် လက္ခဏာပညာ
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေတွဲ] ၁၀၂
စာတော်ခြင်းနှင့် ကွန်ပ်အမြင် [ဦးသော်ခင်-ဟသ်ာတ] ၁၃၈
အမျိုးသမီးများ ကြိုတင်သိထားသင့်သော
လက္ခဏာသင်္ကေတ ၁၅၃

## လမ်းညွှန်ရောင်ခြည်

ဆံတော်ရှင် ပြင်းနတ်ဘုရား ထံတော်ပါးဆီသို့(၁)
[ထက်မင်းကျော်စွာ] ၉
ဝေရောစန ကျောက်စိမ်းစေတီတော် ပူဇော်မှုခရီး(၁) ၁၇
စမ္မာနဂိုလဝ္ဂန်းဗျည်း နန်းဦးစေတီတော်(၂)
[ခွန်စိုင်းဝမ်း] ၈၉
ငါးမည်ရ ရွှေမြို့တော်(၃) [နိုင်မင်းညို] ၉၇
စပါးတောင်ရိုး သာသနာ့အောင်မြေ
လေးသွန်းခံတောင်ခရီး(၂) [မောင်မော်စိုး-ထားဝယ်] ၁၁၃

## အထူးဆောင်းပါးရောင်ခြည်

ပြည်ကျောင်းတိုက်မှ ရှေးလက်ရာများ [ခင်ညိုငယ်] ၃၃
ခမ္ဘီကာ မြကင်းတောင်တောရ ဆရာတော် ဦးသာသနအား
ဝါရဝပြု ဖူးမြော်ခြင်း(၃) ၄၁
ကသာမြို့ ဘုရားငါးဆူ ပေါ်တော်မူပြီးနောက်
ဖြစ်ရပ်ဆန်းများ(၁) [ကသာ သင်းမွှေး] ၄၉
သာသနာကျွန်း၏ ဝိသေသနှင့် ခန်းယွှီသျှတ္တရအမြင်(၁)
[ဟွာဂျင်းဇီ] ၆၅
ပင်းယမြို့ဟောင်းမှ မင်္ဂလာဓမ္မဆရာတော်
အရှင်ဉာဏစက္ကအား ဖူးမြော်ကြည်ညိုခြင်း (၂)
[ခရီးသည်သုတေသီ] ၁၀၅



www.burmeseclassic.com

www.burmeseclassic.com

## ကိုယ်တွေ့ရောင်ခြည်


မန္တန်အစွမ်းထက်သူ [ဦးအေးရွှေ-ကနောင်] ၁၅၅
ဦးမင်းကျော် ကူညီပေလို့ [တင်ဘုန်းဝင်း] ၂၃၇
ကျောက်မျက်ရတနာများမှာ ဆွဲအားရှိသည် [စလင်း ဦးကျော်] ၂၆၇
ကျွန်ုပ်နှင့် လေထဲကအသံ [မောင်နိုး-ကျောက်မဲ] ၂၈၀
ဓမ္မစကြာတရားကြောင့် ကျွတ်လွတ်သွားတဲ့ သဘက်ကြီးမိသားစု [ကမ်းနဖူးက စမ်းဦး-ကသာ] ၂၈၉


## ကျင့်စဉ်ရောင်ခြည်


ကြေးသွန်း ကြာခံ ဂမ္ဘီရအမိဋ္ဌာန်ကျင့်စဉ် [ဦးခင်မောင်နိုင်] ၁၅၆
ရိုးပေမယ့်ဆန်းတဲ့ကျင့်စဉ် [ပိုရှယ်မေ-အင်ငါးခွသကြားစက်] ၁၈၅
ရှုက္ခမူကျင့်စဉ်တော်ကြီး [ဝိဇ္ဇာမဟာဣဒ္ဓိ ဆရာဦးသန်းမြင့်-တိုင်းရင်းဆေး] ၂၀၃


## အစီအရင်ရောင်ခြည်


အိပ်မက်ကောင်းကျိုး စတီနည်း [ကိုစိုးဆန်း] ၆၃
ပြဿဒါးနေ့ ယတြာအစီအရင် [ဂါမဏီဇော်-ဝိဇ္ဇာရေး စစ်ကိုင်း] ၁၄၁
ကျေနပ်မှု တစ်စုံတစ်ရာ[မြေကိုင်ခံရသူများအတွက်] [သီလ-ရေတံခွန်တောင်] ၁၅၈
ရေတွင်းတူးရန်နေရာနှင့် ရေတွင်းနတ်တင်ခြင်း [မနှင်းဆီ-ရေဆင်း၊ နေပြည်တော်] ၁၈၈
အိမ်ကြမ်းမြေကြမ်းကို ကာကွယ်တတ်ဖို့ [ကောင်းဟိန်း-ကျွန်းသစ်] ၂၂၁
မှော်ဝင် ကြက်ညီနောင် [ဦးမင်းဇင်-ရွှေနဝင်း] ၃၀၂


## အဂ္ဂိရတ်ရောင်ခြည်


ဓာတ်မ(၉)ပါးနှင့် (၁၀၈)နဝင်း ကောက်ယူပုံများ [အောင်သန့်-ပုသိမ်ကြီး] ၁၅၀
ဦးဘညွန့်၏သွပ်ဝုက္ခ အပိုင်း(၄) [ဦးမင်းဇင်-ရွှေနဝင်း] ၁၉၈
အဂ္ဂိရတ်ဆရာတို့အတွက် ပတ္တမြားမြေမှ ပြဒါးများသံ [ပညာစက္ခု မင်းလက်ယာအောင်] ၂၀၅
အစွမ်းရှိသော ဓာတ်လုံး [ဖိုးသူတော်] ၂၄၁
သံသေ၏ထွက်ရပ်သို့(၂) [ကြည်စိုး-မနောမယိဒ္ဓိ၊ ရောမြေ] ၂၉၆


## ဂါထာမန္တန်ရောင်ခြည်


ဗိုင်းနမိုင်း မပေါက်ကွဲသော အဘိညာဉ်ဂါထာ [ဆန်းဝင်း-အောင်မြေ] ၁၄၇
ကျွဲဆိုး၊နွားဆိုးအန္တရာယ်မှ လွတ်မြောက်စေသောဂါထာ [ဖေမောင်-ညောင်လေးပင်] ၁၇၆
ရောင်းမထွက်နိုင်သောမြေနှင့် ကမ္ဘဝါသည်းခြေဂါထာတော် [ကောင်းမြင့်မြတ်စိန်] ၂၀၁
အရေပြားရောဂါများ သက်သာပျောက်ကင်းစေသော သူတော်စင်ရသေ့လေးပေးသော ဂါထာ [မောင်ကံ-တံတားရွာ] ၂၁၇




ဒီဘုရားငါးဆူမှာ ရောင်ခြည်တော်တွေ ကွန့်မြူးတော့တာပါပဲ သုံးရက်ဆောက် ဆက်တိုက် ကွန့်မြူးပြီး စာ-၄၉

ကျက်သရေခန်းဆောင် ကျောင်းခန်းအကျင်း အဝင်ထဲဒါးပေါ်ကျင် တချုန့်ကိုင်နတ်နှင့် အိုင်းကိုင်နတ်ရုပ်ကို… စာ-၃၄





www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးက အခု ဂူအောင်းနေတယ်
ဒီတစ်ခါ ဂူကထွက်ရင်
ပျံတော်မူတော့မယ်တဲ့…
စာ-၂၅

စိတ်ချစွာ မြို့ကို တည်တော်မူပါ
အန္တရာယ်ဆိုးများရှိခဲ့ရင် ကျောက်တိုင်ထိပ်မှ
သွေးစိမ်းရှင်ရှင် ထွက်ပြုပါစေသား…
စာ-၂၇




**✳ ဆေးနည်းဟိုရောင်ခြည် ✳**

အဖောရောဂါ ဆေးတစ်လက်
[မောင်လေးကော-ဘီးလင်း] ၅၉

ဆရာသခင်ပြောသော ဝါဇီကရဏ
[မောင်နေသွေး-ဝက်လက်] ၉၅

မျက်စိကျိန်းလျှင် [ဖြူဖြူဝင်းရွှေ-ရဲဘော်ကွက်သစ်] ၁၁၉

ရှောက်သီး,ရှောက်ရွက် လေငန်းအတွက်
[ကျော်-ရမည်းသင်း] ၁၃၅

**◆ ဆေးဗေဒရောင်ခြည် ◆**

လေဖြတ်ရင် ဆင်သတ်လို့စားပါ
[အဂ္ဂ(သိဒ္ဓိရာဇာ)နဝင်းမြို့တော်] ၇၈

သွေးဖော,လေဖော,ဆီးဖော ဘာကြောင့်ဖောဖော
သက်သာစေရမည် [မြတ်တိုးနောင်] ၁၀၁

ပုရပိုက်ပေါင်းမှရသော ငှက်ဖျားပြတ်ဆေး
[စောသိင်းလ] ၁၁၀

ဆီးချိုအတွက် စိတ်မပျက်နဲ့ သိပ်ထက်တဲ့ မြန်မာ့ဆေး
[မင်းသုခ-မိတ္ထီလာ] ၁၃၄

ဆီးချိုရှိသူများ၏ အနာအတွက် ဆေးတစ်လက်
[ဟသ်ာတ မိုးကျော်] ၁၆၅

**✳ ဂမ္ဘီရဝတ္ထုရောင်ခြည် ✳**

အကာကြီးဘုရားနှင့် သိုက်နန်းရှင်
[စောထွေးသျှင်-မြောက်ဦး] ၂၂၅

…သိုက်နန်းဦးမှ ထူးဆန်းသည့်
သင်္ကေတအမှတ်အသားများ(၂)
[အောင်ချစ်ကြည်-ကြို့ပင်ကောက်] ၂၅၉

**○ စိတ်ရွှင်အင်းရောင်ခြည် ○**

အိပ်မက်ထဲက မောင်နှမ [ခင်သစ္စာ-ဆက်သွယ်ရေး] ၂၆၅

**✎ ထူးခြားသစ်ပင်ရောင်ခြည် ✎**

နှစ်ပေါင်း(၁၅၀)ကျော်က သစ်ညီနောင်
[ရာဇာဝင်း-ယင်းမာ] ၁၅

ကျွန်းပ်နှင့် ဆန်းကြယ်သော ဂမုန်းပင်များ(၃)
[၃-နဂါးမောက်ဂမုန်း] [ဝသုန်သက်လွင်] ၁၆၃

**✤ ဗဟုသုတရောင်ခြည် ✤**

ကျောက်စိမ်းဒေသမှ ထူးထူးဆန်းဆန်း အစားအစာများ
[မောင်ဇင်သူ-ကျောက်စိမ်းတွင်း] ၁၈၉

စွမ်းအင်ထူးခြား မိုးကြိုးသွား
[မောင်မောင်စိုးမြင့်-အဇ္ဈတ္တဝါသီပွဲ၊ ပုဂံမြို့သစ်] ၂၄၆




www.burmeseclassic.com

www.burmeseclassic.com


✝ ထူးခြားဆန်းပြားရောင်ခြည် ✝

သီလရှင်ခွင်းလာရင် ပေးလိုက်ပါဆိုသော အဘွား၏ ဂမ္ဘီရပစ္စည်းများ(၂) [ဒေါက်ကဥ္စာစာရီ-မောရဝတီ] ၁၂၉

ဈေးခေါ်အတွက် ပြောင်ကွင်း [အောင်ကျော်ဇော-မြောက်ဒဂုံ] ၁၃၇

✣ ဗိမ္ဗာအမှုရောင်ခြည် ✣

မရေတွက်သာ သံသရာက မာတာဒေဝီသူ့ရဿတီ [ကိုစိုးဆန်း] ၁၉၃

✤ ကုထုံးရောင်ခြည် ✤

လက်ပြင်အကြောညှပ် ထုံကျဉ်ကိုက်ခဲနေသူများအတွက် နည်းကောင်းတစ်လက် [ခင်ဝင်း-စက်မှု၊ ငြိမ်း] ၆၂

❂ အမျိုးသမီးအလှရောင်ခြည် ❂

ရေအိုး အေးစိမ့်နေအောင်နှင့် ဟင်းသီးဟင်းရွက် အေးမြလတ်ဆတ်နေအောင် [နန်းဖြူဖြူဝင်း] ၂၁၆

○ သုတေသနရောင်ခြည် ○

မဟာဘုတ်ချိန်ခွင်နှင့် ကျေးဇူးရှင်ဆရာတော်ကြီးများ [ရောဝတီတိုင်းဒေသကြီး၊ နေပြည်တော်မြို့နယ်၊ ကာခွန်းကွင်းကျေးရွာအုပ်စု အလယ်စုကျေးရွာ နိဂြောဓာရုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန မဟာနာယကဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒိယအား ဂါရဝပြုပူဇော်ခြင်း] [သန်းပညာ] ၁၄၅

ထုတ္တန့်သိမ်ပုထိုးတော်မှ ရှေးခေတ်ရခိုင်ရိုးရာ ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာများ(၁၂) [ပန်းချီထူးလှ-ရှေးဟောင်းသုတေသန] ၁၇၇

○ ဖြစ်ချင်းပြီးဆေးပင်ဆေးမြစ်ရောင်ခြည် ○

ငါးမည်ရ အစွမ်းထက်ဆေးပင် [အောင်ဇ-LL.B] ၁၆၉

✲ တိရစ္ဆာန်ရောင်ခြည် ✲

ကျွဲနွား ပါးစပ်အတွင်း အနာဖြစ်ပွားခြင်း [ငွေသိန်း-တိ/မွေး/ကု] ၁၅၄

ပိန်နေသော နွားများအတွက် ရှားစောင်းလက်ပပ် [အေးချမ်းအောင်-ရမည်းသင်း] ၃၀၅

⊡ ကြည်ညိုခြင်းရောင်ခြည် ⊡

ဆင့်စီးမြင်းရဲ့ ဗုဒ္ဓရုပ်ပွားတော် [ကောင်းခန့်-သာခွတ်မြေ၊ ဝက်လက်] ၂၉၇




ဆရာတော် ၏ မိန့်မှာလေ့ရှိသော
ဩဝါဒတော်မှာ အပြောမကြီးနဲ့၊ အသိမ်းမကြီးနဲ့၊
အသွားဆန့်မကြီးနဲ့ ... ▲ ၈၁-၉၀

ကျောင်းဆောင် ကျောကားတိုင်မှ
ဟင်းလင်းဝန်း ပိဿကဲသီးရှုချက်များဖြင့်
ဆိုးကောင်းလုံးတိုင်း မျက်မှန်နှင့် ကင်းသုပ်ပြင်းမျက်မှန်ကို ▼ ၈၁-၃၃





www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာဟု
ကျော်ကြား
ခဲ့တဲ့
ဆရာတော်ကြီးရဲ့
အုတ်ဂူတဲ့
တန်ခိုးအားထုတ်
ဒေနှာ့ကုန်း
နတ်ကြီး
နှစ်ကောင်က
စာ-၅၂



အရှိ
မေတ္တေယျ
အလောင်းတော်
နတ်သား
ရုပ်တု
ဖြစ်သည်...
စာ-၆၁



နှစ်
ပေါင်း
တစ်ရာ
ငါးဆယ်
ကျော်
က
သစ်
ညီနောင်
ဖြစ်သည်...
စာ-၁၅


✳ ဒေသင်္ခမြေရောင်ခြည် ✳

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့်
ရှိုးပူဇော် ဂါထာတော်များ(၄၄)[ရွှေစေတီတော်]
[အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၈၁

ရှေးဟောင်းသမိုင်းဝင် ဂန္ဓာရိုအောင်မြေ
[မီးဖိုင်းတောင် ဆံတော်ရှင်စေတီသို့ ဘုရားဖူးခရီး]
[အောင်ဇေ-LL.B] ၁၂၃

ဘူးသီးတောင်မြို့နယ်၊ မောင်နှမရွာဦးကျောင်းမှ
ကျည်မထွက်သော သမုတ်သိမ် [ဗိုလ်မင်း-မင်းလှ] ၃၀၁

✧ ဗေဒင်ရောင်ခြည် ✧

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် ထီထိုးလိုက
ရွေးချယ်ပါ ဤဂဏန်း [ဆရာရဲထက်] ၁၄၆
ထီကံပွင့် ဆုတောင်းပြည့်အဓိဋ္ဌာန် [သန်းခေါင်-ပညာရေး] ၁၆၇
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင်
ထီဆုကြီးများ ဆွတ်ခူးနိုင်ဖို့ [ထက်မင်းကျော်စွာ] ၁၈၄

✳ စိုက်ပျိုးရေးရောင်ခြည် ✳

သစ်သီးအချဉ်ဖောက်ရည်(ခေါ်)သစ်သီးစိမ်ရည်
Fermented Fruit Juice(FFJ) [တနိုင်းခ] ၁၅၉

▲ အောင်မြင်ကျန်းမာရေးရောင်ခြည် ▲

အသက်(၉၆)နှစ် ရှိပြီးသူ၏ ကျန်းမာသန်စွမ်း
သက်ရှည်နည်းလမ်းများ [လှိုင်ဘုဏ်း-နမ့်စန်] ၁၈၁

✪ အင်းအမရောင်ခြည် ✪

ဘေးအန္တရာယ် ရန်နိုင်စေသော စမတစ်ချပ်
[ဘုန်းမြင့်-မွန်ဌာနေ] ၂၀၇

✎ မုဂ္ဂိုလ်ယှဉ်ရောင်ခြည် ✎

သမိုင်းအခိုင်အမာနှင့် ရှေးဟောင်း တနင်္သာရီမြို့က
ခန္ဓာကိုယ်မပုပ်မပျက်သော ဝတ်ဘာဆရာတော်ကြီး
ဦးဥက္ကံသ(၁) [ခင်ခင်ဝင်း-မောရဝတီ] ၂၅
ငွေတောက်ကုန်းရွာ အလက်ာရာမကျောင်းဆရာတော်
အရှင်မုနိန္ဒ၏ ကြည်ညိုဖွယ်ရာ ဘဝဖြစ်စဉ်တော်များ(၂)
[စံထွန်းသာ] ၅၇
ရွာမိသာ ရွှေသိမ်တော်ကျောင်းမှ
ဆရာတော်အရှင်မဟိန္ဒအား ဂါရဝပြု ပူဇော်မှုခရီး(၃)
[စောသိင်းလ] ၅၃




www.burmeseclassic.com

www.burmeseclassic.com


✤ ထူးခြားဆန်းကြယ်ရောင်ခြည် ✤

ကျောက်စက်မိုးမျှော်ဆင်းတုတော် [ရဲမျိုးသူ-ဗောဓိမြိုင်] ၂၃၃
ခန္ဓာဝန်မချရသေးမီ ပုံလွှန်တော်မူရသည့်ဆရာတော်ကြီး [ဦးသန်းစိုး-ချောင်းနက်] ၂၄၉
အံ့ဖွယ် ရထားတိုက်မှုနှင့် မာယာတံတား [နော်-သာစည်] ၂၅၇
ညအခါတွေ့တတ်သော မီးလုံးများအကြောင်း တစေ့တစောင်း [ညီလေးငယ်-လယ်တော်] ၂၅၁
နာဂယား(သို့)နတ်ပေးသည့်စပါး [မောင်ကြင်ယု-ချောင်းဆုံ] ၂၈၁

✪ အမေးအဖြေရောင်ခြည် ✪

ကျောက်လက်ဝါးနှင့် သူ့စွမ်းအား သိသူများမှ ထပ်မံဖော်ပြပေးစေချင် [ မြင့်ဆွေသိန်း-တကောင်းသား၊ ဘောဂဗေဒ] ၁၆၁

✂ နေ့စဉ်သုံးဘဝလမ်းညွှန်ရောင်ခြည် ✂

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ လာဘ်လာဘ ရွှင်လန်းကြပါစေ [ထက်မင်းကျော်စွာ] ၁၄၂
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွက် ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟူဂျင်းဇီ] ၁၅၂
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွင်း နေ့ကောင်းရက်သာ ရွေးချယ်ပါ [သုခစုစံ-ကျိုက်လတ်] ၁၆၈
၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွက် ခုနစ်ရက်သားသမီးဟောစာတမ်း [ဆရာ ရောင်ခြည်] ၂၁၂

✧ မြန်မာ့ရိုးရာပညာရောင်ခြည် ✧

ဘိုးဘွားတို့ပညာ မပျောက်စေရာ [ရှင်ဝိမလ-မိုးကုတ်ဝိပဿနာရိပ်သာ] ၁၇၃
နာသောအရပ်ကို တွက်ကြည့်၍ ယကြာပေးနည်း [ကောင်းခန့်-သခွတ်မြေ၊ ဝက်လက်] ၁၈၃

◆ ကျန်းမာရေး ဓာတ်မာရောင်ခြည် ◆

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ကျန်းမာရေးအတွက် အကြံပေးချက်များ [ဆေးသုတေသီ] ၂၈၈

● ပရလောကရောင်ခြည် ●

ရက္ခစိုးနတ်ကို စိန်ခေါ်သူ [အေးချမ်းမော်-မင်းလှ] ၂၃၀
တမလွန်ဘဝရောက် ငွေတိုး [ဝိုင်း-ဖေယျာ] ၂၅၅
ဝဲလှည့်နေတဲ့ တန်တော့ပွဲ [မင်းသန့်ကျော်-ဇီးကုန်း] ၂၅၃
အကာဝါသနာရှင် ပရလောကသားမိန်းကလေး [အောင်ဆန်းလင်း-ဘီအေ] ၂၇၃
အမျှဝေလျှင် နာမည်ခေါ်ပါ [မောင်ဗဟိန်း-အင်းတော်] ၂၇၈
ဘယက္ခအား စိန်ခေါ်မိသူ [စန္ဒာမိုး-တောင်ငူ] ၂၈၆
ဘုန်းတော်ကြီး ဦးလန်းနှင့် ကျတ်အသုဘ [ရွှေမော်မြေ မောင်ကြည်သိန်း] ၂၉၄


ဓမ္မိတ
မြတောင်းတောင်
တောရ
ဆရာတော်ကြီး
ဦးသာသန
တရား
အားထုတ်ခဲ့
ရှိသည့်
ဂူဖြစ်သည်...
စာ-၄၇ ➧



သူရဿတီ
မယ်တော်၏
ဝဲဘက်လက်တွင်
သွမ်းအုပ်ကို
ပိုက်၍
စာရေးရှိကျွန်ုပ်
ကျန်းမာခြင်းကို...
စာ-၁၉၃ ➧




ဆရာတော်ကြီး ပုံလွှန်တော်မူခါနီးလျှင်
ထူးခြားမှု ခံစားခဲ့သော
နေရာဖြစ်သည်...
➧ စာ-၄၄





www.burmeseclassic.com

www.burmeseclassic.com



◆ ပုံ(၁) မြေပြင်မှ လှမ်းမြင်ရသော ဆံတော်ရှင်တည်ရာ ဂစ္ဆကီရိတောင်ထွတ်

ထက်မြက်ကျော်စွာ

ဆံတော်ရှင်

# ဖြင်းနှတ်ဘုရား

ထံတော်ပါးဆီသို့ (၁)

ကိန်းဝပ်ရာဌာန

[illegible]ဆုံခရိုင်၊ ပေါင်မြို့နယ်အတွင်း၌ [illegible]မတောင်တန်းနှင့် မုတ္တမတောင် [illegible]၌ တောင်တန်းကြီးနှစ်ခု တည် [illegible]

[illegible]မြို့နယ် (တောင်ဘက်)အလွန် "[illegible]"ရွာမှ စတင်ကာ ပေါင်မြို့မ [illegible]မြောက်မှ တောင်သို့ သွယ်တန်း [illegible]သော တောင်တန်းသည် [illegible]တောင်တန်းဖြစ်၍ ထိုမှ [illegible]တ် "**ကျုံက**"၊ "**နတ်ကြီး [illegible]**"ရွာများအနီးမှ စတင်ကာ သံလွင်မြစ်အကြေ၊ မုတ္တမမြို့ဟောင်း အနီး၊ အရှေ့တောင်ထောင့်အရပ်ဆီသို့ သွယ်တန်းနိမ့်ဆင်းသွားသော တောင်တန်းကား မုတ္တမတောင်တန်း ဖြစ်လေသည်။

ဖင်းကျိုက်ဆံတော်ရှင် စေတီတော်ကား ကုလားမတောင်တန်း၏ အလယ်ခန့်နေရာ၊ ပင်လယ်ရေမျက်နှာပြင်အထက် (၃၀၂၂)ပေမြင့်သော ဂစ္ဆကီရိတောင်ထိပ်တွင် ကိန်းဝပ်တော်မူလေသည်။[ပုံ–၁]

အင်းဝနှင့် ကုန်းဘောင်ခေတ်စာပေများ၌ ဖြင်းနတ်ဘုရားဟု ရေးသားဖော်ပြခဲ့ကြသည်။ ရာမညဒေသဖြစ်၍ မူလမွန်ဝေါဟာရကို အသံဖလှယ်ထားခြင်းဖြစ်သည်။

မွန်ဘာသာဖြင့် "**ကျိုက်ဗရယ် မွတ်နတ်**"ဟု ခေါ်၏။ ဘုရားရှင်၏ ဆံတော်တစ်ဆူကို ဌာပနာ ပြုပူဇော်သောအခါ နဂါးမက မိမိမျက်လုံးတစ်လုံးကို သဒ္ဓါထက်သန်စွာဖြင့် အဓိဋ္ဌာန်ပြု ပေးလှူရာ "**ဆံတော်ကြုတ်**"ဖြစ်လာသည်။

ထို့ကြောင့် "**နဂါးမျက်လုံး**" ဘုရားဟူ၍ ရည်ညွှန်းခေါ်ဝေါ်ကြခြင်းဖြစ်သည်။ **ကျိုက်**=ဘုရား၊ **ဗရယ်**=

www.burmeseclassic.com

မိန်းမ၊ **မွတ်**=မျက်လုံး၊ **နတ်**=နဂါး ဟူ၍ ဖြစ်သည်။

* * *

ထိုမှ ကျိုက်ဗရယ်နတ်(နဂါးမ ဘုရား)ဟု ပြောင်းလဲခဲ့ရာ အင်းဝသား တို့က **"ကျိုက်"** ဘုရားဟု ပြန်ဆို၍ **"ဗရယ်နတ်"**ကို **"မြင်းနတ်"**ဟု ယူကာ **"မြင်းနတ်ဘုရား"** ခေါ်ခြင်း ဖြစ်၏။

## ဖြစ်စဉ်တော်


**မင်းညီနောင်နှင့် နဂါးဥဖွားများ**

သုဘိန္ဒနဂရ (ခေါ်) သုဝဏ္ဏဘုမ္မိမြို့ တော်မှ တိဿနှင့်သီဟ မင်းညီနောင် တို့ လောကီ၌ မပျော်ပိုက်သဖြင့် ခမည်း တော်မင်းကြီးထံ ခွင့်ပန်ကာ တောထွက် ရသေ့ဝတ်ကြသည်။

တိဿရသေ့က ယခု ကုလားမ တောင်တန်းတွင် လည်းကောင်း၊ သီလရသေ့က ဖွဲကပင်တောင်တန်း တွင်လည်းကောင်း တောရပ်မှီ၍ အား ထုတ်ကြသည်။

တိဿရသေ့ သီတင်းသုံးရာ ကုလားမတောင်တန်းနှင့် မဝေးလှ သော် တောင်စူးစူးအရပ် ပင်လယ်ပြင် အတွင်း၌ **"သမြေပြပင်ကျွန်း"**ဟူ၍ ရှိရာ ပင်လယ်ပျော်နဂါးများ ခိုအောင်း နေကြသည်။

ပေါင်မြို့နယ်နှင့် ဖင်းကျိုက် ဆံတော်ရှင် တည်ရာပြမြေပုံ






www.burmeseclassic.com

www.burmeseclassic.com

ထိုနဂါးမများသည် ကမ်းခြေ (တောင်ခြေ)သို့ လာရောက်ကာ လူယောင်ဖန်ဆင်း၍ ဝိဇ္ဇာဓိုရ်များနှင့် ပျော်ပါးလေ့ ရှိကြသည်။

အကြောင်းသင့်၍ ရရှိလာသော နဂါးဥများကို ကမ်းခြေ၌ပင် ချထားရှိကာ သပြေပင်ကျွန်းသို့ ပြန်ကြသည် ဆို၏။

တစ်နေ့တွင် တိဿရသေ့သည် တောင်ခြေကမ်းစပ်တွင် နဂါးဥနှစ်လုံးကို တွေ့သဖြင့် ယူဆောင်လာကာ သီဟရသေ့နှင့်အတူ တစ်လုံးစီ စောင့်ရှောက်ထားကြသည်။

အချိန်တန်သော် သားယောက်ျား အစ်ဦးစီ ပေါက်ဖွား၍ မွေးစားဖခင်တို့အား လုပ်ကျွေးပြုစုကြလေသည်။

နဂါးဥဖွားညီနောင်တို့ ပေါက်ဖွားသော ခုနစ်မှာ မဟာသက္ကရာဇ် ၈၉ အစ်ဖြစ်ကြောင်း စစ်ကဲ မောင်ရွှေတော် ၏ မှန်ရာဇဝင် ဓာတုစေတီများသမိုင်း နှင့် ဖင်းကျိုက်ဆံတော်ရှင် စေတီ သမိုင်း (မူဟောင်း)တို့တွင် ဖော်ပြထား သည်။

ထို့မှ မရှေးမနှောင်းတွင် နဂါးဥ တစ်လုံး ထပ်မံတွေ့ရှိ၍ ခွဲဝေ စောင့် ရှောက်ထားကြရာ၌ မိန်းကလေးနှစ်ဦး ဖွားသည်။

ထိုမိန်းကလေးများ အရွယ် ရောက်မှတွင်ပင် ကြီးပြင်းလာပါက ယောကျာ်းနှင့် မာတုဂါမ မသင့် သဖြင့် တိဿရသေ့ထံမှ "**နာဂ သူဇာ**"ကို ဂွမ်ခြံရွာသူကြီးမောင်နှံက မွေးစားထားသည်။

ထို့မှ သီဟရသေ့ထံမှ နာဂဒေဝီကို တောလွတ်နှင့် နန်းကြာဟဲတို့ မောင်နှံက မွေးစားခဲ့ရာ "**ရွှေနန်း ချို**"ဟု တွင်လေသည်။

တိဿဖွား တိဿကုမ္မာ (၁၇)နှစ်



ပုံ(၂) မြသိန်းတန်ကျောင်းမုခ်ဦး

သားအရွယ်တွင် မွေးစားဖခင် တိဿ ရသေ့က မင်းသားတို့ တတ်အပ်သော အဌာရသပညာရပ်များ သင်ကြားပေး ၍ ဂွမ်ခြံရွာသူကြီးသမီး နာဂသူဇာနှင့် လက်ဆက်ပေးသည်။

ထို့နောက် သူတို့နှစ်ဦး ပေါင်းဖက် တည်ထောင်ရာမြို့ကို (ရှေ့ပင်ပင်) "**တုန်ပေါင်**"ဟု နီးစပ်သောအသံ ထွက်ရှိ၏။ **ရှေ့င်**=မြို့၊ **ပံင်**=ပေါင်းဖက် ခြင်း အဓိပ္ပါယ်ရ၏။ ယခုသော် "**ပေါင်မြို့**"တွင်၏။

သီဟကုမာ မင်းသားကား အသက် (၈)နှစ်သားအရွယ်တွင် ကျောက် ရောဂါဖြင့် ကွယ်လွန်၍ မဇ္ဈိမဒေသ မိတ္ထီလာမြို့ရှိ "**အတုလ**"သူဌေးကြီး ၏သမီး "**သုမန**"ထံတွင် ပဋိသန္ဓေယူ ကာ မဟာသက္ကရာဇ် ၁၀၀ ပြည့်နှစ် တွင် မွေးဖွားသည်။

၁၀၃ ခုနှစ် ဘုရားရှင် ပွင့်တော်မူ၍ ၁၀၈ ခုနှစ်၌ မိတ္ထီလာမြို့သို့ ဒေသစာရီ ကြွတော်မူရာ အသက်(၈)နှစ်အရွယ် "**ဂဝံပတိ**"သူငယ်သည် တရားနာ ကြားလျက် ဂဝံပတိသာမဏေ ဖြစ်၏။ နောင်တွင် ဂဝံပတိရဟန္တာ ဖြစ်လာ၏။

မဟာသက္ကရာဇ် ၁၁၀ ပြည့်နှစ်တွင် သုဘိန္ဒနဂရပြည့်ရှင် ကံတော်ကုန် သဖြင့် ရသေ့ညီနောင်ထံ နန်းလျှာ တောင်းကြ၏။

ရသေ့ညီနောင်က တိဿကုမ္မာနှင့် နာဂသူဇာတို့ကို လွှဲအပ်သဖြင့် တိဿ ဓမ္မသီဟရာဇာအမည်ဖြင့် သုဘိန္ဒနဂရ ပြည်ကို စိုးစံရလေသည်။

## ဘုရားရှင် ကြွတော်မူခြင်း

ဘုရားရှင်(၈)ဝါအရ မဟာ သက္ကရာဇ် ၁၁၁ ခုနှစ်တွင် ဂဝံပတိ ရဟန္တာ ပင့်လျှောက်ချက်အရ မြတ်စွာ ဘုရားရှင်သည် သုဘိန္ဒနဂရ(သထုံ ပြည်)သို့ ဒေသစာရီ ကြွတော်မူ၏။

မင်း,ပြည်သူနှင့် ရသေ့များ ဖူးမြော် ၍ တရားနာကြားကြရကာ တိဿ ရသေ့ အပါအဝင် ရသေ့(၆)ဦးအား ဆံတော်တစ်ဆူစီ ချီးမြှင့်ပေးတော်မူ သည်။

## စေတီတည်ခြင်း

ယင်းနောက် ၁၁၂ ခုနှစ်တွင် တိဿ ရသေ့ ပူဇော်ခွင့်ရသော ဆံတော်အား ဌာပနာပြု၍ ဂဠဂီရိတောင်ထိပ်တွင် စေတီတည်ရာ မွေးစားသားသမီးများ ဖြစ်ကြသော (ပေါင်မြို့ကို တည်ထောင်



www.burmeseclassic.com

www.burmeseclassic.com



ပုံ(၃) ပန်းကုန်းကျေးရွာမှ တောင်တက်လမ်းမုခ်ဦး

ခဲ့သူ) သထုံဘုရင်နှင့်မိဖုရား၊ သူတို့၏ နဂါးမယ်တော်များနှင့် ပြည်သူတို့ စုပေါင်းကုသိုလ်ပြုကြသဖြင့် ဆံတော်ရှင်စေတီ ပွင့်ထွန်းတော်မူ၏။

နဂါးမယ်တော်အား အမှူးပြု၍ နဂါးမစေတီ(ကျိုက်ဗရယ်နတ်) ဟူ၍လည်းကောင်း၊ မျက်လုံးကို ထုတ်ကာ အဓိဋ္ဌာန်ပြု လှူဒါန်းသဖြင့် နဂါးမ မျက်လုံးစေတီ (ကျိုက်ဗရယ်မွတ်နတ်) ဟုလည်းကောင်း တွင်ခဲ့သည်။

သထုံမင်းကြီးသည် စေတီတော်အား စောင့်ရှောက်ရန် မိသားစု (၅၀)ကို တောင်ခြေ၌ ရွာတည် ခန့်အပ်ခဲ့လေရာ ထိုရွာကို ဘုရားခြေရင်းရွာ(ဖိုင်ကျိုက်) ဟု ခေါ်၏။

မြန်မာဘာသာဖြင့် ဖင်းကျိုက်ရွာဟု ခေါ်ကြရာမှ စေတီကိုလည်း ဖင်းကျိုက် ဆံတော်ရှင်စေတီဟုပင် ခေါ်ဝေါ်လာကြလေသည်။ အင်းဝနှင့် ကုန်းဘောင်ခေတ်မြန်မာတို့က "**မြင်းနတ်ဘုရား**" ဟု ခေါ်ဝေါ်ရေးသားကြ၏။

## စေတီတော်သို့

ဆံတော်ရှင်စေတီ ကိန်းဝပ်တော်မူရာ ဂဠုဂီရိတောင်ထိပ်သို့ ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်း မိုင်တိုင်အမှတ်(၁၆၇/၂) အနီး၌ ခြသေ့နှစ်ကောင်မုခ်ဦး[ပုံ-၂]နှင့် စောင်းတန်းလှေကားအတိုင်း လှေကားထစ် (၅၀၀၀)ကျော်မျှ တက်ရောက်ရ၏။

တစ်မိုင်ခွဲခန့်သာ ကွာဝေးသော်လည်း မတ်စောက်သဖြင့် နှစ်နာရီကျော်မျှ ခြေလှမ်းသွက်သွက်ဖြင့် တက်ရောက်နိုင်၏။

ကျောက်,အင်္ဂတေ လှေကားထစ်များ ပြုလုပ်ထားကာ လက်ရန်းသံတန်း တပ်ဆင်ပေးထားသည်။ ရှေးအခါက ပျမ်းမျှ လှေကားထစ်(၅၀၀) အကွာအဝေး၌ သောက်ရေကန်ကလေးများ ပြုလုပ်ပေးထားသော်လည်း ယခုအခါ ကိုယ်ပိုင်ရေဘူးကိုသာ အားကိုးကြရတော့သည်။

မော်တော်ယာဉ်ဖြင့် တက်ရောက်လိုပါက ကတွန်၊ ဖြူဘ ရွာအနီးရှိ တောင်ကျော်လမ်းမှ တက်ရောက်နိုင်သည်။ မြေသားလမ်းဖြစ်၍ ကျောက်ထုတ်လုပ်သော ကျောက်တင်ကားများသာ သွားလာကြ၏။

**ပန်းကုန်းကျေးရွာ**မှလည်း တက်ရောက်ရနိုင်သည်။[ပုံ-၃] အင်္ဂတေလမ်းဖြစ်ကာ အနည်းငယ် မတ်စောက်သည်။ **တောင်တက်ကား**(Four Wheel Drive)များဖြင့်သာ သွားလာကြသည်။

တစ်ဦးချင်းအနေဖြင့် အင်ဂျင်ကောင်းမွန်၍ လမ်းကျွမ်းကျင်သော ဆိုင်ကယ် Taxi များဖြင့် တက်ရောက်နိုင်လေသည်။ တောင်တက်ခရီး (၆)မိုင် ရှိသည်ဆို၏။

ထိုလမ်းမှ ဆိုင်ကယ်ဖြင့် တက်ရောက်ခဲ့ရာ လက်ယာဘက်တွင် ဆံတော်ရှင်တောင်ထွတ်ကို ပင့်မျှော်၍ ဖူးမြင်ရသည်။ မိနစ်(၃၀)မျှ မောင်းနှင်၍ "**တောင်တက်ကားများ ရပ်ရန်**" ဟု ကမ္ပည်းတင်ထားသည့် သရက်ပင် စခန်းသို့ ရောက်၏။ အနီး၌ **တောင်ပိုင် ဘိုးဘိုးနတ်ကွန်း**ကို တွေ့ရ [ပုံ-၄]

ကျဉ်းမြောင်းသော တောင်စွယ် အစွန်းတွင် တည်ထားခြင်း ဖြစ် လက်ဝဲဘက်၌ "**မင်းတစ်ရာ့တစ် တောင်သို့**" လမ်းညွှန်ထား ဆိုင်းဘုတ်သာ မြင်ကာ လမ်း မမြင်ရသဖြင့် ဆိုင်ကယ်သမား မေးကြည့်၏။

'ဒီကုန်းလျှောအတိုင်း သွားရတ ဆိုင်ကယ်တို့၊ ခြေကျင်တို့နဲ့ မရော (Four Wheel Drive) ကားတွေ လေးဘီးစလုံး ထိန်းပြီး တအိအိ ဆင် တယ်။


ချောက်နှုတ်ခမ်းနား ရောက် ဘယ်ဘက် နည်းနည်းကွေ့ပေး တာနဲ့ လမ်းမပေါ် ရောက်သွားတ ချိန်သားကိုက် လှုပ်ရှားရတာမို့ အ အကြုံရှိတဲ့ ကျွမ်းကျင်ယာဉ်မောင်း သာ သွားကြတယ်'

လူငယ်က ဘေးဘီဝဲယာကို ရှုကာ ဖိနပ်ပေါင်းတစ်ဖ



www.burmeseclassic.com

www.burmeseclassic.com



▲ ပုံ(၄) တောင်တက်လမ်းအစွန်းမှ တောင်ပိုင်ဘိုဘိုကျွန်းဆောင်



ပုံ(၅) အာဖဂန်နစ္စတန်၊ ကဘူးမြို့မှ သဲတီတက်ရည်ပိုကားလမ်းပိုင်း ▶

ကောက်ယူ၍လမ်းပေါ်ပစ်ချလိုက်သည်။

ဗိနပ်ကလေးသည် တရွေ့ရွေ့လျှော ဆင်းသွားရာမှ အရှိန်မြန်လာကာ ချောက်တွင်းသို့ ကျသွား၏။ အာဖဂန်နစ္စတန်၊ ကဘူးမြို့မှ ကားလမ်းပိုင်းနှင့် ဆင်ဆင်တူလေသည်။[ပုံ-၅]

'ကဲ...ဦးလေးအမြင်ပဲ ဘယ်လို ဆင်းမလဲ'

'တခြားလမ်း မရှိဘူးလား'

'ရှိတယ်။ ဟိုး... ကိုက်(၂၀၀)လောက်မှာ အတက်မြေလမ်း ရှိတယ်။ သူလဲ မတ်လွန်းလို့ ကားနဲ့ပဲ ဆင်း,တက်နိုင်တယ်။ ခြေကျင်တော့ မလွယ်လှဘူး'

'ကုန်းပေါ်မှာ သံဃာတွေ မရှိဘူးလား...ဘယ်လို သွားလာကြသလဲ'

'တစ်ပါးတော့ရှိတယ်။ အရင်က အတက်အဆင်း လှေကားစောင်းတန်းကို ကားလမ်းဖောက်ပြီးတဲ့နောက် ကတွန်လမ်းဘက်က 'အချိန်ယူပြီး ကွေ့ပိုက်သွားရတာပေါ့'

ဘုရားဖူးအချို့ကို မြင်ရသော်လည်း ဆံတော်ရှင်စေတီသို့သာ အားခဲလာရောက် ဖူးမြော်ကြသည်ဖြစ်ရာ မင်းတစ်ရာတစ်ပါးတောင်သို့ တောင်တက်ကား စုပေါင်းငှားရမ်းရန် မဖြစ်နိုင်ပေ။


▼ ပုံ(၆)မင်းတစ်ရာတစ်ပါးတောင်





www.burmeseclassic.com

www.burmeseclassic.com



◆ ပုံ(၇) မင်းတစ်ရှာတစ်ပါးတောင်မှ ကျောက်လုံးကြီးစေတီနှင့် အုတ်တိုက်ဆောင်

◆ ပုံ(၈) အရှေ့ဘက်အောက်ခြေမှ မင်းတစ်ရှာတစ်ပါး တောင်တက်ကားလမ်း



ကတွန်ဘက်မှ ခြေကျင်ခရီးကို နေ့ဝက်၊ တစ်မွန်းတည့်ခန့် လျှောက်ခဲ့ရဖူးသည်။ *[၁၉၇၇ ခုနှစ်က ဖြစ်သည်။]*

သို့ဖြစ်၍ ဆံတော်ရှင် ကုန်းတော်မြောက်ဘက်အစွန်းမှပင် မင်းတစ်ရှာတစ်ပါးတောင်ကို လှမ်းမျှော်မှတ်တမ်းပြုရပေသည်။

**မင်းတစ်ရှာတစ်ပါးတောင်[ပုံ–၆]**

တောင်မြောက် သွယ်တန်းလျက် သီးခြား တည်ရှိနေသော မင်းတစ်ရှာတစ်ပါး တောင်တန်းထိပ်ပေါ်တွင် ကျောက်လုံးကြီး စေတီတစ်ဆူနှင့် အုတ်တိုက် အဆောင်တစ်ဆောင်တို့ကို လှမ်းမြင်ရ၏။[ပုံ–၇]

ကျောက်လုံးကြီး စေတီကား ကျိုက်ထိုနယ် ကျိုက်ထီးရိုးစေတီ၏ နောင်တော်ဖြစ်သည်ဆို၏။ တိဿရသေ့သည် သီတင်းသုံးဖော် ရသေ့များ တာဝန်ပေး လှူဒါန်းကြသည့် ဘုရားရှင်ဆံတော်များအား ထိန်းသိမ်းပူဇော်ထားရာမှ ဘဝတစ်ပါးသို့ မကူးပြောင်းမီ စေတီတည်ပူဇော်ခဲ့ရန် ဆန္ဒပြင်းပြခဲ့သည်။

ထိုအခါ သိကြားမင်းက ကူညီပေးသည်။ ရသေ့၏ ဦးခေါင်းနှင့်တူသော ကျောက်လုံးတွင် ဌာပနာပြု၍ စေတီတည်လိုသည်ဆိုသဖြင့် သိကြားမင်းက ပင်လယ်ရေနက်အောက်ရှိ ကျောက်လုံးကြီးတစ်လုံးကို ယူပြသည်။

ရသေ့ကြီး စိတ်တိုင်းမကျသဖြင့် တောင်ထိပ်တွင်ပင် ထားရှိခဲ့ရာ ယခုမြင်ရသော ကျောက်လုံးကြီး ဖြစ်သည်ဆို၏။ နောက်တစ်လုံးကို ယူဆောင်ပြသလေမှ နှစ်သက်သဘောကျသဖြင့် ဆံတော်တစ်ဆူ ဌာပနာပြုကာ ကျိုက်ထို၊ ကျိုက်ထီးရိုးစေတီ တည်ခဲ့ကြောင်း ကျိုက်ထီးရိုးစေတီသမိုင်း (မူဟောင်း)၌ ဖော်ပြပါရှိ၏။

ထိုတောင်ကုန်းသည် ဆံတော်ရှင်အား မွမ်းမံပူဇော်ရန် ရောက်လာကြသောမင်းအပေါင်း ကွန်းခိုရာ အောင်မြေဖြစ်သောကြောင့် မင်းတစ်ရှာတစ်ပါး တောင်ဟုခေါ်ကြောင်း သိရ၏။ ဓမ္မစေတီမင်းကြီး ဆံတော်ရှင်အား ကြွရောက်မွမ်းမံစဉ်ကလည်း ယင်း၌ စခန်းချ ကွန်းခိုခဲ့ကြောင်း မှတ်တမ်းပြုထား၏။

လှမ်းမြင်နေရသော အုတ်တိုက်ကျောင်း၌ သက်တော်(၉၀)ကျော် တောထွက်ရဟန်းတစ်ပါး သီတင်းသုံးလျက်ရှိကာ ထိုကျောင်းသို့ သွားသည့် ကားကြဲ့ရှိပါက လိုက်ပါသွားနိုင်ပါသည်။

သို့သော် ဤနေ့တွင် ထိုဆရာတော် ခရီးထွက်ကြွနေသဖြင့် ကားကြုံမရနိုင်ဟု သိရပေသည်။ အရှေ့ဘက်အောက်ခြေ၌ မင်းတစ်ရှာတစ်ပါးတောင်သို့သွားသော တောင်တက်ကားလမ်းကို သီးခြားမြင်တွေ့ရ၏။

[ပုံ–၈]

**ရွှေလ ဆက်ဖတ်ပါရန်**

**ထက်မင်းကျော်စွာ**




www.burmeseclassic.com

www.burmeseclassic.com

နှစ်ပေါင်း(၁၅၀)ကျော်က

# သစ်ညီနောင်

ရာဇဝင်
(ယင်းမာ)



◆ နှစ်ပေါင်း(၁၅၀)ကျော်က သစ်ညီနောင်

ပေါက်မြို့နယ်၊ သစ်ညီနောင်ရွာ၌ "ထူးခြားသော သစ်ပင်ကြီးနှစ်ပင်"ကို တွေ့ရသည်။ သစ်ညီနောင်ရွာ ဦးတင်လှ၏ ယာကွက်သည် ရွာ၏ တောင်ဘက်"**ချက်ချောင်း**"စပ်တွင်ရှိသည်။

ထိုယာခင်းထဲရှိ သစ်ပင်ကြီးနှစ်ပင်ကို အဝေးကပင် မြင်နိုင်ပါသည်။ သစ်ပင်၏အမည်မှာ "**ပန်းမပင်**"ဖြစ်သည်။

ပန်းမကို မြန်မာအဘိဓာန်၌ **အခေါက်ပန်းရောင်**ဖျော့ဖျော့ အသွေးရှိ၍ အပွင့်သေးသော **ဆေးဖက်ဝင်ပင်လတ်တစ်မျိုး**ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။

သို့သော် ဤပန်းမပင်မှာ သက်တမ်းလွန် ပင်အိုကြီးဖြစ်၍ အခေါက်များညိုးနက် ခြောက်သွေ့နေသည်။ အရွက်လည်း များစွာမရှိ၍ အပွင့်လည်း မပွင့်နိုင်တော့ပေ။

သစ်ပင်နှစ်ပင်မှာ အရွက်ချင်းလည်းတူ၍ လုံးပတ်ချင်းလည်း တူသည်။ နှစ်ပင်စလုံး အထက်သို့ တဖြောင့်တည်း ထက်နေသည်။

အမြင့်ပေ(၁၄၀)ခန့်နှင့် လုံးပတ်(၈)ပေခန့်စီရှိသည်။ လေပြင်းမုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံသော သစ်ပင်နှစ်ပင် ဖြစ်သည်။

ရှေးလူကြီးများ အစဉ်အဆက် ပြောကြားချက်အရ သက္ကရာဇ်၁၂၂၃ ခုနှစ်တွင် ရွာလူကြီးများသည် ရွာတည်ရန်မြေနေရာ ရှာဖွေကြရာ ထိုသစ်ပင်နှစ်ပင်(ပန်းမပင်)အနီးမှာ ရေခံမြေခံကောင်းသောကြောင့် ထိုနေရာကို ရွာမြေအဖြစ် ရွေးချယ်ခဲ့ကြသည်။

ထို့နောက် ဦးသာခို၊ ဦးရန်ရှား၊ ဦးထက်တိုးနှင့် ဦးကြံရာ ဆိုသူ ရွာလူကြီးများ ဦးဆောင်၍ အိမ်ခြေ(၂၄)အိမ်

 စာမျက်နှာ (၁၁) သို့

www.burmeseclassic.com

www.burmeseclassic.com

▶ ကြော်ငြာတောင်းပါ ◀

နှလုံးရောဂါ ကင်းဝေးအောင်

✲ မှတ်ပုံတင် - ၀၁၁၄ y ၀၁၀၇၃၆ လိုင်စင် ၇၂၀၁၁၊ တဆယလတိုး (၁၃၁၂) ✲

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်




" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး ဝိဇ္ဇာဘွဲ့ရသူဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွှမ်းကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "

" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္နိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "

" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ စူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း၊ မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်-(ဈ/၃၅၆)မောဝီလမ်းကြီး မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉၊ ၀၉-၅၁၀၈၆၃၂

---

**မြောင်းမြ မောင်ယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com


# ဝေဠုဝန ကျောက်စိမ်းစေတီတော်

ထက်မင်းကျော်စွာ

ပူဇော်မှုခရီး (၁)



◆ မြောက်ဘက်မုခ်



ဝေဠုဝနကျောက်စိမ်းစေတီတော် ▸

ဝေဠုဝန ကျောက်စိမ်းစေတီတော်သည် **အမရပူရမြို့နယ်၊ ဆင်ရွာ ...ကျေးရွာအုပ်စုအပိုင်ယာခင်း ...ယ်**၌ ကိန်းဝပ်တော်မူသည်။

...ကုန်–မန္တလေး အမြန်လမ်းမှ ...ကာ **မိုင်တိုင်အမှတ်–၃၆၁/၄တွင်** ...ဝဲဘက်သို့ ကွေ့ဆင်းရသည်။

...နှစ်သွယ် ဖြတ်သန်းသော ...တံတားအရောက်တွင် မြစ်ငယ် ...ကိုင်းလမ်းအတိုင်း လက်ယာဘက် ...ကိုက်ရသည်။

...ကိုင်း–မြစ်ငယ် လမ်းအတိုင်း ...အမှတ်–၄/၇ ၏ တောင်ဘက် ...တွင် စေတီတော်ကို ဖူးမြော် ...ပေ(၁၀၀၀)ခန့်ရှည်သော လမ်း ...တွင် စေတီ၏ မြောက်ဘက်မုခ်ဦး ရှိလေသည်။

စေတီပတ်လည် မုခ်ဦးလေးခုရှိရာ တစ်ခုစီတွင် ဘုရားလောင်း မင်းသားဖွားတော်မူခန်း၊ ဘုရားပွင့်တော်မူခန်း၊ ဓမ္မစကြာတရားဦးဟောခန်း၊ ပရိနိဗ္ဗာန်စံတော်မူခန်း စသည်ဖြင့် သံဝေဇနိယလေးဌာနကို သရုပ်ဖော်ထားလေသည်။

မုခ်ဦးများ၊ ရုပ်ပွားတော်များ အပါအဝင် စေတီတစ်ဆူလုံးအား ကျောက်စိမ်းဖြင့် ထုဆစ်ပူဇော်ထားကြောင်း သိရ၏။

မြောက်ဘက်မုခ်ဦး၏ လက်ယာဘက်တွင် စေတီတည်ဆောက်မှုကမ္ပည်းရှိ၏။ ဝေဠုဝနကျောက်စိမ်းစေတီအား ရွှေသုဝဏ်ဆရာတော် အရှင်သန္တိယ၏ ဩဝါဒကို ခံယူ၍ ဦးစိုးနိုင်+ဒေါ်အေးအေးခိုင် မိသားစုက ကာလတန်ဖိုး ငွေကျပ်ပေါင်း ၃၃,၄၆၁,၉၁၃,၀၀၀/(ကျပ်သိန်းပေါင်း ၃၃–သိန်း ၄–သောင်းကျော်)ရှိကျောက်စိမ်းများဖြင့် ပူဇော်တည်ဆောက်ထားသည်ဟု သိရသည်။

(၂၃.၂.၂၀၁၂)နေ့တွင် ပန္နက်ချ၍ (၅.၆.၂၀၁၅)နေ့ တွင် အနေကဇာတင်ပြီးစီးကြောင်း ဖော်ပြထားသည်။

## ကုန်းတော်ရင်ပြင်ဝယ်

မြောက်ဘက် စောင်းတန်းလှေကားအတိုင်း တက်ရောက်၍ စေတီတော်





www.burmeseclassic.com

www.burmeseclassic.com




◆ ကျောက်စိမ်းစေတီ အဝေးမြင်ကွင်း



အရှေ့ဘက်လိုဏ်မှ ရုပ်ပွားတော် ◆

◆ မြောက်ဘက်မုခ်အနီးမှ မော်ကွန်း




အား ဖူးမြော်ရာ လေးဖက်လေးတန် မုခ်လိုဏ်လေးခုပါသော ပန်းတင်ခုံ အထက် လေးထောင့်ပစ္စယံနှင့် ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်ကို တွေ့ရ၏။

ပစ္စယံထောင့်ချိုးများတွင် ဖရုံမြောင့်အခုံများ တန်ဆာဆင်ထားသည်။

ပန်းတင်ခုံအမြင့်(၁၂)ပေရှိ၍ စေတီမှာ ထီးတော်မပါ (၇၅)ပေ (၆)လက်မ ဉာဏ်တော်အမြင့်ရှိကြောင်း သိရ၏။

ခေါင်းလောင်းမှောက်၏ အောက်ကုသည်းဝန်းနေရာလေးဖက်တွင် ကျောက်စိမ်းရုပ်ပွားတော်ကြီး တစ်ဆူစီနှင့် စေတီတော်ပတ်လည်၌ (၂)လက်မ အရွယ် ကျောက်စိမ်းဆင်းတုပေါင်း သုံးသောင်းကျော် ပူဇော်ထားသည်ဟု သိရသည်။

ပန်းတင်ခုံ အထက်ပတ်လည်၌ ပါရမီတော်ဆယ်ပါး၊ ဒွေအောင်ခြင်းရှစ်ပါး၊ ဇာတ်တော်ကြီးဆယ်ဘွဲ့ သရုပ်ဖော် ကျောက်စိမ်းပန်းချီကားများ၊ ညောင်ရွက်ပုံများ စီခြယ်ထားသည်ကို တွေ့ရ၏။

ရှေးဦးစွာ မြောက်ဘက်အာရုံခံ တန်ဆောင်းအတွင်းဝင်၍ မြောက်ဘက်မုခ်လိုဏ်တွင်းရှိ ရုပ်ပွားတော်ကို ဖူးမြင်ရသည်။ **ဉာဏ်တော်အမြင့် (၅၀.၅)လက်မရှိ၍ ဘူမိဖဿမုဒြာ တင်ပျဉ်ခွေ ကျောက်စိမ်းဆင်းတုတော်** ဖြစ်သည်။

အရှေ့ဘက်လိုဏ်တွင် ဉာဏ်တော်အမြင့်(၄၈)လက်မရှိ ဈာနမုဒြာရုပ်ပွားတော်၊ တောင်ဘက်လိုဏ်တွင် ဉာဏ်တော်အမြင့်(၄၉.၅)လက်မရှိ ဓမ္မစက္ကမုဒြာရုပ်ပွားတော်၊ အနောက်ဘက်လိုဏ်တွင် ဉာဏ်တော်အမြင့် (၃၁) လက်မရှိ ဘူမိဖဿမုဒြာရုပ်ပွားတော်တို့ စံပယ်ကြသည်။

## ကျောက်စိမ်းလက်ရာအချို့

ရင်ပြင်တော် အနောက်မြောက်ထောင့်အရပ်တွင် ကျောက်စိမ်းလက်ရာအချို့ကို ခင်းကျင်းပြသထားသည်။

ပန်းခက်ပန်းနွယ်များ၊ မကာရုံရုပ်များ၊ နဂါးရုံရုပ်ပွားတော်၊ လျောင်းတော်မူရုပ်ပွားတော်၊ ဗောဓိပလ္လင်၌ ထက်ဝယ်ဖွဲ့ခွေ စံပယ်တော်မူဟန်





www.burmeseclassic.com

www.burmeseclassic.com



ကျည်းစံနယ်မှ ရုပ်ပွားတော်တစ်ဆူ




တောင်ဘက်လိုဏ်မှ ရုပ်ပွားတော်


မုခ်ဦးအတွင်းမှ ပူဇော်ဝင်

ကျောက်မိုင်မ၏ အင်္ဂါရုပ်များ



အာရုံခံတန်ဆောင်းတစ်ဆောင်





www.burmeseclassic.com





▲ ကျောင်းတော်မှုနှင့် ကျောက်စိမ်းပန်းပွင့်များ

◀ အနောက်ဘက်လိုဏ်မှ ရုပ်ပွားတော်

▼ ကျောက်စိမ်းကောင်များ



စသည်ဖြင့် အတန်များများရှိ၏။

အနီးတွင် ကျောက်စိမ်းနှင့် ပတ်သက်သော မှတ်ချက်ကမ္ပည်းစာရှိ၏။

ကျောက်စိမ်း၏ ဂုဏ်အင်္ဂါ(၃)ရပ်

၁။ လှပခြင်း။

၂။ ကြာရှည်ခံခြင်း။

၃။ ရှားပါးခြင်း။

ကျောက်စိမ်း၏ ယုံကြည်မှု(၇)မျိုး

၁။ သဒ္ဓါရက်ရောခြင်း။

၂။ ရဲရွမ်းသတ္တိနှင့်ပြည့်စုံခြင်း။

၃။ တရားမျှတသောစိတ်ဓာတ်ရှိခြင်း။

၄။ မိမိကိုယ်မိမိ နှိမ့်ချသော နိဗ္ဗိတတရားရှိခြင်း။

၅။ အသိအလိမ္မာ ဉာဏ်ပညာကြီးမြင့်ခြင်း။

၆။ ဘေးအန္တရာယ်ကင်းခြင်း။

၇။ စီးပွားဥစ္စာတိုးပွားခြင်း။

ဟူ၍ ဖတ်ရှုရလေသည်။

အနောက်ဘက်လိုဏ်အတွင်း စံပယ်သော တင်ပျဉ်ခွေ ဘူမိဖဿမုဒြာ ရုပ်ပွားတော်ရှေ့၌ ကျောက်စိမ်းသပိတ်တစ်လုံးနှင့် မုနိလေးဆူပုံတော်ကို တွေ့ရ၏။ မုနိလေးဆူမှာ သက်န်းအနားရေးကို ကိုင်ထားသည့် စီဝရဟတ္ထမုဒြာ မတ်ရပ်တော်များ ဖြစ်ကြသည်။

ယင်းတို့အနီးတွင် ကျောက်စိမ်းဖယောင်းတိုင်ရှိသည်။ ထိုဖယောင်းတိုင်နှံရံ၌ လက်အုပ်ချီထားသော နတ်မင်းရုပ်တုကို ထုဆစ်ထားလေသည်။

ဖယောင်းတိုင်အတွင်းမှ လျှပ်စစ်မီးအလင်းရောင် ပေးထားသဖြင့် စိမ်း,ဝါ,ခရမ်းအရောင်များ တောက်ပစွာ ထွက်နေ၏။

အနောက်တောင်ထောင့်သို့ ရောက်သောအခါ လူအချို့ ဝိုင်းအုံနေသည့် စက်ဝိုင်းပုံ စတီးခြံစည်းရိုးတစ်ခု တွေ့ရ၏။ လူများသည် ငွေစက္ကူများကို ခေါက်ချိုးကိုင်လျက် နဖူးထက်တင်ကာ စုံမှိတ်ရွတ်ဆိုနေကြသည်။

ထို့နောက် စက်ဝိုင်းအလယ်သို့ ပစ်ချကြ၏။ စက်ဝိုင်းအလယ်တွင် ခြေတော်ရာပါဒစေတီတစ်စုံ ပူဇော်ထား၏။

စက်လက္ခဏာ အပြည့်အစုံပါဝင်ဟန် ရှိသော်လည်း ငွေစက္ကူများ ဖုံးလွှမ်းနေသဖြင့် ရှင်းလင်းစွာ ဖူးမြော်



www.burmeseclassic.com

www.burmeseclassic.com



နဂါးရုံပုံခတ်



အနောက်မုခ်လိုက်မှ ကျောက်စိမ်းမယောင်ဗတိုင်



ပုရိသလေးဆူ



ကျောက်စိမ်းသပိတ်

နိုင်ခြင်း မရှိလေရာ ဝေယျာဝစ္စအဖွဲ့က ရောင်းချနေသော စေတီမှတ်တမ်းစာအုပ်မှ ခြေတော်ရာပုံတော်ကို ထပ်ဆင့်ရိုက်ကူးတင်ပြလိုက်ပါသည်။

ခြေတော်ရာ "**ပါဒ**" စေတီ ဖြစ်သည့်အားလျော်စွာ "**ပဋ္ဌာန**" သွားလာခြင်းဟူသော ပကတိခရီး၊ မိမိသက်ဆုံးတိုင် လျှောက်လှမ်းရမည့် ဘဝခရီး၊ အဖန်ဖန် လျှောက်လှမ်းရဦးမည့် သံသရာခရီးများအတွက် အဆင်ပြေစေရန် ဆုတောင်းလှူဒါန်းကြခြင်း ဖြစ်ပေသည်။

## စေတီဝန်းကျင်

စေတီရင်ပြင်တစ်ပတ် လှည့်လည်ကြည့်ညိုရာ အရှေ့ဘက်အာရုံခံတန်ဆောင်းအနီး ရင်ပြင်တံတိုင်းနံဘေးထရှင်းရာ နေရာမှနေ၍ အိတ်ဆောင်ဗွေန်းစာအုပ်ငယ် အကူအညီဖြင့် ဗွေန်းပစ္စယနိဒ္ဒေသ ပါဠိတော်ကို ရွတ်ဖတ်ပူဇော်နေသည်။ နေထွက်ပြူစဆောင်းနံနက်ခင်းကာလဖြစ်၍ ဘုရားဖူး အလွန်မများလှပါ။

သို့သော်လည်း ရပ်ဝေးနှင့် နိုင်ငံခြားဧည့်သည်များ အစုအဖွဲ့လိုက် ဝင်ထွက်လှေလာကြည်ညိုကြသဖြင့် အာရုံခံတန်ဆောင်းများအတွင်း နေရာမရနိုင်လေရာ တံတိုင်းအနီးမှ စေတီတော်အား ကြည်ညိုပူဇော်ရခြင်း ဖြစ်သည်။


နေ့လယ်၊ ညနေ အချိန်များ ဆိုပါက တိုး၍မပေါက်အောင် စည်ကားလှသည်ဆို၏။ **မြန်မာနိုင်ငံ၌သာ ကိန်းဝပ်တော်မူသည့် ကျောက်စိမ်းစေတီတော်သုံးဆူ ပွင့်ထွန်းတော်မူပြီးဖြစ်**ရာ ပထမဆုံး ကျောက်စိမ်းစေတီသည် **ဖားကန့်မြို့နယ်တွင်း ကိန်းဝပ်တော်မူသည်။ ဒုတိယစေတီကား ရွှေထိုးကြီးမြို့နယ်တွင် စံပယ်တော်မူကာ၊ တတိယဖြစ်သော ဤစေတီမှာ လမ်းပန်းဆက်သွယ်ရေး လွယ်ကူသဖြင့်** ဤသို့ ဘုရားဖူး များပြားနေခြင်းဖြစ်ကြောင်း သိမှတ်ရပေသည်။

ပူဇော်မှုအပြီးတွင် မိဘ၊ ဆရာသမားအစ ဝေနေယျအားလုံးသို့ မေတ္တာပို့အမျှဝေပြီးနောက် အရှေ့ဘက် အဓေး



www.burmeseclassic.com

www.burmeseclassic.com




◆ ပါဒစေတီအတုံ




အရှေ့တောင်ထောင့်မှ တံခွန်တိုင် ▶

◆ ပါဒစေတီ ကိန်းဝပ်ရာ



◆ စေတီအရှေ့မှ အမြန်လမ်းမကြီး



တွင်မြင်တွေ့နေရသော ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးနှင့် စပ်လျဉ်းသမျှတို့ကိုလည်း အထူးပြု အမှုပေးဝေခဲ့၏။

မြန်မာနိုင်ငံ အထက်ပိုင်းနှင့် မြန်မာနိုင်ငံအောက်ပိုင်းကို ဆက်သွယ်ထားသည့် အဓိကရ လမ်းမကြီးဖြစ်ကာ ကုန်တင်ကားများလည်း ပြေးဆွဲခွင့်ရပြီဖြစ်၍ လမ်းမပေါ်၌ ဥဒဟိုသွားလာနေကြသော ယာဉ်ကြီးယာဉ်ငယ် အသွယ်သွယ်ကို အစဉ်မပြတ် မြင်တွေ့နေရပေသည်။

**"စံကူး"** ခေတ်ရန်ကျသော **"ကျောက်စိမ်း"**စေတီအား ဖူးမြော်ရသော ကုသိုလ်အစုစုကို မြန်မာနိုင်ငံအနှံ့ရှိ ဝေနေယျတို့ အမျှရကြ၍ မြန်မာနိုင်ငံ ပြည်သူပြည်သား အပေါင်းတို့သည်လည်း ရန်ငြိုးဟ်နှင်၍ ဥစ္စာဝင်ကုံလုံကြွယ်ဝနိုင်ကြပါစေ။

ရှေ့လဆက်ဖတ်ပါရန်

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

အဖြေရှိခဲ့ရပါသည်

'အကြီးအကဲ ဦးစီးခေါင်းဆောင် ဖြစ်နိုင်ပါ့မလား'

ကြည့်ပါ။

✤ ကြာသပတေးဂြိုဟ်ခုံတွင် **ဆော်လမွန်လက်စွပ်** ပါနေပါတယ်။ **(က)**

ဒါကတော့...

ဆရာအကြီးအကဲ ဖြစ်စေနိုင်သော သင်္ကေတပါပဲ။

✤ **ကြာသပတေး လက်ချောင်း (လက်ညှိုး)သည်** ဖြောင့်တန်းပြီး အားကောင်းပါတယ်။ **(ခ)**

ဒါကတော့...

သူတစ်ပါးကို လွှမ်းမိုးနိုင်ခြင်း၊ ဦးဆောင်နိုင်ခြင်း၊ လမ်းညွှန်ပြသနိုင်ခြင်း၊ သြဇာတိက္ကမကို ပြစေနိုင်ခြင်းတို့ပါပဲ။

ကဲ... သည်အချက် (၂)ချက်ကြောင့်...




***အကြီးအကဲ ဦးစီးခေါင်းဆောင် ဖြစ်နိုင်ပါပြီ။***

***သာယာ ချမ်းမြေ့ပါစေ။***


**ဆရာ ဦးခင်မောင်လင်း**
***(B.Sc၊ ရွှေဘို)***
**(အကျွတ်ဘာ-မဟာဘုတ်သုတေသီ)**




www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




# ကျားမှန်လျှင် အားသန်ရအောင်
# ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"ကိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့ကုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညိုးပန်းသေရောဂါ) လိင်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ညှိသည်လဲပါလာတာကိုး၊ တဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"တဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ ကိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောဟဿမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုတ်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိင်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုတ်လွှတ်ခြင်း၊ သုက်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

**ဆေးထုတ်လုပ်ပင်ရင်း**
အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊
(၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)

**ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန**
အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com

သမိုင်းအခိုင်အမာနှင့် ရှေးဟောင်း တနင်္သာရီမြို့က ခန္ဓာကိုယ် မပုပ်မပျက်သော

# ဝက်ဘာဆရာတော်ကြီး ဦးဥက္ကံသ (၁)

ဆင်ခင်ဝင်း (မောရဝတီ)

'ဝက်ဘာဆရာတော်ကြီး ပျံတော်မူသွားပြီ'

'ဟင်'

အံ့သြစွာ ခဲလေသမျှ သဲရေကျပြီဟု ''ဟင်'' ချလိုက်မိပါသည်။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း (၂၉)နှစ်မြောက် အထူးထုတ်တွင်ပါသော **တနင်္သာရီမြို့မှ ထူးခြားဆန်းကြယ်သော ဝက်ဘာတောင်နှင့် သက်တော်ရှည် ဝက်ဘာဆရာတော် (နန်းမြို့ရှေ့ရှိ)** ကို ဖတ်ပြီးကတည်းက မဖြစ်မနေ သွားဖူးမည်ဟုအဓိဋ္ဌာန်ပြုထားပါသည်။

တနင်္သာရီမြို့နယ်သူလေး မသူသူကလည်း ဆရာတော်ကြီးကို ကိုးကွယ်ကြောင်းနှင့် ဂမုန်းပန်းပေါင်း ဆေးလုံးလေး အနည်းငယ် ကိုးကွယ်ခွင့်ပေးပါသည်။ ဆရာတော်ကြီး၏ သက်နန်းစလေးအနည်းငယ် ဖြတ်ပေးပါသည်။


အခွင့်သာတိုင်း မသူသူဆီ သွားကာ ဆရာတော်ကြီး၏ အကြောင်းများ သွားနားထောင်တတ်ပါသည်။

'ဆရာတော်ကြီးက အခု ဂူအောင်းနေတယ်၊ ဒီတစ်ခါ ဂူကထွက်ရင် ပျံတော်မူတော့မယ်တဲ့'

မော်လမြိုင်ရောက် တနင်္သာရီနယ်သူလေး၏ ပြောပြချက်များကြောင့် အမြန်သွားမှ ဖြစ်မည်ကိုတော့ သတိထားလိုက်မိပါသည်။

သာမညဆရာတော်ကြီး ညွှန်ပြတော်မူသော ဆရာတော်ကြီးတစ်ပါးအကြောင်း သိရသဖြင့် ပိုလို့ပင် သွားချင်စိတ် ဒုန်မြင်ချင်နေပါသည်။

သာမညဆရာတော်ကြီး ညွှန်ပြတော်မူလျှင် ထူးခြားသော ဆရာတော်ကြီးများ ဖြစ်တတ်သည်မဟုတ်လား။ ကိုရွှေများခမြောင် လူတို့ဘောင်၌...ဟု





ဆိုစကားအတိုင်း သားရေး၊ သမီးရေး၊ မိမိအရေးတွေက စဉ်ဆက်မပြတ်ပေါ်လာသည်။ ဇယ်ဆက်သလို တစ်ခုပြီး တစ်ခု ခရီးတွေကလည်း မနားမနေ ပေါ်နေ၏။

အဓိဋ္ဌာန်ရက်ထက်စောပြီး သီလရှင် ဝတ် ဖြစ်လိုက်သေးသည်။ ဘုရားဖူးခရီး၊ ဆွေမျိုးတွေဆီ ခရီးတွေကလည်း မမျှော်လင့်ဘဲ သွားဖြစ်လိုက်သေးသည်။

ဘားအံမြို့နယ် ဘာသာရေးစာတစ်အုပ်အတွက် ဓမ္မဒါန (၁၀)ပုဒ်ခန့် ရေးသားရန် ဘားအံတစ်ခွင် လှည့်လည်၍ ဘုရားဂူကျောင်းများအကြောင်း ဒါနပြု ရေးပေးရာ အချိန်တော်တော်

www.burmeseclassic.com





ရှင်မအောင်သာ ကျောက်ဆိုင်နှင့် ပြည်ရှင်(၃)ပါးကို တရားနာခဲ့ရာသွားမြင်

ဝက်ဘာတောင်မှုဦးနှင့် စာရေးသူ

ပေးလိုက်ရသေးသည်။

ဒီကြားထဲ (၁၀)နှစ်ခန့်ကွဲနေသော ဘုရားသုံးဆူမှ ဖမ့်မိတ်ဆွေဒေါ်လှရီက သူတို့ တည်ထောင်ကိုးကွယ်ထားသော ဘေးမဲ့သာသနာ မြသီတာ ရေတံခွန်ကျောင်းမှာ သာသနာပြု လာကူပါဦးဆိုလာသဖြင့် သင်္ကြန်မတိုင်မီမှ သင်္ကြန်အပြီး နှစ်ဆန်းတစ်ရက်နေ့ အထိ ကူညီ သာသနာပြုရင်း၊ ဥပုသ်ယူရင်း နှစ်ဆန်းနှစ်ရက်နေ့မှ မော်လမြိုင်မြို့သို့ ပြန်ရောက်ခဲ့ပါသည်။

ရောက်သည့်နေ့မှာပဲ ခရီးဆောင်အိတ်တောင် မချရသေးခင် တနင်္သာရီ နယ်သူလေး မသူသူက ဝက်ဘာတောင် ဆရာတော်ကြီး ပျံတော်မူကြောင်းသတင်းပေးပြောကြားပါသည်။

**၁၉–၄–၂၀၁၆ ရက်နေ့** မော်လမြိုင်သို့ ပြန်ရောက်ရောက်ချင်းဖြစ်၏။ "**၂၁–၄–၂၀၁၆ ရက်နေ့**မှာ သဂြိုဟ်မယ်တဲ့"

'ဒါဆို ဒီနေ့သွားမှ မီတော့မှာပေါ့။ ဟိုရောက်ဖို့လမ်းမှာလဲ တစ်ညအိပ်ရဦးမယ်'

'ကားလက်မှတ်တွေအားလုံး ကုန်နေပြီ မရတော့ဘူး။ သင်္ကြန်ပြီးလို့ ပြန်တဲ့လူတွေ များနေတယ်'

မသူသူက ပြောနေခြင်းဖြစ်သည်။

ကျွန်မမှာ ဆရာတော်ကြီး၏ ဓာတ်ပုံကို ဆီမီးအမွှေးတိုင် ပူဇော်၍ ဆရာတော်ကြီးကို သွားဖူးမည်ဟု သစ္စာပြု ဆုတောင်းထားသည့်အတွက် မဖြစ်မနေ ဆရာတော်ကြီး ရုပ်ပနအမီ ရောက်အောင်သွားမည်ဟု ဆုံးဖြတ်ချက် ခိုင်ခိုင်ချလိုက်ပါတော့သည်။

## မြန်မာနိုင်ငံ တောင်ဘက်စွန်း တနင်္သာရီမြို့သို့

၁၉–၄–၂၀၁၆ ရက်နေ့ ညနေ(၅)နာရီတိတိမှာ ထွက်မည့် မော်လမြိုင်–မြိတ် အထူးကားငယ်လေးပေါ်မှာ ထိုင်လိုက်မိစဉ်မှာပင် မသူသူ ထပ်ပေးလိုက်သော ဝက်ဘာဆရာတော်ကြီး၏ သင်္ကန်းတော်ကြီး အဆောင်ကို လည်ပင်းမှာ ချိထားလိုက်ပါသည်။

ခရီးသွားများ များပြားသဖြင့် ကားအသင်းများက အထူးကားငယ်လေး တစ်စင်း ထပ်ထုတ်ပေးပါသည်။ ဈေးနှုန်းကတော့ ကြီးတာပေါ့။ ဒါပေမယ့် ဈေးနှုန်းကို မတွက်တော့ပါ။ ခရီးအဆင်ပြေရေးကိုသာ ဆုတောင်းနေရပါသည်။

မော်လမြိုင် ဈေးချိုကားဝင်းမှ ရေးမြို့၊ ထားဝယ်မြို့၊ မြိတ်မြို့တို့ကို ရောက်ပြီးမှ တနင်္သာရီမြို့သို့ ကားပြောင်းစီးရမည်တဲ့။

တောင်ပတ်လမ်းများကို ကွေ့ကာ ပတ်ကာ မောင်းရသော တောင်တက် တောင်ဆင်းလမ်းများကို နယ်မြေခံ ကားမောင်းသူများ ကျွမ်းကျင်မှုနှင့် လမ်းများ ကောင်းမွန်မှုများကြောင့် ထားဝယ်မြို့ကို ည(၁၂)နာရီမှာ ရောက်လာပါတော့သည်။

ခရီးသည်အားလုံး ကားအသင်းမှာ ငုတ်တုတ်ထိုင်နေရသည်။ မြိတ်သွားကားကို ပြောင်းစီးရဦးမယ်တဲ့။

နံနက်(၆)နာရီမှာ မြိတ်မြို့သို့ သွားမည့်ကားငယ်လေး လာကြိုသည်။ ကားငယ်ဆိုသော်လည်း ခရီးသည် (၄၅)ယောက်စီးရပါသည်။

လမ်းခရီးက ချောမောအဆင်ပြေပါသည်။ လမ်းကျယ်ကြီးများက အသစ်တည်ဆောက်ပြီးခါစ အသစ်ဆောက်ဆဲတွေမို့ သစ်လွင်ချောမွေ့နေပါသည်။

တောင်များကို ကွေ့ပတ်တက်ဆင်း လမ်းများကို နယ်မြေခံ လမ်းကျွမ်းကျင်သော ကားမောင်းသမားများကြောင့်





www.burmeseclassic.com

www.burmeseclassic.com

ကားစီးရသည်မှာ စိတ်အေးရပါသည်။ တောင်ပေါ်ပတ် ကားလမ်းများပေါ်က ဝန်းကျင်ရှုခင်းများကို ကြည့်ရှုသွားနိုင်ပါသည်။

ဆီအုန်းပင်များ စိုက်ခင်းကြီးများကို အများဆုံးတွေ့ရပါသည်။ တနင်္သာရီဒေသသည် ဆီအိုးကြီးဖြစ်ရမည့် စီမံကိန်းဟု သိရပါသည်။

တောင်ကုန်းများတွင် ကွမ်းသီးပင်ထောင်များက သွားထိုးတံလေးများ စီထားသလိုအဝေးက လှမ်းမြင်ရပါသည်။

ရော်ဘာစိုက်ခင်းများကိုလည်း တွေ့ရပါသည်။ ကားပေါ်မှ မျှော်ကြည့်လိုက်တိုင်း စိမ်းစိမ်းညို့ညို့ မှိုင်းမှိုင်းမှိုင်းနေသော တောင်ကုန်းတောင်တန်းများ၊ မြူခိုးငွေ့များ၊ နှင်းငွေ့များက ပျပျလေး လွှမ်းခြုံရစ်သိုင်းထားသည်။

တရိပ်ရိပ်ပြေးနေသော မြိတ်မြို့မှ ထွက်လာသော ခရီးသည်တင်ကားလေးသည် တနင်္သာရီတံတားထိပ်သို့ ရောက်လာလေပြီ။

## သာရီ၊ ရွှေသာရီ၊ တနင်္သာရီ၊ နန်းမြို့ဟောင်းဆီ

တနင်္သာရီမြို့သို့အဝင် တနင်္သာရီမြစ်ကြီးကို ဖြတ်၍ ဆောက်ထားသော တနင်္သာရီ မြစ်ကူးတံတားကြီးအပေါ်မှ ကားဖြတ်မောင်းစဉ် မြင်တွေ့လိုက်ရသော ရှုခင်းအလှများ၏ ဖမ်းစားမှုကြောင့် တခဏ လာရင်းကိစ္စတောင် မေ့သွားမတတ် ဖြစ်သွားသည်။

**"ထူလိုက်သည့် တနင်္သာရီမြို့"**။ တံတားအောက်၊ တနင်္သာရီချောင်းရေက စိမ်းဝါနီပြာ ရောင်စုံဖြာနေသည်။ ခပ်လှမ်းလှမ်းက ဝန်းရံထားသော တောင်စဉ်တောင်တန်း အနိမ့်အမြင့်များနှင့် တံတားအလွန်၊ ကုန်းဆင်းကုန်းတက်လမ်းမကြီး၊ ထိုသဘာဝ ခင်းသို့အလှ၊ သတိကို အမြန် ပြန်ကပ်လိုက်ရပါသည်။




▲ ရွှေမအောင်သာ ရုပ်ရှင်ကျောက်တိုင်

**"တနင်္သာရီမြို့"** လှပသော စာလုံးများကို ကြည့်မိပြီး...

'ကားဆရာ ဝဏ္ဏာဘောင်ဆရာတော်ဆီ သွားမလို့ပါ'

မြို့အဝင်တံတားထိပ်မှာ ကားရပ်ပေးကာ ဆိုင်ကယ်တက္ကစီများ ခေါ်ပေးပါသည်။ တောင်ကုန်းများ၊ မြို့ရိုးအုတ်စီထားသော အမြင့်မြို့ရိုးဟောင်းများကို လမ်းဘေးမှာ မြင်နေရပါသည်။

တောင်ပေါ်ကို ကွေ့ပတ်တက်သော လမ်းများက ဝဏ္ဏာဘောင်ပေါ် ဆွမ်းစားမဏ္ဍပ်ရုံနှင့် စေတီဘုရားခြေတော်ရင်းထိ ရောက်ပါသည်။ ဝဏ္ဏာကျောင်းတိုက်မုခ်ဦးကြီးက ထည်ဝါစွာ ကြိုဆိုနေပါသည်။

သာရီ၊ ရွှေသာရီ၊ နန်းမြို့ စသည့် အသုံးအနှုန်းစာလုံးများ တွေ့မြင်ရသဖြင့် တနင်္သာရီမြို့ နယ်ခံသားတို့၏ အမှတ်အသားစာများဖြစ်မည်ဟု မှတ်ထားလိုက်ပါသည်။

## ဝဏ္ဏာ ဆရာတော်အား ဖူးတွေ့လိုက်ရပါပြီ

သက်ရှိထင်ရှားရှိစဉ်က ဖူးမြော်မည်ဟု ဆန္ဒရှိ ဆုတောင်းခဲ့သော်လည်း ကိုယ်ရဲ့ နှောင့်နှေးမှုကို ဖြစ်စေသော ဗာဟီရများကြောင့် ဆရာတော်၏ ရုပ်ကလာပ်ကိုသာ ဖူးတွေ့ရပါသည်။

ဈာပနကျင်းပရေး ဦးစီးအဖွဲ့က စာကမ်းထားသည်ကိုဖတ်လိုက်ရပါသည်။

'ကျေးဇူးတော်ရှင် ဝဏ္ဏာဆရာတော်သည် တစ်ဘဝတစ်ခန္ဓာကို စွန့်လွှတ်၍ ၁၃၇၇ ခုနှစ် တပေါင်းလပြည့်ကျော်(၁၄)ရက် (၄-၄-၂၀၁၆)တနင်္လာနေ့တွင် ဘဝနတ်ကျောင်းသို့ ပြောင်းရွှေ့စံမြန်းတော်မူပါသည်။ ကြွင်းသောရုပ်ကလာပ်တော်အား မှန်ခေါင်းစံကျောင်းတွင် ထား၍ အပူဇော်ခံပြီး ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော်(၂)ရက် (၂၄-၄-၂၀၁၆)တနင်္ဂနွေနေ့၌ ပြာသာဒ်ဂူ ပူဇော်ထားမည်ဖြစ်ကြောင်း တပည့်ဒကာအပေါင်းတို့အား သိစေအပ်ပါသည်'

*ဈာပနကျင်းပရေးဦးစီးအဖွဲ့*

ထိုစာကို ဖတ်ရပြီးမှ ကျွန်မတို့ ရက်အတွက်မှား၍နောက်(၄)ရက်စောင့်ကာ ဆရာတော်ကြီး ပြာသာဒ်ဂူ ပူဇော်ပွဲ ကျင်းပမှာဖြစ်ကြောင်း သိရပါသည်။

တစ်မျိုးတော့ ကောင်းပါသည်။ ဆရာတော်ကြီးကို တစ်ဝကြီး ပူဇော်နိုင်သလို တနင်္သာရီမြို့ကြီးကိုလည်း တစ်ဝကြီး လေ့လာရမှာပေါ့လို့ ပီတိဖြစ်ရပါသည်။

ရောက်ရောက်ချင်းတော့ ဖူးမြော်ချင်လှသော ဝဏ္ဏာဆရာတော်ကြီး ဦးဥက္ကံသအား ဦးစွာ ဖူးမြော်ရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



◆ တနင်္သာရီမြို့သို့ရောက်စဉ် ရှင်မအောင်သာကျောက်ဆိုင်သို့ ရောက်ရှိ မှတ်တမ်း ပြုသွားသော ချားလ်အလက်ဇန်ဒါး

ဝက်ဘာ တောင်တော်ကြီးပေါ်ရှိ တနင်္သာရီမင်းအဆက်ဆက် တည်ထား မွမ်းမံကိုးကွယ်ထားသော ဆံတော်ရှင် ရန်အောင်မြင် စေတီတော်ကြီးနှင့် ဆရာတော်ကြီးအမြဲ ဂူအောင်း တရားကျင့်သော **ရာဇအောင်မြင်စေတီတော်နှစ်ဆူကြား**ရှိ ဓမ္မာရုံကြီးပေါ်တွင် မှန်ခေါင်း စံကျောင်းဖြင့် အပူဇော်ခံထားသည်။

တစ်ခါမျှ မမြင်ဘူး၊ မဖူးဘူးသော ဆရာတော်ကြီး၏ ရုပ်ကလာပ်မှာ ပကတိ ကျိန်းစက်နေသည့်သို့ မျက်နှာတော်ကို ဖူးတွေ့ရပါသည်။

ကျွန်မ ဖူးမြော်ရသည့်အချိန်သည် ဆရာတော်ကြီးဦးဥက္ကံသ ပျံလွန်တော်မူသည်မှာ **(၁၇)ရက်ပြည့်မြောက်ပြီ** ဖြစ်ပါသည်။

မပျံလွန်မီ နှစ်ရက်အလိုက ရိတ်ထားသောဆံပင်နှင့် မုတ်ဆိတ်မွေးများက အတော်ပင် ရှည်ထွက်နေပေပြီ။ **သက်တော်(၉၉)နှစ်၊ ဝါတော် (၆၀)** တွင် ပျံလွန်တော်မူသော်လည်း ရှည်ထွက်လာသော ဆံတော်နှင့် မုတ်ဆိတ်များမှာ အဖြူရောင်နည်းပြီး အနက်ရောင်များနေသည်ကို ဖူးမြော်ရပါသည်။

အနံ့ဆိုးထွက်ခြင်းမရှိ၊ ပုပ်ပွပျက်စီးခြင်းမရှိ၊ ကြည်ညိုဖွယ်အပူဇော်ခံနေသည်ကို ထူးခြားစွာ ဖူးတွေ့ရသည်မှာ အပင်ပန်းခံ လာရောက် ကြည်ညိုရကျိုးနပ်ပြီဟု ပီတိဖြစ်ရပါသည်။

## တနင်္သာရီရွှေသာရီ နန်းမြို့ဟောင်းမှာ ငါးရက်တာ နွေမိုးဆောင်း သုံးပန်းလှမြို့ပါ

မှန်ခေါင်း စံကျောင်းတော်ကြီး အတွင်းမှ ဆရာတော်ကြီး ဦးဥက္ကံသ၏ မပုပ်မပျက် ရုပ်ကလာပ်တော်ကို ဖူးမြော်မှတ်တမ်းပြု ဓာတ်ပုံများကို ရိုက်ပြီးနောက် ဝက်ဘာတောင်၊ မဟာသန္တိသုခ ဝက်ဘာကျောင်းတိုက်အား လက်ရှိ တာဝန်ယူထားရသော ဆရာတော်ကို သွားကန်တော့ ဂါဝရပြုပါသည်။

ဆရာတော်လေးမှာ သက်တော်ငယ်သော်လည်း ဝက်ဘာဆရာတော်ကြီးရှိစဉ်ကတည်းက အတူ သာသနာပြုနေကြောင်း သိရပါသည်။

မော်လမြိုင်မှ လာရောက်၍ ဝက်ဘာဆရာတော်ကြီးအား လာဖူးကြောင်း လျှောက်တင်ရပါသည်။ ဝက်ဘာဆရာတော်ကြီး၏ ဂမုန်းပန်းများဖြင့် ဖော်စပ်ထားသော ဆေးများ ပေးပါသည်။ ဆရာတော်ကြီး၏ (၁၀၈) လုံး ဆေးပုတီးကြီး တစ်ကုံးအားလည်း ပေးပါသည်။

ဆရာတော်ကြီး၏ သင်္ကန်းအားလည်း ပေးပါသည်။ အနည်းငယ်သာ ရှိတော့သော ဆရာတော်ကြီး၏ အဆောင် သိဒ္ဓိဝင်ပစ္စည်းများ ဖြစ်ပါသည်။

ဆရာတော်ကြီး သက်ရှိထင်ရှားရှိစဉ်က ပဋ္ဌာန်းပရိတ်များ ရွတ်ဆို သိဒ္ဓိတင်ထားသော အဆောင်ပစ္စည်းများ ဖြစ်ပါသည်။

တည်းခိုရေးအတွက် လျှောက်တင်သောအခါ အမျိုးသမီးများတည်းရန် နေရာ ခက်ခဲနေပါသည်။ နေ့စဉ် ကျွေးမွေး ချက်ပြုတ်ရေးနှင့် အလှူခံ ဧည့်ခံရေးတွေ ရှုပ်ထွေးနေပါသည်။

ထို့ကြောင့် တနင်္သာရီမြို့ စာရေးဆရာအသင်း ဥက္ကဋ္ဌအိမ် နန်းမြို့ရှေ့ရှိ (မှန်နှင့် အထွေထွေ)ဆိုင်သို့ တည်းခိုရန် ပို့ပေးကြပါသည်။

အိမ်ကျယ်သော အပေါ်ထပ်တွင် တည်းရင်း တနင်္သာရီမြို့ကြီးကို လေ့လာခွင့်ရရှိပါသည်။

တနင်္သာရီမြို့ စာရေးဆရာအသင်း၏ဥက္ကဋ္ဌ တက္ကသိုလ်သန်းစိုးဝင်းနှင့် စာရေးဆရာမ ဒေါ်စန်းစန်းမြင့်တို့ ဇနီးမောင်နှံကလည်း စိတ်တူကိုယ်တူ စာပေသမားများဖြစ်ကြတာမို့ ကျွန်မ တို့လို စာပေယဉ်ကျေးမှုနှင့် ဘာသာရေးဝါသနာရှင်တွေအတွက် အားမနာတမ်း လွတ်လပ်စွာ နေထိုင် လေ့လာခွင့်ရမည် ဖြစ်ပါသည်။ **တစ်နေ့တည်း ရာသီပြောင်းသော သုံးပန်းလှမြို့ပေါ် တနင်္သာရီမြို့ဖြစ်သည်။**

စာပေပညာရှင် ဝါသနာရှင်တို့



www.burmeseclassic.com

www.burmeseclassic.com

အိမ်မှီလားမသိ။ လေ့လာစရာ စာအုပ်ကြီးများကလည်း သိချင်တာ အကုန်ရှိနေသည်။

ကျွန်မကိုယ်တိုင်ကလည်း ရေးအားထက် ဖတ်အားက ပိုသန်တာကြောင့် ဝဏ်ဏဆရာတော်ကြီး သွားဖူးလိုက်၊ တနင်္သာရီ နန်းမြို့ဟောင်းကြီးကို လိုက်ပို့ပေးသမျှ မှတ်သားမှတ်တမ်းပြုလိုက်၊ သိချင်မှတ်ချင်တာတွေ ဖတ်လိုက်၊ မေးလိုက်နှင့် အချိန်တွေကုန်သွားမှာကိုပင် ကြောက်နေမိပါတော့သည်။

တနင်္သာရီမြို့သည် ရှေးပျူခေတ် မတိုင်ခင် ကျောက်ခေတ်၊ သံခေတ် အထောက်အထားများအပြင် ပျူခေတ် အထောက်အထားများ၊ ရှေးဘုရင်လက်ထက်မြို့ရိုးကျုံးများ…

လက်ရှိ ထိန်းသိမ်းစောင့်ရှောက်ထားသော ဘုရား၊ သိမ်၊ ကျောင်းများကို မြင်တွေ့ရှိရပါသဖြင့် အခွင့်အရေးပေး၍ တွေ့ရှိရတုန်း ပျူစလေ့ ဝါသနာရှင် ကျွန်မမှာ မြို့နယ်စာပေနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ တနင်္သာရီမြို့၏ အိမ်မှာ တည်းမိရက်သားဖြစ်သွားခြင်းက ကံကောင်းပေစွ။ ဝဏ်ဏ ဆရာတော်ကြီး၏ စောင်မမှု တန်ခိုးတော်များပေလား။



ဒီနေ့တော့ တနင်္သာရီမြို့၏ ဓလေ့ထုံးစံတစ်ခုဖြစ်သော ညှိသည့်ညှိစိမ်းလာလျှင် အန္တရာယ်ကင်းဝေးရှင်းစေရန် **မြို့ရှင် ရှင်မအောင်သာ**သို့ အပ်နှံရပါသည်။

**အလွန် လေးစားကြည်ညို လှမ်းမောဖွယ် ရှင်မအောင်သာ၏ စိတ်ဓာတ်မှာ ဓိဓိမြို့ရွာ စည်ပင်သာယာတည်တံ့ ခိုင်မြဲရေးအတွက် ကိုယ်ကျိုးစွန့်သူ့ရို့ ယနေ့ တနင်္သာရီ မြို့နယ်သူနယ်သားများက ကျေးဇူးရှင်အဖြစ် ထီးနန်းသာပန်းမြန်မပြတ် နေ့စဉ် ပူဇော်နေကြသည်။**

ဝါဆိုလတွင် အသီးအနှံ သစ်သီးဝလံအစုံ၊ အကာအခုန်များနှင့် အတီးအမှုတ်များနှင့် ပူဇော်ပသကြသလို ရှင်မအောင်သာအတွက် မေတ္တာပို့ ကုသိုလ်ပွားအမျှဝေပေးကြပါသည်။

ပူဇော်သူများနှင့် အစဉ်မပြတ် စည်ကားနေသော ရှင်မအောင်သာ ကျောက်တိုင်ကြီး ဖြစ်ပေါ်လာပုံကို တနင်္သာရီမြို့ စာရေးဆရာအသင်း ဥက္ကဋ္ဌ ကိုသန်းစိုးဝင်းကပြောပြပါသည်။

'ကျွန်တော်တို့မြို့ရဲ့ ကျေးဇူးရှင်အဖြစ်နဲ့ ဖွားအောင်သာကို အမြဲ ဂါဝရပြုနေတာပါ။ ရှင်မအောင်သာ ကျောက်တိုင်နဲ့ တနင်္သာရီမြို့က ခွဲခြားမရပါဘူးလေ။

တနင်္သာရီမြို့ကို စတည်စဉ်က ဇေယျာဇမင်းလက်ထက် သက္ကရာဇ် ၆၃၂ နှစ်မှာ မြို့တော်ကို ကျုံးမြို့နဲ့ ခံ့ထည်စွာ တည်ဆောက်ပေမယ့် မြို့ရိုးကြီးကို မြစ်ရေဖျက်၊ ပြိုကျ၊ သုံးနှစ်သုံးမိုး တည်မရ၊ မအောင်မြင်ဖြစ်နေတယ်။

အဲဒီလို အခက်ကြုံနေတုန်း အရှေ့ဆင်ဖြူတံခါးအနီးမှာ ကလေးတစ်စု အော်ဟစ်တဘောင်ပေါ်လာတယ်။ "အောင်ပါလေ ကျောက်တိုင်စတေးမှ တိုင်းအယည် သာယာလိမ့်မည်လေး။ သေဆို အာဏာပေးတယ် ခန်းခြောက်လို့ပြေး"၊

သီဆိုအော်ဟစ် ကခုန်နေကြတဲ့ကလေးတစ်စုရဲ့ နိမိတ်တဘောင်အတိုင်း ပညာရှိတွေ ဘုရင့်အမိန့်တော်နဲ့ မြို့တော်ထဲမှာနေထိုင်ကြတဲ့ အောင်ပါတဲ့ နာမည်ရှင်တွေကို ညသန်းခေါင်ချိန်မှာ လိုက်ခေါ်သတဲ့။

မြို့တော်အကျိုးအတွက် စတေးခံမယ့်သူဟာ မိမိဆန္ဒအရ ထွက်လာစေဖို့ပါ။ ''အောင်''ပါသူ အများကြီးရှိသော်လဲ ဘယ်သူမှ မထွက်လာဘူးတဲ့။

တနင်္သာရီမြို့မှာ ဆည်သူကြီး၊ ကုန်သည်ကြီး ဦးကောင်းရဲ့ သမီးချော၊ အမတ် ကိုပုညရဲ့ ဇနီး၊ သားတစ်ယောက်ရဲ့မိခင်၊ ကိုယ်ဝန် (၇)လလွယ်ထားရသူ မအောင်သာ မိဘတွေ တားတဲ့ကြားထဲက ယောကျ်ားကလဲ ခရီးထွက်နေတဲ့အချိန်မှာ အိမ်ရှေ့ကို ပြေးထွက်ပြီး…

"ကျွန်မ… မအောင်သာ တနင်္သာရီမြို့ကြီး ရေဘေးက ကင်းဝေးအောင် အသက်ပေး

### တနင်္သာရီမြို့၏ အစဉ်အလာ ရှင်မအောင်သာအား ဂါဝရပြုခြင်း


နံနက်(၆)နာရီ အိပ်ရာထပြီး ထက်ဝက်ရည်ဆိုင်မှာ စားသောက်ပြီးသည်နှင့် တနင်္သာရီမြို့ စာရေးဆရာအသင်း ဥက္ကဋ္ဌက ဝဏ်ဏဆရာတော်ကြီး ဦးဥက္ကံသ၏ ကျောင်း၊ တောင်ကုန်းသို့ ပို့ပေးပါသည်။

ဦးလျှင် နေမပူခင် တနင်္သာရီ နန်းမြို့ဟောင်းကြီးအား နေရာအနှံ့ လိုက်လံပြသရှင်းပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



▲ လှပလိုက်တဲ့ တနသ်ာရီကို တောင်ထိပ်မှ မြင်ရပုံ

စတေးခံပါ့မယ်"

လို့ ပြောဆိုပြီး လိုချင်တဲ့ဆုများကို တောင်းကာ မော်ကွန်းကျောက်တိုင် စိုက်မယ့်တွင်းထဲကို ခုန်ချရင်း...

"စိတ်ချစ္စာမြို့ကို တည်တော်မူပါ အန္တရာယ် ဆိုးများရှိခဲ့ရင် ကျောက်တိုင်ထိပ်မှ သွေးစိမ်း ရှင်ရှင် ထွက်ပြပါစေသား၊ တနင်္သာရီမြို့ကြီး ကို စောင့်ရှောက်နိုင်ရပါစေသား"

လို့ ပြောဆို ဆုတောင်း စတေးသွား သတဲ့။

အဲဒီအချိန်ကစပြီး တနသ်ာရီမြို့ဟာ မင်းပေါင်း (၅၃)ဆက် နှစ်ပေါင်း (၂၅၄) နှစ်ထိ မင်းနေပြည်တော်ဖြစ်ခဲ့တယ်။

ရှင်မအောင်သာ အရှင်မကိုလဲ ဘုရင်များနည်းတူ သဖင်ပန်းဦး၊ နန်းဆောင်ပြာသာဒ် မှန်စီရွှေချ ထီးတော်(၁)လက်နဲ့ ညီမျှတဲ့ ပူဇော်မှုများနဲ့အတူ "**ကျောက်တိုင်အရှင်မ**" ဘွဲ့ ကို ပေးအပ်ခဲ့တယ်။

ဒါက အတိုချုပ်ပါ။ အိမ်ရောက်ရင် ကျွန်တော်ရေးထားတဲ့ **၂၀၁၀ ပြည့်နှစ်၊ မေလထုတ် နဂ္ဂတ္တာရောင်ခြည် မဂ္ဂဇင်း အမှတ်(၂၈၆)မှာ "လွန်ခဲ့သော နှစ်ပေါင်း(၇၀၀)ကျော်က ထု ဆစ်ထားသော တနသ်ာရီမြို့မှ အောင်သာရှင်မ ကျောက်တိုင်ကြီး"** ခေါင်းပါးပါတဲ့စာအုပ်မှာ အသေးစိတ် ရေးထားတာ ပေးဖတ်မယ်'

ဆရာစိုးဝင်းအောင် ပြောပြသော ရှင်မအောင်သာ ကျောက်တိုင်ကြီး ကို လေ့လာရင်း ညီ့စိမ်း ကျွန်မတို့လည်း ဂါဝရပြု အသိအမှတ်ပြု စောင့်ရှောက် ပေးပါရန်နှင့် လိုအပ်သောဆုများ အဓိဋ္ဌာန်ပြု ဆုတောင်းရသည်။

ဒေသထွက် နှမ်းဖတ်ကျောက်သား ကျောက်တိုင်ကြီး၊ လေးမြှောင့် ကျောက်တိုင်ကြီး၊ ထိပ်ဖျား ငှက်ပျောဖူး ပန်းဆွဲကျောက်ဆစ်ပန်း ကျောက်တိုင် ကြီး အရှည်(၁၄)တောင် လုံးပတ် ပတ်လည် (၈၀) ရှိကြောင်း တနသ်ာရီ ရိုးမကြီးမှာ ခက်ခက်ခဲခဲ ရှာဖွေခဲ့ရ ကြောင်းနှင့်...

တနသ်ာရီမြို့တွင် ကူးစက်ရောဂါ များမဖြစ်ခြင်း၊ မီးဘေးအန္တရာယ်များ ကင်းဝေးခြင်း၊ မြစ်ရေကြီးသော်လည်း မြို့တွင်းမှာ လူအသေအပျောက်မရှိ ခြင်း၊ ခေတ်အဆက်ဆက် မြို့ဖျက် လက်နက်များဖြင့် ပစ်ခတ်သော်လည်း မြို့များအုပ်ဆိုင်း ဖုံးအုပ် မြို့ကို ရှာ မတွေ့ခြင်း...

မြို့ကို ခန့်မှန်းပစ်ခတ်သော်လည်း ဗုံးဆန်များ ပေါက်ကွဲမှု မရှိခြင်း၊ မြစ် တွင်းသို့ ကျသော ဗုံးဆန်များသာ ပေါက်ကွဲခြင်း...

ဘေး အန္တရာယ်ရှိသောအခါ ကျောက်တိုင်ထိပ်ဖျားမှ သွေးစိမ်း ထွက်ပြခြင်း၊ အနက်ရောင်နယ်မြေ ဖြစ်ခဲ့ဖူး၍ အခက်အခဲရှိလျှင် အကူ အညီတောင်း ဆုတောင်းနိုင်ကြောင်း လက်တွေ့များ ပြောပြသဖြင့် နဂ္ဂတ္တာ ရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်ကြီး အား တန်ခိုးရှင် ရှင်မအောင်သာ ကျောက်တိုင်ကြီးပုံ၊ ရှင်မအောင်သာ ရုပ်တုနှင့် မြို့ရှင် သုံးပါးပုံ ရုပ်တုများကို ဓာတ်ပုံရိုက် ဖော်ပြလိုက်ရပါသည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**ခင်ခင်ဝင်း(မောင်တီ)**



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ (၁၅)မှ အဆက်

ဖြင့် စတင် ရွာတည်ခဲ့ကြသည်။

ထိုသစ်ပင်နှစ်ပင်ကို အကြောင်းပြု၍ ရွာအမည်ကိုလည်း **"သစ်ညီနောင်ရွာ"**ဟု အမည်ပေးခဲ့သည်။

လွန်ခဲ့သည့် နှစ်ပေါင်း(၈၀)ခန့်က ထိုသစ်ပင်(လက်ယာဘက် သစ်ပင်)တွင် အလျား (၄)တောင် (၆ပေ)ခန့်ရှိ **ပျားအုံကြီးတစ်အုံ စွဲခဲ့သည်။**

သစ်ညီနောင်ရွာသည် ထိုမှစ၍ တဖြည်းဖြည်း စည်ကားလာရာ ယခုအခါ အိမ်ခြေ(၃၃၉)နှင့် လူဦးရေ (၁၇၆၈)ယောက်ရှိနေပေပြီ။

ထိုရွာတွင် ဘုန်းတော်ကြီးကျောင်း၊ အ.လ.က ကျောင်းခွဲ၊ ကျေးလက်ကျန်းမာရေး ဌာနခွဲများရှိသည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီး လမ်းပန်း ဆက်သွယ်ရေးလည်း ကောင်းမွန်သည်။

ထိုရွာသည် ၁၂၂၃ ခုနှစ်တွင် ရွာတည်ခဲ့သောကြောင့် ယခု ၁၃၇၈ ခုနှစ်တွင် ရွာ၏သက်တမ်းမှာ (၁၅၅)နှစ် [illegible]ဟု အခိုင်အမာဆိုနိုင်ပါသည်။

အဆိုပါ ကျေးရွာသမိုင်းဝင် သစ်ပင်[illegible]ပင်(သစ်ညီနောင်)ကို ပင်စည် [illegible]ောက်ခြေရှိ ပေါင်းမြက် အမှိုက်[illegible]ိုက် ချုံနွယ်များ နှစ်စဉ် သုတ်သင်[illegible]င်းပြီး **"ရာဇမတ်"**ကာ၍ ရွာသူ[illegible]ားများက ထိန်းသိမ်းစောင့်ရှောက်[illegible]ပါသည်။

**[ရာဇမတ် = နီး၊ ဝါးခြမ်း စသည် [illegible] မှန်ကူကွက်ပုံ ရက်ထားသော [illegible]အကာအရံ (မြန်မာအဘိဓာန်)]။**

[illegible] ထိုရာဇမတ်နေရာတွင် ရှေးရှည် [illegible] အုတ်တံတိုင်းများ အစားထိုး၍ [illegible]ထားသည်။ အုတ်တံတိုင်းမှာ [illegible](၂)တောင် (၃၃ ပေ)ပတ်[illegible] အမြင့်(၂)တောင်ထွာ(၃ပေ[illegible]) ရှိသည်။ အုတ်တံတိုင်းအတွင်းအပြင်၌ လူသွားစင်္ကြံများလည်း ပြုလုပ်ထားသည်။

မြောက်ဘက်၌ လူဝင်ပေါက်တစ်ခု ထားရှိသည်။ ထို့ပြင် သစ်ပင်နှစ်ပင်ကိုလည်း မြေပြင်မှ အမြင့်(၅)တောင်(၇ ပေခွဲ)ထိ ရွှေဆေးများ လိမ်းကျံထားသည်။

ထိုအုတ်တံတိုင်းကို ၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း(၁၄)ရက် (၂-၂-၂၀၁၅)နေ့မှ စတင်ဆောက်လုပ်ရာ တပေါင်းလပြည့်ကျော်(၆)ရက်(၁၀-၃-၂၀၁၅)နေ့တွင် ပြီးစီးခဲ့သည်။

ထိုအုတ်တံတိုင်းမှာ **ပခုက္ကူမြို့ မဟာဝိသုတာရာမ (အလယ်)တိုက်မှ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တဝိစာရမဟာထေရ်၊ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တ ဓမ္မဝံသနှင့်** ရွာသူရွာသားများ၏ ကောင်းမှုဖြစ်သည်။

ထို့ကြောင့် ပေါက်မြို့နယ်၊ သစ်ညီနောင်ရွာသို့ ရောက်လျှင် ထူးခြားသော ထိုသစ်ပင်နှစ်ပင်သို့ သွားရောက်လေ့လာသင့်ကြောင်း ရေးသား တင်ပြလိုက်ရပါသည်။

## ရာဇာဝင်း(ယင်းမာ)

ကိုးကားချက်.

၁။ **မြန်မာစာအဖွဲ့** – မြန်မာ အဘိဓာန် (၁၉၉၁)။

၂။ **မင်္ဂလာမောင်မယ်** စာစောင် (၁၀/၂၀၀၅)။

၃။ **စာရေးသူကိုယ်တိုင် သွားရောက်လေ့လာခြင်း။**

၄။ **ကျေးရွာလူကြီးများနှင့် တွေ့ဆုံမေးမြန်းခြင်း။**


**မည်သူမဆိုပါဝင်ရေးသားနိုင်ပါသည်...**

စာမူပို့လိုက...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၀၉-ခမြည်၊
၂၉-လမ်း(အထက်)
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂၂၈၄။
၀၉ ၇၇၆၃၄၆၇၈၅၊
၀၉ ၈၇၂၀၉၅၃၄၀။




www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြားမဟုတ်တဲ့

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီးနောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၅၁၀ YR ၀၀၀၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂၀၀၈ တဆထလ တိုး(၀၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဇက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်**"အသားအရေ ဖြူနု ချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်"**ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူးခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျီးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျီးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

## သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ၀၃၀၅ YR ၁၀၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ်အလွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂၀၀)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာ တွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကို သိရှိနိုင်ပေသည်။

လေးဖက်နာရောဂါ၏ ဆက်နွယ်ရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ ဦးနှောက်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကန်ပြီး ကျန်းမာရေးနှင့် ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ၀၃၁၁ YR ၀၀၁၀၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျုပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော **"သတ္တုဂုဏ်"**နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော အခါ၌ လည်းကောင်း၊ ပရိယတ္တိ,ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၅၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊

မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့။

ဖုန်း-၂၉၀၆၁၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com

# ပြည်ကျောင်းတိုက်မှ

## ရှေးလက်ရာများ

စင်သိုင်ယံ





◆ မူလလက်ရာ ကျောင်းလှေကား

လှေကားရင်းမှ နတ်ရုပ် ◆

◆ ပြည်ကျောင်းတိုက်မုခ်ဦး




...လေး ပြည်ကြီးတံခွန်မြို့နယ် ...ပြေးလမ်းမကြီးနှင့် စစ်ကိုင်း၊ ...ပုံတက္ကသိုလ်သွား လမ်းခွဲအနီး ...ပြည်ကျောင်းတိုက် တည်ရှိသည်။

...ကျောင်းဝင်းအတွင်း၌ ပုဂံခေတ် ...သမုတ်ခဲ့သည့် **သန်းခေါင်** **သိမ်**သို့ ဝင်ရောက် ကြည့်ညို လေ့လာရာတွင် ပြည်ကျောင်းတိုက်တွင်းသို့ ရောက်ခဲ့ခြင်း ဖြစ်သည်။

လက်ရှိ ကျောင်းထိုင်ဆရာတော် ဦးရေဝတအား ဖူးမြော် မေးလျှောက်ရာ၌ ဆရာတော်က ကျောင်းတိုက်သမိုင်းကို ပြောပြသည်။

ကုန်းဘောင်ဆက် သာယာဝတီမင်းလက်ထက်တွင် သားတော် ပြည်မြို့စားမင်းသားက အဋ္ဌသာလိနီ အဋ္ဌကထာနိဿယ ကျမ်းပြုဆရာတော် ဦးမေဓာလင်္ကာရအား ဆောက်လုပ်လှူဒါန်းသော ကျောင်းတော်ဖြစ်၍ ပြည်ကျောင်းတိုက်ဟု အမည်တွင်သည်။ ၁၂၀၁ ခုနှစ်တွင် ရေစက်ချ လှူဒါန်းခြင်းဖြစ်သည်။

ပြည်မင်းသား ကွယ်လွန်ပြီးနောက် မင်းတုန်းမင်း၏ မြောက်နန်းမိဖုရားခင်သဲက ဆက်လက် ကိုးကွယ်ကာ ရတနာပုံနေပြည်တော် တည်ဆောက်ပြီးသောအခါ မိဖုရားက မန္တလေးတော






www.burmeseclassic.com

www.burmeseclassic.com



▲ လှေကားထိပ် တံခါးမှ နတ်ရုပ်



▲ ခင်းပြင်အထွက်တံခါး နတ်ရုပ်

▼ ကျက်သရေခန်းမှ
နတ်ရုပ်(ခ)



▼ ကျက်သရေခန်းမှ
နတ်ရုပ်(ယာ)



ခြေတွင် မန္တလာရာမပြည်ကျောင်းတိုက်ကို ဆောက်လုပ်ကာ ဆရာတော်အား ထပ်မံ လှူဒါန်းခဲ့သည်။

**ဆရာတော်ကြီးသည် ပုဂံမင်း ဆက်ကပ်သည့်...**

**"မေဓာလင်္ကာရ ပရမ သဒ္ဓမ္မ မဟာဓမ္မ ရာဇဓိ ရာဇ ဂုရု"** ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊

**မင်းတုန်းမင်း ဆက်ကပ်သည့်...**

**"မေဓာဘိဝံသ သဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇဓိ ရာဇဂုရု"** ဘွဲ့တံဆိပ်တော်ကို လည်းကောင်း လက်ခံရရှိတော်မူသည်။

၁၂၂၅ ခုနှစ်၊ တန်ခူးလဆန်း(၁၃)ရက်နေ့၊ သက်တော်(၇၄)နှစ်အရွယ်တွင် ပျံလွန်တော်မူကြောင်း သိရသည်။ ဆရာတော်ဦးကျိုးညို သို့မဟုတ် ပြည်ဆရာတော်ဟုလည်း တွင်ခဲ့သည် ဆိုလေသည်။

## ကျောင်းတိုက်တွင်းမှ တံခါးစောင့် နတ်ရုပ်များ

နှစ်ပေါင်း (၁၇၅)နှစ်ကြာပြီဖြစ်၍ ကျောင်းတော်ကြီးမှာ ပြိုပျက်သည်တို့ကို အစားထိုး ပြုပြင်ထားရ၏။ ကျောင်းအတက်အဆင်းလှေကားမှာ အမိုးမှလွဲ၍ မူလလက်ရာအတိုင်း ထိန်းသိမ်းထားကြောင်း သိရသည်။

ကျောင်းလှေကားအခြေ လက်ရန်းထိပ်တွင် သန်လျက်ကိုင် နတ်ရုပ်နှစ်ရုပ်က တစ်ဖက်တစ်ချက်စီ ရံထား၏။

ကျောင်းသို့အဝင် လှေကားထိပ်ရှိ တံခါးမ၏ ဝဲယာတံခါးရွက်များ၌ အဲမောင်းလုံကိုင်နတ်ရုပ်နှင့် အနောက်ဘက်အဆွယ်(ရေခင်းပြင်)သို့ ထွက်သော တံခါးရွက်များတွင် တင်းပုတ်ကိုင် နတ်ရုပ်များ တွေ့ရသည်။

ကျက်သရေခန်းမှ ကျောင်းခ...

www.burmeseclassic.com



ကြာမွှန်ထက် မတ်ရပ်တော်



ဘုရားရှင်နတ်ပြည်မှ ဆင်းကြွလာပုံနှင့် ရှေ့တော်မှ ရှင်သာရိပုတ္တရာမထေရ် ရုပ်တု

ကွင်း အဝင်တံခါးတွင်ကား စာချွန်ကိုင် နတ်နှင့် သိုင်းကိုင်နတ်ရုပ် တစ်ဖက် တစ်ချက်စီ ရှိကြသည်။ အဝင်အထွက် အဖွင့်အပိတ် ပြုဖန်များသဖြင့် သိုင်း ကိုင်နတ်ရုပ်မှာ သိုင်းမရှိတော့ဘဲ လက် သာ ကျန်လေသည်။

(သိုင်းသည် မင်း,မိဖုရားတို့ ထွက်တော်မူရာတွင် ရှေ့မှ လမ်းရှင်း စေသော အမှုထမ်းကိုင်ဆောင် သည့် ဝါးခြမ်း ချည်ထားသည့် ကြိမ်လုံး ဖြစ်သည်၊ နေရာဌာနအလိုက် ခွဲခြား ချထားသော တံခါးစောင့်နတ် ရုပ်များဟု ယူဆဖွယ်ရှိလေသည်။)

## ကျောင်းဆောင်တွင်းမှ ရုပ်တုရုပ်ပွားများ

ဆရာတော်က ကျောင်းအတွင်း ဆောင်(ဘုရားဆောင်)သို့ ဦးဆောင် ခေါ်ငင်ကာ ရှေးရုပ်တုရုပ်ပွားများကို ညွှန်ပြပေးသည်။

ဘုရားဆောင်ကို ပင်မကြမ်းပြင် ထက် တစ်ဆင့်မြှင့်ထားရာ ကြမ်းပြင် ခါးပန်းတွင်လည်း ပန်းဆွဲများ အနုစိတ် ခြယ်လှယ်ထားသည်ကို တွေ့ရ၏။

ကျောင်းဘုရားခန်းတွင်ကား ပြည် ကျောင်းတိုက် ဆရာတော်အဆက် ဆက် ထိန်းသိမ်းပူဇော်ခဲ့ကြသည့် ရုပ်တုရုပ်ပွား ပိဋကတ်ဗီရိုများကို တွေ့ ရသည်။

အများဆုံး ဖူးတွေ့ရသည်မှာ မတ်ရပ်တော်များ ဖြစ်ကြသည်။ ထောင့်စွန်းများ၌ နရသီဟများနှင့် နတ်ရုပ်များ တန်ဆာဆင်ပူဇော်ထား သည့် သစ်သားပလ္လင် သုံးဆင့်အထက် စံပယ်တော်မူသည့် မတ်ရပ်ရုပ်ပွား တော်မှာ မြတ်စွာဘုရားသည် ဝါတွင်း သုံးလပတ်လုံး အဘိဓမ္မာတရားကို ဟောတော်မူပြီး တာဝတိံသာနတ်ပြည် မှ သင်္ကဿနဂိုရ်မြို့သို့ ဆင်းကြွတော် မူလာသည့် ပုံတော်ဖြစ်သည်။

လက်ယာလက်မနှင့် လက်ညှိုး အကြား ဖန်ခါးသီးကို ကိုင်ထားကာ လက်ဝဲလက်တော်က သင်္ကန်းနား (အနားရေး)ကို ကိုင်ထားသော စိဝရဟတ္ထမုဒြာဖြင့် စံပယ်တော်မူသည်။

စိဝရဟတ္ထမုဒြာ ရုပ်ပွားတော်အား ပူဇော်ရသည့်အကျိုးကြောင့် ရအံ့သော အဝတ်တန်ဆာ၊ လက်ဝတ်ရတနာများ ပေါ်ကြွယ်မှုအပြင် တာဝတိံသာနတ် ပြည်မှ ဆင်းကြွတော်မူဟန် ဖြစ်သော ကြောင့် ရာထူးဌာနန္တရ တိုးတက်မြင့်မား

www.burmeseclassic.com






▲ အင်းဝခေတ်လက်ရာ တင်ပျဉ်ခွေရုပ်ပွားတော်အချို့

◀ စီဝရမာဏ္ဍမုဒြာရုပ်ပွားတော်

▼ ဒါးပန်းမှ ကနုတ်များ



ခြင်းကိုလည်း မျှော်လင့်ပူဇော်လေ့ရှိသော ရုပ်ပွားဟန်တော် ဖြစ်သည်။

ရှေ့တော်မှောက်တွင် သာဝက ရုပ်တုတော်တစ်ခု တွေ့ရသည်။ ရှင်သာရိပုတ္တရာမထေရ်ကို ရည်မှန်းထုလုပ်ဟန်ရှိသည်။

မြတ်စွာဘုရားရှင် တာဝတိံသာမှ သင်္ကဿနဂိုရ်မြို့သို့ ဆင်းကြွရာ မြေအပြင်၌ မြတ်ဘုရား ခြေတော်ချစဉ် ပထမဆုံးခြေတော်ကို ဖူးတွေ့ခွင့်ရသူမှာ အရှင်သာရိပုတ္တရာမထေရ်ဖြစ်ကြောင်း **အရှင်ကုဏ္ဍလ၏ မဟာသုတ ဒီပနီကျမ်းပထမတွဲ စာမျက်နှာ ၁၂၉ တွင်** ဖော်ပြထားသောကြောင့် ဖြစ်သည်။

လောကီရေးရာတွင် အပြိုင်အဆိုင်ကိစ္စများ၌ အဦးအစဖြစ်၍ အနိုင်ရစေရန်နှင့် ရည်မှန်း ပူဇော်လေ့ရှိကြသည့် ရုပ်ပွားရုပ်တုဟန်တော်များ ဖြစ်ကြသည်။

သလွန်တစ်ခုပေါ်တွင် တရားတော်နာယူနေကြသည့် ရဟန်းပရိသတ်ကို ရုပ်တုများဖြင့် သရုပ်ဖော်ထားသည်။ အချို့က မျက်နှာတော်ကို မော်ဖူး၍ အံ့သြဝမ်းသာနေဟန်ရှိ၏။

အချို့မှာ မြေပြင်(ကြမ်းပြင်)ကို စူးစိုက်ကြည့်ကာ ဆင်ခြင်တွေးတောနေဟန်ရှိ၏။ အချို့မှာ မျက်လုံးစုံမှိတ်လျက် နက်နဲစွာ နှလုံးသွင်းနေဟန် ဖြစ်သည်။

အချို့ကား ဘေးဘီသို့ လှည့်ကြည့်ကာ စိတ်ဝင်စားမှု နည်းပါးကြောင်း ပြဆို၏။ ဖြည့်ဆည်းခဲ့သော ပါရမီအဟုန်နှင့် ဆင်ခြင်တွေးတောမှု ဉာဏ်ရည်အဆင့် မတူသည့်အလျောက် ပရိသတ်တို့ ကွဲပြားပုံကို ရည်ညွှန်းဟန်ရှိပေသည်။

မတ်ရုပ်တော်တစ်ဆူမှာ ကြာမွှ(ကြာပလ္လင်)ပေါ် ခြေစုံရပ်ကာ ဝဲလက်က သင်္ကန်းကိုကိုင်၍ ယာလက်ရှေ့သို့ (ဖူးမြော်သူဘက်သို့) ဖြန့်လက်ချောင်းများ အပေါ်လှတင်ပြထားသော အဘယမုဒြာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ျာနံပြောက်၌ သမှာယ်သော ကျောင်းတော်မှု

တရားနာပရိသတ်ရှု့ မြင်ကွင်း





ပိဋကတ်တိုက်

တရားနာပရိသတ် နောက်ဘက် မြင်ကွင်း



ဤမုဒြာဟန်တော်၏ ဖွင့်ဆိုချက်မှာ မစိုးရိမ်ကြလင့်၊ မကြောက်ကြလင့်၊ ကြက်သီးမွေးညင်းထခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်း တစ်စုံတစ်ရာ မဖြစ်လင့် ကိုးကွယ်အားထားစရာ ဗုဒ္ဓမြတ်စွာ ရှိနေပါပြီဟူသော...

'မမံ ဟိဝေါ ဘိက္ခဝေ အနုဿရတံ၊ ယံ ဘဝိဿတိ ဘယံဝါ၊ ဆမ္ဘိတတ္တံဝါ၊ လောမဟံသောဝါ၊ သော ပဟီယိဿတိ'


အစရှိသည့် **ဓဇဂ္ဂသုတ်ပရိတ်တော်ဒေသနာ**ကို ဟောကြားနေဟန်ဖြစ်သည်ဟု သုတေသီတို့ ဆိုကြ၏။

ဤရုပ်ပွားတော်အပြင် ကြာပွင့်(ကြာပလ္လင်)ချည်ကိုလည်း ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းတော်မူပြီ ဟူသော အနက်ဆောင်ပူဇော်ကြသည်ကို မြောက်ပိုင်း(တိဗက်၊ တရုတ်)ဗုဒ္ဓဘာသာဝင်များ၏ ပူဇော်မှုဓလေ့တွင် တွေ့နိုင်ကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



◆ သလွန်နှင့်တကွ တွေ့ရသော လျောင်းတော်မူ

သတ္တဝါသုံးရပ်တွင် အတင့်တယ်ဆုံး ဖြစ်သော မြတ်စွာဘုရား ပွင့်တော်မူပုံကို ပဒုမ္မာကြာပွင့်၏ တင့်တယ်မှုဖြင့် ပုံနှိုင်း ပူဇော်ကြခြင်း ဖြစ်လေသည်။

ကြာပလ္လင်ဖြင့် စံပယ်တော်မူသော ဤရုပ်ပွားတော်၏ ထုဆစ်ပုံမှာ အင်းဝခေတ်လက်ရာဟန်ဟု ယူဆဖွယ်ရှိ၏။

အလားတူပင် တင်ပျဉ်ခွေ ရုပ်ပွားတော်သုံးဆူမှာလည်း အင်းဝခေတ်လက်ရာနှင့် တူညီနေသည်ကို တွေ့ရ၏။

ပြည်ဆရာတော် ဦးမေဓာလင်္ကာရသည် ဤကျောင်းတိုက်သို့ မရောက်မီ ရဟန်းငယ်ဘဝဖြင့် သဲအင်းသာသနာပိုင်တိုက်တွင် သီတင်းသုံးနေစဉ်အခါက **''မေဓာလင်္ကာရ ပဋ္ဌင်းကျော်''**ဟု ကျော်စော ထင်ရှားခဲ့သူဖြစ်သည်။

ပုခန်းကြီးမြို့၊ သဲအင်းရွာဇာတိဖြစ်သည့် အရှင်သူရိယာဘိဝံသထေရ်သည် ၁၃၉၉ ခုနှစ်၊ နယုန်လတွင် သာသနာပိုင် ခန့်အပ်ခြင်းမတိုင်မီ မင်္ဂလာအိမ် စံတော်မူစဉ်ကတည်းက သာယာဝတီမင်းကိုးကွယ်ရင်း ဆရာတော်ဖြစ်သည်။

ထိုဆရာတော်ထံမှ အင်းဝခေတ် ရုပ်ပွားတော်များကို ဆက်ခံကိုးကွယ်ခဲ့ခြင်း ဖြစ်နိုင်ပါသည်။

မတ်ရပ်တော်နှင့် တင်ပျဉ်ခွေရုပ်ပွားတော်များအပြင် လျောင်းတော်မူ ရုပ်ပွားတော်သုံးဆူကိုလည်း ဖူးတွေ့ရသည်။ ကျောက်ဖြူသား လျောင်းတော်မူနှစ်ဆူမှာ ညောင်စောင်းသလွန်တော်နှင့်တကွ ပူဇော်ထားသည်။

အသား(သစ်သား) လျောင်းတော်မူမှာ သလွန်ညောင်စောင်းမပါဘဲ အင်းဝခေတ်လက်ရာ ရုပ်ပွားတော်များ စံပယ်ရာ ပလ္လင်စွန်း၌ တွေ့ရသည်။ လက်ရာမှာ သပ္ပာယ်လှသဖြင့် မှတ်တမ်းပြု၍ ဖော်ပြလိုက်ပါသည်။

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ ပြည်ကျောင်းတိုက်ကြီးမှာ နှစ်ကြာပြိုပျက်မှုများကြောင့် ခေတ်လက်ရာများ အစားထိုး၍ ပြုပြင်ထားသော်လည်း ကျောင်းတွင်းရှိ ရုပ်တုရုပ်ပွားနှင့် ပရိဘောဂ လက်ရာများမှာ အင်းဝနှင့် ကုန်းဘောင်ခေတ်ဟန်များကို မူလ အခြေအနေအတိုင်း လေ့လာနိုင်သည်။

ထို့အပြင် ကျောင်းဝင်းအတွင်း အရှေ့ဘက်ရှိ ရှင်အရဟံမထေရ်ရဲ့ သမုတ်ခဲ့သော သန်းခေါင်သိမ်နေရာတွင် မင်းတုန်းမင်းလက်ထက် ၁၂၁၇ ခုနှစ်တွင် ထပ်မံဆောက်လုပ် လှူဒါန်းသည့် သိမ်ပြာသာဒ်ရှိ ကုန်းဘောင်ခေတ် ပန်းတော့၊ ပန်းပုလက်ရာများကို မူလအခြေအနေအတိုင်း လေ့လာနိုင်ဆဲ ဖြစ်သည်။

ယင်းနှင့်အတူ သိမ်ကျောင်းဒါယိကာမ မြောက်နန်းမိဖုရား ခင်သဲ၏ အလှူ ကမ္ဗည်းကျောက်စာလည်း အထင်အရှား ကျန်ရှိနေရာ လွန်ခဲ့သော နှစ်(၁၅၀)ခန့်က မြန်မာ့ဘုရင်ခေတ် ပုံရိပ်အချို့ကို လေ့လာအကဲခတ်နိုင်သော နေရာဌာနပင် ဖြစ်သည်။

မန္တလေး-အဝေးပြေးကားလမ်းမကြီးနံဘေး၌ ရှိသဖြင့်လည်း လွယ်လင့်တကူ သွားရောက်နိုင်သည်ဖြစ်ရာ သုတေသီများ၊ ဗဟုသုတ ရှာမှီးလိုသူများအတွက် လမ်းညွှန် တင်ပြလိုက်ရပါသည်။

**[စိတ်အားထက်သန်စွာ ကူညီပေးတော်မူသော ပြည်ကျောင်းတိုက်ဆရာတော်အရှင်ရေဝတအား ရိုသေစွာ ရှိခိုးလျက်...]**

**စင်ညိုငယ်**



www.burmeseclassic.com

www.burmeseclassic.com

# သူ ဘယ်လိုလူစားလဲ




ကြည့်ပါ။

**◎ အသက်လမ်းကြောင်းနဲ့ ဉာဏ်လမ်းကြောင်းသည် သာမန်ကွာဟနေပါတယ်။ (က)**

ဒါကတော့...

စကားလုံးကြီးခြင်း ကိုယ်ရည်သွေးခြင်း ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတတ်ခြင်းပါပဲ။

◎ လက်သူကြွယ်သည် လက်ခလယ်ဘက်သို့ ယိုင်နေတယ်။ **(၁)**

ဒါကတော့...

ပလွှားခြင်း၊ အထင်ကြီးခံရမှုကို လိုလားခြင်း ဂုဏ်ဒြပ်ကို မြတ်နိုးလွန်းခြင်း တို့ပါပဲ။

ကဲ...ဒါဆိုရင်...

သူ... ဘယ်လိုလူစားလဲဆိုတာ သိနိုင်လောက်ပါပြီ။

**အေးပါစေ အောင်ပါစေ**

သန်းပညာ



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်

စကြာမင်း

အမှတ်တံဆိပ်

အားတိုးဆေး မှီဝဲပါ

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (ဝ၇၁၁ YR ဝဝ၆ဝ၂၄)



ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း)
၅၃/ဝ၅၁၃

'ဟော့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ'

'အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ'

'ကဲ ဆိုစမ်းပါဦး၊ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ ''အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ''ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

'ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညှိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား, နှလုံးအား, သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား, ဆန္ဒအား, အကြောအား, ပန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒ့ါအပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေပါတယ်'

'ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ'

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သာ ပြေးပြီးဝယ်ပေတော့'

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေတဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အားတိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင်စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စကြာမင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာ ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့...

ဆရာမြင့်
စကြာမင်း တိုင်းရင်းဆေးတိုက်
အမှတ် (စ/၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ သုန္ဒာမှတ်တိုင်အနီး၊
(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၇၂၂၉၄

ကိုကြီးကောင်း



www.burmeseclassic.com

www.burmeseclassic.com

# ဓမ္မိက မြကန်းတောင်တောရ ဆရာတော် ဦးသာသန

အား ဂါရဝပြု ဖူးမြော်ခြင်း (၃)



▲ မြကန်းတောရဆရာတော် ဦးသာသန

**ယခင်လမှ အဆက်**

## မြကန်းတောင်တောရ

ကျောက်ဝပ်တောင် တောရမှ ပြန့်ဆင်း၍ (၂)မိုင်ခန့်အကွာရှိ မြကန်းတောင်သို့ ခရီးဆက်ခဲ့ရာ လမ်းတစ်လျှောက်တွင် စားသောက်ဆိုင်၊ အသုံးအဆောင်ပစ္စည်းဆိုင်နှင့် ရေနံတွင်းတူးစက်ကိရိယာ အရောင်းဆိုင်များကို စည်ကားစွာ တွေ့ရသည်။

မြကန်းတောင်ပေါ်သို့လည်း တောင်တက်ကားလမ်း ဖောက်လုပ်ထားသဖြင့် ကား၊ ဆိုင်ကယ်များဖြင့် သက်သောင့်သက်သာ တက်ရောက်နိုင်ပေသည်။

မြကန်းတောင်၏ မူလအမည်မှာ **ကင်းတောင်**ဟူ၍တွင်သည်။ ပိသနိုးပြည့်ရှင် ပန်ထွာဘုရင်မသည် ဒွတ္တဘောင်မင်းက ဥပါယ်တံမျဉ်ဖြင့် လုပ်ကြံသောကြောင့် ပိသနိုးနိုင်ငံ ပျက်သုဉ်းသောအခါ နောက်ပါ အင်အားများနှင့်အတူ အထက်အညာသို့ ရှောင်ပြေးရာတွင် ဤနေရာ၌ ခိုလှုံနားနေခဲ့ကြသည်။


ထိုသို့ ကွန်းခိုစဉ် ဤတောင်ပေါ် မှ နေသူကို ထောက်လှမ်းစောင့်ကြည့်နေသဖြင့် **"ကင်းတောင်"**ဟုတွင်သည် ဆို၏။

၁၂၉၀ ပြည့်နှစ်တွင် အထက်မင်းလှမြို့နယ် ရေနံမရွာ အနောက်ဘက်ရှိ ရွာဦးကျောင်းဆရာတော် ဦးဉာဏ ဦးဆောင်လျက် တောရှင်းကာ စေတီတော်သုံးဆူ တည်ထားကြရာ ၁၂၉၂ ခုနှစ်တွင် ပြီးစီးအောင်မြင်ခဲ့သည်။

ဆရာတော် ဦးဉာဏသည် ကင်းတောင်ပေါ်၌ လေးနှစ်သာ သီတင်းသုံးကာ ၁၂၉၆ ခုနှစ်တွင် ရေနံမရွာသို့ ပြန်ကြွသွားခဲ့သည်။


ထိုစေတီသုံးဆူနှင့် ကင်းတောင်

www.burmeseclassic.com



မြကင်းတောင် အဝေးမြင်ကွင်း

မြကင်းတောင်ဘုရားလမ်းမုခ်ဝ



ပေါ်တွင် သီတင်းသုံးသည့် သံဃာကင်းမဲ့လျက်ရှိကာ ကြာရှည်ယိုယွင်းသည်၌ ၁၃၄၈ ခုနှစ်တွင် ဓမ္မိကတောရဆရာတော် ဦးသာသန ကြွရောက်ကာ မွမ်းမံပြုပြင်၍ တောင်တော်ကိုလည်း ဓမ္မရိပ်ဖြင့် အေးမြစေရန် **"မြကင်းတောင်"**ဟု အမည်မှည့်ခေါ်စေခဲ့သည်။

ထို့နောက်တွင် ဆရာတော်ကြီးသည် ဓမ္မိကတောရနှင့် မြကင်းတောင်တောရတို့တွင် တစ်လှည့်စီ သီတင်းသုံးကာ မြကင်းတောင်တောရတရားရိပ်သာ ဖွင့်လှစ်၍ ဝိပဿနာနည်းနိဿယများ ညွှန်ပြတော်မူသဖြင့် မြကင်းတောရ သာသနာ့ရိပ်သာ ပေါ်ပေါက်လာခဲ့လေသည်။

## မြကင်းတောင်စေတီတော်များ

မြကင်းတောင်ပေါ်သို့ တက်ရောက်၍ တာဝန်ခံဦးပဉ္စင်း အရှင်ပညာစက္ကအား ဖူးတွေ့ရာ ဆွမ်းဘုဉ်းချိန်တန်ပြီဖြစ်၍ မြကင်းတောင်ထိပ်စေတီတော်များအား ဦးစွာ သွားရောက်ဖူးမြော်ဖြစ်သည်။

တောင်မြောက်တန်း၍ စေတီသုံးဆူစံပယ်တော်မူလျက်ရှိရာ တောင်ဘက်မှစ၍ ဆုတောင်းပြည့်စေတီ၊ ပြည်လုံးအေးစေတီ၊ ပြည်လုံးချမ်းသာစေတီဟူ၍ ဘွဲ့မည် အသီးသီးရှိကြောင်းသိရ၏။ ရင်ပြင်တော်၌ ၁၂၉၀ ပြည့်နှစ်တွင် ဆရာတော်ဦးဉာဏ စေတီတည်ဆောက်ခြင်းနှင့် ဆရာတော်ဦးသာသန ဆက်လက်မွမ်းမံခြင်းတို့ကို ကျောက်စာကမ္ပည်းထိုး၍ စိုက်ထူထားသည်ကို တွေ့ရပေသည်။

ထိုကမ္ပည်းစာအရ ဆရာတော်ဦးသာသနသည် စေတီတော်များကို ပြန်လည်မွမ်းမံ၍ ၁၃၄၉ ခုနှစ်၊ ကဆုန်လဆန်း(၁၀)ရက်၊ ကြာသပတေးနေ့ နံနက်(၈)နာရီ (၃၀)မိနစ်တွင် ထီးတင်ပြီးစီးကြောင်း သိရ၏။


စေတီတော်များ၏ အနောက်ဘက် ကုန်းတော်ရင်ပြင်တစ်လျှောက် မတ်


www.burmeseclassic.com



▲ မြကောင်းတောင် မုခ်ဦးနှင့် နားနေဇရပ်

▼ မြကောင်းတောင်သိမ်တော်





▲ မြကောင်းတောင်ထိပ်
စေတီသုံးဆူ

▼ မွမ်းမံမှုကျောက်စာတိုင်




▼ မြကောင်းတောင်ဆွမ်းစားဆောင်






www.burmeseclassic.com

www.burmeseclassic.com





◆ သိမ်ကျုံးတော်

◆ သိမ်အနီးမှ ဘုရားသုံးဆူ

◆ မြောက်တောင်ထက် ဆောင်ညောင်ပင်



ရုပ်တော်များ စီတန်း ပူဇော်ထားသည်ကိုလည်း တွေ့ရှိရ၏။

မတ်ရပ်ရုပ်ပွားတော်များ၏ လက်ဟန်တော်မုဒြာများကို စမ္ပခဏ်တွင် ကမ္ပည်းထိုး တင်ပြထားသဖြင့် ဗုဒ္ဓဘာသာဝင် နှောင်းလူတို့အတွက် အသိတိုးပွားစေသည့် ကောင်းမွန်လှသော ပူဇော်မှုအစီအစဉ်အဖြစ် မှတ်ချက်ချမိသည်။

ထိုရုပ်ပွားတော်များအနက် လက်ယာလက်ကို ရင်ဘတ်အနီး၌ အတွင်းဘက်(ဖူးမြော်သူ၏ ဆန့်ကျင်ဘက်) သို့လှည့်ကာ လက်ချောင်းများ ထောင်ထားဟန် ပုံတော်ကို နမူနာအဖြစ် တင်ပြလိုက်ပါသည်။ အောက်ခြေစမ္ပခဏ်ကမ္ပည်းကား...

'ဝိမှယဟ္ဟမုဒြာ
အံ့သြချီးမွမ်းနေသည့်ပုံတော်'
ဟူ၍ဖြစ်သည်။

**မြန်မာ့ရိုးရာပန်းချီ၊ ပညာ ကျွမ်းအလိုအရ...**

**ဝိမှယမုဒြာ** သို့မဟုတ် **ဝိမှယဟတ္ထ** မုဒြာဟုလည်း ခေါ်သည်။

အံ့သြနေပုံ၊ ရင်သပ်ရှုမောဖြစ်နေပုံ၊ အထိတ်တလန့် ဖြစ်နေပုံ၊ မဖြစ်ဘူးမြဲ အံ့သြဖွယ် အထူးအဆန်း ဖြစ်နေပုံများ၏ သဘောအနက်အဓိပ္ပါယ်ကို သရုပ်ဆောင်နေသည့်ဟန်မျိုး ဖြစ်ပေသည်။

လက်မောင်းကို မြှောက်ချီ၍ လက်ဝါးတို့ကို နောက်သို့လှန်ပြီးနောက် လက်ချောင်းများကို ကားဖြန့်၍ ထောင်ပြထားသော ဟန်ဖြစ်သည်။ များသောအားဖြင့် လက်ချောင်းသည် ပခုံးထက် မြင့်နေတတ်ပေသည်။

တစ်ခါတစ်ရံ လက်ကိုမြှောက်၍ လက်ဝါးကို နောက်သို့လှန်ပြီးလျှင် လက်ညှိုးနှင့် လက်ခလယ်နှစ်ချောင်းကို မေးစေ့တွင် ထောင်ပြထားသည်။ မျက်လုံးများကို အပေါ်သို့ လှန်ပြထား၍ မျက်နှာအမူအရာကိုလည်း အံ့သြနေပုံ ဆောင်စေသည်။

**"အစ္ဆရိယမုဒြာ၊ အဗ္ဘုတမုဒြာ"** ဟုလည်း ခေါ်ကြ၏။

'ဤမုဒြာပုံဟန်ရှိသော ရုပ်ပွားဆင်းတုကို ထုလုပ်စီရင် ကိုးကွယ်သော သူတို့သည်



www.burmeseclassic.com

www.burmeseclassic.com

တန်ခိုးကဣဒ္ဓိပါဒ်နှင့် ပြည့်စုံခြင်း၊ လူရှင်ရဟန်းတို့၏ အံ့ဖွယ်သရဲ ချီးမွမ်းထောပနာပြုခြင်းခံရခြင်း၊ တန်ခိုးကြီးမားခြင်း၊ သစ္စာအဓိဋ္ဌာန်ပြုရာ၌ လေးနက်အောင်မြင်ခြင်း၊ အစွမ်းသတ္တိထက်မြက်ခြင်း စသော အကျိုးကျေးဇူးများကို ရရှိနိုင်သည်'

ဟု ဖော်ပြထားလေသည်။

## မြကင်းတောင်ပေါ်တွင်


စေတီသုံးဆူ ကုန်းတော်အောက်ခြေတွင် ဆွမ်းစားဆောင်ရှိ၍ ၁၃၄၈ ခုနှစ် ကာလကပင် ဆရာတော် ဦးသာသန၏ သီလ၊ ဘာဝနာ၊ မေတ္တာတန်ခိုးကြောင့် ရပ်နီးရပ်ဝေး ကောင်းမှုရှင်များ တည်ဆောက်လှူဒါန်းထားခြင်းဖြစ်ကြောင်း သိရ၏။

ယင်း၏ မြောက်ဘက်တွင် သံဃာများ သီတင်းသုံးသည့် ပျဉ်ထောင်ကျောင်းဆောင်နှင့် အရှေ့ဘက်တွင် ဗောဓိညောင်ပင်တို့ ရှိ၏။

အရှေ့မြောက်ယွန်းယွန်း တောင်နှာမောင်းတစ်လျှောက်တွင်ကား ခဏ္ဍသိမ်၊ ကမ္မဋ္ဌာန်းဥမင်နှင့် ယောဂီများအဆောင်တို့ စီတန်းတည်ရှိကြ၏။

အင်္ဂတေခင်း လှေကားထစ်များဖြင့် ဆက်သွယ်ထားရာ မြစ်သားနယ်ရွှေမင်းဝံကုန်းတော်ကဲ့သို့ပင် မျက်စိပသာဒ ရှိလှသည်။

မြကင်းတောင်ရိပ်သာတွင် ဆရာတော်ကြီး သီတင်းသုံးသည့် ကျောင်းဆောင်ကြီးတစ်ဆောင်၊ ဓမ္မသာလာတစ်ဆောင်၊ ခဏ္ဍသိမ်တစ်ဆောင်၊ သံဃာဆောင်(၆)ဆောင်၊ အမျိုးသားယောဂီများ ကမ္မဋ္ဌာန်းကျောင်း(၇)ကျောင်း၊ အမျိုးသမီးယောဂီများအတွက် (၅)ကျောင်း၊ ရေကန်ကြီးငယ်များ စသည့် သာသနိက အဆောက်အအုံများ စည်ကားစွာ တည်ရှိကြောင်း



◆ သိမ်ဦးစေတီတော်



◆ မြကင်းတောင် တာဝန်ခံ ဦးပညာစက္က

ကြားသိရပေသည်။

မြကင်းတောင်တောရကို ဓမ္မိကတောရနှင့် တွဲဖက်နှင့် ဆရာတော်ကြီးကိုယ်တိုင် တစ်လှည့်စီ ကြွရောက်သီတင်းသုံး ယောဂီများအား ကမ္မဋ္ဌာန်းနည်းနာများ ပြသလမ်းညွှန်တော်မူလေသည်။

**ဓမ္မိကတောရနှင့် မြကင်းတောရ** တို့မှာ **တနလ်ာပညတ်** ရှိကြလေရာ သောကြာနံတော်ရှိသော ဆရာတော်ကြီးနှင့် **သကျပ**ဂူ၍ နန္ဒီသေနထုံးအရ အောင်ဓာတ် ဆောင်နေသည်ကို တွေ့ရ၏။

ထို့ကြောင့်ပင် ဆရာတော်ကြီး၏ ဘွဲ့နာမတော်ကို ဤရိပ်သာနှစ်ခုနှင့် တွဲဖက်၍ မြကင်းတောင်၊ ဓမ္မိကတောရ ဆရာတော်ကြီး ဦးသာသနဟု ခေါ်ခြင်းဖြစ်ကြောင်း ယူဆရလေသည်။

## ထူးခြားမှုအချို့

ဆရာတော်ကြီးမှ...

'သီလတန်ခိုးက နိုးစရာမလိုဘူး။ ချာန်တန်ခိုးက နိုးမှထတယ်'

ဟု မိန့်ကြားလေ့ ရှိသည့်အတိုင်း သီလကျင့်ဝတ်သိက္ခာကို အထူးဂရုစိုက် သီတင်းသုံးလေ့ရှိကာ ဖူးမြော်လာသူတို့အား နွေးထွေးစွာ မိန့်ကြားလေ့ရှိ၏။

ပူပြင်းသော ရာသီဥတုဒဏ်နှင့် ကျန်းမာရေး ချို့ယွင်းမှုများ ခံစားစံစားနေရသည့်တိုင် မိမိအတွက် လိုအပ်သမျှ ကူညီမိန့်ကြားတော်မူသည်ဖြစ်၍ လွန်စွာ ကြည်ညိုမိရ၏။

ဆရာတော်ကိုယ်တိုင် မိန့်မြွက်ခြင်း မရှိသော်လည်း တပည့်ဒါယကာများ၏ အတွေ့အကြုံများမှ ထူးခြားမှုအချို့ကို တင်ပြပေးပါမည်။


ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများတွင် ငွေအား လူအားဖြင့် စွမ်းစွမ်းတမံ ပါဝင် ဆောင်ရွက်လေ့ရှိသော မင်းလှမြို့မှ ဒါယကာကြီးတစ်ဦး၏ သားသည် ရဟန်းဝတ်၍ ဆရာတော်ထံ ခိုလှုံအားထုတ်နေသည်။ တစ်နေ့တွင် ဆရာတော်ကြီးက ထို



www.burmeseclassic.com

www.burmeseclassic.com





◆ ထွာသိမ်တော်

◆ ဗိမ္မယာဉ္ဇူးပြာ

ဦးပဥ္စင်းအား မိန့်ကြားတော်သည်။

'မောင်ပဥ္စင်း ဒီနေ့ အိမ်ပြန်လိုက်ပါဦး'

'တပည့်တော် ကျောင်းမှာ ပျော်ပါတယ်ဘုရား၊ အိမ်မပြန်ချင်သေးပါဘူး ဘုရား'

'အေးကွယ် ခဏတော့ ပြန်လိုက်ပါဦး'

ထိုညတွင် နေအိမ်ကို မီးလောင်သဖြင့် ဆောက်တည်ရာမရ ဖြစ်နေသော မယ်တော်ကိုယ်စား စီမံခန့်ခွဲပေးခဲ့ရလေသည်။ ***(ပုဂ္ဂိုလ်ရေးအရ အမည်ချန်လှပ်ထားသော်လည်း ဤဖြစ်စဉ်ကို မင်းလှတစ်မြို့လုံးက သိရှိကြပါသည်။)***

ဆရာတော်ကြီးသည် ဓမ္မိကတောရဖြစ်စေ၊ မြကန်းတောင်တောရတွင်ဖြစ်စေ ဓမ္မရေလိုဏ်ဂူဟု အမည်ပေးထားသော ဥမင်လိုဏ်ဂူအတွင်း၌သာ ဂူအောင်း၍ ကျင့်ကြံအားထုတ်လေ့ရှိသဖြင့် လိုဏ်ဂူဆရာတော်ဟုလည်း ခေါ်တွင်ကြသည်။

လိုဏ်ဂူဆရာတော်ကြီး၏ သီလ ပညာဂုဏ်ကြောင့် နေ့စဉ် ဖူးမြော်လာသူများစွာ ရှိလေရာ နံနက်(၉)နာရီနှင့် ညနေ(၄)နာရီ အချိန်များ၌သာ လိုဏ်ဂူမှထွက်၍ အဖူးအမြော်ခံယူကြောင်း သိရ၏။

ဖူးမြော်သူတို့အနက် – မိမိတို့၏ နေအိမ်မြို့ရွာများသို့ ပရိတ်တရား ချီးမြှင့်ရန် ကြွရောက်ပါဟု ပင့်လျှောက်သော်လည်း နေရာတိုင်းသို့ မကြွနိုင်ပါ။ အမှန်တကယ် လိုအပ်သော နေရာများကိုမူ ဂရုပြု၍ ကြွတော်မူသည်ဆို၏။

ထိုသို့ ကြွရောက်ရာတွင် ပရိတ်နှင့်ပတ်သက်၍ သိမှတ်စရာများကို ပရိတ်မေတ္တာအာသီသများ၊ ပရိတ်တရားသိမ်း မေတ္တာပို့ဂါထာတော်များ၊ ပရိတ်အမွှန်းများကို ပြည့်စုံစွာ ရွတ်ဆိုချီးမြှင့်တော်မူလေ့ရှိသည်။

ထိုထိုသော နေရာဒေသများတွင် ပရိတ်ရေ၊ ပရိတ်ဆီ၊ ပရိတ်ပျားရည်များ ဆုပွက်ခြင်း၊ ဝေကျခြင်းများ ကြုံတွေ့ရတတ်ကာ ထို ပရိတ်ရေ၊ ပရိတ်ဆီ၊ ပရိတ်ပျားရည်များကို မှီဝဲသောက်သုံးရသူတို့သည် ရောဂါဝေဒနာများ ပျောက်ကင်း၍ ကျန်းမာရေး ပြည့်စုံရသည်ဟု သိရ၏။

အချို့မှာ အရက် စသည် မူးယစ်ဆေးဝါးများ ပြတ်သွားကြ၍ အချို့မှာ ရဟန်းဘောင်သို့ ဝင်ရောက်၍ သာသနာ၌ မြဲမြဲသွားကြသည်ဆိုလေသည်။

## ဆံတော်များ လုံးခဲခြင်း

၁၉၉၅ ခုနှစ်၊ မတ်လတွင် ဆရာတော်ကြီး ရန်ကုန်သို့ ကြွရောက်၏။ မြောက်ဥက္ကလာပမှ ဒါယကာ ဦးညွန့်ရွှေနေအိမ်တွင် သီတင်းသုံးစဉ် ဆုံချပြီးနောက်...

'ဒါယကာကြီး ဒီဆံတော်တွေ သိမ်းပြီး အိမ်မှာ ပူဇော်ထားပါ'


ဟု မိန့်တော်မူသည်။ ဦးညွန့်ရွှေလည်း ဆံတော်များကို သန့်စင်အခြောက်လှန်း၍ ရေမွှေးပုလင်း၌ ထည့်လျက် ဘုရားစင်၌ ပူဇော်ထား၏။

ထိုနှစ် နိုဝင်ဘာလတွင် မူလက ရေမွှေးပုလင်း ထက်ဝက်မျှရှိသော ဆံတော်များသည် ဆီးဖြူစေ့ပမာခန့်



www.burmeseclassic.com

www.burmeseclassic.com



◆ ဆရာတော် သီတင်းသုံးနေထိုင်ခဲ့သော ကျောင်းဆောင်



ဆရာတော် အားထုတ်နေထိုင်ရာ ဥမင်အဝ ◆

လုံးခဲ၍ ရှစ်လုံးတိတိ ဖြစ်ပေါ်နေသည်။

ပုလင်းကို လှုပ်ကြည့်သော်လည်း အလုံးမပျက် ပုလင်းအခြေတွင် ဆံစများမရှိဘဲ စုစည်းနေခြင်း ဖြစ်သည်ကို တွေ့ရလေသည်။ ***(ဆရာတော်၏ ဘဝ ခရီးနှင့်စာအုပ် စာမျက်နှာ–၁၈၅)***

## ဆရာတော်၏ စရဏ

ဆရာတော်ကြီးသည် တိစီဝရိက် ခုတင်၊ ပိဏ္ဍပါတ်ခုတင်၊ သပဒါန ခုတင်၊ ဧကာသနိက်ခုတင်၊ ပတ္တပိဏ် ခုတင်၊ အရညကင်ခုတင်၊ ရုက္ခမူခုတင်၊ သုသာန်ခုတင်များကို ကျင့်ဆောင်တော်မူခဲ့သည်။

ဆရာတော်သည် နေ့ဆွမ်း တစ်ထပ်ဘည်းကိုသာ ဘုဉ်းပေးတော်မူသည်။ နေ့စဉ် အောက်ပါ ပရိတ်ဂါထာများကို နှလုံးသွင်း ပွားများတော်မူသည်။

၁။ သမ္ဗုဒ္ဓေဂါထာ
၂။ နမောတဿသုံးမျိုး
၃။ ဘုရားဂုဏ်တော်ကိုးပါး၊ တရားဂုဏ်တော် ကိုးပါး၊ သံဃာ့ဂုဏ်တော်ခြောက်ပါး
၄။ အဋ္ဌာနမေတံဂါထာ
၅။ ပရိတ်ကြီး(၁၁)သုတ်
၆။ ဝဋ္ဋသုတ်, အာဋာနာနိယသုတ်, ဗောဇ္ဈင်သုတ်(အကျယ်)
၇။ ဂီရိမာနန္ဒသုတ်တော်ကြီး
၈။ မဟာသမယသုတ်
၉။ ဓမ္မစက္ကပဝတ္တနသုတ်
၁၀။ အနတ္တလက္ခဏသုတ်
၁၁။ ပဋ္ဌာန်းပစ္စယနိဒ္ဒေသ

တို့ ဖြစ်ကြ၏။

***(ဘဝခရီးနှင့် ကျင့်စဉ် စာ–၁၉၂)***

ဆရာတော်ကြီးသည် ဝိနည်းသိက္ခာကို သေးငယ်သော သိက္ခာပုဒ်မှအစ ရိုသေစွာ စောင့်ထိန်း၏။ ဝတ္ထုငွေကိုင် ခံခြင်းမရှိ နဝကမ္မအတွက် ကပ္ပိယ ကာရကာကိုသာ ညွှန်း၏။

သတင်းစာဖတ်ခြင်း၊ ရေဒီယို သတင်း နားထောင်ခြင်းများ မရှိ။ တယ်လီဖုန်း ယဉ်ကျေးမှု ထွန်းကားလာသော ယခုအခါတွင် အကူဦးပဉ္စင်းကသာ ကူညီတိုင်တွယ် လုပ်ဆောင်ပေးရသည်။

ဖြေကြားသင့်သည်ကို မိန့်တော်မူ၍ ကိုယ်တိုင် ဆက်သွယ်ခေါ်ယူခြင်း မပြုပေ။ တစ်ထပ်ဆွမ်းချိန် ပြင်ပကာလတွင် ရေနှင့်တံပူ(သွားပွတ်တံ)မှလွဲ၍ သုံးဆောင်ခြင်းမရှိချေ။ **ပိဋကတ်ကျမ်းစာများကို တစ်အုပ်ချင်း အစမှ အဆုံးတိုင် အစဉ်အတိုင်း ဖတ်ရှုနေလေ့ ရှိလေသည်။**

သို့ဖြစ်လေရာ မြန်မာ့သာသနာဝင်တွင် ပရိယတ်၊ ပဋိပတ်နှင့် ပြည့်စုံသော ကြည်ညိုဖွယ် ဆရာတော်ကြီး တစ်ပါးအဖြစ် ဂါရဝပြု တင်ပြလိုက်ရပေသည်။

မြကင်းတောင်မှ အပြန်တွင် ခရီးကြုံသဖြင့် မလွန်မြို့ဟောင်းသို့ ဝင်ရောက်ကာ ပုဂံမျှော်စေတီ၊ ရွှေစည်းခုံစေတီ၊ စေတီလှ၊ လေးကျွန်းဇမ္ဗူရုပ်ပွားတော်ကြီး စသည့် ဆရာတော် မွမ်းမံပြုပြင်ခဲ့သည့် စေတီရုပ်ပွားတော် အချို့ကို ဝင်ရောက် ဖူးမြော်ဖြစ်ခဲ့လေသည်။

**ဇင်ညိုငယ်**

www.burmeseclassic.com

# ထာဝစဉ်ကျန်းမာပြီး ရင်တွင်းလန်းချင်ရင် အင်ကြင်းပန်း သွေးတိုးကျဆေးကိုသောက်ပါ




မှတ်ပုံတင် ၁၁၁၆ (ဗိုင်) ၀၁၂၄၇၃၃ လိုင်စင် ၁၁၇၈ (တိုး)

အမှတ်တံဆိပ်

တစဝတ (တနယ်ငံ) ၀၂၁/၀၆၁၄

"ကိုမင်းကျော်ပါလား . . . . မတွေ့တာကြာပြီ"

"ဆရာကိုယဉ်တင့်နဲ့ ဆရာကိုဇော်ရဲနိုင်တို့ကို . . စိတ်ထဲကတွေ့ချင်နေတာနဲ့ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့တာ . . . ကံကောင်းတာပဲဗျို့"

"ကျွန်တော်တို့ဘာအကူပေးရမလဲပြောပါဦး"

"တခြားတော့မဟုတ်ပါဘူး . . . . ဆရာတို့က တိုင်းရင်းဆေးသုတေသီတွေဆိုတော့ . . . သွေးတိုးရောဂါခံစားနေရတဲ့ ကျွန်တော့်ကို သွေးတိုးကျဆေးကောင်း တစ်လက် . . . ဆေးလမ်းညွှန်ပေးဖို့ပါ"

"ကိုမင်းကျော်သွေးတိုးက . . . ဘယ်အဆင့်မှာရှိနေပြီလဲ"

"အပေါ်သွေးအောက်သွေး ၁၆၀ နဲ့ ၉၀ ရှိတယ် . . . နိုင်ငံတကာဆေးတွေသောက်တာ . . . တက်လိုက်ကျလိုက်နဲ့ သံသရာလည်နေတာပဲ . . . "

"မပေါ့နဲ့ကိုမင်းကျော် . . . သွေးတိုးကျဆေးကောင်းကောင်းသောက်ဖို့လိုအပ်နေပြီ . . .

"ဒါဆို . . . ကျွန်တော်ဘယ်ဆေးသောက်ရင်ကောင်းမှာလဲဆိုတာ လမ်းညွှန်ပေးပါဦး"

ကိုမင်းကျော်ပြောသလိုတိုက်တိုက်ဆိုင်ဆိုင်ပဲ. . . အခုလဲ ကျွန်တော့်မိတ်ဆွေ . . . တိုင်ရင်းဆေးဆရာမ ဒေါ်ဝင်းဝင်းဇော် ထုတ်လုပ်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးပါ လာတယ် . . . ဆရာမဒေါ်ဝင်းဝင်းဇော် . . . က သံမားတော်ကြီးတွေဆီမှာ နှစ်ပေါင်းများ စွာနည်းနာခံယူပြီး၊ ဆေးကုသက် (၁၅) နှစ်အတွင်း . . . သွေးတိုးရောဂါရှင်ပေါင်းများစွာကိုကုသအောင်မြင်ခဲ့တဲ့ဆေးဖြစ်တဲ့အတွက် . . . သွေးတိုးရောဂါရှင်တွေရဲ့ တောင်းဆိုချက်အရ ထုတ်လုပ်လိုက်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ် သွေးတိုးကျဆေးပဲ"

"ဆရာတို့ကိုတွေ့ချင်နေတာနဲ့တွေ့လိုက်ရလို့ကံကောင်းသလို . . . ကျွန်တော်ခံစားနေရတဲ့ သွေးတိုးရောဂါအတွက် ဆေးလည်းပါလာတယ်ဆိုတော့ . . . ကံကောင်းပြီးရင် . . . ကံကောင်းတာပဲဗျို့"

"ဒါနဲ့တစ်ခုလောက်မေးမယ် . . . ခင်ဗျား နိုင်ငံတကာသွေးတိုးကျဆေးတွေစားပြီး . . . အစားအသောက် အနေအထိုင် ဆင်ခြင်ရဲ့လား"

" ရှောင်ကြဉ်ရမယ့်အစားအစာနဲ့စားသောက်ရမယ့်အစားစာတွေခွဲခြားမသိလို့ . . . အသိမိတ်ဆွေ တစ်ယောက်ကစားချင်တာစား . . . ဒီဆေးဆောင်ထားဆိုတာနဲ့ သူပြောတဲ့ဆေးက . . . "

" ကျွန်တော်ပြောမယ်ကိုမင်းကျော် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့သမုဋ္ဌာန်တရား (၄) ပါးကို၊ လွန်၊ ယုတ်၊ လွဲမှားပြုဖန်များရင် . . . မဖြစ်သေးတဲ့ရောဂါတွေဖြစ်လာပြီး . . . ဖြစ်နေတဲ့ ရောဂါလဲ သံသရာလည်နေမှာပဲ . . . အုန်းနို့ခေါက်ဆွဲနဲ့ ဒံပေါက်ထမင်းစားပြီးဆေးစားလဲ . . . ရောဂါမတိုးချင်သာနေမယ် . . . သက်သာပျောက်ကင်းမှာ မဟုတ်ဘူး . . . အပ်နဲ့ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့ထွင်းရမယ့်ကိန်းဆိုက်လိမ့်မယ် ..."

" ဟုတ်ပါတယ်ဆရာ ကျန်းမာရေး အသိနဲ့ကျန်းမာရေးသတိမရှိလို့သွေးတိုးရောဂါထဲမှာသံသရာလည်နေတာ ပါ "

" ပြောနေတာနဲ့လိုရာ မရောက်ဘူးခုပါလာတဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးကို တစ်နေ့ (၂) ကြိမ်သောက်ရင် . . . အပေါ်သွေးအောက်သွေး ၁၂၀ နဲ့ ၈၀ ကြားမှာ ရှိစေတဲ့မြန်မာဆေးစွမ်းကောင်းတစ်လက်ပဲ . . . အဲဒီဆေးကသွေးတိုးရောဂါကြောင့် ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ အိပ်မပျော်စားမဝင်ခြင်း၊ ဇက်ကြောတက်၊ နောက်ကြောတက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ မူးဝေခြင်း၊ ခြေဖျားအေးခြင်း၊ ဆီးဝါ, ဆီးနည်းခြင်း၊ ဆီး၊ ဝမ်း၊ လေချုပ်ခြင်းတို့ကိုသက်သာပျောက်ကင်းစေပြီး၊ သွေးတိုးကိုပုံမှန်ဖြစ်အောင်ထိန်းပေးနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲ . . . ရွေးချယ်မှုမှန်ကန်ဖို့တော့လိုတယ် ကိုမင်းကျော် . . . သွေးတိုးရောဂါကို ပုံမှန်ထိန်းပေးနိုင်တဲ့ဆေးဖြစ်လို့ . . . နှစ်ထပ်ရှိမှမှတ်မိမယ်ဆိုရင် . . . ထပ်ပြောလိုက်မယ် . . . **ထာဝစဉ်ကျန်းမာပြီးရင်တွင်းလန်းချင်ရင် . . အင်ကြင်းပန်း အမှတ်တံဆိပ်သွေးတိုးကျဆေးကိုသောက်ပါ။** . . . . "

ပင်ရင်း 'ဝင်း' ဆေးတိုက်

ဖုန်း – ၀၁ ၅၉၀၅၇၈

ဖြန့်ချိရေး – အောင်သိဒ္ဓိဆေးဆိုင်

၃/၁၁၀/ဧဒေယျာအိမ်ယာ

၈/တောင်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း – ၀၉ ၅၃၁၃၃၃၁၀၊ ၀၉ ၅၁၉၈၀၃၃၊ ၀၉ ၅၃၀၆၅၁၁

www.burmeseclassic.com

www.burmeseclassic.com

မှတ်မှတ်ရရ [(၅.၅.၂၀၁၆)ခုနှစ် ၁၃၇၈ ခုနှစ်၊ တန်ခူးလဆုတ်(၁၃)ရက်] နေ့ ဖြစ်သည်။ ကသာမြို့ ဖြိုးကြီး ရေဆေးဆီလိုက်ဆိုင်တွင် ဦးသာဒွေး (ခေါ်) သာဂဒူး(ကသာ)နှင့် ဆိုင်ကယ် ရေဆေးစဉ် တွေ့ကြပါသည်။

ဦးသာဒွေးက စာရေးသူအား ပေါ်တော်မူ ဘုရားငါးဆူအကြောင်း စာရေးရန်ပြောရာ စာရေးသူက ရေးချင်သော်လည်း အချက်အလက် စုဆောင်း၍ မရနိုင်ပါ။

သူပြော ငါပြော စကားသာ ကြားသိရ၍ အထောက်အထား မခိုင်လုံလျှင် မရေးချင်ကြောင်း ပြန်ပြောလိုက်ပါသည်။

ထိုစဉ်က ကသာမြို့နှင့် မဝေးလှသော ကားလမ်းဘေးရှိရွာတွင် ဘုရားငါးဆူ ပေါ်တော်မူပြီး ပြန်လည် အသစ်တည်ပြီးနောက် ရောင်ခြည်တော်များ ကွန့်မြူးသည်ဟု ဟိုးလေးတကျော် ဖြစ်နေသည်။

သို့နှင့် ကသာမြို့နှင့် အခြားနီးနားရွာများမှ ညစဉ် ကားတို့၊ ဆိုင်ကယ်တို့ဖြင့် သွားကြည့်ကြပြီး ရောင်ခြည်တော် ကွန့်မြူးသည်ကို တွေ့ကြရ၍ ဖုန်းကင်မရာဖြင့် ရိုက်ကြပြီး ဖေ့(စ်)ဘွတ်(ခ်) (Face Book)ပေါ် တင်ကြပါသည်။

နေ့စဉ်ညစဉ်တော့ မဟုတ်ပါ။ နေ့တိုင်းလည်း ပေါ်တော်မူဘုရားရှိရာသို့ သွားနေကြသဖြင့် စည်ကားလျက် ရှိနေပါသည်။

'ဆရာသိချင်တာတွေ သိရအောင် ကပ္ပလိပ်ဆရာတော်ကို ကျွန်တော်ကိုယ်တိုင် မေးပေးမယ်။ ဆရာက အသံဖမ်း မှတ်တမ်းယူပြီး ရေးပေါ့'

ဟု ဦးသာဒွေးက ပြောပါသည်။

'ဆရာတော်ကို ကျွန်တော် မရင်းနှီး ဘဲ မေးရင်ကော ပြောပါ့မလား'

ဟု စာရေးသူက ပြန်ပြောလိုက်ပါ




ကသာမြို့

# ဘုရားငါးဆူ ပေါ်တော်မူပြီးနောက်

ဖြစ်ရပ်ဆန်းများ (၁)

ကသာ သင်းဇွေ



တည်ထားပြီးပြင်သော ဘုရားငါးဆူ

သည်။

'ကပ္ပလိပ်ဆရာတော်က ကျွန်တော့် အစ်ကိုအကြီးဆုံး။ ကျွန်တော် ဆရာ့ရှေ့မှာ မေးပေးပါ့မယ်။ ပြောပြမှာပါ။ ကျွန်တော်က အစအဆုံး သိနေပါတယ်။

ဒါပေမယ့် ကျွန်တော် မရေးချင်ဘူး။ ကျွန်တော်ရေးရင် သူ့အစ်ကိုကို အမွှမ်းတင်လွန်းတယ်လို့ ပြောကြမယ်။ ဆရာက ရေးနေကျဆိုတော့ ကျွန်တော့်ထက် အဆင်ချောမှာပါ'

ဟု ဦးသာဒွေးက ပြောပါသည်။

'ခင်ဗျားလဲ သာဂဒူး(ကသာ)ဆိုပြီး နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ရေးနေတာပဲ မဟုတ်လား'

ဟု စာရေးသူက ပြန်ပြောရာ ဦးသာဒွေးက ရယ်လျက်ဖြင့်...

'စာမရေးဖြစ်တာလဲ ကြာပြီ။ ကျွန်တော်က ဆောင်းပါးတွေပဲ ရေးတာ။ ဆရာ့လို စုံအောင် မရေးတတ်ဘူး'

ဟု စာရေးသူအား ပင့်လိုက်ပြန်ပါသည်။

စာရေးသူကလည်း ပေါ်တော်မူ ဘုရားငါးဆူနှင့် ပတ်သက်၍ ရေးချင်ပါသည်။ ယခုလို ကိုယ်တိုင်ကျ ပံ့ပိုးကူညီမည့်သူ တွေ့ရသဖြင့် လက်လွှတ်မခံဘဲ...

'ဒါဆို ဘယ်တော့ သွားမလဲ'

ဟု မေးရာ...

'ဆရာ သွားချင်ရင် အခုပဲ သွားကြမယ်'



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြန်ပြောသဖြင့် ပေါ်တော်မူဘုရားငါးဆူရှိရာ သွားရန် ဆုံးဖြတ်လိုက်ပါသည်။

* * *

ကသာမြို့သူမြို့သား မှန်လျှင် ကပ္ပလိပ်ဆရာတော်ကို မသိသူ မရှိပါ။ ကသာသို့ ရောက်လာကြသော အရာရှိကြီးကြီးငယ်ငယ် ဟူသမျှ အရေးအကြောင်းရှိလျှင် ဆရာတော်ထံ သွား၍ အကြံကောင်း ဉာဏ်ကောင်းများ ယူကြရသည်။


တစ်နည်းဆိုရလျှင် ဆရာတော်ထံ ဗေဒင်မေး၍ ယတြာချေခြင်း၊ ကံအနိမ့်အညံ့ပျောက်အောင် ဘုရားက ကုကြပါသည်။

စာမေးပွဲနီးလျှင် မိဘများက သားသမီးများတွက် ဗေဒင်မေးကြသည်။ ဆရာတော်က မည်ရွေ့မည်မျှဟု သတ်မှတ်မထားပါ။ ပေးလှူသမျှကိုသာ လက်ခံပါသည်။

ရရှိလာသော လာဘ်လာဘကိုလည်း အများအကျိုးငှာ အသုံးပြုပါသည်။ ကပ္ပလိပ်ရွာနှင့် ပေကုန်းရွာ အကြားသည် မြေနိမ့်ပိုင်းဖြစ်၍ တာရိုးဖို့ရာ အများလုပ်အားဖြင့် လုပ်သလို၊ လိုအပ်နေသော အပိုင်းကိုလည်း ဆရာတော်ကိုယ်တိုင် နေ့စားအလုပ်သမား ငှား၍ ပြုပြင်ပါသည်။

ထို့အတူ ကပ္ပလိပ်ရွာနားက ချောင်းကို ရေတိုက်စား၍ ပျက်စီးသော တံတားကို ငွေကြေးစိုက်ထုတ်၍ ပြန်လည် တည်ဆောက်သည်မှာ အကြိမ်ကြိမ် ဖြစ်ပါသည်။

ဆရာတော်သည် ဖိုထီးဝါသနာပါသည်ဟု သိရပါသည်။ ဆရာတော်သည် မံစီရွာ၊ မဲဟင်းရွာရှိ ဘုရားစေတီပျက်များကို ကိုယ်တိုင် ငွေကြေးစိုက်ထုတ်၍လည်းကောင်း၊ ကမကထပြု၍လည်းကောင်း ပြန်လည်ပြုပြင်တည်ဆောက်ပါသည်။



ကသာ-ဗန်းမော် ကားလမ်း (၈)မိုင်(၇)ဖာလုံတွင် စိုက်ထူထားသော ပေါ်တော်မူဘုရားငါးဆူသို့ လမ်းညွှန်ဆိုင်းဘုတ် မြင်ရပါသည်

ထိုသို့ ဘုရားပျက်များကို ပြန်လည်တည်ထားရန် အထက်ပုဂ္ဂိုလ်များဖြစ်သော ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များက အိပ်မက်လိုလို လာပြောသည်ဟုလည်း သိရပါသည်။ ဤသည်တို့မှာ စာရေးသူ သိထားသည်ကို အကြမ်းဖျင်း ရေးပြခြင်း ဖြစ်ပါသည်။

ထိုနေ့က ပေါ်တော်မူဘုရားငါးဆူသို့ ဦးသာဒွေး၏ ဦးဆောင်မှုဖြင့် စာရေးသူနှင့် သမီးရော၊ မြေး(၂)ယောက်တို့ သွားကြပါသည်။

ကသာမှ ဗန်းမော်သွား ကားလမ်းအတိုင်း သွားရခြင်းဖြစ်သည်။ ကသာမြို့ထွက် ဗန်းမော်သွား လမ်းခွဲအတိုင်း (၈)မိုင် (၇)ဖာလုံတွင် "**ပေါ်တော်မူဘုရားငါးဆူသို့**"ဟု ဆိုင်းဘုတ်ညွှန်ထားပါသည်။

လမ်းခွဲညွှန်ရာအတိုင်း (၃)ဖာလုံခန့်သွားလျှင် ရောက်ပါပြီ။ ယခင်က သစ်တော၊ ဝါးတောများရှိ၍ လူသူအရောက်အပေါက် နည်းပါသည်။

လူအားမပါ၊ စက်အား(ဘူဒိုဇာ၊ ဘက်ဖိုး၊ မြေသယ်ကား)သုံး၍ လမ်းဖောက်ခြင်း၊ သစ်ပင်၊ ဝါးရုံပင်များ ရှင်းလင်းကြရပါသည်။

ဆရာတော်အား ကြည်ညိုလေးစားကြသည်ဖြစ်၍ စက်ခ၊ မောင်းခ လုံးဝမယူ။ ကုန်ကျသည့် ဓာတ်ဆီ၊ ဒီဇယ်ကိုသာ ထည့်ပေးရသည်။

စာရေးသူတို့ ရောက်သွားစဉ် ဘူဒိုဇာစက်ကြီးဖြင့် မြေကို ရှင်းနေသည်ကို တွေ့ရပါသည်။ ပေါ်တော်မူဘုရားငါးဆူ၏ ပရိဝုဏ်ကို ချဲ့ထွင်ထားသည်မှာတော့ ဘော်လုံးကွင်း (၃)ကွင်းစာမျှ ရှိမည် ထင်ပါသည်။

တည်နေဆဲဖြစ်သော မုခ်ဘုရားကို အဝေးမှပင် လှမ်းမြင်ရပါသည်။ မုခ်ပေါက်များ (၂၀၄)ခု ရှိသည်ဟု သိရပါသည်။

ထိုမုခ်ပေါက်များတွင် ရုပ်ပွားတော်များကို ပင့်ဆောင်ထားမည် ဖြစ်၍ မန္တလေးသို့ မှာထားသည်ဟုလည်း သိရပါသည်။

မုခ်ဘုရားစေတီမှာ လေးထောင့်စပ်စပ်ဖြစ်၍ အတွင်းတွင် အခန်းကျယ်ကြီးသဖွယ်ဖြစ်၍ အလယ်တွင် စေတီကြီးသဖွယ် တည်သွားပါသည်။


နောက်တစ်နေ့ဖြစ်သော တန်ခူးလကွယ်(၁၃၇၈ ခုနှစ်)နေ့တွင် ဘုရား





www.burmeseclassic.com

www.burmeseclassic.com



◆ ပေါ်တော်မူဘုရားငါးဆူသို့ ရောက်ရောက်ချင်း တွေ့ရသည့် တည်နေဆဲ မုန်ဘုရား



ရောင်ခြည်တော်များ ကွန့်မြူးနေစဉ် ▶

ဌာပနာမည်ဟု သိရပါသည်။ ထို့ကြောင့် ကပ္ပလိပ်ဆရာတော်သည် ယာယီကျောင်းဆောင်သို့ ရောက်နေမည်ကိုလည်း သိထားကြပါသည်။

စာရေးသူတို့သည် ဘုရားငါးဆူအား ရှိခိုးပူဇော်ပြီး အနားတွင် ဆောက်ထားသော ယာယီအလှူခံတဲတွင်းသို့ ဝင်၍ နားကြပါသည်။

ဘုရားငါးဆူမှ ဓာတ်တော်များ ကွန့်မြူးနေစဉ် ရိုက်ထားသော ဓာတ်ပုံများကိုလည်း ဖူးတွေ့ရသည်။

အနှစ်က ကြာပွင့်သဏ္ဌာန် ဖြစ်နေသော သစ်စေးတုံးများ တန်းစီပြထားသည်ကိုလည်း တွေ့ကြရပါသည်။ အလှူခံတဲ၏ တစ်ဖက်ပိုင်းတွင် ဘုရားဖူးများ နားနေရန်ဖြစ်၍ လာသမျှကို ခရေနွေးကြမ်း၊ လက်ဖက်,ဂျင်း(ချင်း)သုပ်၊ ဆီးဖြူသီး ဆားရည်စိမ်(သဘော်ဆီးဖြူသီးများဖြစ်သည်။)တို့ဖြင့် ဧည့်ခံကျွေးမွေးပါသည်။

ဘုရားငါးဆူအား ထီးတော်တင်စဉ်က လာသမျှ ဧည့်ပရိသတ်ကို ဟင်းကြမ်းဖြင့် ထမင်းကျွေးသည်ဟု သိရပါသည်။

မနက်ဖြန်(တန်ခူးလကွယ် သောကြာနေ့)တွင် (၂၀၄)မှန်ရှိသော စေတီကြီးအား ဌာပနာမည် ဖြစ်၍ ချက်ပြုတ်နေကြသော မိန်းမကြီးများလည်း တွေ့ရပါသည်။

နေ့စဉ် ညနေ(၅)နာရီခန့်မှစ၍ ည(၁၀)နာရီခန့်ထိ ကားများ၊ဆိုင်ကယ်များဖြင့် လာနေကြသည်ဟု သိရပါသည်။ နေ့လယ် နေပူသည်ဖြစ်၍ ဘုရားဖူးလာကြသူများ နည်းပါသည်။

စာရေးသူတို့လည်း အလှူခံဌာနတွင် နားနေပြီး နောက် ယာယီဆောက်ထားသော ကျောင်းပေါ်သို့ တက်သွားကြရာ ကပ္ပလိပ်ဆရာတော်နှင့် သံဃာတော်များ နေ့ဆွမ်းဘုဉ်းပေးနေကြသည်ကို တွေ့ရပါသည်။

နေ့လယ်(၁၁)နာရီ ရှိပါသည်။ ဆရာတော်သည် ဆွမ်းဘုဉ်းပေးပြီး အချိုမတည်းတော့ဘဲ ဆရာတော်၏နေရာသို့ ထသွားပါသည်။

စာရေးသူတို့ကလည်း ဆရာတော်အား လှူဖွယ်များကို ကပ်လှူကြပါသည်။ ထို့နောက် ဆရာတော်၏ ညီဖြစ်သူ ဦးသာဒွေးက...

'ဘုရားငါးဆူ ဘုရားလာဖူးရင်း ဘုရားတည်ဖြစ်တဲ့အကြောင်း သိချင်လို့ပါတဲ့ ဘုရား' ဟု လျှောက်ထားလိုက်ပါသည်။

ဆရာတော်သည် နားလေးသဖြင့် နားကြပ်တပ်ထားသော်လည်း အော်ပြီး လျှောက်ထားရပါသည်။

ဆရာတော်သည် ပြုံးလျက် စာရေးသူတို့အား ကြည့်ပြီး စကားပြောရန် ဟန်ပြင်လိုက်သည်နှင့် စာရေးသူတို့ကလည်း ဖုန်းဗွီဒီယိုဖွင့် အသံဖမ်းကြပါသည်။

ဆရာတော်ပြောသည့်အတိုင်း ရေးပြပါမည်။ ထို့နောက်မှ ရှင်းစရာရှိသည်တို့ကို ရှင်းပြပါမည်။

* * *


'လွန်ခဲ့တဲ့ (၁၅)နှစ်ကျော် နှစ်(၂၀)နီးပါးတုန်းက တစ်နေ့မှာ အိပ်မက်မက်တယ်။ ဝတ်ဖြူစင်ကြယ်နဲ့ လူကြီးတစ်ဦး ရောက်လာတယ်။ ဘုရားတည်ရန် လာပြောတယ်။


ပင်စည်နှစ်ခွနဲ့ အပွေးမည်းမည်း



www.burmeseclassic.com

www.burmeseclassic.com





ကြာယန်းပုံသဏ္ဍာန်ပေါ်နေသော သစ်တစေးအိုးများ

ရဟန္တာဟု ကျော်ကြားခဲ့သော ဆရာတော်ကြီး၏ အရိုးဓာတ်ဂူဖြစ်သည်

ပွပွရှိတဲ့ သစ်ပင်ကြီးနားမှာတဲ့ မဲဟင်းရွာနဲ့လဲ မဝေးဘူးလို့ ပြောတယ်။ ဒါနဲ့ ကျုပ်က ရှိခိုးထိုက်သူလားလို့ ထင်ပြီး ရှိခိုးမယ်လို့ ထိုင်လိုက်တာနဲ့ ပျောက်သွားတယ်။

ပန်းချီကောင်းကောင်း ဆွဲတတ်သူနဲ့ တွေ့ရရင် ကျုပ်ကို လာပြောတဲ့ ပုဂ္ဂိုလ်ကြီးရဲ့ ပုံသဏ္ဍာန်ကို ခုချိန်ထိ မှတ်မိလို့ ပြောပြနိုင်တယ်။

အဲဒီ သူတော်စင်ကြီးရဲ့ကိုယ်က တစ်တောင်လောက် အရောင်တွေ တောက်ပနေတယ်။ မဲဟင်းရွာနားမှာ ဆိုလို့ ရှာသေးတယ်။ မတွေ့ဘူး။

နောက်တစ်ခါ လွန်ခဲ့တဲ့ (၁၀)နှစ်ကျော်က ဖြစ်မယ်။ အိပ်မက် မက်ပြန်တယ်။ ဘောမရွာ(ယခု ပေါမမြိုင်ဟုခေါ်)နားက ရထားစီးသွားတာ ဗန်းမော်ရောက်တယ်။ ဗန်းမော်က ပြန်စီးလာတာ ဘောမရွာနားရောက်တော့ ရထားကို ရပ်ခိုင်းပြီး ကျုပ်ဆင်းလာတယ်။

အဲဒီတုန်းက ဗန်းမော်–ကသာ ကားလမ်း၊ ရထားလမ်း ဖောက်ဖို့ စိတ်ကူးတောင် မရှိသေးဘူး။ အဲဒီလို မက်တယ်လို့ ကသာခရိုင်ရဲ့မှူးကြီး လုပ်သွားတဲ့ ဦးကျော်ဝင်းကို ပြောပြတယ်။

သူလဲ ပြောင်းသွားပြီးရော ကားလမ်း၊ ရထားလမ်းဖောက်ဖို့ စီမံချက်ကျလာတယ်။ ကားလမ်းကတော့ ဗန်းမော်ထိပေါက်ပြီ။ ရထားလမ်းက ချောင်းဝအထိပဲ ရှိသေးတယ်။ ကျုပ် အိပ်မက်အတိုင်း ဖြစ်လာတာကို ပြောတာပါ။

နောက်ထပ်တစ်ဖန် လွန်ခဲ့သော ငါးနှစ်ခန့်က ဘုရားငါးဆူကို ရှာပြီး တည်ဖို့ မက်ပြန်တယ်။ အိပ်မက်ထဲမှာ ကျုပ်က ရှာလို့မတွေ့ဘူးပြောတော့ ကြက်တည်တဲ့ လူတစ်ယောက်က တွေ့ပြီး လာပြောလိမ့်မယ်တဲ့။ မကြာပါဘူး ကသာမြို့(ရပ်ကွက်–၁) မြောက်ပိုင်းက ဖုန်းမြင့်(ခေါ်)မောင်မြင့်က ကြက်တည်သွားရင်း ဘုရားငုတ်တိုလေးတွေ တွေ့တဲ့သတင်း ရောက်လာတယ်။

မက်လင်ချောင်းရွာနဲ့ ချောင်းခြားပြီး မျက်နှာချင်းဆိုင်မှာ သိရတယ်။ ဒါနဲ့ မက်လင်ချောင်းရွာသားတွေကို အကူအညီတောင်းရတယ်။

ကျုပ်ကို ထမ်းစင်ထမ်းပြီး ရှာကြတာ၊ ဝါးရုံတောဆိုတော့ ဝါးဒလက်တွေ ခုတ်ရှင်းပြီး ခက်ခက်ခဲခဲ ရှာရတယ်၊ အမှန်တော့ ဘုရားငါးဆူရယ်လို့ မသိဘဲ တောချုံတွေထဲက မီးလုံးတွေ တောက်တာ မကြာခဏ မက်လင်ချောင်းရွာဘက်က မြင်ရတယ်။

တောကြမ်းတဲ့ နေရာလို့ပဲ ထင်မှတ်နေကြတာ။ သူတို့ရွာဘက်က ကြည့်ရင်လဲ ချောက်ကမ်းပါးကြီး၊ အောက်မှာ ရော အပေါ်မှာပါ သစ်ပင်ကြီးတွေ၊ ဝါးရုံပင်ကြီးတွေ အုပ်ဆိုင်းပြီး ဖုံးကွယ်နေတာကိုး။

ဘုရားငါးဆူကို တွေ့ပြီးပြီးချင်း မတည်ဖြစ်ပါဘူး။ မဲဟင်းရွာ အနောက်နားမှာ ဖောက်ထားတဲ့ ရထားလမ်းဘေးမှာ ဘုရားဟောင်းတစ်ဆူကို တည်ပြီးမှ တည်ဖြစ်တာပါ။(**၎င်းအကြောင်းကို နောက်တွင် ရှင်းပြပါမည်။**)

ကသာ–ချောင်းဝ ကားလမ်းကြီးဘေး(ကသာမှ ၈–မိုင်ရ–ဖာလုံ)မှာ



www.burmeseclassic.com

www.burmeseclassic.com





▲ မပြတ်ဘဲ ကျန်နေသေးသော သစ်တစေတုံးကြီး

နဂါးတွင်းများမှ တစ်ခု ▶

အနောက်ဘက်ကို (၃)ဖာလုံခန့် ဝင်ခဲ့ရတယ်။ အဲဒီတုန်းက သစ်တော၊ ဝါးတောကြီးပေါ့။ ခုတော့ လမ်းလဲ ပြောင်ရှင်းသွားပါပြီ။

၁၃၇၅ ခုနှစ်၊ တပို့တွဲလမှာ ဘုရားငါးဆူကို စ,တည်တယ်။ မတည်ခင် ယာယီကျောင်းဆောင် (ယခုနေသော သွပ်မိုးပျဉ်ကာ)ကို အရင်ဆောက်တယ်၊ မတည်ခင်တစ်ညမှာ ဘုရားငါးဆူဟာ ကမ်းပါးစောက်မှာ တည်ထားတဲ့အတွက် တစ်ချိန်မှာ ချောင်းရေတိုက်စားလို့ ကမ်းပါးပြိုမှာ စိုးတယ်။

အဲဒါကြောင့် အတွင်းဘက်ကို ရွှေ့ပြီးတည်ရင် ကောင်းမယ်လို့ ကပ္ပိယကြီးတွေ၊ အနီးနားက ရောက်နေကြတဲ့ ဘုန်းကြီးတွေကို ပြောတယ်။ တိုင်ပင်ကြည့်တာပေါ့။

အဲဒီညမှာ ဘုရားငါးဆူဟောင်းနေရာမှာ မီးလုံးကြီးတွေ ထတောက်လာတယ်။ ဒါကြောင့် ရှိတဲ့ အစောင့်တွေက ဘုရားတွေကို နေရာပြောင်းတည်တာ မကြိုက်ဘူး ထင်တယ်လို့ သဘောရပြီး မူလအတိုင်း ယခုတွေ့တဲ့နေရာမှာပဲ ပြန်တည်ထားရတယ်၊

ယခု ဘုရားငါးဆူကို တည်နေစဉ် ၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်နေ့က မက်လင်ချောင်းမှ ဒကာမတစ်ဦးက ငါးကြော်ချက် ဆွမ်းလာကပ်တယ်။ ခြေလေးချောင်းသားကို ငယ်စဉ်ကတည်းက မစားခဲ့တာပါ။

ခြေနှစ်ချောင်းသားကိုတော့ မဲဟင်းရွာအနောက်က ဘုရားတည်စဉ် လွန်ခဲ့တဲ့ (၄)နှစ်လောက်ကပဲ မစားခဲ့ဘူး။

အဲဒီဒကာမကြီး လာကပ်တဲ့ ငါးကြော်ချက်ဟင်းနဲ့စားတဲ့ ညမှာ အန်ထုတ်တယ်။ ထွေးခံတစ်လုံးနီးပါး ရတယ်။ ပြီးတော့ ဝမ်းတွေလဲ သွားတယ်။ နံစော်နေတာပဲ။ ဝမ်းတွင်းက အပုပ်တွေ စင်သွားတယ် ထင်ပါတယ်။

ခုတော့ သက်သတ်လွတ် စားနေရတယ်။ ပဲပြုတ်နဲ့ အငန်ပါရင် စားလို့ရပြီ။ အငန်က အကြိုက်ဗျ(ရယ်လျက်)။ **[“အငန်စားလို့ သွေးတိုးမရှိဘူးလား” ဟု မေးရာ သွေးတိုးမရှိကြောင်း ပြန်ဖြေပါသည်။]**

လွန်ခဲ့တဲ့(၂)နှစ်လောက်က မံလွှဲကျောင်းကို ညအိပ်ရောက်တယ်။ မံလွှဲတောင်ပေါ်မှာ မီးလုံးကြီးတွေ တောက်နေတာမြင်ရလို့ မနက်မှာ ကိုယ်တော်(၂)ပါးနဲ့ မံလွှဲတောင်ပေါ် တက်ကြည့်တယ်။

တောင်တစ်ဝက်မှာ ကိုယ်တော်(၂)ပါးစလုံးလဲ မတက်နိုင်တော့လို့ ပြန်ဆင်းခဲ့ရတယ်။ အဆင်းမှာ ဘီလပ်ကျောက်လိုလို ကျောက်တုံးတစ်တုံး တွေ့လို့ ယူလာခဲ့တယ်၊ အဲဒီကျောက်တုံးကို မိတ်ဆွေ ဒကာကြီးတစ်ဦးကို ပေးလိုက်တယ်။

သူက ထုခွဲအမှုန့်ကြိတ်တော့ ရွှေမှုန်တွေ တွေ့တယ်တဲ့။ ကျပ်ကို ဘယ်က ရသလဲမေးတော့ နေရာအတိအကျ မပြောဘဲ မံလွှဲတောင်ပေါ်ကလို့ပဲ ဖြေလိုက်တယ်။


၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်နေ့က ဘုရားငါးဆူမှာ ဝတ်တက်တယ်။ မံလွှဲတောင်ဟာ ထူးခြားမှု ရှိရမယ်လို့ ကျပ် ယူဆထားတဲ့အတိုင်း မံလွှဲတောင်ကို မျက်နှာမူပြီး...

“ဗုဒ္ဓရှင်တော်မြတ်ဘုရား... ဝေနေယျသတ္တဝါတွေကို ကယ်မသောအားဖြင့် ...နား



www.burmeseclassic.com

www.burmeseclassic.com



▲ နားဒေးတဲ့တွင် ဘုရားငါးဆူမှ ရောင်ခြည်တော် ကွန့်မြူးသည်တို့ကို
ရိုက်ထားသော လျှပ်တစ်ပြက်ဓာတ်ပုံတို့အား စာရေးသူ ကိုယ်တိုင် ကြည့်နေစဉ်

ကရုဏာထားပြီး ဘုရားတပည့်တော် တည်
လျက်ရှိသော ဘုရားငါးဆူသို့ ကြွရောက်
ကိန်းဝပ်တော်မူပါဘုရား”

လို့ ပင့်လျှောက်လိုက်တယ်။

နောက်ရက်ကစပြီး ရောင်ခြည်တော်တွေ ကွန့်မြူးတော့တာပါပဲ။ သုံးရက်လောက် ဆက်တိုက် ကွန့်မြူးပြီး နောက်ပိုင်း ရက် ခြား,ခြားသွားတယ်။

အခုလို ရောင်ခြည်တော်တွေ မကွန့်မြူးခင်မှာ လွန်ခဲ့သော ၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ညမှာ သူ့အလိုလို ကွန့်မြူးခဲ့သေးတယ်။

ကျုပ်က အဲဒီလို ဘုရားပင့်ပြီး နောက်ရက် ညစစချင်း ရောင်ခြည်တော်ကွန့်မြူးစဉ်က ဘုရားငါးဆူ အနက် အလယ်စေတီကြီးဆီကို ရှေ့ဆုံးက နဂါးလိုလို၊ အဖြူတန်းလေးတွေ လူးလွန့်နေသလို၊ အလယ်မှာ အလျှုခံဖလား တစ်လုံးလောက်ရှိတဲ့ တဖျပ်ဖျပ်တောက်နေတဲ့ မီးလုံးကြီး၊ နောက်မှာ လက်အုပ်တွေချီပြီး ရဟန်းနှစ်ပါး လိုက်လာတယ်။

ကျုပ်ကတော့ ရှင်အဇ္ဇဂေါဏနဲ့ ရှင်မထီးလို့ ထင်တာပဲ။ ကျောင်းဆောင်ပေါ်မှာ ရောက်နေကြတဲ့ ဆရာတော်တွေနဲ့ ဝေယျာဝစ္စလုပ်ပြီး ညအိပ်နေကြတဲ့ ကပ္ပိယကြီးတွေ အားလုံး မြင်ကြရတယ်’

**[“ဖုန်းကင်းမရာတွေနဲ့ ရိုက်မထားကြဘူးလားဘုရား”ဟု လျှောက်ရာ “မက်လင်ချောင်က ကိုယ်တော်တစ်ပါး ရိုက်ထားတယ်လို့တော့ သိတယ်”ဟု ပြန်ဖြေပါသည်။]**

နဂါးတွင်း ရှိသည်ဟု သိရပါသည်။ “ဘယ်နားမှာရှိသလဲ”ဟု မေးရာ ဆရာတော်က အောက်ပါအတိုင်း ပြန်ဖြေပါသည်။

‘ကမ်းပါးတောက်ကြီးရဲ့အောက် ဒီကျောင်းရဲ့တောင်ဘက် ခပ်ဝေးဝေးမှာ ရှိတယ်။ ရောက်ယ်တော့မှ မသိဘူး။ နဂါးတွင်းပေါက်၊ နဂါးတွင်းကန်လို့ ခေါ်ကြတယ်။

အဲဒီကန်ထဲမှာ ငါးတွေရှိတယ်။ ငါးဖမ်းချင်လို့ စက်နဲ့ ပက်ထုတ်တယ်။ စက်ရပ်သွားတယ်။ စက်နှိုးလို့ မရတော့ဘူး။ ခန္တဲ့ဆင်ပြီး ဖမ်းကြတာလဲ မကြာခင် လူတွေ ကြောက်တာလိုလို၊ လန့်တာလိုလိုဖြစ်ပြီး ဆက်မဖမ်းရဲတော့ဘူး။

နဂါးတွေနေတဲ့ဂူ ရှိသေးတယ်။ ဒီက နေလှမ်းမြင်ရတဲ့ ထန်းပင်ကြီးနားမှာလို့ ပြောတယ်။**[ဆရာတော်က လက်ညှိုးထိုးပြရင်း ပြောပါသည်။ ကြည့်လိုက်သောအခါ မက်လင်ချောင်၏ မြောက်ဘက်တောထဲတွင်ဖြစ်သည်။]**

အဲဒီကို မသွားရဲကြဘူး။ တစ်ခါ တလေသွားတဲ့လူတွေ မြွေတွေ တွေ့ကြရသတဲ့။ အဲဒီနေရာမှာ လွန်ခဲ့တဲ့ နှစ်(၉၀)ကျော်လောက်က ဘုန်းကြီး တစ်ပါး နေသွားတဲ့ ကျောင်းဟောင်းရာရှိတယ်။ အဲဒီဘုန်းကြီးကို ရဟန္တာလို့လဲ သမုတ်ကြတယ်။

ဘုန်းကြီးက တောထဲမှာ ညတိုင်း တရားအားထုတ်တာတဲ့။ ဘုန်းကြီး တရားအားထုတ်တဲ့ နေရာမှာ ရှားစောင်းပင်တွေ ရှိတယ်။

ဘုန်းကြီးကို အနီးနားရွာက ဆွမ်းစားပင့်ရင် ညကျိန်းစက်အမီ မကြွဘူး။ မနက်စောစောကျမှ ချာန်နဲ့ ကြွတာတဲ့။ တစ်ဆင့်စကားပြောကြတာ ယခုထိပါပဲ။

တစ်ရက်မှာ ဘုန်းကြီး ပျောက်နေလို့ ရွာသားတွေကရှာတော့ ရှားစောင်းပင်တွေကြားထဲမှာ နဂါးကြီးနှစ်ကောင်က ဘုန်းကြီးကို ပတ်ခွေထားပြီး ပါးပျဉ်းနဲ့ မိုးအုပ်ထားတယ်။ **အဲဒါကို ပန်းချီဆွဲထားတာ အရင်က မဲဟင်းဘုန်းကြီးကျောင်းမှာရှိတယ်။**

ခုတော့ မရှိတော့ဘူးထင်တယ်။ အရင်စေတီကြီး ရှိတုန်းက စေတီကြီးရဲ့ အာရုံခံဇရပ်မှာ ထားတာ။ စေတီကြီးလဲ ပြိုပျက်သွားပြီ။

အားလုံးဖျက်ပြီး စေတီကြီးတစ်ဆူ ပြန်တည်တော့ အာရုံခံဇရပ်လဲ မရှိတော့ဘူး။ ပန်းချီကားတွေ တစ်နေရာရာ(ချောင်ထဲ)မှာရှိမယ်လို့ထင်တာပဲ’

* * *

ရှေ့လဆက်ဖတ်ပါရန်

**ကသာ သင်းမွှေး**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အပူအဝှပ် ကင်းစေတဲ့

# စကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည် အကြောပြေဆေး

(ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃)

(ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း) ၅၅/၀၅၁၃)




ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာ ကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံနေထိုင်နည်းစာမူ ရေးသားနေစဉ် "ဟာ စာရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား" ဟူသော အသံရှင်ကြောင့် ရေးလက်စ စာမူကို အသာချထားပြီး ပြန်လည် ခရီးဦးကြို နှုတ်ဆက်လိုက်သည်။

'ဩော် ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ဘယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်းပြီး စာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီးရေ၊ အခု စာရေးဆရာကြီးကို အကူအညီ တောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ၊ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိတာတို့၊ အလုပ်ထဲကို အာရုံစူးစိုက်တာတို့၊ အထိုင်နည်းနည်းလေးကြာကြာ ထိုင်မိတာတို့ဆိုရင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည်တော့ဘူး။ နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲတမ်းလိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရော ကိုယ်ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ သုံးစွဲရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာတောင်းတာ'

'ဉီးသည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကိုး။ ကော်ဖီလေး သုံးဆောင်ပါဦး'

'ကျေးဇူးပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီးမောင်နှံကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေသူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံ့ခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့တခြား ဝ,ဝလာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထလေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နင်းနှိပ်ပေးရတယ်။ သူကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ရောဂါတော့လဲ မကျန်းမာဘူး ဖြစ်နေခဲ့တာပါဗျာ'



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နှံ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ၊ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြောထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဇနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများ နဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိ အာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး,ခေါင်းအုံ့,ခေါင်းကိုက်ခြင်း၊ မျက်ခုံး,မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြော တက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီမသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်,သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ် ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူခိုး အပုပ်ခိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး, ဝမ်း,လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်းစေ တဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေး ဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်း ဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်းတွေ မှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ၊ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့်တဲ့ ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော် ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြည့်စုံ ကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာမင်း မျက်စိကြည် အကြောပြေဆေး"ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'

မင်ရင်း–ဖြန့်ချိရေး

**စကြာမင်း**

တိုင်းရင်းဆေးတိုက်

အမှတ်-၈/၆၆၆၊ သုဝဏ္ဏလမ်းမကြီး၊
သုန္ဒာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၆၉၁၀၉၁၊ ၇၂၂၉၅၁



www.burmeseclassic.com

www.burmeseclassic.com



◆ ရဟန်းပုံဆောင်လက်ရာ လျောင်းတော်မူ

စံလွှန်းသာ

ယခင်လမှ အဆက်

ငွေးတောက်ကုန်းရွာ အလက်ာရာမကျောင်းဆရာတော်

# အရှင်ပုဏ္ဏိန္ဒ

၏ ကြည်ညိုဖွယ်ရာ ဘဝဖြစ်စဉ်တော်များ ( ၂ )

'ကစားကြ ကစားကြ ငို့အပြစ်ပါကွာ။ ဖါက ကလေးတွေ ကစားတဲ့ကြားထဲ လာမိတာကိုး'

ဟုဆိုကာ ကျောင်းပေါ်သို့ ပြန်တက်သွားလေသည်။

ကျောင်းတွင်းရှိ ဗီရိုများကို တံခါးပိတ်၊ သော့ချိတ်ထားသော်လည်း သော့ခတ်ထားခြင်း မရှိပါ။ အတွင်းရှိ အသုံးအဆောင်များ၊ စာအုပ်များကို ကြွက်များ ဖျက်ဆီးလေ့ရှိသဖြင့် ပိတ်၍ သော့ချိတ်ထားခြင်းဖြစ်သည်။ ဤသို့ ထားခြင်းဖြင့် သူခိုးရန် မကြောက်ရဘူးလားဟု မေးလျှောက်လျှင်...

'ခိုးစရာ မလိုပါဘူး။ သူလိုချင်လို့ ယူတာပဲလို့ ဦးပဥ္စင်း ယူဆတယ်။ ပူဇော်ချင်လို့ ဘုရားပင့်တာ၊ ဖတ်ချင်လို့ စာအုပ်ယူတာ အပြစ်မရှိဘူးလို့ ဦးပဥ္စင်း ကြားဖူးတယ်'

ဟု ဖြေကြားတော်မူသည်။

'ဦးပဥ္စင်းမှာ ဝတ္ထုငွေ စုဆောင်းထားတာ ရှိသလား'

ဟု မေးလျှင်...

'မြင်းမှုံရိုရှိ၍ တန်ဖိုးမဟာထာကို မသိ၊ မကိုင်တွယ်ဘူးပါ။ ရွှေငွေကို အလှူခံအပ်တယ်လို့ ဘုရားက ခွင့်ပြုမထားပါဘူး။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးသာ အလှူခံဖို့ ခွင့်ပြုထားပါတယ်။

မဏိစူဠကသုတ်မှာ "ရွှေငွေကို အပ်စပ်သည်ဆိုလျှင် ကာမဂုဏ်ငါးပါးကိုလည်း အပ်စပ်သည်ဟု ဆိုရာ ရောက်၏။ ရွှေငွေကို အပ်စပ်သည်ဟု ခံယူလျှင် ထိုရဟန်းသည် ငါဘုရား၏ သားတပည့်သဘော မရှိပြီ" လို့ ဘုရားရှင် ဖြေကြားတော်မူပါတယ်'

'ကျောင်းဝင်းအလယ်မှာ ဆောက်နေတဲ့ ကျောင်းကြီးအတွက် ငွေမလိုဘူးလားဘုရား'

'အဲဒါ ဦးပဥ္စင်းရဲ့ အစီအမံ လုပ်ငန်း မဟုတ်ဘူး။ ရွာသူရွာသား အများနဲ့ ဆိုင်တဲ့ ကိစ္စပဲ'

'အရှင်ဘုရားနဲ့ ဆိုင်တဲ့ကိစ္စက ဘာလဲဘုရား'

'ဘုရားရှင်ညွှန် ကြားခဲ့တဲ့ နိဗ္ဗာန် မဂ်ဖိုလ်ကို ရက်တိုတိုနဲ့ ရရောက်ဖို့ပါပဲ'

ဟူ၍ ဖြေကြားတော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## မာတုဂါမ

ဆရာတော်၏ ကျောင်းပေါ်သို့ မာတုဂါမ တစ်ဦး သို့မဟုတ် နှစ်ဦး တက်လာပါက လက်ခံနှုတ်ဆက်ခြင်း အလျှင်းမပြု။ အရန်သင့်ထားရှိသော ထန်းစေ့မှုတ်ဖြင့် တောက်,တောက်, တောက်နှင့် အဆက်မပြတ်ခေါက်သည်။

ထိုအသံကို ကြားလျှင် ကျောင်းဝင်း အတွင်းရှိ ရဟန်း၊ သာမဏေ၊ ကပ္ပိယ၊ ကျောင်းသားတို့ ဆရာတော်ထံ အပြေးလာရသည်။ အမျိုးသားတစ်ဦးဦး ရောက်လေမှ ထန်းစေ့မှုတ်သံ ရပ်စဲသည်။

အမျိုးသမီးသုံးဦးမျှ လာလျှင် ကျောင်းရှေ့ထွက်၍ လှူဖွယ်ပစ္စည်းများ လက်ခံသည်။ ပခုက္ကူ၊ မန္တလေးတွင် စာသင်စဉ် ဖို့မျှစ်ချိန်ဖြစ်၍ ဆွမ်းလောင်း ဒါယိကာမလေးများက ငယ်နာမည် ဘယ်လိုခေါ်သလဲဟု စ,နောက်လျှင် ထိုအိမ်သို့ ဆွမ်းခံ မကြွတော့ချေ။ ဆရာတော် ရင်းနှီးသိကျွမ်းသည့် တစ်ဦးတည်းသော အမျိုးသမီးမှာ မယ်တော်ကြီးတစ်ဦးသာ ရှိလေသည်။

ပခုက္ကူတွင် စာသင်နေစဉ် မယ်တော်ကြီး အနိစ္စရောက်သဖြင့် နောက်ဆုံး ဂါရဝပြု နှုတ်ဆက်နိုင်ရန် သံကြိုးရိုက် အကြောင်းကြားသော အခါ နေရပ်သို့ ပြန်ကြွလာသည်။

ရထားဆိုက်ချိန်တွင် အသုဘအခမ်းအနား အဆင်သင့်ဖြစ်၍ သံဃာတော်များလည်း ရောက်ရှိနေကြပြီ။ ရထားပေါ်မှဆင်းကာ ခရီးရောက်မဆိုက် သံဃာတော်များကို အရှိအသေပေးကာ တင်ပျဉ်ခွေ ထိုင်လိုက်သည့်အချိန်တွင် ဆွေမျိုးများက ဆရာတော်ကို ဂါရဝပြုကြသည်။



◆ လျောင်းတော်မူ၏ မျက်နှာတော်

ယင်းတို့အနက် သျှောင်ပေစူး၊ ဆံရစ်ဝိုင်း၌ အမျိုးသမီးငယ်တစ်ဦးကို ညွှန်ပြ၍ "ဒါက ဘယ်သူ့သမီးလေးလဲ"ဟု မေးသည်။ ထိုအမျိုးသမီးကလေးကား ဆရာတော်၏ နှမအရင်း အထွေးဆုံး မမုန်းဖြစ်ပေသည်။

## အစွဲအလမ်း

တစ်ခါသော် မကွေးမြို့မှ အရာရှိ အပျိုကြီးနှစ်ဦး ကျောင်းပေါ်သို့ တက်လာကြသည်။ ဆရာတော်က အံ့ဩစွာကြည့်၍ ထန်းစေ့မှုန်ခေါက်မည်ပြင်စဉ် အမျိုးသမီးများ တက်သွားသည်ကို လှမ်းမြင်လိုက်သည့် ကပ္ပိယဦးလှမြင့် ရောက်လာသဖြင့် ပြန်ချထား၏။

'ဘယ်က လာကြတာတုံး'

'မကွေးက လာတာပါ။ ဆရာတော်ကို ဖူးချင်လွန်းလို့ပါဘုရား'

'ဦးပဥ္စင်းကို တွေ့ချင်လို့ လာတယ်ပြောပါ။ ဖူးတယ်ဆိုတာ ရှားပါးထူးခြားတဲ့ ဘုရားရဟန္တာလို ပုဂ္ဂိုလ်မျိုးမှ ဖူးမြော်တယ်လို့ သုံးသင့်ပါတယ်။ ဦးပဥ္စင်းက သာမန်ရဟန်းပါပဲ။ ရိုးရိုးပဲ တွေ့ချင်လို့ လာတယ်ပေါ့'

'တင်ပါ့ ဘုရား တပည့်တော်မှာ ဒုက္ခသုက္ခ ကြုံနေလို့ပါ ဘုရား'

'ဦးပဥ္စင်း ဗေဒင်မဟောပါဘူး'

'ဗေဒင်မေးဖို့ မဟုတ်ပါဘူး ဘုရား။ ဆရာတော်ဆီက ပြန်လာသူတိုင်း စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိကြတယ်ကြားလို့ လာကန်တော့တာပါ။ တပည့်တော် ဝမ်းထဲမှာ ဖူးလုံးကြီး ရှိနေတယ်လို့ ဆရာတွေ ပြောကြပါတယ် ကယ်တင်ပေးပါဘုရား'

'ဦးပဥ္စင်းက ဆေးလဲ မကုပါဘူး။ ဘယ်သူ့ကိုမှလဲ မကယ်တင်တတ်ပါဘူး။ ဘုရားဟောတဲ့အတိုင်းပဲ ကိုယ်တိုင်နေတတ်ပါတယ်။ ဘယ်သူပဲ ဖြစ်ဖြစ် ဘုရားဟောနဲ့အညီ နေကြမယ်ဆိုရင် ဒုက္ခ၊ သောကတွေ ကင်းဝေးစရာ ရှိပါတယ်'

'အဲဒီ ဘုရားဟောကို နာယူပါရစေ ဘုရား'

'ဘုရားဟောဆိုတာ တကယ်တမ်း ယုံကြည်ပြီး လိုက်နာကျင့်သုံးမှ လက်တွေ့အကျိုးရှိတာ'

'တပည့်တော် ယုံကြည်စွာနဲ့ လိုက်နာကျင့်သုံးပါ့မယ် ဘုရား'

'ကောင်းပြီ ခုနက ပြောတဲ့ ဖူးလုံး





www.burmeseclassic.com

www.burmeseclassic.com

ကြီးဝမ်းထဲမှာ တကယ်ပဲ ရှိနေတယ်လို့ ဒကာမကြီး စွဲစွဲမြဲမြဲ ယုံကြည်နေပြီလား'

'အဲဒီလိုတော့ တထစ်ချကြီး မယုံကြည်ပါဘူး ဘုရား'

'ဒါဆိုရင် ပြီးနေပြီပဲ။ လူတွေဟာ မရှိတာကို စွဲတယ်၊ မဟုတ်တာကို စွဲတယ်၊ လူကို ဒုက္ခပေးနေတာ အဲဒီ အစွဲအမျိုးမျိုးတွေပဲ၊ စွဲလမ်းမှုတွေ ခွာချပြီး သဘာဝအတိုင်း ရိုးရိုးကလေး နေထိုင်တာဟာ ဘုရားဟောတဲ့ အတိုင်း နေထိုင်နည်းပဲ။

အလိုသန့ အယူအစွဲ အမျိုးမျိုး နည်းနေရယယ်။ ဗိုက်ထဲမှာ အနာရှိချင်ရှိမယ်၊ အစာ ရှိချင်ရှိမယ်၊ အနာရှိရင် ဆရာဝန်နဲ့ ကုပေါ့။ အစာမရှိရင် မှုတအောင် ချင့်ချိန်ပြီး စားပေါ့'

'တင်ပါ့ဘုရား တပည့်တော် သဘောပေါက်ပါပြီ'

'ဘာ သဘောပေါက်တာလဲ'

'တင်ပါ့ တကယ်မရှိတဲ့ အစွဲကို စွဲခဲ့မိလို့ စိတ်ဆင်းရဲပြီး ဒုက္ခရောက်ခဲ့ရတာပါလားဆိုပြီး သဘောပေါက်တာပါဘုရား။ ဒီအစွဲတွေ ကင်းသွားအောင် ဆက်လုပ်သင့်တာ ညွှန်ကြားပါဘုရား'

'ဘုရားက ဘာအစွဲအလမ်းမှ မထားရဘူး ဆိုတော့ ဘာမှ မစွဲနဲ့တော့ပေါ့၊ ဘာအစွဲမှ မကောင်းဘူး။ ဗုဒ္ဓဘုရားရှင်ကို ယုံကြည်စွာ ကိုးကွယ်တဲ့သူဟာ စွန်စွဲ၊ နတ်စွဲ၊ ဖေဒင်စွဲ ဘာစွဲညာစွဲ ဘာဆိုဘာမှ မစွဲရဘူး။ ဒီအစွဲတွေများနေရင် နို့မှုန်၊ စိတ်ချမ်းသာမှုနဲ့ လွဲပြီးလွဲနေမှာပဲ ဒကာမကြီး'

ဆရာတော်ကိုယ်တိုင်လည်း အစွဲအလမ်း နည်းပါးအောင် ကြိုးစားတော်မူသည်။ သုံးစွဲနေသည့် ခြင်ထောင်သည် သာမန် အပေါစား အညံ့စားဖြစ်နေ၍ ခြင်ထောင် အကောင်းစား လာလှူသောအခါ လက်ခံထား၍ လှူသူပြန်သွားလျှင် ရဟန်းရှင်လူ တစ်ဦးဦးကို စွန့်လိုက်သည်။



ကျောင်းတော်မှတာန်တောင်း

လူပုဂ္ဂိုလ်မရွေး၊ ပစ္စည်းအကောင်း အညံ့မရွေး အလှည့်သင့်သူ အသစ်အကောင်း ရပါစေဟု သဘောထားလေသည်။

အလှူခံခြင်းနှင့် ပတ်သက်၍ ပျားပိတုန်း ဥပမာကို ပေးလေ့ရှိသည်။

'သုတ္တနိပါတ် တုဝဋ္ဋကသုတ်မှာ ကျောင်းသခ်မ်းနှင့် စပ်သော စကားကိုလည်း ရေလာမြောင်းပေး နိမိတ်ပြ မပြောဆိုရ။ ကျောင်းသခ်မ်းဆောက်ဖို့ လှူဖို့ လာသူမဟုတ်ရင် မပြောရဘူး။ ကျောင်းလှူဖို့ လာသူဆိုရင်တော့ တိုင်ပင်ညှိနှိုင်းပေါ့။

မဇ္ဈိမနိကာယသေဋ္ဌိလ ဝတ္ထုထဲမှာ ပျားပိတုန်းတို့သည် ပန်းပွင့်ကိုလည်းကောင်း၊ အဆင်းအနံ့ကိုလည်းကောင်း ပျက်စီးစေခြင်းမရှိဘဲ ဝတ်ရည်ကိုသာ စုပ်ယူသကဲ့သို့ ထိုပျားပိတုန်း ပျံထွက်သွားလျှင် ပန်းပွင့်အကောင်းအတိုင်း ကျန်ရစ်စေသကဲ့သို့ ရွာကိုမှီသော ရဟန်းသည်လည်း ရွာ၏ ပန်းဝတ်ရည်နှင့်တူသော **"သဒ္ဓါတရားဖြင့် လှူသည့် လှူဖွယ်"**ကိုသာ လက်ခံရာ၏။

ရွာ၏ အဆင်းနှင့်တူသော ရွာစည်းစိမ်ကို မထိစေရာ။ ဤသို့လျှင် ရဟန်း၏ အသက်မွေးခြင်းသည်ဖြစ်ရာ၏လို့ ပါရှိပါတယ်။ ဒါကြောင့် ဘာလိုချင်ပါတယ်လို့ ဘယ်တော့မှ အလှူမခံမိအောင် ကြိုးစားအားထုတ်နေပါတယ်'

ဆရာတော်သည် ကျောင်း၌ အမြဲ သီတင်းသုံးကာ ရွာအရေးကိစ္စတွင် ပါဝင်လေ့ မရှိပါ။ ကင်ပွန်းတပ်သည့် ဟူသော ဝေါဟာရကိုပင် အနက်အဓိပ္ပာယ် မသိပါဟု ဆို၏။


ဆရာတော်အား လာပင့်လျှင် ကံကြီးကံငယ်အမှုကိစ္စ၊ သာသနာရေး အမှုကိစ္စ မပါရှိပါက အခြားသံဃာများကိုသာ လိုက်ပါစေ၍ ကျောင်း၌ တရားနှလုံးသွင်းခြင်း၊ စာဖတ်ခြင်း ပြုနေလေ့ရှိသည်။ ညောင်းလျှင် စင်္ကြံလျှောက်၏။ ကုဋီတက်ခြင်းမှ လွဲ၍ ကျောင်းပြင်ထွက်ကြွလေ့ မရှိပေ။

ဆရာတော်၏ ဝလေ့ကို သိသော သူခိုးသည် သော့မခတ်ထားသော ဗီရိုတွင်းမှ နာရီ စသည့် အဖိုးတန်ပစ္စည်းများ ခိုးယူကာ လှေကားမှ အဆင်းတွင် ဆရာတော်နှင့် ပက်ပင်းတိုး၏။ ဆရာတော်က လမ်းဖယ်ပေးလျက် စကား



www.burmeseclassic.com

www.burmeseclassic.com



◆ နှင်ကျိုးကျောင်းမှ ရုပ်ပွားတော်များ

တစ်ခွန်းမျှ မဆိုပေ။

ဦးပဥ္စင်း၊ ကိုရင်များနှင့် ကပ္ပိယတို့က ပစ္စည်းလျော့နေမှန်း တွေ့ရသဖြင့် စုံစမ်းရာမှ သူခိုးကို ဖမ်းမိ၍ ဝန်ခံလေသည်။

ကျောင်းတိုက်မှာ မိဖုရား ကိုးကွယ်သောဆရာတော် သီတင်းသုံးသဖြင့် ရှေးအသုံးအဆောင်များစွာ ရှိသည်။ ယင်းတို့အနက် ဘုန်းကြီးပျံ မီးသင်္ဂြိုဟ်ပြီးနောက် အရိုးထည့်ကာ ယေင်ကျူးသော ကနုတ်ခြယ်၊ ရွှေချခေါင်းတလားငယ်ကလေးတစ်လုံးလည်း ရှိသည်။

အလောင်းတော်ကို လူနှင့်နတ် လုသော သရုပ်ဖော် သစ်ကွင်းရုပ်ကြွပါ ရှိသည်။ ကျောင်းတွင် ဘုန်းကြီးပျံရှိမှသာ သုံးရသဖြင့် မျက်နှာကြက်ပေါ်တွင် သိမ်းထားသည်။

သူခိုးက ဆရာတော်အလစ်တွင် မျက်နှာကြက်ပေါ် တက်ခိုးသည်။ ဆရာတော် ပြန်ရောက်လာသောအခါ မျက်နှာကြက်ပေါ် တက်သွားသည့် သူခိုးကို မြင်၏။ အဝေးမှ ဘုန်းကြီးတစ်ပါး ပျံတော်မူ၍ လာယူသည် ထင်မှတ်၏။

ရွှေခေါင်းကလေးပိုက်၍ မျက်နှာကြက်မှ ပြန်ဆင်းလာသော သူခိုးကို **"ဖြည်းဖြည်းဆင်း လိမ့်ကျလိမ့်မယ်"**ဟု သတိပေးသည်။ သူခိုးက ကြောက်လန့်တကြား ထွက်ပြေးသောအခါ **"အရေးကြီးလို့ ထင်ပါရဲ့ ဦးတောင်မတိုက်သွားဘူး"**ဟု မိန့်လေသည်။

ရက်အတန်ကြာမှ ဆတ်သွားဘူတာအနီး အရက်ဆိုင်တွင် သူခိုးက အရက်မူး၍ ပစ္စည်းခိုးပေါ်သောအခါ ဒကာများ သိကြလေသည်။

ဝဋ်မလည်အောင် စိတ်ကောင်းထား

ဆရာတော်သည် ဆံပင်မဖြူ၊ နား,မျက်စိ ကောင်း၍ အနာရောဂါကင်းရှင်းခဲ့သော်လည်း သက်တော် (၉၀)သို့ ရောက်သောအခါ ရုတ်တရက် ခါးနာဝေဒနာ ခံစားရ၏။ အိပ်ရာထက်၌ လုံးဝမလှုပ်နိုင်၊ ဟိုဒီလှည့်လိုလျှင် ကူမ,ပေးရသည်။ **'ဒီလောက်နာတာမျိုး မကြုံဖူးပါဘူးကွယ်"**ဟုသာ ဆို၏။ အလွန် နာကျင်လာသောအခါ...

'တယ်နာသကိုး။ ခံလိုက်ဦးပေါ့ ဝဋ်လည်တာကွ။ ဝဋ်ဆိုတာ လည်တတ်တယ်။ စိတ်ကောင်းထားကြ၊ စိတ်ရှည်ကြ၊ ဝဋ်လည်ရင် မကောင်းဘူး'

ဟု မိန့်တော်မူသည်။

တပည့်ဒကာများက ဆရာတော်ကြီး ရှာန်အဘိညာဉ်ရှေ့ပြီး ရှေးဘဝ



www.burmeseclassic.com

www.burmeseclassic.com

ကို ပြန်မြင်နေရပြီဟု ယူဆ၍…

'ဆရာတော်ဘုရား ဘဝပေါင်း ဘယ်လောက်က ဝင့်က အခုဘဝမှာ လာလည်တာလဲဆိုတာ သိပါရစေ'

ဟု မေးလျှောက်ကြသည်။

'ဘယ်က ဘဝဟောင်းရမှာလဲကွာ။ ငါ စာသင်သွားတော့ အသက်(၉၀)ကျော် ဆရာတော်ကြီးတစ်ပါး နေမကောင်းဖြစ်တာကို ပြုစုရတယ်။ ရက်ကြာလာတော့ ငါတို့လဲ ငြီးငွေ့လာတာပေါ့။ ဟိုဒီ ရွှေ့ပေးရင် ခပ်ကြမ်းကြမ်းပဲ။ ဒီလို နာအိုကြီးတော့ မနေချင်ပေါင် ဝစီကံနဲ့လဲ ပြစ်မှားကြတယ်။

အခုလဲ ငါ အသက်ကြီးပေမယ့် ဒီခါးနာတာ မကြာခင် ပျောက်မှာပါ။ ငါသိပါတယ်။ အဲဒီတုန်းက ဝတ်ပြုရတာ ဆေတနာ ကွက်ခဲ့မိတော့ အခု ဒီမှာလာပြီး ဝင့်လည်တာပေါ့။

ယဉ်ယဉ်တုန်းက မနောကံ ဝစီကံနဲ့ ငဲ့ကွက်မိတာ၊ ကာယကံက ကြမ်းကြမ်းတမ်းတမ်း ဆောင်ရွက်မိတာ ဝင့်လည်တာပဲ။ မင်းတို့လဲ စိတ်သန့်သန့်နဲ့ ညှာညှာတာတာ ဆောင်ရွက်ကြ၊ ဝင့်ဆိုတာ သတိတရားနဲ့ ဆင်ခြင်ပြီး ရှောင်ကြကွယ့်'

ဟု မိန့်ကြားလေသည်။


ခါးနာ သက်သာလာသောအခါ ဆွမ်းမျိုးများကို မကြာခဏ မေးသဖြင့် ကပ္ပိယဦးလှမြင့်က ဆရာတော်၏ ဆွမ်းမျိုးများကို ခေါ်ယူပေးသည်။ ဆွမ်းမျိုးများ စုံလင်စွာ ရောက်လာကြသဖြင့်…

'မောင်လှမြင့် မင်း မှာတာ များသွားတယ်'

ဟု မိန့်သည်။ ဆွမ်းမျိုးစုံ၍ သူစိမ်းမပါဝင်ကြောင်း သေချာမှ…

'ဒါလေးတော့ လုပ်ပေးကြပါကွာ'

ဟု ဆိုသည်။ ဘာလိုချင်သည်ဟု တစ်ခါမှ မပြောဘူးသဖြင့် ဆွမ်းမျိုးများ သေချာစွာ နားထောင်နေကြသည်။



အရိမေတ္တေယျဘုရားလောင်းတော်နတ်သား။

ဘေးဘီကို ထပ်မံကြည့်ကာ လူစိမ်း သူစိမ်း မတွေ့လေမှ…

'ငါအသက်(၉၀) ပြည့်ခဲ့ပြီ၊ အိုလှ ကြီးလှပြီ။ ဒီခုတင်ပေါ်က တက်ရဆင်းရတာ အိုလာတော့ ခက်တယ်၊ ခုတင်အမြင့် တစ်ပေလောက်ချုန့်ပြီး အောက်က ဖြတ်ပေးပါကွာ'

ဟူ၍ ဆွမ်းမျိုးတွင်းမှ လက်သမား လုပ်ဖူးသူအား မိန့်ကြားလေသည်။ ဆရာတော်က တစ်သက်တာတွင် ဤ တစ်ချိန်မှ လွဲ၍ တောင်းဆိုခြင်း မရှိခဲ့ချေ။

ရဟန်းလည်း

အရှင်မုနိန္ဒ ရတနာဗိမာန်ကျောင်းတွင် စာသင်ယူခိုက် ဆရာတော် ဦးမာလာဝံသက…

ရွှေလ ဆက်ဖတ်ပါရန်

**စံထွန်းသာ**



www.burmeseclassic.com

www.burmeseclassic.com

# လက်ပြင်ကြောညှပ်

## ထုံကျဉ်ကိုက်ခဲသူများအတွက် နည်းကောင်းတစ်လက်

စာရေးသူ အသက်(၅၀)ခန့်က ဖြစ်ပါသည်။ အလေးအပင်တစ်ခုကို စိတ်လိုက်မာန်ပါ သွား၍ မ,ခဲ့မိသည်။ အတော်လေးပင် အားစိုက်လို့ မ,ခဲ့မိသည်။

ညရောက်တော့ ကိုယ်လက်တွေ နာနေသည်။ ၃/၄ရက်နှင့်လည်း မသက်သာပါ။ လည်ပင်းကြောကြီး တင်နေသလို အုံးလွဲနေသလို ခံစားရသည်။

တစ်ခါမှ ဒါမျိုး မဖြစ်ဘူးခဲ့ပါ။ တစ်ပတ်ခန့်ကြာတော့ **ညာဘက်လက်မောင်းတစ်ခုလုံး ကိုက်ခဲလာပါသည်။** နေရထိုင်ရ အလွန်ခက်ခဲပါသည်။

ရှုံးပိတ်ရက်မှာတော့ အနှိပ်သည်ရှာ၍ နှိပ်ခံပါသည်။ မြန်မာအနှိပ်သည်များ ထုံးစံအတိုင်း ချိုးလိုက်၊ ဖဲ့လိုက်၊ ကိုင်တွယ်လိုက်ပုံမှာ မျက်ရည်တောင်ကျမိပါသည်။

(၂)ရက်လောက် နှိပ်သည့်ဒဏ်ခံရပါသည်။ လက်ကိုက်သည့်ဒဏ်မှာမူ မပျောက်ပါ။

နီးစပ်ရာ မြန်မာအနှိပ်သည်များနှင့် နှိပ်ခဲ့ပါသည်။ လက်နှိပ်သည်များမှာ အကိုင်အတွယ် ကြမ်းကြပါသည်။

လက်ပြင်ကြောညှပ်သည်ဟု ဆိုပါသည်။ အကြောညှပ်နေ၍ ထိုအကြောမှ သွေးလေမလျှောက်၍ ကိုက်နေခြင်းဖြစ်ပါသည်။

ကြံကြံဖန်ဖန် စဉ်းစား၍ နည်းမျိုးစုံလုပ်ပါသည်။ တစ်ရက်တွင် အကြောကိုက်သော ညာဘက်အား အောက်မှထား၍ ကိုယ်တစ်စောင်း အိပ်ပါသည်။ ကိုက်သောလက်ကို ရှေ့သို့ ဆန့်ထားပါသည်။

ထိုလက်မောင်းအရင်းတွင် တခြားလူတစ်ဦးမှ ခြေဖဝါးစောင်းဖြင့် တက်ကြိတ်၍ အပူထုတ်သလိုမျိုး အကြာကြီး နင်းထားစေပါသည်။ မခံမရပ်နိုင်အောင် လက်မောင်းတစ်ခုလုံး ထုံလာမှ နင်းထားသော ခြေကို ဖယ်စေပါသည်။

သွေးလေများ အရှိန်ဖြင့် ပြန်စီးဆင်းကာ အကိုက်အခဲ•တော်တော် သက်သာသွားပါသည်။ ယင်းနည်းကို အတုယူ၍ နည်းတစ်မျိုး စမ်းသပ်ပြန်ပါသည်။

ပထမ ခန္ဓာကိုယ်အား မတ်တတ်ရပ်ပါသည်။ လက်နှစ်ဖက်လုံး အပေါ်သို့ မြှောက်ထားပါသည်။ တံတောင်ဆစ်ခန့်မြင့်သော တန်းတစ်ခုကို သွားမှီ၍ ခန္ဓာကိုယ်အား အားကုန် လက်နှစ်ဖက်ပေါ် အားစိုက် မှီထားပါသည်။

နှုတ်မှ ၁,၂,၃ အကြိမ်(၃၀၀)ခန့် ရေတွက်ပါသည်။ လက်နှစ်ဖက်မှာ မခံမရပ်နိုင်အောင် ထုံကျဉ်လာပါသည်။ ခန္ဓာကိုယ်အား တည့်တည့် ပြန်မတ်၍ လက်နှစ်ဖက်ကို ဘေးသို့ ပြန်ချလိုက်ပါသည်။

သွေးလေများ အရှိန်ဖြင့် ပြန်စီးဆင်း



လာပါသည်။ ထိုကဲ့သို့ တစ်နေ့ မနက်၊ နေ့လယ်၊ ညနေ (၃)ကြိမ်လုပ်ရုံဖြင့် တစ်ပတ်ခန့်အကြာတွင် လက်ပြင်ကြောညှပ်တာ လုံးဝ ပျောက်ကင်းသွားပါသည်။

**စားသောအနေဖြင့်** B.P.Iထုတ် ပါရာစီတမော တစ်နေ့ (၂)ကြိမ်ဖြင့် (၃)ရက်ခန့် သောက်ခဲ့ပါသည်။

လက်ကိုက်သူများ လက်များထုံကျဉ်ကိုက်ခဲပါက မိမိကဲ့သို့ ဝေဒနာခံစားရသူများ ပျောက်ကင်းချမ်းသာစေရန် စေတနာဖြင့် ကိုယ်တွေ့ တင်ပြလိုက်ပါသည်။

**ခင်ဝင်း(စက်မှု–မြိမ်)**



www.burmeseclassic.com

www.burmeseclassic.com



# အိပ်မက်ကောင်းကျိုး

ကိုစိုးဆန်း

မန္တလေးမြို့ ကျွဲဆည်ကန်ကားကြီး ဝင်းသို့ရောက်သော် နေမွန်းလွဲလေပြီ။ ကင်မရာအိတ်တစ်ဖက်၊ အဝတ်အစား အိတ်တစ်ဖက်ဖြင့် ရှုပ်ပွေလှပစွာသော ကျွန်တော့်ကို တက်စီသံမားများ ဝိုင်းအုံနေစဉ် ရဟန်းတော်တစ်ပါးက လက်ပြခေါ်ယူသဖြင့် တိုးထွက်ခဲ့သည်။

'မင်း ငါ့ကို မမှတ်မိဘူးလား'

'ခွင့်လွှတ်ပါဘုရား မသိဘူးဖြစ်နေတယ်'

သက်တော် (ဂ၀)ကျော်ခန့်ရှိပြီဖြစ်သော ရဟန်းတော်က ရယ်လျက်...

'မင်းအစ်ကိုဝမ်းကွဲ ကိုတင်ရွှေလေ၊ မင်းအဘွားရဲ့အစ်မ ဒေါ်ကျွန်းရဲ့မြေး'

သို့ဖြင့် လွန်ခဲ့သော နှစ်(၄၀)ကျော်ခန့်က ပုံရိပ်များကို ပြန်၍မြင်ယောင်လာသည်။

ကိုတင်ရွှေသည် ကျွန်တော်တို့ ကလေးဘ၀ ဆော့ကစားစရာမျိုးစုံ လုပ်ပေးတတ်သည့် အစ်ကိုဝမ်းကွဲ တစ်ယောက်ဖြစ်သည်။ ယခုသော် ဝါတော်(၄၀)ရ ဆရာတော်တစ်ပါး ဖြစ်နေလေပြီ။

'မင်းပုံစံ ဒီလို မဟုတ်ပါဘူး။ နေမကောင်းဘူးလား'

'ကောင်းပါတယ်ဘုရား အိပ်မက်မကောင်းလို့ အုတ်တိုက်နံရံအပေါ်ဆင့်မှာ ပီးတွေ ယောင်တာ အိပ်မက်လို့ပါ'

'ဟာ ဒါကောင်းတာပေါ့။ မကြာခင် မင်းကြီးပွားတော့မယ်။ ဆင်းရဲသား တောင် သူဌေးကြီးဖြစ်တဲ့ကိန်း၊ ပညာရှိလို့ကတော့ အကြီးအကဲဖြစ်ရမယ်'

'ဒါပေမယ့် စိတ်ထဲမှာ တစ်ခုခု အတွက် ဝမ်းနည်းနေသလိုပဲ'

'ဒါ လွယ်ပါတယ်။ အိပ်မက် မကောင်းရင် အိပ်မက်ကြောင့် မအီမသာ ဝမ်းပန်းတနည်း ခံစားနေရရင် **အိပ်တဲ့ခေါင်းအုံးကို ကင်ပွန်းသီးမှုန့် ဖြူးပြီး ဇနေလှန်းပေးပါ။ သောက အထွေထွေဝမ်းနည်းတာတွေ ပျောက် ရောပေါ့။** လွယ်လွယ်တွေးပြီး မရယ်နဲ့။ မင်းက သိပ္ပံသမားဆိုလို့ ပြောရတာ။

**ခေါင်းအုံး** = ၂ . ၁
**ကင်ပွန်း** = ၂ . ၅
**သောက** = ၆ . ၂

ကဲ နံပတ္တူ တနင်္လာနံကိုဖျောက်ရင် ၁.၅.၆ကျန်တယ်။ အိပ်မက်က ၁.၅။

ချေလိုက်တော့ **၆သောကပဲ ကျန်တယ်လို့ မငြင်းနဲ့။** ၆ကြာက သောက မဟုတ်ဘူး။ **"သော"**တစ်လုံးပဲ ကျန်တယ်။ ဇနီးမယားကိုညွှန်းတဲ့ဂြိုဟ်၊ အထောက်အကူပေးတာကို ပြောတာ။

တို့တွေပြောလေ့ရှိတယ်။ လူပို့ ဘုရားမရှိဘူးတဲ့ ဘုရားလောင်းတောင် ပါရမီဖြည့်ဖက် ကြင်ယာရှိရတယ်။

ဒီတော့ ကောင်းတဲ့အကျိုးရောက်ဖို့ အထောက်အကူပေးပါလိမ့်မယ်။ အိပ်မက်မကောင်းရင် အဆိုးပျောက်မယ်။ အိပ်မက်ကောင်းရင် အကျိုးပေးလျှင်မြန်မယ်။

အချိန်ရရင် ငါ့ကျောင်း လာလည်ဦး။ ရွှေတချောင်းနဲ့ (၂၂)လမ်းထောင့်မှာ ရှိတယ်'

ကျွန်တော့်မှာ ပြောပြီး ထွက်သွားသည့် ဦးပဥ္စင်းအား လက်အုပ်ချီ ငေးမောလျက်...။

***[ဝမ်းကွဲအစ်ကိုတော် ဦးနိုဿာယအား ရိုသေစွာရှိခိုးလျက်...]***

စထိန်ညှိ



www.burmeseclassic.com

www.burmeseclassic.com

## ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီ ဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

## Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး( နီ၊ဝါ၊လွန်၊နည်း၊များ ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ ဆီး(ကျဉ်၊ အောင့် )
ဆီးပူညောင်းကျ၊ဆီးကြောင့် မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ဇက်ကြော
တက်၊ အသည်းရောင်အသားဝါ
ရောဂါများအတွက်သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 007860 (1114)

Diseases to be applied

Diabetes,urine-stone, urine (red, yellow, excess,minimization, mixinization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

ပင်ရင်း–ကိန္နရီ အမှတ်တံဆိပ်၊ကန္တရဝတီဆေးတိုက်၊အမှတ်–၇၄၁၊ဓနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁၄၀၃၈၉ ၊ ၀၉ ၄၂၀၀၀၇၀၈၅



www.burmeseclassic.com

www.burmeseclassic.com



မြောက်ဘက်စွန်းမှ ရေပူကန်တော်မင်္ဂလာ

# သာသနာကျွန်း

## ၏ ဝိသေသနှင့် ခန်းယှဉ်သျှတ္တရအမြင် ( ၁ )

**သာသနာကျွန်းသည် ပေါင်မြို့၏ ကဒုံစီးရပ်ကွက်အဆုံး လယ်ကွင်းပြင်အတွင်း တည်ရှိသော တစ်ဧကခွဲခန့် ကျယ်ဝန်းသည့် ကျွန်းမြေကလေး ဖြစ်သည်။** ကဒုံစီးရပ်ကွက်တောင်ဘက်အစွန်း ပေါင်-မုတ္တမ ကားလမ်းနံဘေးရှိ ကျိုက်ထီးရိုးကလေး ဘုရားမုခ်ဦးရှေ့မှ လမ်းကလေးအတိုင်း တစ်မိုင်သာသာခန့် ဝင်ရောက် သွားပါက သာသနာကျွန်းသို့ ရောက်ရှိနိုင်ပေသည်။

### သမိုင်းအကျဉ်း

ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးသည်နောက် အရှင်အနုရုဒ္ဓါထေရ်သည် ဗုဒ္ဓ၏ ကြွင်းကျန်ရစ်သော မွေတော်ဓာတ်တို့အား ပင့်ဆောင်ကာ သာသနာအရှည်တည်ရန်အတွက် ထွန်းကားပွင့်လင်းမည့်နေရာများတွင် စေတီတည် ဌာပနာလေသည်။

ထိုအခါ ဇင်းကျိုက်တောင်အနီး ပင်လယ်ပြင်အတွင်း (ကော့ကရင်ခေါ် သပြေပင်ကျွန်းနှင့် ဇင်းကျိုက်တောင် အကြား)ရှိ ကျွန်းကလေးပေါ်တွင် မဏိမေခလာနတ်သမီးက အရှင်အနုရုဒ္ဓါထံမှ ဆံတော်တစ်ဆူ အလှူခံကာ စေတီတည် ကိုးကွယ်ခဲ့လေသည်။ ယင်းကျွန်းကလေးကား ယခု သာသနာကျွန်းပင် ဖြစ်လေသည်။

ရှေးယခင်က လှေသမားများ လှိုင်းလေဒဏ်သင့်ကာ ယင်းကျွန်းပေါ်သို့ ရောက်ရှိသွားကြရာ ဆံတော်ရှင်စေတီအား ဖူးတွေ့ကြရသည်ကို ရှေးလူကြီးအဆက်ဆက် ပြောဆိုရစ်ခဲ့ကြောင်း သိရပေသည်။

ယခုအခါ ကမ်းခြေမြေဖို့၍ ဝန်းကျင်တစ်ဝိုက် စပါးစိုက်လယ်ကွင်းများ ဖြစ်တည်လာသော်လည်း သာသနာကျွန်းမြေပေါ်တွင် ရာသီမရွေး ပင်လယ်ဆားငန်ရည်များ စိုစွတ်လျက် ရှိသည်ကို တွေ့မြင်ရသည်။

www.burmeseclassic.com




▲ နဂါးနဂါးမယ်တော် ရေပူအိုင်တည်ရာ

### ရေဆူ ရေပွက်အိုင်များ

ကျွန်းပေါ် နေရာအနှံ့ ရေဆူ့ရေပွက် အိုင်များ ဖြစ်တည်ကာ ရေနွေးများ အစဉ်မပြတ် လျှံကျ စီးဆင်းနေသည် ကို တွေ့ရှိနိုင်သည်။ ချုံနွယ်များ ဖုံးလွှမ်း နေသည့် ကျွန်းမြေအတွင်း ရေနွေး နွံပျော့အိုင်များသည် လူတစ်ရပ်စာမျှ မက နက်ရှိုင်းသည်ဖြစ်ရာ အန္တရာယ် များပြွမ်းသောကြောင့် ငရဲကျွန်းဟု အစဉ်အဆက် ခေါ်တွင်ခဲ့ကြခြင်း ဖြစ် သည်။

* * *




### ရေပူ ကန်တော်မင်္ဂလာ

သာသနာကျွန်းပေါ်တွင် လူအများ အလေးအနက်ပြု ယုံကြည်လက်ခံ ထားသော ထူးခြားသည့် ရေပူအိုင်များ ကို ရာဇဝင်ကာ သတ်မှတ်ထားလေ သည်။

မြောက်ဘက်စွန် ကုန်းကမူလေး ပေါ်တွင် အချင်း (၁၀)ပေခန့်ရှိ ရေနွေး ငွေ့ တလူလူထွက်နေသော **"ရေပူ ကန်တော်မင်္ဂလာ"**ကို တွေ့ရသည်။ ပတ်ဝန်းကျင် မျက်နှာပြင်ထက် သုံးပေ ခန့် ပိုမြင့်သော မြေပေါင်ကို ကျော်လွှန် ကာ ရေပူများ လျှံကျစီးဆင်းနေသည် ကို မြင်ရသည်။


သာသနာကျွန်းရှိ တောရ ကျောင်း ကလေး၌ သီတင်းသုံးလျက် ထိန်းသိမ်း စောင့်ရှောက်နေသော ဦးပဥ္စင်း ဦးကေသရမှ ရှင်းပြရာတွင် ဤကျွန်း သမိုင်းနှင့် ရေပူကန်၊ နတ်ကွန်း၊ ဓာတ် နန်းဆိုင်ရာ အမည်များမှာ သက်ဆိုင်ရာ မှ နိမိတ်၊ အိပ်မက်စသည် တိကျစွာ ဖြစ်တည်လာခြင်းဖြစ်၍ တစ်ဦးတစ် ယောက်၏ စိတ်ကူးယဉ် တန်ဆာဆင် ခြင်း မဟုတ်ကြောင်း မြွက်ကြားသည်။

ကျွန်းမြေပေါ်တွင် နွေအခါ ဆားငန် ရည်များ စိမ့်ယိုလျှံထွက်ကာ အစဉ် အမြဲ ရေစပ်စပ်ရှိနေတတ်ကာ ရေများ သော မိုးရာသီကာလ ရောက်သော် ပတ်ဝန်းကျင်လယ်မြေများ ရေလွှမ်း သော်လည်း ကျွန်းမြေတွင် ရေလျှံခြင်း မရှိဟု ပြောပြသည်။

ရေပူကန်တော်သည် ဝါးတစ်ပြန်ခန့် နက်သော ရေကြည်ရေနွေးနှင့် အောက်ခြေတွင်းအနက်အရှည် မခန့် မှန်းနိုင်သော နွံပျော့နုန်းမြေများ ရှိလေ သည်။

၁၃၄၉ ခုနှစ်ခန့်ကာလက ကွဲမြို့ ရွာ မွန်စုကျောင်းလင်း၊ ဒွေးအောင်

www.burmeseclassic.com



▲ တစ်ခါတစ်ရံ ဤသို့ မှတ်ကာ လှိုင်းထ လျှံကျတတ်သည်

▼ အုတ်သင်ပိုင်း ခတ်ထားသော ရှင်ဥပဂုတ္တ ရေပူအိုင်



မုန့်တိုက်ရွှေနေ ဆိုက်ကားဆရာ ဦးတင်စိန်၊ ဒေါ်လှတို့၏ ဒုတိယသား မောင်ငယ်ဆိုသူ (၆)နှစ်သားကလေး သည် ဤ ရေပွက်အိုင်အတွင်းသို့ အမှတ်တမဲ့ လိမ့်ကျသွားခဲ့ရာ မိဘများ မှာ ပူဆွေး ဗျာများနေစဉ် မိနစ်(၂၀) ခန့်အကြာ၌ ယင်းအလိုအလျောက် ပြန်တက်လာခဲ့လေသည်။

ရေအိုင်အောက်ခြေ၌ ဆီမီး ထိန်ညီး စွာ ထွန်းညှိထားကာ ဆင်းတု၊ ရုပ်ပွား တော်များစွာကို ဖူးတွေ့ခဲ့ရသည်ဟု ပြောပြသည်။ ယင်းကလေးမှ ဆံပင်မျှ ပင် ရေစိုခြင်း မရှိသည်ကို ယင်းအချိန် က တွေ့မြင်ခဲ့ရသူ ဦးမြအောင် (ဂေါပက အဖွဲ့ဝင်)မှ အတည်ပြု ပြောကြားသည်။ ယင်းကလေးမှာ ယခုအခါ (၁၈)နှစ်သား အရွယ်' ပကတိ ကျန်းမာစွာ ရှိသေး သည်ဟု ဆိုသည်။

ရေနွေးပူများ ဆူပွက်နေသည့် ယင်း ရေကန်ရေမှာ (၁၂)လရာသီပတ်လုံး ရေလျော့ ခန်းခြောက်ခြင်း မရှိဟု သိ ရသည်။

ဤရေကန်မှ ရေများအား ခပ်ယူ သယ်ဆောင်ကာ ရေချိုးသန့်စင်ခြင်း ဖြင့် အရေပြားတွင် ဖြစ်လေ့ရှိသော ပွေး,ဝဲယားနာ၊ မပျောက်ကင်းနိုင်သော အနာဟောင်း အနာဆွေးများ လက် တွေ့ ပျောက်ကင်းသည်ဟု အမည် ကျော်ကြားလေသည်။

ဝမ်းတွင်းအင်္ဂါစုဆိုင်ရာ ဝေဒနာများ အတွက်လည်း ဝဋ္ဋနာ,ကံနာ မဟုတ်ပါ က ပျောက်ကင်းချမ်းသာလိုကြောင်း၊ သက်သာပျောက်ကင်းပါက ဤကျွန်း ပေါ်မှ ဘာသာနိကာ အဆောက်အအုံများ အား လှူဒါန်း သာသနာပြုမည့်အကြောင်း အဓိဋ္ဌာန်ကာ ချိုး,သုံးခြင်းဖြင့် အကျိုး ခံစားရကာ လာရောက် လှူဒါန်းသူ အများအပြားရှိကြောင်းလည်း သိရ လေသည်။

## နဂါးမယ်တော် ရေပူအိုင်

ရေပူကန်တော်မှ တောင်ဘက်ယွန်း ယွန်းတွင် မြေပြင်အထက် တစ်ပေခွဲခန့် မြင့်တက်နေသော မြေအံစာများ မို့ဝိုင်း နေသည့် နဂါးမယ်တော် ရေပူအိုင် တည်ရှိသည်။ အချင်း(၂)ပေခန့်ရှိ၍ ရေပူဖောင်းကလေးများ တပွက်ပွက် မှုတ်ကာ တစ်ခါတစ်ရံ ရေများ လျှံကျ လာသည်အထိ ရေပွက်ကြီးများ ထွက် ပေါ်လာသည်။ ရေများသည် မြောက် ဘက် တွင်းပေါင်နှုတ်ခမ်းဆီမှ လျှံကျ စီးဆင်းနေလေသည်။


အနီးရှိ ငါးပေခန့်ရှည်သော ဝါး တုတ်ချောင်းအား သန့်စင်လျက် မယ်တော်ထံ ခွင့်တောင်းကာ အမိုး ဖက်စများအား သန့်ရှင်းကြည့်ရာ ဝါး တုတ်ဆုံးမျှမက နက်ရှိုင်းသည်ကို တွေ့ ရသည်။ ရေမှာ ရေပူကန်ကဲ့သို့ပင် နွေးနွေးပူသည်။

ရှေးဟောင်း မွန်သမိုင်း မှတ်တမ်း များအရ နဂါးဥဖွား မင်းအဆက်ဆက် တို့မှ မွေးမိခင် နဂါးမယ်တော်၏ ဂုဏ်




www.burmeseclassic.com

www.burmeseclassic.com



ကြံတိုင်အောင် ရေပူတွင်းမှ ပလုံစီတက်လာသော ရေပူ မျက်နှာ



ကျေးဇူးကို မှတ်တမ်း အမိဌာန်ပြုရာ မယ်တော် နဂါးမသုဒ္ဓည် မိမိကိုယ်စား ပင်လယ်ရေပူများ မှတ်ထုတ် ထွက်ပေါ်စေခဲ့ကြောင်း သိရ သည်။

အတိဒုက္ခရောက်ရှိခြင်း၊ ခိုကိုးရာမဲ့ခြင်း၊ အမှုတပေါင် ရင်ဆိုင်ရခြင်း၊ သားသမီး သူငယ်နာရောဂါကိစ္စများ အတွက် နဂါးမယ်တော်အား တိုင်တည်

◄ အနိမ့်တန်းဆောင်းတွင်းမှ ထိုင်တော်မူရုပ်ပွားတော်

▼ အရှေ့ဘက်မှ ကုလားမတောင်ရွာနှင့် မျှော်ရှု





www.burmeseclassic.com

www.burmeseclassic.com





▲ ဓမ္မာရုံအတွင်း သီတင်းသုံး
ကျင့်ကြံနေသော ဦးပဉ္စင်းသုဝဏ္ဏ

◄ ကြီးကြာ ရေပေါ်
လှုပ်တိုက်ပြေးဟန် ထင်ရှိ.

ကာ နဂါးရေပူများဖြင့် မျက်နှာသစ်ခြင်း၊ နပူးဆံစပ် စသည် မြင့်မြတ်ရာတွင် ဆွတ်ဖျန်းခြင်းစသည် လုပ်ဆောင်ပေးပါက ရောဂါသက်သာ၍ အကျပ်အတည်းများမှ လွတ်မြောက်ရကြောင်း ဦးပဉ္စင်း ဦးကေသရက ပြန်လည် မိန့်ကြားသည်။

## ရှင်ဥပဂုတ္တာ ရေပူအိုင်

ယင်းမှ အနောက်စူးစူးတွင်ကား တစ်ပေခန့် အုတ်ပေါင်အမြင့် ခတ်ထားသော (၆)ပေခန့် ထိပ်ဝအကျယ် ရှိ ရေပူအိုင် ရှိလေသည်။ အိုင်အလယ်တွင် ရှင်ဥပဂုတ္တဖောင်နှင့် ရုပ်တုအား ဖူးတွေ့ရသည်။

၁၃၅၁ နှစ်ကာလ ဤကျွန်းပေါ်တွင် စတင် ဝါဆို သီတင်းသုံးခဲ့သော ဆရာတော် ဦးကေလာသကိုယ်တော်နှင့် တပည့်ဒါယကာများ · စုပေါင်းကာ နိုင်မာသည့် ယူဆရသော နောက်ခံအကြောင်းများ အားလျော်စွာ ပြုလုပ်ကိုးကွယ်ခဲ့ကြောင်း သိရသည်။ ဤရေအိုင်မှ ရေပူများသည်လည်း နွေ၊ မိုး၊ ဆောင်း ရာသီမရွေး လှိုက်ကျ စီးဆင်းနေလေသည်။

နက္ခတ် ကပါဒ်ကောင်းသော အချိန်သို့မဟုတ် အရှေ့ဘက်ရှိ ကုလားမတောင်စွယ်တွင် နေ့ဝန်းထွက်ပြူစအချိန်တွင် ဆွမ်းခဲဖွယ် ဘောဇဉ်ချိုချဉ်ရသာတို့ဖြင့် ဆွမ်းပြုကာ **"ဥပဂုတ္တေ မဟာထေရော"** အစရှိသည့် ရှင်ဥပဂုတ္တဂါထာတော်မြတ်အား ရွတ် ဖတ်ပူဇော်ရသည်။

တစ်နေ့လျှင် (၃၇)ကြိမ် (၇)ရက် အဓိဋ္ဌာန်ကာ ပူဇော် ဆွမ်းပြုစုခြင်းဖြင့် အလုံးစုံသော ချမ်းသာကို ဆောင်ကြဉ်းပေးသည်ဟု သာသနာကျွန်း ဓမ္မာရုံတွင် သီတင်းသုံး ကျင့်ကြံနေသော ဦးပဉ္စင်း ဦးသုဝဏ္ဏမှ သုဂတိ လမ်းညွှန်လေသည်။

## ကြံတိုင်းအောင် ရေပူအိုင်

ယင်းမှ အနောက်တောင်စူးစူးတွင် အချင်း တစ်ထွာသာသာခန့် ရှိသော ရေပူအိုင်ကုန်းမြင့်ကလေး ရှိသည်။ ဦးကေလာသကိုယ်တော် မတိုင်မီ ဤကျွန်းပေါ်၌ တောရဆောက်တည် ကျင့်ကြံကြသော သူတော်စင်၊ ရဟန်းရှင်လူအများ အလေးအနက်ပြု အဓိဋ္ဌာန်၍ အကျိုးဒိဋ္ဌ တွေ့မြင်ရသည့် ကြံတိုင်းအောင် အဓိဋ္ဌာန်ရေပူတွင်းကလေး ဖြစ်သည်။

မိမိတို့၏ လောကီ၊ လောကုတ်လိုရာ လုံ့လအကျိုးအတွက် ဤကုန်းတော်သို့ ကိုယ်စိတ်နှစ်ပါး ကြည်လင် သန့်ရှင်းစွာ လာရောက်လျက် ရတနာသုံးပါးအား ပူဇော်ပြီးလျှင် ကျွန်းပေါ်တွင် မှီတင်းနေထိုင်ကြကုန်သော သာသနာစောင့် ပုဂ္ဂိုလ်များ၊ ဝေနေယျများအား မိမိပြုသမျှ ကုသိုလ်၏ အဖို့ဘာဂကို အမျှပေးဝေရသည်။

ထို့နောက် လိုရာအကျိုးအတွက် အဓိဋ္ဌာန်ကာ အောင်မြင်ပါက နိမိတ်ပြပါဟု တိုင်တည်ရသည်။ ထိုစဉ် ရေပူတွင်းမှ ဆူတက်လာသော ရေပွက်များအား ကြည့်ရှုကာ ဆုံးဖြတ်ရသည်။ တစ်ခုချင်း စီတန်း တက်လာသော ရေပူဖောင်းကလေးများက အစီစဉ်ကျနစ်ရှည်မှန်းချက်ဆီသို့ ဖြည်းဖြည်းမှန်မှန် ရောက်ရှိမည်ဟု ဖော်ညွှန်းသည်။

တွင်းနှုတ်ခမ်းပြည့် ဂယက်ထကာ ပွက်သောပုံစံသည် ထင်ရှားကျော်ကြားမှုနှင့် အားရကျေနပ်ဖွယ် အောင်မြင်ထမြောက်ခြင်းကို ရည်ညွှန်းသည်။

တွင်းထောင့်တစ်နေရာမှ စတင်ဆူပွက်ကာ မျက်နှာပြင်ပေါ်တက်လာသော ရေပလုံစီများကို မမျှော်မှန်းထားသော တစ်ဦးတစ်ယောက်၊ တစ်ထောင့်တစ်နေရာမှ လာဘ်လာဘနှင့် မစကူညီသူ ရောက်လာမည့်အကြောင်း သိရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com

ကွမ်းတစ်ယာညက် (၃မိနစ်မျှ) ကြာသည့်တိုင် မဆူမပွက် ပကတိ တည်ငြိမ်နေသော ရေပြင်ကို တွေ့ရမှု ကိုယ်စိတ် တစ်စုံတစ်ရာ မတည်ငြိမ်မှုများယွင်းသော နှလုံးသွင်းမှု မမှန်သော အကြံအစည်များအား ဆိုင်းငံ့ပြုပြင်သင့်ကြောင်း အကြံပေးခြင်း မည်လေသည်။

သို့တည်းမဟုတ် အကြံအစည် အောင်မြင်ပါက မည်သို့ ဆူပွက်ပါရန် မိမိတို့လိုရာပုံစံ ပြဋ္ဌာန်း၍ တိုင်တည် တောင်းခံနိုင်ကြပေသည်။


ကြံတိုင်းအောင် ရေပူတွင်းမှ ရေများအား သန့်စင်သော ပုလင်း၊ ခွက်များဖြင့် သယ်ဆောင်ကာ မျက်စိ,ဦးခေါင်း, နား ရောဂါများအတွက် မျက်စဉ်းခတ်ပေးနိုင်သည်။

အိမ်မွေး ကျွဲ,နွား,ခွေး,ကြောင် စသည့် တိရစ္ဆာန်များတွင် ကျရောက်သော ဝေဒနာများအတွက်လည်း လိမ်းခြင်း၊ တိုက်ခြင်းဖြင့် ရောဂါ ပျောက်ကင်းချမ်းသာကြကြောင်း ဦးပဋ္ဌင်းဦးကောသရမှ မိန့်ကြားသည်။

ဈေးဆိုင်၊ ကုန်တိုက်၊ ရောင်းလိုသော ယာဉ်၊ အိမ်၊ ခြံ၊ ကျောက်မျက် စသည်တို့အတွက်လည်း တိုင်တည်နိမိတ်ယူကာ ဆူပွက်လာသော ရေများအား သန့်စင်သော ပုလင်း,ဘူး စသည်ဖြင့် ရှိသေစွာ စွန့်ယူ ပက်ဖျန်းပေးခြင်းဖြင့် ဈေးခေါ်ကောင်း၍ အရောင်းအဝယ်ဖြစ်ထွန်း စည်ပင်စေကြောင်း သိရလေသည်။

## ဖူးမြော် ကြည်ညိုဖွယ်များ

ကြံတိုင်းအောင် ရေပူတွင်း၏ တောင်ဘက်တွင် ဥဏ်တော် အမြင့် ပေ(၂၀)ခန့်ရှိသော တင်ပျဉ်ခွေ ရုပ်ပွားတော်အား အမိုးတန်ဆောင်းအတွင်း



◆ ယခင်ဆရာတော် ဦးကောလာသ ရေးဆွဲခဲ့သော သာသနာကျွန်းမှ သာသနာ့အဆောက်အအုံများ ပုံကြမ်း



◆ ရေပူကန်အကြောင်း ပြောပြသည့် ဦးမြမောင်



◆ ကျွန်းပိုင်ဘိုးဘိုးအကြောင်း ကိုယ်တွေ့ရှင်းပြသည့် ဦးမောင်

စံနေသည်ကို ဖူးမြင်ရသည်။

ယင်း၏ ရှေ့တည့်တည့်တွင် ဦးပဋ္ဌင်းကောသရ သီတင်းသုံးသော တောရကျောင်းနှင့် ပြည်လုံးစေတီတော်တို့အား မြင်တွေ့ ဖူးမြော်ရသည်။

၁၃၅၅ ခုနှစ်တွင် ဦးအုန်းဟန်၊ ဦးငယ် စသည့် ဒါယကာကြီးများ ဦးစီးတည်ထားခဲ့သော ယင်းစေတီအား ယခုအခါ လုံးပတ်တော်၊ ဥဏ်တော်များ တိုးချဲ့ ပူဇော်နေသည်ကို တွေ့ရသည်။

စေတီတော်ရင်ပြင်အတွင်း မည်သို့သော ရာသီတွင်မဆို မိုးရေ တင်ကျန်ခြင်း မရှိဟု ဆိုသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**ဟူဂျင်းဇီ**



www.burmeseclassic.com

www.burmeseclassic.com

# အသိကျ အလှပို ဆီး,ဝမ်း မှန်စေလိုလျှင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ခေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ ၎သွေးသား ကိုပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ် ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု မဟုတ်တစ်ခု ဖြစ်ပေါ် ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း မာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး များ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် လကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း မပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညို ပြာရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာ ကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ ဟာလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ တော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါက တက်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ ကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု သော အမျိုးသမီးတွေ ဖြစ်ပေါ် ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဗျာ" တဲ့လေ . . ။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ့ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေ ရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီး တော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အ ကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါ တွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလှာ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာ ကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေ တားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအ ထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေ တာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အ နေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ် တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါ မယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေ

www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေ စိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ ဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်း ညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေးခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်ဆီးကျန် ဝမ်းချုပ်ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေ မွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ၊ နှုတ်ခမ်း၊ အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးဓာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဝဏ္ဏလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၁၉၇၅၂၄။

---



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ရှိစဉ် တည်ခဲ့သော စေတီတန်ဆောင်

ရွာမိဿာ ရွှေသိမ်တော်ကျောင်းမှ ဆရာတော်

# အရှင်မေဓါဝီ

အား ဂါရဝပြု ပူဇော်မှုခရီး (၃)

စောသိင်းလ

## ယခင်လမှ အဆက်

သူဖုန်းစား ဖြတ်သွားလျှင်ပင် ခေါ်၍ ဆန်သုံး,လေးပြည်ခန့် ပေးလှူလေ့ရှိသည်။ ဆာလောင်နေသူဖြစ်လျှင် သူပင် ဘုဉ်းပေးရခြင်း မရှိသေးသည် ဖြစ်လင့်ကစား တည်ခင်း ကျွေးမွေးတတ်သည်။

ဝတ္ထုငွေများ ကပ်လှူလျှင် လက်ခံယူ၍ ဖျာအောက်၊ စာအုပ်ကြား စသဖြင့် ကြုံရာတွင်ထားကာ တွေ့ရှိသူတို့ ယူငင်သွားလျှင်လည်း တားမြစ်ခြင်း မရှိ ကြည်ဖြူစွာ ခွင့်ပြုသည်။

ဆရာတော် ပျံလွန်တော်မူ၍ သူ၏ သေတ္တာကို ဖွင့်ကြည့်ကြရာ စာရွက် အချို့နှင့် ငွေ "နှစ်ကျပ်" သာ တွေ့ကြရသည်ဆို၏။

## ဆရာတော်၏ လုပ်ရပ်ပညာ

ဆရာတော်သည် ဖိုထိုးလေ့ရှိသော်လည်း တပည့်ရဟန်းများမှာ အသက်ဝါ(၃၀)ကျော်မှုငယ်၍ ချစ်ကြောက်ရိုသေရသော ရှေးဓလေ့အတိုင်း ခိုင်းသမျှ လုပ်ပေး၍ မေးမြန်းစုံစမ်းခြင်း မပြုဝံ့ကြချေ။

ထို့ကြောင့် ဆရာတော်၏ လုပ်ရပ် ပညာအခြေအနေနှင့် ပညာအမွေ ဆက်ဆံခြင်း မရှိခဲ့ကြဟု ဆိုသည်။

ပျံလွန်တော်မူပြီးနောက် သေတ္တာတွင်း တွေ့ရသော စာရွက်များမှာ ရွှေပန်းတိမ်ဖိုများထံ၌ အဝယ်ပြေစာ

www.burmeseclassic.com



◆ ဆရာတော်ပျံတော်မူပြီးတွင် ထူးခြားစွာ မှုံကြွခဲ့သောနေရာ

စာရွက်များ ဖြစ်နေသည်။ ဆရာတော်ထံမှ အင်္ဂရိတ်ရွှေများ ချိန်တွယ်၍ ဝယ်ယူပေးချေသော ငွေပြေစာများ ဖြစ်ကြသည်။

ထို့ကြောင့်ပင်လျှင် လွတ်လပ်ရေးရပြီးကာစ ရောင်စုံသူပုန်များ သောင်းကျန်း၍ တိုင်းပြည် မငြိမ်မသက်ဖြစ်စဉ်ကာလ ရွှေသိမ်တော်ကျောင်းဝင်းတွင် လာရောက် ခိုလှုံကြသော အရပ်ရှစ်မျက်နှာမှ ဒုက္ခသည်အားလုံးကို ဖူလုံ လောက်ငအောင် ကျွေးမွေးကယ်တင်နိုင်ခြင်း၊ ရွှေသိမ်တော်စေတီမွမ်းမံပြုပြင်ခြင်း၊ အခြားစေတီများတည်ဆောက်ကိုးကွယ်နိုင်ခြင်း စသည်ဖြင့် ငွေကြေးပမာဏ များစွာ အသုံးပြုနိုင်ခဲ့သည်ကို မှန်းဆ သိရှိကြရလေသည်။

ဆရာတော်သည် ကျောင်းဝင်းအတွင်း ရွှေသိမ်တော်စေတီ အရှေ့မြောက်ထောင့်အရပ်ရှိ ပြိုပျက်နေသော ပုဂံခေတ်လက်ရာ စေတီနေရာမှ ကြေးအိုးတစ်လုံး တူးဖော်ရရှိကာ အတွင်း၌ ပါရှိသော ဓာတ်လုံးများကို အကြောင်းပြု၍ လုပ်ရတ်ပညာတွင် အတိုင်းအတာတစ်ရပ်အထိ ပေါက်မြောက် အောင်မြင်ခဲ့သည်ဟု သိရသည်။


ရှေးယခင်က ပေ၊ ပုရပိုက် အညွှန်းစာများအရ ထိုစေတီအရာ ကုန်းမြေတွင် လာရောက်တူးဖော်ကြသော်လည်း ကြီးမားသော မြွေကြီးတစ်ကောင် ထွက်ပေါ်လာသဖြင့် ကိုယ်လွတ်ရုန်းကာ ထွက်ပြေးကြရသည်။ ဆရာတော် တူးဖော်သောအခါမှသာ လွယ်လင့်တကူ ရရှိခဲ့ခြင်း ဖြစ်သည်ဆို၏။

ထို့နောက် ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်သော ဒါယကာတစ်ဦးနှင့် ဆက်နွယ်ကာ သထုံခရိုင်၊ ပေါင်မြို့နယ်တွင်းရှိ ကုလားမတောင်သို့ စေတီပန္နက်တင်ပွဲ ကြွရောက်ခဲ့ရာ၌ ညာတင်ကုတ်ရုပ်တုနှစ်ခုကို ရရှိခဲ့သည်။

နံနက် အရုဏ်တက်ချိန်တွင် အမည်မသိ ဒါယကာတစ်ဦး လာရောက်ကပ်လှူသွားခြင်းဖြစ်သည်။ ထိုစဉ်က ကုလားမတောင်ပေါ်တွင် ရောက်ရှိနေသော ကျွန်ုပ်တို့မှာ ကပ်လှူသွားကြောင်းသာ ကြားရ၍ ဆရာတော်က ထုတ်ပြခြင်း မရှိသဖြင့် ထိုရုပ်တုများကို မမြင်တွေ့ခဲ့ရပေ။

ဆရာတော် ပျံလွန်တော်မူပြီးချိန်၌ ထိုညာတင်ကုတ်ရုပ်တုများ မတွေ့ရတော့ကြောင်း ဦးပဥ္စင်းက မိန့်ကြားတော်မူသည်။ ညာတင်ကုတ်ကာ ယေဘုယျအားဖြင့်, ဓာတ်ဆေးဓာတ်သားဖြစ်ကာ သာမန် အင်္ဂရိတ်ပညာဖြင့် အရည်လင်အောင် မထိုးနိုင်ပေ။

www.burmeseclassic.com



ဆရာတော်ဦးမဃ၏ ကြေးကြိုးရသည့် စေတီအကျ

ပါရမီရင့်ကျက်၍ ကောင်းစွာ တတ်ကျွမ်းလိမ္မာသူ အင်္ဂလိပ်ပညာရှင်မှသာ ဓာတ်ရှင်ဖြစ်အောင် လုပ်နိုင်ကြသည်။

ထိုသို့ ပြုလုပ်နိုင်ပါက အဆိုပါ ပညာရှင်သည် ကျင့်စဉ်စခန်း တစ်ဆင့်တက်လှမ်းနိုင်ကြသည်။ ထွက်ရပ်ပေါက်သည်ဟု ဆိုကြသည်။

သို့ဖြစ်လျှင် ဆရာတော်သည် ထိုညာတင်ကုတ်များကို ဓာတ်ရှင်ဖြစ်အောင် စီမံလုပ်ဆောင်ကာ တစ်ဘဝခန္ဓာကို စွန့်လွှတ်ခဲ့သည်ဟု ယူဆဖွယ်ရှိလေသည်။

## သူတစ်ပါး၏ စိတ်အကြံကိုသိရှိခြင်း

'ဒီသိမ်က ရွှံ့အုတ်နဲ့ဆောက်ထားတာ မဟုတ်ဘူး။ ဆရာတော်ကိုယ်တိုင် ဦးစီးပြီး ကျောက်အုတ်နဲ့ ဆောက်ထားတာပါ။ ပုံစံကျ ကျောက်ပြားတွေမှာယူပြီး တစ်လုံးကို ပြား(၅၀)နှုန်းနဲ့ ရွာသားတွေကို ရွေးခိုင်းပြီးမှ ဆောက်တယ်။

လွတ်လပ်ရေးရပြီးကာစ မငြိမ်မသက်ဖြစ်တဲ့ ကာလမို့ ခိုးဆိုးလုယက်သူတွေ အလှူယ်တကူ ဖြိုဖျက်လို့ မရနိုင်အောင် ကြိုတင် စီစဉ်တော်မူတယ်။

မကြာမီ ခိုလှုံသူ ဒုက္ခသည်တွေ ရောက်လာမှာလဲ ကြိုသိတယ်။ နောက်ပိုင်းမှာလဲ ကျောင်းကို ရောက်လာသူတွေရဲ့ ရည်ရွယ်ချက် အဆိုးအကောင်းကို ခွဲခြားသိတယ်။

လူဆိုး၊ ဒုစရိုက်သမားတွေကို အနည်းအကျဉ်း ပေးကမ်းပြီး ခရီးဆက်စေတယ်။ အမှန်တကယ် ဒုက္ခရောက်သူ ဝေဒနာရှင်တွေကိုတော့ ကျောင်းမှာ ရက်ရှည်လများ တင်ကျွေးထားတာပဲ'

ဦးပဥ္စင်း မိန့်ကြားသကဲ့သို့ ကျွန်ုပ်ကိုယ်တိုင်လည်း တွေ့ကြုံခဲ့ရသည်။

ကုလားမတောင်သို့ ကြွစဉ် ဇေတီတည် လုပ်အားပေးများအနက် ကျန်းမာရေး မကောင်းသူတို့အား ဓာတ်လုံးစိမ်ရေဖြင့် တိုက်ကျွေးကုသပေးသည်ကို မြင်ရသောအခါ အင်္ဂလိပ်ပညာ၌ အတန်ပင် ပေါက်ရောက်ပြီးသူ ဖြစ်နိုင်ကြောင်း မှန်းဆမိသည်။

ထို့ကြောင့် အင်္ဂလိပ်ပညာနှင့် ဝိဇ္ဇာဓိုရ်များအကြောင်း မေးလျှောက်ရန် အချိန်စောင့်နေမိသည်။ ညတွင် ဂုဏ်တော် ပုတီးစိပ်၍ ကမ္မဋ္ဌာန်းသိမ်းသောအခါ မေတ္တာပို့ အမျှဝေကာ ဆရာတော်ကြီးကို ဦးချကန်တော့သည်။


နှုတ်မှ ဖွင့်ဟမေးလျှောက်ခြင်း မပြုရသေးမီတွင် ဆရာတော်က ဓာတ်သဘောနှင့် ဝိဇ္ဇာဓိုရ်များအကြောင်း ကြိုတင် မိန့်ကြား ရှင်းပြတော်မူလေသည်။

ဆရာတော်သည် ကုလားမတောင်



www.burmeseclassic.com

www.burmeseclassic.com





◆ ဆရာတော်ဗိမာန်

◆ ဗြိုလှုနီးနီး ရှုဝေတီ

သို့ ကြွစဉ်က ဝေဒနာရှင်များအား ဓာတ်လုံးစိမ်သည့်ရေဖြင့် ကုသပေးသော်လည်း ရွာမိဿာကျောင်းတွင် သီတင်းသုံးသောအခါ ဆီတွင် ဓာတ်လုံးထည့်၍ ဆူပွက်အောင် ကျို ထားသည်။ ထိုဆီဖြင့် ဝေဒနာများကို လိမ်းကျံ ကုသပေးကြောင်း သိရသည်။ အဆောင်အဖြစ် ကြေးဓာတ်လုံးများ ဝေငှပေးတတ်သည်။

ထိုဓာတ်လုံးသည် မြွေရန်မှ အထူး ကာကွယ်ပေးနိုင်သည်ဆို၏။ ထို့အပြင် တပည့်ဒါယကာတို့အား **ကန့်ရွှေသိမ်တော်ဆရာတော်၏ဂဏနာနည်းဖြင့် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းရန် လမ်းညွှန် နည်းပြပေးတတ်သည်ဟု ကြားသိရပေသည်။**

ဆရာတော်ဦးမဟိန္ဒသည် ရုပ်ခန္ဓာကို စွန့်ခွာ၍ ပျံလွန်တော်မူသွားသော်လည်း ကုလားမတောင်၌ သီတင်းသုံးသော ဆရာတော် ဦးဉာဏထံသို့ အိပ်မက်တွင် ကြွရောက် လေ့ရှိသည်။

ဆရာတော်အိပ်မက်တွင်း မိန့်တော်မူသဖြင့် ဦးဉာဏသည် ရွာမိဿာ ရွှေသိမ်ကျောင်းသို့ မကြာခဏ ကြွရောက်တော်မူကြောင်း ဦးပဥ္စင်းများက ပြောပြကြသည်။

**(ဆရာတော် ဦးဉာဏသည် ယနေ့တိုင်အောင် ကုလားမတောင်ထက်ရှိ ကျောက်လိုဏ်ဂူတွင် သီတင်းသုံး အားထုတ်တော်မူလျက် ရှိကာ တောင်ခြေရှိ အုတ်ဖွဲ့တား အတွင်းရွာ၊ အပြင်ရွာ နှစ်ရွာသို့ သာမက ပေါင်မြို့မသို့လည်း ဆွမ်းကိစ္စ၊ သာရေးနာရေးကိစ္စ အကြောင်းပြု၍ ကြွရောက်ခြင်း မရှိချေ။ ယခုကဲ့သို့ ရွာမိဿာရွာသို့ တိုင်အောင် ဝေးလံသော ခရီးကို ကြွချီခြင်းသည် တစ်စုံတစ်ရာ အရေးကြီးသော ကိစ္စရှိတန်ရာသည် ဟု ယူဆရပေသည်။)**

## ရုပ်ပွားစေတီတော်အချို့

သိမ်နံရံတွင် ဆရာတော်၏ ပုံတူ ပန်းချီကားချပ်များ၊ ပေါင်မြို့နယ် ကုလားမတောင်သို့ ကြွရောက်ပုံ စသည့် ပန်းချီမှတ်တမ်းများ ချိတ်ဆွဲထားသည်ကို တွေ့ရသည်။

ဆရာတော်၏ ဓာတ်ပုံများမှာ ဆေးသား ပျက်ပြယ်နေသဖြင့် ထိုပန်းချီကားကိုသာ အမှီကထား၍ ရိုက်ကူးတင်ပြရပေသည်။

ဆရာတော်သည် ကျောင်းနေရဟန်း၊ သာမဏေ ကျောင်းသားများအတွက် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးမွေးတတ်သော်လည်း ကိုယ်တိုင်မှာ အစားအသောက်အတွက် အထူး ဂရုစိုက်ခြင်း မရှိလှပါ။ ပဲတီပင်ပေါက်နှင့် ကျောင်းနံဘေး ကောက်ရိုးပုံများမှ မကြာခဏထွက်ရှိသည့် ကောက်ရိုးမှိုများသာ ဘုဉ်းပေးတတ်သည်။

အသက်၊ အသား ရှောင်ကြဉ်မှု မရှိသော်လည်း ဆွမ်းထမင်း အနည်းငယ်နှင့် ပဲပင်ပေါက်၊ မှိုများ ဘုဉ်းပေးသည်ကိုသာ အတွေ့ရများသည်။

ကွမ်းယာကိုမူ မပြတ် မြုံ့ဝါးနေတတ်သည်။ ဆရာတော် သုံးစွဲခဲ့သော ကြေးကွမ်းအစ်မှာ ကွမ်းရှုံ အလေး



www.burmeseclassic.com

www.burmeseclassic.com



◀ ရှေးဟောင်းပုဂံခေတ်မှ ပြိုပျက်စေတီများ ကျီးနားမုံ ရုပ်တု ▶



ချိန် နှစ်ပိဿာခန့် ဝင်ဆံ့သည်ကို တွေ့ခဲ့ရလေသည်။

ဆရာတော် မိန့်မှာလေ့ရှိသော တပည့်ဒါယကာများအတွက် ဩဝါဒမှာ...

'အပြောမကြီးနဲ့
အအိပ်မကြီးနဲ့
အာသာဆန္ဒမကြီးနဲ့'

ဟူ၍ ဖြစ်၏။

ယင်းနောက်တွင် ရွှေသိမ်တော်စေတီ အရှေ့လှည့်မုခ်လိုဏ်အတွင်း ဝင်ရောက် ကြည့်ရှုရာ မုခ်အနေအထားမှာ ပုဂံခေတ် မုခ်ဝများအတိုင်း ထုထည် ကျဉ်းမြောင်း၍ အတွင်း၌ စံပယ်သော ရုပ်ပွားတော်ကို မော်၍ ဖူးမြော်ရသည်ကို သတိပြုမိသည်။

ရုပ်ပွားတော်မှာ အနော်ရထာမင်း ကောင်းမှု ပြည့်ဘုရားရုပ်ပွားတော်နှင့် ပုံပန်းသဏ္ဌာန် တူညီသည်။ ရယ်ပြုံးသောဟန်တော် ဖြစ်သည်။ ခြေဖဝါးပြင်မှ မုနိန္ဒဖလပ်ပန်းကိုမူ မတွေ့ရပေ။ မွမ်းမံမှုများကြောင့် ကွယ်ပျောက်နေသည်ဟုလည်း ယူဆဖွယ် ရှိပေသည်။

ရောင်လျှံတော်ချွန်နှင့် ဖြစ်သည်။ သိမ်နှင့် စေတီကို တစ်ဆက်တည်း တည်ဆောက်ထားသဖြင့် ရွှေသိမ်တော် ရုပ်ပွားတော်လည်း ဖြစ်သည်။ ရှေးယခင် ခေတ်ကာလများက အငြင်းအခုံပြဿနာများ ပေါ်ပေါက်ပါက ဤရုပ်ပွားရှေ့တော်မှောက်တွင် ဆီမီးပြိုင် ကျမ်းကိုင် သစ္စာပြုလေ့ ရှိကြသည်။

မဟုတ်မမှန်သူ၏ဆီမီး ဦးစွာငြိမ်းခြင်း၊ လိမ်ညာကျိန်ဆိုသဖြင့် ဘေးတွေ့ရခြင်းတို့ ချက်ချင်း ကြုံကြရသည်ဟု သိရသည်။

ယနေ့အခါတွင်မူ မှန်ရာကို သစ္စာဆိုတိုင်တည်ကာ လောကီ၊ လောကုတ္တရာ မျက်နှာစာအသီးသီးတွင် အောင်မြင်ဖြစ်ထွန်းမှုအတွက် ဆုတောင်းပြည့်ဝသည့် **"သစ္စာတိုင် ရွှေသိမ်တော်မုနိရှင်"**ဖြစ်သည် ဆိုကြလေသည်။

## ရွှေသိမ်တော်စေတီ

သိမ်မှ ထွက်၍ ရွှေသိမ်တော်စေတီအား ဖူးမြော်ကြည့်ရှုရာ လေးထောင့်အုတ်ဖိနပ်ခံ၍ ပစ္စယံသုံးဆင့်အထက် သွယ်လျလျ ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်ကို ဖူးတွေ့ရသည်။

**ရွှေလ ဆက်စက်ပါရန်**

**စောသိင်းလ**

www.burmeseclassic.com

# လေပြတ်ဂုရင်

## ဆင်သတ်လိုစားပါ

ဇာတ္တ (သိဒ္ဓိရာဇာ)
နဝင်းမြို့တော်

စာရေးသူတင်ပြမည့် ဆေးနည်းတို့သည် အများသိထားပြီးသော **"ဆင်တုံးမနွယ်"**ကို ဆေးကုထုံးအဖြစ် အသုံးပြုသောနည်းဖြစ်ပါသည်။

**"အသက်ကြီးရင် ဆင်စီးမှ"**ဆိုသောစကား ရှိသကဲ့သို့ ဆီး၊ ဝမ်း၊ လေ မှန်စေရန်အတွက်လည်း ဆေးအဖြစ် သုံးကြပါသည်။

ယနေ့ တိုင်းရင်းဆေးယုံကြည်သူများအနေဖြင့် ဆင်တုံးမနွယ်ကို အသုံးပြုသည်မှာ ရေလဲသာ ပြောင်းပါသည်။

သွေးတိုးသမားလည်းသုံး၊ ဆီးချိုဖြစ်သူလည်းသုံး၊ အစားအိမ်သမားလည်းစားနေသည့် ဆင်တုံးမနွယ်ဖြစ်ပါသည်။


သုံးစွဲကြပုံသာ ကွာကြပါသည်။ မင်းသားအဖြစ် ဆင်တုံးမနွယ်က အဓိက ဖြစ်နေပါတော့သည်။

အမှုန့်ပြု၍ တစ်ဖုံ၊ အရည်ကျို၍ တစ်မျိုး ဆေးအဖြစ် စားသုံးနေကြသည်ကို စာရေးသူ မကြာခဏဆိုသလို တွေ့ရပါသည်။

ပြီးခဲ့သော (၆)လခန့်ကဖြစ်ပါသည်။ စာရေးသူ၏ညီတစ်ယောက် ရာသီပေါ်စိုက်ခင်းများစိုက်ပျိုးနေ၍ သူ့စိုက်ခင်းဘက်သို့ ရောက်သွားပါသည်။

စာရေးသူနှင့် ညီဖြစ်သူတို့ စကားကောင်းနေစဉ်မှာပင် အသက်အရွယ် (၄၅)နှစ်ဝန်းကျင်ရှိမည့် အမျိုးသားတစ်ယောက် ရောက်လာပြီး စာရေးသူညီ၏ စိုက်ခင်းခြံစည်းရိုးတွင်ပေါက်နေသော ဆင်တုံးမနွယ်အပင်ကို ဆေးသုံးရန်အတွက်ပေးရန် လာရောက်တောင်းခံပါတော့သည်။

ထိုသို့ ဆင်တုံးမနွယ် လာတောင်းခံသူ၏ ပြောစကားကို အရင်းအတိုင်း ပြန်လည်၍ ဖောက်သည်ချပါမည်။



'ဒီက အစ်ကိုကြီးများကို ကျွန်တော် လက်ဆောင်စကား ပေးခဲ့ပါရစေ။ ပထမအနေကတော့ ဆင်တုံးမနွယ် ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်'

ဟု ပြောပါသည်။ တစ်ဆက်တည်း ပြောသည်မှာ...

'ကျွန်တော်ကိုယ်တိုင် လေယုတ်သွားတာဗျ။ အဲ့ လေဖြတ်လို့ ပြည်ပဆေးရော၊ တိုင်းရင်းဆေးဝါစုံအောင် ကုသခဲ့ရပါတယ်'

'ကျွန်တော် ဝေဒနာ(၃)လကျော်သည့်တိုင်အောင် ဆိုးဆိုးဝါးဝါး တိုးမလာပေမယ့် သက်သာပျောက်မှု မရှိခဲ့ဘူးဗျ'

'တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေတစ်ဦး ရောက်လာပြီး၊ ကျွန်တော့် ကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့ အကြံပေးခဲ့ပါတယ်။

တိုတိုတုတ်တုတ် ပြောရရင်တော့ ဆေးဖိုးဝါးခလဲ ကုန်လှရောပေါ့။ သူပြောတဲ့ဆေးကို ယုံယုံကြည်ကြည်နဲ့ သောက်ပါလို့ အကြံပြုခဲ့တယ်ဗျ။ ဆေးနည်းလဲ ပေးသွားခဲ့ပါတယ်'

**ဆေးနည်းကတော့...**

၁။ ဆင်တုံးမနွယ် အချိန် (၂၅)ကျပ်သား
၂။ လေညှင်း (၁)ကျပ်သား
၃။ စမုန်မျိုးငါးပါး (၁)ကျပ်သား
၄။ ထန်းလျက်(ထန်းဖိုငြီးဆိုလျှင်ပိုကောင်း) (၁၅)ကျပ်သား
၅။ ဟင်းခတ်ဆား (၁)ကျပ်သား။

**မှတ်ချက်**

**(လေညှင်းနှင့် စမုန်မျိုးငါးပါး အမှုန့်ပြုထားပါ)**

ဆေးဖော်စပ်ပုံမှာ

*** ပထမအဆင့်**

အိုးသစ်တစ်လုံးတွင် ဆင်တုံးမနွယ်ကို ပါးပါးခုတ်စင်းထားပြီး ရေမြှုပ်ရုံ ထည့်ပါ။ ပွက်အောင်ထည့်၍ကျိုပါ။

ရေဆူပွက်ချိန် (၁၀)မိနစ်တွင် ဆင်တုံးမနွယ်ပြုတ်ရည်ကို သန့်သောခွက်ဖြင့် ငှဲ့ယူထားပါ။

နောက်တစ်ကြိမ် ဆင်တုံးမနွယ် မြှုပ်ရုံ ရေထပ်ထည့်ပြီး အထက်ကနည်းအတိုင်း ကျိုပါ။ အချိန်စေ့လျှင် အရည်ကိုငှဲ့ယူပါ။ (၃)ကြိမ်ကျိုယူပါ။

ပထမအကြိမ် ကျိုထားသော သတ္တုရည်နှင့် ဒုတိယအကြိမ်ကျိုယူထားသော သတ္တုရည်ကိုရောပြီး မူလအိုးတွင် ထည့်ပါ။ [ဆင်တုံးမနွယ် ပြုတ်ဖတ်များ ထည့်ရန်မလိုပါ။]

*** ဒုတိယအဆင့်**

ဆင်တုံးမနွယ် (၃)ကြိမ်ပြုတ်ရည်တို့ကို ထန်းလျက်(၁၅)ကျပ်သား ထည့်၍ မီးမှန်မှန်ဖြင့် ပြန်၍ ကျိုချက်ပါ။

ထန်းလျက်ခဲများအားလုံး ပျော်၍ ပျော်ဝင်ရည် ဖြစ်သွားသောအခါမှ လေညှင်းနှင့် စမုန်မျိုးငါးပါး အမှုန့်ပြုထားသည်များကို ထည့်၍ သမအောင် မွှေပေးပါ။

ကျိုနေသော ဆေးနည်းများ

စာမျက်နှာ (၇၉) သို့

www.burmeseclassic.com

# အဖောရောဂါ ဆေးတစ်လက်

(၂၄)ရက်၊ ဒီဇင်ဘာလ၊ ၂၀၀၄ခုနှစ် နေ့တွင် ဦးလှသော်တို့မိသားစု ဒါနဆွမ်းကျွေးပွဲသို့ ရောက်ဖြစ်ခဲ့၏။

ရပ်ဆွေရပ်မျိုးဖြစ်သော "ဖလံတောင်ဆရာတော်" ကြွလာသဖြင့် ဆရာတော်ကို ဆွမ်းလှူခြင်းဖြစ်သည်။

ဆရာတော် ဆွမ်းကိစ္စပြီးသောအခါ ဖူးမြော်လာသူ မိမိတို့နှင့် ဟိုအကြောင်း သည်အကြောင်း ပြောကြ၏။

ပြောရင်းဆိုရင်း ရောဂါအကြောင်း ရောက်သွားရာ ရွာထဲက မိန်းမကြီး တစ်ဦး အဖောရောဂါ ခံစားနေရကြောင်း၊ အမျိုးမျိုးကုသော်လည်း မပျောက်သေးကြောင်း၊ ငွေကြေးလည်း ကုန်လှပြီဖြစ်ကြောင်း ပြောကြရာ ဖလံတောင်ဆရာတော်က...

'အဖောရောဂါအတွက်တော့ ဆေးရှိပါတယ်။ လွယ်လွန်းလို့ မယုံမှာ တောင်စိုးရ'

ဟု မိန့်လေ၏။

သိချင်သဖြင့် မေးလျှောက်ရာ...

'ကျောက်ဖရုံသီးကို အခွံနွာပြီး အနေတော်တုံးနဲ့စိပ်၊ ပြီးလျှင် ရေလုံပြုတ်သောက်၊ ဘာဆိုဘာမှ မထည့်နဲ့၊ ဆားမထည့်နဲ့ ကြက်သွန်မထည့်နဲ့၊ ဘာကိုမှ မထည့်နဲ့ ရေနဲ့ပဲပြုတ်၊ ကုန်သလောက်သောက်၊ စားလဲစား အဖောရောဂါ သိသာပါလိမ့်မယ်'

'ဆရာတော်ရဲ့ ဦးဇင်းကြီးတစ်ပါးလဲ ဒီကျောက်ဖရုံ ကယ်လို့ ခုထိရှင်တုန်း'

ဟု တိုရှင်းလိုရှင်း မိန့်ကြားခဲ့၏။



(ဆရာတော်လည်း ဒကာကြီးတစ်ဦးထံကဆေးနည်း ရခဲ့သည်ဆို၏။)

ထို့ကြောင့် စေတနာရှေ့ထားကာ နက္ခတ္တရောင်ခြည် စာဖတ်ပရိသတ်တို့အား ဆေးနည်း ဒါနဝေငှအပ်ပါသည်။

[ဖလံတောင်ဆရာတော် ဦးနန္ဒိယသို့ ဂါရဝများစွာဖြင့်...]

*ကျန်းမာကြပါစေ...*

မောင်လေးကေ (ဘီလင်း)

---

စာမျက်နှာ (၇၈)မှ အဆက်

ကောင်းစွာ ပွက်ပြီးသောအခါတွင် အဖုံးအုပ်ပြီး မီးဖိုပေါ်မှ ချထားရန်ဖြစ်ပါသည်။

ဆေးအရည်များ အေးလာသောအချိန်တွင် သန့်ရှင်းသော ပုလင်းတစ်လုံးတွင် ထည့်ထားပါ။

ဆင်တုံးမနွယ် ဆေးသစ္စာရည်ကို ညအိပ်ချိန်တွင် **ဟင်းခတ်ဇွန်း (စတီးဇွန်း)နှစ်ဇွန်း**သောက်၍ အိပ်ပါ။ ရေအေးဝအောင်သောက်ပါ။

ရောဂါကြီးသူများ မနက်တစ်ကြိမ် သောက်ရပါမည်။

ဆေးနည်းပြောနေသော အမျိုးသားက ဆက်ပြောရာတွင်...

'ကျွန်တော်တော့ (၂၁)ရက်လောက် သောက်ရတဲ့အချိန်ကြတော့ လက်ခြေတွေ၊ မူလအတိုင်း အကောင်းဖြစ်လာတယ်။ စကားလဲ ပီလာတယ်။

အခုတော့ ကောင်းနေပေမယ့် ဝမ်းလဲမှန်၊ ဆီးလဲမှန်ပြီး မျက်စိပါ ကြည်ကြည်လင်လင်ဖြစ်နေလို့(၂)ရက်ခြားတစ်ခါညဘက်မှာသောက်နေတာဗျ၊ အတော်အစွမ်းထက်တဲ့ ဆေးပဲဗျ'

ဟု စိတ်အားထက်သန်စွာ ပြောပြပါသည်။

ကိုယ်တွေ့ကြုံခဲ့သူတစ်ဦး၏ ပြောပြချက်ဆေးနည်းကို တောင်းခံခဲ့ပါသည်။

နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် ဆေးဆောင်းပါးရေးသားခွင့်ပြုရန်လည်း မေတ္တာရပ်ခံလိုက်ရပါတော့သည်။

"ဗိုဗိုတဒါနပေါ့ဆရာရယ်၊ ရေးပါ၊ ကျွန်တော်လဲ ကုသိုလ်ရတာပေါ့"

ဟု ရွှင်လန်းဝမ်းမြောက်စွာ ပြောကြားသွားပါတော့သည်။

***ရောဂါကင်းကွာ၍ ကျန်းမာကြပါစေ...***

**အဂ္ဂ (သိဒ္ဓိရာဇာ)**
**နဝင်းမြို့တော်**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

နှလုံးရောဂါနဲ့ ပတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်ရှာ

[တိုင်းရင်းဆေးဝါးမှတ်ပုံတင်
၀၃၀၆ Y ၀၆၆၅၃
လိုင်စင်–၃/၂၀၀၄၊
တာဆထလ (၁၂၅၁)]

မြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ **"နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင်ရှာ"**ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခုကို စတွေ့စဉ်ကဖတ်ပြီး ပြုံးခဲ့မိပါတယ်။




အလေးအနက် မထားမိရိုး အမှန်ပါ။ ဒါပေမယ့် ပန်းသတင်းလေညင်းဆောင်ဆိုသလို တန်ခိုးရှင် နှလုံးအားတိုးဆေးကို သောက်ပြီး၊ နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားရဖန် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတယ်။

နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး၊ အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နှီးဆော်တင်ပြလိုက်ပါတယ်။

ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါလဲ အပါအဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ လူ့ခန္ဓာကိုယ် ရင်၏ အတွင်းသားမြွှာနှစ်ခု အလယ် ပဒုမ္မာကြာငုံ သဏ္ဌာန်တည်ရှိပါတယ်။ လူ့ခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယခေါ် နှလုံးဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့/ညမပြတ် အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လှည့်ပတ်နေတဲ့သွေးများကို သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြုလုပ်ပေးနေရပြီး၊ တစ်ကိုယ်လုံးရှိ သွေးကြောအားလုံးကို မှီဆောင်ဆက်သွယ်ပေးနေရတဲ့ စက်တစ်ခုဆိုရင် မမှားပါဘူး။

နှလုံးသွေး ပုံမှန်လည်ပတ်စေဖို့ အဓိက အချက်ကတော့ **ဝမ်းတွင်းမှာရှိတဲ့ လေ(ဝါယော)ဟာ အဓိကကျပါတယ်။** လေအားနည်းရင် သွေးအားပုံမှန်တွန်းမပို့နိုင်တဲ့အတွက် နှလုံးသွေးဟာ ပျစ်ခဲပြီး နှလုံးသွေးလည်ပတ်မှု အားနည်းလာပါတယ်။

အဲဒီအခါ **လေးဖက်နာ၊ လေငန်းလေဖြတ်ရောဂါများ** နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိခွင့်ရခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးစူးခြင်း၊ မောခြင်း၊ ကျပ်ခြင်းတို့ဟာ သီတန္တညာ ဝိရောဓိပစ္စယကြောင့် ဖြစ်လာရခြင်းပါ။ အချိုအဆိမ့် အဆီးအစေးများသော အစာအာဟာရများ လွန်ကျူးစွာ စားသုံးခြင်း၊ အရက်အမျိုးမျိုး၊ ဆေးလိပ်၊ ဆီးကရက်တို့ သောက်သုံးခြင်း၊ စိုးရိမ် ပူပန်မှုများခြင်း၊ ဖိမ်ခံမှုများခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ နေပူ မီးပူခံပြီး ရေချိုးခြင်း၊ ပန်ကာလေ၊ လေအေးစက်တို့တွင် နေထိုင်မှုများခြင်း စတဲ့ အကြောင်းအချက်များဟာ နှလုံးရောဂါ ဖြစ်ပွားလာရခြင်းရဲ့ အဓိကအချက်များ ဖြစ်ပါတယ်။

အဲဒီ နှလုံးရောဂါကို လျင်မြန်စွာ သက်သာပျောက်ကင်းစေတဲ့ ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူမဝခြင်း၊ အချိန်ပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်စွာ လှုပ်ရှားမှုကြောင့် မောပန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊ သွေးအားနည်းခြင်း၊ ရင်တုန်မူးဝေခြင်း။

ကျောရင်ညှပ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ နှလုံးစူး၍ အောင့်ခြင်း၊ မီးယပ်ထိမ်၊ မီးယပ်ကျန်၊ မီးယပ်ငုပ်ခြင်း စသည့်ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး ကလေး ငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး လန်းဆန်းစေပါတယ်။ ဤဆေးကို နေ့စဉ် သောက်သုံးခြင်းဖြင့် ဘာကြောင့် မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ အလွယ်တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်မှ မြန်မာပြည်တစ်ဝန်း ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း မင်္ဂလာသတင်းကောင်း ပါးလိုက်ပါတယ်။

**ပင်ရင်း**
**တန်ခိုးရှင် ဆေးတိုက်**
အမှတ်–(၁၉၂) ဈေး(ဂ)လမ်း (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- ၀၉ ၈၆၃၅၂၂၅၊ ၀၉ ၂၅၀၀၁၅၀၈

မြောင်းမြ မောင်ယဉ်တင်



www.burmeseclassic.com

www.burmeseclassic.com




◆ ရွှေစေတီတော်အား ၂၀၁၂ ခုနှစ်က ပုံမှန်ကျင်းပ ပါဝင်တော်မူရာတွင် ကျောက်မြတ်စီတော်များကို မြင်တွေ့နိုင်ပါသည်

# စစ်ကိုင်းတောင်ရှိ သမိုင်းဝင်စေတီများ

## ၏ အောင်မြေနှင့် ရှိခိုးပူဇော် ဂါထာတော်များ (၄၄)

### ရွှေစေတီတော်

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

*[၃-ကြိမ် ရွတ်ပါ။]*

သင်္ဃံ ပေါမဥ္စ ရတနံ၊
ဂေဟံ ဝတ္ထု ဘောဇနံ၊
တဒုဒ္ဒေဿ ယထာစိတ္တံ၊
မာပေယျံ တံ နမော ဇိနံ။

မြန်မာပြန်

**ယောဇိနော**–အကြွင်မြတ်စွာဘုရား သည်

**သင်္ဃရတနံ**–ငွေရတနာကို လည်း ကောင်း၊

**ပေါမဥ္စ**–ရွှေရတနာကို လည်း ကောင်း၊

**ဂေဟံ**–အိမ်၊ ကျောင်း၊ ဇရပ် အထပ် ထပ်သော အဆောက်အအုံကို လည်း ကောင်း၊

**တဒုဒ္ဒေဿ**–ထိုမှတစ်ပါး များပြားလှ သော ရတနာအဆောက်အအုံတို့ကို လည်းကောင်း၊

**ယထာစိတ္တံ**–စိတ်တော်အလိုရှိရာ ဆန္ဒတော်အတိုင်း၊

**မာပေယျံ**–ရယူ ဖန်ဆင်းတော်မူနိုင် ပါပေ၏၊

**တံဇိနံ**–ထို စိတ်တော်ရှိတိုင်း လို တိုင်းပိုင်ပိုင် ဖန်ဆင်းတော်မူနိုင်သော မြတ်စွာဘုရားကို၊

**မေ**–"..."ဟု နာမသမုတ် အကျွန်ုပ် သည်၊

**နမော**–ရှိခိုးကန်တော့ပါ၏ ဘုရား။

**ဘုရားတည်နှစ်**။ ။ သက္ကရာဇ် ၁၂၄၆ ခုနှစ်။

**ဘုရားဒါယကာ**။ ။ လူသူတော်ကြီး ဦးပြင်း။

**တည်နေရာ**။ ။ စစ်ကိုင်းတောင်ရိုး၊ ပတ္တမြားစေတီ၏ တောင်ဘက်။

**ပွဲတော်ရက်**။ ။ သတ်မှတ်ထားခြင်း မရှိသော်လည်း ပတ္တမြားစေတီပွဲတော် ရက်များတွင် (တော်သလင်းလပြည့် နေ့)၌ ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး မျိုးစုံဖြင့် ကပ်လှူပူဇော်ကြပါသည်။

**အောင်မြေ**။ ။ တနင်္ဂနွေထောင့် ကျောက်ထီးတော်ကြီးအနီး။

www.burmeseclassic.com






◆ ရွှေစေတီတော်၏ တောင်ခြမ်းဘက်မှ ကျောက်သိမ်မြှုတော်

◆ ပတ္တမြားစေတီတော်မှ ပင်ယံထောက် ရုပ်ပွားတော်များ

◆ ရွှေစေတီအနီးမှ သက်တော်ရှင် ကန်တော့ခံစေတီတော်အား ဖူးမြင်ရပုံ



**အစောင့်အရှောက်**။ ။ ပုဏ္ဏကနတ်မင်းကြီး။

ရွှေစေတီတော်မြတ်မှာ စစ်ကိုင်းမြို့၏သမိုင်းဝင် "**ရွှေကိုးဆူ**" စေတီတော်များ၏ စာရင်းဝင် စေတီတစ်ဆူ ဖြစ်လေသည်။

ယနေ့တိုင်အောင် "**ရွှေကိုးဆူ နဝင်းကျင့်စဉ်**" ဖြင့် အားထုတ်ရသော စေတီတော်တစ်ဆူဖြစ်၍ နံနက်အစောပိုင်းနှင့် ညပိုင်းတို့တွင် အဓိဋ္ဌာန်ဝင်သူများရှိနေလေသည်။

ရွှေကိုးဆူစေတီတော်များ

(အတွင်းကိုးဆူ)

၁။ ရွှေမုဋ္ဌောစေတီ၊
၂။ ရွှေဆည်းလည်းမုဋ္ဌောစေတီ၊
၃။ ရွှေတောင်ဦးမော်စေတီ၊
၄။ ရွှေတောင်ကုန်းစေတီ၊
၅။ ရွှေကူနီစေတီ၊
၆။ ရွှေစေတီ(ပတ္တမြားတောင်)၊
၇။ ရွှေကြက်တောင်စေတီ၊
၈။ ရွှေမြင်မိစေတီ၊
၉။ ရွှေမင်းဝံစေတီ

တို့အား ရှေးအဆက်ဆက်က "**အတွင်းရွှေကိုးဆူ**" ဟူ၍ ထင်ပေါ်ကျော်စောခဲ့၍ ယခုခေတ်တိုင်အောင် ဂန္ဓာရီပုဂ္ဂိုလ်များ အားထုတ်နေကြပါသည်။

အပြင်ရွှေကိုးဆူ

၁။ ရွှေစေတီ [အင်းဝ]
၂။ ရွှေကြက်ယက် [အမရပူရ]
၃။ ရွှေကြက်ကျ [အမရပူရ]
၄။ ရွှေကြက်ထောင် [စစ်ကိုင်း]
၅။ ရွှေပွတ်တိုင် [စစ်ကိုင်းတောင်]
၆။ ရွှေရင်မြော် [စစ်ကိုင်းတောင်]
၇။ ရွှေဂူကြီး [မြေဝတီ-စစ်ကိုင်း]
၈။ ရှေမြင်တင် [ရေခါးရွာ၊ စစ်ကိုင်းတောင်]
၉။ ရှေဘုန်းပွင့် [စစ်ကိုင်း မင်းဝံတောင်]

အထက်ပါ အပြင်ရွှေကိုးဆူတို့အား "**အတွင်းရွှေကိုးဆူ**" အဓိဋ္ဌာန်ပြီးစီးပါလျှင် တစ်ဆက်တည်း အဓိဋ္ဌာန်ဝင်အားထုတ်လေ့ရှိကြပါသည်။

ထိုအဓိဋ္ဌာန်ဝင်ကျင့်စဉ်များမှာ ရှည်






www.burmeseclassic.com

www.burmeseclassic.com





▲ ရွှေစေတီတော်အနီးမှ ပတ္တမြားစေတီတော်

◀ ရွှေစေတီတော်အား ရေစင်ထက်မှ မော့မျှော် ဖူးကြည့်နေသော ခြင်္သေ့ကြီး

▼ ရွှေစေတီတော်မှ အဓိဋ္ဌာန်ဆောင် ဝေနေတော်စုပုံ



လျှားခြင်းကြောင့် သီးသန့်ရေးသားမှသာ ပြီးပြည့်စုံမည် ဖြစ်ပါသည်။

ယခုအောင်မြေဆောင်းပါးတွင် ရွှေစေတီတော်၏ အကြောင်းခြင်းရာကိုသာ ဦးစားပေးရေးသားထားပါ၏။

ရွှေစေတီသွားရာလမ်းမှာ (၂)သွယ်ရှိနေပါသည်။ ပထမလမ်းသည် တောင်ဖီလာ ဆရာတော်ကြီး ဦးဝိလာသ၏ ကျောင်းတော်ကြီး တည်ရှိရာ အဓိဋ္ဌာန် ဗောဓိပင်စခန်းသို့ ဝင်ရောက်၍ အရှေ့တောင်ဘက် တောင်ကြောအတိုင်း မိနစ်အနည်းငယ်သွားခြင်းဖြင့် လမ်းတစ်သွယ်ရှိလေ၏။ ဤလမ်းကို အဓိဋ္ဌာန်ဝင်သူများသာ သွားရောက်လေ့ရှိပါသည်။

ယခုဖော်ပြသော ပထမလမ်းမှာ ဂန္ဓာရီပုဂ္ဂိုလ်များအတွက် အကျိုးထူးရရှိစေသောကြောင့် အဓိဋ္ဌာန်ဝင် အားထုတ်သူများနှင့် လေ့လာသူများအဖို့ တန်ဖိုးရှိလှပါသည်။

ဒုတိယလမ်းမှာ ကား ဆိုင်ကယ်တို့ တိုက်ရိုက်သွားနိုင်သော ကတ္တရာလမ်းမကြီး ဖြစ်ပါသည်။ သွားရလွယ်ကူလှပါပေသည်။


စစ်ကိုင်းတောင်ရိုး လမ်းမကြီးအတိုင်း သီတဂူဗုဒ္ဓတက္ကသိုလ်ကို ကျော်လွန်ပါက တောင်ဖီလာအခြေသို့ ရောက်ရှိပါမည်။ တောင်ဖီလာမုခ်ဦးကြီးက ကြိုဆိုနေပါလိမ့်မည်။

တောင်ဖီလာ အဝင်လှေကားကို ကျော်သွားပါက တောင်တက်ကားလမ်းကြီးမှာ ကတ္တရာလမ်းကြီး ဖြစ်သောကြောင့် ယုံကြည်စိတ်ချစွာ တက်ရောက်နိုင်လေပြီ။

တောင်တက် ခရီးစဉ်တစ်လျှောက်၏ မြင်ကွင်းများမှာ ဘုရားဖူးခရီးသည်များအား မြို့ကြီးပြကြီးများနှင့် လုံးဝမတူ တမူခြားနားလှသော အိပ်မက်ကမ္ဘာတစ်ခုသို့ ရောက်ရှိသွားသကဲ့သို့ ရင်သပ်ရှုမောဖွယ် ခံစားရပါလိမ့်မည်။

ပိဋကတ်ကျမ်းစာများဖြင့် ဓမ္မအောင်မြေဖြစ်သော လေးကျွန်းဆီမီးစေတီတော်ဟု သမုတ်တော်မူထားသော်လည်း **သာလွန်မင်းတြားကြီး၏ ဆရာ တိပိဋကာလင်္ကာရမဟာ**

www.burmeseclassic.com



အဓိဋ္ဌာန်စခန်းတစ်ခုဖြစ်သော မဏိကာဥ္စနစေတီတော်မှ ပင်းယခေတ် ရုပ်ပွားတော်တစ်ဆူ



အဓိဋ္ဌာန်စခန်းအတွင်းမှ ပင်းယခေတ်ဦး ရုပ်ပွားတော်၏ ထူးခြားလှသောပုံဟန်



သိမ်တော်ကြီးအတွင်းမှ ဘူမိဖဿရုပ်ပွားတော်

**တိပိဋကာလင်္ကာရ ဘွဲ့တော်နှစ်ထပ်ရ တောင်ဖီလာဆရာတော် အရှင်မုနိန္ဒဘိဝံသမထေရ်က** မိမိ ရေးသားသော ဝိနည်းငါးကျမ်း ပါဠိတော်နိဿယပေမူများကို ဌာပနာသွင်းထားသောကြောင့် တောင်ဖီလာစေတီ ဟူ၍သာ တစ်ပြည်လုံး ကျော်ကြားလှပေသည်။

တောင်ဖီလာ စေတီတော်အား အနည်းငယ်ကျော်လွန်ပါလျှင် စစ်ကိုင်းမြို့၏ သမိုင်းဝင် သိမ်တော်ကြီး (၃၁) သိမ်မှ **"ရွှေမခြုပ် သိမ်တော်ကြီး"** အား ဝင်ရောက်၍ မိမိဘဝတစ်လျှောက် အလှူကြီး အလှူငယ် အလှူဒါနပြုခဲ့သမျှတို့အား အောင်မေ့ရည်မှတ်ကာ အမျှဝေခြင်း၊ မေတ္တာပြုခြင်းဖြင့် တစ်ဘဝစာ ကောင်းမှုကုသိုလ်တို့၏ အဖို့ဘာဂ တန်ဖိုးတို့ကို ရရှိအောင်မြင်ကြလိမ့်မည်ဟု သမဏသုခဆရာတော် ဦးဝါသဝမှ အမိန့်ရှိခဲ့လေသည်။

ထိုမှ တောင်ထိပ်တစ်လုံးကို ကျော်လွန်ပါက **"ပတူကြီးသံဃာရာမ"** တည်ထားသော မဏိမာရ်အောင်စေတီတော်အား ဝင်ရောက်၍ ဓာတ်ပိုင်းဆိုင်ရာများ၊ အင်္ဂရတ်ဆိုင်ရာပစ္စည်းတစ်စုံတစ်ရာ ရှိထားပါက အဓိဋ္ဌာန်တင်ခြင်း၊ သိဒ္ဓိတင်ခြင်းများကို အပိုဆု ရရှိနိုင်ကြသည်။

တောင်ကြော၏ လက်ယာဘက်တွင် **"ကျိုက်ပိစေတီတော်"**ကို ဖူးမြင်နိုင်ကြလေသည်။ ကျိုက်ပိစေတီ အမည်မှာ မွန်အမည်ဖြစ်၍ ကျွန်ုပ် မသိပါ။

အရှေ့ဘက် တောင်ထွတ်ပေါ်မှ စေတီတော်မှာ **"သက်တော်ရှင်ကန်တော့ခံစေတီ"** ဖြစ်လေသည်၊ ကျန်းမာရေးအတွက် ရေချမ်း၊ ဆီမီးတို့ဖြင့် ပူဇော်ကန်တော့ရလေသည်။

တောင်ကြော၏ အကွေ့ရောက်ပါက မြင့်မားလှသော တောင်ထွတ်ပေါ်မှ ကြည်ညိုဖွယ်ရာ **"မဏိကာဥ္စန စေတီတော်"**အား ဘွားခနဲ ဖူးမြင်ရပါလိမ့်မည်။ ဤစေတီတော်မှာ အဓိဋ္ဌာန်ဝင်အားထုတ်ကြသော ပုဂ္ဂိုလ်များသာ ရှိတတ်ပါသည်။

လမ်းမကြီး၏ အနောက်မြောက်ဘက်တွင် **"ကျောက်တိုင်စေတီတော်"**ဟု အသိများသော အလယ်ပွတ်ခံစေတီတော်ကြီးတစ်ဆူ တည်ထားလေ၏။

ထိုစေတီတော်၏ ဘေးတွင် ပြသာဒ်ပေါက်စေတီတော်များဖြင့် ခြံရံလျက်ရှိလေရာ ရှေးအခါက တောင်ဖီလာဆရာတော်ကြီး၏ **"ဘေးမဲ့ သက်ကယ်နယ်မြေ"**အဖြစ် သတ်မှတ်ထားသော, ကျောက်တိုင်ကြီးစိုက်ရာ ဌာနဖြစ်လေသည်။

ကျောက်တိုင်နေရာ၌ စေတီတော်တည်ထားခြင်းဖြင့် **"ကျောက်တိုင်စေတီတော်"**ဟု နာမည်တွင်နေရှာတော့၏။


"အသက် သတ်လွှတ်" သုံးဆောင်



www.burmeseclassic.com

www.burmeseclassic.com







▲ ပတ္တူကြီးသံဃရာဇာ၏ မင်္ဂလာနံ့အောင်စေတီ

◀ ရွှေစေတီသိမ်တော်ကြီးနှင့် ဇော်ကွန်းတော်

▼ ရွှေစေတီတော်မှ အတက်လမ်းတွင် အဦးဆုံးဖူးမြင်ရသော တောင်ပီလာ ဆရာတော်ကြီး၏ လေးကျွန်းသိမ်းစေတီ



▼ တောင်စောင့်ရှင်ဥက္ကာနတ်မင်းကြီး၏ နန်းဆောင်



သူများအတွက် အထူးအကျိုးပြုသော ဌာနဟူ၍ ကျော်စောသော အဓိဋ္ဌာန်စခန်းဖြစ်လေသည်။

ဤနေရာမှ အရှေ့တည့်တည့်တွင်ကား "ရွှေစေတီတော်" အား ဖူးမြင်ရပေတော့၏။ ရွှေစေတီတော်၏ သမိုင်းနိဒါန်းမှာလည်း ထူးဆန်းအံ့ဖွယ်ရာဖြင့် စတင်ခဲ့လေသည်။

လွန်ခဲ့သော နှစ်ပေါင်း(၁၀၀)ကျော်၏ နှစ်သစ်ကူးအခါသမယဝယ် ဝတ်ချက်ရွာကြီးမှ နွားကျောင်းသားတစ်ဦးသည် နွားပျောက်ရှာရင်းက **ပတ္တမြားတောင်တော်**သို့ ရောက်ရှိခဲ့လေ၏။

တောင်ကမ်းပါးယံ ဒဟတ်တောသို့ရောက်သောအခါ မိမိနွား၏ လည်ပင်းမှာ ဆွဲထားသည့် ချလွယ်(ချူသံ) ကြားရာသို့ ဝင်ရောက်ကြည့်ရှုလေ၏။

မြင်ကွင်းမှာကား ဉာဏ်တော်ကိုးတောင်ရှိသော ရွှေရောင်တဝင်းဝင်းနှင့် ရွှေသားစင်စစ် စေတီတော်ကြီးကို တအံ့တသြ ဖူးမြင်ရလေတော့သည်။

ရွှေသားအစစ် စေတီတော်အား ရှေးယခင်က ဖူးမြင်ရသူ များစွာရှိကြသောကြောင့် ကြားဖူးနားဝရှိနေသော်



www.burmeseclassic.com

www.burmeseclassic.com

လည်း ယုံကြည်ခြင်းမရှိခဲ့။ ယခု ကိုယ်တိုင် မျက်မြင်တတ်အပ် ဖူးမြင်ရလေရာ နွားကျောင်းသား အဆောင်အယောင်ဖြစ်သော နွားလုံကြိုး၊ လေးခွနှင့် ယုန်ထောင်ပိုက်တို့အား စွန့်ပစ်၍ ကန်တော့လိုက်လေ၏။

မြေပြင်၌ ရှိခိုးချလိုက်သောအခါ လက်ဝါးနှစ်ဖက်အောက်တွင် ခုလုခံနေသောကြောင့် လက်ဖယ်လိုက်လေရာ နီရဲနေသော ပတ္တမြားကျောက်တစ်လုံးအား ရရှိသွားလေတော့သည်။

နောင်အခါတွင် အလှူကြီးပေး၍ ကိုယ်တိုင်ပင် ရဟန်းပြုသွားလေရာ ရဟန်းဘဝနှင့်ပင် အရိုးထုတ်သွားလေ၏။ ရွှေစေတီကို ထပ်မံ မဖူးမြင်နိုင်တော့ဟု ဆိုကြပါ၏။

**လှူသူတော်ဦးပြင်းဆိုသူ** ပုဂ္ဂိုလ်ကြီးတစ်ဦးသည် ပတ္တမြားစေတီတော်သို့ တောင်တက်ခရီးကြမ်းမှ နေ့စဉ်ဝတ်မပျက် တက်ရောက်၍ အဓိဋ္ဌာန်အားထုတ်လေ့ရှိလေသည်။

တစ်နေ့သောအခါ အဓိဋ္ဌာန်နား၍ မေတ္တာပို့နေခိုက် ရှောင်ကြီးရှင်ပုဏ္ဏကနတ်မင်းကြီးက လမ်းညွှန်ချက်ပေးလှူလေ၏။

ထိုလမ်းညွှန်ချက်အတိုင်း လှူသူတော်ကြီးဦးပြင်း ရွှေသားရွှေစင် ရွှေစေတီတော်၏လုံးပတ်တော်အတိုင်း ကိုယ်စားကိုယ်ပွားတော်အဖြစ် ရွှေအဓိဋ္ဌာန်ဖြင့် တည်ထားလေသည်။

စေတီတော်၏ ဘွဲ့အမည်မှာလည်း အလိုအလျောက် "ရွှေစေတီတော်" ဟု အမည်တွင်နေပေတော့သည်။

မူလရွှေစေတီတော်အား လူပုဂ္ဂိုလ်တိုင်း ဖူးမြော်ခွင့် မရကြပါ။ ဖူးမြင်ခွင့်၊ ဖူးမြော်ထိုက်သူများသာ အခွင့်ထူးကို ရရှိ ကံထူးနိုင်ကြလေ၏။

မူလရွှေစေတီတော်အား လူတိုင်း ဖူးမြင်ခွင့်မရခြင်းမှာ ထူးမြတ်လှသော ပါရမီရှင်၊ သူတော်ကောင်းတို့၏ အဓိဋ္ဌာန်အားကြောင့် စောင့်ရှောက်ကြကုန်သော သမ္မာဒေဝနတ်မင်းကြီးတို့က ကာကွယ်ထားရှိကြကြောင်း သုမဏ



ရွှေစေတီ တောင်ဘိုင်ကြီး၏ နန်းဆောင်

သုခဆရာတော်ကြီး ဦးဝါသဝမှ အမိန့်ရှိခဲ့ဖူးပါသည်။

ယနေ့ စာမူရေးသားနေချိန် သက္ကရာဇ် ၁၃၇၇ ခုနှစ်၊ တပေါင်းလ အခါတော်တွင် ရွှေစေတီတော်၏ သက်တော်မှာ နှစ်ပေါင်း (၁၃၀)ကျော်ခဲ့လေပြီ။

ဤမျှ နှစ်ပေါင်းရာကျော် ကာလပေါင်းများစွာ ကျော်ဖြတ်လာခဲ့သော်လည်း သဘာဝရာသီဥတု၏ အန္တရာယ်၊ စစ်ကိုင်း ငလျင်ပြတ်ရွေ့ကြော၏အန္တရာယ်နှင့် တောမီးတို့၏ အန္တရာယ်များကို ကြံ့ကြံ့ခိုင်ခိုင် မယိုင်မလဲ ပျက်ကွဲခြင်းမရှိ မားမားမတ်မတ် ရပ်တည်နိုင်ခဲ့သော်လည်း လောဘ၊ မောဟ၊ အတောမသတ်နိုင်သော မသူတော်များ၏ဒဏ်ကိုမူ သည်းခံတော်မူပါလေသည်။

စေတီတော်မြတ်၏ သမိုင်းကို မျက်ကွယ်ပြု၍ မသိနားမလည်သောကြောင့် လည်းကောင်း၊ ဘုရားပွဲတော်ရက် မရှိခြင်းကြောင့် လည်းကောင်း အထိမ်းအမှတ် စေတီတော်တစ်ဆူအဖြစ်သာ တည်ရှိခဲ့လေ၏။

ယခုအခါ မသမာသူများ၏ ဒဏ်ကြောင့် ရွှေစေတီတော်၏ အရပ် ရှစ်မျက်နှာမှာ မုခ်ပြသာဒ်ဆောင်များ၏ အတွင်းမှ ပုဂ္ဂိုလ်ထူးများ၏ စကျင်ကျောက်ဖြူသား နတ်မင်းကြီးများ၏ ရုပ်တုတော်များ လုံးဝမရှိတော့ပါ။

ပတ္တမြားစေတီတော် ဂေါပကအဖွဲ့၏ တန်ဖိုးသိသိ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခြင်းကြောင့်သာ ဖူးမြင်နိုင်ခွင့် ရရှိနေခြင်းဖြစ်ပါသည်။

ရွှေစေတီ၏ ပုံဟန်တော်မှာလည်း လွန်စွာ ထူးခြားလှပါပေသည်။

ဘုရားရင်ပြင်တော်အား လေးထောင့်တိကျစွာ ခင်းကျင်း၍ တစ်မျက်နှာလျှင် (၂၇)ပေ ထားရှိပါသည်။ အရှေ့၊ အနောက်၊ တောင်၊ မြောက်ဗဟိုများတွင် ဝင်ထွက်အပေါက်များ ပြုလုပ်ထားလေ၏။

ရင်ပြင် မီးတားတံတိုင်းများ၏ ဆုံမှတ်များပေါ်တွင် ကျောက်ထီးဖြူတစ်လက်စီဖွင့်၍ အေးမြသော အောင်ဓာတ်ကို ပေးနေဟန် ဆင်ယင်ထားပါသည်။

ခုနစ်ရက်သားသမီး သူတော်ကောင်းများအား အေးမြဆိတ်ငြိမ်သော အရိပ်အောက်တွင် စိလ်လက်ချမ်းသာစွာ နေထိုင်နိုင်ရန် ရည်ရွယ်ရင်း ဖြစ်လေသည်။

ရွှေစေတီ၏ အုတ်ဖိနပ်တော်ကို အခြားသော စေတီတော်များနှင့်မတူ၊ ရင်ပြင်မှ (၃)ပေ (၆")လက်မမြင့်၍ အရပ်ရှစ်မျက်နှာ ငြိုဟ်နေထောင့်များ၏အစွန်းတွင် မုခ်လိုဏ်နန်းဆောင်များဖြင့် ထူးခြားစွာ တန်ဆာဆင်ပူဇော်ထားရှိလေသည်။

ပစ္စယံ သုံးဆင့် ပြုလုပ်လေ့ရှိသော အခြားစေတီတော်များကဲ့သို့ ပြုလုပ်ထားခြင်းမရှိပါ။ သို့အတွက် ခြင်္သေ့ရုပ်များ၊ မနုဿီဟရုပ်များ၊ အမြိုက်ရေစင်အိုး၊ ကြာသွတ်ပန်းအိုးနှင့် အရံစေတီတော်ငယ်များ လုံးဝမပါရှိပါ။

လွန်စွာ အမြင့်တင့်တယ်လှပါသည်။ ဖူးမြင်ရပုံ ရှင်းလင်းလှပါပေသည်။

အခြေခံအုတ်ဖိနပ်တော်၏ အထက်



www.burmeseclassic.com

www.burmeseclassic.com

ဝယ် ထောင့်တစ်မျက်နှာလျှင် ထောက်တိုင်တစ်တိုင်စီဖြင့် စုစုပေါင်းရှစ်တိုင်မှ မဏ္ဍပ်ရှစ်ပါးကို ဖော်ညွှန်းထားသကဲ့သို့ ရှိပါသည်။

ထောက်တိုင်များ၏ အလယ် တစ်မျက်နှာစီ၌ ထောက်ပံ့ထားသော ထောက်တိုင်သုံးချောင်းစီ ပြုလုပ်ထားသောကြောင့် စုစုပေါင်း(၂၄)တိုင် ဖြစ်လေ၏။

သို့အတွက် ပဋ္ဌာန်း ၂၄ ပစ္စည်း၏ အထောက်အပံ့ကောင်းကို ကြည်ညိုနိုင်၍ မဆုံးအောင် ရှိရပါလေတော့သည်။

**စစ်ကိုင်းတောင် သုဓောဓာရုံ ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒမာလာဘိဝံသ**(Ph.D)၏အဆို အမိန့်အရ "တစ်ရက်လျှင် (၂၄)နာရီ ရှိနေလေရာတွင် အချိန်(၃)ပိုင်း ခွဲပါက တစ်ချိန်လျှင် (၈)နာရီရှိပါ၏။

ဝေယျာဝစ္စအချိန်အတွက် (၈း၀၀)နာရီ
အလုပ်လုပ်ချိန်အတွက် (၈း၀၀)နာရီ
အနားယူအိပ်ချိန်အတွက် (၈း၀၀)နာရီ

ဟူ၍ သတ်မှတ်ထားရှိကြလေရာ သူတော်ကောင်း၊ သူမြတ်လောင်း ပုဂ္ဂိုလ်များအဖို့မှာမူ တစ်နာရီ တစ်ခဏ မျှပင် နားစရာမရှိအောင် ကမ္ဘာသူ ကမ္ဘာသား သတ္တဝါများအတွက် မပျက်သော လုံ့လ၊ ဝီရိယ၊ ဖွဲတို့ဖြင့် အမြဲ မပြတ် မနားတမ်း အထောက်အပံ့ ကောင်းများကို ထမ်းရွက်နေကြရလေသည်"

ဤသို့အားဖြင့် ရွှေစေတီတော်မြတ်အား စီစဉ်တည်ထားပုံမှာ ပေါ့ပေါ့တန် တန်မဟုတ်ကြောင်း သိမြင်နိုင်ကြလိမ့်မည်။

စေတီတော် ပန္နက်တိုက်၏ အထက် ဝယ် ဆွမ်းတော်အုပ်သဏ္ဌာန်ဖြင့် ရွှေခေါင်းလောင်းကို အုပ်မိုး၍ စီမံထားလေသည်။

ခေါင်းလောင်းတော်အား သင်္ဖေခွေ ခြူးပန်းများဖြင့် ဆင်ယင်ထားပြီးလျှင် ဖောင်းရစ်ခုနစ်ဆင့် ထပ်ပိုးထားပုံမှာ တနင်္ဂနွေမှစ၍ စနေနေ့သားသမီးတိုင် အောင် ကောင်းကျိုးချမ်းသာအေးမြပါ



◆ ပတ္တမြားဆောင်တော်မှ
တောင်ဝိုင် ဦးတော်၊ ဖောင်တော်များ

စေကြောင်း မေတ္တာပြုထားဟန် ပေါ် လွင်နေပါ၏။

ငှက်ဖျော့ဖူးခေါ် ခရေသီး၏ ထိပ် ထက်ဝယ် ရွှေထီးတော်နှင့် စိန်ဖူးတော်တို့အား အထွတ်တင် ပူဇော်ထားလေသည်။

ရွှေစေတီတော်၏ တည်နေရာမှာ အရှေ့ဘက်အရပ်တွင် ဧရာဝတီမြစ်ကြီးနှင့် အမရပူရမြို့တော်ကြီးအား သာယာလှပစွာ ရှုမြင်ခံစားနိုင်လေ၏။

စေတီတော်၏ တောင်ဘက်အရပ်သို့ လှမ်းမျှော်ကြည့်ပါလျှင် ပုညရှင် စေတီတော်နှင့် ဖောင်တော်၊ ဟံသာ ဂီရိတောင်တို့အား လွမ်းမောဖွယ် မြင်တွေ့နိုင်ကြလေ၏။

ရွှေစေတီမှ အနောက်ဂေါယာအရပ်သို့ ရှုကြည့်မည်ဆိုပါက ရှေးဟောင်း ရွှေမြှုပ်သိမ်တော်ကြီးနှင့် တောင်ဖီလာ ဆရာတော်ကြီး၏ **"လေးကျွန်းဆီမီး"**ခေါ် နာမည်ကျော် တောင်ဖီလာ စေတီတော်အား ဝမ်းသာအားရ ဖူးမျှော်ကြည်ညိုနိုင်ပါသည်။

မြောက်ဘက်အရပ်သို့ ရှုကြည့် လိုက်ပါက သီရိမင်္ဂလာသောကမင်းကြီး တည်ထားသော သမိုင်းဝင်မှဒ္ဒော (၁၈) ဆူမှ ပတ္တမြားစေတီတော်မြတ်အား ဝင့်ထည်စွာ ဖူးမြင်နိုင်ကြမည် ဖြစ်လေသည်။

ဤနယ် အရပ်လေးမျက်နှာ၏ အလယ်ဗဟိုချက်တွင် ရွှေစေတီတော်မှာ ထူးခြားမှု၊ ထူးဆန်းမှုများနှင့်အတူ အပူဇော်ခံ တည်ရှိနေပေသည်။

**ရွှေစေတီတော်ကား "ထွက်ရပ်စည်း" ဖြစ်လေ၏။ ထွက်ရပ်စည်းဖြစ် သော စေတီတော်နှင့် အောင်မြေဒွါရဟူ၍ အလွန်ရှားပါးလှသောကြောင့် စစ်ကိုင်း တောင် ဒေသမှာမြေသို့ ဘုရားဖူးရောက် ရှိလာခဲ့ပါက မပြီးမနေ လာသင့်လေ သည်။**

မိမိတို့ဆန္ဒရှိပါက သို့မဟုတ် အဆက်အနွယ်ရှိနေခဲ့ပါလျှင် တောင် ပိုင် ပုဏ္ဏကနတ်မင်းကြီးအား လည်း ကောင်း၊ လူသူတော်ကြီး အဘိုးပြင်းတို့ ကို မိမိစိတ်အာရုံအတိုင်း ဖြစ်ပေါ်လာ သော လှူဖွယ်များဖြင့် ပင့်ဖိတ် လှူဒါန်း၍ အဓိဋ္ဌာန်တစ်ထိုင် ပုတီးစိပ်ခြင်းဖြင့် ပုဂ္ဂိုလ်ထူးများ၏ အထောက်အပံ့ အကူ အညီကို ရရှိနိုင်သော အောင်မြေထူး ဖြစ်ပါ၏။

ဂန္ဓာရီခရီး လျှောက်လှမ်းနေကြ သော သူတော်ကောင်း ကလျာဏမိတ္တ အပေါင်းတို့အတွက် ရှေ့ဆက်ရမည့် လမ်းကြောင်း လမ်းကောင်းကို အထူး ရရှိနိုင်သောကြောင့် စေတနာတရား စေစားလိုက်ရပါသည်။

**ပုဏ္ဏကနတ်ကြီးအား ရည်မှန်း၍ ရွတ်ဆိုပုတီးစိပ်လိုလျှင်...**

ဩံပုဏ္ဏကော မဟာဒေဝေါ၊ မဟာပ္ပဘော မဟိဒ္ဓိကော။
အနန္တရာယံ ဝိသောဓေတွာ၊ သုခံ ပါလေတု မံ ယက္ခော။

ဂါထာဖြင့် ဆောင်ရွက်နိုင်ပါသည်။

သမဏာသုခ ဆရာတော်ကြီးက အောက်ပါစာတမ်းဖြင့် လမ်းညွှန်ခဲ့ပါ သည်။

ရှိဖို့မလို၊ သိဖို့လိုသည်
မသိလို့မလုပ်၊ မလုပ်လို့ မသိ
အသိထူးရဖို့၊ အရူး အ,အလို မနေနဲ့

ဟူ၍ ဖြစ်ပါသည်။

***အဝေးရာ ဘေးမဲ့ အေးမြအောင်မြင် ချမ်းသာကြပါစေ...***

အောင်ရွှေမြတ်
**(စစ်ကိုင်းတောင်)**



www.burmeseclassic.com

www.burmeseclassic.com


注册 商標




ရိုပို– ကျားရတနာဆေးသည်
တရုတ်ပြည် ရှေးခေတ် ဧကရာဇ်မင်း



နန်းတွင်းတွင် အသုံးပြုသော
ဆေးတော်မြတ်ဖြစ်သည်။





# 龍 鳳 寶

ရိုပို– အမျိုးသားအားဆေး
ကျားရတနာဆေး

**မြန်မာတိုင်းရင်းဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။**

နဂါးဇာမဏီရတနာ (လုံဖုန့်ပေါင်)

(ယောကျ်ားသုံးအဆင့်မြင့်အားဆေး) မှတ်ပုံတင်အမှတ် TMR-009365 (1014)

ရိုပို– ကျားရတနာဆေး (မူလအမည်။ နဂါးကျားအားမာန်ဆေးလုံး)သည် တရုတ်ပြည် ရှေးခေတ်ဧကရာဇ်မင်း၊ နန်းတွင်းတွင် အသုံးပြုသော ဆေးတော်မြတ်ဖြစ်သည်။ ၎င်းသည် ဘုရင်မှ မောင်းမမိဿံများ၊ ချောမောလှပသည့် မိဖုရားတို့နှင့် ကာမပျော်ပါးရာတွင် သီးသန့်အသုံးချရန် ဖြစ်သည်။

ဤလျှို့ဝှက်ဆေးနည်းသည် ယနေ့အထိ စဉ်ဆက်မပြတ် ဆက်ခံလာသည်မှာ အနှစ်(၄၀၀)ကျော်ရှိပြီ ဖြစ်ပြီး။ လူ့လောက၏ နတ်သိကြားဆေးဟု တင်စားခြင်းခံရပေသည်။ ဤဆေးကို ရေရှည်မှီဝဲသုံးစွဲပါက အသက်ရှည်၍ အစဉ်နုပျိုစေပါမည်။ မန်ချူးမင်းဆက် ဧကရာဇ် ချန်လုံသည် ကာမစည်းစိမ်ပျော်စံ၍ အသက်(၈၉)နှစ်အထိ နေထိုင်နိုင်ခဲ့ခြင်းမှာ ရိုပို–ကျားရတနာဆေးကို ရေရှည်မှီဝဲသုံးစွဲခြင်းကြောင့် ဖြစ်သည်။

**အဓိကကုသမှု ။ ယောကျ်ား ကျောက်ကပ်အားချို့တဲ့၍ သုက်ရည်နည်းခြင်း။ ပန်းညှိုး၍ မထိန်းနိုင်ဘဲ သုက်လွှတ်စောခြင်း။**
**အာနိသင် ။ ကာမရာဂစိတ် ပိုစေ၍ နုပျိုလာစေမည်။ ကျောက်ကပ်အားပေး၍ လူသန်စွမ်းကာ အသက်ရှည်စေသည်။**

**ဖြန့်ချိရေး– ဦးမြင့်ဆွေ၏သားများ–** မြန်မာဆေးမျိုးစုံဆိုင်၊ C-264(D)ရှေ့ မြေအောက်ထပ်၊ သိမ်ကြီးဈေး။ ဖုန်း–၂၅၄၃၂၅၊ ၃၇၉၈၇၉။ ❖ဆိုင်အမှတ်(၂၈)၊ ဈေးကြီး။ မော်လမြိုင်မြို့။ ဖုန်း ၀၃၂–၂၃၁၁၄။ ❖ဒေါ်ဆယ်ဆေးတိုက်–အမှတ်(၆၉၉)၊တရုတ်တန်း၊ ပြည်မြို့။ ဖုန်း–၂၁၂၆၂။ ❖မဥ္စူရီမြန်မာဆေးဆိုင်–(၂၉)လမ်းနှင့်(၈၄)လမ်းထောင့်၊ မန္တလေး။ ❖မြနန္ဒာဆေးဆိုင်–အမှတ်(၁၀)၊မင်းလမ်း၊ ဗိုင်းဂနိုင်းတောင်၊ ပဲခူးမြို့။ ဖုန်း–၂၂၁၀၆။ ❖မောင်မျိုးဆေးဆိုင်–၄၅/ကျောင်းလမ်း၊ မြောက်ဥက္ကလာ။❖ကန်ကော်ရုံ၊ အမှတ်(၈၁/၈၂/၈၃)၊လားရှိုးမြို့မဈေး။ ဖုန်း–၀၈၂–၂၂၁၁၆။ ❖နေလကြယ်ဆေးတိုက်–(၆)လမ်း၊ တောင်ငူမြို့။ ဖုန်း–၀၅၄–၂၃၈၃၉။❖အခန်း(၈) အဝေးပြေးဂိတ်ဝင်း၊ ကင်မလင်းကျွန်း၊ ပုသိမ်မြို့။ဖုန်း–၂၁၄၂၁။ ❖ကိုသိန်းရွှေ–အမှတ်(၁၈၇)၊ရွှေပြည်သာဈေး၊ ပုသိမ်မြို့။ ❖ရွှေစွန်ညိုစတိုး–ဒေါ်ခင်စန်းရီ(၃၁/အေ)၊ ကုန်သည်လမ်း၊ပုသိမ်မြို့။ ဖုန်း–၂၁၈၃၅။ ❖ရောစ်–အမှတ်(၅၂/၈)၊ ကုန်သည်လမ်း၊ ပုသိမ်မြို့။ ❖ဇော်ထွန်းဦး–ည/၁၅၀၊ ဦးကြီးခမ်းလော်လမ်း၊ ဦးကြီးခမ်း၊ တောင်ကြီးမြို့။ ဖုန်း–၀၈၁–၂၃၀၂၅။ ❖မြတ်မွန်ဆေးဆိုင်၊ မြစ်ကြီးနား။ ဖုန်း–၀၇၄–၂၂၉၉၅။ ❖ဝါးခယ်မမြို့ အမှတ်၆၂/၆၃၊ ဈေးရုံ(၈)၊ဈေးရပ်ကွက်–ဦးကျော်လင်း။ ❖အမှတ်(၁၂၂)၊ရာဇာလမ်း၊ ပိန်းကန်ရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း–၂၄၄၃၀၄။ ❖စကားဝါဆေးနှင့်ဆေးပစ္စည်းဆိုင်–အမှတ်(၇)၊ မြင်းခြံမြို့။ ဖုန်း–၀၆၆–၂၁၄၄၁။❖Topကုန်မာဆိုင်– လားရှိုးလမ်း(နာရီစင်အနီး) ပြင်ဦးလွင်မြို့။ ဖုန်း–၀၈၅–၂၁၂၅၆။ ❖ဒေါ်ဆယ်ဆေးတိုက်–အမှတ်(၆၉၉)၊တရုတ်တန်း၊ ပြည်မြို့။ ဖုန်း–၂၁၂၆၂ ၀၈၅–၂၁၂၅၆။ ❖ဦးစိန်သန်း+ဒေါ်နီနီဝင်း–ဆေးပဒေသာ၊ ရတနာမာရ်တောင်ရပ်၊ စိတ္တသုခဂေဟာ၊ ရတနာမာရ်တောင်ဘုရားအနီး၊ မိတ္ထီလာမြို့–ဖုန်း၂၁၃၉၂။ ဦးအောင်မြင့်နှင့်သားသမီးများ(ဆေးပစ္စည်းဆိုင်)အမှတ် (မ/၁၂၂)၊ ဘူတာတောင်ဘက်လမ်း၊ အရှေ့ပြင်ရပ်၊ မိတ္ထီလာ–ဖုန်း–၂၂၀၄၂။ ဟက်နေဝန်းမြန်မာ့ဆေးလုပ်ငန်း–ဈေးအရှေ့ဘက်၊ နေပြည်တော်လမ်း၊ စစ်ကိုင်း။ဖုန်း–၀၇၂–၂၂၀၀၂။ ထွန်းသောင်စတိုး–ဖုန်း–၂၁၆၉၇၊ ဆောင်းဟေမာန်ဆေးပစ္စည်း မြို့မ ၆၃၊ အင်းဝဘက်ရှေ့၊ မြစ်ကြီးနား။ ဖုန်း–၂၂၁၀၆။❖ပျဉ်းမနားမြို့၊ ပွဲကတော်ဆေးဆိုင်၊ အမှတ်(၁၁၁)၊ (၇)လမ်း၊ မင်္ဂလာရပ်ကွက်–ဦးထင်ဦး+ဒေါ်မြသန်း။ ❖ဦးကျော် ကွန်ပျူတာဆိုင်–မိုလ်ချုပ်လမ်း၊ ဝမ်ကောင်းရပ်၊ တာချီလိတ်မြို့။ ဖုန်း–၅၁၂၂၇၊ ပဲခူးတိုင်း၊ သာယာဝတီမြို့၊ ဈေးအတွင်း–ဒွိညီနောင်ဆေးဆိုင်။ ❖ ကရုဏာဆေးဆိုင်–၃၂/အားကားဒေါင့်၊ သထုံတံတားလမ်း၊ မော်လမြိုင်မြို့။ ဖုန်း–၀၃၂–၂၂၇၃၂။❖ရောထွန်းစတိုး(မြန်မာ့ဆေးမျိုးစုံနှင့်အလှကုန်ဆိုင်)ရှေ့(၁)၊ လိုင်း(အေ)၊❖ဆိုင်အမှတ်–(၂၈)ဈေးကြီး၊ မော်လမြိုင်မြို့။ ဖုန်း–၀၃၂–၂၃၁၁၄။ ❖ကိုအင်ငယ်(ဆေးတိုက်) ထုံတိုလ်စိမ်း၊ ဆိပ်ငယ်ရပ်၊ မြိတ်မြို့။ ဖုန်း–၀၅၆–၄၁၆၀၄။

**ပင်ရင်းဖြန့်ချိရေး – ရိုပိုဆေးတိုက်အမှတ်(၁၄)၊ ပထမထပ်၊ ထီးတန်း(၂)လမ်း။ ကမ်းနားလမ်း။ သီရိမင်္ဂလာဈေးအနီး။ ဟုမ်းလမ်းမှတ်တိုင်ဆင်း။ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၃၀ ၉၈၆၀၆၊ ၀၉–၅၀၅ ၈၁၀၈၊ ၀၉–၄၂၀၀ ၁၈၇၂၁၊ ၀၉–၇၉၄ ၅၅၀၅၀၇၊**

Ph- 09-730 98606, 09-505 8108, 09-4200 18721, 09-794 550507, 09-790974116.



www.burmeseclassic.com

အမှတ်တရ


# ဝဟာနဂိုရ်ရလကျွန်းမျှည်း
# နန်းဦးဝေဝါ (၂)

**ယခင်လမှ အဆက်**

တိဿကုမ္မာ၊ သီဟကုမ္မာ၊ နာဂသူဇာ၊ နာဂဒေဝီ စသည်တို့သည် နဂါးညွှာ လူသားများဖြစ်ကြ၍ ဗန္ဓဝဂိရိ(ဖွံကပင်တောင်)နေ သီဟကုမ္မာသည် အသက်(၁၀)နှစ်အရွယ် မဟာသက္ကရာဇ် ၉၉ ခုနှစ်တွင် ကျောက်ရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

မဟာသက္ကရာဇ် ၁၁၀ ပြည့်နှစ်တွင် မိဓိလာပြည်၌ အမျိုးသမီး တစ်ဦးထံ သန္ဓေယူမွေးဖွားသည်။ ဘုရားရှင် (၅) ဝါအရ ၁၀၈ ခုနှစ်တွင် ထိုသူငယ်သည် တရားနာယူခွင့်ရ၍ ဂဝံပတိသာမဏေ ဖြစ်ကာ ရဟန္တာဖြစ်လေသည်။

တိဿကုမ္မာသည် မဟာသက္ကရာဇ် ၁၀၇ ခုနှစ်တွင် ကျွဲခြံရွာသူကြီး၏ (မွေးစား)သမီး နာဂသူဇာနှင့် အကြောင်းပါ၍ ပေါင်းသင်းနေထိုင်သော မြို့ကို မွန်ဘာသာဖြင့် ပေါင်မြို့(ပေါင်း ဖက်နေထိုင်ရာမြို့)ဟု ခေါ်ဝေါ်၏။ ၁၁၀ ပြည့်နှစ်တွင် သုဘိန္နနာဂရ ပြည့်ရှင် တိဿရာဇာမင်း နတ်ရွာစံသဖြင့် မွေးစားဖခင် တိဿရသေ့က မျိုးမတ်တို့အား နန်းလျာအဖြစ် ပေးအပ်ကြသဖြင့် သုဘိန္နနဂရပြည့်ရှင် ဖြစ်လာသည်။




ကျောက်လုံးဘုရား

နာဂသူဇာသည် တောင်ညာစံ မိဖုရားခေါင်ဖြစ်၍ မြောက်နန်းမိဖုရားကား ဘိုးတော်လွတ်နှင့် နန်းကြာဟဲတို့၏ မွေးစားသမီး နဂါးညွှာ ရွှေနန်းကျင်(ခေါ်)နာဂဒေဝီ ဖြစ်သည်။

အလားတူပင် ထိုပြည့်ရှင်မင်း၏ နဝမမြောက် အနွယ်ဆက်ဖြစ်သော

www.burmeseclassic.com





▲ ကုန်းတော်သောင်းဘိုးဘိုးနန်း

◀ ကုန်းတော်သောင်းဘိုးဘိုး

ဥဒိန္နမင်း တည်ထောင်သော ဓညဝတီမြို့တော်၏ (၁၂)ဆက်မြောက် သိန္နဂရီမင်း၏ မိဖုရား၊ ဥသာ ပဲခူးမြို့တည် သမလ,ဝိမလ မင်းညီနောင်၏ မယ်တော်သည်လည်း နဂါးဥဖွား သတို့သမီး ဖြစ်ခဲ့သည်။

ထို့ကြောင့် ယခုမြင်တွေ့ရသည့် နဂါးရုပ်တုသည် ထိုထိုသော နဂါးဥဖွား ရှေးဦးလူသားများကို ကိုယ်စားပြုလျက်ရှိကာ ဂုဏဝုဍ္ဎိ၊ ဝယဝုဍ္ဎိ အလေးထား ပူဇော်လျက် ကောင်းမှုပြုခြင်းဖြင့် မိမိတို့၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး မျက်နှာစာ အသီးသီး၌ အောင်မြင်ဘေးကင်းချမ်းသာရေး . ဆုတောင်းပြည့်ဝနိုင်ကြပေသည်။

နဂါးကိုးကောင် သွန်းလုပ်ထားသဖြင့် နဝင်းကျေသည့်အပြင် သုဘိန္ဒနဂရ ဘုရင်အနွယ်တော်ဖြစ်သော ဓညဝတီ(စမှာနဂိုရ်)မြို့တည် နဝမမြောက်မင်းဆက် ဥဒိန္နဘုရင်အားလည်း ရည်ညွှန်းဂါရဝပြုသကဲ့သို့ ရှိ၏။

နဂါးရုပ်တုအနီးမှ စေတီတော်အား ကြည့်ညိုပါက ရုပ်ပွားတစ်ဆူနှင့်အတူ ဂြိုဟ်တိုင်တစ်ခုကို တွေ့ရ၏။ (ကိတ်ဂြိုဟ်သက်-၉)ဟူသော ကမ္ပည်း ပါရှိ၏။

စေတီအခြေအုတ်ခုံ ကိုးမျက်နှာတွင် တနင်္ဂနွေအစ ကိတ်အဆုံး ဂြိုဟ်ကြီး (၉)လုံးကို ပူဇော်ထားသဖြင့် ဂြိုဟ်ကိုးခွင်စေတီအဖြစ် ထူးခြားစွာ ပူဇော်ထားသည့် စေတီဖြစ်ပေသည်။

သာမန်အားဖြင့် အရပ်(၈)မျက်နှာ၊ ဂြိုဟ်ရှစ်ခွင်သာ ပူဇော်လေ့ရှိသဖြင့် ဆန်းသစ်သော တန်ခိုးဆင် ပူဇော်ခြင်းဖြစ်သည်။

မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ သပိတ်ကွဲ တည်ပင်အနီးရှိ "ဝိဇ္ဇာဘုရား"တွင်မူ ခုနစ်မျက်နှာ၊ ဂြိုဟ်ခွင် (၇)ခွင်သာ ရှိ၏။

ခုနစ်ရက်သားသမီးဟုသာ ပြောဆိုသုံးနှုန်းလေ့ရှိ၍ ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းမွေးသူ ဟူ၍ ရာဟုဂြိုဟ်တိုင်၌ ပူဇော်သူ မရှိသဖြင့် ရာဟုဂြိုဟ်ခွင်နှင့် ဂြိုဟ်တိုင်ကို ဖျောက်ထားခြင်းဖြစ်သည်။

ထူးခြားသော ပူဇော်မှုများအဖြစ် မှတ်တမ်းပြုဖော်ပြခြင်း ဖြစ်ပါသည်။

စေတီတော်၏ အနောက်တောင်ထောင့် ယွန်းယွန်းတွင် ဆင်ခ်တံခွန်တိုင်တစ်ခုရှိ၍ အနောက်မြောက်ထောင့်ယွန်းယွန်း၌ ကုန်းတော်စောင့်ဘိုးဘိုးရုပ်တုနှင့် နတ်ကွန်းကို တွေ့ရသည်။

အသက်အားဖြင့် ကြီးမြင့်ခြင်း၊ ဂုဏ်အားဖြင့် ကြီးမြင့်ခြင်းကို အလေးအမြတ်ထားကာ ဂါရဝပြု အမျှပေးဝေခဲ့သည်။

## နတ်ဓလေ့နှင့် ပတ်သက်၍

ထိုစဉ် အသက်(၆၀)ခန့်ရှိသော မွန်တိုင်းရင်းသားတစ်ဦး ပြုံးရယ်နှုတ်ဆက်ကာ အနားသို့ ရောက်လာသည်။

'ငါ့ကို မမှတ်မိဘူးလား။ ထုံးအိုင်က စိုးလွင်လေ၊ အထက်တန်းကျောင်းတုန်းက ဆုံခဲ့တယ်။ ရန်ကုန် ဗိုလ်ချုပ်လမ်းမှာ နှစ်ခါလောက် ဆုံဖြစ်သေးတယ်'

'ခေါ်ရောပေါ့ သူငယ်ချင်းရယ်...





www.burmeseclassic.com

www.burmeseclassic.com



▲ အဘအောင်မင်းခေါင်ရုပ်တု



▲ အဘဘိုးဘိုးအောင်ရုပ်တု

ဝါက ကိုယ့်အတွေးနဲ့ ကိုယ်မို့ သတိမထားမိတာပါ'

'အင်းပါ...အတွေးများမှ စာရေးလို့ရမှာပေါ့။ ဒါထက် မင်း ဘိုးဘိုးကြီးရှေ့မှာ အကြာကြီး ရပ်နေတယ်။ နတ်တွေကို ဘယ်လိုသဘောထားသလဲ။ နေရာစုံ့လူစုံနဲ့ ရောက်ဖူး ဆက်ဆံဖူးလို့ မေးကြည့်တာပါ'

'ဒါက ကုန်းတော်စောင့်ဘိုးဘိုးလေး မြို့စောင့်နတ်၊ ရွာစောင့်နတ်၊ အိမ်စောင့်နတ်၊ မြေစောင့်ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ မိရိုးဖလာနတ်တွေကို မပြတ်မလပ် ပူဇော်ပသခြင်းဟာ အသက်ရှည်ရာရှည်ကြောင်း ကောင်းမြတ်တဲ့ အလေ့ဖြစ်တယ်လို့ မြတ်စွာဘုရားဟောတော်မူတယ်ဆိုတာ လယ်တီ ဆရာတော်ကြီးက ရောဂနိဒါနနိဿယမှာ ဖော်ပြထားတယ်။

အယူတိမ်းပြီး အစိမ်းဖြစ်တယ်ဆိုတဲ့ အောက်နတ်တွေကိုတော့ ကိုးကွယ်ပသခြင်း မပြုပေမယ့် မေတ္တာပို့ အမျှဝေ ဂါရဝပြုပါတယ်'

'အေးကွ... တို့ မွန်မလေ့မှာသဲ တောစောင့်တောင်စောင့်နတ်၊ ဘုမ္မစိုးနတ်တွေကို ဒေဝတာလို့ ခေါ်တယ်။ သမ္မာဒေဝတွေပေါ့။

ဒေအောက် နတ်တွေကိုတော့ "အလွတ်" လို့ ခေါ်တယ်။ တခွေပေါ့ကွာ။ မကိုးကွယ်ချင်ရင်နေပါ၊ ပြက်ရယ်မပြုပါနဲ့လို့ ဆရာတော်ကြီးတွေ မိန့်မှာကြပါတယ်'

'ကောင်းပါတယ်။ သူ ယုံကြည်လို့ ကိုးကွယ်တာကို မစော်ကားသင့်ဘူးပေါ့'

ထို့နောက် စိုးလွင်နှင့်အတူ ဆက်၍ လေ့လာကြည့်သည်။

ဘိုးဘိုးအဆောင်အနီး မြေပြင်ရှိ ကမ္ဘာလုံးပေါ်၌ တင်ပျဉ်ခွေ ရုပ်ပွားတစ်ဆူ ပူဇော်ထားသည်ကို ဖူးတွေ့ရသည်။


ကမ္ဘာတစ်ခုလုံး အေးချမ်းပါစေဟု ရည်ရွယ် ပူဇော်ထားဟန်ရှိ၏။ မြတ်ဗုဒ္ဓ၏ မေတ္တာဓာတ် ကမ္ဘာပတ်၍ လွှမ်းပါစေဟု ဆုတောင်းဖြစ်ခဲ့သည်။

စေတီမြောက်ဘက်တွင်ကား ဂဝံအုတ်များဖြင့် စီခြယ် ပေါင်ခတ်ထားသော ရေကန်တစ်ကန်ရှိကာ မိုးရေလှောင်ကန်ဖြစ်ဖွယ်ရှိ၏။ အတန်ပင်နက်သော်လည်း တပေါင်းလဖြစ်၍ ရေလုံးဝ မတွေ့ရပါ။

ရှေးက ရှိခဲ့သောကန်ဖြစ်၍ ယခုအခါ မြစ်ရေကိုတင်ကာ သုံးရေအဖြစ် သုံးစွဲကြသည်။ သောက်ရေအတွက် တွင်းရေကို အားပြုရသည်။ အဝီစိတွင်း တူးရန် စီစဉ်လျက် ရှိကြောင်း သိရ၏။

ကုန်းတော်မြောက်ဘက်၌ ဇရပ်တစ်ဆောင်နှင့် ဘုန်းကြီးကျောင်းငယ်

www.burmeseclassic.com




◆ စကြာမင်းရုပ်တု




◆ ဘုရင်မရှင်စောပုရုပ်တု

တစ်ဆောင်ရှိကာ သာသနာပြု ဦးပဥ္စင်းတစ်ပါး ကြွရောက်သီတင်းသုံး သည်မှာ (၈)နှစ်ကျော်ခန့် ရှိပြီဟု ဆို၏။

ထိုဦးပဥ္စင်း၏ ထိန်းသိမ်းမွမ်းမံမှုကြောင့် ကုန်းတော်တစ်ခွင်သာသနိက အဆောက်အအုံ၊ ရုပ်ပွားရုပ်တုများ စည်ကားလာကြောင်း သိရ၏။

ဦးပဥ္စင်းအား သွားရောက်ကန်တော့သောအခါ ဌာနဆိုင်ရာ အဖွဲ့အစည်းမှ ညွှန်သည့် အတန်များစွာ ရောက်ရှိနေကြသဖြင့် ဦးချန့်တတ်ဆက်ကာ ပြန်ထွက်လာ၏။ ဤကျောင်း ဓမ္မာရုံများရှိရာ မြေကွက်ကား စမ္ဗာနဂိုရ်နန်းတော်ကုန်းနေရာ ဖြစ်သည် ဆို၏။

မြစ်ကမ်းနဖူးရှိ အုတ်တိုက်တန်ဆောင်းတစ်ခုအတွင်း အဘဘိုးဘိုးအောင်၊ အောင်မင်းခေါင်၊ စကြာမင်း၊ ဘုရင်မရှင်စောပု စသည်တို့၏ ရုပ်လုပ်များကို သွန်းလုပ် ပူဇော်ထား၏။

ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များနှင့် ဘုရင်မရှင်စောပုတို့အား မေတ္တာပို့သ အမျှပေးဝေ၍ စေတီကုန်းတော်သို့ ပြန်လည်ထွက်ခွာလာခဲ့၏။ စေတီတော်နှင့် တောင်ကုန်းယတ် ကားလမ်း အကြားတွင် ဖိုးကွက်ရုပ်ရေချမ်းစင်ကို တွေ့ရသည်။

## ဖိုးကွက်ရုပ်ရေချမ်းစင်

မြစ်သားမြို့၏ အဓိကရ စေတီတစ်ဆူဖြစ်သည့် "**ရွှေစောလူးစေတီ**" ၌ ဤကဲ့သို့ ဖိုးကွက်ပုံ ရေချမ်းစင်များကို တွေ့မြင်ခဲ့ရ၏။ စောလူးမင်းသားအိမ်ရှေ့စံဘဝတွင် ခမည်းတော်အနော်ရထာမင်း သီးမြှင့်သည့် မြို့ရွာ၊ လယ်မြေ လာဘ်လာဘများဖြင့် ထိုစေတီကို တည်ဆောက်ပူဇော်ခဲ့ခြင်း ဖြစ်သည်။


ခြေတစ်ဖက်မသန်သော သားတော်စောယွမ်းဘဝ အနာဂတ်လှပစေရန် ရည်ရွယ်ဆုတောင်း လှူဒါန်းခြင်းဖြစ်သည်ဆို၏။

ဖိုးကွက်သည် မိန်၊ ငှက်ဆိုး ဒီးဒုတ်၊ လင်ကောင်ပိုး စသည်တို့နှင့် အတူ ငှက်ဆိုးအနွယ်ဝင်ဖြစ်သော်လည်း လာဘ်လာဘပေးသော ငှက်အဖြစ် လူတို့ မြတ်နိုးခြင်းခံရသော ငှက်ဖြစ်သည်။

အလားတူပင် စောယွမ်းမင်းသားကလေးအား ဘဝတူ မသန်မစွမ်းသူများကဲ့သို့ စိတ်အားငယ်ရသည့် ဘဝ အခြေအနေမှ လွတ်မြောက်စေရန် ရည်ရွယ်သည်ဟု ယူဆရ၏။


သူ၏ဆန္ဒ ပြည့်ဝခဲ့ပါသည်။ စောယွမ်းသည် ကျန်စစ်မင်း၏ သမီးတော် "ရွှေအိမ်သည်" နှင့် လက်ထပ်ကာ ဘုန်းတန်ခိုးကြီးမားသည့် အလောင်းစည်သူ မင်းသားကလေး

www.burmeseclassic.com



◆ မျှော်ဂုံဘာစီဒု

◆ မြောက်ဘက်မှ ကျောက်



ဖွားမြင်ခဲ့လေသည်။

ဤကုန်းတော်ရှိ ဇီးကွက်ရေချမ်းစင်ကား မည်သည့်အကြောင်းခံဖြင့် တည်ဆောက် လှူဒါန်းကြောင်း မသိရသော်လည်း စမ္ပနဂိုရ်မြို့၏ နန်းဦးစေတီကုန်းတော်၌ လှူဒါန်းထားသည့် ဇီးကွက်ရုပ် ဖြစ်လေသည်။

စံကူး ဓာတ်ရန်ဂြိုဟ်တွဲဖြစ်သောကြောင့် ဥစ္စာလိုရန်ဂြိုဟ်ရှာလျက် စီးပွားဥစ္စာ တိုးတက်ကြောင်း နိမိတ်ကောင်းသော အထောက်အပံ့ဖြစ်၏။

သမိုင်းအစဉ်အလာ ကြီးမားသော စေတီတော်ကြီး၏ ဘုန်းရိပ်ခိုကာ ကြီးပွားရာ ကြီးပွားကြောင်းအတွက် ကောင်းမှုပြု ဆုတောင်းသောအခါ ဤဓာတ်ရန်ဂြိုဟ်တွဲကြောင့် လွယ်ကူလျင်မြန်ခြင်းကို ထောက်ပံ့ အားပေးမှု ရရှိနိုင်ပေသည်။

## ပါးစပ်သမိုင်း

ကုန်းတော်အနီးတစ်ဝိုက်မှ ဒေသခံများအား စုံစမ်းကြည့်သောအခါ သူတို့ကြားဖူးသော ပါးစပ်ရာဇဝင်ကို ပြောပြကြသည်။ ဤစေတီတော်သည် ရွှေတိဂုံစေတီတော်နှင့် တစ်နေ့တည်းအချိန်အနည်းငယ်မျှသာ နောက်ကျကာ တည်ဆောက်သောစေတီ ဖြစ်သည်။

စေတီတည်ဒါယကာမှာ စမ္ပာနဂိုရ်ပြည့်ရှင် စမ္ပာဂုရုမင်း ဖြစ်သည်၊ ထိုမင်းသည် တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ မြတ်စွာဘုရားထံမှ ဆံတော်ရှစ်ဆူ ပင့်ဆောင်လာစဉ် နဂါးရစ်မော်အရောက်၌ ဆံတော်နှစ်ဆူ ခိုးယူခဲ့သော နဂါးမှ ဘဝပြောင်းလာသူဖြစ်၍ ယင်းဆံတော်များကို ဌာပနာပြုထားသည့်စေတီ ဖြစ်သည်ဆို၏။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့၌ ဗုဒ္ဓပွင့်ထွန်းတော်မူသည်။ သတ္တသတ္တာဟ (၄၉)ရက် စံပယ်တော်မူပြီးနောက် ဝါခေါင်လဆန်း(၅)ရက်နေ့တွင် ကုန်သည်ညီနောင်တို့ ဆွမ်းဦးကပ်လှူခွင့်ရ၍ ဆံတော်(၈)ဆူ ပူဇော်ပင့်ဆောင်နိုင်ခဲ့၏။

လမ်းတွင် ဆံတော်နှစ်ဆူကို နဂါးကခိုးယူ၏။ ၁၀၃ ခုနှစ်၊ တပေါင်းလတွင် ရွှေတိဂုံစေတီကို တည်ဆောက်ပူဇော်ကြောင်း ရွှေတိဂုံသမိုင်း၌ ပြဆို၏။

ဆံတော်ခိုးယူသော နဂါးသည် ချက်ချင်းပင် ကွယ်လွန်၍ လူပြည်သို့ ရောက်သည်ဆိုလျှင်ပင် **“ရွှေတိဂုံစေတီ”** တည်ချိန်တွင် အမိဝမ်းတွင်း သန္ဓေ(၆)လသားသာ ရှိပေမည်။

စမ္ပာဂုရုမင်းအဖြစ် မည်သို့ စေတီတည်နိုင်ပါမည်နည်းဟု ရှင်းပြသောအခါ ကြားဖူးသည့် ပါးစပ်ရာဇဝင်သာ ဖြစ်ကြောင်း ရိုးသားစွာ ပြောပြကြလေသည်။

## အမြန်လမ်း


နန်းဦးစေတီအား နှုတ်ဆက်ကန်တော့ပြီးနောက် ဥဒိန္နမင်းမှ အစ စေတီနှင့် ပတ်သက်သမျှတို့ကို မေတ္တာပို့ အမျှပေးဝေခဲ့၏။

ထို့နောက် ဓာတ်တော်ရွာတောင်ဘက် ကော့ပလိန်ကျွန်း၊ မော်ဘီ၊ လက်ပန်တော၊ မုတ္တမကျွဲခြံ၊ ဖင်းဘာရွာများကို ဖြတ်ကျော်ကာ မုတ္တမ-



www.burmeseclassic.com

www.burmeseclassic.com



ဇီးကွက်အရုပ်မြင်

သထုံ အဝေးပြေးလမ်းအတိုင်း ပြန်လာခဲ့သည်။

## ရှေးမွန်တာမ်းအချို့

စမ္မာနဂိုရ်လကွန်းဗျည်း မြို့ဟောင်းနှင့် နန်းဦးစေတီတော်သည် လွန်ခဲ့သော နှစ်ပေါင်း(၂၃၀၀)ကျော်က တည်ရှိခဲ့သော ရှေးဟောင်းမြို့ပြနှင့် စေတီတော်ကြီးဖြစ်၍...

ပုဂံခေတ် အလောင်းစည်သူမင်းသည် သက္ကရာဇ် ၄၅၄ (အေဒီ ၁၀၉၂) တွင် နန်းတည်ပြီးနောက် သုဝဏ္ဏဘူမိ၊ တနင်္သာရီနယ်ဘက်သို့ ရောက်ရှိ၍ အပြန်...

ရှေးဓညဝတီမြို့ဟောင်းအနီး မွန်ဇလိုင်မြစ်ဝ (လေမြစ်ဆုံးအဝ= ခေါင်းဆေးကျွန်းအနီးဒေသကို ဆိုလိုသည်။) အရောက်တွင် လယ်ယာကိုင်းကျွန်းဖြစ်ထွန်းသည့် နေရာကောင်းဖြစ်သည်ကြောင့် မုတ္တမမြို့ကိုတည်ကာ အလိမ္မာအမတ်ကို မြို့စားခန့်အပ်ခဲ့သည်။*[မြန်မာသမိုင်းသုတေသနစာစောင် အမှတ် (၂၂)၊ ဇွန်လ၊ ၂၀၁၂ ခုနှစ် စာမျက်နှာ (၈၁)မှ ထုတ်နုတ်သည်။]*

ရှင်မြို့ရှင် ဗညားဦးသည် မုတ္တမတွင် နန်းတက်၍ သုံးနှစ်အကြာ(အေဒီ ၁၃၅၁ ခုနှစ်)တွင် ဒုန်ဝန်းမြို့စားစောအဲဒိတ်နှင့် ဘောကြယ်တို့ ပုန်ကန်ရာ မုတ္တမကို မနိုင်သော်လည်း စစ်လမ်းကြောင်းပေါ်ရှိ စစ်တောင်း၊ တိုက္ကလား၊ ဒုံဝန်း၊ ရင်းငြိမ်နှင့် **လကွန်းဗျည်းမြို့များ ဖျက်ဆီးခံခဲ့ရ၏။ (ဗညားဦးသည် နေပြည်တော်ကို မုတ္တမမှ ပဲခူးသို့ ပြောင်းရွှေ့နန်းစံကာ သားတော် "အပသုံ"ခေါ် ဗညားနွဲ့ (ရာဇာဓိရာဇ်)ကို မွေးဖွားခဲ့သည်။)**

***[ဒေါက်တာနိုင်ပန်းလှ၏ ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းမှ ထုတ်နုတ်သည်။]***

အေဒီ ၁၅၄၀ ပြည့်နှစ်တွင် တပင်ရွှေထီးသည် ပဲခူးကို သိမ်းပိုက်၍ မြို့သစ်တည်ပြီးနောက် မုတ္တမ(၃၃)မြို့ကို လုပ်ကြံရာ မုတ္တမမြို့သည် တောင်ကို တံတိုင်းပြု၍ ခုခံနေသဖြင့် သမိန်မရူကို လှေဝန်ခန့်၍ မုတ္တမမြစ်ညာ **လဝန်းမြို့ (လကွန်းဗျည်းမြို့)**တွင် အခြေချကာ မီးရှူးဝါးဖောင်ကြီးများ ပြုလုပ်စေသည်။

ထိုဖောင်ပေါ်တွင် မုတ္တမမြို့ရိုးထက်မြင့်သော ပြ၊ လက်ရန်းနှင့်တကွ သစ်တပ်တည်၊ အမြောက်သေနတ် ကိုယ်စီထားစေသည်။

ထို့နောက် မြစ်ညာမှ မီးတစ်ပြိုင်နက်ညှိပြီး မျောချစေ၏။ မုတ္တမရေတပ်သင်္ဘော(၇)စင်းလုံး မီးလောင်လေမှ အမြောက်သစ်တပ်ဖောင် ကမ်းကပ်၍ လုပ်ကြံအောင်မြင်၏။ ***(ရာဇာဓိရာဇ် အရေးတော်ပုံကျမ်း၊ ညွှန်းပြီး)***

မြန်မာသက္ကရာဇ် ၁၁၄၅ ခုနှစ်၊ နတ်တော်လဆန်း (၈)ရက်နေ့ ဘိုးတော်ဗဒုံမင်း စစ်တမ်းတွင် မုတ္တမမြို့ရှိ(၃၂)မြို့၌ "**လကွန်းဗျည်းမြို့**"ဟု ပါဝင်၍ စိတ္တမင်း မင်းမူထီးနန်းစိုက်၏။ "စမ္မာနဂိုရ်လဂွမ်"ပြည်ကို မွန်တို့က "**လကွန်းဗျည်း**"ဟု ခေါ်ကြ၏။

မြန်မာသက္ကရာဇ် ၁၁၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၈)ရက် ထုတ်ပြန်သော ဗဒုံမင်းအမိန့်တော်၌ "စစ်ကိုင်းမင်းတမ်းတပ်မှူး "ရဲထင်ဗလာ" ကို မုတ္တမမြို့အဝင် လကွန်းဗျည်းမြို့ကို မြို့စား ခန့်ထားထမ်းရွက်စေမည်" ဟူ၍ ပါရှိ၏။

## နိဂုံးတိုက်တွန်းချက်

ဤကဲ့သို့ ခေတ်အဆက်က သမိုင်းဝင် မြို့ဟောင်းဖြစ်ခဲ့သော ဓညဝတီခေါ် စမ္မာနဂိုရ်လကွန်းဗျည်း မြို့ဟောင်းနှင့် နန်းဦးစေတီတော်ရှိရာ ဓာတ်တော်ရှာသည်...

- သထုံမြို့မှ အရှေ့တောင်ယွန်းယွန်း(၂၄)မိုင်
- ပေါင်မြို့မှ အရှေ့ယွန်းယွန်း(၁၀)မိုင်
- မုတ္တမမြို့ဟောင်းမှ မြောက်ယွန်းယွန်း(၁၂)မိုင်
- ဘားအံမြို့မှ တောင်ယွန်းယွန်း(၁၀)မိုင်

ခန့်အကွာတွင် တည်ရှိကာ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များဖြင့် လွယ်ကူစွာ သွားလာနိုင်သဖြင့် ခရီးကြုံကြိုက်ပါက သွားရောက်လေ့လာ ကြည်ညိုသင့်ကြောင်း လမ်းညွှန်တိုက်တွန်းရပေသည်။

**ခွန်စိုင်းဝမ်း**

www.burmeseclassic.com

www.burmeseclassic.com

ဆရာသခင်ပြောသော

# [illegible]

ကျွန်ုပ်သည် တိုင်းရင်းဆေးဝါး ကုသခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းနေခဲ့သည်မှာ ကာလ အတန်ကြာခဲ့ပေပြီ။

ကျောင်းဆရာဘဝ ဝန်ထမ်းအဖြစ် နုတ်ထွက်ပြီးချိန်မှစ၍ အဘိုး၏ အမွေဖြစ်သော တိုင်းရင်းဆေးဝါး ကုသခြင်းလုပ်ငန်းကို ဆက်လက် လုပ်ကိုင်ခဲ့ပါသည်။

ဒေသနာ်နယခေါ် အဘိဓမ္မာတောင်သာဆေးပညာသည် အဘိုး၏အမွေဖြစ်၍ စာရေးသူ ငယ်စဉ်ဘဝကတည်းက ရင်းနှီးကျွမ်းဝင်ခဲ့ပါသည်။

သို့သော် ရောဂါဝေဒနာတစ်ခုကို ရှုထောင့်စုံမှ မြင်နိုင်မှသာလျှင် ပိုမိုအောင်မြင်စွာ ကုသနိုင်လိမ့်မည်ဟု ယုံကြည်၍ ဘေသဇ္ဇနယခေါ် အာယုဗေဒဆေးပညာကို လေ့လာဆည်းပူးရင်း ဆရာသခင်နှင့် တွေ့ကြုံဆုံဆည်းခွင့် ရခဲ့ပါသည်။

တစ်နေ့တွင် ဆရာသခင် နယ်လှည့်ဆေးကုသစဉ် ပညာသင်လိုက်ပါ၍ ဆရာသခင်နေထိုင်ရာ စစ်ကိုင်းသို့ ပြန်အရောက်တွင်...

'အောင်မလေး... ဒီကနေ့တော့ နေကပူပြီး အတော် ပင်ပန်းသွားပြီ ဆရာရေ'

ဟု ခုတင်ပေါ်တွင် လှဲချကာ ထုတ်ဖော်ငြီးတွားလိုက်စဉ်...

'ဩော်...ဟုတ်ပေ့ကွာ။ မင်းက လူငယ်ဖြစ်ပြီး အတော် အားကိုးရမယ့်ကောင်ပဲကွ။ အေး... မင်းတို့ အခုလို အပင်ပန်းမခံနိုင်တာ ဆေးသိပ္ပံလို (immune) ကိုယ်ခံအားနည်းလို့ပေါ့ကွ။ အဲဒါ အလွယ်ကူဆုံးနဲ့ ငွေကုန်ကြေးကျနည်းတဲ့ အားဆေး မင်းတိုက်ရိုးမှာပေါ့ကွာ။ မင်း မြေဇာမြက်ပင်ကို သိတယ် မဟုတ်လား။ လက်တွင်းနှစ်ဆုပ်လောက် သွားပြီး ဖြတ်ယူခဲ့'

ဟု ကျွန်ုပ်အား ပြော၍ စေခိုင်းလိုက်ပါသည်။ ယခုကဲ့သို့ ကြုံတိုင်း အလွယ်တကူနှင့် အသုံးတည့်မည့်ဆေးမြီးတို့ တစ်လက်ရနေကျဖြစ်၍ ကျွန်ုပ်လည်း မဆိုင်းမတွ သွားရှာလိုက်ပါသည်။

'ကဲ...ရခဲ့ပြီ ဆရာရေ။ ဘာဆက်လုပ်ရမယ်ဆိုတာသာ ပြောပြ'

'အေး... အဲဒီ ဖြတ်လာတဲ့ အပင်တွေကို ရေစင်အောင်ဆေးပြီး ဝါ့အခန့်ထောင့်က သံဆုံထဲမှာ ထည့်ထောင်းပေတော့။ ညက်သွားပြီဆိုရင် အရည်ညှစ်ရမှာ။ ဒီအတိုင်း ညှစ်လို့ အရည်မထွက်ဘူး။ ရေနွေးဖြူ (လက်ဖက်ခြောက်မပါသော) နည်းနည်းထည့်လိုက် အဲဒါမှ ညှစ်လို့ရတာ။ သတ္တုရည်ပေါ့ကွာ။ အကြမ်းပန်းကန်တစ်လုံးစာ ရအောင် ထောင်းညှစ်ပြီးတော့ သောက်ချလိုက်ကွာ၊ အတော်ကြာရင် မင်းလန်းလာလိမ့်မယ်၊ အဲဒါ အားဆေးပဲ'

ဟု ဆရာသခင်မှပြော၍ ကျွန်ုပ်လည်း ပြောသည့်အတိုင်း လုပ်ဆောင်ကာ သောက်ချလိုက်ပါသည်။

'ဆေးနည်းကတော့ အတော့်ကို လွယ်ကူတာပဲဆရာရယ်၊ စွမ်း,မစွမ်းတော့ မသိဘူး'

ဟု ရယ်မောကာနှင့် လှမ်းပြောလိုက်ရာ...

'ဩော်... မောင်ထွန်းရာ မင်းတို့က လွယ်ကူတော့ တန်ဖိုးနားမလည်ဘူး။ နွားတွေ၊ မြင်းတွေ ဘာစားတုန်းကွာ၊ မြက်ကိုပဲ စားတာ မဟုတ်လားကွ။ ရိုးရိုးပဲ စဉ်းစားလိုက် ဘယ်လောက်ကျန်းမာခွန်အားပြည့်သလဲ။ အေး... အဲဒီလောက်တင် မကဘူးကွ။ မင်းသောက်လိုက်တဲ့ မြေဇာရွက်သတ္တုရည်က အစိမ်းရောင်တွေ မဟုတ်လား။

ကင်ဆာရောဂါကိုတောင် တိုက်ထုတ်နိုင်တယ်၊ ကလိုရိုဖီးလ်လေကွာ။ ကမ္ဘာကလက်ခံထားတဲ့ (antioxidants) ဓာတ်တိုးဆန့်ကျင်ပစ္စည်း အပြည့်ပါတယ်။

ငါ ငယ်တုန်းကတည်းက ငါ့ဆရာက ပေးလိုက်တဲ့ ဆေးနည်းတိုပဲ၊ **အိမ်ထောင်သည် ယောကျ်ားတွေနဲ့ ပိုပြီး သောက်သင့်တယ်။** မင်းဆက်ပြီး နေ့စဉ် တစ်ခွက် တစ်ခွက် သောက်, ကြည့်ပေါ့။ ဆေးအစွမ်းသိလိမ့်မယ်'

ဟု ဆရာသခင်မှ ပြောပြပြီး ပညာပေးလိုက်ပါသည်။

ကျွန်ုပ်လည်း ဆရာသခင်ထံမှ အိမ်သို့ပြန်ရောက်ပြီး နောက်ရက်များပါ ဆက်လက်သောက်ကြည့်ရာ အတော်ပင် ကြည်လင်လန်းဆန်း၍ အမောအပန်းဒဏ်ကို သိသိသာသာ ခံနိုင်ရည်ရှိသည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် ငွေအကုန်ကျမများဘဲ အကျိုးရှိ၍ အလွယ်တကူ လုပ်ဆောင်နိုင်သောကြောင့် အများသူငါ သုံးဆောင်နိုင်ရန် ကုသိုလ်ဖြစ် မျှဝေလိုက်ရပါတော့သည်။

**[ဆရာမြ(အာယုဗေဒ)အား ဂါရဝပြုလျက်...]**

*သုခီအဗ္ဗာန်၊ ပရိဟာရမ္မ။*



**မောင်နေသွေး (ဝက်လက်)**



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း
အမှတ်တံဆိပ်
# အကြောအားဆေး

(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ဝ၇၁၁YR ဝဝ၆ဝ ၂၅)




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၂/ဝ၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရှေ့နေကြီး ဦးအောင်ဝင်းနိုင်တို့ကိုး။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နှမ်းခိုင်း၊နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'ဪ... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်, ဖက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း, လေဖြတ်, သွက်ချာပါဒ ရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်,လက်တုန်၊ လည်ပင်း,ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဖက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက်သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း၊ လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အောက်ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလက်မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသားများ ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရောင်၊ အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာနည်း နည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်လုံး သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်းပြီး ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတယ်။ ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်လဲ ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲပြီး ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအစွမ်းကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာရုံကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆစ်အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄ဝ)ကျော်သူများနဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အမျိုးသမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာမင်း အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြပါလို့ အကြံပြုပါရစေ'


ဆရာမြင့်
စကြာမင်းဆေးတိုက်
အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊ သင်္ဃာမှတ်တိုင်အနီး၊
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၅၄၁

ဦးဇော်ထွန်း




www.burmeseclassic.com

www.burmeseclassic.com



◆ ရှစ်သောင်းစေတီ သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သည်

နီမြင့်ဦး

# ငါးမည်ရ ရှေးမြို့တော် (၃)

**ယခင်လမှ အဆက်**

ဥဏှိတော်အမြင့် (ရ၁)ပေ (၁၀) လက်မ(၄ရ–တောင်တစ်ထွာ)၊ ဖိနပ်တော်(၄)ဖက် (၁၆၄)ပေ၊ တစ်ဖက် (၄၁)ပေ၊ ရင်ပြင်တော်အကျယ်(၁၆၈၀) စတုရန်းပေ ရှိပါသည်။ ယခု ကောဇာသက္ကရာဇ် ၁၃ရ၅ ခုနှစ်တွင် နှစ်ပေါင်း (၂၃၂၁)နှစ် သမိုင်းဝင်ခဲ့ပြီ ဖြစ်ပါသည်။

ထို ရှစ်သောင်းစေတီတော်ကြီးကို ၁၃၃၃ ခုနှစ်၊ တပေါင်းလဆန်း(ရ)ရက်နေ့တွင် ဇော်ဘွားကြီး စောရွှေရည်နှင့် မဟာဒေဝီရှင်လွယ်မယ် မိသားစုတို့မှ ဥဏှိတော်အသစ် ပြုပြင်ခဲ့ပြီး အရန်စေတီလေးဆူကိုပါ အသစ်ပြုပြင်၍ ၁၃၃၄ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ထီးတော်ကြီး တင်လှူ ပူဇော်နိုင်ခဲ့ပါသည်။

အထက်ပါ တန်ဖိုးရှိသော သမိုင်းဝင် အချက်အလက်များကို လေ့လာခြင်းအားဖြင့် နဂါးမြို့တော် နဂါးကျစ်ကုန်းပေါ်ရှိ ရှေးဟောင်း သမိုင်းဝင်စေတီကြီးများကို ဖူးတွေ့ရခြင်းအားဖြင့် ရပ်စောက်မြို့တော်ကြီးမှာ ယခင် သာသနာပြု မင်းကြီးမင်းမြတ်များ လာရောက်၍ သာသနာပြုရာ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသော အရပ်တစ်ခု ဖြစ်ခဲ့သကဲ့သို့ မြန်မာ့ ရှေးဟောင်း သမိုင်းဝင်စေတီပုထိုးကြီးများ တည်ရှိရာ ဒေသတစ်ခုဖြစ်ကြောင်းကို လေ့လာသိရှိနိုင်ပါသည်။

**စတုတ္ထသည် ရှမ်းလိုခေါ်သည် လောက်ဆောက်မည်**

ရှမ်းလို **"လောက်"** ဆိုသည်မှာ ချိုင့်ဝှမ်း၊ လွင်ပြင်ဟု အဓိပ္ပာယ်ရပြီး

www.burmeseclassic.com



ရွှေစည်းခုံစေတီ အနော်ရထာမင်းကြီး တည်ထားတော်မူသည်

"**ဆောက်**"ဆိုသည်မှာ ချောင်ကျသော၊ အစွန်အဖျားကျသောဟု အဓိပ္ပာယ်ရှိပါသည်။ ဖြစ်နိုင်ပါသည်။ ယခင်ခေတ် အနေအထားဖြင့် ဆိုရသော် ထိုအမည်မှာ မှန်ကန်သည်ဟု ယူဆရပေသည်။

သမိုင်းဝင် "**ကိုးပဗ္ဗ**"ဟု အဆိုရှိခဲ့ပါသည်။ "**ပဗ္ဗတ**"ဆိုသည်မှာ ပါဠိလို "**တောင်**"ဟုခေါ်ပါသည်။ မိုးထိအောင်မြင့်သည့် တောင်ကြီးများဟု အဓိပ္ပာယ်ရှိပါသည်။ ထိုတောင်ကြီးကိုးလုံးမှ ဝိုင်းရံထားသဖြင့် လောက်ဆိုသည့် ချိုင့်ဝှမ်း၊ လွင်ပြင်ဟု ခေါ်ဆိုသည်မှာ မှန်ကန်ကြောင်းကို တွေ့ရှိရပါသည်။

ထိုတောင်ကြီးကိုးလုံးမှာ...

၁။ **မိုးမခတောင်** [နဂါးမြို့တော်၏ အရှေ့ဘက်တွင် တည်ရှိပြီး ပေ ပေါင်း–၄၅၀၃]

၂။ **နွားလပို့တောင်** [ကျိုင်းခမ်းရွာ၏ အနောက်တောင်ဘက်တွင် တည်ရှိပြီး ပေပေါင်း–၄၈၄၈]

၃။ **မီးကျီးကျတောင်** [အင်တောရွာ၏ အနောက်တောင်ဘက်တွင် တည်ရှိပြီး ပေပေါင်း–၅၅၉၈]

၄။ **တောင်ကျွန်းကြီးတောင်** [ကျောက်ဂူကျေးရွာအုပ်စု၊ တောင်ပလောင်ရွာ အနီးရှိ ပေပေါင်း–၃၇၁၀]

၅။ **ကျွန်းငယ်တောင်** [တောင်ပလောင်ရွာ၏ အနောက်ဘက်တွင် တည်ရှိပြီး ပေပေါင်း–၃၈၈၄]

၆။ **မိုးလုံးဟိန်းတောင်** [ကျောက်တောရွာ၏ အနောက်ဘက်မှ ပင်းတယမြို့နယ်ထိ သွယ်တန်းနေပြီး ပေပေါင်း–၇၃၀၇]

၇။ **ပျားစွဲတောင်** [ပျားအုံကြီးများမှာ လှည်းဘီးပမာဏခန့်ရှိ အင်တော မြို့နယ်ခွဲ၏ မြောက်ဘက်အထွက်ရှိ တောင်ကြီးဟု ယူဆကြပါသည်။ ပေအမြင့် မသိရှိရပါ။]

၈။ **လောက်ဆောက်မြို့တော် အနောက်ဘက်ရှိ ရှေ့မြင်နောက်မြင်တောင်** [ပေပေါင်း–၅၈၀၀ကျော်]

၉။ **ရပ်စောက်တောင်ဘက်ရှိ သနပ်တောင်**[ပေပေါင်း–၂၂၀၀ခန့်]

ထိုတောင်ကြီးကိုးလုံး ဝိုင်းရံထားသော ချိုင့်ဝှမ်းထဲရှိ နဂါးမြို့တော်ကို လောက်ဆောက်ဟု ခေါ်ဆိုခဲ့ကြခြင်းဖြစ်ပါသည်။

ပထမ ရှမ်းပြည်နယ်တောင်ပိုင်းမြို့တော် တောင်ကြီး ပြီးလျှင် အမည်နာမ ရှိခဲ့သည်မှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲလှသဖြင့် မီးရထားကိုသာ အများဆုံး အားထားခဲ့ကြသောကြောင့် **ဒုတိယ ရွှေညောင်မြို့** ဖြစ်ခဲ့ပါသည်။


ထို့နောက် တောင်ပေါ်မြို့အဖြစ်



F.13B. October, 2016.

www.burmeseclassic.com

www.burmeseclassic.com



ကြောင်လိမ်ဘုရား (ခေါ်) ရွှေမင်းဘဝတီ

နာမည်ကျော်ကြားလှသော ကလောမြို့၊ လေယာဉ်ကွင်း ရှိသဖြင့် နာမည်ကြီး ဟဲဟိုးမြို့၊ အရောင်းအဝယ်အဖြစ် ရှမ်းကယား လမ်းဆုံဖြစ်ရာ အောင်ပန်း ရွှေညမင်ရှိသော ပင်းတယ စသည့် မြို့များသာလျှင် နာမည်ထွက်ခဲ့ကြပါသည်။ ရပ်စောက်ဆိုလျှင် တချို့ မြန်မာနိုင်ငံအောက်ပိုင်းနှင့် အလယ်ပိုင်းတို့မှ ကြားတောင် မကြားဘူးခဲ့ကြပါ။

စစ်သင်တန်းကျောင်းများ ရှိသော ဗထူးတပ်မြို့နှင့် တွဲပြောမှသာလျှင် သိခဲ့ကြပါသည်။ နောက်ပိုင်း ရှမ်းပြည်နယ်တောင်ပိုင်း၏ အဓိကထွက်ကုန်များ၏ (၇၀)ရာခိုင်နှုန်းခန့်သော လိမ္မော်၊ သစ်မျိုးစုံ၊ သရက်၊ ပဲနှင့် ပြောင်းများ ထွက်ရှိသည့်အပြင် လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်လာသောကြောင့် အရောင်းအဝယ်မျိုးစုံ ရောင်းဝယ်ဖောက်ကား တိုးတက်ဖွံ့ဖြိုး ထွန်းကားလာသော **လောက်ဆောက်** LAUK SAUK ခေါ် ရပ်စောက်မြို့ကို မသိသူ မရှိသလောက် ကျော်ကြားလာခဲ့ခြင်း ဖြစ်ပါသည်။

ယခင် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ပွဲစားမြို့ဟုဆိုလျှင် ပင်းတယမြို့နယ်ပြီးလျှင် အောင်ပန်းမြို့ဖြစ်ပြီး ယခုဆိုလျှင် ရပ်စောက်မြို့နယ်မှ ထွက်ကုန်မှန်သမျှကို ရန်ကုန်၊ မန္တလေး၊ လားရှိုး၊ အောင်ပန်းနှင့် ပင်းတယမှ ပွဲစားကြီးများကအစ လာရောက် ရောင်းဝယ်ဖောက်ကားရသည်ကို တွေ့မြင်ရပါသည်။

## ပဋ္ဌမအမည်ပေါက် ရပ်စောက်

နဂါးမြို့တော်ဖြစ်သော ရပ်စောက်သည် ရှမ်းပြည်နယ်တောင်ပိုင်းရှိ အလယ်ပိုင်းဒေသတွင် တည်ရှိပါသည်။ ရှမ်းကိုးပြည်ထောင် စာရင်းဝင် မဟုတ်သော်လည်း ရှမ်းပြည်နယ်တောင်ပိုင်းတွင် ဝိသေသ လက္ခဏာရပ်များနှင့် ပြည့်စုံသော နယ်ကြီးတစ်ခု ဖြစ်ခဲ့ပါသည်။

ရှေးမြန်မာမင်းများဖြစ်သော အင်းဝမင်းများလက်ထက်, တောင်ငူမင်းများလက်ထက်, ဟံသာဝတီမင်းများလက်ထက်နှင့် ညောင်ရမ်းမင်းများလက်ထက်တို့တွင် စစ်ရေးစစ်ရာတွင်လည်းကောင်း၊ နိုင်ငံရေးရာတွင်လည်းကောင်း ထင်ရှားကျော်စောခဲ့ကြသည်ကို မှန်နန်းရာဇဝင်တော်ကြီးနှင့် ဦးကုလား မဟာရာဇဝင်ကြီးများအရ သိရှိရပါသည်။

ရပ်စောက်နယ်မှ၊ ရပ်စောက်နယ်သားတို့ မြန်မာမင်းများလက်ထက်၊



www.burmeseclassic.com

www.burmeseclassic.com





◆ ဓာတ်ပေါင်းစု ဘုရားမှီရာက်
မြောက်ဘက်ရှိ လျောင်းတော်မူ ဘုရားကြီး

◆ မှောက်သုံး ဇော်ဂွားကြီး စင်ခွန်တော်၏
စံအိမ်တော်(နဂါးကျွန်းကုန်းပေါ်တွင်ရှိသည်)


◆ တာဝန်ခံပြည့်ဒီပဝရိယသာရတော်
ဘဒ္ဒန္တ သုမန
ဝိဝိတ္တဇိန ဓမ္မရက္ခိတအသင်းဥက္ကဋ္ဌ
တောင်ကွက်သစ်ကွက် ကျွမ္ဘာမျိုး
ကျောင်းတိုက် ရပ်စောက်မြို့

◆ ဓာတ်ပေါင်းစုဘုရား၏
ရှေးမှီဘုရားကြီးအရှေ့ရှိ
ကျောက်စာတိုင်



◆ ရပ်စောက်-ပင်တယ အထွက်မုခ်ဦး(နဂါးမြို့တော်)







စာမျက်နှာ (၁၀၁) သို့

www.burmeseclassic.com

www.burmeseclassic.com



◆ ဆရာကြီးဦးတင်မြင့် အစာသိပ်ကုသနေပုံ

# သွေးဖောဖော လေဖောဖော ဆီးဖောဖော

ဘာကြောင့်ဖောဖော သက်သာစေရမည်

### ပါဝင်သော ဆေးဖက်

၁။ ဘီလူးဆောင်ဖွေး ပဋ္ဌါ်းပါ။
၂။ ကန့်ကလာ ပဋ္ဌါ်းပါ။
၃။ ကနဖော့ ပဋ္ဌါ်းပါ။
၄။ ကျောက်ဖရုံအူ

### ဖော်စပ်ပုံ

ဆေးဖက်လေးမျိုးကို အမျှစီစုပြီး ဓားနှင့် ပါးပါးစဉ်းပါ။ **ပြီးလျှင် ရေမြုပ်အောင်စိမ်ပါ။ ဆေးဖတ်များ နူးလာလျှင် လက်နှင့် နယ်နိုင်သလောက် နယ်ပေးပါ။**

လက်နှင့် နယ်ပြီးပါက ထို နယ်၍ရသော အရည်ကို ပဝါနှင့် စစ်ယူပါ။ ပဝါနှင့် စစ်ယူ၍ ရသောအရည်တွင် **ထန်းလျက် ချိုရုံခတ်၍ သုံးခွက် တစ်ခွက်တင်အောင်** မီးမှာ ကျိုချက်ပါ။

### အသုံးပြုပုံ

သုံးခွက် တစ်ခွက်တင် ကျိုချက်၍ ရသော အရည်ကို အအေးခံကာ ပုလင်းထဲ ထည့်လျက် လေလုံအောင် ပိတ်ထားပါ။ ဖောရောင်နေသောသူကို ကြက်ဥပန်းကန်လုံး တစ်ဝက်ခန့် နံနက် တစ်ကြိမ်၊ ညနေတစ်ကြိမ် တစ်နေ့ နှစ်ကြိမ် ချင့်ချိန်၍တိုက်ပါ။

**ဆီးဖောလျှင် ဆီးသွားမည်။**

**လေဖောလျှင် လေသွားမည်။**

**သွေးဖောလျှင် သွေးသက်မည်** ဖြစ်ပြီး ရက်ပိုင်းအတွင်း သက်သာ ပျောက်ကင်း ချမ်းသာစေပါသည်။

ကုထုံးဆေးချက် ပြောပြသော **ဆရာကြီးဦးတင်မြင့် (ဘီးလင်း)**အား ကျေးဇူးတင်ပါသည်။

မြတ်ထိုးနောင်

---

**စာမျက်နှာ (၁၀၀)မှ အဆက်**

ဗြိတိသျှကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ လွတ်လပ်ရေး ကြိုးပမ်းမှုခေတ်၊ ဖဆပလခေတ်နှင့် အိမ်စောင့်အစိုးရ လက်ထက်အထိ မြေရှင်ပဒေသရာဇ် စနစ်ဖြင့် ဖြတ်သန်းလာခဲ့ကြပါသည်။

၁၉၅၉ ခုနှစ်၊ ဧပြီလ(၂၄)ရက်နေ့တွင် ရပ်စောက်စော်ဘွား၏ ရာထူးနှင့် အခွင့်အာဏာများ တစ်ခန်းရပ်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ရပ်စောက် အုပ်ချုပ်ရေးနယ်ပယ်တွင် ပြည်သူ့အုပ်ချုပ်ရေးစနစ်သစ်စတင်လာခဲ့ပါသည်။

၂၀၀၂ ခုနှစ်တွင် ရပ်စောက်မြို့နယ်တွင်းမှ အင်တောနယ်ကို မြို့နယ်ခွဲအဖြစ် မခွဲထုတ်မီ မြို့နယ်၏ အကျယ်အဝန်းမှာ (၁၄၀၃၃.၁၂)စတုရန်းမိုင်၊ (၁၃၀၁၁၉၇)ဧက ရှိပါသည်။

ယနေ့မျက်မှောက် ရပ်စောက်မြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း (၃၀၅၀)အမြင့်တွင်ရှိပြီး မြောက်လတ္တီတွဒ် (၂၁)ဒီဂရီ (၅၉)မိနစ်၊ (၅၈)စက္ကန့်မှ (၂၀)ဒီဂရီ (၄၅)မိနစ်ကြားနှင့် အရှေ့လောင်ဂျီတွဒ် (၆၉)ဒီဂရီ (၃၇)မိနစ် (၃၀)စက္ကန့် (၉၇)ဒီဂရီ(၁၂)မိနစ်ကြားတွင်တည်ရှိပါသည်။

နဂါးမြို့တော်၏ နယ်နိမိတ်အပိုင်းအခြားများမှာ အရှေ့ဘက်တွင် လွိုင်လင်ခရိုင်နှင့် ဟိုပုံးမြို့နယ်၊ မြောက်ဘက်တွင် အင်တောမြို့နယ်ခွဲ၊ အနောက်ဘက်တွင် ရွာငံမြို့နယ်၊ တောင်ဘက်တွင် ပင်းတယမြို့နယ်၊ ကလောမြို့နယ်နှင့် တောင်ကြီးမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် ငါးမည်ရမြို့တော်၏ ထူးခြားဆန်းကြယ်သော ဒဏ္ဍာရီဖြစ်ရပ်များ၊ ဂမ္ဘီရဆန်သော ဖြစ်ရပ်မှန်ဇာတ်လမ်းများ...

အထင်ကရ သမိုင်းဝင်ဖြစ်ရပ်များ၊ သာသနာတော်ပြန့်ပွားရေး လာရောက်ခဲ့သော မင်းမြတ်များနှင့် တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းသမိုင်းဝင် စေတီတော်ကြီးများကို ကြုံကြိုက်ပါက လာရောက် လည်ပတ်ဖူးမြော်နိုင်ရန် နဂါးမြို့တော်ရှိ စာရေးသူ ကျွန်တော်မှ လေးစားစွာ ဖိတ်ကြားရေးသား တင်ပြလိုက်ပါသည်။

နိုင်မင်းညို




www.burmeseclassic.com

www.burmeseclassic.com

# ဘာသာရေး နှင့် လက္ခဏာဗေဒင်ပညာ

ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ




**၂၀၀၄ ခုနှစ်၊ အောက်တိုဘာလအတွင်းက** ကျွန်ုပ်ထံသို့ လာရောက်တွေ့ဆုံပြီး လက္ခဏာစစ်ဆေး ဟောပြောခဲ့ကြသူ ပရိသတ်များအနက်မှ စိတ်ဝင်စားဖွယ်ကောင်းသော လက္ခဏာရှင်တစ်ဦးအကြောင်း တင်ပြလိုပါသည်။

▲လောကီအလုပ်ကို စွန့်လွှတ်၍ ဘာသာရေးကို အပြီးအပြတ် ဖောက်ချလုပ်နိုင်မည်လား။


▲ယခုဘဝ၌ ဘာသာရေး ကျင့်ကြံအားထုတ်မှု၌ အောင်မြင်မှု ရရှိနိုင်မည်လား။

▲ဘာသာရေးနှင့် ပတ်သက်၍ မည်သို့သော ဆရာသမားမျိုးနှင့် အဆင်ပြေမည်လဲ၊

အထက်ပါ မေးခွန်းများ မေးမြန်းသူမှာ **အသက်(၃၅)နှစ်အရွယ် အမျိုးသမီးတစ်ဦး** ဖြစ်ပါသည်။ သူမ၏ ဝဲဘက်လက်ဖဝါးပြင်ကို ပုံနှိပ်ဖော်ပြထားပါသည်။

**✤ လက်မ၏ ဒုတိယအဆစ် ရှည်လျားပြီး နိုင်မာတောင့်တင်းသည်။(က)**

* * *



www.burmeseclassic.com


ထို့ကြောင့် စိတ်ဓာတ်ခိုင်မာမည်။ သင်ခြင်တုံတရား ပြည့်ဝမည်။ ဆုံးဖြတ်ထားသော အလုပ်ကို နောက်မဆုတ်တမ်း လုပ်မည်။

❖ **အင်္ဂါဂြိုဟ်ခုံအဖို့မှ သောကြာဂြိုဟ်ခုံဘက်သို့ သန်လျက်သင်္ကေတရှိသည်။(ခ)**

ထိုသင်္ကေတကြောင့် အလှအပနှင့် ချစ်မှုရေးရာ၊ ကာမဂုဏ်ကိစ္စများကို စွန့်လွှတ်ဖြတ်တောက်နိုင်စွမ်းရှိသည်။

❖ **လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံတွင် စတုရန်း(၄)ကွက်သင်္ကေတနှင့် ညောင်ရွက်သင်္ကေတတို့အပြင် ထောင်လိုက်မျဉ်းမတ်ငယ်များလည်းရှိသည်။ (ဂ)**

* * *




ထိုသင်္ကေတတို့မှာ ပညာဗဟုသုတ ပြည့်စုံကြွယ်ဝခြင်း၊ ဆရာသမား အကြီးအမှူးဖြစ်ခြင်း၊ အဆင့်အတန်း အခြေအနေ မြင့်မားခြင်း၊ လေ့လာသင်ယူ ကျင့်ကြံအားထုတ်မှုများတွင် ထူးချွန်အောင်မြင် ပြီးမြောက်နိုင်ခြင်း၊ ဘာသာရေးဆိုင်ရာများတွင် ထွန်းပေါက်နိုင်ခြင်း စသည်တို့ ဖြစ်နိုင်သည်။


❖ **ဒုတိယ ဉာဏ်လမ်းကြောင်း အပိုပါရှိပြီး၊ ထိုဉာဏ်လမ်းကြောင်းပေါ်မှာ စတုဂံကွက် သင်္ကေတများစွာ ဆက်လျက် ရှိနေသည်။ (ဃ)**

* * * ⟶

ထိုသင်္ကေတမှာ ဉာဏ်ရည် ထူးချွန်ထက်မြက်ခြင်း၊ သင်လွယ်တတ်လွယ်ဖြစ်ခြင်း၊ ထိုထွင်းဉာဏ်ကောင်းခြင်း၊ တွေးခေါ်ဆုံးဖြတ်မှန်ကန်ခြင်း၊ ခက်ခဲနက်နဲသော ဂမ္ဘီရပညာရပ်များကို လေ့လာလိုက်စား ထူးချွန်နိုင်ခြင်း၊ ကျင့်ကြံအားထုတ်မှုများမှာ အသိထူး၊ အမြင်ထူး၊ တရားထူး ရရှိနိုင်ခြင်းများ ဖြစ်ပေမည်။

❖ **ကံလမ်းထီးရိုးမှ လက်သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခုံသို့ ခွဲတက်သော လမ်းခွဲသည် နှလုံးလမ်းကြောင်းကို ဖြတ်၍ ခက်ရင်းခွပြင့် အဆုံးသတ်ထားသည်။(င)**

* * *





ထိုသင်္ကေတကြောင့် အနှစ်ရေး၊ အိမ်ထောင်ရေး ကိစ္စများကို စွန့်ပယ်၍ ဘာသာရေးနယ်သို့ ခြေစုံပစ် ဝင်ရောက်နိုင်လိမ့်မည်။

**သီလရှင်များ၊ အမျိုးသမီးသောက်များ၊ အမျိုးသမီး ကမ္မဋ္ဌာန်းဆရာမကြီးများတွင် မကြာခဏ တွေ့ရှိရသည်။**

❖ **တနင်္လာဂြိုဟ်ခုံ အထက်ပိုင်းတွင် အဝင်၊ အထွက် ကြိုးမွှေကို တွေ့ရသည်။(စ)**

* * *




ထိုမွေးမျိုး ရှိသူမှာ မွေးရာပါ ဗီဇကိုက ကမ္မဋ္ဌာန်းဘာဝနာဘက် အထူးအားသန်သည်။ ဘာသာရေး လွန်စွာ ကိုင်းရှိုင်းသည်။ ဝိပဿနာမျိုးစေ့ရှိသော ပုဂ္ဂိုလ်မျိုးဖြစ်သည်။

**လက္ခဏာရှင်၏ မွေးသက္ကရာဇ်မှာ ၁၃၃၂ ခုနှစ်၊ နယုန်လဆုတ် (၆)ရက်ကြာသပတေးနေ့**ဖြစ်ပါသည်၊

မဟာဘုတ်ခွင် ချလျှင်...

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | ၃ |

**ကြာသပတေး** **မရဏဖွားဖြစ်**သည်။ အထွန်းဌာနတွင် တနင်္ဂနွေရှိသည်။ ကြာသပတေးနှင့် တနင်္ဂနွေ အပြင်မိတ် ဖြစ်သည်။

ထို့ကြောင့် တနင်္ဂနွေနေ့ မွေးသော ဝိပဿနာတရားပြ ဆရာသမားနှင့် ဖို၍ အဆင်ပြေပါမည်။

ယခုဘဝ၌ ဘာသာရေး ကျင့်ကြံအားထုတ်လျှင် အောင်မြင်နိုင်သည်။ လောကီအလုပ်ကို စွန့်လွှတ်၍ ဘာသာရေးကို အပြီးအပြတ် ဇောက်ချလုပ်နိုင်မည်ဟု ကျွန်ုပ်ဟောပြောလိုက်ပါသည်။

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

ဆရာကြီးဦးအောင်မြိုင်
(ဥပဓေဘွဲ့)
(လက္ခဏာဗေဒင်ပညာသုတေသီ)



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687

လိုင်စင် ၇/၂၀၀၈၊ တဆဆလ(တိုး)-၁၃၁၂

အသိကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ၊ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်၊ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ၊ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား၊ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်၊ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်၊

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ၊

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-ရ/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၃

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)




www.burmeseclassic.com


www.burmeseclassic.com

ပင်းယမြို့တောင်းမှ မင်္ဂလာဗျူဟဆရာတော်

# အရှင်ဉာဏစက္က

အား ဖူးမြော်ကြည်ညိုခြင်း (၂)

ခရီးသည်ဘုတောသီ



◆ ဆရာတော်ကြီးနှင့် အောင်စည်ဆုံးစေတီ

## ယခင်လမှ အဆက်

လိုဏ်ဂူအဝသို့ ရောက်သော် လည်ပင်း၌ တစ်စုံတစ်ရာ ထိတွေ့နေသဖြင့် လက်ဖြင့် ခံယူရာ သွားတော် ဓာတ်ငါးဆူကို ရရှိလေသည်။

## ကုဋ္ဌာသယရသေ့ဆေး

အလောင်းတော်ကဿပမှ ပြန်လာပြီးနောက် ရှင်မတောင်၊ ရွှေတန့်တစ်သရက္ခန်ဘုရားများအား ဖူးမြော်၍ မြင်းခြံ စွန်းလွန်းဂူကျောင်း၊ မိတ္ထီလာ၊ ပုပ္ပါး စသည်တို့ကို လှည့်လည်ကာ ရွှေစက်တော်သို့ ပြန်လာခဲ့သည်။

မကွေးမြို့အနီး **ရွာသစ်ကလေးရွာ** ပေါ်တော်မူစေတီကုန်းတော်၌ ငှက်ဖျားဒဏ်ကြောင့် ရက်အတန်ကြာအောင် နာနေရသည်။ **(၁၈.၁၂.၁၉၅၅)ရက်နေ့** ရသေ့တစ်ဦးရောက်လာ၍ **"တပည့်တော် ကုဋ္ဌာသယရသေ့ပါ ဘုရား"** ဟုဆိုလျက် ခြေဖျား,လက်ဖျား များကို စမ်းသပ်ကိုင်တွယ်ပြီးနောက် ဆေးသုံးလုံး ကပ်လှူသည်။


ဆေးတစ်လုံးကို သောက်လိုက်သည်နှင့် ဆီးမှန်လာ၍ ထိုးအောင့်ကိုက်ခဲခြင်း သက်သာ၍ ဆီးမှန်လာ၏။ နောက်နှစ်လုံး သောက်လိုက်သောအခါ ဝေဒနာအားလုံး လုံးဝ ပျောက်ကင်းသွားတော့သည်။

ဝေဒနာ သက်သာပျောက်ကင်းသောအခါ မကွေးမြို့ အရှေ့ဘက်တောအတွင်းရှိ ချောင်မြောင်ကိုးကွေ့လိုဏ်ဂူတွင် သီတင်းသုံးကျင့်ကြံသည်။

မြေဆိုးအလွန်ပေါ၍ ပရလောကအခြောက်အလှန့် များပြားသဖြင့် အမိဋ္ဌာန်ဝင်သူ ရဟန်း၊ လူပုဂ္ဂိုလ်များ တစ်ညပင်လျှင် မနေနိုင်ဟု နာမည်ကျော်ကြားသောလိုဏ်ဂူ ဖြစ်သည်။

ဦးဉာဏစက္ကသည် ထိုလိုဏ်ဂူတွင် ကာလအတန်ကြာအောင် သီတင်းသုံးခဲ့ရာ သိက္ခာမ်းခင်မင်လာကြသော မွေမ်း

www.burmeseclassic.com



◆ သွားတော်ဓာတ်တော်လေးဆူ ဌာပနာပြုခဲ့သည့် ရှမ်းမွက်နှာပြည်လုံးချမ်းသာစေတီ

ဒါယကာများက အဖော် ကပ္ပိယတစ်ဦး ထားပေးသည်။ ထိုကပ္ပိယသည် လိုတ်ဂူအတွင်း မနေဝံ့သဖြင့် ပြင်ပ၌သာ အိပ်စက်သည်။

**ညအခါ လိုဏ်ဂူအတွင်း လင်းထိန်ကာ ဆရာတော်၏ တရားကို နာယူနေကြသော ဖြူဖြူစွာစွာကို မြင်ကြရ၍ ထွေ့ ရတတ်သည်ဆို၏။**

**၁၃–၃–၁၉၅၆နေ့တွင်** မကွေးမှ ရန်ကုန်သို့ ကြွ၍ ရွှေတိဂုံဘုရား တရုတ်ကြီးဇရပ်တွင်ပင် သီတင်းသုံးသည်။ **၁၉–၃–၁၉၅၆ ခုနှစ်**တွင် ရခိုင်ပြည်နယ်မှ ဒါယကာများ ပင့်ဖိတ်သဖြင့် ရန်ကုန်၊ စစ်တွေ လေယာဉ်ဖြင့် ကြွသွားရလေသည်။

## အစ်မတော်ဒေါ်ပန်းသန္တာ

စစ်တွေတွင် ရက်အနည်းငယ် သီတင်းသုံး၍ ဇာတိမြေ ပေါက်တောမြို့နယ်၊ ပိန္နဲချောင်းကျွန်း၊ တောင်ချောင်ကျေးရွာကျောင်းသို့ ကြွရောက်သည်။ ထိုအခါ အစ်မကြီးဒေါ်ပန်းသန္တာက လာရောက်ဖူးတွေ့ကာ ဆွမ်းကပ်သည်။ အရှင်က...

'ငါ့ကို စားစေချင်လို့ ကိုယ်တိုင်ကိုယ်ကျ ငါးသွားရှာတယ်မဟုတ်လား'

'ဟုတ်ပါတယ် ဦးပဥ္စင်း'

'ဤဆွမ်းမျိုးကို နောင်လာမပို့နဲ့ ပြန်ယူသွားပါ။ ကျန်းမာချမ်းသာကြပါစေ'

ရည်သား၊ မြင်သား၊ ကြားသားဟူ၍ ဘုရားရှင်ပညတ်ထားလေရာ မိမိအတွက်ရော ရည်ရွယ်ပြုလုပ်ရာ (သတ်ဖြတ်)လာသော ငါးဟင်းဖြစ်၍ ငြင်းပယ်တော်မူခြင်းဖြစ်လေသည်။

တစ်နေ့တွင် အစ်မတော်သည် သူ့မှာ အလွန်ဆင်းရဲနေကြောင်း လျှောက်ထားသည်။ ဦးပဥ္စင်းက **"သင်းပိုင်တစ်ထည်လောက်လှူ"**ဟု မိန့်တော်မူသည်။

'သင်းပိုင်တစ်ထည်ဖိုး ငွေ၃၀၀ လောက်ရှိတယ်။ မတတ်နိုင်ပါ'

'မရှိလို့မဟုတ် မလှူရဲ မစွန့်ရဲလို့ မဟုတ်လား။ ဒကာမကြီး သားတစ်ယောက်ကို လူဆိုးတွေ ပြန်ပေးဆွဲပြီး ငွေ ၃၀၀၀၊ ၅၀၀၀နဲ့ လာရွေးပါ။ မရွေးရင် သတ်ပစ်မယ် လို့ ဆိုလာရင် ရှာကြံချေးငှားပြီး မရွေးပေဘူးလား။ သည်အတိုင်း မရွေးဘဲ နေမှာလား'

'အဲဒီလို ကြုံလာရင်တော့ မနေနိုင်ပါဘုရား'

'ဒကာမကြီးတို့ ဒါနကုသိုလ်ရေးမှာ ဇွဲဝီရိယ စေတနာ သဒ္ဓါတရား နည်းပါးမှုကြောင့် ဆင်းရဲရတယ်။ သဒ္ဓါတရားအလွန်နည်းရင် အလွန်ဆင်းရဲမှာပဲ။ ဒါကဲ့ရဲ့ အကြောင်းတရားပဲ။ ယုံရဲ့လား'

'ယုံပါတယ် ဘုရား'

'ယုံရင် ဒကာမမှာပါလာတဲ့ တဘက်သိုင်းကို လှူခဲ့ပေတော့'


'အဲပေါင်းကြီးပါဘုရား'





www.burmeseclassic.com

www.burmeseclassic.com



တောရိုးမန်ကျည်းပင်ကြီး

'အသစ်၊ အဟောင်းက အရေးမကြီးဘူး ဆေတနာသာ အဓိကပါ'

ဤသို့ဖြင့် ဒေါ်ပန်းသန္တာသည် သဒ္ဓါယုံကြည်မှုတွင် စိတ်ထားပြောင်းလဲကာ ကုသိုလ်ရေး၌ အားစိုက်လာသည်။ နှလုံးသွင်းမှန်လာသည်။ တစ်နေ့တွင် ဆွမ်းလာကပ်ရာ...

'အိမ်မှာ နေကောင်းကြရဲ့လား အကာမကြီး'

'ကောင်းပါတယ်ဘုရား'

'ဒကာမကြီးကော နေကောင်းရဲ့လား'

'တပည့်တော်လဲ နေကောင်းပါတယ်'

'နေလို့ကောင်းရင် ဒီအတိုင်းပဲ နေသွားမှာလား'

ဒေါ်ပန်းသန္တာသည် အတန်ကြာအောင် နှုတ်ဆိတ်စဉ်းစားနေပြီးနောက်...

'တပည့်တော်မ အိမ်ပြန်ပါဦးမယ်ဘုရား'

ဟု လျှောက်၏။

ခွင့်ပြုချက်ရ၍ အိမ်သို့ ပြန်လာပြီးနောက် ပုခက်တွင်းမှ ကလေးငယ်ကို ခင်ပွန်းသည်ထံ ပြောဆိုအပ်နှံသည်။

ယင်းနောက် ဘုန်းကြီးကျောင်းသို့ ပြန်လာကာ သီလရှင်ဝတ်လေသည်။

ဒေါ်ပန်းသန္တာသည် သီလရှင်ဘဝဖြင့် ဦးဉာဏစက္ကထံမှ ဝိပဿနာကမ္မဋ္ဌာန်း နည်းနိဿယ ခံယူကျင့်ကြံကာ သက်ဆုံးတိုင် အားထုတ် နေထိုင်သွားလေတော့သည်။

ဦးဉာဏစက္ကသည် **၀၃၁၈ ခုနှစ် (၁၉၅၆ ခုနှစ်)အငှမစါကို** ပုဏ္ဏားကျွန်းမြို့ ဦးရာဇ်တောင်၌ ကပ်ဆိုကာ ကျောက်တော်၊ ရသေ့တောင်၊ မင်းပြား၊ မြောက်ဦး၊ စစ်တွေမြို့များတွင် (၂၅)ဝါတိုင်အလှည့်ကျ ကပ်ဆို၍ ဝိပဿနာကမ္မဋ္ဌာန်းနည်းနာများပြသခြင်း၊ စေတီပုထိုးများ မွမ်းမံခြင်း စသည် သာသနာပြုတော်မူခဲ့သည်။

## ရခိုင်ပြည်နယ်မှ

## အလောင်းတော်ကဿပ

ဓာတိမြေတွင် အလောင်းတော်ကဿပရုပ်တုတော်နှင့် လိုဏ်ဂူကို တည်ဆောက်ခဲ့သည်။

ပေါက်တောမြို့နယ် ပိန္နဲချောင်းကျွန်း၊ မဟာရာမ်ရက္ခစိုးတောင်တွင် ၁၃၁၉ ခုနှစ်မှ စတင် မြေသန့်ကာ ၁၃၂၁ ခုနှစ်၊ တပေါင်းလဆန်း(၁၂)ရက်တွင် ရုပ်တုတော် အပြီးသတ်နိုင်ခဲ့သည်။

ဆရာတော် ဖူးမြင်ခဲ့ရသည့်အတိုင်း လိုဏ်ဂူနှင့် ရေချမ်းတွင်း အနိမ့်အမြင့် အကွာအဝေးမှအစ တူညီအောင် ပြုလုပ်ထား၏။

အလောင်းတော်ကဿပ ကိုယ်ပွားရုပ်ပွားတော် ပြီးစီးသောအခါ လိုဏ်ဂူအတွင်းမှ အပ်ချည်လုံးတစ်လုံးကို တောင်အောက်ချိုင့်ဝှမ်းသို့ သွယ်တန်းချထားလိုက်သည်။

**လိုဏ်ဂူအတွင်းမှနေ၍ ပရိတ်တရားများရွတ်ခြင်း၊ မေတ္တာပို့ခြင်းစသည် ရွတ်ဖတ်သရဇ္ဈာယ်မှု ပြီးဆုံးသောအခါ အပ်ချည်အလုံးရှိရာ ကျောက်များမှ ရေများ ထွက်ပေါ် စီးကျလာသည်။**

ထိုရေကို **မေတ္တာရေချမ်းတွင်း**ဟုခေါ်၍ ယနေ့တိုင် ရှင်လူရဟန်းတို့ အလေးထား သုံးစွဲနေကြရသည်ဟု သိရလေသည်။

## မေတ္တာရေကန်

အထက်ပါဖြစ်စဉ်နှင့် ဆင်တူသော **မေတ္တာရေကန်**လည်း ရှိခဲ့၏။ **မဟာရာမ် ရင်အုံတော်ဓာတ်တောင်**တွင် ဖြစ်သည်။

၁၃၂၄ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ရင်အုံတော်ဓာတ်စေတီ ဘုရားပွဲနှင့် အလောင်းတော်ကဿပပွဲတော်ကြီးတို့ ရှိသဖြင့် လူသူပရိသတ် စည်ကားလှကာ သောက်ရေအခက်အခဲ တွေ့ရသည်။ ယင်းအတွက် ဆရာတော်အား လျှောက်ထားကြသည်။

ဆရာတော်က အပ်ချည်လုံးတစ်လုံးကို ကိုင်လျက် တောင်အောက်သို့ လွှတ်ချလိုက်ကာ **"ဒီအပ်ချည်လုံး ရပ်တဲ့နေရာမှာ ရေတွင်းတူးကြ"**ဟု မိန့်တော်မူသည်။ ဒါယကာများ စုဝေး

www.burmeseclassic.com

ကာ တောင်အောက်ဆင်းကြသည်။

အပ်ချည်လုံးရပ်တန့်ရာ ချုံကို ရှင်းလင်း၍ (၃)ပေခန့်တူးကြရာ ရေများ ပန်းထွက်လာသည်။ ယင်းနေရာကို ရှင်းလင်း၍ ရေကန်ပြုလုပ်ထားကြသည်။ ဆရာတော်က **"မေတ္တာရေကန်"**ဟု အမည်ပေးသည်။

ဤသတင်းကို စစ်တွေခရိုင်အတွင်း ပျံ့နှံ့ ကြားသိကြသဖြင့် ရဟန်းရှင်လူ အများလာရောက် လေ့လာကြည့်ရှုကြ၏။ သောက်ရေချိုးရေအဖြစ် အသုံးပြုကြရာ **ဆယ့်နှစ်ရာသီ ရေမခန်းဟု ဆို၏။**

တစ်နေ့တွင် ထိုမေတ္တာရေကန်သည် လုံးဝ ရေခန်းသွားသည်ကို တွေ့ကြရ၏။ ဆရာတော်က ဤသို့ မိန့်သည်။

'ရေကန်တွင် ရဟန်းများ ရေချိုး၍ ရေသနုပ်သင်းပိုင်ကို လှန်းထားခဲ့ရာ လူတစ်ယောက်သည် ရေလဲပုဆိုးမပါသဖြင့် ထိုသင်းပိုင်ကို ဝတ်၍ ရေချိုးခဲ့သည်၊ ထို့အတွက်ကြောင့် ရေခန်းခြင်းဖြစ်သည်၊ ရေချိုးသူကို စုံစမ်းရှာဖွေပါ'

သို့ဖြစ်၍ ရှာဖွေဖော်ထုတ်ကာ ထိုသူအား ဆုံးမစကားပြောဆို၏။ နတ်ဒေဝတာများ၊ တောစောင့်တောင်စောင့် နတ်များကို တောင်းပန်စေ၏။

အပြစ်ပေးသည့်အနေဖြင့် ဥပုသ်သီလ(၇)ရက် စောင့်ထိန်းစေသည်။ ဆရာတော်ကိုယ်တိုင်လည်း ရေကန်အနီးတွင်ထိုင်၍ ဓမ္မစကြာပရိတ်ကြီး (၁၁)သုတ်တို့ကို ရွတ်ဖတ်ပူဇော်၏။ ထိုအခါမှ ရေများပြန်လည် ထွက်ရှိတော့သည်ဟု သိရလေသည်။

## အလောင်းတော်ကဿပလိုဏ်မှ ဓာတ်တော်များ

ဆရာတော်သည် အလောင်းတော်ကဿပလိုဏ်ဂူမှရသော သွားတော်ဓာတ်လေးဆူကို ပုဏ္ဏားကျွန်းမြို့၊ ဦးရာဇ်တောင်၊ အင်ကြင်းတောရကျောင်းဝင်းအတွင်း ပြည်လုံးချမ်းသာ ရှစ်မျက်နှာဘုရား မွမ်းမံရာ၌ ထည့်သွင်းပူဇော်ခဲ့သည်။

ရရှိစဉ်က သွားတော်ဓာတ်(၅)ဆူဖြစ်ပါသည်။ အလောင်းတော်ကဿပမှအပြန် ရန်ကုန်မြို့၊ ရွှေတိဂုံစေတီ တရုတ်ကြီးဇရပ်သို့ ရောက်ရှိသောအခါ **ဓနီးမောင်နံ့နှစ်ဦး လာရောက်ကန်တော့သည်။**

'တပည့်တော်တို့ တစ်ခု တောင်းဆိုပါရစေဘုရား'


'ဘာများလဲ ဒကာတို့'

'အလောင်းတော်ကဿပ လိုဏ်ကရခဲ့တဲ့ ပစ္စည်းတွေပါဘုရား'

'သာသနာအတွက် သုံးဖို့ပါ၊ ပေးလို့မဖြစ်ဘူး'

'တပည့်တော်တို့လဲ သာသနာအတွက် လိုချင်လို့ပါ ဘုရား။ တချို့တဝက်လောက် မျှဝေပေးပါဘုရား'

ဆရာတော်က ငြင်းဆန်တော်မူသဖြင့် အတန်ကြာ တိတ်ဆိတ်နေပြီးနောက် ပြန်ထွက်သွားကြသည်။



အသစ်ဆောက်လုပ်လှူဒါန်းကြသော နှစ်ထပ်ကျောင်း

ဆရာတော်လည်း တရားကို ဆက်၍ ရှုမှတ်နေပြီးနောက် ကမ္မဋ္ဌာန်းသိမ်းသောအခါ အလောင်းတော်ကဿပလိုဏ်မှ ရသောပစ္စည်း (သွားတော်ဓာတ်)များကို ထုတ်ယူကြည့်သည်။ လေးဆူသာ ကျန်လေတော့သည်။

'အင်း...ငါ့မပေးသော်လဲ ရသင့်ရထိုက်တဲ့ အကြောင်းခံပါလို့ ယူသွားနိုင်တာပဲ'

ဟု စဉ်းစားလျက် ကျန်လေးဆူကိုသာ စေတီတည်ရာ၌ ပူဇော်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

## ရန်ကုန်သို့

ဆရာတော်သည် ရခိုင်ပြည်နယ်တွင် (၂၅)နှစ်ကြာ သာသနာပြုသီတင်းသုံးတော်မူပြီးနောက် ၁၃၄၃ ခုနှစ် (၁၉၈၁ ခုနှစ်တွင်) တပည့်ဒါယကာများက ရန်ကုန်သို့ ပင့်ဆောင်ကြသည်။

**၁၃၄၃ ခုနှစ်၊ တပေါင်းလဆန်း (၃)ရက်၊** ကြာသပတေးနေ့တွင် ရန်ကုန်သို့ ရောက်ရှိ၏။ ရွှေတိဂုံဘုရားလမ်း အကောက်ခွန်ဓမ္မာရုံနှင့် သာကေတ(၇)ရပ်ကွက်တို့၌ ခေတ္တသီတင်းသုံး၏။

၁၃၄၄ ခုနှစ် ဝါမဝင်မီအချိန်တွင်



www.burmeseclassic.com

မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ မင်္ဂလာသီရိမဟာ သတိပဋ္ဌာန်ကျောင်းကို ဆောက်လုပ်လှူဒါန်းကြသဖြင့် ကြွရောက် သီတင်းသုံးတော်မူသည်။

ယင်းကျောင်းတွင် (၃၁)ဝါ သီတင်းသုံး တရားပြတော်မူပြီးနောက် **၁၃၇၅ ခုနှစ်(၂၀၁၃ ခုနှစ်) ကဆုန်လဆန်း (၉)ရက်နေ့တွင်** တံတားဦးမြို့နယ်၊ စကားအင်းရွာ၊ အောင်စည်းခုံစေတီအနီး မင်္ဂလာဇေယျကျောင်းတိုက်သို့ ကြွရောက် သီတင်းသုံးတော်မူလေသည်။

ဆရာတော်၏ ဖြစ်စဉ်တော်အချို့ကို လေ့လာကြည့်ညိုပြီးနောက် ဝေယျာဝစ္စအဖွဲ့ဝင် အမျိုးသမီးလေးများ လမ်းညွှန်ချက်အရ တိုက်အုပ်ဦးပဥ္စင်း ဦးခန္တီဝရအား ဖူးမြော်တွေ့ဆုံသည်။



▲ တိုက်အုပ်ဆရာတော် ဦးခန္တီဝရ

## စကားကျောင်းနေရာ

ဤကျောင်းနေရာသည် ပင်းယခေတ်ကာလ **တစ်စီးရှင်သီဟသူမင်း လှူဒါန်းခဲ့သည့် စကားခုနစ်ကျောင်းနေရာဖြစ်သည်။**

မင်္ဂလာဇေယျ ကျောင်းဆောင်များအတွက် အုတ်မြစ်တူးသောအခါ **ကျောင်းတိုင်ဟောင်းငုတ်များ တွေ့**ရသည်ဆို၏။

ဤကျောင်းမဆောက်မီက ယာကွင်းအလယ်တွင် တောစိုးမန်ကျည်းပင် တစ်ပင်သာ ရှိ၏။

မြေဆိုးပေါ်များသည့်အပြင် ပရလောကသား အခြောက်အလှန့်လည်း များပြား၏။ မသမာသူတို့လက်ချက်ဖြင့် မိမိတို့ ကွဲနွားအခိုးခံရပြီးနောက် ဤမန်ကျည်းပင်၌ ချည်ထားလှန်ထားသည်ကို တွေ့ပါလျက် မည်သူမျှ ပြန်မယူဝံ့ကြဟုဆို၏။

ဦးပဥ္စင်းက တစ်နှစ်တစ်ဝါ ကြိုတင်လာရောက်ကာ တဲကျောင်းငယ်ဖြင့် စတင် သီတင်းသုံးရသည်။ **ဓမ္မစကြာ၊ ပဋ္ဌာန်း၊ ပရိတ်ကြီး(၁၁)သုတ်များ** ရွတ်ဖတ်ပူဇော်၍ အနှောင့်အယှက်တို့ ယဉ်ပါးအောင် ပြုလုပ်ခဲ့ရသည်။

စကားအင်း ရွာသူရွာသားများလည်း ကူညီပေးကြသဖြင့် မူလစကားကျောင်းသာသနာမြေသည် တစ်ဖန်ပြန်လည် ပေါ်ထွန်းခဲ့သည်။

ဆရာတော်ကြီး ဦးဉာဏစက္ကသည် ရန်ကုန်၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်ရှိ ကျောင်းတွင် ၁၃၄၄ ခုနှစ်က စတင် သီတင်းသုံးသောအခါ ယခုကဲ့သို့ လိုင်းကားများမရှိ၊ လမ်းမပေါက်သေးသဖြင့် ရန်ကုန်မြို့တွင်းမှ လာရန် ခက်ခဲလှသည်။

ဝါယာလက်ရပ်ကွက်အထိ လိုင်းကားစီး၍ **ပေါင်းကူးရွာ၊ နှင်းဆီကုန်းရွာ၊ သယ်န်းကျွန်းကြီးရွာများကို** ခြေကျင်လျှောက်လာရသည်။

အလွန် ဆိတ်ငြိမ်အေးချမ်းသည်။ ဒါယကာများက...

'နေရာတော့ ကောင်းတယ်ဘုရား လာရတာ ဝေးလှတယ်'

ဟု လျှောက်ထားရာ ဆရာတော်က...

'နောင်ဆို ဒီနေရာမှာ မြို့ဖြစ်ပြီး စည်ကားလာမှာ'

ဟု မိန့်တော်မူခဲ့၏။

ဆိုသည့်အတိုင်းပင် ပုလဲမြို့သစ်တည်ပြီးနောက် လူနေအိမ်ခြေ စည်ကားလာလေရာ သက်တော်ကြီးပြီဖြစ်သော ဆရာတော်ကြီးအား ဆိတ်ငြိမ်အေးချမ်းသော ဤကျောင်းသို့ ပင့်ဆောင်ရခြင်းဖြစ်ကြောင်း သိရ၏။

တပည့် ဒါယကာများကလည်း ကုသိုလ်ပြုကြသဖြင့် နှစ်ထပ်ကျောင်းကြီး သုံးဆောင်၊ သိမ်တစ်ဆောင်နှင့် ဆွမ်းစားကျောင်း စသည်ဖြင့် သာသနိက အဆောက်အအုံများ စည်ကားလာပြီဖြစ်လေသည်။

## နှုတ်ဆက်ဂါရဝ

ယင်းနောက် ဆရာတော်ကြီးနှင့်ပတ်သက်၍ ထူးခြားဖြစ်စဉ်များရှိပါက သိမှတ်နိုင်ရန် လျှောက်ထားကြည့်သည်။

'ထူးခြားတာတော့ အများကြီးပဲ ဦးပဥ္စင်းက ရဟန်းဖြစ်နေလို့ ပြောဖို့ မသင့်ဘူး'

'ဒါဖြင့်လဲ ပြောပြနိုင်မယ့် လူဒကာ၊ ဒကာမများရှိမလား ဘုရား'

'ကျုပ်က ခွင့်မပေးရင် ဘယ်သူမှပြောဝံ့မှာ မဟုတ်ဘူးဒကာ'

သို့ဖြစ်၍ **ဆရာတော်ကြီး ဦးဉာဏစက္ကနှင့် ဦးခန္တီဝရတို့အား ရည်မှန်းကန်တော့ပြီးနောက်** ကျောင်းဆောင်အချို့အား မှတ်တမ်းဓာတ်ပုံရိုက်ကူး၍ ကျောင်းဝင်းမှ ပြန်လည် ထွက်ခွာခဲ့လေသည်။

**ခရီးသည်သုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

စစ်ကိုင်း၊ **လေးကျွန်းမြေရပ်၊ ချမ်းသာသုခဆေးခန်း**သို့ဝင်သွားသည်နှင့် ဆရာ ဦးဇော်နိုင်အား အကြောလူနာများနှင့်လုံးထွေးလျက်တွေ့ရသည်။

'ညှပ်ရိုးကျိုးတာ ကောင်းသွားပြီလား'


'အထိုက်အလျောက်တော့ ကောင်းလာပါပြီ။ ဖနီးက မပေါ့မပါးနဲ့မို့ ကိုယ့်အားကိုးလာတဲ့ လူနာတွေကို စိတ်မပျက်စေချင်ဘူး။ ဝေဒနာကို လက်ခံပြီး ကုသပေးရတာပေါ့'

သမီး ကျောင်းကြိုစဉ် ဆိုင်ကယ်ဝင်တိုက်သဖြင့် ညှပ်ရိုးကျိုးသွားသော ဆရာ ဦးဇော်နိုင်သည် ဆရာဖြစ်သူ ကိုဝင်းကို၏ စန်းချို (ရှုဒိုဂျင်စင်း)အစွမ်း၊ ဆေးဗဟုသုတ ပေါင်းစည်းမှုဖြင့် အတန်အသင့် ထူထူထောင်ထောင်ဖြစ်ကာ လူနာများကို လက်ခံ ကုသပေးလျက် ရှိသည်။

အချိန်အတန်ကြာ၍ လူနာရှင်းသလောက် ရှိသည်တွင် ခုတင်ထက်မေးရိုးလေ့ကျင့်ခန်းယူ ပြုပြင်နေသူ ဝေဒနာရှင်ကို ခွင့်ပန်ကာ မနီးမဝေး လက်ဖက်ရည်ဆိုင်သို့ ထွက်လာကြသည်။

'ပညာရေးဦးစီး(ငြိမ်း)တစ်ယောက်က ရှေးပုရပိုက်တစ်ဆူ ပေးထားတယ်၊ ဆေးပညာစိတ်ဝင်စားပေမယ့် နားမလည်လို့ ကျွန်တော့်ဆီ ပစ်ထားတာ (၆)လလောက်ကြာပြီ။ ကျွန်တော်လဲ မအားတားနဲ့ မကြည့်ဖြစ်သေးဘူး။ ဆရာ စိတ်ဝင်စားရင် ဆေးခန်းရောက်တော့ လေ့လာကြည့်ပေါ့'

ထိုနေ့ပိုင်းတွင် အညာမိုးမိသဖြင့် တုပ်ကွေးဆန်ဆန် ခံစားရသဖြင့် ညည်းခိုခန်း၌အောင်းကာ ပုရပိုက်မှ မှတ်သားသင့်သည်များကို တကိသုတ်ရိုက်ကူးယူခဲ့သည်။ **၁၂၅၇ခုနှစ်တွင် ဆေးသမားတစ်ဦးက သူ၏ မှတ်လိုရာများ စုပေါင်းမှတ်သားထားခြင်းဖြစ်သည်။**



● ၁၂၅၇ ခုနှစ်တွင် ရေးမှတ်ကြောင်း မှတ်တမ်းတင်သော စာမျက်နှာ

# ပုရပိုက်ဟောင်းမှရသော ငှက်ဖျားပြတ်ဆေး

မြန်မာဗုဒ္ဓဝါဒီများ ထုံးစံအတိုင်း စဦးမျက်နှာတွင် သုတ်၊ ပရိတ်တော်များ ရေးလေ့ရှိသည့်အတိုင်း ရာဟုလောဝါဒသုတ်တော်ပါရှိသည်။ **ဗေဒဗ္ဗနယ ဆေးကျမ်းအနည်းငယ် ပါဝင်သည်။ ဆေးနည်းအချို့၊ အင်းစမ အနည်းငယ်နှင့် ဂါထာအနည်းငယ် ပါဝင်လေသည်။** ယင်းအနက်မှ ခေတ်နှင့်အညီ အသုံးဝင်သော ဆေးနည်းဂါထာ တစ်ပုဒ်ကို ကူးယူဖော်ပြလိုက်ပါသည်။

ငှက်ဖျားရောဂါကြောင့် ဦးနှောက်ပိုးဝင်ကာ ဘဝပျက်ရသည်အထိ ခံစားရတတ်ပါသည်။ ပုရပိုက်ပါ အစီအရင် ဆေးနည်းမှာ မည်သို့ ပြင်းထန်ကြာရှည်သော ငှက်ဖျားဝေဒနာ ဖြစ်စေကာမူ သက်သာပျောက်ကင်းစေသည့် "ငှက်ဖျားဖြတ်နည်း" ဖြစ်သည်ကို တွေ့ရသည်။

**ရှောက်**
**ဗိတ်ချွန်း**
**ကြက်သွန်ဖြူ**
**လေးညှင်း**

**အမျှစီယူရောကြိတ်** အောက်ပါ ဂါထာစုတ်ကာ မျက်စဉ်းခတ်ပါ။ ငှက်ဖျားပြတ်၏။

စုတ်ရန်ဂါထာ

ဩဘာင်း အဂ္ဂိလိမာလ မဏ္ဍာတုဆောင်၊ ဆောင်သည်အမြဲ အဲထဲပြင်မှာ အညာပြင်သို့ထွက်၊ ဦ ဘုရားဟူက မြတ်လှဂေါတမ၊ ဝေဘာဆေယ်ပါး ပိတ်ဆီးတံခါး ပွင့်စေဩ ပွင့်၊ လင်းစေဩလင်း။ *(၃၇)ခုစ* **(မှတ်ချက်။** ။ ပေ၊ ပုရပိုက် မူရင်းမှ စာသားများ ဖြစ်ပါသည်။)

နားလည်ကျွမ်းကျင်သူ သက်တော် (၈၅)နှစ်ကျော် ဆရာတော်ကြီးတစ်ပါးအား မေးလျှောက်ကြည့်သောအခါ **ဂါထာစုပ်ပြီးသော ယင်းဆေးကို လက်သည်းခွံပါသမျှယူ၍ မျက်လုံးနှစ်ဖက်ထောင့်စွန်းတွင်ထည့်ရသည်။ မျက်တောင်ခတ်၍ မျက်ရည်လည်လာလျှင် ဆေးများ ကိုယ်တွင်းပျံ့ကာ ငှက်ဖျား *(မည်သည့်ငှက်ဖျားဖြစ်စေ)*** သက်သာကြောင်း ကြားနာရသည်။

***(သတိပြုရန် ဆေးဖိုးဝါးခ ငွေကြေး သတ်မှတ်ပါက လုံးဝ အစွမ်းမထက်ပါဟု သိရသည်။)***

**စောသိင်းလ**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အသည်းရောဂါအတွက် ကိုယ်တိုင်ကုသ ထုတ်လုပ်ထားတဲ့

# မင်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၈၁၃ Y ၀၁၀၆၇၂) (တဆဝက(စာနယ်ဇင်း) ၀၀၇/၀၂၁၂) ဦးအိုက်ဆံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့် အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံ ရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများ အနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့ အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူရန် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက် အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းတောင့်၏။ ပျို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ်မရှိ ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။ မျက်စိနှင့် အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ ရုံခါဝမ်းချုပ်၍ ရုံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်နည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ ပိန်ချုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အစာအိမ်ရောဂါလို့ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို နှစ်လကျော်ကျော်နှိပ်စက်နေသော အနီးရန်သူသည် B-ပိုး ဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ ခွေခေါင်ခေါင် မိုးကြိုးပစ်ခံထိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ - တစ်နိုင်တစ်ပိုင်






www.burmeseclassic.com

www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူး ဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ "ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "ဩော် မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော်လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရောကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ... ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာဆရာက ပေးမှာလား၊" "ပေးပါ့ဗျာ၊ ပေးပါ့၊ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက် အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့် မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။

**ဦးအိုက်စံ (လားရှိုး)**


ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့်
အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။

ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ်(ဆ/၃၆၀)၊ သုနန္ဒာ(၈)လမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၂ ၄၁၀၉၄

ရှမ်းပြည်နယ်ဖြန့်ချိရေး-
အမှတ်(ည/၉)၊ ဘူတာလမ်း၊ ရပ်ကွက်-၁၀၊ လားရှိုးမြို့။
ဖုန်း-၀၈၂ ၂၆ ၂၉၁၊ ၀၉ ၄၅၃ ၂၂၂၁၃။




www.burmeseclassic.com

www.burmeseclassic.com


စပါးတောင်ရိုး သာသနာ့အောင်မြေ

# ရေလေးချွန်းခဲတောင်ချိုး (၂)

ယခင်လမှအဆက်

မောင်မောင်မြို့
(ထားဝယ်)





▲ ရောဝတ်တောင်ခြေ မြောက်ဘက်မြင်ကွင်း

◀ ရောဝတ်တောင် တန်ဆောင်းလှေကားမြင်ကွင်း

▼ ရောဝတ်တောင်ထိပ်မှ စကြာရှင်စေတီအား မှုရစဉ်



ရောဝဏ် တောင်မြောက်ဘက် တောင်ခြေရှိ ရောဝဏ်ဆင်ရုပ်တုကြီး ထားရှိရာ အဆောက်အအုံကြီးကို စီးမိုးမြင်ရ၏။ အဝေးမြင်ကွင်းတွင် စိမ်းရောင်စို စကြာတောင်ကုန်း၌ ကိန်းဝပ်သော စကြာရှင်စေတီတော်အား ကြည်ညိုဖူးမြင်ရ၏။


တဖြည်းဖြည်း လှေကားထစ်များကို ကျော်လှမ်းတက်လာရာ လှေကားထိပ်ပေါ်သို့ မော့ကြည့်မိ၏။ မုခ်ဦးအပေါ်ထိပ် မြောက်ဘက်မျက်နှာစာတွင် အောင်သံဝရ ရောဝဏ်ဆင်များရှင်စေတီဟူ၍ ကမ္ပည်းစာကို တွေ့မြင်ရလေသည်။


မုခ်ဦးတန်ဆောင်း လှေကားအတိုင်း ဆက်၍ တက်လှမ်းလာရာ ရောဝဏ်တောင်ထိပ်အရောက်တွင် တောင်ခြေမြောက်ဘက်ဆီ လှမ်းကြည့်လိုက်ပြန်ပါသည်။

တန်ဆောင်းလှေကား အလယ်လောက်၌ရှိသော မုခ်ဦး၏ ကျောဘက် (တောင်ဘက်)မျက်နှာစာတွင် အောင်သံဝရ ရောဝဏ်ဆင်များရှင်စေတီဟူ၍လည်း ကမ္ပည်းစာကို တွေ့ရှိရသလို ဖောင်ပတ်ကားလမ်းကိုလည်း မြင်ရ၏။

ထို တန်ဆောင်လှေကားထိပ်

www.burmeseclassic.com





◆ ရောဝဏ်တောင်ထိပ်မှသို့ ကျောက်ဆောက်မြင်ကွင်း

ဂန္ဓကုဋိတိုက်တော်အတွင်း ဂဇာသနပလ္လင်ပေါ် ကိန်းဝပ်သည့်

ကုဏ္ဍာသယလာဘမုနိဘုရားအား ဖူးတွေ့ရစဉ် ◆

အရောက်တွင်ပင် မြောက်ဘက် မျက်နှာစာသို့ ကြည့်လိုက်မိ၏။

ဂန္ဓကုဋိတိုက်တော်အတွင်း ဆင်ဦးခေါင်းသုံးလုံးစီ ပူးထားသော ဆင်ရုပ်တုတို့ဖြင့် ထောင့်ခြောက်ထောင့်တို့၌ အောက်ခံထားသော ဂဇာသနပလ္လင်တော်ပေါ်တွင် မြောက်ဘက် မျက်နှာစာပြုလျက် ကျောက်ဆင်းတု ထိုင်တော်မူဘုရားတစ်ဆူကို တံကဲတော်ဖြင့် သပ္ပါယ်စွာ ကြည်ညိုဖွယ် ဖူးမြင်ရလေသည်။

ထို့အတူ တောင်ဘက်မျက်နှာစာတွင်မူ ကျောက်ဆင်းတုတော်တစ်ဆူကိုလည်း မြောက်ဘက်ကျောက်ဆင်းတုတော်နှင့် ကျောချင်းကပ်လျက် ကိန်းဝပ်တော်မူလျက်ရှိ၏။

ဤ ကျောက်ဆင်းတု ထိုင်တော်မူဘုရားနှစ်ဆူသည် **ကုဏ္ဍာသယလာဘမုနိမုဒြာဟန်**ဟု သိရှိရပါသည်။

စာရေးသူလည်း မြောက်ဘက် အောင်သံဝရ ရောဝဏ်ဆင်များရှင်ဘုရားမှာ ရောက်တုန်းရောက်ခိုက် ကုဏ္ဍာသယလာဘမုနိ ဘုရားရှိခိုးဂါထာတော်ဖြင့် ရှိခိုးပူဇော် ဆုတောင်းဖူးမြော်ကြည်ညိုမှုပြုရာ...

ကုဏ္ဍာသယလာဘမုနိဂါထာတော်

ကုဏ္ဍာသယလာဘမုနိံ
အဟံဝန္ဒာမိ သာဒရံ၊
ကုမ်ိနာ ပုညကမ္မေန၊
ပူရေန္တု မေ ယထိစ္ဆိတံ။

အနက်

**ကုဏ္ဍာသယလာဘမုနိံ**– ကုဏ္ဍာသယ လာဘမုနိမြတ်စွာဘုရား ရုပ်ပွားတော်မြတ်ကို၊ **အဟံ**–အကျွန်ုပ်သည်၊ **သာဒရံ**– ရိုသေလေးမြတ်စွာ၊ **အဟံ**– အကျွန်ုပ်သည်၊ **ဝန္ဒာမိ**– ရှိခိုးပါ၏။

**ကုမိနာ ပုညကမ္မေန**–ဤသို့ ရှိခိုးရသော ကုသိုလ်ကောင်းမှုကံကြောင့်၊ **မေ**–အကျွန်ုပ်အား၊ **ယထိစ္ဆိတံ**–အလိုရှိအပ်သော အကျိုးတရားသည်၊ **ပူရေန္တု**–ပြည့်စုံပါစေကုန်သတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဏ္ဏဒီပြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

ဟူ၍ ဖြစ်၏။

စပါးတောင်တန်း သာသနာပြုဆရာတော်ဦးသုဒဿနအား ရက္ကန်းစင်တောင် ဆရာတော်ဦးဩဘာသ စပါးတောင်(အရှေ့ပုပ္ပါး)သို့ သာသနာပြုရန် ကြွရောက်လာစဉ်က သက်နိုင်းကိုယ်ရုံတစ်ထည် ချီးမြှင့်ခဲ့၏။

ယခု တောင်ပွားကျောင်းဆရာတော် ဦးကောဝိဒလက်ထက် ကောဇာသက္ကရာဇ် ၁၃၇၂ခုနှစ်၊ သီတင်းကျွတ်လဆန်း(၁၂)ရက် (၁၂)နာရီအချိန် (၂၀–၁၀–၂၀၁၀) ဗုဒ္ဓဟူးနေ့တွင် အောင်သံဝရ ရောဝဏ်ဆင်များရှင် စေတီတည်ရာတွင် ဌာပနာအဖြစ် ရက္ကန်းစင်တောင် ဆရာတော် ဦးဩဘာသချီးမြှင့်ခဲ့သော ကိုယ်ရုံသက်နိုင်းတစ်ထည်ကို ဌာပနာခဲ့သည်။

ထို့နောက် ကောဇာသက္ကရာဇ် ၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်နေ့ (၂၀–၁၂–၂၀၁၀)ရက်နေ့ အင်္ဂါနေ့






www.burmeseclassic.com

www.burmeseclassic.com





▲ ဂဇာသမ္ဗာလင်းအောက်ခြေ၌ ဆင့်ဦးခေါင်းသုံးလုံးစီ ပူးလျက်ရှိသော ဆင်ရုပ်တုများကို တွေ့ရစဉ်

◀ မြောက်ဘက်မျက်နှာစာ၌ ကုဏ္ဍာသယလာဘမုနိဘုရားအား ဖူးမြော်ရစဉ်

နံနက်(၈း၅၅)နာရီတွင် အောင်သံဝရ ရောဝတီဆင်မျှားရှင်စေတီတော်၌ ရွှေထီးတော်တင်လှူခဲ့ကြောင်း သိရှိရလေသည်။

အောင်သံဝရ ရောဝတီဆင်မျှားရှင်စေတီတော်ကို လက်ယာရစ်တစ်ပတ်လှည့်၍ ပူဇော်မှုပြုရာ ထိုစေတီတော်၏ အနောက်မြောက်ထောင့် အရပ်၌ တောင်ဘက် မျက်နှာစာပြုသော အုံဆောက်အအုံ တစ်ခုအတွင်း **ရောဝတီတောင်ကုန်းဆိုင် ဘိုးဘိုး ဦးမင်းအောင်ရုပ်တု**ကို တင့်တယ်လှပစွာ တွေ့ရ၍ ကြည်နူးစိတ် ဖြစ်ရပါ၏။

ဦးမင်းအောင်ရုပ်တုကို ကူးတို့ရွာနေ မမင်းမြတ်နှင့် ဦးမြင့်ထွေး+ဒေါ်ကြည်အောင်မိသားစုတို့က လှူဒါန်းထားကြောင်း လေ့လာမှုပြုရပါ၏။

အောင်သံဝရ ရောဝတီဆင်မျှားရှင်စေတီ၏အနောက်တောင်ထောင့်အရပ် ပြသာဒ်ဆောင်အတွင်း ရှင်ဥပဂုတ္တ မထေရ်မြတ်အား ဖူးမြော်ရ၏။

ဦးမင်းအောင် ရုပ်တုရှိရာ တောင်ဘက်မျက်နှာစာ ရင်ပြင်ရှုရပ်မှ ပတ်ဝန်းကျင်မြင်ကွင်းကို ကြည့်မိ၏။

စပါးတောင်ရိုးမြောက်ဘက် ဆင်ခေါင်းတောင်၏ အနောက်ဘက်တောင်စွယ်ဖြစ်သော ဘိုးဘိုးအောင်တောင်ကို နှင်းမှုန်လွှမ်းခြုံ မှုန်ပျပျ စီးမိုးမြင်ရ၏။

စပါးတောင်ရိုးတောင်ဘက်စွန် နမတောင် (မြစိမ်းရောင်တောင်)၏ အနောက်ဘက် တောင်စွယ်ဖြစ်သော လေးသွန်းခံတောင် သာသနာ့ အောင်မြေကိုလည်း လှမ်းမျှော် ကြည်ညိုဖူးမြင်ရသောမြင်ကွင်းသည် ကိုယ်စိတ်နှလုံး ကြည်နူးစေပါသည်။

အောင်သံဝရ ရောဝတီဆင်မျှားရှင်စေတီတော်၏ ဂန္ဓကုဋီတိုက်အတွင်း တောင်ဘက်မျက်နှာစာကို မျက်နှာတော်ပြုလျက် ကိန်းဝပ်သော ကျောက်ဆင်းတု ထိုင်တော်မူ ကုဏ္ဍာသယလာဘမုနိဘုရားကိုလည်း ဖူးမြော်ရပြန်ပါသည်။

ကုဏ္ဍာသယလာဘမုနိ ဘုရားနှစ်ဆူ၏ အလှူရှင်သည် ထားဝယ်မြို့ ဆင်ပုနစ်ရပ်မှ ဦးသိန်းအောင်+ဒေါ်လှကြည်တို့က လှူဒါန်းမှုပြုကြောင်း လေ့လာ မှတ်တမ်းပြုရပါ၏။

ထိုစေတီ၏ အရှေ့မြောက်ထောင့် အရပ် တောင်ကုန်းစောင်းတွင် ရက္ခန်းစင် ဆရာတော်ဦးဩဘာသနှင့် တောင်ပွား ဆရာတော် ဦးသုဒဿန တို့၏ စံကျောင်းတော်ကို အဝေးကပင် တင့်တယ် သစ်လွင်ထည်ဝါစွာ မြင်ရ၏။

ဆရာတော်နှစ်ပါးတို့၏ စံကျောင်းတော်ကို ကောဇာသက္ကရာဇ် ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း(၃)ရက် အင်္ဂါနေ့ နေ့လယ်(၁၁း၀၀)နာရီအချိန်တွင် အုတ်မြစ်ချ တည်ဆောက်ခဲ့သည်ဟု သိရှိရသည်။

စံကျောင်းတော်အတွင်း ရက္ခန်းစင် ဆရာတော်ဦးဩဘာသနှင့် တောင်ပွားကျောင်းဆရာတော် ဦးသုဒဿနတို့၏ ရုပ်တုတော်တို့ကို ကန်တော့ရာ ဆရာတော်နှစ်ပါး သက်ရှိထင်ရှားရှိနေသကဲ့



www.burmeseclassic.com

www.burmeseclassic.com





▲ ရှင်ဥပဂုတ္တမထေရ်မြတ်အား ဖူးမြော်ရစဉ်

◆ ရောဝတ်တောင်ကုန်းပိုင် ဘိုးဘိုးဦးမင်းအောင်ရုပ်တုကို တင်ထားသည်လှပစွာ မြင်ရစဉ်


သို့ ကြည်ညိုသဒ္ဓါပွား စိတ်နှလုံး ချမ်းမြေ့ ကြည်သာဖြစ်ရပါ၏။

ဆရာတော် နှစ်ပါး၏ စံကျောင်းတော် အဆောက် အအုံအနီးမှာပင် ရွှေရောင်ဝင်းဝါ သစ်လွင်စွာ **တံခွန်တိုင်ကို** မြင် တွေ့ရ၏။

အောင်သံဝရ ရောဝတ်ဆင်မျှားရှင် စေတီသည် လေးထောင့်အောက်ခံ ထားပြီး ဂန္ဓကုဋိတိုက်ပေါ်တွင် စေတီ ပေါက်ထား၏။

ဗုဒ္ဓမြတ်စွာဘုရား၏ သံဃာတော်

▼ ရောဝတ်တောင် အနောက်မြောက်ဘက် အထက်မြင်ကွင်း





www.burmeseclassic.com

www.burmeseclassic.com



◀ ရောဝတ်တောင်အရှေ့မြောက် ရင်ပြင်ရပ်မှ လေးသွန်းစီတောင်
သာသနာ့အောင်မြေကို လှမ်းမျှော်၍ ကမ်းကျော်ခေတီနှင့်
လေးသွန်းစီတောင်စေတီကို ကြည်ညိုဖူးမြော်ရစဉ်
တောင်ဘက်မျက်နှာစာ၌ ကိန်းဝပ်သော
ဗုဒ္ဓသာသနာ့အလင်းပြုဘုရားအား ဖူးရစဉ် ▶



ရှဉ်နန်းစင်ဆရာတော် လှူဒါန်းသော ကိုယ်ရံသက်န်းကို ဌာပနာထားသောကြောင့် ပရိဘောဂစေတီဖြစ်၏။

ဤစေတီတော်ကို အရှေ့တောင်ထောင့်အရပ်မှ ဖူး၍ ကြည်ညိုကန်တော့ပြီး တောင်ဘက်ရင်ပြင်တော် တောင်ကုန်းဆင်းမှာ အသင့်စောင့်နေသော ဦးကျော်သက်ရှိရာသို့ စာရေးသူ လျှောက်လှမ်းသွားရလေသည်။

အောင်သံဝရ ရောဝဏ်ဆင်များရှင် စေတီတည်ရှိရာမှ နှမတော်ရှင်ဖော မြစိမ်းရောင်စေတီကိန်းဝပ်ရာ တောင်သို့ ကားလမ်း မိုင်(၁)မိုင် ခရီးခန့်ရှိ၏။

ရောဝဏ်တောင် တောင်ဘက်ခြေနှင့် မြစိမ်းရောင် တောင်မြောက်ဘက် တောင်ခြေကြားရှိ ချိုင့်ဝှမ်းတောင်ကုန်းမြင့်ပေါ်၌ မြစိမ်းရောင်သိုက်နန်း အဆောက်အအုံကို တွေ့ရ၏။

သိုက်နန်းဆောင်အတွင်း ရှင်ဖော၏ လက်ဝဲနှင့် လက်ယာတို့တွင် မြစိမ်းရောင် သိုက်မများ ဝန်းရံလျက်ရှိသည့် ရုပ်တုများ တွေ့ရသည်မှာ လူသားတစ်ဦးပမာ သက်ဝင်လျက်ရှိ၍ ကြည့်ရှုမြင်ရသူများ၏ စိတ်ကို ညှို့ငင် စွမ်းအားရှိစေသည်။

မြစိမ်းရောင် သိုက်နန်းတောင်ကုန်းပေါ်မှ တောင်ဘက် မြင်ကွင်းကို ကြည့်မိ၏။**မြစိမ်းရောင်တောင်(နှမတောင်) ပေါ်ဝယ် နှမတောင်ရှင်ဖော မြစိမ်းရောင်စေတီ**ကို လှမ်း၍ ဖူးမြော်ရ၏။

ထို့နောက် စာရေးသူတို့ နှမတောင် (မြစိမ်းရောင်တောင်)သို့ ဆိုင်ကယ်စီးကာ ရှေ့ရှု ထွက်ခွာလာကြလေသည်။

စပါးတောင်ရိုးတောင်ဘက် ကားလမ်းသည် နှမတောင်(မြစိမ်းရောင်တောင်)ခြေရင်းမှာ ကားလမ်းဆုံးသွား၏။

တောင်ခြေရင်းလမ်းဆုံ၌ နှမတောင် (မြစိမ်းရောင်)စေတီနှင့် ရွှေသာလျောင်းဘုရားသို့ ဟူ၍ လမ်းညွှန်ထားသော ဆိုင်းဘုတ်ကိုလည်း တွေ့ရ၏။

တောင်ကို မော့ကြည့်လိုက်ရာ မြေပြင်မှ ဝေဟင်သို့ မတ်မတ်ထိုးထွက်နေသော နှမတောင်(မြစိမ်းရောင်တောင်)ထွတ်က အုပ်မိုးလျက်ရှိ၏။

မြောက်ဘက်တောင်ခြေမှ နှမတောင်(မြစိမ်းရောင်တောင်) ထိပ်သို့ ခရုပတ် ကားလမ်းဖောက်ထားသည်ကိုလည်း တွေ့မြင်ရလေသည်။ မြောက်ဘက် တောင်စောင်း ဆင်ခြေလျောသည် မြင့်မား မတ်စောက်လွန်းလှသည်။

နှမတောင် (မြစိမ်းရောင်တောင်) ပေါ်သို့ ဘုရားဖူးများ၊ ခရီးသွားများနှင့် သက်ကြီးရွယ်အိုများပါမကျန် အလွယ်တကူ သက်သောင့်သက်သာစွာ တက်ရောက်၍ ဘုရားဖူးမြော်နိုင်ရေးကို ရည်ရွယ်ပြီး တန်ဆောင်းလှေကားသုံးစင်းတည်ဆောက် ကောင်းမှုပြုထားသည်။

စာရေးသူ တောင်ပေါ်တက် ကားလမ်းအတိုင်း ဆိုင်ကယ်ဖြင့် ဆက်၍ မတက်ရောက်တော့ဘဲ တန်ဆောင်းလှေကားပေါ်သို့ တက်လှမ်းလာရင်း မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးနေမိ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ဒုတိယ တန်ဆောင်းလှေကားထိပ် အရောက်တွင် လက်ယာဘက် (အနောက်ဘက်)၌ နမတောင် ရှင်ဖော မြစိမ်းရောင်စေတီ ထီးတော်တင်လှူပွဲ ဆိုင်းဘုတ်ကို မြင်ရ၏။

တန်ဆောင်းလှေကားထိပ် တစ်ဖက်တစ်ချက်တွင်လည်း ယောဂီမယ်များ ငွေဖလားကိုယ်စီကိုင်ကာ တန်းစီ ညီညာစွာ ရပ်လျက် အလှူခံရှိကြ၏။

နမတော်ရှင်ဖော မြစိမ်းရောင် စေတီ ရွှေထီးတော်တင် အလှူပွဲလာ ညှိုပရိသတ်များ တန်ဆောင်း လှေကားပေါ်ဝယ် တိုးဝှေ့ကာ တက်သူ ဆင်းသူများဖြင့် စည်ကားလျက်ရှိ၏။


ပတ်ဝန်းကျင်ကို လှမ်းကြည့်ရာ ခပ်ပျပျ မြင်တွေ့ရသော လယ်ကွင်းများ၊ သစ်ပင်အုပ်များနှင့် ကျေးရွာအချို့ကို အပေါ်စီးမှ မြင်တွေ့ရသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဥယျာဉ်စိုက်ပျိုးမှုကို အဓိက စီးပွားရေးလုပ်ငန်းများအဖြစ် လုပ်ကိုင်သည့်ဒေသဖြစ်၏။


အရှေ့ဘက်တွင် တောင်စဉ်တောင်တန်းထပ်ထပ် ဝန်းရံကာဆီးလျက်ရှိ၏။ အနောက်ဘက် တောင်ခြေမြင်ကွင်းဆီမှ ရော်ဘာစိုက်ခင်းများကို စိမ်းညို့နေသော တောအုပ်များသဖွယ် စီးမိုးမြင်တွေ့ရ၏။

အနောက်ဘက် အဝေးမြင်ကွင်းတွင် လေယာဉ်ပြေးလမ်းမကြီးကို ထင်သာမြင်သာ မြင်ရ၏။ ထားဝယ်မြို့ အထွက် ပေါက်တိုင်းချောင်းအနီး ကဝဲကြီးတောင်ကုန်းပေါ်က မြစေတီ၊ ထားဝယ်မြို့လယ်က **ရွှေတောင်စားစေတီတော်**တို့ကို မှိုင်းပျပျ ဖူးမြင်ရ၏။

စပါးတောင်ကြောကို ဖြတ်သန်းတိုက်ခတ်သည့် သန့်ရှင်းလတ်ဆတ်သောလေကြောင့် အေးမြလန်းဆန်း



◆ ရွှေနှင်းဆင်ဆရာတော်ဦးပြညာသ နှင့် တောင်မြှားဆရာတော်ဦးဝေပုလ္လသဓတို့ စံကျောင်းဆောင်ကို မြင်တွေ့ရစဉ်



◆ ရွှေနှင်းဆင်ဆရာတော်ဦးပြညာသ နှင့် တောင်မြှားဆရာတော်ဦးဝေပုလ္လသဓတို့ စံကျောင်းဆောင်အနီးတံခွန်တိုင်ကို မြင်ရစဉ်

သွားသည်။

တန်ဆောင်းလှေကား ခရီးတစ်ဝက်မှ တောင်ပေါ်သို့ လှမ်းကြည့်ပြန်ရာ နမတော်ရှင်ဖော မြစိမ်းရောင်စေတီပေါ်ဝယ် ရွှေထီးတော်တင်လှူမည့် ဥပါသကာများ နေရာယူလျက်ရှိနေကြပြီ။

တောင်ပေါ် တန်ဆောင်းလှေကားထိပ်အရောက်တွင် နမတော်ရှင်ဖော မြစိမ်းရောင်စေတီတော် ရင်ပြင်ပေါ်မှ လူပရိသတ်များဖြင့် ကြိတ်ကြိတ်တိုးကြက်ပျံမကျ စည်ကားလျက်ရှိ၏။

နမတော် ရှင်ဖောမြစိမ်းရောင်စေတီသည် လေးထောင့်အောက်ခံကာ ပစ္စယံ(၃)ဆင့်ပေါ်တွင် ခေါင်းလောင်းမှောက်စေတီပေါက်ထားသည်။ အရပ်လေးမျက်နှာ ထောင့်လေးထောင့်တွင် အရံစေတီလေးဆူ ကိန်းဝပ်လျက်ရှိ၏။

မြောက်ဘက်လှည့်မှခ်အတွင်း ထိုင်တော်မူ ကျောက်ဆင်းတုတော်တစ်ဆူကိုလည်း ဖူးရ၏။ မုခ်ဝထိပ်ပေါ်တွင် **"ဖေယျတု နမတောင် မြစိမ်းရောင် ဆုတောင်းပြည့်စေတီတော်"** ဟု ကမ္ပည်းစာ ရေးထားသည်ကိုလည်း တွေ့ရှိရလေသည်။

ဘုရားစေတီရင်ပြင်တော် တောင်ကုန်းသည် ကျဉ်းမြောင်းလှသည်။ လူပရိသတ်များဖြင့် ပြည့်နေသည့်ကြားကပင် အခွင့်အရေးရသလောက် လူတောတိုးဝင် နေရာယူ ဓာတ်ပုံမှတ်တမ်းများ ရိုက်ကူးမှု ပြုရပါ၏။

ထိုစေတီတော်၏ အရှေ့ဘက်တွင် ရေကန်ကြီးတစ်ကန်ရှိ၏။ ရေကန်ကြီးအနီးမှာပင် **ရှင်ဥပဂုတ္တမထေရ်မြတ်**ကို ကျောင်းဆောင်အတွင်း ဖူးမြင်ရ၏။ အရှေ့တောင်ဘက်တွင် ထားဝယ်ဒေသတွင် တွေ့လေ့ရှိသော ထီးတော်ချစေတီတစ်ဆူကိုလည်း မြင်တွေ့ရ၏။

ရှေ့လ ဆက်ဖတ်ပါရန်

**မောင်မောင်စိုး(ထားဝယ်)**

www.burmeseclassic.com



# မျက်စိကျိန်းလျှင်

သမီးက နဝမတန်းကျောင်းသူ တစ်ဦးပါ။ တစ်နှစ်ကို တစ်တန်းမှန်မှန် အောင်ရေးအတွက် ကျောင်းစာကို အချိန်မှန်မှန်ကျက်ရပါတယ်။ ဒါပေမယ့် လဲ ရတဲ့အချိန်လေးကိုလုပြီး နကြွတ္တ ရောင်ခြည်မဂ္ဂဇင်းကို တစ်လတစ်ခါ မှန်မှန်ဖတ်ဖြစ်ပါတယ်။

နကြွတ္တရောင်ခြည်မဂ္ဂဇင်းမှာ သမီး စိတ်အဝင်စားဆုံးကတော့ ဆေးမြီးတို ကဏ္ဍဖြစ်ပါတယ်။ မြန်မာ့နည်း မြန်မာ့ဟန်နဲ့ ရောဂါဝေဒနာတွေကို ပျောက်ကင်းစေတဲ့ ဆေးမြီးတိုလေး တွေကို ကြိုက်နှစ်သက်မိလို့လဲ စာအုပ်တစ်အုပ်နဲ့ ကူးယူထားလေ့ ရှိပါတယ်။

နောက်ပြီး တကယ်လို့ သမီးလဲ (ဆေးမြီးတို ဆောင်းပါးလေးတွေမှာ ပါသလို) ကိုယ်တွေ့နည်းလမ်းကောင်း လေးတွေ အကယ်၍ တွေ့ခဲ့ပါက ရေးသားပေးပို့မယ်လို့ သမီးရဲ့စိတ်ထဲမှာ အမြဲတမ်း အောင့်မေ့လေ့ရှိပါတယ်။

ဒီလိုနဲ့ ပြီးခဲ့တဲ့ နှစ်ပိုင်းက အမှတ် မထင် သမီးမျက်စိ ကျိန်းခဲ့ပါတယ်။ သမီးတို့ကျောင်းက သမီးသူငယ်ချင်း တွေလဲ သမီးလိုပဲ မျက်စိကျိန်းကြပါ တယ်။

စာကျက် စာဖတ်မရအောင် အနေ ဆိုးလှပါတယ်။ ကိုယ့်ကိုကိုယ် မှန်ထဲ ပြန်ကြည့်မိတော့ သမီးရဲ့ မျက်ဖြူသား လေးတွေဟာ နီရဲလို့နေပါတယ်။ အတော်ကို အနေရခက်ပါတယ်။

သမီး အဲသလို မျက်စိကျိန်းနေစဉ် တစ်နေ့ စစ်ကိုင်းဘက်က ဘကြီးတော် သူ ဘုန်းဘုန်းကြီး ကြွလာခဲ့ပါတယ်။ ဘုန်းဘုန်းကြီးက သမီးမျက်စိ ကျိန်း နေတာ သိလိုက်တာနဲ့...

'မျက်စိကျိန်းတာများ မခက်ပါဘူး သမီးရယ်။ ဘကြီးဘုန်းဆုန်း ပျောက် အောင် လုပ်ပေးမယ်'

ဆိုပြီး သမီးဘွားဘွားကို **"နနွင်း တက်နဲ့ ဆီးဖြူသီးခြောက်ရှိလား"**လို့ မေးပါတယ်။ ဒီတော့ အနီးအနားမှာ ရှိနေတဲ့ဒေါ်လေးက သူ့အိမ်မှာ ဆီးဖြူ သီးခြောက်ရှိတယ်လို့ပြောပြီး ယူလာ ပေးပါတယ်။

ဘွားဘွားကလဲ အိမ်ဈေးဆိုင် တစ်ဆိုင်က နနွင်းတက်ဝယ်ပေးပါ တယ်။

**နောက် ဘကြီးဘုန်းကြီးက ဆီးဖြူသီး ခြောက်နဲ့ နနွင်းတက်ကို ကျောက်ပျဉ် လေးတစ်ချပ်မှာ ရေနဲ့သွေးပြီး သမီး မျက်လုံးများကို ကွင်းလိမ်းပေးပါတယ်။**

နောက်ပြီး ဘကြီးဘုန်းကြီးက ညအိပ်ရာဝင်ခါနီးတိုင်း အဲသလိုကွင်းပြီး လိမ်းအိပ်ဖို့ မှာထားခဲ့ပါတယ်။

သမီးလဲ ဘကြီးဘုန်းကြီး မှာထားခဲ့ သည့်အတိုင်း ညအိပ်ရာဝင်ခါနီးချိန်မှာ ဆီးဖြူသီးခြောက်နဲ့ နနွင်းတက်ကို ရေနဲ့သွေးပြီး မျက်စိကို ကွင်းလိမ်းပြီးမှ အိပ်ပါတယ်။

သုံးရက်ပြည့်တဲ့နေ့မှာ သမီးမျက်စိ ကျိန်းနေတာ လုံးဝပျောက်ကင်းသွား ခဲ့ပါတယ်။

နောက်တော့ သမီးသူငယ်ချင်းတွေ ကိုလဲ ဒီနည်းနဲ့ပဲ ကူညီပေးခဲ့ပါတယ်။ သမီးသူငယ်ချင်းတွေလဲ သမီးလိုပဲ မျက်စိကျိန်း ပျောက်ကင်းသွားခဲ့ပါ တယ်။

သို့ဖြစ်ပါ၍ သမီးလို မျက်စိကျိန်း ခဲ့ကြပါက ပျောက်ကင်းစေလိုသော စေတနာထားပြီး သမီး စာရေးသား တတ်သလိုလေးရေးပြီးနကြွတ္တရောင်ခြည် မဂ္ဂဇင်းကြီးမှ ရေးသား ဖော်ပြလိုက်ပါ တယ်။

***ကိုယ်စိတ်နှစ်ပါး***
***ကျန်းမာချမ်းသာကြပါစေ...။***

**ဖြူဖြူဝင်းရွှေ**
**(ရုံးဘော်ကွက်သစ်)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနှင့် လိမ်းဆေး

"မမမျိုးရေ မမမျိုး"

"ဟဲ့ ဘယ်သူတုံး"

"ညီမလေး ခင်ခင်ပါ"

"ဩော် ညီမလေး လာ အထဲကို ဝင်ခဲ့ဟယ်"

"မမမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"

"အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်းနာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မချိမဆံ့ ခံစားရပြီး အမယ်လေး တ,နေရတယ်"

"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား"

"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်"

"မမမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"

"ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါ ဖြစ်တုန်းက သောက်သုံးပြီး သက်သာပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ"




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၇၁၁ YR ၀၀၆၀၂၇)




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၆၁၃ Y ၀၁၀၅၀၉)

**ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃**

"ဩော် ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"

"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"

"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျီးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။

ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"

"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး"

"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါးများ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထနဲ့ ကြာကြာထိုင်ပြီး ပြန်အထများတွင် လက်ဖဝါး၊ ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျင်မှုပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်ရှားရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြောနှင့် ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကောက်ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အောက်ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြင်း၊ လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြောနဲ့ အကြောများ အားနည်းခြင်း၊ လေအားနည်းခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒဖြစ်ခြင်း၊ အရိုးကျီးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြင်းနဲ့ အရိုးအဆစ်အကြောနဲ့ လေးဖက်နာရောဂါများကို သက်သာပျောက်ကင်းစေတဲ့ဆေး ဖြစ်ပါတယ်"

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင်ခင် အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျွန်မ ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျောက်ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက်ကို သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့နော်"

**ဆရာမြင့်**

**စကြာမင်းတိုင်းရင်းဆေးတိုက်**

**အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊
သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း-၅၂၂၅၄၁**



www.burmeseclassic.com

www.burmeseclassic.com

ရှေးဟောင်းသမိုင်းဝင်

# ဂန္ဓာရီဒေအောင်မြေ

ဇော်ကစ (LL.B)

## မီးဖိုင်းတောင် ဆံတော်ရှင်စေတီသို့

## ဘုရားဖူးခရီး

ကျွန်ုပ်သည် ကရင်ပြည်နယ်ရှိ နာမည်ထင်ရှား ကျော်ကြားလှသော မီးဖိုင်းတောင်သို့ ကော့ဖြိုင်ဂူမှ ရသေ့ကြီး ဦးပညာက္ကဒ္ဒိနှင့်အတူ ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလအတွင်းက ပထမအကြိမ် ရောက်ရှိခဲ့ဖူးပါသည်။


ထိုစဉ်က ကမမောင်းရွာတွင် ညအိပ်ပြီးမှ နံနက်စောစော ခြေကျင်ခရီးဖြင့် မီးဖိုင်းတောင်သို့ သွားခဲ့ကြခြင်း ဖြစ်ပါသည်။

ကမမောင်းရွာမှ မီးဖိုင်းတောင်ခြေကျောင်းရှိရာသို့ (၄)နာရီခန့် လျှောက်ခဲ့ရသည်။ တစ်ဖန် မီးဖိုင်းတောင်ခြေကျောင်းမှ မီးဖိုင်းတောင်တက်လမ်းအစ၊ မင်းတက်လမ်းကျောက်လှေကားထစ်အစသို့ (၁)နာရီခန့် ဆက်၍ လျှောက်ခဲ့ရပြန်သည်။

တောင်တက်လမ်းအစမှ မီးဖိုင်းတောင်စေတီတော်သို့အရောက် (၃)နာရီခွဲခန့်ကြာအောင် ဖြည်းဖြည်းတက်ခဲ့ရပါသည်။

ထိုစဉ်က မီးဖိုင်းတောင်စေတီတော်၏ ဘွဲ့အမည်ကို **"ရွှေအင်းဒုံစေတီ"** ဟုသာ သိထားခဲ့ပါသည်။

**မဟာဂန္ဓာရီဝိဇ္ဇာလမ်းနှင့် ရုဗ္ဗာဂန္ဓာရီဝိဇ္ဇာလမ်း အကျင့်စခန်းများအတွက် သထုံမြို့နယ် နတ်တမော်ရွာရှိ ရွှေအင်းဒုံစေတီ၊ ဘီးလင်းမြို့နယ် ဒေါက်ရက်ရွာရှိ ရွှေအင်းဒုံစေတီနှင့် ဟာမွှမြို့အပိုင် မီးဖိုင်းရွာရှိ ရွှေအင်းဒုံစေတီတို့မှာ အရေးကြီးသော ထွက်ရပ်စခန်းများ ဖြစ်ပါသည်၊ နတ်တမော်အစ၊ ဒေါက်ရက်အလယ်၊ မီးဖိုင်းအဆုံး အဓိဋ္ဌာန်ဝင်ကြရသည်။**



◆ မီးဖိုင်းတောင် ဆံတော်ရှင်စေတီတော် ရင်ပြင်မှာ စာရေးသူ အမှတ်တရ

မီးဖိုင်းတောင်ပေါ်ကျောင်း ဆရာတော်မှာ ဦးသြဘာသဖြစ်ပြီး တောင်ခြေ ကော့ဟဲရွာဇာတိဖြစ်ကြောင်း သိရသည်။ ထိုစဉ်က ဆရာတော်၏ သက်တော်(၅၅)နှစ်၊ ဝါတော်(၂၀)ဖြစ်သည်။

မီးဖိုင်းတောင်တွင် ကျွန်ုပ်နှင့် ရသေ့ကြီးဦးပညာသိဒ္ဓိတို့ ညအိပ်၍ မီးဖိုင်းတောင်ဝန်းကျင်အနှံ့ လိုက်သွားပြီး လေ့လာမှုများကို **"ဝက်ခေါင်းမင်း၏ ဝိဇ္ဇာမြို့ဟောင်းဆီသို့"** ဟူသော ခေါင်းစဉ်ဖြင့် ဓာတ်ပုံများနှင့်တကွ ဆောင်းပါး ရေးသားပေးပို့ခဲ့ရာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်(၃၃၆) (၂၀၁၄)ခုနှစ်၊ ဩဂုတ်လထုတ်မဂ္ဂဇင်းမှ အမှတ်(၃၄၁)၊ ဒီဇင်ဘာလထုတ်အထိ အမှတ်စဉ်(၁)မှ (၆)အထိ အပိုင်း (၆)ပိုင်းဖြင့် ဖော်ပြပေးခဲ့ပြီး ဖြစ်ပါသည်။

နယ်မြေအခြေအနေ မအေးချမ်းခြင်းကြောင့် လည်းကောင်း၊ ကျွန်ုပ်ကို လိုက်ပို့ပေးခဲ့သော ရသေ့ကြီးဦးပညာက္ကဒ္ဒိ ကျန်းမာရေး သိပ်မကောင်းသောကြောင့်လည်းကောင်း မီးဖိုင်းတောင်သို့ ထပ်၍ မသွားဖြစ်တော့ပါ။ **[ထိုရသေ့ကြီး ကွယ်လွန်ခဲ့သည်မှာ ယခုဆိုလျှင် (၁၀)နှစ်ကျော်ပြီ။]**

မီးဖိုင်းဆရာတော် ဦးသြဘာသမှာ (၂၂-၈-၁၉၉၇)ညပိုင်းတွင် ပျံလွန်တော်မူခဲ့ကြောင်း သက်တော်(၅၈)နှစ်တွင် ဖြစ်ကြောင်း ကြားသိရ၏။

မီးဖိုင်းတောင် စေတီတော်အား ဒုတိယအကြိမ် သွားရောက်လိုသော ဆန္ဒများ မကြာမကြာ ဖြစ်ပေါ်ခဲ့သော်လည်း နယ်မြေ မအေးချမ်းသော သတင်းကြောင့် သွားရောက်နိုင်ခြင်း မရှိခဲ့ပေ။

www.burmeseclassic.com

သို့သော် မီးဖိုင်းတောင်နှင့်ပတ်သက်သော စာပေအချို့ကိုတော့ ဖတ်ရှုမိပြန်သည်။


မြိုင်ကြီးငူ ဆရာတော်ဦးသုဇနသည် မီးဖိုင်းတောင်တွင် မကြာခဏ အဓိဋ္ဌာန်သွားဝင်ဖူးကြောင်း၊ ကမမောင်းရွာ ကိုးနဝင်းကျောင်း ဆရာတော် ဦးမာလာလည်း မီးဖိုင်းတောင်တွင် အဓိဋ္ဌာန်အောင်မြင်ဖူးကြောင်း၊ မီးဖိုင်းတောင်တွင် **"မဟာဂုရုပညာ"** ဆိုသော တောင်စောင့်ဝိဇ္ဇာကြီးရှိကြောင်း၊ ပညာစောင့်သိုက်လည်း ရှိကြောင်း၊ ရောဂါများ သက်သာပျောက်ကင်းစေသော သိဒ္ဓိရေကန်ရှိကြောင်း စသည်တို့ကိုလည်း စာပေများတွင် ဖတ်ရှုသိရှိရပြန်သည်။

အထူးသဖြင့်...

(၁၉၈၃)ခုနှစ်၊ မြိုင်ကြီးငူ ဆရာတော် သက်တော်(၃၅)နှစ်၊ ဝါတော်(၁၅)ဝါတွင် မီးဖိုင်းတောင်၌ အဓိဋ္ဌာန်(၁၀)လ ဝင်ရောက်ခဲ့ပုံ၊ ရေဆွမ်း (၄၉)ရက်ဝင်စဉ် အတွေ့အကြုံ၊ မမြင်ရသော အသံရှင်၏ အကူအညီ စသည်တို့မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။

မီးဖိုင်းတောင်တွင် အဓိဋ္ဌာန်ကာလ (၉)လအရောက်မှာ မီးဖိုင်းတောင်ပေါ် ဆံတော်ရှင် စေတီတော်မြတ်အား ဆွမ်းတစ်ထောင်၊ ရေချမ်းတစ်ထောင်၊ ဆီမီးတစ်ထောင် ကပ်ဖို့ မမြင်ရသော အသံရှင်က ညွှန်ကြားပုံ၊ တိုက်တိုက်ဆိုင်ဆိုင် အလှူရှင်များ ပေါ်ပေါက်လာပုံ၊ ရေဆွမ်းအဓိဋ္ဌာန်၏ အာနိသင်မှာ ကောင်းမှုပြုရန်အတွက် လိုတရစေပုံတို့မှာ စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။

မီးဖိုင်းတောင်၌ အဓိဋ္ဌာန်(၁၀)လ ပြည့်ခါနီး ညချမ်းအချိန်တွင် မြိုင်ကြီးငူဆရာတော်၏ နား၌ ဆတ်ဆတ်ကြား



◆ မီးဖိုင်းတောင် ဆံတော်ရှင်ဘုရား

ပရိုဂျက်ရှင်းကို ဖောက်တက်သော်တော်ကားလမ်းမှ မှုန်မြင်ရပုံ

ရသော မမြင်ရသည့် အသံရှင်၏ ပြောစကားမှာ...

'ဗုဒ္ဓဘုရားရှင်သည် မဟာသက္ကရာဇ် (၁၃၀) တွင် ကမ္ဘောဇတိုင်း၌ မင်းပြုနေသော သုဓနမင်းသားနှင့် ၊ မိဖုရား ဒွေးမယ်နော်တို့အား ဆံတော်(၉)ဆူပေးသဖြင့် မိဖုရားတစ်ပါးစီကို ဆံတော်တစ်ဆူစီ ခွဲဝေပေးကာ၊ ယင်းတို့နှစ်သက်ရာ တောင်ထွတ်များတွင် ဌာပနာ၍ ကျောက်စေတီ(၁)ဆူစီ ကိုးကွယ်ခဲ့ကြသည်။

ထိုဆံတော်စေတီ(၉)ဆူမှာ...

၁။ မီးဖိုင်းတောင်... ကရင်ပြည်နယ်၊
၂။ ရွှေအံတော်တောင်... ကရင်ပြည်နယ်၊
၃။ တြိုကြီးတောင်... ကရင်ပြည်နယ်၊
၄။ တာခုလော်ကြီးတောင်... ကရင်ပြည်နယ်၊
၅။ လေးကောကူတောင်... ကရင်ပြည်နယ်၊
၆။ မယ်ကစောတောင်... ကရင်ပြည်နယ်၊
၇။ မယ်တော့ကြီးတောင်... ကရင်ပြည်နယ်၊
၈။ ထွီဖားဝီးကြီးတောင်... ကရင်ပြည်နယ်၊
၉။ ဆင်တောင်... ကယားပြည်နယ်

တို့ဖြစ်ကြ၏။

ဆံတော်ဌာပနာ၍ တည်ထားသော ထိုစေတီတော်များမှာ...

အချိန်ကာလ ကြာညောင်းလာသည်နှင့် အမျှ ပြုပြင်သူကင်းမဲ့၍ တောတောင်များအတွင်း စုတ်တိုများအဖြစ် ညှိုးမှိန်စွာ ရှိနေကြသည်ကို လိုက်လံရှာဖွေ ဖော်ထုတ်ပြီး ပြုပြင်တည်ထားကာ ဘောမဲ့သာသနာဖြင့် လင်းစေပါက ဤကရင်ပြည်နယ်၊ ကယားပြည်နယ်တို့မှာ ဆူပူမှုများ ချုပ်ငြိမ်းပြီး နယ်သူနယ်သားများ ငြိမ်းချမ်းသာယာစွာ နေထိုင်ကြရပါမည်'

ဟု လျှောက်ထားပါသည်။ ထိုလျှောက်ထားချက်အရ မီးဖိုင်းတောင်ရှိ ရွှေအင်ဒုံစေတီတော်၏ မူလသမိုင်းအစကို သိခဲ့ရပါသည်။

ကော့ဖြိုင်ဂူရသေ့ကြီး ဦးပညာက္ကိဒ္ဓိမှာ မီးဖိုင်းဘုရားကို ဆရာတော် ဦးသုဇန (မြိုင်ကြီးငူဆရာတော်) ပြန်လည် ပြုပြင်ရာတွင် ပါဝင်ခဲ့သူဖြစ်ပါသည်။


ထိုစဉ်က တွေ့ရှိခဲ့ရသော မှတ်တမ်းကို ရသေ့ကြီး၏ မှတ်စုစာအုပ်တွင် ရေးသားမှတ်တမ်းတင်ထားရာ မီးဖိုင်းတောင်စေတီတော်ကို ပထမ ထီးတော်ကင်သည့် ခုနှစ်မှာ (၁၀၉)ခုနှစ် ဖြစ်ပါသည်။ မမြင်အပ်သော အသံရှင်ပြောသော ခုနှစ်မှာ (၁၃၀) ဖြစ်၍ သက္ကရာဇ်ကွဲလွဲမှုတော့ ရှိနေသည်။





www.burmeseclassic.com

www.burmeseclassic.com



မီးဖိုင်းတောင် ဆံတော်ရှင်စေတီမုခ်ဦး (မီးဖိုင်းတောင်ခြေသို့ အသွားလမ်း)

မြိုင်ကြီးငူဒေသတွင် လည်းကောင်း၊ မီးဖိုင်းတောင်ဒေသတွင်လည်းကောင်း၊ မြို့ရိုး၊ ကျုံး၊ မြောင်းတို့ဖြင့် စနစ်တကျ မြို့ပြတည်ထောင်ကာ အုပ်စိုးခဲ့သော ဘုရင်နှင့် ပြည်သူပြည်သားများရှိခဲ့ကြောင်းတော့ သေချာပါသည်။

ထိုသူတို့မှာ သထုံ(သုဝဏ္ဏဘုမ္မိ)မှ ပြောင်းရွှေ့ ရောက်ရှိလာကြသော ပအိုဝ်းတိုင်းရင်းသား မျိုးနွယ်စုဖြစ်ကြောင်း ထိုမီးဖိုင်းဒေသမှ တစ်ဖန် မြောက်ဘက်သို့ ဆက်လက် ပြောင်းရွှေ့ကာ ကယားပြည်နယ်ကို ဖြတ်၍ တောင်ကြီး၊ ဟိုပုန်းဒေသသို့ ရောက်ရှိအခြေချသွားကြောင်း သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း၏ သုတေသနအရေးအသားအချို့ကို ဖတ်ရှုခဲ့ရဖူးပါသည်။

ရှေးဟောင်းသမိုင်းဝင် စေတီတော်များဖြစ်သော ကျိုက်ထီးရိုးစေတီတော်၊ ဇင်းကျိုက်စေတီတော်၊ နွားလဘို့စေတီတော်၊ ကေလာသစေတီတော်၊ ကုသိနာရုံစေတီတော်တို့မှာ မွန်ပြည်နယ်အတွင်းရှိကြပြီး တောင်တက်မော်တော်ကားလမ်းများ ကောင်းစွာရှိကြသဖြင့် မြန်မာနိုင်ငံအရပ်ရပ်မှ ဗုဒ္ဓဘာသာဝင် သူတော်စင်များအပြင် နိုင်ငံခြား ခရီးသွားဧည့်သည်များပါ လွယ်ကူစွာ လာရောက် ဖူးမြင်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်း၊ လေ့လာခြင်းများ ပြုနိုင်ကြပြီ ဖြစ်ပါသည်။

ကရင်ပြည်နယ်အတွင်းရှိ မုလအိဆံတော်ရှင်စေတီတော်၊ ဖွဲကပင်ဆံတော်ရှင်စေတီတော်၊ မီးဖိုင်းဆံတော်ရှင်စေတီတော် အပါအဝင် သုခနုမင်းသား၏ ဆံတော်ရှင်စေတီတော်များမှာမူ ပြည်တွင်းပြည်ပ ခရီးသွား၊ ဘုရားဖူးသူများ အလွယ်တကူလာရောက်ဖူးမြင် အဓိဋ္ဌာန်ဝင်နိုင်ခြင်း မရှိသေးသည်ကို အားမလိုအားမရဖြစ်မိပါသည်။

မီးဖိုင်းတောင်ပေါ် စေတီတော်ကို ဒုတိယအကြိမ် သွားရောက် ဖူးမြော်နိုင်ရန်အတွက် နယ်မြေအခြေအနေကို ကျွန်ုပ် အမြဲ စုံစမ်းမေးမြန်းနေခဲ့ရပါသည်။ အခွင့်ကောင်း၊ အခြေအနေကောင်းကိုလည်း စိတ်ရှည်စွာ စောင့်ဆိုင်းနေခဲ့သည်။

ဤသို့ဖြင့် (၂၀၁၅)ခုနှစ်၊ ဇန်နဝါရီ (၃)ရက် စနေနေ့နှင့် (၄)ရက် တနင်္ဂနွေနေ့တို့မှာ ပြာသိုလအဖိတ်နေ့နှင့် လပြည့်နေ့ ကျရောက်သဖြင့် မိသားစု ဘုရားဖူးခရီးကို ကရင်ပြည်နယ်သို့ စီစဉ်ခဲ့ပါသည်။

ပြာသိုလဆန်း(၁၄)ရက် အင်္ဂါနေ့မှာ ကရင်ပြည်နယ်၊ မြိုင်ကြီးငူမြို့ရှိ ကေသဆံတော်ရှင် စေတီတော်မြတ်အား သွားရောက် ဖူးမြော်ကြပြီး ညဘက်မှာ ကရင်ပြည်နယ်၊ ဘားအံမြို့၊ မိကရင်ကျေးရွာတွင် အိပ်စက် အနားယူကြသည်။

ပြာသိုလပြည့်နေ့နံနက်တွင် မိကရင်ကျောင်း ဆရာတော်ကို မီးဖိုင်းတောင်စေတီတော်အား သွားရောက် ဖူးမြော်ရန် လျှောက်ထား အဖော်စပ်ပါသည်။ ဘုန်းတော်ကြီးတစ်ပါးပါး မပါဘဲ မသွားရဲသောကြောင့် ဖြစ်ပါသည်။

မိကရင်ဆရာတော်မှလည်း ကြာအင်းကျောင်းဆရာတော်နှင့် အဖော်စပ်ပြီး ကျွန်ုပ်တို့မိသားစု (၂၀)ဦးနှင့်အတူ မော်တော်ကား (၄)စီးဖြင့် နံနက်(၉)နာရီမှာ စတင် ထွက်ခွာခဲ့ကြပါသည်။ **[အနှစ်(၂၀)ကျော်ကြာမှ မီးဖိုင်းတောင်သို့ ဒုတိယအကြိမ် သွားနိုင်ခြင်းဖြစ်သည်။]**

**ဝါးဘိုးတော–ဖာပွန် မော်တော်ကားလမ်းမှာ** အကျယ်ပေ တစ်ရာဖြစ်အောင် ချဲ့ထွင် ပြုပြင်နေဆဲဖြစ်၍ အချို့နေရာတွင် တံတားသစ်များ တည်ဆောက်နေခြင်းကြောင့် လမ်းလွှဲမှ ဖြည်းဖြည်းမောင်းရခြင်း၊ အချို့နေရာမှာ လမ်းသားတစ်ခြမ်း မြေဖို့ခြင်း၊ ကျောက်ခင်းခြင်းတို့ကြောင့် လမ်းတစ်ခြမ်းသာ မော်တော်ကား အသွားအပြန် စောင့်၍ မောင်းရခြင်းတို့ကြောင့် ခရီးဖင့်နှေး အချိန်ကြာခဲ့ရပါသည်။

ဝင်းဒရယ်ရွာထိပ်တွင် **ဓာတ်ကျိုက်လိုဏ်ဂူတော်**သို့ အသွားလမ်းမုခ်ဦးကို

www.burmeseclassic.com

တွေ့မြင်ရသည်။ မြိုင်ရွာနှင့် မနီးမဝေးတွင် **သာယာရွှေဂူကို** အဝေးမှ လှမ်းမြင်ရသည်။ ဂျို့ပင်ဆိပ်ကျေးရွာအနီးမှာ ဂူညီနောင်ရှိကြောင်း သိရသည်။

ဝဲပုံ့ရွာတွင် ဝဲပုံ့ဂူကြီးမုခ်ဝကို တွေ့ရသည်။ ဂူဝသို့ အသွားလမ်းပြုပြင်နေဆဲဖြစ်သည်။ ဝါးဘိုးတောထိပ်နှင့် မနီးမဝေးမှာ ဘုရင့်ညီဂူတော်ရှိသဖြင့် ဤလမ်းခရီးမှာ ရှေးဟောင်း သမိုင်းဝင်ဘုရားလိုဏ်ဂူကြီး (၅)ဂူရှိပါသည်။

ကမမောင်းမြို့နယ်ခွဲသို့ နံနက်(၁၁)နာရီခွဲတွင် ရောက်ရှိကြသဖြင့် အောင်သပြေထမင်းဆိုင်မှာ နေ့လယ်စာစားသောက်ရန် ရပ်နားပြီး အတူပါလာသည့် မိကရင်ကျောင်း ဆရာတော်နှင့် ကြာအင်းကျောင်း ဆရာတော်တို့ကို နံနက်စာ ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ ကျွန်ုပ်တို့လည်း ထမင်းစားကြသည်။

နေ့လယ်(၁၂)နာရီတွင် ဖာပွန်လမ်းအတိုင်း ဆက်ထွက်ကြရာ (၁၀)မိနစ်ခန့်မောင်းပြီး အနောက်ဘက်(ဝဲဘက်)သို့ ကတ္တရာလမ်းခွဲတွေ့ရသည်။ ထိုလမ်းကို ခွ၍ ခမ်းနားသော မုခ်ဦးကြီး တစ်ခု တွေ့ရ၏။

မီးဖိုင်းဆံတော်ရှင်စေတီမုခ်ဦး
၁၃၇၇-မြိုင်ကြီးငူဆရာတော် ကြီးမှူး၍
အများအကာ ကောင်းမှု-၂၀၁၁။

ထိုလမ်းအတိုင်း ဆက်မောင်းဝင်သွားရာလမ်းမှာ အစပိုင်းသာ ခင်းထားပြီး နောက်ပိုင်းမှာ မြေသားလမ်းသာဖြစ်၍ အချို့နေရာမှာ လမ်းမကောင်းသေးဘဲ ဆလွန်းကားငယ်များ ဖြည်းဖြည်းသာ မောင်းခဲ့ရသည်။

ကမမောင်းသည် (၁၉၉၄)ခုနှစ် ကျွန်ုပ် ပထမတစ်ခေါက် မီးဖိုင်းတောင်လာစဉ်က ကျေးရွာကြီးအဆင့်သာ ဖြစ်



မီးဖိုင်းတောင် ဆံတော်ရှင်ဘုရားအနီးမှ အမှတ်တရ ဓါတ်ပုံ
မိကရင်ကျောင်းဆရာတော်၊ ကြာအင်းကျောင်းဆရာတော်၊ ကဗွီယကျောင်းသား

သော်လည်း ယခု (၂၀၁၅)ခုနှစ်၊ ဒုတိယအကြိမ် လာစဉ်မှာ မြို့နယ်ခွဲအဆင့်ဖြစ်နေလေပြီ။

မီးဖိုင်းတောင်နှင့် ကမမောင်းမှာ အချို့က (၅)မိုင်သာဝေးသည်ဟု ဆိုကြပြီး အချို့က (၉)မိုင် ခန့်ဝေးသည်ဟု ဆိုကြသည်။ ဆလွန်းကားငယ်ဖြင့် ကမမောင်းမှ မီးဖိုင်းတောင်ခြေအထိ နာရီဝက်ခန့် ကြာခဲ့ပါသည်။

မီးဖိုင်းတောင်ခြေနှင့် နီးလေလေ၊ တောတောင်သစ်ပင် များလေလေ ဖြစ်သည်။

ဂိတ်ဟု ယူဆရသောနေရာတွင် မော်တော်ကားများရပ်၍ ဆရာတော်က မီးဖိုင်းတောင်ပေါ်ဘုရားကို လာဖူးသော ဧည့်သည်များဖြစ်ကြောင်း၊ မော်တော်ကားဖြင့် ဘယ်အထိ မောင်းသွားနိုင်မလဲဟု ပြောရင်း မေးသောအခါ သူတို့ထဲမှ ဗမာစကား နည်းနည်းပြောတတ်သူက တောင်ပေါ် ဘုရားရင်ပြင်အထိ ကားလမ်းဖောက်ထားကြောင်း ပြန်ပြောပါသည်။

ထိုတပ်ဖွဲ့ဝင်များမှာ စကောကရင်တိုင်းရင်းသားများဖြစ်ကြောင်း သိရ၏။ မိကရင်ကျောင်းဆရာတော်နှင့် ကြာအင်းကျောင်း ဆရာတော်တို့မှာ ပိုးကရင်တိုင်းရင်းသားများ ဖြစ်ကြသည်။ ကျွန်ုပ်တို့က ဗမာဖြစ်သည်။ တပ်ဖွဲ့ဝင်များက ပိုးကရင်ဘာသာစကားနှင့် ဗမာစကားတို့ကို ကောင်းကောင်း နားမလည်သူ၊ မပြောတတ်သူက များပါသည်။

မီးဖိုင်းတောင်ခြေတွင် ကရင်တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့၏ တပ်ရင်းတစ်ခုထားရှိသည်ဟု ထင်ပါသည်။ ကျွန်ုပ်တို့ မော်တော်ကားများ တောင်ပေါ်လမ်းကို မောင်းတက်ကြရာ လမ်းများ အတော် မတ်စောက်ပြီး လမ်းသားများ သိပ်မကောင်းသည့်အပြင် ဤတောင်ပေါ်လမ်းကိုလည်း မောင်းဖူးသူမရှိဘဲ တူးဝီးကားများလည်းဖြစ်၍ တောင်တစ်ဝက် မရောက်မီ ကားသုံးစီး ဆက်မတက်နိုင်တော့ဘဲ နောက်ပြန်ဆုတ်ခဲ့ကြရသည်။

မိကရင်ကျောင်း ဆရာတော်၏ ကားမှာ ဘုရားရောက်ခါနီး (၃)ဖာလုံလောက် တောင်တက်နေရာမှာ ရုတ်တရက် မီးခိုးလုံးကြီးများ ထွက်လေပြီး ကားရပ်သွားသဖြင့် ထိုနေရာအနီးရှိ လုံခြုံရေးအစောင့် ကရင်တိုင်းရင်း



www.burmeseclassic.com

www.burmeseclassic.com

သား လက်နက်ကိုင်တပ်ဖွဲ့ဝင်အချို့က ကျောက်တုံးကြီးများ မ,ယူပြီး ကားဘီးကို ခုပေးကြသည်။ လိုအပ်သည်များ ဝိုင်းဝန်းကူညီပေးကြသည်။

ကျွန်ုပ်တို့က သူတို့ကို ကြောက်နေမိသော်လည်း သူတို့ကမူ လွန်စွာကူညီရိုင်းပင်းလိုသူများ ဖြစ်ကြောင်း တွေ့ရှိရသည်။ တစ်ဦးစကားကို တစ်ဦးကသိပ်မနားလည်ကြ၍သာ ဆက်သွယ်မှု နည်းနည်းခက်သည်။

မိကရင်ဆရာတော်က တယ်လီဖုန်းဖြင့် ဘားအံရှိ ဝပ်ရှေ့တစ်ခုကို ဖုန်းဆက်ကာ လိုအပ်သောပစ္စည်းများ ယူဆောင်၍ မီးဖိုင်းတောင်သို့ အမြန်ဆုံးလာခဲ့ရန် ဆက်သွယ်ပြီး ကားပျက်နေသော နေရာအနီးရှိ ကရင်တိုင်းရင်းသား လက်နက်ကိုင်အရာရှိဟု ထင်ရသူတစ်ဦးအား တောင်ခြေ ဂိတ်စခန်းများသို့ ဆက်သွယ်ရေးစက်ဖြင့် ကြိုတင်အကြောင်းထားပေးရန် စက်ပြင်ဝပ်ရှော့ ဆရာ၏ မော်တော်ကားကို တောင်ပေါ်တက်လာခွင့်ပြုရန် အကူအညီတောင်းပါသည်။

ထို့နောက် ဆရာတော်(၂)ပါး ကျောင်းသား(၁)ဦးနှင့် ကျွန်ုပ် အပါအဝင် (၄)ဦးမှာ မော်တော်ကားကို ထားခဲ့ပြီး မီးဖိုင်းစေတီတော်ရှိရာသို့ ခြေကျင်ခရီးဖြင့် ဆက်ခဲ့ကြပါသည်။ ကုန်းတက်,ကုန်းဆင်းခရီးမှာ (၃)ဖာလုံခန့်သည်ပင် တော်တော် ပင်ပန်းပါသည်။

မီးဖိုင်းစေတီတော်အနီးတွင် ရောမချောက်နက်ကြီးတစ်ခု ရှိသည်။ မော်တော်ကားလမ်းဘေးတွင် ကျောက်စက်ရေများ စီးကျနေသော နတ်ရေတွင်းဟု ခေါ်နိုင်သည့် ရေထွက်လေးတစ်ခုကို တွေ့ရသည်။

မီးဖိုင်းစေတီတော်ကို နောက်ခံထား၍ မှတ်တမ်းဓာတ်ပုံရိုက်ပေးပြီးမှ စေတီတော်ရင်ပြင်ဘက်သို့ ဆက်တက်ခဲ့ကြ၏။

မီးဖိုင်းစေတီတော်မှာ မုတ္တမ မြသိန်းတန်စေတီတော်ကဲ့သို့ အဖြူရောင်ကြွေပြားများ ကပ်ထားသည်။ ထီးတော်သစ်တင်လှူထားပြီး အရှေ့ဘက် တောင်ကုန်းပေါ်တွင် ထီးတော်ဟောင်းစေတီဟု ဆိုသော စေတီငယ်တစ်ဆူကို ဖူးတွေ့ရသည်။

အရှေ့၊ အနောက်၊ တောင်၊ မြောက်လိုဏ်မုခ်ငယ်(၄)ဝရှိပြီး ထိုလိုဏ်မုခ်ပေါ်တွင် ဒေါင်းရုပ်၊ ဟင်္သာရုပ်တို့ကို ထုလုပ်ထားသည်မှာ ထူးခြားချက် ဖြစ်ပါသည်။ ဘုရားရင်ပြင်မှာ အင်္ဂတေသားအတိုင်းရှိပြီး ကြွေပြားအပြည့် မခင်းရသေးပါ။ တချို့တစ်ဝက်တော့ ခင်းထားသည်။

စေတီတော် ရင်ပြင်ပတ်လည်မှာ အာရုံခံ ကောင်းကောင်းလည်း မရှိသေးပါ။ ကျွန်ုပ်တို့လည်း စေတီတော် ရင်ပြင်တွင် ထိုင်၍ ဘုရားရှိခိုးခြင်း၊ ပုတီးစိပ်ခြင်း၊ မေတ္တာပို့ခြင်း၊ အမျှပေးဝေခြင်း ပြုပြီးမှ ရင်ပြင်တော်တစ်ပတ် လှည့်ကြည့်ရာ (၁၉၉၄)ခုနှစ်က ကျွန်ုပ်ရောက်ရှိ တွေ့မြင်ခဲ့ရသည့် နေရာအဲတော်များများ မရှိတော့ကြောင်း သိရသည်။

ယခင် သစ်သားကျောင်းအိုနေရာတွင်တော့ နှစ်ထပ်တိုက်ကျောင်းကြီးဖြစ်နေပြီ။ မီးဖိုင်းတောင်ပေါ်ကျောင်းဆရာတော်မှ ခေတ္တကျိန်းနေသည် ဆို၍ တွေ့ဆုံဖူးမြော်ခြင်း သိလိုသမျှမေးမြန်းလျှောက်ထားခြင်းများ မပြုခဲ့ရပေ။

တောင်ပေါ် ဆက်မတက်နိုင်တော့သဖြင့် နောက်ပြန်ဆုတ်ဆင်းသွားသောကား(၃)စီးနှင့် မိသားစုဝင်(၁၉)ဦး၏ အခြေအနေကို ဖုန်းဆက်မေးရန်ကြိုးစားသော်လည်း ကျွန်ုပ်တို့တွင်ပါသွားသော ဟန်းဖုန်းတို့က ဆက်သွယ်၍ လုံးဝမရသဖြင့် စိတ်ပူပန်ရခြင်းများကြောင့် မီးဖိုင်းတောင်ပေါ်ဘုရားသို့ ဒုတိယအကြိမ် ရောက်ရှိရာတွင် အေးအေးဆေးဆေး အချိန်ကြာကြာ မနေခဲ့ရဘဲ အသော့နှင်၍ ပြန်ဆင်းခဲ့ရပါသည်။

မိကရင်ဆရာတော်၏ မော်တော်ကားပျက်သောနေရာတွင် ကြာအင်းဆရာတော်မှ ခေတ္တစောင့်နေရစ်ရာ ကရင်တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့ဝင်များက သူတို့တဲတွင် ကောင်းမွန်စွာ နေရာချထားပေးသည်။

ကျွန်ုပ်နှင့် မိကရင်ကျောင်း ဆရာတော်၊ ကပ္ပိယကျောင်းသားတို့က ကား(၃)စီးရှိရာသို့ ပြန်ဆင်းခဲ့ကြ၏။ ကား(၃)စီးက ကောင်းမွန်စွာ ပြန်ဆင်းနိုင်ခဲ့ပြီး မိသားစုဝင်များလည်း ဘေးဥပဒ်မဖြစ်ခဲ့ကြပါ။

ထိုနေရာမှ တောင်ပေါ်ဘုရားရင်ပြင်သို့ မိသားစုဝင်များ လမ်းလျှောက်တက်မည်ဆိုလျှင် ကလေးများပါသလို ဒူးနာနေသူများလည်းပါပြီး ကျွန်ုပ်၏ဖခင် အသက်(၈၀)ကျော်လည်း ပါသဖြင့် အနည်းဆုံး(၁)နာရီခန့် ကြာပေလိမ့်မည်။

ဤနေရာမှာ ညအိပ်ရန်လည်း မဖြစ်နိုင်ပါ။ အလွန်အေးသောနေရာ၊ အေးသောရာသီဥတုဖြစ်ပါသည်။

ကျွန်ုပ်ဖနီးက ပြန်ပြောပြရာတွင် သူတို့အား ကရင်တိုင်းရင်းသား လက်နက်ကိုင်အရာရှိဟု ထင်ရသူ တစ်ဦး၏အိမ်တွင် ကောင်းစွာ ဧည့်ခံစကားပြောကြောင်း၊ ဆက်သွယ်ရေးစက်ဖြင့် တောင်ပေါ်သို့ ဆက်သွယ်၍ အခြေအနေ မေးပေးကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com

ယခု ဘားအံ–ဖာပွန်ကားလမ်းမမှ မီးဖိုင်းတောင်ပေါ်ထိ မော်တော်ကား လမ်းကို ယခု(၂၀၁၅)ခုနှစ်မှာ အကောင်းဆုံး ပြုပြင်ဖို့ စီစဥ်ထားပြီး ကျောက်များ ချထားကြောင်း၊ ဖေဖော်ဝါရီလတွင် ဤတောင်မှာ လျှပ်စစ်မီးရမည်ဟု သိရကြောင်း၊

ဘုရားဖူးကားများနှင့် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာကြသည်ကို မြင်လိုကြောင်း၊ ဒီဒေသမှာ ဘာမှ ကြောက်စရာမလို ကြောင်း၊ ဘုရားဖူးများ လုံခြုံ စိတ်ချရကြောင်း ဗမာစကား နည်းနည်းတတ်သော ကရင် တိုင်းရင်းသူ မိန်းမပျိုလေး တစ်ဦး၏ ဘာသာပြန် အကူ အညီဖြင့် ပြောပြကြောင်း သိခဲ့ရ ပါသည်။


ကျွန်ုပ်လည်း မီးဖိုင်းတောင် ဆံတော်ရှင်စေတီတော်ဘုရားဖူး ခရီးကို ယခု မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ မဲလံဆံတော်ရှင် ဘုရားဖူးခရီးကဲ့သို့ မုဒ်ဝမှ တောင်ပေါ် ဘုရားရင်ပြင်သို့ တောင်တက်ကား ကြိုပို့စနစ်ဖြင့် ပို့ဆောင်ပေးခြင်းမျိုး (သို့မဟုတ်) မီးဖိုင်းတောင်ခြေမှ ဘုရားရင်ပြင် အနီးထိ တောင်တက်ကားလမ်း ကို ဒေသခံ ကြိုပို့မော်တော် ကားများ စီစဥ်ပေးခြင်းဖြင့်သော် လည်းကောင်း ဆောင်ရွက်ပေး နိုင်ပါစေကြောင်း အထပ်ထပ် အခါခါဆုတောင်းမိပါတော့သည်။

ရန်ကုန်မြို့ အပါအဝင် အနယ်နယ် အရပ်ရပ်မှ ဘုရား ဖူးခရီး ပို့ဆောင်ပေးသူများ အနေဖြင့်လည်း သထုံ–ဘားအံ မော်တော်ကားလမ်း တစ်ဝက် ခန့်ရှိ **ဘုရင့်ညီဂူ၊ ဓာတ်ကျိုက်ဂူ၊ မြိုင်ဂူ (ခေါ်) သာယာရွှေဂူ၊ ဂူညီ နောင်၊ ဝဲပျံဂူ၊ ကမမောင်းနှင့်အုန်း ဇေတာမှ ရွှေးဟောင်းသမိုင်းဝင် ဘုရားများ၊ မီးဖိုင်းဆံတော်ရှင် စေတီတော်တို့မှာ လမ်းသင့်သော ဘုရားဖူးခရီးစဥ် တစ်ကြောင်း** ဖြစ် နိုင်ပါ၍ ထိုခရီးစဥ် အသစ်ဖြစ်ပေါ် လာအောင် တတ်စွမ်းသမျှ ပါဝင် ကူညီကြပါဟု တိုက်တွန်းအပ်ပါသည်။

***စေတနာမှန်လျှင် ကံကောင်းမည်။***

**အောင်ဇ** ***(LL.B)***

မီးဖိုင်းတောင် ဆံတော်ရှင် စေတီတော်သို့ လမ်းညွှန်မြေပုံကြမ်း



www.burmeseclassic.com

(ကြော်ငြာဆောင်းပါး)

# ဝမ်းတစ်လုံးကောင်း ခေါင်းမခဲရအောင်
# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို ဆောင်

"ဆရာကို တွေ့မှတွေ့ပါ့မလားလို့"

"အော် အင်ဂျင်နီယာကြီး ကိုနိုင်ဦးပါလား၊ လာဗျာ ထိုင်"

"ဆရာကို အကူအညီလေး တောင်းချင်လို့"

"ရပါ့ဗျာ. . . ပြောလေ"

"ဒီလိုပါ ဆရာ၊ ကျွန်တော် ကိုယ်လက်တွေလေးလံ ညောင်းညာပြီး ဦးခေါင်းတွေလည်း အုံ့ခဲနေတယ် ဆရာ။ အဲဒါ ဘာဖြစ်လို့များလည်းလို့ပါ"

"ကိုနိုင်ဦး ညာဘက်လက်လေးခဏပြဗျာ၊ သွေးစမ်းကြည့်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

"တွေ့ပြီကိုနိုင်ဦးရေ- ခင်ဗျားပြောသလို ခေါင်းတွေအုံ့ခဲနေမယ်။ မျက်လုံးမျက်ခွံတွေ လေးနေမယ်။ တစ်ကိုယ်လုံးလေးလံညောင်းညာနေတာတွေဟာ ဝမ်းတစ်လုံးမကောင်းလို့ဗျ"

"ဆရာပြောတာ ကျွန်တော်နားမရှင်းဘူးဖြစ်နေတယ်"

"ဒီလိုလေ ကိုနိုင်ဦးရဲ့၊ လူတစ်ဦးဟာ ကျန်းမာတယ် မကျန်းမာဘူးဆိုတာကို သိချင်ရင် ဆီး၊ဝမ်း၊လေ၊ ချွေးလို့ပြောတဲ့ မလကြီးလေးပါးကို စိစစ်ရမယ်ဗျ။ ခင်ဗျားမှာက အဲ့ဒီမလကြီးလေးပါးထဲက အဓိကအကျဆုံးဖြစ်တဲ့ ဝမ်းလို့ခေါ်တဲ့ ခာတ်ချုပ်တတ်တဲ့ လက္ခဏာတွေ့ရတယ်လေ"

"အော် ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်က Construction လုပ်ငန်းကို လုပ်ကိုင်တာဆိုတော့ Site ထဲမှာ အလေးအပေါ့သွားချင်တဲ့အခါ အဆင်မပြေတာနဲ့ မသွားဖြစ်ဘူး၊ ဒီတော့ ဝမ်းကချုပ်တတ်တဲ့ အလေ့အကျင့်ဖြစ်နေပြီ ဆရာ"

"အင်းပေါ့ဗျာ. . . မတားအပ်တဲ့အဟုန်ထဲမှာ ဆီး၊ဝမ်း၊ လေတို့ပါနေတော့ ဒီထဲက အထူးသဖြင့် ဝမ်းကို တားဆီးလိုက်တော့ မကောင်းတဲ့ ဆီးအဆိပ်၊ ဝမ်းအဆိပ်၊ လေအဆိပ်တွေဟာ ခန္ဓာကိုယ်အပြင်ကို မရောက်တော့ပဲ ခန္ဓာကိုယ်ထဲပြန်လည်ပြီး စီးဆင်းပျံ့နှံ့ရာက ဦးခေါင်းပိုင်းရောက်ရင် ခေါင်းကိုက်တာ၊ ခေါင်းအုံ့တာ၊ ဇက်ကြောတက်၊ နောက်ကြောထိုးတာ၊ မျက်လုံးမျက်ခုံးများလေးတာတွေ ဖြစ်စေတဲ့အပြင် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ပါက ကိုယ်လက်တွေ လေးလံ ညောင်းညာတာတို့၊ ထုံကျဉ်ကိုက်ခဲတာတို့၊ မအီမသာ ဖြစ်ပေါ်ခံစားရတတ်ပါတယ်"

"ဟုတ်ကဲ့ဆရာ၊ အခုလို ဆရာပြောပြတော့မှ ဆီး၊ ဝမ်း၊ လေတွေနဲ့ ကျန်းမာရေးဟာ ဆက်စပ်နေတယ်ဆိုတာ သိရတော့တယ်"

"ဟုတ်တယ် ကိုနိုင်ဦးရေ ဒါကြောင့် ရှေးကသမားတော်ကြီးတွေက ဝမ်းတစ်လုံးကောင်း၊ ခေါင်းမခဲဘူးလို့ မိန့်ခဲ့တာပေါ့ဗျ"

"ဟုတ်ကဲ့ ဆရာပြောမှ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ ဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို သိရတော့တယ်။ လူသားတွေရဲ့ ကျန်းမာရေးဟာ ဒီ ဆီး၊ဝမ်း၊လေတွေနဲ့ ဆက်စပ်နေတယ်နော် ဆရာ"

"သိပ်ပြီး ဆက်စပ်နေတာပေါ့၊ လူတစ်ယောက်ဟာ မကျန်းမမာဖြစ်တော့မယ်ဆိုရင် အရင်ဆုံး Sign ပြတာက ဆီးနီနည်းတာတို့၊ ဒါမှမဟုတ် ဆီးဖြူများတာတို့ ဝမ်းချုပ်တာ၊ ဝမ်းပျက်တာ၊ စမြင်းခဲတာ၊ ဝမ်းကိုက်တာ၊ အပူဝမ်းသွားတာ၊ လေချုပ်တာ၊ ချွေးငုပ်တာတို့ဆိုတဲ့ လက္ခဏာတွေ ပြတတ်တယ်ဗျ"

"ဟုတ်ကဲ့ ဆရာ"

"အဲ့. . . အဲ့ဒီထဲမှာ ဝမ်းပျက်ဝမ်းလျှောတာ၊ ဝမ်းကိုက်တာတွေက ထင်ရှားတဲ့လက္ခဏာ ချက်ချင်းကုသရတဲ့ ရောဂါ အဆင့်ပေါ် လွင်နေတော့ အများက သတိထားမိကြတယ်ဗျ၊ ဝမ်းချုပ်၊ စမြင်းခဲတဲ့အခြေအနေကိုတော့ အမှုမဲ့ အမှတ်မဲ့နေတတ်ကြတယ်။ ဒီလိုဖြစ်တာ ကြာလာတာနဲ့အမျှ အဆိပ်အတောက် အဆင့်ရောက်နေတဲ့ ဆီး၊ဝမ်း၊လေ ဆိုတဲ့ မလ အညစ် အကြေးတွေဟာ ခန္ဓာကိုယ်အတွင်းမှာ ပျံ့နှံ့စီးဆင်းကာ ကိုယ်တွင်းရှိ အတွင်းအင်္ဂါစုများဖြစ်တဲ့ ဦးနှောက်၊ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ ပန်ကရိယစတဲ့ ခန္ဓာကိုယ်အတွက် အရေးကြီးဆုံး အင်္ဂါစုများသို့ စုဝင်ရောက်ရှိ ခိုအောင်းအမြစ်ပြု ရာကစလို့ စောစောကပြောခဲ့တဲ့ သာမန်ရောဂါလေးမှစပြီး ကင်ဆာလိုမျိုးရောဂါများအပြင် ကူသ



www.burmeseclassic.com

www.burmeseclassic.com

## ဆီး၀မ်းမှန်၍ လေလည်းရ
## အဆီကျလို့ အကြောလည်းပြေတဲ့
## မြင့်မြန်မာ ၀မ်းမှန်ဆေး . . .

ရခက်ခဲတဲ့ရောဂါတွေ စွဲကပ်ဖြစ်ပေါ်စေပါတယ်"

"ဟာ . . ဟုတ်လားဆရာ၊ ကျွန်တော်တို့က ပေါ့ပေါ့တန်တန်ထားတဲ့ ဒီ၀မ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတွေဟာ အလွန် မတန်ကြောက်စရာကောင်းတဲ့ ရောဂါကြီးတွေရဲ့ ရှေ့ပြေးလက္ခဏာတွေပေါ့နော်"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"

"ဒါဆို နေ့စဉ် ဆီး၊ ၀မ်း၊ လေ၊ ချွေးတွေ မှန်နေအောင် ကျွန်တော်ဘာဆေးတွေ စားသင့်လဲဆရာ"

"ဆီး၊ ၀မ်းမှန်လို့လေရ အဆီပိုများကျပြီး ခန္ဓာကိုယ် ပေါ့ပါးကျန်းမာအောင်အတွက်ကတော့ ရော့. . ဒီမှာ **မြင့်မြန်မာ တောရှောက်သီး အကြောပြေ၀မ်းမှန်ဆေးကို** သုံးစွဲပေးပေါ့ဗျာ"




ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(စာနယ်ဇင်း)(၁၁၂/၁၂၁၂)

"ဒီမြင့်မြန်မာအကြောပြေ၀မ်းမှန်ဆေးရဲ့ အာနိသင်ကိုလည်း ပြောပါဦးဆရာ"

"မြင့်မြန်မာ အကြောပြေ၀မ်းမှန်ဆေးရဲ့ အစွမ်းကတော့ ဆီးချုပ်၊ ၀မ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့၊ ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာ ကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်၊ ဆီးကျန် ၀မ်းချုပ်,၀မ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကိုဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီး၀ါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ၀က်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အ၀လွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ၀မ်း၊ သွေး၊ လေ ညီညွတ် မှန်ကန်စေပြီး ကျန်းမာပေ့ါပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေ၀မ်းမှန်ဆေးကို ညအိပ်ရာ၀င် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါတယ်"

**(၀မ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ၀မ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေ ရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့် ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

---


ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊

မြောက်ဥက္ကလာပ။ ဖုန်း - ၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၁၈၉၂၂၄။


---




www.burmeseclassic.com

www.burmeseclassic.com

သီလရှင် ခွင်းလာရင် ပေးလိုက်ပါ ဆိုသော

ဒေါ်ကဒ္ဒလာစာရီ (မောရဝတီ)

# အဘွား၏ ဂမ္ဘီရပစ္စည်းများ (၂)



အဘွား၏ ကျောက်ပျဉ်

**ယခင်လမှ အဆက်**

## ၄။ ဆင်အံတစ်ခု

နှစ်ပိသာ ငါးဆယ်သား အလေးချိန်ရှိသော ဆင်အံကြီးတစ်ခုက အလျား(၈)လက်မ၊ အနံ(၇)လက်မ၊ အမြင့်(၃)လက်မ ရှိပါသည်။

ဆင်စွယ်နှစ်ကဲ့သို့ ဝါဖန့်ဖန့် အရောင်လေးဖြစ်ပြီး သွားများမှာ ကြွေဖုံးထားသော တွန့်တွန့်ပုံသဏ္ဌာန်များက ကြည်လင်ချောမွတ်နေသည်မှာ လူသွားများနှင့် အရောင်အဆင်း တူနေပါသည်။

နည်းနည်းချင်း ဖွဲ့ထုတ်၍ အသုံးပြုထားဟန် ရှိပါသည်။

အသုံးပြုပုံ နားလည်သူများက **သူငယ်နာနှင့် အပူနာများ အဖုအကျိတ်များကိုနိုင်သည်ဟု သိရပါသည်။**

အမျိုးသမီးများ နို့ချောင်းပိတ်ခြင်းနှင့် အဖုအကျိတ်အနာများကို ဆန်ဆေးရည်ဖြင့် သွေးလိမ်းလျှင် ပျောက်သည်ဟု ပြောပါသည်။

ဆင်အံ၏ အသုံးပြုပုံများကို စာရေးသူ သိပ်မသိပါ။

## ၅။ ကျောက်ပျဉ်ကြီးတစ်ခု

ကျောက်ပျဉ်ကြီးကို ကြည့်ပြီး ငယ်စဉ်က အဘွားကို ကရမက်များ နေ့စဉ် သွေးပေးခဲ့ရသည်ကို အမှတ်ရစေပါသည်။ (၁၄)လက်မအကျယ် ရှိသော ကျောက်ပျဉ်ကြီးမှာ ပတ်လည်မြောင်း အကျယ်မှာ (၁)လက်မ ရှိပါသည်။

ငယ်စဉ်က အားရပါးရ သွေးရင်း ရေလယ်ကောင်သောင်ထွန်း နတ်သမီး နေတဲ့ ကျွန်းလို့ စကားထာဝှက်ခဲ့သော ကျောက်ပျဉ်ကြီးပါ။

စာရေးသူ ဒုတိယတန်းတုန်းက နေ့စဉ် မြောင်းပတ်လည် ပြည့်အောင် သွေးခဲ့ရတာ။ မြန်မြန်ပြည့်ချင်လို့ ကျဲကျဲသွေးမိရင် အဘွားက မြောင်းထဲက သနပ်ခါးတွေကို လက်ညှိုးနှင့် ငါးပက်သလို ကျောက်ပျဉ်ပေါ်သို့ ပြန်ပက်တင်ပြီး ပြန်သွေးခိုင်းပါသည်။

စာရေးသူတို့ ငယ်စဉ်က ပုတ်ထမ်းသည်ဟု ခေါ်သော တောင်းနှစ်ခုကို ထမ်းပိုးနှင့် ထမ်း၍ "**ရေချိုးခံ နံ့သာတွေ၊ ကရမက်တွေ**" လို့ အော်ပြီး ရောင်းသူလာလျှင် ထွက်ခေါ်ပေးရသည်။

အဘွားက နတ်သတ်ပင်ဟု ခေါ်သော အလွန်မွှေးသည့် ကရမက်အနှစ်မျိုးကို ရွေးဝယ်သည်၊ လူးသည်။


**ကရမက်အနီမျိုး**ကိုတော့ ဆေးဖော်သည်၊ သောက်ခြင်းဖြင့် အပူနာကို ပျောက်စေသည်။ သည်းခြေနာကို ပျောက်စေသည်။ အသက်ရှည်စေသည်။ ဆံပင်ကောင်းစေသည်။






www.burmeseclassic.com

www.burmeseclassic.com



◆ ပုလဲထံထိုး ရွှေနှင့် ထုထားသည်

◆ ထင်အံ့ ပကြွေသွားများ



**တွင် အသက်ကြီးသူများ၊ အသက်ငယ်သူ ကလေးသူငယ်များ၊ လူမမာများအတွက် ကရမက်ကို သွေးလူးခြင်းဖြင့် အပူဓာတ်ကို ကျော်လွှားနိုင်ရန် မြန်မာ့ကျောက်ပညာ ရှိမှဖြစ် မဟုတ်ပါလား။**

ကရမက်သွေးလူးထားသော ရန့်ကလေးကလည်း စိတ်ကြည်လင်လန်းဆန်းစေပါသည်။ ရှင်မတောင်သနပ်ခါးသွေးလိမ်းဖြင့်လည်း အပူဓာတ်ကာကွယ်လန်းဆန်း ကျန်းမာစေပါသည်။

ရှင်မတောင်သနပ်ခါးက ပိုဈေးကြီးသဖြင့် အနှစ်များပါ ကျောက်ပျဉ်ကြီးကြီးနှင့် အားရပါးရ သွေးလူးခြင်းဖြင့် အပူဓာတ်ကို ကာကွယ် ကျန်းမာစေပါသည်။

အပူကြောင့်ဖြစ်သော အနာဟောင်း၏ အမာရွတ်များမှ တစ်ဆင့် သမင်ဖြူသို့ ကူးပြောင်းတတ်ဖြင့် ကရမက်တစ်လှည့်၊ ကွမ်းသီးတစ်လှည့် (၃) ရက်စီ သွေးလိမ်းပေးပါ။

## ၆။ နီလာကနုတ်ပန်းလေး တစ်ပွင့်နှင့် ခရုသင်းတစ်ခု

အဘွားပေးသော ဂမ္ဘီရဆန်းဆန်း ပစ္စည်းလေးများမှ ဒီနီလာ ကနုတ်ပန်းလေးကို အကြိုက်ဆုံးပါ။

ကျောက်မျက်ရတနာများ အကြောင်း သင်ကြားသိမှတ်ခဲ့ရသော ဒီအချိန်မှာ ဒီနီလာလေးတစ်ပွင့်၏ ကျောက်မျက်တန်ဖိုးနှင့်အတူ သွေးထားပုံ ဂမ္ဘီရပုံ သဏ္ဌာန်လေးကလည်း တန်ဖိုးထားစရာမို့ အကြိုက်ဆုံးလို့ ပြောရတာပါ။

အပြာရောင် ကျောက်ကလေးကို **ခရုသင်းပုံသဏ္ဌာန်လေးပုံ**ဖော် သွေးထားပါသည်။ လက်မဝက်ရှိသော ကျောက်ကလေးကို ဆွဲသီးအဖြစ် အသုံးပြုထားပုံရပါသည်။

## နီလာကျောက်(Sapphire)

စိန်ပြီးလျှင် အမာဆုံးဖြစ်သော သဘာဝ တွင်းထွက်ကျောက်မျိုးဖြစ်ပါသည်။ အမာဆင့် ကိုးရှိပြီး စိန်က အမာဆင့် တစ်ဆယ် ဖြစ်ပါသည်။

မြန်မာနိုင်ငံ မိုးကုတ်မြေမှ ထွက်သော နီလာများသည် ပိုမာသည်။ အကောင်းဆုံး နီလာများလည်း ဖြစ်သည်။

မဏိသျှုတ္တရကျမ်းလာ၏ နီလာကို ညွှန်းဆိုချက်မှာ "**မဏိနီလာ မေတ္တာလွှန်စိတ်**"ဟု ဖော်ပြထားပါသည်။ ဆောင်ထားသူကို မနာလိုဝန်တိုခြင်းမှ ကင်းစေပြီး ဘာသာတရားကို သက်ဝင်ယုံကြည်စေပါသည်။ လိမ်လှည့်လှည့်ဖြားခြင်း ခံရခြင်းမှလည်း ကင်းဝေးစေပါသည်။

ချစ်ခင်နှစ်သက်ခြင်းကို ဖြစ်စေပါသည်။ ဘာသာတရားနှင့် သက်ဆိုင်သောကိစ္စရပ်တို့၌လည်း ပြီးမြောက်အောင်မြင်စေသည်။ လူအများ၏ ချစ်ခင်လေးစားမှုကို ခံရစေသည်ဟု **ဆရာသိန်းဝိုင်**(M.Engg.Geo)က ညွှန်းဆိုပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ကိုယ်၌ ဆောင်ထားပါက စနေဂြိုဟ် ဖမ်းစားခြင်းမှ လွတ်ကင်း၏။ သည်းခြေ၊ ငှက်ဖျားရောဂါ၊ အနာစိမ်း၊ သွေးစုနာ၊ အူတွင်းဖြစ်သော အနာ၊ မျက်စိနာ၊ မျက်စိရောဂါ၊ ဖျားနာ၊ ကိုယ်ပူခြင်း၊ သတ္တိကြောင်ခြင်း၊ စိတ်ကျန်းမာရေး၊ ပုလိပ်ရောဂါ၊ အဆိပ်အတောက်၊ အရေပြားရောဂါ၊ ပြည်တည်နာ၊ မူးမော်ခြင်းတို့ကို ပျောက်ကင်းသက်သာစေရန် နီလာတစ်ပွင့်ကို ဆောင်ထားသင့်သော အဆောင်ကျောက်ဟု ဆက်လက် ဖော်ညွှန်းထားပါသည်။


စာရေးသူသည် ယခုအချိန်တွင် ဘာသာရေးနှင့် ပတ်သက်၍ အထူးအားထုတ်နေချိန်ဖြစ်သလို လောကဓံမုန်တိုင်း၏ တိုက်ခိုက်ခံနေရသော အချိန်နှင့် အချိန်ကိုက် နီလာ ကျောက်လော်ကာတ်လေးကို အဘွားက သိသလိုနှင့် ပေးခဲ့တာလား တွေးနေမိပါသည်။

## နီလာဆွဲသီးလေး၏ ခရုသင်း ပုံသဏ္ဌာန်နှင့် ခရုသင်းတစ်ခု

နီလာကျောက်သား၏ ဂမ္ဘီရစွမ်းအင်များသည် မျက်စိနှင့် မမြင်နိုင်သော ကျောက်မျက်၏ လျှို့ဝှက်စွမ်းအင်များကို လေ့လာဖော်ပြပြီးပါပြီ။

ထို့နောက် ထိုနီလာဆွဲသီးလေးကို ခရုသင်းပုံ သဏ္ဌာန်လေး သွေးထားပုံလေး၏ လျှို့ဝှက်ဂမ္ဘီရစွမ်းအင်များကို ဆက်လက်၍ လေ့လာရှာဖွေ ဖော်ပြလိုက်ပါသည်။

**အရှင်နာဂသေနာဘိဝံသ (မြန်မာ့အာယုဗ္ဗေဒ-သိမ်ဖြူဆေးသိပ္ပံဆရာတော်)**၏ ပုံပြ သားငါးကျေးငှက် ဆေးအဘိဓာန်တွင် ခရုသင်းကို ဒေါသသုံးပါးကို ဖျက်ဆီးတတ်၍ ဆင်းရဲခြင်းကို ပယ်ဖျောက်စေသော ရွှေအိုးတစ်ခုဟု



ခရုသင်း

ယူဆထားပါသည်။

ကျော်ကြား၊ ကျန်းမာချမ်းသာစေသော အဆောင်ရတနာတွင် ခရုသင်းပုံကို ဆောင်ထားပါက အကောင်းဆုံးနာမည်ဂုဏ်သတင်းရရှိ အောင်မြင်စေမှု အတိတ်နိမိတ်ဖြစ်သည်ဟု ဖော်ပြမှတ်သားရပါသည်။ **ရတနာ(၁၀)ပါးတွင် ခရုသင်းသည် တစ်ပါးအပါအဝင် ဖြစ်၏။**

ရတနာ(၁၀)ပါး

ပုလဲ၊ ပတ္တမြား၊ ကြောင်မျက်ရွဲ၊ ခရုသင်း၊ ကျောက်သလင်း၊ သန္တာ၊ ငွေ၊ ရွှေ၊ ပတ္တမြားပြောက်၊ ပတ္တမြားနီ၊

ရတနာ(၂၄)ပါး

ပြဟ္မဇာတိကျောက်၊ ပယင်းကျောက်၊ မြကျောက်၊ ရာဇဝတ္တကျောက်၊ မျက်စဉ်းကျောက်၊ ခရုသင်း၊ ပုလဲ၊ သောဂန္ဓိကကျောက်၊ ဂေါမိတ်၊ ဂေါနုတ်၊ သန္တာဓာတ်ရည်၊ ဖန်မှန်ကျောက်၊ လောဟိတက်ကျောက်၊ အမြတ်ကျောက်၊ သုလာကကျောက်၊ တရုတ္တဝန်ကျောက်၊ ဥဿဖရားကျောက်၊ ပဒုမရာဂကျောက်၊ ကြောင်မျက်ရွဲ၊ မသာရဂလ်ကျောက်၊ ဣန္ဒနီလာကျောက်၊ မဟာနီလာကျောက်၊ ဝရဖိန်ကျောက်၊ ပတ္တမြားနီ။

ဟူ၍ **ကဝိလက္ခဏာဒီပနီကျမ်း လာရတနာများ အကြောင်းတွင်** ခရုသင်းသည် ရတနာတစ်ပါးအဖြစ် ပါဝင်ကြောင်း ရှာဖွေတင်ပြလိုက်ပါသည်။

စာရေးသူတို့ ငယ်စဉ်က အဘွားသင်ပေးခဲ့သော **ဆဗ္ဗမင်္ဂလ မဟာမန္တန်တော်ကြီး**ကို အိမ်ရှေ့တွင် ချိတ်ဆွဲထားသော ခရုသင်းအောက်တွင် လက်အုပ်ချီရွတ်ဆိုခဲ့ရပါသည်။

မင်္ဂလာနှင့် ပြည့်စုံစေသည်။ ရတနာ ရွှေမိုးငွေမိုးရွာစေသည်။ လိုရာဆန္ဒ ပြည့်ဝစေသည်။

လောကပါလ နတ်အပေါင်းစောင့်ရှောက်သဖြင့် မနာလိုသူများ၏ ရန်အပေါင်းမှ လွတ်မြောက်စေသည်ဟု ပြောပြပါသည်။ မင်္ဂလာ(၁၂)ပါးနှင့် ပြည့်စုံစေပါသတဲ့။

## ဆဗ္ဗမင်္ဂလာ မဟာမန္တန်တော်ကြီး

ဥုမ် ဟရိ ဟရိ ဂဏေသျှ ဟရိ၊ ဆဗ္ဗစိန္တ၊ ဆဗ္ဗမင်္ဂလံ ဟရံ ဟရိ၊ မဟိန္ဒြ၊ ရက္ခိန္ဒြ၊ အာစိန္ဒြ၊ ပြကြိန္ဒြ၊ နရကြိန္ဒြ၊ ဗေဒဂြရာ ဂြဂြတြာ၊ အာသျှသျှရာ၊ ကာသသွာ ကြိန္တာမုဏိကောဝ၊ မန္ဒမန္ဒ ဋ္ဌံသာရာ



www.burmeseclassic.com

www.burmeseclassic.com

အရှုံလက်ခံ ကြူဠာ့ ဓမ္မ ဂြုယ မဂ်လံ။

အမေကြီးက နှုတ်တိုက်သင်၊ ရွတ်ဆို၍လည်း ကောင်းသဖြင့် အလွတ်ရ ရွတ်ဆိုခဲ့သော်လည်း အဓိပ္ပါယ်လုံးဝ မသိခဲ့ပါ။

အသက် ကြီးလာသည်နှင့်အမျှ စာပေလိုက်စားခြင်း၊ အဓိပ္ပါယ်သိလိုခြင်းတို့ကြောင့် လက်လှမ်းမီသမျှ ရှာကြည့်မိပါသည်။

**၁၃၅၆ ခုနှစ်တွင်** ပဌမအကြိမ် ထုတ်ဝေသော အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဒီပ ကျိုက်ထီးဆောင်း ဆရာတော်ကြီး၏ ညွှန်ကြားမှုဖြင့် ထုတ်ဝေသော ပူဇော်ကန်တော့ခန်း စာအုပ်ငယ်လေးတွင် ဂါထာတော်များအဖွင့်ဆိုသော ခေါင်းစဉ်ဖြင့် အဓိပ္ပါယ်ဖွင့်ဆိုထားသည်ကို ထပ်ဆင့် အဓိပ္ပါယ်ဖွင့် ရေးပြလိုက်ပါသည်။

* * * ——————→

ဤမျှလောက်သာ အဓိပ္ပာယ်ဖွင့်ဖော်ပြထားပါသည်။ မရွတ်တာ ကြာပြီဖြစ်သော ထိုဂါထာတော်ကို စာရေးသူ၏ လက်ရှိ အခြေအနေအရ ပြန်ရွတ်ဆိုရန် အဘွားက သတိပေးသလိုများလားဟု တွေးရင်း မပြတ်ရွတ်ပွားနေမိပါတော့သည်။ အဘွားကို အမေကြီးဟုလည်း ခေါ်ပါသည်။

## ၇။ ပုလဲဆံထိုးတစ်ခု

(၄)လက်မခွဲအရှည်ရှိသော ပုလဲဆံထိုးကြီး၊ ပုလဲစစ်ကြီးတစ်လုံး ထိပ်မှာ တပ်ဆင်ထားသည်။ အလေးချိန် (၁၁)ပဲသားရှိ ငွေဆံထိုး၊ ပုလဲချိန်(၁၀)ရတီ ခန့်မှန်းရပါသည်။

ပုလဲဆံထိုးကြီး ကိုင်ကြည့်ပြီး ပြုံးမိပါသည်။ ခေါင်းတုံးနှင့် ဆံထိုးမှ မရှိတော့တာကို။ သီလရှင်ခွင်းလာရင် ပေးလိုက်ပါဆိုတော့ ဒီအချိန်မှာ စာရေးသူ ခေါင်းတုံးနဲ့ဆိုတာ အဘွားက သိမှာ သေချာပါသည်။

ဒါဆိုဒီဆံထိုးက ဘာလုပ်ဖို့လဲ။ အကြောင်းမဲ့တော့ မဖြစ်ပါ။ စာရေးသူ သူငယ်စဉ်က ဆံပင်တစ်ရပ်၊ လူတစ်ရပ် ဒါကို အဘွားသိသည်။ ယခု အသက် (၅၀)မှ စ၍ (၁၀)နှစ်တစ်ခါ သီလရှင်ဝတ်သည်။ အသက်(၆၀)မှာ တစ်ခါဝတ်သည်။ ယခု အသက်(၇၀)မှာ တစ်ခေါက်တော့ ဆံမချခင် ဆံပင်နှင့် အမှတ်တရ ဓာတ်ပုံရိုက်ဖြစ်သည်။

ဆံပင်ရှည်ကို မြတ်နိုးသော စာရေးသူသည် ဒီတစ်ခါ အသက်ကြီးလာပြီမို့ ဆံပင်က ယခင်ကလို ပြန်ဖြစ်ချင်မှ ဖြစ်လာတော့မည်။ ပုလဲဆံထိုးကို လှည့်ပတ်ကြည့်ရင်း ဘာအဓိပ္ပါယ်လဲလို့ တွေးနေမိပါသည်။

သီလရှင်မဝတ်ခင် (၃)လတိတိ ယောဂီ ဝတ်ထားစဉ် ရဟန္တာဖြစ်သွားတော်မူသော ဆရာတော်ကြီးများ အကြောင်း ရေးသားပူဇော်ရင်း မမျှော်လင့်ဘဲ ဆရာတော်ကြီးနှစ်ပါး၏ ဆံတော်များကို ပူဇော်ခွင့်ရခဲ့သည်ကို ပူပူနွေးနွေး ပီတိဖြစ်နေဆဲမို့...

**ဆံတော်၊ ဆံထိုး၊ ဆံထုံး၊ စွယ်တော်**ပန်းတို့ဖြင့် ဆက်ကပ် လှူဒါန်းဆုတောင်းကာ ဆံထုံးကိုတော့ သျှောင်ချပြီး လှူရန်နှင့် ဆံထိုးကို အဆောင်အဖြစ် စွန့်ယူ ဆောင်ထားလိုက်ပါသည်။

**''ဆံထုံး''ဆိုသည်မှာ** စာရေးသူ သီလရှင်ဝတ် ဆံချစဉ်က သိမ်းထားသော ဆံပင်ရှည်ကို ထုံးဖွဲ့လိုက်ခြင်း

### ဂါထာတော်များအဖွင့်

| | |
|---|---|
| **ဗြူကြဗြီ၊** | =ယုန်တံဆိပ်ဖန် ဘုံဗိမာန်ကို စိတ်သန်မြန်ကြွား စောင့်ရှောက်ထားသော လနတ်သားသည် လည်းကောင်း၊ |
| **နရကြဗြီ၊** | =ကောင်းနိမိတ်ဖန် ဒေါင်းဗိမာန်ကို စိတ်သန်ရှေ့သွား စောင့်ရှောက်ထားသော နေနတ်သားသည် လည်းကောင်း။ |
| **ဗေဒဂြုရာ** | =သာမ–သဖု–ဣသျှု–အာတဗ် လေးရပ်သော ဗေဒင်ကို ကြယ်မြင်အောင် ဆောင်ရွက်ကြကုန်သော။ |
| **ဂြုဟာ** | =ထွန်းတောက်ပြောင်ပြောင် အရောင်ရွှန်းလင်း ရှစ်လုံးသော ဂြိုဟ်နတ်မင်းတို့သည် လည်းကောင်း၊ |
| **သျှုရာဂြုဂြုဗြော** | =အသရေဖြာ ဝေဆာမွန်မွန် သိကြားမင်း၏ ရောဝဏ်ဆင်နတ်မင်းသည် လည်းကောင်း။ |
| **တြိန္တာမုနိကို** | =မနောဓာတ်လျှံ အကြံပြီးစီး ယခု ရွတ်ဖတ်သော စိန္တမုနိ မန္တန်ကြီးသည် လည်းကောင်း၊ |
| **အမရွံ ဟရိ ဟရိ** | =ဤကမ္ဘာကို ရှည်ကြာဖြောင့်မတ် အစောင့်နတ်မင်းကြီးသည် လည်းကောင်း၊ |
| **ဓမ** | =အလွန်ဆန်းပြား စွမ်းပကားနှင့် မန္တရားအုပ် အကျုံးဝင်သည်။ |
| **ဂြုယမင်္ဂလံ** | =ဘေးရန်မှောင်ခွင်း ပြောင်လင်းထင်စွာ အောင်ခြင်းမင်္ဂလာကို လည်းကောင်း၊ |
| **ကြူဠာ့** | =ကူညီပိုင်းစု ကာသိုက်ရှုမျှော်၊ ပြုတော်မူကြပါစေကုန်သတည်း။ |



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါသည်။

ထိုဆံထုံးတွင် အဘွား ပေးသော "ဆံထုံး"ကို ထိုး၍ ရဟန္တာ အရှင်မြတ်ကြီးတို့၏ "ဆံတော်"များ ပူဇော်ထား ရာ "စေတီ"ကြွတ်ရှေ့တွင် ပူဇော်ခြင်း ဖြစ်သည်။

**"ဘုရား"**ထံ ကပ်လှူ ခြင်းဖြစ်၍ **"ပုလဲ"**နှင့် နဝင်း ထပ်ကာ၊ **ဘု+ရား** =၅ + ၄ = ၉။ **ပု+လဲ**= ၅ + ၄=၉ = ၁၈ =၉ နဝင်း၏ တက်ကို ဆောင်ယူခွင့်ရရှိကာ လိုရာ ဆုတောင်း ခွင့်ကြုံ လိုက်ပါ သည်။

ပုလဲ(Pearl)

မဟာသိဒ္ဓိကွ ရတနာကျမ်း တွင် ပုလဲကျက်သရေဟု ဖော်ပြထားပါ သဖြင့် အသက်ရှည်ခြင်း၊ အသားလှ ခြင်း၊ ကျက်သရေရှိခြင်း၊ သမုဒ္ဒရာ စောင့် နတ်မင်းကြီးများ၊ ရေနတ်နဂါး များ စောင့်ရှောက်ခြင်းကို ခံရပြီး မိခင် ဘခင် မေတ္တာများ ပွားများရာများ ဖြစ်စေပါသည်။

သွေးလေချောက်ချား စိတ်နလုံး ပူက်ပြားနေသူများကို ကုစားနိုင်သည်။ စိတ်တိုခြင်း၊ ဒေါသကြီးခြင်းတို့ကို ကာကွယ်နိုင်သည်။ တနလ်ာဂြိုဟ်မင်း ကို ကိုယ်စားပြုလျက် အတွေးအခေါ်၊ အပြောအဆို၊ အနေအထိုင် ဖြူစင် သန့်ရှင်းစေပါသည်။

မှတ်ဉာဏ်နှင့် စိတ်ကူးစိတ်သန်း ကောင်းများကိုလည်း ရှင်သန် ထက် မြက်စေပါသည်။

လူများနှင့် အဆင်ပြေ ချစ်ခင် လေးစားမှုကို ခံရတတ်ပါသည်။

ဆိုးကျိုးများကို ပပျောက် ချေဖျက် ပေးစွမ်းသည်။ စိတ်၏ အေးချမ်းခြင်း၊ အမိထံမှ ပျော်ရွှင်မှုကို ရရှိခြင်း၊ အုပ် ချုပ်ရေး၌ အောင်မြင်ခြင်း၊ မြေယာ လာဘ်လာဘဝင်ခြင်း၊ အလုပ်အကိုင် အောင်မြင်ခြင်း၊ ဘာသာရေး ကိုင်းရှိုင်း ခြင်း၊ နာမည်သတင်းကျော်ကြားခြင်း...

ကောင်းမွန်သော သားသမီးရတနာ များ ရစေခြင်း၊ ဖခင်ဖြစ်သူ ကျန်းမာ စီးပွားဖြစ်ထွန်းစေခြင်း၊ ပညာရေး ကောင်းစေခြင်း၊ ယှဉ်ပြိုင်ရာတွင် အနိုင် ရစေပါသည်။ အချစ်ရေးတွင် စန်းပွင့် စေပါသည်။

ငွေဖြင့် ကွင်း၍ ဝတ်ဆင်ရပါသည်။

**အင်္ဂါသားသမီးများ** သန္တာကျောက် ဖြင့် တွဲဝတ်သင့်ပါသည်။ တည်တည် ငြိမ်ငြိမ် သိမ်သိမ်မွေ့မွေ့သော အဆင်း အလှဖြင့် ဝတ်ဆင်ထားသူကို ကျက် သရေ တိုးပွားစေပါသည်။

ရတနာစာရင်းဝင်ဖြစ်သော ပုလဲ သည် အမြုတေတစ်ပါး ဖြစ်သဖြင့် လျှို့ဝှက် ဆန်းကြယ်သော ဂမ္ဘီရအစွမ်းများ ရှိသည်ဟု ရှေးပဝေသဏီကပင် ကမ္ဘာ့ အရပ်ရပ်က ယူဆထား သော ဒဏ္ဍာရီဆန်ဆန် ရှေးဟောင်း ပုံပြင်များ ရှိခဲ့ ပါသည်။



◆ လှပသော နီလာ ရောင်စုံ ဆွဲသီး

သို့ဖြစ်ရာ ဆောင်ထား သူ၏ စရဏနှင့် သမထ တရားများပေါ် မူတည်ကာ ယိမ်းနွဲ့ရာ အကျိုးပြု ရတနာ အမြုတေအဖြစ် ထူးဆန်း အံ့သြဖွယ် ကြုံ တွေ့ရမည် ဖြစ်ပါပေသည်။

**"သိလျှင် ခွင်းလာရင် ပေးလိုက်ပါ"** ဆိုသော အဘွား၏ ဂမ္ဘီရပစ္စည်း များကို စာရေးသူသည် ဉာဏ်မီသလောက် ဖော်ထုတ်ရေးသား ခြင်းဖြင့်အဘွား၏ ဆန္ဒနှင့်ထပ်တူ ကျ မလားလို့ မျှော်လင့်ပါသည်။

အဘွား၏ တိုင်းရင်းဆေးပညာကို စာရေးသူတစ်ယောက်သာ စိတ်ဝင်စား ခဲ့သည်ကို အဘွားက သိပါသည်။

ဒီအချိန်မှာ စာရေးသူ သာသနာပြု စာများနှင့် သုတစာများ ရေးသားနေ လိမ့်မည်ဟုလည်း သိကောင်း သိနေ ပေလိမ့်မည်။

ပညာကို သေရွာသို့ မယူသွားချင် သော အဘွား၏ဆန္ဒလည်း ဖြစ်ပေ လိမ့်မည်။

စာရေးသူအနေနှင့် အဘွား၏ ဂမ္ဘီရ ပစ္စည်းများ၏ အကြောင်းကို အများ သူငါ သုတအဖြစ် ဖော်ထုတ်ရေး သားခြင်းမှအပ အခြားမရှိလေပြီ။

*ပုဒ်အာဖြင့် ပြည့်ရပါလိုဏ်း*

**ဒေါ်ကဥ္စနာစာရီ**

**(မောရဝတီ)**



www.burmeseclassic.com

www.burmeseclassic.com

# ဆီးချိုအတွက်

## စိတ်မပျက်နဲ့ သိပ်ထက်တဲ့ မြန်မာ့ဆေး

မငြိမ်း (မိတ္ထီလာ)



ဆီးချိုရောဂါကို သူဌေးရောဂါဟု လူအများက သတ်မှတ်ခေါ်ဝေါ်လေ့ ရှိကြပါသည်။ ယင်းရောဂါ ဖြစ်ပေါ်လာပါက နာမည်ကြီး ဆရာဝန် ပါရဂူများ ရှိရာ ပြင်ပဆေးခန်းများသို့ ကူးချည် သန်းချည် အပြေးအလွှား သွား၍ စစ်ဆေးကုသကြရပါသည်။

ငွေကြေးတတ်နိုင်သူများအဖို့ အပန်း မကြီးလှသော်လည်း ရရစားစား သာမန် လူတန်းစားများအတွက်မူ အတော်ကြီး ဗျာများ စိတ်သောက ပွားစရာ ရောဂါဆိုကြီးတစ်မျိုး ဖြစ်ပါ၏။

ယင်းရောဂါ ဖြစ်ပေါ်နေစဉ်အတွင်း ခန္ဓာကိုယ်ပြင်ပတွင် ရရှိလာသော အနာ၊ ထိခိုက်ဒဏ်ရာများမှာလည်း မည်သို့ပင်ကုကုကုသ၍ မပျောက်နိုင်၊ အနာ အကင်းသေ၊ အနာကျက်ဖို့ ခဲယဉ်းချေ၏။

အတွင်း ရောဂါ (ဆီးချို) ပျောက်ကင်းအောင် ကုသပြီးမှ ခန္ဓာကိုယ်ပေါ်မှအနာများ ပျောက်အောင် ဆက်လက် ကုသကြရကြောင်း မှတ်သားရဖူးပါသည်။

ယခု ဖော်ပြမည့် ဆေးနည်းလေးကို စာရေးသူ အမှတ်မထင် ရရှိခဲ့ပုံမှာ...

တစ်နေ့ ဖနီးသည်၏ ထမင်းသုပ်ဆိုင်နေရာလေးကို ဖုန်မထစေရန် အတွက် စာရေးသူအနေဖြင့် နေ့စဉ် ဝတ်မပျက် ရေဖျန်းနေစဉ် မလှမ်းမကမ်းရှိ မီးကင်းတဲပေါ်တွင် ထိုင်၍ စကားပြောနေကြသော အမျိုးသမီး အုပ်စုထံမှ နားစွန်နားဖျား ကြားရသော ဆေးနည်းတိုများ ဖြစ်သည်။

စာရေးသူလည်း ထိုအမျိုးသမီး အုပ်စုနားသို့ ချဉ်းကပ်ကာ စပ်စုမေးမြန်းရင်း ရရှိလာသော ဆေးနည်းကောင်းလေးတစ်လက် ဖြစ်ပါသည်။

ထိုအုပ်စုသည် မြင်းခြံမြို့မှဖြစ်ပြီး သူတို့ စီးနင်းလိုက်ပါလာသော ကားပေါ်မှ ဆန်အိတ်များ ပွဲရုံတစ်ခုတွင် ချနေစဉ် ယခုကဲ့သို့ ကားစောင့်ရင်း မီးကင်းတဲပေါ်တွင် နားနေကြသည်ဟု သိရပါသည်။

ယခု ဆေးနည်းပေးသော ဒေါ်အုန်းမြ၏ ပြောပြချက်အရ သူမကိုယ်တိုင်နှင့် ရပ်ကွက်အတွင်းမှ အိမ်နီးချင်း(၃/၄)ဦးခန့် ဤဆေးနည်းတိုလေးဖြင့်ပင် ဆီးချိုရောဂါ သက်သာပျောက်ကင်းသွားကြောင်းသိခဲ့ရပါသည်။

ဆီးချိုရောဂါ ပျောက်ကင်းသွားသူများ၏ အမည်များကို ဒေါ်အုန်းမြမှ ပြောပြခဲ့သော်လည်း စာရေးသူအနေဖြင့် ဒေါ်ပုလဲ အမည်ကိုသာ အမှတ်ထားခဲ့မိ၍ ကျန်(၂)ဦး၏ အမည်များကို ဤစာမူတွင် မဖော်ပြနိုင်၍ ခွင့်လွှတ်ပါရန်။

**ဆီးချိုပျောက် ဆေးနည်းမှာ အခြေအနေ အရမ်းမဆိုးသေးသော ဆီးချိုဝေဒနာရှင်များအတွက်...**

၁။ မာလကာရွက် (၁၄/၁၅)ရွက်

***(ရေစင်စင်ဆေး)***

၂။ ကြက်သွန်ဖြူ (၁)လုံး

***(အခွံနွှာ)ရောထောင်းပါ။***

ယင်းသို့ ထောင်းရာတွင် ကျွန်တော်တို့အညာဒေသ ထမင်းဝိုင်းမှ မန်ကျည်းရွက်ထောင်း ဟင်းတစ်ခွက်ကဲ့သို့ဖြစ်အောင် **ကြေညက်စွာ စီးပိုင်နေအောင် ထောင်းပါ။** ပြီးလျှင်...

၃။ ပျားရည်စစ်စစ် သင့်ရုံထည့်

သမအောင် ရောနယ်ပြီး ရေအေးဖြင့် မျှောချလိုက်ပါ။

အကယ်၍ **ဆီးချိုရောဂါတက်၍ (၄၀၀/၄၅၀)ခန့်** ရှိသည် ဆိုပါလျှင်...

၁။ မာလကာရွက် လက်တစ်ဆုပ်ခန့်

၂။ ကြက်သွန်ဖြူ (၃/၄)လုံး

၃။ ပျားရည် နည်းနည်းပိုထည့်

***(ခပ်ပျော့ပျော့သာဖြစ်ပါစေ)***

စာမျက်နှာ (၁၃၅) သို့

www.burmeseclassic.com

ရှောက်သီး ရှောက်ရွက်

# လေငန်းအတွက်

ရာသီဥတု သာယာသော နေ့တစ်နေ့တွင် နန်းရှေ့မှ မောင်စိန်ပိုသည် စာရေးသူထံ ရောက်လာသည်။ မျက်နှာ မရွှင်မပျ ဖြစ်နေသဖြင့် တစ်ခုခုပဲလို့ စိတ်ထဲမှ ထင်လိုက်သည်။

'ကယ်ပါဦး စာရေးဆရာ၊ မနက်အိပ်ရာ အထမှာ ခြေတစ်ဖက်၊ လက်တစ်ဖက် လုံးဝ လှုပ်လို့မရဘူး။ လေဖြတ်ပြီး မကြာခင်ကလဲ လေငန်းရောဂါဖြစ်လို့ ကုထားတာ ငွေကုန်နေပြီ စိတ်ညစ်တယ်ဗျာ'



'အို... ဖြစ်ရလေဗျာ၊ တိုင်းရင်းဆေး ဆရာ မဟုတ်ဘူးနော်။ သင်တန်းကတော့(၂)ကြိမ် တက်ထားပါတယ်။ **ဆရာ ဦးခင်မောင်ကြည် (ကထိက တိုင်းရင်းဆေးတက္ကသိုလ် မန္တလေး)**ရဲ့ **ကုထုံးတစ်လက်**ကို ပေးလိုက်မယ်။ သုံးကြည့်ပေါ့'

စာရေးသူသည် စာအုပ်၊ ဘောလ်ပင်၊ စာရွက်များဖြင့် ဝါသနာပါသော စာရေးခြင်းအလုပ်ကို လုပ်ရင်း (၁၅)ရက်ခန့် အချိန်ကုန်သွားခဲ့သည်။

'ကျေးဇူးတင်လိုက်တာ စာရေးဆရာ၊ အခု သက်သာသွားတယ်။ ရှောက်ပေါင်းရည်ဆေးက တကယ် စွမ်းတာပဲ။ မုန့်များ ဝယ်လာတယ် စားပါဦး'

မောင်စိန်ပို၏ ဝမ်းသာစကားများပင် ဖြစ်သည်။

'ကျေးဇူးတင်ရမှာက **ဆရာ ဦးခင်မောင်ကြည်**ကိုပါ။ ပျောက်ကင်းသွားတာ ဝမ်းသာပါတယ်'

**ကိုစိန်ပိုအား ပေးလိုက်သော နည်းမှာ...**

ရှောက်သီး၊ ရှောက်ရွက်များကို အိုးတစ်လုံးတွင်ထည့်၍ အောက်မှ ရေနွေးငွေ့ငွေ့ဖြင့် ပေါင်းခံရသည်။

ရရှိသော ပေါင်းခံရည်ကို ပျားရည်နှင့်ဆတူစပ်၍ တစ်ခါသောက် ဟင်းစားဇွန်း(၁)ဇွန်း တစ်နေ့(၂)ကြိမ် သောက်ရသည်။

လေငန်း၊ လေဖြတ်နှင့် နှလုံးသွေးကြောကျဉ်းအတွက် အားကိုးရသော ဆေးတစ်လက်ဖြစ်ပါသည်။

ကျော်(ရမည်းသင်း)

---

စာမျက်နှာ.(၁၃၄)မှ အဆက်

အထက်က နည်းအတိုင်း လုပ်ဆောင်၍ ဆေးပမာဏ များသည့်အတွက် နှစ်ကြိမ်,သုံးကြိမ် ခွဲ၍ မှိုဝဲပေးပါ။

ဆေးမှိုဝဲနေစဉ် ဆီးချို အတက်အကျကို ချိန်ကြည့်ပါ။ သိသာစွာ ဆီးချိုကျဆင်းသွားသည်ကို လက်တွေ့သိရပါမည်။

ဆိုးရွားလှသော ဆီးချိုဝေဒနာရှင်များအတွက် ဒုတိယနည်းအတိုင်း ပုံမှန်မပျက်မကွက် တစ်လခန့် မှိုဝဲသွားပါက ဆီးချိုရောဂါ သက်သာပျောက်ကင်းသွားမည်ဖြစ်ကြောင်း ပြောပြခဲ့ပါသည်။

ပြောပြခဲ့သူ ဒေါ်အုန်းမြကိုယ်တိုင်မှာလည်း တစ်ချိန်က ဆီးချိုဝေဒနာကို နှစ်ရှည်လများ ခံစားရင်း ဆေးရုံဆေးခန်းများနှင့် နပန်းလုံးကာ ငွေကုန်ကြေးကျ အတော်များခဲ့ပြီးသည့်အဆုံး ပျောက်ချင်တော့ မမှတ်မိတော့သော လူတစ်ဦးတစ်ယောက် ပြောပြခဲ့သော ဤဆေးနည်းလေးဖြင့် ဆီးချိုရောဂါ သက်သာပျောက်ကင်းခဲ့ပါပြီ။

မျက်စိနှစ်ဖက်လည်း ခွဲစိတ်ပြီးစီးအောင်မြင်ခဲ့ကာ မည်သည့်အစားအစာမျှ ရှောင်ရန် မလိုတော့ကြောင်းကိုပါ စာရေးသူအား သူမကိုယ်တိုင် သူနှင့်အတူ ပါလာသော တစ်ရပ်ကွက်တည်းနေ အဖော်များရှေ့တွင် ဖွင့်ဟပြောဆိုခဲ့ပါသည်။

စာရှုသူများလည်း လက်ဆင့်ကမ်း၍ နည်းလမ်းဝေမျှနိုင်ကြပါစေ။

**[ဤစာစုဖြင့် ဆေးနည်းပြောပြဖီဝီတအါနုပြုခဲ့သော ဒေါ်အုန်းမြ၊ အမှတ်(၁၈)ရပ်ကွက်၊ ဓာတ်ဆီတစ်ထောင်ဘုရားအနီး၊ မြင်းခြံမြို့အား ကျေးဇူးဥပကာရ ဂါရဝဖြင့်...]**

မင်းသုခ(မိတ္ထီလာ)



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး ကိုဆောင်ထား

ကိုရဲ




တိုင်းရင်းဆေးဝါးမှတ်ပုံအမှတ်–0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့ မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား။ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့ဩနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့ဩဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ၊ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဖနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေး**ကိုး"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့ စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့အခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်း စားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်း စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား။ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲ ယူသွားအုန်းမှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး**။ ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရခဲ့ပါပြီ။ ဒါကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့ လိုလိမ့်မယ်..."

**ကိုရဲ**

---

ပင်ရင်း – **စကြာမင်းဆေးတိုက်**

အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပ။ ဖုန်း – ၆၉၁၀၉၁၊ ၇၂၂၅၄၁။

---



www.burmeseclassic.com

www.burmeseclassic.com



◆ မြင်တွေ့ရသော ညောင်ကွင်း

# ဈေးခေါ်အတွက် ညောင်ကွင်း

လောကီယုံကြည်မှု အဆောင်များထဲတွင် သစ်ပင်များမှ သစ်ကွင်းအဆောင်များသည်လည်း ပို၍ ကျယ်ပြန့်လာသလိုပို၍လူသိများလာပါသည်။

စာတွေ့၊ လက်တွေ့များကို အခြေပြုလျက် ယုံကြည်မှုအရ ဆောင်ကြခြင်းဖြစ်ပါသည်။

သို့သော် လောကီအရေးအရာကိစ္စသာ ဖြစ်သောကြောင့် လက်ခံကျင့်သုံးပုံခြင်းကတော့ တစ်ဦးနှင့်တစ်ဦး တူညီတာများရှိသလို မတူညီဘဲ ကွဲပြားတာများလည်း ရှိကြပါသည်။

ကျွန်ုပ်မှာ သစ်ကွင်းနှင့်စပ်သမျှကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးနှင့် အချို့သော ဂမ္ဘီရပညာရပ်ဆိုင်ရာမဂ္ဂဇင်းများမှာ ဖတ်ဖူးတာများရှိသလို လက်တွေ့ကျင့်သုံးသူများကို မေးမြန်းစုံစမ်းသုတေသနပြုမိတာများ ရှိပါသည်။

လောကီဂမ္ဘီရဆိုင်ရာ ယုံကြည်မှုတွင် သစ်ကွင်းမှန်သမျှ မီးကွင်းတာမျိုး၊ အတိုက်အခံဘေးက ကင်းလွတ်ခြင်းမျိုးများရှိကြောင်း ညွှန်းဆိုကြပါသည်။

ယခု ကျွန်တော်ရေးပြောချင်သည့် သစ်ကွင်းမှာ, ညောင်သစ်ကွင်း ဖြစ်သည်။ မူလပိုင်ရှင်ကို စူးစမ်းကြည့်သောအခါ ညောင်ကွင်းဟု ပြောပါသည်။

အယူအဆများမှာ...

ညောင်ကွင်းသည် ဈေးရောင်းဈေးဝယ်အတွက် ကောင်းသော ဈေးအဆောင်ဟု ဆိုပါသည်။

**ဈေး** **ခေါ်**

↓ ↓

**ညောင်** **ကွင်း**–ဟူ၍ ယူဆထားလေသည်။

**(အင်္ဂါ)** **(တနင်္လာ)**

↓ ↓

**(အင်္ဂါ)** **(တနင်္လာ)** ဖြစ်သည်။

လက်တွေ့ယုံကြည်သုံးစွဲသူ၏ ပြောဆိုရှင်းပြချက်အရ သိရသည်မှာ...

'တချို့က ညောင်ကွင်းလို့ ခေါ်ပြီး၊ တချို့က ညောင်တံခါးလို့ ခေါ်ကြတယ်။ ညောင်တံခါးဆိုရင်လဲ အင်္ဂါပြီး တနင်္လာဆုံးတာပါပဲ။

တံခါးဆိုတဲ့အဓိပ္ပါယ်က အပိတ်အဖွင့်သဘောကို ဆောင်တယ်လေ။ မကောင်းတဲ့ဘေးအထက်ကို ပိတ်မယ်။ ဈေးရောင်းဈေးဝယ်အတွက် လာဘ်ကို ဖွင့်မယ်ဆိုတဲ့ ယုံကြည်ချက်ပါပဲ"

**"ညောင်"**ကို **အင်္ဂါ**လို့ ယူတယ်။ ဂဏန်းဖလှယ်ရင် **(၃)ဂဏန်း**ဖြစ်တယ်။ **ရတနာ(၃)ပါးပေါ့ဗျာ။**

ပြီးတော့ ညောင်ပင်ဟာ ကျွန်တော်တို့ ဗုဒ္ဓပွင့်တော်မူရာ ဗောဓိပင်မို့ အမြတ်ထားရပါတယ်။

ဒါကြောင့် ခေါင်းရင်းဘက်အမြင့်မှာ ရတနာသုံးပါးကို ဦးထိပ်ပန်ပြီး ချိတ်ဆွဲပေးထားခြင်းဖြင့် အကျိုးထူးရပါတယ်'

ဟူ၍ ရှင်းပြပါလေသည်။ ဝါသနာထား လေ့လာသူများ မှတ်သားနိုင်ကြစေရန်တင်ပြလိုက်ရပါသည်။

***အားလုံး အဆင်ပြေကြပါစေ။***

**အောင်ကျော်ဇော**

***(မြောက်ဒဂုံ)***



www.burmeseclassic.com


www.burmeseclassic.com

# စာတော်ခြင်းနှင့်

ကျွန်ုပ်အမြင်

ဦးသော်ခင် (ဟင်္သာတ)

ပုံစံ-၁




ပုံစံ(၂)တွင်...

**ဉာဏ်လမ်း(C.C)**သည် ဖြောင့်တန်းတဲ့အတွက် ဖြတ်ထိုးဉာဏ်ကောင်းပါမယ်။ ထူးတာကတော့ ဉာဏ်လမ်းရဲ့ အစမှာ **အသက်လမ်းနဲ့ ထိရုံလေး**ပဲ ထိပါမယ်။ ဒါကတော့ စေ့စပ်သေချာခြင်း၊ သတိရှိခြင်းရဲ့ သင်္ကေတပါ။ (ဂ)

* * *




ပုံစံ-၂




စာတော်ခြင်း၊ ပညာတော်ခြင်းနှင့် ပတ်သက်ပြီး ကျွန်ုပ်ရဲ့ လက္ခဏာအမြင် အယူအဆများကို တင်ပြချင်ပါတယ်။

ပုံစံ(၁)တွင်...

**ဉာဏ်လမ်းကြောင်း** (B.B)သည် တနင်္လာဂြိုဟ်ခုံဘက်သို့ ကွေးညွတ် ဆင်းနေပါမယ်။ ဒီတော့ စိတ်ကူးဆင်ခြင်တုံအားကောင်းပါလိမ့်မယ်။ ကျက်အားကောင်းပါမယ်။

ဒါပေမယ့် ဉာဏ်လမ်းအစတွင် အသက်လမ်းနဲ့ အတော် ပူးနေပါတယ်။ (ခ)

ဒါကတော့ စိုးရိမ်ပူပန်စိတ်များခြင်းနဲ့ ချီတုံချတုံဖြစ်တတ်ခြင်းတို့ ရှိပါမယ်။

* * *






www.burmeseclassic.com

www.burmeseclassic.com


ပုံစံ(၃)တွင်...

**ဉာဏ်လမ်းသည် ဖြောင့်တန်းရှည်လျားပြီး** အားကောင်းပါတယ်။ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ခြင်းရဲ့ ပြယုဂ်ပါ။ ဉာဏ်လမ်းအစနဲ့ အသက်လမ်းက ကွာနေတယ်။

ဒါကတော့ ရဲရင့်ပြတ်သားတဲ့ သဘော၊ ယုံကြည်ချက်ပြည့်တဲ့ သဘော၊ စဉ်းစားဆင်ခြင်မှု အားနည်းတဲ့သဘောတွေ ရှိမယ်။ (က)




* * *





ပုံစံ(၄)တွင်...

**ဉာဏ်လမ်းသည် ဖြောင့်တန်းရှည်လျား**တဲ့အတွက် ကျက်အား မှတ်အားတွေ ကောင်းပါမယ်။ ထူးတာကတော့ ဉာဏ်လမ်းအစနဲ့ အသက်လမ်းကြောင်းသည် ထိရုံလောက်ပါပဲ။

ဒါက စနစ်ကြီး၊ စည်းကမ်းကြီး၊ သတိကြီးတဲ့ သဘောနဲ့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ဆောင်ရွက်တတ်တဲ့ ဉာဉ်စရိုက်ကို ပြပါတယ်။ (ဃ)




* * *






www.burmeseclassic.com

www.burmeseclassic.com


ပုံစံ(၅)တွင်...

ဉာဏ်လမ်းသည် ဖြောင့်တန်းပြီး **ကြာဖူးသဏ္ဌာန်**ဖြင့် ဆုံးပါတယ်။ ဒီတော့ တွေးတွေးဆဆ ဆင်ဆင်ခြင်ခြင် ပြုတတ်တဲ့ ဉာဉ်စရိုက် ရှိပါမယ်။

ဉာဏ်လမ်းအစနဲ့ အသက်လမ်းကြောင်း ကွာဟပြီးမှ အဖျားနဲ့ ထိထားတယ်။ ဒါကတော့ ဆုံးဖြတ်ရဲပေမယ့် စဉ်းစားပြီးမှ သေချာမှ ဆောင်ရွက်တတ်တဲ့ ဉာဉ်ကို ပြတာပါပဲ။ **(C)**

* * *




သူတို့ (၅)ဦးလုံးသည် ဘွဲ့ရပြီးသား ပညာရေးဝန်ထမ်းများပါပဲ။ **ပုံစံ (၅)** သည် စာအတော်ဆုံးပါပဲ။ ဘွဲ့ (၂)ခု ရပြီးပါပြီ။

**ပုံစံ(၄)က** ဒုတိယ စာတော်သူ၊ **ပုံစံ(၂)က** တတိယ စာတော်သူ၊ **ပုံစံ (၁)က** စတုတ္ထစာတော်သူ၊ **ပုံစံ(၃)က**တော့ ပဉ္စမလို့ ဆိုရမှာပါပဲ။

ဤတွင် **ပုံစံ(၅)၊ (၄)၊ (၂)**တို့သည် သတိရှိမှု တူညီသော်လည်း ဉာဏ်ရည် အနည်းငယ် ကွာခြားနေလို့ပါပဲ။

**ပုံစံ(၁)က** စိုးရိမ်စိတ်၊ မှားတတ်မေ့လျော့တတ်ပါတယ်။

**ပုံစံ(၃)က**တော့ စာကို လျှမ်းတတ်မယ်၊ သတ်ပုံမှားယွင်းမှု၊ စာမှားဖြေမှုမျိုး ရှိတတ်ပါတယ်။

ဒါတွေကတော့ စာတော်ခြင်းနဲ့ ပတ်သက်တဲ့ ဗဟုသုတ တိုးပွားစေချင်လို့ တင်ပြပေးလိုက်တာပါ။

*ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ*

**ဦးသော်ခင်(ဟသ်ာတ)**



www.burmeseclassic.com

www.burmeseclassic.com

# ပြဿဒါးနေ့

## ယတြာအစီအရင်



ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းတွင် လောကီကိစ္စအဝဝတို့ကို ပြုလုပ်ကြရာတွင် မင်္ဂလာအတိတ်နိမိတ်များကို ယူ၍ ပြုလုပ်တတ်ကြပေသည်။

ရက်ရာဇာရက်၊ အမြိတ္တစုတ်ရက် စသည်ဖြင့် ရက်ကောင်းရက်မြတ်များ ရွေးခြင်း၊ လှုပ်ရှားရွေ့လျားစေသော ကိစ္စများတွင် "**စရလက်**" တည်တံ့ခိုင်မြဲစေလိုသော ကိစ္စများတွင် "**ထိရလက်**" အတွင်းအပြင် ပေါင်းစပ်လိုခြင်း၊ ရောမွှေလိုခြင်း စသော ကိစ္စများအတွက် "ဒွေဒေဟလက်" စသည်ဖြင့် အချိန်အခါများကိုလည်း ရွေးချယ်တတ်ကြပေသည်။

ဤတွင် လောကီမင်္ဂလာအဖြာဖြာကို မပြုလုပ်သင့်၊ မသွားလာသင့်သော နေ့ရက်များ၊ အချိန်အခါများလည်း ရှိနေပြန်လေရာ ယင်းရက်ဆိုး၊ အချိန်အခါဆိုးများတွင် စတင်ပြုလုပ်ကြံစည်မိပါက အလုပ်အကိုင်များ၊ အကြံအစည်များ ပျက်စီးယိုယွင်းတတ်ကြသဖြင့် ရှောင်ကြဉ်၍ ပြုလုပ်ကြရပေမည်။

သို့သော် အခြေအနေ အချိန်အခါအရ မဖြစ်မနေ ပြုလုပ်ကြရမည် ဆိုပါလျှင် ရက်ဆိုးရက်ကောင်း၊ အခါဆိုးအခါကောင်း စသည် ရွေးနေ၍ မဖြစ်နိုင်တော့ပေ၊ အရေးတကြီးကိစ္စဆိုလျှင် လုပ်ကို လုပ်ကြရပေမည်။

ထို့ကြောင့် ပြဿဒါးနေ့တွင် မိမိတို့၏ အလုပ်ကိစ္စများ၊ ခရီးသွားခြင်းများ စသည် မဖြစ်မနေ ပြုလုပ်သွားလာကြရမည်ဆိုပါလျှင် ဘေးဥပဒ်အန္တရာယ်များကင်းစင်၍ အကြံအစည် အောင်မြင်စေသော ယတြာအစီအရင်ကို ပြုလုပ်သွားလာကြခြင်းဖြင့် အောင်မြင်မှုများ ရရှိကြစေရန် ပြဿဒါးယတြာအစီအရင်ကိုဖော်ပြလိုက်ပါသည်။

**တနင်္ဂနွေပြဿဒါးဖြစ်ပါက...**

အိမ်ဦးခန်းဘုရားတွင် ဒန်းညွန့်(၇)ညွန့် ညောင်ရေအိုးဖြင့် လှူဒါန်းပူဇော်ပြီးလျှင်...

**ခရီးစသွားလျှင် သို့မဟုတ် အလုပ်ကိစ္စ စတင်ပြုလုပ်လျှင်** ကံ့ကော်ညွန့် (၁)ညွန့်ကို ဦးခေါင်း၊ အိတ်ထောင်တစ်ခုခုထဲတွင် ဆောင်ထားပါ။ အကြံအစည် အောင်မြင်ရရှိတတ်ပါသည်။

**တနင်္လာပြဿဒါးဖြစ်ပါက...**

အိမ်ဦးခန်းဘုရားတွင် အုန်းညွန့်(၇)ညွန့် ညောင်ရေအိုးဖြင့် လှူဒါန်းပူဇော်ပြီးလျှင်...

**ခရီးစတင်သွားလျှင် သို့မဟုတ် အလုပ်ကိစ္စ စတင်ပြုလုပ်လျှင်** ဖွန်ညွန့် (၁)ညွန့်ကို ဦးခေါင်း၊ အိတ်ထောင်တစ်ခုခုထဲတွင် ဆောင်ထားပါ။ အကြံအစည် အောင်မြင်ရရှိတတ်ပါသည်။

**အင်္ဂါပြဿဒါးဖြစ်ပါက...**

အိမ်ဦးခန်းဘုရားတွင် ကံ့ကော်ညွန့်(၇)ညွန့် ညောင်ရေအိုးဖြင့် လှူဒါန်းပူဇော်ပြီးလျှင်...

**ခရီးစတင်သွားလျှင် သို့မဟုတ် အလုပ်ကိစ္စ စတင်ပြုလုပ်လျှင်** ဝါးညွန့် (၁)ညွန့်ကို ဦးခေါင်း၊ အိတ်ထောင်တစ်ခုခုထဲတွင် ဆောင်ထားပါ။ အကြံအစည် အောင်မြင်ရရှိတတ်ပါသည်။

**ဗုဒ္ဓဟူးနေ့ပြဿဒါးဖြစ်ပါက...**

အိမ်ဦးခန်းဘုရားတွင် ဖွန်ညွန့်(ဆီးညွန့်) (၇)ညွန့် ညောင်ရေအိုးဖြင့် လှူဒါန်းပူဇော်ပြီးလျှင်...

**ခရီးစတင်သွားလျှင် သို့မဟုတ် အလုပ်ကိစ္စ စတင်ပြုလုပ်လျှင်** မြေစာညွန့် (၁)ညွန့်ကို ဦးခေါင်း၊ အိတ်ထောင်တစ်ခုခုထဲတွင် ဆောင်ထားပါ။ အကြံအစည် အောင်မြင်ရရှိတတ်ပါသည်။

**ကြာသပတေးနေ့ပြဿဒါးဖြစ်ပါက...**

အိမ်ဦးခန်းဘုရားတွင် ဝါးညွန့်(၇)ညွန့် ညောင်ရေအိုးဖြင့် လှူဒါန်းပူဇော်ပြီးလျှင်...

**ခရီးစတင်သွားလျှင် သို့မဟုတ် အလုပ်ကိစ္စများ စတင်ပြုလုပ်လျှင်** သီးညွန့် (၁)ညွန့်ကို ဦးခေါင်း၊ အိတ်ထောင်တစ်ခုခုထဲတွင် ဆောင်ထားပါ။ အကြံအစည် အောင်မြင်ရရှိတတ်ပါသည်။

**သောကြာနေ့ပြဿဒါးဖြစ်ပါက...**

အိမ်ဦးခန်းဘုရားတွင် မြေစာညွန့် (၇)ညွန့် ညောင်ရေအိုးဖြင့် လှူဒါန်းပူဇော်ပြီးလျှင်...

**ခရီးစတင်သွားလျှင် သို့မဟုတ် အလုပ်ကိစ္စများ စတင်ပြုလုပ်လျှင်** ဒန်းညွန့် (၁)ညွန့်ကို ဦးခေါင်း၊ အိတ်ထောင်တစ်ခုခုထဲတွင် ဆောင်ထားပါ။ အကြံအစည် အောင်မြင်ရရှိတတ်ပါသည်။

**စနေနေ့ပြဿဒါးဖြစ်ပါက...**

အိမ်ဦးခန်းဘုရားတွင် သီးညွန့်(၇)ညွန့် ညောင်ရေအိုးဖြင့် လှူဒါန်းပူဇော်ပြီးလျှင်...

**ခရီးစတင်သွားလျှင် သို့မဟုတ် အလုပ်ကိစ္စများ စတင်၍ ပြုလုပ်လျှင်** အုန်းညွန့်(၁)ညွန့်ကို ဦးခေါင်းမှာ ပန်၍ဖြစ်စေ၊ အိတ်ထောင်မှာ ထည့်၍ ဖြစ်စေ ဆောင်ထားပါ။

အကြံအစည်မှန်သမျှ အောင်မြင်ခြင်း၊ လိုရာဆန္ဒပြည့်ဝခြင်း၊ အန္တရာယ်ကင်းခြင်း စသော အကျိုးကျေးဇူးများ ရရှိတတ်ပါသည်။

အလွန်လွယ်ကူရိုးရှင်းသော မြန်မာ့ရိုးရာ ယတြာအစီအရင်များဖြင့် ပြဿဒါးနေ့များတွင် ကြုံတွေ့ရတတ်သည့် ဘေးဥပဒ်အန္တရာယ်များကို ကျော်လွှားနိုင်ကြပါစေဟု ဆန္ဒပြုလျက်...

**ဂါမဏိဇော် (ဝိဇ္ဇာဝရ) စစ်ကိုင်း**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ

# လာဘ်လာဘ

ရွှင်လန်းကြပါစေ



အောက်တိုဘာလတွင် ရရန်ရှိသော ငွေကြေးလာဘ်လာဘများ သွက်လက်စွာ ဝင်ရောက်ပိုင်ဆိုင်နိုင်ကြစေရန် မွေးလရာသီအလိုက် အောက်ပါအတိုင်း ပြုလုပ်နိုင်ကြသည်။

- **မိဿရာသီဖွား(မတ်လ ၂၁ရက်မှ ဧပြီလ ၂၀ ရက်အတွင်းမွေးသူ)**တို့သည် ကုံကော်ညွန့်(၁)ညွန့်၊ အုန်းလက်(၁)ရွက်၊ ဖီး(ဆီး)ညွန့်(၁)ညွန့်၊ သောက်တော်ရေ (၂)ခွက်တို့ကို ကြာသပတေးနေ့တွင် စေတီတစ်ဆူ၏ ကြာသပတေးဂြိုဟ်တိုင်အနီးမှ ကပ်လှူပါ။
- **ပြိဿရာသီဖွား(ဧပြီလ ၂၁ ရက်မှ မေလ ၂၀ ရက်အတွင်းမွေးသူ)**တို့သည် အုန်းသီးဆန်(၄)ယှက်၊ သကြား(၄)ပန်းကန်၊ ထန်းလျက်(၄)ခဲနှင့် တံခွန်(ကြက်လျှာ)(၁)ခုတို့ကို အင်္ဂါနေ့တွင် လူအများပူဇော်သည့် စေတီတစ်ဆူ၏ ဗုဒ္ဓဟူးဂြိုဟ်တိုင်မှ ကပ်လှူပါ။
- **မေထုန်ရာသီဖွား(မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးသူ)**တို့သည် ရွက်လှပန်း(၆)ခက်၊ သီဟိုဠ်ညွန့်(၆)ညွန့်၊ အောင်သပြေ(၆)ခက်နှင့် ဖယောင်းတိုင်(၄)တိုင်တို့ကို ဗုဒ္ဓဟူးနေ့ ညနေပိုင်းတွင် စေတီပုထိုးတစ်ဆူ၏ စနေထောင့်မှ ကပ်လှူပါ။
- **ကရကဋ်ရာသီဖွား(ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၂၁ရက်အတွင်း မွေးသူ)**တို့သည် ဒေါင်းသိုက်ရေ(ကြက်သွန်ဖြူဥတစ်လုံး)(၃)ဥ၊ ကောက်ညှင်း(၃)ပန်းကန်၊ နာနတ်သီး(၃)ယှက်နှင့် ဆွမ်းထမင်း(၆)ပန်းကန်တို့ကို စနေနေ့တွင် စေတီတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်မှ ကပ်လှူပါ။
- **သိဟ်ရာသီဖွား(ဇူလိုင်လ ၂၂ ရက်မှ ဩဂုတ်လ ၂၁ရက်အတွင်း မွေးသူ)**တို့သည် ဩဇာညွန့်(၅)ညွန့်၊ ပေါက်ပေါက်(၅)ပန်းကန်၊ သရက်ညွန့်(၅)နှင့် သောက်တော်ရေ(၃)ခွက်တို့ကို တနင်္ဂနွေနေ့တွင် ဘုရားစေတီတစ်ဆူ၏ သောကြာအရပ်မှ ကပ်လှူပါ။
- **ကန်ရာသီဖွား(ဩဂုတ်လ ၂၂ရက်မှ စက်တင်ဘာလ ၂၁ရက် အတွင်းမွေးသူ)**တို့သည် ပြောင်းဖူး(၇)ဖူး၊ သီဟိုဠ်ဆန်(၇)ဆန်၊ နှမ်းပျစ်(နှမ်းယို) (၇)ခုနှင့် ယပ်(၇)လက်တို့ကို တနင်္လာနေ့တွင် ဘုရားစေတီတစ်ဆူ၏ တနင်္ဂနွေထောင့်မှ ကပ်လှူပါ။
- **တူရာသီဖွား (စက်တင်ဘာလ ၂၂ ရက်မှ အောက်တိုဘာလ ၂၂ရက် အတွင်းမွေးသူ)**တို့သည် စွယ်တော်ညွန့်(၁၀)ညွန့်၊ အုန်းလက်(၁၀)ရွက်၊ ပိတောက်ညွန့်(၁၀)ညွန့်နှင့် ဖယောင်းတိုင်(၇)တိုင်တို့ကို သောကြာနေ့တွင် စေတီပုထိုးတစ်ဆူ၏ အင်္ဂါထောင့်မှ ကပ်လှူပါ။
- **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာလ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ ရက်အတွင်း မွေးသူ)**တို့သည် ဇာဒံညွန့်(၅)ညွန့်၊ အောင်သပြေ(၅)ခက်၊ အုန်းလက်(၅)ရွက်နှင့် ဆွမ်းထမင်း(၁၀)ပန်းကန်တို့ကို သောကြာနေ့တွင် စေတီပုထိုးတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်မှ ကပ်လှူပါ။
- **ဓနုရာသီဖွား (နိုဝင်ဘာလ ၂၂ ရက်မှ ဒီဇင်ဘာလ ၂၀ရက် အတွင်းမွေးသူ)**တို့သည် မြေပဲဆန်(၃)ပန်းကန်၊ သီဟိုဠ်ဆန်(၃)ပန်းကန်၊ ဩဇာညွန့်(၃)ညွန့်နှင့် သောက်တော်ရေ(၅)ခွက်တို့ကို တနင်္လာနေ့တွင် ဘုရားစေတီတစ်ဆူ၏ တနင်္ဂနွေထောင့်မှ ကပ်လှူပါ။
- **မကာရရာသီဖွား(ဒီဇင်ဘာလ ၂၁ ရက်မှ ဇန်နဝါရီလ ၁၉ ရက်အတွင်း မွေးသူ)**တို့သည် ဖီး(ဆီး)ယို(၆)ပန်းကန်၊ ကျောက်ဖရုံယို(၆)ခု၊ ထန်းလျက်(၆)ခဲနှင့် ယပ်(၃)လက်တို့ကို တနင်္ဂနွေနေ့၌ စေတီတစ်ဆူ၏ သောကြာဂြိုဟ်တိုင်မှ ကပ်လှူပါ။
- **ကုံရာသီဖွား (ဇန်နဝါရီလ ၂၀ ရက်မှ ဖေဖော်ဝါရီလ ၁၈ရက် အတွင်း မွေးသူ)**တို့သည် သီဟိုဠ်ညွန့်(၈)ညွန့်၊ ပိတောက်ညွန့်(၈)ညွန့်၊ သရက်ညွန့်(၈)ညွန့်နှင့် ဖယောင်းတိုင်(၆)တိုင်တို့ကို စနေနေ့တွင် စေတီပုထိုးတစ်ဆူ၏ အင်္ဂါထောင့်မှ ကပ်လှူပါ။
- **မိန်ရာသီဖွား (ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ်လ ၂၀ရက်အတွင်း မွေးသူ)**တို့သည် ရွက်လှပန်း(၂)ခက်၊ ဖီး(ဆီး)ညွန့်(၂)ညွန့်၊ သပြေပန်း(၂)ခက်နှင့် ဆွမ်းတော်ထမင်း(၈)ပန်းကန်တို့ကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်း၌ စေတီတစ်ဆူ၏ စနေထောင့်မှ ကပ်လှူပါ။

**ငွေကြေး လာဘ်လာဘများ အဆင်ပြေစွာ ဝင်ရောက်လာပါလိမ့်မည်။**

**ထက်မင်းကျော်(*)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျိုးပေါင်းရောဂါအတွက် စကြာမင်း

အမှတ်တံဆိပ်

## ဆေးစွမ်းကောင်းနှစ်လက်

ဦးညာဏ်ထွန်းရှိန် (စက်မှု-၁)

'ဟော့... ကိုညာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'ဩော်... စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ လာထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုညာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက်ရိုး (၄ + ၅) အဆစ်တွေမှာ အရိုးကျိုးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက်နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက်ရတဲ့ ကိုယ်တိုင် အရိုးကျိုးပေါင်းရောဂါ သက်သာပျောက်ကင်းသွားကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရွှေနေကြီး ဦးညွှန့်လှိုင် (စည်ပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ထုတ်လုပ်ထားတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဒီဆေးဟာဆိုရင် အရိုးကျိုးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ခင်ဗျားအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ပေးဗျာ'

'ကဲ... လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ပါနဲ့ ကိုညာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ဆေးရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျိုးပေါင်းတို့၊ ခါးကျိုးပေါင်း၊ ဒူးဆစ်ကျိုးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ အရိုးဓာတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြောတွေ ရှန်းပြန်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျိုးပေါင်းရောဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးကို နေ့စဉ် ကုသပေးနေရပါတယ်'

'ဇက်ရိုးကျိုးပေါင်းနဲ့ ခါးရိုးကျိုးပေါင်း လက္ခဏာတွေက ဘယ်လို ရှိပါသလဲ ဆရာ'




ယာယီမှတ်ပုံတင်အမှတ်ခံ ... မှတ်ပုံတင်အမှတ် - ၀၅၇၃ YR ၀၀၅၃၆၉

ယာယီဓိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၇၃ YR ၀၀၅၃၆၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/၀၅၇၃

'ကုပ်ဆက်မှာ ကျိုးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြောတက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည် အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်ခိုင်ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံကြောကြီးတွေကို အရိုးကျိုးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြုနေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျိုးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို


www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၆၁၂YR ၀၀၆ရ၀၈

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံးဝ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျိုးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျိုးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျိုးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျိုးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း၊ ကျိုးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျိုးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိ ပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်,လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျိုးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဇက်ကျိုးပေါင်းရောဂါ၊ ခါးရိုးကျိုးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ။ အရိုးကျိုးပေါင်းရောဂါလို့ သိရတော့ ဆေးတွေ့ပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုညဏ်ထွန်းရှိန်ခင်ဗျားလိုပဲ အများရဲ့ တောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေး၊ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်းပါအတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျိုးပေါင်းရောဂါဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျိုးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဇက်ကျိုးပေါင်း၊ ခါးရိုးဆစ်ကျိုးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်ကု လက်တွေ့ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်တဲ့ သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘဝတူ အရိုးကျိုးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေး တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျိုးပေါင်းရောဂါဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် "စကြာမင်း"လို့ မေးဝယ်ပါ။

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
**အမှတ်-စ/၆၆၆ သုဓမ္မာလမ်းမကြီး**
**သန္တာမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

**ဦးညဏ်ထွန်းရှိန် (စက်မှု-၁)**



www.burmeseclassic.com


www.burmeseclassic.com

# မဟာကုသိုလ်ချိန်ခွင်နှင့်

ကျေးဇူးရှင်ဆရာတော်ကြီးများ

သန်းပညာ

## ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ကဗ္ဗန်းကွင်းကျေးရွာအုပ်စု၊ အလယ်စုကျေးရွာ နိဂြောဓာရုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန မဟာနာယက ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒိယအား ဂါရဝပြု ပူဇော်ခြင်း



▲- ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တနန္ဒိယထေရ်

ဆရာတော်သည် ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ပြင်ကောက်ကျေးရွာနေ ခမည်းတော်ဦးဘစိန်၊ မယ်တော်ဒေါ်ပန်းမြဦးတို့မှ ၁၃၀၄ ခုနှစ်၊ ပြာသိုလဆုတ်(၁၀)ရက်၊ စနေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့သည်။ မွေးချင်း ညီအစ်ကိုမောင်နှမ လေးယောက်တို့တွင် ဒုတိယမြောက်သားလှရတနာ ဖြစ်ပါသည်။

ငယ်အမည်မှာ ဘထွန်းစိန်ဖြစ်ပြီး မွေးချင်းယောက်ျားလေး သုံးယောက်တို့မှ မြတ်ဗုဒ္ဓ၏ သာသနာ့တာဝန်ကို ထမ်းဆောင်လျက် ရှိပါသည်။

ဆရာတော်သည် (၁၀)နှစ်သားအရွယ် ၁၃၁၄ ခုနှစ်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ပြင်ကောက်ကျေးရွာ တောင်ချောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမထေရ်မြတ်ကို ဥပဇ္ဈာယ်ပြုပြီး သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့သည်။

ဆရာတော်သည် (၁၄)နှစ်သားအရွယ်တွင် မြန်မာနိုင်ငံအနှံ့အပြားသို့ သွားရောက်ပြီး ကျောင်းတိုက် အသီးသီးတို့တွင် ပရိယတ္တိစာပေကျမ်းဂန်များ သင်ယူခဲ့ပါသည်။

၁၃၂၄ ခုနှစ်၊ သက်တော် (၂၀)နှစ်တွင် လပွတ္တာမြို့၊ ဘုရားလမ်းနေ ဦးမာန်၊ ဒေါ်အုန်းရီမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ လပွတ္တာမြို့၊ အမှတ်(၇)ရပ်ကွက် သရက်တော ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသာသနမထေရ်၏ အရှင်သူမြတ်ကို ကျောက်ထီးတန္တျ ဥပဇ္ဈာယ်ပြု မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်တော်မူသည်။

ဒါယိကာ၊ ဒါယိကာမအပေါင်းတို့၏ ပင့်လျှောက်ချက်ဖြင့် ၁၃၃၈ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၁၀)ရက်နေ့တွင် နိဂြောဓာရုံကျောင်းတိုက်သို့ ရောက်ရှိပြီး ယခုအခါ စာချစာသင် သံဃာတော်အပါး (၂၀၀)ခန့်ဖြင့်





www.burmeseclassic.com

www.burmeseclassic.com

,စာသင်တိုက်လောက၌ ထင်ရှားကျော်ကြားလာသော စာသင်တိုက်ကြီးတစ်ခုအဖြစ် တည်ရှိအောင် မိမိကိုယ်ကျိုးကို မကြည့်ဘဲ သာသနာ့အကျိုးကို ကြည့်ကာ သာသနာ့တာဝန်များကို ထမ်းဆောင်ကာ သာသနာပြုလျက်ရှိပါတော့သည်။

ဆရာတော်သည်...

**၁၃၀၄ ခုနှစ်၊ ပြာသိုလဆုတ်(၁၀) ရက် စနေနေ့**တွင် ဖွားမြင်ရာ မဟာဘုတ်အရ (၂)ကြွင်း မဟာဘုတ်ပိုင်ရှင် ဖြစ်ပါတယ်။

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | ၃ |

၂-ကြွင်းမဟာဘုတ်

❖ **ကြာသပတေးဂြိုဟ် (၅-တေး) သည် မရဏ(အနိုက်)တွင် ရပ်တည်နေသဖြင့်...**

- ❂ ပညာသင်စဉ် အခက်အခဲများ ကြုံတွေ့ရခြင်း။
- ❂ ဆရာကောင်းများနှင့် အစဉ်မပြတ် နေရခဲခြင်း။
- ❂ ပညာရေးဆိုင်ရာလုပ်ငန်းများ စိတ်ကြိုက် အောင်မြင်မှု မရတတ်ခြင်း

တို့ပါပဲ။

❖ **တနင်္ဂနွေ (၁-နွေ)ဂြိုဟ်သည် အထွန်းအိမ်(အကောင်းဆုံး)တွင် ရပ်တည်နေသည်ဖြစ်၍...**

- ❋ အကြီးအကဲ ဖြစ်ရခြင်း။
- ❋ အဆောက်အအုံကောင်း ပိုင်ဆိုင်ရခြင်း။
- ❋ ဘွဲ့ထူးဂုဏ်ထူးရခြင်း။
- ❋ နာမည်ဂုဏ်သတင်း ကျော်ကြားခြင်း။
- ❋ အောင်မြင်ရခြင်း

တို့ပါပဲ။

❂ **တနင်္လာ(၂-လာ)သည် ဘင်္ဂအိမ် (အပျက်)တွင် ရပ်တည်နေသဖြင့်...**

- ❋ ငွေကြေးမပြည့်ခြင်း။
- ❋ ငွေကုန်ကြေးကျ များစေခြင်း။
- ❋ ငွေကြေးကံ မကောင်းနိုင်ခြင်း။
- ❋ ငွေကြေးကို မပက်မောခြင်း

တို့ပါပဲ။


❖ **စနေဂြိုဟ်(၀-နေ)သည် ရာဇအိမ်၌ တွေ့ရသဖြင့်...**

- ❂ ပင်စိုးရာဇာများနှင့် အကျွမ်းဝင်ခြင်း။
- ❂ ဘာသာရေးဆိုင်ရာ အလှူကြီးပေးရခြင်း။
- ❂ ငွေအလုံးအရင်းနှင့် ဝင်တတ်ခြင်း။
- ❂ ဘာသာရေးဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်ခံရခြင်း။
- ❂ ပင်စိုးရာဇာနှင့် ဩဇာတိက္ကမ ကြီးမားသူများ၏ ကိုးကွယ်ဆည်းကပ်မှုကို ခံရခြင်း။
- ❂ မွေးရပ်မြေနှင့် အကျိုးပေးခြင်းတို့ပါပဲ။

***အေးပါစေ အောင်ပါစေ။***

သန်းပညာ

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင်



ထိုးလိုက ရွေးချယ်ပါ ဤဂဏန်း

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ(၁) ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေ ထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများ အောက်ပါအတိုင်း တွက်ချက်ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၃၃၃ |
| **အောက်တိုဘာလ** | + ၁၀ |
| **ခုနှစ်** | ၂၀၁၆ |
| | ၂၃၅၉ = ၁၉ = ၁ |

**အကြိမ်၊ လ၊ ခုနှစ်** များအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၁)ဂဏန်းရသည်။ သို့ဖြစ်၍ **၁၊ ၂၊ ၆၊ ၇၊ ၉** ဂဏန်း များများပါအောင် ရွေးချယ်ပါ။ အထူးသဖြင့် **၁၊ ၂၊ ၇၊ ၉** ဂဏန်းများ ဦးစားပေးပါ။

ဥပမာ

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|
| ၁...၁ | ၂...၁ | ၇...၁ | ၉...၁ |
| ၁...၂ | ၂...၂ | ၇...၂ | ၉...၂ |
| ၁...၆ | ၂...၆ | ၇...၆ | ၉...၆ |
| ၁...၇ | ၂...၇ | ၇...၇ | ၉...၇ |
| ၁...၉ | ၂...၉ | ၇...၉ | ၉...၉ |

မှတ်ချက် ။ ။ (...)ကွင်းအတွင်းတွင် **၁၊ ၇၊ ၉** ဂဏန်းများ ဦးစားပေးရွေးချယ်ပါ။

"**အကြိမ်**"ဂဏန်းမပါဘဲ "**လ**" ဂဏန်းနှင့် "**နှစ်**"ဂဏန်းကိုသာ ပေါင်းပါက (၁+၀+၂+၀+၁+၆)=၁၀=၁ ဂဏန်းပင်ရ၍ (၁)ဂဏန်းမှာ အားကြီးပါသည်။ သို့ဖြစ်၍...



စ... ဆုံး

| | | | | | |
|---|---|---|---|---|---|
| ၁... | ၁၊ | ၂၊ | ၆၊ | ၇၊ | ၉ |
| ၂... | ၂၊ | ၆၊ | ၇၊ | ၉၊ | ၁ |
| ၇... | ၇၊ | ၉၊ | ၁၊ | ၂၊ | ၆ |
| ၉... | ၉၊ | ၁၊ | ၂၊ | ၆၊ | ၇ |

ဤလတွင် **၁-နွေ သားသမီးများ** ထီကံ အရေးပွင့်နေပါသည်။

သို့ဖြစ်၍ မိမိအိမ်ရှိ ဘုရားတွင် သစ်သီးတစ်မျိုးမျိုးကို (၉)စိတ် စိတ်၍ ဆွမ်းပွဲနှင့် အတူလှူဒါန်းပြီး **သမ္ဗုဒ္ဓေဂါထာတော်ကြီး** ကို (၃)ရက်တိတိ မိမိသက်စေ့ စိပ်ပွားပူဇော်ပြီး အဓိဋ္ဌာန်ဝင်ပေးပါ။

အဓိဋ္ဌာန်ဝင်ပြီးနောက် ထီကံမစမ်းမီ မိမိဒေသပတ်ဝန်းကျင်ရှိ စာသင်တိုက် ဘုန်းကြီးကျောင်းသို့ ဆန်နှင့်ဆေးဝါး တတ်နိုင်သမျှ လှူဒါန်းပြီးမှ ထီကံစမ်းကြရန် ဖြစ်ပါသည်။

အထူးဂဏန်း

✦၁၉၂၆၇၁ ✦၂၆၆၇၁၉ ✦၁၉၁၇၂၆

***ထီကံ ပွင့်ပါစေ။***

ဆရာရဲထက် (သုဓမ္မသီ)



www.burmeseclassic.com

www.burmeseclassic.com

ဒိုင်းနုမိုင်း မပေါက်ကွဲသော

# အဘိညာဉ်ဂါထာ

သန်းဝင်း
(အောင်မြေ)



'ဟာ...ဆရာမြင့်'

'ဟုတ်ပါ့ဗျာ'

'အိုး... ပျောက်ချက်ကတော့ဗျာ၊ မတွေ့ရတာကြာပေါ့။ ကဲ... လာ ဟော ဟိုစားပွဲမှာ ထိုင်ကြစို့၊ လေကောင်းလေသန့်လေးလဲ ရတာပေါ့'

နှစ်အတန်ကြာ လူချင်း မတွေ့ရသဖြင့် အထက်ပါအတိုင်း နှုတ်ဆက်ခြင်းပင်။ ဦးမြင့်ကား လှိုင်သာယာမြို့ဦးစေတီတော်ဖြစ်သော အောင်မြေသာယာစေတီတော်တွင် အဦးဆုံး ဗေဒင်ဟောပြောသူပင်ဖြစ်သည်။

စာရေးသူကား သူ့နောက် အနည်းငယ်ကျသေး၏။ သို့သော် ဦးမြင့်ကား နံနက်ပိုင်းနှင့် နေ့လယ်ပိုင်းတွင် ဗေဒင်ဟောပြောရာ နေရာသို့ ရောက်သေးဘဲ ညနေ (၄)နာရီ (၅)နာရီမှသည် ည(၉)နာရီခန့်ထိ ဟောပြောတတ်သည်။ ဗေဒင် မေးလာလျှင် ထုံးစံအတိုင်း ပုတီးစိပ်နေတော့၏။

ဤသည်ပင်လျှင် အခြားဗေဒင်ဆရာများနှင့် ကွာခြားသော ထူးခြားချက်တစ်ခုပင်၊ စာရေးသူ မေးဖူးသည်။

'ဆရာမြင့် မနက်ပိုင်းလူတွေ၊ နေ့လယ်ပိုင်း ဗေဒင်မေးလူတွေ လွတ်သွားပြီပေါ့။ စောစောလာလေ။ ဘာပြု့ထို့ နောက်ကျ ကျနေတာတုံး'

ဟု မေးရာ...

'အင်း... ကျွန်တော်က ကြာသတေး ညနေဖွားဗျ။ ဒါကြောင့် ညနေပိုင်း ဆည်းဆာပိုင်းကို သဘောကျတယ်'

ဟူ၍ ခပ်နောက်နောက် ပြောဖူး၏။

အသက်(၇၀)ပင် ပြည့်ပေပြီ။ သို့သော် ဦးမြင့်ကား ဖျတ်လတ်သွက်လက်လှပေသည်။

အသားညိုရှ် အရပ်အမောင်းကောင်းသည်၊ ဗန်တိုဗန်ရှည် သိုင်းပြောင်းပြန် ကရာတေး စသော ပညာရပ်များတွင် ထူးချွန်လှပြီး ရပ်ရှင်နယ်ပယ်တွင် အချို့အခန်းများကို ကိုယ်တိုင်ပါဝင်၍လည်းကောင်း၊ အချို့အခန်းများအတွက် သိုင်းနည်းပြအဖြစ် လည်းကောင်း ပြုလုပ်ဆောင်ရွက်ခဲ့ရလေသည်။

'အသက်ကြီးပိုင်းကျမှ ဗေဒင်ပညာဖြင့် ဆက်လက် အသက်မွေးလျက်ရှိနေသည်။

'ကဲ... ဆရာမြင့် လက်ဖက်သုပ်စားမှာလား၊ လက်ဖက်ရည်ကိုပဲ သောက်မှာလား... မှာလိုက်ရအောင်'

'အဲ... လက်ဖက်ရည်ပဲလုပ်ပါ ကိုဆန်းဝင်းရယ် ရပါပြီ'

'ကဲ...လက်ဖက်ရည်တွဲဟော့'

'ကဲ... ပြောစရာလေး ဘာလေး ပါတယ် မဟုတ်လား'

'အာ... အဲဒီကိစ္စကြောင့် လာတာလေ။ ကိုဆန်းဝင်း ခင်ဗျားက စာရေးဆရာလဲဖြစ်၊ ဗေဒင်ဟောဖက်လဲဖြစ်

www.burmeseclassic.com

တော့ ကျွန်တော့်ရဲ့ တစ်ချိန်က အတွေ့အကြုံလေးတစ်ခု ရှိတယ်ဗျာ။ တော်တော်လဲ ဆန်းပြားတယ်။ ကိုယ့်ဟာကိုယ်တောင် မယုံနိုင်စရာ ဖြစ်ရတဲ့အထိ ထူးဆန်းတယ်ဗျာ'

'ကြာသလားလို့ ဆရာမြင့် ပြောစမ်းပါဦး... စိတ်ဝင်စားစရာများ ကောင်းလို့ကတော့ ရေးမှာဗျာ၊ လုပ်ပါ...ပြောပါဗျာ'

'အင်း...နှစ်ကတော့ အတော်လေး ကြာသွားပြီဗျ။ ကျွန်တော့်အကြောင်းတော့ ခင်ဗျားသိတဲ့အတိုင်း ရုပ်ရှင်ဇာတ်ကားတွေမှာ သိုင်းနည်းပြ၊ ဗန်တိုဗန်ရှည်နည်းပြ လုပ်ပြီး ဖိုက်တင်ခန်းတွေမှာ အသတ်အပုတ် ကိစ္စတွေကို ယုတ္တိရှိအောင် အရှောင်အတိမ်း အတက်အဆင်း ဘာညာပေါ့ဗျာ။ အဲဒါတွေ လုပ်ပေးရသဗျ။

အဲ...တစ်ခါတစ်ခါ ကျပြန်တော့လဲ ကိုယ်တိုင်ပါဝင်ပြီး တစ်ခန်းတလေ သရုပ်ဆောင်ပေးရတာလဲ ရှိသဗျ။

အင်း...အဲဒီတုန်းက ဒါရိုက်တာက မုံရွာဦးလေးခန့်ရဲ့ တူတော်သူ ထင်ပါရဲ့။ ဇာတ်လမ်းက ဂျပန်တွေက အင်္ဂလိပ်သူလျှို အင်္ဂလိပ်အလိုတော်ရိတွေကို ဖမ်းပြီး လူမဆန် ဖက်ဆစ်ပီပီ နှိပ်စက်ညှဉ်းပန်းချိန်ပေါ့'

'အင်း... လုပ်ပါဦး၊ ဇာတ်လမ်းကတော့ ခပ်ကြမ်းကြမ်းထဲကပဲ ထင်ပါရဲ့၊ ဟဲ...ဟဲ...'

'အဲဒါနဲ့... ရွာကြီးတစ်ရွာမှာ ကျွန်တော်က သူကြီးပေါ့ဗျာ။ အင်္ဂလိပ်ကခန့်တဲ့ သူကြီးနော်'

'အင်းပေါ့...အင်း...အင်း...'

'ဟိုခေတ်က ဝတ်စားဆင်ယင်မှုနဲ့ပေါ့ဗျာ။ အဲ... တစ်နေ့မှာပေါ့ ဂျပန်တပ်စိတ်တစ်စိတ် ရွာထဲဝင်လာပြီး သူကြီးဖြစ်တဲ့အတွက် ကျွန်တော့်ကို မေးမြန်းပြီး ဖမ်းဆီးချုပ်နှောင်ပြီး ရွာပြင်ဘက်ကို ကြိုးနဲ့တုပ်ပြီး ခေါ်သွားတော့တာပေါ့။

ရွာပြင် သင်္ချိုင်းကုန်းအစပ်မှာ ပေါက်ပင်တွေ ရှိသဗျ။ အဲ... ပေါက်ပင် ခပ်သေးသေးတစ်ခုမှာ ကြိုးနဲ့ မလှုပ်နိုင်အောင် ကပ်တုပ်ထားတာပေါ့။

အင်္ကျီတွေလဲ စုတ်ပြတ်၊ မျက်နှာတွေလဲ ဖူးရောင်နေတဲ့ ပုံပေါ့ဗျာ။ မိတ်ကပ်ဆရာက ခြယ်မှုန်းထားတယ်ပေါ့'

'ပြောတာနဲ့ မျက်စိထဲ မြင်ယောင်ပါတယ် ဟဲ...ဟဲ...'

'ဟုတ်ကဲ့၊ ကဲ...ဆက်လိုက်ပါဦး'

'အဲဒီလို စစ်လိုက် မေးလိုက် ရိုက်လိုက်နဲ့ လူလဲ ဖွတ်ဖွတ်ကျေပြီဆိုတဲ့ ပုံပေါ့ဗျာ။ နောက်ဆုံးတော့ ဆယ်ပေလောက်ဝေးတဲ့ နေရာကနေပြီး ဂျပန်စစ်သားလေးယောက်က နေရာယူပြီး သေနတ်နဲ့ ချိန်ထားတယ်။

ဂျပန်ဗိုလ်မျက်နှာကြီး နီပြီး ဒေါသထွက်နေတဲ့ပုံနဲ့ ''ဒီကောင့်မေးလို့ ပေါ်မှာမဟုတ်ဘူး၊ ပစ်သတ်'' ဆိုတဲ့ ဂျပန်လို စကားကို စကားပြန်က တစ်ဆင့် ပြောတာဗျ'

'ဟုတ်ကဲ့၊ ဩော်...ဆရာမြင့် (သူကြီး)က မရှုမလှ သေရမယ့် အခန်းပေါ့...ဟုတ်လား...ဟား...ဟား'

'အေးလေ၊ သေနတ်လေးလက်နဲ့ ချိန်ထားပြီး ပြိုင်တူပစ်သတ် သေရမယ့် အခန်းဗျ'

'ဟဲ...ဟဲ...ကဲ လုပ်ပါဦး၊ စိတ်ဝင်စားစရာတော့ ကောင်းလာပြီဗျား'

'အဲဒီမှာ ပရိသတ် မမြင်ရတဲ့ လျှို့ဝှက်ချက်တစ်ခုရှိတယ် ဗိုလ်ဆန်းရဲ့... ကျွန်တော့်အင်္ကျီ အတွင်းဘက်က ကတ်ထူပြားခံထားတယ်။ ပြီးတော့ ဒိုင်းနမိုင်း အသေးစား ခေါ်မလားဗျာ၊ ယမ်းဖောက်ခွဲမှု လေးခု တိပ်နဲ့ကပ်ပြီး လုပ်ထားတယ်။

ဓာတ်ကြိုးသေးသေးလေးနဲ့ ဆက်ပြီး ကင်မရာမြင်ကွင်း လွတ်တဲ့နေရာကနေပြီး ဓာတ်ခဲနဲ့ ယမ်းဖောက်ခွဲရမှာကိုးဗျ'

'အဲဒီလိုလား...ဒါကြောင့် တချို့ဆို သေနတ်မှန်ပြီး အင်္ကျီတွေ ဖွာခနဲ မီးခိုးတွေ ဘာတွေနဲ့ တွေ့ရတာက ဒါကြောင့်ကိုးဗျ၊ လူကို မထိခိုက်ဘူးလား ဆရာမြင့်၊ ဥပမာဗျာ ယမ်းလောင်ပြီး အသားတို့ ဘာတို့ ထိတာ ခိုက်တာရှိလား'

'ဟာ... ရှိတာပေါ့။ ကျွန်တော်လဲ အဲဒါကို လန့်နေတာဗျ။ ရင်ဘတ်မှာ လေးခု တစ်လက်မခြားပြီး ကပ်ထားတယ်။ ကတ်ထူပြား မာမာကြီး ခံထားပေမယ်လို့ မျက်နှာနား ကပ်နေတာဗျ။

မတော် မျက်နှာဘက်များ ပွင့်ထွက်ပေါက်ကွဲလိုက်ရင် ဇာတ်လမ်းထဲက သူကြီးသေတာ သဘာဝကျကျ မြင်ကြပေမယ့် အပြင်က သရုပ်ဆောင်တဲ့ ဆရာမြင့် မျက်နှာ စုတ်ပြတ်သွားမှာ ဘယ်သူမှ သိလိုက်မှာ မဟုတ်ဘူးဗျ'

'အဲ...ဟဲ...ဟဲ သူကြီး တကယ် ရင်ထိတ်နေပြီပေါ့ ဟုတ်လား၊ ဂျပန်ကြောင့်တော့ မဟုတ်ဘူး။ ရင်ဘတ်က ဒိုင်းနမိုင်းကို လန့်နေတာပေါ့'

'အာ... ခင်ဗျားနယ် ချွေးသီး ချွေးပေါက်တွေ ကျလို့ဗျာ၊ ဒီအခန်းမျိုး တစ်ခါမှလဲ သရုပ်မဆောင်ဖူးပါဘူးဗျာ၊ အဲဒီတစ်ခါပါပဲ။

ဒါနဲ့ ဒိုင်းနမိုင်းဖောက်ခွဲမယ့် ကောင်လေးကလဲ ဓာတ်ကြိုးစ နှစ်စကိုင်ပြီး ဓာတ်ခဲနဲ့ အဆင်သင့်ပေါ့ဗျာ၊ ဟို ဂျပန်လေးယောက်ကလဲ ချိန်ထားပြီ ခလုတ်ပေါ် လက်ညှိုးတင်တဲ့အခန်း၊ ကျွန်တော်လဲ ယမ်းပေါက်ရင်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာများ စဉ်မလား ထိမလား စိုးရိမ်ပြီးတော့… အဲဒီမှာ ခင်ဗျားကို ကျွန်တော်ပြောတဲ့ ရွတ်နေကျဂါထာ ရွတ်တော့တာပေါ့ဗျာ။

တစ်ခေါက်ပြီး တစ်ခေါက် တစ်ခါတည်း စိတ်ထဲနှစ်ပြီး မျက်စိမှိတ်ပြီး ရွတ်တာပဲဗျို့။ ကင်မရာမင်းကလဲ နေသားတကျ ဖြစ်အောင်ချိန်၊ မီးသမား၊ မှန်ထိုးသမားတွေကလဲ ဟာကွက် မရှိအောင် နေရာယူပြီး အားလုံး အဆင်သင့်ဖြစ်ပြီဆိုတာနဲ့ ဂျပန်ဗိုလ်က ဂျပန်ဘာသာနဲ့ "ပစ်"အမိန့်ပေးတော့တာပေါ့ဗျာ။

ဒါရိုက်တာကလဲ အချက်ပေးလိုက်တာနဲ့ တစ်ခါတည်း ယမ်းဖောက်ခွဲတဲ့ ကောင်လေးက ရှော့ရိုက်လိုက်ရောဗျို့။ သေနတ်လေးလက်က လက်ညှိုးတွေ ကွေးတာ တစ်ချက်ရိုက်တယ်။

တစ်ချက်တည်း ကျွန်တော့်ကို ကျည်ဆန်မှန်လို့ ယမ်းပေါက်ကွဲရမယ့် အခန်းကို ရိုက်တယ်ဗျ။ အဲဒီမှာ ပြဿနာဝင်တော့တာပဲ ကိုဆန်းဝင်းရေ'

'ဘာပြဿနာလဲ ဆရာမြင့်ရဲ့၊ လုပ်စမ်းပါဦး ဇာတ်လမ်းက အရှိန်မြင့်နေပြီ'

'ဖောင်းဒိုင်းဆို မီးခိုးတွေ ဘာတွေ ထွက်ပြီး သူကြီးကို ရုပ်ပျက်ဆင်းပျက် သေနတ်ကျည်ဆန် လေးချက် မှန်ပြီး သေရမှာလေ။

ဒါပေမယ့် ရင်ဘတ်က ဒိုင်းနမိုင်းက အဲဒီလို မဟုတ်ဘဲနဲ့ "ဖွတ်… ဖွတ်…ရှူး…ဖွတ်"ဆိုပြီး မီးခိုးလေး နည်းနည်းပဲ ထွက်တယ်ဗျာ'

'ဩော်… အဲဒီလို ဖြစ်သွားသလား'

'ဒါရိုက်တာ မျက်လုံးပြူးသွားတယ်ဗျ။ အမှန်က ဖြစ်ရိုးဖြစ်စဉ်မှ မဟုတ်တာကိုး "ဟာ… ဆရာမြင့် ဘယ်လိုဖြစ်တာလဲဗျ၊ ယမ်း ဘာလို့ မပေါက်ကွဲတာလဲ၊ ဒိုင်းနမိုင်း မကောင်းလို့လား"ဆိုပြီး ရင်ဘတ်ထဲက ဒိုင်းနမိုင်းကတ်ကို ဖြုတ်စစ်ဆေးကြတယ်။

အပြေရှာမရဘူး။ အဲဒီ ဒိုင်းနမိုင်းက တစ်ခုကို ငါးထောင်ပေးရတယ်ဗျ။ နှစ်သောင်းဖိုး ဖွတ်ခနဲ ဆုံးရှုံးသွားတာပေါ့ဗျာ။

ကျွန်တော်လဲ ဂါထာရွတ်လို့ဆိုတာ မသိသေးဘူး။ ဒုတိယမို့ ပြန်ဆင်ရိုက်တယ်။ ကျွန်တော်လဲ ကြောက်စိတ်က မကုန်တော့ ဂါထာပဲ လိုမ့်ရွတ်တာပေါ့။ ပထမတစ်ခါလိုပဲ "ဖွတ်…ရွတ်"ဆို သွားပြန်တာပဲဗျို့'

'ဆရာမြင့် ဂါထာက စွမ်းလို့များ မပေါက်သလားဗျာ'

'နောက်တော့ ကျွန်တော်လဲ စဉ်းစားမိလာတယ်။ ငါ ရွတ်လို့များလားပေါ့။ ယမ်းဖိုးနဲ့ ရိုက်ကွင်း တစ်နေ့စာလောက် ကုန်နေပြီ။ ဒီတစ်ခါတော့ မရွတ်တော့ဘဲ အန္တရာယ်ကင်းဖို့ပဲ ဆုတောင်းတော့တယ်ဗျို့။

အဲဒါနဲ့ သုံးကြိမ်မြောက် ဖောက်ခွဲတော့မှပဲ သဘာဝကျကျ ပေါက်ကွဲပြီး သူကြီးလဲ သေတော့တာပဲဗျို့ ကိုဆန်းဝင်းရ။ ကဲ…မဆန်းဘူးလား၊ ဒါ ကျွန်တော်ကိုယ်တိုင် ရင်နဲ့အမျှ တွေ့ကြုံခဲ့ရတဲ့ ဖြစ်ရပ်ဆန်းတစ်ခုပဲဗျာ'

'အဲ…အဲဒီဂါထာကို ပြောပါဦးဗျာ။ ဒီဂါထာဟာ ဒိုင်းနမိုင်းတောင် မပေါက်ကွဲဘူးဆိုတော့ ထူးဆန်းတယ်ဗျာ။ ကျွန်တော် ပရိတ်သတ်ကို တင်ပြမယ်ဗျာ…ပြောဗျာ'

'ဂါထာက မရှည်လှပါဘူးဗျာ။ အများခေါ်ကြတာတော့ "**ဒိဗ္ဗစက္ခု အဘိညာဉ်ဂါထာ**"လို့ ခေါ်သဗျ။ ပါဠိက…

ဒုရဋ္ဌ သုခုမံ ဒဋ္ဌုံ
သမတ္ထံ လောကနာယကံ၊
တိရောဓာနေ ဌိတံရူပံ၊
ဒိဗ္ဗစက္ခုံ နမာမဟံ။

ခက်ခဲသော ပါဠိအသံထွက်

**ဒုရဋ္ဌ** = ဒုရင်စ
**ဒဋ္ဌုံ** = ဒတ်ထုန်
**သမတ္ထံ** = သမတ်ထံ
**ဒိဗ္ဗစက္ခုံ** = ဒိပ်ဗစက်ခုံ

မြန်မာပြန်

**ဘန္တေ** – ဒိဗ္ဗစက္ခု မြင်မှုထင်ရှား အရှင်မြတ်ဘုရား၊ **ဒုရဋ္ဌပဋ္ဌ**–စကြဝဠာ လွန်ဝေးကွာသည့် ရုပါရုံများ အစားစားကိုသော်လည်းကောင်း၊ **သုခုမံ ရူပဋ္ဌ**–ပရမာဏုဟု ပမာပြု၍ မြင်မှုမလွယ် လွန်သေးငယ်သည့် နုနယ်လုံးစုံ သိမ်မွေ့သော ရူပါရုံကိုလည်းကောင်း၊ **ဒဋ္ဌုံ**–နတ်မျက်စိသွင် ဉာဏ်တော်ရှင်မို့ ထင်မြင်ကြည့်ရှုတော်မူခြင်းငှာ၊ **သမတ္ထံ** –စွမ်းနိုင်တော်မူသော၊ **လောက နာယကံ** – လောကသုံးပါး ရှေ့သွား ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို၊ **အဟံ**–တပည့်တော်သည်၊ **နမာမိ**– ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

ကဲ…ဒါပဲ ကိုဆန်းဝင်းရေ၊ လိုသလို သုံးပေတော့'

"ကျေးဇူးတင်ပါတယ် ဆရာမြင့်ရယ်'

**မှတ်ချက် ။ ။ ဗေဒင်ဆရာ၊ ရုပ်ရှင်သရုပ်ဆောင်၊ သိုင်းနည်းပြ ဆရာမြင့်၏ ကိုယ်တွေ့ဖြစ်ရပ်ဆန်းအား တစ်ဆင့်ဖောက်သည်ချပါသည်။**(*စာရေးသူ*)

*သဗ္ဗေသတ္တာ ဘဝန္တုသုခိတတ္တာ*

**ဆန်းဝင်း(*အောင်မြေ*)**



www.burmeseclassic.com

www.burmeseclassic.com

ဇော်သိန်း (ပုသိမ်ကြီး)

# ဓာတ်မ (၉) ပါးနှင့် (၁၀၈) နဝင်း



ကောက်ယူပုံများ

အင်္ဂရတ်ပညာတွင် **ဓာတ်နု၊ ဓာတ်လတ်နှင့်ဓာတ်မ** ဟူ၍ ခွဲခြားထားသည်။ သဘာဝပေါက်ပင်များ၊ ပရဆေးပင်များနှင့် စိုက်ပျိုးသီးပင်များ၏ ပဋ္ဌငါးပါးဖြစ်သော အသီး၊အရွက်၊ အပွင့်၊ ပင်စည်၊ အမြစ် စသည်များအား စုပေါင်း၍ ဆေးဝါးများအဖြစ် အသုံးပြုသည်များကို **"ဓာတ်နု"** ဆေးများဟု ဆိုသည်။

**စိန်၊ ဆေးအန်း၊ ကန့်၊ ဒုဋ္ဌာ၊ ဝေက်သား၊ ဟင်းရိုင်း**စသည့်ဓာတ်များကို စုပေါင်း၍ သော်လည်းကောင်း၊ တစ်မျိုးချင်းသော်လည်းကောင်း အသုံးပြုပါက **"ဓာတ်လတ်"**ဟု ဆိုသည်။

**ဓာတ်မဆိုသည်ကား** နာ(ခဲ)၊ ဌွတ်၊ သံ၊ ဘင်၊ ဒန်(ကြေး)၊ ပြဒါး၊ ဘော် (ငွေ) သွပ်နှင့် ရွှေသတ္တုများဖြစ်ကြသည်။

ဓာတ်နုများကို အသုံးပြု၍ ဆေးအဖြစ် ဖော်စပ်အသုံးပြုပါက အစွမ်းသတ္တိ ရှိသည်။ သို့သော်ဓာတ်နုများဖြစ်၍ ပမာဏများများ အသုံးပြုရ၏။

ဓာတ်လတ်များကို အသုံးပြုလျှင် ဓာတ်နုထက်ပို၍ အစွမ်းထက်သည်။ ဓာတ်မကိုအသုံးပြုပါက ဆေးပမာဏအနည်းငယ်ဖြင့် (ဆေးကောင်းသန်းခေါင်း)၊ ပြာ၊ ချော်၊ လုံးခွဲ အစရှိသည်များကို အသုံးပြုလျှင် လွန်စွာအစွမ်းထက်တော့သည်။

ထွက်ရပ်ဓာတ်လုံးကို အဓိကအားဖြင့် ဓာတ်မ(၉)ပါးကိုသာ အသုံးပြု၍ လုပ်ဆောင်ပါက သိဒ္ဓိဆယ်ပါးကို ပြီးမြောက်နိုင်ကြောင်း ပညာရှင်ကြီးများ၏ ကျမ်းအသီးသီးမှာ ဖွင့်ပြထားသည်။

**ဓာတ်နု**(ရုက္ခမူ)လမ်း၊ **ဓာတ်လတ်** (စိန်၊ ဆေးအန်း၊ ကန့်၊ ဟင်းရိုင်း စသည်များ)လမ်းများမှာ အစွမ်းရှိသော်လည်း အဆုံးသတ် ပြီးမြောက်နိုင်သော လမ်းများ မဟုတ်ကြပါ။ အောက်သိဒ္ဓိများ (၂)ပါး၊ (၃)ပါး စသည်တို့ကိုသာ ရနိုင်ပါသည်။

**မဟာရာမသသိဒ္ဓိ အာယုသိဒ္ဓိကြီးများကဲ့သို့ သိဒ္ဓိကြီးများနှင့် သိဒ္ဓိဆယ်ပါးလုံး ပြီးမြောက်လိုပါက ဓာတ်မ(၉)ပါးကိုသာ အသုံးပြုရမည်ဟု ပညာရှင်ကြီးများ မိန့်ဆိုမှာကြားခဲ့သည်ကို မှတ်သားရပါသည်။**

ဤနေရာ၌ (၁၀၈)နဝင်းအကြောင်း လေ့လာဖို့လိုသည်။ (၁၀၈)နဝင်းမှာ ဗေဒင်ကြောင်းမှ လာသည်။ (၁၀၈) နဝင်းသည် နေ့နံ(၈)မျိုးအား ပေါင်းစပ်ခြင်းဖြင့် ဖြစ်ပါလာသည်။ **၁+၀+၈=၉** ဖြစ်၍ **နဝင်း**ဟုခေါ်သည်။ (၁၀၈)နဝင်းဖြစ်ပေါ်လာပုံမှာ နေ့နံဂြိုဟ် တစ်ခုချင်း၏ ဂြိုဟ်သက်များကို အခြေခံပါသည်။

ဤတွင် ဂြိုဟ်အသီးသီး၏ ဂြိုဟ်သက်များသိရှိထားဖို့လိုသည်။တနင်္ဂနွေ ဂြိုဟ်သက် (၆)နှစ်၊ တနင်္လာ (၁၅)နှစ်၊ အင်္ဂါ(၈)နှစ်၊ ဗုဒ္ဓဟူး(၁၇)နှစ်၊ ကြာသပတေး(၁၉)နှစ်၊ သောကြာ (၂၁)နှစ်၊ စနေ(၁၀)နှစ်၊ ရာဟု(၁၂)နှစ်တို့ အသီးသီး ဂြိုဟ်သက် ရှိကြပါသည်။

ဂြိုဟ်အားလုံး၏ ဂြိုဟ်သက်များကို ပေါင်းလိုက်ပါက (၆+၁၅+၈+၁၇+၁၀+၁၉+၁၂+၂၁)ဖြစ်၍ စုစုပေါင်း (၁၀၈) ရပါသည်၊ (၁၀၈)ကို နဝင်းကြီးဟု ခေါ်ပါသည်။ မြတ်စွာဘုရားရှင်၏ စက်တော်ရာ စုစုပေါင်း (၁၀၈)ဖြစ်၍ (၁၀၈)နဝင်းနှင့် ပြည့်စုံမှသာ အင်္ဂရတ်အလိုဓာတ်ဘုရား ဖြစ်သည်ဟု ပညာရှင်ကြီးများ သတ်မှတ်ကြပါသည်။

ဤတွင် ဗေဒင်ကြောင်းအရ ဂြိုဟ်များကို ပါပနှင့် သောမဟူ၍ ခွဲခြားထားသည်ကို လေ့လာဖို့လိုသည်။ **ပါပဂြိုဟ်များမှာ (၁+၃+၀+၈) ဂြိုဟ်များဖြစ်၍ သောမဂြိုဟ်များမှာ (၂+၄+၅+၆)**ဂြိုဟ်တို့ ဖြစ်ကြသည်။

ပါပဂြိုဟ်တို့၏ ဂြိုဟ်သက်များ ပေါင်းက **(၆+၈+၁၀+၁၂=၃၆)**ရပါသည်။ ပါပဂြိုဟ်သက် **၃၆**ဖြစ်၍ ပေါင်းက **၃၆=၃+၆=၉** နဝင်းဖြစ်သည်။ တစ်ဖန် သောမဂြိုဟ်များ၏ ဂြိုဟ်သက်ကိုပေါင်း **(၁၅+၁၇+၁၉+၂၁=၇၂)**ရပါသည်။ ၇၂ကိုပေါင်းက (၇+၂=၉)နဝင်းဖြစ်သည်။

www.burmeseclassic.com

ပါပဂြိုဟ်သက်ပေါင်း ၃၆နှင့် သောမ ဂြိုဟ်သက်ပေါင်း ၇၂ကိုပေါင်းက (၃၆+၇၂=၁၀၈)နဝင်းဖြစ်ပါသည်။

**ဤ (၁၀၈)နဝင်းနှင့် ကိုက်ညီအောင် ဓာတ်များကို ပေါင်းစပ်၍ ဓာတ်ကြီး (ထွက်ရပ်)ကို ထိုနိုင်ပါက သိဒ္ဓိ(၁၀)ပါး ပြည့်ပြောက်သည့်အထင့်သို့ ရောက်နိုင် ကြောင်း ပညာရှင်ကြီးများက လျှို့ဝှက်စွာ ဖွင့်ဟများပြ၍ နည်းလမ်းမျိုးစုံဖြင့် ဖော်ပြခဲ့ကြကြောင်း လေ့လာ တွေ့ရှိရ ပါသည်။**

သို့ဖြစ်ပါ၍ သွပ်တစ်မျိုးတည်း ထိုး ခြင်း၊ သံ၊ ဘင်၊ ကြေး(ဒန်)ပြဒါးမျိုးစုံ နှင့် ဘော်တစ်မျိုးတည်းထိုး၍ ဓာတ်ကို ပီးနေအောင် ထိုးနေကြခြင်းကို ပြီးမြောက်မှု ရှိ/မရှိ သေသေချာချာ ဆင်ခြင်ကြည့်ရန် ဖြစ်ပါသည်။

ဓာတ်(၂)မျိုး၊ (၃)မျိုး၊ (၄)မျိုးစပ်၍ ထိုးလျှင် ဓာတ်ကြီးအနေနှင့် ပြီးဆုံးခြင်း မရောက်နိုင်သော်လည်း ဝီယ၊ လာဘ၊ ကာယစသည့် အောက်သိဒ္ဓိများကို ရနိုင်သည်ဆိုသည့် အယူအဆအား ငြင်းဆိုဖွယ်ရာမရှိပါ။ လမ်းဆုံးသို့ (သိဒ္ဓိ ဆယ်ပါးပေါက်ဖို့) မရောက်နိုင်ခြင်း ကိုသာ ဆိုလိုခြင်း ဖြစ်ပါသည်။

ဤတွင် ဓာတ်(၈)ပါးအား အဖိုအမ ခွဲခြားပုံမှာလည်း အရေးကြီးသည်။ ဓာတ်များတွင် အုပ်စု(၄)စုရှိသည်။ **အန္တော**(မီးဓာတ်)၊ **ဂဗ္ဘေ**(မြေဓာတ်)၊ **စရေ**(လေဓာတ်)၊ **ဝံသေ** (ရေ)ဓာတ် ဟူ၍ အုပ်စုခွဲပါသည်။

**အန္တော**(မီးဓာတ်)တွင် **"အန်"** သည် မီးကြမ်းအဖိုဖြစ်၍ **"ဥဏှ တေဇော"**ဟု ခေါ်သည်။ **"တော"** သည် **မီးနု(မီးအေး)**အမဖြစ်၍ **"သီတ တေဇော"**ဟု ခေါ်သည်။

ဂဗ္ဘေတွင် **"ဂဝ်"**သည် ပထဝီ အဖိုဖြစ်၍ **"ဘေ"**သည် ပထဝီအမ ဖြစ်ပါသည်။

**စရေ**(လေဓာတ်)တွင် **"စ"**သည် လေကြမ်းအဖိုဖြစ်၍ (ရေ)သည် လေဓာတ်လေနု အမဖြစ်ပါသည်။

**ဝံသေ**(ရေဓာတ်)ဓာတ်တွင် **"ဝံ"** သည် ရေဓာတ်အဖိုဖြစ်၍ **"သေ"** သည် ရေဓာတ်အမ ဖြစ်ပါသည်။ အောက်ပါအတိုင်း ဇယားဖြင့် ရှင်းလင်းဖော်ပြပါမည်။

* * *

| | | |
|---|---|---|
| အဖို ၁ | အဖို ၂ | အဖို ၃ |
| အမ ၆ | ၉ | ၄ အဖို |
| ၈ အမ | ၅ အမ | ၀ အမ |

ဓာတ်(၄)ပါးတွဲအား ရှင်းလင်းစေ ရန် အောက်ဖော်ပြပါ ရှင်းလင်းချက် ကို လေ့လာနိုင်ပါသည်။

**အန္တော** = အန်+တော = ၁၀(မီးဓာတ်)
**ဂဗ္ဘေ** = ဂဝ်+ဘေ = ၂၅(မြေဓာတ်)
**စရေ** = စ+ရေ = ၃၈(လေဓာတ်)
**ဝံသေ** = ဝံ+သေ = ၄၆(ရေဓာတ်)

ဓာတ်(၄)ပါးအကြောင်း ဓာတ်ဖို ဓာတ်မအကြောင်းနှင့် ဓာတ်များ၏ ဂြိုဟ်သက်များအကြောင်း နားလည် သဘောပေါက်ပါက သိဒ္ဓိပေါက်ဓာတ် လုံးကို(ဓာတ်ကြီးလုံး) စတင် စီစဉ် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ပညာရှင်ကြီးများက **ဓာတ်လေးပါး မစုံက မအောင်မြင်ရာ**ဟု လည်း ကောင်း၊ **အဖိုအမ မစုံက မအောင် နိုင်ရာ**ဟုလည်းကောင်း၊ **(၁၀၈)နဝင်း မပြည့်စုံက** မအောင်မြင်နိုင်ရာဟူ၍ လည်းကောင်း အမျိုးမျိုးသော နည်း လမ်းများဖြင့် လမ်းညွှန် မိန့်မှာညွှန်ပြခဲ့ ကြပါသည်။

ဓာတ်ကြီးလုံး (ထွက်ရပ်ဓာတ်လုံး)ကို တည်တော့မည် ဆိုပါက ကမ္ဘာကြီး ပျက်ကိန်း၊ ဖြစ်ကိန်းနှင့် ညီနိူင်းဆောင် ရွက်သွားရန် အရေးကြီးသည်၊ ဓာတ်စဉ် မမှန်ပါက ဓာတ်လုံး မအောင်မြင်နိုင်ပါ။

ဤတွင် ကမ္ဘာပျက်ကိန်းနှင့်ဖြစ်ကိန်း ကျမ်းဆရာများ၏ ရေးသားချက်များ တွင် လေ့လာကြည့်ပါက ပထမဦးစွာ ကမ္ဘာကြီးကို **"မီး"**က ဖျက်သည်။ ဒုတိယ **"လေ"**က ဖျက်သည်။ တတိယ **"ရေ"** လွှမ်းမိုး၍ ဖျက်သည်။ စတုတ္ထအဆင့်မှာ **"မြေ"**ဖြစ်ပေါ် လာကြောင်း ဖွင့်ပြကြသည်။

သို့ဖြစ်၍ ပထမဦးဆုံး မီးဓာတ်ကို တည်ရမည်။ ပြီးမှ လေဓာတ်ကို ထည့် သည်။ ဤတွင် ပညာရှင်များက **"အန္တော""စရေ"**နည်းလမ်းဟု ဖော် ပြကြသည်။

အန္တော စရေဓာတ်ပြီးက **"ဝံသေ"** ဓာတ်ကို ထည့်ရသည်။ ဝံသေဓာတ် ထည့်ပြီးမှ နောက်ဆုံး ပထဝီဓာတ်ဖြစ် လာအောင် **"ဂဗ္ဘေ"**ဓာတ်ကို ထည့် သည်။ ဤတွင် ဓာတ်လေးပါးလည်း စုံ၍ အဖိုအမ(ကျားမ)လည်းစုံသည့် (၁၀၈)နဝင်းကိုက် (၈)ပါးဓာတ်လုံး (ဓာတ်လုံးကြီး)ကို ရရှိပါတော့သည်။

ယခု ကျွန်တော် ဖော်ပြခဲ့သည့် အတိုင်း ဓာတ်မ(၈)ပါးကို ပေါင်းစပ် ဆောင်ရွက်နိုင်ခဲ့ပါက ပညာရှင်ကြီးများ လျှို့ဝှက်ရေးသား၍ တစ်ဖက်က ထုတ် ဖော်ပြခဲ့သည့် သိဒ္ဓိပေါက်ဓာတ်လုံး (ဓာတ်ကြီး)လုံးကို လက်ဝယ်ပိုင်ပိုင် ကေန်ဆုပ်ကိုင်နိုင်တော့မည် ဖြစ်ပါ ကြောင်း စေတနာအမှန်ဖြင့် ရေးသား တင်ပြအပ်ပါသည်။

**(အဂ္ဂိရတ် ပညာရှင်ကြီးများအား လေးစားစွာဖြင့် ဦးညွှတ်ဂါရဝ ပြုအပ်ပါသည်။)**

**အောင်သန့်(ပုသိမ်ကြီး)**



www.burmeseclassic.com

www.burmeseclassic.com

**အောက်တိုဘာလတွင်...**

✣ ကြွက်နှစ်ဖွား



ရတနာပုံဆိုက်ကိန်းရှိသည်။ ငွေကြေး အမြောက်အမြား ဝင်လိမ့်မည်။ အမွှေးနံ့သာ၊ ပေါင်ဒါ၊ ရေမွှေး အသုံးအဆောင်များ လက်ဆောင်တတ်သည်။

စွမ်းအင်၊ လောင်စာ၊ ထင်း၊ မီးသွေး စသည်တို့နှင့် ပတ်သက်၍ ငွေကြေးအကျိုးအမြတ် ရရှိမည်။

✣ နွားနှစ်ဖွား



မိတ်ဆွေသားချင်းတို့၏ အရေးကိစ္စများတွင် ခုံသမာဓိလူကြီးအဖြစ် တာဝန်ယူ ဆောင်ရွက်ပေးရတတ်သည်။

မိခင်ဘက်မှ ဆွေမျိုးများအတွင်း မင်္ဂလာကိစ္စ ပေါ်ပေါက်မည်။ ပရဆေးနှင့် သစ်တောထွက်ပစ္စည်းများ အကျိုးပေးထက်သန်သော ကာလဖြစ်သည်။

✣ ကျားနှစ်ဖွား



အကြံအစည်အချို့ အကောင်အထည်ပေါ်လာမည်။ အိမ်၊ ခြံ၊ မြေ ပြုပြင်မွမ်းမံရတတ်သည်။ လွင်ပြင်ကျယ် ဒေသများသို့ သွားရောက်ရဖွယ်ရှိသည်။

ကြေးထည်၊ မြေထည် ပစ္စည်းများနှင့် ဆက်စပ်၍ ငွေကြေးအကျိုးအမြတ် ဖြစ်ထွန်းနိုင်သည်။

✣ ယုန်နှစ်ဖွား



ခန့်မှန်းတွက်ဆမှုများ လွဲချော်နေတတ်သည်။ ရသာရုံ(အစားအသောက်)များယွင်းမှုတို့ကြောင့် ဘေးဥပဒ်ရောက်ရကိန်းရှိသည်။

အိမ်ဆောက်ပစ္စည်း အုတ်၊ သဲ၊ ကျောက်တို့နှင့် ပတ်သက်၍ အကျိုးပေးထက်သန်သည်။ လုပ်ငန်းသစ်၊ ဈေးကွက်သစ်များ ပြုလုပ်ချဲ့ထွင်ရန် မသင့်ပါ။

✣ နဂါးနှစ်ဖွား



ရင်းနှီးမြှုပ်နှံထားသော ငွေကြေး၊ လုပ်ငန်းများမှ အမြတ်အစွန်းရရှိမည်။ ကူညီပံ့ပိုးသူ ပေါ်ပေါက်၍ လုပ်ငန်းဆောင်တာများ ပိုမို အဆင်ပြေ သွက်လက်လာမည်။


အချိန်ကာလ ရှည်ကြာစွာ ပျောက်ဆုံးနေသည့်ပစ္စည်းများ ပြန်လည်တွေ့ရှိနိုင်သည်။

✣ မြွေနှစ်ဖွား



ဇာတိမြေသို့ ပြန်လည် ရောက်ရှိနိုင်သည်။ ရပ်ဝေး

# ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွက် ပုံရိပ်ရှင်တို့၏ ကံကြမ္မာ



မြေခြား၌ စီးပွားရှာဖွေနေသူတို့ ပြည်တော်ပြန် မျက်နှာပန်းလှလိမ့်မည်။

ပရဟိတ အများအကျိုး ဆောင်ရွက်ခြင်းဖြင့် ကိုယ်ပိုင်ဗဟိုရကိစ္စများ လစ်ဟင်းနေတတ်သည်။ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ အကျိုးပေးမည့်ကာလ ဖြစ်သည်။

✣ မြင်းနှစ်ဖွား



ကျန်းမာရေး ချို့ယွင်းတတ်သည်။ နှလုံး နှင့်အူသိမ်ဆိုင်ရာ ရောဂါဝေဒနာများ သတိထား ကာကွယ်ပါ။

ဖန်ထည်၊ မှန်ထည် ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးအမြတ် ရရှိနိုင်သည်။ မိတ်ဆွေသားချင်းများနှင့် စိတ်ဝမ်းကွဲရကိန်း ရှိသဖြင့် အပြောအဆို ဆင်ခြင်သင့်သည်။

✣ ဆိတ်နှစ်ဖွား



လေ့လာ စုဆောင်းထားသော အသိပညာ ဗဟုသုတများကို အသုံးချ၍ တိုတိုထွာထွာ အပိုဝင်ငွေကလေးများ ရရှိနေမည်။

မျက်စိနှင့် အမြင်အာရုံကြောဆိုင်ရာ ဝေဒနာများ သတိပြု ကာကွယ်ပါ။ အထည်အလိပ်များနှင့် ပတ်သက်၍ ငွေကြေး အမြတ်အစွန်း ရရှိနိုင်သည်။

✣ မျောက်နှစ်ဖွား



ရာထူးအလုပ်အကိုင် တိုးတက် အဆင်ပြေမည်။ ပြောစကား ဆိုစကား အောင်မြင်၍ ပတ်ဝန်းကျင်၏ လေးစားအားကိုးခြင်း ခံရတတ်သည်။

ရပ်ဝေးမြေခြားမှ မျှော်လင့်နေသော သတင်းစကားများ လက်ခံ ကြားသိရကိန်း ရှိသည်။ ရေထွက်ပစ္စည်းများ အကျိုးပေးသောကာလ ဖြစ်သည်။

✣ ကြက်နှစ်ဖွား



နေထိုင်မှု အဆင့်အတန်း တိုးတက်မြင့်မားလာမည်။ ဖိနပ်ပစ္စည်း ဝင်ကိန်းရှိသည်။

အိမ်ထောင်ဦးစီးတို့ သားသမီးရတနာ တိုးပွားတတ်၍ အိမ်ရှင်မတို့မှာ ခင်ပွန်းသည်ထံမှ ချစ်သက်လက်ဆောင်များ လက်ခံရတတ်သည်။ ဆိုးဆေး၊ အဖျော်ယမကာပစ္စည်းများ အကျိုးပေး ထက်သန်သည်။

✣ ခွေးနှစ်ဖွား



အခက်အခဲ တစ်စုံတစ်ရာ ကြုံတွေ့ရင်ဆိုင်ရပါက ကူညီပံ့ပိုးသူ အလှမ်းဝေး၍ ကိုယ့်အားကိုး ဖြေရှင်းရတတ်သည်။

အထီးကျန်ဆန်နေတတ်သော ကာလဖြစ်သည်။ မိတ်သင်္ဂဟများအပေါ် ထားရှိသည့် "စေတနာ"က "ဝေဒနာ" ဖြစ်သွားနိုင်သဖြင့် ဆင်ခြင်သင့်သည်။

✣ ဝက်နှစ်ဖွား



ငွေကြေး အတန်အသင့် ပိုင်ဆိုင်ရကိန်း ရှိသည်။ ငွေကြေးအခက်အခဲ နည်းပါး၍ လာဘ်လာဘများ မကြာခဏ တိုတိုထိထိ ဝင်နေတတ်သည်။

ကြေး၊ သံ၊ သတ္တု ပစ္စည်းများ အကျိုးပေးသည့်ကာလဖြစ်သည်။ အမျိုးသားများ ဇနီးချစ်သူ ရကိန်းရှိသည်။

ဤလတွင် **ကံကြမ္မာမှေးမှိန်နေသူတို့သည်** ကြာသပတေးနေ့တွင် သက်လတ်ပိုင်းအမျိုးသားတစ်ဦးအား ဂျုံဖြင့် ပြုလုပ်ထားသော စားဖွယ်တစ်ခုခု ကျွေးမွေး လှူဒါန်းပေးပါ။

ဂြိုဟ်ဆိုးများ၏ သက်ရောက်မှု မှေးမှိန်၍ သုခပြည့်စုံသော ဘဝနေမှုကို ပိုင်ဆိုင်ရ လိမ့်မည်။

**ကြံဆောင်သူမှ အောင်မြင်ကြပါစေ**

ဟူကျင်းဇီ(Hu Jin Zhi)

www.burmeseclassic.com

www.burmeseclassic.com

# အမျိုးသမီးများ


ကြိုတင်သိထားသင့်သော လက္ခဏာသင်္ကေတ

သရာကြီးဦးအောင်မြင့် (ဥပဒေဘွဲ့)လက္ခဏာဗေဒင်ပညာသုတေသီ

ယခု ဖော်ပြပေးလိုက်သော ညာလက်ဖဝါးပုံစံမှာ **အသက်(၃၅)နှစ်ရှိ မိန်းမပျိုတစ်ဦး၏ လက်ဖဝါးပုံစံ** ဖြစ်ပါသည်။

**(က)အက္ခရာနှင့်** ညွှန်ပြထားသည်မှာ နှလုံးလမ်းကြောင်းအဖျားမှ လမ်းခွဲတစ်ခုထွက်ပြီး **ဦးခေါင်းလမ်းအနီးမှာ ခက်ရင်းခွပုံ**ဖြစ်ပေါ်နေခြင်း ဖြစ်သည်။

* * *




ထိုသင်္ကေတကြောင့် အချစ်ရေး စေ့စပ်လက်ထပ်ရေးကိစ္စတွင် အမျိုးသားဘက်မှ သဘောမတူဘဲ အနှောင့်အယှက် အဖျက်အဆီး ကြုံရတတ်သည်။

(ခ)အက္ခရာဖြင့် ညွှန်ပြထားသည်မှာ **ကံလမ်းထီးရိုးသည် လက်ဖဝါးအလယ်၊ ဦးခေါင်းလမ်းကြောင်းအနီးမှာ မှေးမှိန်ပြတ်တောက်နေခြင်း** ဖြစ်သည်။




ထိုသင်္ကေတကြောင့် အသက်(၃၅)နှစ် ဝန်းကျင်မှာ ကံအညံ့ ကြုံတတ်သည်။

**သင်္ချာဗေဒင်ပညာအရ** သူမ၏ မွေးရက်မှာ (၃၁)ဖြစ်ရာ ပေါင်းလဒ်(၄) ဖြစ်သည်။ ထိုသို့မွေးရက်ပေါင်းလဒ်(၄)ဂဏန်းရသူတို့မှာ အသက်(၂၆)၊ (၃၅)၊ (၄၄)စသော ပေါင်းလဒ်(၈)ရ



စာမျက်နှာ (၁၅၄) သို့

www.burmeseclassic.com

www.burmeseclassic.com

# ကျွဲ၊နွား ပါးစပ်အတွင်း အနာဖြစ်ပျောက်ခြင်း



၁၉၈၁ ခုနှစ်က ကျွန်တော် တပ်ကုန်းမှာ တာဝန် ထမ်းဆောင်ပါတယ်။ ကျွန်တော် တာဝန်ယူ ဆောင်ရွက်ရတဲ့ နယ်မြေထဲမှာ ထန်းတောကြီးဆိုတဲ့ ရွာကြီးတစ်ရွာ ရှိပါတယ်။ တပ်ကုန်းမြို့နဲ့ (၉)မိုင်လောက် ဝေးပါတယ်။

ကျွန်တော်တို့ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနက ဝန်ထမ်းတွေကို ဆိုင်ကယ်တွေ ပေးထားပါတယ်။ ထန်းတောကြီးက ကိုဝင်းအောင် လာခေါ်လို့ ကျွန်တော် လိုက်သွားပါတယ်။

ထန်းတောကြီးက ရွာကြီးတစ်ရွာပေါ့။ စိုက်ပျိုးရေး၊ မွေးမြူရေးကောင်းတဲ့ရွာပေါ့။ တောတောင်တွေကလဲ သာယာတယ်။ သခင်သန်းထွန်းတို့ တောင် စခန်းချဖူးတယ်လို့ ပြောတယ်။

ကြံအထွက်ကောင်းတယ်။ ကြံရာသီဆိုရင် ကြံသကာချက်တဲ့ ဖိုတွေများတဲ့ ရွာပေါ့။ အိမ်ခြေကလဲ တစ်ထောင်နီးပါးရှိတယ်။ ဆေးကုလို့ ကောင်းတဲ့ ရွာကြီးပေါ့။ ခုထိလဲ သတိရနေပါသေးတယ်။

ရွာရောက်တော့ ကိုဝင်းအောင်တို့ အိမ်က နွားကြီးကို ကြည့်ပါတယ်။ ပါးစပ်က သွားရည်တွေ ကျနေပါတယ်။ ပါးစပ်ကို ဖြဲပြီးကြည့်တော့ ပါးစပ်တစ်ခုလုံး နီရဲပြီး အနာတွေ ဖြစ်နေပါတယ်။ အာတွေကလဲ ပူနေပါတယ်။ ပါးစပ်ကလဲ နံနေပါတယ်။

ဆီး,ဝမ်းအခြေအနေ မေးကြည့်တော့ ဆီးတော့ သွားပါတယ်တဲ့။ ဝမ်းကတော့ ချုပ်တယ်တဲ့။ ဝမ်းမသွားတာ (၂)ရက်ရှိပြီလို့ ပြောပါတယ်။

ကျွန်တော် စမ်းသပ်ကြည့်တော့ နွားက ဖျားနေပါပြီ။ ဝမ်းချုပ်လို့ ဖြစ်တဲ့သဘောပါ။ လူတွေ ဝမ်းချုပ်ရင် ပါးစပ်ထဲမှာ အပူကန်ပြီး အဖုလေးတွေ ထွက်တဲ့သဘောပါပဲ။

ကျွန်တော်တို့ ငယ်ငယ်တုန်းက အမေက ပြောဖူးတယ်။ မင်း ပါးစပ်က အာပုပ်စော်နံတယ်။ ဝမ်းနုတ်ဆေးစားတဲ့၊ ဝမ်းနုတ်လိုက်ရင် ကောင်းသွားတာပါပဲ။

အခုလဲ ကျွန်တော့်နွားကြီးရဲ့ ပါးစပ်ကို ကျောက်ချဉ် ဆီးဖြူသီးလုံးလောက်နဲ့ ရေတစ်ဖလားဖျော်ပြီး ဆေးခိုင်းလိုက်ပါတယ်။

တစ်နေ့(၃)ကြိမ် ဆေးပါလို့လဲ မှာခဲ့ပါတယ်။ မနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ်ပေါ့။

ပြီးတော့ မန်ကျည်းသီးမှည့် (၂၅)ကျပ်သားကို ရေတစ်ပုလင်းနဲ့ဖျော်၊ ဆား(၂၅)ကျပ်သားထည့်ပြီး တိုက်ခိုင်းလိုက်ပါတယ်။ နွား ဝမ်းနုတ်ဆေးပေါ့။

နောက် (၂)ရက်လောက်နေတော့ ကျွန်တော် ထန်းတောကြီးကို တစ်ခေါက် ရောက်ပါသေးတယ်။ ကိုဝင်းအောင်တို့ အိမ်ကိုလဲ ဝင်ခဲ့ပါတယ်။ ကိုဝင်းအောင်တို့ မိသားစုက နွားကြီးကောင်းသွားပြီ ဆရာဆိုပြီး ရေနွေးကြမ်းနဲ့ ကြံသကာ စားခဲ့ရပါသေးတယ်။

**ငွေသိန်း(တိ၊ မွေး၊ ကု)**

---

စာမျက်နှာ (၁၅၃)မှ အဆက်

သည့် အသက်အပိုင်းတို့မှကံညံ့တတ်သည်။

ဤသင်္ကေတမျိုးမှာ မွေးကတည်းက ပါလာခြင်းမရှိဘဲ နောက်မှပေါ်လာသည့် ပစ္စုပ္ပန်ကံနိမိတ်ဖြစ်၍ အန္တရာယ်မပေးမီ(၄)နှစ်ခန့်ကြို၍ပေါ်လာတတ်သည်။

**ထိုသင်္ကေတပေါ်လာကြောင်း သိသည်နှင့် ချက်ချင်းပျောက်ကွယ်သွားအောင် (သို့မဟုတ်) ထိုသင်္ကေတကိုအုပ်၍ ကာယ်တင်ရှင် တော့သင်္ကေတပေါ်လာအောင် ဘုရားရှိခိုး၍ ထိုသင်္ကေတကို အာရုံစိုက်၍ ဆုတောင်းရပါမည်။**

အထူးသဖြင့် နေ့စဉ် နံနက်၊ ညမေတ္တာသုတ်များ ရွတ်ပွားပူဇော်ခြင်း၊ မေတ္တာပို့ခြင်းစသည့် မေတ္တာကျင့်စဉ်ကို စွဲမြဲစွာ လုပ်သင့်ပါသည်။

ယခု လက္ခဏာရှင်အမျိုးသမီးမှာ သူမ၏ချစ်သူနှင့် စေ့စပ်လက်ထက်ရန် စီစဉ်နေဆဲမှာ အမျိုးသား၏မိဘများက သူတို့၏သားနှင့် သဘောမတူနိုင်ကြောင်း၊ ရှေ့ဆက်မတွဲရန် လာပြောခြင်းခံရကြောင်း သိရသည်။

ကျွန်ုပ်အနေဖြင့် ထိုအမျိုးသမီးအား မေတ္တာကျင့်စဉ်လုပ်ဆောင်ရန် အကြံပေးလိုက်ပြီး ကိုယ့်ချစ်သူ၏မိဘများကို အမုန်းမပွားဘဲ မေတ္တာမှန်မှန်ပို့ပေးဖို့ ပြောပြလိုက်ပါသည်။

စာဖတ်သူ အမျိုးသမီးများအနေဖြင့် မိမိတို့၏ ညာလက်ဖဝါးပြင်မှာ ထိုသင်္ကေတမျိုးကို အမြဲသတိထားကြည့်နေပါ။ စတင်ပေါ်လာသည်နှင့် မေတ္တာကျင့်စဉ် စွဲမြဲစွာ လုပ်ပေးလိုက်လျှင် ထိုသင်္ကေတမှာအားနည်းမှေးမှိန်ပျောက်ကွယ်သွားကြောင်း တွေ့ရပါမည်။

**အချစ်ရေး၊ စေ့စပ်လက်ထက်ရေးကိစ္စများ အဆင်ပြေကြပါစေ။**

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***


**ဆရာကြီးဦးအောင်မြိုင်**
**(ဥပဒေဘွဲ့)**
**လက္ခဏာဗေဒင်သုတေသီ**





www.burmeseclassic.com

www.burmeseclassic.com



# မန္တန် အစွမ်းထက်သူ

ဦးဘွားရွှေ (ကနောင်)

ကျွန်တော်တို့ ဗုဒ္ဓဘာသာလူမျိုးတို့သည် ဂါထာ၊ မန္တန်၊ မန္တရားတို့ကို ယုံကြည်ကြပါသည်။ အစွမ်းထက်မြက်ပုံကို လက်တွေ့ကြုံဖူးသူများက ပိုမို၍ ယုံကြည်အားကိုးကြပါသည်။

သိပ္ပံပညာရှင်များ စမ်းသပ်၍ မရနိုင်သော အံ့သြဖွယ်ဖြစ်ရပ်ဆန်းများ ဤကမ္ဘာလောကကြီးထဲတွင် အနန္တရှိနေပါသည်။

ဤကဲ့သို့ ဂါထာများ မန်းကြရာတွင် သီလ၊ သမာဓိဖြူစင်ပါက ပိုမို၍ အစွမ်းထက်ကြောင်း လူတိုင်း နားလည်လက်ခံကြပါသည်။

သို့သော် ကျွန်တော် တွေ့ကြုံခဲ့ရသော ကျွန်တော်တို့ရွာသား ဦးစောမောင်ဆိုသည် ဂါထာ၊ မန္တန် မမန်းမီ အရက်ကို သောက်ပြီးမှ မန်းပါသည်။

ထိုကဲ့သို့ ပြုလုပ်သော်လည်း လူပေါင်းများစွာ၏ အကျိတ်အဖုနှင့် အချို့ဝေဒနာများ ပျောက်ကင်းခဲ့ပါသည်။

အခြားလူများနှင့် မတူ၊ တမူထူးခြားသည့်အတွက် သူ့အကြောင်းကို စာဖတ်သူများ သိရှိနိုင်စေရန် ရေးသားလိုက်ပါသည်။

ကျွန်တော် ခုနစ်တန်းကျောင်းသားအရွယ် ညထမင်းစားနေစဉ် အရိုးနင်ပါသည်။ ကျွန်တော့်မိခင်က ထမင်းကို လက်နှင့်ဆုပ်ပြီး မဝါးဘဲ မျိုချခိုင်းပါသည်။ အရိုးမကျပါ။

ငရုတ်ဆုံကို ခေါင်းပေါ်တင်၍ ငရုတ်ကျည်ပွေ့နှင့် ထုထောင်းပါသည်။ အရိုးမှာ လုံးဝ မတုန်လှုပ်။

ထို့ကြောင့် မိခင်ကြီးနှင့်အတူ ဦးစောမောင်၏အိမ်သို့ သွားကြရပါသည်။ ကျွန်တော့်လည်ပင်းကို ကိုင်၍ မန်းပေးသည်။

သူနှင့် အလွန်ရင်းနှီးသောလူများဆိုလျှင် အရက်ဝယ်ယူ၍ သွားရပါသည်။ ငွေကြေး မယူပါ။ ဇီဝိတဒါနဟု ပြောပါသည်။

နံနက်မိုးမလင်းမီ ကျွန်တော် တံတွေး မျိုချကြည့်သောအခါ ယခင်က နင်နေသောအရိုးသည် အရှုံးပေး၍ သွားပါတော့သည်။

ထို့နောက် ကျွန်တော် ကိုးတန်းကျောင်းသားအရွယ်၌ ဗိုက်၏ ညာဘက်တွင် ကန့်လန့်ဖြတ်အကျိတ် ရှည်မျောမျောတစ်ခု ဖြစ်ပေါ်လာရာ အောင့်သောကြောင့် ဒုတိယအကြိမ် ဦးစောမောင်ထံသို့ သွားရပြန်ပါသည်။

ဝမ်းတွင်းသက်တံဟု ပြောပြီး ဓားကို ဂါထာမန်းပါသည်။ ယင်းဓားဖြင့် အကျိတ်အပေါ်သို့ စတီအနေနှင့် စိတ်၍ ပေးပါသည်။ လေး၊ ငါးရက် ခန့်ကြာသော် ယင်းအကျိတ် လုံးဝမရှိတော့ပါ။

ထိုဦးစောမောင်သည် လွန်ခဲ့သော အနှစ်သုံးဆယ်ကျော်က သေဆုံး၍ သွားပါသည်။

သူ၏ ပညာအမွေကို သူ၏ တူအရင်းဖြစ်သူ ဦးတင်သောင်းအား ပေးထားခဲ့သဖြင့် ကျွန်တော် သိလိုသော အချက်အလက်များကို မေးမြန်းခဲ့သည်။

ဦးတင်သောင်း ပြောပြခဲ့သော အချက်အလက် အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဝေဒနာခံစားနေရသူ ရောက်လာလျှင် မြတ်စွာဘုရားရှင် ရှေ့တော်မှောက်၌ အောက်ပါအတိုင်း ရွတ်ဆိုရသည်။

'ဥုံ ဗုဒ္ဓဿ မြတ်စွာဘုရား၏ အသိသီတလံ အလွန်ချမ်းမြေ့လှစွာသော မေတ္တာ မေတ္တာတော်မြတ်ကို ပင့်ဂုဏ္ဍာမိခံယူပါ၏။

 (စာမျက်နှာ (၁၅၇) သို့)

www.burmeseclassic.com

www.burmeseclassic.com



▲ ကြေးသွန်းဘုရား



▲ ကြာခံဘုရား

ဦးခင်မောင်ငြိမ်း

# ကြေးသွန်း ကြာခံ

ဂန္ဓာရီ အဓိဋ္ဌာန်ကျင့်စဉ်

ဤကျင့်စဉ်တော်သည်...

**အာစရိယဝါဒအရ...**

- ငွေကြေးရလိုသောအခါ၌ လည်းကောင်း။
- ငွေကြေးဆိုင်ရာ အခက်အခဲ ကြုံတွေ့သည့်အခါ၌လည်းကောင်း။
- စန်းပျက်ပြီး အစစအရာရာ ဆက်ဆံရေး ပျက်ပြားသောအခါတွင် လည်းကောင်း။
- ချစ်ရေးချစ်ရာများတွင် စိတ်အနှောင့်အယှက် ကြုံတွေ့သော အခါမျိုးတွင်လည်းကောင်း။
- ငွေကံပွင့်အောင် စန်းဇာတာပွင့်လန်းလိုတဲ့ အခါမျိုးတွင် လည်းကောင်း...

ဆောင်ရွက်လေ့ ရှိကြပါတယ်။

## ကြေးသွန်း-ကြာခံဂန္ဓာရီကျင့်စဉ်တွင်

ပထမအဆင့်အနေဖြင့်...

ကြေးသွန်းရုပ်ပွားတော် ရှေ့မှောက်တွင် အားထုတ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ သက်တော်ထင်ရှား ဘုရား

အသွင် စိတ်ဝယ်အထူးအာရုံထားပြီး...

ပန်း၊ ရေချမ်း၊ အလင်းတိုင်၊ နံ့သာတိုင်များကို လှူဒါန်းပြီးလျှင် ဤသို့ ရှိခိုးကန်တော့ခြင်း ပြုရပါမယ်။

ဥသဘံ ပဝရံ ဝီရံ၊
မဟေသိံ ဝိဇိတာဝိနံ၊
သုဝဏ္ဏဝဏ္ဏံ သမ္ဗုဒ္ဓံ၊
ကောဏ္ဍညံ န ပဏမာမိဟံ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ဥသဘံ** | =အုသဘံ |
| **မဟေသိံ** | =မဟေသိန် |
| **သုဝဏ္ဏဝဏ္ဏံ** | =သုဝန်နဝန်နံ |
| **သမ္ဗုဒ္ဓံ** | =သမ်ဗုတ်ဓံ |
| **ကောဏ္ဍညံ** | =ကောဏ်ဍညံ |

အနက်

**ဥသဘံ**–နွားလား ဥသဘအလား ရဲရင့်တော်မူသော၊

**ပဝရံ**–အပြားအားဖြင့် မြင့်မြင့်မြတ်တော်မူသော၊

**ဝီရံ**–ကြီးသောလုံ့လ ရှိတော်မူသော၊

**မဟေသိံ**–မြတ်သော သီလက္ခန္ဓစသည်ကို ရှာမှီးတော်မူပြီးသော၊

**ဝိဇိတာဝိနံ**–ကိလေသာကို အောင်တော်မူပြီးသော၊

**သုဝဏ္ဏဝဏ္ဏံ** – ရွှေအဆင်းနှင့်

www.burmeseclassic.com

တူသော အဆင်းရှိတော်မူသော၊
**သမ္ဗုဒ္ဓံ**–မြတ်စွာဘုရားကို၊
**ဒိသွာ**–မြင်၍၊
**ကော**–အဘယ်သူသည်၊
**နပသီဒတိ**–မကြည်ညိုဘဲ ရှိပါအံ့နည်း၊
**(ပသီဒတိဧဝ)**– (ကြည်ညိုမည်သာလျှင်တည်း)

ဤဂါထာကို (၉)ခေါက်၊ (၁၈)ခေါက်မှ (၁၀၈)ခေါက်ထိ စွမ်းနိုင်သလောက် ရွတ်ဆိုပူဇော်ပြီး လိုရာ ဆုတောင်းရန်လဲ ဖြစ်ပါတယ်။

**ဒုတိယအဆင့်အနေဖြင့်**....

ကြာခံရုပ်ပွားတော် ရှေ့မှောက်တွင် အားထုတ်ရမှာ ဖြစ်ပါတယ်။ သက်တော်ထင်ရှားမြတ်ဘုရားကို အထူးအာရုံထားပြီး လင်ပန်းငယ်ဖြင့် **"သခွားမွှေး"** အစိတ်(၁၅)စိတ်ကို သပ်သပ်ရပ်ရပ် လှလှပပပြင်ဆင်ပြီး ဆက်ကပ်လှူဒါန်းရပါမယ်။

ပြီးရင် ဤဂါထာကို (၉)ခေါက်ရွတ်ဆိုပူဇော်ပြီး လိုရာဆုကိုတောင်းရမှာ ဖြစ်ပါတယ်။

အဘိနိပ္ဖန္နော လာဘောစ၊
သီလောကော စ မဟာသိနော၊
ခတ္တိယာဝိ ပိယာယန္တိ၊
တထာပိသ အမတ္တကံ၊
အာဟာရေတိဝ အာဟာရံ၊
ဝေဝါဟာရမ မတ္တကံ၊
အာဟာရန္တံ နု ပဿာမ၊
အညံတိတော ဣဒါနိစ၊

ခက်ခဲသော ပါဠိအသံထွက်

**အဘိနိပ္ဖန္နော**=အဘိနိတ်ဖန်နော
**ခတ္တိယာဝိ** = ခတ်တိယာဝိ
**ပိယာယန္တိ** = ပိယာယန်တိ
**အမတ္တကံ** =အမတ်တကံ
**ဝေါ** =အဝေါ
**မတ္တကံ** =မတ်တကံ
**အာဟာရန္တံ** = အာဟာရန်တံ
**ပဿာမ** =ပတ်သာမ
**အညံ** = အင်ညံ
**ဣဒါနိစ** = အိဒါနိစ

အနက်

**မဟာသိနော**–မြတ်သော ကျေးဇူးဂုဏ်အထူးကို ဆည်းပူးရှာမှီးလေ့ရှိတော်မူသော မြတ်စွာဘုရားအား၊ **လာဘောစ** – လာဘ်လာဘသည်လည်းကောင်း၊ **သီလောကောစ**–ဂုဏ်သတင်း ကျော်စောခြင်းသည်လည်းကောင်း၊ **အဘိနိပ္ဖန္နော**–အလွန်ပြည့်စုံတော်မူ၏၊ **ခတ္တိယာဝိ**–မင်းမျိုးတို့သည်လည်း၊ **ပိယာယန္တိ**–ချစ်ခင် ကြည်ညိုတော်မူကြကုန်၏၊

**တထာပိ** – ထိုသို့ဖြစ်သော်လည်း၊ **သေဝသော** – ထိုမြတ်စွာဘုရားသည်၊ **အမတ္တကံ**–မာန်ယစ်ခြင်းမရှိဘဲ၊ **အာဟာရံ** – ဆွမ်းဘောဇဉ်အာဟာရကို၊ **အာဟာရေတိဝ** – သုံးဆောင်တော်မူသကဲ့သို့၊ **ဝေါ**–ဤအတူ၊ **အမတ္တကံ**–မာန်ယစ်ခြင်းမရှိဘဲ၊ **အာဟာရံ**–အာဟာရကို၊ **အာဟာရန္တံ**–သုံးဆောင်တတ်သော၊ **အညံ**–ဘုရားမှတစ်ပါးအခြားသော ပုဂ္ဂိုလ်ကို၊ **အတီတေစ**–အတိတ်အခါ၌လည်းကောင်း၊ **ဣဒါနိစ** – ဤယခုအခါ၌လည်းကောင်း၊ **နပဿာမ**–မတွေ့မမြင်ကြရကုန်။

*[ဤဂါထာတော် ပါဠိအနက်ကို နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ့ မွှာစရိယ(မဟာဝဏ္ဏဗိမြန်မာဂုဏ်ထူး)၏ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။]*

*သင်၏ဘဝ သာယာပါစေ...။*

**ဦးခင်မောင်နိုင်**

---

**စာမျက်နှာ (၁၅၅)မှ အဆက်**

'ဘုရားတပည့်တော်သည် ဇီဝိတဒါနအသက်ကို ကယ်ဆယ်ခြင်းဖြစ်ပါသည် ဘုရား'

ဟု ရွတ်ဆိုပြီး ငါးကို အောက်ပါအတိုင်း ခုနစ်အုပ်မန်းရသည်။

'ဥုံ ကဗွိယံ ကရောဟိ ကဗွိယံဘဝန္တု'

ထို့နောက် အဖုအကျိတ်ဧ်ေါသို့ အောက်ပါအတိုင်း အသက်ရှူဘဲ ကန့်လန့်ဖြတ် ခုနစ်ကြိမ်၊ နောက်ထပ် ကြက်ခြေခတ်ပုံစံဖြစ်အောင် ခုနစ်ကြိမ်၊ မန်းထားသော ငါးနှင့် စတိအနေဖြင့် စိတ်ရပါသည်။

* * *

ထို့နောက် ရေ(ဝါ) ဆီကို သောက်ရန်(ဝါ) လိမ်းရန် အောက်ပါအတိုင်း မန္တန် ခုနစ်အုပ် မန်းပေးပါသည်။

'ဥုံ နန္ဒနနေနာနိနော ဘဂဝါ သမ္မာ သမ္ဗုဒ္ဓေါ'

ဟု မန်းရပါသည်။ အရက်သောက်သည်၊ မသောက်သည်ဆိုခြင်းထက် စေတနာသည်သာ အဓိကဟု ယုံကြည်ပါသည်။ ထို့ကြောင့် မြတ်စွာဘုရားကလည်း...

'စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ'

'**ဘိက္ခဝေ**– ချစ်သားရဟန်းတို့၊ **စေတနံ**–စေတနာကို၊ **ကမ္မံ**–ကံဟူ၍၊ **အဟံ**– ငါဘုရားသည်၊ **ဝဒါမိ**– ဟောတော်မူ၏'

ဟု ဟောကြားထားပါသည်။

မှတ်ချက်

အပြည့်အစုံပြောပြသူ **ဦးစောမောင်၏တူ ကိုတင်သောင်း**အား အထူး ကျေးဇူးတင်ရှိပါကြောင်း။

**သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ**

**ဦးအေးရွှေ(ကနောင်)**

www.burmeseclassic.com





# ကျေနပ်မှု တစ်ခုတစ်ရာ

မြေကိုင်ခံရသူများအတွက်

[၁]

ဘာရယ်လို့ မဟုတ်ပါဘူး။ ရွက်ကြွေလေဝဲ ဖြစ်နေတဲ့ အထဲ ချိုးကူသံကိုလဲ ကြားလာရပြီး ရိုးတံ ကျဲကျဲအောက် ရေတံခွန်တောင်စောင်းက ညနေစောင်း နေရောင်မှာ ရွက်ကြွေတွေနဲ့ ရဲနေပြန်တာမို့ စိတ်ခံစားမှု ပေါ်လာရတယ်။ ဆရာတော်ကြီးကို ရုတ်တရက် သတိရမိသွားတယ်။

လူအိုမိုလို့ တောင်အဆင်းမှာ ခန္ဓာကိုယ် မလဲမပြိုအောင် သတိထားထိန်းကျောင်း သွားလာနေချိန်ဆိုတော့ ဆိုင်တာ တစ်ခုကို သွားအောက်မေ့မိတာပါ။

[၂]

ဒီလို ညနေစောင်း တပည့်အပေါင်း ဆရာတော့်ထံပါး ဆည်းကပ်နေကြတဲ့ အချိန် ဖုန်းသတင်းရောက်လာတယ်။

ပရိသတ်ထဲက တစ်ယောက်ရဲ့ အမေ ဒေါ်မစန်းဆိုတာ ရေချိုးခန်းထဲ ချော်လဲရာက မထနိုင်တဲ့အကြောင်းနဲ့ ဆေးရုံပို့ဖို့ ကား အမြန်ပြန်လာဖို့ပါ။

ဒါနဲ့ ဒီမှာရောက်နေတဲ့ သားဖြစ်သူက ဆရာတော့်ထံ အကျိုးအကြောင်း လျှောက်ထားပြီး ပြန်ခွင့်ပန်တဲ့အခါ...

'ဟော...အေး...အေး သွား၊ အဲဒီချော်လဲတဲ့နေရာလေး သောက်ရေအိုးက ရေတစ်ခွက် ခပ်လောင်းလိုက်၊ ဘာမှ မဖြစ်တော့ဘူး သိလား'

ရုတ်တရက် ဒီလိုပြန်မိန့်သံ ကြားလိုက်ရတယ်။

[၃]

ဒီအသိက ဆယ်နှစ်ကျော်သွားခဲ့ပါပြီ။

အဲဒီမှာ ညနေစောင်းစောင်း ယောက်ဖရဲ့သား တူတစ်ယောက် ရွာသစ်ပင်ကြီးပေါ်က ပြုတ်ကျတာ ကျောက်ကပ်ထိသွားလို့ မန္တလေးဆေးရုံကြီး ရောက်လာတယ်။ ခွဲရစိတ်ရမယ်ဆိုလို့ ဇနီးနဲ့ ကျွန်တော်လဲ အရောက်သွားလိုက်ရတယ်။

ဆေးရုံရောက်တော့ ခွဲစိတ်ဖို့ကိစ္စ နောက်နေ့မနက်မှ ဆုံးဖြတ်မယ်လို့ သိလိုက်ရတယ်။ သိလိုက်တာနဲ့ အပြိုင်လဲ ခေါင်းထဲ အသိတစ်ခု ပေါ်လာပြန်တယ်။

ဒါနဲ့ ယောက်ဖနဲ့အတူနေတဲ့ နယ်က အမေယောက္ခမဆီ နေရာကတင်ပဲ ဖုန်းဆက်လိုက်ရတယ်။ ယောက်ဖက ကျောင်းအုပ်ဆရာကြီးဆိုတော့ လက်ခံဆောက်ရွက်ဖို့ နေ့ကွေးမလားလို့ပါ။

'အမေ...အမေ့မြေး လိမ့်ကျတဲ့နေရာ မြေကြီးပေါ် သောက်ရေတစ်ခွက် သွားလောင်းပေးစမ်းပါ။ အခုညကို လုပ်ပါ အမေ'

မကြာပါဘူး။ ခြောက်ဆယ်ကျော် အဘွားအို မြေးအတွက် ခုပဲ သွားလုပ်ခဲ့လိုက်ပြီ အကြောင်းပြန်လာတယ်။

[၄]

နောက်နေ့ နေ့လယ် ထမင်းစားချိန် တူတော်မောင်တို့အဖွဲ့ ဆေးရုံက ဆင်းလာတယ်။ ပြန်တော့မှာမို့လို့ အိမ်ဝင် နှုတ်ဆက်တဲ့သဘောပါ။

'ဆရာကြီးကပြောတယ်၊ နယ်က ယူလာတဲ့ ဓာတ်မှန်ထဲ ကျောက်ကပ်မှာ အစက်ပျောက်ပေါ်နေလို့ ထပ်စစ်တာ၊ ခု မရှိတော့ဘူး။ စားဆေးနဲ့ ဆက်ကုပါဆိုပြီး ဆေးရုံက ဆင်းခိုင်းလိုက်လို့'

ဝေဒနာခံစားထားရတဲ့ ရုပ်နဲ့ တူတော်မောင်က ဒီလိုပြောလာတယ်။

ဇနီးသည်က ကျွန်တော့်မျက်နှာဆီ လှမ်းကြည့်လာတယ်။

အဲဒီကနောက် လဲတဲ့ကျတဲ့ကိစ္စ ကြုံရတိုင်း သောက်ရေတစ်ခွက် လောင်းဖို့ အကြံပေးတဲ့အကျင့် ကျွန်တော် ရသွားတယ်။ **မြေကိုင်ခံရတယ်ဆိုတဲ့ကိစ္စနဲ့ ပတ်သက်လို့ လူတွေ အကျိုးကျေးဇူး ရသွားကြပါတယ်။**

မကျိုးကြပါစေနဲ့၊ မကြေကြပါစေနဲ့၊ နာတာရှည် မဖြစ်ကြပါစေနဲ့။

[၅]

ဆရာ ဝေးသွားပြီဆိုပေမယ့် ရခဲ့တဲ့ နည်းပညာကတော့ ကျန်နေဆဲပါ။

အခု ဝိသနာပါတဲ့သူများထံ ထပ်ပွားလိုက်ရလို့ ရင်မှာ ကျေနပ်မိလိုက်ပါရဲ့။

**သီလ(ရေတံခွန်တောင်)**



www.burmeseclassic.com

www.burmeseclassic.com

သစ်သီးအချဉ်ဖောက်ရည်(ခေါ်)

# သစ်သီးစိမ်ရည်

## Fermented Fruit Juice (FFJ)



▲ သစ်သီးအချဉ်ဖောက်ရည်(ခေါ်) F.F.J သစ်သီးအချဉ်ဖောက်ရည်ပြုလုပ်မည့် အသင့်

ယခင်တစ်ပတ် စာရေးသူရဲ့ အော်ဂဲနစ်သီးနှံ စိုက်ပျိုးထုတ်လုပ်တဲ့ မိတ်ဆွေက ထပ်မံလို့ ဖော်စပ်အသုံးပြုထားတဲ့ **အပင် အားဆေးရည်တစ်မျိုး**ကို ထပ်မံ ရေးသားဖော်ပြလိုပါတယ်။

လတ်ဆတ်တဲ့ သစ်သီးသစ်ဥတွေကို သန့်ရှင်းစင်ကြယ်တဲ့ စဉ့်အိုးနဲ့ သန့်ရှင်းစွာ စိမ်ဖော်စပ်မယ်ဆိုပါက လူနဲ့ မွေးမြူထားတဲ့အိမ်မွေးတိရစ္ဆာန်တွေအတွက်ပါ အသုံးပြုနိုင်တဲ့ ဆေးနည်းတစ်ခုပါ။

အရင် အပင်ကစော်ဖောက်ရည်လိုပဲ ဘက်စုံအသုံးဝင် အစွမ်းထက်လှပါတယ်။ ဒီနည်းကိုတော့ **အင်ဖိုင်း သုတေသနပညာရှင် "ဘာဒင်ဂါရှိ"** တွေ့ခဲ့တဲ့နည်းပညာပဲ ဖြစ်ပါတယ်။

အပင် အချဉ်ဖောက်ရည် ထုတ်လုပ်တဲ့ နည်းအတိုင်းဖြစ်ပြီး **အပင် အချဉ်ဖောက်ရည်ကို "ကစော်"** လို့ခေါ်ရင် သစ်သီးအချဉ်ဖောက်ရည်ကို **"စိမ်ရည်"**လို့ ခေါ်ဆိုနိုင်ကြောင်း အဆိုပါ ပညာရှင်က ဆိုပါတယ်။

### ပြုလုပ်ပုံ ပြုလုပ်နည်းကတော့

သစ်သီးအမှည့် အမျိုးအမည်(၆) မျိုးခန့် လိုအပ်ပါတယ်။ အကုန်မရနိုင်ရင် (၃)မျိုးတော့ မဖြစ်မနေ ပါရပါလိမ့်မယ်။ **သဖန်းသီး၊ ကတွတ်သီး၊ စတော်ဘယ်ရီ၊ စပျစ်၊ ပန်းသီး၊ ငှက်ပျောသီး၊ သင်္ဘောသီး၊ ခွာညိုသီး၊ ပေါက်ဆူးသီး၊ ဖောက်သီး၊ နှင်းသီးနဲ့ ချယ်ရီသီး**များကို အသုံးပြုနိုင်ပြီး အဆိုပါ အသီးတွေ မလုံလောက်ပါက သစ်ဥသစ်ဖုများကိုလဲ အသုံးပြုနိုင်ကြောင်း သိရှိရတယ်။

ဥပမာ။ ။ ကန်စွန်းဥ၊ မျောက်ဥ၊ ပိန်းဥ၊ အာလူး၊ နီကို၊ မုန်လာဥ၊ ဖရုံသီးမှည့်၊ ကော်ဖီထုပ်၊ သခွားသီး၊ မုန်လာဥနီ၊ မုန်လာဥဝါများကို ထည့်သွင်း အသုံးပြုနိုင်ကြောင်း သိရတယ်။

ထိုင်းနိုင်ငံနဲ့ အချို့အိမ်နီးချင်းနိုင်ငံတွေမှာတော့ ရာသီပေါ်ဖြစ်တဲ့ **သရက်သီး၊ နာနတ်သီး၊ မင်းကွတ်သီး၊ စောင်းလျားသီး၊ သင်္ဘောသီး၊ စပျစ်သီး၊ ဩဇာသီး၊ လောင်ဂန်သီး၊ ဒူးရင်းသီး၊ ပိန္နဲသီးတို့** ပေါ်ထွက်ချိန်မှာ FFJ တွေကို ပေါပေါများများ စုဆောင်းပြုလုပ်ပြီး သိုလှောင်ထားကြတယ်။

သစ်သီးသစ်ဥ **တစ်ကီလိုဂရစ် (၆၀)ကျပ်သားပိုပိုလေးမှာ သကြား တစ်ကီလိုဂရမ်ကနေ သုံးကီလိုဂရမ်အထိ ရောစပ်အသုံးပြုနိုင်တယ်။**

စာရေးသူမိတ်ဆွေက သူ့အတွေ့အကြုံ ပြောပြရာမှာ သုံးကီလိုဂရမ်(၂–ပိဿာ)လောက် သုံးတာဟာ ဆေးအရည်အသွေး ပိုမိုကောင်းတယ်လို့ အကြံပြုပြောကြားပါတယ်။ **ဆောင်းရာသီမှာတော့ သကြားညို တစ်ကီလိုဂရမ်သာ အသုံးပြုပါလို့ အကြံပြုတိုက်တွန်းထားပါတယ်။**

စိမ်ရည်အဖြစ် အသုံးပြုရာမှာ သုံးမယ့် **ဓား၊ စဉ့်တီတုံး၊ အိုးတို့**ကို သေချာ ဆေးကြောပြီး ခြောက်သွေ့အောင် နေလှန်းရပါမယ်။

စဉ်းတီတုံးပေါ်မှာ သကြားညို(သို့မဟုတ်) ထုခြေထားတဲ့ ကြံသကာမှုန့်ဖြူးထားပြီးမှ အသီးများကို လှီးဖြတ်ရပါမယ်။

လှီးဖြတ်ပြီးသမျှ အိုးထဲထည့်တိုင်း အပေါ်ကနေ သကြားညိုဖြူးပေးဖို့ မမေ့ပါနဲ့။ စပျစ်သီးနဲ့ စတော်ဘယ်ရီတွေကိုတော့ လက်ကို ရေစင်ကျယ်အောင် ဆေးပြီး ညှစ်ထည့်ပါ။ အသီးတွေနဲ့ သကြားညို ရောမွှေစဉ် သကြားညိုကို တစ်ဝက်သုံးပြီး ကျန်တစ်ဝက်ကို အိုး



www.burmeseclassic.com

www.burmeseclassic.com

ထဲ အဲကုန်ထည့်ပြီးချိန် ဖြူးထည့်လိုက်ပါ။ အိုးကို သုံး,လေးကြိမ် လှုပ်ပေးပါ။


အပေါ်က လေစုပ်ယူ အား ကောင်းတဲ့ **မိုင်းကိုင် စက္ကူ၊ ရှမ်းစက္ကူ၊ ဒါမှ မဟုတ် သတင်းစာစက္ကူနဲ့** လုံအောင်ပိတ်ပြီး ချည်ထား ပါ။

ပူပြင်းတဲ့ နွေရာသီမှာ ငါးရက်၊ ဆောင်းတွင်းဆိုရင် (၁၅)ရက်ခန့် ထားပြီးရင် အသုံးပြုနိုင်ပြီ ဖြစ်ပါတယ်။ ရက်ပြည့်ပြီးရင် အိုးထဲကို သကြားညို ထပ်မံဖြူးပြီး ခြောက်သွေ့ အေးစက်တဲ့ နေရာမှာ ထားပေးပါ။ အပေါ်ယံ သကြားများ အခဲအချပ်လိုက်ဖြစ်ပြီ ဆိုပါ က အသီးစိမ်ရည် အောင် မြင်ပြီ ဖြစ်ပါတယ်။

## အသုံးပြုနည်းတွေကတော့

အပင် ကစော်ဖောက် ရည်အတိုင်း ဖြစ်ပါတယ်။ ဆေးရည်တစ်ဆ၊ ရေအဆ တစ်ထောင် (ရေလေး ဂါလန်မှာ ဆေးရည် ၂၀– ၅၀ စီစီ)အထိ အသုံးပြု နိုင်ပါတယ်။

မိမိ စိုက်ပျိုးပြုစုထားတဲ့ သီးနှံပင်နဲ့ ဟင်းသီး ဟင်း ရွက်ပင်တွေအတွက် ပျိုး ပင်အဆင့်ကနေ အပင်ကြီးထွားစဉ် ကာလအထိ (၇)ရက်ကြား တစ်ကြိမ် ပုံမှန်ပက်ဖျန်းသွားပါက အပင်များ သန်စွမ်းပြီး မှိုရောဂါကျရောက်မှု သက် သာကြောင်း၊ စာရေးသူတို့ ကျား/မ




မဟူ ညနေစာ စားသုံးခါနီးနဲ့ စားသုံးပြီး အချိန်မှာ သောက်ပေးနိုင်ကြောင်း…

အိမ်မွေးတိရစ္ဆာန်များရဲ့ သောက်ရေ နဲ့ အစာမှာ ရောစပ်ထည့်ပေးခြင်း အားဖြင့် ကြီးမားသန်စွမ်းစေကြောင်း ကို လေ့လာ ရေးသား တင်ပြလိုက်ပါ တယ်။

**တနိုင်းခ**

www.burmeseclassic.com

www.burmeseclassic.com

# ကျောက်လက်ဝါးနှင့် သူ့စွမ်းအား

သိသူများမှ ထပ်မံဖော်ပြပေးစေချင်

မြင့်ရွှေသိန်း (တကောင်းသား)(ဘောဂဗေဒ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)



◆ လက်ပဝါဘက်မှ ရိုက်ယူသည်

သာယာသော ညနေခင်းတစ်ခုတွင် ဖြစ်၏။ စာရေးသူသည် ကျေးရွာတစ်ရွာ၏ ဝမ်းကွဲအစ်ကိုအိမ်သို့ အလည်ရောက်ခိုက် ဂမ္ဘီရပစ္စည်းများ အကြောင်းကို ဆွေးနွေးဖြစ်ကြ၏။

ထိုသို့ဆွေးနွေးရင်း ကျောက်လက်ဝါး အကြောင်းကို စကားစပ်မိရာ အစ်ကိုက ကျောက်လက်ဝါးအကြောင်းကို ကျွန်ုပ်အား အထင်ကြီးစွာဖြင့် မေးမြန်းသဖြင့် ကျွန်ုပ်သည်လည်း လေ့လာသိရှိသမျှကို ရှင်းပြရပါသည်။

**ကျောက်လက်ဝါး တစ်ခုသည် သိဒ္ဓိဝင်၍ စွမ်းအားရှိမည်ဆိုလျှင်...**

၁။ ငွေအကြွေစေ့တစ်ခုအား အုပ်ဆောင်းဖြင့် အုပ်ထားပြီး ကျောက်လက်ဝါးအား ခိုင်းစေလျှင် စေခိုင်းသူ စေခိုင်းသည့်အတိုင်း ခေါင်းပန်းလှန်နိုင်ခြင်း။

၂။ သစ်ပင်ပေါ်မှ သစ်ရွက်တစ်ရွက်အား စေခိုင်းသူ စေခိုင်းသည့်အတိုင်း ခြွေချပေးနိုင်ခြင်း။

၃။ သေတ္တာအတွင်းထည့်ထားသော ပစ္စည်းတစ်ခုခုကို စေခိုင်းသူ စေခိုင်းသည့်အတိုင်း အပြင်သို့ယူဆောင်နိုင်ခြင်း...

စသော အစွမ်းသတ္တိများရှိသည် ဟူ၍ ကျွန်ုပ်သိသမျှ ရှင်းပြပါသည်။

ကျွန်ုပ်၏ ရှင်းပြချက်များကို ကျွန်ုပ်အစ်ကိုမှသေချာစွာ မှတ်သားပြီးလျှင်...

'ဒီလိုဆို ဟိုဘက်ရွာက ဘုန်းတော်ကြီးထံမှာ ကျောက်လက်ဝါးတစ်ခု ရှိတယ်ကွ။ ဘယ်လိုစွမ်းသလဲတော့ မသိဘူး။ ညီလေး လေ့လာချင်တယ်ဆိုရင် အစ်ကို လိုက်ပြပေးမယ်'

ဟုဆိုသဖြင့် စာရေးသူလည်း ရေငတ်တုန်း ရေတွင်းထဲကျသည်ဆိုသလို နဂိုရင်းမှ ထူးဆန်းသောဂမ္ဘီရပစ္စည်းများနှင့် ပတ်သက်၍ လေ့လာရန် ဝါသနာကြီးသဖြင့် လက်စွဲတော် ကင်မရာကို လွယ်ကာ ကျောက်လက်ဝါးရှိရာ ဘုန်းတော်ကြီးကျောင်းသို့ ထွက်ခွာရန် ခြေလှမ်း ပြင်ပါတော့သည်။

ရှေးဦးပေါက်စ ရောဝတီမြစ်ပြင်သည် ကျယ်ပြန့်၏။ မြစ်ပြင်တွင် ဗေဒါပင်များသည် အပွင့်များနှင့် စီရီမျောပါနေသည်မှာ ရောဝတီမြစ်အား အလှဆင်နေသလိုပင်။

www.burmeseclassic.com

စာရေးသူတို့အဖွဲ့သည် ကျောက်လက်ဝါးရှိရာ တစ်ဖက်ရွာသို့ မော်တော်စက်လှေစီး၍ ခရီးထွက်စေရာ ရောဝတီမြစ်၏အလှကို လွမ်းမောဖွယ်ဖြင့် ခံစားမိပါသည်။

ဤသို့ ရောဝတီမြစ်နှင့် မင်းဝံတောင်တန်း၏အလှကို ခံစားရင်းမှ မဆုံးမီ မော်တော်စက်လှေသည် ရောဝတီမြစ်ကမ်းဘေးမှ ရွာလေးတစ်ရွာသို့ ဆိုက်ကပ်ပါသည်။

'ညီလေး... ဒီရွာပဲကွ။ တို့လေ့လာမယ့် ကျောက်လက်ဝါးက ဒီရွာက ဆရာတော်ထံမှာ...'

ဟု အစ်ကိုဖြစ်သူက ပြောကြားသတိပေးသဖြင့် မော်တော်စက်လှေပေါ်မှဆင်း၍ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကြပါသည်။

ဘုန်းတော်ကြီးသည် ဥပ်မိရုပ်အလွန်ခံ့ညား၍ ကြည်ညိုစွာဖူးတွေ့ရပါသည်။

ထို့အတူ ဘုန်းတော်ကြီးကျောင်း၏ ခံ့ညားထည်ဝါစွာတည်ရှိမှု၊ ကျောင်း၏ ပရိဘောဂများ စုံလင်မှုတို့လည်း ရှာငယ်ကလေးနှင့် မလိုက်အောင် ရှိနေပါသည်။

သို့နှင့် ဘုန်းတော်ကြီး၏ ကျောက်လက်ဝါးမှ ဘုန်းတော်ကြီးအား အကျိုးပြုနေရှာသလောဟု ကျွန်ုပ်စိတ်မှ တွေးထင်နေပါသည်။

ဘုန်းတော်ကြီးသည် စာရေးသူတို့အဖွဲ့အား ကျောက်လက်ဝါးကို ကြည်ဖြူစွာပင် ပြသပါသည်။

**ကျောက်လက်ဝါးတွင် လက်ချောင်းငါးချောင်းပါရှိ၍ အကျယ်အဝန်းမှာ ဖျက်(၈)လက်မခန့် အရှည်(၁၅)လက်မခန့်ရှိ၍ လက်ညှိုးမှာ လက်ခလယ်ထက် ပိုရှည်နေပါသည်။ အဘိုးကြီးတစ်ဦး၏ ညာလက်သဏ္ဍာန်နှင့် ထပ်တူပါသည်။**

ဘုန်းတော်ကြီးသည် ထိုကျောက်လက်ဝါးအား (ပုံတွင် ဖော်ပြသည့်အတိုင်း) ဖလားတစ်ခုတွင် အောက်မှ သဲခံ၍ ပန်းအိုးသဏ္ဍာန် စိုက်ထူထားပါသည်။

ဘုန်းတော်ကြီး၏ ခွင့်ပြုချက်ဖြင့် စာရေးသူမှ ဓာတ်ပုံရိုက် မှတ်တမ်းယူပြီး...

'ဘုန်းဘုန်းဘုရား ဒီကျောက်လက်ဝါးမှာ ဘယ်လိုအစွမ်းတွေ ရှိပါသလဲဘုရား'

ဟု လျှောက်ထားမေးမြန်းရာ...

'မင်းက ငါ့ကို အင်တာဗျူးနေပါလား။ ဒီကျောက်လက်ဝါးမှာ ဘယ်လိုအစွမ်းတွေရှိတယ်။ ဘယ်လောက်စွမ်းတယ်ဆိုတာ ဘုန်းဘုန်းမပြောချင်ဘူး၊ မပြောလဲ မပြောအပ်ဘူး။

ဒီလို ဂမ္ဘီရပစ္စည်းမျိုးဆိုတာ သူ့ရဲ့အစွမ်းကို လူသားတွေသိရှိသွားမယ်ဆိုရင် ပစ္စည်းကိုလိုချင်မှု လောဘတွေဖြစ်လာမယ်။ လောဘတွေဖြစ်လာရင် ဒေါသတွေဖြစ်လာမယ်။ ဒေါသတွေဖြစ်လာရင် အကုသိုလ် ဒုစရိုက်တွေ ဖြစ်လာနိုင်တယ်။

ဒါကြောင့် ဒီကျောက်လက်ဝါးမှာ ဘယ်လိုအစွမ်းတွေရှိတယ်။ ဘယ်လောက်အစွမ်းရှိတယ်ဆိုတာဘုန်းဘုန်း မပြောချင်ဘူး။

အိမ်း... တစ်ခုတော့ ပြောမယ်။ ကျောက်လက်ဝါးရဲ့ လက်သန်းကလေးကတော့ ဘုန်းဘုန်းရခါစနဲ့မတူတော့ဘူး။ နည်းနည်းပိုရှည်လာတယ်လို့ ဘုန်းဘုန်းထင်တယ်။

ဒကာလေးအနေနဲ့ ဒီကျောက်လက်ဝါးအကြောင်းနက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ စာရေးချင်ရေးပါ။ ဒါမှလဲ အခုခေတ်လူတွေ ထူးဆန်းတဲ့ ဂမ္ဘီရပစ္စည်းဆိုတာ တကယ်ရှိနေတာပါလားဆိုတာ သိကြတာပေါ့။

ဒါပေမယ့် ဘုန်းဘုန်းရဲ့ ဘွဲ့နာမည်နဲ့ ကျောင်းအမည်ကိုတော့ ထည့်မရေးပါနဲ့။ လူသားတွေ လောဘတွေ၊ အကုသိုလ်တွေ၊ ဒုစရိုက်တွေ ဖြစ်မှာစိုးလို့ပါ'

ဟူသော လူသားများအပေါ် ဘုန်းဘုန်းထားရှိသော ကရုဏာစိတ်ကို လေးစားကြည်ညိုစွာဖြင့် ဘုန်းဘုန်းအား ဦးချကန်တော့ပြီး စာရေးသူတို့အဖွဲ့ ပြန်ခဲ့ပါသည်။

အပြန်လမ်းတွင် အစ်ကိုဖြစ်သူက...

'ညီလေးအနေနဲ့ ဒီကျောက်လက်ဝါးကို ဘယ်လို အစွမ်းရှိတယ်လို့ ထင်သလဲကွ'

ဟု မေးမြန်းရာ...

'ဘုန်းကြီးကျောင်းကို ကြည့်ရုံနဲ့ ဒီပစ္စည်းမှာ အစွမ်းရှိတယ်ဆိုတာ ခန့်မှန်းနိုင်ပါတယ်ဗျာ။

ဒါပေမယ့် ဘုန်းဘုန်းမိန့်ကြားသလို အစွမ်းထက်တဲ့ ဂမ္ဘီရပစ္စည်းဆိုတာ လူသားတိုင်းနဲ့ မသင့်တော်ပါဘူး။ အစွမ်းများများရှိလေ သိက္ခာသမာဓိများများရှိတဲ့ ပုဂ္ဂိုလ်နဲ့ ထိုက်တန်တယ်လို့ ကျွန်တော်မြင်တယ်။

ဒါကြောင့် ဒီကျောက်လက်ဝါးမှာ ဘယ်လိုစွမ်းတယ်၊ ဘယ်လောက်စွမ်းတယ်ဆိုတာ ကျွန်တော်တို့ မခန့်မှန်းတော့ဘဲ ဒီလောကကြီးမှာ ထူးဆန်းတဲ့ ဂမ္ဘီရပစ္စည်းတွေ တကယ် ရှိနေသေးပါလားလို့သာ လက်ခံ ယုံကြည်လိုက်ကြရအောင်ပါဗျာ'

ဟူသော ကျွန်ုပ်၏ပြောပြချက်ကို အစ်ကိုဖြစ်သူမှ ဝမ်းသာနှစ်ထောင်းအားရလျက် အပြန်လမ်းသည်လည်း ရောဝတီမြစ်နှင့် မင်းဝံတောင်တန်းသည် လရောင်အောက်တွင် ပို၍ သာယာလွမ်းမောဖွယ် တည်ရှိနေသည်ဟု ညခင်း၏အလှကို ခံစားရင်း...

**မြင့်ဆွေသိန်း (ထကောင်းသား)**
**(ဘောဂဗေဒ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)**

www.burmeseclassic.com

ကျွန်ုပ်နှင့်

# ဆန်းကြယ်သော ဂမုန်းပင်များ

ဝသုန်သက်လွင်





## (၃)နဂါးမောက်ဂမုန်း

ကျွန်ုပ်နှင့် ဆန်းကြယ်သော ဂမုန်းပင်များအနက် ယခု ရေးသားဖော်ပြလိုသည်မှာ **"နဂါးမောက်"ဂမုန်း** အကြောင်း ဖြစ်သည်။

ကျွန်ုပ်၏ ဤစာစုဒွ် အမှတ်(၃) အဖြစ် နဂါးမောက်ဂမုန်းဟူ၍ ဖော်ပြပါသော်လည်း ထိုနဂါးမောက်ဂမုန်းကို အချို့က **"လိပ်ပြာဂမုန်း"** **"ဖော်ဂျီမုတ်ဆိတ်"**ဟူ၍ ကွဲပြားစွာ ခေါ်ဆိုကြပါသည်။

ကျွန်ုပ် အလိုအရဆိုလျှင် မည်သို့ပင် ခေါ်ဆိုစေကာမူ နဂါးမောက်ဂမုန်းကိုသာ ရည်ညွှန်းသည်ဟု ယူဆပါသည်။

နဂါးမောက်ဂမုန်းပင်ကို လွတ်လပ်ကျယ်ဝန်းမှုဖြင့် သန်စွမ်းကာ အပွင့်များများ ပွင့်စေလိုပါက တိုင်ကီပြတ်ပိုင်းနှင့်ဖြစ်စေ၊ မတိမ်လွန်း၊ မနက်လွန်းသော ဇလားဖြင့် စိုက်ထားလျှင် အမြင်အားဖြင့် တင့်တယ်လှမမည် ဖြစ်ပါသည်။

**အရွက်မှာ ရှည်လျား၍ ရိုးတံရှည်ကြီးများထွက်ကာ၊ ထိုရိုးတံမှပင် အပွင့်များဖူးပွင့်သည့်အခါတွင် နီညိုရောင် အပွင့်များ ပွင့်လာတတ်ပါသည်။**

**ပွင့်ဖတ်လွှာများ၊ ကျွေးနေပြီး ပန်းပွင့်အဲတွင် မှုတ်လုံးများနှင့် ဆံမြိတ်တံများ ရှိနေသည်။ ရုတ်တရက်ကြည့်လျှင် လိပ်ပြာလိုလို၊ ဖော်ဂျီမုတ်ဆိတ်လိုလို စေ့စေ့ကြည့်ပါက ရုပ်ပုံပန်းချီကားများထဲက နဂါးမောက်နှင့် အလွန်တူသည်။**

ထိုနဂါးမောက်ဂမုန်းကို ကျွန်ုပ် သံဖြူဇရပ်မြို့နယ်၊ ပဒံငှရွာသို့ အလည်အပတ် ရောက်ရှိစဉ် ကျောင်းဆရာတစ်ဦးအိမ်၌ တွေ့ရခြင်းဖြစ်သည်။

အိမ်ရှေ့မျက်နှာစာ လှေကားရင်းတစ်ဖက်တွင် တိုင်ကီပိုင်းကြီးနှင့် စိုက်ထားသည်။ ကျွန်ုပ် ရောက်သွားစဉ်က ဂမုန်းပန်းများ ပွင့်နေချိန်ဖြစ်သည်။ နဂါးမောက်ပန်းအလှသည် ကျွန်ုပ်စိတ်ကို ဖွဲ့ဆောင်ထားသည်။

သူ၏အိမ်ပေါ်သို့ ရောက်သွားသောအခါ ဘုရားကျောင်းဆောင်ရှိ ပန်းအိုးများထဲတွင် နဂါးမောက်ဂမုန်းများ ဝေဆာအောင် ထိုးထားသည်မှာ ကျက်သရေဆောင် သပ္ပါယ်လှ၏။

**ကျွန်ုပ်** ။ ။'ဆရာကျော်က နဂါးမောက်ပန်းကို ဘုရားပန်း လှူထားတာကိုး'

**ဆရာကျော်**။ ။'ဟုတ်တယ်ဗျာ၊ နဂါးမောက် ပွင့်ရင် ကျွန်တော့်မိသားစု ဦးဦးဖျားဖျား ဘုရားပန်းလှူမြဲပေါ့။ ဘာလဲ ဆရာကရော သဘောကျသွားပြီလား၊ စိုက်ချင်ရင် ကျွန်တော် မျိုးပေးလိုက်မယ်လေ'

**ကျွန်ုပ်** ။ ။'ကျွန်တော်က ဂမုန်းစုဆောင်း စိုက်ပျိုးနေသူပဲ။ လိုချင်တာပေါ့ဗျာ၊ နဂါးမောက်ဂမုန်းအကြောင်း ထူးခြားရင် ပြောပြပါဦး'

**ဆရာကျော်**။ ။'ပြောရရင်တော့ ပြည့်ပြည့်စုံစုံ ပြောချင်တယ်။

ကျွန်တော် မော်လမြိုင်-မုတ္တမကြား ခေါင်းဆေးကျွန်းကို ရောက်ခဲ့စဉ်က ဦးပဉ္ဇင်းတစ်ပါးနဲ့ ဆုံတယ်၊ အိမ်မှာ စိုက်ထားဖို့ စွန့်လိုက်တာဗျ။

"အကာကြီးရေ...ဒီဂမုန်းပင်ကို ရှေ့ဆိန်နဲ့



www.burmeseclassic.com

www.burmeseclassic.com



စိုက်ပြီး ရေသန့်သန့် မှန်မှန် လောင်း၊ အမွှေးနံ့သာ ပေါက်ဖွန်းပေး ပွင့်လာရင် ဘုရားပန်းလှူ၊ အပင်ကို အမြဲ သတိထားကြည့်၊ အကြောင်းမဲ့ မညှိုးစေနဲ့၊ အပင်ညှိုးရင် တစ်ခုခု ကြုံတွေ့ရတတ်တယ်၊

ဂမုန်းပင်က တစ်စုံတစ်ခု ဖြစ်လာမှာကို ပုဗ္ဗနိမိတ် ရှေ့ပြေး သတိပေး တတ်တယ်၊ သက်မဲ့ ရုက္ခပင်လို့ ထင်ရပေမယ့် ပိုင့်ပိုင်းလို အချက်ပြ တတ်တယ်''တဲ့၊

ကျွန်တော်လဲ ဂရုတစိုက်ပဲ စိုက်ခဲ့ပါ တယ်။ အပင်ကြီးထွား လန်းဆန်း ဝေဖြာ ပန်းတွေပွင့်တော့ ကျက်သရေရှိ လိုက်တာဗျာ။ စိုက်လို့ (၂)နှစ်လောက် အကြာ တစ်မနက် ကျွန်တော် အိပ်ရာ ထချိန်မှာ အပင်က ညှိုးကျနေတယ်။

ဒီနေ့ ကျောင်းအစည်းအဝေး အမီ သွားရမှာဆိုတော့ လက်ဖက်ရည် သောက် ထမင်းဘူးဆွဲပြီး သံဖြူဇရပ် အ.ထ.ကကို သွားခဲ့ရတယ်။

နေ့လယ်ဘက်မှာ ရွာက အိမ်နီးချင်း တစ်ယောက် ရောက်လာပြီး ဒီနေ့ မနက်(၁၀)နာရီလောက်က တစ်အိမ် တည်းနေ ယောက္ခမကြီး ကားတိုက်ခံရ လို့ ဆေးရုံတင်ထားရကြောင်း လာ ပြောတယ်။

ကျွန်တော် ခွင့်တင်ပြီး ဆေးရုံကို ပြေးခဲ့ရတယ်။ ညနေ အိမ်ကို ပြန် ရောက်တော့ နဂါးမောက်ဂမုန်းပင်ကြီး ရဲ့ အရွက်တွေ မြေမှာ ညှိုးကျနေဆဲပဲ ဗျာ။ ရေမှန်မှန် လောင်းပါလျက်နဲ့ ညှိုးကျသွားပုံကို စဉ်းစားရင်း ဦးပဉ္ဇင်း မှာလိုက်တဲ့ စကားကို ပြန်သတိရလိုက် တယ်။

ပုဗ္ဗနိမိတ်အဖြစ် လူကို အသိပေးတာ ပဲဆိုပြီး အမွှေးနံ့သာတွေနဲ့ ရေလောင်း လိုက်တော့မှ ည ခုနစ်နာရီလောက် မှာ နဂိုအတိုင်း ပြန်လန်းဆန်းသွား တယ်ဗျ။

ယောက္ခမကြီးလဲ အပြင်းအထန် ဒဏ်ရာမရလို့ နှစ်ရက်လောက်ကြာ တော့ ဆေးရုံကနေ ပြန်ဆင်းခဲ့ရတယ်။

ဒါက ကျွန်တော့်အိမ်မှာ ပထမ အကြိမ် ထူးခြားမှု၊ ဒုတိယအကြိမ် ထူးခြားမှုကတော့ ကျွန်တော့်ဆီက နဂါးမောက်ဂမုန်းတောင်းပြီး စိုက်ခဲ့တဲ့ ပန်းထိမ်ဆရာတစ်ဦးအိမ်မှာပေါ့။

သူက ဘုရားတရားသမားဗျ၊ နေ့စဉ် ဂုဏ်တော်ကွန်ချာပုတီးစိပ်၊ ပရိတ် ပဋ္ဌာန်းပူဇော်တယ်။ စိုက်ထားတဲ့ ပန်းပင်တွေကို အမြဲ ပြုပြင်နေတာ။ အထူးသဖြင့် နဂါးမောက်ဂမုန်းကို ဂရုစိုက်တယ်။

တစ်နေ့ နေ့လယ်ပိုင်းမှာ နဂါး မောက်ဂမုန်းပင်ကြီးက ညှိုးကျသွား တယ်။ သူ သတိထားမိတာနဲ့ ချက်ချင်း ပဲ အမွှေးနံ့သာတွေထွန်း ပရိတ်ကြီး (၁၁)သုတ် ရွတ်တယ်တဲ့ဗျာ။

တိုက်ဆိုင်ချင်တော့ အဲဒီညမှာ သူ့အိမ် တစ်အိမ်ကျော်ကစပြီး မီးထ လောင်လိုက်တာ အိမ်သုံးလုံး မီးထဲပါ သွားတယ်။ သူ့အိမ်ကို မီးမကူးဘူးတဲ့။ မီးကွင်းသွားတယ်။

မီးဟပ်လို့ အပင်တွေ များ နာသွားပြီလားဆိုပြီး လိုက်ကြည့်တော့ နဂါး မောက်ပင်ကြီးက ထိုးထိုး ထောင်ထောင်နဲ့ လန်း လန်း ဆန်းဆန်း ဂမုန်း တွေ ပွင့်နေသတဲ့ဗျာ'

**ကျွန်ုပ်**။ ။ 'နဂါးမောက် ဂမုန်း သတိ ပေးလို့ အဲဒီ မိတ်ဆွေ အသိဝင်ပြီး အမွှေးနံ့သာဖျန်း၊ ပရိတ်တော်ထဲက ဝဋ္ဋသုတ်ရွတ်တာကြောင့် ပရိတ်တော်ရဲ့ အာနုဘော် အစွမ်းကြောင့် မီးကွင်းသွား တာ အဓိက ကျမှာပေါ့'

**ဆရာကျော်**။ ။ 'နဂါးမောက်ဂမုန်း မီးနိ အချက်ပြလို့၊ ပရိတ် တော်အစွမ်းလို့ ကျွန်တော် ယုံကြည်ပါ တယ်။

ဘာပဲဖြစ်ဖြစ် စိုက်ထားသင့်တဲ့ ဂမုန်းထဲမှာ နဂါးမောက်ဂမုန်းလဲ ပါ,ပါတယ်'

**ကျွန်ုပ်** ။ ။ 'ဟုတ်ပါပြီဗျာ ဒါဆိုရင် ကျွန်တော့်ကိုလဲ...'

**ဆရာကျော်**။ ။ 'ပေးပါ့မယ်ဗျာ၊ ဆရာ သာ နဂါးမောက် အကြောင်း ရေးလိုက် ပါ'

**ကျွန်ုပ်** ။ ။ 'စိတ်ချပါ ဆရာကျော် ရေ ကျွန်တော့်အတွက် အချိုရာ သကာနဲ့တွေ့ ဆိုတာလို **"ကျွန်ုပ်နှင့်ဆန်းကြယ်သောဂမုန်းများ"** အတွက် ရေးစရာကုန်ကြမ်း ရပြီဗျို့။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ စောင့်သာ ဖတ်ပေတော့ဗျာ'

**ဝသုန်သက်လွင်**



www.burmeseclassic.com

www.burmeseclassic.com

ဆီးချိုရှိသူများ၏

# အနာအာတွက်

ဆေးတစ်လက်

ဟာသ်ာ ခိုကျော်

'ရွှေဆိုင် ကိုခင်ကြည် သမီးလေး ခြေတစ်ချောင်း ဖြတ်လိုက်ရတယ်။ ဆီးချိုရှိတော့ အနာမကျက်လို့'

'လက်သမားကိုခင်မောင် သား တစ်ယောက်လဲ လက်ညှိုးတစ်ချောင်း ဖြတ်လိုက်ရတယ်၊ ဆီးချိုကြောင့် အနာမကျက်လို့'

'မာမက်ကတော့ အနာမကျက်လို့ မေးခိုင်ပိုးဝင်သွားပြီး အသက်ပေးလိုက်ရတယ်။ ဆီးချိုကြောင့် အနာမကျက်လို့'

ဆီးချိုရောဂါဟာ ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းမှာ အဖြစ်များလာကြပါတယ်။ ခေတ်မီသူတိုင်း ဆီးချိုဖြစ်ကြတယ်လို့ ပြောရမလောက်ပင်။ ကျွန်တော် မေတ္တာသုတ်ကို ထပ်တလဲလဲ ရွတ်ဖတ်ပြီး မေတ္တာပို့နေပေမယ့် ထိရောက်မှု မရှိသေးဘူး ပြောရမလောက်ပင်။ ဒီရောဂါက အတ္တ အခြေခံပြီး ဖြစ်ကြတာပါ။

အချို့၊ အငန်၊ အဆိမ့်တို့ လွန်ကျူးစွာ စားသုံးသူတွေ ဖြစ်ကြတာပါ။ အသီးအရွက်စားတဲ့ခလေ့ အားနည်းသွားကြပြီး အသားငါးကို မက်မောစွာ စားသုံးနေကြတာကြောင့် ရောဂါအဖြစ်များကြတာပေါ့။

ကျွန်တော်တို့ စာပေသမားများကထဲ လက်လှမ်းမီသမျှ ဆေးမြီးတိုများကို စုဆောင်းတင်ပြနေကြပါတယ်။ ပျောက်တဲ့သူတွေ ရှိကြသလို မပျောက်တဲ့သူတွေလဲ ရှိကြပါတယ်။

သတ္တဝါမှန်သမျှ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းထားတာပါ။ ပထဝီဓာတ် ဦးဆောင်ဖွဲ့စည်းထားတဲ့ ခန္ဓာကိုယ်ရှိသူရဲ့ ဆီးချိုကို ပျောက်ကင်းခဲ့ပေမယ့် ကျန်ဓာတ်ကြီးသုံးပါးနဲ့ ဦးဆောင်ဖွဲ့စည်းထားတဲ့ သူများကတော့ ပျောက်ချင်မှ ပျောက်မှာပါ။ ဓာတ်ဖွဲ့စည်းမှု ကွာခြားမှုကြောင့်ပါပဲ။



ကျွန်တော်တို့ စာပေသမားများမှာ ဓာတ်လေးပါး ပိုင်ဆိုင်ကြသူများအထဲမှ တစ်ယောက်လောက် ပျောက်တယ်ဆိုသော် ရေးသားရကျိုး နပ်ပါတယ်။ ဆက်လက်ပြီး ရေးနေကြဦးမှာပါ။

မြန်မာနိုင်ငံရဲ့ (၇၀)ရာခိုင်နှုန်းဟာ ဆင်ရဲနွမ်းပါးကြသူများ ဖြစ်ကြပါတယ်။ အထူးကုဖြင့် ကုသရင် နှစ်သောင်းကျော်၊ ရိုးရိုးဆရာဝန်နဲ့ပြရင် သုံးထောင်ကျော်၊ တစ်နေ့လုပ်အားခ သုံးထောင်မကျော်တဲ့သူတွေ ငါးဆယ်ရာခိုင်နှုန်းလောက် ရှိနေပါသေးတယ်၊ ဆေးမြီးတို မသုံးရင် အသေခံကြရမှာလား စဉ်းစားကြည့်စမ်းပါ။

ဆီးချိုရောဂါဆိုတာ ဘယ်လိုရောဂါမှန်း ကျွန်တော် မသိခဲ့ပါဘူး။ မခံစားဘူးသေးတော့ မသိသေးဘူးပေါ့ဗျာ။ ဒါပေမယ့် တစ်ခုတော့ ရှိတယ်ပေါ့။ ကျွန်တော့်အမေက သားသုံးယောက်ထဲမှာ ကျွန်တော့်ကို အချစ်ဆုံး။ "သားလတ်...သားလတ်"နဲ့ ပါးစပ်ဖျားက မချဘူး။

အမေ သေခါနီးမှာ ဘယ်သူမှ မသိအောင် တိုးတိုးတိတ်တိတ်ကလေး အမွေပေးခဲ့တယ်။ ကျွန်တော် စာပေမိတ်ဆွေတွေမို့ သိအောင်ပြောတာ။ ညီအစ်ကိုရင်းတောင် မပြောခဲ့ဘူး။ အမွေခွဲပေးရမှာစိုးလို့။ မြတ်မြတ်နိုးနိုး ထာဝရ မသေခင်အထိ သိမ်းဆည်းထားမှာပါ။ စိန်၊ ရွှေ၊ ပတ္တမြားတို့ထက် အဖိုးတန်တယ်နော်။

မယုံမရှိနဲ့...ခင်ဗျားတို့ သိပ်သိချင်နေပြီပေါ့။ ပြောပြပါ့မယ်၊ သေသေချာချာ နားစိုက်ထောင်နော်။ အမေပေးခဲ့တဲ့ အမွေက ဘယ်သောအခါမှ မပျောက်ပျက်နိုင်တဲ့ "**သွေးတိုးရောဂါ**" မျိုးရိုးဆက်ရောဂါ အမွေပါ။

သွေးပေါင်ကျဆေးသောက်၊ လမ်းလျှောက်နဲ့ ရောဂါတိုးလာမှာစိုးလို့ ထိန်းထားရတယ်၊ သွေးပေါင်တက်ရင် တစ်နာရီလောက် လမ်းလျှောက်လိုက်ပါ။ ချွေးစိုရင် ဆေးရုံကို သွားစရာ မလိုပါဘူး။

ဒီလိုနဲ့ ရောဂါနဲ့ မိတ်ဆွေတွေက မိတ်ဖွဲ့ပြီး ရောက်လာကြတယ်၊ ရောဂါမှန်းလဲ မသိခဲ့ပါဘူး၊ သွေးပေါင်တက်



www.burmeseclassic.com

www.burmeseclassic.com

တယ် ထင်တာနဲ့ လမ်းလျှောက်ထွက်လာခဲ့တယ်။

ခြေဆစ်ကလေးတွေ အပ်နဲ့ ထိုးဆွသလို တဆစ်ဆစ် ကိုက်လာတယ်။ ခြေဖဝါးတွေကလဲ နာကျင်လာတယ်။ ကျွန်တော် လမ်းလျှောက်တာ ဝါသနာပါတယ်။ သုံးမိုင်ခရီးကို မနားတမ်း လျှောက်နိုင်တယ်။ အခုတော့ တစ်ဖာလုံလောက်မှာ တစ်ခါ ခြေသလုံး ခြေဖဝါးကို နှိပ်နေရတယ်။

မသက်သာလို့ နီးရာဆေးခန်း ဝင်ပြတော့မှ သွေးတိုးရောဂါရဲ့ အဖော်က ရောက်နေတာကိုး။ သူကတော့ **"ဆီးချို" ခေါ်တဲ့** ချာတိတ်ငယ်လေးပေါ့။

ဆီးချိုဖြစ်ရင် အနာမကျက်ဘူး၊ ဒါကြောင့် အနာမဖြစ်အောင် ကြိုးစား၊ ဒေါက်တာတွေရဲ့စကား၊ မိတ်ဆွေအပေါင်းအသင်းများရဲ့စကား၊ သီချင်းလောက် နားထောင်မကောင်းပေမယ့် နားထောင်နေရတာပါပဲ။ ကြာတော့လဲ နားဝင်ချိုပြီပေါ့။

အနာဆိုတာ လိုလိုလားလား မြတ်နိုးရတဲ့အရာမှ မဟုတ်တာ။ ဘယ်သူက ဖြစ်ချင်မှာလဲ၊ ကြောက်ပါတယ်ဆိုမှ သွေးစုနာက လာပြီးပေါက်နေသေးတယ်။ ကျွန်တော်က "အေ" သွေးလေ။ အနာဆိုရင် သိပ်ကြာကြာ မခံစားရပါဘူး။ ပျောက်တာပါပဲ။ ဒါပေမယ့် အခုတော့ (၄၅)ရက်ရှိပြီ အနာက မကျက်နိုင်၊ ကြောက်တော့ မကြောက်ပါဘူး။ နည်းနည်းလေးတော့ စိုးရိမ်စိတ်လေး ဝင်မိတယ်။

တစ်နေ့ ကျွန်တော့်ချွေးမလေးရဲ့ အမေက ပရဆေးပစ္စည်းနှစ်မျိုးကို ပေးပြီး သွေးလိမ်းခိုင်းပါတယ်။ ဒီဆေးကို ဆီးချို(၅၀၀)ရှိပြီး အနာပေါက်တဲ့သူတောင် ပျောက်တယ်လို့ ပြောပါတယ်။

ကျွန်တော် အားနာမှုနဲ့ လိုက်လိုက်လျောလျော ယူလိုက်ပါတယ်၊ အင်္ဂလိပ် အနာပျောက်ဆေး မျိုးစုံအောင် ထည့်ခဲ့ပေမယ့် မပျောက်နိုင်တဲ့ အနာအတွက် မျှော်လင့်ချက်တော့ ပုံအောပြီး မထားပါဘူး။

ဆေးလိမ်းပြီး (၃)ရက်နေ့အထိ မထူးခြားပါဘူး။ လေးရက်မြောက်ကြတော့ အနာထိပ် တင်းသွားပြီး အနာညှိုးသွားပြီး တစ်ပတ်လောက် အကြာမှာပဲ အနာ လုံးဝ ကျက်သွားတော့တာပါပဲ။

ကျွန်တော်နဲ့ လက်လှမ်းမီသမျှကိုလဲ ဒီဆေးကို ပေးဝေပြီး စေတနာအလျောက် ကုသိုလ်ပြုခဲ့ဖူးပါတယ်။ ပျောက်သူများပါတယ်။ ထို့ကြောင့် ကျွန်တော်နဲ့ ရောဂါတူ ဝေဒနာတူ ခံစားနေသူ ရောဂါရသူ ညီအစ်ကို မောင်နှမများ ပျောက်ကင်းစေရန် စေတနာထား၍ ရေးသားလိုက်ရပါတယ်။

ပရဆေးဆိုင်များတွင် ဝယ်ယူသုံးစွဲနိုင်ပါတယ်၊ ယင်းပစ္စည်းများ သွေးလိမ်းပြီးတိုင်း နေလှန်းထားပါ။ အစိုပြန်၍ ပျော့စိစိ ဖြစ်နေတတ်ပါတယ်။ အဖိုးမတန်ပါ။ (၅၀၀)ထက် ပို၍ တန်ဖိုးမမြင့်ပါ။

**ဆေးမှာ...**

ဇာတိပ္ဖိုလ်သီးနဲ့ ပန်းဥ ဖြစ်ပါတယ်၊ ယင်းနှစ်မျိုးကို ကျောက်ပျဉ်တွင် ပျစ်အောင် သွေး၍လိမ်းပါ။ တစ်နေ့ လေးကြိမ်မျှ လိမ်းပေးပါ။

**[သစ္စာသည် မှန်ကန်သော တရားဖြစ်တယ်။]**

*စာပေသစ္စာဖြင့်...*

**ဟာသ်ာတမိုးကျော်**


**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
**ဖတ်ရှုလိုသူများသို့...**

စာတိုက်ရှိသော
မည်သည့်ဒေသတွင်
နေထိုင်သူများဖြစ်စေ၊
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို
လပေးဖတ်ရှုလိုပါက
စာဖတ်သူများလက်ဝယ်
အရောက်
ပို့ဆောင်ပေးပါမည်။
စာအုပ်ရောက်
ဈေးယူစနစ်ဖြင့်
တစ်လလျှင် ၂၆၀၀ိ/ကျပ်
(နှစ်ထောင့်ခြောက်ရာကျပ်နှုန်း)
ကျသင့်ပါသည်။
လပေးဖတ်ရှုလိုသူများ
အောက်ပါလိပ်စာသို့
အကြောင်းကြား
မှာကြားနိုင်ပါသည်။

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
အမှတ် ၂၀၉-ခမြေညီ၊
၂၉-လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂၂၈၄၊
၀၉ ၇၇၆ ၃၄၆ ၁၅၅၊
၀၉ ၆၅၂ ၀၁၃၄၀။




www.burmeseclassic.com

www.burmeseclassic.com

# ထီကံမြှင့်




## ဆုတောင်းပြည့်အဓိဋ္ဌာန်

ထီကံကောင်းစေရန်အတွက် **စနေနဝင်းပေါ်မယ့် အင်္ဂါအခါများတွင်** ဆောင်ရွက်ရပါမယ်။

ကြည့်ပါ...

* * *




နေ့အလိုက် အင်္ဂါအခါများ

| | |
|---|---|
| တနင်္ဂနွေ | ၃း၀၀ – ၄း၃၀ နာရီ |
| တနင်္လာ | ၁၀း၃၀ – ၁၂း၃၀ နာရီ |
| အင်္ဂါ | ၆း၀၀ – ၇း၃၀ နာရီ |
| ဗုဒ္ဓဟူး | ၁၂း၀၀ – ၁း၃၀ နာရီ |
| ကြာသပတေး | ၇း၃၀ – ၉း၀၀ နာရီ |
| သောကြာ | ၁း၃၀ – ၃း၀၀ နာရီ |
| စနေ | ၉း၀၀ – ၁၀း၃၀ နာရီ |

**ထီကံကောင်းစေဖို့ မွေးနေ့ နဝင်းချိန်များတွင်...**

**ရှာနမှုဗြာရှင်ပွားတော်အား** သက်တော်ထင်ရှား မြတ်ဘုရားအသွင် စိတ်ထဲ အထူးအာရုံထားပြီး...

**စွယ်တော်ညွန့်(၁၈)ညွန့်ကို** လှူဒါန်းပါ။

ပြီးရင်...

**ဇိ–ဇချက်ဂါထာကို** ၁၈–ခေါက်ရွတ်ပါ။

ပြီးရင်...

**ခိုစာကျွေးပါ။ ပုံသကူစွန့်ပါ။**

ဇိ(ဇ)ချက်ဂါထာတော်

သိဒ္ဓါဘဝန္တု ဇိနစက္ကဝရာဘိဝုမိယော၊
ဇိနာတိ မာရာရိ ဇိနော ဒယာလယော။
ဇိနတ္တဓမ္မော စ ဇိနေန ပူဇိတော၊
ဇိနော ရသော နန္တ ဇိနပ္ပသံသိတော။
ဇိနာဒယော တေရိ ဇိတေ နမာမဟံ။

ခက်ခဲသော ပါဠိအသံထွက်

**သိဒ္ဓါဘဝန္တု** = သိဒ်ဓာဘဝန်တု
**ဇိနစက္က** = ဇိနစက်က
**ဝရာဘိဝုမိယော** = ဝရာဘိဝုတ်တိယော
**ဇိနတ္တဓမ္မော** = ဇိနတ်တဓမ်မော
**ရသောနန္တ** = ရတ်သောနန်တ
**ဇိနပ္ပ** = ဇိနပ်ပ

အနက်

**ဇိနစက္ကဝရာဘိဝုမိယော** – မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီး အလွန်ပွားများ တိုးတက်ခြင်းတို့သည်၊ **သိဒ္ဓါ**–ပြီးမြောက်ကုန်သည်၊ **ဘဝန္တု**–ဖြစ်စေကုန်သတည်း၊ **ဒယာလယော** – မဟာကရုဏာ၏ တည်ရာဖြစ်တော်မူသော၊ **ဇိနော**–မြတ်စွာဘုရားသည်၊ **မာရာရိ** – ဒေဝပုတ္တ စသောမာရ်၊ ဆသတ္တာရ စသော ရန်တို့ကို၊ **ဇိနာတိ**–အောင်တော်မူတတ်၏။ **ဇိနတ္တဓမ္မောစ**–မြတ်စွာဘုရား ဟောကြားအပ်သော တရားတော်မြတ်ကိုလည်း၊ **ဇိနေန**–မြတ်စွာဘုရားသည်၊ **ပူဇိတော**–ပူဇော်တော်မူအပ်၏။

**ဇိနောရသော** – မြတ်စွာဘုရား၏ တရားတော် ရင်နှစ်သားတော်ဖြစ်သော အရိယာသံဃာတော်အပေါင်းကိုလည်း၊ **အနန္တဇိနပ္ပ သံသိတော** – အတိုင်းမသိကျေးဇူး တော်ရှိသော မြတ်စွာဘုရားသည် ချီးမွမ်းတော်မူအပ်၏။

**အရိဇိတေ** – ရန်တို့ကို အောင်မြင်တော်မူကုန်သော၊ **တေဇိနာ ဒယော**–ထိုဘုရား စသော ရတနာသုံးပါးတို့ကို၊ **အဟံ**–အကျွန်ုပ်သည်၊ **နမာမိ**–ရှိခိုးပါ၏။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ချွေ မွှာစရိယ(မဟာဝဏ္ဏိဗိမြန်မာဂုဏ်ထူး)၊ ဒီယသာသာဆက–ဇီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။]*

***အေးမြရင်မှာ ရှိပါစေ။***

**သန်းခေါင်(ပညာရေး)**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွင်း

# နေ့ကောင်းရက်သာ ရွေးချယ်ပါ



ကျွန်ုပ်တို့သည် နံနက် မိုးလင်းအိပ်ရာမှထ မျက်စိနှစ်လုံး စဖွင့်သည့်မှစ၍ ဤနေ့ဤရက်သည် ငါ့အတွက် ကံကောင်းသော နေ့တစ်နေ့ ဖြစ်မည်လော...၊

ဤနေ့ ဤရက်သည် ငါ့အတွက် ကံမကောင်းတတ်သော နေ့တစ်နေ့ ဖြစ်မည်လော...၊ စသည်ဖြင့် မိမိတို့၏ နေ့စဉ် ကံကြမ္မာ အကောင်းအဆိုးကို လူတိုင်းလိုလိုပင် သိချင်ကြပေလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်သည် စာဖတ်ပရိသတ်ကြီးအား ဤနေ့ဤရက်သည် သင့်အတွက် ကံကောင်းနိုင်သည်၊ ဘာပဲ လုပ်လုပ် အဆင်ပြေ အောင်မြင်နေမည်။ အရေးကြီးသော လုပ်ငန်းဆောင်တာများ ကိုလုပ်ပါ။

ဤနေ့ ဤရက်သည် မကောင်း။ ပြဿနာများ တစ်ခုပြီးတစ်ခု ကြုံတွေ့ရတတ်သည်။ တတ်နိုင်သမျှ ငြိမ်ငြိမ်လေး နေပါ။ အရေးကြီးသော လုပ်ငန်းတွေ ဘာမှ မလုပ်မိပါစေနဲ့...ဟု ထိထိရောက်ရောက် အနီးကပ် ကူညီပံ့ပိုး အကြံပေးလို၍ တစ်ဦးစီ တစ်ဦးစီ၏ ကိုယ်ပိုင် ကံကောင်းသော နေ့ရက်များနှင့် ကံဆိုးသောနေ့ရက်များကို သေချာကနသိရှိစေရန် အလို့ငှာ စေတနာရှေ့ထား လက်ဆောင်ပါးကာ ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

❖ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ❖

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| 30 ၄ | 31 ၅ | | | | | 1 ၂ |
| 2 ၃ | 3 ၄ | 4 ၅ | 5 ၆ | 6 ၇ | 7 ၈ | 8 ၉ |
| 9 ၁ | 10 ၂ | 11 ၃ | 12 ၄ | 13 ၅ | 14 ၆ | 15 ၇ |
| 16 ၈ | 17 ၉ | 18 ၁ | 19 ၂ | 20 ၃ | 21 ၄ | 22 ၅ |
| 23 ၆ | 24 ၇ | 25 ၈ | 26 ၉ | 27 ၁ | 28 ၂ | 29 ၃ |

မူလပြက္ခဒိန်ရက်စွဲများကို အင်္ဂလိပ် ဂဏန်းဖြင့် ဖော်ပြထားပါသည်။ ယင်းနေ့များကို လွှမ်းမိုးနေသော စိုးမိုးဂဏန်းများကိုမူ မြန်မာဂဏန်းဖြင့် ဖော်ပြထားပါသည်။ တွက်ပုံတွက်နည်းမှာ သင်၏ အင်္ဂလိပ်မွေးရက်နှင့် တွက်လိုသောနေ့၏ စိုးမိုးဂဏန်းကို ပေါင်းပါ။ တစ်လုံးတည်း ကျန်အောင်ပေါင်းပါ။

**ဥပမာ။ ။ အင်္ဂလိပ် (၂၃)ရက်နေ့တွင် မွေးဖွားသူဆိုပါစို့။**

**အောက်တိုဘာလ** (၂၈)ရက်နေ့ကို တွက်လိုသည် ဆိုပါစို့။ (၂၈)ရက်နေ့၏ စိုးမိုးဂဏန်းမှာ (၂)ဟု တွေ့ရပေလိမ့်မည်။ ယင်းမွေးရက် (၂၃)နှင့်ပေါင်းလျှင် (၂၅)ရ၏။ ယင်း(၂၅)ကို တစ်လုံးတည်းဖြစ်အောင် ပေါင်းလျှင် ၂ + ၅ = ၇ ရ၏။ ထို့ကြောင့် ထိုသူအတွက် **အောက်တိုဘာလ(၂၈)** ရက်နေ့တွင် (၇)**ဂဏန်း** ကြီးစိုးနေ၏။

၁-ဂဏန်း ကြီးစိုးသောနေ့တွင် အသစ်စတင်ရခြင်း၊ တီထွင်ဖန်တီးရခြင်းများ ကြုံရတတ်၏။

၂-ဂဏန်း ကြီးစိုးသောနေ့တွင် တောင်းထားသော အကူအညီများရရှိခြင်း၊ မိမိက အကူအညီ ပေးရခြင်းများ ကြုံရတတ်၏။

၃-ဂဏန်း ကြီးစိုးသောနေ့တွင် ရည်မှန်းသည့်အတိုင်း အောင်မြင်မှုများ ကြုံရတတ်၏။

၄-ဂဏန်း ကြီးစိုးသောနေ့တွင် အကျပ်အတည်းများ၊ စိတ်ညစ်စရာများ ကြုံရတတ်၏။

၅-ဂဏန်း ကြီးစိုးသောနေ့တွင် ပျော်ရွှင်ကြည်နူးစရာများ ကြုံရတတ်၏။

၆-ဂဏန်း ကြီးစိုးသောနေ့တွင် လွန်မောတသဖွယ် အဖြစ်အပျက်များ၊ တိုးလိုးတန်းလန်း ဖြစ်ရခြင်းများ ကြုံရတတ်၏။

၇-ဂဏန်း ကြီးစိုးသောနေ့တွင် ထူးဆန်းအံ့ဩဖွယ်များ၊ မထင်မှတ်သော ဖြစ်ရပ်များ ကြုံရတတ်၏။

၈-ဂဏန်း ကြီးစိုးသောနေ့တွင် စိတ်ညစ်ရခြင်း၊ ထွက်ပေါက်ပိတ်ခြင်း၊ ရည်ရွယ်ချက်ပျက်စီးခြင်းများ ကြုံရတတ်၏။

၉-ဂဏန်း ကြီးစိုးသောနေ့တွင် ဘာသာရေး ပညာရေး ဆရာသမားနှင့် ပတ်သက်သော ကိစ္စများ ကြုံရတတ်၏။

မိတ်ဆွေအနေနှင့် **၄၊ ၈၊ ၆ ဂဏန်း** ရသော ရက်များကို သတိပြု ရှောင်ကြဉ်သင့်ပါသည်။ အကောင်းဆုံးမှာ **၃၊ ၅** ဂဏန်းရသော ရက်များပင် ဖြစ်ပါသည်။ ဒုတိယ အကောင်းဆုံးမှာမူ **၁၊ ၂၊ ၇၊ ၉ ဂဏန်း**ရသော ရက်များပင် ဖြစ်ပေတော့သတည်း။

***မကောင်းရက်ရှောင်၊ ကောင်းရက်ဆောင်ကာ မြားမြောင်ကိစ္စ ဆောင်ရွက်ကြလျှင် ဆန္ဒပြည့်ဝ လူလုံးလှကာ လောကအလယ် ဂုဏ်ဝင့်ကြွယ်သည် လောကီပညာ အကျိုးတည်း။***

***ကောင်းမှုအကြောင်းပြု တောင်းဆုပြည့်ပါစေ***

**သုခစုစ်(ကျိုက်လတ်)**

www.burmeseclassic.com

# ငါးမည်ရှိ အစွမ်းထက်ဆေးပင်

ဇော်ငြ (LL.B)



ငါးမည်ရှိဆေးပင် ပေါ်များသော သမိုင်းဝင် စပါးလမ်း ဂဠုန်တောင် ရှုခင်းတစ်နေရာ

ကြာအင်း ပေါ်တော်မူကျောင်း ဆရာတော်၏ သာသနာ့ပြုနယ်မြေ တစ်ဌာနဖြစ်သော **"သမိုင်းဝင် စပါးလမ်း ဂဠုန်တောင်ဘေးမဲ့တော"** သို့ ကျွန်ုပ် ယခုမှ စတင် ရောက်ဖူးခြင်း ဖြစ်ပါသည်။

တောင်ခြေမှ တောင်ထိပ်ပေါ်သို့ ထုံးဖြူဖြူစေတီတော် အဆူများစွာ စီတန်း တည်ထားသည်ကို ကြည်ညိုဖွယ် ဖူးတွေ့ရပါသည်။

တောင်တန်းပေါ်မှတွင်လည်း ထုံးဖြူဖြူစေတီတော် အဆူပေါင်း များစွာကို ဖူးမြင်ရပါသည်။

ဒေသခံ တိုင်းရင်းဆေးဆရာတစ်ဦးက ကျွန်ုပ်ကို ဆိုင်ကယ်ပေါ်တင်၍ ထိုနေရာကို ပို့ဆောင်ပေးခဲ့ခြင်း ဖြစ်ပါသည်။

ရည်ရွယ်ချက်ကတော့ ဘုရားဖူးရန် မဟုတ်ပါ။ အလွန် အစွမ်းထက်သည် ဆိုသော တိုင်းရင်းဆေးပင် တစ်ပင်ကို ရှာဖွေတွေ့ရှိထားသဖြင့် လက်တွေ့ မျက်မြင် တွေ့ဖူးစေရန်နှင့် ဓာတ်ပုံရိုက်နိုင်စေရန်ဖြစ်ပါသည်။

ဆေးပင်တစ်ပင်ဆိုသည်မှာ အမျိုးအစားတစ်မျိုးဟု ဆိုလိုခြင်းဖြစ်ပါသည်။ အမှန်မှာ ထိုဒေသတွင် ၎င်းဆေးပင်များလွန်စွာ ပေါများလှပါသည်။

'ကရင်တိုင်းရင်းသားတွေရဲ့ ရိုးရာလက်သုံးဆေးပင်ပဲ။ အမဲလိုက်တဲ့လုပ်ငန်း၊ တောင်ယာလုပ်တဲ့လုပ်ငန်းတွေကို လုပ်ကိုင်အသက်မွေးတဲ့အပြင် ယဉ်ကျေးမှုကတည်းက ရိုးရာလက်တွေ့ထုံးပွဲတွေကိုလဲ အမြဲလိုလို ဆင်နွှဲကြတဲ့ ကရင်တိုင်းရင်းသားတွေအတွက် အမောအပန်းခံနိုင်ဖို့၊ သက်လုံကောင်းဖို့၊ ခွန်အားပြည့်ဖို့၊ ဒဏ်ကျေဖို့၊ အိပ်ပျော်စားဝင်ဖို့ ဒီဆေးပင်ကို အဓိက သုံးကြတယ်'

ဆေးပင်လိုက်ပြပေးသော တိုင်းရင်းဆေးဆရာက ထိုသို့ ရှင်းပြပါသည်။

ဆေးပင်ကို ကြည့်သောအခါ ချုံပင်အမျိုးအစားဖြစ်ကြောင်း တွေ့ရသည်။ အချို့က အမြင့် သုံး,လေးပေခန့်၊ အချို့က အမြင့် လေး,ငါး,ခြောက်ပေခန့် အထိ ရှိကြသည်။ တစ်နေရာတည်းမှာ အပင်ငယ်များ လေး,ငါးပင် စုပြုံပေါက်ကြသည်။

ပင်စည်ရိုးတံမှာ နီညိုရောင်ဖြစ်ပြီး လက်ညှိုးလုံး၊ လက်မလုံးခန့်သာ ရှိပါသည်။ အကိုင်းခွဲများတွင် အစိမ်းရောင် အရွက်များ ဘယ်ညာ ရွက်ပြိုင်ထွက်ကြသည်။ အရွက်အရှည်မှာ နှစ်လက်မခန့်ရှိပြီး အကျယ်မှာ တစ်လက်မခန့် ရှိသည်။

"ဒီဆေးရွက်တွေက ထူးခြားတယ်။ သားရေနဲ့တူတယ်။ လက်ဖဝါးထဲထည့်ပြီး ပွတ်ခြေကြည့်ပါ။ ဘယ်လိုမှ ကြေမသွားပါဘူး။ ဒါကြောင့် တချို့ တိုင်းရင်းမြန်မာ ဆေးဆရာတွေက "ပွတ်မကြေ" လို့ ခေါ်ကြတယ်။ တချို့ ဒေသခံတွေက "ဆေးသားရေ" လို့လဲ ခေါ်ကြတယ်။

ဒါကြောင့် ဒီဆေးပင် ဆေးရွက်တွေနဲ့ ဖော်စပ်တဲ့ဆေးကို အမြဲသုံးစွဲကြတဲ့ ကရင်လက်တွေ့သမားတွေက တခြားပြိုင်ဘက်လက်တွေ့သမားတွေ ဘယ်လောက်ထိုးထိုး ဘယ်လောက်ကန်ကန် တော်ရုံနဲ့ သွေးထွက်တာမျိုး မဖြစ်ဘူး။ နာနာကျင်ကျင်လဲ သိပ်မခံစားကြရဘူး။ အသားအရေက သားရေလို ဖြစ်နေတာပေါ့။

မြန်မာ့ရိုးရာ လက်တွေ့လောကမှာ ကရင်

www.burmeseclassic.com



◆ ဖိုမည်ရဆေးပင်ကို သဘာဝအတိုင်း တွေ့မြင်ရပုံ

တိုင်းရင်းသားတွေက အများအားဖြင့် ချန်ပီယံဖြစ်ကြတဲ့ လှိုင်ကြက်ချက်ထဲမှာ အဲဒါက အချက်တစ်ခုပါပဲ'

မှန်လောက်ပါသည်။ ကရင်တိုင်းရင်းသား လက်ဝှေ့သမားများမှာ လက်ဝှေ့ကြိုးဝိုင်းအတွင်းမှာ ကျွဲရိုင်းခတ်သလို တရစပ် လိုက်ထိုးတတ်ကြသည်။ သူ့ကို ဘယ်လောက်ထိုးထိုး ပွန်းပဲ့ ကွဲရှမှု အလွန်ရှားပါသည်။

ဘယ်လောက်ပင် အံထိုးအကြိတ်ခံရစေကာမူ နာသည်မထင်ရလောက်အောင် နောက်မဆုတ်တမ်း တိုက်စစ်ဖွင့်၍ ထိုးကြသည်။ မြန်မာ့လက်ဝှေ့ချန်ပီယံဟောင်း ကရင်တိုင်းရင်းသား ''ဝမ်ချိုင်း''၏ လက်ဝှေ့ပွဲကို ကြည့်ဖူးသူတိုင်း သိနိုင်ပါသည်။

ထို့နောက် အသင့်ယူသွားသော တူးရွင်း၊ ဂေါ်ပြားတို့ဖြင့် ထိုဆေးပင်၏ အမြစ်ကို တူးပြပါသည်။ အမြစ်မှာ ရေသောက်မြစ် တစ်ခုတည်းသာရှိ၍ မြေကြီးထဲ နက်စွာ ရှိပါသည်။ **အမြစ်မွေး၊ အမြစ်မွှားများမရှိပါ။**

အမြစ်အရောင်မှာ ဖြူဝါရောင် (ဆင်စွယ်ရောင်)ဖြစ်သည်။ အမြစ်အစိုအတိုင်းကို ကိုက်ဝါးကြည့်ရာ အလွန့်အလွန် ခါးလှပါသည်။ ဆေးဆရာ၏ အိမ်တွင် ခြောက်သွေ့နေသော အမြစ်ပိုင်းအချို့ကို တွေ့မြင်ခဲ့ရာ ညိုမည်းမည်း မွဲခြောက်ခြောက် ဖြစ်နေသည်။

အောက်ခံ မြေကြီးအရောင်အပေါ် မူတည်ပြီး အမြစ်အရောင် အပြောင်းအလဲရှိကြောင်း ဆေးဆရာက ပြောပြပါသည်။

'ဒီဆေးမြစ်ကို လက်တစ်ဆစ်စာလောက်, ကိုက်ဝါးစားပြီး ရေသောက်ထားလိုက်ရင် တစ်နေ့လုံး ရေမဆာတော့ဘူး။ ဗိုက်မဆာတော့ဘူး။ တောင်ယာလုပ်သူတွေဟာ နေ့စဉ် တောင် သုံး,လေးလုံးကို တောင်တက်တောင်ဆင်း လုပ်ကြရသလို အမဲလိုက်သူတွေဟာ တစ်ရက်မှာ တောင် လေး,ငါး, ဆယ်လုံးလောက် တောင်တက်တောင်ဆင်း ကျော်ဖြတ်သွားလာ လုပ်ရှားကြရတယ်။

ဒီဆေးမြစ်ကို စားထားရင် အမောအပန်းခံနိုင်တယ်။ အပင်ပန်းခံနိုင်တယ်။ တောင်အလုံးပေါင်းများစွာကို ကျော်ဖြတ်သွားလာလုပ်ကိုင်နိုင်ကြတဲ့အတွက် ဒီဆေးပင်ကို "တောင်လုံးကျော်"ဆိုပြီးတော့လဲ ခေါ်ကြပါသေးတယ်'

ဆေးပင်၏ အမည်တစ်မျိုးကို ဆေးဆရာက ထပ်မံ ပြောပြခြင်းဖြစ်ပါသည်။ ကျွန်ုပ်မှလည်း ထိုဆေးပင်ကို ကရင်တိုင်းရင်းသား ဘာသာစကားဖြင့် မည်သို့ ခေါ်ပါသနည်းဟု မေးမြန်းခဲ့ရာ...

'ဒီဒေသမှာ နေထိုင်ကြတဲ့ စကောကရင်တိုင်းရင်းသားတွေက "လော့မံသော့"လို့ ခေါ်ကြပြီး ပိုးကရင်တိုင်းရင်းသားတွေက "ယော်ကသော့"လို့ ခေါ်ကြပါတယ်'

ဟု ပြောပြပြန်သည်။


'ဒီဆေးပင်ကို ဘယ်လိုဆေးဝါးဖော်စပ်စားသုံးကြတာလဲ'






www.burmeseclassic.com

www.burmeseclassic.com



◆ ဝါးမည်ရ ဆေးပင်အမြစ်တစ်ရက်ကို တူးပြီး(၂)ရက် ခန့်အကြာ တွေ့ရပုံ

◆ ဝါးမည်ရဆေးပင်၏ ပင်စည်မှိုင်းများကို ရေဆေးသန့်ထားပုံ



ဟု ကျွန်ုပ်က မေးသောအခါ...

'ဆေးပင်တစ်ပင်လုံး အမြစ်ပါမကျန် ပွစိပါးကို တူးယူပြီး ဓားနဲ့နုပ်နုပ်စဉ်း အခြောက်လှန်း၊ အမှုန့်ကြိတ်တယ်။ ပျားရည်စစ်စစ်နဲ့ ရောနယ်ပြီး အလုံးကလေးတွေ လုံးထားတယ်။ ဖန်ပုလင်းထဲ ထည့်ထားပြီး နေ့စဉ် မနက်တစ်လုံး၊ ညတစ်လုံး စားကြတယ်။

ရောဂါတွေကိုကာကွယ်ပေးသလို အိပ်ပျော်စားဝင်၊ အမောအပန်းခံ၊ အပင်ပန်းခံ၊ အင်အားရှိ၊ အထိအခိုက်ခံနိုင် အနာအကျင်နည်းပါးဖြစ်စေပါတယ်။

နောက်တစ်နည်းကတော့ ဆေးပင် ပွစိပါးကို နုပ်နုပ်စဉ်းအခြောက်လှန်းထားတဲ့ ဆေးဖတ်တွေကို ရေနဲ့ သုံးခွက် တစ်ခွက်ကျန်အောင် ကျိုကြတယ်။ အိုးကြီးရင် ကြီးသလို သုံးပုံ တစ်ပုံကျန်အောင် ကျိုချက်ပြီး ဆေးပင်ပြုတ်ရည်ကို အအေးခံ စစ်ယူရတယ်။

ဖန်ပုလင်းထဲကို ဆေးပြုတ်ရည် သုံးပုံ တစ်ပုံနဲ့ ပျားရည် သုံးပုံနှစ်ပုံ ရောစပ်ထည့်သိမ်းထားရတယ်။ ညတိုင်း အဲဒီဆေးရည်ပုလင်းကို လှုပ်ပြီးမှ ဟင်းစားဇွန်းနဲ့ ကလေးဆိုရင် ဇွန်းတစ်ဝက်၊ လူငယ်-လူကြီးဆိုရင် တစ်ဇွန်းဆိုပြီး သောက်ရတယ်။ ရောဂါတွေ ကြိုတင်ကာကွယ်ဖို့နဲ့ အိပ်ပျော်စားဝင် ခွန်အားပြည့်ဖို့ပေါ့။

အရေးပေါ်ကိစ္စတွေမှာတော့ ကလေး၊ လူငယ် တစ်ဇွန်းစာ၊ လူကြီး နှစ်ဇွန်းစာလောက် သောက်ရတယ်။

ဥပမာ တောင်တက်တောင်ဆင်း ပင်ပန်းကြမ်းတမ်းတဲ့ခရီးမျိုး သွားခါနီး၊ လက်ဝှေ့ထိုးခါနီး၊ ဇနီးမောင်နှံ ညအိပ်ခါနီးတို့လို အချိန်တွေမှာ သောက်ရပါတယ်'

ဟု ဆေးဆရာက ရှင်းပြပါသည်။

ကျွန်ုပ်မှ ထိုဆေးပင်ကို ယူဆောင်လာခဲ့ပြီး အိမ်ရောက်သည်နှင့် ရေစင်အောင်ဆေး၍ နုပ်နုပ်စဉ်းကာ အခြောက်လှန်းပါသည်။


ထို့နောက် ရေသန့်ဖြင့် သုံးပုံ တစ်ပုံကျန်အောင် ကျိုချက်ပါသည်။ ဆေးပြုတ်ရည်ကို ဖန်ပုလင်းတွင် ထည့်ပြီး ပျားရည်ရောထည့် ခြောက်သွေ့သည့်နေရာမှာ ထားရှိပါသည်။

အသက်(၈၀)ကျော် ကျွန်ုပ်၏ ဖခင်ကို ညဘက်ရောက်တိုင်း ဟင်းစားဇွန်း(၂)ဇွန်းခန့် သောက်စေသောအခါ ညဘက်မှာ ကောင်းစွာ အိပ်ပျော်ခြင်း၊ မနက် အိပ်ရာထချိန်မှာ လန်းဆန်းတက်ကြွနေခြင်း၊ စားသောက်ကောင်းခြင်း၊ ဝမ်းမှန်၊ ဆီးရွှင်ဖြစ်ခြင်း၊ ကျန်းမာရေး ပိုကောင်းလာခြင်းများ လက်တွေ့သိမြင်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝါးမည်ရသည့်အပင်၏ ပဋ္ဌမပါးကိုတူးပြီး တစ်ပတ်ခန့်အကြာ နွမ်းခြောက်နေပုံ

ထို့ပြင် နှစ်ပေါင်း လေးဆယ်ခန့် ကြာအောင် အစာအိမ်ရောဂါ ခံစားနေရပြီး စားသောက်ဒါစားဖို့ မလိုအောင် သက်သာသွားပါသည်။

အသက် (၆၀)ကျော်ရှိပြီဖြစ်သော ကျွန်ုပ်လည်း ထိုဆေးရည်ကို တစ်ညခြား၊ နှစ်ညခြား ဟင်းစားဇွန်း(၁)ဇွန်း သာသာခန့် သောက်ပါသည်။ **(အခါးကြောက်၍ များများ မသောက်နိုင်ပါ၊ ညစဉ် မသောက်နိုင်ပါ။)**

အလားတူ အသက်(၆၀)နီးပါးရှိသော ကျွန်ုပ်၏ဇနီးလည်း တစ်ညခြား ဟင်းစားဇွန်း(၁)ဇွန်းစာခန့် သောက်ပါသည်။ ကျွန်ုပ်တို့ဇနီးမောင်နှံမှာ ညပိုင်း အလွယ်တကူ အိပ်ပျော်ပြီး၊ မနက် အိပ်ရာထချိန်မှာ အိပ်ရေးဝကာ တက်ကြွ လန်းဆန်းမှုရှိပါသည်။ ည (၉)နာရီကျော်တွင် အိပ်ရာဝင်သည်နှင့် အိပ်ပျော်ပြီး မနက်(၄)နာရီကျော်မှာ တရေးနိုးသည်။ ပြန်မအိပ်တော့ပါ။

ဝမ်းပျော့၊ လေသက်၊ ဆီးရွှင်၊ စားကောင်းသောက်ကောင်း ပိုဖြစ်လာပါသည်။ ထို့ပြင် ပထမဆုံးသောက်စဉ်က သန်ကောင်လည်း ကျပါသည်။ နေ့စဉ် နံနက်ပိုင်း အိပ်သာတက်ချိန်မှာ အဆီလည်း ကျပါသည်။

ခန္ဓာကိုယ် ပွယောင်းယောင်း ဖြစ်နေရာမှ အသားအရေ ကျစ်လျစ်လာသည်ဟုလည်း ခံစားရပါသည်။ လှုပ်ရှားသွားလာရာမှာ ယခင်လို လေးလံ ထိုင်းမှိုင်းခြင်းမဖြစ်ဘဲ ပေါ့ပါးလာသည်ဟု ခံစားရပါသည်။

စနစ်တကျ သုတေသနပြုကာ၊ စနစ်တကျ ဆေးဝါးဖော်စပ်၍ ဖြန့်ချိရောင်းချ သုံးစွဲနိုင်လျှင် တိုင်းပြည်နှင့် လူမျိုးအတွက် အစွမ်းထက်သော တိုင်းရင်းဆေးများ ပေါ်ပေါက်လာနိုင်မည်ဟု ယူဆမိပါသည်။

**ပျားရည်နှင့် ဓာတ်မတည့်သူများ။ ဆီးချိုရောဂါရှိများက ပျားရည်မရောဘဲ ဆေးပြုတ်ရည် သီးသန့် သောက်ရသည်။ သွေးတိုး၊ ဆီးချို ကျပါသည်။**

ဆေးသားရေ(ခေါ်) ပွတ်မကြေ (ခေါ်) တောင်လုံးကျော်(ခေါ်) လော့မံသော့(ခေါ်)ယော်ကသော့ ဟူ၍ (၅) မည်ရ ဆေးပင်ကို မသိသူကျော်သွား သိသူဖော်စားကြစေသတည်း။

*စေတနာမှန်လျှင် ကံကောင်းမည်။*

အောင်ဇေ (LL,B)

www.burmeseclassic.com

# ဘိုးဘွားတို့ပညာ

မပျောက်စေရာ

ရင်ပြိုမလ
မိုးကုတ်ဦးပဉ္စသနာရိပ်သာ



"သိပ္ပဟူကား နည်းသည်ဟူ၍ မအောက်မေ့နှင့်။ တွေ့ရာမှတ်သား၊ မိုးပေါက်များသော် အင်းနားချောင်းကန်၊ ပြည့်သောဟန်တည့်"

ရှေးရှေး ပညာရှိ သူတော်ကောင်းတို့ မိန့်စကားအရ အတတ်ပညာ ဟူသည် နည်းသည်၊ များသည် ဟူ၍ သဘောထားကြဘဲ မိမိတို့ လက်လှမ်းမီသမျှ အခါသနာအလျောက် ဆည်းပူးသင့်၊ လေ့လာ သင်ကြားသင့်ကြပေသည်။

အသိပညာရှင်၊ အတတ်ပညာရှင်တို့၏ စုဆေးရာ၊ စုစည်းရာ၊ ဖြန့်ဝေရာ ဖြစ်၍ အချို၊ အချဉ်၊ အဖန်၊ အငန်၊ အစပ်၊ အခါး မိမိတို့ ကြိုက်နှစ်သက်ရာ အရသာကို ကြိုက်နှစ်သက်သလို ရွေးချယ် စားသုံးနိုင်ကြပေသည်။

ကျွန်ုပ်သည် ဤမျှ ရသာစုံနေသော နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် စာရှုသူ အများရှင်လှူ အကျိုးငှာ ဟင်းကောင်း တစ်ခွက် မဟုတ်သည့်တိုင်အောင် ဟင်းလေးအိုးကြီးထဲ၌ ဆားကလေး တစ်ပွင့်အဖြစ် ပါရလျှင် ကောင်းလေစွ ဟူသော အတွေးဖြင့် အောက်ဖော်ပြပါ **ငယ် ဆရာတော် အရှင်သုမင်္ဂလ သင်ကြားပေးခဲ့သော သံပေါက် ငယ်ကလေးကို** ရှင်းလင်းချက်နှင့် တကွ စာပေပရိသတ် ရှေ့မှောက် အရောက် ပို့ပေးလိုက်ရပါ၏။

ဆရာတော်၏ သံပေါက်မှတ်တမ်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ဓာတာဇာသဏ္ဌာ၊ တည်ပြီးမှ၊ (တိံသ) ရဏိကာ။

၂။ အစွန်းငယ၊ နုတ်ပယ်ထ၊ သေသကိန်း မှတ်ပါ။

၃။ ကိန်းလျှပ်တည်ကြ၊ ဂြိုဟ်အဌ၊ ဗိဝ မြှောက်စေရာ။

၄။ စားခြေအဌ၊ ညီအမျှ၊ လောကီ သိစရာ။

၅။ (ရဝိ)သုည၊ မြဲလေကာ၊ ရာဇ လားနတ် ရှာ။

၆။ ဒေဝီ (စန္ဒရ)၊ သုံးသုည၊ ဘဝ ပြောင်းတတ် စွာ။

၇။ (ဘောမ)သုညူ၊ မှုမတ်ဟူ၊ မှတ်ယူ မင်းဆရာ။

၈။ ဂုရု၊သောကြာ၊ ဂြိုဟ်ဗုဒ္ဓ၊ သုည မြင်ခဲ့ စွာ။

သုညကိုမင်၊ မြင်တွေ့လျှင်၊ ပြည်ခွင့် မသာယာ။

၉။ ရာဟု၊နဂါး၊ သုဉ်းလေပြား၊ ရှားပါး ဝတ် မွတ်စွာ။

၁၀။ ဂြိုဟ်ကြီး(ရှစ်)လုံး၊ အညီသုဉ်း၊ ပြည်လုံး ဥပဒ်သာ။

လူသူတို့မှာ၊ မရဏာ၊ ရောက်ထ ဒုက္ခာ။

| |
|---|
| ၁၃၅၀<br>၃၀ x (တိံသ) = သုံးဆယ်နှင့် မြှောက်ပါ။<br>၄၀၅၀၀<br>၄ (–) အစွန်း (ဇယ) နုတ်ပယ်ထ ဆို၍ နုတ်ပါ။<br>၄၀၄၉၆ = (ပထမတည်ကိန်းကို ရပါသည်။)<br>၆ x ပထမတည်ကိန်းကို တည်ပြီး (၁)နေ့ဂြိုဟ်သက်<br>၂၄၂၉၇၆ = ခြောက်နှင့် မြှောက်ရသောကိန်း ဖြစ်သည်။ |

သံပေါက် စာကလေးမှာ (၁)မှ (၁၀) အထိသာ ရှိပါသည်။ သို့ရာတွင် အနက် အဓိပ္ပာယ်ကို လေ့လာ တတ်ကျွမ်းပြီး သော ဆရာများအနေဖြင့် အလွယ် တကူပင် နားလည်နိုင်ကြသော်လည်း ဗေဒင် အခြေခံ မရှိသေးသူများ၊ ဆည်းပူးစ သုတေသီတို့အတွက်မူကား အနည်းငယ် ရှင်းလင်း တွက်ချက် ပြသရန် လိုပေမည်။ အဘယ်ကြောင့် ဆိုသော် ဗေဒင်အခေါ်အဝေါ် ဝေါဟာရ အချို့ ပါဝင်နေ၍ ဖြစ်ပါသည်။


ဥပမာ

**တွက်လိုသော ကောဇာ သက္ကရာဇ်ကို တည်ပါ ဆိုသော ကြောင့်** ၁၃၅၀ ပြည့်ကို တွက်လိုက် တည်ပါ။

* * *

တစ်ဖန် တနင်္ဂနွေဂြိုဟ်သက်ဖြင့် မြှောက်ရသောကိန်းကို တည်ပြီး (အဌ) = ဂြိုဟ်ကြီးရှစ်လုံးဖြင့် (၈)ခုသင်္ချာဖြင့် စားပါ။

www.burmeseclassic.com



```
၈ | ၂၄၂၉၇၆ | ၃၀၃၇၂ = ရလဒ်
    ၂၄
    ---
     ၂၉
     ၂၄
     ---
      ၅၇
      ၅၆
      ---
       ၁၆
       ၁၆
       ---
        ၀
```

အကြွင်း သုညဖြစ်၍ (သုဉ်း)ဆည်ဟု မှတ်ပါ။

ဤနည်းကို မိုးသဖြင့် ကျန်ရှိသော ဂြိုဟ်အသီးသီးအတွက် ဆက်လက်တွက်ချက်ရဦးမည်ဆိုလျှင် ပဌမတည်ကိန်း (၄၀၄၉၆)ကိုပင် မူတည်ပြီး တနင်္လာဂြိုဟ်သက် (၁၅)နှစ်၊ အင်္ဂါဂြိုဟ်သက် (၈)နှစ်၊ ဗုဒ္ဓဟူးဂြိုဟ်သက် (၁၇)နှစ်၊ စနေဂြိုဟ်သက် (၁၀)နှစ်၊ ကြာသပတေးဂြိုဟ်သက် (၁၉)နှစ်၊ ရာဟုဂြိုဟ်သက် (၁၂)နှစ်၊ သောကြာဂြိုဟ်သက် (၂၁)နှစ်တို့ဖြင့် အသီးသီး မြှောက်ပြီး (၈)ခုသင်္ချာဖြင့် စား၍ ပြတ်လျှင် ထိုဂြိုဟ်(သုဉ်း)သည်ဟူသတည်း။

တွက်နည်း ဥပမာနှင့်တကွ ရှင်းလင်း ပြဆိုပြီးနောက် အကျိုးမည်သို့ရှိသည်ကို ရှင်းလင်း တင်ပြရသည်ရှိသော်...

၁။ တနင်္ဂနွေကိန်း (သုဉ်း)လျှင်...

တိုင်းပြည်ကို အုပ်စိုးသော မင်းနတ်ရွာစံ ကံတော်ကုန်တတ်ပါသည်။ **ရဝိသုညကိန်း**ဟု မှတ်။

၂။ ဒေဝီစန္ဒရ (ခေါ်) တနင်္လာကိန်း (သုဉ်း)လျှင်...

မင်း၊ မိဖုရားတို့မှာ ဥပဒ် ရောက်တတ်သည်။ (သို့မဟုတ်) ဘဝပြောင်းတတ်သည်။ ရာထူးသော်လည်း လျှော့ကျမည်။

၃။ ဘောမသုညု၊ မှူးမတ်ဟူ ဆိုသောကြောင့် အင်္ဂါကိန်း (သုဉ်း)သည်ကို တွေ့လျှင်...

မှူးမတ်သေနာပတိများ၊ ဝန်ကြီးများတွင် ဘေးဥပဒ် အန္တရာယ် ကျရောက်တတ်ပါသည်။ ရာထူးရာခံ လျှော့ကျတတ်သည်။

၄။ ဂုရုခေါ်သော ကြာသပတေးဂြိုဟ်၊ သောကြာခေါ်သော သောကြာဂြိုဟ်၊ ဗုဒ္ဓခေါ်သော ဗုဒ္ဓဟူးဂြိုဟ် သုံးလုံးတို့ ကိန်းသုံးကိန်း အသုဉ်း မြင်လျှင်...

တိုင်းပြည်၊ မြို့ရွာတို့ မသာမယာ ဆူပူ လှုပ်ရှား ချောက်ချားတတ်ပါသည်။

၅။ "ရာဟုနဂါး၊ သုဉ်းလေငြား၊ ရှားပါး ငတ်မွတ်စွာ" အရ ရာဟုနှင့် စနေဂြိုဟ် နှစ်လုံး (သုဉ်း)သည်ကို တွေ့ရလျှင်...

ပြည်သူတို့ အစာရေစာ ရှားပါး ငတ်မွတ်သော ဘေးအန္တရာယ် ကျရောက်တတ်သည်။

၆။ ဂြိုဟ်ကြီး ရှစ်လုံး၊ အညီသုဉ်း အရ တနင်္ဂနွေဂြိုဟ် အစထားပြီး ရာဟုဂြိုဟ်အဆုံး အကုန် (သုဉ်း)သည်ကို တွေ့မြင်ခဲ့ပါမူ...

သက်ရှိသတ္တဝါ မှန်သမျှ သတ္တန္တရကပ်၊ ရောဂန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ် စသော ကပ်ကြီးသုံးပါး ကျရောက်တတ်သည် ဟူ၍ အဓိပ္ပာယ် ရရှိပါသည်။

ယခု တင်ပြခဲ့သော သံပေါက်စာကလေးမှာ ရှေးမိနောက်မီ ပညာကြွယ်ဝသော ဆရာတော်ကြီးတစ်ပါးမှ စာရေးသူအား ငယ်စဉ် ရှင်သာမဏေဘဝက သင်ကြားပေးခဲ့ခြင်းပင် ဖြစ်ပါသည်။

များလည်း မများသလို ခက်ခဲခြင်းလည်း မရှိပါ။ သို့တစေ သူ့မူရင်းအနက်နှင့် အဓိပ္ပာယ် သက်ရောက်မှု အတိုင်းအတာမှာမူကား ဤမျှ ဘာသာပြန်ရုံမျှဖြင့် ပြီးပြည့်စုံပြီဟု ဝန်မခံပါ။

ယခုအထိ ရှင်းလင်း ရေးသားသမျှမှာ တိုင်းပြည်တစ်ပြည်လုံးအတွက်နှင့် ဆိုင်သလို တိုင်းပြည်ကို အုပ်စိုးသော ရှင်ဘုရင်၊ မိဖုရားနှင့် မှူးကြီးမတ်ရာ သေနာပတိများ၊ မင်းဆရာများ အတွက်သာ ဟူ၍ မယူဆရာ။

ပုဂ္ဂိုလ် တစ်ဦးချင်းအတွက်လည်း ယူ၍ ရပေသည်။ **မိမိအတွက် သိလိုပါမူကား...**

တွက်လိုသော သူ၏ မူလသက္ကရာဇ်ကို တည်ပြီး ယခုရောက်ဆဲ ကောဇာသက္ကရာဇ်နှင့် ပေါင်းလိုက်ပါ။ ပေါင်းရကိန်းကို (တိုးသ = ၃၀ (သုံးဆယ်)နှင့် မြှောက်၊ မြှောက်၍



www.burmeseclassic.com

www.burmeseclassic.com

ရသောကိန်းကို တစ်ဖန် တည်လျက် (ဃ) = ၄ (လေး) နှတ်ပါ။ နှတ်ကြွင်းသည် မူလ တည်ကိန်း ဖြစ်ပါသည်။

နှတ်ရ မူလတည်ကိန်းကို တစ်ဖန် တည်၊ တနင်္ဂနွေ စသော ဂြိုဟ်ရှစ်လုံး၏ ဂြိုဟ်သက် အသီးသီးနှင့် မြှောက်၊ မြှောက်၍ရသော ဂဏန်းအသီးသီးကို ၈ (ရှစ်)ဖြင့် စား၊ အကြွင်းသုညမြင်လျှင် ထို တွက်သော အကြွင်း မကျန်သော ဂြိုဟ်သုဉ်းသည်၊ ပျက်သည် ဟူ၍ သိရာ၏။

---

အကျိုးကား

✧ တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟု (ပါပ)ဂြိုဟ်လေးလုံး အသုဉ်း တွေ့လျှင်...

ထို ဇာတာရှင်မှာ ထိုနှစ် ထိုအခါ၌ ကျန်းမာရေး လုံးဝ ညံ့ပါမည်။

✧ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ အစရှိသော (သောမ) ဂြိုဟ်ကြီး လေးလုံး သုဉ်းသည်ကို တွေ့မြင်လျှင်...

စီးပွားရေး၊ လူမှုရေး လုံးဝ ထိခိုက်ပျက်စီးစေတတ်ပါသည်။

✧ ဂြိုဟ်ကြီးရှစ်လုံး အကုန် သုဉ်းခဲ့သော်...

လူမမာဆိုလျှင် **"ဇီဝခန္ဓာ ပျက်တတ်စွာ၏"** ဆိုထား၍ အသက်အန္တရာယ် စိုးရိမ်ရပါသည်။

၁။ တနင်္ဂနွေတစ်လုံး အသုဉ်းအပျက် တွေ့ပါမူ...

မီးဘေး၊ မင်းဘေး တွေ့တတ်ပြီး အိုးအိမ်ကိစ္စ၊ အလုပ်ကိစ္စ၊ အိုးအိမ် နေရာ အပြောင်းအရွှေ့၊ အမှုအခင်း တွေ့တတ်ပါသည်။



၂။ တနင်္လာဂြိုဟ် တစ်လုံးတည်း အပျက်အသုဉ်း တွေ့မူ...

ငွေရေးကြေးရေးကိစ္စ၊ ငွေမှု အမွေမှုနှင့် ဖြစ်ပွားတတ်ပြီး စီးပွားရေး မပြေမလည် ဖြစ်တတ်သည်။

၃။ အင်္ဂါဂြိုဟ် အပျက်အသုဉ်း တွေ့ပါမူ...

မိတ်ဆွေ အပေါင်းအသင်းများနှင့် သော်လည်းကောင်း၊ ညီအစ်ကို မောင်နှမ အချင်းချင်း သော်လည်းကောင်း ခိုက်ရန်ဒေါသ ဖြစ်တတ်ပါသည်။ အပေါင်းအသင်းများ အမြင်မကြည် ဖြစ်မည်။

၄။ ဗုဒ္ဓဟူးဂြိုဟ်ကြီး သုဉ်းလျှင်...

သားရေး၊ သမီးရေး အခက်အခဲ တွေ့မည်။ စကား အပြောအဆို မှားမည်။ ဝမ်း၊ ရင်ကို ဒုက္ခပေးမည်။

၅။ ကြာသပတေးဂြိုဟ် သုဉ်းလျှင်...

ဆရာသမား၊ မိဘ၊ ဘုန်းကြီး ရဟန်းတို့နှင့် မပြေမလည် ဖြစ်မည်။ ဘာသာရေး၊ သာသနာရေးကိစ္စများ၊ အလှူအတန်းကိစ္စများ၊ မြေမှု၊ အမွေမှု များ ပေါ်ပေါက် တွေ့ကြုံတတ်ပါသည်။

၆။ သောကြာဂြိုဟ်ကြီး သုဉ်းလျှင်...

ခရီးသွားလာရေး အဆင်မပြေ ဖြစ်တတ်သည်။ သွားမည် ကြံထားသော ခရီး မအောင်မြင်တတ်ပါ။ ဇနီးမယား ကျန်းမာရေး ပျက်တတ်သည်။ အဆင်မပြေလည်း ဖြစ်တတ်ပါသည်။

၇။ စနေဂြိုဟ် သုဉ်းခဲ့ပါလျှင်...

ခိုးကိန်း၊ မီးကိန်း ကြုံမည်။ အမှုအခင်း ရင်ဆိုင်ရတတ်သည်။ ထိတ်ခတ် ကြိုးချည် တရားတပေါင် တွေ့တတ်ပါသည်။ ခိုက်ရန်ဒေါသ ဖြစ်ရတတ်သည်။ အဆိပ်ရှိ သတ္တဝါများ ကိုက်ခဲခံရမည်၊ ထောင်ကျတတ်ပါသည်။

၈။ ရာဟုဂြိုဟ်ကြီး သုဉ်းလျှင်...

**"ရာဟုစွပ်စွဲရှက်ကျိုးနည်း၊ လေတွဲရင်နာမှီ"**ဟု ဆိုသောကြောင့် အစွပ်အစွဲ မျိုးစုံ ခံရ တွေ့ရတတ်ပါသည်။ အရှက်ကွဲတတ်သည်။ အမှုအခင်းဖြစ်မည်။

လေနာရောဂါ ကြာရှည် စွဲမည်။ ခန္ဓာကိုယ် တစ်ခုလုံး ယားယံသော ဝေဒနာ စွဲကပ်တတ်သည်။ နာတာရှည် ရောဂါ စွဲကပ်တတ်ပါသည်။ ဦးချိုရှိသော သတ္တဝါတို့၏ ရန်တွေ့ကြုံရတတ်သည်။ ရေဘေး၊ လေဘေး တွေ့ထတ်သည်။

စာရေးသူသည် စေတနာကို ရှေ့ထား၍ ဘိုးဘွား၊ မိဘ ဆရာသမားတို့၏ ထားခဲ့သော ပညာအမွေကို တိမ်ကော ပ,ပျောက်မသွားစေရန် အဓိကထားလျက် ဒကာ၊ ဒကာမအပေါင်း စာပေဝါသနာရှင်တို့ လက်ဝယ်သို့ ဖော်ထုတ် တင်ပြလိုက်ပါပြီ။

စာပေ ဝါသနာအိုးများ၊ ပညာရှင်များအပေါင်းက ဒီမျှမက ဉာဏ်ကစားပြီး ဆင့်ပွားကြမည်ဆိုပါလျှင် ယခုထက် ပိုမို၍ ကျယ်ဝန်းစွာ သိမြင်လာစရာ ရှိပါသည်။

ယ္ဝဂုဏ် အဟံ ဝန္ဒာမိ။
သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု။
သုခီ အတ္တာနံ ပရိဟရန္တု။
ဒုက္ခာ မုစ္စန္တု။

ရှင်ဝိမလ
မိုးကုတ်ဝိပဿနာရိပ်သာ

www.burmeseclassic.com

www.burmeseclassic.com



# ကျွဲဆိုး နွားဆိုး အန္တရာယ်မှ

## လွတ်မြောက်သောဂါထာ

နွေဦး၏ လေရူးနှင့်အတူ ကျေးလက်နေ ပြည်သူများ၊ တောင်သူလယ်သမားများ မကြာခဏ ကြုံတွေ့ရလေ့ရှိသော ကိစ္စမှာ ကျွဲဆိုး၊ နွားဆိုးများ၏ အန္တရာယ်ဖြစ်ပါသည်။

အထူးသဖြင့် တိရစ္ဆာန်သဘာဝ မြူးထချိန်ရောက်ပြီဆိုပါလျှင် ကျွဲထီး၊ နွားထီးများမှာ မ,စိတ်မွှန်ပြီး ထိန်းမရ၊ သိမ်းမရ ကျွဲဆိုး၊ နွားဆိုးဘဝ ရောက်သွားလေ့ရှိ၏။

ထိုအချိန်မျိုးတွင် ကျွဲ,နွားများသည် မိမိ၏ သခင်ကိုပင် မမှတ်မိ ရန်ရှာလေ့ရှိပါသည်။ တချို့ ကျွဲ,နွားများသည် ဆူးငြောင့်၊ သစ်ငုတ်၊ ချောက်ကမ်းပါးစသည့် အန္တရာယ်များကိုပင် မမြင်နိုင်လောက်အောင် အရိုင်းကြီး ရိုင်းသွားတတ်ကြပါသည်။

စာရေးသူတို့ ငယ်စဉ်ကဆိုလျှင် ထိုရိုင်းစိုင်းပြီး လူကပ်၍ မရနိုင်အောင် ဖြစ်နေသော ကျွဲဆိုး၊ နွားဆိုးများအား လူအများ အန္တရာယ်မဖြစ်စေရန် သက်ဆိုင်ရာသို့ တင်ပြ၍ သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရသည်ပင် ရှိပါသည်။

တချို့ မိမိတို့၏ လယ်ထဲ၊ ကိုင်းထဲ၊ ယာထဲ သွားရသည့်အခါမျိုး ကျွဲ,နွားစားကျက်မြေများကို ဖြတ်သန်း၍ ခရီးသွားရသည့်အခါမျိုးတွင် ကျွဲဆိုး၊ နွားဆိုးတို့နှင့် ရင်ဆိုင်တွေ့ပြီး ကျွဲခတ်ခံရခြင်း၊ နွားဝှေ့ခံခြင်းများကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ အသက်မသေသော်လည်း ဒဏ်ရာ အနာတရဖြစ်ကာ ဒုက္ခိတဘဝ ရောက်ကြရသူများပင် ရှိကြပါသည်။

ထို့ကြောင့် ကျွဲဆိုး,နွားဆိုးအန္တရာယ်ရှိသော လမ်းခရီးသို့ မဖြစ်မနေ သွားရမည့်သူများအတွက် ကျွဲဆိုး၊ နွားဆိုးအန္တရာယ်မှ အမှန်ပင် လက်တွေ့ လွတ်မြောက်စေနိုင်သည့် အစွမ်းထက်မြက်သော ဂါထာတော်တစ်ပုဒ်အား **အရှေ့ရိုးမ စက်လှဲ့တောင်တွင် တရား အားထုတ်လျက်ရှိသော ရသေ့ကြီးတစ်ပါးမှ စာရေးသူ၏ ဖခင်ဆေးဆရာကြီးအား ချီးမြှင့်ခဲ့ပါသည်။**

ထိုဂါထာသည် လက်တွေ့ အလွန်အစွမ်းထက်သော ဂါဇာဖြစ်ကြောင်း ဖခင်ဆေးဆရာကြီးမှ စာရေးသူအား ဂါထာနှင့်တကွ နည်းလမ်းပါ သင်ကြားပေးခဲ့ပါသည်။

### ကျွဲဆိုး၊ နွားဆိုးအန္တရာယ်မှ လွတ်မြောက်စေသောဂါထာ

ဦး–ဧကပုဂ္ဂလိက၊ ပါရိသုဒ္ဓိယာ၊ အာပတ္တိယော၊ အာရောစယာမိ။

ဦး–ဧကပုဂ္ဂလာလိ၊ အညေသံနိဋ္ဌ၊ ပရိသုဒ္ဓ အာပတ္တိယော အာဝိကရောမိ။

**ဂါထာအသုံးချ**

အုံ–အေကပုတ်ဂလိက၊ ပါရိသုတ်ဓိယာ၊ အာပတ်တိယော၊ အာရောစယာမိ။

အုံ–အေကပုတ်ဂလာလိ၊ အင်ညေသံနိတ်စံ၊ ပရိသပ်ပ၊ အာပတ် တိယော အာဝိကရောမိ။

ကျွဲဆိုး၊ နွားဆိုးအန္တရာယ်ရှိနိုင်သော အရပ်သို့ မဖြစ်မနေသွားရမည့် ခရီးပေါ်ပေါက်လာပါက အထက်ဖော်ပြပါ ဂါထာဖြင့် ကွမ်းတစ်ယာအား (၇)ခုပ်မန်းပြီး ဝါးစားပါ။

ထွက်ရှိလာသော ကွမ်းတံတွေးဖြင့် ဘယ်ဘက် လက်ဖဝါးပြင်ပေါ်တွင် ဝ,လုံးပုံ ရေးပါ။

ထို့နောက် မိမိနှင့် ရင်ဆိုင်ကြုံတွေ့နေရသော ကျွဲဆိုး(သို့မဟုတ်)နွားဆိုးအား ထို ဝ,လုံးပုံရေးထားသော လက်ဝါးကို ထောင်ပြလိုက်သည်နှင့် မိမိအား အန္တရာယ်မပြုလုပ်တော့ဘဲ ရှောင်တိမ်း ထွက်ပြေးသွားသည်ကို အံ့ဩလောက်ဖွယ် မြင်တွေ့ရပါမည်။

ကျေးလက်နေပြည်သူများ ကြုံတွေ့လေ့ရှိသော ကျွဲဆိုး၊ နွားဆိုးများ၏ အန္တရာယ်ကို ဤဂါထာ၏ အစွမ်းဖြင့် ဖြတ်ကျော် လွတ်မြောက်နိုင်ကြပါစေဟု မေတ္တာရှေ့ထား၍ ရေးသားတင်ပြလိုက်ရပါသည်။

**ဖေမောင်(ညောင်လေးပင်)**



www.burmeseclassic.com

www.burmeseclassic.com

# ထုက္ကန့်သိမ်ပုထိုးတော်မှ

## ရှေးခေတ် ရခိုင်ဗိုးရော ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာများ (၁၂)

ပန်းချီထူးလှ (ရှေးဟောင်းသုတေသန)


ပုံ-၅၆


ပုံ-၅၇

*** * *[ပုံ-၅၆]**

ပုံ(၅၆)ဒီဇိုင်းလက်ရာသည်လည်း ထုက္ကန့်သိမ် ပုထိုးတော်ကြီးအဝင် လိုဏ်ပတ်လမ်း လက်ဝဲဘက် ကျောက်နံရံမှ ကျောက်ဆစ်ရုပ်ကြွ နံပါတ်(၅၈) လက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

ဘုရားမုခ်ငယ်(၃၁) လက်ယာဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၄၀)စင်တီမီတာခန့်၊ အကျယ်(၃၅)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၀)စင်တီမီတာခန့် ရှိပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွတွင် မျက်နှာလုံးသွယ်ပြီး ပါးစပ်ပြုံးသယောင် တွေ့ရှိရပါသည်။ ညာဘက်လက်မောင်း ပွဲနေပြီး ခါးကျိုးနေသည်ကို တွေ့ရှိရပါသည်။

**ပုံ(၅၆)ပုံဆွဲဒီဇိုင်းလက်ရာ၏ ဆံထုံး** ဖွဲ့စည်းပုံမှာ ထိပ်ဆုံး၌ အလယ်တွင် ပွင့်ဖတ်ကြီးတစ်ခုခံပြီး လက်ဝဲ၊ လက်ယာတွင် ပွင့်ဖတ်ငယ် တစ်ဖက်တစ်ခုဖြင့် အားဖြည့်ထားသည်ကို တွေ့ရှိရပါသည်။

ထိုပွင့်ဖတ်သဏ္ဍာန်များ အောက်တွင် ဆံရစ် အဆင့်သုံးဆင့် ခံထားသည်ကို တွေ့ရှိရပါသည်။

နားနှစ်ဖက်တွင် ကား၍ နားတောင်းဝန်းကြီး ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ မျက်ခုံးနှစ်ဖက်ကို ကကြီးသဏ္ဍာန် တွေ့ရှိရပြီး မျက်လုံး စပါးစေ့သဏ္ဍာန် တွေ့ရှိရပါသည်။

နှာခေါင်းဝလည်း ကျယ်သည်ကို တွေ့ရှိရပါသည်။ ပါးစပ်ရှိ နှုတ်ခမ်းတစ်စုံမှာလည်း အပေါ်နှုတ်ခမ်းထက် အောက်နှုတ်ခမ်း ပိုကြီးသည်ကို တွေ့ရှိရပါသည်။

လည်ပင်းတွင်လည်း လည်ရစ်သုံးရစ် ပေါ်လွင်လှပပါ၏။ ပခုံးနှစ်ဖက်တွင် (ပုဆိုးပိုင်း)တဘက်ဖြင့် ဖုံးအုပ်ထားသည်ကို တွေ့ရှိရပါသည်။ တဘက်စ နှစ်ဖက်စလုံးကို ခါး လက်ဝဲ,

www.burmeseclassic.com



ပုံ-၅၈

လက်ယာတွင် ပြန့်ကားစွာ ချထားသည်ကို တွေ့ရှိရပါသည်။

လက်နှစ်ချောင်းကို အောက်သို့ အနည်းငယ်ချ၍ တံတောင်ဆစ်မှ ကွေးကာ ဘယ်ဘက်ပခုံးနားကပ်၍ လက်ဖျားနှစ်ဖက်ကို ပူးထောင်ထားပါသည်။ ပူးထားသော လက်ဖျားအစုံတွင် ကြာဖူးတစ်ဖူးကိုင်၍ ဘုရားပူဇော်နေဟန် တွေ့ရှိရပါသည်။

ရင်ဘတ်တွင်လည်း ရင်ဖုံးပြားတစ်ပြား ဖုံးထားသည်ကို တွေ့ရှိရပါသည်။ ခါးတွင်လည်း ခါးပတ်ပြားကြီးတစ်ပြား ပတ်ထားသည်ကို တွေ့ရှိရပါသည်။

အင်္ကျီကို တင်ပါးဖုံးသည်အထိ ဝတ်ထားသည်ကို တွေ့ရှိရပါသည်။ ပေါင်ပေါ်တွင် ခါးကြိုးစ နှစ်စ အပြားလိုက်ချထားသည်ကို တွေ့ရှိရပါသည်။ ပေါင်ထက်တွင် ထဘီအခေါက်နှင့် အရစ်များ တချို့ဖော်ထားသည်ကိုလည်း တွေ့ရှိရပါသည်။

ဒူးနှစ်ဖက်ကို ကုပ်၍ ညာဘက်သို့ ထုတ်ထားပါသည်။ ဖနောင့်ကို တင်ပါးတွင်ကပ်၍ ခြေဖျားကော့၍ ထောက်ထားပါသည်။

ထဘီအောက်နားကို ခြေချင်းဝတ်တွင် အရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။

ဤအမျိုးသမီး ဆံထုံး ထုံးပုံကို **နှစ်ပတ်ခွေဆံထုံး ထုံးပုံ**ဟု သိရှိရပါသည်။ ဤအမျိုးသမီး ဝတ်ဆင်ထုံးဖွဲ့ပုံများ ရိုးရိုးနှင့်ယဉ်ယဉ် ဝတ်ဆင်ထုံးဖွဲ့ထားသည်ကိုသာ တွေ့ရှိရပါသည်။

*** * *[ပုံ–၅၇]**

ပုံ(၅၇)ဒီဇိုင်းလက်ရာသည် ထုကြန့်သိမ်ပုထိုးတော်ကြီးအဝင် လိုဏ်ပတ်လမ်း လက်ဝဲဘက် ကျောက်နံရံမှ ကျောက်ဆစ်ရုပ်ကြွနံပါတ် (၅၉)လက်ရာကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။

ဘုရားမုခ်ငယ်အမှတ်(၃၁) လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့်(၄၇) စင်တီမီတာခန့်၊ အကျယ်(၃၆)စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၇)စင်တီမီတာခန့် ရှိပါသည်။

မူရင်းကျောက်ဆစ်ရုပ်ကြွ လက်ရာတွင် မျက်နှာအထက်ပိုင်း ပဲ့နေသည်ကို တွေ့ရှိရပါသည်။ ခါးလည်း ကျိုးနေပါ၏။

ပုံ(၅၇)ဒီဇိုင်းလက်ရာ၏ ဆံထုံးဖွဲ့စည်းပုံမှာ ထိပ်ဆုံးတွင် အလယ်ပွင့်ဖတ်ကြီးသဏ္ဌာန်တစ်ခုခံ၍ လက်ဝဲ, လက်ယာတွင် ပွင့်ဖတ်ငယ်တစ်ခုအားဖြည့်ထားသည်ကို တွေ့ရှိရပါသည်။

ပွင့်ဖတ်သဏ္ဌာန် အောက်တွင် ဆံရစ်သုံးဆင့် ခံထားသည်ကို တွေ့ရှိရပါသည်။ ဆံရစ်သုံးရစ်တွင် အပေါ်ဆုံးအရစ် ပိုကျယ်ပြီး ဒုတိယရစ်၊ တတိယရစ်တို့မှာ တဖြည်းဖြည်း ကျဉ်းသွားသည်ကို တွေ့ရှိရပါသည်။

ဤပုံ(၅၇)ဒီဇိုင်းလက်ရာ ဆံထုံးထုံးပုံသည်လည်း နှစ်ပတ်ခွေ ဆံထုံးထုံးပုံ အနေအထားမျိုး တွေ့ရှိရပါသည်။ မျက်နှာအနေအထားမှာ လုံးသွယ်ပြီး နားနှစ်ဖက်ကားကာ နားတောင်းဝန်းများ ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

မျက်ခုံးနှစ်ဖက်မှာ စင်ရော်တောင်ပံဖြန့်ထားသည့်သဏ္ဌာန် တွေ့ရှိရပါသည်။ မျက်လုံးမှာ စပါးစေ့သဏ္ဌာန်, တွေ့ရှိရပါသည်။ နှာခေါင်း ပွကားနေပါသည်။ ပါးစပ်မှာ ခပ်ပြုံးပြုံးလေး တွေ့ရှိရပြီး အထက်နှုတ်ခမ်းထက် အောက်နှုတ်ခမ်း ပိုထူသည်ကို တွေ့ရှိရပါသည်။

လည်ပင်းတွင် လည်ရစ် သုံးရစ် ပေါ်လွင်လှပါ၏။ ပခုံးနှစ်ဖက်ကိုလည်း တဘက်ခြုံထားပါသည်။ ဘယ်ဘက်ပခုံးတွင် တဘက်စွန်းလေးတစ်ခု ပေါ်နေသည်ကို တွေ့ရှိရပါသည်။

တဘက်စနှစ်ခုကို ခါးအောက် လက်ဝဲ,လက်ယာတွင် ပြန့်ကားစွာ ချထားပါသည်။ ဘယ်ဘက်တဘက်စတွင် အရစ်ကလေးများဖော်ပြီး ညာဘက်တဘက်စတွင် အစင်းကြောင်းများနှင့် အရစ်ပါ ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ရင်ဘတ်တွင် ရင်စည်းနှစ်ဆင့် တွေ့ရှိရပါ၏။

လက်နှစ်ဖက်ကို အောက်သို့ အနည်းငယ်ချပြီး တံတောင်ဆစ်မှ ကုပ်၍ ညာဘက်သို့ စောင်းထားပါသည်။ လက်ဖျားနှစ်ဖက်ကို ပူး၍ ထောင်ထားကာ ကြာဖူးတစ်ဖူးကိုင်၍ ဘုရားပူဇော်နေဟန် တွေ့ရှိရပါသည်။

အင်္ကျီကိုလည်း တင်ပါးဖုံးအောင် ဝတ်ထားသည်ကို တွေ့ရှိရပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ခါးတွင် ခါးပတ်ပြားတစ်ပြား ပတ်ထားပါ၏။ ခါးပတ်စအောက် ပေါင်ပေါ်တွင် ခါးကြိုးစနှစ်စကို အပြားလိုက် ချထားပါသည်။

ခါးကြိုးစ အဖျားပိုကြီးသည်ကို တွေ့ရှိရပါသည်။ ဒူးနှစ်ဖက်ကို ကုပ်၍ ညာဘက်သို့ လှည့်ထိုင်ထားပါသည်။ တင်ပါးတွင် ဖနောင့်ကပ်၍ ခြေဖျားကွ၍ ထောက်ထားပါသည်။

ထဘီအောက်နားစကို ခြေချင်းဝတ်လောက်တွင် အရစ်ဖော်ထားပါ၏။ ဤပုံ(၅၇) အမျိုးသမီးဒိုင်းလက်ရာသည်လည်း ရိုးရိုးရှင်းရှင်းလေးသာ တွေ့ရှိရပါသည်။

* * *[ပုံ–၅၈]

**ပုံ(၅၈)**ဒိုင်းလက်ရာသည် ထုက္ကန့်သိမ်ပုထိုးတော်ကြီး အဝင်လိုဏ်ပတ်လမ်း လက်ဝဲဘက် ကျောက်နံရံမှ ကျောက်ဆစ်ရုပ်ကြွ နံပါတ်(၆၀)မှ ကူးယူထားသော ဒိုင်းလက်ရာပင် ဖြစ်ပါသည်။

ဘုရားမုခ်ငယ်(၃၂) လက်ယာဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့်(၄၇)စင်တီမီတာခန့်၊ အကျယ် (၃၀)စင်တီမီတာခန့်နှင့် ရုပ်ကြွ အထူ(၁၀)စင်တီမီတာခန့် ရှိပါသည်။

ရင်ဘတ်နှင့် ပခုံး အက်ကွဲနေပါသည်။ လက်ကောက်ဝတ်လည်း ပွဲ့နေပါ၏။

ဒိုင်းလက်ရာ၏ အပေါ်ပိုင်း ဖောင်းတော်မှာ ချောမွတ်လုံးချွန်နေပါသည်။ ဖောင်းတော်အောက်တွင် ဖောင်းတစ်ဆင့် ခံထားသည်ကို တွေ့ရှိရပါသည်။

မျက်နှာမှာ လုံးသွယ်ပြီး နားနှစ်ဖက်ကား၍ နားတောင်းဝန်းကြီး ပန်ဆင်

ပုံ-၅၉



ထားပါသည်။ မျက်ခုံးမှာက မြန်မာစာ အက္ခရာ ကကြီးသဏ္ဌာန် တွေ့ရှိရပြီး မျက်လုံးမှာ စပါးလုံးပုံသဏ္ဌာန် တွေ့ရှိရပါသည်။

နှာခေါင်းမှာ ပွကားပြီး ပါးစပ်ပြုံးနေပါသည်။ မေးလည်း ချိုင့်နေသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ် ပေါ်လွင်လှပါ၏။

လက်နှစ်ဖက်ကို အောက်သို့ အနည်းငယ်ချ၍ တံတောင်ဆစ်မှ ကုပ်ကာ လက်ဖျားနှစ်ဖက်ကို ပူးထောင်ထားပါသည်။ ပူးထားသော လက်နှစ်ဖက်ကို ဘယ်ဘက်သို့ထုတ်၍ ကြာဖူးတစ်ဖူး ကိုင်ကာ ဘုရားပူဇော်နေဟန် တွေ့ရှိရပါသည်။

ညာဘက်ပခုံးမှ တင်ပါးသို့ ကျအောင်ထိ တဘက်စတစ်ခုကို ချထားပြီး ဘယ်ဘက်တွင်လည်း ခါးလောက်မှ ဒူးဆုံးထိအောင် တဘက်စတစ်ခုကို ပြန့်ကားစွာ ချထားသည်ကို တွေ့ရှိရပါသည်။

ခါးတွင်လည်း ခါးပတ်နှစ်ပတ် ပတ်ထားသည်ကို တွေ့ရှိရပါသည်။ ခါးပတ်ကြိုးအောက်မှ ကွန့်မြွှေကာပြား တစ်ခုကို ပေါင်ပေါ်တွင် အပြားလိုက် ချထားသည်ကို တွေ့ရှိရပါသည်။

ဒူးနှစ်ဖက်ကို ကုပ်၍ ဘယ်ဘက်သို့ ထုတ်ကာ ထိုင်နေသည်ကို တွေ့ရှိရပါသည်။ ခြေဖနောင့်ကို တင်ပါးတွင်ကပ်၍ ခြေဖျားကိုကော့၍ ထောက်ထိုင်ထားသည်ကို တွေ့ရှိရပါသည်။

ခြေချင်းဝတ်လောက်တွင် ပုဆိုးဝတ်ထားသည့်သဏ္ဌာန် ပုဆိုးအောက်နားကို အရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။

**ပုံ(၅၈)**ဒိုင်းလက်ရာ၏ ဖောင်းတော် ပေါင်းထားသည့် အနေအထားကို ကြည့်ခြင်းအားဖြင့် ခွင်ဆရာတစ်ယောက်၏ ဝတ်ဆင်ထုံးဖွဲ့မှု ဒိုင်းလက်ရာတစ်ခု ဖြစ်သည်ဟု သိရှိရပါသည်။

ဝတ်ဆင်ထားသည့် အနေအထားမှာ ရိုးရှင်းလှသည်ကို တွေ့ရှိရပါသည်။

* * *[ပုံ–၅၉]

**ပုံ(၅၉)** ဒိုင်းလက်ရာသည်လည်း ထုက္ကန့်သိမ်ပုထိုးတော်ကြီး၏ အဝင်လိုဏ်ပတ်လမ်း လက်ဝဲဘက် ကျောက်နံရံမှ ကျောက်ဆစ်ရုပ်ကြွနံပါတ်(၆၁) ရုပ်ကို ကူးယူရေးဆွဲထားသော ဒိုင်းလက်ရာပင်ဖြစ်ပါသည်။

ဘုရားမုခ်ငယ်(၃၂) လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့်(၄၆)စင်တီမီတာခန့်၊ အကျယ် (၃၄)စင်တီမီတာခန့်နှင့် ရုပ်ကြွ အထူ (၆)စင်တီမီတာခန့် ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။

လည်ဆစ်နှင့် လက်ကောက်ဝတ် ကျိုးနေသည်ကို တွေ့ရှိရပါသည်။ ပုံ(၅၉)၏ ဖောင်းတော်မှာ ဆန်းပြားနေပါသည်။ အောက်ခြေအနားကို ဖောင်း



www.burmeseclassic.com

www.burmeseclassic.com

ပြားတစ်ခုခံပြီး ဖောင်းပြားအထက် ရှေ့တည့်တည့်တွင် ခေါင်းလောင်းမှောက်သဏ္ဌာန်တစ်ခု ဖော်ထားပါသည်။

ခေါင်းလောင်းမှောက် လက်ဝဲ, လက်ယာတွင် စက်ဝိုင်းခြမ်းသဏ္ဌာန် အရစ်သုံးရစ် ဖော်ထားသည်ကို တွေ့ရှိရပါသည်။ မျက်နှာလုံးသွယ်ပြီး မျက်ခုံး အားကောင်းလှပါ၏။ မျက်လုံးတွင် အပေါ်မျက်ရစ် ဖော်ထားသည်ကို တွေ့ရှိရပါသည်။

နှာတံစင်းပြီး နှာခေါင်းဖျားချွန်ကာ နှာဝ ပွကားနေသည်ကို တွေ့ရှိရပါသည်။ ပါးစပ်မှာ ခပ်ပြုံးပြုံး တွေ့ရှိရပြီး ပါးရည်တွန့်လည်း ဖော်ထားသည်ကို တွေ့ရှိရပါသည်။

အပေါ်နှုတ်ခမ်း အရာလောက်သာ တွေ့ရှိရပြီး အောက်နှုတ်ခမ်း ပိုထူသည်ကို တွေ့ရှိရပါသည်။

မေးစေ့မှာ ခွက်နေသည်ကို တွေ့ရှိရပါသည်။ နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးများ ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

လည်ပင်းတွင် လည်ရစ်သုံးရစ် ဖော်ထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်ကို အောက်သို့ချ၍ တံတောင်ဆစ်မှ ကုပ်ကာ ညာဘက်ဘေးသို့ ထုတ်ထားသည်ကို တွေ့ရှိရပါသည်။

ဘေးသို့ ထုတ်ထားသော လက်နှစ်ဖက်ကို ပူး၍ ကြာဖူးတစ်ဖူးကိုင်ကာ ဘုရားပူဇော်နေဟန် တွေ့ရှိရပါသည်။

ဘယ်ဘက် လက်မောင်းအောက်တွင် တဘက်ကိုဖိ၍ လက်ဝဲ,လက်ယာတွင် တဘက်စ တစ်ဖက်တစ်ခုကို ပြန့်ကားစွာ ချထားသည်ကို တွေ့ရှိရပါသည်။

ပုံ-၆၀



ညာဘက် တဘက်စတွင် အစင်းကြောင်းကလေးများ ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ခါးတွင် ခါးပတ်ကြိုး တစ်ပတ် ပတ်ထားပါ၏။

ခါးပတ်ကြိုးအောက်တွင် ဣန္ဒြေကာ ပြားတစ်ပြား *ပေါင်ပေါ်တွင်ချ၍ ခါးကြိုးစတစ်စကို ခြေချင်းဝတ်ထိ ချထားသည်ကို တွေ့ရှိရပါသည်။

ဒူးနှစ်ဖက်ကို ကုပ်၍ ညာဘက်သို့ လှည့်ထိုင်ထားပါသည်။ ခြေဖနောင့်ကို တင်ပါးတွင် ကပ်၍ ခြေဖျားကိုကော့၍ ထိုင်ထားသည်ကို တွေ့ရှိရပါသည်။

**ပုံ(၅၉)**ဒိဗိုင်းလက်ရာ၏ ဗောင်းတော် ဖွဲ့စည်းဝတ်ဆင်ထားပုံကို ကြည့်ခြင်းအားဖြင့် ပြည်စိုးကြီးနာရီဗောင်းတော်နှင့် ခပ်ဆင်ဆင် တူညီမှုရှိသည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် ဤပုံ(၅၉) ဒိဗိုင်းလက်ရာကို ပြည်စိုးကြီး နာရီဝတ်ဆင်ထုံးဖွဲ့မှု ဒိဗိုင်းလက်ရာဟု ပြောရမည်ပင် ဖြစ်ပါသည်။

* * *[ပုံ-၆၀]

**ပုံ(၆၀)**ဒိဗိုင်းလက်ရာမှာ ထုဏ္ဍနသိမ်ပုထိုးတော်ကြီး၏အဝင် လိုဏ်ပတ်လမ်း လက်ဝဲဘက်မှ ကျောက်ဆစ်ရုပ်ကြွနံပါတ်(၆၂) လက်ရာကို ကူးယူရေးဆွဲထားသော ဒိဗိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

ဘုရားမုခ်ငယ်(၃၃) လက်ယာဘက်တွင် တွေ့ရှိနိုင်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့်(၄၆)စင်တီမီတာခန့်၊ အကျယ်(၃၃)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၈)စင်တီမီတာခန့် ရှိပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွတွင် အဝတ်အဆင်တန်ဆာများ ချောမွတ်နေသည်ကို တွေ့ရှိရပါသည်။ မျက်ခုံးလည်း ချောမွတ်နေပြီး လက်မောင်းလက်ကောက်ဝတ်လည်း ပွဲနေသည်ကို တွေ့ရှိရပါသည်။

**ပုံ(၆၀)**ဒိဗိုင်းလက်ရာ၏ ဗောင်းတော်ဖွဲ့စည်းပုံမှာ ဘုံဆင့်ငါးဆင့်ဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။ ဘုံဆင့်ငါးဆင့်ကို အပေါ်ဆုံးမှ အောက်ထိ ငယ်စဉ်ကြီးလိုက် ဆင့်ထားသည်ကို တွေ့ရှိရပါသည်။

မျက်နှာမှာ လုံးသွယ်ပြီး နားရွက်နှစ်ဖက်ကားကာ နားတောင်းဝန်းကြီး ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ မျက်ခုံးမှာ မတွေ့ရှိရတော့ပေ။ မျက်လုံးနှစ်ဖက်စလုံးမှာ မှေးနေသည်ကို တွေ့ရှိရပါသည်။

နှာခေါင်း ပွကားနေပါ၏။ ပါးစပ်မှာ ခပ်ပြုံးပြုံးလေး တွေ့ရှိရပြီး အပေါ်နှုတ်ခမ်းထက် အောက်နှုတ်ခမ်း ပိုထူသည်ကို တွေ့ရှိရပါသည်။ မေးစေ့လည်း ခွက်နေပါ၏။ လည်ပင်းတွင် လည်ရစ်သုံးရစ် ဖော်ထားပါသည်။

လက်နှစ်ဖက်ကို အောက်သို့ချ၍

စာမျက်နှာ (၁၈၂) သို့



www.burmeseclassic.com

www.burmeseclassic.com



အသက်(၉၆)နှစ် ရှိပြီးသူ၏

# ကျန်းမာသန့်စွမ်း သက်ရှည်နည်းလမ်းများ

လှိုင်သာကျော် (နန့်စန်)

ရှေးပညာရှင်များသည် မိမိတို့၏ ကိုယ်တွေ့ဖြစ်ရပ်များကို နောင်လာနောက်သားများ မှတ်သားလိုက်နာရလွယ်ကူစေရန် အဆိုအမိန့်များ၊ စကားပုံများ ရေးသားထားခဲ့ကြသည်။

ဥပမာ... **"အသက်ဉာဏ်စောင့် ဥစ္စာကံစောင့်"**၊ **"ကျန်းမာခြင်းသည် လာဘ်တစ်ပါး"**၊ **"အသွားမတော်တစ်လှမ်း အစားမတော်တစ်လုတ်"**စသည်ဖြင့် များစွာရှိပေသည်။

ထိုတွင် အသက်ဉာဏ်စောင့် ဟူသည် မိမိ၏အသက်ကို လူ့သက်တမ်းစေ့ နေနိုင်ရကာ လူသားတို့၏ အကျိုးခံစားနိုင်စေရန် ဉာဏ်အမြော်အမြင်ဖြင့် ဆင်ခြင် စောင့်ရှောက်ခြင်းဖြစ်သည်။

အချို့ အသက်ရှည်၏ သို့သော် ကျန်းမာရေးကား မကောင်းပေ။ အိပ်ရာထက်တွင် လူအိုနာစွဲကပ်ကာ သားသမီးများ အလှည့်ကျ စောင့်ရှောက်ပေးရ၏။

မိမိခန္ဓာကိုယ်ကို မိမိသယ်ဆောင်ခြင်းငှာ မစွမ်းနိုင်တော့ရကား အလိုမကျမှုများဖြင့်သာ ဖနှိပ်ရပေ၏။

ယင်းသို့ အသက်ရှည်ခြင်းမျိုးကို စာရေးသူ မနှစ်မြို့ပါ။ အသက်လည်းရှည်ပြီး ကျန်းမာရေးလည်း ကောင်းစေရန် စောစီးစွာကပင် အနေအထိုင် အစားအသောက်များ ဆင်ခြင်သင့်လှပါ၏။

အစားစားရာတွင် အလွန်အကျွံ မစားသင့်ကြောင်းနှင့် ရေကို များများ သောက်သင့်ကြောင်းကို...

'အစား ကြောင်လိုစား၊ ရေ နွားလိုသောက်'

ဟူ၍ ထိမိလှသော အဆိုအမိန့်ဖြင့်



ဆုံးမခဲ့သည်။

**ရွှေဟသ်ာဆရာတော်ကြီးက...**

'နည်းနည်းစား များများလျှောက် ခေါင်းကြည်အောင်ထား'

-ဟူ၍လည်း ဆုံးမခဲ့ဖူးသည်။

ကျန်းမာရေးကို အစဉ်အမြဲ အလေးထား ဂရုပြုပြီး အသက်ရှည်ရှည် အနာကင်းကင်း ကျန်းမာချမ်းသာခြင်းကို ပိုင်ဆိုင်သော အဘွားတစ်ယောက် အကြောင်း ပြောပြလိုပါသည်။

ထိုအဘွား၏ အမည်မှာ **ဒေါ်သိုက်** ဖြစ်သည်။ **အသက်(၉၆)နှစ်ရှိပြီး** အရွယ်နှင့်မလိုက်အောင် ဒေါင်ဒေါင်မြည် ကျန်းမာ၏။

တောင်တောင်ဂျဲဂျဲ သွားသော အခါ ရံခါ တောင်ဝှေးပါသော်လည်း ရံခါ မပါပေ။ တောင်ဝှေးကို ရုတ်တရက် အားကိုးရန်သာ အဟန့်အတားအဖြစ်ဖြင့် ယူရကြောင်း အဘွားက ပြောပါသည်။

အဘွားသည် ငယ်စဉ်မှစ၍ အိမ်မှုကိစ္စအဝဝတို့ကို ဆောင်ရွက်ရင်း သံဃာတော်များအား ဆွမ်းလောင်းခြင်းကိစ္စကို ဝတ္တရားမပျက် ဆောင်ရွက်ခဲ့သူဖြစ်သည်။

**အသက်(၇၀)အရွယ်ခန့်မှစ၍ ရွာတွင်ရှိ လမ်းဆုံလမ်းခွများ အလှူသဖြင့် သံဃာတော်များ ဆွမ်းခံကြွရာလမ်းများတွင် နံနက်စောစောထ၍ တံမြက်စည်းလှည်းခြင်းကို နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့လေသည်။**

အဘွားဒေါ်သိုက် နေထိုင်သည့် သူဌေးကုန်းရွာကလေးသည် တောရွာဖြစ်လင့်ကစား ပျော်ရွှင်စရာ အလွန်ကောင်းပါသည်။

သစ်ပင်ကြီးများ၊ ဝါးရုံများဖြင့် ရွာအဝင်မှစကာ အုပ်ဆိုင်းညို့မှိုင်းပြီး တောသဘာဝ ကျေးငှက်တွန်သံများ၊ ကျွဲအုပ်၊ နွားအုပ်တို့၏ ခလောက်သံ ဒိုးဒိုးဒေါင်ဒေါင်မြည်သံတို့သည် ရွာ၏ ကျက်သရေကို ဖော်ဆောင်ပေးသည့် အလား ကြည်နူးစရာကောင်းလှသည်။

အိမ်ခြေ(၃၀၀)ခန့်ရှိ၍ ထိုရွာမှ ရဟန်းသံဃာများသည် မြို့ပြများတို့သို့ ဘုန်းကြီးကျောင်းစာပေများ သင်ကြားရန် ကြွကြပါသည်။

(၃၀)ကျော်ခန့်ရှိသော ရဟန်းသံဃာများက ရွာတွင်းသို့ ဆွမ်းခံကြွခြင်းကို ဖူးမြင်ရတိုင်း ပီတိသောမနဿတွေ များစွာ ဖြစ်ရသည်။

မည်သည့်နေရာမဆို တံမြက်လှည်း



www.burmeseclassic.com

www.burmeseclassic.com

ခြင်းကို ပြုလုပ်ဆောင်ရွက်သင့်သည် ယင်းအမှုကိစ္စကို ဆောင်ရွက်သူများ သူတော်ကောင်းတို့ ချီးမွမ်း၏။

**လုပ်ဆောင်ချက် နိမ့်ကျသော်လည်း အကျိုးသေးကား ကြီးမားမြင့်မြတ်လှ၏။ သူတစ်ပါးမလုပ်ချင်သော အလုပ်ကို လုပ်ပါက သူတစ်ပါးမရသော အကျိုးကို ရရှိမည်မှာ ဧကန်မြင်၏။**

**တံမြက်စည်းလှည်းခြင်း အကျိုးကား...**

၁။ သူတစ်ပါးစိတ်ကို ကြည်လင်စေခြင်း။
၂။ မိမိစိတ်ကို ကြည်လင်စေခြင်း။
၃။ နတ်များ ချစ်ခင်လေးစားခြင်းကို ရရှိ၏။
၄။ ရုပ်ရည်အဆင်း ချောမောလှပခြင်း။
၅။ တမလွန်တွင် ကောင်းရာသုဂတိဘုံတာသို့ ရောက်ခြင်း

ဟူသော အကျိုးတရားများ ရရှိခံစားရပါမည်။

အဘွားဒေါ်သိုက်သည် မြင်သူတိုင်းကို စိတ်ချမ်းသာစေပြီး စွန့်ကြဲပေးကမ်းခြင်းစိတ်ရှိသူဖြစ်၏။ ကူညီပြုစု စောင့်ရှောက်ပေးခြင်း စိတ်လည်းရှိ၏။

ရွာတွင်း၌ တစ်ဦးတစ်ယောက် မမာမကျန်းဖြစ်ပြီဆိုပါက ရှေ့ဆုံးက ရောက်နှင့်ပြီး လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ် ဆောင်ရွက်ပေးပါသည်။

အဘွားသည် အစာလည်း ဆေး၊ ဆေးလည်း အစာ ဟူသော စကားကို လက်သုံးထားကာ လူ့ကျန်းမာရေးနှင့် ညီညွတ်မျှတအောင် တောသဘာဝ ဟင်းသီးဟင်းရွက်များကိုသာ များများ စားလေ့ရှိ၏။

အဘွားဒေါ်သိုက်သည် ငယ်ရွယ် စဉ်မှစ၍ သေဆုံးသည်အထိ ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးရုံဆေးခန်းသို့ မသွားခဲ့ဘူးပေ။ ဆေးရုံသွားခြင်းကို မနှစ်သက်၊ အိမ်တွင် အလုပ်မပျက် ကြိုတင်ကာကွယ်ခြင်းကိုသာ ပိုမို နှစ်သက်၏။

ရံခါ ဖျားနာခြင်းရှိခဲ့သော်လည်း သစ်ဥသစ်ဖုများဖြင့် ဖော်စပ်ထားသော မြန်မာ့ဆေးဝါးများကိုသာ သောက်သုံးလေ့ရှိသည်။ စာရေးသူမှ...

'အဘွား ဘာဆေးစားလို့ အသက်ရှည်ပြီး ကျန်းမာတာလဲ'

ဟု မေးသောအခါ...

'မနက်(နံနက်)တိုင်း ထမင်းရည်သောက်လို့ ကျန်းမာတာပါကွယ်'

ဟု ဖြေပါသည်။ မှန်၏ ထမင်းရည်တွင် ကစီဓာတ်၊ အာဟာရဓာတ် စသော လူ့ခန္ဓာကိုယ်ကို အကျိုးဖြစ်စေမည့် ဓာတ်များပါဝင်၍ ကျန်းမာရေးကို အထောက်အကူ ဖြစ်စေပါသည်။

ထမင်းရည်သည် ဝမ်းတွင်းရှိသော လေကို ကြေစေသည်။ ဝမ်းကို အေးစေသည်။ ဝမ်းမှန်စေသည်။ ထို့ကြောင့် အဘွားဒေါ်သိုက် အသက်ရှည်ပြီး ကျန်းမာသန်စွမ်းခြင်း ဖြစ်သည်။ တစ်နေ့တည်းမဟုတ် နေ့စဉ် သောက်သုံးရန် လိုပေမည်။

အို...စာရှုသူအပေါင်းတို့ မိမိတို့၏ ခန္ဓာကိုယ် ကျန်းမာသန်စွမ်းရေး၊ အသက်ရှည်စွာ နေထိုင်နိုင်ရေး အလေးပေးကာ ကျန်းမာရေးကို ထိခိုက်စေမည့် အစားအသောက်များကို လွန်မင်းစွာ စားသုံးခြင်းမှ ရှောင်ကြဉ်၍ သင့်တော်မျှတသော ခန္ဓာကိုယ်ကို ဆိုးကျိုးမပေးနိုင်သော အစာများကို မျှတစွာ စားသုံးခြင်းဖြင့် ကျန်းမာရေး ချို့တဲ့မှုကို ကာကွယ်ကြပါစို့ဟု...။

**လှိုင်ဘုထီး(နမ့်စန်)**

စာမျက်နှာ (၁၈၀)မှ အဆက်

တံတောင်ဆစ်မှ ကုပ်ကာ ဘယ်ဘက် ဘေးသို့ ထုတ်ထားပါသည်။ လက်ဖျားကိုပူး၍ ဘုရားကန်တော့နေဟန် ထောင်ထားသည်ကို တွေ့ရှိရပါသည်။

ခါးအထက်တွင် တဘက်ကို ပတ်၍ အစွန်းနှစ်ဖက်ကို လက်ဝဲ၊ လက်ယာ ဖြန့်ကား၍ ချထားသည်ကို တွေ့ရှိရပါသည်။ ညာဘက်တဘက်စ အဖျားတွင် အစင်းကြောင်းကလေးများ ဖော်ထားသည်ကို တွေ့ရှိရပါသည်။

ခါးတွင် ခါးပတ်တစ်ပတ် ပတ်ထားပါ၏။ ခါးပတ်ကြိုးအောက်မှ ကွင်းခြေ ကာအပြားကို ပေါင်ပေါ်တွင် အပြား လိုက် ချထားသည်ကို တွေ့ရှိရပါသည်။

ဒူးနှစ်ဖက်ကိုကုပ်၍ ဘယ်ဘက်သို့ စောင်းထိုင်နေပါသည်။ ဖနောင့်ကို တင်ပါးတွင် ကပ်၍ ခြေဖျားကွ၍ ထောက်ထိုင်ထားပါသည်။

ခြေချင်းဝတ်တွင်လည်း ပုဆိုး အောက်နားရစ်ဖော်၍ ဝတ်ဆင်ထား သည်ကို တွေ့ရှိရပါသည်။ ပုံ(၆၀)ဒီဖိုင်း လက်ရာ ဝတ်ဆင်ထားပုံမှာ ရိုးရှင်းလှ သည်ကို တွေ့ရှိရပါသည်။

ဗောင်းတော် ဖွဲ့စည်းဝတ်ဆင်ထား ပုံကို ကြည့်ခြင်းအားဖြင့် **စည်ကြီးမုဒိန်း ဝတ်ဆင်ထုံးဖွဲ့မှု လက်ရာတစ်ခု** ဖြစ် သည်ဟု ပြောရမည်ပင် ဖြစ်ပါသည်။

အထက်ဖော်ပြပါ ပုံစွဲဒီဖိုင်းလက်ရာ များမှာ မြောက်ဦးခေတ်လယ်၏ ဝတ်ဆင်ထုံးဖွဲ့မှု ဒီဖိုင်းလက်ရာများပင် ဖြစ်ပါသည်။

***အနုစွဲသောအနုပညာပါးပါးကို ထာဝရ ဦးထိပ်ပန်ဆင် ကန်တော့လျက်...***

**ပန်းချီထူးလှ**
**(ရွှေဗောင်းသုတေသန)**



www.burmeseclassic.com

www.burmeseclassic.com



# နာသောအရပ်ကို

## တွက်ကြည့်၍ ယတြာပေးနည်း

တစ်ဦးတစ်ယောက် ဖျားနာရောဂါ ရလာလျှင် လူတို့၏ ဝေါဟာရအတိုင်း ပြောလာကြသည်မှာ မည်သည့်အရပ်၊ မည်သည့်ထောင့်ကို သွားမိ၍ ဖျားနာ အနာရောဂါ ရလာသည်။ အရပ်, ထောင့် မသင့်သောကြောင့် ဖြစ်ရသည်ဟု ဥပါဒါန်အစွဲနှင့် ပြောကြ၏။

ထိုအစွဲ၊ ထိုဥပါဒါန် ထိုအနာရောဂါတို့ကို ပျောက်စေခြင်းငှာ ယတြာပေးပြီး ပျောက်ကင်းစေသောနည်း ရှေးမြန်မာ့ ရိုးရာ ဗေဒင်ပညာတို့တွင် ရှိပါသည်။


ထိုနည်းအတိုင်း တစ်ဖက်တစ်လမ်းမှ အလွယ်ယတြာပေး ကုသ၍ လူနာကို ပျောက်ကင်းစေလိုပါလျှင် ရှေးဗေဒင်ပညာနှင့် ယတြာပေးချေနည်းအတိုင်း ကုသနိုင်ပါသည်။

**ယတြာပေးနည်းမှာ...**

၁။**တနင်္ဂနွေနေ့...** အရှေ့မြောက်ထောင့်အရပ်ကို သွားမိ၍ ဖျားနာသည်... **"ဗိလာယက္ခ"** ဖမ်းစား၍ ဖျားနာခြင်းဖြစ်၏။

**ပျောက်စေလိုလျှင်** မုန့်ညက် (သို့မဟုတ်)ဂျုံမှုန့် တစ်ခုခုကို ပြုလုပ်၍ ကိုယ်စားပေးလေ...ပျောက်ကင်း၏။

၂။**တနင်္လာနေ့၌...** အရှေ့အရပ်ကို



သွားမိ၍ **"ဇီသနိုးနတ်"** ဖမ်းစား၏။

မုန့်ညက်၊ ဂျုံမှုန့် တစ်ခုခုကို လူရုပ်တစ်ခု ပြုလုပ်၍ အရှေ့အရပ်၌ မွန်းတည့်အခါတွင် ကိုယ်စားပြုလုပ်၍ ပို့လေ...ပျောက်ကင်းချမ်းသာ၏။

၃။**အင်္ဂါနေ့မှာမူ...** အရှေ့တောင်ထောင့်အရပ်ကိုသွား၍ **"အတ္တယက္ခ"** ဖမ်းစားသည်။

**ပျောက်စေလိုလျှင် လူရုပ်နှစ်ခု၊ ခင်ပုတ်(ဇီးကွက်)ရုပ်တစ်ခု** ပြုလုပ်၍ အရှေ့တောင်ထောင့်သို့ ပို့လေ... ချမ်းသာ၏။

၄။**ဗုဒ္ဓဟူးနေ့မူ...** မြောက်အရပ်သို့ သွား၍ **"ဗိလာယက္ခ"** ဖမ်းစား၏။

ပျောက်စေလိုလျှင် အထက်ပါအတိုင်း **မျောက်ရုပ်တစ်ခု** ပြုလုပ်၍ မွန်းတည့်အခါ၌ မြောက်အရပ်သို့ ပို့လေ...ချမ်းသာ၏။

၅။**ကြာသပတေးနေ့မူ...** တောင်အရပ်သို့ သွားမိ၍ **"ဝသယက္ခ"** မည်သော ဘီလူးဖမ်းစား၏။

မုန့်ညက်၊ ဂျုံမှုန့်ကို **သမင်ရုပ်တစ်ခု** ပြုလုပ်ပြီး မွန်းတည့်အခါ၌ တောင်အရပ်သို့ပို့လေ...ချမ်းသာစေ၏။

၆။**သောကြာနေ့မူ...** အနောက်အရပ်သို့ သွားမိ၍ **"ယက္ခဘီလူး"** ဖမ်းစားသောကြောင့် ဖျားနာခြင်း ဖြစ်သည်။

**ပျောက်စေလိုလျှင်** မုန့်ညက်၊ ဂျုံမှုန့်တို့ကို **"ခြသေ့ရုပ်"** ပြုလုပ်၍ မွန်းတည့်အခါ၌ အနောက်အရပ်ကို ပို့လေ...ချမ်းသာရာရ၏။

၇။**စနေနေ့၌မူ...** အနောက်အရပ်ကို သွားမိ၍ **"ယက္ခဘီလူး"** ဖမ်းစားသောကြောင့် ဖျားနာခြင်း ဖြစ်၏။

**ပျောက်စေလိုလျှင်** မုန့်ညက်၊ ဂျုံမှုန့်ကို လင်းတရုပ် ပြုလုပ်၍ **အနောက်အရပ်သို့** မွန်းတည့်အခါ၌ ပို့လေ...လူနာ ပျောက်ကင်းချမ်းသာစေ၏။

အထက်ပါနည်းများသည် ထောင့်မသင့်၊ အရပ်မသင့်သောကြောင့် ဖျားနာသည့် ကလေး,လူကြီး လူနာမရွေး ယတြာအလွယ်ပေး၍ ပျောက်ကင်းချမ်းသာမှုကို ရစေသဖြင့် လွန်သောနည်းမှာဖြစ်ပါ၏။

သို့ဖြစ်၍ တစ်ဖက်တစ်လမ်းမှ ပြုလုပ်ပေးရန်သင့်သော ရှေးပညာရှိတို့ ထားခဲ့သည့် နည်းတစ်နည်း ဖြစ်ပါသဖြင့် ဗေဒင်ယတြာဝါသနာရှင်တို့အတွက် ရှာဖွေရေးသားတင်ပြလိုက်ရပါသည်။

***သူနာတွေ့ ကောင်းသောနက္ခတ်နှင့် ကြုံ၍ ကောင်းကျိုးသုခ ရရှိကြပါစေ။***


**ကောင်းခန့် (သခွတ်မြေ)**
**ဝက်လက်**



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် ဆုကြီးများ ဆွတ်ခူးနိုင်ဖို့



အောက်တိုဘာလ အောင်ဘာလေ ထီဖွင့်ပွဲ၌ ကံထူး ကံကောင်းနိုင်ကြစေရန် ရွေးချယ်သင့်သည်မှာ ၂၊ ၁၊ ၅၊ ၃ ဂဏန်းခြေများကို **ဃ၊ ည၊ တ၊ ဗ အက္ခရာများနှင့်** တွဲဖက်ထားသော ထီလက်မှတ်များ ဖြစ်ကြသည်။

အပူး၊အထပ် ဂဏန်းများ အလိုရှိပါက ၂၊ ၁၊ ၅၊ ၃ ဂဏန်းများအနက် (၂)လုံးထက်ပို၍ ပါဝင်သော အတွဲကို ရွေးပါ။

မိမိတို့မွေးဖွားသောလ၊ရာသီအလိုက် ကံအခွင့်အလမ်းများ အသုံးပြုရန် အတွက် အောက်ပါဇယားတွင် ကြည့်ပါ။

* * *

| ရာသီ | ဂဏန်း | အရောင် | အရပ် | ကံပွင့်နေ့ | အရှေ | ကျောက်မျက် | စစ်တူထိုးရန် | ရှောင်ရန် |
|---|---|---|---|---|---|---|---|---|
| မိဿရာသီ မတ်၂၁မှဧပြီ၂၀ | ၂ | ဖြူ | အနောက်မြောက် | အင်္ဂါ | ငန် | ပုလဲ | ဗုဒ္ဓဟူး | ကြာသပတေး |
| ပြိဿရာသီ ဧပြီ၂၁မှမေ၂၀ | ၁ | နီ | အရှေ့ | ဗုဒ္ဓဟူး | စပ် | ပတ္တမြား | ကြာသပတေး | အင်္ဂါ |
| မေထုန်ရာသီ မေ၂၁မှဇွန်၂၀ | ၄ | စိမ်း | မြောက် | တနင်္ဂနွေ | ချေနေ | မြ | တနင်္လာ | ဗုဒ္ဓဟူး |
| ကရကဋ်ရာသီ ဇွန်၂၁မှဇူ၂၀ | ၆ | ပြာ | အရှေ့တောင် | စနေ | ချဉ် | စိန် | အင်္ဂါ | စနေ |
| သိဟ်ရာသီ ဇူ၂၁မှဩ၂၀ | ၃ | ပန်း | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာ | တနင်္ဂနွေ |
| ကန်ရာသီ ဩ၂၁မှစက်၂၀ | ၉ | ဖြူ | အရှေ့မြောက် | အင်္ဂါ | ငန် | ကြောင် | ဗုဒ္ဓဟူး | ကြာသပတေး |
| တူရာသီ စက်၂၁မှအောက်၂၁ | ၇ | နက် | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူး | သောကြာ |
| ဗြိစ္ဆာရာသီ အောက်၂၃မှနို၂၁ | ၀ | နက် | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူး | သောကြာ |
| ဓနုရာသီ နို၂၂မှဒီ၂၁ | ၅ | ဝါ | အရှေ့မြောက် | ဗုဒ္ဓဟူး | ချိုဆိမ့် | ဥဿဖရား | တနင်္ဂနွေ | တနင်္လာ |
| မကာရရာသီ ဒီ၂၁မှဇန်၁၉ | ၃ | ပန်း | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာ | တနင်္ဂနွေ |
| ကုံရာသီ ဇန်၂၀မှဖေ၁၈ | ၆ | ပြာ | အရှေ့တောင် | စနေ | ချဉ် | စိန် | အင်္ဂါ | စနေ |
| မိန်ရာသီ ဖေ၁၉မှမတ်၂၀ | ၈ | မြောက်ကျား | အနောက်တောင် | ကြာသပတေး | ပုပ်သိုး | ဂေါ်မိတ် | စနေ | ဗုဒ္ဓဟူး |

**ဥပမာ။ ။ မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉ မှ မတ် ၂၀ အတွင်းမွေးသူ)** စစ်တူထိုးလိုပါက စနေသားသမီးများနှင့် အစုစပ်ထိုးပါ။ ဗုဒ္ဓဟူးသားသမီး **တို့သည်** (၈)ဂဏန်း။ မြောက်ကျားသောအရောင်၊ အနောက်တောင်ထောင့်အရပ်၊ ကြာသပတေးနေ့ ပုပ်သိုးသောအရသာ၊ ဂေါ်မိတ်ကျောက်မျက်တို့က ကံလာဘ် ပွင့်လင်းစေလိမ့်မည်။ များနှင့် အကျိုးတူ ပူးပေါင်းခြင်းကို ရှောင်ပါ။

ဤလတွင် **ကံထူးနိုင်ကြသူတို့သည်** တနင်္ဂနွေနှင့် သောကြာ သား၊ သမီးများ ဖြစ်ကြသည်။ ငွေကြေး အစုအပုံလိုက် ပိုင်ဆိုင်ရဖွယ်ရှိသည်။

**ထီလက်မှတ်အရောင်းဆိုင် တည်ရာအရ ရွေးချယ်လိုပါလျှင်...**

ကမ်းနား၊ လှေဆိပ်၊ သင်္ဘောဆိပ်၊ ပင်လယ်ကမ်းစပ်၊ သင်္ဘောကျင်း၊ အဖျော်ယမကာ ပစ္စည်းအရောင်းဆိုင်၊ ငါးပိ၊ ငါးခြောက်ဆိုင်၊ ရေစင်၊ရေစက်၊ရေကန်များ စသည်တို့အနီး ဖွင့်လှစ်ရောင်းချသော ဆိုင်များက ဆုကြီးများကို ဆွတ်ခူးပေးနိုင်ပါလိမ့်မည်။ ရေလမ်းခရီး သွားလာရစဉ် ထီကံစမ်းခြင်းလည်း ပြုနိုင်သည်။

**ထီကံမြင့်ယတြာ ပြုလိုပါက...**

ပန်းရောင်၊ အနီဖျော့ဖျော့ရောင်ရှိသော ဖိနပ်၊ ဘောင်းဘီ၊ ဂါဝန်၊ ပုဆိုး စသည့် အောက်ပိုင်း အဆင်တန်ဆာများ ဝတ်ဆင်ပါ။

အထက်တွင် အဝါရောင်ကို ဆင်မြန်းပါ။ အကျီ၊ ခေါင်းစည်းပဝါ၊ လက်ကိုင်ပဝါ၊ ဆံညှပ်၊ ထီး စသည့် အသုံးအဆောင်များအနက် အဝါရောင် လွှမ်းသော အဝါရောင် အားကောင်းသော ပစ္စည်းကို ရွေးချယ်သုံးစွဲရန်ဖြစ်သည်။


***ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ။***

**ထက်မင်းကျော်(မာ)**



www.burmeseclassic.com

www.burmeseclassic.com



# "ရိုးပေမယ့်ဆန်း"

တဲ့ ကျင့်စဉ်

ပို့ရှယ်ဖြေ
(အင်ငါးခွ သကြားစက်)

**လွန်ခဲ့သော နှစ်ပေါင်း (၃၀)ခန့်က ဖြစ်သည်။** ကျွန်ုပ်အား မွေးဖွားကြီး ပြင်းရာ အထက်အညာ ဒေသမြို့ ကလေးတစ်မြို့တွင် အသားကမည်းပြီး၊ အရပ်ကကင်တို၊ ပါးစပ်ကပြဲ အမြဲတမ်းကတုံးဆံတောက် ထားတတ်သည့် ညွန့်ဝေ ဟူသော ကျွန်ုပ်နှင့် အိမ်နီးချင်း သူငယ်ချင်း တစ်ယောက် ရှိခဲ့ပါသည်။

သူသည် လူထူးလူဆန်း တစ်ယောက်ဟု ကျွန်ုပ်အနေနှင့် ဝေဖန်ခြင်းငှာ မဝံ့သော်လည်း သူ့တွင် အများနှင့် မတူညီသည့် အကျင့်စရိုက်များရှိနေ၍ ထူးခြားသည့်သူဟုပင် ဆိုရပေလိမ့်မည်။

သူသည် အများအတွက် အလုပ်လုပ်ပေးသော်လည်း လုပ်အားခငွေကို နည်းသည်များသည်ဟူ၍ သဘောမထားဘဲ **'ပေးလဲယူ၊ မပေးလဲမယူ"** ဟူသောသူမျိုး ဖြစ်သည်။

'ညွန့်ဝေ လုပ်အားခတော့ ထိုက်သင့်သလို တောင်းလေကွာ'

ဟု ကျွန်ုပ်တို့မှ ပြောလေတိုင်း....

'လုပ်အားခငွေအစား မေတ္တာရတယ်လေကွာ'

ဟု ပြောတတ်ပါသည်။

ညွန့်ဝေမိဘများမှာလည်း ညွန့်ဝေကို ကိုယ်ဝန်စတည်စဉ်ကပင် စီးပွားရေး တက်လာသည်ဟု ယူဆကြ၍ အလိုလိုက်၍ အကြိုက်ဆောင်တတ်ပါသည်။

လုပ်အားခငွေများကိုလည်း အိမ်ပြန်ယူလာသည်မရှိဘဲ အကုန်ပင် ပေးကမ်း စွန့်ကြဲပစ်တတ်ပါသည်။

ညွန့်ဝေကို ခင်မင်သူ လူကြီးသူမများက...

'ညွန့်ဝေ မင်းလုပ်ရပ်က ဘာလုပ်ရပ်လဲကွ'

ဟု မေးတိုင်း...

'ဝိဇ္ဇာတို့ရဲ့ လုပ်ရပ်'

ဟု ပြန်ဖြေတတ်ပါသည်။

'ဘယ်လိုကောင်မျိုးလဲဟ'

ဟု ပြောတိုင်း...

'ဝိဇ္ဇာလိုကောင်မျိုး'

ဟု ဘုကျကျ ပြန်ဖြေတတ်ပါသည်။

ညွန့်ဝေ အရွယ်ရောက်လာသည့် နောက်ပိုင်း နေရာ အတည်တကျ နေထိုင်သည်မရှိဘဲ တွေ့သမျှ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်၊ ခေါက်ဆွဲဆိုင်နှင့် အသုပ်ဆိုင်များအဆုံး စားပွဲထိုးအကူ လုပ်ကိုင်ပေးပြီး ရသမျှ လုပ်အားခငွေများကို ငယ်စဉ်ကလိုပင် ပေးကမ်း စွန့်ကြဲပစ်ပါသည်။

ညွန့်ဝေကို ဘယ်လိုလူစားလည်းဟု ကျွန်ုပ်အနေနှင့် ဝေဖန်ပိုင်းခြားခြင်းမှာ မဝံ့မရဲသော်လည်း သူ၏ကျင့်စဉ် တစ်ပိုင်းတစ်စလေးကို ရရှိခဲ့၍ စာဖတ်သူများအကျိုးရှိစေခြင်းငှာ ရေးသား ဖော်ပြပေးခြင်းသာ ဖြစ်ပါသည်။

ကျွန်ုပ်မှ ကျင့်စဉ်ကူးယူပြီး၍...

'မင်းကျင့်စဉ်ကလဲ လွယ်သားပဲ'

ဟု ညွန့်ဝေကို မေးလိုက်မိပါသည်။

'လွယ်တာကို လူတိုင်းလုပ်လို့လား'

ဟု မေးခွန်း ပြန်မေးခံလိုက်ရပါသည်။

'လူတိုင်း နေ့စဉ်လုပ်နေကျပဲ'

ဟု ကျွန်ုပ်မှ ထပ်ကွန့်လိုက်ပြန်ရာ...

'လုပ်နေကျပေမယ့် ရင်ထဲအသည်းထဲက လိုက်လိုက်လှဲလှဲ လုပ်လို့လား'.

ဟု ထပ်မံ၍ အမေးခံရပြန်ပါသည်။

'ဒါကတော့ မသိဘူးလေကွာ'

ဟု ကျွန်ုပ်က ပြန်ပြောလိုက်ပြန်ရာ...



www.burmeseclassic.com

www.burmeseclassic.com

'လူတိုင်းမသိနိုင်တာ ဗိဇ္ဇာတို့ရဲ့ လုပ်ရပ်ပဲ'

ဟု ပြန်ဖြေခဲ့ပါသည်။

'မင်းကျင့်စဉ်ကို တစ်ပြည်လုံး ပျံ့နှံ့သွားအောင် မဂ္ဂဇင်းကရေးပြီး ဖော်ပြပေးလိုက်မယ်နော်'

ဟု ကျွန်ုပ်က မေးလိုက်ရာ...

'ကောင်းတာပေါ့ကွ။ ဗိဇ္ဇာတို့ရဲ့ ကျင့်စဉ် တစ်ပြည်လုံးမက တစ်ကမ္ဘာလုံး ပျံ့သွားလေ ကောင်းလေပဲ'

ဟု ခွင့်ပြုခဲ့သည်ကြောင့် **"ရိုးပေမယ့် ဆန်း"** ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြလိုက်ရပါတော့သည်။ ***(စာရေးသူ)***

မည်သည့် အချိန်ကာလကပင် စတင်ခဲ့သည်ဟု မသိရှိရသော အထက်အညာဒေသရှိ မြို့များ၏ ထုံးစံအတိုင်း ကျွန်ုပ်တို့မြို့ကလေးသည်လည်း (၅)ရက်လျှင် တစ်ဈေး ကျင်းပခဲ့ရာ ပတ်ဝန်းကျင်ကျေးရွာများ၏ ဒေသထွက်ကုန် ပဲမျိုးစုံ ငရုတ်ခြောက်၊ ခရမ်းချဉ်သီးများကို နွားလှည်း၊ မြင်းလှည်းများအပြင် ခေါင်းရွက်နှင့် တသွယ် ထမ်းပိုးဖြင့်တစ်ဖုံ လာရောက်ရောင်းချကြသည်မှာ ကြက်ပျံမကျ စည်ကားလှပါသည်။

အဆိုပါဈေးသည်များအား ညွန့်ဝေမှ ကူညီ၍ နေရာချပေးခြင်း၊ ငရုတ်အိတ်များအား လှည်းပေါ်မှ ပွဲရုံထဲအရောက် ကူသယ်ပေးခြင်းကို စိတ်ပါလက်ပါကူညီ၍ လုပ်ကိုင်ပေးတတ်ပါသည်။

အဖိုးအခဟူ၍ တစ်မူးတစ်ကျပ်မျှ ပေးလည်းယူ၊ မပေးလည်း သူ၏ နှုတ်ခမ်းထူ ပါးစပ်ပြဲကြီးဖြင့် ရယ်ပြကာ ကျေနပ်နေသူမှာ ညွန့်ဝေပင် ဖြစ်ပါသည်။

ထိုအချိန်အခါက ဈေးသည်တိုင်းလိုလိုနီးစေရန် အလုပ်ပေါ်တိုင်း ပေးသမျှဖြင့် ကျေနပ်သည့်ညွန့်ဝေကို မျှော်ကြစမြဲပင် ဖြစ်ပါသည်။

မျှော်သာမျှော် (၁၀)နာရီနောက်ပိုင်းတွင် ပေါ်မလာသည်က ညွန့်ဝေပင် ဖြစ်ပါသည်။ သူ့လုပ်အားခငွေအကုန် ကလေးလူကြီးနှင့် ဆွမ်းခံကိုယ်တော်များပါမကျန် ပေးကမ်းစွန့်ကြဲလှူဒါန်းပါတော့သည်။

**(ထိုအခါက ကျွန်ုပ်တို့မြို့တွင် ညွန့်ဝေလောင်းလှူသည့် ခဲဘွယ်၊ ဘောဇဉ်၊ ခဲတံ၊ စာအုပ် အလှူခံမရဘူးသည့် ရဟန်း၊ သံဃာ၊ သီလရှင်ဟူ၍မရှိသလောက်ပင်ဖြစ်သည်။ ***–စာရေးသူ)*****

လွန်ခဲ့သည့် (၁၅)နှစ်ကဖြစ်သည်။ ကျွန်ုပ်တို့မြို့မှ ညွန့်ဝေထွက်သွားသည်မှာ ခြေရာပင်ခံ၍ မရတော့ပေ။ ညွန့်ဝေအစ်ကို အကြီးဆုံးနှင့် သူ၏အထက် ဦးပဥ္ဇင်း ဦးကေသလတို့မှာ ညွန့်ဝေသတင်း ကြားမိသည့် မြို့ရွာအသီးသီးရှိ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်နှင့် ခေါက်ဆွဲဆိုင်များပါမကျန် စုံစမ်းကြပါတော့သည်။

ဆိုင်ပိုင်ရှင် ဗမာ၊ တရုတ်၊ ကုလားတို့က ညွန့်ဝေ မိမိဆိုင်မှာ စားပွဲထိုးအကူ လာရောက်လုပ်ကိုင်သည်မှာ မှန်ကြောင်းနှင့် ဘယ်အချိန်က ထွက်သွားမှန်းမသိကြောင်း လူကောင်းတစ်ယောက်ဖြစ်ကြောင်း။

သူရောက်လာမှ ဈေးရောင်း၍ ကောင်းလာကြောင်း၊ သိသာစွာ စီးပွားတက်လာကြောင်း၊ သူ့လုပ်အားခတွေလည်း စုတယ်လို့ မရှိ အကုန်လှူပစ်၊ ပေးပစ်ကြောင်း ဟူ၍သာ တစ်သံတည်း ထွက်လာကြပါသည်။

**၂၀၁၆ခုနှစ်၊ မေလကုန်က ဖြစ်ပါသည်။** ကျွန်ုပ်တို့ ဇာတိမြို့ကလေးတွင် လေပြင်းများတိုက်ခတ်မှုကြောင့် အိမ်အမိုးများ လန်ကျခြင်း၊ အိမ်ကြီးအိမ်ကောင်းများပင် ယိုင်နဲ့ကုန်ခြင်း၊ လဲပြိုခြင်းများပင်ဖြစ်ကြ၍ ကျွန်ုပ်လည်း မိဘပိုင်အိမ်အမိုး သွပ်အချပ်(၂၀) လန်ကုန်၍ အပြေးတစ်ပိုင်းပင် သွားရောက်ခဲ့ရပါသည်။

(၂)ရက်နှင့်အပြီး အိမ်အမိုးများ ပြန်မိုးပြီးချိန်တွင် ညွန့်ဝေတို့ပိုင်အိမ်ရှေ့သို့ ကားတစ်စီး ထိုးဆိုက်လာပါသည်။ ဦးပဥ္ဇင်းတစ်ပါးနှင့် လူတစ်ဦး ကားပေါ်မှ ဆင်းလာပါသည်။

ကျွန်ုပ် သေချာကြည့်လိုက်တော့ ညွန့်ဝေအစ်ကိုဦးပဥ္ဇင်းနှင့် ယခင်အတိုင်းပင် မပြောင်းလဲသော ကတုံးဆံတောက်နှင့် ညွန့်ဝေတို့ပင် ဖြစ်ပါသည်။

ကျွန်ုပ်မှ အားရဝမ်းသာဖြင့် မတွေ့ရတာကြာပြီဖြစ်သည့် သူငယ်ချင်း ညွန့်ဝေကို လက်ပြနှုတ်ဆက်လိုက်ပါသည်။

ညွန့်ဝေတို့ပိုင် မိဘအိမ်မှာလည်း သွပ်အမိုးများ လန်ကျရုံနေသာမက ဒိုင်းများပင် ပြုတ်ထွက်ကုန်၍ ညွန့်ဝေမိသားစုမှာ ဗျာများနေပါသည်။

ဦးပဥ္ဇင်းအတွက် ဆွမ်းကိစ္စ ခက်ခဲနေမည်ကိုသိနေ၍ ကျွန်ုပ်နှင့် နှမဖြစ်သူတို့က ဦးပဥ္ဇင်းအတွက် နေ့ဆွမ်းကပ်ရန် သွားရောက်လျှောက်ထားရာ ဆွမ်းလက်ခံခဲ့သော်လည်း ညွန့်ဝေမှ အလုပ်များနေ၍ မလာနိုင်ကြောင်းနှင့် ကျေးဇူးတင်ကြောင်းသာ ပြောလိုက်ပါသည်။

ဦးပဥ္ဇင်းကို နေ့ဆွမ်းကပ်အပြီး ညွန့်ဝေအကြောင်းကို မေးမြန်းလျှောက်ထားကြည့်ရာ ဦးပဥ္ဇင်းမှ အောက်ပါအတိုင်း ရှည်လျားစွာ မိန့်ကြားပါတော့သည်။

**(ဦးပဥ္ဇင်းမှ ညွန့်ဝေအကြောင်း မိန့်ကြားချက်အား အကောင်းဆုံးရေး**





www.burmeseclassic.com

www.burmeseclassic.com

**ပြရလျှင် ဝတ္ထုရှည်တစ်အုပ်မျှ ရှည်လျားသွားနိုင်၍ အတိုချုပ်မျှသာ တင်ပြရေးသားသွားပါမည်။**

***စာရေးသူ)***

လွန်ခဲ့သော(၁၀)နှစ်ခန့်က ညွန့်ဝေ ဦးပဉ္စင်းကျောင်းသို့ ရောက်လာပြီး ကျင့်စဉ်တစ်ခု ပေးသွားပြီး ဦးပဉ္စင်းကို ကျင့်နိုင်းပါသည်။ သူကိုယ်တိုင်လည်း ကျင့်ပြီး ကျောင်းသို့ရောက်လာသူတိုင်းကိုလည်း ကျင့်ခိုင်းရန် မှာသွားခဲ့ပါသည်။

သူကိုယ်တိုင်ကမူ ငယ်စဉ်ကအတိုင်း ရှိသမျှ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်၊ ခေါက်ဆွဲဆိုင်များမှာ စားပွဲထိုးအကူအဖြစ် လှည့်လည်၍ လုပ်ကိုင်ခဲ့ပြီး ကျွေးသမျှစား၊ ရသမျှကို ပေးလှူဖြစ်သည်။

ညွန့်ဝေ ဝင်ရောက်လုပ်ကိုင်သည့် ဆိုင်မှန်သမျှ သူရောက်သည့်နေ့မှ စပြီး သိသာစွာ ဈေးရောင်းကောင်းခဲ့ပြီး စီးပွားတက်လာသည်။ ဆိုင်ပိုင်ရှင်တို့မှာလည်း အစတွင် ရိပ်စားမိခြင်း မရှိသော်လည်း ကြာလာသော် သတိထားမိလာကြသည်။

ညွန့်ဝေမှာလည်း ဆိုင်တစ်ဆိုင်တွင် နှစ်ကြာသည်ထိမနေဘဲ (၃)လမှသည် အများဆုံး (၆)လသာ လုပ်ကိုင်ပေးပြီး တစ်ဆိုင်ပြီးတစ်ဆိုင်၊ တစ်မြို့ပြီးတစ်မြို့ လှည့်လည်ပြီး လုပ်ကိုင်ခဲ့သည်။

ညွန့်ဝေကို လိပ်စာတောင်းသော် သူ့အစ်ကို ဦးပဉ္စင်းကျောင်းလိပ်စာသာ ပေးမြဲဖြစ်သည်။ ညွန့်ဝေကို အကြောင်းပြုပြီး စီးပွားသိသာစွာ တိုးတက်လာသော ညွန့်ဝေကူညီလုပ်ကိုင်ခဲ့ဖူးသည့် ဆိုင်ပိုင်ရှင်များမှာ ဦးပဉ္စင်းကျောင်းလိပ်စာအတိုင်း လိုက်လာကြပြီး ညွန့်ဝေကို စုံစမ်းလေ့လာကြတော့သည်။

ညွန့်ဝေကို စုံစမ်းမရသည့်အဆုံး ဦးပဉ္စင်းကိုသာလျှင် ကျောင်းဆောက်ရန်၊ သာသနာပြုရန်ဟူ၍ ပေးလှူကြသည်မှာ ကျောင်းအဝန်းအပြည့် နေရာလပ်မကျန်အောင် ကျောင်းများဆောက်နိုင်သည့်အပြင်၊ မန္တလေးက ခေါက်ဆွဲဆိုင်ပိုင်ရှင်က ဦးပဉ္စင်းစီးရန်ဟူ၍ အကောင်းစားကားတစ်စီး ပေးလှူကြောင်း၊ ဦးပဉ္စင်းထံ ရောက်လာသူမှန်သမျှကို ကျင့်စဉ်ကျင့်ရန် ဝေငှပေးခဲ့ပါသည်။



'ပေးသူကပေး၍ ကျင့်သူကကျင့်ကြ
ကျင့်ကြ၍ စီးပွားတက်၊ စီးပွားတက်လို့ ပေးလှူ
မှန်လုံးစကြာကပ်ဆိုသလိုမှိုပါ အဘကြီးရာ'

ဟု ပြုံးပြီး မိန့်တော်မူကာ ညွန့်ဝေ ရေးပေးသောကျင့်စဉ်ကို ကျွန်ုပ်ကူးရန် ပေးအပ်ခဲ့ပါသည်။ **(ညွန့်ဝေ၏ ကျင့်စဉ်အား တစ်လုံးမကျန် ဖော်ပြပေးပါမည်။ ဥပမာ ပေးခြင်းမှာ ညွန့်ဝေ၏ မူလစာတွင် ပါရှိခြင်းမရှိဘဲ ကျွန်ုပ်၏ အာဘော်သာဖြစ်ပါကြောင်း။ -စာရေးသူ)**

(က) ဒါနတစ်ခု နေ့စဉ်စွဲမြဲ ပြုလုပ်ပေးရပါမည်။

ဒါနတစ်ခု နေ့စဉ် မပျက်မကွက် စွဲမြဲစွာ ပြုလုပ်ပေးရပါမည်။ **ဥပမာ။** ။ ရေဒါနကုသိုလ် (ရေချမ်းစဉ်)၊ ဆွမ်းဒါနကုသိုလ်။ (ဘုရား၊ ရဟန်း၊ သံဃာများအားလောင်းလှူခြင်း။)

(ခ) ဆုတောင်းရမည်။

ဒါနပြုပြီးတိုင်း မပျက်မကွက် **တစ်ခုတည်းသောဆုတောင်း**ကိုသာ စွဲမြဲစွာ ဆုတောင်းရပါမည်။

(ဂ) မေတ္တာပို့ အမျှပေးဝေရပါမည်။

နေ့စဉ်ဒါနပြုပြီးတိုင်း နှုတ်မှ အသံထွက်ပြီး အောက်ပါအတိုင်း မပျက်မကွက် မေတ္တာပို့ အမျှပေးဝေရပါမည်။

'ကျွန်ုပ်ယနေ့ပြုလုပ်ခဲ့သည့် ဥပမာ (ရေဒါနကုသိုလ်၊ ဆွမ်းဒါနကုသိုလ်ဟု ထည့်ဆိုပြီး) အား ကျွန်ုပ်၏ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်နှင့်တကွ ဤနယ်တွင်းတွင် စောင့်ရှောက်ကုန်သော အစောင့်အရှောက်တို့ကို လည်းကောင်း၊ ကျွန်ုပ်၏ အမိ၊ အဖ၊ အဘိုး၊ အဘွား ညီအစ်ကို မောင်နှမသားချင်းတို့အားလည်းကောင်း၊ ကျွန်ုပ်နှင့် ဘဝအဆက်ဆက်က တော်စပ်ဖူးကုန်သော မိကြီး၊ ဖကြီး၊ ဘိုးကြီး၊ ဘွားကြီး၊ ဆွေကြီး၊ မျိုးကြီးတို့အားလည်းကောင်း၊

ကျွန်ုပ်နှင့် ပဋ္ဌာန်းဆက်ရှိကြကုန်သော မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်သတ္တဝါအားလုံးတို့အားလည်းကောင်း၊ (၃၁)ဘုံတွင် ရှိသမျှ ဝေနေယျအားလုံးတို့အား အမျှပေးဝေပါ၏။

ကျွန်ုပ်နှင့် ထပ်တူထပ်မျှ အမျှရကြ၍ ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်နိုင်ကြပါစေ'

ဟု အမျှသုံးကြိမ်ဝေ၍ သာဓုသုံးကြိမ် ခေါ်ဆိုရမည်ဖြစ်ပါသည်။

**ဗိုရှယ်မေ**
***(အင်ငါး၈ သကြားစက်)***

ရေတွင်းတူးရန် နေရာနှင့်

# ရေတွင်းနတ်တင်ခြင်း



မှန်ငြိမ်းသီ
(ရေဆင်း-ဖနေပြည်တော်)

ပင်စင်ယူသွားတဲ့ ဝန်ထမ်းမိတ်ဆွေ တစ်ယောက်က သူ့ဝိုင်းထဲမှာ ရေတွင်း တူးနေရင်း ရေမထွက်လို့ဆိုပြီး အကြံ ဉာဏ် တောင်းလာတဲ့အတွက် ရေတွင်း တူးရမယ့် နေရာကို ရွေးပေးလိုက်ရပါ တယ်။

ရေတွင်းတူးတော့လဲ ရေထွက်နည်း လို့ဆိုပြီး ရောက်လာပြန်ပါတယ်။ အဲဒါ နဲ့ ရေတွင်းတူးတဲ့အခါ နတ်တင်တဲ့ နည်းကိုပါ ပေးလိုက်ရပြန်ပါတယ်။

(၇)ရက် သားသမီးတိုင်းအတွက် ရေတွင်းတူးရာအရပ် ရှာနည်းကို ဗဟုသုတအနေနဲ့ ဖော်ပြပေးလိုက်ပါ တယ်။

မိမိမွေးနံ ရပ်ကနေပြီး လက်ယာရစ်လှည့် ရေတဲ့အခါ (၄)ခွင်မြောက်အရပ်မှာ ဘုမ္မိ အရပ်၊ တစ်နည်းအားဖြင့် အညစ်အကြေး စွန့်ရာ အရပ်မှာ မတူးရပါဘူး။

မွေးနံအရပ်ကနေပြီး (၂)ခွင်မြောက်ဖြစ်တဲ့ အာယုရပ် ကျတဲ့နေရာ(အသက်ရှည်ခြင်း ဆိုသောအရပ်)၊ မွေးနံအရပ်ကနေပြီး (၆)ခွင်မြောက်ကျတဲ့ တေဇ(ဘုန်းတန်ခိုး ထွန်းတောက်ရာအရပ်)၊ မွေးနံမှ (၈)ခွင် မြောက် သီရိဆိုသော(ကျက်သရေထွန်း တောက်ရာအရပ်) အရပ်တို့မှာ ရေတွင်းတူး ရပါမယ်။

ယင်းနေရာများကို မရနိုင်ဘူးဆိုပါက ဒုတိယ ဦးစားပေးအနေနဲ့ (၄)ခွင်မြောက် ဘုမ္မိအရပ် ကို ရှောင်၍ ကျန်သောအရပ်တို့တွင် တူး နိုင်ပါတယ်။

**ဘုမ္မိအရပ်ကိုရှာရန်မှာ** ဂြိုဟ်(၈) ခွင် တည်ရှိရာ အရပ်ကိုသိဖို့ လိုပါ တယ်။ ရှေးဦးစွာ ဂြိုဟ်(၈)ခွင် ရေတွက် ပုံကို ဖော်ပြပေးပါမယ်။ အဲဒါက ရှေးရိုး နည်းက မှတ်မိအောင် လင်္ကာလေးနဲ့ ရေကြပါတယ်။

တနင်္လာကျွဲ့တစ်ဆယ့်ငါး နေပြားရှေ့ရပ်က အင်္ဂါခြသေ့် ရှေ့တောင်ကွေ့ မရွေ့ရှစ်နှစ်မျှ ဗုဒ္ဓဟူးဆင်တောင်ရပ်ခွင် နေလျှင် ဆယ့်ခွန်ပ၊ စနေနဂါးနောက် တောင်ငြား နေပြား ဆယ် နှစ်ပ၊ ကြာသပတေးကြွက် စီးလျှက်ကဲ့မို့ တစ်ဆယ့်ကိုး စိုရှိုးအနောက်ကျ၊ ရာဟု တိုင်းဆို နောက်မြောက်ကို နေလို့ဗွဲ့အသ သောကြာပူးမဲ့ မြောက်တည့်တည့် တစ်ဆယ့် နှစ်,နှစ်မျှ၊ တနင်္ဂနွေဂဠုန် ရှေ့မြောက်ကြုံ နေတုံ ခြောက်နှစ်မျှ'.

စကားပြေနဲ့ နားလည်အောင်ပြော ရရင်...


* * *

| စဉ် | ဂြိုဟ် | ဂြိုဟ်သက် | အရပ်/ထောင့် |
|---|---|---|---|
| ၁ | တနင်္လာ | ၁၅ | အရှေ့ |
| ၂ | အင်္ဂါ | ၈ | အရှေ့တောင် |
| ၃ | ဗုဒ္ဓဟူး | ၁၇ | တောင် |
| ၄ | ကြာသပတေး | ၁၉ | အနောက် |
| ၅ | သောကြာ | ၂၁ | တောင် |
| ၆ | စနေ | ၁၀ | အနောက်တောင် |
| ၇ | တနင်္ဂနွေ | ၆ | အရှေ့မြောက် |

အဲဒါကို မွေးနံအရပ်ကနေပြီး အရပ် မျက်နှာကို လက်ယာရစ်ရေပါ။

**ဥပမာ ။ ။ တနင်္ဂနွေသားဆိုပါ တော့ သူ့မွေးနံ အရပ်ကစပြီး ရေ ရရင်...**

* * *




| | | |
|---|---|---|
| ၆ နှစ် တနင်္ဂနွေ | ၁၅နှစ် တနင်္လာ | ၈ နှစ် အင်္ဂါ |
| ၂၁နှစ် သောကြာ | **ဂြိုဟ်နှင့် ဂြိုဟ်သက်ခွင်** | ၁၇ နှစ် ဗုဒ္ဓဟူး |
| ၁၂ နှစ် ရာဟု | ၁၉ နှစ် ကြာသပတေး | ၁၀ နှစ် စနေ |

(၁)အရှေ့မြောက်၊ (၂)အရှေ့၊ (၃)အရှေ့တောင်၊ (၄)တောင်ဘက် ဆိုတော့ အဲဒီ (၄)ခွင်မြောက်ဂြိုဟ်က သူ့ရဲ့ အညစ်အကြေးစွန့်ရာ အရပ်ဆို တော့ တစ်နည်းအားဖြင့် ဘုမ္မိအရပ်လို့ ခေါ်ရမှာပေါ့။ အဲလိုအရပ်မျိုးမှာ ရေတွင်းတူးရင် မကောင်းဘူးပေါ့။

ဒါကြောင့် ဘုမ္မိအရပ်ကိုရှောင်ပြီး တူးသင့်ပါတယ်။ ကျန်တဲ့အရပ်အခေါ်

စာမျက်နှာ (၁၉၂) သို့



www.burmeseclassic.com

www.burmeseclassic.com



# ကျောက်မဲမြို့ဒေသမှ

ထူးထူးဆန်းဆန်း

# အစားအစာများ

မောင်စင်ညွှ
(ကျောက်စိမ်းတွင်း)

လူတို့သည် ကိုယ်ခန္ဓာအတွက် အစားအစာများကို စားကြရသည်။ ဒေသနှင့် လူမျိုးပေါ်လိုက်၍ အစားအစာများ ကွဲပြားခြားနားသည်။ ဒေသနှင့်လူမျိုး တူသော်လည်း နေထိုင်သည့် ဒေသအလိုက် အစားအသောက်များ ကွဲပြားသေးသည်။

ထွက်ရှိသည့် အစားအစာပေါ်မူတည်၍ ဒေသတစ်ခုနှင့်တစ်ခု စားသောက်မှု ကွဲပြားရုံသာမက အချို့အစားအစာများဆိုလည်း မစားဘူးသည်လည်း ရှိ၏။ မစားတတ်သည်လည်း ရှိတတ်၏။

ဥပမာ ဟင်းပေါင်း(အသီးအရွက်များနှင့် ဆန်မှုန့်နယ်၍ ပေါင်းထားသည်။) စရိလော်ဟင်းတို့သည် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့၌ နေထိုင်သည့် ရှမ်းဗမာ(တိုင်းလျှံ)တို့ အမြဲတမ်း စားတတ်ကြသော်လည်း အခြားဒေသမှ လူများမှာ ထိုဟင်းများကို ကြိုက်နှစ်သက်ခြင်း၊ စားတတ်ခြင်း သိပ်မရှိပေ။

စာရေးသူ တင်ပြသည့် အစားအစာများမှာ ရှားပါးခြင်း၊ ရာသီအလိုက်ပေါ်ခြင်းနှင့် အရသာရှိခြင်း၊ တစ်ခါတစ်ရံမှ စားရခြင်းတို့ကြောင့် လူအများ မစားဘူးသေး(မစားတတ်)သော အစားအသောက်များ ဖြစ်သည်။

## ဆင်ချေးပိုးကြော်

ဆင်ချေးပိုးကြော် ဆိုသည်နှင့် လူအများမှာ ရွံစရာ အမြင်နှင့် စားရဲကြမည် မထင်ပါ။ စာရေးသူ ကိုယ်တိုင်လည်း ယခင်က ခပ်ကြီးကြီးမည်းမည်း အကောင်များ ကြော်ထားသည်ကို ရွံစရာ၊ ကြောက်စရာအသွင်နှင့် မြင်ထားသဖြင့် စားဖူးခြင်း၊ စားရဲခြင်း မရှိပါ။

တစ်ချိန်တွင် **တာမခန်မှ ဇေခါသို့ ကျင်း(ကျောက်စိမ်း) သွားကြည့်မည့် မိတ်ဆွေအဖွဲ့နှင့် စာရေးသူ လိုက်သွားပါသည်။** မိုးတွင်းဖြစ်သဖြင့် ဗွက်ထဲ၌ မိုးရွာရွာ၌ ခြေကျင်လျှောက်ကြရသည်။ နားသည့်နေရာ၌ တစ်ခွက်တစ်ဖလား ချကြသည်။ အမြည်းအဖြစ် ဆင်ချေးပိုးကြော်များကို ယူလာကြသည်။

အအေးဒဏ်ခံနိုင်ရန် တစ်ခွက်တစ်ဖလား ချထားသော စာရေးသူမှာ ဆင်ချေးပိုးကြော်ကို ရွံသဖြင့် မစားရဲပေ။ ခွက်ကလည်း စိပ်လာ၊ အမြည်းကလည်း မရှိ၊ အဖော်တွေကလည်း တိုက်တွန်းသဖြင့် မူးမူးနှင့် စတိသဘော မြည်းကြည့်သည်။

စားမိမှ မှားမှန်းသိသည်။ ဒီလောက်ကောင်းသည့် အစားအစာကို မစားမိခဲ့၍ ဖြစ်သည်။ အရသာမှာ အတော်ကောင်းပါသည်။ **ပြောပြသည်ထက် စားကြည့်မှ ပိုသိမည်။**

ဆင်ချေးပိုး ဆိုသည်မှာ ဆင်ချေးပုံ၌ တူးဖော်ရရှိသော အတောင်ပါ အကောင်မည်းမည်းနှင့် ကျွဲချေးပိုး၊ နွားချေးပိုတို့ထက် ကြီးပါသည်။ ဆင်ချေး ညပါ ထားက နံနက်စောစော သွားတူးနိုင်လျှင် မြေကြီးကို တစ်ထွာမှ တစ်တောင်အထိ တူးရပါသည်။ မွန်းတည့်ချိန်ဆိုလျှင် တစ်တောင်မှ နှစ်တောင်အထိ တူးရသည်။ ဆင်ချေး(၁)ပုံလျှင် ဆင်ချေးပို (၁၀)ကောင်မှ အကောင် (၃၀)ထိ ကျတတ်သည်။

ပုံမှန်အားနေအထားမှာ (၁၀)ကောင် ကျော်ရသည်။ ဆင်ချေးပိုးကို အမြဲတမ်း မရနိုင်ပါ။ မိုးဦးမှ မိုးလယ်ရာသီချိန်တွင် အကျများပါသည်။ မိုးနှောင်းဆိုလျှင် မရှိတော့ပါ။ **ဆင်ချေးပိုး အထီးဆိုလျှင် တစ်ချောင်းတည်းသော ချိုမှာ ကွေးနေပြီး အမမှာ ဦးချိုပြောင့်သည်။** အင်းတော်ကြီးအင်းဘက်ရှိ ကွင်းများ ဆင်ချေးပိုး အကျများသည်ဟု သိရသည်။



www.burmeseclassic.com

www.burmeseclassic.com

**တာမခန်ဈေးထဲ၌** ဆင်ချေးပိုး ရောင်းတတ်ပါသည်။ **အမြဲတမ်း မရှိပါ။ တစ်ခါတစ်ရံသာ ရှိတတ်ပါသည်။** ဆင်ချေးပိုးကို အခွံနွာ(အတောင်) အမြီးမှ ဆွဲနုတ်လိုက်လျှင် ချေးပါ,ပါ သွားပါသည်။ **ထိုအခါ ဆင်ချေးပိုးကို ကြော်စားရပါသည်။**


**ဆင်ချေးပိုးကို ကြော်ပြီး ရှောက်သီး၊ ကြက်သွန်မြိတ်၊ ဆား သင့်ရုံထည့်၍ သောင်းစားပါက အလွန် စားကောင်း၍ အရသာရှိပါသည်။ ရာသီချိန်အလိုက်သာ စားရသည့် ရှားပါးသော အစားအစာ ဖြစ်ပါသည်။**

## သားရေသုပ်

တစ်ခါက စာရေးသူသည် **ဖားကန့်မြို့နယ်၊ ဟောင်ပါးကျေးရွာ၌** ဝက်ခေါက်ကဲ့သို့ အခေါက်သုပ်အား စားရသည်။ အခေါက်သုပ်အား **ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ကုလားနံနံ(ကုလားစမိတ်)နှင့် ရောသုပ်ပြီး ကျွဲကောသီးရည် ဆမ်းထားသဖြင့်** မွှေးကြိုင်၍ အရသာရှိလှပါသည်။ **ဝက်ခေါက်ကဲ့သို့ မစီးပါ။ အမွှေးလည်း မပါ။ အရောင်မှာ အဝါရောင်ဖြစ်၍ စားလိုက်လျှင် ဆတ်တောက်ဆတ်တောက်နှင့် ပျော့ပျောင်းပါသည်။**

စာရေးသူမှ ဘာသုပ်လဲဟု မေးရာ **သားရေသုပ်**ဟု ပြောပါသည်။ စားကောင်းကောင်းနှင့် ဆက်စားနေပြီး သားရေသုပ်နှင့် ပတ်သက်၍ မမေးမိတော့ပါ။

တစ်ခါ၌ သားရေဂျာကင်ချုပ်လိုသော မိတ်ဆွေမှ သားရေချုပ်များ စုရာ ကိုင်းထောင်သည့် မုဆိုးများ သားရေ လာသွင်းကြသည်။ လာသွင်းကြသည့် သားရေများမှာ ဂျီ(ချေ) သားရေများဖြစ်သည်။ ဂျီ(ချေ) သားရေ လာသွင်းသည့် မုဆိုးအား



စာရေးသူမှ...

'ခင်ဗျားတို့ ဂျီ(ချေ)သားရေပဲ လာသွင်းကြတာ။ ဆတ်သားရေကျတော့ မသွင်းကြဘူးလားဗျာ။ ဆတ်သားရေက ပိုထူတော့ ပိုကောင်းမှာပေါ့'

ဟု မေးကြည့်ရာ...

'ဆတ်သားရေက စားလို့ကုန်ပြီ။ စားကောင်းလို့ စားဖို့ရောင်းတာနဲ့ သားရေချုပ်ရဖို့ မလွယ်ဘူး။ ဈေးလဲ ရတယ်'

ဟု ပြန်ဖြေသည်။ ထိုအခါမှ ဟောင်ပါးရွာ၌ စားခဲ့ဖူးသော သားရေသုပ်မှာ **ဆတ်သားရေသုပ်**ဖြစ်ကြောင်း သိရတော့သည်။ ဆတ်သားရေသုပ် ဟင်းတစ်ခွက်ကတော့ လွယ်လွယ်နှင့် မရပေ။

**ဆတ်သားရေအား ပထမဦးစွာ မီးဖုတ် မီးကင်ရပါသည်။ မီးဖုတ်၊ မီးကင်၍ အမွေးများ စင်လျှင် ရေနှင့် အနည်းငယ် ပြုတ်၍ ပြုတ်လို့ရသည့် အရွယ် ပိုင်းပြုတ်ရပါသည်။ မပြုတ်ဘဲ ရေစိမ်လိုက ရနိုင်ပါသည်။ ရေစိမ်လို့လည်း ရသည်။ တစ်ခါတစ်ရံ တာမခန်ဈေးထဲ၌ ဆတ်သားရေ မီးဖုတ်ပြီး သားရေခေါက် အပိုင်းကလေးများ ရောင်းတတ်ပါသည်။ ရှားတော့ အလွန်ရှားသည်။**

**မီးဖုတ်ပြီးသား သားရေခေါက် အပိုင်းကလေးများကို ဝယ်ပြီး နူးလာသည် အထိ ပြုတ်ရပါသည်။**

**နူးလာသောအခါ သားရေခေါက်ကို ပါးပါးလှီး၍ ချဉ်ကြိုက်နှစ်သက်သလို ချဉ်ကြိုက်သည့် အရာများ ထည့်၍ သုပ်စားနိုင်ပါသည်။ အလွန်အရသာရှိ၍ စားကောင်းပါသည်။**

ဈေးထဲ၌ ဆတ်သားရေ မီးဖုတ်များ တွေ့ပါက စာရေးသူမှာ အမြဲ ဝယ်ယူစားသောက်လေ့ ရှိပါသည်။ ပြုတ်ပြီးသား သားရေခေါက်အား တခြားပြုတ်နည်းဖြင့်လည်း ချက်ပြုတ်နိုင်ပါသည်။ **အခြားသားရေများကို စားသည် မတွေ့ဘဲ ဆတ်သားရေများကိုသာ စားသောက်ကြသည်ကို တွေ့ရသည်။**

## ဝါးချင်းသုပ်

ဝါးချင်းသည် အေးသည့်အရပ်၌ ရတတ်သော ရာသီစာဖြစ်သည်။ ရှမ်းလို **"ဇေနော်"**ဟု ခေါ်သည်။ ဝါးချင်းသည် **ဆောင်းရာသီ၌ ပေါ်သည်။** အခြားရာသီများ၌ မရှိတတ်ပေ။

ဝါးချင်းဟု ခေါ်သော်လည်း ဝါးအတွင်း၌ ရသည်တော့ မဟုတ်ပေ။ ဝါးပင်နှင့် ဝါးဖတ်ကြား၌ ရသည်။ ဝါးတိုင်းမရပေ။ အထူးသဖြင့် ဝါးနက်၊ တောဝါးပိုး၊ တောထဲ၌ ပေါက်ရောက်သည့် ပေါက်ဝါးများ၌ အများအပြား တွေ့ရသည်။ ဝါးရင့်လျှင် မရှိ၍ ဝါးနုများ၌သာ ဝါးဖတ်ကြားတွင် ဝါးချင်းကို တွေ့ရသည်။

ဆောင်းတွင်း ဝါးချင်းပေါ် ချိန်ဆိုလျှင် ဥရုမြစ်ရိုးတစ်လျှောက် မြို့ရွာများရှိ ဈေးထဲ၌ နို့ဆီဘူးများ၊ ပန်းကန်လုံးများဖြင့် ဝါးချင်း ရောင်းသည်ကို တွေ့ရသည်။ အသွင်အပြင်မှာ ကျောက်ပွင့်ကဲ့သို့ရှိ၍ ပုံသဏ္ဌာန်မှာ ကျောက်ကျောကို ခြစ်ထားသည်နှင့် တူသည်။ **ခပ်တုန်တုန် အထွတ်ထွတ်နှင့် အရောင်မှာ ညိုဝါ၊ ညိုဖြူရောင် ရှိတတ်သည်။**

ကြိုတင် သုပ်ထားက မစားဖြစ်သေး၍ကြာလျှင် အရည်ပျော်တတ်သည်။ ထည့်လိုသည့် အမွှေးအနံ့၊ အဆာတို့ကို အဆင်သင့် လုပ်ထား၍ စားခါနီး သုပ်မှသာလျှင် ဆားနှင့် သံပရာရည် ထည့်လျှင် အကောင်းဆုံးဖြစ်သည်။

သက်သတ်လွတ်ဖြစ်၍ လူမျိုးမရွေး ဘာသာမရွေး စားသုံးနိုင်သည်။ ကျောက်စိမ်းတွင်းနယ်မြေရှိ ဒေသခံ



www.burmeseclassic.com

www.burmeseclassic.com

များ ကြိုက်နှစ်သက်၍ အရသာရှိပါသည်။ ဆောင်းရာသီ အေးသောဒေသ၌ ပေါ်သောရာသီစာဖြစ်သည်။ **အခြားရာသီ၊ အခြားဒေသ၌ မရနိုင်ပါ။**

ရေညှိပေါင်း

ရေညှိပေါင်းသည် စာရေးသူ၏ မိခင် အကြိုက် အစားအစာ ဖြစ်သည်။ ရေညှိပေါင်းဆို၍ ကြွရာရေညှိကို မြင်၍ ရွံစရာအဖြစ် မတွေးမထင်ပါနှင့်။ **သန့်ရှင်းသပ်ရပ်သည့် နေရာမှ ယူ၍ သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ပြီးမှ ပေါင်းခြင်းဖြစ်သည်။**

ရေညှိပေါင်းစားသည့် ဓလေ့ကို အရပ်ဒေသများ၌ သိပ်မတွေ့ရ။ အထူးသဖြင့် သံလမ်းရိုးဖြစ်သည့် **မိုးညှင်း၊ နမ္မား၊ ဟိုပင်ဒေသများ၌** နှစ်သက်စွာ စားသုံးကြသည်ကို တွေ့ရသည်။ **မိုးညှင်း၌ ရေညှိပေါင်းကို အခြားဟင်းပေါင်းနှင့်အတူ ညနေ ထမင်းစားချိန် အထမ်းနှင့် လှည့်လည်၍ ရောင်းတတ်သည်။** မပေါင်းရသေးသော ရေညှိတို့ကိုလည်း မိုးညှင်းဈေးထဲ၌ ဝယ်၍လည်းရသည်။

စားသောက်မည့် ရေညှိကို ကြွရာယူ၍ ရသည်မဟုတ်။ **မိုးညှင်းဆိုလျှင်** အုန်းစန်ဆိုင်ချောင်း၊ **ဟိုပင်ဆိုလျှင်** သရက်ချောင်း ခေါ် တကွင်းချောင်း၊ **နမ္မားဆိုလျှင်** ခရုချောင်းတို့၌ မြို့ရွာတို့နှင့် အထက် သုံးမိုင်ခန့် လူသူအရောက်အပေါက်နည်းသည့် ချောင်းများနေရာ၌ **ကျောက်တုံးများ၌ ကပ်ငြိနေသည့် ရေညှိများအား ယူရသည်။**

ယူမည့် ရေညှိအား တုတ်ကလေးနှင့် ရစ်၍ ဆွဲယူရသည်။ ရေညှိများသည် ကျောက်တုံးကျောက်ခဲများမှ ယူရသည့်အတွက် သဲများ ပါတတ်သည်။ ရေညှိကို ရေတွင် များများခါ၍



ထားရသည်။ ရေတွင် ဆေးပြီးသော **ရေညှိကို အလုံးကလေးများ လုပ်၍ ဈေးထဲ၌ ရေညှိအစိမ်းကို ရောင်းချသည်။**

လူအများစုမှာ ရေညှိကို ကိုယ်တိုင် သွားရှာလေ့ မရှိပါ။ ရေညှိစိမ်းကို ဈေးထဲ၌ ဝယ်၍ ကိုယ်ကြိုက်သလို ပေါင်းစားကြသည်။

ရေညှိအား ဝယ်ခဲ့ပြီးပါက ပုံးတစ်ပုံးထဲတွင်ထည့်၍ ရေဖြင့်ဆေးပြီး ဆန်ခါခုံးနှင့် ပြန်စစ်ယူသည်။ ထိုသို့ အကြိမ်ကြိမ် ပြုလုပ်ရသည်။ **သို့မှသာ ရေညှိ၌ ကပ်နေသည့် သဲကလေးများ ကျသွားသည်။** သို့မဟုတ်ပါက **ရေညှိပေါင်းစားသည့်အခါ သဲပါတတ်သည်။**

ရေဖြင့် စင်အောင် ဆေးပြီးပါက ရေညှိအမျှင်များအား တောက်တောက်စဉ်းရသည်။ တောက်တောက်စဉ်းပြီးပါက ဆီ၊ ဆား၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ကြက်သွန်မိတ်၊ နံနံမိတ်များနှင့် ထည့်လိုသော အရာများထည့်ကာ သမအောင် နယ်ပြုရသည်။ **နယ်ပြီးပါက ပေါင်းရသည်။**

ရေညှိမှာ ကျက်လာလျှင် **ပျော့ပျောင်းလာသည်။** ဒေသခံများသည် **ရေညှိပေါင်းကို စားခြင်းဖြင့် နှလုံးသည်းခြေကို အေးမြစေ၍ အားပေးသည်ဟု ယုံကြည်ကြသည်။**

လုပ်ရသည်မှာ အလွန် လက်ဝင်သော်လည်း စား၍ကောင်းသော အစားအစာဖြစ်သည်။ စာရေးသူမှာ ငယ်စဉ်ကပင် စားခဲ့ရ၍လားမသိ ရေညှိပေါင်းအား အလွန်ကြိုက်သည်။

အီကုပ်ဟင်းချို

အီကုပ်ဆိုသည်မှာ နွားချေးပိုးကောင်များ မြေတွင် အောင်း၍ အသိုက်ပြု မြေစာလုံးထားသည့် မြေစာလုံးထဲမှ အကောင်လေးများ ဖြစ်သည်။

မြေစာလုံးများမှာ လက်သီးဆုပ်အရွယ်ရှိ၍ ခွဲလိုက်ပါက အီကုပ်ကောင်များရှိသည်။ **တစ်လုံး၌ တစ်ကောင်ရှိသည်။ အရွယ်အစားမှာ ထင်းပိုးကောင် ထက်ကြီး၍ လက်မအရွယ်သာသာဖြစ်သည်။**

အီကုပ်လေးများမှာ နွားချေးပိုးကောင်ငယ်များ ဖြစ်သော်လည်း အီကုပ်ဘဝ၌ထင်းပိုးကောင်ပုံသဏ္ဍာန် ပိုးတုံးလုံးမျိုး ဖြစ်သည်။ အရွယ်ရအချို့အီကုပ်များမှာ မိခင်နွားချေးပိုးပုံသဏ္ဍာန် အင်္ဂါစုံနေတတ်သည်။

သို့သော် မြေစာလုံးအတွင်းရှိ အီကုပ်မှန်သမျှ မသွားလာနိုင်သေးပေ။ အရောင်အသင်းမှာလည်း ဖြူဝါရောင်များ ဖြစ်သည်။ အရွယ်ရ၍ အတောင်ပေါက်ပြီး မိခင်နွားပိုးကောင်ကဲ့သို့ အညိုရောင် ဖြစ်လာပါက မြေစာလုံးထဲမှ ထိုးထွက် ထိုးခွဲ၍ ထွင်းဖောက်တော့ပေ။

အီကုပ်တွင်း တွေ့၍ တူးလိုက်ပါက တွင်းထဲ၌ **မြေစာလုံးများကို (၃)လုံးမှ (၁၀)လုံးထိ** တွေ့ရတတ်သည်။ မြေစာလုံးများအား ခွဲလိုက်ပါက အထဲ၌ အီကုပ်ကောင်ငယ်လေးများကို တွေ့ရသည်။ အချို့အီကုပ်များမှာ အင်္ဂါစုံသော်လည်း မြေစာလုံးထဲ၌ ရှိသော အီကုပ်များမှာ အဖြူရောင်ဖြစ်၍ အခွံမမာသေးသည့်အတွက် စား၍ ရသည်။

အီကုပ်များကို ဆောင်းအကုန် နွေများ၌ တူးရသည်။ တစ်ခါတစ်ရံ အီကုပ်



www.burmeseclassic.com

www.burmeseclassic.com

ကို မိုးညှင်းစေးထဲ၌ ရောင်းတတ်သည်။ အီကုပ် ကြိုက်တတ်သူများက အီကုပ်ကို **သူးပုပ်ရှက် ခတ်ကာ ဟင်းချိုချက်ကြသည်။** ဟင်းချိုမှာ ချိုသည်။ အချို့ကျတော့လည်း အီကုပ်ကို ကြော်စားကြသည်။ **အရသာရှိ၍ ကြက်ဥကဲ့သို့ ဆိမ့်သည်ဟု** ဆိုသည်။

ကြိုက်တတ်သူများအဖို့ အလွန်အရသာရှိ၍ မကြိုက်တတ်သူများအဖို့ ရွံစရာကောင်းမည် မှန်သော်လည်း အီကုပ်က **ရာသီစာ**သာ ဖြစ်သည်။

## ကျောက်ကြမ်းပိုးကြော်၊

## ကျောက်ကြမ်းပိုး ငရုတ်သီးထောင်း

ကျောက်ကြမ်းပိုးကို ပူတာအိုချောင်း အတော်များများ၌ ဖမ်းယူရရှိသည်။ **အတောင်မာမျိုး ဖြစ်သည်။** ရေထဲ၌ နေသည်။ **အနံ့မှာ ကြမ်းပိုးနံ့ရှိသည်။** အရွယ်မှာ အကောင်ကြီးလျှင် လက်မ လက်သည်းခွံခန့် ရှိသည်။ အရောင်မှာ ညိုမွဲမွဲအရောင်ရှိသည်။ နွေနှင့်ဆောင်း ရာသီ၌ ဖမ်းယူရရှိသည်။

**ကျောက်တုံး၊ ကျောက်ပြား တစ်ခု လှန်လျှင် ကျောက်ကြမ်းပိုး လေး၊ ငါး ကောင်မှ ဆယ်ကောင်ထိ ဖမ်းယူရရှိနိုင်သည်။ ကျောက်ကြမ်းပိုးသည် ရေထဲတွင် ကျောက်တုံး ကျောက်ကြားများ၌ နေထိုင်သည်။ ကျောက်ကြမ်းပိုးအား ဖမ်းယူပြီး ဝါးသစ်တုတ်ထဲ၌ ထည့်ထား လျှင် (၁)လဝန်းကျင်ခံ၍ စားလိုလျှင်ထုတ်ယူပြီး စားနိုင်သည်။**

ကျောက်ကြမ်းပိုးအား စားတော့မည်ဆိုလျှင် **အတောင်ချိုးရသည်။ ကုပ်မှ ခေါင်းဖြတ်ပြီး အရည်တစ်မျိုးအား ညှစ်ထုတ်ရသည်။ အရည် မညှစ်ထုတ်ပါက စား၍ မကောင်းပေ။** အတောင်ချိုး၊ ခေါင်းဖြတ်၊ အရည်ညှစ်ပြီး ကျောက်ကြမ်းပိုးအား ကြော်လိုက်ပါက(သို့မဟုတ်)မီး၌ ဖုတ်လိုက်ပါက အနံ့များ ပျောက်သွားပြီး အနည်းငယ်သာ ကျန်တော့သည်။

**အရသာမှာ ပုရစ်ကဲ့သို့ အရသာရှိ၍ ကြွလျှင် ဆိမ့်၍လာပါသည်။** ကျောက်ကြမ်းပိုးအသေများကို ကြော်မိလျှင် အရည်များ ပြန့်နေ၍ စပ်ရှားရှားကြီးဖြစ်သည်။ ကြော်ပြီးသော ကျောက်ကြမ်းပိုးအား ဒီအတိုင်း စားသုံးနိုင်သကဲ့သို့ လိုအပ်သည်များ ထည့်၍ ငရုတ်သီးနှင့် ရောပြီး ငရုတ်သီးထောင်း အဖြစ်နှင့်လည်း စားသုံးနိုင်သည်။

**ထောင်းနှင့်ဆွတွင် ကျောက်ကြမ်းပိုးကို ပူတာအိုချောင်း၌ ရှာဖွေရရှိနိုင်သည်။**

မည်သို့ပင်ဆိုစေကာမူ ဒေသတွင်းရှားပါးသည့် အစားအစာများမှာ စားဖူးပါက၊ စားမိပါက ထပ်၍ ပြန်လည် စားချင်စိတ် ချင်ခြင်းတပ်မည်မှာ သေချာသည်ကိုတော့ စာရေးသူ ပြောနိုင်သည်။

မှတ်ချက်

**ကျောက်ကြမ်းပိုးမှာ ကျောက် စိမ်းတွင်းဒေသ၌ မရနိုင်ပါ။**

***[တပည့် မဒေါင်းသွယ်အား ကျေးဇူး တင်ပါသည်။]***

**မောင်ဇင်သူ**
***(ကျောက်စိမ်းတွင်း)***

## စာမျက်နှာ (၁၈၈)မှ အဆက်

အဝေါ်တွေကိုတော့ စာရှည်သွားမှာ ထက် လိုရင်းမရောက်မှာစိုး၍ မဖော်ပြနေတော့ပါ။

နောက်ဆက်တွဲအနေနဲ့ ရေတွင်းတူးတဲ့အခါ ရေကြောမကောင်းခဲ့ပါက လိုအပ်ချက်တစ်ခု ရှိနေတာ သေချာနေတဲ့အတွက် ရှေးရိုးနတ်တင်နည်းကို ထပ်မံဖော်ပြလိုက်ပါတယ်။

**မှတ်ချက်။ ။ (ဥပုသ်နေ့၊ ဗုဒ္ဓဟူးနေ့များတွင် မတင်ရပါ။)နံနက်စောစော ဖြစ်ရပါမယ်။**

<u>လိုအပ်သောပစ္စည်းများ</u>

၁။ ရှိုင်ငှက်ပျော(၃)ဖီး

၂။ အုန်း(၁)လုံး

၃။ နှင်းဆီနီ(၇)ပွင့်

၄။ သပြေပန်း

၅။ မြေဇာမြက်(၁)ဆုပ်

၆။ ဆွမ်းဖြူ ဆီဆမ်းအားဖြူ၍(၇)ဆုပ် ဆီဆမ်း ပြီးသားလက်ဖက်(၇)ပုံ

၇။ သောက်တော်ရေ(၂)ခွက်

၈။ နွားနို့(၁)ခွက်

၉။ ပေါက်ပေါက်(၁)ပန်းကန်

၁၀။ အမွှေးတိုင်(၈)တိုင်

<u>ပွဲပြင်နည်း</u>

၁။ ငှက်ပျော(၃)ဖီး၊ အုန်း(၁)လုံးကို ထည့်၍ပြင်ပါ။ ယင်းပွဲထဲတွင် ငှက်ပျောဖီးကြားတွင် အမွှေးတိုင်(၈)တိုင်ထွန်းပါ။ ပန်းအိုးတစ်လုံးဖြင့် သပြေ၊ နှင်းဆီ၊ မြေဇာမြက်တို့ ထည့်ပြီး ဘုမ္မစိုးနတ်နှင့် နဂါးမင်း အတွက် ပွဲပြင်ပါ။

၂။ ဆွမ်းဖြူ(၇)ဆုပ်ကို လင်ပန်းတွင် ထည့်၍ ယင်းဘေးတွင် လက်ဖက်ဆီဆမ်း(၇)ပုံ၊ပုံ သောက်တော်ရေ(၁)ခွက်ထည့်(ဘုမ္မစိုးနတ်တို့အတွက်) အမွှေးတိုင်(၇)တိုင်၊

၃။ နွားနို့(၁)ခွက်၊ ပေါက်ပေါက်(၁)ပွဲ **(နဂါးမင်းအတွက်)**

<u>ဆုတောင်းပုံ</u>

'ဤ ငှက်ပျောပွဲ၊ အုန်းပွဲ၊ ဆွမ်းပွဲတို့ဖြင့် ဘုမ္မစိုးနတ်နှင့် နဂါးမင်းတို့အား ပူဇော်ပသပါ၏။

ဤသို့ ပူဇော်ရသော အကျိုးအားကြောင့် ရေတွင်းတူးရာတွင် အနှောင့်အယှက် အခက်အခဲမရှိအောင် ဘုမ္မစိုးနတ်အပေါင်းတို့က ကူညီစောင့်ရှောက်တော်မူပြီး နဂါးမင်းမှ ရေကောင်းရေသန့်အား လုံလောက်စွာ ပေးတော်မူပါ'

ဟု ဆုတောင်းရပါမယ်။

**မနှင်းဆီ**
**(ရေဆင်း-နေပြည်တော်)**



www.burmeseclassic.com

www.burmeseclassic.com

မာဃလုလင် ပန်းပုပြခန်းတွင်းရှိ ပန်းပုလက်ရာများကို စိတ်ဝင်တစား လှေ့လာကြည့်နေလျက် အခန်းထောင့် တစ်နေရာသို့ ရောက်လျှင် ထူးဆန်းသော ရုပ်တုတစ်ခုကို မြင်ရသည်။

'ကိုမောင်မောင် ဒါ ဘာရုပ်တုလဲ'

'မဟာမြိုင်သခင်မ ပန်ထွာဒေဝီပုံလေ'

'ဗျာ…ပန်ထွာဘုရင်မက သရေခေတ္တရာကပဲ။ ဘယ်လိုလုပ်ပြီး ချင်းတွင်းမြစ်မြောက်ပိုင်း မဟာမြိုင်တောကို ပိုင်စိုးသွားရတာပါလိမ့်'

'ဟုတ်တယ်၊ မဟာမြိုင်တောကို ကျွန်တော် အခေါက်ခေါက် အခါခါ ဖြတ်ဖူးပါတယ်။ အားလုံးက ပန်ထွာဘုရင်မကို တိုင်တည် ပသပြီးမှ သွားကြတယ်။ အန္တရာယ် တစ်စုံ တစ်ရာ တွေ့ရင်လဲ သူ့ကို တမ်းတလိုက်တဲ့ အခါ ပြေလည်သွားတာချည်းပါပဲ'

ကိုမောင်မောင်က တည်တံ့စွာ ပြောလာသဖြင့် ပိသနိုးသမိုင်းကို ပြန်လှန် လေ့လာမှသာ ဆက်စပ်မှုကို သိရှိနိုင်မည်ဟု တေးမှတ်ထားလိုက် သည်။

'တခြား မယ်တော်ပုံတော်တွေကော ရှိသေးသလား'

'ဆရာမေးလို့သာ ထုတ်ပြရတယ်။ ရုပ်တုတော့ မဟုတ်ဘူး။ ဓာတ်ပုံပါ'

ကိုမောင်မောင်က အမြတ်တနိုး သိမ်းဆည်းထားဟန် တူသော (၁၀)လက်မ×(၁၄)လက်မ ဓာတ်ပုံကြီး ကို ယူလာပေးသည်။ ထိုဓာတ်ပုံကို မြင်တွေ့ရသောအခါ လွန်ခဲ့သော နှစ်လေးဆယ်ကျော်က ငယ်ဘဝ အကြောင်းများကို ပြန်ပြောင်းသတိရမိ တော့သည်။

မရေတွက်သာ သံသရာက

# မဟာဒေဝီ သူရဿတီ

ကိုစိုးသန်း



◆ မာဃလုလင် ပန်းပုခန်းမှ ဖူးမြော်ခွင့်ရသည့် သူရဿတီအဆီပုံတော်

## ဆန်းသည့် ဝါသနာနှင့်

## ထူးသော အိပ်မက်

ကျွန်တော် ငယ်စဉ်ကာလ လူမှန်း သိတတ်စ အရွယ်မှစ၍ စွဲမြဲစွာ နှစ်သက်စွာ ကစားလာခဲ့သော ကစားနည်းကလေးမှာ…

ဖခင်ကြီး၏ ရင်ကျပ်ပန်းနာ ရောဂါ အတွက် သောက်သုံးသော တရုတ်ပရဆေး "စလင်တန်း" ဆေးပုလင်းများကို လက်နှစ်ဖက် ပွေ့နိုင်သ(ည့်) သယ်ဆောင်ကာ အိမ်နော(က်)ဖေး



www.burmeseclassic.com

www.burmeseclassic.com

မြေကွက်လပ်တွင် အစီအရီချသည်။

မျဉ်းပြိုင်အနေအထား၊ ထိပ်တိုက်အနေအထား စသည် စိတ်တိုင်းကျစီပြီးနောက် မြေသားများဖို့ကာ သချိုင်းမြေပုံလုပ်သည်။

ထိုမြေပုံများ တစ်ခုစီတွင် ''ပုတ်ကား''ဟုခေါ်သော ရုပ်ရှင်မင်းသား/မင်းသမီးတို့၏ ရုပ်ပုံကားချပ်များကို ထောင်ကာ ကမ္ပည်းစာဖြစ်နေရာချသည်။

ကျွန်တော်တို့ ငယ်စဉ်က ရွှေဘ၊ တင်ညွန့်၊ ခင်မောင်ဇင်၊ ကြည်ကြည်ဌေး၊ မောင်မောင်တာ၊ မေရီမြင့် စသည့် မင်းသား/မင်းသမီးပုံများ ငါးပြားဖိုး ဆယ်ခုနှုန်း ဝယ်ရလေသည်။

ဤသို့ ကမ္ပည်းမှတ်တိုင် အပြည့်အစုံဖြင့် သချိုင်းမြေပုံများ ဖန်တီးပြီးနောက် မိမိလက်ရာကို ပီတိဖြစ်စွာဖြင့် နာရီပေါင်းများစွာ ထိုင်ကြည့်နေတတ်လေသည်။

ထိုကစားနည်းကဲ့သို့ပင် ညအိပ်ရာဝင်ချိန်တွင်လည်း ထူးခြားသော အိပ်မက်တစ်မျိုးတည်းကို မြင်မက်လေ့ရှိပါသည်။ နေအိမ်မှ လမ်းလျှောက်ထွက်လာစဉ် လက်ကောက်ဝတ်ခန့် တုတ်သော မြွေတစ်ကောင်ကို တွေ့ရသည်။

ထိုမှ လမ်းလွှဲကာ ဆက်သွားသော် လက်မောင်းရင်းခန့် မြွေကြီးကို တွေ့ရပြန်သည်။ တစ်ဖန် လမ်းလွှဲကာ သွားပြန်သော် ပေါင်လုံးခန့် မြွေကြီးကို တွေ့ရတော့သည်။

ထိုအခါ ကြောက်လန့်တကြားဖြင့် နောက်ကြောင်း ပြန်လှည့်ပြေးသည်။ နေအိမ်ရှေ့တွင်ရှိသော **တစ်တောင်ခန့် မြင့်သည့် ဈေးခုံ(မိဘများမှာ အိမ်တွင် ဆိုင်တည်ရောင်းချသော ကုန်သည်များ ဖြစ်ပါသည်။)**ပေါ်သို့ ခုန်တက်လိုက်ချိန်တွင် မြေပြင်၌ တွန့်လိမ်ယုက်၍ သွားလာနေသည်မှာ ခြေချစရာ မြေကွက်လပ်ပင် မကျန်ပါ။ ခုံတွင်းမှ ငါးများ ပွက်သည့်ပမာ လှုပ်လှုပ်ရွရွဖြင့် မြင်တွေ့ရလေသည်။

ဤအိပ်မက်ကိုလည်း နှစ်ရက် တစ်ကြိမ်၊ သုံးရက် တစ်ကြိမ် မြင်မက်လေ့ ရှိလေသည်။ ဤသို့ နှစ်ခြိုက်စွာ ကစားခဲ့၊ အိပ်မက် မက်ခဲ့သည်မှာ ရွယ်လူးကာလ အထက်တန်းကျောင်းသားဘဝအထိ ဖြစ်သည်။

**သတိပြုမိသည်မှာ ထိုကာလများ၌ ကျွန်တော်သည် ပညာရေးတွင်လည်းကောင်း၊ တီထွင်ဆန်းသစ်မှုတွင်လည်းကောင်း၊ မိဘ၏ နေထွေကြွေး ချောင်လည်မှုတွင်လည်းကောင်း မြင့်မားသော အခြေအနေတွင် ရှိနေခြင်းပင်ဖြစ်သည်။**

ထိုမှာ အထက်တန်း လွန်မြောက်သော ၁၉၉၇ ခုနှစ် နှစ်ဦးကာလမှစ၍ ယခင် မြင်မက်နေကျ အိပ်မက်များ မမက်တော့ပါ။ သချိုင်းအုတ်ဂူ ပြုလုပ်၍ ကစားသော ဝါသနာလည်း ပြောင်းလဲကာ စိတ်ကူးတည့်ရာ ပန်းပုရုပ်ကလေးများ၊ အသုံးချ ကိရိယာကလေးများ တီထွင်ပြုလုပ်လာခဲ့သည်။

အိပ်မက်ကမ္ဘာတွင်မူ တစ်ခုတည်းသော အိပ်မက်က ပြောင်းလဲမင်းမူလာသည်။ ထိန်ထိန်ညီးညီး မီးရောင်အောက်တွင် လူများစွာ လှုပ်ရှားနေကြသည်။ ကျွန်တော်က ခန်းမတစ်ခုအတွင်း ရောက်ရှိကာ လူတစ်ဦးနှင့် ရင်းနှီးစွာ စကားပြောနေသည်။

ကြမ်းတပြေးတည်း ဖြစ်သော်လည်း ထိုပုဂ္ဂိုလ်က မြင့်ရာနေရာဖြစ်သော ဘုရားစင်ဘက်၌ ထိုင်နေ၏။ အသက်အရွယ်ကို ခန့်မှန်း၍ မရနိုင်ပါ။ ပျို့မြစ်ခြင်းနှင့်အတူ ရင့်ကျက်တည်ငြိမ်မှုများ တွဲဖက်ပါဝင်နေသည်။

**အိန္ဒိယ တိုင်းရင်းသူများကဲ့သို့ ဆာရီကို လွှမ်းခြုံကာ မျက်နှာစုံ ပေါ်အထက်နဖူးအလယ်တွင် အစက်ကလေးများကို ထင်ရှားစွာ တွေ့ရသည်။ မျက်နှာကျကာ အိန္ဒိယ မဆန်ပါ။ ကျယ်ပြန့်သော မေးရိုးအောက်ခံသော လေးထောင့်ပုံ မျက်နှာဖြစ်သည်။**

**နှာတံပေါ်၍ နဖူးတွင် တောက်ပသော ကျောက်မျက်ရှိုးစုံ စီခြယ်သည့် သင်းကျစ်ကို ဆင်မြန်းထားသည်။ အသား အရေမှာ အလွန် ချောမွေ့၍ ကြည်နေ လျက်နှင့် နူတုပ်ကာ ရှိုးမိလျက်သား ဖြစ်နေသည်။**

ထိုပုဂ္ဂိုလ်က...

'လူလေး ဘဝအဆက်ဆက်က တော်စပ်ခဲ့ဖူးတဲ့ မိခင်အဖြစ် မှတ်ယူပါ။ ကံငါးပါးထဲက ကာမေသုမိစ္ဆာစာရကံကို ဘယ်သောအခါမှ မပေါက် မပျက်စေနဲ့'

ဟူ၍ မှာကြားလေသည်။

ဤအိပ်မက်ကို တစ်လလျှင် သုံး,လေးကြိမ်မျှ မက်သည်။ မက်လေတိုင်း ထိုတစ်ပုံစံတည်း... ၏,သည်,၍ မလွဲ။

အိမ်ထောင်ကျသော အသက်လေးဆယ်နီးပါး အချိန်တွင်မှ ထိုအိပ်မက်နှင့်အတူ အခြားသော မျက်နှာစာရှိ ဓွဲလမ်းရာ ကိစ္စများ၊ မဖြစ်စေလိုသည့်ကိစ္စများ စသည် မျှတစွာ ဝင်ရောက်မြင်မက်ခွင့် ရလေတော့သည်။

ယခု ကိုမောင်မောင် ပြသသော မယ်တော်ပုံမှာ သူ့ရဿတီမယ်တော်ပုံဖြစ်သည်ဟုဆို၏။ ကျွန်တော့် အိပ်မက်ထဲတွင် နှစ်များစွာ ဆိုဆုံးမခဲ့သော ပုဂ္ဂိုလ်၏ ပုံလွှာပေတည်း။

**ယာလက်တွင် ခရုသင်းကိုင်၍ ကြမ်းပြင် ယာခြေအနီးတွင် ခရုသင်း သုံး,လေးခု မြဲ့ ကျလျက်ရှိသည်။ ဝဲဘက်တွင်မူ ဗီးကွက်တစ်ကောင် ရပ်လျက်ရှိနေလေသည်။**

အိပ်မက်ထဲတွင် **စိမ်းဝါရောင်ဝတ်စုံကို** ဆင်မြန်းထားသော်လည်း





www.burmeseclassic.com

www.burmeseclassic.com

ခတ်ပုံမှာ အဖြူအမည်းပုံဖြစ်သော ကြောင့် မသိသာလှချေ။

### ငံကျူးဖူးတော် ခံစားရခြင်း

*၁၉၇၇ ခုနှစ်မှ စ၍ မြင်မက်ခဲ့သော* အိပ်မက်အကြောင်းကို ကျွန်တော်၏ တိုင်းရင်းဆေးပညာ လက်ဦးဆရာ ဦးကျော်ဝင်း(မန်း တိုင်းရင်းဆေးသိပ္ပံ နည်းပြဆရာ–ငြိမ်း)အား ပြောပြရာ ပုံပန်းသဏ္ဌာန်ကို သေချာတိကျစွာ မေးပြီးနောက် နှုတ်ခမ်းမွေးကြီးများ ထောင်တက်အောင် ပြုံးတော့သည်။

'မင်း... အိပ်မက် မက်တာ သူရဿတီ ဒေဝီကွ'

ဟု ဆို၍ မြန်မာမှုတွင် ယုံကြည် သက်ဝင်ကြကုန်သော ဒေဝီမယ်တော်များဆိုင်ရာ စာအုပ်စာတမ်းများကို ညွှန်ပြပေးသည်။ ကိုယ်တိုင်လည်း ပင့်ဖိတ်ပူဇော်နိုင်ရန် ကန်တော့ပွဲ ပြင်ဆင်ခြင်း၊ ပူဇာဂါထာ ရွတ်ဖတ်ပူဇော်ခြင်း၊ ဝိဇ္ဇာရေနယဆိုင်ရာ ဆေးအင်း ထိုးနှံခြင်း အစရှိသည်တို့ကို လက်တွေ့သင်ပြပေးခဲ့သည်။

ထိုအချိန်မှစကာ ဘဝတစ်လျှောက် ဆက်လက် ကြုံတွေ့ရသည့် လူမှုရေး ဒုက္ခ,သောကများကို မယ်တော်ဒေဝီအား ယုံကြည်ကိုးစားစွာ တိုင်တည်ခြင်းဖြင့် လွန်မြောက်နိုင်ခဲ့လေသည်။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ဖြစ်သော ဘုရားရှင်ဂုဏ်တော်များအား ရည်မှန်း ဗုတီးစိပ်ပြီးနောက် သူရဿတီ ဒေဝီ ပူဇာဂါထာ၊ မေတ္တာပို့ဂါထာများကို ရွတ်ပွားဖြစ်ခဲ့သည်။ သူရဿတီဒေဝီနှင့် ပတ်သက်၍ လေ့လာရသမျှကို ဆက်လက်တင်ပြပါမည်။

### သူရဿတီဒေဝီ၏ မဟာကာရုဏာ

သူရဿတီဒေဝီသည် ရုပ်သွင်



(၁၀၈)မျိုး ခွဲဖြာကာ လောကကြီးအား အကျိုးပြုတော်မူသည်။ လူသားတို့၏ လိုလားတောင့်တချက်များကို နတ်တို့ သနင်း သိကြားမင်းထံ ထပ်ဆင့်တင်ပြပေးတတ်သည်။

မြစ်ချောင်းပင်လယ် အဏ္ဏဝါပြင်တွင် ကုန္တိုပါမြင့် လှည့်လည်ကာ ကမ်းမမြင် လမ်းမမြင် ဒုက္ခကြုံနေရသူတို့ကို လမ်းပြ ကယ်တင်ပေးသည်။

တောနက်အတွင်း၊ အမှောင်ထု အတွင်း လမ်းစ ပျောက်နေသူများကို မီးရှူးတန်ဆောင်ပြု လမ်းပြပေးသည်။ ချောက်တွင်းကျနေသူ၊ အချုပ်အနှောင် ခံနေရသူများကိုလည်း အဖားအခီး များ ဖယ်ရှား၍ လွတ်လပ်စေသည်။

လောကီပညာဆိုင်ရာ အသိအတတ်တို့တွင် ကူညီ၍ အသိဉာဏ် ထက်မြက်စေသည်။ ခက်ခဲနက်နဲသော ကျမ်းဂန် ပညာများ လေ့လာနိုင်ရန် ကူပံ့ပေးသည်။ နှုတ်တွင် စောင့်၍ စကားအရာ လိမ္မာရေးခြားမှု ရှိစေရန် သွန်သင်ပေးသည်။ ပူဇော်ကိုးစားသူတို့အား ဘေးအန္တရာယ် ကင်းရှင်းမှုနှင့် လာဘ်လာဘ ရွှင်လန်းမှုတို့ကို ပေးစွမ်းတော်မူလေသည်။

သူရဿတီမယ်တော်၏ ဝဲဘက် လက်တွင် **ဆွမ်းအုပ်**ကို ပိုက်၏။ **စားရေရိက္ခာနှင့် ကျန်းမာခြင်းကို** စွမ်းဆောင်ပေးခြင်းဖြစ်၏။ ယာလက်တွင် **ခရုသင်း**ကို ကိုင်၏။ **ခရုသင်းမှာ ရတနာဆယ်ပါးတွင် တစ်ပါးအပါ အဝင်**ဖြစ်၍ ဘေးရန် ကင်းလွတ်စေသည်။

ငကရာဇ်မင်းတို့သည် ခရုသင်းကို နန်းစဉ်ရတနာအဖြစ် အုပ်တွင် ထည့်၍ နန်းတော်၊ စနေဆောင်တော် တံခါး အတွင်း လက်ယာဘက်က ထားရသည်။ နန်းသုံးအစဉ်အဆက် ထားမြဲ သုဝဏ္ဏမင်္ဂလာ ဖြစ်သည်ဟု ဆိုသည်။

**သူရဿတီဒေဝီ၏ ယာလက်ရှိ ခရုသင်းမှာ ကိုးကွယ်သူတို့အား ဘေးရန် လွတ်ကင်းမှုကို ပေးစွမ်းခြင်းဖြစ်သည်။ ရေပြင်ဝါတာနီး ကြမ်းပြင်တွင်လည်း ခရုသင်းများ ထားရှိသည်။ ဒါမ်ဝေဟာ၊ မိသားစုတစ်စုလုံး ဘေးရန် လွတ်ကင်း စေခြင်းကို ဖော်ညွှန်းသည်။**

ကြမ်းပြင်ဝဲဘက် (ကြည့်သူ၏ ယာဘက်)တွင် ဇီးကွက်တစ်ကောင် မားမားရပ်၏။ **လာဘ်ရွှင်စေခြင်း အတိတ်ဆောင်ခြင်း** ဖြစ်သည်။ ဇီးကွက်ကို လာဘ်လာဘ၏ သင်္ကေတ အဖြစ် အသုံးပြုရခြင်းမှာ "ဉုံ"ဟူသော ဝေါဟာရနှင့် ဆက်စပ်နေသည်။ "ဉုံ" သည် "ဖြစ်စေသတည်း"ဟု အဓိပ္ပါယ် ရှိသည်။

ရွတ်ဆိုသောအခါ အုန်(ဟ်)ဟူ၍ ဟ,သံဖြင့် အဆုံးသတ်ကာ သံပြင်းရွတ်ရသည်။ "ဉဟုံ"ဟူသော စကားကို တစ်လုံးတည်းဖြစ်သော၊ လျှပ်မြန်စွာ ရွတ်ဆို၍ရသော အသံမျိုးဖြစ်သည်။ ဉဟုံ = ဉဟုက်ာရသည် ဇီးကွက်ကို ခေါ်ဆိုသော ပံ့ပိုးဝေါဟာရ ဖြစ်ပေသည်။

ထို့ကြောင့် ဇီးကွက်သည်... ဖြစ်စေသတည်း၊ ရစေသတည်း၊ အဝဝမြောက် အောင်မြင်စေသတည်းဟု သဘောရ



www.burmeseclassic.com

www.burmeseclassic.com

သည်။ တစ်နည်းအားဖြင့် လာဘ၊ လာဘ်ကို ညွှန်းဆိုပေသည်။ လက်စီး၊ လည်ဆွဲများက စောင့်ထိန်းအပ်သော သီလများကို မမေ့မလျော့စေရန် သတိပေး၍ **ကျောက်မျက်ရတနာခြယ်သင်းကျစ်က မိမိတို့ အတိတ်ကံကုသိုလ်အဟုန်အရ ရသင့်ရထိုက်သော စည်းစိမ်ဥစ္စာတို့ ပြည့်ဝကြပါစေဟု ပြဆိုလေသည်။**

---

ပူဇော်ဂါထာ

---

ဆိုက်မြိုက်စွာ ဖူးမြင်ရသော သူရသတီဒေဝီ ပုံတော်ကို ဓာတ်ပုံမှတ်တမ်းပြုကာ မည်သို့မည်ပုံ ရရှိခဲ့သည်ကို စူးစမ်းကြည့်သည်။

'ကိုမောင်မောင် ဒီပုံကို ပူဇော်ထားတာ ကြာပြီလား'

'နှစ်ပေါင်း တော်တော်ကြာပါပြီ။ အိုးဖိုတောင် သစ်စက်ဝင်းထဲက ဘုန်းကြီးကျောင်းမှာ စ,တွေ့တာပါ။ ကလေးမြို့နယ်က ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ရုပ်တုတော်ရှိတယ်လို့ နေရာဒေသ အတိအကျ မသိရတာမို့ ဒီဓာတ်ပုံကိုပဲ စွန့်ပါပြောတော့ မရဘူး။ ဆရာတော်က ရင်ဝယ်ပိုက် အမြတ်တနိုးထားတာဗျ။

ဒါနဲ့ နည်းမျိုးစုံ စဉ်းစားတယ်၊ တောင်းဝယ်လို့ရမှာလဲ မဟုတ်ဘူး။ နောက်ဆုံး ဆရာတော်ရဲ့ ဗိုရုံကလေးကို သတိပြုမိတာနဲ့ စုဆောင်းထားသမျှ ဓာတ်လုံးတွေ၊ အဂ္ဂိရတ်ပစ္စည်းတွေနဲ့ ချဉ်းကပ်ရတယ်၊ လ,အတော်ကြာလို့ လူပုဂ္ဂိုလ်ချင်း ရင်းနှီးလာတော့မှ မယ်တော်ပုံကို ဇွတ်အတင်း ယူလာရတာပဲ'

'ဆရာတော်က ဘာတွေ မှာလိုက်သေးသလဲ'

'ပြောမရလို့ အတင်း ယူသွားမှတော့ ရိုရိုသေသေ ပူဇော်ပါဆိုပြီး ပူဇော်ရမယ့် ဂါထာကို နှုတ်တိုက်ချပေးပါတယ်။ စာနဲ့တော့ မရေးတတ်ဘူး။ သူ သင်ပေး သလို ပြောပြမယ်နော်။

ရှိ ဝိ တ ကမ် ဆမ် ပုံ နန်
ဆတ် ဘ ဆတ် ဒိ ဆု ဓိ ဗ ဟမ်
ဂို ဗတ် ဓ နိ ရိ ဒိ တွာ
မံ ဒိ ဓရတု ဒွ ရ ဆ တိ။
ရှိ ဒွာ ရ ဆ တိ ဓန် ဒိ ဓ ဝိ
ဓမ မာ တာ စ ဒွ ရဆ တိ
အ န ကမ် ပမ် အုတ် ပတ် ဒိ ယ
လာ ဘံ လာ ဘံ လာ ဘ တု ဓမ။

"ဗ"ကို အင်္ဂလိပ်စာလုံး "V"လို အသံထွက်ရသတဲ့'

'ဘာတွေ ထူးခြားတယ်ဆိုတာ သတိပြုမိလား'

'ထူးတယ်ခင်ဗျာ... ရောင်းဝယ်တဲ့အခါ ပြောစကား ဆိုစကား ပိုပြီး အောင်မြင်တယ်။ ဌာနဆိုင်ရာ ပုဂ္ဂိုလ်တွေကလဲ ကျွန်တော့်စကားကို အလေးအနက် ထားကြတယ်။ ထူးခြားတဲ့ ပစ္စည်းတွေ၊ သစ်သားတွေ ရလာတယ်။ ပြောင်မြောက်ပြီး လူကြိုက်များတဲ့ လက်ရာတွေ ဖန်တီးဖြစ်ခဲ့ပါတယ်'

'ဒါတွေက သူရသတီမယ်တော် တစ်ပါးတည်းရဲ့ စောင်မစွမ်းဆောင်ချက်လို့ ပြောနိုင်မလား ကိုမောင်မောင်'

'ပုံတော်ကို ပူဇော်ခွင့်ရတော့ ဒီဂါထာကို သေချာမှန်ကန်အောင် သတိထားပြီး ပူဇော်ပါတယ်။ ဒါပေမယ့် စိတ်ထဲက မယုံတာတော့ မဟုတ်ဘူးနော်။ ငါ ရွတ်ဖတ်ပူဇော်တာတွေ၊ ကန်တော့ပွဲပြင်၊ ပန်း၊ သစ်သီး၊ ရေချမ်း ကပ်တာတွေ နည်းစနစ်မှ ကျရဲ့လားလို့ သံသယဝင်တာ အမှန်ပဲ။

ဒါနဲ့ မြေနဲကျောင်းတိုက် ဆရာတော်ကြီး... အခုတော့ ပျံလွန်သွားပါပြီ။ အဲဒီဆရာတော်ကြီးဆီ သွားပြီး ကျွန်တော့်ခံစားချက်ကို လျှောက်ထားတယ်။ ဆရာတော်က "ဒါ ရဟန်းတို့ အရာတော့ မဟုတ်ဘူး။ မင်း သိချင်ရင် ကူညီရတာပေါ့"လို့ မိန့်ပါတယ်။

အဲဒီအချိန်မှာပဲ ဆရာတော်ဆီ လာကန်တော့တဲ့ တရုတ်မကြီးကို စီးတော့တာပဲ။ သီလမြဲဖို့၊ မကောင်းတာ ရှောင်ပြီး ကောင်းအောင်လုပ်ဖို့၊ ကောင်းသူကိုကယ်ဖို့၊ အတ္တ,ပရ ညီမျှဖို့နဲ့ သာသနာ့အကျိုး ဆောင်ရွက်ဖို့ ဆုံးမတော်မူတယ်။ ဒီပူဇော်ဂါထာကို မပြတ်ရွတ်ပွားပါ။

- ✤ ခရီးထွက်စရာရှိရင် သွားမယ့် အရပ်ဘက်ကို မျက်နှာမူပြီး ရွတ်ပြီးမှ သွားပါ။
- ✤ အမှုတပေါင်၊ တရားဆိုင်စရာရှိရင် ရေကို ဂါထာမွမ်း၊ မျက်နှာသစ်ပြီး ရင်ဆိုင်ပါ။
- ✤ ပြောဆိုစရာ ကိစ္စကြီးငယ်ရှိရင် ကွမ်းယာကိုဖြစ်စေ၊ စားသုံးရတဲ့ သစ်သီးသစ်ရွက်ကိုဖြစ်စေ ဂါထာစုတ်(ကွမ်းယာ, အသီး စသည်) စားပြီး ပြောဆိုပါ။
- ✤ မျက်နှာပွင့်လန်းပြီး လူတကာ ချစ်ခင်စေလိုရင် ရေမွှေး၊ နံ့သာ စသည်ကို ဂါထာစုတ်ပြီးမှ သွတ်သွား၊ ဆောင်သွားပါ။
- ✤ လာဘ်လာဘ ရွှင်လန်းလိုရင် လာဘ်ဦးကို ဒီဂါထာ စုတ်ပြီးမှ သုံးစွဲပါ။
- ✤ အရောင်းအဝယ် ကောင်းချင်ရင် သပြေပန်းကို ဂါထာစုတ် ဆိုင်ဝမှာ ချိတ်ဆွဲထားပါ။ ရောင်းဝယ်မယ့် ပစ္စည်းကိုလဲ ဂါထာစုတ်ပါ။
- ✤ အစား စားခါနီး စားသောက်ဖွယ်တွေကို ဒီဂါထာစုတ်ပြီးမှ စားရင် အစာဆိပ်၊ ဆေးအဆိပ် ဘေးအန္တရာယ် မရောက်နိုင်၊ ဒုက္ခမရောက်နိုင်ဘူး။
- ✤ ကျန်းမာရေးအတွက် ဆေးဝါးတွေကို ဂါထာစုတ်ပြီးမှ သောက်သုံးရင် ပိုပြီး ဆေးစွမ်းထက်စေတယ်။
- ✤ အတတ်ပညာ လေ့လာဆည်းပူးရာမှာ ဦးစွာ ဂါထာစုတ်ပြီးမှ လိုရာကို လေ့လာသင်ယူရင် မှတ်ဉာဏ်ကောင်းပြီး ဉာဏ်အသိ ထက်မြက်စေတယ်၊

စသဖြင့် ပီပီသသကြီး မိန့်မှာပါတယ်။ အဲဒီ တရုတ်မကြီးက သာမန်အချိန်တွေမှာ ဗမာစကားကို ပီအောင်

www.burmeseclassic.com

မပြောနိုင်ပါဘူး။ ဒါကြောင့်လဲ ကျွန်တော့်ယုံကြည်မှုတွေ ထက်သန်အားကောင်းလာတာပါ'

ကိုမောင်မောင်က ဆက်လက်၍ ဤပုံတော်အား ရုပ်တုရုပ်လုံး ဖြစ်ပေါ်စေရန် သူ၏ ပန်းပုဆရာများနှင့် တိုင်ပင်ဖန်တီးမည်ဟုဆိုကာ ကျွန်တော့်အတွက်လည်း ပူဇော်နိုင်ရန် အနေတော်အရွယ် ရုပ်တုတစ်ခု လှူဒါန်းပါမည်ဟု ပြောဆိုလေသည်။

## အကြံပေးချက်

သူရဿတီဒေဝီ မယ်တော်ကို ပူဇော်လိုသူများအတွက် ဆရာဦးကျော်ဝင်း၏ လမ်းညွှန်မှုဖြင့် ကျွန်တော် ပူဇော်ခဲ့ပုံကို အကြံပေးအပ်ပါသည်။

▲ ပွဲပြင်လိုပါက…

| | |
|---|---|
| **ကြွက်မြီးကောင်းအုန်းသီး** | **၁ လုံး** |
| **ငှက်ပျောသီးဖီး** | **၃ ဖီး** |
| **လက်ဖက်စို** | **၁ ထုပ်** |
| **ဆေးရွက်ကြီး** | **၁ ထုပ်** |
| **နံ့သာ** | **၁ တုံး** |
| ***(နံ့သာဖြူ၊ နံ့သာနီ၊ တောင်တန်ကတိုး၊ သရက္ခန် စသည့် တစ်ခုခု)*** | |
| **ဖယောင်းတိုင်** | **၁ ထုပ်** |

ဘီး၊မှန်၊ ကျောက်ပျဉ်၊ သနပ်ခါးတုံး၊ ခြုံပဝါ၊ ဆံညှပ်၊ လက်ဝတ်ရတနာ စသည့် အမျိုးသမီး အသုံးအဆောင်များကို အုန်း၊ငှက်ပျော ကန်တော့ပွဲနံဘေး သီးသန့်တင်လှူပါ။

နေ့စဉ် ရေချမ်း၊ သစ်သီး ကပ်လှူပါ။ ဆီမီး ဖယောင်းတိုင် ထွန်းပါ။

## ပူဇော်ခြင်း

ဩိ ဝိဇ္ဇုကတ္တယ သမ္ဘူတ္တံ၊
သဗ္ဗသိဒ္ဓိ သုခါဝဟံ။
ဗိဇ္ဇုဂ္ဂေ ဓမ နိသိဒိတွာ၊
မံ ဓာရေတု သူရဿတီ။

ဩိ ပဒုမဂ္ဂ သဥ္ဇာတ
ပုညာတိ သိရိ သောဘဏီ၊
ပုရဏီ ပါဏီန် ကမ္ပံ
ပါတု သူရဿတီ မနံ။

*("ဩိ"ကို "ရှရိ"ဟု ဖတ်ပါ။)*

## မေတ္တာပို့

**ဘဝေ ဘဝိ ဘဝအဆက်ဆက် မရောက်သော သံသရာက မာတာအမိ တော်စပ်ခဲ့သည့် သူရဿတီ အမည်အဓိ နာမတွင်မြို့ မယ်တော်ကြီးကို ကြည်ညိုကိုးစား သချီပွား၍ ဘေးမျှအောင်မြင် ကင်းစင်ကြောင့်ဖြင့် သားကောင်းမေတ္တာ ပို့သပါသည် သဒ္ဒသူရဿတီ ဒေဝီ မာတာ အ,ဝေရာပေဘာ၍၊ အ,ဗျာပဇ္ဇာ ပေဘာ၍၊ အ,နီဃာပေဘာ၍၊ သုခီအတ္တာနံ ပရိဟရ၍၊ ဒုက္ခမုစ္စ၍၊ ယထာလဒ္ဓ သမ္ပတ္တိတော မာ ဝိဂစ္ဆ၍ အခါခပ်သိမ်း ချမ်းသာတော်မူပါစေသတည်း။**

ကန်တော့ပွဲမပြင်၊ ပုံတော်မတင်သော်လည်း စိတ်တွင်းမှ ယုံကြည်မှုသဒ္ဓါ ပြင်းပြစွာဖြင့် ပူဇော်၊ မေတ္တာပို့၍လည်း အကျိုးထူး ခံစားရနိုင်ပါသည်။ အရေးကိစ္စ အကျဉ်းအကျပ် ကြုံပါလျှင် ကိုးစားစွာဖြင့် တိုင်တည်ပူဇော်ပါလေ။

**ကိုစိုးဆန်း**

---

**စာမျက်နှာ (၂၀၀)မှ အဆက်**

နှင်းခူ၊ ခရုသင်းကွက် ထွက်ခြင်း ဖြစ်နိုင်သည်။

၄။ အစာအိမ်အူလမ်းကြောင်း ရောဂါများဖြစ်သော ဝမ်းပျက်၊ ဝမ်းလျှောရောဂါများ ဖြစ်နိုင်သည်။

၅။ ကလေးသူငယ်များ ဖွံ့ဖြိုးမှု အားနည်း၊ ဉာဏ်ရည်နိမ့်၊ မျိုးဗီဇ မပွားနိုင် ဖြစ်တတ်သည်။

၆။ ပန်းသေ၊ ပန်းညှိုး၊ ပန်းအားနည်း၊ သုက်စံချိန်မမီ၊ မျိုးဆက်ပွားမှု ဟန့်တားခြင်း ဖြစ်နိုင်သည်။

**သာမန်ထက် သွပ်ဓာတ် ချို့တဲ့မှု**

**အများဆုံး ဖြစ်တတ်သည့်**

**ပုဂ္ဂိုလ်များမှာ…**

၁။ အသည်းဒဏ်ပိ၊ အသည်းခြောက် ရောဂါသည်များ၊

၂။ သွေးချို၊ ဆီးချို ရောဂါသည်များ၊

၃။ အရက်စွဲနေသူများ၊ အရက်ကြောင့် အသည်းရောင်ပွ၊ အသည်းကျစ်နေသူများ

၄။ သွပ်ဓာတ် စုပ်ယူမှုကို ဟန့်တားစေသည့် ဆေးဝါးများ သုံးစွဲနေသူများ၊

**ဥပမာ** ။ ။ PENICILLAMINE, SODIUM VALPROATE, ETHAMBUTOL စသည်များ…

၅။ AIDSရောဂါသည်များ… စသည့် ရောဂါများသည် သာမန်လူများထက် သွပ်(Zinc)ဓာတ် လိုအပ်မှုများပြီး ချို့တဲ့တတ်ပါသည်။

ဒါကြောင့် ဆေးသိပ္ပံအရ သွေးထဲမှာ သွပ်(Zinc) Levelကို တိုင်းတာစစ်ဆေး ကြည့်ပြီး 12umol/Lထက် နည်းနေပြီဆိုလျှင် သွပ်ဓာတ်ချို့တဲ့နေပြီဟု သတ်မှတ်နိုင်ပါသည်။

*အပိုင်း(၅)ကို ရှေ့လတွင်*

*ဆက်လက်ဖော်ပြပါမည်။*

**ဦးမင်းဇင်(ရွှေနဝင်း)**



www.burmeseclassic.com

www.burmeseclassic.com

ဦးဘညွန့်၏

# သျှပ်ဒုက္ခ

အပိုင်း(၄)



ဦးဟင်းဇင်
(ရွှေနဝင်း)

ဝိဇ္ဇာဓရဓာတ် အင်္ဂရတ် ဆေးပညာရှင်များ၏ သမားစဉ်အရ လူ၏ခန္ဓာကိုယ် ရုပ်ဓာတ်တွင် ဓာတ်သတ္တုရုပ်ဓာတ်(၉)ပါး အချိုးညီစွာ ပါဝင်ပေါင်းစပ်ဖွဲ့စည်းထားပါသည်။

ထိုသတ္တုရုပ်ဓာတ်များမှ တစ်ပါးပါးယုတ်လျော့လာပါက ခန္ဓာကိုယ်တွင် အနာရောဂါ ဖြစ်ပေါ်လာစေသည်ဟု အတိအလင်းပြဆိုထားခဲ့ပါသည်။

ဤသည်ကို လင်္ကာဖြင့်...

“လူတို့ခန္ဓာ ရုပ်ရူပကာမှာ ဓာတ်မှာကိုးဝ
ယုတ်လျော့လာလျှင် ဖြစ်ထရောဂါ...
သိကြောင်းမှာကား...
- ✤ နားမှာ...ဆီးချုပ်၊
- ✤ ဘင်ယုတ်...ဖျားနာ၊
- ✤ ကြေးမှာ...ရောင်ဖော၊
- ✤ သံလျော့...မြင်းသရိုက်... သွေးလိုတလိုက်
ပွေညှင်းတသင်း...တင်းတိပ်၊
- ✤ သွပ်ယုတ်... မူးဝေ... ဦးခေါင်းတွေ...
မျိုးဗီဇ ဖျင်းသိန့်
- ✤ ငွေတ်...လို...ဝမ်းချုပ်၊
- ✤ ဘော် ယုတ်...အိုင်းမာ...အကျိတ်နာတည်း
- ✤ ပြဒါးမှာယုတ်... အဟုတ်ရိုးပျော့... ကြော
သော၊
- ✤ ရွှေမှာယွင်းပြား... ကိုယ်သားကိုယ်ရေ...
နွမ်းညစ်ပေရော... မှတ်လော့... သျှော...
ရှင်းရှင်းတည်း”

ဟု မှတ်သားလွယ်အောင် လင်္ကာဖွဲ့၍ ထားရစ်ခဲ့လေသည်။

---

ဤလင်္ကာဆောင်ပုဒ်၏

---

အဓိပ္ပါယ် အပြည့်အစုံမှာ...

---

**၁။ နာ(ခဲ)ဓာတ် ယုတ်လျော့ပါက...**

✧ ဆီးရောဂါ၊ ဆီးချုပ်၊ ဆီးပျက် (သွေးချို့၊ဆီးချို)

✧ ဆီးအိမ်နှင့် ကျောက်ကပ်တို့တွင် အနာရောဂါ စွဲကပ်တတ်ပါသည်။

**၂။ ဘင်ဓာတ် ယုတ်လျော့ခဲ့သော်...**

✧ အဖျားရောဂါ၊ ဖျားနာခြင်း မကြာခဏဖြစ်ခြင်း၊

✧ ရာသီဥတုဒဏ် မခံနိုင်ခြင်း၊ ရာသီနာများကို ခံနိုင်ရည်မရှိခြင်း၊

**၃။ ကြေးနီဓာတ် ယုတ်လျော့ပါက...**

✧ အသည်းရောဂါ၊ အဆုတ်ရောဂါ၊ နှလုံးရောဂါနှင့် သိုင်းရိုက်ဂလင်းရောဂါ စသည်တို့ ဖြစ်တတ်ပါသည်။

**၄။ သံဓာတ် ယုတ်လျော့ပါက...**

✧ မြင်းသရိုက်၊ သွေးပါ၊ ပွေး,ဝဲ,ညှင်း အနာ၊

✧ ဖြူနီညိုနက် ခရုသင်းကွက်နှင့် သွေးအားနည်းတတ်၍ ဘေလုံးကြီးခြင်း စသည်တို့ ဖြစ်တတ်ပေသည်။

**၅။ သွပ်ဓာတ် ယုတ်လျော့ပါက...**

✧ သတိမေ့ခြင်း၊ အာရုံကြောရောဂါ၊ စိတ်ပျံ့လွင့်ခြင်း၊ ဦးနှောက်တွေဝေထိုင်းမှိုင်းခြင်း၊

✧ မျိုးဗီဇမအောင်ခြင်း (သုက်ဓာတ်အားနည်းခြင်း)၊ သားသမီးရတနာ မထွန်းကားခြင်း စသည်တို့ ဖြစ်စေပါသည်။

**၆။ ငွေဓာတ် ယုတ်လျော့ပါက...**

✧ ဝမ်းချုပ်၊ ဝမ်းကျန်၊ ဝမ်းမမှန်၊ လိပ်ခေါင်းရောဂါနှင့် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါများ။

✧ ဂရင်ဂျီနာ၊ အကြောအားနည်းရောဂါများ ဖြစ်တတ်ပါသည်။

**၇။ ဘော်ဓာတ် ယုတ်လျော့ပါက...**

✧ အကျိတ်၊ အဖု၊ အနာပဆုပ်၊ ဖက်ခွက်နာ၊ အိုင်းအမာအဆီကျိတ်၊ အသားကျိတ်၊ ကင်ဆာကျိတ်ကဲ့သို့သော ရောဂါများ ဖြစ်တတ်ပါသည်။

**၈။ ပြဒါးဓာတ် ယုတ်လျော့ပါက...**

✧ အရိုးပျော့ရောဂါ၊ အကြောသေ၊ အကြောလျော့ရောဂါ၊ ကိုယ်လက်



www.burmeseclassic.com



လေးလံထိုင်းမှိုင်းပြီး ခြေလက် မသယ်ချင်လောက်အောင် နုံးချွေ၊ ပင်ပန်း၊ မောပန်းမရှင် ဖြစ်တတ်သည်။

**၁၂။ ရွှေဓာတ် ယုတ်လျော့ပါက...**

✧ ကိုယ်သားကိုယ်ရေညစ်နွမ်း မရွှင်လန်း၍ ပန်းသေ၊ ပန်းညှိုး၊ ဥတုပန်း မပွင့်၊ ကိုယ်ခန္ဓာကို ခုခံမှု အားလျော့နည်းရောဂါ၊ ခယရုပ်နာ၊ အားအင်ကုန်ခန်း၊ ချည့်နဲ့ပိန်ချုံး၊ လူလုံးမလှ ရှိတတ်ကြသည်။

ထိုသို့ လူ၏ ခန္ဓာကိုယ်ကို ရုပ်တရားကြီးမှာ မရှိမဖြစ် အရေးပါလှသည့် ဓာတ်သတ္တု ရုပ်ဓာတ်(၉)ပါးသည် အလိုအပို အလွန်အယုတ်မရှိ ထိန်းညှိစံမီ ရှိနေပြီဆိုမှ...

ကျန်းမာရွှင်လန်း၍ ခန္ဓာကိုယ် ရုပ်တရားကြီး ဖွံ့ဖြိုးကြံ့ခိုင်လာပြီး ရုပ်ပျိုကိုယ်နုသည့် ရသာယန ဓာတ်အစုကို အားပြုမှီခိုပြီး အသက်ရှည်၍ အနာကင်းခြင်း ဆုလာဘ်ကို ရရှိခံစားနိုင်ကြပေမည်။

ဤကဲ့သို့သော အကျိုးတရားများကို ထိထိရောက်ရောက် ရရှိခံစားနိုင်ကြအောင် ရှေးဆရာ အစဉ်အဆက်က စပြီး သမားစဉ် ဝိဇ္ဇာဓရ အင်္ဂရုတ်အတတ် ဓာတ်ဆေးပညာရပ်တို့ဖြင့်...

ဓာတ်သတ္တု ရုပ်ဓာတ်(၉)ပါးတို့မှ တစ်ပါးပါးကို အခြေတည်ပြီး အင်္ဂရုတ်ဓာတ်ပညာ နည်းစနစ်အမျိုးမျိုး၊ အာစရိယဝါ အဖုံဖုံတို့ဖြင့် ဓာတ်တစ်ပါးကို သေအောင်ကြစည်ကြပြီး...

ထို ဓာတ်သေဓာတ်လုံးဖြင့် ကျန်ဓာတ်(၉)ပါးစလုံးကို လိုသလို စီမံထိန်းချုပ်၍ ပြာစိုက်ပြီး ရရှိလာသော ဓာတ်(၉)ပါးတို့၏ ပြာအစွမ်း ဂုဏ်သတ္တိကို စမ်းခြင်စစ်ဆေးပြီး...

လူ့ခန္ဓာကိုယ်ကို ရုပ်တရားကြီးမှာ ဖြစ်ပွားနေသည့် အနာရောဂါများကို ကုစားပေးသည့် ပညာရပ်ကို အင်္ဂရုတ်ဓာတ်ဆေးပညာဟု ခေါ်ဆိုကြပါသည်။

ယခင် ပြီးခဲ့သော လများမှာ တင်ပြခဲ့သော "ဦးဘညွန့်၏ သွပ်ဒုက္ခ" အကြောင်းအရာ ဇာတ်လမ်းများသည်လည်း ယင်း အင်္ဂရုတ်ဓာတ်ဆေးပညာနှင့် နှီးနွယ်ပတ်သက်နေသော အကြောင်းအရာများပင် ဖြစ်ပါသည်။

သို့ဖြစ်၍ အင်္ဂရုတ်ပညာသင် ဝါသနာရှင် သုတေသီအပေါင်းတို့သည် အဘဦးဘညွန့်ကဲ့သို့ ဓာတ်သေ၊ ဓာတ်ကောင်း၊ ဓာတ်လုံးကောင်းများ ကံအားလျော်စွာ ရရှိခဲ့ကြပြီး ရုပ်ဓာတ်(၉)ပါးကို ပြာရိုက်၍ ရရှိခဲ့ကြပါလျှင် အဘဦးဘညွန့်ကဲ့သို့ **"ပြာဆေး"**ကို သုံးစွဲရာတွင် အရင်လို၍ လောဘမကြီးဘဲ...

**"အင်္ဂရုတ်ဓာတ်ပြာဆေး"** တို့ကို အသိဉာဏ်ပညာဖြင့် ချင့်ချိန်၍ အသုံးပြုနိုင်ကြစေရန် စေတနာ ရည်ရွယ်၍ အင်္ဂရုတ်ဓာတ်ပြာဆေး သုံးစွဲပုံ နည်းစနစ်ကို တင်ပြပေးလိုက်ပါသည်။

ယခု တင်ပြခဲ့သော...

"ဦးဘညွန့်၏ သွပ်ဒုက္ခ" ဟူသော ဆောင်းပါးကို အခြေခံထား၍ တင်ပြမည်ဖြစ်၍ ရုပ်ဓာတ်(၉)ပါးထဲမှ **"သွပ်ဓာတ်၊ သွပ်ပြာတို့၏"** ခန္ဓာကိုယ် အကျိုးပြုပုံနှင့်တကွ ပြာသုံးစွဲနည်းကို အဓိကထား၍ တင်ပြပေးပါမည်။

စာရေးသူတို့၏ အင်္ဂရုတ်ဓာတ်ပညာ လောကတွင် **"သွပ်(Zinc)"**သည် အင်္ဂရုတ်သမားတိုင်း အလွန်လိုချင် မက်မောသော ဓာတ်တစ်ပါး ဖြစ်ပါသည်။

ဘာကြောင့်များ... ဒါလောက် လိုချင်ကြသနည်းဆိုလျှင် သွပ်(Zinc) ဓာတ်သည် ဓာတ်အစိမ်းဆင့်မှာရော၊ ဓာတ်သေအဆင့်မှာပါ အဆင့်မရွေး ဉာဏ်ရှိသလို အသုံးချနိုင်ခြင်းကြောင့် ယင်းသွပ်ဓာတ်သေ ဓာတ်လုံးအဆင့်သို့ ရောက်ရှိခဲ့ပြီဆိုလျှင် လူသိများသည့် အစွမ်းသိဒ္ဓိကတော့ အပွင့်အလန်း အလွန်ကောင်းပြီး ပီယဓာတ်နှင့် ပြီးပြည့်စုံစေသောကြောင့် လူကြိုက်များပါသည်။

တစ်ဖန် သွပ်ဓာတ်သေကို ပြာအဖြစ်သို့ရောက်အောင် စီမံနိုင်ခဲ့လျှင် ဘော်၊ ကြေးနီကဲ့သို့သော ရုပ်ဓာတ်များကို နိဗ္ဗာနဓာတ်၊ ရွှေကိတ်ဓာတ် အဖြစ်သို့ အလျှင်အမြန်ဆုံး ပြုပြင်ပေးနိုင်ကြောင့် လူကြိုက်များရပါသည်။

ထိုကဲ့သို့ ရုပ်ဓာတ်တစ်ပါးပါးကို ရွှေကိတ်သက်ဝင်အောင် မကူးနိုင်ခဲ့လျှင်တောင်မှ သွပ်ပြာသည် မီးပြင်းထိုး၍ အခိုးမထွက် မီးမတောက်ဘဲ သွပ်ပြာသေ ဖြစ်ခဲ့ပြီဆိုလျှင်...

အင်္ဂရုတ်ဓာတ် ဆေးဝါးအနေဖြင့် ချင့်ချိန်၍ သင့်တော်သည့် ဆေးအစွယ် ရေလဲတို့ဖြင့် သုံးဆောင် မှီဝဲခဲ့မည်ဆိုလျှင်...

▲ ရုပ်ပျိုကိုယ်နု၍ ကျန်းမာခြင်း။
▲ ပန်းသေပန်းညှိုး ရောဂါများအတွက် နတ်ဆေးတမျှ အစွမ်းထက်လှပါသည်။
▲ သားသမီးရာနာ မထွန်းကားသူများအတွက် အလွန်တန်ဖိုးရှိလှသော ပြာဆေးဖြစ်၏။
▲ ဦးနှောက်အာရုံကြောရောဂါ

www.burmeseclassic.com

▲ လေငန်း,လေဖြတ်ရောဂါ၊
▲ သွေးလေမလျှောက် အကြော အားနည်း ချည့်နဲ့ ရောဂါများ အတွက် လွန်စွာ အဖိုးတန်လှပါသည်။
▲ သွေးချို့ဆီးချိုရောဂါ၊
▲ ဆီးလမ်းကြောင်းပိတ်ဆို့ရောဂါ၊
▲ ကင်ဆာကဲ့သို့သော ရောဂါများကို အထူးနိုင်နင်းပါသည်။

ယခုလို အင်္ဂလိပ်ဓာတ်ပညာဖြင့် စီမံထားသော ကောင်းမွန်စွာ သေနေသည့် သွပ်ပြာ၊ ဓာတ်ပြာသေကို မဆိုထားနှင့်...

ယနေ့ ဆေးသိပ္ပံနယ်ပယ်မှာ အလွန် အသုံးဝင် အသုံးတွင်ကျယ်နေသော **အားဆေး(အနောက်တိုင်းအားဆေး)** အများစုတွင် ဆေးပါဝင်ဖွဲ့စည်းမှု အညွှန်းကို စာရှုသူတို့ ဖတ်ကြည့်လိုက်မည်ဆိုလျှင် **Zinc(သွပ်)ဓာတ် 50mg/100mg** စသည် ပါဝင် ဖွဲ့စည်းထားကြောင်းကို မျက်ဝါးထင်ထင် တွေ့ရှိရပါလိမ့်မည်။

ဘာကြောင့်လဲဆိုတော့ **သွပ်(Zinc)ဓာတ်** အစိမ်းဘဝမှာကိုက သွပ်ဓာတ်၏ ခန္ဓာကိုယ်အတွက် အကျိုးပြုစွမ်းအင်က အစွမ်းထက်လှသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ဆေးသိပ္ပံသုတေသန တွေ့ရှိပြီး ယနေ့ ကမ္ဘာ့ဆေးလောကမှာ လက်ခံအတည်ပြုထားသော သွပ်(Zinc)ဓာတ်၏ အကျိုးအာနိသင်များကို တင်ပြရသော်...

သွပ်ဓာတ်ကို (Zinc)ဟုခေါ်ပြီး ဓာတုဗေဒသင်္ကေတ(Zn)ဟု ရေးကြပါသည်၊ သွပ်သည် အဖြူရောင်ရှိပြီး အက်တမ်နံပါတ်–၃၀(Atonic No.30) ဖြစ်သည့် သတ္တုဓာတ်တစ်မျိုး ဖြစ်သည်။



| သွပ်ဓာတ်(Zinc) |
|---|
| အကျိုးပြု အသုံးဝင်ပုံ |

၁။ သွပ်သည် လူတစ်ကိုယ်လုံးမှာရှိသည့် ဇီဝဖြစ်စဉ်တွေမှာ မရှိမဖြစ်လိုအပ်သည့် တွင်းထွက်သတ္တုဓာတ်တစ်မျိုး ဖြစ်ပါသည်။
၂။ လူတွေ၏ သုက်ပိုးများ ရှင်သန်ဖို့၊ မျိုးဗီဇသန်စွမ်းဖို့၊ သန္ဓေသားများ ကြီးထွားဖွံ့ဖြိုးဖို့အတွက် အလွန်လိုအပ်ပါသည်။
၃။ အသည်းမှာ သိမ်းထားသည့် Vit.A ဓာတ်တွေ သွေးထဲကို ထုတ်ပေးဖို့ သွပ်ဓာတ်က အရေးပါ,ပါသည်။
၄။ ကိုယ်ခံအားကို မြှင့်တင်ပေးပြီး အသည်းရောင် ဘီပိုး,စီပိုးတွေကို ခန္ဓာကိုယ်က တိုက်ခိုက်မှု အားကောင်းအောင် လုပ်ဆောင်ပေးပါသည်။
၅။ အသည်းအတွက် အဆိပ်အတောက်ဖြစ်သည့် အမိုးနီးယားတွေကို ယူရီးယားဖြစ်အောင် ပြောင်းပေးပါသည်။
၆။ အသည်းထဲမှာ အနာရွတ်တွေဖြစ်တာကို ကာကွယ်ပေးပြီး အသည်းခြောက်ခြင်းကို ရပ်တန့်စေပါသည်။

ယခု တင်ပြခဲ့သည့် အချက်အလက်များသည် အင်မတန် စေ့စပ်သေချာတိကျလှပါသည်ဆိုသည့် ယနေ့ကမ္ဘာ့ဆေးသိပ္ပံ သုတေသန ပါရဂူကြီးများကိုယ်တိုင် လက်ခံအတည်ပြု ဖော်ပြခဲ့သည့် တွေ့ရှိချက်အသစ်များ ဖြစ်ပါသည်။

ကောင်းလှပါသည်။ ဒါဆိုလျှင် သဘာဝအစားအစာတွေထဲမှာ **သွပ်(Zinc)ဓာတ် အများအပြား ပါဝင်နေသည့် အစားအစာများမှာ...**

၁။**အနီရောင်ရှိသော အသားများ** (အမဲသား၊ ဆိတ်သား၊ ဘဲသား)
၂။**အစေ့အဆန်များ**(ဖရုံစေ့၊ နေကြာစေ့၊ သစ်ကြားသီး၊ ဗာဒံစေ့၊ သီဟိုဠ်စေ့၊ အခွံမာသီးများ)
၃။**အသည်းများ** (ကြက်, ဝက်, အမဲ စသည့် အသည်းများ၊ ကျောက်ကပ် အမျိုးမျိုး)
၄။**ပင်လယ်စာ(Sea food)** (ပင်လယ်စာများ – ကမာအစိမ်း၊ ကဏန်း ခုံးကောင်၊ ငါးပါးနီ၊ ငါးသေတ္တာ ကျောက်ပွင့်)
၅။**သွပ်(Zinc)ဓာတ်** ပါဝင်ဖော်စပ်ထားသော အားဆေးများ...

စသည်တို့တွင် သွပ်ဓာတ်ကို ရရှိနိုင်ပါသည်။

| သွပ်(Zinc)ဓာတ် ချို့တဲ့ခဲ့လျှင်... |
|---|

၁။ Vit.Aချို့တဲ့ပြီး အရေပြားမှာ ကြာဆူးထွက်ခြင်း၊ ကြက်မျက်သင့်ရောဂါ၊ အသားအရေ ကြမ်းတမ်းခြင်း၊ မျက်စိရောဂါများ ဖြစ်တတ်သည်။
၂။ အသည်းခြောက် ရောဂါနှင့်များ အသည်းအားနည်း ရောဂါသည်များ ရောဂါကို ပိုဆိုးဝါးစေမည်
၃။ အရေပြားရော ပွေး၊ ဝဲ၊ ညှင်း



www.burmeseclassic.com

www.burmeseclassic.com

# ရောင်းမထွက်နိုင်သော မြေ နှင့်

## ကမ္ဗဝါသည်းခြေဂါထာတော်

ကောင်းမြင့်မြတ်စိုး



ရောင်းထွက်သွားသောမြေကွက်

ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက် ပဓာန နာယက မဟာသဒ္ဓမ္မဇောတိက ဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လ ဆရာတော်ကြီး ရေးသားချီးမြှင့်တော်မူသော ရတနတ္တ မဟာသိဒ္ဓိဂါထာမန္တန်ကျမ်းမှာ ပါတဲ့ **"ကမ္ဗဝါသည်းခြေ ဂါထာတော်"** အကြောင်းကို (၂၂-၂-၁၆)နေ့က **face book**မှာ ဖတ်ခဲ့ရပါတယ်။

ဈေးရောင်း မကောင်းရင် ဈေးရောင်းကောင်းကြောင်း၊ ခိုင်မြဲနေတဲ့ အရာတွေ ရွေ့ပြောင်းစေနိုင်ကြောင်း၊ ရောင်းမထွက်တာတွေ ရောင်းသွက်စေကြောင်း၊ ရောင်းထွက်စေကြောင်း ဖတ်ရှုမှတ်သားခဲ့ရပါတယ်။

၂၀၁၆ ခုနှစ်၊ မတ်လထဲမှာ ကျွန်တော်ဟာ ဇာတိမြေ ကျောက်ပန်းတောင်းမြို့ကို အလည်ရောက်ခဲ့ပါတယ်။

မတ်လ(၁၅)ရက် ညနေမှာ ကျွန်တော့်ရဲ့တူမဖြစ်သူက သူ့မိတ်ဆွေ အမျိုးသမီးတစ်ယောက်ကို ခေါ်လာပါတယ်။ ဒေါ်ညိမ်းအေးလို့ခေါ်ကြောင်း သိရပါတယ်။ ဒေါ်ညိမ်းအေးက...

'ဆရာ...ကျွန်မ မြေကွက်ရောင်းချင်တာ ရောင်းလို့ကို မထွက်ဘူး ဆရာ။ တစ်နှစ်လောက်တောင် ကြာနေပြီ။

ဈေးလျှော့ရောင်းပေမယ့် ဈေးစကားပြောပြီးကာမှ အဆင်မပြေ ဖြစ်သွားတယ်။ ငွေကလဲ လိုနေတော့ ရောင်းထွက်ချင်ပါတယ် ဆရာ။ ဆရာ ကူညီနိုင်မယ်ဆိုရင် ကူညီပါဆရာ'

'အင်း... ကူညီနိုင်ပါတယ်ဗျာ။ ဒါပေမယ့် ကျွန်တော်ခိုင်းတဲ့အတိုင်းတော့ တိတိကျကျလုပ်ဖို့ လိုတယ်။ အမှားအယွင်း ရှိလို့တော့ မရဘူး'

'ဟုတ်ကဲ့ပါ စိတ်ချပါ။ ဆရာခိုင်းတဲ့အတိုင်း တိတိကျကျ လုပ်ပါမယ်'

'အင်း...ဟုတ်ပြီ၊ လာမယ့် အင်္ဂါနေ့ ညနေ(၅)နာရီမှာ လုပ်ရမယ်။ ဒေါ်ညိမ်းအေး ရောင်းမယ့် မြေကွက်ရဲ့ အရှေ့တောင်ထောင့်မှာ ညောင်သားတစ်ချောင်း စိုက်ရမယ်။ မြေကြီးထဲ ဝင်အောင်ရိုက်ရမယ်။ ဒေါ်ညိမ်းအေးတစ်ယောက်တည်းပဲ။ အခြားဘယ်သူမှ မသိမမြင်ပါစေနဲ့။ "မြေကွက် အမြန်ရောင်းထွက်စေ"လို့ သုံးကြိမ် မတိုးမကျယ် အသံထွက် ပြောဆိုရမယ်။ ယုံယုံကြည်ကြည်လုပ်ပါ'

'ဟုတ်ကဲ့ ယုံကြည်ပါတယ် ဆရာ။ အခု ဆရာပြောတာတွေ သေသေချာချာ မှတ်ထားပါတယ်'

'နေဦး...ပြောစရာ ကျန်သေးတယ်ဗျ။ ဒေါ်ညိမ်းအေးက ဘာနေ့သမီးလဲ'

'အင်္ဂါသမီးပါ ဆရာ'

'အဲဒါဆို အတော်ပဲ၊ ဒေါ်ညိမ်းအေး ကိုယ်တိုင်လုပ်ပါ။ ပြီးတော့ အဲဒီရောင်းမယ့် မြေကွက်ကို ဓာတ်ပုံနဲ့ရိုက်ပြီး ကျွန်တော့်ကိုပေးပါ။ မြေကွက်တစ်ခုလုံးပါအောင် ရိုက်ရမယ်။ ရှေ့မျက်နှာစာက တစ်ပုံ၊ နောက်ကျောဘက်က တစ်ပုံ ဓာတ်ပုံရိုက်ပြီး ကျွန်တော့်ကို ပေးပါ။ ကျွန်တော်ကိုယ်တိုင် အစွမ်းထက်တဲ့ ဂါထာနဲ့ စီရင်ပေးပါမယ်။

ဒေါ်ညိမ်းအေး အနေနဲ့လဲ ညစဉ် ပဋ္ဌာန်းတရားတော် ရွတ်ဖတ်ပြီး ဘုရားရှိခိုးပူဇော်ပါ။ အဓိဋ္ဌာန်(၉)ရက် ဝင်ပါ။ အဓိဋ္ဌာန်အောင်တဲ့ရက်မှာ **"မြေကွက်ရောင်းထွက်ပါစေ"** ဆိုပြီး ဆုတစ်ခွန်းတည်းတောင်းပါ။ သစ္စာပြု ဆုတောင်း

www.burmeseclassic.com

ရင် ပိုကောင်းပါတယ်။ လုပ်နိုင်ပါ့မလား'

'ဟုတ်ကဲ့ လုပ်နိုင်ပါတယ်။ သစ္စာဆိုတော့ ဘယ်လို ဆိုရမလဲ ဆရာ'

"ဒီလိုပါ... "ပဋ္ဌာန်းတရားတော်ကြီးကို ညစဉ် (၉)ရက်ပြည့်အောင် ရွတ်ဖတ်ပြီး မြတ်စွာဘုရားရှင်အား ပူဇော်ခဲ့ပါတယ် ဘုရား။ ဤသစ္စာ မှန်ကန်ပါ၏။ ဤမှန်ကန်သော သစ္စာစကားကြောင့် တပည့်တော်မ၏ မြေကွက် အမြန်ရောင်းထွက်ပါစေသား အရှင်ဘုရား"လို့ သစ္စာပြု ဆုတောင်းပါ'

'ဪ...ဟုတ်ကဲ့ပါ ဆရာ၊ ဒါဆို သိပ်မခက်ပါဘူး။ သစ္စာပြု ဆုတောင်းပါမယ်'

'ဒါဆို ကျွန်တော့်ဆီ မြေကွက်ရဲ့ ဓာတ်ပုံ(၂)ပုံ ပို့ပေးပါ'

'ဟုတ်ကဲ့ ဆရာ၊ ကျွန်မကို ပြန်ခွင့်ပြုပါဦး'

'ဟုတ်ပါပြီဗျာ... စိတ်မပူပါနဲ့၊ မြေကွက် ရောင်းထွက်သွားမှာပါ'

ကျွန်တော်ဟာ "ဟန်ကိုယ့်ဖို့" ဆိုသလို ပြောလိုက်ပါတယ်။ နောက်နေ့မှာတော့ ဒေါ်ညိမ်းအေးရဲ့ မြေကွက်ဓာတ်ပုံနှစ်ပုံ ကျွန်တော့်ထံ ရောက်လာပါတယ်။ အဲဒီနေ့ကစလို့ ကျွန်တော်ဟာ မြေကွက်ဓာတ်ပုံနှစ်ပုံကို ကျွန်တော့်ရှေ့ တစ်ထွာလောက်မှာထားပြီး **"ကမ္ဘဝါသည်းခြေဂါထာတော်"** နဲ့ (၃၇)ခေါက် ရွတ်မန်းပါတယ်။

ပြီးတော့ အဲဒီဓာတ်ပုံနှစ်ပုံကို စာအုပ်တစ်အုပ်ကြားမှာ ညှပ်ထားလိုက်ပါတယ်။ ကျွန်တော်ဟာ ကျောက်ပန်းတောင်းမြို့က မပြန်ခင် ရက်တွေမှာ နေ့စဉ် အဲဒီအတိုင်း ပြုလုပ်ခဲ့ပါတယ်။ မတ်လကုန်အထိပါပဲ။ ဧပြီ(၂)ရက်နေ့မှာ တောင်ကြီး၊ အေးသာယာမြို့သစ်ကနေ အိမ်ကို ပြန်ခဲ့ပါတယ်။

ကိုယ့်အိမ်ကို ပြန်ရောက်တော့ အဲဒီမြေကွက်ကိစ္စ မေ့သွားပါတယ်။ သင်္ကြန်အကြိုနေ့ (၁၂-၄-၁၆)မနက်မှာတော့ ကျွန်တော့်ရဲ့တူမထံမှ ဖုန်းဝင်လာပါတယ်။

'ဟယ်လို ဦးလား... ဦး စီစဉ်ပေးခဲ့တဲ့ ဒေါ်ညိမ်းအေး မြေကွက် ရောင်းထွက်သွားပြီ'

'ဟေ...ဟုတ်လား။ ဘယ်နေ့က ထွက်သွားလဲ'

'မနေ့ကပဲ ထွက်သွားတာ၊ ဦးအတွက်လဲ ကန်တော့ခဲ့သေးတယ်။ ဦးကို ကျေးဇူးတင်လို့တဲ့။ အဲဒါ သင်္ကြန်ပြီးမှပဲ ဘဏ်ဖွင့်မှ ငွေပို့ပေးလိုက်တော့မယ်'

'အေး... အေး... ဝမ်းသာပါတယ်။ ဒေါ်ညိမ်းအေးလဲ အဆင်ပြေသွားတာပေါ့'

'ဟုတ်တယ် ဦး...ဖုန်းချလိုက်တော့မယ်နော်'

'အေး...အေး...'

ကျွန်တော်ကိုယ်တိုင်ပင် အံ့သြသွားပါတယ်။ စေတနာနဲ့ ကူညီခဲ့တဲ့ အလုပ်တစ်ခု အဆင်ပြေသွားပြီတဲ့။ မြေရောင်းရတာ အလွန်ခက်ခဲပါတယ်။ ရောင်းသူဝယ်သူ ကြားပွဲစား အပေးအယူ တည့်ဖို့က မလွယ်လှပါဘူး။ မြင်အပ်၊မမြင်အပ်တဲ့ အနှောင့်အယှက်တွေကလဲ ရှိနိုင်ပါသေးတယ်။ ဈေးတည့် ဈေးညှိပြီးမှ ပျက်သွားတတ်ပါတယ်။

ကျွန်တော့်အိမ်သူကိုယ်တိုင် မြေအရောင်းအဝယ် လုပ်နေလို့ သိထားတာပါ။ အခုတော့ နည်းကောင်းတစ်ခု ရလိုက်လို့ အောင်မြင်သွားပါပြီ။ လက်တွေ့ နည်းကောင်းတစ်ခုဖြစ်လို့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်ကြီးကို မျှဝေပေးလိုက်ပါတယ်။

ကမ္ဘဝါသည်းခြေ ဂါထာတော်ကိုလဲ ဖော်ပြပေးလိုက်ပါတယ်။

'ဂစ္ဆ အမုမှိ ဩကာသေ တိဋ္ဌာဟိ ဓသာ ဉာတ္တိ' ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **ဂစ္ဆ** | = | ဂစ်ဆ |
| **အမုမှိ** | = | အန်မုန်မှိ |
| **ဩကာသေ** | = | အောကာသေ |
| **တိဋ္ဌာဟိ** | = | တိတ်ထာဟိ |
| **ဓသာ** | = | အေသာ |
| **ဉာတ္တိ** | = | ညတ်တိ |

**ကောင်းမြင့်မြတ်စိန်**



ရောင်းထွက်သွားသောမြေကွက်

www.burmeseclassic.com

# ရုက္ခမူ ကျင့်စဉ်ပေါက်ကြီး

ဝိဇ္ဇာမဟိဒ္ဓိ ဆရာဦးသန်းမြင့်
(တိုင်းရင်းဆေး)



ဤရုက္ခမူကျင့်စဉ်ကို ကျင့်မည့်သူသည် သက်သတ်လွတ် စားသုံးရပါမည်။ ညဦးယံတွင် မိမိနေအိမ်မှ ဘုရားဖြစ်စေ၊ အခြားသော စေတီပုထိုးရုပ်ပွားတော်မှာဖြစ်စေ ပန်း,ရေချမ်း, အလင်းတိုင်, အမွှေးတိုင်များဖြင့် လှူဒါန်းပူဇော်ပြီး မိမိဆောက်တည်လိုသော သီလကို ခံယူဆောက်တည်ပါ။ မေတ္တာသုတ်ပရိတ်တော်ကို အနည်းဆုံး သုံးခေါက်ထက်မနည်း ရွတ်ဖတ်ပါ။ (၃၁)ဘုံအား မေတ္တာပို့သပါ။

အထူးအားဖြင့် အတွင်း(၃၇)မင်း၊ အပြင်(၃၇)မင်း၊ အရံ(၃၇)မင်းများအား မေတ္တာပို့ပါ။ ကုသိုလ်ကောင်းမှု အဖို့အစုတို့ကိုလည်း အမျှပေးဝေပါ။

အားလုံးသော ကိစ္စရပ်များ ပြီးစီးသောအခါ ညဉ့်နက်သန်းခေါင်ယံ အချိန်တွင် သစ်ပင်ကြီး၊ ညောင်ပင်စသော သစ်ပင်မျိုး ထိုသစ်ပင် အရင်းတွင် တင်ပျဉ်ခွေထိုင်ပြီး အောက်ပါ မန္တန်ကို ရွတ်ဆိုပုတီးစိပ်ရပါမည်။

**ရွတ်ဆိုရန်မန္တန်**

အစိန္တေယျဉာဏ သမ္ပန္နဿ၊
အပ္ပမေယျဉာဏ သမ္ပန္နဿ၊
အနန္တဉာဏ သမ္ပန္နဿ၊
အနန္တဂုဏ သမ္ပန္နဿ၊
ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊
ဒွတ္တိံသ မဟာပုရိသ လက္ခဏာ နဘာဝေန၊
သီတာနုဗျဉ္ဇနာ နဘာဝေန၊
ဆဗ္ဗဏ္ဏရံသီယာ နဘာဝေန၊
ဆဠာဘိညာ နဘာဝေန၊
ဒသဗလဉာဏ နဘာဝေန၊
နဝသမာပတ္တိယာ နဘာဝေန၊
နဝလောကုတ္တရဓမ္မာ နဘာဝေန၊
စတုသစ္စဉာဏ နဘာဝေန၊
စတုဝေသာရဇ္ဇဉာဏ နဘာဝေန၊
ဆအသာဓာရဏဉာဏ နဘာဝေန၊
မဂ္ဂဖလဉာဏ နဘာဝေန၊
စတုရာသီတိသဟဿ ဓမ္မက္ခန္ဓာနဘာဝေန၊
ဗုဒ္ဓဂုဏ နဘာဝေန၊
ဓမ္မဂုဏ နဘာဝေန၊
သံဃဂုဏ နဘာဝေန၊
သဗ္ဗရောဂါ ဝိနဿန္တု၊
သဗ္ဗအန္တရာယာ ဝိနဿန္တု၊
ဒီဃာယုကော မယံဟောတု၊
သဗ္ဗေသက်ပွါ သမိဇ္ဈန္တု၊
သဗ္ဗဘောဂါ ပဝတ္တန္တု၊
သဗ္ဗကမ္မာနိ သိဇ္ဈန္တု၊
အာကာသဋ္ဌာစ ဘုမ္မဋ္ဌာဒေဝါနာဂါမဟိဒ္ဓိကာ
သက္ကောက္ကမ္မော မဟာဖြဟ္မာ အမေ့နုရက္ခန္တု၊
သဗ္ဗဒါ၊

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **အစိန္တေယျ** | =အစိန်တေယျ |
| **သမ္ပန္နဿ** | =သမ်ပန်နတ်သ |
| **အပ္ပမေယျ** | =အပ်ပမေယျ |
| **အနန္တ** | =အနန်တ |
| **သမ္မာသမ္ဗုဒ္ဓဿ** | =သမ်မာသမ်ဗုတ်ဓတ်သ |
| **ဒွတ္တိံသ** | =ဒွတ်တိန်သ |
| **လက္ခဏာ** | =လက်ခနာ |
| **ဗျဉ္ဇနာ** | =ဗျင်ဇနာ |
| **ဆဗ္ဗဏ္ဏရံ** | =ဆပ်ဗန်ဏရံ |
| **ဆဠာဘိညာ** | =ဆလာဘိန်ညာ |
| **သမာပတ္တိ** | =သမာပတ်တိ |
| **လောကုတ္တရ** | =လောကုတ်တရ |
| **ဝေသာရဇ္ဇ** | =ဝေသာရစ်ဇ |
| **မဂ္ဂ** | =မက်ဂ |
| **ဓမ္မက္ခန္ဓာ** | =ဓမ်မက်ခန်ဓါ |
| **ဝိနဿန္တု** | =ဝိနတ်သန်တု |
| **သဗ္ဗအန္တရာ** | =သဗ်ဗအန်တရာ |
| **မယံ** | =မယ်ယံ |
| **သဗ္ဗေသက်ပွါ** | =သပ်ဗေသင်ကပ်ပါ |
| **သမိဇ္ဈန္တု** | =သမိတ်ဈာန်တု |
| **ပဝတ္တန္တု** | =ပဝတ်တန်တု |
| **သဗ္ဗကမ္မာနိ** | =သပ်ဗကမ်မာနိ |
| **သိဇ္ဈန္တု** | =သိတ်ဈာန်တု |
| **အာကာသဋ္ဌာစ** | =အာကာသတ်ထာစ |
| **ဘုမ္မဋ္ဌာ** | =ဘူမတ်ထာ |
| **မဟာဖြဟ္မာ** | =မဟာဗြန်မာ |
| **အမေ့နုရက္ခန္တု** | =အန်မေ့နုရက်ခန်တု |
| **မဟိဒ္ဓိကာ** | =မဟိတ်ဓိကာ |
| **သက္ကောက္ကမ္မော** | =သက်ကောအိန်ဒေါ |

အနက်

**အစိန္တေယျဉာဏ သမ္ပန္နဿ**– မကြံစည်အပ်သော ဉာဏ်နှင့် ပြည့်စုံတော်မူထသော၊

**အပ္ပမေယျဉာဏ သမ္ပန္နဿ**– မနှိုင်းယှဉ်အပ်သော ဉာဏ်နှင့် ပြည့်စုံတော်မူထသော၊

**အနန္တဉာဏ သမ္ပန္နဿ**– အဆုံးမရှိသောဉာဏ်နှင့် ပြည့်စုံတော်မူထသော၊

**အနန္တဂုဏ သမ္ပန္နဿ** – အဆုံးမရှိသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံတော်မူထသော၊

**အရဟတော** – ပူဇော်အထူးကို ခံတော်မူထိုက်သော၊ **သမ္မာသမ္ဗုဒ္ဓဿ** –အလုံးစုံသော တရားတို့ကို မဖောက်



www.burmeseclassic.com

www.burmeseclassic.com

မပြန် ကိုယ်တိုင်မှန်စွာ သိတော်မူသော၊ **ဘဂဝတော**–မြတ်စွာဘုရား၏၊

**ဒွတ္တိံသ မဟာပုရိသ လက္ခဏာ နုဘာဝေန** – သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာတော် အာနုဘော်ကြောင့်လည်းကောင်း၊

**သီတာနုဗျဉ္ဇနာ နုဘာဝေန**– ရှစ်ဆယ်သော လက္ခဏာတော်ငယ်၏ အာနုဘော်ကြောင့်လည်းကောင်း၊

**ဆဗ္ဗဏ္ဏရံသီယာ နုဘာဝေန**– ခြောက်သွယ်သော ရောင်ခြည်တော်၏ အာနုဘော်ကြောင့် လည်းကောင်း၊

**ဆဠဘိညာ နုဘာဝေန**–ခြောက်ပါးသော အဘိညာဉ်၏ အာနုဘော်ကြောင့်လည်းကောင်း၊

**ဒသဗလဉာဏ နုဘာဝေန**–ဆယ်ပါးသော ဗလဉာဏ်တော်၏ အာနုဘော်ကြောင့်လည်းကောင်း၊

**နဝသမာပတ္တိယာ နုဘာဝေန**– ကိုးပါးသော သမာပတ်၏ အာနုဘော်ကြောင့်လည်းကောင်း၊

**နဝလောကုတ္တရဓမ္မာ နုဘာဝေန** –ကိုးပါးသော လောကုတ္တရာ တရားတော်၏ အာနုဘော်ကြောင့်လည်းကောင်း၊

**စတုသစ္စဉာဏာနုဘာဝေန**–သစ္စာဉာဏ်လေးပါး၏ အာနုဘော်ကြောင့်လည်းကောင်း၊

**စတုဝေသာရဇ္ဇဉာဏာ နုဘာဝေန**–ဝေသာရဇ္ဇဉာဏ် လေးပါး၏ အာနုဘော်ကြောင့် လည်းကောင်း၊

**ဆအသာဓာရဏဉာဏာ နုဘာဝေန** – အသာဓာရဏဉာဏ် (၆)ပါး၏ အာနုဘော်ကြောင့်လည်းကောင်း။

**မဂ္ဂဖလဉာဏာ နုဘာဝေန**–မဂ်ဉာဏ် ဖိုလ်ဉာဏ်၏ အာနုဘော်ကြောင့် လည်းကောင်း၊

**စတုရာသီတိသဟဿ ဓမ္မက္ခန္ဓာ နုဘာဝေန** – ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာတို့၏ အာနုဘော်ကြောင့် လည်းကောင်း၊

**ဗုဒ္ဓဂုဏာ နုဘာဝေန** – မြတ်စွာဘုရား၏ဂုဏ်တော် အာနုဘော်ကြောင့် လည်းကောင်း၊

**ဓမ္မဂုဏာ နုဘာဝေန**–တရားတော်မြတ်၏ဂုဏ်တော် အာနုဘော်ကြောင့် လည်းကောင်း၊

**သံဃဂုဏာ နုဘာဝေန**–သံဃာတော်မြတ်၏ဂုဏ်တော် အာနုဘော်ကြောင့် လည်းကောင်း၊

**သဗ္ဗရောဂါ** – အလုံးစုံသော အနာရောဂါတို့သည်၊ **ဝိနဿန္တု**–ပျောက်ပျက်စေကုန်သတည်း။

**သဗ္ဗအန္တရာယာ** – အလုံးစုံသော အန္တရာယ်တို့သည်၊ **ဝိနဿန္တု**–ပျောက်ပျက်စေကုန်သတည်း။

**မယှံ**–အကျွန်ုပ်အား၊ **ဒီဃာယုကော** – အသက်ရှည်ခြင်းသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

**သဗ္ဗေသင်္ကပ္ပါ** – အလုံးစုံသော အကြံအစည်တို့သည်၊ **သမိဇ္ဈန္တု**–ပြီးစီးပြည့်စုံပါစေသတည်း။

**သဗ္ဗဘောဂါ** – အလုံးစုံသော စည်းစိမ်ဟူသမျှတို့သည်၊ **ပဝဍ္ဎန္တု**–ဖြစ်ရှိပါစေကုန်သတည်း။

**သဗ္ဗကမ္မာနိ**–အလုံးစုံသော အမှုကိစ္စတို့သည်လည်း၊ **သိဇ္ဈန္တု**–ပြီးစီးပါစေကုန်သတည်း။

**မဟိဒ္ဓိကာ**–တန်ခိုးကြီးကုန်သော၊ **အာကာသဋ္ဌာ** – ကောင်းကင်၌ တည်ကုန်သော၊ **ဒေဝါစ**–နတ်တို့သည် လည်းကောင်း၊ **ဘူမဋ္ဌာ**–မြေ၌တည်ကုန်သော၊ **ဒေဝါစ**–နတ်တို့သည် လည်းကောင်း၊ **နာဂါစ**–နဂါးတို့သည် လည်းကောင်း၊

**ဣန္ဒေ့ာ** –နတ်တို့ကို အစိုးရသော၊ **သက္ကော စ** – သိကြားမင်းသည်လည်းကောင်း၊ **မဟာဗြဟ္မာ**–ဗြဟ္မာမင်းကြီးသည်လည်းကောင်း၊ **အမှေ**–အကျွန်ုပ်တို့ကို၊ **သဗ္ဗဒါ**–အခါခပ်သိမ်း၊ **အနုရက္ခန္တု**–အစဉ်စောင့်ရှောက်ကြပါစေကုန်သတည်း။

*[ဤမန္တန် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ [ဓမ္မာစရိယ(မဟာဝဂ္ဂ်ဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက – ဒီဃနိကာယ ကောဝိဒ (နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။]*

မန္တန်တစ်ပုဒ်ဆုံးမှ ပုတီးတစ်လုံးချပါ။ ပုတီး(၃)ပတ် (သို့မဟုတ်) (၅)ပတ်၊ (၇)ပတ်၊ (၉)ပတ် စသည် စိပ်ပါ။ အနည်းဆုံး (၃)ပတ်စိပ်ပါ။

ထိုသို့ ပုတီးစိပ်နေစဉ်အတွင်း နတ်များလာ၍ အသံကြီး ကျယ်စွာနှင့်...

**"ငါတို့ကို ယခုခေါ်သည်ကား အဘယ်အကြောင်း ရှိသနည်း"**

ဟု အနီးသို့ ချဉ်းကပ်၍ မေးလာတတ်ပါသည်။ ထိုအခါ မိမိအလိုရှိရာ တစ်ခုကိုသာ ပြောကြားပါလေ။

**(မှတ်ချက်) ထိုသို့ လာရောက်မမေးမီအချိန်တွင် သစ်ပင်ပေါ်မှ သစ်ကိုင်းကြီးငယ်များ ကျိုးကျသံကဲ့သို့ အသံများ(သို့မဟုတ်) ကျွဲအုပ်,နွားအုပ်များ ပြေးလွှားလာသောအသံများ၊ မိမိထံသို့ တစ်စုံတစ်ယောက် လျှောက်လာသော အသံများကို အရင်ဆုံး ကြားရတတ်သည်လည်း ရှိပါသည်။**

ထိုအခါ သတိလက်လွှတ်ဖြစ်ပြီး ထ,မသွားရန်၊ ထ,မပြေးရန် သတိပြုပါ။ မိမိကျင့်စဉ် အောင်မြင်၍ ကြားရသော အသံများဟု ထင်မှတ်ပါ။

ထိုသို့ ကြားပြီးမှ မေးမြန်းသော အသံများကို ကြားရသည်လည်း ရှိပါသည်။


***ဆင်းရဲကင်းပျောက် ချမ်းသာ ရောက်ကြပါစေ။***

**ဝိဇ္ဇာမဟိဒ္ဓိ ဆရာဦးစိန်မြင့်**
*(တိုင်းရင်းဆေး)*



www.burmeseclassic.com

www.burmeseclassic.com



ပညာစက္ခု
မင်းလက်ယာအောင်

အဂ္ဂိရတ်ဆရာတို့အတွက်

# ပတ္တမြားမြေမှ ပြဒါးမျှားသည်

ပတ္တမြားမြေဟူသော မိုးကုတ်မြို့နယ်သည် ပတ္တမြားနှင့်တကွ အခြားသော ရတနာတန်းဝင် ကျောက်မျက်အမျိုးမျိုးနှင့် သယံဇာတ တွင်းထွက်အမျိုးမျိုးတို့ ထွက်ရှိရာ ရတနာမြေတစ်ဆူ ဖြစ်ပါသည်။

ရာသီဥတုသည် အစဉ်အေးချမ်း၍ သစ်ပင် တောတောင်တို့သည်လည်း အမြဲတမ်း စိမ်းလန်းစိုပြည်နေပေသည်။

**[illegible]**

ကျွန်တော်သည် အဂ္ဂိရတ်ဝါသနာရှင်တစ်ဦးဖြစ်သည့် အားလျော်စွာ မိုးကုတ်ရတနာမြေ၏ အထက်ဖော်ပြပါ အချက်အလက်တို့ကို အခြေခံလျက် ဤဒေသမှထွက်ရှိသည့် ရေသံခေါ်သော ကျောက်ရိုင်းတစ်မျိုးကို များစွာ စိတ်ဝင်စားခဲ့မိသည်။

ရေသံကိုသာမက ဗဟန်းဝါ၊ ဗဟန်းဖြူ၊ ပါဒဒုတ္တာ၊ နာဂသွဲ့စသော တွင်းထွက်ပစ္စည်းများကိုလည်း စိတ်ဝင်စားစွာ ရှာဖွေ စုဆောင်းခဲ့ဖူးသည်။

ထိုအခါက ရေသံကို ယခုခေတ်ကဲ့သို့ အဆောင်ပစ္စည်းတစ်မျိုးအဖြစ် မြန်မာနိုင်ငံအနှံ့ သိရှိကြရန် ဝေးစွ ဒေသခံ တွင်းဆရာများ၊ တွင်းအုပ်သမားများနှင့် ကုန်သည်များ၊ ပေါလန်များတိုင်အောင် ရေသံကို သိရှိသူ လွန်စွာ နည်းပါးလှပေသည်။

အဂ္ဂိရတ် ဝါသနာရှင်များအတွက် ဓာတ်ပစ္စည်းအမျိုးမျိုးကို ခဲမှအစ ရွှေအဆုံးတိုင် ငွေရှိလျှင် လိုသလောက် ဝယ်ယူ ရရှိနိုင်ကြသော်လည်း လုပ်ရတ်ဝင် သံစင်သံကောင်းတို့သည်ကား လွန်စွာပင် ရှားပါးလှတော့သည်။

ငွေမည်မျှ ပုံပေးမည်ဆိုသည့်တိုင် (ဝါ) ငွေမည်မျှပင် ကုန်ကျခံသော်ငြားလည်း ပစ္စည်းအစစ်အမှန်ရရှိရန် ခဲယဉ်းလှပေသည်။

ကျွန်ုပ်သည် အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေများထံမှ ရေသံ၊ ကုန်းသံ၊ ခြသံ၊ လေပုံးသံ စသည်ဖြင့် လက်ဆောင်အမျိုးမျိုး ရရှိခဲ့သည့်တိုင် အမှန်တကယ် အရည်အချင်းနှင့် ပြည့်စုံသော သံစင်သံကောင်းကား အမှန်ပင် ရှားပါးလှပေသည်။

ဤနေရာတွင် လုပ်ရတ်ဝင် သံစင်သံကောင်းတို့၏ အရည်အချင်းတို့ဆိုသည်မှာ...

၁။ **အရောင်အဆင်းအားဖြင့် ကောင်းခြင်း**

**ဥပမာ။** ။ ရွှေရောင်၊ ငွေရောင်၊ မိုးကြိုးရောင်၊ မီးဝင်ပြဒါးရောင် စသည် ဖြစ်သည်။

၂။ **အသားအနေကောင်းခြင်း**

**ဥပမာ။** ။ ဘော်သား၊ နာသား၊ ကန်စွန်းဥသား စသည်ဖြစ်သည်။

၃။ **အရည်နူခြင်း**

**ဥပမာ။** ။ ကျိုချက်ရ လွယ်ကူခြင်း။

၄။ **မှတ်စားခြင်း။**

၅။ **ပန်းနိုးနိမ့်ခြင်း**တို့ ဖြစ်လေသည်။

ဖော်ပြပါ အရည်အချင်းကောင်းတို့ ပြည့်စုံရန်အတွက် တစ်ခုတည်းသော လိုအပ်ချက်မှာ ကုန်းသံ၊ ရေသံ မည်သည့်သံမဆို အဂ္ဂိရတ်အလိုအားဖြင့် ပြဒါးကိန်းဖို့(ဝါ) ပြဒါးဓာတ်များစွာ ပါဝင်ဖို့သာ အဓိကဖြစ်သည်။

ပြဒါးကိန်းသော ရေသယံသံမျိုးတို့သည် အေးချမ်းသောရာသီဥတုရှိသည့် စိမ့်ကြီးမြိုင်ကြီး တောတောင်ကြီးများမှ စမ်းအိုင်ကြီးများတွင် သယံဇာတဖြစ်တည်ကြသည်ဟူ၍ ကျမ်းဂန်များ၌ ဖော်ပြထားသည်။

သို့ဖြစ်၍ ဤအချက်သည် ပတ္တမြားကျောက်တို့ထွက်ရှိရာ မိုးကုတ်ရတနာမြေနှင့် သဘာဝခြင်း ကိုက်ညီလျက်ရှိ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ဤနေရာတွင် ဗဟုသုတအဖြစ် ထည့်သွင်းဖော်ပြလိုသည်မှာ ရှေးလူကြီးသူမတို့ ဆိုစကားအရ ပတ္တမြားဟူသည် ပြဒါးဓာတ်တို့ များစွာ ပါဝင်ဖွဲ့စည်းထားခြင်းကြောင့် ပြဒါးများကျောက် ထိုမှ ပတ္တမြားဟူ၍ ဖြစ်လာခဲ့သည်ဟု အစဉ်အဆက် ပြောဆိုခဲ့ကြသောစကားကို အကြိမ်ကြိမ် ကြားနာမှတ်သားခဲ့ဖူးသည်။

ပတ္တမြားမျက်ရှင်သည် ထို၌ ပါဝင်သော ပြဒါးဓာတ်တို့၏ အာနုဘော်ကြောင့် အရောင်ထွန်းလင်းခြင်း ပျံတက်နိုင်ခြင်းတို့ ဖြစ်သည်ဟူ၍လည်း မှတ်သားခဲ့ဖူးပါသည်။

**မှတ်ချက်။ ။ (ခေတ်သိပ္ပံအမြင် ပတ္တမြားစသော ကျောက်မျက်တို့၏ ဓာတုဖွဲ့စည်းပုံကား ထိုသို့ မဟုတ်ပါချေ။ သိရှိလိုပါက သက်ဆိုင်ရာ စာပေတို့၌ လေ့လာနိုင်ပါသည်။ ဤနေရာတွင် မြန်မာတို့၏ ဝိဇ္ဇာပညာ အမြင်ကိုသာ ဖော်ပြခြင်း ဖြစ်ပေသည်။)**

ကျွန်ုပ်သည် ငယ်စဉ်ကပင် သာမန်တွင်း အလုပ်သမားအဖြစ်သာမက တွင်းဆရာအဖြစ် နှစ်ပေါင်း နှစ်ဆယ်ခန့် လုပ်ကိုင်ခဲ့သည်ဖြစ်၍ ကျောက်မျက်ရတနာတို့နှင့် ပတ်သက်သော ပါးစပ်ရာဇဝင် ပြုပွတ်အမျိုးမျိုးတို့ အခါများစွာ ကြားနာမှတ်သားခဲ့ဖူးသည်။

သို့ဖြစ်၍ ထိုမှ တစ်စိတ်တစ်ဒေသကို ဖော်ပြရသော် ကျွန်ုပ်တို့ တွင်းသားလောက၌ **ပြကျောက်**ဟူသော ဝေါဟာရတစ်ခု ရှိခဲ့ဖူးသည်။

တွင်းသမားတစ်ယောက်သည် ဖြုန်းဆေးရင်းဖြစ်စေ၊ တွင်းထဲ၌ ဖြုန်းတူးရင်းဖြစ်စေ ကျောက်တစ်ပွင့်ကို ထင်ထင်ရှားရှား မြင်တွေ့ပြီးမှ လက်



ဖြင့် ကောက်ယူနိုင်ခြင်းမရှိဘဲ အကြောင်း တစ်ခုခုဖြင့် ပျောက်ကွယ်သွားခဲ့သော် ထိုကျောက်ကို ပြကျောက်ဟူ၍ ပြောဆိုကြသည်။

အဓိပ္ပါယ်မှာ လူတို့နှင့် မထိုက်တန်၊ မြင်ရုံမျှ ပြသည်ကဲ့သို့ ဖြစ်ခြင်းကြောင့် ပြကျောက်ဟူ၍ တင်စား ပြောဆိုခဲ့ခြင်း ဖြစ်ပါသည်။

ထို့ပြင် ရှေးလူကြီးများ တွင်းထဲ၌ တူးရင်း အရောင်ထွန်းလင်းတောက်ပသော ကျောက်တစ်ပွင့် ပေါ်လာပြီး အထက်သို့ ပျံတက်လာသည်ကို တွေ့ရတတ်သည်။

ထိုအခါ ရုတ်တရက် တံတွေးနှင့် လှမ်းထွေးပြီး လက်ဖြင့် ဖမ်းယူရသည်။ လက်ဖြင့်ကိုင်မိသော် ထိုကျောက်ကို အပြစ်အနာ(ဒဏ်ရာ) ရရှိသွားအောင် ကျောက်ခဲစသော တစ်စုံတစ်ခုနှင့် ပွတ်တိုက်ပြီး ခံတွင်း၌ ငုံထားရသည်။

ထိုကဲ့သို့ မပြုလုပ်ပါက အဆိုပါ ကျောက်ကို လက်ဖြင့် ကိုင်တွယ်၍ မရဘဲ လွတ်ကျပြီး ပြန်ထွက်သွားတတ်သည်။

ဤသည်မှာ ရှေးလူကြီးသူမများ၊ တွင်းဆရာများ၊ ပေါလန်များတို့ အစဉ်အဆက် ပြောဆိုခဲ့သော ပြကျောက် ပုံပြင်များပင် ဖြစ်ပါသည်။ ထို ပြကျောက်သည်ကား **ပတ္တမြားမျက်ရှင်ပင်** ဖြစ်ပါ၏။

ဤအကြောင်းအရာတို့ကို ဖော်ပြရေးသားရခြင်းမှာ ရှေးလူတို့သည် ပတ္တမြားမျက်ရှင်ကို လည်းကောင်း၊ ပတ္တမြားကျောက်တို့၌ ပြဒါးဓာတ်တို့ ပါဝင်ဖွဲ့စည်းထားသည်ကို လည်းကောင်း လက်ခံယုံကြည်ကြခြင်းကို ထင်ရှားစေလို၍ ဖြစ်ပါသည်။

အထက်ပါအယူအဆကို ယုံကြည်လက်ခံမည်ဆိုပါက ပတ္တမြားကျောက်တို့နှင့် ရောနှောကာ တွေ့ရှိရတတ်သော မိုးကုတ်မြေမှ ရွှေသံကျောက်ရိုင်းတို့၌ ပြဒါးဓာတ်တို့ အနည်းနှင့်အများ ပါဝင်နိုင်သည်ဆိုသော အယူအဆကို လက်ခံနိုင်ပေလိမ့်မည်။

ထိုအချက်တို့ကို မိမိမိတ်ဆွေဖြစ်ကြသော အဂ္ဂိရတ်ဆရာကြီးတို့နှင့် ဆွေးနွေးကာ ရွှေသံကျောက်တို့အား သတ္တုချကာကြည့်ရန် တိုက်တွန်းခဲ့ဖူးသော်လည်း မည်သူမျှ စိတ်ဝင်တစား ပြုလုပ်ခဲ့ခြင်း မရှိကြချေ။

သာမန် စမ်းသပ်ကြည့်သူအချို့ကလည်း ဒီကျောက်တွေက သံထုတ်လို့မရဘူး၊ အရည်မဖြစ်ဘူး ဟူ၍သာ ပြောခဲ့ကြသည်။

သို့ဖြင့် ကျွန်တော်သည် မိုးကုတ်မြေ တစ်ခွင်ရှိ ကျောက်တွင်းရပ်ကွက် အသီးသီးမှ သံကျောက်တို့ကို ရှာဖွေစုဆောင်းလေ့လာခဲ့ရာတွင် အချို့ အသားကျစ်၏၊ မာ၏။ အချို့ပွ၍ ကြေလွယ်၏။ အချို့ကား အခြားသော ကျောက်တို့နှင့် ရောနှောနေ၏။ အချို့ သီးသန့်နေ၏။ အချို့ သံလိုက်ရှိ၏။ အချို့ သံလိုက်မရှိ။

ဤသည့်နှယ် အမျိုးမျိုးအဖုံဖုံ တွေ့ရှိရာဝယ် ရပ်ကွက်တစ်ခုမှ ရရှိသော သံကျောက်ရိုင်းတို့ကို နှစ်သက်သဘောကျပြီး သတ္တုဖမ်းကြည့်ရာ သံစင်သံကောင်းတို့ ရရှိမှုမကဘဲ သံတွယ်လွတ်သည့် အဆင့်သို့ပင်

(စာမျက်နှာ (၂၀၈) သို့)


www.burmeseclassic.com

# ဘေးအန္တရာယ် ရန်နိုင်စေသော

**စမထစ်ချပ်**

ဘုန်းမြင့် (မွန်ဌာနေ)

ဘေးအန္တရာယ် ရန်နိုင်စေသော စမလေးတစ်ချပ်



အသက်တစ်ရာ မနေရ အမှုတစ်ရာ ကြုံရဆိုသလို ကျွန်တော်သည် လွန်ခဲ့သောနှစ်က မမျှော်လင့်ဘဲ အမှုတစ်ခု ကြုံခဲ့သည်။ အမိန့်ချခါနီး အချိန်တွင် လျော်ပေးရန် ငွေကြေး မတတ်နိုင်ပါ။

ထိုအခါ ဇနီးဖြစ်သူက သူ၏ မိဘများထံ သွား၍ အကူအညီတောင်းခဲ့သည်။ ယောက္ခမဖြစ်သူ ဦးလှအောင်သည် ငွေကြေးကို အကူအညီ ပေးလိုက်ရုံတင် မကဘဲ သူ၏ ဆရာတော် ပျံလွန်တော်မမူမီ ပေးခဲ့သော စမလေးတစ်ချပ်ကိုပေးပြီး ကျွန်တော်၏ဇနီး ခင်မမအား...

'သမီး...ဒီစမပြားလေးဟာ ဖေဖေ့ရဲ့ဆရာတော်ပေးခဲ့တဲ့ စမပြားလေးပဲ။ ညတိုင်း ဖယောင်းတိုင် တစ်တိုင်ကို လက်ထဲကိုင်ပြီး ဂုဏ်တော်ကိုးပါးရွတ်ပြီး မီးတင်ထွန်းပေး။ နောက်ပြီး (၁၀၈)လုံး ပုတီးကုံးနဲ့ ဂုဏ်တော် (၉)ပါးကို ပုတီး(၉)ပတ် မှန်မှန်စိပ်ပေးပါ'

'ဖယောင်းတိုင်ကို ဂုဏ်တော်ကိုးပါး ဘယ်နှခေါက် ရွတ်ရမှာလဲ ဖေဖေ'

'တစ်ခေါက်ရွတ်ရင် ရပါတယ်။ နင့်ယောက်ျားကို ညတိုင်း (၇)နာရီအချိန်မှာ ဖယောင်းတိုင်မီး ပူဇော်ပြီး ဂုဏ်တော်ကိုးပါးကို ကိုးပတ် ပုတီးမှန်မှန် စိပ်ခိုင်း ကြားလား သမီး'

'ဟုတ်ကဲ့ ဖေဖေ'

ကျွန်တော်၏ ဇနီးသည် အိမ်သို့ပြန်ရောက်သော် ထိုစမပြားလေးကို ပေးပြီး သူ့အဖေ ပြောလိုက်သော စကားကို ပြန်ပြောပြလေသည်။

ခင်မမ၏အဖေသည် ဘုရား,တရား, သံဃာ ရတနာမြတ်သုံးပါးကို ကြည်ညိုလေးစားသူဖြစ်သည်။

ထို့ကြောင့် ကျွန်တော်သည် ထိုစမပြားလေး၏ အဓိပ္ပါယ်ကို မသိသော်လည်း ယုံကြည်စွာ နေ့စဉ်နေ့တိုင်း ည(၇)နာရီအချိန်တွင် ဖယောင်းတိုင်မီးပူဇော်ပြီး ဂုဏ်တော်ကိုးပါးကို သူ၏ဖခင် ပြောသည့်အတိုင်း (၁၀၈)လုံး ပုတီးဖြင့် (၉)ပတ် မှန်မှန်စိပ်ခဲ့သည်။

ဂုဏ်တော်ကိုးပါး ပွားများရခြင်း အကျိုး၊ ထိုစမပြားလေးကို မီးပူဇော်ရခြင်းအကျိုးကြောင့် ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။

တရားရုံးတွင် အမိန့်ချသည့်နေ့တွင် အမှုရှုံးမလို ဖြစ်နေသော ကျွန်တော်သည် မှန်ကန်စွာ ထွက်ဆိုသော သစ္စာစကားကြောင့်လည်းကောင်း၊ တစ်ဖက်သူသည် သက်သေအထောက်အထား မခိုင်လုံသောကြောင့် ထိုအမှုကို ရုံးမှ အပြီး ပလပ်လိုက်၍ ကျွန်တော် မလျော်ရတော့ချေ။

အမှုပြီးသည့်နောက်တွင် ကျွန်တော်သည် ဘုရား,တရားအလုပ်ကို အရင်က လျစ်လျူရှုခဲ့သော်လည်း ယခုလက်တွေ့တွင် အကျိုးပေး မှန်ကန်သဖြင့် ပို၍ အချိန်ရလျှင် ရသလို ပြုလုပ်ခဲ့သည်။

**(ထိုနေရာတွင် ယခင်က ဘုရား, တရားကို မယုံကြည်၍ မဟုတ်ပါ။ ယခုကဲ့သို့ လေးလေးနက်နက် မပြု**



www.burmeseclassic.com

www.burmeseclassic.com

**လုပ်ခဲ့ခြင်းကို ဆိုလိုပါသည်။)**

ထို့နောက် ကျွန်တော်သည် ထိုစမပြားလေးကို ဖနီး၏ဖခင် ပြောသကဲ့သို့ နေ့စဉ် ပုံမှန် မီးထွန်း၍ ပူဇော်စိမ်ခဲ့ရာ စီးပွားရေးသည်လည်း ယခင်ကထက် ပြေလည်လာပြီး၊ အလုပ်အကိုင် ရာထူးပင် တိုးလာခဲ့သည်။

တစ်နေ့တွင် အင်းအိုင်စမအကြောင်းကို နားလည်သော ဆရာကြီးတစ်ဦးထံ ထိုစမကို ပြပြီး မေးကြည့်ရာ အဓိပ္ပါယ်ကို သိရှိနားလည်တော့သည်။

ဆရာကြီးက ကျွန်တော့်အား...

'မောင်လွင်မော် ဒီစမလေးကို ပဉ္စငါးပါးနဲ့ လုပ်ထားတဲ့ ကမ္ဗဝါပြားလေးပဲကွ။ လေးထောင့်ကွက်ထဲက စာလုံးတွေက **"တိ သရဏံ နိစ္စံ ဂစ္ဆာမိ"**ဆိုတာ **"သရဏဂုံကို အမြဲကိုးကွယ်ပါတယ်"**လို့ အတိုချုပ် အဓိပ္ပါယ်ရတယ်ကွ။

မြင်းခုန်နဲ့ စမစာလုံး သွင်းထားတယ်။ ဘေးပတ်လည်ကတော့ **စ.ဓ.ဗ.ဝ**ကို စာမရေးထားတယ်။

ပြီးတော့ လေးထောင့်အင်းကွက်ရဲ့ ထောင့်လေးထောင့်မှာ **"ပု–ဒိ–အာ"** ကို **"ကိုးနဝင်းအညွန့်"** ရေးထားတယ်။

သရဏဂုံမှာ ကောလီသရဏဂုံနဲ့ လောကုတ္တရာ သရဏဂုံဆိုပြီး ရှေးလောကီပညာရှင်တွေက အယူအဆ နှစ်မျိုးရှိတယ်။ မောင်လွင်မော် ဒီစမပြားလေးဟာ လောကီကို အကျိုးဖြစ်ထွန်းစေတဲ့ စမပြားလေးပါ'

'အဲဒီ စမပြားလေးဟာ နောက်ဘာများ အသုံးဝင်သေးလဲ အဘရယ်'

'ငါ သိသလောက်တော့ ကလေးတွေ ထိတ်လန့်တဲ့အခါ ရေထဲစိမ်ပြီး သရဏဂုံကိုရွတ်ပြီး တိုက်ရင် မကောင်းဆိုးဝါး နာနာဘာဝ မကပ်နိုင်ဘူး။ နောက်ပြီး မနက်မိုးလင်းတိုင်း ရေဖလားထဲစိမ်၊ သရဏဂုံ(သို့မဟုတ်) ဂုဏ်တော်ကိုးပါး ရွတ်ဆိုပြီး မျက်နှာသစ်ရင် အန္တရာယ် ကင်းတယ်ကွ။

သိမ်ဝင်ထားတဲ့ ပဉ္စငါးပါး ကမ္ဗဝါပြားလေးပေါ်မှာ ရေးထားရင် အိမ်လုံတယ်ကွ။ စုန်း၊ တစ္ဆေ၊ သရဲ၊ အောက်လမ်းပညာနဲ့ မတိုက်နိုင်ဘူးပေါ့ကွာ'

'ဒါဆို သိမ်ထပ်ဝင်ရင် ရမလား အဘ'

'ပိုပြီး ကောင်းတာပေါ့ကွာ၊ ဒီစမပြားလေးကို မင်း ဆောင်ထားမယ်ဆိုရင် ကံငါးပါး လုံရမယ် မောင်လွင်မော်'

'ပဉ္စငါးပါးကမ္ဗဝါဆိုတာ ဘာလဲ အဘရယ်၊ ကျွန်တော် မသိလို့ မေးပါရစေ'

'ပဉ္စငါးပါးကမ္ဗဝါဆိုတာ (၁)ရွှေ (၂)ငွေ (၃)ကြေးနီ (၄)ကြေးဝါ (၅)မိုးကြိုးရွှေတို့ကို အရည်ကျိုပြီး ကမ္ဗဝါပြားဖြစ်အောင် ပြုလုပ်ထားတာကွ'

'ဒါဆို ကျေးဇူးပြုပြီး အဲဒီ စမလေးပုံကို ကျွန်တော့်ကို ဆွဲပေးပါလား'

'ဘာလုပ်မလို့လဲ မောင်လွင်မော်'

'ဂမ္ဘီရဝါသနာရှင်တွေ လေ့လာနိုင်အောင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲ ဆောင်းပါးရေးချင်လို့ပါ'

'သိပ်ကောင်းတာပေါ့ကွာ၊ ဂမ္ဘီရဝါသနာရှင် စာဖတ်သူတွေအတွက် အလွန်အကျိုးရှိတာပေါ့ကွာ'

ဟု ဆိုကာ ဆရာကြီးဦးကျော်နိုင်သည် စာရွက်တစ်ရွက်ပေါ်တောင်းကာ ထိုစမပြားလေးပုံကို အနီးစပ်ဆုံး တူနိုင်သမျှ တူရန် ပေတံဖြင့် တိုင်းထွာပြီး ရေးပေးခဲ့လေသည်။

**ဘုန်းမြင့်(မှန်ဌာနေ)**

---

စာမျက်နှာ (၂၀၆)မှ အဆက်

ရောက်ရှိခဲ့ပါသည်။

ထို့ကြောင့်ပင် အနယ်နယ်အရပ်ရပ်မှ မိမိနှင့် ဝါသနာတူ မိတ်ဆွေများအား မပင်မပန်းဘဲ အလွယ်တကူ ထုတ်ယူအသုံးပြုနိုင်ကြပါစေသော စေတနာ ဆန္ဒဖြင့် **ရန်ကုန်–ရေသံ**ဟု ခေတ်စားနေသော **မိုးကုတ်ရေသံကျောက်ရိုင်း**တို့မှ **သတ္တုချက်၊ သံစင်ထုတ်ယူနည်း**ကို လက်တွေ့အားဖြင့် ရေးသားဖော်ပြအပ်ပါသတည်း။

**သတ္တုထုတ်ပုံမှာ...**

သယံများ ပြဒါးအရောင် (အကန့်အကွက်)ပါရှိသော သံကျောက်တို့ကို အမှုန့်ပြု၍ ရေနှင့် အကြိမ်ကြိမ် ဆေး၊ သံလိုက်ဖြင့် ဆွဲယူရရှိသော သံမှုန့်ကို ကောင်းစွာ နေလှန်း။

**ယမ်း၊ ဆား၊ ဆပ်ပြာ(သံဆပ်ပြာ)၊ မဖောက်ထုံးမှုန့်** ယင်းလေးပါး အလေးချိန်ဆတူ အခြောက်ရော၍ ထား။ သံမှုန့်နှင့် ဆေးမှုန့် ဆတူရောပြီး ဆန့်လောက်သည့် လုံတွင် ထည့်။ မီးလျှံမှစကာ တဖြည်းဖြည်း မီးပြင်းအထိ လုံ့ခိုင်သရွေ့ထိုး မီး လုံးဝ အနားမပေးပါနှင့်။

တစ်လုံးနှင့် သတ္တုမကွဲသော် ပြန်၍ထိုး။ ယင်းအတိုင်း(၃)လုံခန့်ထိုး၍ ချောမောခဲ့သော် သံသတ္တုသည် လုံဖင်တွင် ပြား၍ ကျလေ၏။

ထိုသတ္တုသံသည်ကား ထုလျှင်ဆတ်၍ ကြေလွယ်ခြင်း၊ အရောင်အဆင်းကောင်းခြင်း၊ မှတ်စားခြင်း၊ သံတွယ်လွတ်ခြင်း၊ စသည့် အရည်အချင်းတို့နှင့် ပြည့်စုံသော လုပ်ရတ်ဝင် သံစင်သံကောင်းအမှန်ပင် ဖြစ်ပါသတည်း။

**ပညာစက္ခု မင်းလက်ယာအောင်**



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ နန်းစန္ဒာတိုင်းရင်းဆေးကုခန်း

# ဆရာမ ဒေါ်မြင့်စန်း

(တဆ-၀၁၁၅၇) နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

# လေဖြတ်ရောဂါ

## ကာကွယ်စောင့်ရှောက်နည်းများ

မြောင်းမြ
မောင်ယဉ်ဝင့်



▲ ဆရာမဒေါ်မြင့်စန်း(သိမ်ဖြူ) (တဆ-၀၁၁၅၇)

လေဖြတ်ရောဂါဟာ အသက်အရွယ် ကျား/မ မရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေး၊ အချိန်မရွေး လေဖြတ်ရောဂါ ဖြစ်နိုင်ပါတယ်။ သွေးတိုးရောဂါအခံရှိသူများ ဆီးချိုသွေးချိုရောဂါ အခံရှိသူများဟာ ကံ,စိတ်,ဥတု,အာဟာရဆိုတဲ့ သမုဋ္ဌာန်တရား(၄)ပါးကို လွန်ယုတ်လွဲမှား ပြုဖန်များရင် လေဖြတ်ရောဂါ ဖြစ်နိုင်ပါတယ်။

သွေးတိုးရောဂါနဲ့ ဆီးချိုသွေးချိုရောဂါကို ထိန်းထားပြီး လေဖြတ်ရောဂါကို ကာကွယ်နိုင်ဖို့အတွက် စမ်းချောင်းမြို့နယ်ကို ရောက်တဲ့အခါ ဆရာမဒေါ်မြင့်စန်း(သိမ်ဖြူ)နဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ဆရာမ ဒေါ်မြင့်စန်း(သိမ်ဖြူ)က သိမ်ဖြူတော် ဆရာတော်ကြီး ရှင်နာဂသေနာဘိဝံသနဲ့ ဆရာကြီး ဦးအောင်ကျော်တို့ရဲ့ တပည့်တစ်ဦး ဖြစ်ပါတယ်။

ဆေးကုသက် နှစ်(၃၀)ကျော် ရှိခဲ့နေပြီဖြစ်တဲ့ ဆရာမဒေါ်မြင့်စန်းနဲ့ တွေ့ဆုံဆွေးနွေး မေးမြန်းခဲ့သမျှ ပြန်လည်တင်ပြလိုက်ပါတယ်။

■ **'ဒီတစ်ပတ် ဆရာမနဲ့ ဆွေးနွေးချင်တဲ့ ရောဂါကတော့ လေဖြတ်ရောဂါ ကာကွယ် စောင့်ရှောက်နည်းများကို ဆွေးနွေးချင်ပါတယ်။ ပထမ ဘယ်လိုလူတွေ လေဖြတ်နိုင်ချေ အများဆုံးရှိပါသလဲ သိပါရစေ'**

□ 'လေဖြတ်နိုင်တဲ့ လူတွေကတော့ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ သွေးတွင်းအဆီများခြင်း၊ နှလုံးရောဂါရှိသူများ လေဖြတ်ခြင်း ဖြစ်နိုင်ပါတယ်'

■ **'လေဖြတ်ခြင်းအမျိုးအစား နှစ်မျိုးရှိကြောင်း သိရပါတယ်။ အဲဒီအချက် နှစ်ချက်ရဲ့ ဖြစ်စဉ်များကို ဆက်ပြီး ပြောပြပေးပါဦး'**

□ 'ဦးနှောက်သွေးကြောပိတ်ပြီး လေဖြတ်ခြင်းနဲ့ ဦးနှောက်သွေးကြောပေါက်ပြီး လေဖြတ်ခြင်း အမျိုးအစား နှစ်ခုအနက် **ဆီးချိုရောဂါကြောင့် လေဖြတ်တာဆိုရင်** ဦးနှောက် (သို့မဟုတ်) နှလုံးသွေးကြောပိတ်လို့ လေဖြတ်တာ ဖြစ်ပါတယ်။

**သွေးတိုးကြောင့် လေဖြတ်တာဆိုရင်** သွေးကြောပေါက်လို့ လေဖြတ်တာ ဖြစ်ပါတယ်။ ဆီးချိုရောဂါနဲ့ သွေးတိုးရောဂါ တွဲနေတဲ့အချိန်မှာ လေဖြတ်တဲ့အခါ သွေးကြောပိတ်ဆို့သွားတာဆိုရင် ဆီးချိုရောဂါကို မထိန်းနိုင်လို့ လေဖြတ်သွားတာ ဖြစ်ပါတယ်။

သွေးကြောပေါက်သွားတာ ဆိုရင် သွေးတိုးကို မထိန်းနိုင်လို့ လေဖြတ်သွားတာဖြစ်ပါတယ်'

■ **'သွေးတိုး ဘယ်အထိလောက်မှာ**





www.burmeseclassic.com

www.burmeseclassic.com

**လေဖြတ်နိုင်ပါသလဲ ပြောပြပေးပါဦး'**

❒ 'သွေးဖိအား အပေါ်သွေး အောက်သွေး ၁၆၀/၁၀၀ အဆင့်ရှိသူတွေ အစားအသောက် အနေအထိုင် မဆင်ခြင်ရင် လေဖြတ်နိုင်ချေ များပါတယ်။

ဒါပေမယ့် ၁၆၀/၁၀၀ အဆင့်ရှိသူတွေ လေမဖြတ်တာလဲ ရှိပါတယ်။ အဲဒါကတော့ အစားအသောက်၊ အနေအထိုင် ဆင်ခြင်သူတွေ ဖြစ်ပါတယ်။ သွေးဖိအား ၂၀၀/၁၁၀ ရှိသူတွေကတော့ ဦးနှောက်သွေးကြောပေါက်ပြီး လေဖြတ်တာ အများဆုံး တွေ့ရပါတယ်။

အဓိကပြောချင်ကတော့ သွေးတိုးကို ထိန်းချုပ်ဖို့နဲ့ အစားအသောက်၊ အနေအထိုင်ဆင်ခြင်ဖို့ အထူး လိုအပ်ပါတယ်'

■ **'လေဖြတ်ရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကို ဆက်ပြီး ပြောပြပေးပါဦး'**

❒ 'လေဖြတ်ရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကတော့...

၁။ မျိုးရိုးဗီဇတွင် လေဖြတ်ရောဂါနှင့် နှလုံးရောဂါရှိခြင်း၊

၂။ သွေးတိုးရောဂါရှိခြင်း၊

၃။ ဆီးချိုရောဂါရှိခြင်း၊

၄။ သွေးတွင်း အဆီဓာတ်များခြင်း၊

၅။ အဝလွန်ခြင်း၊

၆။ ယခင်က လေဖြန်း၊ လေဖြတ်၊ နှလုံးသွေးကြောပိတ်ဖူးခြင်း၊

၇။ အရက်သောက်ခြင်း၊

၈။ ဆေးလိပ်သောက်ခြင်း၊

၉။ သန္ဓေတားဆေး ကြာမြင့်စွာ သုံးစွဲခဲ့ခြင်း၊

၁၀။ ကိုယ်လက်လှုပ်ရှားမှု နည်းခြင်း၊

၁၁။ စိတ်ဖိစီးမှုများခြင်း စတဲ့ အကြောင်း အချက်များဟာ လေဖြတ်ရောဂါ ဖြစ်စေတဲ့

**သွေးဖိအား ၂၀၀ / ၁၁၀ ရှိသူတွေ ကတော့ ဦးနှောက် သွေးကြောပေါက်ပြီး လေဖြတ်တာ . . .**

အကြောင်းရင်းများ ဖြစ်ပါတယ်'

■ **'လေမဖြတ်မီ ကြိုတင်အသိပေးတဲ့ ရှေ့ပြေးလက္ခဏာများကို သိပါရစေ ဆရာမ'**

❒ 'လေမဖြတ်မီ ကြိုတင်အသိပေးတဲ့ ရှေ့ပြေးလက္ခဏာများကတော့...

၁။ ရုတ်တရက် မျက်နှာ၊ လက်၊ ခြေ တစ်ဖက်ထုံခြင်း၊ လေးလံခြင်း၊

၂။ ရုတ်တရက် စကားပြောမရခြင်း၊

၃။ အမြင် ဝေဝါးခြင်း၊

၄။ နှစ်ထပ်မြင်ခြင်း၊

၅။ ဟန်ချက်မထိန်းနိုင်အောင် ချာချာလည်မူးခြင်း၊

၆။ ရုတ်တရက် လမ်းမလျှောက်နိုင်ဘဲ ဒယီးဒယိုင် ဖြစ်ခြင်း၊

၇။ စကားမပီသခြင်း (သို့မဟုတ်) စကားပြောရန် ခက်ခဲခြင်း၊

၈။ ရုတ်တရက် စကားပြောမရခြင်း၊ စကား ဗလုံးဗထွေးဖြစ်ခြင်း၊

၉။ အခြားလူ ပြောစကားကို နားလည်ရ ခက်ခဲခြင်း၊

၁၀။ ရုတ်တရက် ပြင်းထန်စွာ ခေါင်းကိုက်ခြင်း၊

၁၁။ အသိစိတ်မရှိတော့ခြင်း

စတဲ့ လက္ခဏာများဟာ လေမဖြတ်မီ ကြိုတင် သတိပေးတဲ့ ရှေ့ပြေး လက္ခဏာများဖြစ်ပါတယ်'

■ **'လေဖြတ်ရောဂါရဲ့ ဖြစ်ဆဲ လက္ခဏာများကို ဆက်ပြီး ပြောပြပေးပါဦး'**

❒ 'လေဖြတ်ရောဂါရဲ့ ဖြစ်ဆဲ လက္ခဏာများကတော့...

၁။ မျက်နှာ၊ လက်၊ ခြေ တစ်ဖက်ထုံခြင်း၊ လေးလံခြင်း၊ လုံးဝ မလှုပ်ရှားနိုင်တော့ခြင်း၊

၂။ စကားပြောဆို ဆက်ဆံရာတွင် အခက်အခဲရှိခြင်း၊

၃။ အစာ၊ ရေ မျိုရခက်ခဲခြင်း၊

၄။ ဆီး၊ ဝမ်းမထိန်းနိုင်ခြင်း၊

၅။ ထိတွေ့မှု အာရုံပျက်ယွင်းခြင်း၊

၆။ အမြင်အာရုံ ချို့ယွင်းခြင်း၊

၇။ မှတ်ဉာဏ်ချို့ယွင်းခြင်း၊ အာရုံစိုက်မှု အားနည်းခြင်း၊

၈။ စိတ်မထိန်းချုပ်နိုင်ခြင်း၊

၉။ မျက်ဖြူလန်တက်ခြင်း၊

၁၀။ သတိလစ်မေ့မြောခြင်း၊

စတဲ့လက္ခဏာများဟာ လေဖြတ်ရောဂါရဲ့ ဖြစ်ဆဲလက္ခဏာများ ဖြစ်ပါတယ်'

■ **'လေဖြတ်ရောဂါရှင်များ စားသင့်သောအစားအစာများနဲ့ မစားသင့်သောအစားအစာများကို ဆက်ပြီး ပြောပြပေးပါဦးဆရာမ'**

❒ 'လေဖြတ်ရောဂါရှင်များ **စားသောက်သင့်တဲ့ အစားအစာများကတော့** မုန်လာဥနီ၊ ကညွတ်၊ ဟင်းနုနယ်၊ ခရမ်းချဉ်သီး၊ မုန်ညင်းပု၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ပဲဝါ၊ ပဲစိမ်း၊ ဗိုလ်စားပဲ၊ ကြောင်လျှာသီး...

ကြောင်လျှာရွက်၊ ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက်၊ ရှောက်သီး၊ ရှောက်ရွက်၊ မြင်းခွာရွက်၊ ရှောက်ချိုသီး၊ ကျွဲကောသီး၊ ငါးကြင်း၊ ဆယ်လမွန်ငါး၊ ခုံးကောင်တို့ကို စားသင့်ပါတယ်။

**မစားသောက်သင့်သော အစားအစာများကတော့** ဝက်သား၊ ဘဲသား၊ ဝက်အရေခွံများ၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်း၊ ငါးမြင်း၊ ငါးတန်၊ ဝမ်းတွင်းသားများ၊ မြေအောင်းသားများ...

www.burmeseclassic.com

ဂဏာန်းအဆီ၊ ပုစွန်ဆီ၊ ငါးဥ၊ လိပ်သား၊ ငါးရေခွံ၊ နို့ဆီ၊ ငရုတ်ဆီ၊ ဟမ်ဘာဂါ၊ ကော်ဖီ၊ နို့ဆီများများ ထည့်ဖျော်သော လက်ဖက်ရည်တို့ကို ရှောင်ကြဉ်ရပါမယ်'

■ **'လေဖြတ်ရောဂါ ကြိုတင်ကာကွယ် စောင့်ရှောက်နည်းများကို ဆက်ပြီး ပြောပြပေးပါဦး'**

❒ 'လေဖြတ်ရောဂါကို ကြိုတင်ကာကွယ်ချင်ရင် ကံ့,စိတ်,ဥတု,အာဟာရ ဆိုတဲ့ သမုဋ္ဌာန်တရားလေးပါးကို ညီညွတ်မျှတအောင် နေထိုင် စားသောက်ရပါမယ်။

သွေးတိုး သွေးဖိအားကို အပေါ်သွေး **အောက်သွေး ၁၃၀/၉၀ ထက် မပိုအောင် ထိန်းထားရပါမယ်။** ဆီးချိုကိုလဲ **200mg/dlထက် မပိုအောင်** ထိန်းထားရပါမယ်။

အစားအစာများအနေနဲ့ ဒံပေါက်ထမင်း၊ အုန်းနို့ခေါက်ဆွဲ၊ အုန်းထမင်းများကို လုံးဝရှောင်ကြဉ်ရပါမယ်။ သားငါး,အသီးအနှံများကို ပဲဆီ၊ နှမ်းဆီ၊ သံလွင်ဆီတစ်မျိုးမျိုးနဲ့ ချက်ပြုတ်စားသောက်ရပါမယ်။

အကြော်ဆီ၊ စားအုန်းဆီ၊ အချိုမှုန့်တို့ သုံးစွဲခြင်း လုံးဝ ရှောင်ကြည်ရပါမယ်။ မထင်ရှားသောဓာတ်များစေတဲ့ အေး,ချို,ဆိမ့်,ဖန် အစားအစာများ လွန်ကဲစွာ စားသောက်ခြင်းမှ ရှောင်ကြဉ်ရပါမယ်။

**လေဖြတ်ရောဂါကို ကြိုတင်ကာကွယ်ချင်တယ်ဆိုရင်** အထက်မှ ပြောခဲ့တဲ့ လေဖြတ်ခြင်းကို ဖြစ်စေနိုင်သော အကြောင်းရင်းများကို သိရှိ နားလည်အောင် လေ့လာပြီး သမုဋ္ဌာန်တရားလေးပါးကို ညီညွတ်မျှတအောင် နေထိုင်စားသောက်ရပါမယ်။

ပူပြင်းတဲ့ရာသီဥတုမှာ ရေစို အဝတ်ဝတ်ပြီး ပန်ကာလေ၊ လေအေးစက်နဲ့ နေထိုင်ခြင်း၊ အရက်သေစာ သောက်စားပြီး သံမံတလင်းပေါ် အိပ်ခြင်း၊ အအေးခံခြင်း လုံးဝ ရှောင်ကြဉ်ရပါမယ်။

## သွေးတိုးရောဂါ အခံရှိလျက် ဒံပေါက်ထမင်း စားပြီး နာရီပိုင်းအတွင်း အုန်းနို့ခေါက်ဆွဲ ဆက်စားရင်...

ကိုယ်လက် လှုပ်ရှားမှုနည်းပြီး အညောင်းထိုင်မှုများခြင်းကို ဆင်ခြင်ရပါမယ်။ နံနက်စောစော လမ်းလျှောက်ခြင်းစတဲ့ ကိုယ်လက်လှုပ်ရှားမှုကို လုပ်ဆောင်ရပါမယ်။

အရက် အလွန်အကျွံသောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ မူးယစ်ဆေးဝါး သုံးစွဲခြင်း လုံးဝ ရှောင်ကြဉ်ရပါမယ်။

အဆီဓာတ်၊ အငန်ဓာတ်လွန်ကဲတဲ့ အစားအစာများကို ရှောင်ကြဉ်ဖို့ လိုအပ်ပါတယ်။

ရာသီ(၆)ပါးကို မျှတအောင် စားသောက်ပြီး၊ ကံ,စိတ်,ဥတု,အာဟာရ ဆိုတဲ့ သမုဋ္ဌာန်တရားလေးပါးကို ညီညွတ်မျှတအောင် နေထိုင်စားသောက်သွားမယ်ဆိုရင် လေဖြတ်ရောဂါသာမက ရောဂါအမျိုးမျိုးကို ကာကွယ်နိုင်ပါတယ်'

■ **'ဖြည့်စွက်ပြောစရာရှိရင် ပြောပြပေးပါဦး'**

❒ 'လေဖြတ်ရောဂါနဲ့ ပတ်သက်ပြီး ကိုယ်တွေ့ပြောစရာ ရှိပါတယ်။ ကျွန်မရဲ့ မိတ်ဆွေနှစ်ဦးအကြောင်းပါ။ တစ်ဦးက တိုင်းရင်းဆေးဆရာ၊ တစ်ဦးက ဆရာဝန်ပါ။ နှစ်ယောက်စလုံးက ကျွန်မရဲ့ မိတ်ဆွေရင်းတွေပါ။

ပူပြင်းတဲ့ တန်ခူးလမှာ တိုင်းရင်းဆေးဆရာတစ်ဦးက နေ့လယ်(၁၂)နာရီခန့် ခေါင်းလျှော်ရေချိုးပြီး မကြာမီ သတိလစ် လေဖြတ်ပြီး အသက်ဆုံးရှုံးခဲ့သလို မိတ်ဆွေဆရာဝန်ကလဲ ဆေးကုခန်းက ကိုယ်ပိုင်ကားနဲ့ ပြန်လာပြီး အအေးခန်းထဲ ဝီစကီသောက်နေရင်းက လဲကျပြီး လေဖြတ်သွားတာ ကြုံတွေ့ရပါတယ်။

အဓိကပြောချင်တာက ကံ,စိတ်,ဥတု,အာဟာရဆိုတဲ့ သမုဋ္ဌာန်တရား(၄)ပါးကို လွန်ယုတ်လွဲမှား၊ မပြုလုပ်မိဖို့လိုကြောင်း အသိပေးချင်တဲ့ သဘောပါ။

**နောက်ဆုံး သတိပေးချင်တာ တစ်ခုကတော့** သွေးတိုးရောဂါ အခံရှိလျက် ဒံပေါက်ထမင်းစားပြီး နာရီပိုင်းအတွင်း အုန်းနို့ခေါက်ဆွဲ ဆက်စားရင် ဦးနှောက်သွေးကြောပေါက်ပြီး လေဖြတ်တတ်တဲ့အတွက် အထူးရှောင်ကြဉ်ပါလို့ ပြောချင်ပါတယ်'

■ **'ကျေးဇူးတင်ပါတယ် ဆရာမ'**

❒ 'ဆရာမ ဒေါ်မြင့်စန်း(သိမ်ဖြူ)နဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...

ဆရာမဒေါ်မြင့်စန်း(သိမ်ဖြူ)
နန်းစန္ဒာတိုင်းရင်းဆေးကုခန်း
အမှတ်(၂၃)၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၁ ၅၁၀၇၈၀၊ ၀၉ ၇၈၀၈၇၉၇၁၈
ဆေးခန်းဖွင့်ချိန် နံနက်(၇)နာရီမှ ညနေ(၅)နာရီထိ
(ဥပုသ်နေ့တိုင်း ပိတ်ပါသည်။)

ကြောင်းမြ မောင်ယဉ်တင့်



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်မှ (၃၁)ရက်နေ့အထိ
ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာ ရောင်ခြည်








## တနင်္ဂနွေ

**စီးပွားရေး ။ ။** ရွှေရောင်းအဝယ် ရွှေပန်းထိမ်လုပ်ငန်းများ အကျိုးအမြတ်များမည်။ ကိုယ်စားလှယ်၊ ရေနေ၊ ပွဲစားလုပ်ငန်းများ လူသစ်၊ အမှုသစ်၊ လုပ်ငန်းသစ်များ ရရှိမည်။

**ဝန်ထမ်းရေးရာ။ ။** ခရီးထွက်ရမည်ဆိုလျှင် မအောင်မြင်သောခရီး ဖြစ်မည်။ မလွဲမသွေ သွားရမည်ဆိုလျှင် ဆေးရုံဆေးခန်းသို့ ဝင်ပြီးမှသွားပါ။

**အိမ်တွင်းရေး။ ။** အိမ်ထောင်ဖက်အပေါ် ချစ်သံသယစိတ် ဝင်မိ၍ စကားအပြောအဆို အဆင်မပြေ ဖြစ်ရတတ်သည်။ ရပ်ဝေးသားသမီးများထံမှ သတင်းကောင်းကြားရမည်။

**အချစ်ရေး။ ။** ချစ်သံသယစိတ်၊ မယုံသင်္ကာစိတ်တို့ကြောင့် ချစ်သူနှင့် ကွဲကွာရတတ်သည်။ သံသယစိတ်ကို ဖျောက်ပါ။

**ပညာရေး။ ။** စာမေးပွဲရှိလျှင် ရဲရဲဝံ့ဝံ့ဖြေဆိုပါ။ သင်တန်းများ တက်လိုလျှင် တက်ပါ။ အောင်မြင်မည်။ တတ်မြောက်မည်။

**ကျန်းမာရေး။ ။** အမျိုးသမီးများ ဓမ္မတာသွေးနှင့် ပတ်သက်၍ ဝေဒနာ ခံစားရတတ်သည်။ ကာကွယ်ကုသပါ။ ယောကျ်ားများ ဒူလာရောဂါကြောင့် အဆစ်အမျက်များ နာကျင်ကိုက်ခဲတတ်သည်။

**ဆောင်ရန်ရက်များ။ ။** ၃၊ ၆၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၁၉၊ ၂၂၊ ၂၄၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ။ ။** ၄၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၈၊ ၃၁။

**ထီထိုးရန်ရက်များ။ ။** ၂၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။ ။** **၃၊ ၆၊ ၈၊ ၀** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ ။ ။** မိဘနှစ်ပါး (သို့မဟုတ်) မိရှယ်ဖရှယ်တို့ကို ကိတ်မုန့်နှင့် ကော်ဖီတိုက်ပါ။

## တနင်္လာ

**စီးပွားရေး။ ။** ငွေကြေးလဲလှယ်ရေး၊ ရောင်းဝယ်ရေးလုပ်ငန်း အကျိုးအမြတ်များမည်။ ငွေထည်လုပ်ငန်း၊ ငွေပန်းထိမ်လုပ်ငန်းများ လုပ်ငန်းကောင်းမည်။

**ဝန်ထမ်းရေးရာ။ ။** လုပ်ငန်းများ အချိန်မီပြီးစီးရန်အတွက် ကြိုးစားရလိမ့်မည်။ လူကြီးများ၏ ပံ့ပိုးမှုနည်းသည်။

**အိမ်တွင်းရေး။ ။** သားသမီးတို့၏ ပြဿနာများကို ဖြေရှင်းပေးရတတ်သည်။ မိသားတစ်စု ခရီးမထွက်ပါနှင့်ဦး။ ခရီးထွက်လျှင် အခက်အခဲ တွေ့တတ်သည်။

**အချစ်ရေး။ ။** အချစ်ရေး အဆင်ပြေမည်။ ချစ်သူမရှိသေးသူများ ရုပ်ချောပြီး ငွေကြေး၊ စီးပွားရေး အဆင်ပြေသူနှင့် ဖူးစာဖက်ရမည်။

**ပညာရေး။ ။** ပညာရေးတွင် ကြိုးစားရလိမ့်မည်။ အချစ်ရေးကြောင့် ပညာရေးတွင် အားနည်းတတ်သည်။

**ကျန်းမာရေး။ ။** လေထိုး၊ လေအောင့် ဖြစ်တတ်သည်။ ဝမ်း၊ ရင်ကို ဥပဒ်ပေးတတ်၍ အစားအသောက် ဆင်ခြင်ပါ။

**ဆောင်ရန်ရက်များ။ ။** ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။

**ရှောင်ရန်ရက်များ။ ။** ၃၊ ၆၊ ၉၊ ၁၁၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၈၊ ၃၁။

**ထီထိုးရန်ရက်များ။ ။** ၄၊ ၇၊ ၁၀၊ ၁၂၊ ၁၅၊ ၁၈၊ ၂၀၊ ၂၃၊ ၂၆၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။ ။** **၂၊ ၅၊ ၈၊ ၀** ဂဏန်း များများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။ ။** အိမ်ရှိ မိသားစုကို အုန်းထမင်းနှင့် ကြက်သားဟင်း ကျွေးမွေးဒါနပြုပါ။

## အင်္ဂါ

**စီးပွားရေး။ ။** ပလတ်စတစ်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်း လုပ်ငန်း အရောင်းအဝယ်ကောင်းမည်။ အကျိုးအမြတ်များမည်။

**ဝန်ထမ်းရေးရာ။ ။** ပေးအပ်ထားသောလုပ်ငန်း အလုပ်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ပါလိမ့်မည်။ လုပ်ငန်းနှင့် ပတ်သက်၍ နာမည်ကောင်းရမည်။

**အိမ်တွင်းရေး။ ။** အိမ်တွင်းရေး ကောင်းမွန်မည်။ အိမ်ထောင်ဦးစီး ကျန်းမာရေး၊ စီးပွားရေးကောင်းမည်။ သားသမီးများ၏ ကျန်းမာရေး၊ ပညာရေးကောင်းမည်။

**အချစ်ရေး။ ။** အချစ်ရေး အဆင်ပြေနေရာမှ စကားအပြောအဆို အပြုအမူကြောင့် အဆင်မပြေ ဖြစ်ရတတ်သည်။ တင်းလွန်းလျှင် ပြတ်တတ်သည်။

**ပညာရေး။ ။** အခြားအရပ်တစ်ပါး(သို့မဟုတ်)ခရီးဝေးဝေးတွင် သွားရောက် ပညာသင်ကြားရလိမ့်မည်။ ယခုက စတင်ကြိုးစားပါ။

**ကျန်းမာရေး။ ။** ခြေဆစ်လက်ဆစ် အရိုးများ နာကျင်ကိုက်ခဲရတတ်သည်။ (၁၅)ရက်နောက်ပိုင်း သက်သာသွားမည်။

**ဆောင်ရန်ရက်များ။ ။** ၃၊ ၅၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉၊ ၃၁။

**ရှောင်ရန်ရက်များ။ ။** ၄၊ ၆၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။

**ထီထိုးရန်ရက်များ။ ။** ၃၊ ၇၊ ၁၀၊ ၁၅၊ ၁၈၊ ၂၀၊ ၂၃၊ ၂၆၊ ၂၈၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။ ။** **၃၊ ၅၊ ၇၊ ၈** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။ ။** မိရှယ်ဖရှယ်များကို ကော်ဖီတိုက်ပါ။ ကလေးများကို နို့ထမင်းကျွေးပါ။

## ဗုဒ္ဓဟူး

**စီးပွားရေး။ ။** အထည်ချုပ်လုပ်ငန်းများ၊ အဝတ်အထည် ရောင်းဝယ်ရေးလုပ်ငန်းများ ဝင်ငွေများမည်။ ပညာရေး ဝန်ဆောင်မှု လုပ်ငန်းများ အောင်မြင်မည်။ နာမည်ကျော်ကြားမည်။

**ဝန်ထမ်းရေးရာ။ ။** နေရာဌာန ရွှေ့ပြောင်းရကိန်းရှိသည်။ အောင်မြင်တိုးတက်မည့်နေရာ ဖြစ်သည်။

**အိမ်တွင်းရေး။ ။** အိမ်တွင်းရေး အဆင်ပြေသာယာမည်။ သားသမီးအတွက် ပူပန်စိုးရိမ်ရတတ်သည်။ မိဘနှစ်ပါးအတွက် စိတ်ပူပန်မှု ကြုံရတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

**အချစ်ရေး** ။ ချစ်သူမရှိသေးသူများ ခရီးသွားရင်း ချစ်သူရမည်။(သို့မဟုတ်)ရပ်ဝေးမြေခြားတွင် ချစ်သူရမည်။ အိမ်ထောင်ဖက်ဖြစ်မည့်သူဖြစ်၍ သစ္စာရှိရှိချစ်ပါ။

**ပညာရေး** ။ ပညာရေးကောင်းသည်။ စီးပွားရေးဆိုင်ရာပညာရေးတွင် ထူးချွန်အောင်မြင်မည်။ ပညာသင်ကြားရင်း အလုပ်လုပ်နေရမည်။

**ကျန်းမာရေး** ။ စိတ်ညစ်၊ စိတ်ရှုပ်၊ စိတ်ပူပန်၊ စိတ်သောကရောက်ရတတ်၍ ကိုယ်ရောစိတ်ပါ အနားယူပေးပါ။ ဝိပဿနာတရားထိုင်နိုင်လျှင် ပို၍ကောင်းမည်။ စိတ်အေးချမ်းမည်။

**ထောင်ရန်ရက်များ** ။ ၂၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၈၊ ၂၀၊ ၂၃၊ ၂၇၊ ၂၉၊ ၃၁။

**ရှောင်ရန်ရက်များ** ။ ၃၊ ၆၊ ၁၀၊ ၁၂၊ ၁၅၊ ၁၉၊ ၂၁၊ ၂၄၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ** ။ ၂၊ ၄၊ ၇၊ ၈၊ ၁၃၊ ၁၆၊ ၁၇၊ ၂၂၊ ၂၆၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၄၊ ၆၊ ၇ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အထောက်အပံ့ဗေဒင်** ။ အိမ်နေ လူကြီးရော လူငယ်ကလေးများကို အုန်းနို့ဆန်ပြုတ်တိုက်ပါ။

## ကြာသပတေး

**စီးပွားရေး** ။ အသင့်ချုပ်ပြီးသား ဝတ်စုံများ၊ အမျိုးသမီးအသုံးအဆောင်များ၊ အလှကုန်ပစ္စည်းများ အရောင်းအဝယ်ကောင်းပြီး အကျိုးအမြတ်များမည်။

**ဝန်ထမ်းရေးရာ** ။ အလုပ် လုပ်ကိုင်ရာတွင် ငွေဝင်သော်လည်း ယင်းငွေဝင်မှုကို ရှင်းလင်းရလိမ့်မည်။ စာရင်းနိုင်ပါစေ။

**အိမ်တွင်းရေး** ။ ငွေကြေးဝင်သော်လည်း ငွေကြေးသုံးစွဲမှုနှင့်ပတ်သက်၍ စကားပြော အဆင်မပြေ ဖြစ်ရတတ်သည်။ သားသမီးအတွက် ငွေကုန်ခြင်း၊ စိုးရိမ်ပူပန်ရခြင်းဖြစ်မည်။

**အချစ်ရေး** ။ အချစ်ရေး အဆင်ပြေမည်။ ချစ်သူမရှိသေးသူများ ချစ်သူရရှိမည်။ လက်ထပ်လိုသူများ အချိန်အခါ မဟုတ်သေးပါ။

**ပညာရေး** ။ ပညာရေးတွင် ကြိုးစားရလိမ့်မည်။ အခက်အခဲပြဿနာရှိလျှင် စိတ်မပျက်ပါနှင့်၊ အခက်အခဲ ကြီးမားလျှင် အောင်မြင်မှုလည်း ကြီးမားမည်ဟုမှတ်ပါ။

**ကျန်းမာရေး** ။ လေထိုး၊ လေအောင့်၊ လေနာရောဂါများ ဖြစ်တတ်၍ လေပွစာများကို မစားပါနှင့်။

**ထောင်ရန်ရက်များ** ။ ၃၊ ၆၊ ၉၊ ၁၄၊ ၁၈၊ ၂၁၊ ၂၃၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၄၊ ၆၊ ၁၀၊ ၁၃၊ ၁၅၊ ၁၉၊ ၂၂၊ ၂၄၊ ၂၈၊ ၃၁။

**ထီထိုးရန်ရက်များ** ။ ၃၊ ၇၊ ၈၊ ၁၁၊ ၁၆၊ ၁၇၊ ၂၀၊ ၂၅၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၅၊ ၇၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အထောက်အပံ့ဗေဒင်** ။ ဝက်သားဟင်းချက်၍ ဘုန်းတော်ကြီးတစ်ပါးပါးအား လောင်းလှူပါ။

## သောကြာ

**စီးပွားရေး** ။ ဆေးဝါးထုတ်လုပ်ရေး ဆေးဝါးရောင်းဝယ်ရေးလုပ်ငန်းများ အကျိုးအမြတ်များမည်။ စစ်ဘက် ဆေးဘက်အားကစားသမားတို့နှင့် ပူးတွဲလုပ်ကိုင်ရလိမ့်မည်။

**ဝန်ထမ်းရေးရာ** ။ လုပ်ငန်းဆိုင်ရာ ခရီးထွက်ရခြင်းရှိမည်။ အောင်မြင်သောခရီးဖြစ်မည်။ ပြန်လာက ရာထူးတိုးတတ်သည်။







**အိမ်တွင်းရေး** ။ အိမ်တွင်းရေး အိမ်ထောင်ရေး ပုံမှန်ဖြစ်နေမည်။ သားသမီးတို့ ပညာရေးဆိုင်ရာ အယူအဆ၊ စီးပွားရေးဆိုင်ရာ အယူအဆတို့ လွဲမှားနေ၍ မိဘတို့ စိတ်ဆင်းရဲခြင်းဖြစ်လိမ့်မည်။

**အချစ်ရေး** ။ မိန်းကလေးဖြစ်လျှင် အချစ်ရေးကောင်း၍ အိမ်ထောင်ဖက်ကောင်းကို တွေ့ရမည်။ ယောကျ်ားလေးဆိုလျှင် မရေရာ မသေချာသော အချစ်ရေးဖြစ်ပြီး အချစ်ရေးပျက်တတ်သည်။

**ပညာရေး** ။ ပညာရေးဆိုင်ရာ အယူအဆ လွဲမှားနေမည်။ ဆရာသမား၊ မိဘတို့၏ အဆုံးအမ အတွေးအခေါ် အယူအဆကို လက်ခံလိုက်နာ၍ ပညာရေးတွင် အထူးကြိုးစားပြလိုက်ပါ။

**ကျန်းမာရေး** ။ ဗိုက်အောင့် ဗိုက်နာ ဝမ်းကိုက်နာ ဖြစ်တတ်၍ ဝမ်းနုတ်စာများ၊ ငရုတ်ဆီ၊ အချဉ်ထုပ်များကို ရှောင်ပါ။

**ထောင်ရန်ရက်များ** ။ ၄၊ ၆၊ ၉၊ ၁၃၊ ၁၅၊ ၁၈၊ ၂၂၊ ၂၄၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၅၊ ၇၊ ၁၀၊ ၁၄၊ ၁၆၊ ၁၉၊ ၂၃၊ ၂၅၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ** ။ ၃၊ ၆၊ ၈၊ ၁၁၊ ၁၂၊ ၁၇၊ ၁၇၊ ၂၀၊ ၂၁၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၄၊ ၆၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အထောက်အပံ့ဗေဒင်** ။ အိမ်တွင်းအတူနေသူများအား နှင်းဆီပန်း ကျွေးမွေးဒါနပြုပါ။

## စနေ

**စီးပွားရေး** ။ ရွှေပန်းထိမ်လုပ်ငန်း၊ ရွှေအရောင်းအဝယ်ကောင်းမည်။ ရွှေသမားများ အလုပ်ဖြစ်မည့်ကာလဖြစ်သည်။ ကိုယ်စားလှယ်၊ ပွဲစား၊ ရှေ့နေရှေ့ရပ်များ ကောင်းစားမည့်ကာလဖြစ်သည်။

**ဝန်ထမ်းရေးရာ** ။ စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်သော ဝန်ထမ်းများ ဆုလာဘ်များရမည်။ အထက်လူကြီး၏ ချီးမွမ်းမှု ခံရမည်။

**အိမ်တွင်းရေး** ။ စီးပွားရေးကောင်း၍ အိမ်တွင်းရေးလည်း အဆင်ပြေသာယာမည်။ သားသမီးများ၏ အောင်မြင်မှုကြောင့် မိဘများစိတ်ချမ်းမြေ့ ပျော်ရွှင်ရမည်။

**အချစ်ရေး** ။ စကားအပြောအဆို အနေအထိုင် အပြုအမူကြောင့် ချစ်သူနှင့် အဆင်မပြေ ဖြစ်ရတတ်သည်။ သံသယကြောင့် အချစ်ရေး ကျဆုံးတတ်သည်။

**ပညာရေး** ။ စားမေးပွဲရှိလျှင်၊ အင်တာဗျူးဖြေရန်ရှိလျှင် ရဲရဲဝံ့ဝံ့ ဖြေဆိုပါ။ အောင်မြင်မည်။

**ကျန်းမာရေး** ။ နှလုံးရောဂါအခံရှိသူများ၊ သွေးတိုးရောဂါအခံရှိသူများ ရောဂါပြန်ထတတ်သည်။ သောက်နေကျ ဆေးဝါးများကို ဂရုတစိုက်သောက်ပေးပါ။

**ထောင်ရန်ရက်များ** ။ ၃၊ ၇၊ ၉၊ ၁၂၊ ၁၆၊ ၁၈၊ ၂၁၊ ၂၅၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၄၊ ၈၊ ၁၀၊ ၁၃၊ ၁၇၊ ၁၉၊ ၂၂၊ ၂၆၊ ၂၈၊ ၃၁။

**ထီထိုးရန်ရက်များ** ။ ၅၊ ၆၊ ၁၁၊ ၁၄၊ ၁၅၊ ၂၀၊ ၂၃၊ ၂၄၊ ၂၇၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၅၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အထောက်အပံ့ဗေဒင်** ။ သက်ကြီးဝါကြီးများအား (တတ်နိုင်သလောက်) ကြက်သားလုံးစွပ်ပြုတ် တိုက်ကျွေးပါ။

*ကျန်းမာ ချမ်းသာပါစေ*

**ဆရာ ရောင်ခြည်**



www.burmeseclassic.com

www.burmeseclassic.com

# နာမည်ကက်ကင်း စပ်လျဉ်း၍

မောင်ဖယ်ဟိန်း (အင်းတော်)




**နကြယ်တာရောင်ခြည်မဂ္ဂဇင်း၊ အမှတ် (၃၅၉)၊ ဇွန်လ၊ ၂၀၁၆ ခုနှစ်ထုတ်၊ စာမျက်နှာ(၁၉၃)တွင် အေးချမ်းအောင်(ရမည်းသင်း)၏ "နာမည်ကက်ကင်းနှင့်ပတ်သက်၍"** ဆောင်းပါးကို ဖတ်ရှုရပါသည်။

အေးချမ်းအောင် (ရမည်းသင်း)၏ ဆောင်းပါးအချို့ကို ထုတ်နုတ်တင်ပြလိုပါသည်၊

'ကျွန်တော် လေ့လာသိထားတာတွေ ပြောပြမယ်နော်။ ဆရာကြီး တောစောက ပြောခဲ့တဲ့ ဝင်းဆောင်,ဆောင်ဝင်း နာမည်ကက်ကင်း ဖြစ်နေသူနှစ်ဦး စီးပွားအတူတွဲလုပ်ရင်း စီးပွားပျက်တတ်တာတွေ စီးပွားလုပ်လို့ မရှာနူးဆိုတာတွေ...

မင်းနိုင်လို နာမည်ပေးထားပြီးတော့ နောက်တစ်ယောက်ကို နိုင်မင်းလို့ နာမည်ပေးထားတာ၊ နာမည်တွင်သွားရင် အဲဒီသားစုမှာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး တစ်ခုခုကတော့ အမြဲထိခိုက်နေတာ'

အထက်ပါစာပိုဒ်ကို ဖတ်ပြီး စာရေးသူ၏သူငယ်ချင်း ဥပဒေအရာရှိအဆင့်(၃) ဦးအောင်ဆန်း(ယခု ညွန်မှူးနှင့်အငြိမ်းစားယူပြီး မိုးညှင်းတွင် နေထိုင်သူ)က ပြောပါသည်။

'ကက်ကင်းမိရင် ထွက်တာပဲ'

မဆီမဆိုင် အကြောင်းခြင်းရာမပေါ် ရုတ်ခြည်း သူ့အပြောကြောင့် ကျွန်တော် ပြုံးမိသွားပါသည်။

စာရေးသူ ဗေဒင်ပညာ လေ့လာလိုက်စားစဉ်က စာရေးသူ၏အပြော၊ ဗေဒင်ပညာ တချို့ အစိတ်အပိုင်းများကို သူ့အဖို့ နားယဉ်နေခြင်းလည်း ဖြစ်ပါသည်။

ထိုစဉ်က မြဝတီရုပ်သံလိုင်းက ဂျူမုံဇာတ်ကားပြချိန်နှင့် ကိုက်ညီ၍ သူ့ကိုယ်သူ ဂျူမုံဟု အမည်ကင်ပွန်းတပ်ပြီး ဂျူမုံဟန်ဖြင့် သူက စာရေးသူကို ပြန်ပြောပါသည်။

'ခင်ဗျား မယုံဘူး မဟုတ်လား'

စာရေးသူက သူ့အပြောကို စောင့်နေလိုက်ပါသည်။

'ကျွန်တော့်နာမည်က အောင်ဆန်း ကျွန်တော့်အဆင့်(၄)က စိုးမိုးအောင်၊ သူနဲ့ ကျွန်တော်က ကက်ကင်းပဲလေ။ ဒီတော့ သူပြောင်းရတယ်'

ဦးအောင်ဆန်း၏ အပြောကို ကျွန်တော် သဘောကျစွာ ရယ်မောလိုက်ပါသည်။ စာရေးသူ ဦးအောင်ဆန်းကို ပြောဆိုခဲ့ပါသည်။

'စိုးမိုးအောင်ကလဲ အပြောင်းလျှောက်ထားလို့ပါ။ ခင်ဗျား အယူမှားတာ ကိုအောင်ဆန်း'

'သူတင်မကဘူး ကျွန်တော် အမရပူရမှာ ထမ်းဆောင်တုန်းကလဲ ကျွန်တော့်အောက်က အဆင့်(၄) သူနဲ့ ကျွန်တော် နာမည်ကက်ကင်း ဖြစ်နေတာ သူ ပြောင်းသွားရတယ်လေ'

စာရေးသူက ဦးအောင်ဆန်း၏ အပြောကို ခေါင်း တဆတ်ဆတ်ညိတ်ပြီး...

'ဒါဆို ခင်ဗျားကော အမရပူရကနေ အင်းတော်ကြီး ပြောင်းခဲ့တာပဲ မဟုတ်လား'

စာရေးသူအပြောကြောင့် ဦးအောင်ဆန်းက ချက်ချင်း ပြန်ငြင်းဆိုလိုက်ပါသည်။

'ကျွန်တော်က အင်းတော်ဆိုတာ ကိုယ့်ဇာတိမို့ အပြောင်းလျှောက်တာလေ'

စာရေးသူက သူ့အပြောကို မကန့်ကွက်သလို ထောက်လည်း မထောက်ခံခဲ့ပါ။ နာမည်ကက်ကင်းနှင့် စပ်လျဉ်း၍ စာရေးသူက ဖွင့်ဆိုရှင်းပြလိုက်ပါသည်။

'ခင်ဗျားကို ကျွန်တော်ပြောမယ်၊ ကျွန်တော် ကသာမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ လုပ်နေတုန်း ကျွန်တော်တို့နဲ့အတူ အဆင့်တူ မိန်းကလေးတစ်ဦးရှိတယ်။ သူ့နာမည်က ခင်မာမာ၊ သူ့ညီမက မာမာခင် သူ့မိဘက ကချင်(၁)ကအရာခံဗိုလ်၊ နှစ်ယောက်စလုံး (၁၀)တန်းအောင်တယ်။ တစ်မိသားစုတည်းပဲ။

ခင်ဗျားပြောတဲ့ ကက်ကင်းဖြစ်လို့ ပြောင်းသွားရမှာလား၊ ထွက်သွားရမှာလား... စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး ကောင်းကြတယ်၊ ကက်ကင်း ကျကျ မကျကျ အိမ်ထောင်ပြု ဝန်ထမ်းလုပ်ရင် တစ်ဦးနဲ့တစ်ဦး ခွဲခွာသွားကြရမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ခုပြောမယ်… အောင်မင်္ဂလာရပ်ကွက် ဦးဝင်းမောင်နဲ့ ဒေါ်မေရီဆိုရင် ကက်ကင်းပဲလေ။ လင်မယားအဖြစ် ပေါင်းသင်းလာခဲ့ကြတာ ရွှေရတုခေတ်ကို လွန်ခဲ့ပြီ၊ စိန်ရတုခေတ်နားတောင် ရောက်နေပြီ။

သားသမီးတွေဆိုရင် ယောက်ျားတွေကြီးပဲ(၇)ယောက်ရှိတယ်။ အလုပ်က တောင်သူ၊ ပညာတတ် ဘွဲ့ရတွေကြီးပဲ၊ တစ်ယောက်ဆိုရင် ဗိုလ်ကြီးဖြစ်နေပြီ'

စာရေးသူ၏ အပြောကြောင့် ဦးအောင်ဆန်းက နှုတ်ပိတ်ငြိမ်သက်သွားသော်လည်း သူ့ရင်ထဲက အစွဲကမူ ပြယ်ချင်ပုံ မပေါ်ပါ။

'ကျွန်တော် ထပ်ပြောမယ်။ အင်းတော် မင်္ဂလာရပ်ကွက် ဗဟိုတရားရုံးရှေ့နေ ဦးအောင်ဆန်းလွင်ဆိုရင် သူ့မိန်းမနာမည်က ဒေါ်ဝင်းဝင်းအောင် ဒါလဲ ကက်ကင်းပဲလေ။ သူ့သားကိုဆိုရင် နာမည်နှစ်မျိုးပေးထားသေးတယ်။

ယနေ့ထိ လူတန်းစေ့ နေနိုင်တဲ့အဆင့်ပါ။ နောက်ပြီး ကျွန်တော့်အတန်းက မိန်းကလေး မိဘဆိုရင် နာမည်ကက်ကင်းပါ။ သမီးနာမည်က သဇ္ဇာဝင်းမြင့်၊ အဖေနာမည်က ဦးဝင်းမြင့်၊ အမေက ဒေါ်မြဝင်း အခုထိ တည်တံ့တဲ့ အိမ်ထောင်စုတစ်စုပါ'

ဦးအောင်ဆန်းသည် စာရေးသူကို ဘာမှ ပြန်မပြောတော့ဘဲ စာရေးသူကို ပြုံးပြီး…

'ဟုတ်ပါပြီ ခင်ဗျားက ဗေဒင်ဆရာကိုး'

စာရေးသူက ထပ်ပြီး ပြောလိုက်ပါသည်။

'သက်မဲ့ပစ္စည်းများမှာ ဓာတ်ဘူးနဲ့ ဖိနပ် ကက်ကင်းပဲ မဟုတ်လား။ ဓာတ်ဘူး ဝယ်လာလို့ ဖိနပ်မထွက်ဘူး။ ဖိနပ်ဝယ်လာလို့ ဓာတ်ဘူး မထွက်ဘူး။

ကျွန်တော့်အိမ်ဆို ပန်းဆိုရင် ဘုရားလှူတာ သပြေပန်း။ ကျွန်တော့်မိန်းမက ဘူးပင်စိုက်တယ်။ ဘူးသီး သီးတယ်။ သပြေပန်းလှူလို့ ဘူးမသီးဆိုတာတော့ မဖြစ်ဘူး'

သည့်တစ်ကြိမ်တွင် ဦးအောင်ဆန်းက စာရေးသူကို တစ်ခွန်းတည်းသော စကားဖြင့် ပြောပါသည်။

'ခင်ဗျား ယုတ္တိဗေဒကပ်လုံးတွေနဲ့ ပြောနေတာ'

စာရေးသူက သူ့ကို ပြုံးပြီးပြန်ကြည့်ကာ…

'ဒါက ဥပမာပေးတာပါ။ ကက်ကင်းဆိုတာ ထွက်အောင်လဲလုပ်တယ်။ ဝင်အောင်လဲလုပ်တယ်။ ကျွန်တော့်ညီမ ခင်ညိုဝင်း ဖိနပ်ရောင်းတယ်။ တမာနဲ့ရိုက်လို့ ပြောတယ်။ ကျွန်တော့်အမျိုးသမီး ခေါ်ပုပ်ရောင်းတယ်။ မန်ကျည်းကိုင်းနဲ့ ရိုက်လို့ပြောတယ်။

တစ်ချိန်က ကျွန်တော့် အချစ်ဟောင်းလေး ပတ်တီးရောင်းတယ်။ ထမင်းနဲ့ရိုက်တယ်။ ရောင်းရတယ်။ အဋ္ဌသာခါကျမ်းမှာ ရခိုင်မှာ ကြာနေသူကို **ချရာပင်**ကို ထိုသူရဲ့ မူလအရပ်မှစိုက်တယ်။ ပြန်လာတယ်။

တောင်ငူမှာ အနေကြာသူကို **ငုနက်**ကို ထိုသူရဲ့ မူလအရပ်မှာစိုက်တယ်။ အပင်က ကင်ပွန်းကို မကောက်ဘဲ ကြွေစေချင်ရင် ဖွဲ့ခွံမီးရှို့ရင် ကြွေကျလာမှာ ဖြစ်ပါတယ်။ အနိုင်ဓာတ်နဲ့ တိုက်တဲ့အခါလဲရှိတယ်။

သံဘိုက ကိုကျော်အေး(ယခု မရှိတော့ပါ။)ကပြောတယ်။ ရွာက ယောက်ျားလေးက နန့်သဲက ကောင်မလေးတစ်ယောက်နဲ့ အကြောင်းပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် အဆင်မပြေလို့ ကောင်မလေး နန့်သဲပြန်သွားတယ်။

ပြန်ပေါင်းဖို့ပြောတော့ မိဘတွေက သဘောတူပေမယ့် ကောင်မလေးရဲ့ အစ်မကြီးက ခါးခါးသီးသီးငြင်းတယ်။ နာမည်က တင်မြတဲ့။ ဒါနဲ့ ကျွန်တော်က ပိတောက်ရွက်ကို ခါးအောက်ပိုင်းမှာ ထည့်သွား၊ ပြန်ပေါင်းဖို့ သွားပြောပါလို့ ပြောလိုက်တယ်။ အဆင်ပြေသွားတယ်ဗျာ'

'ခင်ဗျား ဒီလိုပြောလိုက်တော့ ရှင်းသွားတယ်ဗျာ'

စာရေးသူအနေဖြင့် ကက်ကင်းသည် သုံးတတ်လျှင်ဆေးဖြစ်ပြီး၊ မသုံးတတ်လျှင်တော့ ဘေးဖြစ်ပါသည်။

ဆရာ အေးချမ်းအောင်(ရမည်းသင်း)၏ ဆောင်းပါးအရ စာတည်းချုပ်၏ သဘောတူ လက်ခံသလား…စသဖြင့် အမှာအရ ဤဆောင်းပါးကို ရေးသားခြင်း ဖြစ်ပါသည်။

ဤဆောင်းပါးပါ ရေးသားချက်မှာ လွန်ခဲ့သည့် (၈)နှစ်က ဦးအောင်ဆန်းနှင့် ဆွေးနွေးခဲ့ခြင်းဖြစ်ရာ ဤဆွေးနွေးချက်အပေါ် ပြန်လည်တင်ပြရခြင်း ဖြစ်ပါသည်။

လင်နှင့်မယား၏ အမည်နာမ ကက်ကင်းဖြစ်မှုမှာ အတော်လေး ရှားပါသည်။ ရှိတော့ ရှိပါမည်။ ကောင်းသလား၊ ဆိုးသလားကိုမူ စာဖတ်ပရိသတ်များ ဆက်လက်ပြီး သုတေသနပြုရမည် ဖြစ်ပါသည်။

ဆောင်းပါးရှင် ဆရာအေးချမ်းအောင်(ရမည်းသင်း)မှ သုတေသနဆက်လက်ပြုစုရန် ရေးသားလိုက်သည့် ကက်ကင်းပညာရပ်ဆိုလျှင် မှားအံ့မထင်ပါ။

**အာယု ဝဏ္ဏော သုခံ ဗလံ**

**မောင်ဗဟိန်း (အင်းတော်)**



www.burmeseclassic.com

ရေအိုး အေးစိမ့်နေအောင်နှင့်

# ဟင်းရွက်ဟင်းသီး

အေးမြလတ်ဆတ်နေအောင်



ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ။

မြင်းကပါရွာမှ ပုဂံမြို့သစ်သို့သွားသောလမ်းအတိုင်း ထွက်လာခဲ့ကြရာ အညာနွေနေ့ပူပူတွင် • ရေငတ်မွတ်လာသဖြင့် မန်ကျည်းရိပ် ရေအိုးစင်ကလေး တွေ့လိုတွေ့ငြား ရှာကြည့်မိသည်။

မိသားစုစုံညီ အညာပုဂံဘုရားဖူးထွက်ခဲ့ကြရာ ညောင်ဦး၊ မဏိစည်သူဈေးအနီးရှိ သမီးတော် ငြိမ့်ရိပ်သာပိုင်ရှင် ''ဦးပါ''၏ အကူအညီဖြင့် မာဇဒါကားငယ်တစ်စီး ငှားရမ်းလျက် စိတ်ကူးတည့်ရာ သွားလာလည်ပတ်ကြခြင်းဖြစ်သည်။

မကြာမီ ရှင်အရဟံသိမ်သို့ ရောက်ရှိသဖြင့် ဝင်ရောက်ကြည့်ရှုရာ လုံချည်ရေးတာဝန်ခံ အမယ်အိုက ဆီးကြိုနှုတ်ခွန်းဆက်သည်။ **(ရှင်အရဟံသည် ပုဂံမြေ၌ ဤသိမ်ကို ပထမဦးစွာ သမုတ်ခဲ့သည်ဟု သိရ၏။)**

'ဩော်... လူလေးပါလား။ ဒီတစ်ခါ မိသားစုနဲ့ပေါ့။ ကောင်းတယ်ကွယ် ကြည့်ရှုစရာကောင်းတယ်။ အမောပြေ ရေသောက်ကြဦး'

အသက်(၈၀)ခန့်၊ သက်ကြီးရွယ်အိုဇနီးမောင်နှံဖြစ်သောကြောင့် ဝယဝုဏ္ဏ်အလေးထားကာ ဆေးဖိုး၊ ကွမ်းဖိုးလှူဒါန်းခဲ့ဖူးသည်ကို မှတ်သားမိဟန်တူပါသည်။

ပုဂံမြေသို့ စာပေကိစ္စဖြင့် မကြာခဏရောက်ဖြစ်ခဲ့ရာ နေရာတိုင်းမှာ မိမိမြို့ရွာပမာ ဖြစ်နေ၏။

'အဘကော အိပ်နေတာလား'

'တမြန်နှစ်က ဆုံးရှာပြီ လူလေး။ အမေကြီးတစ်ယောက်သာ ကျန်တယ်ကွယ့်'

'ဟာ... မြင်းကပါ မနူဟာဘုရားနားက ရေစိမ့်အိုးထက် ပိုအေးတယ်'

သားများက အားပါးတရ သောက်သုံးနေသော ရေစိမ့်အိုးမှာ သာမန်မြေပြင်၌ တည်ထားခြင်း၊ သစ်ပင်၌ ချိတ်ဆွဲထားခြင်း မဟုတ်ဘဲ ခြင်းတစ်လုံးတွင် သဲများ ရံပိုင်းထားသော ရေစိမ့်အိုးဖြစ်သည်။

ရေစိမ့်အိုးမှထွက်ကျသော ရေများက ဝန်းရံထားသည့်သဲများကို အမြဲစိုနေစေကာ သာမန်ရေထက် ပို၍ အေးမြနေခြင်းဖြစ်သည်။ ရေခဲရည်ကဲ့သို့ သွားကျိန်းလောက်အောင် အအေးလွန်ကဲခြင်း မရှိချေ။

အမေအိုက ပုင်မှည့်ငှက်ပျောသီးတချို့ တည်ခင်း၏။ အနံ့အရသာပြည့်စုံလှသည့်အပြင် အေးမြလတ်ဆတ်နေသည်။

'ရေခဲသေတ္တာထဲ ထည့်ထားတာလား အမေ'

'အင်းလေ... အမေကြီးတို့ ရေခဲသေတ္တာကိုလဲ လေ့လာသွားပါဦး'


အမေအိုက အစောင့်တဲနံဘေး ရေခင်းပြင်သို့ ခေါ်သွားသည်။ **အင်တုံကြီးတစ်လုံးအလယ်၌ အဖုံးပါမြေအိုးတစ်လုံးရှိ၍ အောက်နှင့်နံဘေး ပတ်လည်ကို သဲများရံထားသည်။ မြေအိုးအတွင်း၌ ဟင်းသီးဟင်းရွက်အချို့ကို တွေ့ရလေသည်။**

မြေအိုးနှုတ်ခမ်းကို ရေစိုအဝတ်ဖြင့် အုပ်ထားသည်။ စားသောက်ဖွယ်များကို ကြာရှည် သိမ်းဆည်းထားနိုင်သည့် လျှပ်စစ်ခေတ်မရောက်သော ကျေးလက်သုံး သဘာဝ အအေးခန်း ရေခဲသေတ္တာဖြစ်ပေသည်။

မြေအိုးဝန်းကျင်ရံထားသော သဲကို အမြဲစိုနေစေရန် မကြာခဏ ရေစွတ်ဖျန်းပေးရ၏။ ညတာလတွင် နေအပူရှိန်မရှိသဖြင့် ရေဖျန်းပေးစရာမလိုကြောင်း သိရပေသည်။

**နန်းဖြူဖြူဝင်း**

www.burmeseclassic.com



မောင်ကံ
(တံတားဦး)

# အရေပြားရောဂါများ

## သက်သာပျောက်ကင်းစေသော သူတော်စင်ရသေ့လေးပေးသော ဂါထာ

### ဂါထာဟူသည်

မြန်မာမှုနယ်ပယ်တွင် **"ဂါထာ၊ မန္တန်၊ မန္တရား"**ဟူ၍ ရှိရာ ဂါထာကို လူတိုင်းနီးပါး သိကြပါသည်။

ဂါထာအမျိုးမျိုးရှိရာ အကြမ်းဖျင်းအားဖြင့် မကောင်းဆိုးဝါး၊ အမှောင့်ပယောဂ၊ စုန်း၊ ကဝေ၊ တစ္ဆေ စသည်တို့ကို နိုင်သောဂါထာ၊ ဓားဘေး၊ လုံဘေး၊ မီးဘေး၊ ရေဘေး၊ လေဘေးနှင့် အသက်ဘေးအန္တရာယ် အမျိုးမျိုးတို့မှ ကင်းလွတ်စေသော ဂါထာ...

ကိုယ်ခန္ဓာတွင် ဖြစ်တတ်သော ရောဂါများ ပျောက်ကင်းစေသည့် ဂါထာ၊ စီးပွားဥစ္စာတိုးတက်ခြင်း၊ ရာထူးဂုဏ်သိန် တိုးတက်စေသော ဂါထာ၊ မြွေ မတွေ့နိုင်သောဂါထာ၊ ခရီးသွားမြန်ဂါထာ၊ သွေးတိတ်စေသောဂါထာ...

စာမေးပွဲအောင်မြင်စေသော ဂါထာ စသည်ဖြင့် မရေတွက်နိုင်အောင် များပြားသောဂါထာများ ရှိကြပါသည်။

ဂါထာ(၁)ပုဒ် အစွမ်းထက်ရန်မှာ (၁)ကြိမ်၊ (၂)ကြိမ် ရွတ်ဆိုရုံမျှနှင့် အစွမ်းထက်မည် မဟုတ်ပါ။ ထိုဂါထာကို နည်းလမ်းမှန်မှန် ဌာန်ကရိုဏ်း ကျကျ ယုံယုံကြည်ကြည် ရွတ်ဆိုမှသာ အစွမ်းထက်မည် ဖြစ်ပါသည်။

ဂါထာသဘောနှင့်ဆိုလျှင် "ထုံ" နေအောင် အကြိမ်ကြိမ် ရွတ်ဆိုရပါသည်။ အချို့သော လောကီပညာရှင်များက "ဥုံ"ခံ၍ ရွတ်ဆိုရပါသည်။

ယခု ကျွန်တော်တင်ပြမည့်ဂါထာသည် ကျွန်တော့်ကိုယ်တွေ့ ကြုံခဲ့ရသော **"အရေပြားပေါ်တွင် ဖြစ်သော ရောဂါများ"**ကို ပျောက်ကင်းစေသည့် ဂါထာဖြစ်ပါသည်။

### ဂါထာရပုံ

**လွန်ခဲ့သော(၂၅)နှစ်ခန့်** ခုနှစ်တော့ အတိအကျ မမှတ်မိတော့ပါ။ မဂ္ဂဇင်း (၁)အုပ်တွင် ကျွန်တော်မှ ဆောင်းပါး (၁)ပုဒ် ဖတ်ဖူးပါသည်။

မည်သည့်မဂ္ဂဇင်းဟူ၍ မမှတ်မိသလို ဆောင်းပါးရှင်အမည်လည်း မမှတ်မိပါ။ ဆောင်းပါးအကျဉ်းချုပ်မှာ...





www.burmeseclassic.com

www.burmeseclassic.com

မြသပိတ်တောင်ခြေအနီးရှိ ရွာလေးတစ်ရွာသို့ ရုပ်ရည်သန့်ပြန့်ပြီး အသားအရေ ဝင်းဝါစိုပြည်သော အသက်(၂၀)ဝန်းကျင်ရှိ သူတော်စင်ရသေ့လေးတစ်ပါးသည် ဂန္ဓာရီလှည့်လည်ရင်း ရွာတွင်းသို့ ဝင်ရန်အတွက် လမ်းလျှောက်လာပါသည်။

ထိုစဉ် ရွာပြင် လမ်းဘေးတွင် သိမ်ငယ်စုတ်ချာသော တဲကလေးတစ်လုံးကို တွေ့ရှိ၍ အတွင်းသို့ ကြည့်ရာ လူတစ်ဦး လဲလျောင်းနေသည်ကို တွေ့သဖြင့် အကျိုးအကြောင်း မေးကြည့်ပါသည်။

တဲအတွင်းက လူက မိမိသည် ကုဋ္ဌနူနာစွဲကပ်နေသဖြင့် ရွာတွင်း၌ နေ၍ မရတော့ဘဲ၊ ရွာပြင် ထွက်နေရကြောင်း၊ စားသောက်ရေးကို ရွာတွင်းရှိ မိသားစုက မနက်(၁)ကြိမ်၊ ညနေ(၁)ကြိမ် လာပို့ကြောင်းပြောပါသည်။

ထိုအခါ ရသေ့လေးက ကုဋ္ဌနူနာပျောက်စေရန်အတွက် မိမိပေးသော ဂါထာကို မိမိပြောသည့်အတိုင်း ယုံယုံကြည်ကြည် ပုတီးစိပ်ပါက ရောဂါပျောက်မည်၊ စိပ်မည်လားဟု မေးရာ ရောဂါသည်က စိပ်ပါမည်ဟု ပြောသဖြင့် ရသေ့လေးက အောက်ပါကို ပေးခဲ့ပါသည်။

'ဥုံ လုဇ္ဇတိ၊ ပ လုဇ္ဇတိ'

ရသေ့လေးက ပုတီးစိပ်နည်း ပြောသည်မှာ **နံနက် နေထွက်ချိန်မှစ၍ နေ့ဘက်သို့ မျက်နှာမူပြီး နေမင်းဓာတ်ကို** ယူကာ စိပ်ရမည်။

ညနေ နေမဝင်မီ ကောင်းကင်တွင် နေ ရှိနေခိုက်၊ နေရှိရာ **အနောက်အရပ်သို့ မျက်နှာမူ၍ နေမင်းဓာတ်ကို ယူကာ** စိပ်ရမည်။ နေ့စဉ် စိပ်နိုင်သမျှ စိပ်ရမည်ဟု မှာကြားပြီး ခရီးဆက်သွားပါသည်။



ကုဋ္ဌနူနာရောဂါသည်,သည် ရောဂါပျောက်လိုလှသဖြင့် ရသေ့လေးပေးသည့် ဂါထာကို နံနက် နေထွက်ချိန်၊ ညနေ နေဝင်ချိန်တို့တွင် အချိန်ရသမျှ ယုံယုံကြည်ကြည် ကြိုးစားစိပ်ရာ လ, အနည်းငယ်အတွင်း၌ပင် ရောဂါ သက်သာလာသည်။

ထို့ကြောင့် ဂါထာပေါ်တွင် ယုံကြည်မှု များလာသဖြင့် ဆက်လက် စိပ်ရာ ရောဂါများ သိသိသာသာ ပျောက်ကင်းလာပြီး နောက်ဆုံးတွင် လုံးဝပျောက်ကင်းသွားသဖြင့် ရွာတွင်းရှိ မိသားစုများနှင့်အတူ ပြန်လည်နေထိုင်သည့် အခြေအနေဖြစ်သွားသည်ဟု ဖတ်ရှုရပါသည်။

ကျွန်တော်သည် ထိုဂါထာနှင့် ပုတီးစိပ်နည်းကို ကျွန်တော့် မှတ်စုစာအုပ်တွင် ကူးယူ မှတ်သားထားလိုက်ပါသည်။

## လုဇ္ဇတိ၊ ပလုဇ္ဇတိဂါထာကို ပထမအကြိမ် မျှဝေခြင်း

ကျွန်တော် **ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်(၁)မြို့နယ်တွင် မြို့နယ်ထွေ/အုပ် ဒုတိယဦးစီးမှူး တာဝန်ထမ်းဆောင်နေချိန်** ဖြစ်ပါသည်။

ကျွန်တော်တို့ရုံးသည် ထွေ/အုပ်၊ တရား၊ ဥပဒေ၊ စာရင်း၊ စီမံကိန်းဌာနများ ပူးပေါင်း ဖွင့်လှစ်ထားသော စုပေါင်းရုံး ဖြစ်ပါသည်။

တစ်ရက်တွင် **အမျိုးသမီးမြို့နယ် တရားရေးဦးစီးမှူးနှင့်** စကားစပ်မိရာ ယင်းက ပြောသည်မှာ သူ့တွင် တစ်ကိုယ်လုံး ယားနာစွဲကပ်နေကြောင်း၊ အရည်ကြည်ဖုလေးများလည်း မကြာမကြာထွက်ကြောင်း၊ အနာများက ယားလာလျှင် တရားခွင်၌ ထိုင်နေစဉ်ပင် ကုတ်ခြင်းမထိန်းနိုင်ဘဲ၊ ကုတ်ခြစ်နေရကြောင်း...

မြို့ပေါ်မှ ဆရာဝန်သာမက ရန်ကုန်မှ အထူးကုဆရာဝန်များနှင့် ကုသသော်လည်း သက်သာလိုက် ပြန်ဖြစ်လိုက် ဖြစ်နေသည်မှာ (၁)နှစ်ကျော်ပြီဖြစ်ကြောင်း၊ ယားနာရောဂါကြောင့် လွန်စွာ စိတ်ဆင်းရဲရကြောင်း ပြောပါသည်။

ထိုအခါ ကျွန်တော်က ကျွန်တော် ဖတ်ဖူးသော သူတော်စင် ရသေ့လေး အကြောင်းကို ပြောပြပြီး ယင်းဂါထာကို ယုံယုံကြည်ကြည် ပုတီးစိပ်မည်လားဟု မေးရာ သူမက...

'ဦးကံဝင်းရယ်... ဒီလောက်ဆိုးတဲ့ ရောဂါ ပျောက်မယ်ဆိုမှတော့ ယုံယုံကြည်ကြည်စိပ်မှာပေါ့'

ဟု ပြောပါသည်။ ထို့ကြောင့် ကျွန်တော်က ရသေ့လေးပေးသော ဂါထာနှင့် မနက်ပိုင်း၊ ညနေပိုင်း နေမင်းဓာတ်ကို ယူ၍ စိပ်ရန် ပုတီးစိပ်နည်းကိုပါ ပေးလိုက်ပါသည်။

မူလကပင် ဘာသာရေးလိုက်စားသူ ဖြစ်၍ ကျွန်တော်ပေးလိုက်သော ဂါထာနှင့် ပုတီးစိပ်နည်းကို ယုံယုံကြည်ကြည်





www.burmeseclassic.com

www.burmeseclassic.com

ကြိုးကြိုးစားစား စိပ်သည်ဟု သိရပါသည်။

အဆိုပါ ဦးစီးမှူးနှင့် တစ်ရုံးတည်းဖြစ်၍ တိုးတက်မှုကို စောင့်ကြည့်ရာ ပုတီးစိပ်၍ (၁)လခန့်အကြာ ယားယံမှုများ သိသိသာသာ လျော့နည်းလာသဖြင့် ယုံယုံကြည်ကြည် နေ့စဉ်မပျက် ကြိုးစားစိပ်ရာ (၃)လခန့်အကြာတွင် ယားယံမှုများ လုံးဝ ပျောက်သွားပါသည်။

ရောဂါမပျောက်မီအချိန်တွင် အရေပြားပေါ်၌ အရည်ကြည်ဖုလေးများ ထွက်လာပြီး အရည်ပေါက်ကာ အဖတ်ကလေးများ ကွာကျလာရာ မြွေများ အရေခွံလဲသကဲ့သို့ အရေပြား နူးညံ့လာသည်ကို တွေ့ရပါသည်။

(၆)လအတွင်း၌ ထိုအမျိုးသမီးမှာ ယားယံမှု အရည်ကြည်ဖုပေါက်ခြင်းတို့ လုံးဝ ပျောက်ကင်းသွားပါသည်။ မည်သည့် ဆရာဝန်နှင့်မျှ မကုရတော့ပါ။ **ထိုအမျိုးသမီးမှာ သက်ရှိထင်ရှား ရှိသဖြင့် သူ၏ အမည်ကို မဖော်ပြခြင်းဖြစ်ပါသည်။**

### လုဗ္ဗတိ၊ ပလုဗ္ဗတိဂါထာကို ဒုတိယအကြိမ် မျှဝေခြင်း

ကျွန်တော် **ရှမ်းပြည်နယ်တွင်းရှိ မြို့တစ်မြို့တွင် မ-ယ-က ဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေချိန် ဖြစ်ပါသည်။** ရှမ်းတိုင်းရင်းသားတို့သည် ဗုဒ္ဓဘာသာကိုးကွယ်ကြပြီး ကိုးကွယ်မှုမှာလည်း ကြည်ညိုသဒ္ဓါအပြည့်ဖြင့် ကိုးကွယ်သည်ကို တွေ့ရပါသည်။

တစ်ရက်ရုံး၌ အစည်းအဝေး လုပ်နေစဉ် **ရ-ယ-က ဥက္ကဋ္ဌတစ်ဦး၊ ခြေထောက်ကို မကြာမကြာ ကုန်း၍ ကုတ်နေသည်ကို** တွေ့ရပါသည်။



သူ့အခြေအနေမှာ အစည်းဝေးက ပြောနေသည့် အကြောင်းအရာများကို စိတ်မဝင်စားနိုင်ဘဲ သူ့ခြေထောက် ပြဿနာကိုသာ အကြိမ်ကြိမ် ဖြေရှင်းနေသည်ကို တွေ့ရပါသည်။

အစည်းဝေးပြီးနောက် ရ-ယ-က များ ပြန်လည်ထွက်ခွာချိန်တွင် အဆိုပါ ပုဂ္ဂိုလ်ကို ခေါ်ပြီး အကျိုးအကြောင်း မေးရာ ထိုပုဂ္ဂိုလ်က သူ့ညာဘက် ခြေထောက်တွင် **ခြေဖမိုး အရေပြားပေါ်၌ အနာပေါက်နေကြောင်း၊ အလွန်ယားလှကြောင်း၊**...

ဖြစ်ခါစက သေးသေးသာ ဖြစ်သော်လည်း ယား၍ ကုတ်ရခြင်းနှင့်ပင် ပွားများလာကြောင်း၊ ဆရာဝန်များ၊ တိုင်းရင်းဆေးများနှင့် ကုသသော်လည်း မပျောက်ကြောင်း ပြော၍ သူ့ခြေထောက်ကို ပြပါသည်။

ခြေထောက်မှ အနာသည် မြန်မာလို အခေါ် **"ဝဲနှင်းခူ"**ဟု အနီးဆုံး ခန့်မှန်းရပါသည်။ အလွန်ယား၍ မကြာမကြာ ကုတ်နေခြင်းဖြစ်ပါသည်။

ကျွန်တော်က ထိုပုဂ္ဂိုလ်အား သူတော်စင် ရသေ့လေးပေးသော လုဗ္ဗတိ၊ ပလုဗ္ဗတိဂါထာ နောက်ကြောင်း၊ ထိုဂါထာကို ကျွန်တော်ပေးလိုက်၍ ယုံယုံကြည်ကြည် ပုတီးစိပ်ခြင်းကြောင့် အရေပြားပေါ်တွင် ပေါက်သည့်ရောဂါ ပျောက်သွားသူ တစ်ဦးအကြောင်းကို အကျယ်ပြောပြပြီး ထိုဂါထာကို ပုတီးစိပ်မည်လားဟု မေးရာ လိုလိုလားလားပင် စိပ်မည်ဟု ပြောပါသည်။

ထို့ကြောင့် ကျွန်တော်သည် ထိုပုဂ္ဂိုလ်ကို ရသေ့လေးပေးသည့် ဂါထာနှင့် စိပ်ရမည့်နည်းလမ်း နေထွက်ချိန် နေဝင်ချိန်များတွင် နေမင်းဘက်ကို ယူ၍ သမာဓိရှိရှိဖြင့် ကြိုးစားစိပ်ရန်မှာ ကြားလိုက်ပါသည်။

အကျဉ်းချုပ်၍ တင်ပြရလျှင် ခြေဖမိုးပေါ်တွင် ဝဲနှင်းခူ စွဲကပ်နေပြီး ရောဂါပျောက်ကင်းအောင် ကုမရသော အဆိုပါပုဂ္ဂိုလ်သည် ရောဂါ ပျောက်လိုသဖြင့် ယုံယုံကြည်ကြည် ကြိုးစားစိပ်ရာ (၆)လအတွင်း ရောဂါ လုံးဝ ပျောက်ကင်းသွားပါသည်။

ဤအကြောင်းကို ကျွန်တော့်ရုံးသို့ အစည်းဝေးလာစဉ်တွင် ကိုယ်တိုင် တွေ့မြင်ရသဖြင့် လွန်စွာ ဝမ်းသာလှပါသည်။ သူတော်စင်ရသေ့လေး၏ ဂါထာကိုလည်း ပို၍ ယုံကြည်မိပါသည်။

### လုဗ္ဗတိ၊ ပလုဗ္ဗတိဂါထာကို တတိယအကြိမ် မျှဝေခြင်း

ကျွန်တော် **ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့တွင် မ-ယ-က ဥက္ကဋ္ဌ တာဝန် ထမ်းဆောင်နေချိန် ဖြစ်ပါသည်။** လုပ်ငန်းတာဝန်အရ ပဲခူးရိုးမ တောင်ပေါ်သို့ မကြာခဏ သွားရပါသည်။

တစ်ရက်တွင် ဂျပန်များ စစ်ပြေးစဉ်က ပဲခူးရိုးမတောင်ပေါ်၌ ကျန်ရစ်ခဲ့သော အမြောက်ကြီး(၁)လက်၏



www.burmeseclassic.com

www.burmeseclassic.com

သတင်းကို တောလိုက်မုဆိုးများထံမှ သတင်းရရှိပါသည်။

သို့နှင့် သတင်း သေချာမှု ရှိစေရန် မြို့နှင့် ဝေးကွာလှသော ရိုးမတောင်ကြောပေါ်မှ ရွာငယ်လေးတစ်ရွာသို့ သွားရောက် စုံစမ်းပါသည်။

ထိုရွာတွင် ခြေချောင်းလေးများ၊ လက်ချောင်းလေးများ၌ အရေပြားများ ကွာကျပြီး ယားနာစွဲကပ်နေသော ကိုသောင်းစိန်ဆိုသူကို တွေ့ခဲ့ရပါသည်။

မေးကြည့်သောအခါ အနာကြီးရောဂါ စွဲကပ်နေသည်ဟု ပြောပါသည်။ လက်မှာ သိပ်မဆိုးသော်လည်း ခြေထောက်မှာမူ နေထိုင်မှု မသန့်ရှင်းသောကြောင့် ပိုဆိုးပါသည်။

ဖြစ်စက ယားယံခြင်း၊ အရေပြားကွာကျခြင်းသာ ဖြစ်သော်လည်း နောက်ပိုင်းတွင် ပိုဆိုးလာပြီး အနာဖြစ်လာကြောင်း၊ ရွာတွင် ဆေးခန်းမရှိ၊ အနီးနားရွာများတွင်လည်း ဆေးခန်းမရှိ၊ ရိုးမတောင်ကြောပေါ်မှ မြို့ပေါ် ဆေးကုသွားရန်မှာလည်း မသွားနိုင်ကြောင်း ပြောပါသည်။

ရောဂါမဖြစ်မီကဖြစ်စေ၊ ရောဂါဖြစ်ပြီးနောက်ပိုင်းတွင်ဖြစ်စေ တောကြောင်၊ မွေး၊ လိပ်၊ ဖွတ်၊ ကြွက်၊ ပုတတ်စသော တောတွင်းတိရစ္ဆာန်များ၏ အသားများကိုလည်း စားသုံးကြောင်း ပြောပါသည်။

ကျွန်တော်က ကိုသောင်းစိန်ကို အနာကြီးရောဂါ တိုက်ဖျက်ရေး စီမံချက်အရ ကျန်းမာရေး ဝန်ထမ်းများက ရွာအရောက် ဆေးကုပေးနေသည် ဖြစ်၍ ကျန်းမာရေးဝန်ထမ်းများ ရိုးမှ တောင်ပေါ်သို့ ရောက်လာပါက မည်သည့်ရွာသို့ ရောက်သည်ဖြစ်စေ၊ မပျက်မကွက် သွားရောက်ဆေးကုရန် မှာခဲ့ပါသည်။

ထို့ပြင် ကိုသောင်းစိန်အား ယခင် (၂)ဦးကို ပေးခဲ့သော သူတော်စင် ရသေ့လေး၏ လုဖ္ဖတိ၊ ပလုဖ္ဖတိဂါထာ အကြောင်းကို အသေးစိတ်ရှင်းပြပြီး ယုံယုံကြည်ကြည် ပုတီးစိပ်မည်လားဟု မေးရာ စိတ်ပါမည်ဟု ကတိပြုသဖြင့် နေမင်းဓာတ်ကို ယူ၍ ပုတီးစိပ်နည်းကို သင်ပေးခဲ့ပါသည်။

ခြေထောက်များကိုလည်း ယခင်ကကဲ့သို့ ညစ်ညစ်ပတ်ပတ် မနေဘဲ ဆယ်ပြာဖြင့် နေ့စဉ် သန့်သန့်ရှင်းရှင်း ဆေးကြောပေးရန် မှာကြားခဲ့ပါသည်။

ရိုးမပေါ်မှ ပြန်လာပြီးနောက် ထိုကိစ္စကို မေ့မေ့ပျောက်ပျောက်ပင် ဖြစ်ခဲ့ပါသည်။ ကိုသောင်းစိန်နေသော ရိုးမတောင်ကြောပေါ်မှ ရွာမှာ ဝေးလွန်းလှသဖြင့် နောက်တစ်ကြိမ်လည်း ထပ်မရောက်တော့ပါ။

ကျွန်တော်သည် ယခု တာဝန်ထမ်းဆောင်နေသောမြို့၌ အနေကြာသဖြင့် ဌာန၏မူအရ ပြည်နယ်တစ်ခုသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရန် အမိန့်စာ ရောက်လာပါသည်။

ကျွန်တော်ပြောင်းရမည့် အကြောင်းကို မြို့နယ်တွင်း၌ ရ–ယ–ကများ၊ ဌာနဆိုင်ရာများအားလုံး သိသွားပါသည်။

(၂၁)ရက်အတွင်း ပြောင်းရမည် ဖြစ်၍ အချိန်အနည်းငယ် ရသေးသဖြင့် မြို့နယ်တွင်းရှိ မြေပြန့်တောင်ပေါ် မကျန် ရ–ယ–ကများအားလုံးကို နောက်ဆုံးအကြိမ်အဖြစ် အစည်းအဝေး ခေါ်လိုက်ပါသည်။

အစည်းအဝေးနေ့တွင် ပဲခူးရိုးမတောင်ပေါ်မှ လာရောက် အစည်းအဝေးတက်သည့် ရ–ယ–ကတစ်ဦးက ကျွန်တော့်ကို ပျားရည်တစ်ပုလင်း၊ ကြံ(ချေ)သားခြောက်နှင့် ဆတ်သားခြောက် အနည်းငယ်စီ၊ စပါးကြီးမြွေ သည်းခြေအခြောက်တစ်ခုကို ပေးခဲ့ပါသည်။

ပေးရသည့်အကြောင်း ပြောသည်မှာ ထိုပစ္စည်းများကို ကိုသောင်းစိန်က ကျွန်တော့်ကို ပေးခိုင်းကြောင်း၊ ပေးရသည့်အကြောင်းမှာ ကျွန်တော် ပေးခဲ့သော ဂါထာကို ရောဂါပျောက်လိုသဖြင့် ကြိုးစားပုတီးစိပ်ရာ အနာများမှာ တဖြည်းဖြည်း ခြောက်သွားကြောင်း...

ရောဂါ သက်သာလာသဖြင့် အားတက်လာပြီး ပိုမိုကြိုးစား ပုတီးစိပ်ရာ ယခု(၁)နှစ်ခန့်အကြာတွင် သူ့တွင် အနာကြီးရောဂါ လုံးဝ မရှိတော့ကြောင်း...

အစားအသောက် အနေအထိုင်ကိုလည်း ကျွန်တော် မှာခဲ့သည့်အတိုင်း လိုက် လိုက်နာပါကြောင်း၊ ကျွန်တော့်ကိုလည်း ကျေးဇူးဆပ်လို၍ မပြောင်းမီ တောထွက်ပစ္စည်းများဖြင့် ကန်တော့ပါကြောင်း ပြောပြပါသည်။

သို့နှင့် ကျွန်တော် အမှတ်မထင် ပြုခဲ့သောကိစ္စတစ်ခုသည် လူတစ်ယောက်၏ ဘဝကို များစွာ အကျိုးရှိစေသဖြင့် ဝမ်းသာမဆုံး ဖြစ်ခဲ့ပါသည်။

<u>ဂါထာ၏အဓိပ္ပါယ်</u>

**သူတော်စင်ရသေ့လေး ပေးခဲ့သော ဂါထာ၏အဓိပ္ပါယ်မှာ...**

"**လုဖ္ဖတိ**–ဖြစ်တတ်၏။

**ပလုဖ္ဖတိ**–ပျက်တတ်၏။

**ဣတိတသ္မာ**–ထို့ကြောင့်

**လောကော**–လောကမည်၏"

ဟု အဓိပ္ပါယ်ရပါသည်။


ပုတီးစိပ်ခြင်းကို ဘုရားစင်ရှေ့တွင်ဖြစ်စေ၊ ဇေတီ,ပုထိုး,ဆင်းတုတော်တို့ရှေ့တွင်ဖြစ်စေ စိပ်ကြသော်လည်း

စာမျက်နှာ (၂၂၄) သို့



www.burmeseclassic.com

www.burmeseclassic.com



# အိမ်ကြမ်းမြေကြမ်းကို

## ကာကွယ်တတ်ဖို့

ကောင်းပိုင်း
(ကျွန်းသစ်)

[၁]

ကိုထွန်းမြတ်သည် စုဆောင်းရသည့်ငွေ၊ မိဘထံမှ အမွေရငွေ စီးပွားဖြစ်ထွန်းလို့ ကိုယ်တတ်နိုင်သည့် သန်လျင်မြို့စွန်က အိမ်ပါပြီး ခြံမြေတစ်ကွက် ဝယ်လိုက်ပါသည်။

သူသည် အစိုးရဝန်ထမ်းဘဝမှ နှစ်ပြည့်ပင်စင်ယူပြီး အေးအေးဆေးဆေး စိုက်ပျိုး လုပ်ကိုင်စားမည်ဆိုပြီး ဤခြံနှင့် အိမ်ကို ဝယ်လိုက်ပါသည်။

သူ့မိဘမျိုးရိုးကလည်း တောင်ယာလယ်လုပ် အသက်မွေးသည့်ဗီဇလည်း ရှိသည်။ ကိုယ့်ခြံမြေကို ပေါက်တူး၊ ပေါက်ပြား၊ ငန်ပြား၊ တူးရွင်းနှင့် ထိုးဆွပြီး နှစ်တိုနှစ်ရှည် ရာသီသီးနှံစုံ စိုက်ပျိုးသည်။

သူ့မှာ သားတစ်ယောက်က အထက်တန်းကျောင်းသား ဖြစ်သည်။ သမီးအငယ်က အလယ်တန်းကျောင်းသူ ဖြစ်သည်။ နီးစပ်ရာ သန်လျင် အထက်တန်းကျောင်းတွင် ပညာသင်ကြားစေသည်။

သူတို့သားအမိ ခြံဝယ်စ အလွန်တရာ နှစ်ခြိုက်သည်။ ဇနီးသည်၏ ချက်ပြုတ်ကျွေးမွေးသူအဖြစ် အိမ်ရှင်မတာဝန်ကျေပွန်သည်။

အားလပ်သည့်အချိန် ကိုထွန်းမြတ်၏ စိုက်ခင်းကို ကူညီပြီး ရေလောင်းပေါင်း မြက်ရှင်း အကူအညီပေးသည်။

တစ်နေ့ မမျှော်လင့်ဘဲ သားနှင့်သမီးတို့ထံမှ ထူးခြားချက် စကားတစ်ခွန်းစ၊ နှစ်ခွန်းစကြားရပုံက...

'အဖေ သားတို့ခြံနဲ့ နီးစပ်တဲ့ ခြံရှိသလား'

'ဟေ... သားကလဲ မြောက်ဘက်ခြံမှာ အဘိုးအိုအဘွားအိုနှစ်ယောက်ပဲ ရှိတယ်ကွယ့်'

'အို...မဟုတ်သေးပါဘူး ညညကျရင် အိမ်ကြီး ကယိမ်းကယ်းနဲ့ လှုပ်တယ် အဖေရဲ့'

သားအောင်ဝင်းနှင့် သမီးသီတာမြင့်က စကားဆန်းဆိုလာသည်။

ကိုထွန်းမြတ်ခေါင်းထဲ တွေးစရာပြဿနာတစ်ခု ဝင်လာသည်။

'သားတို့အရွယ် ကောင်လေးနဲ့ ညီမလေးတို့အရွယ် ကောင်မလေးက သားတို့မြင်တော့ ပြုံးပြတယ်။ မိတ်ဆက်ချင်ဟန်တူပါရဲ့'

မြင်တွေ့ရပုံကို ဆိုလာသည်။

'အိုသားရယ်... မပြောကောင်းတာ မပြောပါနဲ့'

အမေ မမြခင်၏ တားမြစ်ချက်ကို ဖခင် ကိုထွန်းမြတ်က စဉ်းစားတွေဝေရင်း...

'ပြောပါစေ မမြခင်ရယ်'

'သူတို့ကို ညမှောင်ရီပျိုးစ ယခုတလော တွေ့တယ် အဖေရယ်'

သူတို့အတွေ့အမြင်စကား ကိုထွန်းမြတ်တို့ ခြံဝယ်ပြီး (၆)လခန့်ရှိမှပဲ ပြဿနာစဖြစ်ခဲ့သည်။

ကိုထွန်းမြတ်လည်း သားနှင့်သမီး စကားတစ်ခွန်းတစ်ပါဒမို့ ဥပေက္ခာတရားနှင့် ဆင်ခြင်လိုက်သည်။

မိမိခြံ၏ တောင်ဘက်မှာ အိမ်ပျက်ခြံမှာ လူမရှိ၊ အရှေ့ဘက်မှာ ခြံလွတ်ရှိ၏။ အနောက်ဘက်မှာ မိမိလို မိသားစုနှင့် လူရှိပြီး သန်လျင် ဘောလုံးကွင်းဈေးသစ်ကြီးမှာ၊ ဟင်းရွက်ကန်စွန်းရောင်းဝယ်သည်။

မြောက်ဘက်မှ အဘိုးအို့အဘွားအိုတို့မှာ အသက်(၇၀)ကျော်ပေပြီ။

မည်သည့် အသက်မွေးဝမ်းကျောင်းမှ လုပ်မစားပါ။ ဘဝရပ်တည်ဖို့ ရန်ကုန်မှ တူ၊ တူမများက ရက်သတ္တ တစ်ပတ်တစ်ကြိမ် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ငွေကြေးပေး ထောက်ပံ့ကြောင်း သိရ၏။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့...

ကိုထွန်းမြတ်က တစ်ဖက်ခြံထဲ ဝင်လာပြီး...

'အဘ နေကောင်းတယ်နော်'

ကိုထွန်းမြတ်က အိမ်ရှေ့ပက်လက်ကုလားထိုင်ပေါ် ထိုင်နေသော အဘိုးအား စကားပလ္လင်ခံ နှုတ်ခွန်းဆက်သလိုက်တော့ ကိုထွန်းမြတ်အား မော့ကြည့်ပါသည်။

'အိမ်း... ငါ့တူက ဟိုဘက်ခြံက သူငယ်ထင်တယ်'

'ဟုတ်ကဲ့ အဘ'

'ဘာကိစ္စများရှိပါသလဲကွယ်'

'ကိစ္စကတော့ ဒီခြံကို ရောင်းသွားတဲ့ ဦးတိုးခင် အပြင် ဘယ်သူနေသွားသေးသလဲ အဘ'

အဘိုးအိုသည် အနည်းငယ်မျှ ပြုံးလျက် ကိုထွန်းမြတ်ကို မော့ကြည့်သည်။

'သြော်... ငါ့တူက သူတို့ ရာဇဝင် မသိသေးဘူးထင်တယ်'

'ဟုတ်ပါတယ် အဘရယ်'

* * *

[၂]

ဦးဖိုးခင်သည် ပင့်သက်ရှည်ချရင်း...

'အင်း...

ကိုဘခက်ရဲ့ ဇနီးသည် မဝက်မက အပျင်းဖျားနာပြီး ကွယ်လွန်ပြီးနောက် သားနဲ့သမီးလဲ လွမ်းနာကျ သေဆုံးကုန်တယ်ကွယ်။

ဒီခြံကို သူတို့ဘိုးဘွားမိဘတွေက အမွေအဖြစ်နဲ့ ပေးခဲ့တယ်။ ပဲခူးဟံသာဝတီမှ မင်းဘေး စစ်ဘေးသင့်ပြီး ပဲခူးအုပ်စု၊ ဝန်ကန်တောင်အုပ်စု၊ သပြေကန်အုပ်စု ဆိုပြီး အစုအသိုင်းဝိုင်းလိုက် အခြေချ နေထိုင်သွားခဲ့တယ်။



သူတို့ကို အိပ်မက်ပေးခဲ့တယ်။ သန်လျင်မင်းသည် ပါဒမင်းနဲ့ စစ်ပြိုင်ရင်း သောက်တော်ဆက်ရန် သောက်တော်ကွင်းရပ်ကွက်အဖြစ် သတ်မှတ်ခဲ့ပြီး မင်းမိန့် ထုတ်ခဲ့တယ်'

ကိုထွန်းမြတ်သည် အဘိုးအို၏ သမိုင်းဖြစ်ရပ်မှန် အတော်လေး စိတ်ဝင်စားနေရှာ၏။

ရေတော်ဆက်တာဝန်ကို သူတို့ တာဝန်မဲ့တယ်။ အပြစ်ပေးရမယ်ဟု အိပ်မက်လာပေးပါတယ်။ သူတို့ လင်မယား မေ့မေ့လျော့လျော့ နေပါတယ်။

ယုံကြည်မှု အားနည်းနေပါတယ်။ မိမိတို့ အိမ်ရှေ့မှာ ကလပ်ကလေးနဲ့ ရေတော်သန့်သန့် သက်ဆိုင်သူသို့ ရေတော်ဆက်ရတယ်လို့ ပြောကြတာပဲ ငါ့တူရယ်။

အဘတို့လဲ အခုလို ရေဆက်ရတာပဲ၊ ယုံသူယုံ၊ မယုံသူ မယုံကြပါဘူး။ ကိုဘခက်နဲ့ မဝက်မတို့က မယုံသူထဲပါတော့ ဘယ်လောက် အိပ်မက်ပေးပေး မလုပ်ကြဘူးကွယ်။

အဘတို့လဲ လာမပြောဘူးကွယ့်။ တိုင်ပင်ချင်းလဲ မရှိဘူး။ သူတို့ဟာကို ဘာသိဘာသာနေကြတာပဲကွယ်။

မဝက်မတို့ခြံမှာ ရေတွင်းတွေ အန့်ပြီး ရေမရတော့ဘူး။ မဝက်မလဲ ကောက်ကာငင်ကာ အပျင်းဖျားပါတယ်။ ဒီရောဂါနဲ့ပဲ ဆုံးသွားပါတယ်'

'သူတို့ သားသမီးများကကော ဘယ်လိုဆုံးသွားတာလဲ အဘ'

'ကလေးတွေက ဘယ်လိုဆုံးသလဲ ဆိုရင် မိခင်ဖြစ်သူ ကွယ်လွန်သွားတော့ ကျောင်းလဲ မတက်ကြတော့ဘူး။ နေ့ရှိသရွေ့ ငိုယိုနေတာပဲ'

'သြော်...ဆန်းကြယ်တဲ့ ဖြစ်ရပ်ပဲ၊ ရေးထုံးကို မပယ်နဲ့၊ ဈေးသုံးကိုလဲ မလွယ်နဲ့ဆိုတာ သူတို့အတွက် မှန်များနေရော့သလား'

ကိုထွန်းမြတ် သံဝေဂရရှာသည်။

'ရေးထုံးကိုပယ်တော့ လွဲတတ်တယ်၊ ဈေးသုံးကို လွယ်တော့ မွဲတတ်သတဲ့ကွယ့်'

'သြော်... ဟုတ်ကဲ့၊ ဟုတ်ကဲ့ အဘ'

'သူတို့ကလေးတွေဟာ အမေကို တမ်းတပြီး အစာလဲ မစားတော့ ဖခင်ဖြစ်သူ ကိုဘခက်က ဘယ်လို ဖျောင်းဖျ ဖျောင်းဖျ မရတော့ဘဲ တစ်နေ့ကြတော့ ရောဂါဝင်လာပြီး ဆေးပါမစူးတော့ပါဘူး။ သိပ် မကြာခင်မှာပဲ ကွယ်လွန်ကုန်တာပဲ'

'အင်း...သားနဲ့ သမီးတွေ့တယ် မြင်တယ် ဆိုတာ သူတို့များလား'

ကိုထွန်းမြတ် ယုံရခက်၊ မယုံခက်နှင့် သံသယဖြစ်ပြီး ဝေခွဲမရနိုင်ဖြစ်နေရှာ၏။

'အဘ သူတို့တွေအတွက် အလှူလုပ် ရေစက်ချရင် ကောင်းမယ် ထင်တယ်။

'ကောင်းတာပေါ့ ငါ့တူရယ်၊ ဒီနားက ရွာဦးဆရာတော်ထံ သွားလျှောက်ကြည့်ပေါ့ကွယ် အဘလဲ လိုက်ပါမယ်'

* * *

[၃]

'ဒေါက်...ဒေါက်ဒေါက်'

ညဦးသန်းခေါင် အချိန်တွင် ကိုထွန်းမြတ် ဝယ်ထားသော သွပ်မိုး



www.burmeseclassic.com

www.burmeseclassic.com

ပျဉ်ထောင် အိမ်တံခါးမကို လာခေါက် သံကြားလို့ ကိုထွန်းမြတ်က မီးခွက် ထွန်းညှိ တံခါးဖွင့်ပေးလိုက်တော့ မည်သူမျှ မတွေ့တော့ပါ။



ကိုထွန်းမြတ်သည် လက်နှိပ်ဓာတ်မီးနှင့် တစ်ခြံလုံး ထိုးကြည့်သည်။

ပတ်ဝန်းကျင် တခွင်တပြင်လုံး မြူများ ဆိုင်းဆိုးနေတာက လွဲ၍ အိမ်ခွေးများ၏ ဟောင်သံသာ ဆူညံနေလေ၏။

ကိုထွန်းမြတ်ကလည်း အော်ဟစ်ငေါက်ငမ်းပြီး ပြန်အိပ်သည်။

'အမယ်လေး... အမေ...အမေ အမေ... အမေ'

သမီးငယ် သီတာမြင့်၏ စူးစူးဝါးဝါး အော်သံကြောင့် တစ်အိမ်လုံး အိမ်သူ အိမ်သားများ လန့်နိုးလာကြသည်။

'ဘာဖြစ်တာလဲ သမီး သီတာမြင့်'

မိခင်ဖြစ်သူ မမြခင်ကို ပြေးဖက်သည်။ သမီးမှာ ဇောချွေးများ ပြန်လာသည်၊ အမောတကောနှင့် မိခင်၏ ခါးကို တင်းကျပ်စွာ ဖက်ထားသည်။

'သားလူလေး ရေတစ်ခွက် ခပ်ခဲ့ပါကွယ်'

သီတာမြင့်အား မိခင်က ရေတိုက်ပေးပြီး...

'သမီး ဘယ်လိုဖြစ်တာလဲ သမီးရယ်'

'သူ... သူတို့ သမီးကို လှုပ်နှိုးတယ် အမေ'

'ဘယ်သူတွေလဲ လာနှိုးတာ'

'သူတို့က ဒီအိမ်ရှင်တွေတဲ့၊ မင်းတို့အဖေရဲ့ စိုက်ပျိုးခြံကို တို့စောင့်ရှောက်တယ်။ တို့ ဒီဘဝ လွတ်ကျွတ်အောင် မင်းတို့က အလှူ လုပ်ပေးပါ။ ဒါမှ မင်းတို့တစ်သက် ဒီခြံကို ပိုင်မယ်'

သီတာမြင့်က ဖခင်နှင့်မိခင်ကို ပြောပြသည်။

ကိုထွန်းမြတ်သည် တစ်ဖက်ခြံမှ အဘိုးအိုနှင့် တိုင်ပင်ခဲ့သည့်အတိုင်း နံနက်လင်းတာနှင့် ရွာဦးဆရာတော်ထံ သွားရောက် လျှောက်ထားကြသည်။

ရွာဦးဆရာတော်ကြီးမှာ သက်တော် (၇၀)ကျော်ခန့်ရှိပါသည်။ ကျောင်းသခ်မ်းတွင် ကွမ်းအစ်တစ်လုံးနှင့် ကွမ်းတမြုံ့မြုံ့ဝါးရင်း သီတင်းသုံးနေသည်ကို တွေ့ရ၏။

'ဒကာ ကိုမင်းရောင် ဘာအကြောင်းကိစ္စများ ရှိကြသတုန်းကွယ့်'

ဆရာတော်သည် ကိုထွန်းမြတ်တို့ ခြံနီးစပ် အဘိုးအိုနှင့် သက်တူရွယ်တူဖြစ်ပြီး အလွန်တရာ ရင်းနှီးဟန်တူ၏။

'မှန်ပါ... အကြောင်းထူးပါတယ် ဘုရား သူက ဒကာထွန်းမြတ်ပါ၊ ကိုဘခက်တို့ခြံကို ဝယ်သူဖြစ်ပါတယ်။ သူ့မှာ ထူးခြားချက်ရှိပါတယ် ဘုရား၊ အရှင်ဘုရားကို တိုင်ပင် လျှောက်ထားစရာရှိပါတယ် အရှင်ဘုရား'

'အိမ်း... ဆိုပါဦး ဒကာထွန်းမြတ်'

'တပည့်တော်ဝယ်ထားတဲ့ ခြံကြီးက အခြောက်အလှန့်ရှိပါတယ် ဘုရား တစ်နေ့ သမီးငယ်ကို ခြောက်လှန့်ပုံက သူတို့ခြံကို တပည့်တော်မိသားစု ပိုင်ချင်ရင် အလှူလုပ်လို့ ပြောပါတယ်ဘုရား'

'အိမ်း...ကိုဘခက်တို့ ခြံအကြောင်းကို ဒကာမင်းရောင်က ပြောပြီးလို့ သိရောပေါ့ကွယ်'

'သိသင့်တာတွေ သိပြီးပါပြီ အရှင်ဘုရားနဲ့တကွ သံဃာ (၅)ပါး သင်္ဃါဆွမ်း ကပ်ပါမယ်ဘုရား။ ကြွရောက် ချီးမြှင့်တော်မူပါအရှင်ဘုရား'

'ကောင်းတာပေါ့ ဒကာရယ်'

ဆရာတော်ကြီးက ကောင်းချီး မင်္ဂလာပြု၍ အဘိုးအို ဦးမင်းရောင်နှင့် ကိုထွန်းမြတ်တို့ သံဃာတော်များ ဆွမ်းကပ်ရန် ချက်ချင်း စီစဉ်ရတော့သည်။

* * *

[၅]

'အိမ်ကြမ်းမြေကြမ်း ဆိုတာ အလွယ်ဆုံး ရှင်းပြရရင် အခြောက် အလှန့်များတဲ့အိမ်ကို ပြောချင်တာပဲ။ အဲဒီလို အိမ်မျိုးမှာ နေမိပြီး ဝယ်မိပြီး ဆိုရင် ဒီလိုလုပ်ပါ ဒကာထွန်းမြတ်။

ပဌာန်း ၂၄ ပစ္စည်းကို (၃)ပါအစီ ကြေးပြား ပေါ်မှာ ရေးပါ။ ပုလင်းလွတ်တစ်လုံးမှာ ပြီးထည့် (၃)ပါအစီရေးထားတဲ့ကြေးပြားကို လိပ်ပြီး ထည့်ပါ။

၂၄ ပစ္စည်းဆိုတာ (၈)ပုလင်းဖြစ်ပါတယ်။ (၃)ပါဒ တစ်ပုလင်းစီပေါ့ဟုတ်လား။ အိမ်း အိမ်ရဲ့ ရှစ်ထောင့်မှာ လူရှစ်ယောက်က မြေကျင်းတစ်ကျင်းစီ ကိုင်ပြီး ရပ်စောင့်နေရမယ်။

ပင့်သံဃာတော်တွေကို ဆွမ်းကပ် တရားနာပါ။ သံဃာများ ပရိတ်ရွတ်ပြီးတာနဲ့ ကမ္မဝါ ဖတ်ရပါမယ်။

ပြီးတာနဲ့ အမျှဝေပြီးချိန်မှာ လူရှစ်ယောက်က ၂၄ ပစ္စည်း (၃)ပါအစီ ထည့်ထားသော ပုလင်းများကို ကျင်းထဲမှာ တစ်ပြိုင်နက် တစ်ချိန်တည်း မြှုပ်စေပါ။ ကြားလား ဒကာရဲ့'

ဆရာတော်သည် ကြိုတင်စီစဉ် မိန့်ကြားပေးလိုက်ပါသည်။ ရွာဦး



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်များ ကြွရောက်လာပြီး နောက် စီရင်ဆောင်ရွက်ခဲ့ပါသည်။

ကိုထွန်းမြတ်တို့မိသားစု တစ်စုလည်း ဒီခြံကြီးမှ ကွယ်လွန်အနိစ္စရောက်ခဲ့သော မဝက်မနှင့် သားသမီးနှစ်ယောက်ကို အရုပ်ရုစ်မျက်နှာသို့ လှည့်၍ ကြားသိအောင် အမျှတန်းဝေပါသည်။

'တစ်ချိန်က ဒီခြံရဲ့ ပိုင်ရှင်ဖြစ်ခဲ့ဖူးသော ဒေါ်ဝက်မနဲ့သားသမီးများ သင်တို့ တာဝန်ကျုပ်တို့ ယူခဲ့ပြီ၊ သင်တို့ လွတ်ရာကျွတ်ရာသို့ သွားလိုရာ သွားနိုင်ပါပြီ။

သင်တို့အတွက် ကျုပ်တို့က အလှူဒါနယနေ့ လုပ်ပေးလိုက်ပါပြီ။ သင်တို့ ကျုပ်တို့ အလှူဒါနပြုတာ လက်ခံကြောင်း အသိအမှတ်တစ်ခုပြပေးပါ။

အားလုံး ကြားကြားသမျှ အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင်တံငါကွန်၊ မြောက်မုတ်ကြယ်၊ အထက်ဘဝဂ်၊ အောက်အဝီစိ၊ (၃၁)ဘုံ၊ အနန္တစကြဝဠာဝေနေယျ သတ္တဝါ အမျှရကြစေ အမျှဝေလိုက်ပါပြီ အမျှ… အမျှ…အမျှ'

'သာဓု…သာဓု…သာဓု'

ထိုနံရောအခါ အိမ်တံခါးဝရှိ သစ်တိုပင်ကြီးဆီမှ သစ်ရွက်သစ်ခက်များ လေကြမ်း မတိုက်သော်လည်း နံနက် (၇)နာရီအချိန် လှုပ်ခတ် လှုပ်ရှားသွားလေသည်။

'ကဲ…ကဲ ဒကာထွန်းမြတ်နဲ့ ဒကာမမြင့်ခင်တို့ ယနေ့မှစပြီး အခြောက်အလှန့်မရှိတော့ဘဲ ကောင်းစွာ နေနိုင်ပါပြီ'

ရွာဦးဆရာတော် ဦးနန္ဒသူရိယက မိန့်ကြားလိုက်ပါသည်။

'အဲဒီလိုပဲ စာရေးဆရာရေ…'

ဦးထွန်းမြတ်ကို သန်လျင် ပဲခူးစုနှင့် ဘောလုံးကွင်း မြို့မဈေးသစ်ကြီးထိပ်မှ လက်ဖက်ရည်ဆိုင်တွင် ဆုံစည်းခဲ့ကြ၏။

ကျွန်ုပ်၏ လုပ်ဖော်ကိုင်ဖက်ကိုကျော်သူက မိတ်ဆက်ပေးမှုကြောင့် ထူးဆန်းသော ခြံကြီးအကြောင်း စကားလက်ဆုံရာမှ ဖြစ်ရပ်မှန်ကို သိခဲ့ရ၏။

'ဦးထွန်းမြတ်တို့ လက်ရှိ အခြေအနေကို ဘာထူးပါသေးသလဲ'

'ယနေ့အထိတော့ အခြောက်အလှန့် မရှိတော့ပါဘူး။ ဆရာတော်ကြီးရဲ့ ဩဝါဒစရိယအစီရင်ရ အန္တရာယ်ကင်း ဘေးရှင်းလို့ နေပါပြီ။

ပန်းဂေါ်ဖီ၊ မုန်လာ၊ ဂေါ်ဖီထုပ်၊ ဘူးသီး၊ ခရမ်းသီး၊ မုန်ညင်းရွက်ခြံလုပ်ငန်းနဲ့ အသက်မွေးဝမ်းတာ အဆင်ပြေတယ်ပေါ့ဆရာ၊ ဆရာ ကျုပ်တို့ခြံလာလည်ဖို့ ဖိတ်ခေါ်ပါတယ်'

'ဩော်… ကျေးဇူးတင်ပါတယ်။ ကျုပ်တို့သိရတာက သောက်တော်တွင်းကသာ ရှေးမင်းများ ရေတော်ဆက်ရတာပါ'

'ဟုတ်ပါတယ် အားလုံးနဲ့ ဆိုင်ပါတယ်။ ဒါကတော့ အယူသီးတာ မဟုတ်ပါဘူး။ ရတနာသုံးပါး သောက်တော်ရေ ဆက်ကပ်လှူဒါန်းရင် သက်ဆိုင်ရာတွေကိုလဲ ရေတော်ဆက်တာ မဟုတ်ပါဘူးဆရာ'

'ဩော်… ဟုတ်လိမ့်မယ်ပေါ့၊ ဟုတ်လိမ့်မယ်ပေါ့'

မှန်တော့ မှန်၏။ ရေကုသိုလ်ဆိုတာ အရာခပ်သိမ်း လိုပေ၏။ ဆရာတော်၏ နည်းနိဿရည်းသည် အခြောက်အလှန့်များသည့် အိမ်ကြမ်း၊ မြေကြမ်း အတွက် အလွန်တရာ သဘာဝကျ အသုံးတည့်လှပါသည်။

***သုခိတာ ဟောထ ဒုက္ခမုဥ္စထ***

**ကောင်းဟိန်း(ကျွန်းသစ်)**

စာမျက်နှာ (၂၂၀)မှ အဆက်

ယခုမှ နေရှိရာ **"မနက်ပိုင်း အရှေ့ဘက်၊ ညနေပိုင်း အနောက်ဘက်"** တို့ကို မျက်နှာမူပြီး နေမင်းဓာတ်ကို ယူ၍ စိပ်ခြင်းမှာ မည်သည့်အတွက်ကြောင့်ဖြစ်ကြောင်း ထိုဆောင်းပါးတွင် ရှင်းပြမထားသဖြင့် ကျွန်တော်လည်း ရှင်းမပြတတ်ပါ။

စာရှုသူများ၊ ပညာရှင်သုတေသီများက တတ်သိလေ့လာထားသမျှ မိမိတို့ အတွေးအမြင် အတွေ့အကြုံများကို**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**သို့ရေးကာ ပေးပို့ကြပါရန် ပန်ကြားအပ်ပါသည်။

ကျွန်တော် စဉ်းစားမိပုံ

ဂါထာ၏ အဓိပ္ပါယ်တွင် **"ဤလောက၌ ဖြစ်သည်ရှိလျှင်၊ ပျက်သည်လည်း ရှိသည်"** ဟု အဓိပ္ပါယ်ရရှိရာ လူတို့၏ ခန္ဓာကိုယ်၌ ဖြစ်ပေါ်နေသော ရောဂါများသည် **"ဖြစ်ပြီးလျှင် ပျက်သည်၊ (သို့မဟုတ်) ပျောက်သည်"** ဟူ၍ အဓိပ္ပါယ်ရရှိပါသည်။

ဤသို့ဆိုလျှင် ဤဂါထာနှင့် ပုတီးစိပ်နည်းကို အရေပြားပေါ်၌ ဖြစ်သော ရောဂါများသာမက အခြားနေရာများ၌ဖြစ်သော ကိုယ်ဖောကိုယ်ရောင်ရောဂါ၊ အဆုတ်နာရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ၊ အစာအိမ်ရောဂါမှ စ၍ ကင်ဆာရောဂါအဆုံး လရှည်၊ နှစ်ရှည် ရောဂါခံစားနေရသူများလည်း ယုံယုံကြည်ကြည် နည်းလမ်းမှန်မှန် ပုတီးစိပ်ပါက အချိန်ကာလတစ်ခုတွင် ခံစားနေရသော ရောဂါများ သက်သာရုံသာမက လုံးဝပျောက်ကင်းသွားမည်ဟု စဉ်းစားမိပါသည်။

ပုတီးမစိပ်မီတွင် ဘုရားရှိခိုးခြင်း၊ ငါးပါးသီလခံယူခြင်းတို့တော့ပြုရပါမည်။

ထို့ကြောင့် အရေပြားပေါ်တွင် ဖြစ်ပေါ်သော ရောဂါရှိသူများနှင့် အခြားရောဂါရှိသူများ လိုအပ်ပါက ကျင့်ကြံအသုံးပြုနိုင်ရန် ရည်ရွယ်၍ မြသပိတ်တောင်ခြေက သူတော်စင်ရသေ့လေးပေးခဲ့သော "လုဇ္ဇတိ၊ ပလုဇ္ဇတိ" ဂါထာအကြောင်းကို ကိုယ်တွေ့ဖြစ်ရပ်များနှင့်အတူ မေတ္တာရှေ့ထား၍ မျှဝေဖော်ပြလိုက်ပါသည်။

**မောင်ကံ(တံတားရွာ)**

www.burmeseclassic.com



အကာကြီးဘုရားပုံတော်

# အကာကြီးဘုရားနှင့် သိုက်နန်းရှင်

စောလွှသွင်
(မြောက်ဦး)

အကာကြီးဘုရားသည် မြောက်ဦးမြို့မှ မြောက်ဘက် (၉)မိုင်ခန့်အကွာ ရန္တနဒီခေါ် ရမ်းချောင်းမြစ် လက်ယာဘက်ကမ်း၊ မြောက်ဦး–ကျောက်တော်ကားလမ်းအရှေ့ဘက် (၁)ဖာလုံခန့်အကွာတွင် တည်ရှိပါသည်။

အဆိုပါ ဘုရားကြီးသည် တိမ်ညိုတံတား၏ တောင်ဘက်(၁)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။

အကာကြီးဘုရားဟု ခေါ်တွင်ရခြင်းမှာ ကောဇာ ၂၄၉ ခုနှစ်တွင် မဟာတိုင်းစန္ဒြားမင်းကြီးသည် ဝေသာလီမြို့ကို တည်ခဲ့စဉ်က ကုလားရန်ကို ကာကွယ်ရန်အတွက် အကာဘုရားအဖြစ် တည်ထားခဲ့ရာမှ အစပြု၍ "**အကာကြီး**" ဘုရားအဖြစ် စတင် ခေါ်တွင်လာခြင်းဖြစ်ပါသည်။

မြောက်ဦးခေတ်တွင် ဘုရင်မင်းစောမွန်သည် ကောဇာ ၇၉၂ ခုနှစ်တွင် မြောက်ဦးမြို့ကို စတင်တည်ထောင်ခဲ့စဉ် အကာကြီးတစ်ရာတွင် အပါအဝင်အဖြစ် တည်ဆောက်ခဲ့ခြင်းကို မြောက်ဦးမြို့တည် ယတြာကျမ်းနှင့် မြောက်ဦးမြို့တည် လင်္ကာမှ ကောက်နုတ်ဖော်ပြပါမည်။

'...စောမွန်မင်းကြီးလည်း ဟူးရားတတ်၊ သိုက်တတ်၊ နိဒါန်းတတ် ပညာရှိတို့နှင့် တိုင်ပင်တော်မူ၍ မြောက်ဦးမြို့တော်၏ အရပ်လေးမျက်နှာ၊ ရှစ်မျက်နှာတို့၌ အင်းမှုန်တို့ချ၍ ရန်ကာအဖြစ် တည်တော်မူလေသည်။

သက်တော်ရှစ်ဆယ်အင်း၊ အဋ္ဌမုတ်အင်း၊ ဗီလာမုတ်အင်း၊ စတုရင်္ဂဗလအင်း၊ ပထဝီဇေယျအင်း၊ အဋ္ဌသာဒါအင်းတို့ကို ချ၍ ပါရာကျမ်း၊ ဓာတ်နမန္တာကျမ်းတို့နှင့်အညီ တည်ဆောက်ခဲ့လေသည်။

အကာကြီးတစ်ရာနှင့် အကာငယ်တစ်ထောင်တို့ကိုလည်း မြို့နှင့် မြို့ပရိုဟိတ်တို့၌ အင်းချ၍ တည်တော်မူလေ၏။ မြို့ချောင်းတို့ကို အင်းအိုင်မှုန့်ချ၍ တည်တော်မူ၏။ ရန်သူတို့ မနှောင့်ယှက်နိုင်စေရန်လည်း နတ်ရှစ်ရပ်နှင့် ဘုရားငါးရပ်တို့ကို အင်းအိုင်မှုန့်ချ၍ နှစ်တစ်ရာ ကိန်းထား၍ တည်တော်မူလေ၏။

ထိုသို့ပြုလုပ်ပါက ပြည်၏ အသက်ရှည်လိမ့်မည်။ ပြည်၏ တန်ခိုးရောင်ဝါလည်း ထွန်းလင်းလိမ့်မည်။ အဆိုပါ အင်းတို့ကိုလည်း "ဥမ်တုပ္ပိအေဝရက္ခတု နိုင်ဆရာနိုင်၊ ထဆရာထ"ဟူသော မန္တရားဖြင့် တစ်ထောင်ပြည့်အောင် ရွတ်ရမည်'

ဟူ၍ ရေးသားထားပါသည်။

မြောက်ဦးမြို့တည် လင်္ကာတွင်ကား...

'...ခုနစ်ရာကိုးဆယ်၊ စွန်းဝယ်နှစ်သော်၊ လတော်သလင်း၊ လျှံဝင်းထွန်းသီး၊ ထွက်ပြီးနေ့တက်၊ ဆန်းတစ်ရက်၌၊ မြောက်ဦးမြို့သာ၊ တည်ခြင်းရာကား၊ သိုက်စာနိဒါန်း၊ ကိန်းခန်းပါရာ၊ စက်ချရာ၌၊ ဆရာသမား၊ ခုနှစ်ပါးတို့၊ သူရော်ဇေယျ၊ အဋ္ဌသာဒါ၊ နမန္တာနှင့်၊ စူဠာမုနိ၊ ညီရှိထွက်သော်၊ ဒါကောင်းကျော်တွင်၊ ထုတ်ဖော်မှုန့် ကောင်းကြံ့သင့်ညီ၊ ပထဝီ ဇေယျာ၊ သက်တော်ရှစ်ဆယ်၊ အင်းကိုး သွယ်နှင့်...

• အလယ်အဋ္ဌမုတ်၊ ဗီလာဘုတ်နှင့်၊ စတုရင်္ဂပါတ်၊ စသည်မပြတ်၊ တံဆိပ်ခတ်၍၊ ငါးရပ်ဘုရား၊ နတ်ကားရှစ်ထောင့်၊ အစောင့်ထားထွေ၊ ပူဇော်ပေမှု၊ ကျက်သရေအိုင်၊ နိမိတ်တိုင်တွင်၊ ချည်ခဲ့ကျင်ပြီး၊ ရေစီးသင့်မူ၊ ရလုရလက်၊ မပျက်ဦးခေါင်း၊ မြောက်ဦးချောင်းကို၊ ပေါင်း၍ဝက်သို့၊ တောင်ညိုကုဋ္ဌား၊ နှစ်ပါးတို့၌၊ ဘုမ္မိနက်သန့်၊ မြေကြန့်သင့်ရာ၊ ယင်းသည်မှာလည်း၊ အကာအင်းသေ၊ ထားထုံးမှ...

www.burmeseclassic.com

တည်ထွေပြိုနန်း ကန်စန်းကန်လင်၊ တစ်ထောင်သက်ကို၊ မပျက်ထိုရော်၊ ဆက်တက်သော်ကား အရာထောင်သောင်း ကျိန်းခန်းကောင်း၏ အကြောင်းတမူ ဂူနန်းအဟန်၊ တောင်စွန်းနှုတ်သီး အမြီးခြေလက်၊ မြို့ငါးခက်ကို ဆက်လက်တုံထွေ ရှောင်းရေမခန်း မြောင့်တန်းသန်းကူး မြောက်ဦးဝေသဲ၊ တွဲတုံလည်ပင်း ပြိုင်းလျှင်းမှ၊ လေးစင်လွန်ကိုင်၊ တောင်မြောက်ဆိုင်၍ တိုင်ကားမောင်းဆွဲ၊ ဆက်ကဲတစ်ထောက်၊ ငဲရကောက်က၊ ခေါက်လက်တုံထွေ၊ အုန်းထွေအုန်းချောင်း စလောင်းကျောက်ဆင်…

ဥတူးတွင်မေ၊ တင်လေယင်းမှာ၊ ချည့်ခဲ့ပါမှ မြောက်မှာနတ်ကြီး မိုးသည်တိုင်မှ၊ တူကွမြင်းမိုရ်၊ နှုိက်ရချည်းအုတ်၊ သီရိကုတ်နှင့်၊ တုတ်၍သုံးချက်၊ မြစွာကြက်မှ၊ ထွက်လတ်သရော်၊ ကျောက်တော်ပေမြို့ ထိုသို့စည်ထား ကျောက်လှေကား၌၊ ဘုရားငင်းခါ၊ ပေါင်းတုံလှာမှ၊ မြတ်စွာသင်းကျစ်၊ ချည်ပတ်မကွာ၊ လက်ကာတောင်ခြေ ဆိုက်လေယင်းတွင်၊ ရှင်ပင်ပဟာမှတ်၊ ပိဋကတ်ကို…

မပြတ်ကြည်ခင်၊ များဖျင်လူများ ဆင်ကားသောင်းပြည့်၊ မြို့၏နောက်ဘက်၊ ဒလက်တောင်ခြေ၊ ပကာမေနှင့်၊ ဒိုင်းကျိုဒိုင်းကျာ၊ ကနရာကို၊ ပတ်ကာချည်တွဲ၊ တစ်စခွဲ၍၊ ပိန္နဲနတ်တောင်၊ ဆောင်ခဲ့တုံထွေ၊ ဆိုက်လေယင်းက၊ စိုင်းဝစိုင်းပြင်း ပတ်ဝင်ချော်ချောင်း တစ်ကြောင်းရမ်းဝ၊ ကဒဝတွင်၊ များလှအိမ်ခြေ၊ တားထွေရစ်သိမ်း မူဒိမ်းနကံ၊ ကျောင်းကန်ဘုရား ယင်းဝယ်ထားသည်၊ မှတ်သားတံဆိပ်တစ်တန်တည်း'

ဟူ၍ မြို့တည်ပုံ၊ အင်းချပုံ၊ ယတြာပြုပုံတို့ကို ရေးဖွဲ့ထားပါသည်။

ဝေသာလီခေတ်က မဟာတိုင်းစန္ဒြားမင်းကြီး ရန်ကာအဖြစ် တည်ခဲ့သော ဤအကာကြီးဘုရားကြီးကို မြောက်ဦးခေတ်တွင်လည်း ဘုရင်မင်းစောမွန်၊ ဘုရင်မင်းဗာကြီး၊ ဘုရင်



▲ အကာကြီးဘုရား

မျက်နှာတော်အား မှုမြော်ရပုံ

မင်းဖလောင်း မင်းရာဇာကြီး စသောရခိုင်မင်းအဆက်ဆက်တို့သည် မြို့တည် အကာတစ်ရာတွင် အပါအဝင်ဘုရားတစ်ဆူအဖြစ် ဂန္ဓာရီအစီအမံတို့နှင့် တည်ဆောက်ခဲ့ကြောင်း သိရပါသည်။

## ဘုရားကြီး၏မုဒြာနှင့် အတိုင်းအတာပမာဏ

အကာကြီးဘုရားမှာ ဝေသာလီခေတ်လက်ရာ ဝေသာလီခေတ်ဟန်ဖြစ်ပြီးနောက် မြောက်ဦးခေတ်မင်းတို့လည်း ပြုပြင်ထားကြသဖြင့် မြောက်ဦးခေတ်ဟန်သို့လည်း နှီးနွှယ်နေပါသည်။

အနောက်ရန်ကာ ဘုရားကြီးတစ်ဆူဖြစ်၍လည်း အနောက်ဘက်သို့ တမင်မျက်နှာမူ၍ တည်ထားခဲ့ခြင်း ဖြစ်ပါသည်။

ယင်းဘုရားကုန်းမြေတွင် ဘုရားငါးဆူရှိ၍လည်း ဘုရားငါးဆူဟူ၍လည်း အမည်ပြုကြပြန်သေးသည်။ ဘုရားငါးဆူစလုံးမှာ အနောက်ဘက်သို့ချည်းလှည့်၍ တည်ထားခြင်းကလည်း တစ်မျိုးတစ်ဖုံ ဆန်းကြယ်နေပါသည်။

ဘုရားရှင် ထိုင်တော်မူဟန်မှာ "**အဒ္ဓပလ္လင်္ကသန**"ထိုင်တော်မူပုံဖြစ်ပြီး မုဒြာမှာ "**ပဇက်**"မုဒြာဖြစ်လေသည်။ ရှေးဟောင်း သတ္တုရုပဗိသုကာကျမ်းလာအတိုင်း ဒီဃ(၅)ပါး၊ အတောင်(၅)ပါး၊ အထွာ(၂၂)ပါး၊ မုယော(၁၅)ပါး၊ မိုက(၁၃)ပါး၊ ဖြူး(၃)ပါး၊ ချပ်(၃)ပါး၊ ဝန်း(၃)ပါး စသည့် အချိုးအစားများနှင့် ညီညွတ်စွာ ထုလုပ်ထားကြောင်း တိုင်းတာ ဖူးတွေ့ရပါသည်။

## အကာကြီးဘုရား၏ အတိုင်းအတာပမာဏ

ဘုရားရှင်၏ အတိုင်းအတာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ဉာဏ်တော်အမြင့် (၇)ပေ
၂။ မျက်နှာတော် (၁)ပေ(၆.၅)လက်မ
၃။ နားတော်အရှည် (၁)ပေ(၁)လက်မ
၄။ နှာခေါင်းတော်အရှည် (၇)လက်မ
၅။ လက်မောင်းတော် ပတ်လည် (၃)ပေ(၃)လက်မ
၆။ ဒူးစွန်းနှစ်ဖက်အကျယ် (၆)ပေ(၁)လက်မ
၇။ ဖဝါးတော်အရှည် (၁)ပေ(၉.၅)လက်မ
ရှိပါသည်။

## အကာကြီးဘုရားအနီးမှ ပရလောကသားများ

မြောက်ဦးမြို့နယ် အောက်သကန်ကျေးရွာ၌ ဦးကုလားဖြူဆိုသူ တစ်ဦးရှိလေ၏။ သူသည် ယခုအခါ အသက်(၈၀)နှစ်ရှိပြီး ရောပိုင်းသို့ပင် ရောက်နေလေပြီ။

သူ့တွင် သမီးကြီး(၄)ယောက်နှင့် သား(၁)ယောက် ထွန်းကားခဲ့လေ၏။ သားမှာ အငယ်ဆုံးဖြစ်ပြီး တစ်ဦးတည်းသောသားလည်း ဖြစ်ပြန်သဖြင့် မျို



www.burmeseclassic.com

www.burmeseclassic.com

ထားကောင်းမတတ် မိဘနှစ်ပါးမှာ ချစ်ခင်ကြလေ၏။

သားငယ်အမည်မှာ **မောင်သာရွှေစိန်**ဖြစ်လေသည်။ မောင်သာရွှေစိန်မှာ ယခုအခါ အသက်(၄၀)နှစ်ခန့်ရှိလေပြီ။ မောင်သာရွှေစိန် လူပျိုပေါက်စ(၁၆)နှစ်အရွယ်တွင် မိဘ၏လုပ်ငန်းဖြစ်သော လယ်ယာလုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်ရ၏။

သူတို့၏လယ်မြေမှာ အကာကြီးဘုရားကုန်း၏ မြောက်ဘက်ကိုက်(၂၀)ခန့်အကွာတွင် ရှိပါသည်။ မောင်သာရွှေစိန်ကား အသားဖြူဖြူ၊ နှာတံပေါ်ပေါ်နှင့် ဥပမိရုပ်ကောင်းကောင်းနှင့် ယောကျ်ားပီသပြီး မိန်းမများ စွဲမက်လောက်သော ယောကျ်ားပျိုလေး တစ်ဦး ဖြစ်ပြန်သည်။

သူ့ကို သူတို့နေထိုင်ရာ အောက်သကန်ကျေးရွာမှ အပျိုချောများ တောင်မက အနီးအနားကျေးရွာများ ဖြစ်သော ဘူးရွက်မညိုးကျေးရွာနှင့် လက္ကာ၊ တိမ်ညိုကျေးရွာများမှ အပျိုချောများပါမကျန် သူ့ကို မြင်က သမင်လည်ပြန်လှည့်၍ မကြည့်သူတောင် မကျန်အောင်ထိ ချစ်ခင် သဘောကျကြသည်။

သို့သော် သာရွှေစိန်ကား သူတို့ကို အလေးလည်းမထား၊ အရေးလည်း မစိုက်ပေ။ သူကား မိအိုဘအိုများကိုသာ သေတစ်ပန်သက်ဆုံး လုပ်ကျွေးပြုစုပါတော့မည်ဟု သန္နိဋ္ဌာန်ချထားဟန်တူပါသည်။

သို့သော် ကံကြမ္မာဆိုသည်မှာ မျက်စိဖြင့် မြင်နိုင်စွမ်းရှိသည်ကား မဟုတ်ပါချေ။ မောင်သာရွှေစိန်၏ ကံကြမ္မာသည်လည်း တစ်မျိုးတစ်ဖုံ ဖန်တီးလာခဲ့ချေလေပြီ။

လွန်ခဲ့သော နှစ်(၂၀)ကျော်ခန့်က



◆ အကာကြီးဘုရား ဝဲဘက်ရှိ
အင်္ဂုတ်ဆောင်တော်တစ်ဆူ

ဖြစ်ပါသည်။ ထိုထက် အတိအကျဆိုရသော် ခရစ်နှစ် ၁၉၈၅ ခုနှစ်၊ ဖေဖော်ဝါရီလ ဖြစ်ပါသည်။

မောင်သာရွှေစိန်သည် တစ်ညနေတွင် အညောင်းအညာသဘောဖြင့် အနီးအနား လယ်ယာလုပ်ငန်းခွင်မှ သူငယ်ချင်းအပေါင်းအသင်း (၃,၄)ဦး တို့နှင့် ယစ်ရွှေရည် သောက်စားကြ၏။

ထို သူငယ်ချင်း(၃,၄)ဦးတို့တွင် မောင်သာရွှေစိန်ကား အလျင်ဆုံး မူးသွား၍ ည(၇)နာရီခန့်ကပင် အိပ်ပျော်သွားလေပြီ။

ယင်းနေ့ (၈)နာရီခန့်တွင် သာရွှေစိန်၏သူငယ်ချင်းတို့သည် တစ်သက်နှင့် တစ်ကိုယ်တွင် တစ်ခါရံထူးမျှ မနံဘူးသော အပုပ်နံ့ အနံ့ဆိုးတစ်ခုကို ရှူရှိုက်ကြရလေ၏။ ပြီး တစ်နာရီခန့် အကြာတွင် အလွန်မွှေးကြိုင်သော အမွှေးရနံ့တစ်ခုကို ရှူရှိုက်ကြရလေ၏။

ထိုအခါ သူ၏ သူငယ်ချင်းများမှာ ဤအကာဘုရားကြီး ပရိဝုဏ်အနီး၌ ဥစ္စာစောင့်မ,မငွေလှိုင် ရှိသည်ဆိုသော သတင်းကို သိုးသိုးသန့်သန့် ကြားထားပြီး ဖြစ်ရကား ကြက်သီးမွေးညင်းထကာ ကြောက်ဒူးတုန်ကြလေသည်။

ထိုနေ့(၉)နာရီခန့်အချိန်တွင် သူတို့ သောက်စားကြရာ တလင်းပြင်၏ အရှေ့ဘက် (၁၀)ကိုက်ခန့်အကွာရှိ ကောက်ရိုးပုံပေါ်မှ အလင်းတန်းတစ်ခုကို ပြွန်းစားကြီး မြင်လိုက်ကြရသည်။

ထိုအလင်းတန်းမှ အလွန် ကြောက်စရာကောင်းသော အရုပ်ဆိုး အကျည်းတန်သည့် သတ္တဝါကြီးတစ်ကောင် ဖြစ်သွားပြီး ထိုသတ္တဝါကြီးသည် တဖြည်းဖြည်း ထန်းပင်ပမာဏခန့် ရှည်သွားသည်ကို မြင်တွေ့ကြရသည်။

ထိုသူတို့မှာ ကြောက်အားနှင့် ငယ်သံပါအောင် အော်ဟစ်လိုက်ကြလေသည်။ အနီးအနားရှိ တလင်းများမှ လူများရောက်လာမှ အဆိုပါ ပရလောကသားသည် ပျောက်ကွယ်သွားသည်ဟု သိရပါသည်။

နောက်တစ်နေ့ ညနေတွင် မောင်သာရွှေစိန်သည် မောမောနှင့် အိပ်မပျော်တပ်၊ ပျော်တပ်တွင် အလွန်မွှေးကြိုင်သော ရနံ့များနှင့်အတူ အသက်(၂၀)ဝန်းကျင်ခန့် ရှိမည်ဟု ထင်ရသော ထဘီအစိမ်း၊ အင်္ကျီအစိမ်းနှင့် ပန်းစိမ်းပန်ဆင်ထားသော အလွန်တရာ ချောမောသော အမျိုးသမီးတစ်ဦးသည် ရုတ်တရက် ဝင်ရောက်လာပြီး သူ၏ ခြေရင်းမှနေပြီး...

'မောင်ကြီးနဲ့ အကျွန်ုပ်ဟာ ရှေးနှစ်တာတိုင်တိုင် ပေါင်းသင်းနေထိုင်လာခဲ့တဲ့ အကြင်ဇနီးမယား မငွေလှိုင်ဖြစ်ပါတယ်။

ယခု ဤဘဝမှာလဲ အတူတူ ပေါင်းသင်းနေထိုင်ရအောင် မောင်ကြီးကို လာခေါ်ခြင်းဖြစ်ပါတယ်။ မောင်ကြီး အခုလို ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်စားသောက်ရတာကို အကျွန်



www.burmeseclassic.com

www.burmeseclassic.com

မှုဆိတ် မမြင်ရက်ပါ။

အကျွန်နဲ့ မောင်ကြီး အတူတူနေရရင် မောင်ကြီးဟာ တင့်တောင်းတင့်တယ် နေရမှာပါ။ မောင်ကြီး အကျွန်နဲ့ ပေါင်းသင်းနေ့ မနေ့ဆိုတာကို တစ်ညတာ စဉ်းစားပါတော့ အကျွန် မနက်ဖြန်ဆက်ဆက်လာခဲ့ပါ့မယ်' ဟု ပြောဆိုပြီး လှည့်ပြန်သွားကာ ပျောက်ကွယ်သွားလေသည်။

ယခင်က ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားခဲ့သော သာရွှေစိန်မှာ ရှေးဘဝပဌာန်းဆက်ကြောင့်ဟု ဆိုရမလား၊ ရေစက်ကြောင့်ဟု ဆိုရမလား မနေ့ညနေက အိပ်မက်လိုလို၊ တကယ်လိုလို မြင်တွေ့လိုက်ရသော မငွေလှိုင်ကို စိတ်ဝင်စားသလိုရှိလာ၏။


သွားလည်း ဤစိတ်၊ စားလည်း ဤစိတ်၊ အိပ်လည်း ဤစိတ်ဖြစ်လာခဲ့၏။ အချိန်တိုင်း အချိန်တိုင်းမှာ အိပ်မက်ထဲက မငွေလှိုင်နှင့် ပတ်သက်ပြီး စိတ်လှုပ်ရှားလာခဲ့သည်။

အသည်းဘဝင်ထဲ စွဲနစ်လာသည်။ တစ်ခါမျှ မခံစားဘူးခဲ့သော အချစ်ရောဂါ ဝေဒနာတစ်ရပ် ဖြစ်လာခဲ့သည်။

မငွေလှိုင် ပြောသွားသည့်စကားများကို သာယာသလိုလို၊ ကြည်နူးသလိုလို ခံစားမိသည်။ မငွေလှိုင်နှင့် အခုပင် ပြန်တွေ့လိုက်ချင်သည်။ သူမ ချိန်းထားသည့် ညနေကိုပင် မစောင့်ချင်တော့၊ တတ်နိုင်လျှင် အချိန်များကို ဆွဲချလိုက်ချင်သည်။

နောက်တစ်နေ့ ညနေတွင် သာရွှေစိန်ကား မငွေလှိုင်ကိုသာလျှင် စောင့်မျှော်နေမိ၏။ ထိုနေ့(၉)နာရီခန့်တွင် မငွေလှိုင်သည် သာရွှေစိန်ရှိရာ တလင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့၏။

သူမကား မနေ့ညက ဝတ်ဆင်ထားသည့်အတိုင်းပင် ဝတ်ဆင်ထားပြန်သည်။ မငွေလှိုင်ကို မြင်သည်နှင့် သာရွှေစိန်မှာ ဣန္ဒြေပင် မဆောင်နိုင်ဘဲ ကမန်းကတန်း (ပြုံးစားကြီး) ထသွားပြီး မငွေလှိုင်အနားတွင် သွားရပ်၏။



◆ အကောကြီးဘုရားကို

ကျောက်ပလ္လင်နှင့်တကွ ဖူးမြော်ရပုံ

ပြီး''**မောင်ကြီး မငွေလှိုင်နှင့်အတူနေမည်**''ဟု ဆိုလေ၏။ မငွေလှိုင်ကား တစ်ခွန်းတစ်ပါဒမျှ မဆို၊ ပြုံးပြုံးကြီး ရပ်၍သာ နေတော့၏။

မငွေလှိုင်က ယာလက်ကို ဆန့်ပေးရာ သာရွှေစိန်က မငွေလှိုင်လက်ကို တွဲ၍ လိုက်ပါသွားလေသည်။ သာရွှေစိန်မှာ မငွေလှိုင်၏ ခေါ်ဆောင်ရာနောက်သို့ တကောက်ကောက် လိုက်ပါသွားလေတော့၏။

သာရွှေစိန် ထိုတလင်းမှ ကိုက်(၅၀၀)ခန့်အကွာ တောင်ကမူကလေးတစ်ခုသို့ ရောက်သွားသောအခါ မငွေလှိုင်သည် ဖနောင့်နှင့် တစ်ချက်ပေါက်လိုက်၏။

ထိုအခါ သိုက်နန်းသည် ပွင့်သွားပြီး အထဲ၌ အလွန် လင်းထိန်နေသည်ကို သာရွှေစိန်သည် အလွန်အံ့ဩစဖွယ် မြင်တွေ့ရသည်။ အလွန်ထူးဆန်းနေ၍ သာရွှေစိန်သည် မငွေလှိုင်၏ ခါးကို တင်းကျပ်စွာဖက်၍ သိုက်နန်းထဲသို့ လိုက်ပါသွားလေ၏။

သိုက်နန်းထဲတွင် အရာရာသည် အထူးအဆန်းဖြစ်နေ၏။ သိုက်နန်းတစ်ခုလုံးကိုလည်း ရွှေ ငွေ၊ ကျောက်သံပတ္တမြားတို့ဖြင့် ခြယ်လှယ်မွမ်းမံထားပြန်သည်။ အခန်းကြီးတစ်ခုထဲတွင်ကား အလွန်တရာ ချောမောလှသော အမျိုးသမီးငယ်ကလေး (၂၄)ဦးတို့သည် ခရမ်းရောင်ဝတ်စုံ ဆင်တူဝတ်ဆင်လျက် ယိမ်းအကဖြင့် သူတို့အား ဖြေဖျော်တင်ဆက်ကြ၏။

အမျိုးသမီးငယ်တို့တွင်လည်း လက်ဝတ်လက်စား ခါးကြိုးဒွါဒရာများ အပြည့် ဝတ်ဆင်ထားကြပြန်သည်။ ပြီးလျှင် သူ့အား မငွေလှိုင်သည် အခန်းတစ်ခုထဲသို့ ခေါ်သွားလေ၏။

ထိုအခန်းမှာ ကျောက်မျက်ရတနာတို့ဖြင့် ခြယ်လှယ်ထားသော အိပ်ခုတင်တစ်လုံးရှိသည်။ ထိုခုတင်၌ သာရွှေစိန်နှင့် မငွေလှိုင် အိပ်ရန်ဖြစ်သည်ဟု မငွေလှိုင် ပြောပြချက်အရ သာရွှေစိန် သိရပါသည်ဟု ဆိုပါသည်။

ထို့နောက် တစ်လုံးပေါ် တစ်လုံး ဆင့်၍ တင်ထားသော သေတ္တာကြီး(၃)လုံးကို မငွေလှိုင်က သူမ၏ တန်ခိုးနှင့် ဖွင့်ပြလေသည်။

သေတ္တာများထဲတွင်ကား သူတစ်သက်နှင့်တစ်ကိုယ်တွင် တစ်ခါမျှ မမြင်ဘူးသော ကျောက်သံပတ္တမြားများ အပြည့်ဖြစ်လေသည်။

ဖွင့်စတွင် ကျောက်သံပတ္တမြားများမှ ထွက်သောအရောင်ကြောင့် သူ၏ မျက်စိမှာ ကျိန်းစပ်သွား၍ မျက်စိကို မှိတ်ထားလိုက်ရသည်။

ထို့နောက် မငွေလှိုင်က **မောင်ကြီး**



www.burmeseclassic.com

www.burmeseclassic.com



◆ အကာကြီးဘုရား၊ သိမ်တော်အား အဝေးမှ မှုတွေ့ရပုံ

**နှင့် အကျွန် ပေါင်းသင်းနေထိုင်မည် ဆိုက ဤ ရတနာအပြည့်ပါသော သေတ္တာတစ်လုံးကို မောင်ကြီး၏ မိဘများကိုပေးပါမည်''**ဟု ဆို၏။ ထိုနေ့ညတွင် သာရွှေစိန်သည် အဆိုပါ အခန်းထဲတွင် နှစ်ဦးသား အတူအိပ်ကြလေသည်။

မိုးလင်းသည်နှင့် သာရွှေစိန်သည် သစ်ပင်ကြီး တစ်ပင်အောက်တွင် ကွေးကွေးကလေး အိပ်ပျော်လျက်ရှိသည်ကို သူ၏ အဖော်သူငယ်ချင်းများက တွေ့ကြလေ၏။

ဤသို့ပင် သာရွှေစိန်သည် ည,ည ကျလျှင် ပျောက်သွားသည်မှာ (၄,၅,၆) လပင် ရှိသွားလေပြီ။ ကြာသော် မိဘများနှင့် ဆွေမျိုးညာတိများက စိုးရိမ်လာကြသည်။

သူ၏ သူငယ်ချင်းများကို သူ့အား စောင့်ကြပ် ကြည့်ရှုကြရန် အကူအညီတောင်းခံချက်အရ သူငယ်ချင်းများ စောင့်ကြပ်ကြည့်ရှုနေသည့် ကြားမှပင် သာရွှေစိန်သည် တစ်ခုမဟုတ် တစ်ခု အကြောင်းပြပြီး ပျောက်သွားတတ်သည်။

မိုးလင်းသည်နှင့် ယခင်တွေ့နေကျ သစ်ပင်ကြီးအောက်တွင် ကွေးကွေးလေး အိပ်ပျော်လျက် တွေ့ရစမြဲ။ သူ ကျောင်းနေကျ ကျွဲ၊ နွားတို့မှာလည်း အချိန်တန်လျှင် နွားတင်းကုပ်ထဲတွင် သူ့အလိုလို ရောက်နေမြဲဖြစ်၏။

တခါတလေ သူသည် တစ်ကိုယ်တည်းလည်း စကားပြောနေ၏။ အမှန်မှာ သူသည် သူ့ချစ်သူ မငွေလှိုင် ရောက်လာပြီး စကားပြောနေခြင်း ဖြစ်သော်လည်း ကျန်လူများက မငွေလှိုင်ကို မမြင်ကြရ၊ အသံမကြားကြရ။

သို့သော် သူ့ကို အခြားလူများက သူရူးလို တစ်ကိုယ်တည်း စကားပြောနေခြင်းဖြစ်သည်ဟု ထင်မှတ်ကြသည်။ ပေါက်တောပြင်၊ ဝေသာလီ၊ လက္ကာ၊ ဘူးရွက်မညီး၊ တိမ်ညို စသော ကျေးရွာများတွင် ဇာတ်ပွဲများ ကသော အခါ မငွေလှိုင်က သာရွှေစိန်ကို ညပွဲ၌ သုံးရန်အတွက် ငွေစက္ကူများ ထုတ်ပေးပြီး အားလုံးကို အကုန်သုံးခဲ့ပါဟု မှာကြားလိုက်၏။

သို့သော် သာရွှေစိန်က အကုန်မသုံးဘဲ ချန်ထား၏။ သူ နှမြော၍ မသုံးခဲ့သော ငွေစက္ကူများသည် မိုးလင်းသည်နှင့် ခေါင်းကပ်စက္ကူများသာ ဖြစ်သွားသည်ကို အံ့သြစဖွယ် တွေ့ရှိရလေသည်။

သူသည် ဤသို့ မငွေလှိုင်နှင့် ပေါင်းသင်းနေထိုင်လာခဲ့သည်မှာ (၄,၅,၆)နှစ်ခန့်ပင် ကြာခဲ့လေပြီ။

ကြာသော် သာရွှေစိန်၏ မိဘများက သူတို့ သားလေးအား ဥစ္စာစောင့်မ သိုက်နန်းသို့ သတ်၍ ယူသွားမည်ဟု စိုးရိမ်လာကြ၏။ ထိုအခါ တတ်သိနားလည်သော ဆရာများထံ အပ်နှံပြီး ဆေးဝါးကုသကြ၏။

ဆေးဝါးကုသရုံနှင့် စိတ်မချသေး၍ သူ့အား ရွာဦးကျောင်းတွင် ရှင်ပြု၍ပင် ထားလိုက်ပြန်သည်။ ထိုသို့ ရှင်ပြု၍ ထားစဉ် တစ်နေ့တွင် ဘုန်းကြီးကျောင်း ဝင်းထဲသို့ မငွေလှိုင် ရောက်လာပြီး မငွေလှိုင်က...

'မောင်ကြီး အကျွန်ကို ကမ္ဘာလောက် သိမ်ချစ်တယ်လို့ တစ်ခါက ပြောခဲ့တယ် မဟုတ်လား။ ဒါတွေကို မောင်ကြီး မေ့သွားပြီလား။

အကျွန် မောင်ကြီးနဲ့ ဝေးနေရမှာကို သိမ်ကြောက်ပါတယ်။ ခုတော့ မောင်ကြီး အကျွန်ကို ရက်ရက်စက်စက် တစ်ယောက်တည်း ထားခဲ့ရက်လေတယ်။

မောင်ကြီး ခုလို ထားခဲ့ခြင်းဟာ အကျွန်ကို ကမ္ဘာလောက် သိပ်စိမ်းကားရာကျပါတယ်။ မောင်ကြီးက အကျွန်ကို မေ့နိုင်ပေမယ့်လဲ အကျွန်က မောင်ကြီးကို ဒီတစ်သက်မပြောနဲ့ ဆယ်ဘဝတိုင် မေ့နိုင်မယ် မဟုတ်ပါ'

ဟု ပြောဆိုပြီး ကျောင်းရင်ပြင်တွင် လူးလှိမ့်ပြီး ငိုကြွေးလေတော့သည်။

ထိုအခါ သာရွှေစိန်ကလည်း...

'ချစ်နှမ မငွေလှိုင်... နှမနဲ့မောင်ကြီး ဒီဘဝမှာ ဒီမျှသာ အကြောင်းပါတယ်လို့ မှတ်ယူလိုက်ပါတော့။ တကယ်လို့များ နောင်ဘဝဆိုတာရှိခဲ့ရင် နောင်ဘဝမှာပဲ ပြန်လည်ဆုံတွေ့နိုင်ပါစေလို့ မောင်ကြီး ဆုတောင်း




www.burmeseclassic.com

www.burmeseclassic.com

# ရုက္ခစိုးနတ်ဂဂို

စိန်ခေါ်ခဲ့သူ

ဩးချမ်းဖော်
(မင်းလှ)



စာရေးသူတို့၏ နေအိမ်သည် ပြည်သူ့ဆေးရုံကြီးနှင့် မျက်နှာချင်း ဆိုင်ဖြစ်ပါသည်။

စာရေးသူတို့ ရပ်ကွက်လမ်း နေအိမ်များသည် တောင်နှင့်မြောက် တန်းထားသည့်အတွက် လမ်းမကြီး၏ အရှေ့ဘက်သည် လူနေအိမ်များဖြစ်ပြီး အနောက်ဘက်သည် ပြည်သူ့ဆေးရုံ၊ ရဲစခန်း၊ လဝက ဦးစီးမှူးရုံး၊ ကုန်သွယ်လယ်ယာရုံး၊ မြန်မာ့စီးပွားရေးဘဏ်၊ စာရင်းစစ်ရုံးများဖြင့် တည်ဆောက်ထားပါသည်။

၂၀၁၅ ခုနှစ်၊ မေလဆန်းပိုင်း ညနေပိုင်း နေဝင်ချိန် ညနေ(၅)နာရီ မိနစ်(၃၀)ခန့်မှာ ဖြစ်ပါသည်။ ရက်ကိုတော့ အသေအချာ မမှတ်မိတော့ပါ။

စာရေးသူ နေအိမ်ဘုရားခန်းဝင်ပြီး ဆီမီး၊ သောက်တော်ရေချမ်း၊ ပန်းများလဲပြီး ပရိတ်တရား၊ ပဋ္ဌာန်းတရားများ ပူဇော်ပြီးသည့်နောက် မေတ္တာပို့ အမျှဝေပြီးသောအခါ အိမ်ရှေ့ခုံတန်းလေးပေါ် ခေတ္တထိုင်နေပါသည်။

ထိုစဉ် စာရေးသူတို့နှင့် မောင်နှမလုခင်မင်သူ ကိုသန်းလွင်တစ်ယောက် ရေးကြီးသုတ်ပျာဖြင့် ဆေးရုံသုံး အသုံးအဆောင်ပစ္စည်း လာရောက်ဝယ်ပါသည်။

စာရေးသူကနေ "အစ်ကိုကြီး ဘယ်သူ နေမကောင်းလို့လဲ"

ဟု မေးသောအခါ... **ချိုကြီးတစ်ယောက် သစ်ပင်ပေါ်က ပြုတ်ကျလို့ ဆေးရုံလာပို့တာ ဖြစ်ကြောင်း၊** နောက်မှ အကြောင်းစုံပြောပြမည် ဖြစ်ကြောင်း...

ယခု ချိုကြီးအခြေအနေက ရန်ကုန်သွားရမည် ဖြစ်သည့်အတွက် အခမဲ့လူနာယာဉ်ငှားဖို့ မည်သို့ ပြုလုပ်ရမည်ကို မသိ၍ ကူညီပေးရန် တောင်းဆိုပါသည်။

စာရေးသူတို့ ညီအစ်မနှစ်ယောက်မှာ အခမဲ့လူနာတင်ယာဉ် ရှိ,မရှိ ကျောင်းသစ်ဆရာတော်ထံ ဖုန်းဖြင့် ဆက်သွယ် အကြောင်းကြား မေးမြန်းပြီး ဆေးရုံ ဆရာဝန်ကြီးထံမှ လွှဲစာကို ယူ၍ ဆိုင်ကယ်ဖြင့် လူနာတင်ကား ထားရှိရာ ကျောင်းသစ်ကျောင်းသို့



www.burmeseclassic.com

www.burmeseclassic.com

ရောက်သွားပါသည်။

စာရေးသူ၏ အစ်မကတော့ အပြန်တွင် လှူနာတင်ယာဉ်ဖြင့် ဆေးရုံသို့ လိုက်ပါလာပြီး စာရေးသူကတော့ ဆိုင်ကယ်ဖြင့် ပြန်လာခဲ့ပါသည်။

ဆေးရုံသို့ ကားရောက်တော့ ကိုချိုကြီးကို လူနာခုတင်ပေါ်မှ လူနာတင် ကတ်ဖြင့် မ,ပြီး ကားပေါ်သို့ တင်ပေးသည့်အထိ ကူညီပေးလိုက်ပါသည်။ ကားပေါ်သို့ ကိုသန်းလွင်လည်း လိုက်ပါသွားပါသည်။

ကိုသန်းလွင်နှင့် ချိုကြီးတို့သည် ညီအစ်ကိုဝမ်းကွဲ တော်ပါသည်။ သုံးရက်,လေးရက် ကြာသော်လည်း လူနာသတင်းကို မကြားသိရပါ။ တစ်ပတ်ခန့်ကြာသော် ကိုသန်းလွင်တစ်ယောက် စာရေးသူတို့နေအိမ်သို့ ရောက်ရှိလာပါသည်။

စာရေးသူမှ...

'ကိုသန်းလွင် လူနာချိုကြီးရဲ့ အခြေအနေ ဘယ်လိုနေသေးလဲ'

ဟု မေးသောအခါ...

'ဒီနေ့ ရက်လည်တယ်လေ၊ အဲဒီအကျိုးအကြောင်းကိုစွတွေ ပြောပြချင်လို့လာခဲ့တာ'

'ပြောပါဦး အစ်ကိုကြီး၊ ဘယ်လိုဖြစ်တာလဲ'

'ဖြစ်ပုံက ဒီလို... ချိုကြီးဆိုတဲ့ ဒီကောင် သိတဲ့အတိုင်းလေဟာ... ဉာဏ်ပညာကလဲ နည်းတယ်လေ သစ်ပင်ချိုင်တဲ့အလုပ်ကလဲ သူ့ဖခင်ရဲ့ အမွေတစ်ခုပေါ့။

ကလေးက နှစ်ယောက်၊ စားပါးစပ်က လေးယောက်၊ အလုပ်က ကျပန်းရရာအလုပ်ကို လုပ်ကိုင် စားသောက်ကြတာဆိုတော့...

သဲကောရွာသူနဲ့ အိမ်ထောင်ကျတယ်။ အဲဒီရွာက အိမ်တစ်အိမ်မှာ



သစ်ပင်တက်ချိုင်တယ်။ သူ့အဖေကတော့ ယနေ့အချိန်အထိ သက်ရှိထင်ရှားရှိနေသေးတယ်။

**သူ့အဖေကတော့ သစ်ပင်တစ်ပင်ကို တက်ခါနီး သွားချိုင်တော့မယ်ဆိုရင် အိမ်မှ ထွက်ခါနီးတိုင်း ဘုရားကန်တော့တယ်။ သူချိုင်မယ့် သစ်ပင်ကိုလဲ ရိုသေသမှု ပြုပြီး ခွင့်ပန်တယ်။**

**သစ်ပင်ချိုင်တဲ့အခါ ဘယ်တော့မှ အကုန်မချိုင်ခဲ့ဘူး။ သစ်ပင်ရဲ့ ထိပ်ဖျားပိုင်းမှာ အကိုင်းသေးသေးလေး တစ်ကိုင်းကို အမြဲ ချန်ထားခဲ့တယ်။**

**အဲဒါကတော့ ဒီသစ်ပင်မှာ စောင့်ရှောက်နေထိုင်ကြတဲ့ ရုက္ခစိုးနတ်မင်းကြီး နေဖို့အတွက်ဆိုပြီး။ သစ်ပင် သစ်ကိုင်း ခုတ်တဲ့အခါတိုင်း သူ့ရဲ့ ပြုလုပ်နေကျ အကျင့်တစ်ခု ဖြစ်တယ်။**

**သူ့သားကိုလဲ ပြောဆိုဆုံးမလေ့ရှိတယ်။ သစ်ပင်ခုတ် လာခေါ်တဲ့အခါတိုင်း သတိပေးလေ့ရှိတယ်။**

'သားချိုကြီး... သစ်ပင်လိုက်ပြီး ချိုင်တော့မယ်ဆိုရင် အရင်ဦးဆုံး ဘုရားရှိခိုး ကန်တော့ပါ။ သစ်ပင်ကိုလဲ အရိုအသေပြုနော်။

တချို့သစ်ပင်ကြီးတွေက ကိုယ့်အသက်ထက်ပင် ကြီးတဲ့အပင်ကြီးတွေ မလေးမစားတွေ မပြောနဲ့ မလုပ်နဲ့။

ရုက္ခစိုးမင်းကြီးကိုလဲ တောင်းပန် သစ်ပင်ကို အကုန်မခုတ်ခဲ့နဲ့ ဆိုင်ရာပိုင်ရာ နတ်တွေနေဖို့အတွက် သစ်ကိုင်းတစ်ကိုင်း ချန်ထားခဲ့'

ဟု မှာလေ့ရှိပါသည်။

ထိုအကြောင်းအရာကို ချိုကြီး လုံးဝ လက်မခံပါ။

'ဒါ အဖေတို့ခေတ်မှာ လုပ်ခဲ့တာတွေ၊ ဒါတွေ ခေတ်နောက်ကျကျန်ခဲ့ပါပြီ။ ကျုပ်တို့ခေတ်မှာ ဒီကိစ္စတွေ လုပ်စရာ မလိုတော့ပါဘူး။

ချိုကြီး လုပ်စားလာခဲ့တာ ကြာပါပြီ အဖေရာ... အားလုံးကို လိုက်ပူပန်မနေနဲ့၊ သွားပြီ အဖေရေ... သွားပြီဗျို့'

ဟု ဆိုပြီး သစ်ပင်ချိုင်ဖို့ ထွက်သွားပါတော့သည်။

ချိုကြီးတစ်ယောက် သစ်ပင်ပေါ်သို့ တက်ရန် အသင့်ပြင်ဆင်ပြီး သူတက်နေကျပုံစံအတိုင်း ခါးကြားမှာ ဓားကို ထိုးလျက် သစ်ပင်ကို လက်နှစ်ဖက်ဖြင့် ဖက်တွယ် ခြေထောက်နှစ်ဖက်ကို ယက်ကန်ယက်ကန်ဖြင့် လျင်လျင်မြန်မြန် တက်ရောက်သွားတော့သည်။

သစ်ပင်ပေါ်သို့ ရောက်လျှင် ခွဆုံတစ်ခုတွင် ထိုင်ပြီး အကိုင်းအခက်၊ အရွက် ဝေဆာနေသော ကုက္ကိုပင်ကြီးကို ဓားထက်ထက်ဖြင့် ပိုင်ပိုင်နိုင်နိုင် တစ်ကိုင်းပြီး တစ်ကိုင်း ချိုင်ချနေပါသည်။

နောက်ဆုံးချိုင်ရန် တစ်ကိုင်းသာ ကျန်ပါတော့သည်။ နောက်ဆုံးတစ်ကိုင်းကို ချိုင်ချပြီးသည့်နောက် လက်ထဲမှ ဓားကို အောက်သို့ ပစ်ချလိုက်ပြီး ကိုချိုကြီးတစ်ယောက် ခွဆုံမှ လက်နှစ်ဖက်ဖြင့် မြှောက်ပြီး...

'ဒါ နောက်ဆုံးချိုင်ခြင်းပေါ့၊ အားလုံး ပြီးသွားပြီ ရုက္ခစိုးကြီး သင်ဘာဖြစ်ချင်လဲ၊ ဘာလုပ်ချင်လဲ၊ သင် သွားချင်ရာသွား၊ နေချင်တဲ့နေရာမှာ နေပေတော့'

ဟု ဆိုပြီး သစ်ပင်ပေါ်ကနေ အော်



www.burmeseclassic.com

www.burmeseclassic.com

ပြောပြီး ခွဆုံကနေ ဆင်းမည့်ဟန်ပြင် လိုက်စဉ် သစ်ပင် အမြင့်ကြီးပေါ်ကနေ အောက်သို့ ''ဘုန်း'' ခနဲဆိုသော အသံကြီးကြီးဖြင့် အောက်သို့ ခြေလွတ်လက် လွတ် ပြုတ်ကျသွားပါတော့သည်။

အသံကြီးကို ကြားလိုက်ကြသည့် အိမ်ရှင်များ၊ ပတ်ဝန်းကျင် အိမ်အနီး အနားမှ ရွာသူရွာသားများ အော်ဟစ် အကူအညီတောင်းသံများ အုန်းအုန်း ကျွက်ကျွက် ဆူညံ၍ သွားပါတော့ သည်။

သစ်ပင်ပေါ်မှ ပြုတ်ကျသော ချိုကြီး မှာ အောက်သို့ မှောက်လျက်သား ကျသည်ဖြင့် မျက်လုံးကြီးနှစ်လုံး ပြူး ထွက်ကာ နဖူးမှာ လက်နှစ်လုံးလောက် ချိုင့်ဝင်ပြီး မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်တို့မှ သွေးများ ယိုစီးနေသည်။

သို့အတွက် အိမ်ရှင်နှင့် ပတ်ဝန်းကျင် မှ အသိမိတ်ဆွေများ ဝိုင်းဝန်း ကူညီပြီး သုံးဘီးကားဖြင့် ဆေးရုံသို့ ချက်ချင်း လိုက်ပို့ကြခြင်း ဖြစ်ပါသည်။

မင်းလှဆေးရုံမှတစ်ဆင့် ရန်ကုန် ဆေးရုံကြီးသို့ ပို့ဆောင်စဉ် ဆေးရုံကြီး မှာ သုံးရက်သာခံပြီး ဆုံးသွားသဖြင့် ချိုကြီးကို ရန်ကုန်မှာပင် သင်္ဂြိုဟ်ခဲ့ ကြောင်းကို ကိုသိန်းလွင်မှ အစအဆုံး ပြောပြပါသည်။

သဲကောရွာ တစ်ရွာလုံး ချိုကြီး အကြောင်း ဟိုးလေးတကျော်ကျော်ပင် ဖြစ်သွားပါတော့သည်။

ရင့်ကျက်ပြီး အတွေ့အကြုံ ဗဟု သုတစုံသူ လူကြီးတွေကတော့ ချိုကြီး တစ်ယောက် ရက္ခစိုးမင်းကြီးကို စိန်ခေါ် ပြောဆိုမှုများ မပြုလုပ်သင့်ကြောင်း၊ တချို့သော လူကြီးများကတော့ နတ် နှင့်နဂါး မလုညှ့်စားသင့်ကြောင်း၊ မရှိ မသေ မပြောဆိုသင့်ကြောင်း ပြောဆို နေကြပါသည်။

စာရေးသူတို့ ဗုဒ္ဓဘာသာဝင် လူမျိုး များသည် ဘုရား၊ တရား၊ သံဃာ၊ မိဘ ဆရာသမားများကို ရှိသေ လေးမြတ် သူများ ဖြစ်ကြပါသည်။

သို့ဖြစ်ပါ၍ ဘုရားရှိခိုးပြီးသည့် အချိန်အခါတွင်ဖြစ်စေ၊ ဥပုသ်သီလ စောင့်ပြီးလျှင်ဖြစ်စေ ကုသိုလ်ကောင်းမှု များ ပြုလုပ်ပြီးသည့် အခါအတိုင်း ထိုကုသိုလ် ကောင်းမှုအတွက်ကို အမျှပေးဝေပါသည်။

အမျှပေးဝေသည့်အခါ ရှေ့ကနေ သံဃာတော် အရှင်သူမြတ်များ တိုင် ပေးလို့ တရားနာ လူပရိသတ်များမှာ နောက်ကနေ လိုက်ဆိုကြရပါသည်။

**ကိုယ်တော် နတ်မင်းကြီးနှင့်တကွ အိမ်စောင့်နတ်၊ မြို့စောင့်နတ်၊ ရပ်ကွက် စောင့်နတ်၊ မြို့စောင့်နတ်၊ လမ်းစောင့်နတ်၊ သာသနာတော်စောင့်နတ်၊ ကျေးရွာစောင့် နတ် ဤပတ်ဝန်းကျင်အတွင်း ရှိကြကုန် သော နတ်အပေါင်းအပေါင်း...**

**ဥယျာဉ်စောင့်နတ်၊ သိုက်နန်းရှင်၊ ဘုမ္မိုရပ် ပုဂ္ဂိုလ်အပေါင်း၊ မနုဿပေတ၊ တချို့ မြေပုတ်၊ ဘီလူး၊ မြို့တော်ရှင် နယ်တော် ရှင်၊ ရွာတော်ရှင်၊ အာကာသစိုး၊ ဘုမ္မစိုး၊ ရုက္ခစိုး သစ်ပင်ကြီးပေါ်များစောင့်သော နတ်ကောင်းနတ်မြတ်များ၊ ဓတရဋ္ဌ၊ ဝိရူဠ္ဟ ကာ၊ ဝိရူပက္ခ၊ ကုဝေရဟူသော နတ်မင်း ကြီး လေးပါးနှင့် (၃၁)ဘုံရှိကြကုန်သော သတ္တဝါအပေါင်းတို့အား အမျှပေးဝေ ကြရပါသည်။**

စာရေးသူ သိရှိမှတ်သားမိသမျှသာ ဖြစ်ပါသည်။ ကျန်ရှိသော နတ်ဒေဝါ တွေ ဝိဇ္ဇာပုဂ္ဂိုလ်များပါ ထည့်လျှင် အများကြီး ရှိပါသေးသည်။ စာရေးသူ တို့ ဗုဒ္ဓဘာသာဝင်တိုင်း သိရှိကောင်း သိရှိပြီးသားများ ဖြစ်ပါသည်။

**[ဤဖြစ်ရပ်မှန်ကို ကိုသန်းလွင် ပြောပြသည့်အတိုင်း အမည်နှင့် နေရပ်များ လွှဲပြောင်း ရေးသားထား ခြင်းဖြစ်ပါသည်။]**

**အေးချမ်းမော်(မင်းလှ)**

**စာမျက်နှာ (၂၂၉)မှ အဆက်**

ပါတယ်ကွယ်'

ဟု ပြောဆိုလိုက်လေ၏။

ရွာကြီးကျောင်း ဆရာတော်နှင့် ကျောင်းရှိ ဦးပဉ္စင်းများ၊ ကိုရင်ကလေး များသည် သူတို့ ဤသို့ပြောဆိုနေကြ ခြင်းကို သာရွှေစိန်၏ ပြောဆိုသံများ ကိုသာ ကြားရပြီး မငွေလှိုင်ကိုကား မြင် လည်း မမြင်ကြရ၊ မငွေလှိုင် ပြောဆိုသံ များကိုလည်း ကြားလည်း မကြားရချေ။

ယင်းနေ့ ယင်းရက်မှစ၍ သာရွှေစိန် သည် မငွေလှိုင်ရုပ်ကိုသော် လည်း ကောင်း၊ အသံကိုသော် လည်းကောင်း မမြင်ရတော့ပေ။

ဤသည်မှာပင် သာရွှေစိန်နှင့် မငွေ လှိုင်တို့၏ အချစ်ဇာတ်လမ်းသည် ပြီး ဆုံးခဲ့လေပြီ။

သို့သော် သာရွှေစိန်တစ်ယောက် တော့ မငွေလှိုင်ကို တစ်နေ့တစ်ရက်မျှ မမေ့နိုင်ပါချေ။ လွန်ခဲ့သော အနှစ်(၂၀) ကျော်မှ သူ့ရင်တွင်း၌ ခံစားခဲ့ရသော အချစ်ဇာတ်လမ်းကလေးကို မနေ့ တစ်နေ့ကမှ ဖြစ်ပျက်ခဲ့ရသည့်ပမာ ခံစားနေရဆဲ ဖြစ်ပါသည်။

သို့သော် သာရွှေစိန်ကား ယခုအခါ တစ်ရွာတည်းနေ မ''ရွှေကြာမှုံ''ဆိုသူ အမျိုးသမီးနှင့် မိဘများ၏ ပေးစား ထိမ်းမြားချက်အရ အိမ်ထောင်ကျနှင်း နေလေပြီ။

ယခုအခါ ညီပုရွှေဆိုသော သား လေးတစ်ယောက်ပင် ထွန်းကားနေ လေပြီ။ သားကလေးမှာပင် (၁၀)နှစ်ခန့် ရှိပြီး ''သျှင်နန္ဒိယ''ဟူသော ဘွဲ့မည်ကို ခံယူကာ သာသနာ့ဝန်ကို ထမ်းရွက် လျက်ရှိနေပါပြီ။

**စောထွန်းသျှင်(မြောက်ဦး)**

**ကျမ်းကိုး**

၁။ မြောက်ဦးမြို့တည် ယတြာကျမ်း၊

၂။ မြောက်ဦးမြို့တည် ကျမ်းလက်ဝဲ (ရမ်းပြည်မြို့နယ်၊ လေးတောင်နဂါး ရွာပေမူ)၊

၃။ အကာကြီးဘုရား တောရဆရာ တော်ကြီး၏ ပြောပြချက်များ၊

၄။ စာရေးသူ၏ ကွင်းဆင်းလေ့လာ ချက်များ။



www.burmeseclassic.com

www.burmeseclassic.com

# ကျောက်စက်မိုးမျှော် ဆင်းတုတော်

ရဲမျိုးသူ
(မောဓိမြိုင်)



ဥတုသုံးလီ ရာသီစက်ဝန်း အကြိမ်ကြိမ် ပြောင်းနေခဲ့သော်လည်း လူသားတို့ဘဝက စားဝတ်နေရေးအတွက် နေ့စဉ်နှင့်အမျှ လှုပ်ရှားရုန်းကန်ကြရမြဲပေမို့ ပူလျှင်ပူ၏၊ အေးလျှင်သည်က အေးလွန်းသည်သာ ညည်းညူမိရုံမှအပ အလုပ် လုပ်ကြရပေသည်။

ဝန်ထမ်းဘဝဖြင့် ကလေးမြို့တွင် တာဝန် ထမ်းဆောင်ခဲ့ဖူးပါသည်။ ရောက်ရှိသည့် အရပ်ဒေသများတွင် ထူးခြားသည့် စေတီပုထိုးနှင့် ဆင်းတုတော်များအကြောင်း လေ့လာစုံစမ်းမေးမြန်းကာ သွားရောက်ဖူးမြော်မှုများပြုခဲ့ဖူးပါသည်။

ကလေးမြို့ဆီမှ (၅)မိုင်ခရီးအကွာ **အင်ဒိုင်းကြီးနှင့် အင်ဒိုင်းလေး ရွာလေးနှစ်ရွာ တမူးမြို့ဘက်သို့** ထွက်သည့် ကားလမ်းနံဘေးတွင် တည်ရှိနေပါသည်။

လယ်ယာမြေများကို တိုင်းတာရင်း



www.burmeseclassic.com

www.burmeseclassic.com

ကလေးနယ်အတွင်းရှိ ရွာများသို့ ဝင်ထွက်သွားလာခဲ့ရာ **အင်ဒိုင်းလေးရွာမှ အသက်(၈၀)အရွယ်၊ အဘသြဆိုသူနှင့် ရင်းရင်းနှီးနှီး စကားလက်ဆုံကျခဲ့ပြီး** ကျောက်စက်မိုးမျှော် ဆင်းတုတော်အကြောင်း သိခွင့်ခဲ့ရပါသည်။

အင်ဒိုင်းကြီး၊ အင်ဒိုင်းလေးရွာ ညီနောင်၏ အရှေ့ဘက်တွင်၊ ထုံးကျောက်တောင်ကြောကြီး ရှည်လျားသွယ်တန်းကာ တည်ရှိနေပါသည်။

ထို ထုံးကျောက်တောင်ကြောကြီးမှ ထုံးကျောက်များ တူးဖော်ရယူကာ ထုံးများစွာ ဖုတ်ယူရရှိ၍ ရွာနှစ်ရွာ၏ ပင်မအဓိက စီးပွားရေးမှာ ထုံးလုပ်ငန်းဖြစ်လေသည်။

သမိုင်းသဘောကို အဘသြ ပြောပြ၍ မှတ်သားခဲ့ဖူးသည်က ဖက်ဆစ်ဂျပန်တပ်များ ထုံးကျောက်တောင်ကြောကြီးတွင် အင်ဖာဘက်သို့ ခွာစစ်ဆင်ရင်း ခံစစ်ပြုလုပ်နေထိုင်ခဲ့ဖူးသည်ဟု ဆိုပါသည်။

ယခုတိုင် ထုံးကျောက်ကြီးများကို အသုံးပြုလျက် တည်ဆောက်ပြုလုပ်ခဲ့သည့် ဗုံးခိုကျင်းများ၊ အကာအကွယ်ခံကတုတ်နေရာဟောင်းများ ရှိနေသေးသည်ဟု အဘသြ ပြောပြခဲ့ပါသည်။

မိုးတွင်းကာလ ရေစီးအားကောင်းသည့်အချိန် ရေစီးနှင့်အတူ တစ်ခါတစ်ရံ ဖက်ဆစ်ဂျပန်တို့၏ ဓားလက်နက်၊ သေနတ်အစိတ်အပိုင်းများ၊ ဂျပန်ကားပစ္စည်းများနှင့် ဗုံးသီးဟောင်းများ တွေ့ရှိကြသေးပေသည်။

အဘသြက ယခင်ကပင် ဖိနပ်စီးခြင်း အကျင့်မရှိခဲ့ပါ။ ဂျပန်စစ်သားများနှင့် ရင်းနှီးခင်မင်စွာ နေထိုင်ခဲ့ဖူးသည့်အတွက် ဂျပန်စကားပါ တတ်နေပြန်ပါသည်။

အဘသြ ဂျပန်စစ်သားများအကြောင်း ပြောပြရာတွင် ကင်ပေတိုင်ဆိုသည့် ဂျပန်စကားအသုံး မကြာခဏ ပါဝင်နေပါသည်။

ရှေးဟောင်း ဂျပန်ဓား ရှိသည်ဟူ၍ ရှေးဟောင်းပစ္စည်း အရောင်းအဝယ်သမားများ မကြာခဏ လာရောက်မေးမြန်းစုံစမ်းကြသည်ဟု ဆိုပါသည်။

ဂျပန်တို့၏ အနေအထိုင် အသွားအလာ စားသောက်ပုံမှအစ အဘသြ ပြောပြခဲ့ဖူးသည်က စိတ်ဝင်စားဖွယ်ကောင်းပါတော့သည်။ ကျွန်တော် မေးမိသည်က...

'အဘသြ ပြောတဲ့ ထုံးကျောက်တောင်ပေါ်မှာ ထူးထူးခြားခြား သမိုင်းဝင်ဘုရားများ မရှိဘူးလား'

စဉ်းစားဟန်ဖြင့် အဘသြ ပြောသည်က...

'ဘုရားစေတီတော့ ယခင်တုန်းက မရှိဘူးကွယ့်၊ အဘသိတဲ့ ထူးခြားတဲ့ ဆင်းတုတော်တစ်ဆူတော့ ရှိခဲ့ဖူးတယ်။ ရသေ့ကြီးတစ်ပါးကိုးကွယ်ခဲ့တဲ့ ဆင်းတုတော်ပဲ။

အဘကိုယ်တိုင် ကျောက်လိုဏ်ဂူထဲမှာ ဖူးခဲ့ဖူးတယ်။ အခုတော့ ဖူးခွင့်မရတော့ဘူး။ ကျောက်လိုဏ်ဂူဝ ပိတ်သွားပြီလို့ပဲ ပြောရမယ်'

အင်ဒိုင်းလေးရွာမှ အရှေ့ဘက် (၃)မိုင်မျှ ထုံးကျောက်တောင်ပေါ်သို့ တက်ရပါသည်။ ထုံးကျောက်တောင်ပေါ်တွင် ထူးခြားဆန်းပြားသည့် ကျောက်လိုဏ်ဂူများရှိကြောင်း၊ အချို့လိုဏ်ဂူကြီးများသည် ထုံးကျောက်တောင်ကြောကြီးအတိုင်း ကလေးဝအထိပင် ရှည်လျားကြောင်း...

အင်မတန်ကြီးမားသည့် မြွေကြီးများ၊ ဝံကြီးများနှင့် ကျတ်ရွာများပင် ရှိနေသည်ဟု ယုံတမ်းစကားများအား အချို့ ဒေသခံတို့ထံမှ ကြားဖူးပြန်ပါသည်။ ကျွန်တော်က...

'ဘယ်လိုကြောင့်များလဲ အဘသြရယ်'

'ဒီလိုကွယ့် မောင်အဲရဲ့... လွန်ခဲ့တဲ့ နှစ်ပေါင်း ငါးဆယ်ကျော်လောက်က ထူးခြားတဲ့ ရသေ့တစ်ပါး ကြွလာခဲ့ဖူးတယ်။

ဘယ်မှာ သီတင်းသုံးလဲဆိုတော့ ထုံးကျောက်တောင်ပေါ်မှာ သီတင်းသုံးတာ။ ရွာသူရွာသားတွေ ရသေ့ကြီး သီတင်းသုံးတဲ့နေရာကို ဘယ်သူမှ တိတိကျကျ မသိကြပါဘူး။ သီလဂုဏ်၊ သမာဓိဂုဏ်နဲ့ ပြည့်စုံတဲ့ ဆံရှည်ရသေ့ပဲ။

နေ့စဉ် ဆွမ်းခံရပ်တယ်ကွယ့်။ အိမ်တွေပေါ်တက်ခြင်း၊ စကားပြောဆိုခြင်းမျိုးလဲ မရှိဘူး။ ဆွမ်းခံရပ်ပြီး ထုံးကျောက်တောင်ပေါ် ပြန်ကြွတာပဲ။ အဘတို့ရွာက ရသေ့ကြီးကို တအားကြည်ညိုတယ်။ ဆွမ်းလဲ တအားလှူကြတာပေါ့။

အရင်တုန်းက အဲဒီထုံးကျောက်တောင်ပေါ်မှာ မျောက်အုပ်တွေရှိတယ်။ အသင်းအဖွဲ့နဲ့နေတဲ့ ကောင်တွေ ဆူညံနေတာပဲ။

တစ်နေ့ ဒီရွာက အေးငွေဆိုတဲ့ မုဆိုး သားကောင်ပစ်ဖို့ တောင်ပေါ်တက်ရင်း ရသေ့ကြီး သီတင်းသုံးနေထိုင်တဲ့ ကျောက်လိုဏ်ဂူကြီးနား ရောက်သွားတယ်။

အေးငွေ ပြောပြလို့ တစ်ရွာလုံး သိကြရတာ။ ရသေ့ကြီးက ကျောက်တုံးကြီးပေါ် တင်ပျဉ်ခွေထိုင်နေပြီး မျောက်ကြီး(၂)ကောင်က ရသေ့ကြီးဘေးမှာ ကစားနေတယ်တဲ့။

လူလာသံကြားတော့ မျောက်ကြီးတွေက မပြေးဘဲ တကျွဲကျွဲနဲ့ အော်





www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုပဲ။ အဲဒီမှာ ရသေ့ကြီးနဲ့ အေးငွေ တွေ့ပါရောကွယ်'

ကျွန်တော်က...

'ရသေ့ကြီးက ဘာပြောလိုက်လဲ အဘသြ'

'လေးနဲ့မြားကိုမြင်တော့ မုဆိုးမှန်း သိတာပေါ့။ သူ့အသက်သတ်တာ မကောင်းကြောင်း၊ တိရစ္ဆာန်တွေဟာ သနားစရာကောင်းကြောင်းနဲ့ ဝဋ်ဆိုတာ တကယ်ရှိတာမို့ မုဆိုးအလုပ်ကို မလုပ်ဖို့ တားမြစ်အလျှုခံတယ်လို့ ပြောတယ်။

အေးငွေကလဲ မုဆိုးအလုပ်ကို တပည့်တော် ရသက်ပန် မလုပ်တော့ပါဘူးဘုရား ဆိုပြီး လျှုခဲ့တယ်တဲ့။ အဲဒီကစပြီး ရွာက လူတွေ ရသေ့ကြီးဆီ ရောက်ကြတော့တာ'

ကျွန်တော်က...

'ရွာသားတွေ လာတော့ရော ရသေ့ကြီးက စကားပြောတယ်တဲ့လား'

'ပြောတယ်ကွယ့် မောင်အဲရဲ့... အစကတည်းက ရသေ့ကြီးကို ကြည်ညိုရင်းစွဲ ရှိနေကြတော့ ရွာသားတွေ ပါးစပ်က ရသေ့ကြီးဟာ တန်ခိုးကြီးကြောင်း၊ ဝိဇ္ဇာပုဂ္ဂိုလ်ထူးကြီးလိုလို လျှောက်ပြောကြကုန်တာ။

အဘအသိတော့ သီလစင်ကြယ်စွာ သူ့ဘာသာ အေးအေးချမ်းချမ်းနဲ့ တရားအလုပ် ကြိုးစားအားထုတ်နေတာပဲ။

လျှူဖွယ်ပစ္စည်းတွေကို လင်ပန်းတွေ၊ ချိုင့်တွေနဲ့ထည့်ပြီး သွားလာကြတော့တာကွယ့်။ အဲဒီ သွားခဲ့တဲ့အထဲ အဘလဲ ပါခဲ့တယ်။

ရသေ့ကြီး သီတင်းသုံးနေထိုင်တဲ့ ထုံးကျောက်လိုဏ်ဂူကြီးက မြေကြီးပေါ်က တွင်းပေါက်ကြီးလိုပဲ အောက်ကို ဆင်းပြီးမှ လိုဏ်ဂူထဲ ဝင်ရတာ။

လိုဏ်အတွင်းထဲ အဘ စိတ်အထင် အလျားပေ(၄၀)၊ အနံပေ(၃၀)လောက် ရှိမယ်။ လူတွေ တမင်ဖန်တီးပြုလုပ်ထားသလို အံ့သြစရာ ကျောက်စက်မိုးမျှော်၊ ကျောက်စက်ပန်းဆွဲကြီးတွေက တအားကြည့်လို့ကောင်းတယ်။

ပန်းပုဆရာတွေများ ထုဆစ်ထားသလားပဲ ထင်ချင်စရာ။ သဘာဝတရားရဲ့ ထုံးကျောက်ရေစက်တွေ တစ်ပေါက်ပေါက်ကျရင်း ဖြစ်တည်နေပုံက လူပုံတွေလိုလို၊ ဘီလူးရုပ်, နတ်ရုပ်, တိရစ္ဆာန်ရုပ်တွေလိုလိုကွယ့်။

လိုဏ်ဂူရဲ့ ထိပ်ပိုင်းမှာ လူထိုင်လို့ကောင်းတဲ့ ကျောက်သားပလ္လင်ကြီးက ရှိနေသေးတယ်'

ကျွန်တော်က...

'စိတ်ဝင်စားစရာပဲနော်'

'ဟုတ်တယ် မောင်အဲ...ရသေ့ကြီးက လာကြတဲ့ ဒကာ,ဒကာမတွေကို အေးမြကြည်လင်တဲ့ အပြုံးနဲ့ဆက်ဆံပြီး သီလပေးတယ်။

ထုံးကျောက် လိုဏ်ဂူကြီးထဲမှာ သီတင်းသုံးရတဲ့ ရသေ့ကြီး တအားထူးတယ်ဆိုတဲ့ လာဖူးကြသူ ရွာသားတွေစကားကြောင့် ရွာတွေသာမက ကလေးမြို့က လူတွေပါ ရောက်လာ ကုန်ကြတာ။

လိုဏ်ဂူထဲ အေးစိမ့်တဲ့ သံဘောက ရှိတယ်။ လင်းနို့ကောင်တွေ အဝင်အထွက်ရှိတော့ လင်းနို့ချေးနံ့က ရသေးတာ'

'အဘသြရောက်တော့ ဘုရားဆင်းတုတော် ရှိပြီလား'

'မရှိသေးဘူးကွယ့် လိုဏ်ဂူရဲ့ ပလ္လင်အထက်မှာ တစ်ဦးတစ်ယောက် ထိုင်နေတဲ့ အသွင်သဏ္ဌာန် ကျောက်စက်မိုးမျှော် ကျောက်တုံးကြီးတစ်တုံး ရှိနေတယ်၊

အဲဒီကျောက်တုံးကြီးကို ဗုဒ္ဓရှင်ရဲ့ ထိုင်နေတော်မူတဲ့အသွင် ဆင်းတုတော် ထုလုပ်တာပဲ'

'အဲဒီဂူထဲ ဘယ်သူက လာထုပေးတာလဲ အဘသြ'

'ပြောပြမယ်။ အဘ ကောင်းကောင်းမှတ်မိတယ်။ ကလေးမြို့က ကိုစိန်ဝင်းဆိုတဲ့လူနဲ့အတူ ကျောက်ဆစ်ထုတဲ့ ပန်းတော့သမားလား။ ပန်းတမော့သမားခေါ်လားတော့ အဘလဲ မသိဘူး။

အဲဒီလူက ရသေ့ကြီးပြတဲ့ ကျောက်စက်မိုးမျှော် ကျောက်တုံးကို ထုဆစ်ပေးခဲ့တာ၊ တအားကြည်ညိုဖို့ကောင်းတဲ့ ဆင်းတုတော်ပဲ။

အဘ တစ်ခုပြောဖို့ ကျန်ခဲ့တယ်၊ ရသေ့ကြီးက အဂ္ဂိရတ်ဓာတ်ထိုးတယ်။ ဘာအတွက် ထိုးတာတော့ အဘလဲ



www.burmeseclassic.com

www.burmeseclassic.com

မသိပြန်ဘူး။ အချို့ နားလည်တဲ့သူတွေ ပြောတာက **“ရသေ့ကြီးက ဂန္ဓာရီ ဝိဇ္ဇာကြီးတဲ့”** အဲဒီမှာ ဆင်းတုတော်ရဲ့ ထူးခြားမှုကို ပြောပြမယ်'

'ဘယ်လိုမျိုး ထူးတာလဲ အဘသြ'

'အဘပြောမယ့် ထူးခြားတဲ့ အကြောင်းက ဆင်းတုတော် မထုဆစ်မီ **ရွှေကြုတ်,ငွေကြုတ်ဌာပနာ အဖြစ် သွင်းတဲ့ကိစ္စပဲ။** ရွှေကြုတ်ထဲမှာက ဘုရားရှင်ရဲ့ ဓာတ်တော်အစစ်တွေလို့သာပဲ သိရတာ။

ငွေကြုတ်ကျတော့ အဖုံးဖွင့်ပြီး ဖြူဖြူဝင်းဝင်း ဓာတ်လုံးတစ်လုံးကို ထည့်သွင်းတယ်။ အရစ်နဲ့အပေါ်က ဖုံးပိတ်တယ်။

အဲဒီ ရွှေကြုတ်,ငွေကြုတ် (၂)ခုကို ဌာပနာအဖြစ် သွင်းဖို့အတွက် ဆင်းတုတော်ထုလုပ်မယ့် ကျောက်စက်မိုးမျှော် ကျောက်တုံးရဲ့ အတွင်းပိုင်း ဗဟို အလယ်ကျကျ နောက်ကျောက လွန်နဲ့ ဖောက်ပြီး သွင်းခဲ့တာကွယ့်။

ပြီးမှ ဘိလပ်မြေနဲ့ အသေအချာ ပိတ်တာ အဘကိုယ်တိုင် မြင်ခဲ့ရတယ်။ ပြီးမှ ဗုဒ္ဓရှင်ရဲ့ ဆင်းတုတော်မြတ်ကို ကြည်ညိုဖွယ် တင်ပျဉ်ခွေ ထိုင်နေတော်မူဟန် ထုလုပ်ခဲ့တယ်'

'အခု မဖူးရတော့ဘူး ဆိုတာကရော အဘသြ'

အဘသြ ဆက်ပြောပြရန်အတွက် လက်ဖက်ရည်ကြမ်းတစ်ခွက် သောက်ရင်း စဉ်းစားနေရာက...

'ပြောရရင် ရသေ့ကြီးဟာ အဓိဋ္ဌာန် ရှိပုံရတယ်။ ဆင်းတုတော်ကို ကောင်းစွာ ထုလုပ်စေတယ်။ ကျေနပ်လောက်အောင် ပြုပြင်မွမ်းမံနိုင်းတယ်။ အဘမှတ်မိတယ်။ ကဆုန်လပြည့် မနက် (၀၉း၀၀)နာရီမှာ ဗုဒ္ဓရှင်ရုပ်တုတော်ရှေ့ ထိုင်ပြီး ကန်တော့ရင်း သစ္စာဆိုတယ်



ကွယ့်။

“သံသရာအဆက်ဆက် ဝိဇ္ဇာအတတ်တို့ဖြင့် နှစ်သက်မွေ့လျော်ခဲ့ရပါသည်ဘုရား။ ဤဘဝ လွန်မြောက်ပြီးပါက ရုပ်နှင့်နာမ်တို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုသာ မျက်မှောက်ပြုရပါစေသား”

လို့ နှုတ်က ဆုတောင်းတယ်။ အဲဒါ (၉)ရက်တိတိ မနက်(၀၉း၀၀)နာရီ တိတိတွေမှာ တောင်းတဲ့ဆုပဲတဲ့။

(၉)ရက်ပြည့်ပြီးနောက်ပိုင်း ရသေ့ကြီး ဘယ်ကိုကြွပြီး ဘယ်လို ပျောက်ကွယ်သွားလဲ ဘယ်သူမှ မသိတော့ခြင်းပဲ။

မောင်အဲပြောတဲ့ ဘာ့ကြောင့် ဗုဒ္ဓဆင်းတုတော် မရှိတော့တာလဲ မေးတော့ မရှိတော့တာမဟုတ်ဘူး။ ရှိတယ်။ လိုဏ်ဂူဝ ပိတ်သွားတာလို့ပဲ ဖြေရမယ်။

အဲဘမြေးကြီး မောင်ဝင်းနိုင် ရသေ့နေခဲ့တဲ့ ထုံးကျောက်လိုဏ်ဂူနားကို မကြာသေးမီက ရောက်ခဲ့သေးတယ်။ လင်းနို့တွေ အများကြီးပဲတဲ့။ လင်းနို့ချေးတွေကလဲ နံလှတယ်ဆိုတယ်။

ဆင်းတုတော်ကို အာရုံနဲ့ ဖူးမြော်ပြီး လိုဏ်ဂူဝကို ရှာကြည့်တော့ ထုံးကျောက်တုံးကြီးတွေနဲ့ လိုဏ်ဂူဝ ပိတ်နေတာ အဘိုးလို့ ပြောပြတယ်။ ဗုဒ္ဓရုပ်တုတော် ဖူးခွင့်မရတော့ဘူးလို့ပဲ ဆိုရမှာပေါ့။

အဘပြောခဲ့တဲ့ ထူးခြားပြီး တန်ခိုးရှိတယ်ဆိုတာ အဘကိုယ်တိုင်ရော အချို့ရွာသားတွေပါ ရသေ့ကြီး သီတင်းသုံးခဲ့တဲ့ ထုံးကျောက်တောင် လိုဏ်ဂူအထက်ဆီက လပြည့်လကွယ်ရက်တွေမှာ ရောင်တော်ဓာတ်တွေ ကောင်းကင်ကို ဖြာပြီးတက်တာ ဖူးခွင့်ကြုံခဲ့ကြရဖူးလို့ပဲ'

တင်ပြပါ ထူးခြားသည့် ကျောက်စက်မိုးမျှော် ဆင်းတုတော် အကြောင်းအား ပြောပြခဲ့သည့် အဘသြသည်လည်း လွန်ခဲ့သည့်(၈)နှစ်က ကွယ်လွန်ခဲ့ပေပြီ။

ယခုအခါ ထုံးကျောက်တောင်ပေါ်ရှိ လိုဏ်ဂူအတွင်း ထူးခြားသည့် ဗုဒ္ဓရှင်၏ ဆင်းတုတော်အား ဖူးမြော်ခွင့် မရကြတော့ပါ။

သို့သော် လူကြီးသူမတို့၏ လက်ဆင့်ကမ်းခဲ့သည့် ဆိုစကားအရ ဗုဒ္ဓရှင်ဆင်းတုတော် ကိန်းဝပ်တော်မူရာ ထုံးကျောက်တောင်ထက် လိုဏ်ဂူမြတ်မှ **လပြည့်လကွယ်ရက်များတွင် ရောင်တော်ဓာတ်များ ကောင်းကင်သို့ တက်၍ ကွန့်မြူးနေသည်ကို** ဖူးမြော်ခွင့် ကြုံကြလေဦးမလား ဆုတောင်းရင်းဖြင့်...

***ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ကြီးအား အာရုံပြု၍ ဦးခိုက်လျက်...***

**ရဲမျိုးသူ(ဗောဓိမြိုင်)**



www.burmeseclassic.com

www.burmeseclassic.com

# ဦးမင်းကျော်

ကညီပေလို

တင်ဘုန်းဝင်း



စာရေးသူငယ်ငယ် ကျောင်းသား အရွယ်က ဖြစ်လေ၏။ ဤအဖြစ်သည် ထူးခြားဆန်းကြယ် အံ့သြဖွယ်ကောင်းလှသဖြင့် ယနေ့တိုင် မမေ့နိုင်ဖြစ်ခဲ့ရသည့်အပြင် ကျောင်းနေဖော် သူငယ်ချင်းတွေ ဆုံတိုင်း ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်ခဲ့ရပါလေ၏။

ထိုအချိန်က ဧရာဝတီမြစ်ရေသည် ကမ်းမှလျှံတက်၍ ကြီးလျက်ရှိလေ၏။ မြစ်ရေတိုးလာချိန်မှစ၍ ကမ်းပါးပြိုသည်မှာလည်း ကြမ်းလှ၏။ **စာရေးသူတို့ဇာတိ ပေါက်ကုန်းရွာမှ ရွာမြေကျောင်းမြေနှင့်တကွ စိုက်ပျိုးမြေမြေနုမြေကောင်းများဖြစ်သည့်** ကိုင်းမြေများမှာ တဖြုတ်ဖြုတ် ပြိုကျ၍ မြစ်ရေက တိုက်စား ဝါးမျိုသွားလေသည်။ ယမန်နှစ်က ကမ်းပြိုခဲ့သဖြင့် ရွာကျောင်းဝိုင်းအနီး ယာယီ တွယ်ကပ်နေကြသော ရွာမှာလည်း ထပ်မံပြောင်းရွှေ့ကြရပြန်လေသည်။

မြေရိယာ(၇)ဧက ကျယ်ဝန်းခဲ့သော ရွာကျောင်းဆရာတော် ဦးဣန္ဒက၏ ကျောင်းဝိုင်းသည်လည်း **မြစ်ရေတိုက်စား ကမ်းပါးပြိုခဲ့သဖြင့် ယခုအနည်းငယ်သာ ကျန်တော့သည်။ (၇)ပင် (၅)ပင်ရှိသော ပင်မကျောင်း**

www.burmeseclassic.com

**ဆောင်ကြီးကိုလည်း အချိန်မီ ဖျက်၍ စုပုံထားရလေ၏။** ထို့အတူ ဦးပဋ္ဌင်း၊ ကိုရင်နှင့် ကျောင်းသားများ နေထိုင်ကြသည့် ကျောင်းဆောင်အပြင် ဥပုသ်ဇရပ်(၃)ဆောင်ကိုလည်း ဖျက်၍ စုပုံထားရပြန်လေ၏။

ရေကြီးလာသဖြင့် ကျောင်းနှင့်ဇရပ်တို့မှ ပစ္စည်းများ၊ အရိုးအသွပ်များအား စင်ဆောက်၍ ရေလွတ်အောင် စီစဉ်ထားရပြန်လေ၏။ ကျောင်းတိုင်များနှင့် ဇရပ်တိုင်များအားလည်း အမှတ်အသား ပြုလုပ်၍ တိုင်အသီးသီးတွင် နယားပေါက်များ ဖောက်လျက် ရေနံချေး၊ ဘီဇိုးမှ ရှာဖွေရရှိသော ဓာတ်ကြိုးအပျော့များဖြင့် အဆိုင်အခွံ တွဲချည်ထားလေ၏။ ကျောင်းမကြီးတိုင် (၃၅)တိုင်အနက် ဘုရားဆောင်တိုင် (၁၀)လုံးအား သီးသန့်တွဲ၍ထားပြီး ကျန်တိုင်များလည်း သီးသန့်တွဲ၍ ထားလေသည်။

ဆရာတော်ကြီးသည် ကျောင်းတိုင်များ စုပုံထားသည့် ညောင်ပင်ကြီးအနီးတွင် ယာယီ ကျောင်းငယ်ဆောက်၍ သီတင်းသုံးနေလေ၏၊ ဦးပဋ္ဌင်း၊ ကိုရင်နှင့် ကျောင်းသားများကလည်း သီးခြား ယာယီကျောင်းဆောင်ဖြင့် နေကြရလေ၏။

ရေကြီးချိန်ဖြစ်၍ ရွာမှ လူကြီးများက စိတ်မချကြ၊ ကျောင်းသို့လာ၍ စောင့်ပေးကြလေ၏။ ရေကျချိန်တွင် ကျောင်းရွှေ့ရမည်ဖြစ်၏။ ကျောင်းနေရာအား မြစ်လောင်းရိုးတစ်ဖက်ရှိ နတ်ကွန်းစင်ပိုင်း တောင်ဘက်ကပ်လျက် တည်ရှိသည့် ကျောင်းပိုင် ဆွမ်းစားမြေပေါ်တွင် အသစ်တည်ရန် ဆုံးဖြတ်ထားလေသည်။

ဧရာဝတီမြစ်ရေမှာ တက်နေဆဲ ဖြစ်၏။ ရေမှတ်တိုင် ပြုလုပ်၍ နေ့စဉ် ရေအတက်အကျကို တိုင်းတာ၍ ဆရာတော်ကြီးအား လျှောက်ထားကြရလေ၏။ ရေတက်ရက်များမှာလည်း



လဆန်းလဆုတ်ရက်များနှင့် ဒီရေအတက်အကျအပေါ် ဆက်စပ်ယှက်နွယ်လျက်ရှိလေ၏။ လဆန်းစရက်တွင် မြစ်ရေ စ၍တက်ပါက လပြည့်နေ့အထိ တအိအိတိုး၍ တက်လာပြီး လဆုတ်ရက် ရောက်သည်နှင့် ပြန်၍ လျော့ကျလေ့ရှိလေ၏။

လဆုတ်ရက် ရောက်သော်လည်း မြစ်ရေမှာ မကျဘဲ လပြည့်ရက်ကို ကျော်၍ ဖောက်၍ တက်လာပါကလည်း တစ်ပတ်(၆)ရက်သာ ဆက်၍ ရေတက်လေ့ရှိ၏။ ထို့ထက်ပို၍ တက်လေ့မရှိ။ သို့ဖြစ်၍ ရေတက်ခြင်းသည် လပြည့်အား ကျော်၍ ဖောက်၍ တက်လျှင် **"လဖောက်(၆)ရက်"**ဟု ဆိုစမှတ် ပြုကြလေသည်။

လဆုတ်ရက် မြစ်ရေတက်လျှင် ရေကြီးလေ့မရှိပေ။ သို့ရာတွင် ဧရာဝတီမြစ်ရေသည် တစ်ခါတစ်ရံ၌ လဆုတ်ရက်တွင် စ၍ တက်လာတတ်ပြီး လကွယ်ရက်တွင် ပြန်လည်ကျဆင်းခြင်းမရှိဘဲ လဆန်းအထိ တက်လာပါက လပြည့်ရက်အထိ မြစ်ရေသည် တက်၍ ကြီးလေတော့သည်။ ရေကြီးသည့်ရက်မှာလည်း တစ်လခန့် ကြာလေတော့သည်။

တစ်ဖန် လပြည့်ရက်အား ကျော်၍ တက်သည့်အချိန်နှင့် ကြုံပြန်လျှင်ကား လဖောက်(၆)ရက်နှင့် တိုးပြန်လေတော့သည်။ ရေကြီးရက် တာရှည်သောနှစ်များတွင် မြစ်နားကမ်းနားနေထိုင်သူတို့မှာ အနေဆင်းရဲ၊ အစားဆင်းရဲနှင့် ရေကြီးခြင်း၏ ဘေးဒုက္ခကို ပျင်းရိစွာ ခံကြရလေတော့သည်။

* * *

မြစ်နားဒေသမှ ပေါက်ကုန်းရွာ အပါအဝင် ကျေးရွာများမှာ ဒီနှစ် ရေဘေးဒဏ်ခံရသည်မှာ အဆိုးဆုံး။ ဝါထပ်နှစ်ဖြစ်၍လားမသိ ရေနှစ်ကြိမ်ကြီးခဲ့သည်။ ယခု တက်နေသည့် ဒုတိယရေက အကြီးဆုံးဖြစ်လေ၏။ ဒီအထဲ မနေ့ညနေပိုင်းက လေရောမိုးပါ ပြင်းထန်စွာ တိုက်ခတ် ရွာသွန်းခဲ့ပြန်လေ၏။

ရေများရာ မိုးရွာဆိုတာ ဒါမျိုးထင်ပါရဲ့။ လေပြင်းကြောင့် လှိုင်းများ ပြင်းထန်စွာ ပုတ်ခတ်ခဲ့၏။ ရွာမှ အိမ်တချို့နှင့် နွားစာစင်များ ပျက်စီး မျောပါခဲ့၏။ **ဆရာတော်ကြီးကျောင်းမှ ကျောင်းမကြီးတိုင် အတွဲ တစ်တွဲမှာလည်း အတွဲလိုက် ရေတွင်မျောပါ ပျောက်ဆုံးခဲ့ရပြန်လေ၏။**

တိုင်ပျောက် ရှာခဲ့သည်ရက်မှာလည်း (၇)ရက်ရှိပြီဖြစ်လေ၏။ ဦးပဋ္ဌင်း၊ ကိုရင်နှင့် ကျောင်းသားများမှလည်း မနားရ။ ရွာမှ လူကြီးများမှာလည်း လှေများဖြင့် နေ့စဉ် ရှာဖွေကြရ၏။ သို့သော် လုံးဝမတွေ့။ မြစ်ရေကလည်း တက်နေဆဲဖြစ်လေ၏။ ဆရာတော်ကြီးသည် တိုင်များ မျောပါနိုင်သည့် ရေစီးဆင်းရာလမ်းကြောင်း သိရှိရန်နှင့် ထိုဒေသရှိ ရွာများသို့ သတင်းပို့ထားရန် စီစဉ်လျက် **မြေရေအိုး (၁၀)လုံးကို အဖုံးပါ ရှာဖွေလေ၏။**

အိုးများထဲသို့ ပေါ့ပါးသော မီးခြစ်ထုပ် ဆေးလိပ်စည်းနှင့် မုန့်ထုပ်တချို့ကို ထည့်လေ၏။ ကျောင်းတိုင် ရေမျော မျောပါသွား



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ တွေ့ရှိက ပြန်လည် လှူဒါန်းရန် မေတ္တာရပ်ခံကြောင်း စာကိုလည်း ထည့်လေ၏။ ပြီးသည်နှင့် အိုးအဖုံးကို ထုံးနှင့် ထန်းလျက်ဖြင့် နယ်၍ အလုံပိတ်လေ၏။ အိုးပေါ်တွင် "ဆယ်ယူပါ" ဆိုသည့်စာကို လည်း ထုံးတွင် ထန်းလျက် အနည်းငယ်ဖြင့် မွှေ၍ ရေးလေ၏။ ယင်းနောက် တိုင်များ စုပုံထားသည့်နေရာမှ ရေတွင်ချ၍ မျှောလေ၏။

အိုးများသည် ထိုနေရာမှ နတ်ကွန်းစင်တော ရှိရာ မြစ်လောင်းရိုးအတိုင်း အောက်ဘက်သို့ စုံမျောသွားသည်ကို တွေ့ရလေ၏။

နောက်တစ်နေ့တွင် ငှက်တောကုံး ရွာ၊ ထူးရွာနှင့် ကျွန်းကလေးရွာတို့မှ လည်းကောင်း၊ နောက်ရက်များတွင် နန်းတော်ကျွန်းရွာနှင့် ငါးခြောက်ကျွန်း ရွာတို့မှ လည်းကောင်း ကျောင်းတိုင် များ ရေတွင် မျောပါလာခြင်းမရှိ ကြောင်း သတင်းပို့ကြလေ၏။

တိုင်များမှာ ရှေးက ကျွန်းသားတိုင် များဖြစ်၍ အမှန်ပျောက်ဆုံးပါက ယခု အချိန်တွင် ဤကဲ့သို့ ကောင်းမွန်သော ကျွန်းသားတိုင်များ ရနိုင်ရန် မလွယ်။ ဘိုးဘွားအမွေ ကျောင်းတိုင်များ မိမိ လက်ထက်တွင် ဆုံးပါးမည်ကို မလို လားသဖြင့် ဆရာတော်ကြီးသည် ပူပန် လျက်ရှိလေ၏။

ကျောင်းတွင် သမ္ဗန်နှစ်စီးနှင့် ပြိုင်ပွဲ တွင် "နတ်မြား"ဟု ခေါ်သည့် လောင်း လှေတို့ ရှိလေ၏။ ဦးပဥ္စင်းကြီးများအား သမ္ဗန်နှစ်စီးဖြင့် လည်းကောင်း၊ ဆရာ တော်ကြီး ကိုယ်တိုင် နတ်မြားဖြင့် လည်းကောင်း ပျောက်နေသော တိုင် များအား ရှာကြပြန်လေ၏။ နတ်မြား တွင် စာရေးသူနှင့် ကျောင်းသားကြီး (၉)ယောက်တို့က လှော်ကြရလေ သည်။ ရေစီးကြောင်းလမ်းအတိုင်း နတ်ကွန်းစင်တောဆီသို့ လှော်ရန် ဆရာတော်ကြီးမှ မိန့်လေ၏။

နတ်ကွန်းစင်တော ရောက်သော် နှစ်ပတ်သုံးပတ် ပတ်၍ လှော်ရန် မိန့် ပြန်လေ၏။ နတ်ကွန်းစင်တောအား ပတ်၍ လှော်စဉ် ဆရာတော်ကြီးမှ...

'ဦးမင်းကျော် မျက်စိမှုန်နေပြီလား။ ကျောင်း တိုင်တွေ ရေမျောသွားတယ်။ ရေကလဲ ဒီ ဘက်စီးနေတယ်။ ဟိုတုန်းက ပြောဖော်ရ သေးတယ်။ ခုတော့ ကြည့်ဖော်ပြောဖော် မရပါလား'

ဟု မြည်တွန်တောက်တီးလေ၏။ ယင်းနောက် ဟိုတုန်းက ဦးမင်းကျော် ပြောလာသည့်အကြောင်းနှင့် အဖြစ် အပျက်ကိုလည်း အောက်ပါအတိုင်း မိန့်ပြန်လေ၏။

* * *

လွန်ခဲ့သည့်(၁၀)နှစ်ခန့်က ဖြစ်လေ၏။ နတ်ကွန်းစင်တော မြောက်ဘက်ရှိ အိုးမြေရိုးမှာ နွေရာသီရောက်သည့်တိုင် ရေပြတ်လေ့ မရှိသဖြင့် ရွံ့ဗွက်ထူလျက် သွားရေးလာရေး ခက်နေလေ၏။ ဆရာတော်ကြီးမှ ထိုရိုးအား တံတား ထိုး၍ ကုသိုလ်ပြုရန် ရည်ရွယ်ခဲ့လေ၏။

တံတားအတွက် နတ်ကွန်းစင် တောမှ ထန်းပင်အိုအဖိုပင်(၃)ပင်အား **တောပိုင်ရှင် ဦးမင်းကျော်ထံ အလှူ ခံ၍ ခုတ်လှဲပြီး ပိုင်းဖြတ်ထားရှိလေ၏။ "ဦးမင်းကျော် ကုသိုလ်ပေါ့"**ဟု လည်း မိန့်ကြားခဲ့လေ၏။

ဝါဆို မြစ်ရေတက်ချိန်ဖြစ်၍ တံတား ထိုးနိုင်ခြင်း မရှိသေးသဖြင့် နတ်ကွန်း စင်တောတွင် ထန်းသားတုံးများကို ထားခဲ့ရလေ၏။

မြစ်ရေမှာလည်း တဖြည်းဖြည်း တိုး ၍လာပြီး ရွာကုန်းမှာ စ၍ မြုပ်ပြီ ဖြစ် လေ၏။ ကျောင်းဝိုင်းမှာ မမြုပ်သေး သော်လည်း နတ်စင်ကုန်းမှာ မြုပ်စ ပြုလျက်ရှိလေ၏။ ထိုအချိန်က ဆရာ တော်ကြီးမှာ ဦးပဥ္စင်းများအား နေ့လယ်ခင်း စာဝါချလျက်ရှိလေ၏။

ထိုသို့ စာဝါချနေစဉ်...

'ကိုယ်တော့်မှာတော့ စာချကောင်းနေ ထန်းတုံးတွေ ရေမျောတော့မယ်'

ဟု လျှောက်ထားလိုက်သံကို ညင်သာစွာ ကြားလိုက်ရလေ၏။ ဆရာတော်ကြီးသည် ချက်ချင်း စာဝါ ကို သိမ်း၍ နတ်ကွန်းစင်တောရှိရာသို့ လှေငယ်နှစ်စီးဖြင့် အမြန်သွားရောက် ပြီးကြည့်ရာ ထန်းတုံးများမှာ မြစ်ရေ တွင် စတင် မျောပါစပြုနေသည်ကို အံ့ဩဖွယ်ရာ တွေ့ခဲ့ရလေသည်ဟု ပြည့်စုံစွာ မိန့်ကြားခဲ့လေ၏။

စာရေးသူတို့သည် ဣန္ဒြေမပျက် တစ်ယောက်မျက်နှာ တစ်ယောက် ပြိုင်တူ ငုံ့စောင်း ကြည့်မိကြလေ၏။ **"ဦးမင်းကျော် ကူညီပါဦး"**ဟုလည်း တောင်းပန်ချင်ကြ၏။ သို့သော် မလှုပ်ရဲ ကြ။ ဆရာတော်ကြီးအား ကြောက်ကြ ရ၊ ရှိသေကြရသောကြောင့် ဖြစ်လေ



www.burmeseclassic.com

www.burmeseclassic.com

၏။

ဦးမင်းကျော်မှာ ပခန်းကိုကြီးကျော်နတ်ဖြစ်လေ၏။ အဆိုပါ ဦးမင်းကျော်နတ်အား ပေါက်ကုန်းအုပ်စုမှ ပူဇော်ပသကြ၍ နတ်ကွန်းစင်မှာလည်း ပေါက်ကုန်းနတ်စင်ဟု ထင်ရှားလေသည်။ အကျယ်အဝန်းမှာ (၅)ကေရှိ၍ တောအုပ်တစ်ခုအဖြစ် ညို့ညို့ဆိုင်းဆိုင်း ရှိနေလေ၏။

ထိုတောတွင် ထနောင်းပင်တချို့နှင့် ထန်းပင်များ ရောနှောပေါက်ရောက်လျက်ရှိသည်။ ကုလားကင်ပွန်း(ခေါ်) ဆူးဖြူပင်များ စုပြုံပေါက်ရောက်နေသည့် တောကြီးဖြစ်လေသည်။ တော၏အလယ်တွင် အဆင့်ရေလွတ်အောင် ဆောက်လုပ်ထားသည့် **သွပ်မိုး၊ ပျဉ်ကာ နတ်နန်းတစ်ခု ရှိလေ၏။**

နတ်ကွန်းစင်တော၏ မြောက်ဘက်တွင် အိုးမြေရိုး၊ အရှေ့ဘက်တွင် မြစ်လောင်းရိုး၊ တောင်ဘက်တွင် ကျီးပင်ရိုးနှင့် အနောက်ဘက် လယ်တောစိုက်ခင်းမြေများဖြစ်၍ ယခုမြစ်ရေ လွှမ်းလျက် ရှိလေသည်။

* * *

နတ်ကွန်းစင်တောအား (၃)ပတ်ပတ်၍ လှော်ပြီးသည်နှင့် မြစ်လောင်းရိုးရေစီးလမ်းအတိုင်း လှော်ရ၏။ တိုင်များအား တွေ့လိုတွေ့ငြား ဟိုဟိုဒီဒီ ရှာဖွေခဲ့ကြလေ၏။ ငှက်ပျောတောရွာ၊ ထူးရွာ၊ သစ်ရွာတို့မှတစ်ဆင့် လေးအိမ်ရွာသို့ နံနက်(၁၁း၀၀)နာရီခန့်တွင် ရောက်လေ၏။ ပျောက်သောတိုင်များကိုကား ရှာ၍မတွေ့ ဖြစ်ခဲ့ရလေ၏။ ဆွမ်းစားရပ်နားပြီးသည်နှင့် မုန်းချောင်းဝအထိ စုန်ဆင်း ရှာဖွေခဲ့သေး၏။ သို့သော် သတင်းအစအနပင် မရသဖြင့် ပြန်ခဲ့ကြရလေသည်။

အပြန်မှာ ရေဆန်ခရီးဖြစ်၍



အတော် အားစိုက်လှော်ကြရ၏။ ပင်လယ်ကြီးကဲ့သို့ အပြောကျယ်လှသည့် ရေပြင်ပေါ်တွင် သစ်ပင်ကြီးများမှာ အောက်ပိုင်း ရေမြုပ်နေသဖြင့် မလှုပ်မယှက် သစ်ခက်ပုံကြီးများပမာ ဟိုတစ်ပုံဒီတစ်ပုံ ရှိ၍ နေကြလေ၏။ ထိုသစ်ပင်များတွင် တွယ်ငြိနေမည်လား အထင်ဖြင့် ဝင်၍ ကပ်ကြည့်ကြရသေး၏။

***တိုင်များကိုကား မတွေ့၊ ရေသား ဒုက္ခကို အတွေ့ခံစားနေကြရသည့် ကြွက်များ၊ မြွေများနှင့် ငှက်များကိုသာ တွေ့ရ၏။ တစ်ကောင် တစ်ကောင် ရန်စောင်ခြင်း ရန်ရှာခြင်းမရှိ၊ သစ်ပင်များပေါ်တွင် အတူ ယှဉ်တွဲ၍ငြိမ်ချက် ငြိမ်ကုပ်နေကြသည်ကိုသာ တွေ့ရလေ၏။***

ဤဖြစ်စဉ်ကို မြင်ရသောအခါ **"လောကသဘာဝက တရားပြနေတာဖြစ်ကြောင်း"** ဆရာတော်ကြီးမှ မိန့်ကြားခဲ့လေ၏။ နေမဝင်မီ ကျောင်းသို့ ပြန်ရောက်နိုင်စေရန် ရေဆန်ခရီးအား နဖူးနှင့် ဒူးထိအောင် ကုန်း၍ လှော်ခဲ့ကြရာ မကြာမီ **နတ်ကွန်းတောညို့ညို့**ကို မြင်ရလေတော့သည်။

ရေသာကို ခိုး၍ လှော်ခဲ့ကြသဖြင့် မကြာမီ နတ်ကွန်းစင်တောအနီး ရောက်လေ၏။ အရှေ့ဘက် မြစ်လောင်းရိုးရေပြင်သို့ ချိုးကွေ့လျက် လှော်၍ တက်လိုက်ကြစဉ် **နတ်ကွန်းစင်တော၏ မြောက်ဘက်ထိပ် အိုးမြေရိုးနှင့် မြစ်လောင်းရိုး ဆုံရာလောက်တွင် ရေပြင်၌ မြုပ်လိုက်ပေါ်လိုက်ဖြစ်နေသော အရာတစ်ခုကို ထူးဆန်းစွာ လှမ်း၍ မြင်ကြရလေတော့သည်။**

ထိုနေရာသည် အလာတုန်းက လှေဖြင့် နှစ်ပတ်သုံးပတ် ပတ်၍ လှော်ပြီးရောက်ခဲ့သော နေရာ။ ဦးမင်းကျော်အား ဆရာတော်ကြီးမှပင် ဆုခဲ့ပူခဲ့သေးသည်။

ထိုစဉ်က မည်သည့်အရာမျှ မတွေ့ခဲ့၊ ယခု ဘာများပါလိမ့်၊ သိလိုစောဖြင့် တက်သုတ်လှော်ခဲ့ကြသည်။ မြင်နေရသည့်အရာများမှာလည်း လှုပ်ယမ်းလျက် မြုပ်လိုက်ပေါ်လိုက် ဖြစ်နေဆဲ။

***နတ်မြွေသည်လည်း မြွေ၏ အရှိန်ကဲ့သို့ ရေပြင်ကို ရှို၍ ဆန်တက်လေ၏။ အနီးသို့ရောက်သော် အားလုံးမှာ ထခုန်မတတ် ဝမ်းသာသွားကြလေ၏။ အကြောင်းမှာ လှုပ်ယမ်းလျက် ရေတွင် မြုပ်လိုက်ပေါ်လိုက်ဖြစ်နေသော အရာမှာ ပျောက်ဆုံးနေသော ကျောင်းတိုင်ဖြစ်၍ နေသည်ကို အံ့သြဖွယ်ရာ တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။***

ထူးဆန်းစွာ လှုပ်ယမ်းလျက် ငုပ်ချည်ပေါ်ချည်ဖြစ်နေသော တိုင်ကြီးကို ကြည့်ရင်း **"ဦးမင်းကျော် ကူညီပေလို့"**ဟု ဆရာတော်ကြီးမှ မိန့်လိုက်စဉ်မှာပင် **ရေတွင်မြုပ်လျက်ရှိသော တိုင်အတွဲထဲမှ နောက်ထပ်တိုင်တစ်လုံးမှာ "ဘွားခနဲ" ပေါ်လာပြန်သည့် ဖြစ်ရပ်ဆန်းကြောင့် စာရေးသူတို့အဖွဲ့မှာ မအံ့သြဘဲ မနေနိုင်အောင် ဖြစ်ခဲ့ကြရပါသတည်း။**

***(ကျေးဇူးရှင် ပေါက်ကုန်း ဆရာတော် ဦးကုဏ္ဍကာ၏ ဖြစ်ရပ်ဆန်းအား မှတ်တမ်းတင်မြဲ ပူဇော်အပ်ပါသည်။)***

**တင်ဘုန်းဝင်း**



www.burmeseclassic.com

www.burmeseclassic.com



အစွမ်းရှိသော

# ဓာတ်လုံး

ဖိုးသူတော်

စပါးကြီးမြွေ ညှို့တတ်သလို၊ ဓာတ်လုံးကလည်း ညှို့တတ်ပါသည်။ ယင်းဓာတ်လုံးမျိုးများမှာ နဝင်းဟု လည်းကောင်း၊ ဖားဟု လည်းကောင်း၊ အသန္တိန္ဒဟု လည်းကောင်း၊ ဓာတ်သေဟု လည်းကောင်း၊ ရွှေဥဟု လည်းကောင်း အမည်အမျိုးမျိုး ခေါ်သော ဓာတ်လုံးများဖြစ်သည်။

ဓာတ်လုံးဟုဆိုသော်လည်း လုံးဝန်းနေသည် မဟုတ်ပါ။ ဝ,လုံးကို အလယ်တည့်တည့်မှ ခြမ်းလိုက်သော ဝ,လုံးတစ်ခြမ်းနှင့် တူပါသည်။

ဖောင်းနေသောဘက်ကို အပေါ်ဘက်ဟု ခေါ်၍ ပြားနေသောဘက်ကို အောက်ဘက်ဟု သတ်မှတ်ခေါ်ကြပါသည်။ အောက်ဘက်အလယ် တည့်တည့်တွင် ချိုင့်ငယ်ကလေးတစ်ခု ပါရှိတတ်သည်။ ယင်းကို "**ဝါယောပေါက်**" ဟု ခေါ်ကြသည်။

ထိုသို့ ဝါယောပေါက် မပါရှိသော ဓာတ်လုံးလည်း ရှိသည်။ ထိုဓာတ်လုံးမျိုး၏ အောက်ဘက်မှာ ပြား၍ ညီနေပါသည်။ **ဝါယောပေါက်မပါသော ဓာတ်လုံးက ပိုကောင်းပါသည်။**

အရောင်မှာ ရွှေရောင်ဖျော့ဖျော့ ရှိသည်။ ဖျော့ဖျော့ ရွှေမှုန့်ကလေးများ စုကပ်နေသည့်ပုံမျိုးဖြစ်သည်။

ဥပမာ မုန့်စိမ်းပေါင်းမှုန့်များ စုကပ်ပူးတွဲနေသည့် မုန့်စိမ်းပေါင်းတုံးပုံမျိုးဖြစ်သည်။ မှန်ဘီလူးနှင့် သေချာစွာ ကြည့်လျှင် အဝါရောင်၊ အနီရောင်၊ အစိမ်းရောင်နှင့် အဖြူရောင်များ ရောယှက်နေသည်ကို တွေ့ရသည်။

အချို့မှာ စျေးဆိုင်မှ ပြဒါး၏ အရောင်နှင့်တူသည်။ ပြဒါးအရည်ကို လက်ဝါးပေါ်တင်ထားသကဲ့သို့ ဝင်း၊ ကြည်၊ မှည့်ရွှဲနေပါသည်။ ထိုဓာတ်လုံးမျိုးက ပိုကောင်းပါသည်။

နဝင်းဓာတ်လုံးကောင်း တစ်ခု၏ ချော်ရောင်မှာ ဖယောင်းသားကဲ့သို့ အဖြူရောင်ဖြစ်သည်။ ချော်အနက်ရောင်ထွက်သော နဝင်းဓာတ်လုံးလည်းရှိသည်။ **ချော်နက်လျှင် ပထဝီပြန်သည်ဟု ဆိုကြသည်။ ပို၍ စွမ်းပါသည်။ "ချော်နက်ကော်ကွက်"** ဟုပင် အဂ္ဂိရတ်သမားတို့ ဆိုကြသည်။

ထိုဓာတ်လုံးမျိုးနှင့် ပြည်ရှိသော အနာကို တို့ကြည့်လျှင် အနာမှ ပြည်များ ဓာတ်လုံးသို့ ပြေး၍ကပ်ပါသည်။ မျက်ချေးရှိသော မျက်လုံးကို တို့ထိကြည့်လျှင် မျက်ချေးများ ဓာတ်လုံးသို့ ပြေး၍ကပ်ပါသည်။ သွေးထွက်သော နေရာသို့ ထိကပ်ကြည့်လျှင် သွေးများ အရည်ကျဲသွားပြီး သွေးတိတ်သွားပါသည်။

ဓာတ်လုံးတွင် ပေကျံလာသော ပြည် (သို့မဟုတ်) မျက်ချေး(သို့မဟုတ်) သွေးများကို ဆေးကြောမပစ်လျှင် ခဏအတွင်း ခြောက်သွားပါသည်။

လူတို့တွင်ဖြစ်တတ်သော ခွေးကိုက်သည့်အဆိပ်၊ ကင်းထိုးသည့် အဆိပ် မှစ၍ မြွေဆိပ်တက်လျှင်ပင် ဆွဲယူပစ်နိုင်သော အစွမ်းရှိပါသည်။ ကျန်းမာရေးအတွက် ဉာဏ်ရှိသလို သုံးနိုင်သော ဓာတ်လုံးမျိုးဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းတွင် ဆွဲအားရှိသောကြောင့်ဖြစ်သည်။

ထိုဓာတ်လုံးမျိုးကို ဓာတ်တက်ရန် ပြဒါးကျွေးခြင်း၊ ရွှေကျွေးခြင်းများ ပြုကြပါသည်။ ယင်းဓာတ်လုံးမျိုးကို ပြဒါးအရည်အနည်းငယ်နှင့် မီးခွေးခွေးပြုလျှင် ပြဒါးခဲပါသည်။

ထိုသို့ ဓာတ်လုံးတွင် ကပ်နေသော ပြဒါးခဲအဖတ်များကို ခွာယူပြီး လက်ချားချော်အုပ်ထိုးလျှင် မီးထိုးခံ၍ ပုလဲရောင်ပြဒါးဓာတ်ခဲကို ရပါသည်။

ထိုပြဒါးခဲကို ဓာတ်လုံးကို ပြန်ကျွေးရသည်။ သို့မဟုတ် ရွှေကျွေးရသည်။ ဓာတ်လုံးအံလေးချိန်၏ လေးဆ တစ်ချိုး ကျွေးလျှင် တစ်လလောက်ပင်



www.burmeseclassic.com

www.burmeseclassic.com

အစာကြေပြီးလျှင် ဓာတ်လုံးအလေးချိန် မတိုးပါ။ အရောင်ပို၍ တောက်ပလာပါသည်။ အရွယ်ပမာဏနှင့်ပုံစံမှာလည်း နဂိုမူလအတိုင်းသာ ရှိသည်။



ထိုသို့ အစာကို ဝအောင် ထပ်ကာ ထပ်ကာ ကျွေးရသည်။ အစာဝလျှင် ကိစ္စပြီးသည်ဟု ဆိုကြသည်။ ကိစ္စပြီးသည်ဆိုသည်မှာ ပြဒါးရှင်လုံး ဖြစ်သည်ကို ဆိုပါသည်။

**နဝင်းဓာတ်လုံးမှာ** ပြဒါးရှင်လုံး မဟုတ်ပါ။ အချို့နဝင်းလုံးများမှာ ပြာယိုခြင်း၊ ပြာအန်ခြင်းများပင် ဖြစ်တတ်ကြပါသည်။ ယိုသောပြာက ပို၍ စွမ်းပါသည်။

ထိုသို့ အင်အားရှိသော နဝင်းဓာတ်လုံးများကို ဖိုခွင်တွင် ချော်အုပ်ထိုးလျှင်လည်းကောင်း၊ ဖော်အုပ်ထိုးလျှင်လည်းကောင်း မီးထိုးစဉ်အတွင်း တစ်ခါတစ်ရံ အလွန် မွှေးပျံ့တတ်ပါသည်။

အချို့နဝင်းဓာတ်များမှာ တစ်ခါတစ်ရံ နနွင်းနံ့မျိုး ထွက်တတ်ပါသည်။ ရနံ့များကို ထွက်စေချင်သလို ထွက်ရန် မီးကို သတ်မှတ်၍ထိုးရန်မှာ မလွယ်ပါသဖြင့် တစ်ခါတစ်ရံဟုပင် မှတ်သားထားရပါသည်။

နဝင်းဓာတ်ထိုးသော ချော်ကို အအေးခံ၍ လျှာနှင့် တို့ကြည့်လျှင် တစ်ခါတစ်ရံ အလွန်ချိုပါသည်။ နဝင်းဓာတ်ကို ထိုးနေစဉ် ဖိုခွင်သည်လည်း အလွန်အေးပါသည်။

ထို့ကြောင့် အဂ္ဂိရတ်သမားတို့က **"ချို၊ အေး၊ မွှေး"**ဟု သတ်မှတ်ကြပါသည်။ ဓာတ်များ နဝင်းကိုက်သောကြောင့် နဝင်းလုံးဟု လည်းကောင်း၊ မီးနှင့် တွေ့လျှင် အငွေ့မပျံ့ရုံပင်မက ငရဲမီးပင်လျှင် ခံနိုင်၍ ဓာတ်သေဟု လည်းကောင်း... ပျက်စီးပြောင်းလဲခြင်း မဖြစ်တော့သည့်ဓာတ်ဖြစ်၍ အသန္တိန္ဓဓာတ်ဟူ လည်းကောင်း၊ ပုံသဏ္ဌာန်မှာ အောက်ဘက်ပြားပြီး အပေါ်ဖောင်းနေသည်မှာ ဖားသတ္တဝါနှင့်တူ၍ဖားဓာတ်လုံးဟုလည်းကောင်း...

တွင်းထွက်ရွှေထည့်၍ ကျွေးပါသော်လည်း အလေးချိန်မတိုးဘဲနှင့် ရွှေရောင်အားသာ ပို၍ ကောင်းလာပြီး ဓာတ်အားများရှိသော ဓာတ်သေရွှေဖြစ်သဖြင့် **"ရွှေဥ"**ဟု လည်းကောင်း ခေါ်ကြပါသည်။

ထိုဓာတ်လုံးမျိုးသည် ပြဒါးနှစ်ပါသည်။ အချို့သောသူတို့က ပြဒါးနှစ်သောဓာတ်လုံးကို ငွေပေး၍ ဝယ်ကြသည်ဟု ဆိုသည်။

နဝင်းလုံးများမှာ ပစ္စမြားဆံကြိုး၊ အဖိုးပြည့်တန်ဟု မဆိုနိုင်သေးသော်လည်း အစွမ်းရှိသော ဓာတ်လုံးဘဝကောင်းကောင်း ရောက်နေပြီဖြစ်ပါသည်။

သို့သော် တစ်ခါတစ်ရံဟု ဆိုခဲ့သော အစွမ်းထွက်ချိန်များကိုတော့ တစ်ခါတစ်ရံ ဖြစ်တတ်ခြင်းဖြစ်၍ လိုသလို စမ်းနိုင်မည် မဟုတ်ပါ။

ထိုသို့ ထူးခြားသော အကြောင်းများထက် အလွန်အံ့သြဖွယ်ကောင်းသော တစ်ခါတစ်ရံ အဖြစ်ဆန်းများကို ဖြစ်ခဲ့စဉ်ကတိုင်းပင် ကျွန်ုပ် ရေးသားပြပါမည်။

အကြောင်းမှာ **စပါးကြီးမြွေ ညို့တတ်သလို** ဓာတ်လုံးကလည်း ညို့တတ်ပါသည်ဟုပင် ဖြစ်ပါသည်။ သို့သော် တစ်ခါတစ်ရံ ဖြစ်သည်။ တစ်ခါက ကျွန်ုပ် ဖိုထိုးနေစဉ် သူငယ်ချင်းဖြစ်သူ ရှမ်းလေး ရောက်လာပါသည်။

'ဦးသူတော် ပေး ကျွန်တော်ဖိုဆွဲပေးမယ်'

ရှမ်းလေးက ပြောပြောဆိုဆို ကျွန်ုပ်လက်မှ ဖိုဆွဲကြိုးကို ယူ၍ ဖိုဝင်ဆွဲပါတော့သည်။ သူငယ်ချင်းဆိုသော်လည်း ရှမ်းလေးမှာ ကျွန်ုပ်ထက်ငယ်ခြင်း ကျွန်ုပ်မှာ ဖိုးသူတော်တစ်ဦးဖြစ်ခြင်းတို့ကြောင့် တရိုတသေပင် ဆက်ဆံပါသည်။

ရှမ်းလေး၏ အဖေသည်လည်း အဂ္ဂိရတ် ပညာရှင်ကောင်းတစ်ဦးဖြစ်ခဲ့၍ အဂ္ဂိရတ်နှင့်ပတ်သက်လျှင် ရှမ်းလေးမှာ အတွေ့အကြုံရှိပြီး ဖြစ်သည်။

"ရပ်ဦးကွ"ဖို့ရပ်ခိုင်းပြီး ကျွန်ုပ်က လုံကို လှည့်သည်။ မီးစင်ကြည့်၍ "ဆွဲ"ဟု ဆိုကာ ပြန်ဆွဲခိုင်းရသည်။ ဖိုခန်းတွင်း၌ စိမ်းလဲ့လဲ့မီးရောင်နှင့် အရာရာတိုင်းသည် ဝင်းလဲ့လှပနေသည်။ အေးနေပြီး အလွန်အိပ်ချင်လာကြပါသည်။

ဖိုခန်းတွင်း၌ ကျွန်ုပ်တို့ အပိုစကားမပြောကြပါ။ ကျွန်ုပ်၏ ဖိုခန်းတွင်းသို့ ရှမ်းလေးမှ လွဲ၍ မည်သည့်လူပိုမျှ လက်မခံခဲ့ဘူးပါ။

ရှမ်းလေးပင်လျှင် ဖိုဆွဲဖော်ရ၍ တံခါးမရှိ ဓားမရှိ ဝင်ခွင့်ပေးထားခြင်းဖြစ်သည်။ ဓာတ်တို့၏ သဘောသည် တည်ငြိမ်လေ ကောင်းလေဖြစ်သဖြင့် ထိုသို့သာ နေပါသည်။

'ဖိုခွင်ကို လိပ်ပြာလေးတွေ လာဖူးလား ဦးသူတော်'

ရှမ်းလေးက ဖောက်လာသည်။

'လာဖူးပါတယ်ကွာ ဖိုနားလဲ ရောက်ရော သူတို့ မူလအရောင် ပျောက်ပြီး အဖြူလေးတွေ ဖြစ်သွား





www.burmeseclassic.com

www.burmeseclassic.com

တာပဲ'

စကားစရှိ၍ ကျွန်ုပ်လည်း လိုက်ပြောလိုက်ရသည်။ စိတ်က သိပ်တော့ မကြိုက်ပါ။

'အဲဒီ လိပ်ပြာထုံးကူးတာ ခေါ်တယ်လို့ ကျွန်တော့်အဖေ ပြောဖူးတယ်။ ဖတ်ဆွဲအားကြောင့် လိပ်ပြာတွေလာရာတာ ဦးသူတော်'

'အေးကွ... လိပ်ပြာလေးတွေ တစ်ကောင် စ၊ နှစ်ကောင်စလာပြီး ဖိုဘေးကနေ ဝဲနေတာ ဖိုထဲကျပြီး သေသွားမှာစိုးလို့ ပထမတော့ စိုးရိမ်မိတယ်။ ဒီလောက် မီးကိုတော့ မတိုးနိုင်လို့ ဘေးကနေ ရစ်ဝဲနေရင်း အဖြူရောင် ပြောင်းသွားကြတာပဲကွ'

ဟု ဖြေလိုက်ပါသည်။

'အခု လုံထဲက အလုံးက ရွှေသမင်လား'

ဟု ရှမ်းလေးက မေးသည်။ ကျွန်ုပ်၏ နဝင်းဓာတ်လုံးသည် ချော်မဟုတ်ဘဲ အခြောက်ကျိုး၍ ကြည့်လိုက်လျှင် အလွန်လှပသော မျက်လုံးလေးနှင့် တူသဖြင့် သမင်မျက်လုံး အလှဆုံးဟု တင်စားကာ **"ရွှေသမင်ဓာတ်လုံး"** ဟု ရှမ်းလေးက ခေါ်သည်။

"အေး"ဟု ကျွန်ုပ်က စကားစဖြတ်စေရန် တိုတိုပင် ဖြေလိုက်သည်။ ရပ်လိုက်ဆွဲလိုက်နှင့် မီးရပ်မီးနေ မှန်မှန်ကစား၍ ထိုးလာခဲ့ကြရာ တစ်နာရီနီးပါးမျှ ကြာသောအခါ မီးဖိုခွင်နားသို့ ကင်းမလက်မည်းတစ်ကောင် လာနေသည်ကို တွေ့ကြရသည်။

ရှမ်းလေးက အလျင်စလိုလေသံနှင့်...

'ဦးသူတော် အဲဒီကင်းကို ညှပ်နှင့် ညှပ်ပြီး လုံထဲ ထည့်လိုက်၊ အဲဒီဓာတ်လုံးက စားချင်လို့ ဖမ်းနေတာ'

'မဟုတ်တာကွာ သူတစ်ပါး အသက်ကို'

ဟု ကျွန်ုပ်က လှမ်းမာန်လိုက်ရသည်။



'ကင်းက မီးပူလို့သာ ယက်ကန် ယက်ကန် ဖြစ်နေတာ လုံဆီကို သွားချင်နေတာ ထည့်သာ ထည့် လိုက်ရင် ဓာတ်လုံးလဲ ပြီးရောလို့ အဖေက ပြောဖူးတယ်'

ရှမ်းလေးက ထပ်၍ ရှင်းပြပြန်သည်။

'မီးရောင်ရှိတဲ့ နေရာမို့ ကင်းလာတာ နေမှာပါကွာ'

ဟု ကျွန်ုပ်က ပြောသည်ကို ရှမ်းလေးက လက်မခံပါ။

'ဦးသူတော် ဓာတ်လုံးက ရွှေတွေကျွေးတာများနေပြီ ထင်တယ်။ ပြဒါးကို အတော်စားချင်နေပုံရတယ်။ အဆိပ်ရှိတဲ့ ကင်းမလက်မည်းကို လှမ်းဖမ်းညို့နေလို့ ကင်းမလက်မည်းကလာရာတာ ဦးသူတော်ရဲ့'

ဟု ရှင်းပြပြန်သည်။

'ပြဒါးကို မရတော့ အဆိပ်မှာရှိတဲ့ ပြဒါးကို လှမ်းဆွဲနေတာ'

ရှမ်းလေးက ထပ်ကာထပ်ကာ ရှင်းပြနေပြန်သည်။

ထိုစဉ် ကျွန်ုပ်တို့နှစ်ဦးလုံး အလွန်လန့်သွားသည်။ အဘယ်ကြောင့်ဆိုသော် ဒင်္ဂါးပြား၏ အဝန်းခန့် အလုံးရှိသော မြွေတစ်ကောင်သည် ကျွန်တော်တို့နောက်မှ ရှူးဟူသော နှာမှုတ်သံပေး၍ ရောက်ရှိနေသောကြောင့် ဖြစ်၏။

ထိုမြွေမှာ မြွေဟောက် ဖြစ်သည်။ ရှမ်းလေးပြောသည်မှာ ဟုတ်များဟုတ်လေသလားဟုပင် ထင်လာတော့သည်။ သို့သော် မြွေဆိုသည်မှာ အန္တရာယ်ပေးတတ်သော အမျိုးဖြစ်၍...

'ဟော့ကောင်ရှမ်းလေး ဘာကြည့်နေတာလဲ တုတ်ရှာပြီး မောင်းလွှတ်လိုက်ကွာ'

ဟု ခိုင်းလိုက်မိသည်။

'သူလဲ ဓာတ်လုံးက ညို့တာခံနေရပြီ ထင်တယ် ဦးသူတော်'

ဟု ရှမ်းလေးက ဆိုသည်။

'ဘာပဲဖြစ်ဖြစ်ကွာ သူတစ်ပါးရဲ့ အသက်ကို မကြံစည်ကောင်းပါဘူး။ မောင်းသာ ထုတ်လိုက်ပါ'

ရှမ်းလေး မြွေမောင်းထုတ်နေစဉ် ကျွန်ုပ်မှာ လုံပြင်ခြင်း၊ မီးသွေးထည့်ခြင်းများ ပြုလုပ်ပြီး မီးစင်ကြည့်ကာ ဖိုကို ကိုယ်တိုင်ပင် မှန်မှန်ဆွဲနေလိုက်ပါတော့သည်။

ထိုစဉ် ရှမ်းလေးမှာ မြွေနှင့်ကင်းကို မောင်းရင်း ဖိုရုံအပြင်ဘက်သို့ ရောက်ရှိသွားပါတော့သည်။ ကျွန်ုပ် ဖိုထိုးစဉ် ထိုသို့ ဖိုရုံတွင် ဝင်လိုက် ထွက်လိုက် လုပ်သည်ကို ကျွန်ုပ် မကြိုက်ပါ။ သို့သော် အကြောင်းအားလျော်စွာ ဖြစ်နေ၍သာ ကြည့်နေရပါသည်။

"ဟ...ဟ...ဟ...ဟ"ဟု ကျွန်ုပ် ယောင်၍ အော်နေမိသည်။ ဘာလုပ်ရမည်မသိ ဖြစ်နေသည်။ ပြူးတူးပျာတာဟု ဆိုရမည်။ သို့သော် ကျွန်ုပ် ဘာမျှ မလုပ်မိပါ။ အံ့ဩခြင်း စိုးရိမ်ခြင်းကြီးစွာဖြစ်၍သာ နေပါတော့သည်။

"ဝီး...ဝီး...ဝီး...ဝီး"ဟူသော အသံများလည်း လိုင်နေသည်။ ဘယ်က ဘယ်လို ရောက်လာသည် မသိသော ပိုးဟပ်များသည် ကျွန်ုပ်ဖိုထိုးနေသော မီးခွင်တွင်းသို့ ဆင်းသက်ကုန်ကြပါသည်။

များလိုက်သည့် ပိုးဟပ်များမှာ မီးဖို



www.burmeseclassic.com

www.burmeseclassic.com

ဖိုခွင်တွင်းသို့ ကတော့ကြီးတစ်ခုပုံမျိုး လောက်ရှိပြီး အားလုံး မီးခွင်တွင်း ရောက်သွားကြသည်။

အလွန်လျင်မြန်သော အချိန် အတွင်း၌ပင် မီးရောင်ပျောက်၍ မီးခွင် တွင်း၌ မီးခဲနှင့် လုံပေါ်မှာပါ ပိုးဟပ် များ စုပုံထပ်ကာ ရောက်ရှိသွားပါတော့ သည်။

ကျွန်ုပ်သည် လုံမှောက်မည်၊ လုံကွဲ မည်ကို အလွန်စိုးရိမ်သွားသည်။ ဖိုဆွဲ ကိုလည်း ရပ်ထားပြီးဖြစ်သည်။ ပိုးဟပ် များ မသေကြပါ။

ပိုးဟပ်များ မီးဖိုတွင်းရောက်လျှင် ရောက်ချင်း ခဏအတွင်း၌ပင် ထပျံ ကြပြန်ပါသည်။ ဇီဇီ... ဇီဇီ ဟူသော အသံများ ပြန်ပေါ်လာပြန်သည်။ ကျွန်ုပ်သည် လုပ်မိလုပ်ရာ ယောင် ယမ်းပြီး ယပ်တောင်ကို ဆွဲ၍ ပိုးဟပ် များကို ယပ်ထုတ်နေမိပါသည်။

ထိုယပ်တောင်မှာ ဘုန်းကြီး ယပ်တောင်ဖြစ်သည်။ ထန်းရွက် ယပ်တောင်ဖြစ်သည်။ ဆရာတော်ကြီး က သူ့ယပ်တောင် စုတ်သွားသဖြင့် ကျွန်ုပ်ကို စွန့်ထားခြင်း ဖြစ်သည်။

ထိုယပ်တောင်စုတ်နှင့် မွှေ၍ ယပ် နေမိသည်။ ယပ်တောင်နှင့် ထိသော ပိုးဟပ်များ ပြုတ်ကျကုန်သည်။ ဖိုခန်း တွင် မြေပြင်ပေါ်တွင် ပိုးဟပ်များ ဟိုဒီ ပြန့်ကျဲကျကြသည်။ မြေပေါ်ကျသော ပိုးဟပ်များမှာ ယပ်တောင်နှင့် ထိသော ဒဏ်ကြောင့် ယက်ကန်ယက်ကန်နှင့် လိမ့်ပျံနေကြသည်။

'ဦးသူတော် ဟ…ဟ ဘယ်လိုဖြစ်တာလဲ အလို ပိုးဟပ်တွေပါလား'

ပြောပြောဆိုဆို ဖိုခန်းတွင်း ပြန်ဝင် လာသော ရှမ်းလေးအသံကြောင့် ကျွန်ုပ် ယပ်တောင်နှင့် ယပ်ခြင်းကို ရပ်လိုက်မိသည်။

'ပိုးဟပ်တွေ ဖိုခွင်ထဲ အကုန်ဝင်ဆင်းပြီး မှထပြန်ကြတာကွ၊ ဝဲ့လုံတော့ မှောက်များ မှောက်ပြီလား'

ကျွန်ုပ်သည် ပြောပြောဆိုဆို ဖိုခွင် တွင်းမှ လုံကို ကြည့်လိုက်ရာ ပကတိ ထောင်လျက်ပင် တွေ့ရပါသည်။

'ဟာ… အဲဒါလဲ ပိုးဟပ်တွေ ထုံလာ ကူးတာ၊ ဦးသူတော် ဓာတ်လုံးက ဖမ်းဆွဲ နေလို့ ပိုးဟပ်တွေက လာရတာ အဲဒီ ကျနေတဲ့ ပိုးဟပ်တွေထဲမှာ အဖြူတစ်ကောင် ပါသွားတတ်တယ်။ လိုက်ရှာလိုက်ရှာ'

ရှမ်းလေးက အရေးတကြီးနှင့် မြေပြင်ပေါ်မှ ပိုးဟပ်များကို လိုက် ကြည့်နေသည်။

ကျွန်ုပ်သည် ပိုးဟပ်များကို ကြည့်၍ အလွန်စိတ်မကောင်း ဖြစ်သွားမိသည်။ သူတို့နာသွားကြပြီ။ သေများ သွားကြ မလားဟု စိုးရိမ်မိသည်။

ကျွန်ုပ် သတိလက်လွတ် လုပ်လိုက် မိသည်ကို နောင်တရမိသည်။ ကျွန်ုပ်၏ လုံ၊ ကျွန်ုပ်၏ ဓာတ်လုံးကို ပျက်မည် စိုးသဖြင့် ထိုသို့ ဖြစ်သွားခြင်းဖြစ်သည်။ မသေကြပါစေနှင့်ဟု ဆုတောင်းမိ သည်။

ပိုးဟပ်များသည် လူးလွန့်၍ ထပျံကြ သည်က များပါသည်။ အချိန် အနည်း ငယ်အတွင်းမှာပင် ပိုးဟပ်များ မြေပြင် ပေါ်မှာ မရှိတော့ပါ။ အကုန်လုံးပင် ပျံနိုင်ကြသည်ထင်သည်။ ထိုစဉ်…

'တွေ့ပြီ တွေ့ပြီ ဦးသူတော်ရေ… ဒီမှာ ကြည့် ဒီမှာကြည့်'

ဟု အားရဝမ်းသာ ရှမ်းလေးက အော်နေသည်။ သူ့ရှေ့မြေပြင်ပေါ် တွင် ပိုးဟပ်ဖြူတစ်ကောင် လူးလွန့် နေသည်။

ထိုပိုးဟပ် မပျံနိုင်ခြင်းမှာ ရှမ်းလေး က နောက်ထပ်တဖန် လက်နှင့် ပုတ် လိုက်၍ ဖြစ်သည်။ ထိုပိုးဟပ်ဖြူမှာ ကြွေရောင်နှင့် အလွန်တူသည်။ အဖြူ ရောင် တောက်ပနေသည်။

'မလုပ်ပါနဲ့ ရှမ်းလေးရာ သေသွား ပါဦးမယ်'

ဟု ကျွန်ုပ်က ပြောလိုက်သဖြင့် ရှမ်းလေးက…

'ဦးသူတော် ယပ်နဲ့ ယပ်ထာ ထုံကူးတဲ့ ပိုးဟပ်ဖြူကို ဖမ်းတာ မဟုတ်ဘူးလား'

ဟု မေးပါသည်။

'အဲဒါတွေ ငါလဲ မသိပါဘူးကွာ လန့်ပြီး ယောင်ယမ်းလုပ်လိုက်မိတာပါ။ ပိုးဟပ်ဖြူတစ်ကောင်ပါမှန်းလဲ မသိပါ ဘူး'

'ကဲ…အခု ထုံကူး ပိုးဟပ်ဖြူကို ရပြီ။ လုံထဲသာ ထည့်လိုက်ပေတော့ ဓာတ်ကိစ္စပြီးပြီ'

ဟု ရှမ်းလေးက ပြောသည်။ ကျွန်ုပ် မလုပ်ရက်ပါ။ ထိုသို့သော နည်းနှင့် လည်း ကျွန်ုပ် ကောင်းကျိုးမရှာလိုပါ။

ထို့ကြောင့် ရှမ်းလေးကို ပိုးဟပ် ဖြူကို ဖမ်းမထားဘဲ ပြန်လွှတ်လိုက် ပါဟု ပြောရပါသည်။ ထိုအခါ ရှမ်းလေး က…

'တစ်ခါတစ်ရံသာ ကြုံတတ်တဲ့ အခွင့်အရေး ကို မယူရင် နောင်မလွယ်ဘူး'

ဟု သတိပေးပြန်ပါသည်။

'တစ်ခါတစ်ရံမကလို့ အခါခါကြုံတောင် ဒီနည်းမျိုးနဲ့တော့ မပြီးချင်ပါဘူးကွာ။ မင်း နည်းက စပါးကြီးမြွေသို့ဖမ်းသလို သတ္တဝါ လေးတွေကို ဓာတ်လုံးက ညှို့ဖမ်းတာကို တို့က ကူညတ်ပေးရဦးမှာဆိုတော့ ငရဲစာ ဖြစ်နေပြီ။

ကောင်းတဲ့နည်းနဲ့သာ ဓာတ်တက်လမ်းကို ရှာပါတော့မယ်ကွာ။ ပိုးဟပ်ဖြူလေးကို ပြန် သာ လွှတ်လိုက်ပါ'


ဟု ပြောလိုက်ရပါတော့သည်။

**ဖိုးသူတော်**



www.burmeseclassic.com

www.burmeseclassic.com



# တမလွန်ဘဝရောက်

ငွေတိုး

၁၉၉၁ ခုနှစ်က ကျွန်ုပ်၏ ကိုယ်တွေ့ အဖြစ်အပျက်တစ်ခု ဖြစ်သည်။ ဝန်းသို မြို့နယ်တွင် တာဝန်ထမ်းဆောင်နေစဉ် တစ်နေ့၌ မိတ်ဆွေ ဦးခင် ရောက်လာပြီး ဘုန်းကြီးဆွမ်းကပ် လာဖိတ်၏။

''ဘာကိစ္စ''ဟု မမေးဘဲ လှူရင်းများ ဖြစ်၍လာခဲ့မည်ဟုသာ ကတိပေးလိုက်ပါသည်။

ကျွန်ုပ် ဆွမ်းကပ်ရာသို့ ရောက်ပြီး မကြာမီ ဘုန်းကြီးငါးပါး ကြွရောက်လာသည်။ ဆွမ်းဝေယျာဝစ္စပြင် သင်္ကန်းပါ ဆက်ကပ်၏။

ထိုအခါကျမှ ဘာအတွက် ရည်မှန်း ဆောင်ရွက်ကြောင်းမေးရာ ဦးခင်က **''သစ်ဆွဲရင်း သေဆုံးသွားသော သူ့သား စွယ်စုံဆင်ပေါက်ကြီး ငွေတိုး''**အား ရည်မှန်းပြုလုပ်ကြောင်း သိရပေသည်။

ဦးခင်မှာ မော်လိုက်မြို့က ဖြစ်၍ ဝန်းသိုသို့ သစ်တောကြိုးဝိုင်းတွင် အလုပ် လုပ်ရန် ငွေတိုးနှင့်အတူ ရောက်ရှိခဲ့ခြင်းဖြစ်၏။

ယခု ဆွမ်းကပ်သည့်အိမ်မှာ မိတ်ဆွေဦးသာဒင်၏အိမ် ဖြစ်ပါသည်။ ဝန်းသို ရောက်ခါစ ငွေတိုးနှင့်အတူ ဤအိမ်တွင် ခေတ္တ တည်းခိုနေဖူးပေသည်။ ထို့ကြောင့် မိတ်ဆွေ၏အိမ်မှာပင် ဆွမ်းကပ်ခဲ့ခြင်း ဖြစ်လေသည်။

ငွေတိုးသည် စွယ်စုံဆင်ကောင်း အားကောင်းသော ဆင်ပေါက်ဖြစ်၍ သစ်ဆွဲရာတွင် အားထားရသူဖြစ်၏။ တစ်နေ့ တောင်ကမ်းပါးမှ သစ်လုံးကြီး ဆွဲချရင်း ငွေတိုး ခြေချော်ကျခဲ့သည်။

တောထဲတွင် အမျိုးမျိုး စုံအောင် ကုသပေး၏။ သို့သော် တစ်ပတ်ခန့် အကြာတွင် ငွေတိုး သေဆုံးခဲ့ပေသည်။ သေဆုံးစဉ် ဦးခင်က ငွေတိုး၏ ဦးခေါင်းကို လက်နှင့်ကိုင်ကာ...

'ငါ့သားကြီး...မင်းအတွက် ဘုန်းကြီးဆွမ်း ကပ်မယ်၊ သင်္ကန်းလဲ ကပ်မယ်၊ ငါတို့ ဝန်းသိုရောက်စကတည်းက တည်းခဲ့တဲ့ အိမ်မှာ သွားစောင့်နေပါ'

ဟု ပြောခဲ့သည်။

သင်္ကန်းမကပ်မီညတွင် ဦးသာဒင်၏ အိမ်ဘေးမှ ဝင်းခြံတိုးသံများ၊ အိမ်နောက်ဖေးရှိ အုန်းပင်များ၏ ပွတ်တိုက်သံများ ကြားရ၏။

သို့သော် အိမ်ရှင်သည် သူ့သားများ လည်ရာမှ ပြန်လာသည်ထင်၍ ထမကြည့်တော့ကြောင်း၊ အမှန်မှာ ငွေတိုး ရောက်နေခြင်းဖြစ်ပေသည်။

တမလွန်ဘဝ ရောက်သော်လည်း သခင်၏စကားကို နားထောင်ကာ တည်းခိုအိမ်ကို မှတ်မိကြောင်း ပြသခြင်း ဖြစ်ပေမည်။

ဆွမ်းကပ်၊ သင်္ကန်းကပ်ပြီး ဆွမ်းအနုမောဒနာတရား နာကြ၏။ လှူဒါန်းမှုအစုစုအတွက် ဆင်ပိုင်ရှင် ဦးခင်က...

'သားကြီး ငွေတိုးရေ... အမျှ...အမျှ... အမျှ...'

သုံးကြိမ် အမျှပေးလိုက်ရာ အိမ်နောက်ဖေးရှိ အုန်းပင်မှ အုန်းသီးစိမ်း တစ်လုံး ''ဒုန်း'' ဆိုပြီး ပြုတ်ကျသွားခဲ့သည်။

သခင်၏ အမျှပေးဝေခြင်းကို ငွေတိုး ရရှိကြောင်း သက်သေပြလိုက်ခြင်း ဖြစ်ပေမည်။

ညွှေသည်အားလုံး ဝမ်းနည်းအံ့သြကြ၏။ ဘယ်ဘဝပင် ရောက်ရောက် လူနှင့်တိရစ္ဆာန်ပင် ဖြစ်လင့်ကစား သံယောဇဉ်ကြိုးကား ခိုင်မာလှကြောင်း လက်တွေ့ သိမြင်ကြရပါတော့သည်။

ဝိုင်း(ဓေယျာ)



www.burmeseclassic.com

www.burmeseclassic.com

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း တွင် ပါဝင်သော **"ဘုရားမဟုတ် ညာတင်ကုတ်"** ဆောင်းပါးကို ဖတ်ပြီး မိုးကြိုးသွားနှင့် ပတ်သက်၍ ရေးသား တင်ပြပါရန် တောင်းဆိုလာကြသူများ အကြံပြုကြသူများ ရှိလာကြသည်။

ထို့ကြောင့် မိမိလေ့လာ သိရှိထားရသော မှတ်တမ်းများအရ စုစည်း၍ ဗဟုသုတအလို့ငှာ ရေးသားလိုက်ရပေသည်။

ဂမ္ဘီရပစ္စည်းများနှင့် စပ်ဆိုင်သည့် ပြောဆိုသံများမှာ မှန်သည်လည်းရှိ မမှန်သည်လည်းရှိ ကြားနေရမည်မှာ ဓမ္မတာပင်။

စာရေးသူသည် ၎င်းပစ္စည်းများနှင့် ပတ်သက်၍ (စီးပွားရေးအရ မဟုတ်ပါ) ဝါသနာအရ အနယ်နယ် အနှံ့အပြား ရောက်ရှိ ထိတွေ့ သုတေသနပြုဖူးသည့် အတွေ့အကြုံများထဲမှ မိုးကြိုးသွားအကြောင်းကို ရေးသား တင်ပြရပါသည်။

အချက်အလက် ခိုင်မာမှု၊ တိကျမှုတို့ အထူး အလေးထားရပါကြောင်း ရိုးသားစွာ ဆိုပါရစေ။

အမှန်မှာ ၎င်းဂမ္ဘီရပစ္စည်းများသည် သူတော်စင်၊ သူတော်ကောင်းများလက်ဝယ် အမှန်တကယ် ရှိဆဲပင် ဖြစ်ပါသည်။ 'သာသနာအကျိုး၊ သတ္တဝါအကျိုး'ငှာ သူတော်စင်များ သုံးလေ့ရှိသည်ဟုသာ မှတ်သား နှလုံးသွင်းရပါ၏။

အမှန်မှာ ဂမ္ဘီရ ပစ္စည်းများသည် ထိုက်တန်မှ လက်ဝယ် ရတတ်ပါသည်။ ရသူ၏ စရဏ၊ သီလ၊ ပုဂ္ဂိုလ် အစောင့်အရှောက်များ၏ ညွှန်ကြားမှုတို့ဖြင့်သာ အစွမ်းထက်မြက်မှု (Power- တန်ခိုး)ရှိကြောင်း မှတ်သားရ၏။

မိုးကြိုးသွားဟု လွယ်လွယ် ခေါ်နေကြသော်လည်း အမှန်မှာ **"မိုးကြိုးစက်သွား"**ဟု ဖြစ်ပါသည်။ **စက္က**သည် **စကြာ**၏ အဓိပ္ပာယ်မှ ဆင်းသက်၍ တန်ခိုးအဝိုင်းအဝန်း လည်ပတ်မှု ရှိနေသည်ဟု အနက်ရပါသည်။

စွမ်းအင်ထူးခြား

# မိုးကြိုးသွား

မောင်မောင်ဖိုးမြင့် (အဏ္ဏဝါသိပ္ပံ)ပုဂံမြို့သစ်

တချို့ကတော့ **မိုးကြိုးပစ်ရာမှ (အထူးသဖြင့် ထန်းပင်)အပင်၏ အမြစ်တော ဖြစ်လာ၍ မိုးကြိုးသွား ခေါ်ကြောင်း** ပြောကြပါသည်။ မည်သို့ဆိုစေ မိုးကြိုးသွားစစ်လျှင် "စွမ်းအင်ထူး" ရှိသည်မှာ သေချာပါသည်။

### မိုးကြိုးသွား နှစ်မျိုး

(၁) ကျောက်မိုးကြိုးသွား၊
(၂) ကြေးမိုးကြိုးသွား

ဟူ၍ ဖြစ်ပါသည်။

### ကျောက်မိုးကြိုးသွား

တွေ့ရန် လွယ်ပါသည်။ အတော်အတန် စွမ်းအင်ရှိပါသည်။ **(စစ်လျှင်)**။ ၎င်းကျောက်မိုးကြိုးသွားကို ပခုက္ကူမြို့နယ်၊ ရွှေစည်ကောင်းကျေးရွာ (ယခု Asia Wealth Co; Ltd, ရေနံလုပ်ကွက်) တွင် တွေ့ရတတ်သည်။

ရေနံကွက် မတိုင်မီကာလက **အောင်ဒေါင်းရှင် သာသနာ့နယ်မြေ** ဟု ခေါ်၏။ မြတ်စွာဘုရား ရွှေဒေါင်းဖြစ်စဉ်က သီတင်းသုံးခဲ့သော နေရာဟုဆို၏။ ၎င်းနေရာမှ ကျောက်မိုးကြိုးသွားများ ရရှိဖူးပါသည်။

လွန်ခဲ့သော နှစ်(၅၀)ခန့်က ကြေးမိုးကြိုးသွားတစ်လက်လည်း ထိုဒေသမှ ရရှိဖူးကြောင်း **(သိမ်းသူ ယခု သက်ရှိထင်ရှားတစ်ဦး)** ပြောပြ၍ သိရ၏။



ကျောက်၌ တည်နေသော စွမ်းအင်ကို ဗိုဂြိုဟ်ပြု ခေါ်ဝေါ်ခြင်း ဖြစ်ပါမည်။ ကျောက်မိုးကြိုးသွားကို ရေနံထွက်သည့်ဒေသ ထူး လျှို ကျောက်ကမ်းပါးနံရံကြီးများမှ တွေ့ရတတ်၏။

အကြောတက်၊ အကြောနာ၊ ညောင်းညာကိုက်ခဲမှုများကို ဆေးလိမ်းဖို့ မလိုဘဲ ကျောက်မိုးကြိုးသွားဖြင့် (ဖောင်းဖြင့်) ခပ်ဆွဆွ ခုတ်ပေးရုံဖြင့် သက်သာပျောက်ကင်း၏။ အလွန် ထူးခြားမှုကို လေ့လာမှုများအရ စမ်းသပ်တွေ့ရှိမှု မရှိသေးပါ။

### ကြေးမိုးကြိုးသွား

ကျောက်မိုးကြိုးသွားမှာ တွေ့ရန်



www.burmeseclassic.com

www.burmeseclassic.com

လွယ်ကူသလောက် ကြေးမိုးကြိုးသွားမှာမှု တွေ့ရန် ခဲယဉ်းပါသည်။ တွေ့သည် ဆိုစေဦး အစစ်ဖြစ်ရန် ဆိုလိုသည်မှာ အစစ်ကို တွေ့ဖူးရန် ရာနှုန်း တော်တော်နည်းပါသည်။ အင်မတန် တိုက်ဆိုင်မှုရှိမှ၊ တွေ့ထိုက်မှ တွေ့ရသည်ဟုသာ ဆိုချင်ပါသည်။

ကြေးမိုးကြိုးသွားတွင် ကြေးဒြပ်ပေါင်း၏ စွမ်းရည်ပင် ဖြစ်သည်။ **ကြေးဒြပ်ပေါင်း (ဓာတ်သား)က စွမ်းခြင်းဖြစ်သည်။**

### ကြေးမိုးကြိုးသွား၏ ဂုဏ်ရည်များ

ဉာဏ်တင်ကုတ်ရှပ်တုကဲ့သို့ ဂမ္ဘီရ ပညာရှင်၊ သူတော်စင်များ ဖန်တီးသည့် မိုးကြိုးသွားနှင့် ထန်းပင်ကို မိုးကြိုးပစ်ရာမှ ရတတ်သော ထန်းအမြုတေ ဓာတ်သား မိုးကြိုးသွား ဟူ၍ နှစ်မျိုး တွေ့ရဖူးသည်။

ကျွမ်းကျင်သူများနှင့် ပူးပေါင်း၍ အကြိမ်ကြိမ် စမ်းသပ်ခဲ့ရမှုများကို စုစည်းကာ ရေးသားပါမည်။

ကြေးမိုးကြိုးသွား၏ အဓိက အရည်အချင်းတစ်ရပ်မှာ မီးမကူးခြင်း၊ လျှပ်စစ် မစီးခြင်း ဖြစ်သည်။ A.C နှင့် D.C နှစ်မျိုးလုံး မကူးပါ။

A.C နှင့် စမ်းသပ်ရာတွင် အိမ်မီးဖြင့် စမ်းပြီး၊ D.C နှင့် စမ်းရာတွင် 24 Volts Battery နှင့် စမ်းပါသည်။ အခြား စွမ်းအင်များမှာ **ရေမဆူခြင်း၊ မီးရှို့၍ မပူခြင်းနှင့် အထွေထွေ အခြင်းအရာများ** တချို့ စမ်းသပ်၍ ရပါသည်။

**မီးမကူးခြင်း**

ဤအချက်ကို မှတည်၍ တချို့ (စီးပွားရေးသမား)က "ကျည်ကာသည်၊ ကျည်လွဲသည်၊ ကျည်မထွက်"ဟု ပြောဆို ရောင်းဝယ်ကြောင်း ကြားသိရဖူးသည်။ **မမှန်ပါ။ လုံးဝ မမှန်ပါ။**

မိုးကြိုးသွားအစစ်ကို သေနတ်ဖြင့် ပစ်က ကျည်ထွက်ပါသည်။ မီးမကူးခြင်းမှာ ကျည်ထွက်,မထွက်နှင့် မဆိုင်ဟု ဆိုပါမည်။ အကယ်၍ ကျည် မထွက်သော မိုးကြိုးသွား တွေ့ရှိပါက ဖော်ထုတ်နိုင်ကြပါရန် မျှော်လင့်မိပါသည်။

### စမ်းသပ်ပုံ

ကက်ဆက်တစ်လုံးကို တိပ်ခွေထည့်၍ ဖွင့်ထား။ A.C နှင့်ဖွင့်ဖွင့်၊ D.C နှင့် ဖွင့်ဖွင့် ဖွင့်ထားပါ။

ကြေးမိုးကြိုးသွားကို ၎င်းဖွင့်ထားဆဲ မြည်နေဆဲ ကက်ဆက်ပေါ်ကို တင်လိုက်ပါက ၎င်းကက်ဆက်သံ တိတ်ပြီး စက်ပါ ရပ်သွားပါသည်။

မိုးကြိုးသွား၏ စွမ်းအင်အဆင့် ကွာခြားမှုရှိသည်လည်း တွေ့ရတတ်၏။ တချို့မှာ ချက်ချင်းရပ်၏။ တစ်ခါတစ်ရံ တဖြည်းဖြည်း စက်အရှိန် (Speed) နှေးသွားပြီးမှ ရပ်၏။ **(မှတ်ချက်။ ။ ချက်ချင်း ရပ်သွားသည်မှာ ရှားပါ၏။)**

လင်းနေသော လက်နှိပ်ဓာတ်မီး (Torch-Light)ကို မိုးကြိုးသွားနှင့်တည့်တည့်ထိပေးက မီးပိတ်သည်။ (၂)ပေ မီးချောင်း၊ (၄)ပေမီးချောင်းတို့၏ ချုပ် (Choke)ပေါ်တွင် မိုးကြိုးသွား တင်ပါက မီးချောင်းများ မှိန်သွားပြီး လုံးဝ ပိတ်သွားပါသည်။ **A.C လျှပ်စစ်ဖြင့် စမ်းလျှင် သတိထားရ၏။ Shock ဖြစ်ပြီး ဓာတ်လိုက်တတ်ပါသည်။**

**ရေ မဆူခြင်း**

ဥပမာ ဆန် နို့ဆီဘူးနှစ်လုံးဆံ့ ဒန်အိုး (အညာဒေသ၌ စလယ်ဝင်အိုး ဟုခေါ်သည်။)တွင် မိုးကြိုးသွားထည့်၊ ရေထည့်။ (ရေကို ရေသန့်ဘူးကြီး တစ်လုံးစာ၊ တစ်လီတာ)။ အဆင်ပြေရာ မီးဖြင့် ဒန်အိုးကို အပူပေးပါက ရေ မဆူပါ။

မိုးကြိုးသွား၏ စွမ်းအင်မြင့်သလောက် ပါဝါစွမ်းအားအလိုက်၊ မီးအား အလိုက် အချိန်ကို ထိန်းထားနိုင်သည်ကို တွေ့ရ၏။

### ငှက်ပျောပင် အညွန့် မထွက်ခြင်း

ငှက်ပျောပင် ပျှိုးစည်ကို တိခနဲ ပြတ်အောင်ခုတ်က နာရီပိုင်းအတွင်း ပင်စည်မှ ရွက်လွှာအူတိုင် အငုတ်ကလေး ချက်ချင်း ထွက်လာသည်ကို တိုက်ဆိုင်သူတိုင်း တွေ့ဖူး မြင်ဖူးကြပါမည်။ မိုးကြိုးသွားကို ငှက်ပျောပင် (ခုတ်ပြီးသား ပင်စည်)တွင် တင်ထားပါက ၎င်းအတက် ထွက်မလာပါ။

### ကြက်ငှက်တိရစ္ဆာန်များ အနီးသို့ မကပ်ခြင်း

ကြက်ငှက်တိရစ္ဆာန်များ စားသော ဂျုံ၊ စပါး၊ ဆန်၊ ပြောင်း စသည့် သီးနှံစေ့များကို ဆန်ကောတွင်ထည့်၍ မိုးကြိုးသွားကို သီးနှံများနှင့်အတူ ဆန်ကောတွင် အတူထားပါက ကြက်ငှက်များ လာရုံသာလာသည် ၎င်းသီးနှံစေ့များကို မစား။

မိုးကြိုးသွားကို ဖယ်ထုတ်ထားပြီး ကျွေးသောအခါ စားသည်ကို တွေ့ရ၏။ ကြက်ဖြင့် စမ်းဖူးပါသည်။

**ဆိုလိုသည်မှာ မိုးကြိုးသွားနှင့် ရောနှော၍ကျွေးသော သီးနှံစေ့ ကြက်ငှက် အစာကို ကြက်ငှက်များ အစာ မကောက်ပါ။**

### ကြေးမိုးကြိုးသွားဖြင့် ဆေးကုပုံ

လွန်ခဲ့သည့် နှစ်ပေါင်း(၃၀)ခန့်က စာရေးသူ ပခုက္ကူမြို့နယ်၌ နေထိုင်စဉ် (....)ရွာကြီးတွင် အလွန်ဝ,သော ဘုန်း

www.burmeseclassic.com

ကြီးတစ်ပါးရှိရာ ''ဦးဇင်းဝ'' ဟု ခေါ်ကြ၏။ ဇာတိသား မဟုတ်သော်လည်း ကြည်ညိုသူ ပေါ၏။ ဆေးကုကျွမ်း၏။ **ဇီဝိတဒါန (အခမဲ့)**ကု၏။ ဦးဇင်းဝ၏ မိုးကြိုးသွား (နောက်မှသိရ)ဖြင့် ရင်သား အကျိတ် ကုသပုံကို မျက်ဝါးထင်ထင် မြင်ခဲ့ရပုံကို တင်ပြပါမည်။

မပြူး (ခေါ်) စာရေးသူ၏ အိမ်ဘေးမှ အသက်(၃၀)ခန့် အမျိုးသမီးတစ်ဦး ရင်သားတွင် အကျိတ်ဖြစ်၏။ ကျေးရွာ ဆေးခန်းဆရာဝန်က ဆေးရုံတက် ကုသရန် အကြံပေး၏။

ထိုရွာနှင့် ပခုက္ကူဆေးရုံမှာ မိုင် (၂၀)ခန့်ဝေးသည့်ကြောင့်တစ်ကြောင်း၊ ဆေးရုံကို ကြောက်တတ်သော ရွာ ဓလေ့ (အဲဒီခေတ်က)ကြောင့် တစ်ကြောင်း ဆေးရုံသို့ မသွားကြပါ။ ပြီးတော့ အဓိကမှာ သူတို့အဖို့ ဆေးရုံ တက်ပြီး ဒီအကျိတ်ခွဲရန် စီးပွားရေး မပြည့်စုံ။

စာရေးသူက ဦးဇင်းဝကြီးကို ညွှန်ပြ ထားပါသည်။ ''ခေါ်ခဲ့''ဟု ပြော၍ သွားကြပါသည်။

ခေါ်လာပြီး ပြရမည့်ရက်တွင် ပြသ သောအခါ ကုသမည့် နေ့ရက်ကို တွက်ချက်၏။ ယူလာရမည့် ပစ္စည်း များ မှာကြားပြီး ကုသပေးခဲ့ပါသည်။ ကျောင်းသင်္ခမ်း အခန်းကျဉ်းလေးမှာ လူနာ၊ လူနာအမေ၊ ဒေါ်လေးတစ်ဦးနှင့် စာရေးသူတို့ ရှိနေကြပါသည်။

ရင်သားကို ပိတ်ဖြူပါး (အတော် ပါးပါသည်)ဖြင့် ကာပြီး (ပစ္စည်းတစ်ခု ဖြင့်) (✳)ပုံအတိုင်း တစ်ပေခန့်အကွာ ရှေ့တည့်တည့်မှ ငွေ့ယမ်း၍ ခွဲစိတ် သည့်ဟန် ပြုပါသည်။ ပါးစပ်မှလည်း တတွတ်တွတ် ရွတ်ပါသည်။

အလျားလိုက်၊ ဒေါင်လိုက်၊ ကန့် လန့်ဖြတ် ခွဲစိတ်၏။ ရောဂါနေရာနှင့် လုံးဝ မထိပါ။ သုံးရက်ခန့် သုံးကြိမ် သွားရောက် ကုသခံပြီးသောအခါ ရှောင်ရန်ဆောင်ရန်များ ညွှန်ကြား လာ၏။



ကုသမှုအပေါ် ထူးခြားမှုရှိက ချက် ချင်း လျှောက်ထားရန် စာရေးသူအား မှာကြားပြီး ပြန်လာခဲ့ကြ၏။ တစ်ပတ် လျှင် တစ်ကြိမ်၊ (ခုနစ်ရက် တစ်ခါ၊ သုံးခါ သုံးကြိမ်) ဆက်တိုက် ကုသ သောအခါ (၂၁)ရက်မြောက်နေ့တွင် ရင်သားအကျိတ်နေရာမှာ စူထွက်လာ ပြီး မကြာမီ ရက်ပိုင်းအတွင်း ထုံး ကျောက်သဖွယ် အကျိတ်တစ်ခု၊ အဆီ ပျဉ်းတွဲအစများ ထွက်လာပါသည်။

အနာကိုမူ အုံဆေးဖြင့် ကု၏။ သက်သာ ပျောက်ကင်းသွားပါသည်။ ယခု အသက် (၆၀)အရွယ်၊ မြေးတွေ ပင် ရနေပါပြီ။ ရင်သားဝေဒနာ (လုံးဝ) မပေါ်တော့ပါ။

နောက်တစ်ဦးမှာ ပေါင်ထိပ်တွင် အကျိတ်ဖြစ်သော အဘိုးကြီး ဦးကြင် ဖြစ်သည်။ ၎င်း အကျိတ်နေရာမှနေ၍ (မိုးကြိုးသွား နောက်မှ သိရဖြင့်) ခြေသလုံးဆီသို့ သပ်၍ပွတ်၍ ဆွဲချပါ သည်။

တစ်လခန့် လေးကြိမ် ပြုလုပ်ပြီး သောအခါ အကျိတ်သည် ခြေသလုံး တွင် ရောက်ရှိလာပြီး တဖြည်းဖြည်း လုံးဝ လျှော့ကျသွားပြီး သက်သာ ပျောက်ကင်းသွားပါသည်။

စာရေးသူမှာ လွန်စွာ အံ့ဩစွာ တွေ့ခဲ့ရပါသည်။ စိတ်ဝင်စားမှုရှိ၍ ဦးဇင်းဝကြီးအား ရင်းနှီးစွာ မေးမြန်း လျှောက်ထားခွင့် ရပါသည်။ ယခုမူ ဦးဇင်းဝကြီးလည်း ပျံလွန်တော်မူသည် မှာ (၁၅)နှစ်လောက် ရှိပြီ။ ထို မိုးကြိုး သွားလည်း မည်သည့်နေရာသို့ ရောက် သွားမှန်း လေ့လာစုံစမ်း မရတော့ မျက်ခြည်ပြတ်ခဲ့ရ၏။

ဦးဇင်းဝကြီးက...

'အဲဒါ မိုးကြိုးလို့ ခေါ်တယ်'

တတွတ်တွတ် ရွတ်တာကတော့ ရော့ လိုက်ရေး ဟု ဆိုကာ စာရွက်နှင့် ဘောပင်ကို ချပေးပြီး...

"မိုးကြိုးလက်နက် သိကြားစက်၊ လောင်မီး ကျလျက် နတ်တို့စက်၊ ဘွဲ့ဖြူလက်နက် ဘီလူးစက်၊ ဝါလက်ဖျား သိကြားစောင့်ဧ။ အဖုအကျိတ် မှန်သမျှ ဩောင်း ဒုရှေ့ဒုရေ သွားဟုံဟုံ ဟုံဟုံ"

**ဟု စက်ကြီး(၁၃)ပါးမှ (၃)ပါးစက် ဂါထာ**ကို ရွတ်ကာ မိုးကြိုးသွားဖြင့် ရောဂါကုပုံကို မျက်မြင် တွေ့ခဲ့ရပါ၏။

ကျွန်ုပ်တို့ နိုင်ငံ၌ ''ရှာဖွေလေ တွေ့ရှိလေ''ဟူသော စကားကဲ့သို့ **ဂမ္ဘီရ (ထူးခြားနက်နဲသိမ်မွေ့သော အစွမ်းထက်သော) ပစ္စည်း**များမှာ သဘာဝအရဖြစ်စေ၊ ရှေးလူပညာရှိ သူတော်စင် သူတော်ကောင်းတို့ စီရင် ခဲ့၍ဖြစ်စေ ရှိနေသည်မှာ ထင်ရှားပါ သည်။

ယခု တင်ပြခဲ့သော မိုးကြိုးသွား၏ စွမ်းအင်များကို သိရှိပြီး **ထို့ထက် ထူးခြားသော စွမ်းအင်များ တွေ့ရှိပါ ကလည်း** ဖော်ထုတ်နိုင်ပါရန် မျှော်လင့် မိပါသည်။ ကျွမ်းကျင် တတ်သိလိမ္မာ သော ပုဂ္ဂိုလ်များ၏ ထပ်မံ ဖော်ထုတ် လာမည်ကိုလည်း ရှိုးသားစွာ မျှော်လင့် ပါသည်။

**[ဤ ဂမ္ဘီရ သုတေသနစာစုကို ရေးသားရန် ခွင့်ပြုသော အဘ (ဆရာ)အား ဦးညွှတ်ပါ၏။]**

***သတ္တဝါဟူသမျှ ချမ်းသာကိုယ်စိတ် မြဲကြပါစေ။***

**မောင်မောင်ကိုမြင့်**
***(အဏ္ဏဝါသိပ္ပံ)ပုဂံမြို့သစ်***



www.burmeseclassic.com

www.burmeseclassic.com



ဦးသန်းမိုး (ချောင်းနက်)

# ခန္ဓာဝန် မချရသေးမီ

## ပျံလွန်တော်မူရသည့် ဆရာတော်ကြီး

ခန္ဓာဝန်ချ၊ ပျံလွန်တော်မူ၊ အနိစ္စရောက်၊ သေဆုံး ဆိုသော စကားလုံးဝေါဟာရများမှာ အဓိပ္ပါယ်ကတော့ အတူတူ ဖြစ်ပါသည်။

ရှင်းပါရစေ **ခန္ဓာဝန်မချ=မသေသေး** အဓိပ္ပါယ်ရပါမည်။ သို့သော် **ပျံလွန်တော်မူ - သေဆုံးသွား** အဓိပ္ပါယ်ရနေပါသည်။

ထို့ကြောင့် **"မသေသေးဘဲနှင့် သေဆုံးသွားရသော"**ဟု အဓိပ္ပါယ်ရမည် ဖြစ်ပါသည်။

ပြီးခဲ့သော **၁၉၉၅ ခုနှစ်က ဖြစ်ပါသည်။** (...)မြို့သို့ စာရင်းစစ်မှူးတာဝန်ဖြင့် ထိုနှစ် ဖွန်လဆန်းမှစ၍ တာဝန်ထမ်းခဲ့ရပါသည်။

စာရင်းစစ်ရုံးသို့သွားကာ အလုပ်တာဝန်များ လွှဲပြောင်းလက်ခံကာ တာဝန်အရ အလုပ် လုပ်တော့မည်ကြိကာရှိသေး ရုံးအုပ်စာရေးမကြီး ဒေါ်နန်းသီတာက ခွင့်သုံးရက် တင်လာပါတော့သည်။

ယခင် စာရင်းစစ်မှူး ပြောင်းသွားတာ တစ်လကျော်ခဲ့ပြီး နောက်စာရင်းစစ်မှူး တစ်လကြာမှ ရောက်လာပါသည်။

စာရင်းစစ်ရုံးတွင် တစ်လစာမျှ အလုပ်များ အကြွေးတင်နေပေမည်။ ထိုအလုပ်ကြွေးများကို မြန်မြန်ရှင်းရပေမည်။

အလုပ်များ ဝန်ပိနေမည့်ကြားထဲ ရောက်ရောက်ချင်း ခွင့်ယူမည်တဲ့။ စာရင်းစစ်မှူး ထိုရုံးအုပ်စာရေးမကြီး ဒေါ်ရှမ်းမအား မယုံကြည် သံသယ ဖြစ်မိပါသည်။

'ဒီစာရေးမကြီး အလုပ်များနေလို့ မလုပ်ချင်လို့ ခွင့်ယူတာလား'

ပေါ့။ သို့သော် ရှမ်းတိုင်းရင်းသားများမှာ လိမ်လည်ကောက်ကျစ်မှု မရှိကြ။ ရိုးသားလှသည်။ ခွင့်ယူရမည့်အကြောင်းရင်းတော့ မေးဦးမှာဟု စာရင်းစစ်မှူးကြီး အကြံဖြစ်မိပါသည်။

ထို့ကြောင့် ဒေါ်နန်းသီတာအား ရုံးခန်းသို့ခေါ်ကာ...

'ကျွန်တော် အလုပ်ဝင်မလို့ရှိသေးခင်မျှားက ဘာတွေ အရေးကြီးနေလို့ ခွင့်တောင်းရတာလဲ'

ဟု မျက်နှာအကဲခတ်ကာ မေးလိုက်ပါသည်။

ဒေါ်နန်းသီတာမှာ အေးဆေးတည်





www.burmeseclassic.com

www.burmeseclassic.com



ငြိမ်လျက်ပင်။ သူက ပြောပါသည်။

'ဆရာရယ်... ဆရာ အလုပ်ဝင်စတော့မှန်ပါတယ်။ ကျွန်မ အရင်ကလဲ ခွင့်မယူခဲ့ပါဘူး။ အခု ခွင့်ယူရတာကတော့ ကျွန်မတို့အားလုံး ကိုးကွယ်နေတဲ့ ဆရာတော်ကြီး ပျံလွန်သွားပါပြီ။ အဲဒီဆရာတော်ကြီး အန္တိမရှာပနကို သွားရောက် ကြည်ညိုပူဇော်ချင်လို့ပါ ဆရာရယ်'

တဲ့။ ဆက်လက်ပြီး...

'ကျွန်မ အလုပ်ပြန်ဝင်တော့ အလုပ်တွေအားလုံး ကျွန်မ ကြိုးစားပြီး အပြီး လုပ်ပေးပါမယ်။ ခွင့်ပေးပါ ဆရာ'

ဟု ထပ်ပြောပါသည်။

ဒေါ်နန်းသီတာအား အကဲခတ်ရသည်မှာ အမှန်ပင် ဘုန်းကြီးပျံပွဲသို့ သွားလိုသောဆန္ဒ ပြင်းပြနေကြောင်း သိသာပါသည်။ ဗုဒ္ဓဘာသာဖြစ်သော စာရင်းစစ်မှူးကြီး ဘုန်းကြီးပျံပွဲဆိုတော့ အနည်းငယ်တော့ စိတ်ဝင်စားလာသည်။ ထိုဘုန်းတော်ကြီးအား ရှမ်းတိုင်းရင်းသားများ ဘာကြောင့် ဒီလောက် ကြည်ညိုကြသနည်း ဆိုသည်ကိုလည်း သိလိုလာပါသည်။

ထို့ကြောင့်...

'စာရေးမကြီးရဲ့ အဲဒီဆရာတော်က ဘယ်လိုများ ထူးခြားသလဲ ပြောပြစမ်းပါဦး'

ဟု မေးသောအခါ ဒေါ်နန်းသီတာမှ...

'အဲဒီဆရာတော်အကြောင်း ပြောပြပါမယ်။ ဆရာ အဲဒီဘုန်းတော်ကြီးအကြောင်း အားလုံးသိနိုင်ဖို့ ဆရာလဲ ဘုန်းကြီးပျံပွဲကို လိုက်ခဲ့ပါ။ ကျွန်မ အားလုံး တာဝန်ယူပါ့မယ်'

ဟု ပြောပါသည်။

ထိုအခါ စာရင်းစစ်မှူးကြီးက သူတစ်ဦးတည်း စာရင်းရုံးမှာ နေခဲ့၍လည်း အကြောင်းထူးမည်မဟုတ်၊ ဘုန်းတော်ကြီး အကြောင်းလည်း သိလိုသည်။ နယ်မြေအခြေအနေ အားလုံးလည်း ဒေါ်နန်းသီတာက တာဝန်ယူမည် ဖြစ်သဖြင့် စာရင်းစစ်မှူးကြီး ဘုန်းကြီးပျံပွဲလိုက်ရန် ဆုံးဖြတ်ကာ အစစ ပြင်ဆင်နိုင်း လိုက်ရပါတော့သည်။

ထိုစဉ်က နယ်မြေအခြေအနေဆိုသည်မှာ မငြိမ်းချမ်းသေးသော နယ်မြေဖြစ်ပါသည်။ ရှမ်း၊ ပအိုဝ်း၊ တောင်သူများသာ နေထိုင်ကြပါသည်။

(...)မြို့မှ ဘုန်းကြီးပျံပွဲ ကျင်းပရာ **(...)ရွာသို့သွားရန်** ထော်လာဂျီ တစ်စင်း ငှားလိုက်ပါသည်။

စာရင်းစစ်မှူးကြီးနှင့်တကွ စာရင်းရုံးမှ ဘုန်းကြီးပျံပွဲ လိုက်လိုသူများကို ခေါ်ကာ (...)မှ (...)ကျေးရွာသို့ ထွက်ခဲ့ကြပါသည်။

(...)ရွာနှင့် (...)မြို့မှာ (၁၅)မိုင်ခန့် ကွာသည်။ လမ်းမှာ မြေနီကျောက်စရစ်လမ်းဖြစ်၍ ဖုန်မထပါ။ သို့သော် အဆင်းအတက် အကွေ့အကောက်များ၍ လမ်းကြမ်းပါသည်။

ထော်လာဂျီကို ဖြည်းဖြည်းမောင်းနှင်ကာ ပျံလွန်တော်မူသွားသည့် ဆရာတော်ဦးဝါယမအကြောင်း သိသမျှ ပြောပြပါတော့သည်။

* * *

(...)ကျေးရွာကား အိမ်ခြေ (၅၀)ကျော်ရှိရာ ရွာကြီးတစ်ရွာ ဖြစ်ပါသည်။ ဦးဝါယမ သီတင်းသုံးသော ကျောင်းမှာ ရွာ၏ အရှေ့ဘက် တစ်မိုင်ခန့်ဝေးသော တောင်ကုန်းကလေးပေါ်မှာ တည်ရှိပါသည်။

ထိုတောင်ကုန်းကလေးကို စမ်းချောင်းကလေး တစ်ချောင်းက ပတ်၍ စီးဆင်းနေပါသည်။ ကျောင်းကလေးမှာ (၄)ပင် သစ်သားကျောင်းကလေး ဖြစ်ပါသည်။

ကျောင်းပတ်ဝန်းကျင်တွင် အသီးအပင်များနှင့် သဘာဝပေါက်ပင်များဖြင့် စိမ်းစိုညို့မှိုင်းနေပါသည်။ တောရကျောင်း ဖြစ်ပါသည်။

ကျောင်းတစ်ဆောင်၊ ဇရပ်တစ်လုံး၊ မီးဖိုဆောင်တစ်ခု ရှိပါသည်။ ကျောင်းဝန်းကျင်ရှိ ရှမ်းလိမ္မော်၊ ရှောက်၊ သံပရာပင်များ မှည့်ရွှဲကာ ကြွေကျနေပါသည်။ စားသုံးမည့်သူ မရှိပါ။

ကျောင်းတွင် ခွေး၊ကြောင်မရှိ၊ ကျောင်းသားမရှိ၊ ကိုရင်မရှိပါ။ ဆရာတော်ကြီးနှင့် ဆရာတော်ကြီးအား အလုပ်အကျွေးပြုနေသူ ကပ္ပိယကြီး ဦးကပိန် နှစ်ဦးသာ ရှိပါသည်။

ကပ္ပိယကြီးမှာ အသက်(၆၀)ကျော်ပါပြီ။ တစ်မိုင်ခန့်ဝေးသော (...)ကျေးရွာသို့ ဆွမ်းခံထွက်သည်။ ဆရာတော်အား နံနက်ဆွမ်း ကပ်သည်။ နံနက်စောစော ရေနွေးကျို၍ ဆရာတော်အား ကပ်လှူသည်။

ပြီး... ဆရာတော် သင်ပြထားသည့်အတိုင်း တရားအားထုတ်သည်။ ဆရာတော်ကြီးမှာလည်း အချိန်ပြည့် တရားဓမ္မကို ရှုမှတ်ပွားများ၍သာ နေထိုင်သီတင်းသုံးခဲ့ပါသည်။

ဆရာတော်ကြီးမှာ အ[illegible]သင်္ကန်း ဟူ၍မရှိ အညိုရောင်သင်္ကန်း ခပ်နွမ်း



F.32B. October, 2016.

www.burmeseclassic.com



နွမ်းကိုသာ ဝတ်ရုံလေ့ ရှိပါသည်။ အလှူ့အတန်းများမှ ရရှိသော ပစ္စည်း ပစ္စယများကို ကိုယ်ပိုင်မထား အခြားသော သံဃာတော်များသို့ တစ်ဆင့် လှူလိုက်ပါသည်။

ဆရာတော်ကျောင်းတွင် အသုံးအဆောင် အပိုပစ္စည်းဟူ၍ ဘာမှ မတွေ့ရပါ။ လောဘသဏ္ဍာယ မရှိဟု သိရပါသည်။ ရှိသမျှ ရသမျှနှင့် ရောင့်ရဲတင်းတိမ်နိုင်ကြောင်း သိရပါသည်။

ဆရာတော်ကြီး ဦးဝါယမမှာ ဥပုသ်သိတင်းနေ့များတွင် အခန်းပြင်ထွက်၍ ဥပုသ်သည်များအား သီလပေးသည်။ တရားအနည်းငယ် ဟောသည်။ ပြီး အခန်းပြန်၍ တရားအားထုတ်သည်။

အပြင်တွင် ဆွမ်းဘုဉ်းပေးရုံမှအပ ကြာကြာမနေတတ်ပါ။ တစ်ခါတစ်ရံ ကပ္ပိယကြီး ဦးကဝိန်နှင့်ပင် စကားမပြောမိသော ရက်များ ရှိပါသည်။

ဦးကဝိန်ကလည်း နေစဉ်သူ့တာဝန် သူမလစ်ဟင်းရအောင် ဆောင်ရွက်နေခဲ့ပါသည်။ ဒီလိုနှင့် နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။

ဒီလိုနှင့် ယခု ၁၉၉၅ ခုနှစ်၊ ဇွန်လဆန်း(၁)ရက်တွင်တော့ ကပ္ပိယကြီး စိုးရိမ်ကြောင့်ကြစိတ်များ ဖြစ်လာပါသည်။

ဆရာတော်ဦးဝါယမ အခန်းပြင်မထွက်သည်မှာ (၃)ရက်ရှိပါပြီ။ ဆရာတော်အခန်းမှာလည်း အမြဲတံခါးပိတ်ကာ မင်းတုပ် ထိုးထားတတ်ပါသည်။

ဆရာတော်အခန်း အနီးကပ်၍ နားစွင့်ကြည့်သည်။ ဘာသံမှ မကြားရ။ အပြင်မှ ဆရာတော်ကို ခေါ်ကြည့်သည်။ ဆရာတော် မထူးပါ။

သို့နှင့် ဦးကဝိန် ပိုမို စိုးရိမ်လာကာ အခန်းတံခါးကို မရမက ဖွင့်ပါတော့သည်။ အခန်းတံခါး ဖွင့်ရသောအခါ အခန်းထဲသို့ ဝင်ကြည့်ပါသည်။

ဆရာတော်ဦးဝါယမ အခါတိုင်းကဲ့သို့ပင် ခုတင်ထက်တွင် ကျိန်းစက်နေပါသည်။

ဆရာတော်မှာ သက်တော်(၈၀) ကျော်ပြီဖြစ်၍ ပိန်လှီနေပါပြီ။ သင်္ကန်းအညိုကြီးကို ခေါင်းမြီး ခြုံထားပါသည်။ ဦးကဝိန် ဆရာတော်အနီးချဉ်းကပ်၍ သင်္ကန်းကို အသာလှပ်ကြည့်ပါသည်။ ဆရာတော်က မျက်လုံးမှိတ်ထားဟန် ရှိနေပါသည်။ ဦးကဝိန် ပိုမို၍ပင် စိုးရိမ်လာပါသည်။

ဆရာတော်ကြီး အသက်ရှူပုံ မပေါ်ပါ။ ထို့ကြောင့် ဆရာတော်ကြီး၏ ရင်ဘတ်နှင့် နားကပ်၍ နားထောင်ကြည့်ပါသည်။

ဆရာတော်ကြီး အသက်မရှူတော့သည်မှာ အမှန်ဖြစ်နေပါသည်။ ကိုယ်ခန္ဓာတစ်ခုလုံး အေးစက်တောင့်တင်းနေပါပြီ။ ဦးကဝိန်လည်း ဆရာတော်ကြီး ပျံလွန်တော်မူပြီဟု သိလိုက်ရပါတော့သည်။ အချိန်ကား နံနက်(၉) နာရီ ခန့်ရှိနေပြီ။

ဦးကဝိန် အခန်းတံခါးကို ပိတ်ကာ (...)ရွာသို့ သွားခဲ့ပါသည်။ ရွာထဲရှိ တိုင်ပင်ရမည်ဖြစ်သော ရွာလူကြီးများအား ဆရာတော် ပျံလွန်တော်မူပြီ ဖြစ်၍ စီစဉ်သင့်ရာ စီစဉ်ကြပါတော့သည်။

ဆရာတော် အခန်းက မထွက်သည်မှာ (၃)ရက် ရှိပြီဖြစ်၍ ပျံတော်မူသည်မှာလည်း (၃)ရက်ပင် ရှိနိုင်ကြောင်း ဆုံးဖြတ်ကြပါသည်။

ပျံတော်မူရက် (၃)ရက်ဆိုလျှင် ပုပ်သိုးရတော့မည်။ အလွန်ဆိုးရွားစွာ မပုပ်သိုးစေရန် ဆရာတော်အား ဝမ်းခွဲရန် လိုအပ်လာပါပြီ။

ထို့ကြောင့် (...)ရွာနှင့် မလှမ်းမကမ်း ရွာတောင်တွင် တပ်စွဲနေသော တပ်ခွဲတစ်ခွဲမှ ဆေးတပ်ကြပ်ကြီးအား သွားခေါ်ကြပါသည်။

ဆေးတပ်ကြပ်ကြီးမှာ (...)ရွာ၏ ဆရာဝန်ကြီးပေါ့။ ရွာမှ နာမကျန်းသူများအား သူက ဆေးဝါး ကုသပေးပါသည်။ တစ်ရွာလုံးမှ မသိသူမရှိ အားလုံးက ခင်မင်ကြပါသည်။

ဆေးတပ်ကြပ်ကြီးတွင် ခွဲစိတ်ကိရိယာများ ရှိကြောင်းလည်း သိရှိထားကြပါသည်။ ဆေးတပ်ကြပ်ကြီးလည်း အကျိုးအကြောင်း အားလုံးသိရကာ ကြည်ညိုရင်းစွဲရှိပြီး ဆရာတော် ဖြစ်သည့်အတိုင်း လိုအပ်သော ပစ္စည်းများ ယူကာ ရွာသားများနှင့် ဆရာတော် ဦးဝါယမဆီသို့ လိုက်ခဲ့ပါတော့သည်။

ကျောင်းရောက်သောအခါ ဆရာတော်အား စမ်းသပ်ကြည့်ပါသည်။ ဆေးတပ်ကြပ်ကြီးက ဆရာတော် ပျံတော်မူပါပြီ။ သို့သော် ပျံတော်မူရက် မကြာသေးဟု ဆိုပါသည်။

ဆရာတော်မှာ တောင့်တင်းအေးစက်နေသော်လည်း ဝမ်းဗိုက်ကတော့ ချပ်မြဲရှိပါသေးသည်။ ပုပ်စမပြုသေးဟု



www.burmeseclassic.com

www.burmeseclassic.com

ဆိုပါသည်။

သို့သော် ခွဲရမည့် တာဝန်အတိုင်း စတင်ခွဲပါတော့သည်။ ဆေးတပ်ကြပ်ကြီးမှာ ခွဲသာခွဲနေသည်။ စိတ်တွင်တော့ ဖဝေဖဝါပါ။ ဆရာတော် ဝမ်းကို ခွဲလိုက်စဉ်မှာပင် လက်အိတ်စွပ်ထားသော လက်များကို သွေးများ ပေကျံလာပါသည်။

သို့နှင့်အတွင်းမှ ကလီစာများကို တစ်စချင်း ဓားနှင့်,ကတ်ကြေးနှင့် ခွဲသင့်ရာခွဲ၊ ဖြတ်သင့်ရာဖြတ်လျက် ထုတ်ယူကာ ပါလာသော ဖျင်းအိုး (မြေအိုး)ကြီးများထဲသို့ ထည့်ပါသည်။

ခွဲစိတ်ရာတွင် ဆေးတပ်ကြပ်ကြီး တစ်ဦးတည်းပါ။ ရွာသားအချို့က မကြည့်ရဲဆိုကာ အနီးမကပ်ကြ။ အခန်းပြင်တွင် စောင့်နေကြပါသည်။

သို့နှင့် ခွဲရင်း ထုတ်ရင်းဖြင့် နှလုံးသားကို ဖြတ်ရန်အခါ ရောက်လာပါပြီ။ ဆေးတပ်ကြပ်ကြီး နှလုံးအိမ်ကိုကြည့်၍ လက်ထဲမှဓား လွတ်ကျသွားပါသည်။ မျက်လုံးအပြူးသားနှင့်ပေါ့။

ဆရာတော်နှလုံးသားမှာ ပွစိ ပွစိနှင့် နှလုံးခုန်နေပါသည်။ ဘာဆက်လုပ်ရမည်မသိ။ ကလီစာများအားလုံးလည်း အပြင်အိုးထဲ ရောက်နေပါပြီ။ ဆရာတော် ပျံတော်မမူရသေးဟု သူသိလိုက်ပါပြီ။

သို့သော် မထူးတော့ပြီ။ နှလုံးအိမ်ကို ဖြတ်တောက်ယူလိုက်ပါသည်။ လက်ထဲတွင် နှလုံးက ခုန်၍ပါ။ နှလုံးသားကိုကြည့်ရင်း မျက်ရည်များ ကျလာပါသည်။ သို့သော် မည်သူမျှ မသိလိုက်ကြပါ။

နှလုံးအိမ်ကို အသင့်ပါလာသော ဖန်ပုလင်းထဲထည့်ကာ အရက်ပျံစိမ်ထားလိုက်ပါသည်။ ခွဲစိတ်မှုအားလုံး ပြီးသွားပါပြီ။

ဆရာတော်အား ကြပ်စည်း၍ အလောင်းပြင်ထားခဲ့ပါသည်။ နှလုံးသားကိစ္စကို မည်သူကိုမျှ အသိမပေးခဲ့ပါ။ ထိုနှလုံးသားဖန်ဘူးကို သူသိမ်းထားလိုက်ပါသည်။

သို့နှင့် ညရောက်သောအခါ ကပ္ပိယကြီးဦးကာဝိန်အား ဆရာတော် ဦးဝါယမ အိပ်မက်ပေးပါသည်။ အိပ်မက်ပေးပုံကတော့...

'မောင်ကာဝိန်... မင်းတို့ကတော့ ငါသေပြီထင်ကြတာကိုး။ ငါက နတ်ပြည်ခြောက်ထပ်ကို သွားလည်နေတာကွ။ ဟိုး သာဝတိံသာမှာ ငါ့အတွက် ဒုတိယပြာသာဒ်ကိုလဲ ငါတွေ့ရတယ်ကွ။

အို့...ငါလဲ ပြန်လာရော မင်းတို့က ငါ့ရုပ်ကို ခွဲပြီးနေပြီ။ ငါလဲ ငါ့ခန္ဓာကိုယ်ထဲ ဝင်ကြည့်သေးတယ်၊ ဝင်မရတော့ဘူး။ ခုတော့ ငါလဲ ဗိုလ်နတ်ပြာသာဒ်ဆောင်ပဲ သွားနေရတော့တာပေါ့ကွာ'

ဟု အိပ်မက်ပေးပါတော့သည်။

နံနက်လင်းသောအခါ ဦးကာဝိန်က ဆေးတပ်ကြပ်ကြီးနှင့်တကွ ရွာသူရွာသားများအား အိပ်မက်အကြောင်း ပြောပြလိုက်ရာ အားလုံးပင် ဆရာတော် ဦးဝါယမ ခန္ဓာဝန် မချရသေးဘဲ ပျံလွန်တော်မူရချေပြီဟု ဝမ်းနည်းတသမိကြပါတော့သည်။

ဆေးတပ်ကြပ်ကြီး တစ်ယောက်၏ ခံစားရပုံကိုကား မည်သူမျှ မသိလိုက်ရပါချေ။

**[အစအဆုံးပြောပြသော စာရင်းစစ်ရုံး ရုံးအုပ်စာရေးမကြီး ဒေါ်နုန်းသီတာအား ကျေးဇူးတင်ပါကြောင်း...]**

***အားလုံး ကျန်းမာချမ်းသာကြပါစေ။***

**ဦးသန်းစိုး(ချောင်းနက်)**

**စာမျက်နှာ (၂၅၆)မှ အဆက်**

ဖိုးအွေးက သမီးတို့နဲ့ မနေတော့ဘူး ထွက်သွားပြီး နောက်နှစ်မှာလဲ သမီးအစား လူစားဝင်တဲ့ ကလေးတစ်ယောက် ရောက်လာရင် သမီးပြန်လာခဲ့မယ်နော်'

ဘိုမသည် ပြောရင်းပြောရင်း တဖြည်းဖြည်း မေးမှိန်ပျောက်ကွယ်သွားလေသည်။

ထိုအခါ မနှင်းမြသည် ထထိုင်လိုက်ပြီး တံခါးပေါက်သို့ ကြည့်ကာ...

'သမီးလေး...သမီးလေး'

ဟု အော်ခေါ်လိုက်လေသည်။

နောက်နှစ် လူစားဝင်မယ့် ကလေးရောက်လာရင် သမီးပြန်လာခဲ့မည်ဟု ဘိုမက ပြောသွားသည်။

သမီးလေးကို သူတို့ထံ လူဝင်စားဖြင့် ပြန်လာစေလိုပါသည်။

သို့သော် ကလေးတစ်ယောက် လူစားရမှ ပြန်လာရမှာ၊ ဒါဆို နောက်နှစ် ဒီအချိန်မှာ ကလေးတစ်ယောက် သေရဦးမှာပါလားဟု မနှင်းမြ တွေးလေသည်။

သားသမီးသေရ၍ ပဋိဒေဝမီး တောက်လောင်ရသော မိဘမျိုး မိမိသာရှိပါစေတော့ အခြားမိဘများ မတောက်လောင်စေလိုပါ။

ထို့ကြောင့် ဤရေကန်တွင် နောက်နှစ်တွင် ကလေးတစ်ယောက် မသေဆုံးစေရေးအတွက် ရပ်ရွာလူကြီးများကို အသိပေးပြီး ကလေးများ ကန်အတွင်း မည်သည့်အကြောင်းနှင့်မျှ မဆင်းစေရေးအတွက် ဆောင်ရွက်မှဖြစ်တော့မည်။

အထူးသဖြင့် ယခုလို ကန်အော်သည့်အခါများတွင် အထူးကြပ်မတ်ကာ ကန်ထဲ မဆင်းအောင် စောင့်ကြမည်ဟု မနှင်းမြတွေးမိလေသည်။

**မင်းသန့်ကျော်(စီးပွားရေး)**



www.burmeseclassic.com

www.burmeseclassic.com



ဝဲလှည့်နေတဲ့

# ကန်တော့ပွဲ

မင်းသန့်ကျော်
(ဒီးကုန်း)

[ ၁ ]

...မြို့ ဆင်ခြေဖုံးရပ်ကွက်တစ်ခုတွင် ဆန်စက်ကြီးတစ်လုံး ရှိလေသည်။ ဆန်စက်အနီးတွင် အလွန်ကြီးမားသော ရေကန်ကြီးတစ်ခုရှိလေသည်။

အဆိုပါ ရေကန်ကြီးမှာ မည်သည့် အချိန်က ပေါ်ပေါက်ခဲ့သည်ကို မည်သူမျှ မပြောနိုင်ချေ။ ကန်ရေပြင်မှာ ကြည်လင် စိမ်းမြနေလေသည်။

ဆန်စက်အနီး ကန်ပတ်လည်တွင် အိမ်တန်းကလေးများရှိ၏။ ဆန်စက်တွင် အလုပ်လုပ်ကြသော လုပ်သားများသည် ထိုအိမ်ကလေးများတွင် နေထိုင်ကြလေသည်။

ရေကန်သည် ပတ်ပတ်လည်တွင် ကုက္ကိုပင်ကြီးများဖြင့် အုပ်ဆိုင်းနေ၏။ နွေအခါ၌ အလွန်အေးမြသော အရိပ်ကို ဖြစ်စေလေသည်။

ရေကန်မှ ရေကို သောက်သုံး၍ မရသော်လည်း အဝတ်လျှော်ဖွပ်ရာတွင် အသုံးပြုကြ၏။ ကျွဲရေ နွားရေ အဖြစ်လည်း အသုံးပြုကြလေသည်။

ရေကန်ဘေးရှိ အိမ်များတွင် ဘဲမွေးမြူရေးသူများလည်းရှိရာ ဘဲများ ရေကူးရန် နေရာကောင်းတစ်ခု ဖြစ်လေသည်။

ကိုထွန်းစိန်သည် ဆန်စက် အလုပ်သမားတစ်ဦးဖြစ်ပြီး ထိုအိမ်တန်းကလေးမှ အိမ်တစ်လုံးတွင် နေထိုင်လေသည်။ သူသည် ဆန်စက်မှ ကြိတ်ခွဲရေး အရေးကြီးလျှင် ကြီးသလို နေ့ရောညပါ အလုပ်ဆင်းရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ၏ဖနီး မနှင်းမြမှာ တောဈေးရောင်းသူတစ်ဦးဖြစ်၏။ သူမသည် နံနက်စောစော အိပ်ရာမှထကာ နံနက်ဈေးကလေးမှ အသားငါးများ ဟင်းသီးဟင်းရွက်များကို ယူကာ တောရွာတစ်ရွာသို့ ဈေးရောင်းသွားရလေသည်။ သူမသည် ထမင်းစားချိန်မှ ပြန်ရောက်လေ့ရှိ၏။

သူတို့တွင် သမီးကလေး တစ်ယောက် ရှိလေသည်။ သမီးနာမည်ကို ဘိုမဟု ပေးထား၏။ မွေးစအရွယ် ငယ်စဉ်ကတည်းက ဘိုမရုပ်ကလေးကဲ့သို့ အလွန်ချစ်စရာကောင်းသဖြင့် ဘိုမဟု အမည်တွင်ခဲ့ခြင်း ဖြစ်လေသည်။

ဘိုမသည် ယခုအခါ (၅)နှစ်သမီးအရွယ်ရောက်ရှိပြီဖြစ်ပြီး ကျောင်းစတင် အပ်ထားပြီဖြစ်၏။

ဘိုမသည် မနက် အဖေနှင့် အမေ အလုပ်သွားပါက ထမင်းတစ်အိုးကို ကောင်းစွာ ချက်တတ်ပြီဖြစ်၍ ထမင်းတစ်အိုးတော့ ချက်ထားလေသည်။

ဘိုမသည် ထမင်းကျက်သောအခါမှ သူငယ်ချင်းများနှင့်ကစားလေသည်။ ကျောင်းတက်ရက် ဖြစ်ပါကလည်း ကျောင်းသို့ သွားလေသည်။

ယနေ့သည် ထူးခြား၏။

နေ့ခင်းဘက်တွင် ကောင်းကင်၌ မိုးသားများ ရုတ်တရက် တက်လာပြီး မိုးရွာချလေသည်။

ဘင်္ဂလားပင်လယ်တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်တစ်ခုသည် ယနေ့နေ့ခင်းပိုင်းမှစ၍ မြန်မာနိုင်ငံ မြောက်ပိုင်းကို ဝင်ရောက် ဖြတ်ကျော်လေရာ ဘိုမတို့ဒေသတွင် မုန်တိုင်း အဖျားခတ်ပြီး မိုးရွာခြင်းဖြစ်လေသည်။

မိုးသည် တစ်ညလုံး ရွာနေကာ လျှပ်စီးများလက်ခြင်း၊ မိုးချုန်းခြင်း၊ မိုးကြိုးပစ်ခြင်းများ ဖြစ်ပေါ်လေသည်။ ထိုညတွင် လျှပ်စစ်မီးများလည်း မလာချေ။

ဘိုမတို့ အိမ်တန်းကလေးသည် တိတ်ဆိတ်ငြိမ်သက်နေကာ လူများသည် ညစာကို စောစောစားပြီး စောစော အိပ်ရာဝင်ကြလေသည်။

ထိုည သန်းခေါင်ယံလောက်တွင် ကန်ရေပြင်သည် လှိုင်းသံလေသံတို့ဖြင့် တဟီးဟီးမြည်ကာ တစ်ခါတစ်ရံတွင် လူတစ်ယောက် အော်ဟစ်သကဲ့သို့ အသံနက်ကြီးဖြင့် အော်သံကို ကြားကြရလေသည်။

အိမ်တန်းကလေးတွင် နေထိုင်သော အသက်အကြီးဆုံး ဦးရွှေလှသည် ကန်မှ အော်သံကို ကြား၍ အိပ်နေရာမှ ထပြီး သားနှင့် ချွေးမကို နှိုးကာ ကန်ထဲမှ အော်သံကြားရကြောင်း စကားပြောလေသည်။

'ကန်အော်သံပဲ သားရဲ... သုံးကြိမ်တောင် အော်တယ်။ အတိတ်နိမိတ်တော့ မကောင်းဘူး။ ကလေးတွေ နက်ဖြန်ကျောင်းပိတ်တယ်မဟုတ်လား။ ကန်ထဲ ဆင်းမဆော့စေနဲ့နော်'

ချွေးမဖြစ်သူက...

'ကန်အော်သံကြားတော့ ဘာဖြစ်တတ်လဲ အဖေ'

'ကန်အော်တယ်ဆိုတာ မကောင်းဘူးကွယ့်။ လူစားတတ်တယ်၊ မနှစ်က လှစိန်နဲ့သားလေး ဖိုးခွေး ကန်ထဲမှာ ကန်စွန်းရွက်ဆင်းခူးရင် ရေနစ်သေတာ မှတ်မိသေးရဲ့လား။ ဒီကန်က တစ်နှစ်ကို တစ်ယောက်စားတယ်'

ချွေးမဖြစ်သူသည် ပခုံးကိုတွန့်ကာ သမ်းဝါးပြီး အိပ်ရာထဲ ပြန်ဝင်သွားလေသည်။

မနက်လင်းသောအခါ ညက ကန်အော်သံကြားရကြောင်း သတင်းစကားသည် တစ်ဦးမှ တစ်ဦးကို ပြောကာ ပျံ့နှံ့သွားလေသည်။

လူကြီးများသည် ကလေးများ ကန်ထဲဆင်း၍ မဆော့ရန် ကြပ်မတ်ကြလေသည်။

[၂]

ကိုထွန်းစိန်သည် ဆန်စက်တွင် အလုပ်လုပ်ရန် အစောကြီးကတည်းက ထွက်သွားပြီဖြစ်၏။

မနှင်းမြမှာလည်း တောဈေးရောင်းရန် ထွက်သွားပြီဖြစ်၏။ မသွားမီ ဘိုမကို မှာခဲ့လေသည်။

'သမီး... ကန်ထဲမဆင်းနဲ့နော် ကြားလား'

'ဟုတ်ကဲ့အမေ'

ထိုနေ့သည် မိုးလေကင်းစင်ပြီဟု မဆိုသာသေးချေ။ မုန်တိုင်းမှာ ဖြတ်ကျော်နေဆဲဖြစ်၏။ မိုးသည် အုံ့ဆိုင်းပြီး ခပ်ဖွဲဖွဲ ရွာနေလေသည်။

ဘိုမသည် ကျောင်းပိတ်ရက်ဖြစ်၍ ထုံးစံအတိုင်း အိပ်ရာမှ ထကာ ထမင်းအိုးချက်လေသည်။ ထမင်းကျက်သောအခါ အိမ်ရှေ့တွင် ထွက်၍ ထိုင်နေ၏။

ရေကန်ထဲသို့ ကြည့်လိုက်ရာ ကော်ပတ်ရုပ်ကလေး တစ်ရုပ်သည် ဂါဝန်ကလေးဝတ်လျက် ရေပေါ်တွင် ပေါ်နေပြီး ကန်ထဲတွင် မျောပါနေလေသည်။

သူမသည် ကော်ပတ်ရုပ်ကလေးကို အလွန်လိုချင်၏။ အမေ့ကို ဝယ်ခိုင်းရာ ယခုထိ ဝယ်မပေးသေးချေ၊ ကန်ထဲက အရုပ်ကို ဆင်း၍ ဆယ်ယူရလျှင် ကောင်းမှာပဲဟု တွေးကာ ကန်ရေစပ်သို့ ဆင်းခဲ့လေသည်။

သူမ ရေထဲဆင်းသည်ကို စောင့်ကြည့်နေသူ ရှိ,မရှိ အိမ်တန်းကလေးဘက်သို့ လှမ်းကြည့်လိုက်သေး၏။ မည်သူမျှ စောင့်ကြည့်နေသည်ကို မတွေ့မှ ရေကန်ထဲသို့ ရဲရဲစွာ ဆင်းခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကော်ပတ်ရုပ်ကလေးသည် ပထမတွင် ကန်ဘောင်နားမှ ဇရစီးအတိုင်း လိုက်ပါနေ၏။ ဘိုမသည် ရေထဲသို့ ဆင်းလိုက်သည်။

အရုပ်ကလေးသွားရာနောက်သို့ လိုက်၍ ဆယ်ယူနေ၏။ သို့သော် အရုပ်ကလေးသည် ဘိုမ လက်လှမ်းလိုက်တိုင်း မီလုမီခင်တွင် ဝေးဝေးသွားကာ ဆက်လက် မျောပါနေလေသည်။

ဘိုမသည် သူမ မိခင်က သင်ပေးထားသဖြင့် ရေကို ကူးတတ်ရာ အရုပ်ကလေးနောက်သို့ ရေကူး၍ လိုက်ပါသွားရင်း တဖြည်းဖြည်း ကမ်းနှင့်ဝေးကာ ရေလယ်သို့ ရောက်မှန်းမသိ ရောက်နေကြောင်း အံ့သြစွာ တွေ့ရလေတော့သည်။

ထိုအချိန်တွင် မစဲသေးသော မုန်တိုင်းမိုးသည် တဖွဲဖွဲရွာနေရာမှ ကြီးလာလေသည်။ မိုးသည် တဖြည်းဖြည်း ကြီးလာသဖြင့် ဘိုမသည် ကြောက်လာလေသည်။

အရုပ်ကလေးသည် မိမိနှင့် တဖြည်းဖြည်း ဝေးကွာသွားသည်ကို သိသဖြင့် တစ်ကြောင်း၊ မနက်က အမေ ဈေးရောင်းမသွားမီ ကန်ထဲ မဆင်းရန် မှာခဲ့သည်က တစ်ကြောင်း တို့ကြောင့် လိုချင်စိတ်ကို လျှော့ချကာ ကမ်းဘက်သို့ ပြန်ကူးလာခဲ့လေသည်။

မိုးသည် တဖြည်းဖြည်း ကြီးလာကာ လှိုင်းစီးများလည်း လက်လာလေသည်။

ကန်ရေပြင်သည် လှိုင်းများ ထကြွလာကာ ရေကူးနေသော ဘိုမ ခြေထောက်ကို ရေအောက်မှ တစ်ယောက်ယောက်က ဆွဲထားသည့်အလား ဘိုမသည် ကြိုးစား၍ ကူးသော်လည်း နေရာမရွေ့တော့ဘဲ တဝဲလည်လည် ဖြစ်နေလေသည်။

ဘိုမသည် တအားကုန် အော်တော့၏။

'ကယ်ကြပါဦးရှင်... ကျွန်မခြေထောက်ကို အောက်က ဆွဲထားလို့ပါ ရေကူးလို့ မရတော့ဘူး'

ဘိုမသည် အသံကုန်ဟစ်အော်ပြီး အကူအညီတောင်းလေသည်။ သို့သော် မည်သူမျှ ကြားဟန်မတူ။

ဘိုမအသံသည် လှိုင်းသံလေသံများတွင် ပျောက်ကွယ်သွားလေသည်။ နောက်ဆုံးတွင် ဘိုမသည် ခြေကုန်လက်ပန်းကျကာ လှိုင်းလေးများကြားတွင် ရေထဲသို့ တဖြည်းဖြည်း မြုပ်သွားလေတော့သည်။

[၃]

ဘိုမ၏ အဖေနှင့်အမေသည် ဘိုမ အချိန်တန်၍ ပြန်မလာသောအခါ နေရာအနှံ့ ရှာဖွေ၏။ ရေကန်ထဲ ဆင်းသွားသည်ကို မြင်လိုက်သော ကလေးတစ်ယောက်၏ ပြောပြချက်အရ လူစုကာ ရေကန်အတွင်း ရှာကြလေသည်။

တဖြည်းဖြည်းနှင့် ရေကန်တွင် လူများ စုဝေးလာပြီး ရေကူးတတ်သူများက ရေကန်အတွင်း ဆင်းကာ ရေကူး၍ ရှာကြ၏။ သို့သော် ဘိုမကို မတွေ့ချေ။ ထိုစဉ် ဦးရွှေလှ ရောက်လာပြီး...

'ဟဲ့ နှင်းမြရဲ့ ဒီလိုရှာနေလို့ ဘယ်ပြီးမလဲ၊ နတ်လေးဘာလေး မေးကြည့်ပါဦး'

မနှင်းမြသည် စက်ကြီးနားတွင်နေသော နတ်ကတော်တစ်ယောက်ကို သွားခေါ်လာလေသည်။

နတ်ကတော်သည် အုန်းပွဲ၊ ငှက်ပျောပွဲပြင်ကာ အမွှေးနံ့သာ စုံလင်စွာဖြင့် ကန်တော်ရှင်မ နတ်အဝတ်များ လဲလှယ်ဝတ်ဆင်ပြီး ကန်တော်ရှင်မကို ပင့်လေ၏။

ကန်တော်ရှင်မ ဝင်လာသောအခါ...

'နင်တို့ သမီးလေးကို အသက်ရှင်လျက် တွေ့ရမှာ မဟုတ်တော့ဘူး။ လိပ်ပြာနတ်ပြီး ငါ့နန်းကို ခေါ်သွားတယ်။ အေး... အလောင်း ပြန်လိုချင်ရင်တော့ သူ့အမေကိုယ်တိုင် ကန်ထဲ ဆင်းရှာပါ'

သမီးကလေး မရှိတော့ကြောင်း သိရသဖြင့် မနှင်းမြသည် ခေါက်တည်ရာမရ ဖြစ်ကာ ငိုယိုပြီး နေလေ၏။ သို့သော် ငိုနေရုံနှင့် မပြီးသေး သမီးလေးအလောင်းကို တွေ့ဖို့က လိုသေးသည်။

နတ်ဟောချက်အရ သမီးအလောင်းကို လိုချင်ရင် အမေကိုယ်တိုင် ဆင်းရှာရန် ပြောသဖြင့် မနှင်းမြသည် ဘိုမ အလောင်းကို ရှာရန်အတွက် ထဘီကို တိုတိုဝတ်ပြီး ရေကန်ထဲဆင်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် ရောဝတီတိုင်းဒေသကြီး မြောင်းမြသူဖြစ်၍ ငယ်စဉ်ကပင် ရေကူးတတ်လေသည်။

မနှင်းမြသည် ရေကန်ထဲ ဆင်း၍ ရေကူးရင်း ဘိုမ အလောင်းကို ရှာလေသည်။

နတ်ကတော်က နတ်မှ တစ်စုံတစ်ရာ ပြောကာ ကန်တော့ပွဲကို နှင်းမြ ရှေ့မှ ရေစီးတွင် မျောလိုက်လေသည်။

'မနှင်းမြရေ... ကန်တော့ပွဲနောက်က လိုက်သွား'

ကန်တော့ပွဲသည် ရေစီးအတိုင်း ကန်လယ်သို့ မျောပါသွားလေသည်။ မနှင်းမြသည် ကန်တော့ပွဲနောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားလေ၏။

ကန်ပေါင်ပေါ်တွင် လူအုပ်ကြီးမှာ တဖြည်းဖြည်း များလာလေသည်။ အချို့ကလည်း မိမိတို့ ထင်မြင်ယူဆချက်များကို ပြောနေကြ၏။

အချိန်ကုန်မှန်းမသိ ကုန်သွားကာ ညနေသို့ ရောက်လာလေပြီ။

မနှင်းမြသည် မောရပန်းရမှန်းမသိ သမီးလေးကို တွေ့လိုဇောဖြင့် ကန်တော့ပွဲနောက်သို့ လိုက်နေလေသည်။

ထိုစဉ် ကန်တော့ပွဲသည် တစ်နေရာတွင် ရပ်တန့်သွားကာ ရေစီးအတိုင်း မျောပါပြီး ကန်အလယ်တွင် ဖြစ်ပေါ်နေသော ဝဲကတော့အတိုင်း လှည့်နေလေသည်။

မနှင်းမြသည် ကန်တော့ပွဲနောက်သို့ မလိုက်နိုင်တော့ချေ။

ကန်တော့ပွဲ ဝဲလှည့်နေသော နေရာ၏ အလယ်လောက်ကို မှန်းဆကာ ကူးသွားပြီး အလယ်ရောက်သောအခါ ကန်ထဲသို့ ရေငုပ်၍ ဆင်းသွားပြီး ဘိုမအလောင်းကို ရှာလေသည်။

ရေကန်၏ အလယ်သည် ဝါးတစ်ရိုက်ခန့် နက်ကြောင်း လူကြီးသူမများ ပြောသည်ကို မနှင်းမြ ကြားဖူး၏။ ယခုမှ ကိုယ်တိုင် ကြုံရတော့သည်။

ရေကန်အောက်ခြေသို့ ရောက်အောင် ရေငုပ်သွားတော့မှ ဘိုမ အလောင်းကို တွေ့ရလေသည်။

ရေကန်အောက်ခြေတွင် ပေါက်လျက်ရှိသော နွယ်ပင်တစ်မျိုးသည် ဘိုမခြေထောက်တစ်ဖက်အား ရစ်ပတ်ကာထားလေသည်။ ဘိုမသည် မျက်လုံးပွင့်လျက် လက်နှစ်ဖက်ကို ဘေးသို့ကားကာ သေဆုံးနေလေသည်။

မနှင်းမြသည် ဘိုမခြေထောက်တွင် ပတ်နေသော နွယ်ပင်ကို ဖယ်ရှားကာ ဘိုမလက်တစ်ဖက်ကို ဆွဲပြီး ရေပေါ်သို့တက်လာလေသည်။ ရေပေါ်ရောက်သောအခါ ကမ်းပေါ်မှ လူများကို လက်ပြ၍ ခေါ်ရ၏။

ကန်တော့ပွဲမှာမူကား လှိုင်းများကြားတွင် မြုပ်သွားပြီဖြစ်လေသည်။

မနှင်းမြသည် အသံကုန်ဟစ်ပြီး...

'ပါလာပြီ... ပါလာပြီ... လာပြီး ကူကြပါဦး'

ဘိုမ၏ အဖေအပါအဝင် ကမ်းပေါ်မှ လူများသည် ရေကန်ထဲဆင်းကာ မနှင်းမြထံ ရေကူး၍ သွားပြီး မနှင်းမြကို တွဲသူက တွဲ၊ ဘိုမကို တွဲသူက တွဲဖြင့် ကမ်းသို့ ပြန်လာခဲ့ကြလေသည်။

[၄]

ဘိုမ၏ အသုဘကို လာရောက်ကြသော ပရိသတ်တို့အားဘိုမ၏ အဖေသည် စကား ဒိုင်ခံ၍ ပြောနေရ၏။ ဘိုမ၏ မိခင် မနှင်းမြမှာကား တစ်နေကုန် ငိုရလွန်း၍ ပင်ပန်းနေလေပြီ။ ထို့ကြောင့် ညတွင် စောစော အိပ်ရာထဲဝင်ကာ လှဲနေလိုက်လေ၏။

မနှင်းမြ အိပ်ပျော်လုပျော်ဆဲအချိန်တွင် အိပ်ခန်းတံခါးကို ဖွင့်ကာ ဘိုမသည် "အမေ"၊ "အမေ"ဟု ခေါ်ကာ ဝင်လာလေသည်။

မနှင်းမြသည် အိပ်ရာမှ လူးလဲထပြီး...

'သမီး'

ဟု ခေါ်ကာ ဖက်ထားမည်ဟု လက်ကို ရှေ့သို့ ဆန့်တန်းလိုက်လေသည်။ ဘိုမက နောက်ကို ဆုတ်၍...

'အမေ...အမေ မငိုနဲ့တော့နော်၊ သမီးနဲ့ အမေနဲ့က ဘဝခြားသွားပြီ အမေရဲ့ သမီး အခု လာတာတောင် အိမ်စောင့်နတ်မင်းကို တောင်းပန်ပြီး ဝင်လာခဲ့ရတာ၊ သမီးလေ အမေကန်တော်ရှင်မဆီမှာ ကောင်းကောင်း မွန်မွန်နေရပါတယ်'

'အမလေး သမီးလေးရယ်'

မနှင်းမြသည် ငိုပြန်လေ၏။

'သမီး အချိန်သိပ်မရဘူး အမေ၊ ပြန်ရတော့မယ်၊ သမီးက မနှစ်က ဒီကန်ထဲ ရေနစ်သေဆုံးသွားတဲ့ ဖိုးခွေးအစား လူစားဝင်ရတာပါ။

စာမျက်နှာ (၂၅၂) သို့



www.burmeseclassic.com

www.burmeseclassic.com



အုံ့ဖွယ် ရထားတိုက်မှုနှင့်

ရှော် (သာစည်)

# မဟာယာတံတား

စာရေးသူတို့နေသော ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်းတွင် လူသားတို့၏ သေခြင်းအကြောင်းလေးပါး ရှိသည်ဟု ဆိုသည်။ **ပရထာပွတ္တိလေးပါး**ဟု ခေါ်ပါသည်။ ထိုလေးပါးမှာ...

၁။ **အာယုက္ခယ** – သက်တမ်းစေ့၍ သေရခြင်း။

၂။ **ကမ္မက္ခယ** – သက်တမ်းမစေ့မီ ကံကုန်၍ သေရခြင်း။

၃။ **ဥဘယက္ခယ** – သက်တမ်းလည်း စေ့ ကံလည်းကုန်၍ သေရခြင်း။

၄။ **ဥပစ္ဆေဒက** – သက်တမ်းမစေ့ ကံမကုန်မီ ကပ်၍ ဖြတ်တောက်တတ်သော ကံတစ်ပါးကြောင့် သေရခြင်းတို့ ဖြစ်သည်။

ဥပစ္ဆေဒကကံမှာ သူတစ်ပါး၏ လက်နက်၊ တုတ်၊ ဓားတို့ကြောင့် သေရခြင်း၊ ကားမှောက်၊ ဆိုင်ကယ်မှောက်၍ သေရခြင်း၊ ရေနစ်မြေနစ်သေရခြင်းစသည့် အသေဆိုးဖြင့် သေရခြင်းတို့ ဖြစ်သည်။

ထိုသေခြင်းတို့တွင် အကြောင်းအရာ တစ်ခုတည်းသာ ဖြစ်တတ်ကြပါသည်။ ကားမှောက်သဖြင့် လူအများသေရခြင်း၊ ဆိုင်ကယ်မှောက်တိုက်သဖြင့် လူတစ်ယောက်နှစ်ယောက် သေရခြင်းများ ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အတူတကွ ကျဆုံးရသော အာဇာနည်(၉)ဦးမှာ ဂဠုန်ဦးစော၏ ကြိုတင်ကြံစည်လုပ်ကြံသတ်ဖြတ်မှုကြောင့် တစ်စုတည်း သေဆုံးရခြင်း ဖြစ်သည်။


ယခုတင်ပြမည့် ဖြစ်ရပ်မှန်ဇာတ်လမ်းမှာ တစ်နေရာတည်းတွင် သေကြရသည်မှာ မှန်သော်လည်း သေပုံသေနည်းခြင်း ကွဲပြားခြားနားလှပါသည်။

သာစည်မြို့သည် ရန်ကုန်–မန္တလေးရထားလမ်းပေါ်တွင် တည်ရှိပါသည်။ သာစည်မြို့၏တောင်ဘက် (ရန်ကုန်ဘက်ခြမ်း)မှ လာပါက **ပျော်ဘွယ်၊ ရွှေဓား၊ ရှမ်းရွာ၊ ညောင်ရမ်း၊ နွားထိုးဘူတာများ** ကျော်လျှင် သာစည်ရောက်ပါသည်။ သာစည်မှ မြောက် (မန္တလေးဘက်ခြမ်း)သို့ သွားလျှင် ဘူတာစဉ်အလိုက် ရွာပုလဲ၊ ဟံဇား။ သဲတောမှ ဆက်သွားလျှင် မန္တလေးသို့ ရောက်ပါမည်။

ဖြစ်ရပ်မှန်တင်ပြမည့် မီးရထားတံတားမှာ ရွာပုလဲဘူတာနှင့် ဟံဇားဘူတာကြားရှိ တံတားဖြစ်သည်။ တံတားကြီး မဟုတ်ပါ။ တံတားငယ်သာ ဖြစ်ပါသည်။ ရွာပုလဲဘူတာကိုအကျော် ရောက်ရှိးဆိုသည့်ရွာထိပ်အနီးတွင် ရှိသည်။

မန္တလေးမှရန်ကုန်သို့ ထွက်ခွာလာ

www.burmeseclassic.com



သော အစုန်ရထားတစ်စီးသည် ထိုတံတားပေါ်တွင် လူတစ်ယောက်ကို တိုက်မိရာ ထိုလူသေဆုံးသွားပါသည်။ ထိုဖြစ်ရပ်မှာ ပထမဆုံး ဖြစ်ပါသည်။

မီးရထားသံလမ်း လုပ်သားများက သံလမ်းအဟောင်းနှင့် အသစ်ကို လဲလှယ်ရာ သံလမ်းဟောင်းများကို သံလမ်းဘေးတွင် ချထားတတ်သလို လဲလှယ်မည့် သံလမ်းအသစ်များကိုလည်း အသင့်ပြင်ထားတတ်ပါသည်။

**မန္တလေးမှထွက်ခွာလာသော ရထားတစ်စီးသည် လူတစ်ယောက်ကိုတိုက်မိသည့် တံတားအနီးမှ ဖြတ်မောင်းစဉ် မည်သို့မည်ပုံ ဖြစ်လေသည်မသိ၊ ရထားစက်ခေါင်း ဦးမှခေါင်းဖြင့် သံလမ်းကိုတိုက်မိသည့် သံလမ်းက မြှောက်ထောင်လာရာမှ စက်ဗိုလ်ခန်းရင်ဝကို တံစို့ထိုးသလိုထိုးမိပြီး စက်ဗိုလ် ရုပ်ပျက်ဆင်းပျက် သေဆုံးသွားရပါသည်။**

ထိုဖြစ်ရပ်မှာ (ဒုတိယ)ဖြစ်ရပ် ဖြစ်ပါသည်။ ထိုစက်ဗိုလ်၏အလောင်းကို သူ့စက်ခေါင်းဖြင့်ပင် ပြန်တိုက်လာပြီး သာစည်မြို့တွင် သဂြိုဟ်ရာ မီးရထားဝန်ထမ်းများရော မြို့လူထုပါ ဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်ကြရပါသည်။

ထိုဖြစ်ရပ်နှစ်ခုကို ပထမဖြစ်ရပ်၊ ဒုတိယဖြစ်ရပ်ဟုဆိုသော်လည်း အချိန်နှစ်များစွာ ကွာခြားပါသည်။ ထိုဖြစ်ရပ်များဖြစ်ပြီး နှစ်အတန်ကြာသောအခါပို၍ ထူးဆန်း၊ အလွန့်အလွန် ထူးဆန်းသောဖြစ်ရပ် ဖြစ်လာပြန်ပါသည်။

ဖြစ်ပုံမှာ ပျော်ဘွယ်ဘူတာတွင် ပြင်ဆင်ရန်ရပ်ထားသော ရထားစက်ခေါင်းတစ်လုံးသည် သူ့အလိုလို လိမ့်ဆင်းလာသည်။ အနားတွင် စက်ဗိုလ်၊ စက်ပြင်တစ်ယောက်မျှ မရှိပါ။

ထိုလူတစ်ယောက်မျှမပါသော စက်ခေါင်းကြီးသည် ပျော်ဘွယ်ဘူတာမှ လိမ့်၊ ရွှေဓားကိုဖြတ်လိမ့်၊ ရှမ်းရွာကို ကျော်လိမ့်၊ ညောင်ရမ်း၊ နွားထိုးဘူတာများကို ကျော်ပြီး သာစည်ဘူတာကြီးကိုပါ အရှိန်ပြင်းစွာ ဖြတ်ကျော်သွားပါသည်။ ကြားဘူတာများရောသာစည်ဘူတာမှဝန်ထမ်းများ ဘာမျှမလုပ်နိုင် မတားနိုင်ခဲ့ကြပါ။

သာစည်နှင့် မန္တလေးခရီးအတွက် အမှတ်(၄၉)၊ အဆန်(၅၀) လော်ကယ်ရထားမှာ သာစည်က နံနက်(၄)နာရီတွင်ထွက် (၅၀)အစုန်ပြန်ရောက်ချိန်မှာ ည(၇)နာရီ (၈)နာရီဖြစ်သည်။ ထွက်ချိန်သာမှန်၍ ပြန်ရောက်ချိန်မှန်လေ့မရှိပါ။ ပျော်ဘွယ်မှ စက်ခေါင်းလိမ့်လာသည့်နေ့ကလည်း အချိန်မှန်မှန် ထွက်သွားပါသည်။

ဖြစ်မှဖြစ် ကြုံမှကြုံတော့ တိုက်တိုက်ဆိုင်ဆိုင် အမှတ်(၄၉) အဆန်ရထားစောစောက ပြဿနာတံတားပေါ် အရောက်မှာ ပျော်ဘွယ်က လိမ့်လာသည့်စက်ခေါင်းက (၄၉)အဆန် လော်ကယ်ရထား ဂါတ်ဗိုလ်တွဲကို ဝင်ဆောင့်ပါတော့သည်။ အရှိန်ပြင်းသဖြင့် ဂါတ်ဗိုလ်ရော အလည်ခေါ်လာသည့် သူ့မြေးလေးပါ ပွဲချင်းပြီးပါလေတော့သည်။

သေကြေကြရသည်မှာ တစ်နေရာတည်း တံတားတစ်ခုတည်းဖြစ်၍ သေပုံသေနည်းမတူပါ။ စဉ်းစားရ ခက်လှပါသည်။ ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာပြည် ဘုရားသုံးဆူနေရာမှ ယိုးဒယား(ထိုင်း)နိုင်ငံ ဘန်ကောက်အထိ ဂျပန်ဖက်ဆစ်များက နိုင်ငံတကာမှ ချွေးတပ်သားများအပြင် မြန်မာပြည်မှလူထုကို ချွေးတပ်ဆွဲပြီး ရထားလမ်း ဖောက်စေခဲ့သဖြင့် ငှက်ဖျားရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အစာရေမဝခြင်းတို့ကြောင့် လူပေါင်း သိန်းသောင်းချီ၍ သေခဲ့ရသဖြင့် ရထားလမ်းကို သေမင်းတမာန် ရထားလမ်းဟု ခေါ်ကြသော်လည်း ယခု တံတားကို မည်သို့ခေါ်ရမည်ပင် မသိတော့ပါ။

လူသတ်တံတားလား၊ မာယာတံတားလား၊ ဂမ္ဘီရတံတားလား အမည်ပေးရန် ခက်ပါသည်။ မည်သို့ပင်ဖြစ်စေ တင်ပြခဲ့သည့်ဖြစ်ရပ်မှန်များမှာ မကြာသေးမီက ဖြစ်ပျက်ခဲ့သည့် အဖြစ်များတော့ မဟုတ်ပါ။ **လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခု ကျော်သွားပါပြီ။**

ဖြစ်ပျက်ခဲ့စဉ်ကပင် တာဝန်ရှိသူများကို လိုအပ်သလို အရေးယူခဲ့ပြီး၍ သွေးအေးသွားသော်လည်း အမှတ်တရ ရှိနေသူများအဖို့ မနေ့တစ်နေ့ကလိုပင် မှတ်မိနေပါသေးသည်။

**နော် (သာစည်)**



www.burmeseclassic.com

www.burmeseclassic.com



အောင်ချစ်ကြည်
(ကြို့ပင်ကောက်)

# သုံးပန်လှသိုက်နန်းဦးမှ

## ထူးဆန်းသည့် သင်္ကေတအမှတ်အသားများ (၂)

ယခင်လမှ အဆက်

တပေါင်းနွေညက သာယာလှ၏။ တောပန်းတောင်ပန်းများ ပန်းစုံပွင့်ချိန် ဖြစ်၍ သင်းပျံ့ပျံ့ ပန်းရနံ့တို့ကို အားပါးတရ ရှူရှိုက်ရင်း ငြိမ်သက်စွာ ထိုင်နေရာမှ ဘကွန်း ငိုက်ခနဲဖြစ်သွားသည်။ ချေ(ဂျီ)ဟောက်သံ တစ်သံက အိပ်ငိုက်သွားသောဘကွန်းကို လန့်နိုးစေခဲ့သည်။

တစ်ဆက်တည်းမှာပင် ကုက္ကလူးငှက်တစ်ကောင်၏ အော်မြည်သံက ဘကွန်း၏ အိပ်ချင်စိတ်ကို ဖယ်ရှားခဲ့သည်။ တောတောင်နှင့် ရင်းနှီးကြီးပြင်းခဲ့သော ဘကွန်းက အခြေအနေကို ကြိုတင်တွက်ဆမိသည်။

တောထဲတွင် ကုက္ကလူးငှက်လာလျှင် ကျားပါလာတတ်၍ သူ့အလိုအလျောက် မျက်စိကျယ်ကာ ခေါင်းနပန်း ကြီးသွားသည်။ သို့သော် ဤနေရာတွင် မိမိအပါအဝင်အားကောင်းမောင်းသန်ယောက်ျားကြီး (၉)ယောက် ရှိသဖြင့် ကြောက်စရာမလို။ ကိုယ့်တာဝန်က လူသူလေးပါးနောင့်ယှက်ခြင်းမှ ကာကွယ်ရန်ဖြစ်သည်။

ယခုကဲ့သို့ ညဉ့်နှစ်ချက်တီးကျော်အချိန်၌ တောထဲ ဝင်ရောက်လာသူလည်း မရှိနိုင်ဟု စိတ်လျှော့လိုက်ကာ စိတ်ချလက်ချထိုင်နေရင်း သင်းပျံ့စူးရှသော ရနံ့တစ်ခုကို ရှူရှိုက်နေရာမှ မေ့ခနဲ တစ်ချက် ငိုက်မျဉ်းသွားခဲ့သည်။

'ဟောကောင်တွေ... မင်းတို့က ခုထက်ထိ တူးနေကြတုန်းလား၊ မင်းတို့ဆရာ ဘာဖြစ်နေလဲဆိုတာ ပြန်ကြည့်လိုက်ကြစမ်း'

ပြတ်သားစွာ ထွက်ပေါ်လာသော စကားပြောသံတစ်ခုကို အားလုံးကြားလိုက်ရသည်။

www.burmeseclassic.com

ဘကွန်း အိပ်ငိုက်နေရာမှ ဆတ်ခနဲ ခေါင်းထောင် ကြည့်လိုက်သောအခါ မြေကျင်းကြီးအနီးတွင် ကျင်းတူးသမားများ၊ မြေသယ်သမားများ အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်နေကြပြီ။ အသံရှင်ကို မတွေ့လိုက်ကြရသော်လည်း မြေသယ်သမားတစ်ဦးက အခြားလူများ ကြားအောင် အသံမြှင့်၍ ပြောလိုက်ရာ…

'ဟေ့…ဟေ့…တို့ဆရာကြီး ဘာဖြစ်နေပြီလဲ ကြည့်ကြပါဦးဟ'

ဟု ပြောနေစဉ်မှာပင် အားလုံးက ပေါက်တူး၊ ဂေါ်ပြား၊ မြေသယ်ခြင်းတောင်းများ ပစ်ချ၍ ဘိုးတော်ဗျိုင်းအနီး ဝိုင်းအုံ ရောက်ရှိလာခဲ့ကြသည်။

လေတစ်ချက် အဝှေ့တွင် ဖယောင်းတိုင်မီးများ ငြိမ်းသွားသည်။ မှုန်ပျပျ ကြယ်ရောင်အောက်တွင် လေးဖက်ထောက် အခြေအထားဖြင့် ကန်တော့ပွဲ ပြင်ထားသော နီးတောင်းနှုတ်ခမ်းကို ပါးစပ်ဖြင့်ကိုက်၍ ဆွဲခါလျက်ရှိသည့် ဘိုးတော်ဗျိုင်းကို ရုတ်တရက်ကြည့်၍ ကြက်သေ သေနေကြသည်။

တစ်ဖန် အုန်းပွဲ၊ ငှက်ပျောပွဲများကို လက်နှစ်ဖက်ဖြင့် ဝှေ့ယမ်းရိုက်ပုတ် ဖျက်ဆီးပြီးနောက် ပါးစပ်မှ ဂူးဝါးဂူးဝါး စကားလုံး မသဲမကွဲပြောရင်း ခန္ဓာကိုယ်ကို မြေပေါ်တွင် နှစ်လိမ့်၊သုံးလိမ့် လိမ့်ပြီးမှ ငုတ်တုတ်ထထိုင်ကာ…

'ကျ…ကျ…ကျားလာနေပြီ… ဘီလူးလာနေပြီ…ပြေးကြ'

ဟု အမိန့်ပေးရင်း လွယ်အိတ်ကြီးကို ကပျာကယာ ကောက်ကိုင်လိုက်သော ဘိုးတော်ဗျိုင်းအား သူ့တပည့်က ဖမ်းဆွဲထားရင်း ထိတ်ထိတ်ပျာပျာဖြင့်…

'ဆရာ သတိထားပါဦး ဘာကျားမှ မရှိပါဘူး။ စိတ်ထင်လို့ ဖြစ်မှာပါ'

ဟု နှစ်သိမ့်စကား ပြောလိုက်ရာ ဘိုးတော်ဗျိုင်းက နောက်ကျောဘက်ရှိ ခပေါင်းပင်ကြီးများ နောက်ဘက်သို့ လက်ညှိုးထိုးပြသဖြင့် အားလုံး တစ်ပြိုင်နက် လှည့်ကြည့်လိုက်ချိန်တွင် အားလုံးထံမှ အာမေဋိတ်သံကြီးများ တစ်ပြိုင်နက် ထွက်ပေါ်လာတော့သည်။

'ဟာ…'

'ဝေါ်င်း…'

ဟူသော ကျားဟိန်းသံကြီးက အားလုံး၏ နားထဲတွင် မိုးချုန်းသံကြီးပမာ ကျယ်လောင်စွာ ဖြစ်ပေါ်လျက် ရောမကျားကြီးနှင့်အတူ ဘေးမှ ကပ်လျက်ပါလာသော အရပ်(၈)ပေ၊ (၉)ပေခန့်မြင့်မားသော လူပုံပန်းသဏ္ဌာန် မည်းမည်းပုဂ္ဂိုလ်ကြီးကို ကြယ်အလင်းရောင်ဖြင့် လှမ်းတွေ့လိုက်ကြရာ အားလုံး အချိန်မဆိုင်းတော့ဘဲ လာလမ်းအတိုင်း အူယားဖားယား ပုံပျက်ပန်းပျက်ဖြင့် အသက်လုကာ ပြေးထွက်ခဲ့ရတော့သည်။

ပါလာသော ပေါက်တူးပေါက်ပြားများကို သတိမရအား။ နောက်ကြောင်း တစ်ချက်ပင် လှည့်မကြည့်အားဘဲ လဲသူလဲ၊ ကွဲသူကွဲ၊ ခလုတ်တိုက်သူ တိုက်ဖြင့် ဒရောသောပါး သေပြေးရှင်ပြေး အယိုင်ပြေး…ပြေးရင်း ခဏအတွင်း အလာတုန်းက မြင်းလှည်းများကို လျှို့ဝှက်၍ ရပ်နားခိုင်းထားခဲ့သော လမ်းခုလတ် နေရာသို့ ရောက်ခဲ့တော့သည်။

ရုတ်ရုတ်သဲသဲ ဝရုန်းသုန်းကား ပြေးလွှားသံများကြောင့် မြင်းများ လန့်ဖျပ်၍ ဟီကာ ဆောက်တည်ရာမရ ခုန်ပေါက်ရုန်းကန်မှ အအိပ်ကြီးနေသော မြင်းလှည်းမောင်းသမား နှစ်ယောက် အိပ်ချင်မူးတူးဖြင့် ထလာ၍…

'ဟေ့…ဟေ့… ဘာတွေဖြစ်ကြတာလဲ'

ဟု လှမ်းမေးရာ ဘကွန်း၏နောက်ဘက်မှ လိုက်လာသော ဘိုးတော်ဗျိုင်းက…

'မေးမနေနဲ့…မြင်းလှည်းတွေ မြန်မြန်တပ်ပြီး မောင်းထွက်ခဲ့ကြတော့၊ ဟော့ကောင်တွေ မြန်မြန်လုပ်ကြကွ…မြန်မြန်…မြန်မြန်…'

ဟု အော်ပြောရင်း အားလုံးက တတ်နိုင်သရွေ့ ဆက်၍သာ ပြေးနေဆဲဖြစ်သည်။

အသက်လုခန်း ရောက်နေသဖြင့် ကိုယ့်အသက်ကိုယ် လုပြေးနေကြရကာ ဘိုးတော်ဗျိုင်းအား ဖေးမမည့်သူမရှိ၊ အဘိုးအို လဲကျသွားစဉ် ပြန်ကြည့်မည့်သူ မရှိဘဲ ရှေ့သို့သာ ဆက်ပြေးနေကြသည်။

မနေသာသော ဘကွန်းက ပစ်မထားရက်ဘဲ ဘိုးတော်ဗျိုင်းကို ကောက်ထမ်း၍ နောက်ကျောပိုးလျက် ဘိတ်ဆုံးမှ ပြေးထွက်ခဲ့သည်။ ထိုအချိန်ထိပင် ဘကွန်းကျောပေါ်မှ ဘိုးတော်ဗျိုင်း၏ ပါးစပ်မှ…

'ကျား…ဘီလူး၊ ကျား…ဘီလူး…'

ဟု တတွတ်တွတ် မြည်တမ်းလျက် ရှိတော့သည်။

ခဏအကြာတွင် နောက်မှ ဒုန်းစိုင်းမောင်းနှင်လာသော မြင်းလှည်းများ မီလာသည်။ ရှေ့မြင်းလှည်းတွင် ဘိုးတော်ဗျိုင်းတို့ ဆရာတပည့်၊ မြေတူးသမားနှစ်ယောက်နှင့် လှည်းနောက်ပိုင်းတွင် ဘကွန်းက ထိုင်လိုက်ခဲ့သည်။

လှည်းနှစ်စီးလုံးပေါ်သို့ လူများ စုံအောင်ရောက်၍ မြင်းလှည်းများ မောင်းထွက်တော့မည့် ဆဲဆဲတွင် နောက်နားမှ ကျားဟိန်းသံကြီး ထွက်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာသဖြင့် မြင်းများ လန့်ဖျပ် ပတတ်ရပ်ပြီးလျှင် လေးညို့ လွှတ်လိုက်သော မြားပမာ တစ်ဟုန်ထိုး ပြေးထွက်ခဲ့ကြသည်။

အင်တိုင်းတောစပ် နွားလှည်းလမ်းဖြစ်၍ သစ်ငုတ်နှင့် ကျောက်တုံးများ ထူထပ်သောကြောင့် အရှိန်သတ် ဇက်ကြိုးဆွဲသော်လည်း အရှိန်မလျော့ဘဲ ခြေကုန်သုတ်လျက် ရှိတော့သည်။

ရှေ့လှည်းမှ မြင်းသည် အကောင်ကြီး၍ ဆွဲအားရှန်းအား ပိုကောင်းသဖြင့် နောက်လှည်းနှင့် ခပ်ကွာကွာသို့ ရောက်နေရာမှ လှည်းဘီးလမ်းကြောင်းနှင့် မလွတ်တလွတ်တွင် ရှိနေသော ကျောက်တုံးတစ်တုံးကို အရှိန်ဖြင့် ဝင်ဆောင့်ပါသည်။

သို့နှင့် ရှေ့လေး,ငါးကိုက်ခန့်အရောက် မြင်းလှည်းဘီးတစ်ဘီး ကျွတ်ထွက်၍ လှည်းလမ်းကြောင်းဘေးရှိ သစ်ငုတ်တစ်ခုနှင့် ထပ်မံ၍ ချိတ်လိုက်သဖြင့် မြင်းရော လှည်းပါ ဘေးနားရှိ ပေနှစ်ဆယ်ကျော်ခန့်နက်သော လျှိုထဲသို့ ထိုးကျကာ မြင်းအော်သံနှင့်အတူ လူအော်သံများ ဆူညံသွားတော့သည်။

တစ်ဆက်တည်းပင် မချိတင်ကဲ ညည်းညူသံများ ထွက်ပေါ်လာခဲ့သည်။ ရှေ့မြင်းလှည်းမှ ဘကွန်းတစ်ယောက်သာလျှင် မြင်းလှည်းဘီးနှင့် ကျောက်တုံး ဝင်ဆောင့်လိုက်စဉ်က လမ်းဘေး လွင့်စဉ်ကျကျန်ခဲ့သဖြင့် လျှိုထဲသို့ ပါမသွားဘဲ မြေပေါ်ကျန်နေခဲ့သည်။

ခဏအတွင်း နောက်မြင်းလှည်းက မီလာသည်။ ဘကွန်း လဲကျနေရာအရောက်တွင် တစ်ဟုန်ထိုး ပြေးလျက်ရှိသော မြင်းက လူးလဲထရန် ဟန်ပြင်လိုက်သော ဘကွန်းကို ဘွားခနဲ မြင်သည်နှင့် လန့်၍ ပတတ်ရပ်ပြီး ပြန်အကျ အနီးရှိ သစ်ပင်ကို လှည်းဘီးဝင်ချိတ်မိပြီး တစ်ပတ်လည်ကာ မြင်းလှည်းပေါ်တွင် ပါလာသူများ တစ်ယောက်မကျန် ဘေးနားရှိ ချောက်တစ်ခုထဲသို့ အလန့်တကြား အော်ဟစ်ရင်း ကျသွားပြန်သည်။

လှည်းဆွဲမြင်းမှာ ဘဒဘူတံ(လှည်းဆွဲတန်း) ပြုတ်ထွက်၍ လှည်းမှကျွတ်ကာ ပြေးမိပြေးရာ အလန့်တကြား ပြေးထွက် ကွယ်ပျောက်သွားတော့သည်။ ကံဆိုးချင်တော့ လမ်းနှင့် မလွတ်တလွတ် လဲကျသွားသော ဘကွန်း၏ ခြေတစ်ဖက်အား နောက်မြင်းလှည်းဘီးတစ်ဖက်က ဖြတ်ကြိတ်သွားရာ အလူးအလဲ ခံလိုက်ရတော့သည်။

ခြေတရွတ်တိုက်ဆွဲကာ တံတောင်ဆစ်များ အားပြု၍ သွေးရူးသွေးတန်းဖြင့် သစ်ပင်များကြား ရောက်ခဲ့ပြီး မချိမဆံ့ ဝေဒနာ ခံစားရင်း ချောက်ထဲကျသွားသူများ အသံဗလံ နားစွင့်ကြည့်သော ဘကွန်း ညည်းညူသံသဲ့သဲ့မျှ ကြားလိုက်သည်။

ကျောက်တုံးနှင့် ဆောင့်မိထားသော ခေါင်းမှ ဒဏ်ရာက သွေးများ စီးထွက်နေသည်ကို လက်ဖြင့် စမ်းမိရင်း အားတင်းထားသည့်ကြားမှ သတိမေ့သွားခဲ့သည်။

* * *

ကံဆိုးမိုးမှောင်ကျသည့် ကြားက ကံကောင်းခြင်း တစ်ကွက်က အားလုံး ချက်ချင်း မသေမကျေဘဲ ဒဏ်ရာ အသီးသီးဖြင့် ကြို့ပင်ကောက် ဆေးရုံသို့ ပို့ဆောင်ခြင်း ခံခဲ့ကြရသည်။

ဖြစ်ပုံက အံ့သြစရာကောင်းသည်။ နောက်မြင်းလှည်းမှ မြင်းသည် လှည်းဘီးနှင့် သစ်ပင် ဝင်ချိတ်စဉ်က အရှိန်ပြင်းသဖြင့် ဘဒဘူတံ(လှည်းဆွဲတန်း) များ ကျိုးပြတ်၍ မြင်းတခြား၊ လှည်းတခြား လွတ်ထွက်ခဲ့ပြီး ပြေးမိပြေးရာ ပြေးခဲ့ရာမှ အေးရွာကလေး ရွာတွင်းသို့ ရောက်သွားကာ ညနေက ဝင်ရောက်နားနေခဲ့ဖူးသော ဘကွန်းအိမ်ရှေ့အရောက်တွင် ဟီသံပေး၍ ထိုအိမ်ခြံထဲသို့ တန်းတန်းမတ်မတ် ရောက်ရှိသွားခဲ့သည်။

မြင်းပြေးသံ၊ မြင်းဟီသံများကြောင့် ဘကွန်းမိဘများက လန့်နိုးကာ ညနေက ခြေသည်များ စီးလာသော မြင်းလှည်းမှ မြင်းဖြစ်ကြောင်း သိသဖြင့် ဘကွန်းတို့အဖွဲ့ တစ်ခုခုဖြစ်ကြောင်း အတပ်သိလိုက်ကာ လူစု၍ တောထဲဝင်ခဲ့ကြသည်။

တောစပ် ရောက်သည်နှင့် လှည်းလမ်းကြောင်းတစ်နေရာတွင် သစ်ပင်နှင့်ချိတ်၍ ဇောက်ထိုးမိုးမျှော်ဖြစ်နေသော မြင်းလှည်းပျက်အား တွေ့လိုက်ကြရတော့သည်။ အခြေအနေကို သိလိုက်သဖြင့် ရွာသားများက လက်နှိပ်ဓာတ်မီးများဖြင့် လျှိုထဲသို့ ဆင်းရှာသောအခါ ကျိုးပဲ့ကွဲပြဲ သွေးရဲရဲ



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် သတိလစ်နေသော ဘိုးတော်ဗျိုင်း အဖွဲ့အား မရှုမလှဖြင့် တွေ့ကြသည်။

ရွာသို့ လှည်း(၃)စီးပြန်ယူကာ လျှို့ထဲ ချောက်ထဲ ကျနေသူများကို ကုန်းပေါ်သယ်တင်ကာ လှည်းများဖြင့် ကြို့ပင်ကောက်ဆေးရုံအရောက် မောင်း၍ အတွင်းလူနာများအဖြစ် ဆေးရုံတင်ထားရသည်။

ထိုအထဲမှ ဘိုးတော်ဗျိုင်း ဆရာ တပည့်နှစ်ယောက်၊ မြင်းလှည်းမောင်း သမားတစ်ယောက်နှင့် မြေတူးသမား နှစ်ယောက် စုစုပေါင်း ငါးယောက်မှာ ဒဏ်ရာပြင်းထန်ခြင်း၊ သွေးထွက်လွန်ခြင်းများဖြင့် အခြေအနေ အလွန်ဆိုးလျက်ရှိသည်။

သုံးပန်လှသိုက် တူးဖော်သည့် သတင်းများ တစ်နယ်လုံး ဟိုးဟိုးကျော်ခဲ့သည်။ ဘကွန်းတို့ ဆေးရုံရောက်ပြီး (၃)ရက်အတွင်းမှာပင် ဘိုးတော်ဗျိုင်း ဆရာတပည့်နှင့် မြေတူးသမား(၂)ဦး၊ မြင်းလှည်းမောင်းသူ(၁)ဦး စုစုပေါင်း (၅)ဦး ဒဏ်ရာပြင်းထန်၍ သေဆုံးသွားခဲ့သည်။

ကျန်လူများ ဆေးရုံတွင် သုံးပတ်ခန့်ကြာ ကုသနေပြီးနောက် အခြေအနေကောင်း၍ အားလုံး ရက်နှစ်ဆယ်ကျော်တွင် ဆေးရုံမှ ဆင်းခွင့်ရကြသည်။ ဘကွန်းမှာ ခေါင်းကွဲ၍ ချုပ်ထားရသော ဒဏ်ရာ၊ ခြေကျိုး၍ ကျောက်ပတ်တီးကိုင်ထားသော ဒဏ်ရာများဖြင့် အိမ်ပြန်ရောက်ခဲ့သည်။

ရက်မကြာမီ ထိတ်လန့်အံ့ဩဖွယ် သတင်းဆိုးများကို ဘကွန်း ကြားလိုက်ရသည်။ သူတို့အဖွဲ့ထဲမှ ဆေးရုံက ဆင်းခဲ့သူများထဲတွင် မြေတူးမြေသယ်သူများထဲမှ သုံးယောက်မှာ အိမ်ပြန်ရောက်ပြီးလျှင် အပြင်းအထန်ဖျား၍ စိတ်ကယောက်ကယက် ဖြစ်ကာ



ပါးစပ်မှ...

'ကျား... ကျားကြီး... ဘီလူးကြီး... မလာနဲ့...မလာနဲ့'

ဟု အော်ဟစ်ရင်း မျက်ဖြူလန်၍ အသက်ပြန်မလာဘဲ ရှေ့ဆင့်နောက်ဆင့် လန့်ဖျား ဖျား၍ ဆုံးခဲ့ကြသည် ဟူသော သတင်းပင်။

ဤသို့ဖြင့် နောက်ဆုံးတွင် ဘကွန်း၊ မြေတူးသမားတစ်ဦးနှင့် မြင်းလှည်းမောင်းသမားတစ်ဦး ပေါင်း သုံးဦးသာ အသက်ရှင်ကျန်ခဲ့သည်။

သို့သော် အားလုံး ခြေလက်အင်္ဂါများ ပျက်စီး၍ ဒုက္ခိတဘဝ ရောက်သူများသာ။ နောက်ဆုံးတွင် သုံးပန်လှသိုက်ကို နောက်ဆုံးအကြိမ် တူးကြသူများအနက် ဘကွန်းတစ်ယောက်သာ ယနေ့ထိ သက်ရှိထင်ရှား ကျန်သူဖြစ်တော့သည်။

ဂျပန်ခေတ်တွင် အေးရွာကလေး ရွာပျက်သောအခါ ဘကွန်းက အနီးရှိ ဥယျာဉ်ကြီးရွာကြီးသို့ ပြောင်းရွှေ့နေထိုင်ရင်း မိဘလက်ငုတ်လုပ်ငန်း ခြင်း၊ တောင်း၊ ပလုံး ရက်လုပ်၍ ရောင်းချခြင်း အလုပ်များ လုပ်ကိုင်ခဲ့သည်။

ထို့ပြင် အရွယ်ရောက်စ မြေးယောက်ျားလေးနှစ်ယောက်နှင့် နေထိုင်ရင်း ယခုအခါ အသက်အရွယ် ရလာပြီဖြစ်၍ ယောဂီဝတ် ဝတ်ကာ သမထ၊ ဝိပဿနာ ဘာသာရေး အလုပ်များကို အလေးထား လုပ်ဆောင်လျက်ရှိသည်။

တစ်ခါက ဓားဘကွန်း (သို့မဟုတ်) ထောင်ပြန်ဘကွန်းသည် ယခု ယောဂီဝတ်ဖြင့် တရားအားထုတ်နေသော သူတော်စင် ယောဂီဘကြီးဘိုးကွန်းအဖြစ် ဘဝပြောင်းခဲ့ပြီ။ ယောဂီကြီးဦးဘကွန်းက ကြက်ခြေခတ်သင်္ကေတ၏ ဂုဏ်သတ္တိကို သုံးပန်လှသိုက် တူးခဲ့စဉ်က သူ၏ ကိုယ်တွေ့အခြေအနေနှင့် ထင်ဟပ် ပြောပြသည်မှာ...

ထိုညနေ ဘိုးတော်ဗျိုင်း စီးလာသော မြင်းလှည်းအမိုး တာလပတ်ဖျင်အစိမ်းပေါ်၌ သင်္ဘောဆေးအဖြူရောင်ဖြင့် အလှရေးဆွဲထားသော လေးထောင့်ကွက်ကလေး အားလုံးတွင် ကြက်ခြေလက္ခဏာများ အပြည့်ထောင့်ဖြတ်ဆွဲထားသည်က တစ်ကြောင်း...

ခပေါင်းပင်ညီနောင်ရှိ သိုက်ဦးထိပ်မှ ခပေါင်းပင်ကြီးတွင် လောလောလတ်လတ် တွေ့ရသော ဓားထစ်ရာ ကြက်ခြေခတ်ကြီးများသည် လည်းကောင်း...

မိမိတို့ သိုက်ဆရာနှင့် တစ်ဖွဲ့လုံး ဒုက္ခရောက်စေသော သင်္ကေတများ၊ နိမိတ်လက္ခဏာများ ဖြစ်သည်ဟု ယုံကြည်မိကြောင်းပင် ဖြစ်လေသည်။

သုံးပန်လှမင်းသမီးသည် သာယာဝတီနန်းတွင်းရေးများ ရှုပ်ထွေးနေစဉ် အမိတ္တောဒနအမတ်နှင့် ဖြူရာတစ်ထောင် ငမဲခေါင်တို့ ပုန်ကန်မည့်အရေး



www.burmeseclassic.com

www.burmeseclassic.com



ရတက်မအေး ဖြစ်မိသဖြင့် မိမိတို့ မောင်နှမ တိုင်ပင်၍ သိမ်းဆည်း စုဆောင်းထားသော ဘုရားတည်လျှင် ထည့်သွင်းလှူဒါန်းကြမည့် နန်းတည် နန်းဆက် ပတ္တမြားကြီးနှင့် ကျောက်သံ ပတ္တမြားရွှေငွေများကို လျှို့ဝှက်စွာ မြေမြှုပ်သိုဝှက်ခဲ့သည်။

ရိုးမတောင်ခြေတစ်နေရာတွင် မြေကျင်းတူး၍ ရတနာများကို ထည့်ပြီး ကျောက်ပြားဖုံး၊ ဖန်ပုလင်းကွဲ၊ ဖန်စ မှန်စများထည့်၊ အပေါ်မှ အိုးခြမ်းကွဲ တစ်ထပ်အုပ်၊ အပေါ်ဆုံးလွှာတွင် ဂဝံ မြေနှင့် ကျောက်စရစ်များထည့်၍ ဆင် နှင့်နင်းသိပ် မြေဖို့ခဲ့သည်။

ပြီးလျှင် အနီးရှိ ကျောက်တုံးကြီး များကို မြေကျင်းပေါ်တင်၍ လူသူ မရိပ်မိအောင် ဖန်တီးထားခဲ့သည်။ နှစ်များကြာညောင်း၍ သာယာဝတီ မင်းဆက်များ ပျက်သုဉ်းသည့်နောက် တောကြီး တောင်ကြီး သစ်ပင်ကြီးများ ပေါက်ရောက် ပိတ်ဖုံးကာ ရတနာ သိုက်လည်း လုံးဝ ဖာတ်မြုပ်ခဲ့တော့ သည်။

ဤသို့ဖြင့် နှစ်ပေါင်းရာချီ ခေတ် ပြောင်းမှုတွေ အလီလီကြားဝယ် ရှေး ဟောင်း သာယာဝတီမြို့နန်းကြီးသည် လည်းကောင်း၊ သုံးပန်လှမင်းသမီး၏ ရတနာသိုက်သည်လည်းကောင်း ရာစု နှစ်များကြား တိမ်မြုပ်ပျောက်ကွယ် နေခဲ့ရာမှ လွတ်လပ်ရေးရပြီးနောက် နှစ်များမကြာမီ သုံးပန်လှသိုက် တစ်စခန်းထခဲ့ခြင်းဖြစ်သည်။

ယောဂီကြီးဦးဘကွန်းက ဆက်ပြော သည်မှာ ရှေးခေတ် မင်းမိဖုရား မင်းမှု ထမ်းနှင့် သူဌေးသူကြွယ်များသည် ထိုကဲ့သို့ ရတနာဥစ္စာပစ္စည်းများ မြှုပ် ထားပြီးလျှင် ကျိန်စာအမျိုးမျိုးထား လေ့ရှိကြောင်း၊ အသက်သွေးများဖြင့် စတေး၍ မမြင်အပ်သည့် ပုဂ္ဂိုလ်များ အား မကျွတ်မလွတ်စေဘဲ အစောင့် ထားလေ့ရှိကြောင်း...

တချို့ ကိုယ်တိုင်စွဲ၍ ဥစ္စာစောင့်များ ဖြစ်နေရကြောင်း၊ မိမိနှင့်တကွ သိုက် ဆရာ ဘိုးတော်ဇျိုင်းအဖွဲ့သည်လည်း သုံးပန်လှကျိန်စာ သင့်ခဲ့ကြခြင်းဖြစ် သည်ဟူ၍ပင်။

ထို့ပြင် ဓားထစ်ကြက်ခြေခတ်သော သစ်ပင်သည် ခပေါင်းပင် ဖြစ်နေသော ကြောင့် ကြက်ခြေခတ်သင်္ကေတ၏ အစွမ်းက ပို၍ ထက်သည်ဟု ပြောခဲ့ သည်။ မြန်မာမှု ရှေးဟောင်းဓလေ့ ယုံကြည်မှုများတွင် ထနောင်းပင်နှင့် ခပေါင်းပင်တို့တွင် တိုင်တည်သက်သေ ထား၍ ဓားထစ်ကာ သစ္စာပြုခြင်း၊ ကျိန်စာဆိုခြင်းတို့သည် ထိရောက်မှု ရှိကြောင်းကို ယောဂီဘိုးဘကွန်းက ထောက်ခံပြောပြခဲ့သည်။

ကုန်းဘောင်မင်းဆက် သာယာဝတီ မင်း၏ အနောက်နန်းမိဖုရား မမြ ကလေး၏ နိဗ္ဗိန္ဒတေးထပ်၏ နောက် ဆုံးပိုဒ်တွင်...

'ထနောင်းနဲ့ခပေါင်းပင် ဓားထစ်ဖို့ရှိဝ်၊ နိဗ္ဗိန္ဒကမ္မဋ္ဌာန်းဆည်မှာ... စခန်းဝင် နီးအောင် ပလေး...'

ဟု ထနောင်းပင်၊ ခပေါင်းပင်များ တွင် သစ္စာပြု၊ ကျိန်စာဆို ဓားထစ်လေ့ ရှိကြောင်း သင်္ကေတတင်၍ ပြောလိုက် သေးသည်။ ယောဂီကြီးဦးဘကွန်းကား ကြက်ခြေခတ်သင်္ကေတနှင့် ပတ်သက် ၍ နိမိတ်မကောင်းခြင်းကို အသည်းစွဲ အောင် မှတ်ထားခဲ့သူပါပေ။

မည်သို့ဆိုစေကာမူ ကြက်ခြေခတ် သင်္ကေတ၏ နိမိတ်မကောင်းခြင်း၊ ကျရှုံးမှုကို ဦးတည်ခြင်း၊ အပျက် သဘောပြသခြင်း၊ ငြင်းဆိုခြင်း၊ တားဆီးကန့်ကွက်ခြင်းနှင့် မှားယွင်းခြင်း ပြသဘောတို့သည် ယင်းသင်္ကေတ၏ ထူးခြားသော အနှစ်သာရဟု မှတ်ယူ ဖွယ်ရှိပါသည်။

နောင်လာနောက်သားများ အသုံး မကျသည့် ကြက်ခြေခတ်ခံ ဘဝမျိုးများ မရောက်စေလိုသောဆန္ဒ၊ လောကီ လောကုတ္တရာ အဖြာဖြာ၌ ဘုရားကိုယ် တော်တိုင် ကြက်ခြေခတ်ထားခဲ့သည့် အ,လောဘ၊ အ,ဒေါသ၊ အ,မောဟ တရားများကို ရှောင်ကြဉ်နိုင်၍ သတိ, သမာဓိ, ဝီရိယ, ပညာတို့ အားဖြင့် အရှင်းခံလျက် လောကကောင်းကျိုး,



www.burmeseclassic.com

www.burmeseclassic.com



သံသရာကောင်းကျိုးတို့ကို သယ်ပိုးစေလိုသော ဆန္ဒများဖြင့် ကြက်ခြေခတ်ကို ကျော်လွှားနိုင်ကြပါစေရန် အကြံပြုအပ်ပါသည်။

ကြက်ခြေခတ်သင်္ကေတ၏ ဆုံးမမှုဖြင့် ထောင်ပြန်လူမိုက်ဘဝမှ ဗုဒ္ဓ၏ အေးချမ်းသော တရားတော်ရိပ် ရောက်နေသော ယောဂီကြီး ဦးဘကွန်း အား ဤဘဝမှာပင် တရားထူးများ ရပါစေကြောင်းဆုတောင်းနေမိပါသည်၊

လောကဥ္စ သူ မပေးသော သက်ရှိ လူသားအချင်းချင်း၏ ဥစ္စာကို မဆိုထားနှင့်၊ ပရလောကသား ဥစ္စာစောင့်များ၏ ပစ္စည်းများကိုပင် မတရား အနိုင်ကျင့်၍ မယူထိုက်ကြောင်း သင်ခန်းစာရမိပါသည်။

ကြက်ခြေခတ်သင်္ကေတကို ထင်ရှားစွာတွေ့မြင်ပါလျက် မထီမဲ့မြင်ပြု၍ လောဘနောက်လိုက်ခဲ့သော ဘိုးတော်ဗျိုင်း(ဝါ)သိုက်ဆရာနှင့် အဖွဲ့သားများ ကဲ့သို့ အဖြစ်ဆိုးများ မကြုံကြစေလိုသောကြောင့်လည်း သုံးပန်လှသိုက်ဦးမှ ထူးဆန်းသည့် ဓားထစ်ရာ ကြက်ခြေခတ်သင်္ကေတကြီးများ အကြောင်းဖြင့် ထပ်လောင်း သတိပေးရပါသည်။

ပုထုဇဉ်တို့သဘာဝ မတော်လောဘကြောင့် ဘဝပျက်ခဲ့ရသော သိုက်ဆရာ ဆရာဗျိုင်းနှင့် သိုက်တူးသမားများ၏ အဖြစ်အပျက်များကို သင်ခန်းစာယူ၍ မလုပ်သင့်၊ မလုပ်အပ်၊ မကြံစည်အပ်သည်များကို အသိတရားဖြင့် ရှောင်ရှားကြရန် နှိုးဆော် အကြံပြုလိုပါသည်။

အကယ်၍ သုံးပန်လှမင်းသမီးနှင့် အန္တယ်တော်များသည် မကျွတ်မလွတ်နိုင်သေးဘဲ ဤရတနာသိုက်တွင် ဝိညာဉ်များစွဲ၍ စောင့်လျက်ရှိကြဆဲဖြစ်ပါကလည်း ရှေးကုသိုလ် အထောက်အပံ့များကြောင့် မြင့်မြတ်ရာ ဘုံဌာနအသီးသီးသို့ အမြန်ဆုံးရောက်ရှိ ကျွတ်လွတ်နိုင်ကြပါစေကြောင်းနှင့် သံသရာတစ်ကွေ့တွင် လူ့အဖြစ် ရရှိ၍ ညီအစ်ကိုမောင်နှမ ဆွေတော်မျိုးတော်အပေါင်း ပြန်လည်ဆုံစည်းနိုင်ကြပါစေ၊

**သုံးပန်လှ**
**မင်းသမီး**
**နှင့်**
**အန္တယ်တော်**
**များ**
**မကျွတ်မလွတ်**
**နိုင်သေးဘဲ**
**ဤ**
**ရတနာသိုက်**
**တွင်...**

ရှေးဆုတောင်းအတိုင်း ဤဘဒ္ဒကမ္ဘာမှာပင် ဘုရားစေတီ စုပေါင်းတည်၍ ဘုရားဒါယကာ၊ ဒါယိကာမများဖြစ်ကြပြီးလျှင် ထိုကောင်းမှုကုသိုလ်ကံ၏ အထောက်အပံ့ဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကို လျင်စွာရကြပါစေဟု ဆုမွန်ခြွေရင်းဖြင့် **"သုံးပန်လှသိုက်နန်းဦးမှ ထူးဆန်းသည့် သင်္ကေတအမှတ်အသားများ"**စာစုကို ဤတွင် နိဂုံးပြုအပ်ပါသတည်း။

**အောင်ချစ်ကြည်**
**(ကြို့ပင်ကောက်)**

မှီငြမ်း

❖ အမျိုးသား ဦးလှဒင် – သာယာဝတီ သမိုင်း၊

❖ ဦးမြင့်ဝေ(ကြို့ပင်ကောက်) – ရှေးဟောင်းသာယာဝတီသမိုင်း၊



www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်ထဲက မောင်နှမ

ခင်ဩစ္စာ
(ဆက်သွယ်ရေး)


ရန်ကုန်–ဟသာ်တ ကားလမ်း နံဘေးရှိ သမိုင်းဝင် ပြည်လုံးချမ်းသာ စေတီမြတ်ကြီးသည် ဓနုဖြူမြို့၏ ကျက်သရေဆောင် စေတီတစ်ဆူဖြစ်သည်။ ၎င်းစေတီပရိဝုဏ်အတွင်း မြန်မာနိုင်ငံအောက်ပိုင်း၏ အကြီးဆုံး ပိဋကတ်သုံးပုံ ကျောက်စာတိုက်ကြီး ရှိသည်။

ပြည်လုံးချမ်းသာ စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဝင်တစ်ဦးဖြစ်သော ဦးသီလမှာ ဘာသာခြားမှ ကူးပြောင်းလာသူ ဖြစ်သည်။ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်စွာဖြင့် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်နေသူ ဖြစ်သည်။

ပြည်လုံးချမ်းသာ စေတီတော်မြတ်ကြီးဝန်းအတွင်း **ကိုးတောင်ပြည့် စေတီငယ်တစ်ဆူ** ရှိသည်။ ယင်းစေတီအနီးတွင် **အလွန်ကြီးမားသော ညောင်ပင်ကြီးတစ်ပင်လည်း** ရှိသည်။

ဦးသီလသည် ပြည်လုံးချမ်းသာ စေတီတော်မြတ်ကြီးတွင် ဘုရားဝတ်ပြုခြင်း၊ ပုတီးစိပ်ခြင်း၊ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ မေတ္တာဘာဝနာ ပွားများခြင်း စသော အလုပ်များကို နေ့စဉ် ဝတ်မပျက် ဆောင်ရွက်လျက်ရှိသည်။

ဘုရားဝန်းအတွင်း သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ တံမြက်စည်း လှည်းခြင်း၊ သစ်ရွက်ခြောက်များကို မီးရှို့ခြင်းစသော သန့်ရှင်းရေး လုပ်ငန်းများကိုလည်း အခါအားလျော်စွာ လုပ်ကိုင်ခဲ့သည်။



ကိုးတောင်ပြည့်စေတီတော်

တစ်နေ့တွင် ဘုရားဝတ်ပြုပြီးသော ဦးသီလသည် မေတ္တာသုတ်ကို ရွတ်ဖတ်လျက် ကိုးတောင်ပြည့်စေတီတော်ဘက်သို့ လမ်းလျှောက်လာစဉ် မိမိရှေ့၌ အညိုရောင်ဝတ်စုံ ဆင်မြန်းထားသော ပုဂ္ဂိုလ်တစ်ဦးကို မြင်တွေ့လိုက်ရသည်။

ဦးသီလလည်း မိမိ၏ အသိမိတ်ဆွေများဖြစ်နေမလား ဟူသော အတွေးဖြင့် နှုတ်ဆက်ရန် နောက်မှ လိုက်သွားစဉ် ထိုပုဂ္ဂိုလ်မှာ ညောင်ပင်ကြီးအနီး၌ ပျောက်ကွယ်သွားခဲ့သည်။

ဦးသီလမှာ မယုံနိုင်စွာဖြင့် ဘုရားဝန်းတစ်ခုလုံး လှည့်ပတ် ရှာဖွေသော်လည်း အစအနပင် မတွေ့ရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



◆ အမှိုက်များပုံထားခဲ့သည့် နေရာ



ကိုးတောင်ပြည့်စေတီအနီးမှ ညောင်ပင်ကြီး ▶

တစ်ပတ်ခန့်ကြာပြီးနောက် ညတစ်ညတွင် ဦးသီလသည် ကိုးတောင်ပြည့်စေတီတွင် ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များ ကပ်လှူ၍ မြင်အပ်,မမြင်အပ်သော ပုဂ္ဂိုလ်များကို မေတ္တာပို့ အမျှဝေပြီးသောအချိန်တွင် ထူးခြားသော စံကားဝါပန်းနံ့များကို ရရှိခဲ့သည်။

ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေသော နွေဦးရာသီတွင် သစ်ရွက်ခြောက်များက မြေခကြွေကျသဖြင့် ဘုရားဝန်းအတွင်း အမှိုက်များကို နေ့စဉ်လှည်းကျင်းနေရသည်။ ယင်းအမှိုက်များကို မီးရှို့မပစ်မီ ကိုးတောင်ပြည့်စေတီအနီးရှိ ညောင်ပင်အောက် မြေကွက်လပ်တွင် ခေတ္တပုံထားခဲ့သည်။

စီးပွားရေးကိစ္စများဖြင့် အလုပ်များနေသော ဦးသီလသည် ထိုအမှိုက်ပုံကို လှည့်မကြည့်အားအောင် ဖြစ်နေခဲ့သည်။ တစ်ညတွင် ဦးသီလ၏ အိပ်မက်ထဲသို့ အသက်(၅၀)ဝန်းကျင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ရောက်လာသည်။

အမျိုးသားမှာ ဆံထုံး,ထုံးထားသည်။ အမျိုးသမီးက အကျီအဖြူလက်ရှည်၊ ယောဂီရောင် လုံချည်နှင့် ဖြစ်သည်။ တစ်ပတ်လျှိုဆံထုံး ထုံးထားသော သူမ၏ ကေသာထက်တွင် စံကားဝါပန်းများ ဆင်မြန်းထားသည်။ သူမ၏ စံကားဝါပန်းရနံ့က ထူးခြားစွာ မွှေးကြိုင်နေသည်။

အမျိုးသားဖြစ်သူက ဦးသီလအား စတင် စကားဆိုသည်။

'မိတ်ဆွေကြီးကို အကူအညီတောင်းစရာရှိလို့ လာခဲ့တာပါ။ ကျုပ်တို့မောင်နှမက ကိုးတောင်ပြည့်စေတီအနီး ညောင်ပင်ကြီးအောက်က ဂူထဲမှာနေပါတယ်။

မိတ်ဆွေကြီးရဲ့ ကုသိုလ်ကံအားထုတ်မှု စရဏကိုလဲ ကျုပ်တို့ သိပါတယ်။ မိတ်ဆွေကြီး ပို့သတဲ့ မေတ္တာတွေကိုလဲ ကျုပ်တို့ ရရှိပါတယ်။

အခုခက်နေတာက ကျုပ်တို့မောင်နှမရဲ့ ဂူပေါက်ဝမှာ မိတ်ဆွေကြီးက အမှိုက်တွေ လာပုံထားတော့ ကျုပ်တို့မောင်နှမ ဂူထဲက ထွက်လို့ မရဘူးဖြစ်နေတယ်။

ကိုးတောင်ပြည့်စေတီမှာ ကျုပ်တို့ မောင်နှမ ဝတ်မပျက် ဆောင်ရွက်နေတဲ့ အလုပ်တွေကို လုပ်မရဖြစ်နေလို့ပါ။ ကျေးဇူးပြုပြီး မိတ်ဆွေကြီးအနေနဲ့ အဲဒီအမှိုက်ပုံကို ဖယ်ရှားပေးဖို့ မေတ္တာရပ်ခံပါတယ်'

ဟု ပြောပြီး မောင်နှမနှစ်ယောက်လုံး ပျောက်ကွယ်သွားခဲ့သည်။

ဦးသီလ အိပ်မက်က လန့်နိုးတော့ အိပ်ခန်းတစ်ခန်းလုံး စံကားဝါပန်းနံ့တွေ ကြိုင်လှိုင်နေသည်။ နာရီကို ကြည့်လိုက်တော့ နံနက်လေးနာရီ တိတိ။

ဦးသီလလည်း ကိုယ်လက်သန့်စင်ပြီး ကိုးတောင်ပြည့်စေတီသို့ သွားရောက်ကာ ဘုရားဝတ်ပြုပြီး ညောင်ပင်အောက်ရှိ အမှိုက်ပုံကြီးကို ရှင်းလင်းခဲ့သည်။

အိပ်မက်ထဲတွင် တွေ့မြင်ခဲ့ရသော မောင်နှမနှစ်ဦးတို့အား ရည်စူး၍ မေတ္တာပို့ကာ မိမိပြုသမျှ ကုသိုလ်ကောင်းမှု၏အဖို့ဘာဂကို အမျှပေးဝေခဲ့ပါသည်။

**ခင်သစ္စာ (ဆက်သွယ်ပေး)**



F.34B. October, 2016.

www.burmeseclassic.com

www.burmeseclassic.com

# ကျောက်မျက်ရတနာများမှာ
## ဆွဲအားရှိသည်



စလင်း ဦးကျော်

တစ်နေ့သော နံနက်ပိုင်း(၇)နာရီခန့်တွင် ကိုမေတ္တာသည် ရွာမှ စက်ဘီးစီးကာ ထွက်လာခဲ့သည်။ ရွာ၏အရှေ့ဘက်ရှိ တောင်မှမြောက်သို့ စီးဆင်းသော ဆည်မြောင်းပေါင်အတိုင်း မြောက်ဘက်သို့ ဦးတည်ကာ ထွက်လာခဲ့ခြင်းဖြစ်သည်။

သူ၏ရွာမှာ ရွှေပင်ပုရွာဖြစ်ပြီး သူသွားမည့်ရွာမှာ ထန်းတောရွာကလေးဖြစ်သည်။ ထန်းတောရွာမှ ကိုပေါက်ကျော်ထံ သွားခြင်းဖြစ်သည်။

ကိုမေတ္တာနှင့် ကိုပေါက်ကျော်တို့သည် ညီနှင့်အစ်ကိုလို ရင်းနှီးခင်မင်ကြသည်။ ထန်းတောရွာဟု အမည်မှည့်ခေါ်ထားသော်လည်း အခုလက်ရှိအခြေအနေမှာ ထန်းပင်များ အနည်းငယ်သာရှိသည်။

ရွှေပင်ပုနှင့် ထန်းတောရွာကလေးသည် (၂)မိုင်ခန့် ဝေးကွာသည်။ ထန်းတောရွာကလေးသည် ဆည်မြောင်းမကြီး၏ အရှေ့ဘက် တောင်ဘေးတွင် ကပ်လျက်ရှိသည်။

ရွာမှာ အရှေ့နှင့်အနောက် သွယ်တန်းလျက်ရှိပြီး လူနေအိမ်ခြေ(၇၀)ဝန်းကျင်သာရှိသည်။ ရွာ၏ ပတ်ပတ်လည်တွင် မြန်မာတို့၏ အဓိကထွက်ကုန်များဖြစ်သည့် ဆန်စပါးများ စိုက်ပျိုးသော လယ်ကွင်းများ ရှိသည်။

စပါးကို အဓိကထားကာ စိုက်ပျိုးကြသည်။ ကိုမေတ္တာ ထန်းတောရွာကလေးသို့ရောက်လျှင် ကိုပေါက်ကျော်ကို တွေ့သည်။ စကား အေးဆေးစွာပြောကြရန် ရွာ၏ အနောက်ဘက်သို့ ထွက်လာကြသည်။

ရွာ၏ အနောက်သို့ရောက်လျှင် ဆည်မြောင်းမကြီးကို ဖြတ်ကူးထားသော ပေါင်းတံတားပေါ်မှ ဆည်မြောင်းကြီး၏ အနောက်ဘက်သို့ လာခဲ့ကြသည်။

ဆည်မြောင်းမကြီး၏ အနောက်ဘက်ပေါင်အနီးတွင် အရိပ်အာဝါသကောင်းသော ကုက္ကိုပင်ကြီးရှိသည်။ ကုက္ကိုပင်ကြီး၏ အောက်တွင် ခါးလောက်မြင့်သော ကွပ်ပျစ်ကြီးရှိသည်။

ပူအိုက်သော နွေရာသီတွင် ထိုကွပ်ပျစ်ကြီး၌ ရွာသူရွာသားများ လေညင်းခံကြသည်။ အပူဒဏ်ကို သက်သာစေပါသည်။

ကိုမေတ္တာနှင့် ကိုပေါက်ကျော်တို့သည် ထိုကွပ်ပျစ်ကြီးဆီသို့ ရောက်သွားကြသည်။ ကွပ်ပျစ်ပေါ်တွင် ရွာထဲမှ ဦးမြဟန်ကို တွေ့ကြသည်။ ကိုမေတ္တာနှင့် ဦးမြဟန်သည် ရင်းနှီးသော မိတ်ဆွေများဖြစ်ကြသည်။

ဦးမြဟန်သည် ဂမ္ဘီရပညာများကို ဝါသနာပါသူဖြစ်သည်။ စိတ်တည်ငြိမ်စေသော သမထအလုပ်ကို ပြုလုပ်သည်။ သိဒ္ဓိလိုင်းများကို စိတ်ဝင်စားသည်။

တစ်ခါက ဦးမြဟန်နှင့် ကျောင်းကုန်းကြီးရွာမှ ဦးရွှေတုံးတို့ နှစ်ယောက် **မှိုင်းဖြူမြို့နယ် အတွင်းရှိ လွှမ်းတောင်ပေါ်မှ လွှမ်းစေတီဘုရားသို့** သွားရောက်ခဲ့ကြသည်။ လွှမ်းတောင်အနီးရှိ ဇရပ်ကြီးပေါ်တွင် နှစ်ယောက်သား ရသေ့ဝတ်ခဲ့ကြသည်။

ဇရပ်ကြီးပေါ်တွင် တစ်လတိတိ ဝစီပိတ်ကျင့်ကာ နေခဲ့ကြသည်။ ထိုအချိန်က ကျောင်းကုန်းကြီးရွာက ဦးရွှေတုံးသည် မဂ်လာဆောင်ပြီးသည့် နေ့မှာပင် ဇနီးအသစ်စက်စက်ကလေး (ဒေါ်သီ)ကို ထားခဲ့ကာ ဦးမြဟန်နှင့်အတူ ရသေ့ဝတ်ခြင်းဖြစ်သည်။ အံ့လောက်စရာပင်။

ဦးမြဟန်သည် ကျောင်းကုန်းကြီးရွာ၏ အနောက်တွင်ရှိသော မယ်ဆရာရသေ့မကြီးထံ ချဉ်းကပ်သည်။ မယ်ဆရာထံမှ နိဿရည်းများ ခံယူသည်။

ရွာမှ ဆွေမျိုးတစ်စု တပည့်ခံကြသည်။ ဤသည်မှာ ဦးမြဟန်၏ ဂမ္ဘီရပညာများနှင့် ဝါသနာပါခြင်းကို အနည်းငယ် တင်ပြခြင်း ဖြစ်ပါသည်။

ကိုမေတ္တာနှင့် ဦးမြဟန်တို့ တွေ့ဆုံ



www.burmeseclassic.com

www.burmeseclassic.com

ကြလျှင် နှစ်ဦးသား အပြုံးနှင့် နှုတ်ဆက်လိုက်ကြသည်။

'ဦးမြဟန်ရေ... တွေ့တုန်း ဆုံတုန်း ဂမ္ဘီရအကြောင်းအရာလေးနဲ့ ပတ်သက်လို့ ပြောပြပါဦး၊ အသက်ကြီးတော့ တစ်နည်းသာ ဆိုသလို ဘဝအတွေ့အကြုံများတဲ့ ဦးမြဟန်ဆီက ဗဟုသုတ ယူပါရစေ'

ဦးမြဟန်သည် ပြုံးလျက်...

'ကျောက်မျက်ရတနာတွေမှာ ဆွဲအားရှိတာ ခင်ဗျား ကြားဖူးလား'

'ကျွန်တော်တော့ မကြားဖူးပါဘူး ဦးမြဟန်'

'ကျုပ် မှတ်သားဖူးတာနဲ့ လက်တွေ့ကြုံရတဲ့ ပုဂ္ဂိုလ်တစ်ဦးရဲ့ ပြောပြချက်ကို ပြန်ပြောပြပါ့မယ်'

'ဟုတ်ကဲ့ ကြားပါရစေ'

'လွန်ခဲ့တဲ့ နှစ်(၄၀)လောက်က **"ရတနာဒီပ"** လို့ခေါ်တဲ့ စာအုပ်ကလေးတစ်အုပ်ကို ဖတ်ဖူးတယ်။ စာအုပ်ကလေးက ပါးပါးလေးပါ။

အဲဒီစာအုပ်ကလေးထဲမှာ ဖတ်ရတာက ရွာတစ်ရွာမှာ မောင်ပန်းစုံလို့ခေါ်တဲ့ လူငယ်တစ်ယောက်ရှိတယ်။ သူ့မှာ အရွယ်(ဗလ)ကြီးကြီး ကျောက်နီကြီးတစ်လုံးရှိတယ်။

လူငယ်ဆိုတော့ လှချင်ပချင်တဲ့ အရွယ်ကိုး။ ဒါကြောင့် သူ့ရဲ့ကျောက်နီကျောက်ကြီးကို ရွှေနဲ့ ကွင်းပြီး လက်စွပ်လုပ်တယ်။ နောက်ပြီး အဲဒီကျောက်နီလက်စွပ်ကြီးကို လက်မှာ ဝတ်ထားတယ်။

ကျောက်နီကြီးက အရွယ်ကြီးတော့ လက်စွပ်ကလဲ အကြီးကြီး လုပ်ထားရတာပေါ့။ သူတို့ရွာထဲက လူတွေက မောင်ပန်းစုံရဲ့ ကျောက်နီကြီးကို ချက်ကျောက်ထင်နေကြတာ မြင်တဲ့ သူတိုင်းကပဲ ဆိုပါတော့။



ရွာထဲက လူတွေကလဲ ကျောက်ကလေးများ ဝယ်ယူ စုဆောင်းတာကို ဝါသနာပါကြတယ်။ ပတ္တမြား၊ နီလာ၊ ဥဿဖရား၊ စိန်၊ ကြောင်၊ မြ စသည်ဖြင့် လက်လှမ်းမီသရွေ့ မိမိတို့ နိုင်သရွေ့ စုဆောင်းကြတာပေါ့။

ရွာထဲက လူတွေက သူတို့ကျောက်တွေကသာ ထွင်းထွက်ကျောက်စစ်တာ။ မောင်ပန်းစုံရဲ့ ကျောက်နီလက်စွပ်ကြီးက အတုပဲလို့ တမ်းတမ်းစွဲ မှတ်သားထားကြတယ်၊

တစ်နေ့မှာ မောင်ပန်းစုံတို့ရွာကို "ကုလားကြီး" တစ်ယောက် ရောက်လာတယ်၊ လွယ်အိတ်ကြီးကိုလဲ လွယ်ထားတယ်၊ အဲဒီကုလားကြီးဟာ ရွာထဲ ဝင်မိရင်ပဲ...

"ရတနာကျောက်မျိုးစုံ ဝယ်ယူလိုပါတယ် ခင်ဗျ ကျောက်များ ဝယ်ပါတယ် ခင်ဗျ"

အဲသလို ရွာလယ်လမ်းအတိုင်း လမ်းလျှောက်ရင်း ပတ်အော်နေတယ်တဲ့။

အဲဒီအချိန်မှာ လူအချို့က ကျောက်နီကြီးကြီးကိုမှ ဝယ်ချင်ရင် မောင်ပန်းစုံဆီသွားလို့ ခပ်တည်တည် ပြောကြတယ်။

အမှန်က မောင်ပန်းစုံရဲ့ ကျောက်နီကြီးဟာ ချက်ကျောက်ဆိုပြီး နောက်ပြောင်ပြောကြတာ။

ဒါပေမယ့် ကုလားကြီးက တစ်အိမ်ပြီး တစ်အိမ် မေးပြီး မောင်ပန်းစုံအိမ်ကို အပြခိုင်းသတဲ့။ နောက်ဆုံး မောင်ပန်းစုံရဲ့ အိမ်ကို ရောက်သွားတယ်။

"မောင်ပန်းစုံ ရှိပါသလားခင်ဗျ"

"ဟုတ်ကဲ့ ရှိပါတယ်။ မောင်ပန်းစုံဆိုတာ ကျွန်တော်ပါပဲ။ ဘာကိစ္စရှိလို့ပါလဲ ဆရာကြီး"

"တခြားတော့ မဟုတ်ပါဘူး၊ မောင်ပန်းစုံမှာ ကျောက်နီကျောက်ကြီး ရှိတယ်လို့ သိရပါတယ်။ အဲဒီ ကျောက်နီကြီးကို ရောင်းမယ်ဆိုရင် ဝယ်ချင်လို့ပါ"

"ကျွန်တော့်မှာ ကျောက်နီကြီး ရှိပါတယ်။ ကြိုက်ဈေးရရင် ရောင်းမှာပါ"

"ဟုတ်ကဲ့ ကျောက်ကို ကြည့်ပါရစေ"

မောင်ပန်းစုံဟာ သူ့လက်မှာ ရွှေနဲ့ ကွင်းလုပ်ထားတဲ့ ကျောက်နီလက်စွပ်ကြီးကို ချွတ်ပြတယ်။ ကုလားကြီးဟာ လက်စွပ်မှာ ကျောက်နီကြီးကို အသေအချာ ကြည့်ပြီး ဝယ်မည်ဖြစ်ကြောင်း ပြောပြတယ်။

ကုလားကြီးနဲ့ မောင်ပန်းစုံတို့ဟာ ကျောက်နီကြီးကို ရောင်းဝယ်ရန် အပြန်အလှန် ဈေးညှိကြတယ်။ နောက်ဆုံးမှာ ကျောက်မျက်ရတနာဝယ်တဲ့ ကုလားကြီးဟာ မောင်ပန်းစုံ လိုချင်တဲ့ ငွေကြေးပေးပြီး ဝယ်ယူလိုက်တယ်။

မောင်ပန်းစုံရဲ့ ကျောက်နီကြီးကို ချက်ကျောက်ထင်ပြီး ပြက်ရယ်ပြုကြတဲ့ ရွာသူရွာသားတွေ အံ့သြနေကြတယ်။ သူတို့ ယူဆချက်တွေ မှားယွင်းကြောင်း သိလာတယ်။

ကျောက်ဝယ်တဲ့ ကုလားကြီးဟာ မောင်ပန်းစုံထံမှ ကျောက်နီကြီး သူ့လက်ထဲရောက်ရင်ပဲ လွယ်လာတဲ့ အိတ်ကြီးထဲမှ ဘူးတစ်ဘူးကို ထုတ်လိုက်တယ်။ နောက်ပြီး ဘူးကို အဖုံး

www.burmeseclassic.com

ဖွင့်လိုက်တယ်။

ဘူးထဲတွင် အရောင်မျိုးစုံ ရတနာကျောက်ကလေးတွေကို တွေ့မြင်ကြရတယ်။ ကုလားကြီးဟာ ဝယ်ယူထားတဲ့ ကျောက်နီကြီးကို လက်ထဲမှာကိုင်ရင်း...

"ဒီကျောက်မျိုး ရှာနေတာ ကြာပြီ... အခုရတော့တယ်၊ ဒီလို ကျောက်နီကြီးရှိရင် ဒီဘူးထဲက ကျောက်တွေ ဘာလိုသေးလဲ"

လို့ ဆိုကာ ဘူးထဲက ကျောက်တွေကို လက်နဲ့ဆုပ်ပြီး အဝေးကို လွှင့်ပစ်လိုက်တယ်။

ဘေးက ကြည့်နေတဲ့ ရွာသူရွာသားတွေလဲ ကုလားကြီးရဲ့ အပြုအမူကို နားမလည်နိုင်အောင် ဖြစ်နေကြတယ်။

ကုလားကြီးဟာ မောင်ပန်းစုံထံမှ ရတဲ့ ကျောက်နီကြီးကို ဘူးထဲကို ထည့်ပြီး အဖုံးကို လုပ်ထားလိုက်တယ်။

မောင်ပန်းစုံတို့နဲ့ စကားစမြည် ပြောနေတယ်။ အတန်ကြာတော့ စောစောက လွှင့်ပစ်လိုက်တဲ့ ရောင်စုံကျောက်ကလေးတွေဟာ ကျောက်နီကြီးဘေးမှာ ကပ်လျက် ရောက်နေတာကို ဘူးထဲမှာ မြင်တွေ့ကြရတယ်။

ဘေးမှ ကြည့်နေကြတဲ့ ရွာသူရွာသားတွေဟာ ရောင်စုံကျောက်တွေ ဘူးထဲ ပြန်ရောက်လာတာ မြင်တော့ စောစောက နားမလည်အောင် ဖြစ်နေတာတွေ နားလည်လာကြတယ်။ အံ့သြနေကြတယ်။

ကျောက်နီကြီးရဲ့ ဆွဲအားကြောင့်... တစ်နည်းအားဖြင့် ကျောက်နီကြီးရဲ့ စွမ်းအားကြောင့် ရောင်စုံကျောက်ကလေးတွေ ပြန်ရောက်လာတာကို သိကြတယ်လေ။

အဲဒီစာအုပ်ကလေးကို ဖတ်ကြည့်ပြီး မှတ်သားရလို့ ကျောက်မှာ ဆွဲအားရှိကြောင်း သိခဲ့ရတယ်'



ဦးမြဟန်သည် စကားပြောရင်း ခံတွင်းချဉ်လာပုံ ပေါ်သည်။ လက်မှ ဆေးပေါ့လိပ်တိုကို မီးခြစ်နှင့် မီးညှိသည်။ နောက်ပြီး ဆေးလိပ်ကို အားရပါးရ ပါးပိန်အောင် ဖွာလိုက်သည်။ မီးခိုးများ ထောင်းထလာသည်။

ကိုမေတ္တာမှ...

'အဲဒီလိုမှတ်သားရပြီး ကျောက်တွေမှာ ဆွဲအား တကယ်ရှိတယ်လို့ သုံးသပ်ပါသလား'

'ကျုပ်လဲ အဲဒီ ရတနာဒီပ စာအုပ်ကလေးကို ဖတ်ပြီး ကျောက်တွေမှာ ဆွဲအားရှိတယ်ဆိုတာ ယူဆရမှာ လိပ်ခဲတင်းလင်းဖြစ်နေတယ်၊ ဘာကြောင့်လဲဆိုတော့ စာတွေ့ ရှိသေးတာကိုး။

နောက်တော့ ကျောက်တွေမှာ ဆွဲအားရှိတာကို လက်တွေ့ကြုံရတဲ့ ပုဂ္ဂိုလ်က ပြောပြတော့မှ ကျုပ်လဲ ဟုတ်မှန်ကြောင်း ဆုံးဖြတ်လိုက်တယ်။ ယုံကြည်တော့တယ်ပေါ့ဗျာ'

ကျောက်တွေမှာ ဆွဲအားရှိတာကို လက်တွေ့ကြုံရတဲ့ ပုဂ္ဂိုလ်ရဲ့ပြောပြချက်ကို ပြန်ပြောပြပါမယ်

'ဟုတ်ကဲ့ ကြားပါရစေဗျာ'

'ကျုပ်တို့ရွာရဲ့ အရှေ့နားကရွာမှာ ကိုအောင်ပိုင်ဆိုတဲ့ လူတစ်ယောက် ရှိခဲ့တယ်။ ကျုပ်ထက် အသက်ကြီးပါတယ်။ သူ အရွယ်ကောင်းတုန်းက စစ်တပ်ထဲကို လိုက်ခဲ့တယ်။

သူ့မှာ တွင်းထွက် ကျောက်ဖြူ တစ်လုံး ရှိတယ်။ ကျောက်အမျိုးအစားတော့ မပြောတတ်ဘူး။ ကျောက်အရွယ်အစား(ဗလ)ကတော့ ကြီးတယ်။

**ကျောက်ကို အလင်းရောင်မှာ ထောင်ကြည့်လိုက်ရင် ဝက် သတ္တဝါန် သတ္တဝါကလေး နှစ်ကောင် မာန်ဖီတိုက်ခိုက်နေတာကို မြင်ရတယ်။**

အဲဒီကျောက်ဖြူကို လက်စွပ်ကွင်းပြီး လက်မှာ အမြဲဝတ်ထားတယ်။ စစ်တပ်ထဲလိုက်တော့ စစ်တိုက်ထွက်ရတာပေါ့။ ရန်သူနဲ့တွေ့လို့ တိုက်ပွဲတွေဖြစ်ရင် သေနတ်ပစ်သံတွေသာ ကြားရပြီး သူ့ဆီကို ကျည်ဆန်တွေ ရောက်မလာဘူးတဲ့။

သူ့ရဲ့ ဘယ်တောင်ပံ၊ ညာတောင်ပံမှာရှိတဲ့ လူနှစ်ယောက်ဆီထံကိုတောင် ကျည်ဆန် မရောက်ဘူးတဲ့။ ကျည်လွှဲ ပစ္စည်းလို့ ခေါ်ရမှာပေါ့ဗျာ။ တိုက်ပွဲများဖြစ်ရင် သူ့ဘေးတွေမှာ နေချင်တဲ့သူများသတဲ့။ အသက်အန္တရာယ်ဘေးက ကင်းဝေးတာကိုး။

နောက်ပိုင်းမှာ ကိုအောင်ပိုင် စစ်တပ်က ထွက်ပြီး အနားယူခဲ့တယ်။ စစ်ထဲတုန်းကလဲ ဗိုလ်ကြီးအဆင့်နဲ့ နေခဲ့ရတာနော်။ ရွာပြန် အနားယူတော့ တစ်နေ့မှာ ကျုပ်နဲ့ သူ ဆုံမိကြတယ်။ စကားလက်ဆုံ ကျကြတယ်။

အခုလို ရတနာကျောက်မျက်တွေအကြောင်း စကားရောက်သွားကြတယ်။ အဲဒီ ကျောက်ဖြူအကြောင်းကို အခုလို ပြောပြတယ်။

ကိုအောင်ပိုင်က...

"ကိုမြဟန်... ကျုပ်လက်မှာ ဝတ်ထားတဲ့လက်စွပ်က ကျောက်ကို ဘာကျောက်ခေါ်သလဲဗျ...ကြည့်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com

"အရောင်အသွေးက အဖြူရောင်ပဲဗျ ကြောင်ကျောက်များ ဖြစ်နေမလား"

"ကျောက်ကို အလင်းရောင်မှာ ထောင်ကြည့်စမ်းပါဦး"

ကျုပ် လက်စွပ်ကျောက်ကို အလင်းရောင်မှာ ထောင်ကြည့်လိုက်တယ်။ အခုနင်က ပြောသလို ဝက်ကွဲသို့ သတ္တဝါကလေးနှစ်ကောင် မာန်ဖီ တိုက်ခိုက်နေတာကို တွေ့ရတယ်။

"ဝက်ကလေးနှစ်ကောင် တိုက်ခိုက်နေတာနဲ့ တူသလားလို့"

"ဟုတ်တယ်... ဒီကျောက်က ကာယသိဒ္ဓိပြီးတယ်၊ စစ်တပ်ထဲက တာဝန်ထမ်းဆောင်စဉ်က တိုက်ပွဲတွေ ကြုံရတယ်၊ ဒါပေမယ့် ဟောဒီကျောက်ကလေ စွမ်းရည်သတ္တိကြောင့် ကျုပ်ဆီကို ကျည်ဆန်တွေ မလာဘူးဗျ"

"ဟင်...ဟုတ်လား"

"ဟုတ်တယ်...ဂမ္ဘီရပညာ ဝါသနာပါတာ တူကြတော့ ပြောရဦးမယ်။ ဟောဒီ... ကျုပ် ကျောက်ကလေးက ကာယသိဒ္ဓိစွမ်းရုံမကဘူးဗျ၊ ကျောက်ကလေးတွေ ရောက်လာအောင် ဆွဲနိုင်တဲ့ ဆွဲအားလဲ ရှိတယ်"

"ပြောပြစမ်းပါဦး"

"ဒီကျောက်ကလေးကို ဖန်ဘူးထဲမှာ ဝါဂွမ်းကလေးခံပြီး အဖုံးပိတ်ထားလေ့ရှိတယ်။ တရိုတသေ ထားတာပေါ့ဗျာ။ တစ်နေ့မှာ ဖန်ဘူးထဲ ကျောက်ကလေး ထည့်ထားပြီး အဖုံးနဲ့ မပိတ်ဖြစ်ဘူး။

နောက်တစ်နေ့ သတိရလို့ ကြည့်လိုက်တော့ ကျုပ်ကျောက်ကလေးရဲ့ ဘေးမှာ ကျောက်နီကလေးတစ်လုံး ရောက်နေတာကို တွေ့ရတယ်။

အဲဒီကျောက်ကလေးက တွင်းထွက်ပတ္တမြားကျောက်နီလေးဗျ။ အဲဒီလို ကျောက်ကလေးတွေ ရောက်လာတာ



ကျောက်(၅)လုံးအထိ ရဖူးတယ်"

လို့ ပြောပြတယ်'

'ဦးအောင်ပိုင် ကိုယ်တွေ့ကို ထောက်ရင် ဦးမြဟန်ပြောခဲ့တဲ့ ရတနာဒီပ စာအုပ်ကလေးထဲက မောင်ပန်းစုံရဲ့ ကျောက်နီလက်စွပ်(ပတ္တမြား)လဲ ဆွဲအားရှိတာ အမှန်ပေါ့နော်'

'မှန်တာပေါ့ဗျာ... ကိုအောင်ပိုင်က သူ့ကျောက်ဖြူကလေးရဲ့ ဆွဲအားရှိကြောင်း ပြောပြမှ ကျုပ် မှတ်သားခဲ့ရတဲ့ မောင်ပန်းစုံရဲ့ ကျောက်နီပတ္တမြားကြီး ဆွဲအားရှိကြောင်း လက်ခံယုံကြည်မိတော့တယ်။

'ကျွန်တော်လဲ ကျောက်များမှာ ဆွဲအားရှိကြောင်း လက်ခံယုံကြည်သွားပြီဗျို့'

'ကျောက်ဆွဲအားရှိတဲ့ အကြောင်းကိုတော့ ပြောပြီးပြီ။ ကျောက်ပြားကလေးအကြောင်း ဆက်ပြောပြရဦးမလား'

'ဦးမြဟန်ကလဲ ပြန်ပြီး မေးခွန်းထုတ်နေပြီ။ ဆက်သာပြောပါ ဗဟုသုတ ရတာပေါ့'

'ကိုအောင်ပိုင်ဟာ မသေခင် ကျန်းမာရေး ကောင်းနေချိန်မှာ အဲဒီကျောက်ဖြူကလေးကို သူ့ရဲ့ ဒုတိယခင်မင်ရသူ ဒေါ်ဖြူပြာကို ပေးအပ်ခဲ့တယ်။ ကျောက်ဖြူကလေးရဲ့ စွမ်းရည်ကိုလဲ ပြောမပြခဲ့လို့ ဒေါ်ဖြူပြာ မသိဘူး။

ကိုအောင်ပိုင် သေဆုံးခဲ့လို့ နှစ်အနည်းငယ်ကြာတဲ့အချိန်မှာ ဒေါ်ဖြူပြာမှာ ငွေကြေး လိုအပ်လာတယ်။ ငွေကြေး ပြေလည်ရေးအတွက် မြို့က ပန်းထိမ်ဆိုင်ကို သွားပြီး ကျောက်ဖြူကွင်းထားတဲ့ လက်စွပ်ကို ရောင်းတယ်။

ပန်းထိမ်ဆရာက ကျောက်ဖြူကို ဖြုတ်ပြီး ရွှေကို ချိန်တွယ်တယ်။ ရွှေအလေးချိန်ရ ကျသင့်တဲ့ ငွေကြေးကို ပေးတယ်။

ကျောက်ဖြူရဲ့ အစွမ်းသတ္တိကို မသိတဲ့ ဒေါ်ဖြူပြာဟာ ကျောက်ဖြူကို ပန်းထိမ်ဆရာအား အလကား ပေးခဲ့တယ်။ ကျောက်ရတဲ့ ပန်းထိမ်ဆရာကလဲ ကျောက်ရဲ့ အစွမ်းသတ္တိကို မသိတာကတစ်ကြောင်း၊ အလကားရတာက တစ်ကြောင်းကြောင့် သိပ်အလေးမထားဘဲ စားပွဲအံဆွဲထဲ လွယ်လွယ်ပဲ ထားလိုက်တယ်။

နောက်တစ်နေ့မှာ မောင်ပေါက်ကျော်ရဲ့ အဖေ ဦးမူချစ်ဟာ ဒေါ်ဖြူပြာ လက်စွပ်ရောင်းခဲ့တဲ့ ပန်းထိမ်ဆိုင်ကို တိုက်တိုက်ဆိုင်ဆိုင် ရောက်သွားတယ်။

ပန်းထိမ်ဆရာနဲ့ ဦးမူချစ်ကလဲ အတော်ရင်းနှီးတယ်။ စကားပြောကြရင်းက ပန်းထိမ်ဆရာက...

"မနေ့က ဦးမူချစ်တို့ရွာရဲ့ အရှေ့ဘက်ကရွာက ဒေါ်ဖြူပြာ လက်စွပ်လာရောင်းတယ်၊ လက်စွပ်ကပါတဲ့ ကျောက်ဖြူကလေးကိုတော့ ကျွန်တော့်ဆီ ထားခဲ့သေးတယ်"

ဦးမူချစ်ဟာ ဦးအောင်ပိုင်ရဲ့ ကျောက်ဖြူအစွမ်းကို ကောင်းကောင်းသိသူမို့...

"ပန်းထိမ်ဆရာ အဲဒီကျောက်ဖြူကလေးကို ကျုပ် ပြစမ်းပါ"

ပန်းထိမ်ဆရာက ထုတ်ပြတယ်။ ဦးမူချစ်က...

"ဒီကျောက်ဖြူကလေး ကျုပ်ကို ပေးပါ ပန်းထိမ်ဆရာ... ကျောက်ဖြူဆိုတော့ အသက်ကြီးတဲ့ ကျုပ်နဲ့လိုက်တယ်၊ လက်စွပ်ကွင်းဝတ်ရမယ်။ ဘယ်

စာမျက်နှာ (၂၇၂) သို့



www.burmeseclassic.com

www.burmeseclassic.com



သိန်းလေးဝယ်
(လယ်တော်)

ညအခါ တွေ့တတ်သော

# မီးလုံးများအကြောင်း

တစေ့တစောင်း

၂၀၁၃ ခုနှစ်၊ မေလထုတ်၊ အမှတ် (၃၂၂)၊ စာမျက်နှာ (၂၅၄)၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ပါဝင်သော ဆောင်းပါးရှင် ထူးမမ(ပေါင်)၏ **"မီးညွှန့်မီးလျှံ မီးတောက်ကြီးနှင့် နီရဲလောင်ကျွမ်းနေသော မီးလုံးကြီး သိသူများမှ ဖော်ပြရေးသားပေးကြပါရန်"** ဆောင်းပါးကို ဖတ်မိပြီး ဤဆောင်းပါးအား သိသူများမှ ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

လွန်ခဲ့သော ဆယ်နှစ်တာကာလက ဖြစ်ရပ်မှန်တစ်ခု ဖြစ်ပါသည်။ ကိုမြင့်ဝင်းဆိုသူသည် စာရေးသူ နေထိုင်သော ရွာနှင့် သိပ်မဝေးလှသော ဘေးရွာတွင် နေထိုင်ပါသည်။ စာရေးသူတို့ မိသားစုနှင့် အလွန်ရင်းနှီးသူဖြစ်ပြီး စာရေးသူတို့အိမ်သို့ အမြဲတမ်း ဝင်ထွက်သွားလာနေတတ်သူ ဖြစ်ပါသည်။

တစ်ခုသော ညတစ်ညတွင် ဖြစ်၏။ ကိုမြင့်ဝင်းသည် ညဉ့်သန်းခေါင်ယံအချိန်၌ ကျန်းမာရေး အပေ့ါအပါးသွားရန် အိပ်ရာမှထ၍ အိမ်အပြင်သို့ ထွက်ခဲ့သည်။ ထို့နောက် ရေအိမ်၌ ကျန်းမာရေး အပေ့ါအပါးသွားပြီး ပြန်အလာတွင် ကိုမြင့်ဝင်းအိမ်၏ မီးဖိုချောင်ဘေးမှ ပန်းကန်ဆေးသောနေရာ ရေပုပ်အစပ်တွင် လူဦးခေါင်းလောက် အရွယ်ရှိပြီး နီရဲတောက်လောင်နေသော မီးလုံးကို တွေ့ခဲ့၏။

ကိုမြင့်ဝင်း အပါအဝင် စာရေးသူတို့ရွာတစ်ကြောလုံးရှိ လူများအဖို့ ထိုစဉ်က ထိုသို့ မီးလုံးတွေ့ရခြင်းမှာ မဆန်းတော့ပါ။

ထိုသို့ မီးလုံးကြီးများကို လပြည့်လကွယ်ညအပြင် အခြားသော ညများ၌လည်း တွေ့ရတတ်သည်။

ကိုမြင့်ဝင်းသည်လည်း ကြောက်တတ်သူ မဟုတ်သည့်အတွက် မီးဖိုဘေးမှ ငုတ်ကြီးတောင်ဓားကို ယူပြီး ထိုမီးလုံးအား လိုက်ခုတ်၏။ ထိုမီးလုံးများမှာ ကိုမြင့်ဝင်း၏ အရပ်ထက် ကျော်၍မတက်ပေ။

ကိုမြင့်ဝင်းသည် ပြေးနေသော မီးလုံးကို မည်သို့ပင် ကြိုးစား၍ လိုက်ခုတ်စေကာမူ မမိဘဲ တစ်လံလောက်အကွာတွင် ကွာကျန်ခဲ့သည်။

ဤသည်မှာ မယုံနိုင်စရာ အဖြစ်ပျက်တစ်ခု ဖြစ်သော်လည်း ကိုမြင့်ဝင်း နေထိုင်သော ရှမ်းကျေးရွာလေးတွင် ဖြစ်ခဲ့သည့် ကိုမြင့်ဝင်း၏ ကိုယ်တွေ့



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရပ်မှန်တစ်ခု ဖြစ်ပါသည်။

နောက်ဖြစ်ရပ်တစ်ခုမှာ စာရေးသူ (၄)တန်းကျောင်းသားအရွယ်က ဖြစ်ပါသည်။

စာရေးသူ၏ အရှေ့ဘက်ရွာမှ တောင်ကုန်းပေါ်တွင် စေတီဖြူဖြူလေး တစ်ဆူရှိ၏။ ထိုစေတီကို စာရေးသူ၏ နေအိမ်မှ အထင်းသား တွေ့မြင်နိုင်ပါသည်။

ဤသို့လျှင် ညအခါ၌ ထိုစေတီပေါ်တွင် အဝေးမှ အထင်းသား တွေ့မြင်ရသော မီးလုံးနှစ်လုံးသည် ထိုစေတီကို အချိန်အတော်ကြာ လှည့်ပတ်နေတတ်သည်။

ဤအခြင်းအရာကို စာရေးသူကိုယ်တိုင် မျက်ဝါးထင်ထင် မြင်ခဲ့ရပါသည်။ စာရေးသူသာမက လူအတော်များများလည်း မြင်တွေ့ရဖူး၏။

ဤသည်ကို တွေ့ကြသော လူကြီးများက စေတီ ရောင်ခြည်တော် ကွန့်မြူးသည်ဟု ပြောကြသလို နတ်သိကြားတွေ၊ တန်ခိုးရှင်တွေ စေတီကို လာရောက် ဖူးမြော်ကြသည်ဟုလည်း ဆိုကြပြန်ပါသည်။

နောက် ဖြစ်စဉ်တစ်ခုမှာ စာရေးသူတို့ရွာ၏ ဘုန်းတော်ကြီးကျောင်းတွင် သိမ်သမုတ်စဉ်က ဖြစ်ပါသည်။ အချိန်ကာလအားဖြင့် (၃)နှစ်ကျော်မျှသာ ရှိသေး၏။

သိမ်သမုတ်ခြင်းကိုမူ ဗုဒ္ဓဘာသာဝင်တိုင်း သိကြပြီး ဖြစ်မည်ထင်ပါသည်။ သို့ပါ၍ အကျယ်မချဲ့လိုတော့ပါ။

ဘုရားကျောင်းကန် အင်္ဂါရပ်ထဲတွင် ရဟန်း၊ သံဃာတော်များ ပဉ္စင်းခံခြင်း၊ ကံထပ်ခြင်းများ ပြုလုပ်ရာဖြစ်သော သိမ်ကျောင်းတော်သည်လည်း အပါအဝင် ဖြစ်လေသည်။

ထိုသိမ်ကျောင်းတော်အား မဆောက်လုပ်မီ ဆောက်လုပ်မည့် မြေနေရာကို ပန္နက်ရိုက်ပြီး ရဟန်းသံဃာတော်များ စုပေါင်း၍ ပရိတ်ရွတ်ဖတ်ရပါသည်။ ထိုသို့ ရွတ်ဖတ်ခြင်းကို (၃)ရက်တိတိ ရွတ်ဖတ်ပြီးမှ သိမ်ကျောင်းတော် စတင်ဆောက်လုပ်ရပါသည်။

ထိုသို့ ပရိတ်ရွတ်ဖတ်ခြင်းကို သိမ်သမုတ်သည်ဟု အလွယ်တကူ မှတ်ယူနိုင်ကြပါသည်။

ထိုသိမ်ကျောင်း ဆောက်လုပ်မည့် နေရာတွင် (၃)ရက်တိတိ ပရိတ်ရွတ်ဖတ်ပြီးစီးသော ညတွင် ဖြစ်ပါသည်။ အချိန်ကာလအားဖြင့် ည(၁၀)နာရီနှင့် (၁၁)နာရီကြားတွင် ဖြစ်ပါသည်။

ဘေးပတ်ဝန်းကျင်မှ မီးပွားသေးသေးလေးများ၊ မီးလျှံများနှင့် ကွမ်းသီးလုံးလောက်အရွယ် မီးလုံးသေးသေးလေးများသည် ထိုမြေနေရာပေါ်သို့ တဖြည်းဖြည်းချင်း ကျရောက်နေကြသည်ကို စာရေးသူနှင့်တကွ ရွာမှ လူအတော်များများ တွေ့ရှိခဲ့ပါသည်။

ထိုမီးများ၏ အရောင်မှာ ဂက်(စ်)မီးရောင် မီးညွန့်၊ မီးပွားလေးများနှင့် အနီရောင်မီးလုံးလေးများ ဖြစ်သည်။ ဘုန်းတော်ကြီးကျောင်းနှင့် စာရေးသူ၏ အိမ်မှာ တစ်ခေါ်စာလောက်သာ ဝေးသောကြောင့် ထို မီးညွန့်၊ မီးလျှံ၊ မီးပွား၊ မီးလုံးလေးများကို စာရေးသူ၏ အိမ်မှ အထင်းသား တွေ့မြင်ခဲ့ရပါသည်။

ဤသည်မှာလည်း ကောင်းသော မီးညွန့်၊ မီးလျှံ၊ မီးပွား၊ မီးလုံးလေးများသာ ဖြစ်နိုင်ပါသည်။

***ပညာအလင်းဖြင့် အမှောင်ခွင်းနိုင်ကြပါစေ***

**ညီလေးငယ်(လယ်တော်)**

**စာမျက်နှာ (၂၇၀)မှ အဆက်**

လိုလဲ ပေးမယ် မဟုတ်လား”

“အလကားတော့ မပေးနိုင်ဘူး။ ဦးမှုချစ်လက်ဖက်ရည်တိုက်ရလိမ့်မယ်”

“ရပါတယ်ဆရာရယ်... အခုပဲ လက်ဖက်ရည်ဆိုင် သွားမယ်”

ဆိုပြီး ဦးမှုချစ်ဟာ ကာယသိဒ္ဓိစွမ်းတဲ့ ကျောက်ဖြူကလေးကို လက်ဖက်ရည်တစ်ခွက်၊ မုန့်တစ်ခုနဲ့ ရခဲ့တယ်။

အခုခေတ်ကြီးမှာ ကာယသိဒ္ဓိပြီးတဲ့ ပစ္စည်းတစ်ခုဟာ ငွေကျပ် သိန်းရာထောင်ချီတန်တယ်။ အခုပြောတဲ့ ကျောက်ဖြူကလေးဟာငွေကျပ်သိန်းရာထောင်ချီ တန်တာပေါ့။ နောက်ဆုံးပြောရရင် ကျောက်ဖြူကလေးကို အခုခင်ဗျားနားက ကိုပေါက်ကျော်ရဲ့အဖေ ဦးမှုချစ်လက်ထဲ ရောက်တာပဲ’

‘ဒီလိုဆို ကိုပေါက်ကျော် မင်း မိဘအိမ်မှာ ကျောက်ဖြူကလေး ရှိသေးလား။ အစ်ကို့ ပြစမ်းပါကွ။ မြင်ဖူးတယ်ရှိအောင် ကြည့်ရတာပေါ့’

‘အစ်ကိုရေ... ကျောက်ဖြူကလေးကို ကျွန်တော့်အဖေ ရတာအမှန်ပါ။ အဲဒီကျောက်ဖြူကလေးကို အဖေက ကျွန်တော့်ကို ပေးပါတယ်။ ကျောက်ကလေးကို ငွေနဲ့ကွင်းပြီး လက်စွပ်ဝတ်ခဲ့ပါတယ်။ လက်မှာ ဝတ်ထားရင်းက ကျပျောက်သွားခဲ့တာ အခုထိ ရှာမတွေ့ပါဘူးဗျာ’

‘ကျောက်မျက် ရတနာတွေဟာ စွမ်းရည်သတ္တိ ရှိကြတယ်။ သူတို့ သိဒ္ဓိရှိသလို စွမ်းရည်ရှိသလို ဝတ်ဆင်တဲ့လူတွေကလဲ အကျင့်သီလနဲ့ ပြည့်စုံဖို့လိုတယ်။

**ဝတ်ဆင်တဲ့သူနဲ့ မထိုက်တန်တဲ့ အချိန်မှာ တစ်ရှည်ရှည်နဲ့ ထွက်သွားကြတယ်။ လောကကြီးမှာ ကိုယ်မသိတာ၊ မမြင်ဘူး မတွေ့ဘူးတာတွေ အများကြီး ရှိတယ်။**

ကိုယ်ဉာဏ်မမီတိုင်း မဟုတ်နိုင်ဘူး မဖြစ်နိုင်ဘူးလို့ ပြောလို့မရဘူး။ ဘုရားရှင် ဟောကြားတဲ့(မဇ္ဈိမပဋိပဒါ) အလယ်အလတ် တရားလမ်းစဉ်နဲ့ အညီ သုံးသပ်မှသာ မှန်ကန်ပါလိမ့်မယ် ကိုမေတ္တာရေ’

**မှတ်ချက် ။ ။ နေရပ်၊ အမည်နာမများကို ပြောင်းလဲထားပါသည်။**

***အမှားနဲ့အမှန်ကို ခွဲခြားသိမြင်နိုင်ကြပါစေ***

**စလင်း ဦးကျော်**



www.burmeseclassic.com

www.burmeseclassic.com

# အကကဓါသနာရှင်

ပရလောကသား မိန်းကလေး

အောင်သိန်းလင်း
(ဘီအေ)



**၁၉၆၈ ခုနှစ်ကာလ...**

တောနက်ကြီး မဟုတ်သော်ငြား တောရ ဘုန်းတော်ကြီးကျောင်း၏ ဝန်းကျင်တွင် သစ်ပင်ခုတ်ခြင်းကို တားမြစ်ထားသဖြင့် ကုက္ကိုပင်၊ ထနောင်းပင်၊ တမာပင်၊ ရှားပင်၊ ညောင်ပင်နှင့် အညာဒေသ၏ သင်္ကေတဖြစ်သော ထန်းပင်များကြောင့် စိမ်းစိုသော တောအုပ် ဖြစ်နေသည်။

တောရကျောင်းပရိဝုဏ်က အလွန်ကျယ်ဝန်းသလို ဇရပ်,တန်ဆောင်း အစရှိသော သာသနိက အဆောက်အအုံများကလည်း များပြားလှသဖြင့် တစ်နေရာမှ တစ်နေရာသို့ ကူးသန်းသွားလာရသည်မှာ ဝေးလံလှသည်။ ကားပါလာသူများက ကားဖြင့် သွားလာကြရသည်။

သစ်ပင် များပြားသဖြင့် ကျီးကန်းနှင့် ဖရက်(ဆက်ရက်)ငှက်များ အသိုက်အအုံ ဆောက်လုပ်ခြင်း၊ ညအိပ်လေ့ရှိခြင်း များပြားလေသည်။

ဒုလ္လဘဦးပဥ္စင်းကြီး ဦးပညာစာရ တစ်ဖြစ်လဲ ''ဦးမြင့်အောင်''သည် တောရကျောင်းဝင်းကြီးအတွင်း တိတ်ဆိတ်သောဝန်းကျင်နှင့် ငြိမ်းအေးသော အရသာခံစားရင်း မြေနီလမ်းကလေး အတိုင်း တစ်ပါးတည်း စကြံလျှောက်လာနေခဲ့သည်။

အနောက်ဂေါယာကျွန်းသို့ နေဝန်းကြီး ငုပ်လျှိုးနေလေပြီ။ ညနေစောင်းလာသဖြင့် တဖြည်းဖြည်း အအေးဓာတ် လွှမ်းလာသည်။ ဝန်းကျင်တွင်ရှိသော စံပယ်ခြုံများမှ စံပယ်ပန်းရနံ့သင်းပျံ့နေခဲ့သည်။ အေးမြလတ်ဆတ်



www.burmeseclassic.com

www.burmeseclassic.com

သော လေပြည်ကလေးကြောင့် နှစ်သက်ဖွယ် ကောင်းနေလေသည်။ ခပ်ဝေးဝေး တစ်နေရာမှ ဥဩငှက် တွန်သံကလည်း သာသာယာယာ ရှိနေ၏။

မိမိသည် လုံးဝ မျှော်လင့်မထားမိဘဲ ဒုလ္လဘဝတ်ဦးပဉ္စင်းဘဝ ရောက်ခဲ့ရပုံကို အစအဆုံး ပြန်လည်စဉ်းစားနေမိသည်။

*  *  *

ဦးမြင့်အောင်သည် မိတ္ထီလာမြို့တွင် အောင်မြင်သော ပွဲရုံလုပ်ငန်းရှင် တစ်ဦးဖြစ်သည်။ မျိုးရိုးနှင့် ချမ်းသာလာခဲ့သူမဟုတ်၊ အလုပ်ကို အားစိုက်လုပ်ကိုင်ရာမှ တဖြည်းဖြည်း လုပ်ငန်းတိုးတက် အောင်မြင်လာခဲ့ခြင်း ဖြစ်သည်။

အပျော်အပါး လောင်းကစားနှင့် မိမိနှင့်မဆိုင်သော ကိစ္စကိုရှောင်၍ မိမိအလုပ်ကိုသာ အရုံစိုက်ခြင်း၊ သားသမီး(၉)ယောက်အနက် သမီးချည်း(၇)ယောက်ရှိရာ သမီးအကြီး(၄)ယောက်ကပါ စီးပွားရေးလုပ်ငန်းတွင် အားကြိုးမာန်တက် ပါဝင်လာခြင်းကြောင့်လည်း ဤသို့ အောင်မြင်ခဲ့ရခြင်းဖြစ်၏။

ဦးမြင့်အောင်က ချမ်းသာလာသည်နှင့် ဘာသာရေးတွင် အလှူအတန်းများ ခပ်စိပ်စိပ် လုပ်လာခဲ့သည်။

မိတ္ထီလာမြို့ပေါ်ရှိ ကျောင်းတိုက်အားလုံးမှ သံဃာတော်များအတွက် တစ်ဦးတည်း အလှူရှင်အဖြစ် အရုဏ်ဆွမ်းကို မကြာမကြာ လောင်းလှူလေ့ရှိသည်။ ထို့ကြောင့် အလှူအတန်းနှင့် ပတ်သက်လာလျှင် သူ့ခေတ်မှာ ထင်ရှားလှူသိများသည်။

မိတ္ထီလာနှင့် (၁၃)မိုင်မျှဝေးသော အရပ်ရှိ တောင်ပုလုဆရာတော်ကြီး၏ တောရကျောင်းအတွက်လည်း ပစ္စည်းလေးပါးဒါယကာ ဖြစ်လေသည်။

တောရကျောင်းမှာ အခါကြီးရက်ကြီးများနှင့် သက်ဆိုင်သော ပွဲလမ်းများတွင် တောင်ပုလုဆရာတော်ကြီး၏ကျောင်း သံဃာတော်များ၊ လူပုဂ္ဂိုလ်များအတွက် အစားအသောက် ဆွမ်းခဲဖွယ်ကို အမြဲတမ်း ထမင်းရည်ချောင်စီး လှူဒါန်းမှု ပြုလုပ်မြဲ ဖြစ်သည်။

ယနေ့လည်း တောင်ပုလုဆရာတော်ကြီး၏ မွေးနေ့ပူဇာသဘင်ပွဲရှိသဖြင့် နံနက်စောစော အိပ်ရာမှထပြီး ပြင်ဆင်နေခဲ့သည်။ ဤမွေးနေ့သဘင်အတွက် နေ့ဆွမ်းနှင့် အစားအသောက်အားလုံးကို ဦးမြင့်အောင် မိသားစုကသာ တာဝန်ယူထားလေသည်။

သမီးနှစ်ယောက်နှင့် အဖွဲ့သည် ချက်ပြုတ်ရေးတာဝန်ကို ကြိုတင်ဆောင်ရွက်ရန် မနေ့ညနေကတည်း လိုအပ်လာသော ပစ္စည်းအပြည့်အစုံ ယူဆောင်၍ ကြိုတင်ထွက်ခွာသွားနှင့်ပြီဖြစ်၏။

ပွဲရုံလုပ်ငန်းများအတွက် ဖနီးဒေါ်မြတင်နှင့် ကျန်သမီးများ ကျန်ရစ်နေကြမည်ဖြစ်သည်။ ဦးမြင့်အောင်သည် ကိုယ်ပိုင်ကား ဝီလီဂျစ်ကို အင်ဂျင်ပိုင်၊ ဘရိတ်ဆီဖြည့်၍ ရေတိုင်ကီရေဖြည့်နှင့် တစ်ယောက်တည်း အလုပ်များနေသည်။

ထိုအချိန်တွင်...

'အဖေကြီး...သားတို့ ဒီနေ့ကျောင်းပိတ်တယ်။ တောင်ပုလုကို သားမရောက်ဘူးလို့ လိုက်ချင်တယ်'

အသက်(၁၆)နှစ်ကျော်သာ ရှိသေးသော သားငယ် **မောင်သန်းထွန်း** စကားကြောင့်...

'အေး... သားလိုက်ချင်ရင်လဲ ရပါတယ်။ ညနေ အိမ်ပြန်ရောက်မှာပဲ။ ဒါပေမယ့် အဝတ်အစားကိုတော့ သွားလဲလိုက်ဦးကွယ့်။ လူသူကြားထဲ ဝင်ရမှာ အဝတ်အစားနွမ်းရင် လူ့အထင်အမြင် သေးတတ်တယ်'

မောင်သန်းထွန်း အိမ်ပေါ်ပြေးတက်သွားပြီး အဝတ်အစား လဲလှယ်ကာ ပြန်ဆင်းလာချိန်တွင် ကားကို စက်စမ်းသပ်နှိုးနေလေပြီ။ တစ်ညတာ ရပ်နားထားသော ကားအင်ဂျင်စက်ကို စက်သံမှန်သည်ထိ အတန်ကြာ စောင့်ဆိုင်းပေးရသေး၏။**(ထိုခေတ်ကာလတွင် ဝီလီဂျစ်သာ အကောင်းဆုံးကားဖြစ်သည်။)**

'အဖေ... နံဘေးကပဲထိုင်စီးပါ။ သားကပဲ ကားမောင်းပါ့မယ်'

'အေး...မောင်းချင်ရင်လဲ မောင်းလေ၊ မြို့ပြင်ခရီးဆိုတော့ လမ်းရှင်းပါတယ်။ မြန်မြန်မမောင်းနဲ့၊ ဖြည်းဖြည်းသာမောင်း၊' အရေးမကြီးပါဘူး။ တကယ်တော့ သား ကားမောင်းတတ်တာ မကြာသေးဘူး။ ကားမောင်းကျွမ်းကျင်အောင် အချိန်အတော် ယူရဦးမယ်'

ဤသို့ဖြင့် သားအဖနှစ်ယောက်သည် တောင်ပုလုတောရကျောင်းသို့ ကားတစ်စီးဖြင့် ထွက်ခွာလာခဲ့သည်။ မိတ္ထီလာမှ ထွက်လာကတည်းက ကတ္တရာကားလမ်း ဖြစ်သော်လည်း သဖန်းရွာကို လွန်လာသောအခါ ကတ္တရာလမ်း ကုန်သွားပြီး မြေလမ်းဖြစ်သွားလေသည်။

ကားအသွားအလာ များပြားသဖြင့် မြေသားလမ်းတို့ ထုံးစံအတိုင်း မိုးရာသီတွင် ဗွက်ထသည်။ မိုးရာသီကုန်သွားသော် ဖုန်တထောင်းထောင်း ရှိချေ၏။

တောင်ပုလုဟူသည့်အတိုင်း တောင်ကုန်းနိမ့်နိမ့်တွင် တောရကျောင်း

www.burmeseclassic.com



တည်ထားခြင်းဖြစ်ပြီး တောင်ပုလုဆရာတော်ကြီး၏ ဂုဏ်သတင်းကြောင့်သာလျှင် မြန်ပြည်တစ်ဝန်းသာမက ကမ္ဘာ သိအောင် ထင်ရှား ကျော်ကြားနေခဲ့ခြင်း ဖြစ်လေသည်။

တောရကျောင်းပေါ်သို့ ဦးမြင့်အောင် ရောက်ရှိခဲ့ပြီး မကြာမီ ဆရာတော်ကြီး ကိုယ်တော်တိုင် သီလပေးတရားပွဲကို စတင်လေသည်။

ယနေ့အတွက် တောရကျောင်း၏ ဆွမ်းနှင့် နံနက်စာ အစားအစာ အလှူအတွက် ရေစက်ချ တရားနာအပြီးတွင် ဆရာတော်ကြီးမှ ဦးမြင့်အောင်အား...

'ပြောစရာ စကားရှိတယ်။ အိမ်ပြန်မသွားနဲ့ဦး'

ဟု ဆိုသည်။

ထို့ကြောင့် နံနက်စာ စားအပြီးတွင် တောရကျောင်း၏ ခန်းနေဦးပဥ္စင်းနှင့်အတူ ဆရာတော်ကြီး၏ ကျက်သရေခန်းအတွင်းသို့ ရောက်သွားခဲ့သည်။

'သြော်...ဒကာကြီး ဦးမြင့်အောင်ကို ဘုန်းကြီး ပြောချင်တာ တခြားမဟုတ်ဘူး။ ဒီနေ့ညနေမှာ ဒုလ္လဘဝတ်ဖို့ စာရင်းပေးထားတာ (၉)ဦးရှိတယ်။ (၁၀)ဦး ပြည့်သွားအောင် ဒကာကြီး ဦးမြင့်အောင်ပါ ဒုလ္လဘဝတ်လိုက်ပါ'

ဦးမြင့်အောင်မှာ သူ လုံးဝ မျှော်လင့်မထားသဖြင့် အလွန်အံ့အားသင့်သွားပြီး ရုတ်တရက် ဘာပြန်ပြောရမှန်းမသိအောင် ငေးငိုင်သွားပြီးနောက်တွင်...

'ဆရာတော်ဘုရား တပည့်တော်မှာ ဘာမှ မပြင်ဆင်ရသေးပါ ဘုရား'

ဆရာတော်ကြီးက ဦးမြင့်အောင် ပြောမည့်စကားကို မျှော်လင့်ထားပြီး ဖြစ်၏။ ထို့ကြောင့် လက်ဝါးကာပြလိုက်ပြီးနောက်...

'ဘုန်းကြီးဆီမှာ အကုန်ပြည့်စုံပါတယ် ဒကာကြီး... ဘာမှ လိုလေသေး မရှိစေရဘူး။ ဒုလ္လဘဆိုတဲ့ ရှားပါးတဲ့ အခွင့်အရေးကို လက်လွှတ်မခံစေချင်ဘူး။ ဒါက ဘုန်းကြီးရဲ့ ဆန္ဒသဘောထားလေ။ စဉ်းစားဆုံးဖြတ်ရမှာက ဒကာကြီးကိုယ်တိုင်ပါပဲ'

ဦးမြင့်အောင်မှာ ဆရာတော်ကြီး၏ သဘောဆန္ဒကို ဆန့်ကျင်ရန် ခက်ခဲသွားသဖြင့်...

'ဒုလ္လဘ ဝတ်လိုက်ပါတော့မယ် ဘုရား၊ တပည့်တော် သဘောပေါက်ပါပြီ'

မမျှော်လင့်ဘဲ ဒုလ္လဘဝတ်ရန် အကြောင်းပေါ်သွားသဖြင့် သမီးကြီး မစန်းမြင့်က...

'ဖေဖေ... ဘယ်နှရက်လောက် သင်္ကန်းဝတ်မယ် စိတ်ကူးထားသလဲ'

ဟု တီးတိုးမေးမြန်းလေသည်။

'ဆရာတော်ကြီးက ဝတ်နိုင်သလို ဝတ်ရတာ ဘယ်လောက်ကြာအောင် ဝတ်ရမယ် ဘယ်သိမှာလဲ'

ဦးမြင့်အောင်၏ စကားသံက အနည်းငယ် ကျယ်သဖြင့် ဆရာတော်ကြီးက ကောင်းစွာကြားသဖြင့် ပြုံးလျက် ခေါင်းတဆတ်ဆတ် ညိတ်လေသည်။

ထို့နောက် မကြာမီ ဒုလ္လဘဝတ်ကြမည့် ဦးမြင့်အောင်တို့ (၁၀)ဦးအဖွဲ့ ဆံချ(ဆံပင်ရိတ်)ကြပြီး ကိုရင်ကြီးဝတ်လိုက်ကြသည်။ နောက်တစ်နေ့တွင် သိမ်ဝင် ပဥ္စင်း တက်ကြရလေသည်။ သင်္ကန်းဆီးပြီးချိန်တွင် ညနေစောင်း ရောက်ခဲ့လေပြီ။

တောရကျောင်း ပရိဝုဏ်အတွင်းမှာ လူအတော်စဲသွားလေပြီ။ ထိုအချိန်မှ ဖခင်ကြီးကို ကန်တော့ကြပြီးနောက် သားနှင့် သမီးများက နှုတ်ဆက်၍ ကားကလေး မောင်းပြီး ပြန်သွားခဲ့ကြသည်။

သမီးများက စီးပွားရေးအလုပ်မှာသာ စိတ်ဝင်စားသဖြင့် အားကိုးရသည်။ ကားမမောင်းတတ်ကြပေ။ သား မောင်သန်းထွန်းသာ မလိုက်ပါခဲ့ပါက မမျှော်လင့်ဘဲ ကျောင်းမှာ ကျန်ရစ်ခဲ့ရသဖြင့် ကားကို အိမ်ပြန်ပို့ရန် ခက်ခဲပေလိမ့်မည်။

ယခုတော့ မောင်သန်းထွန်း လိုက်ပါလာ၍ အဆင်ပြေသွားခဲ့၏။ စဉ်းစားကြည့်လျှင် ဤတိုက်ဆိုင်မှုကလည်း အံ့သြစရာတော့ ကောင်းနေသည်။

တောင်ပုလု ဆရာတော်ကြီးကို ရဟန္တာဟု လူအများက သမုတ်နေခဲ့ကြသည်။ ယခုလည်း ဦးမြင့်အောင် ဒုလ္လဘဝတ်ရန် ဆရာတော်ကြီး၏ ဆန္ဒကို ဆိုင်ရာပုဂ္ဂိုလ်များက ကြိုတင်သိရှိနေသဖြင့် ကားအိမ်ပြန်ပို့ရေးကိစ္စ ချောမော အဆင်ပြေအောင် စီစဉ်ပေးလိုက်ကြသလော စဉ်းစားကြည့်ဖွယ် ဖြစ်နေ၏။

တောင်ပုလု တောရကျောင်းမှ ဒုလ္လဘအပါအဝင် သံဃာတော် စုစုပေါင်း(၇၀)ပါးသည် နောက်တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com

နံနက်ခင်းမှ စတင်၍ ဆွမ်းခံထွက်ကြရ၏။

သံဃာတော်များကို (၃)ဖွဲ့ ခွဲကာ တောရကျောင်းနှင့် (၂)မိုင်ကျော် ကွာဝေးသော ပင်းတလဲ၊ တဲစုနှင့် လေးမျက်နှာ ဟူသော ရွာ(၃)ရွာသို့ ဆွမ်းခံထွက်ရသည်မှာ အခက်အခဲ မရှိလှပေ။

ဦးပဥ္စင်းကြီး ဦးပညာစာရ (ဦးမြင့်အောင်)ကတော့ ဒုလ္လဘသက်နှင်း ဆီးလိုက်ကတည်းက ဝိပဿနာတရား ထိုင် လုပ်ငန်းကိုတော့ ရှိလာလိမ့်မည် ဟု မျှော်လင့်ထားခဲ့ပြီးဖြစ်၏။

မွန်းလွဲညနေပိုင်းတွင် တစ်နာရီမျှ တရားထိုင်ရခြင်းဖြစ်ကာ အခက်အခဲ မရှိပေ။ နေ့ဆွမ်းဘုဉ်းအပြီးအတွင်း တရေးတမော မှေးစက်ခွင့်ပင် ရသေးသဖြင့် အဆင်ပြေလေသည်။

ဦးပဥ္စင်းကြီးနှင့်အတူ ဒုလ္လဘဝတ်သော အခြားသံဃာတချို့၏ အပြောအရ ဓုတင် ကျင့်ဆောင်ကြရမည်ဟူသော သတင်းစကားကြောင့် အထူးအဆန်း ဖြစ်နေသည်။ စင်စစ် ဓုတင်လုပ်ငန်းကို စတင် လုပ်ဆောင်နေကြရပြီ။

ဒုလ္လဘ ကိုယ်တော်များအတွက် ခက်ခဲစေမည့် ဆွမ်းကို တစ်ထပ်တည်းသာ ဘုဉ်း(စားသုံး)ရသော **(ဧကာသနိက်ဓုတင်)**သည် တစ်နေ့ ထမင်း (၃)နပ်စားခဲ့သော ပုထုဇဉ်လူသားဘဝမှ ရုတ်ခြည်း ပြောင်းလဲလာခဲ့သူတို့အတွက် မလွယ်ကူလှပေ။ အလားတူစွာပင် တုံးလုံးလှဲခွင့်ကိုပင် မပြုရသော **(နေသဇ္ဇိဓုတင်)**ကလည်း ခက်ခဲ၏။

ထို့ကြောင့် ဒုလ္လဘဝတ် သံဃာတော်များ အလွယ်လိုက်နာနိုင်ရန် ဓုတင်(၁၃)ပါးအနက် (၅)ပါးကိုယ်ပြီး ဓုတင်(၈)ပါးကိုသာ ကျင့်ဆောင်စေရမည်ဖြစ်သည်။

တောရကျောင်းမှ သံဃာ(၇၀)ပါးတို့သည် အဖွဲ့(၃)ဖွဲ့ခွဲကာ ကျောင်းမှ (၂)မိုင်ကျော် (၃)မိုင်မျှ ကွာဝေးသော ပင်းတလဲ၊ တဲစုနှင့် လေးမျက်နှာ ရွာ(၃)ရွာသို့ နံနက်တိုင်း ဆွမ်းခံထွက်ကြရသည်။

ဆွမ်းခံရသည်နှင့် ဆွမ်းခံရသော အကျင့်**(ပိဏ္ဍပတ်ဓုတင်)**၊ အိမ်အစဉ်တိုင်းသာ ဆွမ်းခံရသော **(သပဒါနဓုတင်)**၊ သင်္ကန်း(၃)ထည်သာ ဆောင်ရသော **(တိစီဝရိက်ဓုတင်)** ဟူသော ဓုတင်(၃)မျိုးသည် အလိုလို ထမြောက် အောင်မြင်သွားခဲ့ပြီ ဖြစ်၏။

တစ်ပတ်ခန့် အချိန်ကာလ ကျော်သွားသည်နှင့် သံဃာတော်များအားလုံး မိမိသပိတ်ထဲတွင် ဆွမ်းနှင့် ဆွမ်းဟင်းကို ရောနှော ထည့်ထားသည်ကိုသာ ဘုဉ်းရသော**(ပတ္တပိဏ္ဍိတ်ဓုတင်)**ကို လုပ်ဆောင်ကြရပြီး တောင်ပုလုဆရာတော်ကြီး ကိုယ်တော်တိုင် လိုက်လံကြည့်ရှုစစ်ဆေးလေသည်။

ဤသို့ဖြင့် (၈)ခုမြောက် လုပ်ဆောင်ရန် ကျန်ရှိသော သုသာန်ဓုတင်သို့ ရောက်ရှိလာခဲ့သည်။ သုသာန်ဓုတင် အပြီးတွင် ဓုတင်ကိစ္စအားလုံး အောင်မြင်ပြီးစီးသလို လူဝတ်လဲလိုက လဲခွင့်ပြုလေသည်။

* * *

'တပည့်တော်ကို သုသာန်ဓုတင်ကို ကင်းလွတ်ခွင့်ပြုပါဘုရား'

မမျှော်လင့်ဘဲ ဦးပဥ္စင်းကြီး ဦးပညာစာရ၏ တောင်းဆိုသံကို ကြားရ၍ လှုပ်လှုပ်ရွရွ ဖြစ်ကုန်၏။ တောင်ပုလုဆရာတော်ကြီးက ပြုံးရယ်လျက်...

'ဘယ့်နှယ်ဖြစ်ရသလဲ ဦးပဥ္စင်းကြီး... "ဆင်ပြောင်ကြီး အမြီးရောက်မှတစ်" ဆိုသလိုဖြစ်နေပါပေါ့လား။ သုသာန်ဓုတင်ဆိုတာပြီးရင် ကိစ္စအားလုံး ပြီးစီးလို့အောင်မြင်သွားပြီလေ'

'ဒါတစ်ခုကတော့ သည်းခံခွင့်လွှတ်ပေးပါ။ တပည့်တော် မလိုက်ပါရစေနဲ့ဘုရား'

အသက်(၆၀)နှစ်ပင် ကျော်ခဲ့ပြီဖြစ်သော ဦးပဥ္စင်းကြီး ဦးပညာစာရသည် မိမိ သရဲကြောက်တတ်ကြောင်းကိုကား မပြောပေ။ သို့သော် အားလုံးက သဘောပေါက်နေကြပြီးဖြစ်၏။ ဆရာတော်ကြီးက ဦးခေါင်း တဆတ်ဆတ်ညိတ်ရင်း...

'ကောင်းပြီလေ... ဦးပဥ္စင်းကြီးမှာ အခက်အခဲ ရှိနေရင်လဲ မလိုက်ပါဘဲ ကိုယ်တော်တစ်ပါးတည်း ကျောင်းစောင့်ရင်း ကျန်နေရစ်ခဲ့ပေါ့။ ဘုန်းကြီးနဲ့အတူ အခြားသံဃာ(၆၉)ပါးက ညနေမိုးချုပ်တာနဲ့ သုသာန်ဓုတင်အတွက် ထွက်ခွာကြရမှာပေါ့လေ'

'ဟာ... တပည့်တော်တစ်ကိုယ်တည်း ကျောင်းကြီးမှာ နေခဲ့ဖို့က ပိုခက်ခဲပါတယ်။ မထူးတော့ပါဘူး၊ တပည့်တော်လဲ သုသာန်ဓုတင်ကို အတူလိုက်ပါတော့မယ်။ တစ်ခုကိုသာ တောင်းဆိုပါရစေဘုရား'

တောင်ပုလု ဆရာတော်ကြီးက သဘောကျစွာ ရယ်မောရင်းမှ...

'ကဲ...ပြောပါဦးဗျ ဦးပဥ္စင်းကြီးက ဘာကိုများ တောင်းဆိုချင်လဲ'

'သုသာန်ကို သိပ်မမှောင်ခင် စောစောမှာသွားပြီး ကိုယ်နေရာယူမယ့် နေရာကို ရှင်းလင်းချင်တာပါ ဘုရား၊ ဆရာတော်ဘုရား သိတဲ့အတိုင်းပဲ တပည့်တော်တို့ အညာဒေသဆိုတာက မြွေပါး ကင်းပါးပါ သတိထားနိုင်မှတော်ကာ ကျတာကြောင့်မို့ပါ'

'ကောင်းပါပြီဗျာ... ဦးပဥ္စင်းကြီး သဘောအတိုင်းပါ။ ဒါပေမယ့် ဘုန်း



www.burmeseclassic.com

www.burmeseclassic.com

ကြီးက အာမခံတယ်၊ ဓုတင်ဆောင် သံဃာတော် အားလုံးကို ဘယ်တော့မှ ခလုတ်မထိ ဆူးမငြိစေရဘူးလေ'

ဘာသာခြားတို့၏ သုသာန်နှင့်မတူ ဗမာသချိုင်းသုသာန်တို့သည် တာဝန်ယူ ရှင်းလင်းမည့်သူ ကင်းမဲ့သဖြင့် ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် ဖုံးလွှမ်းနေလေ့ ရှိတတ်ပြီး မြွေဆိုးများ ခိုးအောင်းတတ်သည်က ထုံးစံ။

သို့သော် ဓုတင်ဆောင် သံဃာတော်များ သုသာန်သို့ ရောက်ရှိသွားကြချိန်တွင် ချုံနွယ်တစ်ပင်မျှ မရှိအောင် ရှင်းလင်းထားသည်ကို တွေ့ရှိရ၏။ ဆရာတော်ကြီး ကြိုတင်မှာကြားခိုင်းစေထား၍သာ ရွာသားများ လာရောက် ရှင်းလင်းထားခြင်း ဖြစ်ပေလိမ့်မည်။

ဦးပဥ္စင်းကြီး ဦးပညာစာရကို မြေပုံအသစ်တစ်ခုပေါ်တွင် ထိုင်၍ တစ်ညတာ တရားမှတ်စေရန် ဆရာတော်ကြီး ကိုယ်တိုင် နေရာသတ်မှတ်ပေးလိုက်၏။ ဦးပဥ္စင်းကြီး၏ ပတ်လည်တွင် အသက်အရွယ်ရပြီးသော သံဃာတော်များကိုသာ နေရာချထားပေးလေသည်။

'ကဲ...ဦးပဥ္စင်းကြီးကို ဘုန်းကြီး ချထားပေးတဲ့ နေရာကို သဘောကျရဲ့လား။ မကျရင်လဲ ပွင့်ပွင့်လင်းလင်းသာပြောပါ။ ဦးပဥ္စင်းကြီး ကြိုက်တဲ့ နေရာကို ပြောင်းပေးပါ့မယ်'

'သဘောကျပါတယ် ဘုရား။ နေရာမပြောင်းလိုတော့ပါဘူး'

ဤသို့ဖြင့် အခက်အခဲ တစ်စုံတစ်ရာမရှိ သုသာန်ဓုတင်ကို တစ်ညတာ လွန်မြောက်အောင်မြင် ပြီးစီးသွားခဲ့ကြလေသည်။

ထို့ကြောင့် နံနက်ခင်း ရောင်နီလာချိန်တွင် တောရကျောင်းသို့ သံဃာတော်များ ချောမောစွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ သတ်မှတ်ထား



သော ဓုတင်အားလုံးလည်း ပြီးစီးသဖြင့် ပျော်ရွှင်နေကြ၏။

နေ့ဆွမ်းကို သံဃာတော်များ ဘုဉ်းပေးပြီးစီးချိန်တွင် ဆရာတော်ကြီး ကိုယ်တိုင် သုသာန်ဓုတင်နှင့် ပတ်သက်၍ သံဃာတော်တစ်ပါးချင်း တရားစစ် (ထူးခြားမှု ရှိ မရှိ စစ်ဆေးမေးမြန်းခြင်း) ပြုလေသည်။

ဤသို့ဖြင့် ဦးပဥ္စင်းကြီး ဦးပညာစာရကို စစ်ရန် အလှည့်ရောက်ရှိလာခဲ့၏။

'တပည့်တော်ရဲ့ အတွေ့အကြုံကတော့ ထူးခြားလှပါတယ်ဘုရား။ အသက်(၁၂)နှစ်ခန့်အရွယ် မိန်းကလေးတစ်ယောက် မျက်နှာမှာ သနပ်ခါးပါးကွက်ကြားနဲ့ ဦးခေါင်းမှာ ဆံပင်ကို ကြက်တောင်စည်းနဲ့ ဘုရား...

အင်္ကျီဝတ်ထားတာ အဝါရောင်မှာ အမည်းကွက်၊ ထဘီက အနက်ရောင်ဝတ်ပြီး အက အမျိုးမျိုးနဲ့ ကပြတာကိုပဲ ရုပ်ရှင်ကြည့်ရသလို တစ်ညတာလုံး မြင်တွေ့ကြည့်ရှုရင်း မိုးလင်းသွားခဲ့တယ် ဘုရား။

ခက်တာက ဒီမိန်းကလေးကို အရင်ကလဲ တပည့်တော် မသိခဲ့ပါဘူး။ မျက်စိဖွင့်လိုက်ရင် ပျောက်သွားတယ်။ မှိတ်လိုက်ရင် သူက ကပြနေတာကိုပဲ မြင်နေရတာ တစ်ညတာလုံးပါပဲဘုရား'

ဟု ဆို၏။

ဦးပဥ္စင်းကြီးဦးပညာစာရ၏ စကားအဆုံးတွင် သံဃာတော်တချို့ကြားတွင် လှုပ်လှုပ်ရွရွ ဖြစ်သွားသည်ကို သတိထားမိသူ သိပ်မရှိလိုက်ပေ။

ထင်ရှားကျော်ကြားသော တောင်ပုလုဆရာတော်ကြီးထံ ဩဝါဒခံယူပြီး တရားရှာနေသူ ရပ်ဝေးဒေသများမှ လာရောက်သူများ၊ နိုင်ငံခြားသား သံဃာတော်များကတော့ သတိမထားမိလိုက်ကြပေ။

စင်စစ် ယမန်နေ့ညက ဦးပဥ္စင်းကြီး ဦးပညာစာရ တစ်ညတာ ထိုင်ပြီး သီတင်းသုံးသွားခဲ့သော မြေပုံအသစ်ကလေးသည် လွန်ခဲ့သော (၁၀)ရက်ကျော်ကမှ ဆေးမှားသောက်မိ၍ သေဆုံးခဲ့သူ ရွာမှ မိန်းကလေး၏ မြေပုံ ဖြစ်သည်။ ထိုမိန်းကလေး အသက်ရှင်နေစဉ်က အကဝါသနာ အလွန်ကြီးလှ၏။

ကျေးရွာမှာ သကြန်ပွဲ၊ ကဆုန်ညောင်ရေသွန်းပွဲ၊ ပျော်ပွဲရွှင်ပွဲများတွင် အမြဲတမ်း ကပြဖျော်ဖြေလေ့ရှိသူ ကလေးတစ်ဦး ဖြစ်လေသည်။

ယခုကား သေဆုံးခဲ့ပြီးချိန်မှာပင် ဓုတင်ဆောင်နေစဉ် သူမ တတ်မြောက်ထားသော အကဖြင့် ဦးပဥ္စင်းကြီး ဦးပညာစာရကို ကပြသွားခဲ့ပေကြောင်းသာ သိရှိခဲ့မည်ဆိုပါလျှင်...

**စာကြွင်း ။ ။ ဦးမြင့်အောင်(ဦးပညာစာရ)သည် အမည်လွှဲ ဖြစ်ပါသည်။ လွန်ခဲ့သော (၄)နှစ်ခန့်က ကွယ်လွန်ခဲ့ပြီး ဖြစ်ပါသည်။ မောင်သန်းထွန်းသည် နောင်အခါတွင် စာရေးသူ၏ ညီမနှင့် အိမ်ထောင်ကျခဲ့ပြီး သူလည်း ကွယ်လွန်သွားခဲ့ပြီး ဖြစ်ပါသည်။**

**အောင်ဆန်းလင်း(ဘီအေ)**

www.burmeseclassic.com

# အမျှဝေရချင်

နာမည်ခေါ်ပါ

မောင်ပယ်ဂိန်း
(အင်းတော်)



[ ၁ ]

ဘဝတစ်ခုပြောင်းလျှင် နာမည်ခေါ်ပြီး အမျှဝေရပါသည်။ စာရေးသူ၏ ဖခင်ကြီး ဦးညွန့်မောင် ကွယ်လွန်ခဲ့စဉ်က (၇)ရက် ရက်လည် ဆွမ်းသွတ်မည့်နေ့မတိုင်မီ ညနေပိုင်းတွင် ဖခင်ကြီး မြေမြှုပ်သဂြိုဟ်ခဲ့သည့် သင်္ချိုင်းတွင် ကိုသန်းဆွေက အနီးရှိ သစ်ခက်ကလေးနှင့်ချိုးပြီး မနက်ဖြန် တရားနာရန် ဖိတ်ခေါ်ခဲ့ရပါသည်။

'ဦးညွန့်မောင်... မနက်ဖြန် ခင်ဗျားကို ရည်စူးပြီး ရက်လည်ဆွမ်းသွတ်မှာ ပင့်သံဃာတော်များကို ဆွမ်းကပ်လှူဒါန်းပြီး ကောင်းမှုအနုမောဒနာ အမျှတန်းဝေမှာဖြစ်လို့ တရားနာကြဖို့ လိုက်ခဲ့ပါ'

ဆိုပြီး သစ်ခက်လေးဖြင့် မြေပုံကို ရိုက်ပြီး ခေါ်ခဲ့ပါသည်။ အိမ်၏ အဝင်ဝ၌ ထရံတွင် ချိတ်ထားလိုက်ပါသည်။

ရက်လည်ဆွမ်းအတွက် ချက်ပြုတ်သည့် ညဥ့်တွင် အိမ်အနောက်လှေကားမှ တစ်စုံတစ်ယောက် တက်လာသည့်ဟန် ခြေသံသဲ့သဲ့ကို ကြားရပါသည်။ ထွက်ကြည့်သော် မတွေ့ပါ။

* * *

[ ၂ ]

နောက်တစ်ဦးက စာရေးသူ၏ ဘလေးဖြစ်သူ ဦးအေးမောင် ဖြစ်ပါသည်။ ဦးအေးမောင်၏ ပထမအိမ်ထောင် ဒေါ်ညွန့်ရီမှာ စာရေးသူ၏ အဒေါ်အရင်း ဖြစ်ပါသည်။

ဒေါ်ညွန့်ရီဆုံးပြီး ဦးအေးမောင် တစ်ပင်လဲ၍ တစ်ပင်ပြန်ထူသည်။

ဦးအေးမောင်၏ နောက်အိမ်ထောင်က ခရစ်ယာန်ဖြစ်သည်။ ဘာသာရေးအရ မဆုံစည်းနိုင်သော မျဉ်းပြိုင်များ ဖြစ်ပါသည်။

သားသမီး ပထမအိမ်ထောင်နှင့် (၁၁)ဦးရခဲ့သည်။ ဒုတိယအိမ်ထောင်နှင့်ကား (၄)ဦးရခဲ့သည်။

ဦးအေးမောင် ဒုတိယအိမ်ထောင်နှင့် (၁၈)နှစ်မျှ ပေါင်းပြီးနောက် ဦးအေးမောင် ကွယ်လွန်ခဲ့သည်။

ပထမအိမ်ထောင်မှ သားသမီးများ လူလားမြောက်ကြပြီး ဒုတိယအိမ်ထောင်နှင့်ရသည့် သားသမီးများမှာ လွန်စွာငယ်သေး၍ စိတ်မချပဲ ပေါ်ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ မကျွတ်ပါ။ အိမ်တွင် စွဲလမ်း၍ စွဲကပ်နေပါသည်။

ဒုတိယအိမ်ထောင်ဖက်က မြင်သော်လည်း အမှုမထား။ ဂရုမစိုက်။ ကြောက်လည်း မကြောက်။ လန့်လည်း မလန့်။ သူ့ဇနီးမို့ ကြောက်လန့်အောင် မလုပ်ချင်းလည်း ဖြစ်မည်။

ပထမအိမ်ထောင်၏ သမီးကြီး ဒေါ်ရွှေက တွေ့သဖြင့် ဝါဆိုဦးတွင် သင်္ကန်း၊ ထီး၊ ဖိနပ်၊ ဆွမ်း အစရှိသည့် လှူဖွယ်ဝတ္ထု အစုစုတို့ဖြင့် ဘုန်းကြီးကျောင်းတွင် လှူပါသည်။ မလှူမီ တစ်ရက်တွင်လည်း ကြိုဖိတ်ထားပါသည်။

'အဖေ... အဖေအတွက် ကျွန်မ သင်္ကန်း ထီး ဖိနပ်၊ ဆွမ်းတို့ကို မနက်ဖြန် ဘုန်းကြီးကျောင်းမှာ သွားလှူမှာ ဖြစ်ပါတယ်။ အဖေ ဘယ်မှ မသွားပါနဲ့။ မနက်ဖြန် မနက်စောစော (၅)နာရီမှာ ဘုန်းကြီးကျောင်းသွားမယ်။ အဖေ့ကို လာခေါ်ပါ့မယ်။ အဖေ လိုက်ခဲ့ပါ'

နောက်နေ့ နံနက်(၅)နာရီတွင် သပြေညွှန့် တစ်ညွှန့်နှင့် သူ့အဖေကို ခေါ်ပြီး ဘုန်းကြီးကျောင်းမှာ ဆွမ်းကပ်၊ သင်္ကန်း၊ ထီး၊ ဖိနပ် လှူပါသည်။ ရေစက်ချ အမျှဝေပါသည်။

သည့်နောက်တွင် ဦးအေးအောင်ကို အိမ်တွင် မတွေ့တော့ပါ။ ကောင်းသည့် ဘုံဘဝသို့ ရောက်သွားသည်ဟု ဆိုရမည်ဖြစ်ပါသည်။

* * *

[၃]

နောက်တစ်ဦးကား **ကျော်ရှာသူ ဒေါ်မြရင်** ဖြစ်ပါသည်။ ဒေါ်မြရင်ကား စာရေးသူဇနီး၏ ယောက်မ ဖြစ်ပါသည်။

မိုးယူဆည်ကြီး တောင်တော်တွင် ခန္ဓာဝန် ချသွားပြီဖြစ်သည့် ဆရာတော် ဦးကူနွဝံသ သက်ရှိထင်ရှားရှိစဉ်က



ခန္ဓာဉာဏ်ရောက် တရားများကို နာခဲ့ကြပါသည်။

ယနေ့ထိလည်း လပြည့်၊ လကွယ် နေ့ရက်များတွင် ဆရာတော်ကြီး ဦးကူနွဝံသအား ဆက်ခံသည့် သံဃာတော်များက မိုးကုတ်ဆရာတော်ကြီး၏ နည်းစနစ်အတိုင်း ခန္ဓာဉာဏ်ရောက် တရားများ ဟောသဖြင့် တရားသဘင်မှာ စည်ပင်လျက် ရှိပါသည်။

ဒေါ်မြရင်သည် ချွေးနဲ့စာဖြင့် စုဆောင်းပြီး သပိတ်တော်ကြီးလှူရန် အားခဲနေစဉ်မှာပင် မူလ သွေးတိုးရောဂါ၏ ဖိစီးနှိပ်စက်မှုဖြင့် မလှူရမီ၊ တရားနာ ရေစက်မချမီ ကွယ်လွန်သွားရှာပါသည်။

တန်ခူးလအခါ တရားစခန်းမှာမှ လှူမည်ဟု အားခဲထားခဲ့ရာ ခဲလေသမျှ သဲရေ ကျခဲ့ရသည်။

သားသမီးတစ်စုကမူ မိခင်ကြီး ဒေါ်မြရင်၏ ဆန္ဒအရ ဆွမ်းသပိတ်တော်ကြီးကို တန်ခူးလအခါ တရားစခန်းတွင် လှူခဲ့ပါသည်။ ရေစက်ချ အမျှလည်း ဝေခဲ့ပါသည်။

ဒေါ်မြရင်၏ အမည်ဖြင့် ရေစက်ချရန် ပြောထားပေမယ့် တရားရှေ့ဆောင်က ဒေါ်မြရင်အမည်မပါဘဲ ချခဲ့ပါသည်။

တန်ခူးလအခါ တရားစခန်းမှာလည်း (၁၀)ရက်ဖြစ်ရာ သကြံန်အကြတ်နေ့ ညနေစောင်းတွင်မူ မော်လူးက တရားစခန်းဝင်လာသည့် မိန်းကလေးတစ်ဦးကို တီးတိုးစကား ပြောခဲ့သည်။ တရားမှတ်နေစဉ် ပြောခဲ့သည့်စကားမှာ...

'ဖွါ့ကို ဘယ်သူမှလဲ မခေါ်ကြဘူး။ တရားစခန်းမှာ (၅)ရက်ရှိနေပြီ။ ငါလဲ (၅)ရက်ရှိပြီ။ ငါ့နာမည်နဲ့လဲ ရေစက်မချဘူး။ မင်းက ပြောပေးပါ။ ငါ့အတွက် ထီး ဖိနပ်၊ သင်္ကန်း လှူပေးပါ။ ငါ့နာမည်နဲ့လဲ ရေစက်ချအမျှဝေပါလို့ ပြောပါ'

မိန်းကလေး မျက်စိဖွင့်ပြီး ကြည့်လိုက်သည့်အခါ နောက်ကျောသာ မြင်လိုက်ရသည်။ ပြောပြီးပြီးချင်း ထသွားပုံပေါ်သည်။

ယောဂီများနေရာ တဲကျောင်းသို့ ဆင်းသွားသည်ကို တွေ့လိုက်ရသည်။ မော်လူးက မိန်းကလေးက ယောဂီများကို ပြောပြရာ အရပ် အနိမ့်အမြင့်၊ အဝိန်၊အဝ မေးရာ ကွယ်လွန်သူ ဒေါ်မြရင်၏ ခန္ဓာကိုယ် အချိုးအဆက်နှင့် တူနေ၍ ဒေါ်မြရင်ပဲ ဖြစ်မည်ဟု ပြောကြသည်။

ဒေါ်မြရင်၏ သားသမီးများက နောက်တစ်နေ့တွင် ထီး၊ ဖိနပ်၊ သင်္ကန်း၊ ဆွမ်း အစုစုတို့ ဆက်ကပ်လှူဒါန်းပြီး ဒေါ်မြရင်၏ အမည်ကိုပါ တပ်ပြီး ရေစက်ချ အမျှဝေလိုက်ပါသည်။

ကောင်းရာ သုဂတိဘုံ ရောက်သွားမည် ဖြစ်ပါသည်။ နောက်ဆက်တွဲ အကြောင်း တစ်စုံတစ်ရာ မကြားသိရတော့ပါ။

**အာယု ဝဏ္ဏော သုခံ ဗလံ**

**မောင်ဗဟိန်း(အင်းတော်)**



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့်

# လေထဲကအသံ

ကျွန်ုပ်မှာ ဖောက်ဖြန်တတ်သော သဘာဝရှိသူတစ်ဦး ဖြစ်သည့်အား လျော်စွာ ကောင်းမှုကိစ္စဖြစ်သော သမာဓိ ရရှိရေးအတွက် အာနာပါန ကျင့်စဉ်ကို နေ့စဉ် အချိန်မှန်မှန် မကျင့်နိုင်သေးပေ။ စိတ်လိုလက်ရရှိ သည့် အချိန်များမှသာ ကျင့်လေ့ရှိပါ သည်။ စိတ်လိုလက်ရ ရှိသောအချိန် ကလည်း နည်းသဖြင့် မကျင့်နိုင်သည် က များပါသည်။

အာနာပါနကို ကျင့်သည့်အခါမှာ လည်း ဒုက္ခပေးသည်က ကျွန်ုပ်၏ ရင်ကျပ်ရောဂါ ဖြစ်ပါသည်။ ငယ်စဉ် ကတည်းက ဖြစ်လာသော ဤရောဂါ ကြောင့်လည်း ကျင့်ရမှာ အားလျော့ နေတတ်သည်။

၁၉၉၀ ပြည့်နှစ်၏ တစ်ခုသော ဆောင်းဝင်စ ကာလတွင် ဤရောဂါက ဒုက္ခပေးသဖြင့် (AEROSOLUM) ပန်းနာရင်ကျပ် ပျောက်ဆေးဖြင့် နှာဝ ကို မန်းမှုတ်လိုက်ရပါသေးသည်။ ပြီးမှ ဘုရားစင်ရှေ့၌ တင်ပျဉ်ခွေထိုင်ပြီး အာနာပါနကျင့်စဉ်ကို အားထုတ်လိုက် ပါသည်။

ကျင့်နေစဉ်မှာပင် အသက်ရှူရ သည်မှာ မွန်းကျပ်နေလေ၏။ ထို့ ကြောင့် စိတ်ထဲတွင် ရောဂါပျောက်ချင် သောဆန္ဒ ဖြစ်လာပါသည်။ ပျောက် လျှင် ကောင်းမှာပဲဟု တမ်းတမိပါ သည်။

အချိန်မှာ ညဥ့်နက်ပိုင်းဖြစ်၍ လူသံ၊ ကားသံ စသည့် ဆူညံသံများ ကင်းဝေး နေချိန်ဖြစ်သည်။

'ဆေးဝိဇ္ဇာနဲ့ မိတ်ဆွေဖွဲ့'

လေးလေးမှန်မှန် ပြောကြားလာ သည့် အထက်ပါအသံကို ပုဂ္ဂိုလ်တစ်စုံ တစ်ယောက်မှ မရှိပါလျက် ကြားလိုက် ရသည်။ အသံ၏ ညွှန်ကြားမှုအရ မိတ်ဆွေဖွဲ့ကြရမည်ဆိုလျှင် လှူဒါန်း ပေးကမ်းစရာ တစ်စုံတစ်ခု လိုအပ် ပေမည်ဟု စဉ်းစားမိသည်။ ထိုအရာမှာ အမွေးတိုင်၊ အလင်းတိုင်သာ ဖြစ်သင့် ပေ၏။

'ရှေကော မပါဘူးလား'

ဟု စဉ်းစား၍ မဆုံးခင်မှာ ထပ်မံ ကြားလာရသည်။ သဘောပေါက်လာ မိသည်။ အထက်ပါ အသံများမှာ ကောင်းမွန်သော အကြံပေးချက်များ ဖြစ်သဖြင့် ကျေးဇူးတင်ထိုက်လှပေ သည်။

သို့သော် ဤအသံသည် မည်သည့် အရပ်ဌာနက လာပါသနည်း။ ကျွန်ုပ်၏ လိုအပ်ချက်များကို အဘယ်ကြောင့် ဖြည့်စွက်ပေးနေပါသနည်းဟု စဉ်းစား လျှင် အဖြေရမည် မဟုတ်ချေ။ ပဋ္ဌာန်း ဆက် ဆိုသည်မှာ အဘယ်နည်း။ ဤသို့ အဝေးမှ အကြံပေးတတ်လေ သလော။ ကျွန်ုပ်အနေနှင့် စောကြော ရန် ခက်ပါဘိတော့။

ကျွန်ုပ်လို ထုံပိုင်း ထုံပိုင်း ကျင့်ကြံ သူတစ်ယောက်မှာပင် ဤသို့ ထူးခြား သော လေထဲက အသံကို ကြားရဖူး သည် ဆိုပါက တစ်ရံမလပ် ကျင့်ကြံ ပွားများနေသူ(သူတော်စင်) ပုဂ္ဂိုလ်များ ၌မူ အဘယ်ဆိုဖွယ်ရာ ရှိတော့မည် နည်းဟု တွေးတောဦးညွှတ်မိပါတော့ သည်။

မောင်နီး(ကျောက်မဲ)



www.burmeseclassic.com

www.burmeseclassic.com



မောင်ကြင်ယု
(ချောင်းဆုံ)

# နာဂယား

(သို့မဟုတ်) နှုတ်ပေးသည့်စပါး

**"နာဂယား"**ဆိုသည့် အမည်သည် ပေါင်မြို့နယ် **"အဟောက်ကျေးရွာ" လယ်ကွင်းပြင်ထဲမှ** လယ်သမားကြီးတစ်ဦး၏ အမည်ဖြစ်သည်။ ဟိန္ဒူလူမျိုး ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်သည်။

အရပ်အမြင့် ခြောက်ပေ လေးလက်မခန့်ရှိသူ ရင်အုပ်ပြင် ကျယ်ကျယ်နှင့် အကြမ်းခံ လယ်သမားကြီးတစ်ဦး ဖြစ်ပေသည်။

နာဂယားမှာ လယ်ဧက၊ ဆယ်ဧကရှိပေသည်။ နွားအကောင်နှစ်ဆယ်ခန့်ရှိသည်။ ကိုယ်ပိုင်လယ်မြေမှာ ကိုယ်ပိုင်နွားများကို ခိုင်းကာ လယ်ယာစီးပွားဖြင့် အသက်မွေးမှုပြုနေသည်။

နာဂယား၏ လယ်ယာလုပ်ငန်းခွင်ရှိသေတန်ဖိုးထားမှုများကား နမူနာယူစရာ ကောင်းပေသည်။

ကိုယ်ပိုင်ခိုင်းနွားများကို ကျွေးမွေးဖို့ များစွာသောနွားများအတွက် တစ်မျိုးတစ်စားတည်းဖြစ်အောင် ကိုယ်တိုင်ပင် မြက်ကို ရှာကြံ ရိတ်ကျွေးလေသည်။ အပင်ပန်းခံသည်။

သူ့နွားများ စွန့်ပစ်သည့် နွားချေးများကိုမှ သူ၏ လယ်မြေများထဲ၌ မြေဩဇာချထား အသုံးပြုသည်။

သူ့လယ်ယာမြေ၌ အခြားကြိုတွေ့ရာ နွားချေးမြေဩဇာများ မသုံးတတ်ပေ။

'အစ်ကို...ဒီလို မြက်တစ်မျိုးတစ်စားတည်း အပင်ပန်းခံ ရိတ်ကျွေးထားတော့ နွားချေးမြေဩဇာသန့်တယ် အစ်ကို၊ လယ်မြေအတွက် မြေဩဇာထဲလဲ သန့်တယ်၊ အကျိုးပိုရှိတယ် အစ်ကို'

ဤသို့ နာဂယားက ပြောပြသည်။

နာဂယား လယ်ထဲဆင်းလျှင် ဖိနပ်မစီးဘဲ လယ်ကွက်ထဲ အခေါက်ခေါက်အခါခါ လမ်းဖြတ်လျှောက်သွားနေတတ်ရာ တစ်လမ်းထဲမှ မသွားဘဲ လယ်ကွက်နေရာ အနှံ့အပြား လှည့်လည် သွားလာနေတတ်ပေသည်။

သူ့မိသားစုများကိုလည်း လယ်ကွက်နေရာအနှံ့မှာ လှုပ်ရှားသွားလာ





www.burmeseclassic.com

www.burmeseclassic.com



နေစေလေသည်။

'ဒီလို လယ်ထဲမှာ နေရာအနှံ့အပြား လှည့်လည် သွားလာနေကြတာကြောင့် လယ်ယာမြေ တမန်နှံ့ပြီးသား ဖြစ်သွားတာပဲပေါ့ အစ်ကို။

နောက်ပြီး ဘယ်လယ်ကွက်ထဲမှာ အပင်သေမှုတွေ ရှိမရှိကိုလဲ အမြဲမြင်တွေ့နိုင်တာပဲ ပေါ့အစ်ကို။

လယ်တစ်ကွက်အတွင်း တည်ရှိရမယ့် ကောက်ကွက်ပင်နှုန်းအရေအတွက် ဝင်အောင် ဖာထေးဖြည့်စိုက်ပေးနိုင်တယ်။

ကိုယ့်လယ်ယာမြေမှာရှိတဲ့ စပါးပင်ပွား အခြေအနေကိုလဲ လေ့လာသိရှိနိုင်တာကြောင့် လိုသလို အားဖြည့်ဆောင်ရွက်ပေးနိုင်သေးတယ်'

အသားက မည်းမည်း၊ သွားပေါ်အောင် အပြုံးလေးနှင့် စကားသံဝဲဝဲ မနားတမ်းပြောနေတတ်သည့် နာဂယားသည် ခင်မင်ဖွယ်ရာကောင်းနေပေသည်။

နာဂယားကို တွေ့လျှင် ရွှေချောင်းဆုံမြို့နယ်၊ ကလွှီကျေးရွာရှိ စပါးဒိုင်မှူး ကိုလွှမ်းမိုးသည် ဦးခေါင်း တညိတ်ညိတ်နှင့် နာဂယားပြောပြနေသည့် အကြောင်းအရာများကို နားထောင်နေတတ်လေသည်။

'ဘယ်သူမဆို ကိုယ်လုပ်ကိုင်တဲ့ အလုပ်ကို တန်ဖိုးထားရမယ်နော် အစ်ကို၊ နာဂယားလေ ကိုယ်လုပ်ကိုင်နေတဲ့ လယ်ယာမြေကို အလွန်တန်ဖိုးထားပါတယ်။

ကိုယ့်လယ်ထိပ်မှာ လယ်စောင့်နတ်အတွက် အထိမ်းအမှတ်နတ်ကွန်း တစ်ခုကိုလဲ ဆောက်ထားပေးတယ်။ လယ်နတ်ကို ပသပေးတယ်။

နာဂယားပိုင်တဲ့ လယ်မြေကွက်မှာ မြွေပွေးတွေ ပေါတယ် အစ်ကို၊ လေး၊ ငါးကြိမ်လောက်မကဘူး၊ မြွေပွေးတွေကို နာဂယား ခြေထောက်အကြား ခွထားလျက် နင်းချမိတယ်။

ခြေလှမ်းနင်းချပြီးမှ ကြည့်ရှုမြင်တွေ့ရတယ် အစ်ကို၊ နာဂယား ကြက်သီးဖြန်းဖြန်းထမိတယ်ပေါ့ အစ်ကို၊ အန္တရာယ် မဖြစ်ခဲ့ပါဘူး။

ဒါဟာ ကိုယ့်မြေကို မြတ်နိုးတန်ဖိုးထားလို့ လယ်စောင့်နတ်က နာဂယားကို စောင့်ရှောက်ပေးပြီး အန္တရာယ် ကင်းကင်းရှင်းရှင်း ဖြစ်စေတာပဲပေါ့နော် အစ်ကို'

စပါးဒိုင်မှူး ကိုလွှမ်းမိုးသည် နာဂယားအပြောစကားများ နားထောင်နေရင်းက အတူပါလာသော အပေါ်အင်္ကျီ မပါ၊ လုံးတီးလေးဖြစ်နေသော သားငယ်လေးကို ကြည့်လိုက်မိသည်။

'နာဂယားရဲ့သားဟာ ကျန်းမာရေးကောင်းတယ် ဝ,လုံးနေတာပဲ'

ဟု ကိုလွှမ်းမိုးပြောသည့်အခါ နာဂယားသည် သူ၏ သွားများ အဖြူတန်းပေါ်လေအောင် ပြုံးလိုက်ပြီး ပြောပြန်လေသည်။

'သားငယ်လေးကို အခြားအိမ်က နွားနို့တွေ မတိုက်ဘူး အစ်ကို၊ ခြံထဲမှာ မွေးထားတဲ့ နွားမဆီက နွားနို့သန့်သန့်ပဲ တိုက်တယ်။

နာဂယား နွားမတွေကို အစာသန့်သန့် ကျွေးထားတာမို့ အာဟာရဓာတ် အပြည့်အဝပါတယ်အစ်ကို။

အစ်ကို့အတွက်လဲ နောက်ကြုံရင် နာဂယားခြံထွက် နွားနို့အာဟာရဓာတ် အပြည့်အဝရှိတဲ့ နွားနို့စစ်စစ် ယူလာခဲ့မယ် အစ်ကို၊ တစ်ခါတည်း အားတွေ အများကြီးရှိသွားမယ်'

ကိုလွှမ်းမိုးသည်ပင် နာဂယားစကားကြောင့် မစားရဝခမန်း ဖြစ်နေတော့သည်။

ဟိုခေတ်အချိန်အခါသည် နိုင်ငံတော်မှ အဝယ်ဒိုင်ဖွင့်ပြီး လယ်သမားများ ရောင်းချသည့်စပါးကို ဝယ်ယူနေသည့် အချိန်ကာလဖြစ်သည်။

'ကဲ...နာဂယား ပါလာတဲ့ ရောင်းဖို့ စပါးတွေကို လှေထဲကနေ ကုန်းပေါ် တင်လိုက်ပါဦး စပါးဘယ်လောက် ပါလာသလဲ'

ပေါင်မြို့နယ်၊ အပေါက်ကျေးရွာနှင့် ချောင်းဆုံမြို့နယ်၊ ကလွှီကျေးရွာတို့သည် ပင်လယ်သို့ စီးဝင်သော သံလွင်မြစ်ဝရှိ မြစ်လက်တက်တစ်ခု၏ ဟိုမှာဘက်ကမ်းနှင့် သည်မှာဘက်ကမ်းဆီသို့ လှေသမ္ဗန် ကူးတို့လှေများဖြင့် ကူးလူး ဆက်ဆံရောင်းဝယ်မှု အလွယ်တကူပြုနိုင်ကြသည်။

သို့ဖြစ်၍ နာဂယားသည် ပေါင်မြို့ပေါ်သို့ သွားရောက် မရောင်းချဘဲ



www.burmeseclassic.com

www.burmeseclassic.com



ချောင်းဆုံမြို့နယ်၊ ကလွီကျေးရွာ စပါးဒိုင်သို့သာ လာရောက် ရောင်းချစမြဲ ဖြစ်ပေသည်။

'အခု ရောင်းမယ့်စပါးဟာ ဟိုတစ်ခေါက်က လာရောင်းတဲ့ အီကရစ်စပါးမျိုး မဟုတ်ဘူး အစ်ကို၊ နတ်ပေးတဲ့ စပါးမျိုးဖြစ်နေတယ်။ များများစားစား မပါခဲ့ဘူး အစ်ကို၊ စပါး တင်းဝါးဆယ်ကျော်လေးပဲ ပါတယ်'

နာဂယားသည် သူ၏ စပါးမျိုးသစ်ကို အမြတ်တနိုး "**နတ်ပေးသည့်စပါး**" ဟု ပြောနေသဖြင့် ဒိုင်မှူး ကိုလွမ်းမိုးသည် စာရင်းရေးမှတ်နေရာမှ နာဂယားကို လှည့်ကြည့်လိုက်မိသည်။

'ဘယ်လို နတ်ပေးတဲ့စပါးမျိုး ဟုတ်လား'

'ဟုတ်တယ် အစ်ကို၊ နာဂယားဟာ လယ်ယာအလုပ်ကို ကြိုးကြိုးစားစား ရိုးရိုးသားသား လုပ်တယ်နော် အစ်ကို၊ နာဂယားကို စောင့်ရှောက်ပေးနေတဲ့ လယ်စောင့်နတ်က ပေးတဲ့စပါးမျိုးပါ အစ်ကို'

'ဆက်ပြောပါဦး'

'ပြောပြချင်ပါတယ် အစ်ကို နာဂယား ကုသိုလ်ထူးတဲ့ အကြောင်းကို ပြောပြချင်ပါတယ်အစ်ကို'

* * *

နာဂယားဟာ မရှိဆင်းရဲသား လယ်သမားတစ်ဦးပါ အစ်ကို၊ အဟောက်ကျေးရွာ လယ်ကွင်းပြင်ကျယ်ထဲမှာ အပေါ်အင်္ကျီ မပါဘဲ တစ်နှစ်ပတ်လုံး နေထိုင်ပြီး သားမယားတွေကို ကြိုးစားရှာဖွေကျွေးမွေး ရုန်းကန်နေရတဲ့သူပါ အစ်ကို။

နာဂယားလေ မခိုးမဝှက်တတ်ဘူး။ လိမ်ညာတဲ့ စကားလဲ မပြောတတ်ဘူး။ ကောင်းတဲ့အမှုတွေပဲ လုပ်တယ်၊ မကောင်းမှုအလုပ် မလုပ်တတ်ဘူး။

နီးစပ်တဲ့ လယ်သမားအချင်းချင်းတွေကို ကူညီပေးတယ်၊ အနစ်နာခံစရာရှိရင် နာဂယားပဲ အနစ်နာခံတယ် အစ်ကို။

မိုးလင်း အိပ်ရာထတာနဲ့ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ရှိခိုးတယ်။ ဆွမ်းတော်ကပ်တယ်။ ပန်း၊ ရေချမ်း ကပ်လှူတယ်။

ညအိပ်ရာဝင်ရင်လဲ ရတနာမြတ်သုံးပါးကို ရှိခိုးပြီးမှ အိပ်တယ်။ အိမ်က ဇနီးမယားနဲ့ သားသမီးတွေကိုလဲ သူတို့ စိတ်မဆင်းရဲရအောင် စောင့်ရှောက်ပေးတယ်အစ်ကို။

လယ်စောင့်နတ်ကိုတော့ နေ့စဉ် စားကောင်းဖွယ်ရာ ကျွေးမွေး ပသပေးတယ်။ နာဂယားဟာ လယ်ထဲမှာ တစ်နေ့လုံး ကန်သင်းဖို့တယ်၊ ငါးမွေးကန်တူးတယ်၊ ခြံထဲရှိ နွားစားဖို့ မြက်ရိတ်တယ်။

လယ်မြေမှာ ရေမခြောက်အောင် ပျိုးပင်တွေအတွက် လိုအပ်တဲ့ ရေဝင်ရေထွက် စောင့်ထိန်း ဆောင်ရွက်ပေးတယ်။

ဒါပေမယ့် အစ်ကိုရယ်...

တစ်ဝမ်းဝရုံပဲ စပါးထွက်မှုရရှိတယ်။ ဒါတောင် ကိုယ့်နွားနဲ့အတူ ကိုယ်ကိုယ်တိုင် လယ်ယာလုပ်ငန်းကြိုးပမ်းဆောင်ရွက်နေတာပါ။ လုံးလညီချာလည်ပဲ၊ နေပူထဲ မိုးရွာထဲ လယ်ယာလုပ်ငန်းလုပ်နေတာလဲ ဆယ်နှစ်ကျော်ခဲ့ပြီလေ အစ်ကို။

နာဂယား စိတ်မပျက်ပါဘူး။ ကိုယ့်ဘဝကို ကျေနပ်ပါတယ်။ စိတ်ကောင်းကောင်းထား ချမ်းသာမယ်တဲ့၊ စိတ်ထားမကောင်းရင် ဆင်းရဲမယ်တဲ့။ ကော့ကရင်ရွာ တောင်ပေါ်စေတီကျောင်း ဆရာတော်ဘုန်းကြီးက ပြောပြဖူးတယ်။

နာဂယား ဥပုသ်စောင့်သွားတုန်းက မှတ်သားထားတယ်။ ဘုန်းကြီးဆုံးမထားတာမှန်တယ် အစ်ကို၊ နာဂယား နှစ်ခြိုက်လို့ အမြဲ လိုက်နာတယ်။

နေ့တိုင်းလဲ မအိပ်မီ နတ်ကောင်းတွေကို ဆုတောင်းပေးပြီးမှ နာဂယား အိပ်လေ့ရှိတယ်။

တစ်ညမှာ အိပ်မက်တစ်ခု ထူးခြားတယ် အစ်ကို။ အိပ်မက်ထဲမှာ မြင်တွေ့ရတာက လယ်စောင့်နတ် ကိုယ်ထင်ပြပြီး...

'စီးပွားတိုးတက်အောင် ဆောင်မ,ပေးမယ် မနက်ဖြန် လယ်ထဲဆင်းရင် ထူးခြားမှု တွေ့လိမ့်မယ်၊ စီးပွားဖြစ်ပြီ'


တဲ့။ လို့ နာဂယားကို ပြောတယ်။

နာဂယားလဲ ချက်ချင်းပဲ အိပ်ရာက ပြန်နိုးလာတော့ မယားကို နှိုးပြီး ပြောပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန် လယ်ထဲ ဆင်းရင် လယ်စောင့်နတ်က တို့ကို ချမ်းသာအောင် စောင်မပေးမယ်တဲ့။ အိပ်မက်ထဲမှာ ပြောပြတယ်။

လယ်ထဲမှာ ရွှေ၊ ငွေ တစ်ခုခုတွေ့ပြီး ကောက်ရမယ် ထင်တယ်လို့ နာဂယားပြောပြတော့ မယားကလဲ ဝမ်းသာနေတယ်။

နောက်တစ်နေ့ မိုးလင်းချိန်မှစပြီး နာဂယား လယ်ထဲအနှံ့ လှည့်လည် ရှာဖွေတော့တာပဲ။

အိပ်မက်ထဲမှာ လယ်စောင့်နတ် အသေအချာပြောပြခဲ့တာ ထူးခြားမှု တစ်ခုခုတော့ တွေ့ရမှာပေါ့။

ဒါနဲ့ နံနက် ထမင်းစားတဲ့အချိန် ရောက်လို့ တဲဆီပြန်ပြီး ထမင်းစားတယ်။ မယားက မေးတော့ ဘာမှ မထူးခြားသေးဘူးကွာလို့သာ ပြောလိုက်ရတယ်။

ဒီနေ့အတွင်း အကျိုးထူးရနိုင်တယ်ဆိုတဲ့ ယုံကြည်မှုက ရှိနေတယ်။

နာဂယား ထမင်းစားပြီးပြီးချင်း လယ်ထဲ အလုပ်ဆင်းရင်း ရှာဦးမယ်ဆိုတဲ့စိတ်နဲ့ လယ်ကွင်းအနှံ့ ဆက်လက် လှည့်လည်ရှာဖွေပြန်တယ်။

ဂရုတစိုက် စိုက်ပျိုးထားတဲ့ စပါးပင်ပျိုတွေဟာ ယခင်နှစ်ကထက် ပိုမိုအားကောင်းနေတာကို မြင်တွေ့ရချိန်မှာ စိတ်ကူးတစ်မျိုး ဖြစ်ထွန်းပေါ်ပေါက်လာတယ်။

**"လယ်စောင့်နတ်ဟာ ဒီနှစ်မှာ စပါးအထွက်ကောင်းအောင် စောင်မ,ပေးနေတာပဲ ဖြစ်မှာပါ"**လို့လဲ တွေးမိနေတယ်။

ဒီစိတ်ကူးအတွေးကြောင့် နာဂယား စိတ်ထဲမှာ ပီတိတွေပျံ့နှံ့လို့ စိတ်ကြည်နူးမှုနဲ့ ဝမ်းသာနေမိတော့တယ်။

'ကျေးဇူးကြီးမားပါတယ် လယ်စောင့်နတ်မင်းကြီးရယ်'

ပီတိဖြစ်ပြီး လယ်ကွင်းပြင်ကျယ်ကို ဖြတ်လို့ နေဝင်ချိန်ရောက်ပြီမှ နာဂယား တဲဘက်ဆီ ပြန်လာတယ်။

နေဝင်ချိန်မှာလဲ လယ်ကွင်းပြင်ကျယ်ဆိုတာ အလင်းရောင်က တိမ်တောက်ချိန်ဖြစ်နေသေးတယ်။

နာဂယားက ရိုးတစ်ခုကို လှမ်းကျော်လိုက်တယ်။

ကြည့်စမ်း...

ရိုးနံဘေးမှာ ထူးခြားသည့် မြင်ကွင်းတစ်ခုကို နာဂယားရုတ်တရက် တွေ့လိုက်ရသည်။

ထူးခြားမှုဆိုသည်မှာ...

ရိုးနံဘေး၌ စပါးပင်တစ်စုသည် ရင့်မှည့်ကာ အဝါရောင်သန်းကာ အစုအဖွဲ့အလိုက် အခင်းတစ်ခင်းဖြစ်ကာ ဖြန့်ကျက်၍ ဝင်းဝါရင့်မှည့်နေချေလေပြီ။

နာဂယားသည် ထို ဝင်းဝါရင့်မှည့်နေသော စပါးမျိုးကို စိတ်ဝင်စားလျက် အနီးကပ် လေ့လာကြည့်မိတော့သည်။

သူ စိုက်ပျိုးထားသော စပါးမျိုးမှာ အီကရင်စပါးမျိုးနှင့် ကမာကြည်စပါးမျိုးသာ ဖြစ်သည်။

ယခု ဝင်းမှည့်စပါးများသည် သူ စိုက်ပျိုးထားသော စပါးမျိုးမဟုတ်ကြောင်း သေချာနေသည်။

အီကရင်စပါးမျိုးနှင့် ဆင်ဆင်တူသည်။ သို့သော်လည်း ထိုစပါးမျိုးမဟုတ်ပြန်ချေ။ အဆင်ကွဲနေသည်။ လုံးချောသန့်သန့် ကောင်းမွန်နေသည်။

နာဂယားမှာ သူတွေ့ဖူးသမျှ စပါးမျိုးများနှင့် တစ်ခုမျှ မျိုးမတူကြောင်းသာ နာဂယား သိရှိ နားလည်လိုက်သည်။

လယ်စောင့်နတ်သည် အကျိုးစီးပွားတိုးတက်များပြားစေသည့် စပါးမျိုးသစ်တစ်ခုကို စောင်မ,ပေးအပ်လေပြီဟု နာဂယားက သူ့မယားအား ဝမ်းမြောက်ဝမ်းသာ ပြောပြသည်။

ရွှေထက်၊ ငွေထက်ပင် အကျိုးများ,ပေသည် မဟုတ်ပါလား။

ထိုစပါးမျိုးသစ်ကို နာဂယားတို့ လင်မယား ရိုရိုသေသေ ရိတ်သိမ်းကြတော့သည်။

ရိုးပြတ်တောနံဘေး စပါးပင်တစ်သိုက်မှ ရရှိသည့် စပါးမျိုးသစ်အသီးအစေ့ အနည်းအကျဉ်းမျှသာ ဖြစ်သော်လည်း နာဂယားတို့သည် နောက်တစ်နှစ်၌ စံထားသည့် စိုက်ကွင်းပြင်ဆင်ကာ လယ်ထဲစိုက်ပျိုးကြလေသည်။

နောက်နှစ်တွင် မျိုးသစ်စပါးမျိုး ပိုမိုရရှိလာကြသည်။ ထိုစပါးမျိုးသစ်သည် အထွက်နှုန်းကောင်းသည်။

တစ်ဇေက အပြည့်မီ စိုက်ပျိုးကြသည့်အခါ တင်းကိုးဆယ်ကျော်ထိ ထွက်ကာ ရရှိသည်။ အလုံးအထွားကြီးသည်။ အဆန်အောင်သည်။ အဆန်ချောင်ခြင်း၊ ဆန်လုံးနီခြင်း မရှိပေ။ အဖျင်းအမှုန် ကင်းသည်။

ပတ်ဝန်းကျင် လယ်သမားများက သတင်းကြား၍ လာတောင်းကြသောအခါ နာဂယားသည် မျိုးသစ်စပါးမျိုးများကို ဖြန့်ဖြူးပေးလေသည်။ တွန့်တိုခြင်းမရှိပေ။

စပါးမျိုးသစ်ဖြစ်သော်လည်း ချက်



www.burmeseclassic.com

www.burmeseclassic.com

ပြုတ်စားကြသောအခါ အရသာကောင်းမွန်ထူးခြားနေကြောင်း တွေ့ရှိရကြသည်။

* * *

'အဲဒီ အစ်ကို...နတ်ပေးတဲ့ စပါးမျိုးကို လာရောင်းတာပါ။ ဒီနှစ်မှ စပါးတင်း တစ်ရာလောက် စပြီး ရတာပါ။

ဝန်းကျင်လယ်သမားတွေနဲ့ အိမ်မှာ စားဖို့ ဝမ်းစာအတွက်တော့ တင်းငါးဆယ်လောက် ချန်ထားပြီး နိုင်ငံတော်ကို စပါးတင်း ငါးဆယ် လာ ရောင်းချတာပါ'

လည်လည်ပတ်ပတ် ပြောပြနေသည့် နာဂယား၏ စပါးမျိုးသစ်ကို ဒိုင်မှူးကိုလွှမ်းမိုးသည် ဆ၍ ကိုင်ကြည့်နေမိတော့သည်။

ဟုတ်သည်။

စပါးမျိုးသစ်သည် အရည်အသွေးကောင်းသည်။ အလုံးအတုတ်ဖြင့် ညီညာလုံးချောများ ဖြစ်နေသည်။ အလေးချိန် ရှိသည်။ မျိုးသန့်သည်။ အသားအထွက်ပြည့်မီသည်။

'အီကာရင် စပါးမျိုးနဲ့ ဆင်ဆင်တူတယ်'

'မဟုတ်ဘူးအစ်ကို အီကာရင်စပါးမျိုး ဈေးနှုန်းသတ်မှတ်မပေးပါနဲ့၊ အဲဒီဈေးတန်းတူ နှုန်းထားပြီး ဝယ်မယ်ဆိုရင် နတ်ပေးတဲ့စပါးကို မရောင်းနိုင်ဘူးနော်'

'အီကာရင်မျိုးသန့် ဈေးတန်းတူပေးမယ် ဆိုရင်ကော'

'ဒါလဲ မရောင်းနိုင်ဘူးအစ်ကို... ထူးခြားတဲ့စပါးမျိုးသစ်ကို ဈေးပိုပေးရမယ်'

ကတ်သီးကတ်သတ် ပြောနေသော နာဂယားကိုကြည့်ရင်း ဒိုင်မှူး ကိုလွှမ်းမိုးသည်ပင် လူမောစိတ်မော ဖြစ်နေလေသည်။

'အေး...ဟုတ်တယ်၊ စပါးကတော့ မင်းပြောတဲ့ "နတ်ပေးတဲ့ စပါးမျိုးသစ်"လို့ ပြောရလောက်အောင် ထူးခြားကောင်းမွန်တဲ့ အထွက်နှုန်းတိုးကြောင်း လက်ခံရမယ်။

ထူးခြားတဲ့ စပါးမျိုးသစ် တွေ့ရှိထားကြောင်း စပါးနမူနာကိုလဲ အထက်ကျွမ်းကျင်သူ အရာရှိများကို အစီရင်ခံပေးရဦးမယ်။ ခက်တာက ဘယ်စပါးမျိုးလို့ အမည်တပ်ပေးရမလဲ ဆိုတာပဲ'

ဒိုင်မှူးကိုလွှမ်းမိုးသည် အထွက်တိုးစပါးမျိုးသစ်တစ်မျိုးကို ဈေးနှုန်းအသစ်တိုးပြီး သတ်မှတ်ပေး၍ ဝယ်ယူရရှိခဲ့ကြောင်းကိုလည်း ရှင်းလင်းချက် ပေးရဦးမည်။

သို့သော်လည်း သူ၏ ရင်တွင်းမှာ ပီတိဖြစ်ထွန်းလာပြီး တစိမ့်စိမ့်ကြည်နူးမှုအရသာကိုပင် ခံစားရရှိနေမိတော့သည်။

'ဒီလိုလုပ်ကွာ ဖြူစင်ရိုးသားသူ နာဂယားဆိုတဲ့ လယ်သမားကြီးကို "လယ်စောင့်နတ်" က စောင်မ,ပေးတဲ့ စပါးမျိုးသစ်ပဲ မဟုတ်လား။ အဲဒီစပါးမျိုးသစ်အမည်ကို "နာဂယား "အထွက်တိုး စပါးမျိုးသစ်"လို့ အမည်သစ် ရေးမှတ်ပေးထားလိုက်မယ်'

ဒိုင်မှူးကိုလွှမ်းမိုး၏ စကားကြောင့် နာဂယား၏အပြုံးသည် လင်းထိန်ဝင်းပသွားလေတော့သည်။

ထိုခေတ်အချိန်ကာလမှာ မွန်ပြည်နယ်၌ ''နာဂယား အထွက်တိုးစပါးမျိုးသစ်''သည် ထင်ရှားခဲ့ကြောင်း မှတ်တမ်းမှတ်ရာ ရှိနေပါသည်၊

**(ဖြစ်ရပ်မှန်ကို ရှင်းပြပေးသည့် စာရေးဆရာ မောင်လွှမ်းမိုး– ချောင်းဆုံ အား ကျေးဇူးတင်လျက်...)**

***စေတနာရည်ရွယ်၍...***

***မောင်ကြင်ယု(ချောင်းဆုံ)***

**စာမူရှင်များသို့...**

**ပေးပို့သော**

**စာမူများကို**

**မူပွား**

**ထားကြပါရန်နှင့်**

**မရွေးချယ်ပါက**

**ပြန်လည်ပေးပို့မည်**

**မဟုတ်ပါကြောင်း**

**အသိ**

**ပေးအပ်ပါသည်။**

***မေးစာအုပ်ဖြင့်...***

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com



ရွှေညို(တောင်ငူ)

# ဘယကျွအား စိန်ခေါ်မိသူ

'ဟလို...တောင်ငူကလား'

'ဟုတ်ပါတယ် တောင်ငူကပါ၊ ဘယ်သူပါလဲ ပြောပါ'

'ဩော်... ကိုရဲဝင်းလား၊ ကျွန်တော် သာဝတ္ထိက ကိုငယ်ပါ'

'အေး... ဟုတ်တယ်၊ မင်းတို့မိသားစုရော နေကောင်းကြလား၊ တခြားကိစ္စရော ရှိသေးလား'

'ကိစ္စနည်းနည်းရှိလို့ပါ ဟိုယောက်ဖ ဆိုင်ကယ် လိုင်စင်လဲ ပြီးပြီလား ဘယ်လောက်ကျလဲ၊ ကျွန်တော် ဆိုင်ကယ် လိုင်စင်သက်တမ်းတိုးဖို့ မနက်ဖန် တောင်ငူကို လာခဲ့ဦးမယ်'

'မနက်ဖြန် စနေနေ့ကြီး ရုံးပိတ်တယ်။ တနင်္လာနေ့မှ လာပေါ့'

'ဟုတ်ကဲ့...ဟုတ်ကဲ့ ဒါဆိုလဲ တနင်္လာနေ့မှပဲ လာခဲ့တော့မယ်'

စာရေးသူရဲ့ ယောက်ဖသုံးယောက် ရှိသည့်အနက် လူ့လောကမှာ တစ်ဦးတည်းသာ ကျန်ခဲ့တဲ့ယောက်ဖအလတ် ကိုငယ်(ခေါ်) ကိုတင်ကြိုင်ထံမှ ဖုန်းလာခြင်းဖြစ်ပါတယ်။ တနင်္လာနေ့ နံနက်အစောကြီး (၇)နာရီလောက်မှာ သူ့ဆိုင်ကယ်လေးနဲ့ ရောက်လာပါတယ်။

ရွာတောင်ပိုင်းက သူ့ညီမအကြီးဆီ ခဏသွားပြီး စာရေးသူနေအိမ်ကို ရောက်လာပါတယ်။ ခုံတန်းလျားမှာ ထိုင်တယ်ဆိုရင်ပဲ စာရေးသူမှ...

'ဟ... မင်းတော်တော် ပိန်သွားတာပဲ နေမကောင်းဘူးလား'

ဟု မေးရာကအစ သူ့ ဒူးခေါင်းကို လှန်ပြရင်း သူ့ညီမသည်ဖြစ်သူ စာရေးသူ ဇနီးသည်ရယ်၊ စာရေးသူတို့ နှစ်ယောက်ရယ် သုံးယောက်သား စကားတွေ ထိုင်ပြောကြတာ နေ့တစ်ဝက်အချိန်အထိပါပဲ။

သူ့ဆိုင်ကယ်နဲ့ စာရွက်စာတမ်း လိုင်စင်ခငွေတို့ကို တူလေးကိုစိုးကြီးကို ပေးပြီး နိုင်းလိုက်ပါတယ်။

သူပြောပြတဲ့ အကြောင်းအရာတွေထဲမှာ ယခု စာရေးသူ တင်ပြမယ့် အကြောင်းလေးလဲ ပါခဲ့ပါတယ်။

ဒီအကြောင်းလေးက စိတ်ဝင်စားဖွယ်ရာ၊ သင်ခန်းစာ ယူဖွယ်ရာ ဖြစ်စဉ်လေးမို့ ရေးသား တင်ပြပေးလိုက်ပါတယ်။

ကိုတင်ကြိုင်(ခ)ကိုငယ်နဲ့ သူ့ဇနီးသည် မခိုင်တို့မှာ သမီးလေးယောက်ရှိပြီး အလတ်မက အိမ်ထောင်ခွဲ ဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းကတော့ ကြက်သွန်နီ၊ ကြက်သွန်ဖြူ စတဲ့ ကုန်တွေကို ငါးရက်ပတ်ဈေးမှာ လက်လီလက်ကား ရောင်းချပါတယ်။

ငါးရက်ပတ်ဈေးဆိုတာက သာဝတ္ထိမြို့၊ ရေနီမြို့၊ မြို့လှမြို့၊ သပြေပင်နဲ့ လောမြို့တို့ကို တစ်ရက်တစ်ဈေးလှည့်ပြီး ရောင်းချရခြင်းပါ။

ညပိုင်းကို မိသားစု ကြက်သွန်ရွေးရတာ ညဉ့်နက်သည်အထိပါ။ နံနက်စောစော လေးနာရီလောက်ကျတော့လဲ ဈေးအလှည့်ကျတဲ့မြို့ကို အရောက်သွားပြီး ဈေးရောင်းရပါတယ်။ အလုပ်က ပင်ပန်းကြပေမယ့် မိသားစု စားဝတ်နေရေး အဆင်ပြေပါတယ်။

'အလုပ်များပေမယ့်လဲ မခိုင်တို့



www.burmeseclassic.com

www.burmeseclassic.com

မိသားစုက ရွှေပေါ်ကျွန်းကို နှစ်စဉ် နှစ်တိုင်း ရောက်ဖြစ်ပါတယ်။ တစ်ခါ တစ်ရံ မိသားစုအကုန်လုံး သွားဖြစ် သလို တစ်ခါတစ်ရံ သမီးများနဲ့ သွား ဖြစ်ပါတယ်။

မခိုင်က ရွှေပေါ်ကျွန်းဆရာတော် ကြီးရဲ့ တပည့်ရင်းလိုဖြစ်နေပြီး နှစ်စဉ် ရွှေပေါ်ကျွန်းဆရာတော်ကြီး မွေးနေ့ ရက်စွဲဖြစ်တဲ့ ကဆုန်လပြည့်နေ့ မရောက်ခင် နှစ်ရက်လောက် ကြိုသွား ကြတာ ဆရာတော်ကြီး ပျံလွန်တော် မမူခင်ကတည်းက ယနေ့အချိန်အထိ ပါပဲ။

မခိုင်တို့မိသားစုက ဆရာတော်ကြီး ၏ တပည့်ရင်းများဖြစ်တာနဲ့အညီ သားကြီးငါးကြီးများ မစားပါ။ ငါးသေး သေးတွေလောက်သာ စားပါတယ်။ အထူးသဖြင့် ပဲမျိုးစုံကိုသာ အများဆုံး စားသုံးကြပါတယ်။

ဆရာတော်ကြီး ကျောင်းပေါက်ဝမှာ **ဘယက္ခနတ်ရုပ်တွေရှိသလို** မခိုင်ရဲ့ အိမ်ရှေ့ပေါက်ဝနားမှာလဲ **ဘယက္ခ နတ်စင်နဲ့ အမေနန်ကရိုင်းမယ် တော်**နတ်စင်ရှိပါတယ်။

တစ်နေ့ နေဝင်မိုးချုပ် အချိန်လေး မှာ ကိုတင်ကြိုင်က ထုံးစံအတိုင်း အရက်ကလေးထွေလာပြီး ဆိုင်ကယ် လေးနဲ့ နေအိမ်ကို ပြန်လာပါတယ်။ နေအိမ်နားရောက်လာရင် သမီးတွေ ကိုပဲဖြစ်ဖြစ်၊ တခြားတစ်စုံတစ် ယောက် သို့မဟုတ် သတ္တဝါတစ်ကောင် ကောင်ကိုပဲဖြစ်ဖြစ် အသံပေးပြီး ကျယ် ရတာ အရသာလို့ ထင်ခဲ့တာပါ။

ထိုနေ့ကတော့ သမီးတွေက သူတို့ အလုပ် သူတို့ လုပ်နေကြတော့ ကျယ် စရာမရှိဖြစ်နေခဲ့ရာ ဟိုကြည့်ဒီကြည့်နဲ့ သူမျက်လုံးက တစ်စုံတစ်ခုကို သွားမြင် လိုက်မိတယ်။

အဲဒါဘာလဲဆိုတော့ နေအိမ်ရဲ့ ခြံ ပေါက်ဝဘေးရှိ ဘယက္ခနတ်စင်မှ ဘယက္ခနတ်ဘီလူးရုပ်ပဲ ဖြစ်ပါတယ်။ အရှိန်ကတက်နေပြီမို့ ဘာဘာညာညာ စဉ်းစားမနေနိုင်တော့ဘဲ သူ့နှုတ်က ထွက်သွားတာက...

'ဟေ့ကောင်... မင်းက ဘာကြည့်နေတာ လဲ မိုက်လို့လား...မင်းနဲ့ငါနဲ့ နယန်းလုံးမလား သတ္တိရှိရင် လာလေကွာ ချမယ်'

စသည်ဖြင့် စိတ်ရိုင်းဝင် စိန်ခေါ်မိ ပါလေရော...

နောက်တစ်နေ့ ကိုတင်ကြိုင်နဲ့မခိုင် တို့ဇနီးမောင်နှံဟာ ခရီးသွားရန် ကိစ္စ တစ်ခု ပေါ်ပေါက်လာပါတယ်။

ကိုတင်ကြိုင်က ဆိုင်ကယ်နဲ့ လိုက်ပို့ ပေးရမှာပါ။ ဒီနေရာမှာ မခိုင်က ကိုတင် ကြိုင်ထက် နှစ်ဆလောက် ပိုဝသူဖြစ်ပါ တယ်။ မခိုင်က ဆိုင်ကယ်နောက်ဘက် မှာထိုင်ပြီး ကိုတင်ကြိုင်က မောင်းလာ ပါတယ်။

ဆိုင်ကယ်က ဆွဲအားကောင်းတာ ကြောင့် ကတ္တရာလမ်းပေါ်မှာ အတော် လေး ပြေးနေပါတယ်။ ဒီလိုနဲ့ မြို့ အထွက် လမ်းကောင်းကြီးမှာပဲ ဘာမှ တိုက်စရာလဲ မရှိ၊ ခလုတ်တံသင်း ချိုင့်ခွက်လဲ မရှိပါဘဲလျက် ဆိုင်ကယ် ဟာ ပြေးနေရင်း လက်ကိုင်ခေါက်သလို ဖြစ်ပြီး လမ်းဘေးကို ထိုးကျ တိမ်း မှောက်သွားပါလေရော။

မခိုင်ကတော့ ကတ္တရာလမ်းပေါ်မှာ ဖင်ထိုင်လျက်သား အလိုက်သင့် ထိုင် လျက်ကလေး ကျသွားပြီး ဘာဒဏ်ရာ မှ မရပါ။

သို့သော် ကိုတင်ကြိုင်ခမျာမှာတော့ လူက ဆိုင်ကယ်အောက်ထဲ ရောက် သွားပြီး ဆိုင်ကယ်ရဲ့ ဘရိတ်တံအဖျား ပိုင်းက ကိုတင်ကြိုင်ရဲ့ ညာဘက်ဒူး ခေါင်းကို ထိုးခွဲပစ်တာ အရေပြားကြီး ပတ်လန်ကြီး လန်သွားခဲ့ပါတယ်။

တစ်ကိုယ်လုံးလဲ ပွန်းပဲ့ဒဏ်ရာတွေ နဲ့ သွေးတွေရွှဲနေပြီး လူကလဲ လုံးဝ သတိလစ်သွားခဲ့ပါတယ်။

ကံအားလျော်စွာပဲ အနီးအနားမှာ တာဝန်ကျ ပုဂ္ဂိုလ်တွေကရော တခြား သူများကပါ ဝိုင်းဝန်းပြီး ဆေးရုံကို ကားဖြင့် အမြန်ဆုံး ပို့ပေးကြပါတယ်။

ကိုတင်ကြိုင် သတိရလာတော့ နေပြည်တော်ဆေးရုံကို ရောက်နေပါ ပြီ။ ကံကောင်းလို့ ဒူးဆန်ကျွတ် ထွက် မသွားခဲ့တာပါ။

ယခုလဲ ဒဏ်ရာတွေက ကင်းကင်း ရှင်းရှင်းမပျောက်သေးဘဲ ဒူးစွပ်ကြီး စွပ်ထားလျက် စာရေးသူထံကို ထော့နဲ့ထော့နဲ့နဲ့ အားတင်းပြီး ရောက် လာခဲ့တာပါ။

သူ့အိမ်သားတွေက စိတ်မချလို့ မသွားပါနဲ့ ဆိုတာကို သူသွားနိုင်တယ် ဆိုပြီး ပြချင်တာနဲ့ ဖွတ်ထွက်လာခဲ့တာ ဖြစ်ပါတယ်။

စာရေးသူလဲ ကိုတင်ကြိုင်၊ မခိုင် တို့ရဲ့ ကျေးဇူးကြောင့် ရွှေပေါ်ကျွန်း ကျောင်းကို တစ်ကြိမ် ရောက်ဖူးခဲ့ပါ တယ်။ နှစ်ညအိပ်ခရီးပါ။

ထိုစဉ်က ဆရာတော်ကြီး ပျံလွန် တော်မူပြီး နောက်တစ်နှစ်မှာပါ။ ထို ကာလတုန်းက ကိုတင်ကြိုင်က ယခု လို အရက်မသောက်သေးပါ။

နိဂုံးချုပ်အားဖြင့် ပြောလိုတာ ကတော့ မိမိအနေနဲ့ ယုံကြည်လို့ ကိုး စားထားကာ ပုဂ္ဂိုလ်များကို မလေး မစားမလုပ်ဖို့ သူ့စည်းကိုယ့်စည်းနဲ့ နေဖို့ မယုံကြည်ချင်နေပါ မစော်ကား မိပါစေနဲ့လို့ ကျွန်တော့်ယောက်ဖရဲ့ ဖြစ်စဉ်လေးကို ဥပမာထားပြီး ရေးသား တင်ဆက်လိုက်ရပါကြောင်း...။

**စေန္ဒာမိုး(တောင်ငူ)**

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၂၈၇**

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ

# ကျန်းမာရေးအတွက်

အကြံပေးချက်

ဤလတွင် **မိဿရာသီဖွား(မတ်လ ၂၁ ရက် မှ ဧပြီလ ၂၀ရက်အတွင်း မွေးဖွားသူ)** တို့သည် ဝါယောဓာတ်စာကို အားပြုစား သုံး၍ ပထဝီဓာတ်စာများကို လျှော့ပေါ့ ရှောင်ကြဥ်ပါ။

**ဝါယောဓာတ်စာ ။ ။** ငါးခုံးမ၊ ငါးမြင်း၊ ငါးမြစ်ချင်း၊ ကဘီလူး၊ ကကတစ်၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ၊ လိပ်ဥ၊ ငှက်ဥအမျိုးမျိုး။

ကင်ပွန်းရွက်၊ မာလာဖူး၊ ပုတတ်စေ့၊ သရက်ကင်းဥ၊ ခွေးတောက်ရွက်၊ သပွတ်ခါးသီး၊ ကြောင်လျှာသီး၊ သဘော်သီးရင့်၊ တမာရွက်၊ ရင်းပြား၊ ရှားစောင်းခါး၊ လက်ဖက်၊ ကန့်ကလာ၊ ကြက်ဟင်းခါး၊ မဲဇလီ၊ ဆီးဖြူသီး၊ ဖန်ခါးသီး၊ မုန်လာရွက် သခွတ်ပွင့်နှင့်...

လက်ပံပွင့်၊ ဆူးပုပ်ရွက်၊ ကြောင်ပန်းရွက်၊ ကစော့ခါးသီး၊ စပါးလင်၊ မန်ကျည်းမှည့်၊ ဟင်းနုနယ်၊ မုန်ညင်းခါး၊ ထန်းလျက်။

**ပထဝီဓာတ်စာ ။ ။** ကြက်သား၊ ချိုးသား၊ ခါသား၊ သမင်၊ ဒရယ်၊ ဆတ်၊ ချေသား၊ ဆိတ်သား၊ ဝက်ပေါင်သား၊ အမဲ(နွား) သား၊ ဖွတ်၊ ပုတတ်၊ လင်းမြွေ၊ စပါးကြီးမြွေ၊ ပုရစ်၊ ပလူ...

ငါးရှူ၊ ငါးကြင်း၊ ငါးစင်ရိုင်း၊ ငါးစင်စပ်၊ ငါးသလောက်၊ ငါးမြွေထိုး၊ ငါးပတ်၊ ငါးရှဉ့်၊ ပုစွန်၊ ကျွဲနို့၊ နွားနို့၊ ဆိတ်နို့၊ ထောပတ်...

ပိန်းဥ၊ ကိုင်းဥ၊ မျောက်ဥ၊ ကန်စွန်းဥ၊ ဥသျှစ်သီး၊ မာလကာသီး၊ ဒူးရင်းသီး၊ မန်ကျည်းမှည့်၊ ပိုးစာရွက်၊ မုန်လာဥ၊ ကောက်ညှင်း၊ ရွှေဖရုံသီး၊ မြေပဲ၊ ပဲလွန်း၊ ပဲကြီး၊ အုန်းသီး၊ သစ်ကြားသီး၊ စားတော်ပဲ၊ ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက်။

✦ **ပြိဿရာသီဖွား (ဧပြီလ ၂၁ရက်မှ မေလ ၂၀ရက်အတွင်း မွေးသူ)** တို့သည် တေဇောဓာတ်စာကို အားပြုစား သုံး၍ အာပေါဓာတ်စာကို လျှော့ပေါ့ စားသောက်ပါ။

**တေဇောဓာတ်စာ ။** မြွေပွေး၊ မြွေဟောက်သား၊ ငါးပြေမ၊ ငါးဝက်မ၊ ငါးတန်၊ ကဘီလူး၊ ကကတစ်၊ ငါးကြင်း၊ ငါးသလောက်၊ ကြောင်သား၊ ကြက်သား၊ ရှဉ့်သား...

ဒူးရင်းသီး၊ ရဲယိုသီး၊ ရဲယိုရွက်၊ သဘော်သီးမှည့်၊ ဩဇာသီး၊ စောင်းလျားသီး၊ မရန်းသီး၊ သံပရာသီး၊ ရှောက်သီး၊ ဆီးသီး(ချဉ်)၊ ကနစိုးသီး၊ လက်လုပ်ချဉ်မျိုးစုံ၊ မုန်လာဥ၊ မှို၊ မျှစ်၊ ကြက်သွန်ဖြူ၊ ချင်း၊ ပိတ်ချင်း၊ ငရုတ်ကောင်း၊ ငရုတ်သီး...

ကရဝေး၊ သစ်ကြပိုး၊ လေးညှင်း၊ ပတဲကော၊ ဇာတိပ္ဖိုလ်သီး၊ ကန့်ချုပ်နီ၊ ပင်စိမ်း၊ ဒန့်သလွန်ရွက်၊ တောင်သလဲ...

ပေါက်ပန်းနီ၊ ပေါက်ပန်းဖြူ၊ ကြိတ်မှန်ရွက်၊ လဲလူရွက်၊ ဝါးရွက်၊ ချဉ်ပေါင်ရွက်၊ ကင်ပွန်းရွက်၊ ကြာဟင်းရွက် ကုက္ကိုရွက်၊ ငုံ၊ ထန်းလျက်၊ ဝ,ဥ၊ အင်ဥ၊ ပိလောပီနံ။

**အာပေါဓာတ်စာ ။ ။** ကျွဲသား၊ ကြံ့သား၊ ရေမြွေသား၊ ရေကြက်သား၊ ဝက်သုံးထပ်သား၊ လိပ်သား၊ ခရု၊ တဏှန်း၊ ကနကမာ၊ ဗျိုင်းသား၊ ဘဲသား၊ ငန်းသား၊ ဖားသား...

ငါးလင်ပန်း၊ ငါးပတ်၊ ငါးဖယ်၊ ငါးသိုင်း၊ ငါးခူ၊ ငါးကျည်း၊ ငါးရံ့၊ ငါးဝက်မ၊ ငါးသင်းအုံ၊ ကကူရံ၊ ကဘီလူး၊ ကသပေါင်း၊ ကသပိုး၊ ငါးသလဲထိုး...

စပျစ်သီး၊ ဆီးချိုသီး၊ ရှောက်ချိုသီး လိမ္မော်သီး၊ သရက်သီး၊ ဘူးသီး၊ သခွားသီး၊ သပွတ်သီး၊ ဖရဲသီး၊ ကျောက်ဖရုံသီး၊ ကြက်မောက်သီး၊ နာနတ်သီး၊ ပုံလုံသီး၊ သဘော်သီးနု၊ ငှက်ပျောသီး၊ ကနဖော့...

မန်ကျည်းသီးစိမ်း၊ လယ်ပတူ၊ အောင်မဲညို၊ ခဝဲ၊ မင်းကွတ်သီး၊ ကြက်သွန်နီ၊ ရေထိကရုံး၊ ကျောက်ပွင့်၊ ရေညှိ၊ စားတော်ပဲ၊ တော်သလင်းဖူး၊ ဂေါ်ဖီထုပ်၊ နံနံ၊ ဆိတ်ဖူး၊ မုန်ညင်းဖြူ၊ ပုံးရည်ကြီး၊ မဲဇလီကြီး၊ ဖလံတောင်ဝှေး၊ ရေသရက်ကင်းညွန့်၊ ကြံရည်၊ အုန်းရည်။

✦ **မေထုန်ရာသီဖွား(မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးသူ)** တို့သည် ပထဝီဓာတ်စာကို အားပြု စားသုံး၍ ဝါယောဓာတ်စာကို ဆင်ခြင်သုံးဆောင်သင့်သည်။

✦ **ကရကဋ်ရာသီဖွား(ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၂၁ရက်အတွင်း မွေးသူ)** တို့သည် အာပေါဓာတ်စာကို အဓိကစားသုံး၍ တေဇောဓာတ်စာကို လျှော့ပေါ့စားသုံးပါ။



✦ **သိဟ်ရာသီဖွား(ဇူလိုင်လ ၂၂ရက်မှ ဩဂုတ်လ ၂၁ ရက်အတွင်း မွေးသူ)** တို့သည် ဝါယောဓာတ်စာကို ပိုမို သုံးဆောင်ကာ ပထဝီဓာတ်စာကို ဆင်ခြင်သတိပြုရန်ဖြစ်သည်။

✦ **ကန်ရာသီဖွား (ဩဂုတ် ၂၂ရက်မှ စက်တင်ဘာ ၂၁ရက်အတွင်း မွေးသူ)** တို့သည် တေဇောဓာတ်စာကို အဓိကစားသုံး၍ အာပေါဓာတ်စာကို ရှောင်ကြဉ်ပါ။

✦ **တူရာသီဖွား(စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၂၂ရက်အတွင်း မွေးသူ)** တို့သည် ပထဝီဓာတ်စာကို အားပြု၍ ဝါယောဓာတ်စာကို ဆင်ခြင်ပါ။

✦ **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ရက် အတွင်း မွေးသူ)** တို့သည် အာပေါဓာတ်စာကို ပိုမိုသုံးဆောင်၍ တေဇောဓာတ်စာကို လျှော့ပေါ့သုံးဆောင်သင့်သည်။

✦ **ဓနုရာသီဖွား (နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၂၀ရက်အတွင်း မွေးသူ)** တို့သည် ဝါယောဓာတ်စာကို အားပြုစားသုံး၍ ပထဝီဓာတ်စာကို ဆင်ခြင်လျှော့ပေါ့ပါ။

✦ **မကာရရာသီဖွား(ဒီဇင်ဘာ ၂၁ရက်မှ ဇန်နဝါရီ ၁၉ရက်အတွင်း မွေးသူ)** တို့သည် တေဇောဓာတ်စာကို အားဖြည့်သုံးဆောင်၍ အာပေါဓာတ်စာကို ဆင်ခြင်သုံးဆောင်ပါ။

✦ **ကုံရာသီဖွား (ဇန်နဝါရီ ၂၀ရက်မှ ဖေဖော်ဝါရီ ၁၈ရက် အတွင်းမွေးသူ)** တို့သည် ပထဝီဓာတ်စာကို အဓိကစားသုံး၍ ဝါယောဓာတ်စာကို လျှော့ပေါ့သုံးဆောင်ပါ။

✦ **မိန်ရာသီ(ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ် ၂၀ရက်အတွင်း မွေးသူ)** တို့သည် အာပေါဓာတ်စာကို အားပြုသုံးဆောင်၍ တေဇောဓာတ်စာကို ဆင်ခြင်လျှော့ပေါ့ပါ။

**အာရောဂျဆုလာဘ်နှင့် ပြည့်စုံကြပါစေ။**

**ဆေးသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

ကဗ်ာနှင့်ကဗျာဆရာ (ကသာ)

# ဗမာကြိုတော်ရာစောကြောင်း

## ကျယ်လှိုက်သွားသည့် သဘောကိုကြီးဓိသားစု



ကျွန်တော်သည် ကသာမြို့၊ အမှတ်(၆)ရပ်ကွက်တွင် မွေးဖွားကြီးပြင်းခဲ့သူဖြစ်သည်။ အမှတ်(၆)ရပ်ကွက်ကို ရှေးယခင်ကတည်းက သက်ပန်းရပ်ကွက်ဟု ခေါ်ဝေါ်ကြသည်။

လမ်းစဉ်ပါတီခေတ်၌ ရပ်ကွက်များ ပြန်လည် ဖွဲ့စည်းသည့်အခါ သက်ပန်းရပ်ကွက်အား အမှတ်(၆)ရပ်ကွက်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။

သက်ပန်းရပ်ကွက်ဟု ယခင်က ခေါ်ဝေါ်သုံးနှုန်းကြခြင်းမှာ ရပ်ကွက်အတွင်း တည်ရှိသည့် သက်ပန်းဘုန်းတော်ကြီးကျောင်းကို အစွဲပြု၍ သက်ပန်းရပ်ကွက်ဟု ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

သက်ပန်းကျောင်း ပထမကျောင်းထိုင်ဆရာတော်ကြီးအား မင်းတုန်းမင်းလက်ထက် သက်ပန်မိဖုရားက ကိုးကွယ် ဆည်းကပ်ခဲ့သည်ကို အကြောင်းပြု၍ သက်ပန်ကျောင်းတိုက်ဟု အမည်တွင်ခဲ့သည်။

ကာလ ရွေ့လျောလာသည့်အခါ သက်ပန်းကျောင်းဟု ဝဿနှီအသံဖြင့် ခေါ်ဝေါ်သုံးစွဲလာကြသည်။

ယခုစာမူ ရေးသားအချိန် ၂၀၀၇ ခုနှစ်တွင် သက်ပန်းကျောင်းတွင် ကျောင်းထိုင် သီတင်းသုံးခဲ့ကြသည့် ဆရာတော်ကြီး (၅)ဆက်ရှိပြီဖြစ်သည်။ လက်ရှိ ကျောင်းထိုင်ဆရာတော်ကြီးမှာ **သက်တော်(၈၇)နှစ်ရှိပြီ ဖြစ်သည့် ဆရာတော်ဦးဝါသဝ** ဖြစ်၏။

ဆရာတော်ဦးဝါသဝ ကျောင်းမထိုင်မီက ဆရာတော်ကြီး ဦးအဂ္ဂသ ကျောင်းထိုင်ခဲ့သည်။ ဆရာတော်ကြီး ဦးအဂ္ဂသသည် သက်တော်(၇၀)နှစ်အရွယ်၊ လွန်ခဲ့သည့် နှစ်ပေါင်း(၃၀)ခန့်က ပျံလွန်တော်မူခဲ့ပါသည်။

ဆရာတော်ဦးအဂ္ဂသ သက်ပန်းဘုန်းတော်ကြီးကျောင်းတွင် ကျောင်းထိုင်ဆရာတော်အဖြစ် သီတင်းသုံးစဉ်က ကျွန်တော်သည် ညအိပ်ညနေ ဘုန်းကြီးကျောင်းသားအဖြစ် လည်းကောင်း၊ ရှင်သာမဏေအဖြစ်လည်းကောင်း သက်ပန်းကျောင်းတွင် နေထိုင်ခဲ့ဖူး၏။

ကျွန်တော် ရှင်သာမဏေဝတ်သည့်အချိန်မှာ (၇)တန်းကျောင်းသားဘဝ အသက် (၁၃)နှစ်၊ (၁၄)နှစ်ခန့်အရွယ် ဖြစ်သည်။

ကျွန်တော် သက်ပန်းကျောင်းတွင် ညအိပ် နေထိုင်စဉ် ဦးပဉ္စင်းများ၏ ပြောပြချက်အရ ညသန်းခေါင်ကျော်ခန့်အချိန်များတွင် ဆရာတော်အိပ်စက်သည့် အခန်းအတွင်းမှ စကားပြောသံများ ကြားရကြောင်း သိရှိရသည်။

www.burmeseclassic.com

ဘုန်းကြီးကျောင်း၏ အနောက်မြောက်ဘက်ရှိ ဇရပ်တစ်ဆောင်တွင် သီလရှင်ကြီးတစ်ပါး နံနက်စောစော အရုဏ်ဆွမ်း ထချက်စဉ် လူကဲ့သို့ ဖြူဖြူသဏ္ဌာန်တစ်ခု တွေ့သဖြင့်…

'နင် ဘယ်သူလဲ'

ဟု သီလရှင်ကြီးက မေးမြန်းခဲ့ရာ…

'တပည့်တော် သဘက်ကြီးပါ'

ဟု ဖြေပြီး ပျောက်သွားကြောင်း…

ကျောင်း အရှေ့မြောက်ထောင့်တွင် ပေါက်ရောက်နေသည့် ခရေပင်ကြီး၌ တစ္ဆေသရဲရှိကြောင်း စသဖြင့် သတင်းစကားများ ကြားသိရသဖြင့် ကျွန်တော်ရှင်သာမဏေဘဝက ညအချိန် ကုဋီသွားလျှင် တစ်ယောက်တည်း မသွားရဲခဲ့ချေ။ အဖော်ပါမှ သွားရဲလာရဲ ရှိခဲ့သည်။

စာရေးသူ၏ဖခင် ဦးထွန်းတင် (အသက် ၈၂–နှစ်)သည် ဆရာတော် ဦးအဂ္ဂသရှိစဉ်ကတည်းက သက်ပန်းကျောင်း ဂေါပကလူကြီးတစ်ဦးဖြစ်ပြီး ၁၉၈၉ ခုနှစ်ခန့်က စတင်၍ သက်ပန်းကျောင်း ဘုန်းတော်ကြီးကျောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာ ၂၀၀၇ ခုနှစ်ထက်တိုင်ပင် ဖြစ်ပါသည်။

ဖခင်ကြီးသည် အသက်(၈၂)နှစ်ရှိပြီဖြစ်သော်လည်း သန်သန်မာမာဖြင့် သွားနိုင်လာနိုင်သေးခြင်း၊ သတိမှတ်ဉာဏ်ကောင်းခြင်း၊ မိမိဘာသာ စက်ဘီးစီးနိုင်သေးခြင်းတို့ကြောင့် ယခုကဲ့သို့ ဂေါပကဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နိုင်ခြင်း ဖြစ်ပါသည်။

ဖခင်ကြီးသည် ရှေးမီနောက်မီ ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သည်နှင့်အညီ တစ်ခါတစ်ရံ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်များကို စိတ်လိုလက်ရ ပြောပြတတ်ပါသည်။



ဖခင်ကြီး ပြောပြသည့် အကြောင်းအရာများအနက် **"ဓမ္မစကြာတရားတော်ကြောင့် ကောင်းမွန်မြင့်မြတ်သည့် ဘုံဘဝသို့ ရောက်သွားသည့် သဘက်မိသားစု"** အကြောင်းမှာ စိတ်ဝင်စားဖွယ်ရာ ကောင်းလှသည်။

ထိုသဘက်ကြီးမိသားစု အကြောင်းကို ဆရာတော် ဦးအဂ္ဂသက ဖခင်ကြီးအား ပြည့်ပြည့်စုံစုံ မိန့်ကြားခဲ့သည်။

ဆရာတော်ကြီး၏ မိန့်ကြားချက်ကို ဖခင်ကြီးက ကျွန်တော့်အား ပြန်လည်ပြောပြသဖြင့် ထိုသဘက်ကြီး မိသားစု အကြောင်း ကျွန်တော် သိရှိခဲ့ရခြင်း ဖြစ်ပါသည်။

သဘက်ကြီးမိသားစု အကြောင်းမှာ စိတ်ဝင်စားဖွယ်၊ ဆွတ်ပျံ့ကြည်နူးဖွယ် ဖြစ်သောကြောင့် နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာဖတ်ပရိသတ်များအတွက် ယခုကဲ့သို့ မျှဝေခံစားရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

*　　*　　*

အချိန်က ညသန်းခေါင်ကျော်ပြီးစ အချိန်ဖြစ်သည်။

သက်ပန်း ဘုန်းကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဦးအဂ္ဂသသည် မိမိ နေထိုင်သီတင်းသုံးရာ အိပ်ခန်းအတွင်းရှိ ခုတင်ပေါ်တွင် ပက်လက်အနေအထားဖြင့် သတိပဋ္ဌာန်တရားကို ရှုမှတ်ပွားများလျက် ရှိလေသည်။

ဆရာတော်ကြီးသည် လျောင်း, ထိုင်, ရပ်, သွား ဟူသည့် ဣရိယာပုထ်လေးပါးစလုံး၌ သတိပဋ္ဌာန်တရားတော်ကို လက်မလွှတ်စေဘဲ ရှုမှတ်ပွားများ ဆင်ခြင်နေထိုင်လေ့ ရှိသူတစ်ဦးဖြစ်သည်။

ပုစဉ်းရင်ကွဲများ၏ အော်မြည်သံ၊ ညဉ့်ငှက်အချို့ ပျံသန်းရင်း အော်မြည်သံ၊ တစ်ခါတစ်ရံ ခွေးဟောင်သံ အချို့မှအပ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။

အချိန်ကာလမှာ နွေဦးရာသီ တပေါင်း,တန်ခူးဖြစ်၍ ရာသီဥတု ပူအိုက်သဖြင့် ဆရာတော် ကျိန်းစက်ရာ အခန်းပြတင်းပေါက်များကို လေဝင်လေထွက် ကောင်းစေရန် ဖွင့်ထားလေသည်။

'ဒင်…'

ဘုရားခန်းရှိ တိုင်ကပ်နာရီကြီးဆီမှ နာရီပြန်တစ်ချက်ထိုးသံ ထွက်ပေါ်လာသည်။ မကြာမီ ဆရာတော် သီတင်းသုံးနေထိုင်ရာ အခန်းအတွင်းသို့ လေပြည်လေအေး ကလေးများ တသုန်သုန် တိုက်ခတ်ဝင်ရောက်လာသည်။

ပြတင်းပေါက်တွင် တပ်ဆင်ထားသည့် ခန်းဆီးလိုက်ကာစကလေးများက တလွင့်လွင့် တလူလူဖြင့် လှုပ်ရှားလျက်ရှိသည်။ ဆရာတော်သည် ရုတ်တရက် လေပြည်လေအေးများ တိုက်ခတ်လာမှုကြောင့် မျက်စိနှလုံးကို ဖွင့်ကြည့်လိုက်သည်။

'ဟင်…'

ဆရာတော်၏ နှုတ်ဖျားမှ အာမေဋိတ်သံ ထွက်ပေါ်လာသည်။

www.burmeseclassic.com

ဆရာတော်ကြီး အံ့ဩမည်ဆိုလည်း အံ့ဩလောက်၏။ ဆရာတော်ကြီး ကျိန်းစက်ရာ ခုတင်ခြေရင်းတွင် အဘိုးအိုတစ်ဦးက မတ်တတ်ရပ် လက်အုပ်ချီလျက် အနေအထားဖြင့် ဆရာတော်ကြီးကို ဝတ်ပြုကန်တော့ နေသည်။

အဘိုးအို၏ ပုံပန်းသဏ္ဌာန်မှာ ပုဆိုးကွက်ထောက် ဖျင်ကြမ်းတိုက်ပုံ ဝတ်ဆင်ထားပြီး၊ ဦးခေါင်းတွင် အညာသားများကဲ့သို့ တဘက်ဖြင့် ခေါင်းပေါင်း ပေါင်းထား၏။ အသက် အရွယ်မှာ (၆၀)ကျော် (၇၀)ခန့်ဟု ခန့်မှန်းရသည်။

ဆရာတော် ကျိန်းစက်ရာ အခန်း တံခါးမကြီးကို အတွင်းမှပင် မင်းတုံး ထိုးပိတ်ထားပြီး၊ ဖွင့်ထားသည့် ပြတင်းပေါက်များတွင်လည်း သံဆန်ခါများ တပ်ဆင်ထားသည်ဖြစ်ရာ ဆရာတော်၏ အခန်းအတွင်းသို့ လူမပြောနှင့် ကြောင်ပင် မဝင်နိုင်သည့် အနေအထားဖြစ်သည်။

ညဉ့်နက်သန်းခေါင်အချိန် ဆရာတော်၏ အခန်းထဲသို့ အဘိုးအို တစ်ယောက် ဘယ်လို ရောက်ပါလိမ့်...

ဆရာတော်ကြီးသည် မိမိ အခန်းထဲသို့ ထူးဆန်းစွာ ရောက်ရှိလာသည့် အဘိုးအိုသည် လူသားတစ်ဦး မဖြစ်နိုင်မှန်း ရိပ်စားသိရှိသဖြင့် အာရုံပြုဆင်ခြင်ကြည့်လေရာ အဘိုးအိုသည် **အနက်ရောင် အမွေးအမှင်များ ဖုံးလွှမ်း ပေါက်ရောက်နေသည့် သဘက်ကြီးတစ်ကောင်** ဖြစ်ကြောင်း သိရှိရလေသည်။

**သဘက်ဟူသည်မှာ သရဲအကြီးစား ဖြစ်သည်။ သရဲအဖြစ်ဖြင့် နှစ်ပေါင်းများစွာ မကျွတ်မလွတ် နေထိုင်ရပြီးနောက် သဘက်ဘဝသို့ ရောက်ရှိလာသည်။ သဘက်ဘဝတွင် ထိုက်သင့်သည့်**



**ကမ္မဇိဒ္ဓိတန်ခိုးများ အလိုအလျောက် ရရှိလာပေသည်။**

အဘိုးအိုသည် သဘက်ကြီး တစ်ကောင်ဖြစ်မှန်း သိရှိသော်လည်း သီလ,သမာဓိနှင့် ပြည့်စုံသည့် ဆရာတော်အနေဖြင့် ထိတ်လန့်ကြောက်ရွံ့ခြင်း မရှိပေ။

'ဒကာကြီးက ဘယ်သူလဲ'

'တပည့်တော် ဒီကျောင်းဝင်း အရှေ့မြောက်ထောင့်မှာရှိတဲ့ ခရေပင်ကြီးမှာ နေထိုင်တဲ့ သဘက်ကြီးပါဘုရား'

'အိမ်း...ဒကာကြီးက သဘက်ကြီး ဆိုတာတော့ ဟုတ်ပါပြီ။ ဆရာတော့် အခန်းထဲကို ဘာအကြောင်းကိစ္စနဲ့ ထူးထူးခြားခြား ရောက်ရှိလာတာလဲ'

'ဆရာတော့်အခန်းထဲကို ခွင့်မတောင်းဘဲ ဝင်လာခြင်းကို ခွင့်လွှတ်သည်းခံတော်မူပါဘုရား။ တပည့်တော်ဟာ ရှေးယခင်က သက်ပန်နိမိုဖုရား လက်ထက်ကတည်းက သရဲ,သဘက်အနေနဲ့ နေထိုင်ခဲ့ရတာ နှစ်ပရိစ္ဆေဒ အတော်ကြာခဲ့ပါပြီ။

မကြာခင် တပည့်တော် ကျွတ်လွတ်ပါတော့မယ် ဘုရား... တပည့်တော် သရဲ,သဘက် ဘဝက ကျွတ်လွတ်ပြီး မြင့်မြတ်တဲ့ ဘုံဘဝကို ရောက်ဖို့ ကုသိုလ်တရား အထောက်အပံ့ လိုအပ်နေပါတယ်။ အဲဒါ အရှင်ဘုရားကို ယနေ့ကစလို့ ဥပုသ်နေ့တိုင်း ခြေဆုပ်လက်နယ် ဝတ်ဖြည့်ကုသိုလ်ယူခွင့် ပေးတော်မူပါ ဆရာတော်ဘုရား'

ဆရာတော်သည် သဘက်ကြီး၏ လျှောက်ထားချက်ကို အတန်ငယ် စဉ်းစားလိုက်သည်။ မိမိအပေါ် ဝတ်ဖြည့်ကုသိုလ်ယူပြီး နိမ့်ကျသည့် သရဲ,သဘက် ဘဝမှ ကောင်းမွန်မြင့်မြတ်သည့် ဘုံဘဝသို့ ရောက်ရှိမည် ဆိုခြင်းကို လက်မခံနိုင်စရာ အကြောင်း မရှိပေ။

'ကောင်းပါပြီ ဒကာကြီး...ဘုန်းကြီး ခွင့်ပြုပါတယ်'

'တပည့်တော် ဝမ်းသာလှပါတယ်ဘုရား... ဒီနေ့ဟာ ဥပုသ်နေ့ဖြစ်တဲ့အတွက် ဒီကနေ့ညက စတင်ပြီး ဝတ်ဖြည့်ကုသိုလ် ယူပါရစေဘုရား'

သဘက်အဘိုးအိုသည် ဆရာတော်ကြီး၏ ခန္ဓာကိုယ်အပေါ်ပိုင်းကို နှိပ်နယ်ခြင်းမပြုဘဲ ဒူးဆစ်အောက်ပိုင်း ခြေသလုံးသားများ၊ ခြေဖဝါးများကို အသာအယာ ဆုပ်နယ်ဝတ်ဖြည့်ပေးလေသည်။

ဆရာတော်ကြီးသည် သဘက်ကြီး၏ ဝတ်ဖြည့်မှုကို ကရုဏာစိတ် ရှေ့ထား၍ အကြည်အသာပင် ခံယူတော်မူသည်။

နာရီဝက်ခန့် ကြာမြင့်ပြီးနောက်...

'တပည့်တော်ကို ပြန်ခွင့်ပြုပါဘုရား'

'ကောင်းပါပြီ ဒကာကြီး'

မမျှော်လင့် မထင်မှတ်ဘဲ ရောက်ရှိလာသည့် အဘိုးအိုသည် ဆရာတော်ကြီး၏ မျက်စိရှေ့မှောက်တွင် ဖျတ်ခနဲ ပျောက်ကွယ်သွားသည်။

* * *

ဤသို့ဖြင့် သဘက်အဘိုးအို တစ်ယောက် ဆရာတော်ဦးအဂ္ဂသထံ ဥပုသ်နေ့တိုင်း လာရောက်ဝတ်ဖြည့် ကုသိုလ်ယူလျက် ရှိသည်မှာ သုံးလ ကျော် လေးလခန့်သို့ပင် ရောက်ရှိခဲ့



www.burmeseclassic.com

www.burmeseclassic.com

လေပြီ။

အချိန်ကာလ အတိုင်းအတာ တစ်ခုကို ဖြတ်သန်းခဲ့ပြီဖြစ်သဖြင့် သဘက်အဘိုးအိုနှင့် ဆရာတော်ကြီးတို့သည် ဘဝပင် ခြားသော်လည်း သံယောဇဉ်တရားက ပေါက်ဖွားလာခဲ့ရသည်။ တစ်ခါတစ်ရံ သဘက်အဘိုးအို ရောက်မလာပါက ဆရာတော်မှာ တမျှော်မျှော်ဖြစ်နေတတ်သည်။

'ဒကာကြီး... ပြီးခဲ့တဲ့ ဥပုသ်နေ့က ရောက်မလာပါလား'

'မှန်ပါ... တပည့်တော် ဗန်းမော်ဘက်ကို ခရီးလွန်နေလို့ပါဘုရား'

ဗန်းမော်မြို့သည် ကသာမြို့၏ အထက်ဘက် မိုင်(၁၀၀)ခန့် အကွာတွင် တည်ရှိသည့် ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သည်။ ကသာမှ ဗန်းမော်သို့ သင်္ဘောလမ်း၊ ကားလမ်းသာရှိသည်။ ရထားလမ်း မရှိပေ။

'ဗန်းမော်ဘက်ကို ဘာသွားလုပ်တာလဲ ဒကာကြီး'

'ဗန်းမော်မှာ တပည့်တော်ရဲ့ မိန်းမနဲ့ ကလေးနှစ်ယောက် ရှိပါတယ် ဘုရား'

သဘက်အဘိုးအို၏ ပြောပြချက်အရ သဘက်ဘဝဖြင့် ဟိုနယ်ဒီနယ် အလည်အပတ် သွားစဉ် ဗန်းမော်ဘက်သို့ အရောက်၌ ဘဝတူ သဘက်မ တစ်ယောက်နှင့် တွေ့ဆုံချစ်ကြိုက်ပြီး ပေါင်းသင်းနေထိုင်ကြကြောင်း၊ ယခုအခါ သားသမီးနှစ်ယောက် ရပြီဖြစ်ကြောင်း...

ထိုကလေးများမှာ မိခင် သဘက်မကြီးထံတွင် နေထိုင်ကြကြောင်း၊ သဘက်မကြီးသည် ကသာသို့ လာရောက်နေထိုင်ခွင့် မရသဖြင့် ဗန်းမော်မှာပင် နေထိုင်ရကြောင်း...

အဘိုးအိုအနေဖြင့် ကသာနှင့် ဗန်းမော် သွားချည်လာလှည့် နေထိုင်



ကြောင်း၊ တစ်ခါတစ်ရံ သဘက်အမျိုးများရှိရာ ရှမ်းပြည်နယ်ဘက်သို့လည်း အလည်အပတ်ထွက်ကြောင်း စသဖြင့် သိရှိရလေသည်။

မြတ်စွာဘုရား ဟောကြားတော်မူသည့် ပေတဝတ္ထုများတွင် ပါရှိသည့်အတိုင်း သရဲ၊ သဘက်၊ ပြိတ္တာ ဘဝတွင်လည်း ဇနီးမယား,သမီးသားတို့ ရှိကြသည် ဆိုသည်မှာ မှန်ကန်လှပေစွ။

သဘက်အဘိုးအို 'စတင်ရောက်ရှိလာပြီးသည့် နောက်(၄)လအကြာ ဝါဆိုလအတွင်း ဖြစ်သည်။ သည်ကနေ့ကား ဝါဆိုလပြည့် ဥပုသ်နေ့ဖြစ်သည်။ ဓမ္မစကြာအခါတော်နေ့လည်း ဖြစ်သည်။

ထိုည သန်းခေါင်ကျော်ပြီး အချိန်တွင် ထုံးစံအတိုင်း သဘက်အဘိုးအို ရောက်ရှိလာပြီး ဆရာတော်အား ဝတ်ဖြည့်ကုသိုလ်ယူသည်။ ထို့နောက် ထူးထူးခြားခြား စကားတစ်ခွန်း လျှောက်ထားလေသည်။

'မှန်ပါလှ ဆရာတော်ဘုရား... ဒီကနေ့ညဟာ တပည့်တော် ကျွတ်လွတ်မယ့်ညပါဘုရား။ တပည့်တော်ဟာ ဓမ္မစကြာတရားတော်ကို နာကြားပြီးမှ ကျွတ်လွတ်ရမှာဖြစ်ပါတယ်။ တပည့်တော်အပေါ် ကရုဏာ ရှေ့ထားပြီး ဓမ္မစကြာတရားတော်ကို ဟောကြား ချွတ်ဖတ်ပေးတော်မူပါဘုရား'

ဆရာတော်ကြီးသည် သဘက်အဘိုးအို လျှောက်ထားသည့်အတိုင်း ဓမ္မစကြာတရားတော်မြတ်ကို ဟောကြားချွတ်ဖတ်တော်မူရာ အဘိုးအိုသည် ခုတင်ခြေရင်း ကြမ်းပြင်တွင် လက်အုပ်ချီ ဒူးတုပ်၍ ရိုသေစွာ နာကြားလေ၏။

ဓမ္မစကြာတရားတော် အဆုံးတွင် အမွှေးနံ့သာနံ့များ ပျံ့သင်းမွှေးကြိုင်လာပြီး တစ်ခန်းလုံး ဝင်းဝင်းတောက်မျှ အဖြူရောင် အလင်းတန်းများ ဖြစ်ပေါ်ကာ အဘိုးအို ပျောက်ကွယ်သွားလေသည်။

ဆရာတော်ကြီးသည် သဘက်အဘိုးအို ကျွတ်လွတ်သွားပြီဖြစ်ကြောင်း သိရှိရသဖြင့် သာဓု(၃)ကြိမ် ခေါ်တော်မူလေသည်။

*　　*　　*

သဘက်အဘိုးအို ကျွတ်လွတ်သွားပြီး နောက်တစ်လခန့်အကြာတွင် ဖြစ်လေသည်။

တစ်ခုသော ညဉ့်သန်းခေါင်ကျော်ခန့်တွင် ဆရာတော်ကြီး၏ အခန်းအတွင်းသို့ အဘွားအိုတစ်ဦး ရောက်ရှိလာပြန်သည်။

ဆရာတော်သည် အဘွားအို၏ ပကတိဘဝကို အာရုံပြု ဆင်ခြင်ကြည့်ရာ အဘွားအိုသည် လူသားမဟုတ်ဘဲ သဘက်မကြီးတစ်ကောင် ဖြစ်ကြောင်း သိရှိရလေသည်။

'ဟဲ့... ဒကာမကြီးက ဘယ်သူလဲ၊ ဘာအကြောင်းနဲ့ ဘုန်းကြီးအခန်းထဲကို ရောက်ရှိလာသလဲ'

'မှန်လှပါ...တပည့်တော်ဟာ ဆရာတော်နဲ့ ခင်မင်သိကျွမ်းခဲ့တဲ့ သဘက်ကြီးရဲ့မိန်းမပါဘုရား တပည့်တော်ရဲ့ခင်ပွန်း သဘက်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ဖန်မေ်ာဘက်ကို ရောက်မလာတာကြာလို့ စိတ်ပူပြီး အခုလို ကသော်ဘက်ကို လိုက်လာရခြင်း ဖြစ်ပါတယ်ဘုရား။

ယောကျ်ားသဘက်ကြီးရဲ့ ပြောပြချက်အရ သူနဲ့ ဆရာတော်တို့ ခင်မင်သိကျွမ်းကြတယ်ဆိုလို့ အကျိုးအကြောင်း မေးကြည့်ချင်တာနဲ့ ရောက်ရှိလာခြင်းကို ခွင့်လွှတ်တော်မူပါဘုရား'

'ဩော်...အေး...အေး... ဘုန်းကြီးတို့ လူသားတွေတင်သာ သောကပရိဒေဝ ရှိမယ်ထင်တာ။ မင်းတို့မလဲ မင်းတို့သောကနဲ့ မင်းတို့ ရှိကြပါလား'

ဆရာတော်သည် သဘက်မ အဘွားအိုအား သူ၏ခင်ပွန်း သဘက်ကြီးသည် ဓမ္မစကြာတရားတော်ကို နာယူပြီးသည့်နောက် ကျွတ်လွတ်သွားပြီဖြစ်ကြောင်း ပြည့်ပြည့်စုံစုံ ပြောပြတော်မူလေသည်။

သဘက်အဘွားအိုသည် ဆရာတော်၏စကားကို နားထောင်ရင်း မျက်ရည်များ တသွင်သွင်စီးကျလျက်ရှိလေသည်။

'မှန်လှပါ ဆရာတော်ဘုရား... တပည့်တော်မကိုလဲ ကရုဏာတော် ရှေ့ထားပြီး ဓမ္မစကြာတရားတော်မြတ်ကို ဟောကြားရွတ်ဖတ်ပေးတော်မူပါဘုရား'

'ကောင်းလှပါပြီ ဒကာမကြီး... အသေအချာ အာရုံပြု နာယူပေတော့'

ဆရာတော်ကြီးသည် ဓမ္မစကြာ တရားတော်မြတ်ကို ဌာန်ကရိုဏ်း ကျကျ ဂရုလဟု ပီသစွာဖြင့် ကျကျနန ရွတ်ဖတ် သရဇ္ဈာယ်တော်မူလေသည်။

သဘက်မ အဘွားအိုသည်လည်း ဆရာတော်ကြီး၏ ခုတင်ခြေရင်းတွင် ဝပ်စင်းလက်အုပ်ချီလျက် တရားတော်မြတ်ကို ကောင်းစွာ နာယူလေ၏။

ဓမ္မစကြာတရားတော် အဆုံးတွင် ယခင် သဘက်အဘိုးအို ကျွတ်လွတ်ချိန်ကကဲ့သို့ အမွှေးနံ့သာနံ့များ တစ်ခန်းလုံး မွှေးပျံ့သင်းထုံလာပြီး တစ်ခန်းလုံး ဝင်းဝင်းတောက်မျှ အဖြူရောင်အလင်းတန်းကြီး ဖြစ်ပေါ်ကာ သဘက်အဘွားအိုလည်း အခန်းထဲမှ ပျောက်ကွယ်သွားလေသည်။

ဆရာတော်သည် သဘက်အဘွားအိုတစ်ယောက် ကျွတ်လွတ်သွားပြီ ဖြစ်ကြောင်း သိရှိတော်မူလေသည်။

ဤသို့ သဘက်ကြီးတို့ ဇနီးမောင်နှံသည် နိမ့်ကျသည့် ပေတဘဝမှ မြင့်မြတ်သည့် ဘုံဘဝသို့ ကူးပြောင်းရောက်ရှိသွားသဖြင့် ဝမ်းသာကြည်နူးစွာဖြင့် ဆရာတော်၏ သာဓုခေါ်သံက အခန်းအတွင်းဝယ် ပျံ့လွင့်လာပါတော့သည်။

'သာဓု...သာဓု...သာဓု...'

**ကမ်းနဖူးကစမ်းဦး(ကသာ)**

စာမျက်နှာ (၂၉၅)မှ အဆက်

ရှိနေတာ တွေ့ရတဲ့ ဘုန်းကြီးဦးလန်း တစ်ညလုံး တုန်လှုပ် ချောက်ချားရတဲ့ အဖြစ်ကို တွေးရင်း မိုးစင်စင် လင်းခဲ့ပကောလား။

အရုဏ်ကျင်းပြီး အလင်းရောက်တဲ့အခါ ညကလှူခဲ့တဲ့ "နွားလေး" သတိရသည်နှင့် စိတ်မကျေဘဲ သုသာန်သို့ သွားရောက်ကြည့်ရှုရာ "ဟိုက်"လို့ တစ်လုံးသာ မြည်တွန်နိုင်ရှာသည်။

နွားအစစ်မဟုတ်ဘဲ "ထန်းပလပ်" နွားရုပ်လေးကို နှယ်နှင့် ချည်ထားသည်ကို လည်းကောင်း၊ အသုဘကောင်လေး နေရာ၌ "ပုတ်သင်ညို"လေးတစ်ကောင်ကို လည်းကောင်း မီးခွက်ထွန်းထားတဲ့ နေရာမှာတော့ "ပိုးစုန်းကြူး" အသေလေးတစ်ကောင် တွေ့ရတော့မှ ဘုန်းတော်ကြီးဦးလန်းက...

'ညကဟာတွေ လက်စသိမ်တော့ ကျုတ်တွေပဲကိုး'

လို့တွေးမိပြီး ကျောင်းသို့ ပြန်လာရာ လမ်းတစ်လျှောက်ရှိ သစ်ပင်ငယ် ချုံနွယ်များပေါ်မှာ "**ယစ်တောင်**"ရွက် စုတ်တွေ ငြိတွယ်နေတာ တွေတော့မှ တစ်ယောက်တည်း "ပြုံး"ရယ်ပြီး...

'နောက်များဆို အချိန်မတော် လာယင့်ရင် ဘယ်တော့မှ မလိုက်တော့ဘူး'

လို့ သန္နိဋ္ဌာန်ချလိုက်ကြောင်း ယင်းကျောင်းမှာ ကျောင်းသားအဖြစ် နေဖူးသူ အသက်(၇၀)ရှိတဲ့ အဘဘိုးတော်ရဲ့ မြေး "မောင်ထွေး"ပြောပြချက်ကို ဆီလျော်အောင် ရေးသား တင်ပြလိုက်ရပါတယ်။

***စာဖတ်သူအပေါင်း ကျန်းမာ ချမ်းသာကြပါစေ။***

**ရွှေမော်ဓမြေ မောင်ကြည်သိန်း**

www.burmeseclassic.com

ဘုန်းတော်ကြီးဦးလန်းနှင့်

# ကျွတ်အဘဥစ္စာ

ရွှေတောင်မြ
မောင်ကြည်သိန်း



သရဲ၊ တစ္ဆေ၊ သဘက်၊ မှင်စာ၊ ကျွတ် စသည်တို့သည် ဤလောကကြီးတွင် အမှန်တကယ် ရှိနေကြပါသည်။ ဇရပ်ပျက်၊ ကျောင်းပျက်၊ သစ်ပင်အို၊ သုသာန်နှင့် လူသူမနီးသောအရပ်များ၌သာ ထိုနာနာဘာဝများ ခြောက်လှန့်တတ်သည်မဟုတ်၊ သူ့အိမ်သူ့ယာမှာ သူ့ဘာသာနေသူများကိုလည်း နှောင့်ယှက်တတ်ကြောင်း...

ကျွတ်များသည် ထူးထူးထွေထွေ ဖန်ဆင်းနိုင်ခြင်း၊ သနားအောင်၊ ကြင်နာအောင် ပြောဆိုတတ်ခြင်း၊ ယုံကြည်လောက်အောင် လိမ်လည်ခြင်းများသည် "သရဲသဘက်"တို့ထက် ဆန်းကြယ်စွာ ဖန်တီးနိုင်ကြသည်။

**(ဤအဖြစ်ပျက်သည် မင်းတုန်းမင်းကြီးစိုးစံစဉ် အချိန်အခါက ရွှေတောင်မြို့တွင် အမှန်တကယ် ဖြစ်ပွားခဲ့သော ဖြစ်ရပ်တစ်ရပ် ဖြစ်ပါသည်။)**

ရွှေတောင်ဆိုတာ ရန်ကုန်ကနေ (၁၆၆)မိုင် ဝေးကွာပါတယ်။ ပြည်–ရွှေတောင် (၉)မိုင်ဝေးပါတယ်။

ရွှေတောင်မှ ယခင်ဖြစ်ရပ် ဖြစ်ပွားသော"**တောင်လုံးညို**"**ရွာ**ဆိုတာ(၁)မိုင်သာ ဝေးကွာပါတယ်။ တောင်လုံးညိုရွာနောက်ဖေး"**ကျွန်းတော**"**ကျောင်း**တွင် သီတင်းသုံးတော်မူသော ဆရာတော်ဘွဲ့မှာ "**ဘုန်းကြီးဦးလန်း**" ဖြစ်ပါတယ်။

ဘုန်းကြီးဦးလန်းဟာ "ရွှေတောင်သား"ပါ၊ လူမည်လဲ လူတကာသိတဲ့

www.burmeseclassic.com

"ဦးလန်း"ပါ။ ဘုန်းကြီးအမည်ထက် လူမည် "ဦးလန်း"သာ လူသိများ၍ ဘုန်းကြီးဦးလန်းရယ်လို့သာ လူသိများပါတယ်။ ကြီးမှ ဘုန်းကြီးဝတ်တဲ့သူမို့ပါ။ ဇာတ်လမ်းအစက ဒီလိုပါ။

ညနေ နေဝင်ရီတရော "မီးထွန်းချိန်" အသက်(၃၀)ရွယ် လူတစ်ယောက်နဲ့ (၄၀)ခန့်ရှိ လူတစ်ယောက်တို့ ဘုန်းကြီးကျောင်းပေါ်တက်ပြီး ဘုန်းကြီးအနီး ဝတ်ချကာ နေကြပါတယ်။ ထိုခါ ဘုန်းတော်ကြီးဦးလန်းမှစပြီး...

'ဒကာတော်တို့ ဘယ်အရပ်ကတုန်း ဘာကိစ္စနဲ့လာကြတာလဲ'

ထိုစဉ် အသက်ကြီးသူက လျှောက်ထားသည်မှာ...

'တပည့်တော်တို့သည် အာဂန္တုဧည့်သည် ခရီးသွားများ ဖြစ်ကြပါသည်ဘုရား... အထက်အညာအရပ်က အောက်ပြည်အောက်ရွာသို့ ကူလီလုပ်ရန် အိုးအိမ်နှင့်တကွ လာရာ လမ်းခရီး၌ တပည့်တော်တို့၏ အဖော်ပေါင်းထဲမှ နို့စို့အရွယ် ကလေးငယ်တစ်ယောက်၊ အနိစ္စရောက်ပါသည်။ သို့နှင့် အသိအကျွမ်း မရှိသောကြောင့် ယခုညပင် သင်္ဂြိုဟ်ခြင်းကိစ္စ ပြီးမြောက်အောင် ဆောင်ရွက်ချင်လှပါသောကြောင့် အရှင်ဘုရား၏ ကျောင်း မြောက်ဘက်နားက သုသာန်သို့ အသုဘ ကြွရောက်ပါမည့်အကြောင်း လေးစားစွာ ပင့်လျှောက်ပါတယ်ဘုရား'

ဘုန်းတော်ကြီးဦးလန်းမှ စိတ်မကောင်းစွာဖြင့် "**ဩော်...ဖြစ်မှ ဖြစ်ရလေတယ်ကွယ်**"ဆိုပြီး သနားကရုဏာရှိလှစွာဖြင့် ယပ်တောင်ကို ယူကာ လျင်မြန်စွာ လိုက်ပါသွားခဲ့ပါတော့တယ်။

ထိုသို့ ဒကာနှစ်ဦးတို့ရဲ့ ပင့်လျှောက်ချက်ကြောင့် မငြင်းမဆန်ဘဲ လိုက်ပါသွားသော ဘုန်းတော်ကြီးဦးလန်း သုသာန်ရောက်လို့ ဟိုဟိုသည်သည် ကြည့်လိုက်ရာ လှည်း(၅)စီးကို နွားမဖြုတ်ဘဲ လှည်းထောက်,ထောက်လျက် အနီးနားမှာ မိန်းမ၊ ယောက်ျားတို့ တချို့ ထိုင်လျက်၊ တချို့ ထလျက်၊ တချို့ ငိုလို့ရယ်လို့ လှည်းစခန်းအနီး "အသုဘကောင်လေး"ကို မြေကြီးပေါ်တွင်သိပ်လျက် အဝတ်ဟောင်းလေးတစ်ထည် ခြုံထားသည်ကို တွေ့မြင်ရပါတယ်။

ဘုန်းတော်ကြီးဦးလန်းလဲ အသုဘကောင်လေးဘေး ထိုင်ချလိုက်သောအခါ ဘုန်းကြီးလာပင့်သော လူကြီးက...

'တပည့်တော်တို့မှာ ခရီးသွား ဧည့်သည်များဖြစ်ပါသဖြင့် အလှူငွေကြေး မရှိပါဘုရား... သို့ပါ၍ ကျွဲနွားလေးကိုဖြင့် အလှူလက်ခံတော်မူပါဘုရား'

ဘုန်းတော်ကြီးဦးလန်းက "အေးကွယ်...အေး...အေး"လို့ ပြောတဲ့ခါ လူကြီးက လှည်းမြီး၌ ချည်ထားသော နွားလေးကို ဘုန်းတော်ကြီးကို ကပ်လှူလိုက်ပါတယ်။ ဘုန်းတော်ကြီးက...

'တစ်နေရာမှာ ချည်သာထားလိုက်ပါ ဒကာတော်တို့ရယ်'

ဆိုနှင့်စွာ ခံစားပြီး ပြောကြားလိုက်ပါတယ်။

အသုဘကောင်လေးရဲ့ ဘေးနားမှာက ရေနံဆီမီးခွက်တစ်ခုရဲ့ အလင်းရောင်ကြောင့် အားလုံးကို မြင်သာထင်သာရှိပါတော့တယ်။

ညဥ့်ကလဲ နက်၊ တောငှက်တွန်သံ ပုရစ်အော်သံမှလွဲ၍ ပီဘိငြိမ်သက် ဘုန်းတော်ကြီးဦးလန်းမှ ယပ်တောင်ကွယ်၍...

'ကိုင်း... ကန်တော့ကြ၊ ကန်တော့ကြကွယ်'

ဤသို့ ဘုန်းတော်ကြီးက ခိုင်းသော်လဲ ဘာသံမျှ မကြားရသဖြင့် ဘုန်းကြီးစိတ်တွင် ဒကာတွေ ကြားဟန်မတူပါဘူးလေဆိုပြီး...

'ကိုင်း... ကန်တော့ကြ၊ ကန်တော့ကြကွယ်'' ဟု ထပ်ဆိုပြန်ရာ အထက်ကထက် ပိုပြီး ငြိမ်သက်လှသဖြင့် ဘုန်းတော်ကြီးမှာ ကြက်သီးဖြန်းဖြန်းထပြီး ခေါင်းနားပန်းကြီး၍ လာသဖြင့် ဟိုဟိုသည်သည် ကြည့်လိုက်တဲ့အခါ မှောင်မည်းပြီး ထိတ်လန့်ချောက်ချားဖွယ် ဖြစ်နေသည်။

သို့နှင့် မိမိကိုင်ထားတဲ့ ယပ်တောင်လေးနှိမ့်ပြီး "ကဲ"၍ ကြည့်လိုက်ရာ မီးခွက်နှင့် အလောင်းကောင်လေးမှတစ်ပါး လှည်းနွား လူသူ တစ်ယောက်တလေမှ မတွေ့ရသည့်အခါ "ဟာ" လို့ အာမေဋိတ်သံကလွှဲပြီး ယပ်တောင်ကွယ်ကာ တအားကုန် ကဆုန်ချ၍ ရွှေကျောင်းကြီး ဝိဟာရကို ဒုံးချပြေးခဲ့ရရှာပါတော့တယ်။

ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် ကြောက်အားလန့်အားနဲ့ ပြေးလာရတဲ့ ဘုန်းကြီးဦးလန်း ကျောင်းရောက်တဲ့ခါ မျက်လုံးများ ပြာဝေလာအောင် မောပန်းလွန်း၍ ကျောင်းတိုင်မှီပြီး ကွမ်းတစ်ယာတစ်ညက်ခန့် နေပြီးမှ...

'ဟဲ့...ကျောင်းသားတွေ၊ လာကြစမ်း၊ ငါ့ကို ရေတစ်ခွက် အမြန်တိုက်စမ်း'

ထိုစဉ် ကျောင်းသားတစ်ဦး ရေခွက်ကိုင်ပြီး ရေတိုက်သောအခါ ဘုန်းကြီးဦးလန်း မမောတမ်း ရေသောက်လိုက်ပုံက "ဂလု ဂလု"လို့ မြည်သံတောင် ကျောင်းသားလေး ကြားရလေတော့သည်။

လက်ထဲက ယပ်တောင် ကြည့်ပြန်တော့ အရွက်မလာ ရိုးတံချည်းသာ


(စာမျက်နှာ (၂၉၃) သို့)

www.burmeseclassic.com

www.burmeseclassic.com

သယံဇာတလမ်း...

ဤလမ်းစဉ်သည်လည်း တကယ်လုပ်လျှင် တကယ်အားကိုးထိုက်သော လမ်းစဉ်ဖြစ်သဖြင့် အဂ္ဂိရတ်ဝါသနာတူများအား မျှဝေခံစားစေချင်သောဆန္ဒ အပြည့်အဝဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

တကယ့် ထွက်ရပ်လိုသော ပုဂ္ဂိုလ်များသည် နံပါတ်(၁) ဆေးပစ္စည်း၊ နံပါတ်(၂) ဓာတ်ပစ္စည်း လုပ်ရပ်လမ်းစဉ် အစရှိတဲ့ အဂ္ဂိရပ်သုံးခုနှင့် ပြည့်စုံမှု သီလ၊ သမာဓိ၊ ဝီရိယတို့နှင့် ပြည့်စုံမှုစတဲ့ အချက်အလက်တွေနဲ့ ပြည့်စုံပြီဆိုလျှင်တော့ သေချာပေါက်ဖြစ်ပြီဟု မှတ်ယူပါ။

---


## သံစီရင်နည်း

---

ရှေးဦးစွာ ဆေးပစ္စည်းများကိုစုပါ။

၁။ စောင်းလျားမြစ်၊
၂။ ဖိသာလင်ဥ၊
၃။ ချေးသီး၊
၄။ ကလောသီး၊
၅။ ငီး(သီး)ဖြူမြစ်၊
၆။ ဖန်ခါးမြစ်၊
၇။ ဥန်မြစ်၊
၈။ ဒန့်သလွန်မြစ်၊
၉။ သလဲမြစ်၊
၁၀။ ကန့်ချုပ်နီမြစ်၊
၁၁။ ကင်မလင်းမြစ်၊
၁၂။ နှင်းပန်းဥ

အထက်ပါ ဆေး(၁၂)ပါးကို အမှုန့်စုံ၍ ညက်စွာကြိတ်၍ထား။ **သယံဇာတသံတစ်စု** (ဒ)ကျပ်သားလျှင် ဆေး(၂)စု။ (၅)ကျပ်သားဖြင့် သံနှင့်ဆေး ရော၍ထောင်း။ ထောင်းပြီးလျှင် သင့်လျော်သောလုံတွင်ထည့်။ ဇော်(၃)ထပ်မံ၍ မီးသွေး(၅)ပြည်ကုန်အောင် (၁)မီးထိုး။ ယင်းကဲ့သို့ ထိုးပြီးလျှင် ဆေးပေါက်၍ အလင်းဖွင့်ထိုး။



# သံဓာတ် ထွက်ရပ်သို့ (၂)

**ခံရည်လောင်းရန်မှာ...**

၁။ ဝက်ဆီ
၂။ နာနတ်ရည်
၃။ ရေနံ
၄။ ထောပတ်

ယင်းအရည်(၄)မျိုးဖြင့် ဆေးကို အရည်ဖျော်၍ (၃)မီးစီသွန်။ (၃)ခါပြန်၍လောင်း (၃၆)မီးတိုင်လျှင် ယင်းသံသည် ပိတုန်းတောင်ပံကဲ့သို့ နက်၍သေ၏။

ထိုသံသေကို သုံးပုံခွဲ၍ တစ်ပုံကို ငွေကြမ်းမှာပစ်။ ပြာရောက်၏။ (ပြာကျ၏)။ ပျားရည်နှဲ့ဖျော်၍လျက်။ ငှက်ပျောသီးနှင့်စား။ အသက်ရှည်၏။

တစ်ပုံကို **မုန်ညင်းဆီ၊ ပျားရည်၊ နမ်းဆီတွင်** (၃)ကြိမ်၊ (၃)ခါပြန်လောင်း ကြိုးပေါ်၏။ (ကာယသိဒ္ဓိ)အပြီးတိုင်၏။

တစ်ပုံကို **ဖွတ်ဆီ၊ မုန်ညင်းဆီ၊ လင်းမြွေဆီတွင်** (၃)ကြိမ်၊ (၃)ခါပြန်လောင်း ကြိုးပေါ်၏။ (ကာယသိဒ္ဓိ) အပြီးတိုင်၏။ ယင်းတစ်စုကို ထုံလုပ်၍ ပြဒါးတင်ခဲ ပြဒါးခဲ၏။ ယင်းပြဒါးခဲကို ဒန်မှာပစ်။ ငွေဘော်ဖြစ်၏။ ရွှေမှာပစ် ရွှေပြာကျ၏။

ထိုပြာကို နာ–ဘော်မှာပစ်၊ သိင်္ဂီ စင်စစ်ဖြစ်၏။ (ရွှေဖြစ်၏)။ ပထမ–ဝိယသိဒ္ဓိကိုလိုသော်။ ကြိုးပေါ်သံကို ပြဒါးလေးတူ သွင်း၍ထား။

နောက်...

၁။ ဆင်ရိုး၊
၂။ မြင်းရိုး၊
၃။ ကျွဲရိုး၊
၄။ နွားရိုး၊
၅။ ကျားရိုး၊
၆။ လူရိုး

ယင်းရိုးကြီး(၆)ပါးကို ပြာချ၍ ထားဦး။

လုံတွင်းမှ မဖောက်ထုံးကို ညီစွာမံ၊ ပြဒါးသွင်းပြီး သံကို ရိုးကြီး(၆)ပါးဆေးဖြင့် ထက်အောက်နှီးလျက် လုံပိတ် ဇော်မံကာ (၇)လုံထိုး။ မဏိဇောတ ပတ္တမြားကဲ့သို့ အရောင်ထွက်၏။

ထိုသံကို **နို့သာ (၅)ပါးရည်စိမ်၍** လူး။ နတ်သားကဲ့သို့ရှိ၏။ နွားနို့၊ ပျားရည်စိမ်၍သောက်၊ (၁၆)နှစ်အရွယ်ကဲ့သို့ ထင်ရ၏။ ဆဒ္ဒန်ဆင် (၅)စီးအားကို ဆောင်နိုင်၏။

တစ်ကမ္ဘာပတ်လုံး အသက်ရှည်၏။ ကာယသိဒ္ဓိ၊ ဝိယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ ဥဒကသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ အာကာသသိဒ္ဓိ၊ အနုလောမသိဒ္ဓိ၊ မနောမယသိဒ္ဓိသို့တိုင် ရောက်အောင် ဆောင်နိုင်၏။

ဤကဲ့သို့ သယံဇာတသံဖြင့် ထွက်ရပ်သို့ရောက်အောင် ဆောင်နိုင်ကြောင်း နည်းလမ်းကောင်းကို စာရေးသူသိရှိသည့်အတိုင်း ဆရာစားမချန်ဘဲ မျှဝေခံစားစေရန် ရည်သန်၍ ရေးသားတင်ပြအပ်ပါသည်။

**အနန္တ ဆရာသခင်များအား ဦးထိပ်ထားလျက်...**

***[သဗ္ဗေသတ္တာ ဒုက္ခမုစ္စန္တု။ သတ္တဝါအားလုံး ဒုက္ခအပေါင်းမှ ကင်းလွတ်ကြပါစေကုန်သတည်း...]***

ကြည်စိုး *(မနောမယသိဒ္ဓိ)*
ရောမြေ



www.burmeseclassic.com

www.burmeseclassic.com

# ဆင်စီးမြင်းရံ ဗုဒ္ဓရုပ်ပွားတော်

ကောင်းခန့်
(သခွတ်ပြေ)
ဝတ်လတ်



▲ ပလ္လင်တော်မှ ပုံတော်



ပလ္လင်အလွတ်ပုံတော် ▶

'ကုဋ္ဌိယာ အာဝိဋ္ဌံ မာပေတွာ၊ တတ္ထ အသီတိ သာဝကာနံ ရူပံ၊ ဗုဒ္ဓ ပိတုနော ရူပံ အနုပမသ ဒသ ဗလဿ ရူပံ၊ သုဝဏ္ဏ မယံ မာပေတွာ မဇ္ဈေ သတ္တရတနရာသိံ ကတွာ သမန္တတော သုဝဏ္ဏဇာလံ ပရိက္ခိ ပိတွာ သေတစ္ဆတ္တံ ဥဿာပေတွာ တဿ ဟေဋ္ဌာ နာနာရတန သမုဇ္ဇလံ ပလ္လင်္ကံ မာပေတွာ၊ ဒသ ဗလဿ တတ္ထ သီသတော ဩဿရော ပယိတွာ သတ္တဒိဝသာ ရောဒနေန နာပေတွာ ဘဂ္ဂဝါ ကုမဿိ ဗ္ဗာနေ သကာလ ဇနပိတ္တံ ပဋ္ဌဝဿ သဟဿပူဇာနံ တိဋ္ဌ တုတိပဋ္ဌပေသိ ။ ဟူသော ပါဠိ၌ **အနုပမဿ**– မနှိုင်းရှည်အပ်သော၊ **ဒသဗလဿ**– မြတ်စွာဘုရား၏၊ **ရူပဥ္စ**– ရုပ်အဆင်းတော်ကိုလည်း၊ **မာပေတွာ**–ဖန်ဆင်း၍ **မဇ္ဈေ**– အလယ်၌၊ **သတ္တရတနရာသိံ**– ရတနာခုနစ်ပါးအစုကို၊ **ကတွာ**– ပြု၍၊ **သမန္တတော**–ထက်ဝန်းကျင်မှ၊ **သုဝဏ္ဏဇာလံ** – ရွှေကွန်ရက်ကို၊ **ပရိက္ခိပိတွာ** – ရံ၍၊ **သေတစ္ဆတ္တံ**– ထီးဖြူကို၊ **ဥဿာပေတွာ**–စိုက်ထောင်စေ၍၊ **တဿ**–ထိုထီးဖြူ၏၊ **ဟေဋ္ဌာ**– အောက်၌၊ **နာနာရတနသမုဇ္ဇလံ**– အထူးထူးသော ရတနာတို့ဖြင့် ကောင်းစွာ တောက်ပထသော၊ **ပလ္လင်္ကံ**– ပလ္လင်ကို၊ **မာပေတွာ**–ဖန်ဆင်း၍။ ။ဤသို့လာသည်။

*(သမန္တစက္ခုဒီပနီကျမ်း ပဥ္စမတွဲ)*


မြတ်စွာဘုရားရှင် ဝေဠုဝန်ကျောင်း





www.burmeseclassic.com

www.burmeseclassic.com



▲ အောက်မှ ထင်သုံးကောင်ခံထားပုံ

၌ သီတင်းသုံးစဉ် အရှင်အနုရုဒ္ဓါ၊ အရှင်သောဘိတ၊ အရှင်ပဒုမုတ္တရ၊ အရှင်ဂုဏသာရ၊ အရှင်ဉာဏပဏ္ဍိတ၊ အရှင်ရေဝတ ဤရဟန္တာခြောက်ပါးတို့သည် ဆံတော်ကို တောင်း၍ မြတ်စွာဘုရားမှ ခြောက်ဆူသော ဆံတော်ကို ပေးလိုက်၏။

ထိုရဟန္တာခြောက်ပါးတို့သည် ဘုရားထံတော်မှ သွားသည်ရှိသော် သမုဒ္ဒရာကမ်းစပ်၏ အနီးတစ်ခုသော ပစ္စန္တရာသို့ ရောက်၏၊ စေတီတည်စရာ နေရာကို ရှာ၍ရလျှင် ဦးဆောင်လုပ်ပေးမည့် အလုပ်အကျွေး ဒါယကာကို တောင့်တကြရာ ထိုအခါ သိကြားမင်းရောက်လာသော်...

'သင်သည် ဆံတော်တတ်၏ ဒါယကာ အဖြစ်ခံယူလော့'

ဟု မိန့်တော်မူကြရာ သိကြားမင်းသည်လည်း...

"ကောင်းပါပြီ" ဟု ဝန်ခံ၍ ဆံတော်တို့ကိုယူပြီး ဦးခေါင်းထက်မှာ ထားကာ တန်ခိုးဖြင့်တွင်းကို ဖန်ဆင်း၍ ထိုတွင်း၌ ရွှေဖြင့်ပြီးသော အသီတိရုပ်တု၊ ဘုရားရှင်၏ မယ်တော်ခမည်းတော်တို့၏ရုပ်တု၊ ဘုရားရှင်၏ ရုပ်တုတော်တို့ကိုလည်း ဖန်ဆင်းကာ ဘုရားဒါယကာအဖြစ် ခံယူတော်မူလေသည်။

ထိုအကြောင်းအရာတို့ကို ထောက်ခြင်းအားဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မမူခင်ကပင်လျှင် မြတ်ဗုဒ္ဓ၏ ကိုယ်ပွား ဥဒ္ဒိဿကစေတီ တည်ခြင်းကိုးကွယ်ကြခြင်း ရှိခဲ့ကြောင်း သဂ္ဂဏ္ဏပ္ပဝံသ(သဂါယနာတင် မဟုတ်သည့်ကျမ်း)၌ လာရှိပါသည်။

ခေတ်အဆက်ဆက် ပြောင်းလဲလာသည်နှင့်အမျှ နေရာအလိုက်၊ ဒေသအလိုက်၊ လူမျိုးအလိုက် ပုံတော်တို့ အနည်းငယ်ပြောင်းလဲသည်သာ ရှိသည် ဗုဒ္ဓဘာသာကိုးကွယ်သည့် လူမျိုးတိုင်း၏ ဒေသတို့၌ ဗုဒ္ဓရုပ်ပွားတော်တို့မှာ ဉာဏ်တော်အသေးအကြီး အရွယ်အစားသာ ကွဲပြား၍ များပြားစွာ ထုလုပ် ပူဇော်ထားကြသည်ကို ယနေ့အထိ ဖူးမြော်ရဆဲ၊ ကြည်ညိုရဆဲဖြစ်၏။

ကျွန်ုပ် ယခုဆောင်းပါးကို ရေးဖြစ်သည်မှာလည်း မထင်မှတ်ဘဲ ရှေးဘုရားတစ်ဆူကို ကြုံကြိုက်ဖူးမြော်ရသည်မှာ ကြည်ညိုသဒ္ဓါစိတ်နှင့် ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

* * *

တစ်နေ့ စာရေးသူနှင့် ကိုကိုအောင် (မြကန်သာ)တို့ ဝက်လက်မြို့ဈေး၏ အနောက်တောင်ဘက်ရှိ "လင်းရောင်ခြည်ကဖေး)၌ စာပေအကြောင်းဆွေးနွေးနေကြစဉ် စာရေးဆရာအသင်း (ဥက္ကဋ္ဌ)ဖြစ်သူ "မင်းဝဿန်ဦး" ရောက်

www.burmeseclassic.com

လာ၏။

'ဆရာကောင်း... ကျွန်တော့်ကို လက်ဖက်ရည်တိုက်ဗျာ၊ ကျွန်တော် ဆောင်းပါးတစ်ပုဒ် ရေးစရာပေးမယ် ဘယ်လိုလဲ'

'ရပါတယ် ဥက္ကဋ္ဌရယ်... ရေးစရာ မပေးလဲ ဒါနမြောက်အောင် တိုက်ပါ တယ်ဗျာ'

'မဟုတ်ဘူး ကျွန်တော် တကယ် အတည်ပြောတာဗျ၊ ကျွန်တော့်အိမ်မှာ စိတ်ဝင်စားစရာ ရှေးဘုရားတစ်ဆူ ရှိတယ်၊ အဲဒါ ဓာတ်ပုံလေးဘာလေး ရိုက်မှတ်တမ်းတင်ပြီး ခင်ဗျားရေးရ အောင် ပြောတာဗျ'

'ဟုတ်တယ် သူငယ်ချင်း၊ ကိုယ် သူ့အိမ်မှာ ပူဇော်ထားတဲ့ ရှေးဘုရား တစ်ဆူ ဖူးဖူးတယ်'

ကိုကိုအောင်(မြကန်သာ)မှ ဝင် ရောက်ထောက်ခံ ပြောဆိုသဖြင့် စာရေးစရာ ကုန်ကြမ်းရှာနေသော ကျွန်ုပ်သည်လည်း...

'ကဲ...ကဲ ဒါဖြင့် လက်ဖက်ရည် မြန်မြန်သောက်ကြဗျာ၊ အခုတစ်ခါ တည်း သွားပြီး ဓာတ်ပုံရိုက် ပူဇော်မယ်'


စိတ်မြန်ကိုယ်မြန်ရှိသူ ကျွန်ုပ်သည် လည်း လောဆော် ပြောဆိုလိုက်၏။ ထိုစဉ် မင်းဝဿန်ဦးမှ...

'ဖြည်းဖြည်းပေါ့ ဆရာကောင်းရယ်'

ပြောပြောဆိုဆို ဥက္ကဋ္ဌ မင်းဝဿန်ဦး မှာ ဆိုင်ကယ်နှင့် အိမ်ပြန်သွားရာ ကျွန်ုပ်တို့နှစ်ယောက်သည်လည်း သူ့ နောက်မှ ထက်ကြပ်မကွာ လိုက်ခဲ့ရ တော့သည်။

* * *

မင်းဝဿန်ဦး၏ အိမ်ဖြစ်သော "နေလ" အိမ်ဆောက်ပစ္စည်းနှင့် ပရိဘောဂဆိုင်၏ အပေါ်ထပ် ရောက် သော် ဘုရားဆောင်ထဲမှာ သပ်ရပ်



လက်ဝဲတက်သောအမှ မြင်းရုံ

ကြည်ညိုစရာ စံပယ်နေသော ဗုဒ္ဓရှေး ရုပ်ပွားတော်တစ်ဆူကို ဖူးမြော်ရ သည်။

ရုပ်ပွားတော်၏ အောက်မှာ ဆင်သုံး ကောင်ခံကာ နံဘေးတစ်ဖက်တစ်ချက် မှာ မြင်းနှစ်ကောင်ရံထားသည်ကို တွေ့ ရ၍ **"ဆင်ခံမြင်းရံဘုရား"**ဖြစ်ပြီး ရှားပါးသော ရှေးခေတ်လက်ရာတစ်ဆူ ဖြစ်၏။

ရုပ်ပွားတော်ကို ဝတ်ဖြည့်ပြီးလျှင် ကျွန်ုပ်သည် အရန်သင့်ပါလာသော "နီကွန်" ကင်မရာလေးနှင့် ဓာတ်ပုံ တို့ကို ရိုက်ယူပူဇော်ကာ...

'ကဲ...ဥက္ကဋ္ဌ ဒီဘုရား စတင်ရောက် ရှိ ကိုးကွယ်ရပုံနဲ့ ဘုရားရဲ့ နောက်ခံ သမိုင်း နည်းနည်းလောက် ပြောပြပါဦး'

ကျွန်ုပ်မှ စတင် မေးခွန်းထုတ်လိုက် သည်။

'ဟုတ်ကဲ့ အခု ကျွန်တော့် အသက် ငါးဆယ်ပြည့်တော့မှာဆိုတော့ ကျွန်တော် မမွေးခင်ကတည်းက ဖွားသီလရှင်ကြီး တစ်ပါး အလှူခံရင်းနဲ့ အမေ့ဆီကို ပူဇော်ဖို့ စွန့်ခဲ့တာလို့ သိရတာပဲဗျ။

ဒီဘုရား အတူတစ်ဆူကတော့ အခု မန္တလေးမှာရှိတယ်။ အဲဒီတစ်ဆူမှာ ကမ္ပည်းထိုးထားတဲ့ သက္ကရာဇ် ဂဏန်း ကတော့ သုံးလုံးထက် မကျော်ဘူးလို့ သိရတာပဲ။

အခု ဒီက တစ်ဆူမှာတော့ ကမ္ပည်း ထိုးတာ မတွေ့ရဘူး။ ဘုရားနှစ်ဆူလုံး ပုံစံတော် အရွယ်အစားရော အတူတူ ပဲတဲ့။

ဟုတ်ကဲ့... လက်ရာကတော့ ပုဂံ ခေတ်နှောင်းပိုင်းနဲ့ ဒါမှမဟုတ် အင်းဝ ခေတ်က လက်ရာလို့ ကျွန်တော် ယူဆ တယ်'

'ဟုတ်ကဲ့ပါ ဥက္ကဋ္ဌတို့မိသားစုထံမှာ ဒီဘုရားကြွလာပူဇော်ပြီးမှ မိသားစုမှာ ဘယ်လိုထူးခြားမှု တစ်စုံတစ်ရာ ရှိခဲ့လဲ ဗျ'

ကျွန်ုပ်မေးရာ ကိုကိုအောင်မှ...

'ဒါကိုတော့ အထူးမေးနေစရာ မလို



www.burmeseclassic.com

www.burmeseclassic.com



◆ လက်ယာဘက်ထားမှ မြင်ရ

ပါဘူးကွာ၊ ကိုယ်က သူတို့မိသားစုနဲ့ ငယ်ငယ်ကတည်းက ဝင်ထွက်သွားလာနေသူဆိုတော့ သူတို့စီးပွားရေးလုပ်ငန်းတွေ တဖြည်းဖြည်း တိုးတက်ချဲ့ထွင်လာတာ မျက်မြင်ကိုယ်တွေ့ပဲ'

ကျွန်ုပ်သည်လည်း…

'ဒီလိုပဲ ဖြစ်ရမှာပေါ့ဗျာ ရုပ်ပွားတော်ရဲ့ ဘယ်ဘက်လက်ဝါးတော်ပေါ်မှာ "အမြိုက်အိုး"လို့ ခေါ်တဲ့ သိဒ္ဓိဝင်အိုးကို ဆောင်ထားတော့ လာဘ်လာဘ စီးပွားရေးရော၊ ကျန်းမာရေးပါ အကျိုးထူး ခံစားရလိမ့်မယ်လို့ ကျွန်တော်ယူဆတယ်။ ဒါက ကျွန်တော့်အတွေးလေ လက်တွေ့ပူဇော်ထားတဲ့ ကာယကံရှင်တွေက ပိုပြီး သိမှာပေါ့ မဟုတ်ဘူးလား ဥက္ကဋ္ဌ'

'ဟုတ်တာပေါ့ဗျာ ကျွန်တော် မမွေးခင်အဘိုး ဦးထွန်းသွင်လက်ထက်က "တယောပျံ"တံဆိပ်နဲ့ သားရေဖိနပ်လုပ်ငန်းမှာ အကျိုးပြုခဲ့တယ်။ ကျွန်တော့်အဖေလက်ထက်မှာလဲ သားရေလုပ်ငန်း၊ ဖိနပ်လုပ်ငန်းမှာလဲ အကျိုးပြုခဲ့တာပဲ၊

ဟော…အခု ကျွန်တော်လက်ထက်မှာ "ဂုဏ်ထူးဆောင်"ကျူရှင် ဘော်ဒါဆောင်မှာလဲ အကျိုးရှိခဲ့တာပဲ။ အခုတော့ ကျူရှင်ကိုမဖွင့်တော့လဲ ကျွန်တော့်အမေ ဦးစီးအောင်မြင်ခဲ့တဲ့ "နေလ" အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးကိုပဲ ကျွန်တော့်အနေနဲ့ ဆက်လုပ်တော့မယ်လို့ ဆုံးဖြတ်လိုက်ပါပြီ'

ဥက္ကဋ္ဌမင်းဝသန်ဦးသည် သူ့မိဘ ဘိုးဘွားတို့၏ အလုပ်အကိုင်နှင့် အကျိုးပြုခဲ့ပုံတို့ကို စုံလင်အောင် ပြောပြီး သူ့လက်ထက် အလုပ်အကိုင်နှင့် သူ့ရည်ရွယ်ချက်တို့ကို ပြောပြ၏။

ကျွန်ုပ်ကလည်း…

'ဒါပေါ့ဗျာ ကျုပ်တို့ ဗုဒ္ဓဘာသာမှာ သူတော်ကောင်းနဲ့ပေါင်း သင်းခြင်း၊ သူတော် ကောင်းတို့ကို ကိုးကွယ်ခြင်းတို့ ထက်သာတဲ့ မြတ်ဗုဒ္ဓရဲ့ ရုပ်ပွားတော်၊ ရုပ်တုတော်၊ စေတီတော်တို့ကို ပူဇော်ခြင်းဟာ "**အတ္တိကမ္မံ အတ္တိကမ္မဝိပါကော**"ဆိုတဲ့ ဒိဋ္ဌဓမ္မ ဝေဒနီယကံက အခုကိုးကွယ် အခု ပစ္စုပ္ပန်မျက်မှောက် ဘဝမှာပဲလက်တွေ့ အကျိုးပေးရမှာပေါ့ဗျာ၊

ကဲ… ဥက္ကဋ္ဌ ဒီဘုရား ပုံတော်တွေနဲ့ ဥက္ကဋ္ဌတို့ မိသားစု နာမည်တွေကို နာမည်အရင်းတိုင်းသုံးပြီး ဆောင်းပါးရေးခွင့်ပြုပါဗျာ'

'ရေးပါတယ်ဗျာ ခင်ဗျားကြိုက်သလိုသုံးပြီး ရေးပါ၊ ဒါတွေက အမှန်တရားတွေပဲလေ'

ဝက်လက်မြို့ မြို့နယ်စာရေးဆရာအသင်း စာနယ်ဇင်းဥက္ကဋ္ဌဖြစ်သူ "မင်းဝသန်ဦး(ဝက်လက်)၏ ခွင့်ပြုချက်ရသည်နှင့် ကျွန်ုပ်သည်လည်း ယခု ဆောင်းပါးကို ရေးသား စီကုံးရင်း ယခုတင်ပြသော **ဗုဒ္ဓရုပ်ပွားတော်ကို မည်သည့်ခေတ်က ထက်ရာဖြစ်ကြောင်းကို သိသော ပညာရှင်များမှ ထပ်ဆင့် ပြန်လည် ရေးသားဖော်ပြပါရန် တောင်းခံအပ်ပါကြောင်း…**

***ဗုဒ္ဓဘာသာ သာသနာတော်ကြီး အဓွန့်ရှည် တည်တံ့နိုင်ပါစေ။***

**_ကောင်းခန့် (သခွတ်မြေ)_**
**ဝက်လက်**

**စာမျက်နှာ (၃၀၁)မှ အဆက်**

အံ့သြမိတယ်။

ဒီသမုတ်သိမ်မှာ ကျောက်ဆင်းတုဘုရား(၁)ဆူသာရှိပြီး သိမ်ကတော့ လွန်ခဲ့တဲ့ နှစ်(၁၀၀)ကျော်က မောင်နှမရွာဂိုဏ်းချုပ်ဆရာတော်ကြီး သမုတ်ခဲ့တဲ့သိမ် ဖြစ်ပါတယ်။

သိမ်တိုင်တွေက (စကျင်)ကျောက်သလင်းတိုင်တွေ ဖြစ်တယ်။

ထူးခြားမှုက ကျည်မထွက်ခြင်းဟာ ဘာကြောင့်လဲဆိုတာ ခုထိ ဘုန်းကြီး မသိသေးဘူး။ ဒကာကြီးရယ် ရန်ကုန်မှာ ဒကာကြီးတို့ အသိမိတ်ဆွေထဲမှာ **နားလည်တတ်သိတဲ့ ပုဂ္ဂိုလ်များရှိရင် မေးမြန်းအဖြေရှာနိုင်ဖို့ ဘုန်းကြီးက ဒီသမုတ်သိမ်ရဲ့ ထူးခြားမှုကို ပြောပြတာပါ'**

ဟု ဆရာတော်ကြီး မိန့်ကြားရာ…

စာရေးသူ အထူးစိတ်ဝင်စားသော ထူးခြားဖြစ်စဉ် သတင်းစကား ဖြစ်ပါ၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ထူးခြားဖြစ်စဉ်များကို ဆောင်ပါး ရေးသားနေသော ဆရာမောင်ကံ(တံတားရွာ)၏ "ထူးတာတွေ့တော့ ပြောပြချင်" ဆောင်းပါးများ ဖတ်ရှုရပါသည်။

စာရေးသူအနေဖြင့်လည်း ထူးခြားဖြစ်စဉ်တစ်ခုဖြစ်သော ကျည်မထွက်သော သမုတ်သိမ်အကြောင်းကို သုတေသီ ပညာရှင်များ သိရှိအဖြေရှာနိုင်စေရန် ရေးသားဖော်ပြအပ်ပါသည်။

**မှတ်ချက်။ ။ဤ ဆောင်းပါးပါ တကယ့် ဖြစ်စဉ်များကို ပြောပြမိန့်ကြားပေးသော မောင်နှမရွာဦးကျောင်း ဆရာတော်ကြီးအား စာရေးသူမှ ဤဆောင်းပါးဖြင့် ကန်တော့ဦးချ ဂါရဝပြုပါသည် ဘုရား…**

**ဗိုလ်မင်း(မင်းလှ)**



www.burmeseclassic.com

www.burmeseclassic.com

ဘူးသီးတောင်မြို့နယ်၊ မောင်နုမရွာဦးကျောင်းမှ

# ကျည်မထွက်သော သမုတ်သိမ်

ဖိုးမြင့် (မင်းလှ)



၂၀၁၆ ခုနှစ်၊ မတ်လတွင် ရခိုင်ပြည်နယ်မြောက်ပိုင်း နယ်စပ်မြို့ဖြစ်သော ဘူးသီးတောင်မြို့နယ်၊ အိုးသည်မ မောင်နုမရွာ ဘုန်းတော်ကြီးကျောင်းဝင်း အတွင်း၌ တည်ထားပူဇော်သော **ဓမ္မဝိဇယစေတီတော် ရွှေထီးတော်တင်** မင်္ဂလာအခမ်းအနားသို့ ဘုရားဒါယကာ ဦးထွန်းလှ+ဒေါ်မကျုံတို့၏ ဖိတ်ကြားချက်အရ စာရေးသူနှင့်အတူ သမီးငယ် မအိဖြိုးဇင်၊ ဦးကျော်သောင်း၊ မလုံးလုံး၊ မြတ်နိုးဝေတို့ အပါအဝင် သွားရောက်ခဲ့ကြပါသည်။

ရွှေထီးတော်တင်လှူရန် အခမ်းအနား အစီအစဉ်ကို စာရေးသူအား မောင်နုမရွာဦးကျောင်း ဆရာတော်က တာဝန်ပေးပါသဖြင့် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ခဲ့ရပါသည်။

စာရေးသူအနေဖြင့် (၃)ရက်ခန့်ကြိုတင်ရောက်ခဲ့ပြီး စီစဉ်ဆောင်ရွက်ဖွယ်ရာများကို ဘုရားဒါယကာမိသားစုများနှင့် ရပ်သူရွာသားများ စုပေါင်း၍ ထီးတော်တင်ပွဲ အောင်မြင်စေရေး စီမံဆောင်ရွက်လျက် ရှိနေပါသည်။

သံဃာတော်များ သီတင်းသုံးရန် နေရာအတွက်မူ ကျောင်းဝင်း၏ မြောက်အရပ်မှ တောင်ကုန်းလေးပေါ်တွင် တည်ရှိသော သမုတ်သိမ်ကို သန့်ရှင်းရေး ဆောင်ရွက်လျက် ရှိခဲ့ရာ ကျောင်းထိုင်ဆရာတော်ကြီး ဦးနန္ဒမှ ကြွရောက်လာပြီး...

'ဟေ့...ရန်ကုန်က ဒကာကြီးတို့ ဒီသမုတ်သိမ်မှာ ထူးခြားမှု တစ်ခုခုတော့ ရှိလိမ့်မယ်။ ဒကာကြီး ကြုံကြိုက်တုန်း ဒကာကြီးတို့ကို ဒီသမုတ်သိမ်ရဲ့ ထူးခြားမှုကို ပြောပြရဦးမယ်'

ဟု ပြောရာ စာရေးသူမှ...

'မှန်ပါ... ဘုန်းဘုန်းဘုရား တပည့်တော်တို့ကို ထူးခြားမှုကို ပြောပြပေးပါဘုရား။ တပည့်တော်က ထူးခြားဖြစ်စဉ်များကို အထူးစိတ်ဝင်စားပါတယ်ဘုရား'

ဟု လျှောက်ထားလိုက်ပါသည်။

ဆရာတော်ကြီးက...

'ဘုန်းကြီးလဲ ဒီကျောင်းမှာ သီတင်းသုံးလာတာ အနှစ်(၄၀)ခန့်ရှိပြီ။ ဘုန်းကြီးက အခု သက်တော်(၇၂)နှစ်ရှိပြီ။

ဒီသိမ်တော်နဲ့ ပတ်သက်ပြီး ကျောင်းဒကာကြီး ဦးထွန်းအောင်က ပြောခဲ့ဖူးတယ်။ **"ဒီသိမ်ပေါ်က သေနတ်ပစ်ရင် ကျည်မထွက်ဘူး"** လို့ ဘုန်းကြီးကို သူ လျှောက်ဖူးတယ်။

ဘုန်းကြီးလဲ အယုံအကြည် သိပ်မရှိတာနဲ့ အမှုမဲ့ အမှတ်မဲ့ နေလာခဲ့တာ လွန်ခဲ့တဲ့(၅)နှစ်က နယ်စပ်လုံခြုံရေး ရဲဘော်တွေ ရောက်လာခဲ့ကြတယ်။

ဘုန်းကြီးရဲ့ ကျောင်းမှာ ယာယီစခန်းချတော့ သူတို့ကို ဘုန်းကြီးကျောင်းရဲ့ ဒီသမုတ်သိမ်မှာ နေရာပေးလိုက်တယ်။

တစ်နေ့မှာ ရဲဘော်တစ်ယောက်က သေနတ်သံအချက်ပေးဖို့ အမိုးပေါ် သေနတ်ထောင်ပြီးပစ်တယ်။ ကျည်မထွက်ဘူး။

ဒါနဲ့ အဲဒီရဲဘော်လေးက ကျည်(အ)များ ဖြစ်နေမလား မသိဘူးဆိုပြီး နောက်ထပ် ကျည်(၁)တောင့်ထည့်ပြီး ပစ်တယ်။ "ဖြောက်" ဆိုပြီး အသံထွက်တယ်။ ကျည်မထွက်ဘူး။

ဒါနဲ့ ဒကာကြီး နောက်ထပ် ရဲဘော်တစ်ယောက် နောက်သေနတ်တစ်လက်နဲ့ ကျည်ထည့်ပြီးပစ်တယ်။ ကျည်မထွက်ဘူး။

အဲဒီရဲဘော် (၂)ယောက်ဟာ ဒီသမုတ်သိမ်ကနေ ဆင်းလာပြီး ဘုန်းကြီးသီတင်းသုံးတဲ့ ကျောင်းရှေ့ကနေ မိုးပေါ်ထောင်ပြီး ပစ်တဲ့အခါ ကျည်ထွက်သွားတယ်။

ခုနတုန်းက ကျည်(အ)ဆိုပြီး ထားတဲ့ ကျည်ကို ထပ်ပြီးပစ်တယ်။ ကျည်ထွက်တယ်။

အဲဒီမှာ ရဲဘော်(၂)ယောက် ဘုန်းကြီးဆီ လာပြီး လျှောက်ထားကြတယ်။ ဘုန်းကြီးလဲ ကိုယ်တွေ့ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



# မှော်ဝင် ကြက်ညီနောင်

ဦးမောင်ဇင် (ရွှေနဝင်း)

မြန်မာ့ဂမ္ဘီရ လောကနယ်ပယ်မှာ "မှော်ဝင်"ဆိုသည့် စကားရပ်ဟာ ထူးခြားဆန်းကြယ် နက်နဲခြင်းများကို ကိုယ်စားပြုထားသည့် စကားရပ် ဖြစ်ပေသည်။

သာမန် ဖြစ်ရိုးဖြစ်စဉ်များထက် ထူးခြားဆန်းကြယ်စွာ ဖြစ်လာကြသော ဖြစ်စဉ်ဖြစ်ရပ်များစွာ ယင်း "မှော်ဝင်"ခြင်းဆိုသည့် အသုံးအနှုန်းကို မဖြစ်မနေ သုံးစွဲကြပါသည်။

ထို့အတူ စာရေးသူ၏ ငယ်စဉ်ဘဝက ကိုယ်တွေ့ကြုံခဲ့ရသော ထူးခြားဆန်းကြယ်လှသည့် ကြက်နှစ်ကောင် (ကြက်ညီနောင်)၏ ဖြစ်ရပ်မှန် ဆန်းကြယ်ထူးခြားမှု ကိုယ်တွေ့ အကြောင်းအရာလေးများကို စာဖတ်ပရိသတ်ကြီး ကြားမြင်သုတဖြစ်စေရန် ဖော်ထုတ် တင်ဆက်လိုက်ပါသည်။

ဟိုး...လွန်ခဲ့သော အနှစ်(၄၀)ကျော် ကာလများတွင် ယခုလိုမျိုး ကြက်,ငှက် စီးပွားဖြစ် မွေးမြူရေးဆိုတာမျိုးက အတော်ကို ရှားပါးလှပါသည်။

ထိုသို့ ရှားပါးမှုများထဲမှ စာရေးသူတို့၏ နယ်ဘက်မှာ စီးပွားဖြစ် ဥစားကြက်များကို မွေးမြူကြသော ကြက်ခြံကြီးတစ်ခြံ ဖြစ်ပေါ်ခဲ့ပါသည်။

ဤသို့ စွန့်ဦးထွင် စီးပွားဖြစ် ဥစားကြက်များကို စမ်းသပ်မွေးမြူခဲ့သူတွေကတော့ စာရေးသူ၏ အမေ့ဘက်က မောင်အရင်းအချာ (စာရေးသူ၏ ဦးလေး ညီအစ်ကိုနှစ်ယောက်)ဖြစ်နေပေသည်။

မောင်နှစ်ယောက်က ဥစားကြက်တွေကို စီးပွားဖြစ် မွေးမြူကြမယ်ဆိုတော့ အစ်မကြီးဖြစ်သည့် စာရေးသူ၏ အမေက အိမ်အနောက်ဘက်က ပေ(၁၀၀)ပတ်လည် ခြံမြေကွက်မှာ ကြက်ခြံဆောက်ခွင့် ပေးလိုက်ရတာပေါ့လေ။

စာရေးသူကလည်း ထိုစဉ် (၁၀)နှစ်သားအရွယ် မမြင်ဘူးသည့် အထူးအဆန်းများဆိုလျှင် ထမင်းမေ့ဟင်းမေ့ စပ်စုလေ့လာချင်သည့် အရွယ်ဆိုတော့...


မြို့က ဥစားကြက်ပေါက် ရက်သားအရွယ်လေးတွေ မီးစက်ိုင်ကတည်းက **[ကြက်သားပေါက်လေးတွေကို (၁၅) ရက်သား အရွယ်အထိ မီးသွေးမီးဖို နှင့် ရိုင်ပတ်ပြီး အပူငွေ့ပေးရခြင်းကို "ကြက်မီးကိုင်" သည်ဟု ခေါ်ကြပါသည်။]**

ကြက်ခြံမှာအိပ်၊ ကြက်ခြံမှာသာ စားပြီး နေခဲ့သည်ကို ယခုအထိ အမှတ်



www.burmeseclassic.com

www.burmeseclassic.com



ရနေပါသေးသည်။

ကြက်ပေါက်လေးတွေ (၁၅)ရက်သားရောက်တော့ ကြက်မီးလွတ်ပြီဖြစ်လို့ ရိုင်ကိုဖွင့်ပြီး ကြက်ခြံထဲမှာ ဆက်ပြီးမွေးရပါသည်။

ဒီကနေ့ တစ်လခွဲ (၄၅)ရက် အရွယ်မှာတော့ အထီးအမ ခွဲခြားရွေးထုတ်ပြီး ကြက်မတမ်းမများကို ခြံမှာ ဆက်လက်ကျွေးမွေးပြုစုပြီး ကြက်အဖလေးများကို အသားဈေးနှင့် ရောင်းချရသည့်အခါမှာတော့...

စာရေးသူ၏အဘွားက ခြံထဲကို ရောက်ချလာပြီး သူ့သားနှစ်ယောက်ကို...

'နင်တို့ သူများအသက်တွေနဲ့ စီးပွားရှာနေကြရတာဆိုတော့ ကြက်ခြံမှာ မမြင်ရတဲ့ ဘေးအန္တရာယ်တွေ မကျရောက်ရအောင် အခု ရောင်းထုတ်မယ့် ကြက်ဖတွေထဲက အချောဆုံး အလှဆုံး ကြက်ဖလေးနှစ်ကောင်ကို သီးသန့် မရောင်းဘဲ ချန်ထားပြီး...

ဦးမင်းကျော်နတ်ကို အဲဒီကြက်ဖလေးနှစ်ကောင်ကို သေချာ ပွဲအပ်ပြီး နတ်ဆက်ထားကြပါ'

ဟု ပြောတော့...

ဦးလေး နှစ်ယောက်ကလည်း အဘွား၏စကားကို အလေးထားပြီး နတ်ကတော်နှင့် သေချာပွဲပြင်ပြီး ခြံထဲမှာ အချောဆုံး အလှဆုံးကြက်ဖအနီလေးနှင့် ကြက်ဖအဝါလေး နှစ်ကောင်ကို ရွေးပြီး...

အနီလေးကို "**ရွှေနီ**"၊

အဝါလေးကို "**ရွှေဝါ**"ဟု နာမည်ပေး ကင်ပွန်းတပ်လိုက်ပြီး ဦးမင်းကျော်နတ်ကို အပိုင်စားပေး ဆက်သလိုက်ကြပါသည်။

'ကိုကြီးကျော်နတ် အပျော်တော်ဆက် ကြက်တိုက်လိုတဲ့အခါ ကျွံခြံမှပေါက်တဲ့ ကြက်ဖ ရွှေနီနဲ့ရွှေဝါ ကြက်ဖညီနောင်ကို ကိုကြီးကျော်နတ် အလိုရှိသလို အချိန်အခါမရွေး အသုံးတော်ခံနိုင်ရန်အတွက် ဆက်သပါသည်။

နတ်ဒေဝါ လိပ်ပြာချင်းငြိုး မှော်ဝင်ကြက်ညီနောင်နှစ်စင်းနဲ့ ကျွံကြက်ခြံ ပရိဂုဏ်အတွင်းသို့ ဘေးရန် အန္တရာယ်မချဉ်းရ အောင် နတ်မင်းဒေဝါ မစပါ'

ဟု နတ်ကတော်ကြီးက ဦးမင်းကျော်နတ်ကို တိုင်တည်ပြီး အပ်နှံလိုက်ပါသည်။

သည်လိုနှင့် ကြက်မတမ်းလေးများ (၃)လကျော်၊ (၄)လအတွင်းသို့ ရောက်သည့်အခါမှာ ကြက်မလေးများ ဥစမ်းပြီး ဥကြလေပြီ။

ကြက်ပေါက်လေး အကောင် (၁၅၀၀)ကို မွေးခဲ့တာ ယခု"ဥစမ်း" သည့်အချိန်မှာတော့ ကြက်မတမ်းမအကောင်(၉၀၀)ကျော်လောက် ရှိပေရာ တစ်နေ့ကို ကြက်ဥအလုံး (၄/၅) ရာလောက် ကောက်ရလေသည်။

ဥစားကြက်တို့၏ ထုံးစံက ကြက်မတမ်းမတွေဟာ မိတ်ဖက်ကြက်ဖအထီးမလိုဘဲ သူ့အလိုလို နေ့စဉ်ဥ,ဥပေးကြလေပါသည်။

သို့နှင့် ဦးမင်းကျော်၏ ကြက်ညီနောင် ရွှေနီနှင့်ရွှေဝါ ကြက်ဖလေးနှစ်ကောင်ကို ဥစားကြက်မများထားသည့် ကြက်စင်ခြံထဲမှာ ရွှေနီနှင့် ရွှေဝါ ကြက်လူပျိုပေါက်နှစ်ကောင်အတူ ထည့်ထားတုန်း ကြက်ညီနောင်နှစ်ကောင်ကြက်မတွေ တစ်ဖက် ၄/၅ရာနှင့် သဘောရှိ ပျော်နေခဲ့ရာက ကြက်မတွေနှင့်ခွဲပြီး ခြံအပြင် ထုတ်လိုက်တော့မှ ဒီနှစ်ကောင်၏ ထူးခြားမှုတွေ ပြလာပါတော့သည်။

ကြက်ခြံကို ကာထားသည့် ခြံစည်းရိုးဝင်းထဲကို အပြင်ဘက်က အိမ်ကြက်မများ ဝင်ရောက်လာလျှင် သူတို့နှစ်ကောင်က ကြည်ဖြူစွာ သဘောရှိ ဝင်ရောက်ခွင့်ပေးပြီး...

မတော်၍များ အခြားအိမ်ကြက်ဖများ ဝင်ရောက်လာခဲ့လျှင်တော့ ရွှေနီနှင့်ရွှေဝါ ကြက်ညီနောင်နှစ်ဖော်က ဝိုင်းပြီးသမလိုက်တာနှင့် အချို့ ကြက်ဖများဆိုလျှင် ကျိုးကန်းသွားပြီး အချို့ဆိုလျှင် သေသည့်အထိ ဝိုင်းပြီး ခွပ်ကြလေသည်။

ဒီကောင်တွေ ညီနောင်ဟာ တစ်ခြံလုံး ဗိုလ်လုပ်ပြီး ကြက်မင်းဧကရာဇ်ဘွဲ့ခံနေတာနှင့် မကျေနပ်နိုင်သေးဘဲ အခြားကြက်ဖများသာမက ခွေးတိုးပေါက်ကနေ ခိုးပြီး ဝင်လာကြသော ခွေးနှင့်ကြောင်များကိုလည်း ခြံထဲသို့ လုံးဝ ဝင်ခွင့်မပေးချေ။

ဝင်လာသည့် ခွေးနှင့်ကြောင်များ ငယ်သံပါအောင် အော်ပြီး ပြေးရလောက်အောင်ကို အသေအလဲ လိုက်ပြီး ကြက်ညီနောင်နှစ်ဖော်က ခွပ်လေတော့သည်။

ဒါကြောင့် ခြံလုံအောင် အစွမ်းပြပြီး လိမ္မာသောကြောင့် ရွှေနီနှင့်ရွှေဝါ

www.burmeseclassic.com

ကြက်ညီနောင်ကို စာရေးသူတို့က ချစ်ခင်အလိုလိုက်ပြီး အကောင်းဆုံး ကျွေးမွေးထားလေသည်။

ခြံထဲသို့ ခြံပိုင်ရှင် ဦးလေးညီအစ်ကိုနှင့် စာရေးသူတို့သာ ဝင်၍ရပြီး အခြားသူစိမ်း လူများ ဝင်လာပြီဆိုရင်တော့ အနောက်ကနေ တရကြမ်း လိုက်၍ ခွပ်ကြလေသည်။

လူစိမ်းဆိုလျှင် မည်သူ့ကိုမှ လက်မခံ ခြံထဲမှ ထွက်သွားသည့်အထိ လိုက်ခွပ်ပစ်တတ်လေသည်။


နောင်တော့ ခြံအစမှာ **"ကြက်ခွပ်တတ်သည်။ ဝင်ခွင့်တောင်းပြီးမှ ဝင်ကြပါ"**ဟု စာတန်းချိတ်ထားရသည့်အထိကို ကြက်ညီနောင်က အစွမ်းပြကြလေသည်။

အကြောင်းသိသူများက ကြက်ဥလာဝယ်ကြသည့်အခါ ဖွတ်ခနဲ မဝင်လာရဲဘဲ ခြံရှင်ကို **"ကြက် ကြည့်ပေးပါဦးဗျို့"**ဟု အရင်ခေါ်ပြီးမှ ခြံရှင် တစ်ယောက်ယောက်ကနေပြီး ခြံထဲခေါ်သွင်းမှ သူတို့ညီနောင်က လက်ခံပါသည်။

ဒါတောင် နောက်ကနေ မပြတ် လိုက်ပြီး ရစ်သီ ရစ်သီနှင့် လုပ်နေတတ်သေးသည်။

ခွေးမွေးထားတာထက်ကို ခြံ လုံပေသည်ဟု ဆိုရပေမည်။ မိုးတွင်း တစ်ညမှာတော့ မိုးအေးအေးနှင့် ခြံထဲမှ ခြံထောင့်မှာ ဦးလေး ညီအစ်ကိုက စောစောအိပ်ရာဝင်ပြီး ဖိမ်နှင့် အိပ်မောကျနေပါသည်။

အဲဒီအချိန်မှာ ကြက်ခြံထဲမှ တဘုန်းဘုန်းနှင့် အသံတွေ ကြားရပြီး **"အမယ်လေးဗျာ...အမယ်လေးဗျာ"**နှင့် လူအော်သံကိုပါ အဆက်မပြတ် ကြားနေရတော့ လန့်နိုးလာပြီး ခြံထဲ ဆင်းကြည့်လိုက်...



သွေးသံတရဲရဲနှင့် ရွှံ့ဗွက်ထဲမှာ လဲနေသည့် လူတစ်ယောက်ကို တွေ့ရပြီး တစ်ကိုယ်လုံး ကြောက်ရွံ့ တုန်ယင်နေသည်ကို တွေ့လိုက်ရတော့ သေချာ အကျိုးအကြောင်း မေးကြည့်လိုက်သည့်အခါ...

ညဘက်တွေမှာ လစ်လျှင် လစ်သလို လိုက်ခိုးနေသည့် သူခိုးတစ်ယောက် ဖြစ်နေပြီး ဒီညမှာတော့ မိုးအေးအေးနှင့် ကြက်ခြံတစ်ခြံလုံး တိတ်ဆိတ်ငြိမ်သက်နေလေတော့ အချောင်တော့ ရလေပြီဆိုပြီး ကြက်ဝင်ခိုးသည့် အချိန်...

နောက်ကနေပြီး မမြင်ရသည့် ဘာကောင်မှန်းမသိ တဖျန်းဖျန်းနှင့် ဝင်ရိုက်တာ သိလိုက်ရတော့ သရဲခြောက် (အစောင့်မွေးထားတာ)ထင်ပြီး ငယ်သံပါအောင် အော်မိပြီး လိပ်ပြာလွင့်မတတ် ကြောက်ရွံ့နေမိကြောင်း ဝန်ခံလေသည်။

ညဘက် ဆူညံအော်ဟစ်သံတွေ ကြားရတော့ ပတ်ဝန်းကျင်ဘေးအိမ်များက လူတွေ ရောက်ချလာပြီး ဖြစ်ကြောင်းကုန်စင် သိရလေတော့ "ဝိုအားထက် ရယ်အားသန်" ဖြစ်ရလေတော့သည်။

"ရွှေနီနှင့်ရွှေဝါ" ကြက်ညီနောင် နှစ်ဖော်ကိုလည်း ချီးကျူးအံ့သြကြပြီး စာရေးသူတို့ နယ်တစ်ဝိုက်မှာတော့ ထူးခြားဆန်းပြားသည့် **"မော်ဝင် ကြက်ညီနောင်"**ရယ်ဟု နာမည် ကျော်လေတော့သည်။

စကားချပ်

**ယခု တင်ပြခဲ့သည်တို့မှာ စာရေးသူ ငယ်စဉ်ဘဝက ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်မှန် ထူးခြားဆန်းပြားသည့် ကြက်ညီနောင်နှစ်ဖော်၏ ဇာတ်လမ်း ဖြစ်ပါသည်။**

**စာရေးသူ(၁၀)နှစ်သား အရွယ်က စပြီး မွေးမြူခဲ့သည့် ရွှေနီနှင့်ရွှေဝါ ကြက်ညီနောင် နှစ်ကောင်သည် စာရေးသူ (၁၀)တန်းအောင်ပြီး ဆေးကျောင်းတက်သည့် ပထမနှစ် ရောက်မှ အသက်အရွယ် ကြီးရင့်လာ၍ သူ့ဟာသူ ဓမ္မတာအရ ကြက်ညီနောင် နှစ်ကောင်စလုံး သေဆုံးသွားကြပါသည်။**

ကြက်တစ်ကောင်၏ သက်တမ်းလွန် (၁၂)နှစ်ကျော်အထိ ဘာအနာမှ မဝင်ဘဲ အသက်ရှင်သွားကြပါသည်။

ခွေးမွေးတာထက် ပိုပြီး ခြံလုံ သခင်အကျိုးပြု ထူးဆန်းစွာ အစွမ်းထက်ကြသည့် "မော်ဝင် ကြက်ညီနောင်" ဟုပဲ ကင်ပွန်းတပ်ရပေတော့မည်။

**ဦးမင်းဖေ(ရွှေနတ်)**



www.burmeseclassic.com

www.burmeseclassic.com

# ပိန်နေသော နွားများတွက်





## ရှားစောင်းလက်ပပ်

ဒေါ်အေးချမ်းအောင်
(ရမည်းသင်း)

ဦးကြီးသိန်းအိမ် ကျွန်တော် ရောက်သွားချိန်တွင် ဦးကြီးသိန်း မျက်နှာမကောင်းပါ။

ကျွန်တော် စကားပြောပေမယ့် ဦးကြီးသိန်းက ပြောချင်ဟန်မတူ။

'ဦးကြီးသိန်း ဘာ အခက်အခဲတွေ့နေလဲ ပြောစမ်းပါ'

ဆိုတော့မှ ဦးကြီးသိန်းက နွားတင်းကုပ်ဘက် လက်ညှိုးထိုးပြပြီး...

'အဲဒီနွားကြီးကွာ နေမကောင်းဖြစ်ပြီး ဆေးထိုးတော့ ပျောက်သွားတယ်။ ဒါပေမယ့် ခံတွင်းပျက်သွားတယ်နဲ့ တူပါရဲ့။ အစားမစားတော့ဘူး။ မသေရုံဘဲ စားနေတာ'

'အစားအသောက်ပျက်တာ လ,ချီကြာလာတော့ ခုငါတူမြင်တဲ့အတိုင်းပဲ၊ အရိုးပေါ်အရေတင် ဖြစ်နေတာ'

'ဆရာ ခေါ်မပြဘူးလား'

'ပြတာပေါ့၊ ဆေးထိုးပေးတယ်။ နှစ်ရက်သုံးရက်တော့ ဆေးတန်ခိုးနဲ့စားတယ်။ နောက်တော့ မစားတော့ပြန်ဘူး။ အစားအသောက် ပြန်ကောင်းအောင် ခဏခဏ ဆေးထိုးတော့တာပဲ။ အခြေအနေက ပြောင်းမလာ။ ဆရာခေါ် ဆေးထိုးပေးနေရတာလဲ မောနေပြီကွာ'

'ခုတော့ ဆေးထိုးနေလဲ မထူးတော့တာမို့ ရောင်းပစ်ဖို့ပဲ ရှိတော့တယ်။ နှမြောပေမယ့် ရောင်းပစ်ရမှာဆိုတော့ စိတ်မကောင်း ဖြစ်နေမိတာ'

'ဪ...'

ပြောပြီး ဦးကြီးသိန်းက သူ့နွားကြီးကို ငေးကြည့်နေလေသည်။ သူ့အနေနှင့် နှစ်တွေအကြာကြီး လက်တွဲလို့ ဒိုးတူပေါင်ဖက် လုပ်ကိုင်ခဲ့သော သူ့နွားကြီးရောင်းပစ်ရမှာ စိတ်မကောင်းဖြစ်တာ မဆန်းပါ။

ဦးကြီးသိန်းနွားကြီးမှာ ယခင်က ဝဖြိုးသည့် နွားချော၊ နွားလှကြီး၊ ထမ်းပိုးလဲကောင်းတော့ သူ့အနေနှင့် နှမြောသင့်ပါသည်။

'ဦးကြီးသိန်း'

'ဟေ...'

'ကျွန်တော့်အိမ်က နွားကြီး အစားအသောက်ပျက်တုန်းက တိုက်တဲ့ဆေး တိုက်ကြည့်ပါလား။ တကယ်ကောင်းတာ ကျွန်တော့်လက်တွေ့'

'ရမယ်မထင်ပါဘူး မောင်ရာ၊ ဆေးထိုးတာတောင် ထူးမလာတဲ့ကိစ္စ'

'ဘယ်ဟုတ်မှာလဲ ဦးကြီးသိန်းရဲ့ ကျွန်တော်ပြောမယ့် ဆေးနည်းက ငွေကုန်ကြေးကျလဲမရှိပါဘူး၊ တာဝန်လဲ မလေးပါဘူးဗျာ။ သူ့ကံ ကိုယ့်ကံပေါ့ဗျာ တိုက်ကြည့်ပါလား'

'မင်းဆေးနည်းက ဘယ်လောက်စွမ်းလို့လဲ'

ကျွန်တော့်စကားကို ဦးကြီးသိန်းက လက်ခံချင်မပေါ်။ ထို့ကြောင့်...

'ဦးကြီးသိန်း လက်မခံချင်တာ ကျွန်တော်သိပါတယ်။ ကျွန်တော့် လက်တွေ့ဆေးနည်းမို့ ပြောတာပါ'

'မင်းဆေးက ဘာတွေလဲ'

'ဆေးက အဝေးကြီးမှာ သွားရှာနေစရာမလိုပါဘူး။ ဦးကြီးသိန်း ခြံစည်းရိုးဘေး ပြာပုံပေါ်မှာစိုက်ထားတဲ့ တဇောင်းလက်ပပ် (ရှားစောင်းလက်ပပ်)ပင်ပဲလေ'

'အေး... ဟုတ်ပြီ။ အဲဒီအပင်ကို ဘယ်လိုလုပ်ရမှာလဲ'

'ဦးကြီးသိန်းနွားက နွားကြီးဆိုတော့ ရှားစောင်းလက်ပပ် အဖတ်ကြီးကြီး သုံးလက်ကို ဗျာ နုပ်နုပ်စဉ်း ဆား (၂၅)ကျပ်သားလောက်နဲ့ နယ်ပြီးတော့ ခွံ့ပေးရုံပဲ။ လုပ်ကြည့်စမ်းပါ ဦးကြီးရာ'

'ငါ့တူ မင်းက လွယ်လွန်းလှချည်လား။ ဟုတ်ရဲ့လားကွာ'

ဦးကြီးသိန်းကတော့ လက်ခံချင်တဲ့ပုံ မပေါ်။

'ကဲ...ဗျာ၊ ဦးကြီးသိန်းနွားကြီးကို ကျွန်တော်ကိုယ်တိုင် ဆေးခွံ့ခဲ့မယ်။ လက်ခံမလား ဦးကြီးသိန်း'

'ရှားစောင်းလက်ပပ်ကတော့အန္တရာယ်မရှိပါဘူး မင်းသဘောပဲကွာ။ ဦးကြီးကတော့ ဘာဆေးမှ လုပ်မနေချင်တော့ဘူး။ မြန်မြန်ပဲ ရောင်းပစ်ချင်နေပြီ။ မြင်နေရတာ စိတ်မချမ်းသာလွန်းလို့'

www.burmeseclassic.com

'အသက်တစ်ချောင်းဆိုတာ ကယ်ကောင်းပါတယ်ဗျ။ ကျွန်တော်ကိုယ်တိုင် ဆေးတိုက်ခဲ့မယ်။ (၁၀)ရက်အတွင်းတော့ မရောင်းပါနဲ့ဦး'

ဦးကြီးသိန်းက ဘာမျှ ပြန်မပြောဘဲ ကျွန်တော့်ကို အထူးအဆန်း သတ္တဝါတစ်ကောင်လို မျက်လုံးပြူးကြီးနဲ့ ကြည့်နေလေသည်။

ကျွန်တော် ပြောမနေတော့ဘဲ ခြံစည်းရိုးဘေး ပြာပုံပေါ်က ရှားစောင်းလက်ပပ် အပြားကြီးကြီးသုံးပြားခုတ်ယူ နုပ်နုပ်စဉ်း၊ ဆားနှင့်နယ်ကာ ဦးကြီးသိန်း နွားကြီးကို ခွံ့ပေးပါသည်။

နောက်နေ့လဲ ဆေးလာခွံ့ပေးမည် ပြောပြီး နှုတ်ဆက်ပြန်လာခဲ့သည်။

နောက်နေ့ မိုးလင်းသည်နှင့် ဦးကြီးသိန်းအိမ် ကျွန်တော်ရောက်သွားခဲ့သည်။ ကျွန်တော့်ကို မြင်မြင်ချင်းပင် ဦးကြီးသိန်းက...

'ငါ့တူ မင်းဆေး အစွမ်းပြသကွ။ ခုမနက် အစာပိုစားလာတာ တွေ့ရတယ်။ ဆေးခွံ့ဖို့လာတာလား'

'နွားကြီးကို ရေချိုးပေးဖို့လေ၊ ပြီးမှ ဆေးခွံ့ခဲ့မှာ'

'ဩော်...ဩော်'

ဦးကြီးသိန်းက ဘာမှ ဆက်မပြောပါ။ ကျွန်တော်လည်း နွားရေချိုးပေးပြီး ဆေးခွံ့ပေးခဲ့ကာ နှုတ်ဆက်ပြန်လာခဲ့လေသည်။

နောက်နေ့မနက် ကျွန်တော် ရောက်သွားချိန်တွင် ဦးကြီးသိန်းကိုယ်တိုင် နွား ရေချိုးပေးနေတာကို တွေ့လိုက်ရသည်။

'ငါ့တူ ဆေးတန်ခိုးပြတာ သေချာပြီဟေ့။ အရင်နေ့ကထက် ပိုစားလာပြီဟေ့။ ရေချိုးပြီး ဆေးခွံ့ဖို့လဲ အသင့်လုပ်ထားပြီးပြီ။ အိမ်ပေါ်မှာ ရေနွေးကြမ်းရှိတယ်။ ငါ့တူပဲ ဒီကစောင့်နေတော့။ ဦးကြီးကိုယ်တိုင် လုပ်လိုက်တော့မယ်'

'ကျွန်တော့်ဆေး ဦးကြီးသိန်း လက်ခံထားပြီဆိုတာ သိလိုက်သည်။ ပြောင်းလဲလာတဲ့ သူ့နွားကြီး အခြေအနေကို မြင်ရတော့ အားတက်လာတာ ဖြစ်မည်။

နွား ရေချိုးပြီးပြီမို့ ကျွန်တော်က အသင့်လုပ်ထားတဲ့ ဆေးခွက်ယူ ခွံ့ပေးလိုက်လေသည်။

'ဦးကြီးနွား သိသိသာသာ စားလာပြီမောင်။ ဒီဆေးနဲ့ အဆင်ပြေမယ်နဲ့ တူတယ်'

'ပြေမှာပါ ဦးကြီးရာ။ တစ်ရက်ထက် တစ်ရက် ပိုသိသာလာပါလိမ့်မယ်'

'နွားကြီးအစာတွေ စားလာတာ မြင်ရတော့ ဦးကြီး ဝမ်းသာတယ်ကွာ။ ဒါနဲ့ ဒီဆေး ဘယ်နှစ်ရက် ခွံ့ပေးနေရမလဲ'

'(၁၀)ရက်လောက်တော့ ရက်ဆက်ခွံ့ပေးပေါ့ ဦးကြီး'

'အေး...အေး... ငါ့တူ မေးလေ နေ့တိုင်းလာနေရတာ အလုပ်တစ်ဖက်နဲ့ (၁၀)ရက်ပြည့်အောင် ဦးကြီးကိုယ်တိုင် ဆေးခွံ့တော့မယ်။ နေ့စဉ် ရေချိုးပေးရုံတင် မဟုတ်လား'

'ဟုတ်တယ် ဦးကြီးသိန်း'

ဦးကြီးသိန်းနှင့် စကားစမြည်ပြောဆို၍ နှုတ်ဆက်ပြန်ခဲ့လေသည်။

နောက်ထပ် ဦးကြီးသိန်းနွားကြီးကို ကျွန်တော် သွားမကြည့်ဖြစ်ခဲ့ပါ။ ဦးကြီးသိန်းသားက နွားကြီးအခြေအနေ လာပြောပြသည်။ တစ်ပတ်ခန့်ရှိတော့ ပုံမှန်အခြေအနေ စားနေပြီဟု ပြောပြလာတော့ ကျွန်တော် ဝမ်းသာပီတိ ဖြစ်ရပါသည်။

(၁၅)ရက်ခန့်ရှိမှ ဦးကြီးသိန်းဆီ ကျွန်တော် ရောက်ဖြစ်ပါတော့သည်။

'ဦးကြီးသိန်းရေ အလုပ်တွေ များနေတာနဲ့ မရောက်ဖြစ်တာဗျာ။ နွား အခြေအနေ ဘယ်လိုလဲ'

'နွားစားကျင်းကိုသာ ကြည့်လိုက်တော့မောင်ရေ...။ ခုန်ခုန်ပြီးတော့တောင် စားကျင်းကို ဇွေ့နေတာ မြင်တဲ့ အတိုင်းပဲဟေ့'

'အရိုးပေါ်အရေတင် ဖြစ်နေတဲ့ နွားကြီးမှာ အတော်ပင် အသားအရည် ပြည့်ဖြိုးနေပါပြီ'

'ဦးကြီး ငါ့တူကို ကျေးဇူးတင်ပါတယ်ကွာ။ အမဲသည်လက်ထဲ အပ်တော့မလို့၊ ငါ့တူဆေးနဲ့တွေ့လို့ ခု နွားကြီး အသက်ချမ်းသာရာ ရသွားတယ်။ ကြည့်ပါဦး ခုတော့ သူမဟုတ်သလိုပဲဟေ့ မြူးနေလိုက်တာများ'

'ရှားစောင်းလက်ပပ်ခွံ့ထားတဲ့နွားဟာ အဲဒီလို မြူးလေ့ရှိတယ်ဗျ။ အစားအသောက်ပျက်နေတဲ့ ကျွဲနွားတွေ ရှားစောင်းလက်ပပ်ခွံ့ရင် အစားကောင်းလာသလို ခုလို မြူးပြီး လူကို ဇွေ့တောင်ဇွေ့ချင်တတ်ကြတယ်။

အရင်က ဇွေ့တတ်တဲ့နွားကို ရှားစောင်းလက်ပပ် ခွံ့ကျွေးမယ်ဆိုရင် အတော် သတိထားသင့်တယ်ဗျ။ နွားလဲ ဝ,တယ်လေ'

ဦးကြီးသိန်းက ကျွန်တော်ပြောသမျှကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရင်း ခုန်ပေါက်မြူးနေတဲ့ သူ့နွားကြီးကို ပီတိတွေဝေနေတဲ့ မျက်ဝန်းများနှင့် ကြည့်နေပါသည်။

ကျွန်တော်သည်လည်း ကျွန်တော်ကပေးတဲ့ဆေးနဲ့ ကောင်းသွားသော နွားကြီး မြူးပျော်နေပုံကိုကြည့်ရင်းက ဆောင်းပါးတစ်ပုဒ်ရေးရန် အတွေးများ ဖြစ်လာပါတော့သည်။

**အေးချမ်းအောင်**
***(ရမည်းသင်း)***





www.burmeseclassic.com

www.burmeseclassic.com

# ပြဒါးသေ ရွှေ ရသာယနအားဆေးကြီး



ရောဂါဝေဒနာဖြစ်စေသော လိုမီးလွန်မီးများကို ပြဒါးသေရွှေ၏ သတ္တိဖြင့် လူသား၏ ကျန်းမာမှုကိုပေးစွမ်းနိုင်သော ဥသ္မာအနွေးဓာတ် ရရှိစေကာ သမဝမ်းမီးအဖြစ် ပြောင်းလဲပေးနိုင်သဖြင့် အစာကြေ၊ အစာကျက်၊ ခံတွင်းလိုက် အရသာပေါ် စားကောင်းမှုများ ဖြစ်ပေါ်ခြင်း၊ ဓာတ်စင်ဓာတ်ကောင်းများဖြစ်ပေါ်ခြင်း၊ သွေးအား၊ သားအား၊ သုက်အား၊ ဓာတ်အား၊ ကိုယ်ခံစွမ်းအား၊ ကာမအားများ ထူးခြားစွာ တိုးတက်ခြင်း၊ အရွယ်နုပျိုရုပ်ရည်လှပ စိုပြည်လာခြင်း၊ ကိုယ်တွင်ဖြစ်သောရောဂါ၊ စိတ်တွင်ဖြစ်သောရောဂါများကို ပျောက်ကင်းစေခြင်း၊ သတိမှတ်ဉာဏ်၊ ပညာဉာဏ် အတွေးအခေါ် အရည်အသွေးတိုးတက်လာခြင်း မသန့်သောဓာတ်များကြောင့် ရရှိလာသော ဘေးထွက်ဆိုးကျိုးများကို ရှင်းပေးခြင်း မျက်စိအမြင်စွမ်းအား တိုးတက်ခြင်းစသော ကောင်းကျိုးတရားများကို ရရှိနိုင်သည်။

ပြဒါးသေ၏ အကျိုးတရားများနှင့် ရသာယနအားဆေးကို မစားမီ လိုက်နာရန် လိုအပ်ချက်များကို မြန်မာ့အာယုဗ္ဗေဒ သိမ်ဖြူဆရာတော် အရှင်နာဂသေနာဘိဝံသ၏ ဓာတ်သမုဒ္ဒရာကျမ်းကြီးနှင့် ဆရာအောင်၏ ဓာတ်လေးပါးအဖွင့် ဆေးကျမ်းကြီးများမှ ကောက်နုတ်ပြီး **Shwe Pyar Thati Reinforcing Foundation fb** နှင့် **Sa Sa U Kyaw Myint Fb** များမှာ ဖော်ပြထားပါသည်။

[နေ့စဉ် စားသုံးမှုပြုနေပါက (၃)လတွင် ပြောင်းလဲမှုကို တွေ့ရမည်ဖြစ်ပြီး တစ်နှစ်ပြည့်ပါက သိသာ ထူးခြားစွာ ပြောင်းလဲနေမည်ကို ကိုယ်တိုင်ကိုယ်ကျ တွေ့ရပါမည်။]

ထွက်ရပ်ပေါက်ဆရာတော် ဦးကောဏ္ဍည၏ ရွှေဓာတ်လုံးကို လုံထဲထည့်ပါသည်။ ဓာတ်လုံးပေါ်တွင် ပြဒါးရည်တစ်မတ်သားတင်ပြီး ဖော်မံကာ ဖွဲမီးဖြင့် ကိုယ်တိုင်မီးပေးခဲ့သည်။ ညနေ(၆)နာရီတွင် မီးပေး၊ နံနက်(၇)နာရီတွင် ထုတ်ယူလိုက်တဲ့အခါ ရာဇမတ်ကွက်ပုံ ရွှေတစ်မတ်သား ကျလာပါတယ်။ ပြဒါးရည်ထဲ ထည့်တော့ ပြဒါးရည်မှာ ငုတ်သွားပါသည်။ နောက်ပြဒါးရည် တစ်မတ်သား ထပ်မံတင်ပြီး ဒုတိယ အကြိမ် မီးပေးပါသည်။ နောက်ထပ် တစ်မတ်သား ကျလာပါသည်။ ရာဇမတ်ကွက်ပုံ ဖြစ်ပါတယ်။ ပုံထဲမှာ အောက်က ပြဒါးဓာတ်လုံးဖြစ်ပါသည်။ ပြဒါးနီရွှေဓာတ်လုံး၊ အပေါ်ကကြေးကနေ ဖြစ်လာတဲ့ ဇမ္ဗူရာဇ် ရွှေဓာတ်လုံးဖြစ်ပါသည်။

(ဆေးစားနေသောသူများ သွေးအားပြည့်အောင် စောင့်ရှောက်နေထိုင်နည်းစာအုပ် လက်ဆောင်ပေးသည်။) ***အိမ်အရောက် ပို့ပေးသည်။***

တစ်လစာ ၂၀၀၀၀ိ/ကျပ်

**(မြန်မာ့အာယုဗ္ဗေဒ သိမ်ဖြူဆရာတော် အရှင်နာဂသေနာဘိဝံသ၏ တပည့်)**

**ရွှေပြာသတ္တိ စစ ဦးကျော်မြင့်(တ/ဆ ၂၈၉၂၊ B.A, C.T.M.P) စစ တိုင်းရင်းအထူးကုဆေးခန်း**

**အမှတ် -၅၂၄၊ မေဓာဝီလမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့**

**ဖုန်း-၀၉ ၅၁၅၆၁၃၆၊ ၀၉ ၂၅၄၀၇၅၀၃၅၊ ၀၁ ၉၆၉၉၇၇၉။**



www.burmeseclassic.com

www.burmeseclassic.com


ဗုဒ္ဓဟူး ဝမ္မီ သဲယံ

(နေ) သာမည (လ)

# မျက်စိဝေဒနာရှင်များ ဝမ်းမြောက်ဖွယ်

(ကုသနိုင်သော မျက်စိဝေဒနာများ)



၁။ အတွင်းတိမ်
၂။ အပြင်တိမ်
၃။ ရေတိမ်
၄။ မျက်သားတိမ်များကို ဆီးချို သွေးချိုရှိပါစေ မခွဲစိတ်ဘဲ ကုသပေးနေပါသည်။

မျက်စိကုဌာန

ဆရာဦးအောင်စိုး
ဆရာဦးနိုင်နိုင်
တ/ဆ ၀၃၄၅၃

အိန္ဒြာအထက်တန်းကျောင်းရှေ့၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။ ဖုန်း– ၀၉–၄၉၇၇၄၀၀၁၆၊ ၀၉–၄၂၅၀၄၃၂၀၄။

# ဆရာမဒေါ်နှင်းသူဇာဦး (အမျိုးသမီးသီးသန့်)

လက္ခဏာဗေဒင်ယတြာအစီအရင်

* အိမ်မှထွက်သွားသူ အမြန်ဆုံး ပြန်လာစေဖို့၊
* ပြည်တွင်း/ပြည်ပ ရပ်ဝေးမှာ သွားရောက်လုပ်ကိုင်နေသူထံမှ အဆက်အသွယ် အမြန်ဆုံးရစေဖို့၊
* အပေါင်းအသင်း၊ အပျော်အပါးမမက်ဘဲ အချိန်တန် အိမ်ပြန်ပြီး မိသားစုကို နွေးထွေးမှုပေးသော ခင်ပွန်းကောင်းဖြစ်လာစေဖို့၊
* ရှာဖွေရရှိသမျှ ငွေကြေးများ မိမိထံ အကုန်ပြန်အပ်စေဖို့၊
* ချစ်သူ/ခင်ပွန်းမှ မိမိအပေါ်တွင် ချစ်ခင်၊ ကြင်နာယုယ အလိုလိုက်စေဖို့၊
- ❒ ကျောင်းစာကို စိတ်မဝင်စားဘဲ အချိန်ပြည့် ဂိမ်း၊ အင်တာနက်တို့ကို စွဲလမ်းနေသော၊
- ❒ မိဘစကားကို နားမထောင်ဘဲ အရွဲ့တိုက်ပြန်ပြော ထင်ရာစိုင်းနေသော၊
- ❒ အိမ်မှာမနေချင်ဘဲ၊ အပေါင်းအသင်း အပျော်အပါးနှင့် လေနေသော၊
- ❒ အရွယ်မတိုင်သေးဘဲ အချစ်ရေးကိစ္စအတွက် အရူးအမူးဖြစ်နေသော၊
- ❒ မိမိကိုယ်ကို မထိန်းသိမ်းဘဲ လောင်းကစား၊ အရက်သေစာ၊ မိန်းမကိစ္စမှာ နစ်မွန်းနေသော စသည့် အကြောင်းအမျိုးမျိုးနှင့် ခြေလှမ်းပျက်နေသော သားသမီးတို့ကို အချိန်မီ ထိန်းနိုင်ဖို့၊

တိုက်(၄၀)၊ A-2၊ (ပထမထပ်)၊ မဟာမြိုင်အိမ်ရာ၊ ဦးဝိစာရလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ၀၉–၅၀၉ ၃၈၉၁၊ ၀၉–၇၃၁ ၄၅၀ ၂၄၊ ၀၉–၂၅၀ ၇၇၃ ၆၃၆။




www.burmeseclassic.com